ဝိပဿနာနည်းပြ

ဆရာကြီးဦးကြင်ရွှေ

၏

ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

(ပထမတွဲ)

ပဥ္စကျူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com

အသင်းတည်ရာဌာန

ပဋ္ဌာန်းဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊
(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈

အလှူ့ဒါနတကာတွင် တရားပေးမှန်ပင် အမြတ်ဆုံး

http://www.dhammadownload.com

အသင်းတည်ရာဌာန

ပခုက္ကူဝိပဿနာသင်တန်းဆင်းများတိုးတက်မြင့်မားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊

(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊

ရန်ကုန်မြို့။

ဖုန်း-၅၂၄၀၇၈

အလှူတကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

ဝိပဿနာနည်းပြ

ဆရာကြီးဦးကြင်ရွှေ

၏

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

(ပထမတွဲ)

ပခုက္ကူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com

ဆရာကြီး ဦးကြင်ရွှေ

ဟောကြားခဲ့သော

ဖခုက္ကာကျူဝိပဿနာသင်တန်းဟောစဉ်မှ

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

(ပထမတွဲ)

http://www.dhammadownload.com

" ပုံနှိပ်မှတ်တမ်း "

စာမူခွင့်ပြုချက်အမှတ်	-	၈၂၁/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်	-	၇၈၆/၂၀၀၄ (၁၂)
ကွန်ပျူတာစာစီ	-	ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ထုတ်ဝေသူ	-	ဦးကျော်ဟင်း
		ယုံကြည်ချက်စာပေ၊ ၁၁၁/၃၃-လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	-	ရွှေမြို့တော်ပုံနှိပ်တိုက်
ပုံနှိပ်ခြင်း	-	တတိယအကြိမ် (ဩဂုတ်လ-၂၀၀၉)
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	၂၀၀၀ိ/- (နှစ်ထောင်ကျပ်)ဖြင့် ဖြန့်ချိသည်။
မူပိုင်ဖြန့်ချိရေး	-	ဦးမြင့်စိုး
		(ဥက္ကဋ္ဌ)
		ပခုက္ကူ ဝိပဿနာသင်တန်းခွဲများ
		တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)
		အမှတ်(၈၆)၊ သီရိ (၅)လမ်း၊
		(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
		ဖုန်း - ၅၂၄၀၇၈၊ ၀၉ - ၅၁၄၀၉၅၈

http://www.dhammadownload.com

ဩဝါဒါစရိယ ဆရာတော်ကြီးများ



ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)



ဘဒ္ဒန္တ ပဏ္ဍိတ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)



ဘဒ္ဒန္တ ပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)



ဘဒ္ဒန္တ ဝိစာရ
(အဂ္ဂမဟာပဏ္ဍိတ)



ဘဒ္ဒန္တ တိလောက
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ကောသလ္လ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ဘဒ္ဒန္တ ဝိလာသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



ဘဒ္ဒန္တ စန္ဒောဘာသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ဩဘာသ
(အဂ္ဂမဟာပဏ္ဍိတ)

http://www.dhammadownload.com

နာယက ဆရာတော်ကြီးများ



ဘဒ္ဒန္တနေမိန္ဒာဘိသီရိ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



ဘဒ္ဒန္တနန္ဒောဘာသ
(နန္ဒာရွှေဘုံကျောင်းတိုက်)



ဘဒ္ဒန္တသုန္ဒရ
(ဇေယျာဝံသကျောင်းတိုက်)



ဘဒ္ဒန္တသီရိန္ဒ (တိုက်အုပ်)
(သုစိတ္တာရုံစာသင်တိုက်)



ဘဒ္ဒန္တဥတ္တရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



ဘဒ္ဒန္တဝိမလ
(မစိုးရိမ်စာသင်တိုက်)



ဘဒ္ဒန္တသုန္ဒရ
(ပဏ္ဍိတာရာမစာသင်တိုက်)



ဘဒ္ဒန္တကဝိသာရ
(ဇေယျဝတီစာသင်တိုက်)



ဘဒ္ဒန္တဝဏ္ဏသိဒ္ဓိ
(ရွှေမန်းကျောင်းတိုက်)



ဘဒ္ဒန္တသုန္ဒရ (ဟင်္သာတ)
(ဇေယျဝတီစာသင်တိုက်)

http://www.dhammadownload.com

ပဓက္ကူ၊ ဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေ

http://www.dhammadownload.com

နာယကကြီး ဦးချစ်

ပခုက္ကူပိဋကဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

၁၃၀၉ – ခုနှစ်မှ စတင်ပြသခဲ့သော ပစ္စက္ခုဝိပဿနာနည်းပြဆရာကြီးဦးကြွင်းရွှေ၏ ဝိပဿနာသင်တန်းတရားစဉ်များ

၁။ ပမာဏ (၄) ပါး

၂။ ဘေးကြီး (၄) ပါး

၃။ မှာတမ်းတော်

၄။ ပညတ် – ပရမတ်

၅။ ရုပ်ဓာတ် – နာမ်ဓာတ်

၆။ ခန္ဓာ (၅) ပါး

၇။ ပစ္စယပရိဂ္ဂဟဉာဏ်

၈။ မဂ္ဂင် (၈) ပါး

၉။ အာယတန (၁၂) ပါး

၁၀။ ဓာတ် (၁၈) ပါး

၁၁။ ဝီထိစဉ်

၁၂။ လက္ခဏာရေး (၃) ပါး

၁၃။ ဝိပဿနာဉာဏ် (၁၀) ပါး

၁၄။ ပဋိစ္စသမုပ္ပါဒ်

၁၅။ သစ္စာ (၄) ပါး

၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

A 3318

မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

နိဒါန်း .... ဃ

၁။ တိုက်တွန်းခြင်းစကား ၁

၂။ မြတ်စွာဘုရားက ရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ်တရားနှင့် ပတ်သက်၍ ဟောကြားခြင်း ၁

၃။ မြတ်စွာဘုရား ဉာဏ်တော်သုံးပါး ရရှိတော်မူသည့်နေ့ ၃

၄။ ဉာဏ်သုံးပါး ရရှိတော်မူခြင်း ၆

၅။ မြတ်စွာဘုရား အရှင်အာနန္ဒာကို ပဋိစ္စသမုပ္ပါဒ် ဟောတော်မူပုံ ၉

၆။ သတ္တဝါတို့၏ မသိခြင်းတရား သုံးပါး ၁၀

၇။ လားရာ ဂတိငါးမျိုး ၁၁

၈။ ခန္ဓာငါးပါးတို့၏အကြောင်းရင်းတရားများ ၁၇

၉။ နိဗ္ဗာန်ဝင်တဲ့လမ်း စခန်းသုံးခု ၁၈

၁၀။ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ် ၂၂

၁၁။ မကောင်းဆိုးဝါး အကြောင်းတရား သုံးပါး ၂၆

၁၂။ ချီးမွမ်းထိုက်တဲ့ ညောင်လေးပင်မြို့က ကလေးမငယ်တစ်ယောက် ၂၇

၁၃။ သာသနာဆိုတာ ၂၈

၁၄။ သာသနာတော်သုံးရပ် ၂၈

၁၅။ တစ်နည်း သာသနာတော်သုံးရပ် ၂၉

၁၆။ သာသနာတော်သုံးရပ်အဓိပ္ပါယ် ၂၉

၁၇။ သာသနာတော်၏ ပြင်ပ/အတွင်း ပုဂ္ဂိုလ် နှစ်မျိုး ၃၀

၁၈။ ရည်ရွယ်ချက်မှန်လျှင် သာသနိကပုဂ္ဂိုလ်ဖြစ်ပုံ ၃၁

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉။	ပဋိစ္စသမုပ္ပါဒ်တရားတော်	၃၄
၂၀။	အစအဆုံးမထင် သံသရာတစ်ခွင်	၃၆
၂၁။	ပုထုဇဉ်နှစ်မျိုး	၃၆
၂၂။	အကြောင်းနှင့် အကျိုးခွဲခြားပုံ	၄၃
၂၃။	သံသရာဘယ်ကစ၊ ဘယ်မှာဆုံးသလဲ	၄၆
၂၄။	တရားဓမ္မတစ်လုံးသော်မျှ အနုဋ္ဌတန်ဖိုးမဖြတ်နိုင်	၄၉
၂၅။	အရှင်အာနန္ဒာ ဉာဏ်ပညာကြီးမားပုံ	၅၂
၂၆။	အရှင်အာနန္ဒာ မြတ်စွာဘုရားအား ပဋိစ္စသမုပ္ပါဒ်လျှောက်ထားပုံ	၅၂
၂၇။	ပဋိစ္စသမုပ္ပါဒ် ဥပမာနှဲ့နှိုင်းယှဉ်ပုံ	၅၃
၂၈။	လကြွတ်နေ့၊ နေကြွတ်နေ့အကြောင်း	၅၇
၂၉။	အရှင်အာနန္ဒာအား အကြောင်းလေးချက်ကြောင့် ပဋိစ္စသမုပ္ပါဒ် ထင်ရှားပုံ	၆၁
၃၀။	ပဋိစ္စသမုပ္ပါဒ်နက်နဲခြင်း၏အကြောင်းလေးပါး	၇၀
၃၁။	ညီအစ်ကိုသုံးယောက် ဉာဏ်စွမ်းရှိသလောက် အကျိုးခံစားခြင်းအကြောင်း	၇၂
၃၂။	ပဋိစ္စသမုပ္ပါဒ်အင်္ဂါဆယ်နှစ်ပါး	၇၄
၃၃။	ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးနှစ်ပါးခွဲခြားပုံ	၇၅
၃၄။	မြောက်ကျွန်းသူမြောက်ကျွန်းသား သောကစသောတရား မရှိခြင်းအကြောင်း	၈၃
၃၅။	မြောက်ကျွန်းသူမြောက်ကျွန်းသား အပါယ်မလားရခြင်းအကြောင်း	၈၄
၃၆။	ဘဝနှစ်မျိုး	၁၀၀
၃၇။	ဥပပတ္တိဘဝ (၉)မျိုး	၁၀၀
၃၈။	ပဋိစ္စသမုပ္ပါဒ် အပိုင်းသုံးပိုင်း	၁၀၃
၃၉။	သံသရာခေါ်ပုံ	၁၀၄
၄၀။	နိယျာနိကတရားတော်နှစ်မျိုး	၁၀၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁။	သံသရာလည်ဆိုတာ တခြားမဟုတ်	၁၀၆
၄၂။	အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိ	၁၀၇
၄၃။	စက်ရဟတ်ကြီး လည်စေတတ်တဲ့ တရားနှစ်ပါး	၁၂၀
၄၄။	ပုထုဇဉ်လေးမျိုး	၁၂၂
၄၅။	ပုထုဇဉ်လေးမျိုးအဓိပ္ပာယ်	၁၂၃
၄၆။	အဝိဇ္ဇာရဲ့သဘောလက္ခဏာများ	၁၂၇
၄၇။	အဝိဇ္ဇာဝိဂြိုဟ်နှင့်အဓိပ္ပါယ်	၁၂၈
၄၈။	တစ်နည်း အဝိဇ္ဇာအဓိပ္ပာယ်တစ်မျိုး	၁၃၂
၄၉။	မကျင့်ကောင်း, မကြံကောင်းတဲ့ ဒုစရိုက်ဆယ်ပါး	၁၃၂
၅၀။	မကျင့်ထိုက်ဘဲ ကျင့်နေတဲ့ သာဓကဝတ္ထု	၁၃၃
၅၁။	ပြောင်းပြန်မြင်တာ ဘယ်သူလဲ	၁၃၄
၅၂။	တစ်နည်း အဝိဇ္ဇာအဓိပ္ပာယ်	၁၃၅
၅၃။	ကျင့်ကောင်း, ကြံကောင်းတဲ့ သုစရိုက်ဆယ်ပါး	၁၃၅
၅၄။	နောက်တစ်နည်း အဝိဇ္ဇာဝိဂြိုဟ်အဓိပ္ပာယ်	၁၄၃
၅၅။	သစ္စာလေးပါး အမှန်မသိအောင် ဖုံးကွယ်တဲ့ အဝိဇ္ဇာလေးချက်	၁၄၇
၅၆။	တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပုံ ဉပမာတစ်ဖုံ	၁၄၉
၅၇။	တစ်နည်း အဝိဇ္ဇာအဓိပ္ပာယ်	၁၅၀
၅၈။	ငပေလိပ်လွှတ်နည်းဉပမာ	၁၅၅
၅၉။	ပုဗ္ဗန္တနှင့်ပရန္တနှစ်မျိုးခွဲခြားပုံ	၁၅၆
၆၀။	သင်္ခါရသုံးမျိုးနှင့်ဒါန,သီလ, သမထ အတူတူကောက်ထားခြင်း	၁၅၈
၆၁။	တချို့အကြောင်းအကျိုးမတူပုံဉပမာ	၁၆၀
၆၂။	"မိုဟ်"ဆိုတဲ့ စကားလုံးအဓိပ္ပာယ်	၁၇၄

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၃။	ဘုရားဒကာနှင့်နွားသတ်သမားတို့ရဲ့ဘဝမထူးခြားပုံ	၁၇၉
၆၄။	သုဂတိ ဒုဂ္ဂတိဘုံ ဆိုတာ	၁၉၁
၆၅။	အမှောင်နှစ်မျိုး	၁၉၈
၆၆။	အင်္ဂါလေးပါးနှင့်ပြည့်စုံတဲ့လောကမှောင်ကြီး	၁၉၉
၆၇။	အာနန္တရိယကံ ငါးပါးအကြောင်း	၂၂၀
၆၈။	ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ်အကြောင်း	၂၃၂
၆၉။	ဝဋ္ဋပါဒ၊ ဝိဝဋ္ဋပါဒ သဘောအဓိပ္ပာယ် တရားကိုယ်	၂၆၀
၇၀။	ကုသိုလ်နှစ်မျိုး	၂၈၁
၇၁။	သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးချက်	၂၈၄
၇၂။	ကန္တာရခရီးခဲလေးမျိုး	၂၈၅
၇၃။	ဗောဓိကျွတ်ဖြစ်ခြင်းအကြောင်း	၂၉၉
၇၄။	တချို့ကုသိုလ်ပြုလုပ်၊ မိသေးကလေး ထမင်းခွံ့နှင့်တူ	၃၀၃
၇၅။	ကိုယ်ပိုင်အိမ်သဖွယ်လုပ်ထားတဲ့ အပါယ်လေးဘုံ	၃၀၉
၇၆။	သဒ္ဓါသန့်ရှင်း လှူဒါန်းတဲ့ အနာထပိဏ်သူဌေး	၃၁၃
၇၇။	အနာထ-ပိဏ္ဍိက အဓိပ္ပာယ်	၃၁၃
၇၈။	သဒ္ဓါလေးမျိုးအကြောင်း	၃၃၉
၇၉။	ရွာကလေးတစ်ရွာ ဘုရားပွဲတော်အကြောင်း	၃၄၇
၈၀။	ဘုရားအာရုံပြုတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်	၃၄၉
၈၁။	ရှေးက ဘုရားပွဲနှင့်မတူညီတဲ့ ယခုခေတ် ဘုရားပွဲတော်	၃၅၁
၈၂။	ရှုတ်ချသင့်တာကို ရှုတ်ချ၊ ချီးမြှင့်သင့်တာကို ချီးမြှင့်ခြင်းဟာ	၃၅၃
	ဗုဒ္ဓဒေသနာပါ	
၈၃။	ဘုရားကျောင်းဒကာ ဇောတိကသူဌေးအလောင်းရဲ့စံနမူနာ	၃၅၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၄။	ကုသိုလ်သုံးမျိုးအဆင့်ဆင့်မြတ်ပုံ	၃၅၈
၈၅။	သမ္မာသမ္ဗုဒ္ဓနှင့်ပစ္စေကဗုဒ္ဓါ ဆိုတာ	၃၇၂
၈၆။	ဘုရားကို စုံစမ်းလိုသော တိတ္ထိဆရာကြီး	၃၈၇
၈၇။	သံသရာဝဋ်ကျွတ်ပုံကျွတ်နည်းသုံးမျိုး	၃၈၈
၈၈။	ကျွန်မဖြစ်ခဲ့တဲ့ ဥပ္ပလဝဏ်ထေရီမအလောင်း	၃၈၉
၈၉။	မှားယွင်းသော ဆုတောင်းခြင်း	၃၉၆
၉၀။	လုပ်နည်းမှန်းမှ သံသရာလွတ်	၄၀၂
၉၁။	ဥပ္ပလဝဏ္ဏာ အဓိပ္ပာယ်ဖွင့်ဆိုချက်	၄၀၅
၉၂။	သူငယ်ချင်းနှစ်ယောက်စိတ်ထားချင်းမတူပုံ	၄၁၅
၉၃။	ဘုရားတစ်ဆူဆူပွင့်တာ ဘယ်လောက်ကြာ	၄၁၇
၉၄။	မျက်စိလည်တဲ့ ဖိုးသာဘအကြောင်း	၄၂၃
၉၅။	အမွေကို မက်မော အဖေ့ခေါင်းအုံးကို မျက်စောင်းထိုးနေတဲ့သားနဲ့ချွေးမများ	၄၃၂
၉၆။	အာယူဟာနကံ ဆိုတာ ဘာလဲ	၄၄၉
၉၇။	အဝိဇ္ဇာဦးစီးတဲ့ ကံနှစ်ပါး	၄၅၉
၉၈။	ငှင်းနှင့်ပတ်သက်၍ ပုံပြင်လေးတစ်ခု	၄၆၁

ပထမတွဲ မာတိကာပြီး၏။

■ ■ ■ ■ ■ ■ ■

http://www.dhammadownload.com

http://www.dhammadownload.com

ပစ္စက္ခဝိပဿနာသင်တန်း၏
ပဋိစ္စသမုပ္ပါဒ် နိဒါန်း

လောကလူသားတို့၏ အနန္တကျေးဇူးရှင်ဖြစ်သော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လောကလူသား အားလုံးအတွက် အကျိုးနှစ်ဝ ပြည့်စုံကြစေရန် ဒေသနာတော်ကို အပြည့်အစုံ ဟောကြားတော်မူခဲ့၏။

ထိုသို့ ဟောကြားတော်မူရာတွင် -

၁။ လောကလူသား အားလုံးကို အစဉ်သနား စောင့်ရှောက်ရန်၊

၂။ နတ်, လူတို့ အကျိုးရှိစေရန်၊

၃။ နတ်, လူတို့ အကျိုးစီးပွား ဖြစ်ပွားစေရန်၊

၄။ နတ်, လူတို့ ချမ်းသာစေရန်၊

ဟူသော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာရခြင်း၏ မူလအချက်ကြီး လေးရပ်နှင့်အညီ ဟောကြားတော်မူ၏။

ထိုခေတ်, ထိုအခါ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဟောကြားတော်မူခဲ့သော သုတ္တန်, အဘိဓမ္မာ, ဝိနည်းဒေသနာတော်သည် ယခုအချိန်အထိလည်းကောင်း၊ နောင်အခါ နှစ်ပေါင်းများစွာအထိလည်းကောင်း လိုက်လျောညီထွေ ရှိနေပြီး, ရှိနေဆဲ, ရှိနေဦးမည်သာ ဖြစ်၏။

နက်နဲခြင်း, ခက်ခဲခြင်း, ကြောင်းကျိုးပြ

ထိုသို့ သုံးလောကထွတ်သား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်သည် -

၁။ အနညာ - ဝိုးတိုးဝါးသား သာမညအားဖြင့် မသိခြင်း။

၂။ အနနုဗောဓ - ဝိသေသ အထူးအားဖြင့် ထိုးထွင်း၍ မသိခြင်း။

၃။ အပ္ပဋိဝေဓ - မဂ်ရ, ဖိုလ်ရ, ပဋိဝေဓဒေသနကိစ္စအားဖြင့် မသိခြင်း။

http://www.dhammadownload.com

ဟူသော အခက်အခဲကြီး သုံးပါးတို့ကြောင့် မှန်မှန်ကန်ကန် လွယ်ကူစွာ သိဖို့ရန် ခက်ခဲသော ဒေသနာတော်များ ဖြစ်၏။

ထိုသို့ အသိခက်ခဲခြင်း၊ နက်နဲခြင်း အကြောင်းရင်းများကို ယနေ့ ပစ္စက္ခလူသားတို့သည် ဒေသနာတော်များကို ပိုင်နိုင်စွာ သိရှိနားလည်စေရန်နှင့် လိုက်နာကျင့်ဆောင်စေရန် နည်းစနစ်ကို လွယ်ကူစွာ သိရှိနားလည် သဘောပေါက်အောင် ဆိုပြီးတော့ -

ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေက ပိဋကတ်တော်မှ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထုတ်နှုတ်ပြီး -

ပခုက္ကူဝိပဿနာ သင်တန်းကြီးကို ၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်းလမှ စပြီး ဟောကြားလာခဲ့တာ သင်တန်းတစ်ပတ်ဆိုရင် တစ်နှစ်ကျော်ကျော် ကြာခဲ့၏။

ဆရာကြီး ဦးကြင်ရွှေ၏ တရားသည် မြန်မာပြည် အထက်အောက်တစ်ခွင် ရည်ရွယ်ချက်ရှိသည့်အတိုင်း သင်တန်းခွဲများ မြို့ရွာအသီးသီး၌ နာကြားကြသူများအတွက် ပေါ်ပေါက်ခဲ့၏။

ထိုသင်တန်းကြီးသည် သက်ဆိုင်ရာ အကြောင်းအရာအလိုက် သိမ်မွေ့နက်နဲ ခက်ခဲသည်များကို ပေါ်လွင်ထင်ရှားစွာ ဟောကြားနိုင်စွမ်းလည်း ရှိခဲ့ပေသည်။

ထိုသို့ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား သင်ကြားပြသလာသော တရားစဉ်တို့ကား -

နိဒါန်းအစ၊ မှာတမ်းတော်မှစ၍ ပညတ်၊ ပရမတ်၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဝီထိစဉ်၊ လက္ခဏာရေးသုံးပါး၊ ဝိပဿနာဉာဏ်စဉ်ဆယ်ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရားတော်အထိ အခန်းပေါင်းများစွာကို သင်တန်းတစ်ပတ်လျှင် တစ်နှစ်တာမျှ ကာလကြာညောင်းအောင် နေ့ရက်မပျက် ဆက်ခါဆက်ခါ သင်တန်းတရားများ ဟောကြားလာခဲ့ခြင်း ဖြစ်ပေသည်။

တိတ်ကြိုး, တိတ်ခွေမှ ပုံနှိပ်ရခြင်းအကြောင်း

ဤသို့ သင်တန်းတရားဟောစဉ်တွေကို တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိစေရန် တိုက်တွန်းပြန်တော့ -

ပခုက္ကူဝိပဿနာ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၏ အဖွဲ့ချုပ် အမှုဆောင်များအနေဖြင့် နှစ်စဉ်ဆင်နွှဲ "ဩဝါဒခံယူပွဲ"တွင် နိုင်ငံတော် သံဃမဟာနာယက ဩဝါဒါစရိယ ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ ဗဟိုဝန်ဆောင် ဆရာတော်၊ တိုင်း, မြို့နယ်တို့မှ သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးများ၏ ဩဝါဒခံ မိန့်ကြားသံက -

http://www.dhammadownload.com

"ဒါယကာတို့ရဲ့ ဤသင်တန်းတရားသည် နှစ်ရှည်ကြာညောင်းခဲ့သည့်အလျောက် တစ်နေ့တစ်ခါ တရားများကို နှစ်ရှည်ကြာအောင် ရက်ဆက်မပျက် နာဖို့ခက်ပါတယ်။ ဤသို့ ဒါယကာများ စွမ်းအားရှိက တိတ်ခွေတရား ပုံနှိပ်ထားပါက ရက်ရှည်လည်းခံ လွယ်ကူပြန်တော့ အများလည်းဖတ်၊ ကိုယ့်မှာလည်း မြတ်၏"ဟု အကျိုးများသော ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာန ကုသိုလ်ကြီးကို ရစေရန် ဆရာတော်များက တိုက်တွန်းခဲ့ပေသည်။

ဤသို့ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒခံ မိန့်ကြားသံနှင့်အတူ ပခုက္ကူဝိပဿနာသင်တန်း တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်လူကြီးများမှ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ အမြန်ဆုံး ရောက်ရှိအောင် ဆောင်ရွက်ပေးပါရန် လျှောက်ထားတောင်းပန်လာသောကြောင့် စီစဉ်ဆောင်ရွက်ပေးခဲ့သော အရှင်သည် ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရားများ တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ် ဖြစ်မြောက်ရေးကိုသာ ရှေးရှုပြီး ပါဠိဆရာ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ) မှ ကိုယ်တိုင်စာစီပြီး စာမူချောအထိ အထူးကြိုးကြပ်ဆောင်ရွက်ပြီး၊ သင်တန်းဟောစဉ် တရားများမှ ပဋိစ္စသမုပ္ပါဒ်တရားကို ပထမဦးစွာ ရွေးချယ်ပြီး ဆရာကြီးဟောစဉ်အတိုင်း မူမပျက် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

ဤတရားစာကို လေ့လာခြင်း၏ အကျိုးရလာဒ်များ

ဤပဋိစ္စသမုပ္ပါဒ်တရားကို မဖတ်ရှုမီ နားမလည်ခင်က ဗုဒ္ဓဘာသာတို့ အစဉ်အလာရ ကံ, ကံ၏ အကျိုးကို ယုံကြည်သည့်အလျောက် ထိုက်သည့်အားလျော်စွာ ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို နည်းများမဟူ ကြည်ဖြူသော သဒ္ဓါတရားဖြင့် ကြိုးစားပြုလုပ် အားထုတ်ခဲ့ကြပေသည်။ ထိုကုသိုလ်ကံ စေတနာတို့သည် အမှန်ပင် အခွင့်အခါအားလျော်စွာ ကောင်းကျိုးချမ်းသာတို့ကို မုချမသွေ ပေးစွမ်းနိုင်ပေလိမ့်မည်ဟု ယုံကြည်ကြပေသည်၊ ယုံကြည်သည့်အတိုင်းပင် မှန်လှပေသည်။

သို့သော် ဤကုသိုလ်ကောင်းမှုမျိုးတွေ ပြုကြ၍ အပြည့်အဝနှင့် သေကြရသော သူတိုင်းမှာပင် "ဒေဝ ပေတ မနုဿ တိရစ္ဆာန နိရယ ဟု ငါး၀သော လားရာသော ဂတိမျိုးတို့တွင် သူလားချင်ရာ လာနိုင်သည်။ သူကျချင်ရာ ကျနိုင်သည်ဆိုသော ဂတိမမြဲသော ဝိနိပါတ ဘေးဆိုးကြီးမှ တကယ် လွတ်မြောက်အောင် စွမ်းဆောင်နိုင်တဲ့ ရုပ်နာမ်ခန္ဓာ စသော ဝိပဿနာတရားကို သိကြားနားလည်၍ အနည်းဆုံးအားဖြင့် မဟာသောတာပန် မဖြစ်နိုင်ဟု လျှော့ချရစေကာမူ စူဠသောတာပန်အဆင့် မျိုးလောက် ရောက်အောင် တစ်ဆင့်တိုး၍ ကြိုးစားစေရန် တိုက်တွန်း၍ ယခုလို နားလည်ယုံကြည်

http://www.dhammadownload.com

သူများအနေဖြင့် မုချဧကန် အမြင်မှန်ရပြီး မိမိပြုလုပ်သော အကြောင်းကံတရားကြောင့်သာ ထိုကံ၏ အကျိုးကို မိမိခံစားရကြောင်း စသည်တို့ကို နားလည်သဘောပေါက်နိုင်ပါသည်။

ထိုသို့ မှားယွင်းစွာ စွဲယူမိတတ်သော "သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ" ဆိုသော အစွန်းတရားများကိုလည်း တစ်စတစ်စ ပယ်စွန့်နိုင်ကြပြီး အမြင်ကျဉ်းသူမှာ အမြင်ကျယ်သူဘ၀သို့လည်းကောင်း၊ အရိယာသူတော်စင်တို့၏ ဘ၀အဆင့်ဆင့်သို့လည်းကောင်း တက်လှမ်းနိုင်ကြစေရန်, အကျိုးတရားများကို ခံစားရရှိစေရန် ဆိုပြီး ရည်သန်သောစိတ်ဖြင့် ဤပဋိစ္စသမုပ္ပါဒ်ကျမ်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေရခြင်း၏ အကျိုးတရားများကို ပခုက္ကူဝိပဿနာသင်တန်း တိုးတက်ပြန့်ပွားရေး အဖွဲ့ချုပ် (အောက်မြန်မာပြည်) နှင့်အတူ သင်တန်းခွဲများနှင့် သင်တန်းသူ သင်တန်းသားများ လေ့လာဖတ်ရှုရသော အကျိုးတရားကြောင့် ဆတက်ထမ်းပိုး တိုးပွား၍ ကြီးစားနိုင်ကြပါစေ၊ နှလုံးသွင်းနိုင်ကြပါစေကုန်သတည်း။

နာယကကြီး ဦးချစ်
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

ကျေးဇူးတင်လွှာ

ဤပဋ္ဌာန်းနှစ်သမုပ္ပါဒ် တရားတော်ကြီးကို ပုံနှိပ်စာအုပ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ဘုရားကြီးများ၏ ဩဝါဒနှင့်အတူ ဝိုင်းဝန်းကူညီပံ့ပိုးကြသော သူတော်ကောင်းများ၏ ကာယ, ဉာဏ, ဓနအင်အား မေတ္တာစေတနာတို့ဖြင့် အဘက်ဘက်မှ တိုက်တွန်းဆောင်ရွက်ကြသော ကျေးဇူးတင်ထိုက်သူများများမှာ -

ဩဝါဒစရိယ ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒု-ဥက္ကဋ္ဌဆရာတော်)၊

၂။ ဘဒ္ဒန္တ ပဏ္ဍိတ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ပရဟိတကျောင်းကျောင်းဆရာတော်၊

၃။ ဘဒ္ဒန္တ ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၊

၄။ ဘဒ္ဒန္တ ဝိစာရ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၅။ ဘဒ္ဒန္တ တိလောက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊

၆။ ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (ဥက္ကဋ္ဌဆရာတော်)၊

၇။ ဘဒ္ဒန္တ ဝိလာသ
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၈။ ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီဆရာတော်)
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တိုင်းသံဃနာယက ဥက္ကဋ္ဌ (ဒွါရ)၊

http://www.dhammadownload.com

၉။ ဘဒ္ဒန္တ ညြဘာသ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ ပါဠိတက္ကသိုလ်၊ ပျော်ဘွယ်ကျောင်းတိုက်၊

နာယက ဆရာတော်ကြီးများနှင့်အဖွဲ့ဝင်များ

၁၀။ ဘဒ္ဒန္တ နေမိန္ဒာဘိသိရိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်၊ ရတနာသိဃ်ပရိယတ္တိစာသင်တိုက်၊

၁၁။ ဘဒ္ဒန္တ နန္ဒောဘာသ
လှိုင်မြို့နယ် သံဃနာယကဆရာတော်၊ နန္ဒာရွှေဘုံကျောင်းတိုက်၊

၁၂။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ ဇေယျာဝံသကျောင်းတိုက်၊

၁၃။ ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်ဆရာတော်)
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊

၁၄။ ဘဒ္ဒန္တ ဥတ္တရ
လှိုင်မြို့နယ် သံဃနာယက ဆရာတော်၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၅။ ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊

၁၆။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော်၊
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊

၁၇။ ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၈။ ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊

၁၉။ ဦးညြသမ (ပထမကြီးတန်း) တိတ်ကြိုးခွေမှ လက်ရေးမူကြမ်း ရေးပေးသောအရှင်များ
၂၀။ ဦးစရဏ (စာချတန်း) ။ ။ ။
၂၁။ ဦးဝီရိယ (စာချတန်း) ။ ။ ။

http://www.dhammadownload.com

၂၂။ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ကွန်ပျူတာစာစီ၊ စာချော ဆောင်ရွက်ပေးသူ၊

၂၃။ ဦးမြင့်ထွန်း (မြန်မာမှု) မျက်နှာဖုံးဒီဇိုင်း၊

၂၄။ ဦးမြင့်စိုး (ဥက္ကဋ္ဌ)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)။

စာအုပ်ဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်မှ ထောက်ပံ့လှူဒါန်းသော ပစ္စည်းလေးပါး ဒါယကာတို့အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးသုန္ဒရ
(ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်။

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

တိုက်တွန်းခြင်းစကား

ယနေ့ ပဋိစ္စသမုပ္ပါဒ် ဆက်ကြပြီဆိုတော့ သင်တန်းစဉ်အားဖြင့် ဉာဏ်ဆယ်ပါးပြီးယင် ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်ပြီးယင် သစ္စာလေးပါး၊ သစ္စာလေးပါးပြီးရင် နိဗ္ဗာန်။ ဒီကျတော့ တစ်ခန်းရပ်ပြီး တစ်ပတ်ပြန်လှည့်၊ တစ်ပတ်ပြန်လည်တော့ ဘာကစ၊ သင်တန်း နိဒါန်းဆိုပြီးတော့ နိဒါန်းကစ။ နိဒါန်းပြပြီးတော့ ပညတ်ပရမတ်ခွဲပြီးတော့ ရုပ်ဓာတ်နာမ်ဓာတ်ပြ။ ပြီးတော့ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးပြပြီးတော့ **ပစ္စယပဋိဂ္ဂဟဉာဏ်** - ခန္ဓာငါးပါးဖြစ်လာသော အကြောင်းရင်း ပြန်လည်စဉ်းစားကြ။ သင်တန်းတစ်ပတ်ဆိုယင် ငါတို့အသိဉာဏ် ဘယ်လောက်ရတယ်လို့ ပြန်ပြီး တွက်ကြည့်ပါ။

ဒီတော့ ခန္ဓာငါးပါးဟာလဲပဲ ခန္ဓာငါးပါးကို တွယ်ကပ်တဲ့ သက္ကာယဒိဋ္ဌိ (၂၀) ခွာပုံခွာနည်း၊ ပြီးပြန်တော့ မဂ္ဂင်တရားကိုယ်ရှစ်ပါးတို့၊ သာသနာသုံးရပ်နဲ့ ဟပ်လို့။ ဒါပြီးတော့ အာယတန (၁၂) ပါး၊ အာယတန (၁၂) ပါးပြီးတော့၊ ဓာတ် (၁၈) ပါး၊ ဓာတ် (၁၈) ပါးပြီးတော့၊ ဝီထိစဉ် အတော်အတန့် နားလည်အောင် သင်ပြပြီး ဝီထိစဉ်အတော်အတန့် တတ်မြောက်လိမ္မာတော့မှ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာရေး (၃) ပါးပြ။ လက္ခဏာရေး (၃) ပါးကို ပြပြီးမှ ထိုလက္ခဏာရေး (၃) ပါးဖြင့် ဆင်ခြင်သုံးသပ်အပ်သော ဝိပဿနာဉာဏ် (၁၀)ပါး၊ ဝိပဿနာဉာဏ် (၁၀) ပါးပြီးတော့ ပဋိစ္စသမုပ္ပါဒ်သင်တန်း တစ်ပတ်လည်ခါနီးပေ့ါနော် (မှန်ပါတယ်ဆရာ)။ တို့သင်တန်းတစ်ပတ်ဆိုတာကလဲ သိပ်တော့ မလွယ်လှဘူး။ အနည်းဆုံး တစ်နှစ်ကျော်ကျော် လောက်ကြာ၊ ပျက်တဲ့ရက်နဲ့ တွက်ကြည့်မယ် ဆိုလို့ရှိယင် (၉) လလောက် ကြာတယ်။

(၉)လလောက်ပြမှ သင်တန်းတစ်ပတ်ဆုံး၊ ဒီသင်တန်းတစ်ပတ်ဆုံးအောင် ကြိုးစားပမ်းစားနဲ့ သည်းခံပြီး လိုက်တဲ့ပုဂ္ဂိုလ်များ၊ ခုအဖို့ဆိုယင်လဲ သင်တန်းငါစ်ပတ်ဆုံးအောင် နာရသလောက် ခရီးလဲ

http://www.dhammadownload.com

ရောက်ကြပါ၏။ ကိုယ့်ကိုယ်ကို ယဉ်ကျေးမှုလည်းရ၊ ဆုံးလည်းဆုံးမနိုင်၊ ထိန်းသိမ်းနိုင်၊ ဒါအောက်ထစ်ဆုံးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။

ဒါထက် တစ်ဆင့်တိုးလိုက်ပြန်တော့ အပါယ်ဝဋ္ဋဒုက္ခ၊ အပါယ်သံသရာ တကယ်ငြိမ်းစေနိုင်တဲ့ အကျိုးရပါတယ်လို့ ဒါမလွဲပါဘူး။ ကြိုးစားပမ်းစားနဲ့ မှတ်မှတ်သားသား တကယ်နာယူခဲ့သော် အင်မတန် ကြောက်ဖွယ်ကောင်းသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်ဘေးကြီးက တကယ်ဝေးပါတယ်၊ တကယ်အေးပါတယ်လို့။

ဒါထက် တစ်ဆင့်တိုးပြီး တစ်မျိုးကြိုးစားပြန်တော့ မဂ်နား ဖိုလ်နား ကပ်လို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမယ့်စခန်း အင်မတန်နီးကပ်လို့ ရမယ်ဆိုတဲ့ပုဂ္ဂိုလ်လဲ ရနိုင်၏။ ဒါပေမယ့် ပုဂ္ဂိုလ်တိုင်း ရသလား ဆိုတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာက ရထိုက်တဲ့ အင်္ဂါမျိုးရှိမှ ရကြတယ်။ ဘာပြုလို့ မဂ်မရအောင် တားဆီးနိုင်တဲ့ အန္တရာယ်ကလည်း (၅)ပါးရှိ။ ဒီအန္တရာယ် (၅)ပါး တစ်ပါးပါး ငြိတွယ်နေပြန်တော့ ဒီဘဝ မဂ်ရဖို့ ခဲယဉ်း၏။

အန္တရာယ်လွတ်ပြန်တော့ကောတဲ့၊ အန္တရာယ်လွတ်ပြန်တော့လဲ **ဣန္ဒြိယပရိပက္က**-ဣန္ဒြေရဲ့အနု အရင့်လိုက်သေး၊ ဣန္ဒြေနုသေးလို့ရှိယင်လဲ မရနိုင်သေးဘူးတဲ့။ ရက်အားဖြင့်၊ လအားဖြင့်၊ နှစ်အားဖြင့် ဒီလိုပဲ ကြန့်ကြာတတ်တယ်။

ဣန္ဒြေရင့်ကျက်မှုရလို့ အချိန်စေ့ပြန်တော့ တကယ့်မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ၏။ ဒီထိအောင် အကျိုးထူးတရားက များတယ်။ ဒါအောင့်အည်းသည်းခံပြီး လိုက်ကြတဲ့ပုဂ္ဂိုလ်များအဖို့ မိမိတို့သည် ခုအခြေလောက်ဆိုယင် ဘယ်ခရီးလောက် ရောက်ပြီလဲ။ ဒီညပြတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် ရှေးဦးမဆွ အခြေခံ ပလ္လင်ခံစကားလေးလဲ-

မြတ်စွာဘုရားကိုယ်တော်မြတ်က အရှင်အာနန္ဒာအား ပြန်ဟောထားတဲ့ အဓိပ္ပါယ်လေး၊ ဒါလေးနဲ့ တို့လူထုရထားတဲ့ ဉာဏ်စခန်း၊ ဉာဏ်လမ်းလေးနဲ့ ချိန်ထိုးကြည့်ရအောင်။ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဒေသနာကလဲ သေသေချာချာ စစ်ဆေးကြည့်ပြန်တော့ အင်မတန် အသိခက်တဲ့ တရားလို့ ဒါမြတ်စွာ ဘုရားကိုယ်တော်မြတ် နက်နဲခြင်းလေးပါးနဲ့ ပိုင်းခြားပြီး ဟောထားလို့

(၁) အတ္ထဂမ္ဘီရ၊

(၂) ဓမ္မဂမ္ဘီရ၊

(၃) ဒေသနာဂမ္ဘီရ၊

(၄) ပဋိဝေဓဂမ္ဘီရ။ (ဒီ၊ ၄၊ ၂၊ ၈၃)

http://www.dhammadownload.com

သူ့သူငါငါ လူတကာ လွယ်လင့်တကူနဲ့ နာယူနိုင်မယ်ဆိုယင်လဲ ဂမ္ဘီရလေးပါး ဟောစရာ မလိုပါဘူး။ ခုတော့ ဂမ္ဘီရလေးပါးနဲ့ ပိုင်းခြားပြီး ဟောထားလို့ ဂမ္ဘီရလေးပါး ဆိုတာ နက်နဲခြင်းလေးပါး၊ ခက်ခဲခြင်းလေးပါးလို့၊ ဘယ်လောက်ခက်သလဲ အလွန်ပဲ ခက်တဲ့တရား။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးဟာ ဘယ်လိုဒေသနာတော်လဲလို့ သမာဓိလည်း ကောင်းကောင်းထား။ သေသေ ချာချာလည်း နာ၊ တန်ဖိုးအရင်ထားပြီး စကားပြောရအောင် -

ဒီတော့ တို့နာထိုက်လို့ နာရတယ်၊ ကြားထိုက်လို့ ကြားရတယ်လို့ ဒီလိုယူဆ။ လူတိုင်းနာထိုက်တဲ့ နာရတဲ့တရား မဟုတ်ဘူး။ လူတိုင်း ကြားထိုက်တဲ့၊ ကြားအပ်တဲ့တရား မဟုတ်ပါဘူး။ ဒါပေမယ့် နားထဲမှာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ အသံကတော့ လျှံနေမှာပေါ့။ စာအုပ်ထဲပါတာ ဖတ်ဖူးတဲ့ပုဂ္ဂိုလ်တွေ၊ ဟောပြောသွားလို့ တစ်ခါတစ်ရံ နာဖူးတဲ့ပုဂ္ဂိုလ်တွေ၊ "ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်"ဆိုတဲ့ အသံကတော့ လျှံနေမှာပဲ။ ဒါပေမယ့် ထိုပဋိစ္စသမုပ္ပါဒ်ရဲ့ သဘောအဓိပ္ပါယတ္ထကို တစ်လုံးတစ်ပါဒ မိရဲ့လား၊ သိရဲ့လား၊ ထိရဲ့လား၊ ရှိရဲ့လားလို့ ကိုယ့်ကိုယ်ကိုလဲ ကိုယ်ပြန်ဆန်းစစ်ကြည့်ရမယ်။ ဆန်းစစ်ကြည့်တော့ မိလဲမမိဘူး၊ သိလဲ မသိဘူး၊ ထိလဲ မထိဘူး၊ ရှိလဲ မရှိဘူး၊ နာရကျိုးဘာနပ်၊ နာရတဲ့ ကုသိုလ်ပဲရမယ်။ ကိုယ့်မှာ ပဋိစ္စသမုပ္ပါဒ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်သာသနာကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါမှာ နက်နဲခြင်းလေးပါး၊ ခက်ခဲခြင်းလေးပါးနဲ့ ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၊ ငါနဲ့ အစကနေ အဆုံးတိုင် ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား ထင်ထင်ရှားရှားနဲ့ နာရ ကြားရပါသည်။ ဒီအခြေမျိုးရောက်ဖို့ အင်မတန်အရေးကြီး။ လူဖြစ်တိုင်း ရောက်လိမ့်မယ် မထင်နဲ့။ ဒါကြောင့် ယခု ဒီသင်တန်းသူ၊ သင်တန်းသားအပေါင်း အပတ်တိုင်း အပတ်တိုင်း ဒီလမ်းစဉ်အတိုင်း ချချပြလို့ တချို့လဲ နားရေလည်းအတော်ဝ၊ တချို့လည်း သင့်ရုံတော်ရုံလေးရှိသေး၊ တချို့လည်း တော်တော် ထက်ထက် မြက်မြက်ရှိကြ၊ ပိုင်ပိုင်နိုင်နိုင်ရှိကြ။ အဲဒါ အင်မတန် ကုသိုလ်လို့ ဒီလိုသဘောထား။ တို့လို လူတိုင်းလူတိုင်း မြတ်စွာဘုရားကိုယ်တော်မြတ်ဟောပြတော်မူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ကြီးကို မနာရပေဘူးလို့ ဒီလိုပြောတော့ ကြွားရာလည်း ရောက်ချင်ရောက်မယ်။ ဒါကြွားသလား၊ မကြွားဘူးလားဆိုတာ ကိုယ့်ပတ်ဝန်းကျင်နဲ့ ပြန်ပြီးယှဉ်ကြည့်။

မြတ်စွာဘုရား ဉာဏ်တော်သုံးပါး ရရှိတော်မူသည့်နေ့

ယခု ပဋိစ္စသမုပ္ပါဒ် ပြတော့မယ် ဆိုလို့ရှိယင် သင်တန်းသူ၊ သင်တန်းသားများဟာ တချို့လည်း ချောချောမောမော နာနိုင်တယ်။ တချို့လဲ ကိစ္စဝိစ္စရှိလို့ မလာနိုင်ဘူး။ တချို့လည်း ကိုယ်ရေးကိုယ်တာ အကြောင်းအမျိုးမျိုး ပေါ်နေလို့ မလာနိုင်ဘူး။ အဲဒီ ချို့ယွင်းချက်တွေလဲ သေသေချာချာကြည့်။ ဆိုက်ဆိုက်မြိုက်မြိုက်နဲ့ နာထိုက်တယ်ဆိုတဲ့ ကုသိုလ်က အင်မတန် ထူးကဲတဲ့ကုသိုလ်။ ဘာကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်က သေသေချာချာ ဆန်းစစ်ကြည့်တဲ့အခါကြတော့ တို့မြတ်စွာဘုရား

http://www.dhammadownload.com

ကိုယ်တော်မြတ် ဘုရားဖြစ်တော်မူမယ့် နေ့ပေါ့ကွယ်။ ဗောဓိပင်နှင့်ရွှေပလ္လင်အောက် နေဝင်စ အချိန်ကနေပြီးတော့ ဘုရားမဖြစ်ယင် ငါဒီနေရာကနေ မထဘူးလို့ အဓိဋ္ဌာန်ထားပြီးတော့ သမာပတ် ဝင်စားပြီး ဘုရားအကျင့်ကျင့်လိုက်တာ တစ်ညဉ့်လုံး သုံးပိုင်းပိုင်း၊ ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း၊ ညဉ့်ဦး ညဉ့်လယ် ညဉ့်နှောင်းပေါ့ကွယ် (မှန်ပါတယ်ဆရာ)၊ ကျင့်လိုက်တာ **ညဉ့်ဦးယံ**မှာ ပုဗ္ဗေနိဝါသ ဉာဏ်တော်ရတော့ ဘဝဖြစ်စဉ်၊ ခန္ဓာဖြစ်စဉ် အစဉ်အားဖြင့်သော်လည်းကောင်း၊ ပြောက်ကြားအားဖြင့် သော်လည်းကောင်း ဘယ်နေရာက ဆင်ခြင်လိုက် ဆင်ခြင်လိုက် ဘဝဖြစ်စဉ်၊ ခန္ဓာဖြစ်စဉ်ကို ပြန်ပြီးတော့ အတိအကျသိနိုင်တဲ့ ဉာဏ်တော်ကြီးရ၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒါက ပထမယံပေါ့ကွာနော် (မှန်ပါတယ် ဆရာ)၊ ဘုရားမဖြစ်သေးဘူး။ ဗောဓိပင်နှင့် ရွှေပလ္လင်အောက် ရောက်တဲ့အချိန်ကစ ဘုရားဖြစ်တယ် မှတ်မနေနဲ့၊ ဘုရားကို မဖြစ်သေးဘူး။ ကိုယ်တော်မြတ် ကြိုးစားတော်မူလိုက်တာ ပထမယံမှာ ပုဗ္ဗေနိဝါသဉာဏ်ရလို့။

ဒုတိယယံ ရောက်တဲ့အခါ ညလယ်ပေါက်တော့ ဒိဗ္ဗစက္ခုဉာဏ်ရ၊ ဘုရားမဖြစ်သေးဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒိဗ္ဗစက္ခုဉာဏ် ဆိုတာ နတ်မျက်စိ ဆိုပါတော့ အဝေးအနီး မရွေးဘူး။ အကာအရံ အအုံအဆိုင်း မရွေးဘူး။ ကိုယ်တော်မြတ် မျက်စိနဲ့ကြည့်လျှင် တိုးလျှိုပေါက်အကုန်မြင်ရ။

ဒါ **ဒိဗ္ဗစက္ခု** = **ဒိဗ္ဗ**-နတ်၊ **စက္ခု**-မျက်စိ၊ နတ်တို့၏ မျက်စိသဖွယ်၊ နတ်မျက်စိက တယ်တန်ခိုး ရှိပေ့နော် (မှန်ပါတယ်ဆရာ)။

ယူဇနာပေါင်းများစွာ ကွာခြားနေတဲ့ စတုမဟာရာဇ် တာဝတိံသာကနေ လူ့ပြည်ကြည့်ထင်းလို့ အနားကပ်ကြည့်သလိုပေါ့ (မှန်ပါတယ်ဆရာ)။ ဘယ်လောက်ပဲ နံရံတွေ၊ အကာအကွယ်တွေ ခြားနေနေ ကြည့်လိုက် မှန်ပြင်မှန်သားထောင်ထားတဲ့ သဘာဝကြည့်လိုက်ရသလို ထင်းလို့၊ ရှင်းလို့ ဒါ **"ဒိဗ္ဗစက္ခုဉာဏ်တော်"** ခေါ်တယ်။ ညဉ့်ဦးယံရောက်တော့ ပုဗ္ဗေနိဝါသဉာဏ်ရ၊ ညဉ့်လယ်ယံ ရောက်တော့ ဒိဗ္ဗစက္ခုဉာဏ်ရ၊ ကိလေသာလဲ မကုန်ဘူး။ အာသဝေါလည်း မကုန်ဘူး။ ဘုရားလည်း မဖြစ်သေးဘူးနော် (မှန်ပါတယ်ဆရာ)။

မိုးသောက်ခါနီး လင်းအားကြီးဆိုတဲ့ တတိယယံဘက်ရောက်တော့ ကိုယ်တော်မြတ် အဲ့ဒီ မိုးသောက်ခါနီး လင်းအားကြီးရောက်ခါမှ အာသဝက္ခယဉာဏ်တော်ရ၊ အာသဝေါတရားလေးပါး ကုန်ခန်းလို့ ဘုရားရဟန္တာ ဖြစ်တော်မူတယ်။ ဒါမှ လေးမဂ် လေးဖိုလ်ရ။ လေးမဂ် လေးဖိုလ် ရလို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရတော့မှ ထိုအရဟတ္တမဂ်ဉာဏ်တော်နဲ့ ဘဝပေါင်းက စုပေါင်း ဆည်းပူး အားထုတ်လာသော ကာမာဝစရ ကုသိုလ်ဉာဏ်ပါပဲ၊ အဲ့ဒီဉာဏ်တော်နဲ့ သွားပေါင်းလိုက်တော့ သဗ္ဗညုတရွှေဉာဏ်တော်အဖြစ် ရောက်တော်မူတယ်။ ဒီမှာ လောကသုံးပါး ထင်ရှားဖြစ်တော်မူ ဘုရားအဖြစ် ရောက်တော်မူတယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒီနောက်ဆုံး **အာသဝက္ခယဉာဏ်** ဆိုတာဟာ အာသဝေါတရားလေးပါးကုန်ခန်းတဲ့ဉာဏ် ခေါ်တယ်။

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ထောင့်ငါးရာ ကိလေသာလဲ ကုန်လို့။ အာသဝေါတရားလေးပါးလဲ ကုန်လို့။ ပယ်စရာ သတ်စရာ၊ ပယ်အပ် သတ်အပ်တဲ့ တရားစုလဲကုန်။ ဒီမှသာ ဘုရားဖြစ်တော်မူတယ်။ အဲဒီ မိုးသောက်ခါနီး လင်းအားကြီး ပစ္ဆိမယံရောက်တဲ့အခါ ထိုအာသဝက္ခယဉာဏ်တော်ကြီး ရခါနီးဆဲဆဲ ဘာပြုလို့၊ ရသလဲလို့ အကြောင်းရှာတော့ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အနုလောမနည်း, ပဋိလောမနည်းအားဖြင့် အဖန်ဖန်အထပ်ထပ် အပြန်ပြန်အစပ်စပ် သုံးသပ်ဆင်ခြင်တော်မူခြင်းကြောင့် အာသဝက္ခယဉာဏ်တော်ကြီး ရတယ်လို့။

ဒီလို လာသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကြည့်စမ်း ပဋိစ္စသမုပ္ပါဒ်တရားတော် ဘယ်ထိ အောင် အံ့ဩဖွယ်ကောင်းသလဲဆိုတော့ ဘုရားအဖြစ်ရောက်အောင် ပို့တော်မူတဲ့ ဉာဏ်တော်ကြီး ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ သူ့သာ မဝင်စားယင် ဘုရားဖြစ်လိမ့်မယ်လို့ တထစ်ချ မပြောနိုင်ဘူး။ ဘာပြုလို့ ဒီအကြောင်းပြထားတာက သူ့ဝင်စားလို့ ဒီလိုလာတယ်။ ဒါပဋိစ္စသမုပ္ပါဒ် တရားတော် ကြီးဟာ သဗ္ဗညုတဉ္ဉာဏ်တော် အစစ်ရတော်မူတဲ့ ဘုရားအဖြစ်သို့ ရောက်အောင် ပို့တော်မူတဲ့ ဒေသနာတော်အစစ်ကြီးက ဖြစ်နေ။ အဲဒီလို ဖြစ်နေလို့ သူသူငါငါ လူတကာလည်းပဲ ထိုပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို သေသေချာချာ မိမိတို့အသိဉာဏ်နဲ့ သိုမှီးထားမယ်ဆိုယင် ထိုပုဂ္ဂိုလ်က ဓမ္မစေတီထိုက်တယ်လို့။ လူနတ်ဦးခိုက် ပူဇော်ထိုက်တယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ငါတစ်နေ့ညက စာရွက်ဝေစဉ်အခါကတည်းက ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် တရား တော်ကြီးဝေတော့ မိမိတို့ရတဲ့ စာရွက်ထဲမှာ ပါတဲ့အတိုင်း အကြမ်းဖျင်းအားဖြင့် လေ့လာထားကြပါလို့။ အကုန်လုံး မလေ့လာနိုင်လျှင် ပဋိစ္စသမုပ္ပါဒ်က တော်တော်ရှည်လျားအောင်ပြ။ တော်တော်လဲ ကျယ်ဝန်း။ ဒါပေမယ့် ကျယ်ဝန်းသလောက် ပြနိုင်သလားဆိုတော့ မဟုတ်ပါဘူး။ ကိုယ့်ဉာဏ် မှီသလောက်ပဲ ပြရတာပါ။ အင်မတန်ခက်ခဲနက်နဲတဲ့ တရားဒေသနာဖြစ်တော့ မှီသလောက်ပဲ, ကိုယ်ပိုင်ဉာဏ်စွမ်းရှိသလောက်ပဲ, တတ်သိလိမ္မာသလောက်ပဲ ကြိုးစားပမ်းစားနဲ့ ကိုယ်သိသင့် သလောက် အများလဲ သိပါစေ။ ကိုယ်နားလည်သလောက် အများလဲ နားလည်ပါစေ ဆိုတဲ့ စေတနာ မျိုးထားပြီး ကြိုးစားပမ်းစား ပြရမှာကိုးကွနော် (မှန်ပါတယ်ဆရာ)။

အလုံးစုံ တတ်မြောက်လိမ္မာလို့လား ဆိုတော့ ဒီတရားက မပြောကောင်းဘူးတဲ့။ ဘာပြုလို့လဲ သဗ္ဗညုတဉ္ဉာဏ်တော်ရဲ့ အရာအဖြစ် အင်မတန် ခက်ခဲနက်နဲတဲ့၊ နက်နဲခြင်းလေးပါး၊ ခက်ခဲခြင်း လေးပါးနဲ့ ပိုင်းခြားပြီး ဟောထားပြန်တော့ မပြောကောင်း မပြောနိုင်ဘူးခေါ်တယ်၊ သာမန်ပုဂ္ဂိုလ်စား။ ဒါကြောင့် ကိုယ်တတ်သိသလောက်, တတ်သိလိမ္မာသလောက်ကိုပဲ မခိုမကပ်ဘဲနဲ့ တစ်ဘက်သား

http://www.dhammadownload.com

နားလည်သင့်သလောက် နားလည်အောင်, သဘောရှင်းလင်းသလောက် ရှင်းအောင် သည်းခံပြီး ကြိုးစားပမ်းစားနဲ့ ပြမယ်လို့ ရည်ရွယ်ချက်လဲ ထားပါတယ်။ အပတ်စဉ်တိုင်း ဒီအတိုင်းပါပဲလို့။

ဒါကြောင့် သင်တန်းမှာ သင်ခန်းစာ တစ်ကဏ္ဍ ပြောင်းပြီလားဆိုမှဖြင့် ခေါင်းထဲတော်တော် ကိုလေးတယ်။ အဲဒါ တာဝန်တစ်ခုထားလို့ ကဏ္ဍတစ်ခု ပြောင်းပြန်ပေ့ါ၊ သင်ခန်းစာတစ်ခု ပြောင်းပြန်ပေ့ါဆိုယင် ပြလက်စနဲ့ ပြနေယင် အချိန်ကြာတော့ အခံလေးကကောင်း၊ ပြလို့လဲ ကောင်းတယ်။ ဒါကြောင့် ဉာဏ်စဉ်ဆယ်ပါးတုန်းကလဲ ဖြတ်သာဖြတ်လိုက်ရတယ်၊ အားက သိပ်မရလှဘူး။ အဲဒါ နာကြတဲ့ပုဂ္ဂိုလ်များကလဲ ဉာဏ်စဉ်ဆယ်ပါး စတဲ့အချိန်ကစ တစ်စတစ်စ၊ တစ်ည တစ်ည ဆိုသလို ဉာဏ်လေးတွေက ကြီးထွားကြီးထွားလာတော့ နောက်ပိုင်းကျ ပြလို့က အလွန်ကောင်း။ ဒါပေမယ့် ဉာဏ်စဉ် (၁၀)ပါး စစဉ်အခါတုန်းက ဒီလိုခေါင်းအလွန်လေးတယ်။ လက်မှခံနိုင်ပါ့မလားဟ။ ပြတ်ပြတ်သားသားမှ ရှိပါ့မလားဟ၊ နားမှလည်ပါ့မလားဟလို့ ဒီလိုစိုးရိမ်မှု၊ ကြောင့်ကြမှုတွေရှိ။ ဒါကြောင့်လဲ ဝါယမစိုက်ပြီး ကြိုးစားပမ်းစားနဲ့ ပြတယ်။ အခုတစ်ခါ သင်ခန်းစာအသစ် ပြောင်းကြ စို့၊ ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကျတော့ သာပြီးတော့ စိတ်ထဲမှာ တာဝန်ကြီးလေးတယ်။ ဒါကြောင့် ပိုခက်တဲ့တရားကြီး၊ ပိုနက်တဲ့တရားကြီး နားလည်အောင်, လူပြိန်းနားလည်အောင် ဘယ်လိုများပြရ ဘယ်လိုများ ပြောရပါ့မလဲ၊ ခေါင်းထဲမှာ အတော်ထည့်ပြီး စဉ်းစား။ ဘာပြုလို့. တချို့က လက်မခံနိုင်တော့ တရားနက်တော့, ခက်တော့ စိတ်ဓာတ်လည်ပြီးတော့ သင်တန်းက ကျသွားကြ ပြန်ရော။ အကျိုးက ယုတ်ပြန်၊ အင်မတန်ကြုံကြိုက်ခဲတဲ့ ဒေသနာတော်မြတ်ကြီးကိုးကွနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တော်တော်ကြီးလဲပဲ စိတ်ထဲမှာ သည်းခံပြီးတော့ နာကြား၊ နာကြားနေရတဲ့ ကုသိုလ်ကိုက အင်မတန်လဲ တန်ဖိုးကြီးတယ်။ ထိုက်သင့်သည့်အားလျော်စွာ မှတ်မိလာမယ်။ အသိဉာဏ်လေးတွေ ရလာမယ်ဆိုယင် ပြောစရာမရှိဘူး။ အင်မတန် တန်ဖိုးများတဲ့တရားကြီး။ ဒါ ခုနပြောတဲ့အတိုင်းပဲ ကိုယ်တော်မြတ်ကြီး ဘုရားအဖြစ် ကြိုးစားတော်မူတဲ့အချိန်မှာ -

ဉာဏ်တော်သုံးပါး ရရှိတော်မူခြင်း

၁။ ပထမယံကျတော့ - ပုဗ္ဗေနိဝါသဉာဏ်ရတယ်၊

၂။ ဒုတိယယံကျတော့ - ဒိဗ္ဗစက္ခုဉာဏ်ရတယ်၊

၃။ တတိယယံကျတော့ - အာသဝက္ခယဉာဏ်တော် -

ရလို့ ဘုရားအဖြစ်ရောက်တော်မူတယ် ဆိုတဲ့နေရာမှာ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အနုလောမနည်း၊ ပဋိလောမနည်းအနေအားဖြင့် အပြန်ပြန် အထပ်ထပ် သုံးသပ်စေခြင်းကြောင့်

http://www.dhammadownload.com

အာသဝက္ခယဉာဏ်တော် ရပါတယ်လို့. ဒီလို ဆိုထားတော့ ဘုရားအဖြစ် ရောက်အောင်တောင် ပို့ဆောင်တော်မူတဲ့ တရားတော်အစစ်ကြီးပါလားလို့ စိတ်ထဲမှာလဲ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ သမာဓိလဲ ကောင်းအောင်ထား၍ နာကြပါ။ ခက်ပုံ ခက်နည်းဆိုတာကတော့ ဘာတွေခက်တယ်၊ ဘယ်လိုရှုပ်နေတယ်၊ ဘယ်လိုပွေနေတယ်၊ ဘယ်လို လိမ်နေတယ်ဆိုတဲ့ အဓိပ္ပါယ်လဲပဲ တော်တော်လေးလဲ နားလည်အောင် ရှင်းလင်းလဲ ပေးမယ်။ သမာဓိကောင်းကောင်းထား ကြိုးစားပေ့ါ။

ဒီတော့ တို့များက အကုန်လုံး မလေ့လာနိုင်လို့ရှိယင် ပြထားတဲ့ စက်ဝိုင်းထဲမှာ ပထမစက်ဝိုင်း လေ့လာပါလို့ ငါမှာလိုက်မယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မင်းက စမေးရမှာ လေ့လာ ပြီးပြီလား (လေ့လာပါတယ်ဆရာ)၊ ရလား (ရပါတယ်ဆရာ)၊ ဆိုစမ်း -

“အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ”။

အေး-ဟုတ်ပြီ၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ လက်ကော ချိုးရေတွက်သေးရဲ့လား၊ ဘယ်နှစ်လုံးရှိ (၁၃-လုံးပါဆရာ)၊ ၁၃-လုံးလား၊ (မှန်ပါတယ်ဆရာ)။ နောက်ဆုံးက ဇရာနဲ့မရဏကို တစ်လုံးတည်းထားနော်။ တို့သင်တန်းသူ သင်တန်းသားများလဲ ဒါကို လေ့လာရမယ်။ မရ, ရအောင် ကြိုးစား၊ မခက်ပါဘူး။ တရား (၁၂) လုံး၊ ဒါလေ့လာထား၊ ဒါလေး နှုတ်တိုက်ရထားမှ ဒီက အဓိပ္ပာယ်ပြောတဲ့အခါကျတော့ တစ်ခုချင်း တစ်ခုချင်း လွယ်လင့်တကူနဲ့ မှတ်ယူနိုင်မယ်။ ဒီလိုမှ မဟုတ်ယင် ဒီကအဓိပ္ပါယ်ပြော၊ ဟိုအထဲ ဘာပါမှန်းမသိ။ ဒီလိုလဲ ဖြစ်နေတတ်တယ်။ အဲဒါ လုံးလုံးကြီးမှ မရသေးဘူးဆိုတဲ့ ပုဂ္ဂိုလ်များဟာလည်းပဲ ရအောင် ကြိုးစားပါ။ သီချင်းတစ်ပုဒ် ကျက်ရသလောက် မခက်ပါဘူး။ လွယ်လွယ်လေး၊ အားလုံးမှ (၁၂) လုံးရှိ။

“အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ။”

ဇရာနဲ့မရဏ တစ်လုံးတည်းထားရမှာကွနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ တို့စက်ဝိုင်းကြီးရဲ့ အောက်နားမှာ ပါဠိတော်လာတဲ့အတိုင်း ထုတ်ထားတာရှိ။ ဒီ (၁၂)လုံးပဲ တစ်လုံးနဲ့တစ်လုံးခြားမှာ **“ပစ္စယာ”**ဆိုတဲ့ ပါဠိလေးထည့်ထည့်ထားတာ ကြည့်မိရဲ့လား (ကြည့်မိပါတယ်ဆရာ)၊ ဘယ်နှယ့်ဆိုလဲ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဉပါဒါနံ၊ ဉပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (ဝိနည်း မဟာဝါဂ္ဂ၊ နှာ၊ ၁)

http://www.dhammadownload.com

မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါလေးရအောင် ကျက်ထား။ ခုနက (၁၂)လုံးပဲ တစ်လုံးနဲ့တစ်လုံးခြားမှာ "ပစ္စယာ ပစ္စယာ" ဆိုတဲ့ ပါဠိလေးထည့်သွားတာ ဒါထူးတာပဲ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ -

(ပါဠိတော်) နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ နှုတ်ရကျက်။ နှုတ်ရကျက်ပြီးတော့ ဘုရားပုထိုး ရှိခိုးပြီဆိုမှဖြင့် ထည့်ပြီးရွတ်နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး စီးဖြန်းတယ် ဆိုတဲ့ အနေအားဖြင့် အင်မတန် တန်ဖိုးရှိတဲ့တရားတော် အမြဲတမ်းရွတ်။ ဘေးရန်ခပ်သိမ်းလဲ ကင်းငြိမ်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ရောဂါဝေဒနာလဲ ကင်းရှင်းတယ်။ မဲချတော့ ဆိုင်ကောင်းလဲ ပေါက်တတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဆိုင်ညံ့ကျအုံးတော့ ဈေးရောင်းလို့လဲ ကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါလဲ ထည့်ပေးအုံးမှဟော့။ အားလေးရှိအောင် ထည့်ပေးရမယ်။ တကယ် ယုံကြည်စိတ်ချပြီး ကြိုးစားပမ်းစားနဲ့ ဒေသနာတော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ အိပ်ကြပါလို့နော် (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပါဠိတော်လာတဲ့အတိုင်းနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလဲ ရအောင်ကျက်ကြပါ။ ပထမ စက်ဝိုင်းမှာရှိတဲ့ စာလုံး (၁၂) လုံး မှတ်ထား။ ပထမစက်ဝိုင်း လေ့လာပြီးလို့ ကျွမ်းကျင်သွားပြီဆိုတော့ ဒီစာလုံးတွေပါပဲ။ နောက်အတွင်းစက်ဝိုင်းထဲပါတဲ့ စားလုံးတွေကလဲ ဒီစာလုံးတွေပါပဲ စာလုံးအပို ပါမလာပါဘူး။ ဒါပေမဲ့ အတွင်းခန်းကြလာပြန်တော့ ငါးလုံးတစ်တွဲ ငါးလုံးတစ်တွဲ သွားပြန်တယ်။ ငါးလုံးတစ်တွဲ ငါးလုံးတစ်တွဲ ဆိုတော့ အကန့်က လေးကန့်ရှိတော့ စာလုံးပေါင်း (၂၀) ရှိတယ်။ နှစ်ဆယ်ဆိုပေမဲ့ (၁၀)လုံး ပါပါတယ်။ သေသေချာချာကြည့်၊ တချို့က လက်ထဲစာရွက်ရထား။ တော်ရိလျော်ရိ ထိုးထားထင်ပါရဲ့။ တို့သွားနာပြီးတာပါပဲ ဆိုပြီးတော့ သေသေချာချာ ပြန်ကြည့်လို့ ရှိယင် စက်ဝိုင်းကြည့်တာနဲ့ မိမိဉာဏ်မှာ ရှင်းသင့်သလောက် ရှင်းနေပါတယ်။ သိသင့်သလောက်

http://www.dhammadownload.com

ကြိုပြီးသိထား။ ပြီးတော့မှ ဒီက တစ်လုံးချင်း တစ်လုံးချင်း အဓိပ္ပါယ်လေးတွေ ရှင်းရှင်း ရှင်းရှင်းပေး။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားတော်နဲ့ တို့ ခုအဆင့်အတန်း ရောက်နေတဲ့ သင်တန်းသူ သင်တန်းသား များရဲ့ ဉာဏ်အမြင်နဲ့ ဘယ်ထိအောင် လျော်နေတယ်ဆိုတဲ့ အဓိပ္ပါယ်လေး၊ ဒါလေး ရှေးဦးစွာ ပန္နက်ချပြီးပြရယင် -

မြတ်စွာဘုရား အရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ် ဟောကြားတော်မူခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်က အရှင်အာနန္ဒာကို ပြန်ဟောတဲ့အခန်းလေး၊

ဧတဿ အာနန္ဒ, ဓမ္မဿ (ပဋိစ္စသမုပ္ပါဒဿ အနညာ) အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။ (ဒီ၊ ၂၊ ပါ၊ ၄၇။ ဒီ၊ ဋ္ဌ၊ ၂၊ ၈၆)

မြန်မာပြန်

"အာနန္ဒာ၊ ထို (ပဋိစ္စသမုပ္ပါဒ်) တရားတော်ကို လျော်စွာမသိခြင်းကြောင့်, ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ချည်ခင်ထွေးကဲ့သို့ဖြစ်၍ စာပေါင်းသိုက်ကဲ့သို့ဖြစ်၍ ဖြူဆံမြက် ပြိတ်မြက်ကဲ့သို့ဖြစ်၍ မကောင်းသော လားရာ ပျက်စီးရာ ကျရောက်ရာဖြစ်သော အပါယ်ကိုယ်လည်းကောင်း၊ သံသရာကိုလည်းကောင်း မလွန်ရောက်နိုင်ဘဲ ရှိချေ၏။) [ဒီ၊ ၂၊ မြန်မာပြန်၊ ၅၁]

သေသေချာချာလဲ မှတ်နော်။ သမာဓိလဲကောင်းကောင်းထား။ ပါဠိတွေလိုက်ပြီး ကျက်နေစရာ မလိုဘူး။ မြန်မာလို အဓိပ္ပါယ်လေး ရှင်းရှင်းလေး မှတ်ထား။

အနက်ပေးပုံ

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧတဿ ဓမ္မဿ (ပဋိစ္စသမုပ္ပါဒဿ)၊ ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို။ (အနညာ၊ သာမညအားဖြင့် မသိကြကုန်သောကြောင့်)။ အနနုဗောဓာ၊ ထူးသော အသိဉာဏ်ဖြင့် ပိုင်းခြား၍ မသိသောကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ရ ဖိုလ်ရ ပဋိဝေဓအနေအားဖြင့် မသိသောကြောင့်။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ တန္တာကုလကဇာတာ၊ ယက်ကန်းထွေး ချည်ခင်ထွေးကဲ့သို့ အထွေးကြီးထွေး၍ နေလေ၏။ ကုလဂဏ္ဌိကဇာတာ၊ စာဘူးအိမ်ကဲ့သို့ တစ်လိမ်တည်း လိမ်၍နေလေ၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ဖြူဆံမြက် ပြိတ်မြက်တို့ကဲ့သို့ ရှုပ်ရှုပ်ယှက်ယှက် တစ်ခက်ထည်း ခက်၍နေလေ၏။ ဧဝံ၊ ဤအတူသာလျှင်။ အပါယံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးဟု ဆိုအပ်သော၊ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် လားရာဖြစ်သော။ ဝိနိပါတံ၊

http://www.dhammadownload.com

သေသည်၏နောက် ရောက်ချင်ရာ ရောက်တတ်သော။ (ဝါ) သေသည်၏ အခြားမဲ့၌ ဖြစ်ချင်ရာ ဖြစ်တတ်သော "ဝိနိပါတ" ဟု ဆိုအပ်သော။ သံသာရံ၊ သံသရာကြီးကို၊ နာတိဝတ္တတိ န အတိဝတ္တတိ၊ ဘယ်တော့မှ မလွတ်နိုင် မကျွတ်နိုင်တော့သည်သာလျှင်တည်း။

သတ္တဝါတို့၏ မသိခြင်းတရား သုံးပါး

သတ္တဝါတွေကို ပြ၊ ချစ်သား အာနန္ဒာ၊ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို

(၁) (အနညာ) - ဝိုးတိုး, ဝါးတား သာမညအားဖြင့် မသိခြင်း၊

(၂) အနနုဗောဓ - ဝိသေသအားဖြင့် ထိုးထွင်း၍ မသိခြင်း၊

(၃) အပ္ပဋိဝေဓ - မဂ်ရ ဖိုလ်ရ ပဋိဝေဓ ဒဿနကိစ္စအနေအားဖြင့် မသိခြင်း။

အဲဒီလို မသိခြင်းသုံးမျိုးကြောင့် ဒီသတ္တဝါတွေဟာ သံသရာကြီးထဲ ဘယ်နည်းဖြစ်နေတုံး ဆိုတော့ ယက်ကန်းထွေး၊ ချည်ခင်ထွေးများလို တစ်ထွေးတည်း ထွေးနေ၊ ဖြူဆံမြက်၊ ပြိတ်မြက်တို့လို တစ်ရှုပ်တည်းရှုပ်၊ စာဘူးအိမ်လို တစ်လိမ်တည်းလိမ်၊ ဒီလို လိမ်နေတော့ သတ္တဝါတွေ ဘာဖြစ် သလဲ၊ အပါယ်လေးပါးဟု ဆိုအပ်သော မကောင်းသော ပုဂ္ဂိုလ်တို့၏ လားရာဖြစ်သော၊ မကောင်း သဖြင့် လားရာဖြစ်သော၊ သေသည်၏အခြားမဲ့ ဖြစ်ချင်ရာဖြစ်၊ နစ်ချင်ရာနစ်၊ ကျချင်ရာကျ၊ ရောက် ချင်ရာ ရောက်တတ်သော "ဝိနိပါတဘေး"ဟု ဆိုအပ်တဲ့ သံသရာကြီးကို မလွန်မြောက်နိုင်ဘူးတဲ့၊ ကြောက်စရာကောင်းလို့ ကိုယ့်ကိုယ်ကိုလဲ ကိုယ်ပြန်ကြည့်၊ ဘယ်လောက်ကြောက်စရာကောင်းလဲ၊ ပဋိစ္စသမုပ္ပါဒ် ဘယ်လောက်ခက်နေသလဲ ဆိုလို့ရှိယင် -

ချစ်သား အာနန္ဒာ၊ ယက်ကန်းထွေး၊ ချည်ခင်ထွေးလိုပဲ ယက်ကန်းထွေး၊ ချည်ခင်ထွေးဆိုတာ ဘယ်သူမှ မရှင်းနိုင်၊ မထွင်နိုင်၊ မပြင်နိုင်လို့ ချောင်ကြိုချောင်ကြား ပစ်ထားတဲ့ ယက်ကန်းထွေးကြီးများ၊ အဲဒါလဲ အဌကထာဆရာက ဖွင့်ပြလို့၊ ယက်ကန်းထွေးအတိုင်း နေသေးတာ မဟုတ်ဘူး၊ ကြွက်သိုက် လိုတဲ့ အစိတ်အစိတ်အမွှာမွှာဖြစ်၊ ဘယ်ဒင်းက အရင်း၊ ဘယ်ဒင်းက အဖျားရယ်လို့ ရှင်းစမ်းပါ ဆိုလို့ရှိယင် မရှင်းနိုင်ဘူးတဲ့။ အရှင်းအင်မတန် ခက်တယ်တဲ့ ယက်ကန်းထွေး၊ ချည်ခင်ထွေးပေါ့နော် (မှန်ပါတယ်ဆရာ)။

ဖြူဆံမြက်၊ ပြိတ်မြက်ဆိုတာလဲ **မုဉ္စပဗ္ဗဇ = မုဉ္စ-ဖြူဆံမြက်၊ ပဗ္ဗဇ-ပြိတ်မြက်**၊ အထက် ပြည်ကြတော့ မိုးလေဝသ ခေါင်းပါးလို့ ဒီမြက်တွေမရှိဘူး၊ အောက်ပြည်ကျတော့ တယ်ပေါ၊ အဲဒီမြက်တောကြီးမှာ မြက်တွေရိတ်ပြီးတော့ စုပုံမွှေနှောက်ထား၊ ကောက်ခါ ငင်ခါနဲ့၊ ဒါက ဖြူဆံမြက်၊ ဒါက ပြိတ်မြက်၊ ဒါက အရင်း၊ ဒါက အဖျားလို့ ခွဲခြားဖို့ ဆိုတာ အလွန့်အလွန်မှ ခက်တယ်တဲ့။ စာဘူးအိမ်တဲ့၊ စာဘူးအိမ် မြင်ဖူးလား (မြင်ဖူးပါတယ် ဆရာ)။ စာဘူးအိမ် ထိုးထားတာ သေသေချာချာ

http://www.dhammadownload.com

ကိုင်း- ဘယ်ဘက်က အစပါလို့မ်၊ ဘယ်ဘက်က အဆုံးပါလိမ့်၊ ရှာဖို့ မခက်ဘူးလား (ခက်ပါတယ် ဆရာ)။

ဥပမာ - သုံးခုတောင် ထပ်ဆင့်ပြီး ပြထားတာ ဘယ်လောက်ခက်တယ်ဆိုတဲ့ သဘော လေး၊ အဲဒီလို ခက်ခဲနက်နဲတဲ့၊ ရှုပ်ရှုပ်ယှက်ယှက် အရှင်းခက်တယ်ဆိုတဲ့ ဥပမာသုံးရပ်နဲ့ သဏ္ဍာန် တူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ-လို့ (၃) ချက်ပြ။

(၁) အနညာ-ဝိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်း၊

(၂) အနနုဗောဓာ-ဝိသေသအားဖြင့် ထိုးထွင်း၍ မသိခြင်း၊

(၃) အပ္ပဋိဝေဓာ-မဂ်ရ ဖိုလ်ရ ပဋိဝေဓဒေသနာ ကိစ္စအနေအားဖြင့် မသိခြင်းကြောင့် ဒီသတ္တဝါတွေ ဘာဖြစ်၊ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး သွားတော့တာပဲလို့၊ ဆိုလိုတာက အပါယ် သံသရာ ဘယ်တော့မှ မလွတ်နိုင်ဘူးတဲ့၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ် ဆရာ)။

“အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ”- “ဝိနိပါတ” ဆိုတာများ တို့သင်တန်း နိဒါန်းက ဘေးကြီးလေးပါး ပြခဲ့တယ်မဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ **“ဝိနိပါတဘေး”**ဆိုတာ ဘာခေါ်၊ (ကျချင်ရာကျပါတယ်)၊ ဂတိမမြဲဘူးလို့ ပြောစမ်းပါ၊ ကျချင်ရာကျ၊ ထောင်ကျတာ ပြောတာလားဟ၊ ဘယ်ကျတာတုံး (ဂတိမမြဲတာပါဆရာ)၊ ဩော်-ဂတိမမြဲတာ၊ ဂတိက ဘယ်နှစ်ပါးရှိလို့တုံး (ငါးပါး ပါဆရာ)၊ ဩော်- ငါးပါး၊ ငါးပါးကော ရေတွက်တတ်သေးရဲလား (မေ့နေလို့ပါ ဆရာ)၊ ဟောဗျာ၊ တော်လဲတော်ပ၊ သင်တန်းတစ်ပတ် မဆုံးသေးဘူး၊ အစက ဟာတွေ တစ်ခုမှ မရှိ တော်လဲတော်တဲ့ တရားထောက် ဟာ. . .။

လားရာ ဂတိငါးမျိုး

“သတ္တဝါတို့၏လားရာ၊ သေသည်၏အခြားမဲ့၌ ဖြစ်ရာ” ဆိုတဲ့ ဂတိငါးမျိုး ရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)။

(၁) **ဒေဝဂတိ** - ဘာဂတိလဲ (နတ်တို့ဖြစ်ရာ ဂတိပါဆရာ)၊ အေး-နတ်ရော ပြဟ္မာရောပေါ့ကွယ်နော် (မှန်ပါတယ်ဆရာ)၊ ဒေဝဂတိနဲ့သိမ်းလိုက်။

(၂) **ပေတဂတိ** - ဘာတုံးဟ၊ (ပြိတ္တာပါဆရာ)။ ဟုတ်ပြီ။

(၃) **မနုဿဂတိ** - (လူသားပါဆရာ)၊ ဟုတ်ပြီ၊ လူ့ဂတိ၊ လူ့ဘဝနော် (မှန်ပါတယ် ဆရာ)။

http://www.dhammadownload.com

(၄) **တိရစ္ဆာနဂတိ** - (တိရစ္ဆာန်ပါဆရာ)၊ ဟုတ်ပြီ၊ ခွေး ဝက် ကြက် ငှက် အစရှိသော တိရစ္ဆာန်တွေနော်။

(၅) **နိရယဂတိ** - (ငရဲပါဆရာ)။

အေး - ဟုတ်ပြီ၊ ဒီလိုတော့ တော်သားပါလား၊ မင်းဥစ္စာ ငါများကြောင်နေတာလား၊ (မကြောင်ပါဘူးဆရာ)၊ ပါဠိတော် အမည်နာမ မပြောတတ်လို့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မြန်မာလိုက မှတ်မိတယ် ဟုတ်လား (မှတ်မိပါတယ်ဆရာ)၊ ပြန်ပြောစမ်းပါဦး။

(ဒေဝဂတိ ပေတဂတိ မနုဿဂတိ တိရစ္ဆာနဂတိ နိရယဂတိ)၊ အေးအေး-အဲဒီဂတိငါးပါးကိုကွ နော်၊ (မှန်ပါတယ်ဆရာ)၊ ဒီဂတိငါးပါးက သတ္တဝါတစ်ဦးတစ်ယောက် သေသည်၏အခြားမဲ့မှာ ရောက်တတ်တဲ့ ဂတိငါးပါး မနေဘူးလား (မှန်ပါတယ်ဆရာ)၊ သတ္တဝါတစ်ဦးတစ်ယောက် သေသည်၏အခြားမဲ့မှာ ရောက်တတ်တဲ့ ဂတိငါးပါးဆိုတော့ တို့ ဒီအန္ဓပုထုဇဉ်ဘဝနဲ့ သေကြသမျှ လူပဲသေသေ၊ နတ်ပဲသေသေ၊ ဗြဟ္မာပဲသေသေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ် ခန္ဓာ ဘာမှန်းမှ မသိတဲ့ အန္ဓပုထုဇဉ်ဘဝနဲ့ သေပြီလားဆိုမှဖြင့် အဲဒီဂတိငါးပါးမှာ သူလားချင်ရာ လားတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူရောက်ချင်ရာ ရောက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူကျချင်ရာကျတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူဖြစ်ချင်ရာဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်၊ သေသေချာချာ အင်မတန်ကြောက်စရာကောင်းတယ်၊ ဂတိမမြဲသောဘေးခေါ်တယ်။

"ဝိနိပါတ" ဆိုတာ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ - ဝိနိပါတ ခေါ်ထားတဲ့ သံသရာကြီးက မလွတ်သေးပါဘူးတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဂတိမမြဲသေးဘူးခေါ်တယ်၊ ဒါဖြင့်လဲ သူသူငါငါ မသေခင်တုန်းကတော့ စိတ်ထဲ ကြံစည်ထားကတော့ ငါသေရင်တော့ လူ့ပြည်ပြန်ပြီး လူဖြစ်ချင်တယ်၊ နတ်ဖြစ်ချင်တယ်၊ ဗြဟ္မာဖြစ်ချင်တယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ သုဂတိနဲ့ဒုဂ္ဂတိ နှစ်မျိုးရှိတဲ့အနက်က ဒုဂ္ဂတိတော့ ဘယ်သူမှ မျက်စောင်းမထိုးဘူး၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး တည်းဟူသော ဒုဂ္ဂတိလားဖို့တော့ ဘယ်သူမှ စိတ်မကူးဘူး၊ ဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)။

လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဆိုတဲ့ သုဂတိသာ ရောက်ချင်တဲ့ ဆန္ဒရှိ၊ ဒါပဲ မဟုတ်လား၊ (ဒါပါပဲဆရာ)၊ ရောက်ကဲ့လား (မပြောတတ်ဘူး)၊ စိတ်ကူးရှိတိုင်း ရောက်ကဲ့လားလို့ (မရောက်ပါဘူးဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ လူသေတိုင်း လူပြန်ဖြစ်ရဲ့လား၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ လူသေတိုင်း နတ်ဖြစ်ရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)၊ လူသေတိုင်း ဗြဟ္မာဖြစ်ရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒီလိုတော့ ဖြစ်ချင်တယ် မဟုတ်လား (ဖြစ်ချင်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ဖြစ်ချင်တိုင်း ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ သူဖြစ်ချင်သလို ဖြစ်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ထင်မနေနဲ့၊ ထင်မနေနဲ့၊ ဒါ-ဂတိမမြဲသေးဘူးခေါ်တယ်။

သာသနာဆိုတာ အမျိုးမျိုးပြုကြတာနော်၊ သူက တစ်မျိုးပြု၊ ငါက တစ်မျိုးပြု။ ဒီတော့ သေသေချာချာကြည့်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ပုထုဇဉ်ဘဝနဲ့ သေလို့ရှိယင် ဂတိမမြဲဘူးလို့ ဆိုထားတော့ အတိအကျ မြဲပါတယ်လို့ ဘယ့်နည်းနဲ့မှ ပြောလို့မရဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ပုထုဇဉ်ဘဝနဲ့ သေလို့ရှိယင် ဂတိမမြဲသေးဘူးဆိုလို့ရှိရင် တို့ပုထုဇဉ်အနေနဲ့ နေကြတဲ့ ပုဂ္ဂိုလ်တွေက အားကိုးတယ်၊ ကိုယ်ကြိုးစားထားတာကို၊ ငါတော့ ဘယ်ကုသိုလ်တွေ လုပ်ထားတာပဲ၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်ကုသိုလ်ကောင်းမှုတွေ ငါအကြိမ်ကြိမ် အထပ်ထပ် ကြိုးစားထားတာပဲ၊ ငါလဲ အနေကောင်း ဒီလိုနေတာ၊ ငါတော့ဖြင့် ဘယ့်နှယ်နည်းနဲ့ သေယင် အပါယ် မလားဘူးလို့ ဒီလို ယုံကြည်မှု မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဒါပေမယ့် ယုံကြည်မှုရှိတဲ့အတိုင်း သေယင် တထစ်ချ အပါယ်မလားဘူးလို့ ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)၊ မပြောနိုင်ဘူး၊ ပုထုဇဉ်ဘဝနဲ့ သေရမှာ ကိုးကွနော်၊ (မှန်ပါတယ်ဆရာ)၊ ဘုရားကိုက ဂတိမမြဲပါဘူးလို့ ဆိုထားတာ၊ အဲဒီနေရာလဲ မျက်စိလည်တတ်တယ်၊ ဒါပေမယ့် တို့သင်တန်းသူ သင်တန်းသားများကတော့ တော်တော်လေး အရည် လည်နေပါပြီ။ ဒီနေရာလေးတော့ ဂတိမမြဲဘူးလို့ ဆို၊ မြဲကို မမြဲဘူး၊ ဒါနှစ်စတွဲခေါ်။

ဒီဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ် အလုပ်လုပ်နေတဲ့၊ ကုသိုလ် ထုပ်ကြီးရှိလျက်သားနဲ့ အပါယ်လားရမှာလားလို့ ဒီလိုဆင်ခြေထားလို့ရှိယင်လဲ ထားစရာပါ။ ဒါပေမယ့် အဲ့ဒီကုသိုလ်ထုပ်ကြီးက မှန်တယ်၊ ဒီကုသိုလ်က ရှိတယ် မှန်တယ်၊ ဒါပေမယ့် ဒီဘဝနဲ့ ဟိုဘဝ၊ ဒုတိယဘဝ ဘဝကူးတဲ့ နေရာမှာဖြင့် တထစ်ချ၊ ဒီကုသိုလ်က ကယ်လို့၊ ဒီကုသိုလ်က ထောက်ပံ့လို့ ဂဘိမြဲပါလိမ့်မယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က မဟောပါဘူး။ ဂတိမမြဲဘူးလို့ ဟောထားတာ၊ ဒါဖြင့် ဒီကုသိုလ်အလကား ဖြစ်သလား၊ မဖြစ်ပါဘူးတဲ့။ ဒီကုသိုလ်ကောင်းမှုကြောင့် အပါယ်ဘေးက ကျွတ်လွတ်ပြီးတော့ ကောင်းရာသုဂတိလားချင်လည်း လားသွားတာပဲနော် (မှန်ပါ တယ်ဆရာ)။

ဒီကုသိုလ်တွေ အခွင့်မကြုံလို့ ဒီကုသိုလ်မျိုးတွေ ရှိလျက်သားနဲ့ အပါယ်လေးပါး လားချင်လည်း လားတာပဲ၊ နှစ်စတွဲမနေဘူးလား (မှန်ပါတယ်ဆရာ)၊ နှစ်စတွဲ နှစ်စတွဲ၊ ဘာဖြစ်လို့ ဒီပုထုဇဉ် ဘဝနဲ့ သေယင် ဂတိက မမြဲဘူး ဆိုထားတာ၊ ဒါ ဝိနိပါတဘေးက မလွတ်ဘူးလို့ ဒီလို ဆိုထားတာ၊ အဲ့ဒီနေရာလေး မျက်စိလည်သွားတတ်တယ်၊ ကြပ်ကြပ်စဉ်းစား၊ တို့ ဝိနိပါတအခန်းတုန်းက တစ်ခါ ငါပြောခဲ့ပေ့၊ ကြည့်ပါကွယ်၊ တို့သိရိမ္မာသောကမင်းထက်တော့ ဒါနခန်းမှာ လွှမ်းနိုင်တဲ့ ပုဂ္ဂိုလ်မရှိဘူး မဟုတ်လား (မရှိပါဘူးဆရာ)၊ သေတော့ ဘာဖြစ် (မြွေကြီး သွားဖြစ်ပါတယ်ဆရာ)၊ ဩော်-

http://www.dhammadownload.com

မြွေသွားဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မြွေဆိုလည်း အပါယ်လေးပါးမဟုတ်လား (အပါယ်လေးပါးပါဆရာ)၊ အဲဒါကြည့်၊ ဒါပေမယ့် ကြာတော့ မကြာပါဘူးပေါ့ကွယ်၊ ကုသိုလ်ကောင်းမှုက အင်မတန်ကောင်းတော့ ကုသိုလ်ကောင်းမှုက အင်မတန်ကြီးမားလို့ အခိုက်အတန့်လောက်ပဲ ခံစားရတာပေါ့။ အဲဒါ ဂတိမမြဲတဲ့သဘောပေါ့ (မှန်ပါဆရာ)၊ မမြဲဘူးတဲ့။

ဒါဖြင့် မမြဲတော့ ပြုထားတဲ့ကုသိုလ်တွေ 'အဟောသိကံ' ဖြစ်သွားသလားတဲ့၊ မဖြစ်ပါဘူးတဲ့။ သူ့အခွင့်ကြုံတဲ့အခါကျတော့ အကျိုးပေးမှာ အမှန်ပဲ၊ အခွင့်ကြုံတဲ့အခါရယ်လို့ မစောင့်နိုင်ရှာဘူး၊ ငါတို့ သူ ငါ ဆိုတဲ့ လူတကာတွေက ဒီဘဝသေ ဒုတိယဘဝ သုဂတိကိုသာ လားချင်တယ်၊ ရောက်ချင်တယ် ဆိုတဲ့ ဆန္ဒဓာတ်က ပြင်းနေတာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြင်းတာပြင်းတယ်၊ သူဖြစ်ချင်တာ ဖြစ်တာတဲ့၊ သူရောက်ချင်မှ ရောက်တာတဲ့၊ ဒါ ဝိနိပါတဘေးလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဝိနိပါတဘေးက လုံးလုံးကြီး မကျော်နိုင်တဲ့ အဓိပ္ပာယ်ထွဲ၊ ဒါ မြတ်စွာဘုရား ကိုယ်တော်မြတ်က ရှင်းပြထားတာ။ ဒါ "အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ တန္တာကုလကဇာတာ ကုလာကုဏ္ဍိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ" = ဒီနေရာ ဥပမာသုံးချက်နဲ့ ပြထားတော့ ဩော်-အင်မတန် ရှုပ်တဲ့ယှက်တဲ့ အသိခက်တဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးပါလားလို့၊ သို့ကလောက်တောင် ခက်ခဲနက်နဲတဲ့ ဒေသနာတော်မြတ်ကြီးကို အနညာနဲ့ တစ်ချက်ပြတယ်၊ အနနုဗောဓာနဲ့ တစ်ချက်ပြတယ်၊ အပ္ပဋိဝေဓာနှင့် တစ်ချက်ပြတယ်။

အနညာ - ဝိုးတိုးဝါးတား သာမညအားဖြင့် မသိသေးသောကြောင့်လည်းကောင်း၊

အနနုဗောဓာ - ဝိသေသအားဖြင့် ထိုးထွင်း၍ မသိသောကြောင့်လည်းကောင်း၊

အပ္ပဋိဝေဓာ - မဂ်ရ, ဖိုလ်ရ ပဋိဝေဓအနေအားဖြင့် ထိုးထွင်း၍ မသိသောကြောင့်လည်းကောင်း။

ဒီသတ္တဝါတွေဟာ အပါယ်လေးပါးတည်းဟူသော ဝိနိပါတဆိုတဲ့ သံသရာကြီး မလွန်မြောက်နိုင်ဘူးတဲ့။ သုံးချက်ပြထားတဲ့အနက်က အနညာ-ရယ်၊ အနနုဗောဓာ ရယ်၊ အပ္ပဋိဝေဓာ-ရယ်၊ သမာဓိကောင်းကောင်းထား၊ ငါတောင် တော်တော်ထားနေရတယ်၊ အနညာ-ဝိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်းကြောင့်၊ အနနုဗောဓာ-ဝိသေသအားဖြင့် မသိသောကြောင့်၊ အပ္ပဋိဝေဓာ-မဂ်ရ ဖိုလ်ရ ပဋိဝေဓအနေအားဖြင့် မသိသောကြောင့် ဝိနိပါတဘေးမှ ပြေးမလွတ်ကြဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ) အပါယ်ဘေးမှ ပြေးလို့မလွတ်ကြဘူးလို့ ဒီလိုဆိုထားတာ။ ဗျတိရေကပြန်လိုက်စမ်းကွာ၊ ဒါဖြင့် ဝိုးတိုးဝါးတား သာမညအားဖြင့် သိလို့ရှိယင် လွတ်မယ်လား၊ (လွတ်မှာပါဆရာ)၊ ဟုတ်ရဲ့လား၊ (မှန်ပါဆရာ)၊ တန်ဖိုးရှိဖို့ ကောင်းတယ်။ တရားကို သေသေချာချာလည်းမှတ်၊ ဒါဖြင့် ဝိသေသအားဖြင့် ထိုးထွင်း၍သိယင်လဲ လွတ်မယ်လား (လွတ်မှာပါဆရာ)၊ မဂ်ရ ဖိုလ်ရ ပဋိဝေဓ

http://www.dhammadownload.com

ဒဿန အနေအားဖြင့် သိယင် ပြောစရာ မရှိဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ တန်ဖိုးက ဒီလောက်တောင် ရှိတယ်၊ ဒီတော့ တို့သင်တန်းသူ သင်တန်းသားများ ယခုရောက်ဆဲဆိုတဲ့ ဉာဏ်အမြင်လေးနဲ့ ယှဉ်ပြီးတော့ ကြည့်ဖို့ တိုင်းဖို့ ထွာဖို့ အဓိပ္ပာယ်လေး၊ အနည်း-ဝိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်းကြောင့် ဆိုတာကတော့ ဝိုးတိုးဝါးတား သာမညဆိုတာ ပဋိစ္စသမုပ္ပါဒ်ကို မဖတ်ဖူးဘူး။ရုပ်နာမ် ဆိုတာ ဘာမှန်းမှ အသိဘူးဆိုတဲ့ ပုဂ္ဂိုလ်မျိုးခေါ်တယ်၊ အဲဒါ အကယ်တန္တု ပဋိစ္စသမုပ္ပါဒ်ကြီး လေ့လာလိုက်လို့ "အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ"။ ဩော်- အင်္ဂါ (၁၂) ရပ်ရှိပါပဲ၊ အခြင်းအရာနှစ်ဆယ်ရှိပါတယ်။ အဓိပ္ပာယ် **အားဖြင့် အတိတ် ပစ္စုပ္ပန် အနာဂတ် ဆိုတဲ့ အကြောင်းတွေ ရှိပါတယ်၊ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)။**

အစရှိသည်အားဖြင့် အနက်အဓိပ္ပာယ် ယောဇနာလို့၊ သရုပ်သကန်လေးတွေခွဲလို့၊ စိတ်လို့ ဒီလို သိသွားလို့ရှိယင် ဝိုးတိုးဝါးတား သာမညအားဖြင့် သိတယ်လို့ ခေါ်တယ်။ အနနုဗောဓ- ဆိုတာကတော့ အနနုဗောဓ အသိဆိုတဲ့ အသိကတော့ ဒါနံပါတ်နှစ်၊ ဘယ်လိုသိရမှာတုံးတဲ့၊ အနနုဗောဓ ဆိုတာ ဒီပဋိစ္စသမုပ္ပါဒ်ထဲမှာ ပြထားတဲ့ အဝိဇ္ဇာကစ၍ ဇရာမရဏ ထိအောင် တစ်ဆယ့် နှစ်ပါးသော တရားအစုတွေရဲ့ တရားကိုယ်တို့၊ သရုပ်တို့ ဖေါ်ထုတ်လို့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ထိုတရားကိုယ် သရုပ်ကို တစ်လုံးချင်း တစ်လုံးချင်း ဖော်ထုတ်ပြီးတဲ့အပြင် ပေါင်းလိုက်စုလိုက်တဲ့ အခါကျတော့ ရုပ်နဲ့နာမ် နှစ်ပါးရှိပါပဲပဲဟဲ့နော် (မှန်ပါတယ်ဆရာ)၊ ရုပ်နဲ့နာမ်နှစ်ပါးရှိပါပဲ၊ ဒါရုပ်တရား၊ ဒါနာမ်တရား ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား နားလည်လို့ ခန္ဓာနဲ့ဖွဲ့ ခန္ဓာ၊ အာယတနနဲ့ဖွဲ့ အာယတန၊ ဓာတ်နဲ့ဖွဲ့ ဓာတ်၊ ခန္ဓာ အာယတန ဓာတ် ဆိုတဲ့ သဘာဝတွေကို အကျိုးအကြောင်း ဆက်စပ်တဲ့အနေအားဖြင့် ပြထားတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၊ ၎င်း ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ တရားတော်လဲပဲ တရားကိုယ် တရားသား အကျဉ်းအားဖြင့် ကောက်တော့ ရုပ်နာမ် နှစ်ပါးပဲ ရတယ်။

ထိုရုပ်နာမ်နှစ်ပါးရဲ့ ဖြစ်ပေါ်လာသော အကြောင်းရင်းတရားဟာ ဘာလဲ၊ ဟောဒါ တို့ သင်တန်းသူ သင်တန်းသားများ ပြတ်သားနားလည်ထားတယ်၊ ရုပ်နာမ်နှစ်ပါးသည် ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးရဲ့ ဖြစ်လာသော အကြောင်းရင်းတရားသည် ဘာတုံး၊ ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက ခွဲခြားဝေဖန်ပြီးတော့ သင်ကြားတတ်မြောက်လို့ နားလည်ကြပြီလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဖြစ်လာပုံ အကြောင်းရင်း ပြောစမ်းဆိုယင် -

အတိတ်အကြောင်းကတော့ - အဝိဇ္ဇာ တဏှာ ကမ္မ။ **ပစ္စုပ္ပန်အကြောင်းကတော့** အာဟာရ ဖဿ နာမ် ရုပ် သိတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ဖြစ်

http://www.dhammadownload.com

လာသော အကြောင်းရင်းတွေပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တို့ အဲ့ဒီအခန်းတုန်းက ပြတုန်းက ထိုရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ဖြစ်လာသော အကြောင်းရင်းကို ဝေဖန်ပိုင်းခြားလို့ သိတဲ့အခါမှာ ထိုပုဂ္ဂိုလ်သည် ဘယ်စခန်း ဘယ်လမ်း ဆိုက်သလဲ ဆိုယင် စူဠသောတာပန်လို့ အဋ္ဌကထာဆရာက ပြတယ်နော် (မှန်ပါတယ်ဆရာ)၊ စူဠသောတာပန်အစစ် ဖြစ်ပေ့ါ၊ သာသနာတွင်းသက်ဆင်းတဲ့ ပုဂ္ဂိုလ်၊ သာသနာတွင်းပုဂ္ဂိုလ်လဲ ဖြစ်ပေ့ါ၊ ဘုရားသားတော်စစ်၊ သမီးတော်စစ်လဲ ဖြစ်ပေ့ါ၊ ပစ္စယ ပရိဂ္ဂဟဉာဏ် ပိုင်သွားလို့ရှိယင် ဒီပါဋ္ဌိလေးများ ရကြသေးလား၊ ငါမပြောတတ်ဘူး၊ အားလုံးပဲ ရအောင် ကျက်စမ်းပါ၊ ရအောင် ကျက်စမ်းပါ၊ ငါအထူးပြု၍ တိုက်တွန်းလာခဲ့တယ်။ ဒါတန်ဖိုးရှိတဲ့ အခန်းတွေမို့လို့ အရယူစမ်းပါလို့ မှာခဲ့တယ်။ အခု ပဋိစ္စသမုပ္ပါဒ်ပြတဲ့ နေရာလဲပဲ အခြေခံ ပလ္လင်ခံ စကားအနေအားဖြင့် တို့လူစု ရထားတဲ့ဉာဏ်နဲ့ ဆက်စပ်ပြီး ကြည့်ယင် ဘယ်အသိလောက် [redacted] (မှန်ပါတယ်ဆရာ)

ဒါဖြင့် [redacted] ဘယ်လိုမသိတာတုံး၊ ဘယ်လိုသိတာတုံး ဆိုယင်ဖြင့် "အနနု ဗောဓာ" အနေကတော့ ဝိသေသအနေအားဖြင့် ထိုးထွင်း၍ မသိသောကြောင့်လည်းကောင်း ဆိုတာ။ ဒီပုဂ္ဂိုလ်ဟာ ဖြစ်ယင် ထိုခန္ဓာငါးပါးတို့၏ ဖြစ်လာသော အကြောင်းရင်းတရားကို နားမလည်ခြင်း၊ ဒါ "အနနုဗောဓာ" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ထိုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်လာသော အကြောင်းရင်းကို နားမလည်ခြင်းကြောင့် အပါယ်ဘေးက မလွတ်နိုင်ဘူးလို့ ဒီလို ဟောတယ်။ ဒါဖြင့် ထိုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်လာသော အကြောင်းရင်းကို သိတဲ့ အနုဗောဓဉာဏ် ရလို့ရှိယင် အပါယ်လေးပါးက လွတ်မယ်ဟုတ်လား (လွတ်မှာပါဆရာ)၊ အေး-တထစ်ချမှတ်ထား၊ အဲ့ဒီနေရာမှာ အဋ္ဌကထာဆရာက "အနနုဗောဓာ" ဆိုတာ ဘယ်လိုမသိတာတုံး၊ ဘယ်အသိမျိုးတုံး ဆိုတော့ အဋ္ဌကထာဆရာ ဖွင့်ထားတာကတော့ -

အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ။ (သုတ်မဟာဝါ၊ ဌ၊ ၈၅)

အနနုဗောဓာတိ၊ အနနုဗောဓာ ဟူသည်ကား။ ဉာတပရိညာဝသေန၊ ဉာတပရိညာ၏ အစွမ်းအားဖြင့်။ အနနုဗုဇ္ဈနာ၊ ထိုးထွင်း၍မသိခြင်းတဲ့နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကွယ့်၊ ဒီနေရာမှာ ဉာတပရိညာအနေအားဖြင့် ထိုးထွင်း၍ မသိသောပုဂ္ဂိုလ်၊ အပါယ်ဘေးက မလွတ်သေးဘူးတဲ့၊ ဝိနိပါတဘေးက ပြေးလို့ မလွတ်သေးဘူးတဲ့နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အနနုဗောဓာ ဆိုတာ ကောင်းပါပြီ။ ဘယ်လို မသိတာတုံး ဆိုတော့ ဉာတပရိညာ၏အစွမ်းအားဖြင့် မသိတာ ခေါ်တယ်၊ ဒါ အနနုဗောဓာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဉာတပရိညာ၏ အစွမ်းအားဖြင့် ဒါ "အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ" လို့၊ ဒါဖြင့် ဉာတပရိညာ ဆိုတာ ဘာခေါ်တုံး၊ ဉာတပရိညာ ဆိုတာ တခြားမဟုတ်ပါဘူးတဲ့၊ ရုပ်နဲ့နာမ်ပဲ ရှိတာ၊ အကြောင်းအကျိုး ဆက်စပ်နေတာ၊

http://www.dhammadownload.com

ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ ဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်နှစ်ပါးရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ ထိုရုပ်နာမ်နှစ်ပါးသည် အကြောင်းအကျိုးဆက်စပ်နေတဲ့ တရားတွေ၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ထိုရုပ်နာမ်နှစ်ပါးသည် ထိုရုပ်နာမ်နှစ်ပါးဟု ဆိုအပ်သော ခန္ဓာငါးပါးသည် ဘာကြောင့်ဖြစ်၊ အဝိဇ္ဇာ တဏှာ ကံ အာဟာရ ဖဿ နာမ်ရုပ်ကြောင့် ဖြစ်၊ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်း နှစ်ပါးကို ပိုင်းခြားသိ၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလိုသိလိုက်ယင် ဉာတပရိညာစခန်း။ နောက် သမ္မောဟအဋ္ဌကထာ တိုက်ရိုက်ပြထားတာ၊

"ဉာတပရိညာ နာမ (ပ) စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော"။ (ဝိဘင်္ဂဒိ **အဋ္ဌကထာ၊ သတိပဋ္ဌာနသုတ်၊**

ဉာတပရိညာစခန်း ဆိုက်ပြီးဆိုမှဖြင့် ဂတိမြဲသွားပြီတဲ့၊ **စူဠသောတာပန်လဲ ခေါ်သွားပေ့၊ အဲ့ဒါ ကြည့်စမ်းကွာ၊ ဒါဖြင့် တို့လူစုတွေ ဝိုးတိုးဝါးတား သာမညအားဖြင့် သိပြီးတဲ့အပြင် နံပါတ်နှစ်ဆိုတဲ့** အနနုဗောဓစခန်းရောက်၊ မရောက်ဘူးလား၊ ရောက်သလား (ရောက်ပါတယ်ဆရာ)၊ အနနုဗောဓ စခန်းရောက်သွားပြီ။ အနနုဗောဓ အနေအားဖြင့် လွတ်သွားပြီပေ့ါ (လွတ်သွား ပါပြီဆရာ)၊ ဘာပြုလို့ ဉာတပရိညာစခန်း လှမ်းလာတဲ့ ပုဂ္ဂိုလ်တွေပဲလို့နော် (မှန်ပါတယ်ဆရာ)။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ ဖြစ်လာသော အကြောင်းရင်း သိမ်းဆည်းနိုင်တယ်၊ သေသေချာချာ ကြည့်၊ ရုပ်နာမ်နှစ်ပါးပဲ ထင်ရှားရှိတယ်၊ ဘာမှမရှိ၊ ပုဂ္ဂိုလ်လဲမရှိ၊ သတ္တဝါလဲ မရှိ၊ အသက်လိပ်ပြာလဲ မရှိ၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးပဲ ရှိတယ်၊ ထိုရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ဖြစ်ချင်တိုင်း ဖြစ်လာတာ မဟုတ်ဘူး၊ သူ့အကြောင်းကြောင့် သူဖြစ်လာတဲ့တရားတွေ၊ ဒါကြောင့် ခန္ဓာငါးပါးဖြစ်လာသော အကြောင်းရင်း သေသေချာချာ တွက်ကြည့်။

ခန္ဓာငါးပါးကို့၏အကြောင်းရင်းတရားများ

ရူပက္ခန္ဓာ - အဝိဇ္ဇာ တဏှာ ကံ အာဟာရ။

ဝေဒနာက္ခန္ဓာ - အဝိဇ္ဇာ တဏှာ ကံ ဖဿ။

သညာက္ခန္ဓာ - အဝိဇ္ဇာ တဏှာ ကံ ဖဿ။

သင်္ခါရက္ခန္ဓာ - အဝိဇ္ဇာ တဏှာ ကံ ဖဿ။

ဝိညာဏက္ခန္ဓာ - အဝိဇ္ဇာ တဏှာ ကံ နာမ်ရုပ်။

ဒီအကြောင်းတွေကြောင့် ဖြစ်တယ်ဆိုတဲ့ သဘာဝ မုချအားဖြင့် ပြတ်သားနားလည်ထား၊ မလည်ဘူးလား (လည်ပါတယ်ဆရာ)၊ ဒါ ဘာစခန်းလဲ ဆိုတော့ ဉာတပရိညာစခန်းလို့ ဒီလိုမဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဆရာ)၊ ဒါတော့ စောစောက ပိုင်ခဲ့တယ်မဟုတ်လား (ပိုင်ခဲ့ပါတယ်ဆရာ)၊

http://www.dhammadownload.com

ခရီးလွန်လာခဲ့ တော်တော်ကြာခဲ့တယ်၊ ဒါခန္ဓာငါးပါးပြစဉ်အခါကတည်းက ဉာတပရိညာစခန်း ရောက်ခဲ့ပြီလို့၊ ငါစောစောထဲတုန်းက ပရိညာသုံးပါး တစ်ခါပြောခဲ့ပြီ။ တီရဏပရိညာ ဆိုတာ ဘာခေါ်လဲလို့၊ ထိုရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ဆက်စပ်ပြီးတော့ သိတဲ့ ဉာဏ်စွမ်း၊ တစ်နည်း- အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးနဲ့ ထင်ရှားအောင် ပွားများ နားလည်တဲ့ ဉာဏ်အားနော် (မှန်ပါတယ်ဆရာ)။ ဒီဉာဏ်မျိုးကျတော့ တီရဏပရိညာဉာဏ် ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

နိဗ္ဗာန်ဝင်တဲ့လမ်း စခန်းသုံးခု

ဒါ နိဗ္ဗာန်သွားတဲ့လမ်းမှာ မဂ်စခန်း ဖိုလ်စခန်းဝင်တဲ့လမ်း၊ နိဗ္ဗာန်ဝင်တဲ့လမ်းမှာ စခန်းသုံးခု **လမ်းသုံးခုလို့ စောစောက ပြောခဲ့တယ်။**

(၁) ဉာတပရိညာစခန်း၊

(၂) တီရဏပရိညာစခန်း၊

(၃) ပဟာနပရိညာစခန်း၊

လို့ စခန်းသုံးခုရှိ ဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)။ အဲဒီ စခန်း (၃)ခုနဲ့ သေချာဟပ်ကြည့်၊ ဩော်-နိဗ္ဗာန်ရောက်ချင်ယင် အခုလို ပုထုဇဉ်ဘဝကနေ ကြိုးစားတော့ စခန်း (၃)ခု ထားပြီးတော့ ဘုရားကိုယ်တော်မြတ် ဟောသွားတယ်။ ပထမစခန်းသည် ဉာတပရိညာစခန်း၊ ဒုတိယစခန်းသည် တီရဏပရိညာစခန်း၊ တတိယစခန်းသည် မဂ်ဝင်ဖိုလ်ရောက် ဆိုတဲ့ ပဟာနပဋိညာစခန်း၊ စခန်း (၃)ခု လမ်း (၃) ခုထားတဲ့အနက်က ပထမစခန်းကျော်ပြီးတော့ ဒုတိယစခန်းသည် တက်ကောင်းတာ မဟုတ်ဘူး၊ ဒုတိယစခန်း ကျော်ပြီးတော့ တတိယစခန်းသည် တက်ကောင်းတာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ငါ တစ်ခါ ဥပမာကပ်ပြီးတော့ ထောင်လို့ ဥပမာကပ်ပြောတာ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ အေး - ဒီအတိုင်းပဲ ဒီအတိုင်းပဲ၊ ဒီတော့ နိဗ္ဗာန်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ဖို့ ဥစ္စာ စခန်း (၃)ခုရှိသည့်အနက်က ပထမစခန်း အရင်ရောက်မယ်၊ ပထမစခန်းပြီး ဒုတိယစခန်း ရောက်ရမယ်၊ ဒုတိယစခန်းပြီး တတိယစခန်း ရောက်ရမယ်လို့၊ ဒါမှ မဂ်ဝင်ဖိုလ်ရောက် နိဗ္ဗာန်ပေါက်။

ဒီတော့ ပထမစခန်းသည် ဘာလဲဆိုယင် ဉာတပရိညာစခန်း၊ ဒုတိယစခန်းသည် တီရဏ ပရိညာစခန်း၊ တတိယစခန်းသည် ပဟာနပရိညာစခန်းလို့ စခန်း (၃)ခုရှိသည့်အနက်က မြတ်စွာဘုရားကိုယ်တော်မြတ် သာသနာကြီးနဲ့ တိုးမိတိုက်မိလျက်သားနဲ့မှ ဒီစခန်း (၃) ခု တစ်ခုမှ မသက်ဝင်သေးဘူးဆိုယင် သာသနာပြင်ပပဲ ရှိပါသေးတယ်လို့နော် (မှန်ပါတယ်ဆရာ)၊ သာသနာစည်း ဝိုင်းထဲ မဝင်သေးပါဘူးတဲ့။ ဒီလူဟာ "လူပိုပါပဲ, သာသနာပြင်ပက လူ" ခေါ်တယ်။ "သာသနာ ဗာဟိယက ပုဂ္ဂိုလ်" လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒီစခန်း(၃)ခုမှာ ပထမစခန်း ဝင်မိလာတယ်ဆိုရင် သာသနိကပုဂ္ဂိုလ်နဲ့ သာသနာတွင်းပုဂ္ဂိုလ်တဲ့။ ဒါကြောင့် ဘုရားသာသနာတွင်း ရောက်တယ်၊ ဘုရားဆိုဆုံးမ လမ်းတည်တယ်ခေါ်တယ်။ အဲဒါလဲ ဘယ်လောက်ဝမ်းနည်းစရာ ကောင်းလဲ။ သေသေချာချာကြည့်။ ဒီတော့ တို့ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတွေကလဲ ဗုဒ္ဓဘာသာကို အမည်တပ်လိုက်ရင် တို့တော့ ဘုရား လူချည်းမှတ်။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တို့ဘုရား လူပဲ၊ ဘာပြုလို့၊ တို့ဗုဒ္ဓဘာသာ ကိုးကွယ်ဆည်းကပ်တဲ့လူ၊ ဗုဒ္ဓဘာသာကို ယုံကြည်တဲ့လူပဲလို့ ဆိုပြီးတော့ နေလိုက်တာ အေးအေးချမ်းချမ်းနဲ့ ဘာမှန်းမှ မသိ၊ ကိုယ့်ဘယ်လို ဘေးတွေ ဝိုင်းနေမှန်းလဲ မသိ၊ ဘယ်အခြေအနေ ရောက်မှန်းလဲ မသိ၊ ဘယ်ဝဋ် ဘယ်ဒုက္ခက မကျွတ်သေးဘူးဆိုတာလဲ နားမလည်၊ အမှုမဲ့ အမှတ်မဲ့နေကြ။ ဒါအမှုမဲ့ အမှတ်မဲ့ နေပြီးတော့ အမှုမဲ့ အမှတ်မဲ့သေ။ နောက်ဘဝကျတော့လဲ ဒီအဖြစ်မျိုးရောက်၊ နောက်ဘဝကြတော့ ဒီအတိုင်းနေ ဒီအတိုင်းသေ။ နောက်ဘဝ ဒီအဖြစ်မျိုးရောက်၊ သံသရာဝဋ်ဒုက္ခက ဘယ်တော့ ကျွတ်ပါ့မလဲဆို ကျွတ်ဖို့လွတ်ဖို့ အလွန်ခဲယဉ်း။

ဘာပြုလို့ သာသနာနဲ့ တွေ့လျက်သားနဲ့မှ စခန်း (၃) ခုရှိတဲ့အနက်က ပထမစခန်း၊ ဒုတိယ စခန်း၊ တတိယစခန်း (၃) ခုရှိတဲ့အနက်က (၃)ခုလုံး မရသည့်တိုင်အောင် ပထမစခန်းလောက် ရောက်ယင် တော်သေး။ ပထမစခန်းပေါက်ယင် ဒုတိယစခန်း လှမ်းဖို့ရှိတယ် မဟုတ်လား (မှန်ပါ တယ်ဆရာ)။ ဒီတော့ ဉာတပရိညာစခန်းသည် ပထမစခန်းတဲ့။ မြန်မာလို နားလည်အောင် ပြောစမ်းပါဆိုယင် ရုပ်, နာမ်, ခန္ဓာကို ပြတ်သားနားလည်လို့ ပုဂ္ဂိုလ် သတ္တဝါ သုဉ်းဆိတ်နေတဲ့ အသိဉာဏ်ပေါ်လာယင် ဒါ ပထမစခန်း ဉာတပရိညာစခန်းပါပဲနော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အပါယ်လေးပါးက ပြေးလို့ မလွတ်သေးဘူး၊ မကျွတ်သေးဘူး ဆိုတာ အဲ့ဒီ ဉာတပရိညာ စခန်းကို ရောက်တဲ့အသိမျိုး မရှိသောကြောင့်တည်း။

ဒါကြောင့် အနနုဗောဓာ = ဝိသေသအားဖြင့် ထိုးထွင်း၍ မသိသောကြောင့်လည်းကောင်း၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နောက်ဝိသေသအားဖြင့် ထိုးထွင်း၍ မသိဘူးဆိုတာ အနနုဗောဓာ အနေအားဖြင့် မသိဘူးဆိုတာ ဘာခေါ်လဲဆိုယင် “အနနုဗောဓာတိ ဉာတပရိညာဝသေန အနနု ဗုဇ္ဈနာ = အနနုဗောဓာတိ၊ အနနုဗောဓာ ဟူသည်ကား။ ဉာတပရိညာဝသေန၊ ဉာတပရိညာ၏ အစွမ်းအားဖြင့်။ အနနုဗုဇ္ဈနာ၊ ထိုးထွင်း၍ မသိခြင်း” တဲ့ အဋ္ဌကထာဆရာက ဒီလို ဖွင့်ထားတာ။ ဩော် - ဒါဖြင့်ယင် တို့လူစုဟာ “အနနုဗောဓာ” ဆိုတဲ့ မသိမှုကတော့ ကျော်နေပြီ။ အနုဗောဓာ- အသိဉာဏ် ရောက်နေပြီ။ အနုဗောဓာ အသိဉာဏ်ရောက်လို့ရှိယင်၊ ဘာအသိဉာဏ်လဲဆိုယင် ဉာတပရိညာစခန်းရောက်ပေါ့၊ ရောက်ဘူးလား (ရောက်နေပါပြီဆရာ)၊ ခရီးလွန်လာခဲ့ပြီ။ ဉာတ ပရိညာစခန်းတွင်မက တီရဏပရိညာစခန်းတောင် ရောက်ပြီး၊ ဘာပြုလို့လဲ ရုပ်, နာမ်, ခန္ဓာတို့၏

အဖြစ်အပျက် သဘောသည် ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏငယ် (၃)ချက်နဲ့ တွက်တတ် ချက်တတ်တယ်၊ မြင်တတ်တယ်၊ သိတတ်တယ်။ မျက်တောင်တစ်ခတ်အတွင်းမှာ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ရုပ်ပျက် နာမ်ပျက် ခန္ဓာပျက်တို့၏ အပျက်တွေလဲ ဉာဏ်အားဖြင့် မြင်ကြ သိကြတယ်၊ မမြင်ပေဘူးလား (မြင်ပါတယ်ဆရာ)၊ ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးနဲ့တင်နိုင်ပွားနိုင်တာပေါ့ (ပွားနိုင်ပါတယ်ဆရာ)။

အေး - ဒါကြောင့် လက္ခဏာရေးသုံးပါးနဲ့ ရုပ်ပျက် နာမ်ပျက်ကို ဆင်ခြင်သုံးသပ်တဲ့ အသိဉာဏ်ပေါက်လို့ရှိယင် ဒါက ဘာခေါ်လဲဆိုရင် တီရဏပရိညာတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါ-တီရဏပရိညာစခန်းတောင်ပဲ၊ အခု-ဝိပဿနာဉာဏ် (၁၀) ပါးပြီးထဲက လှမ်းတယ်။ ဒါဖြင့် "အနနုဗောဓာ" ဆိုတဲ့ ဝိသေသအားဖြင့် မသိဘူးဆိုတဲ့ အပြစ်ကတော့ လွတ်သွားပြီပေါ့ (လွတ်သွားပါပြီဆရာ)၊ ပြီးတော့မှ တစ်ခါ "အပ္ပဋိဝေဓာ"လို့၊ ပဋိဝေဒသနအနေအားဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်လည်းကောင်း၊ သတ္တဝါများ သံသရာဝဋ်က မကျွတ်နိုင်ဘူးတဲ့။ အပါယ်တည်းဟူသော ဘေးကပြေးလို့ မလွတ်နိုင်ဘူးတဲ့။ အပ္ပဋိဝေဓာ ဘာခေါ်လဲဆိုတော့ -

"**အပ္ပဋိဝေဓာ**တိ၊ တီရဏပရိညာပဟာနပရိညာဝသေန အပ္ပဋိဝိဇ္ဈနာ" (သုတ်မဟာဝါ၊ ဌ၊ ၈၆) တဲ့နော် (မှန်ပါတယ်ဆရာ)၊ "အပ္ပဋိဝေဓာ-အသိ" ဆိုတာ တခြားမဟုတ်ဘူးတဲ့။ တီရဏ ပရိညာ၏အစွမ်း၊ ပဟာနပရိညာ၏ အစွမ်းအားဖြင့် ထိုးထွင်း၍ မသိခြင်းကို ဆိုပါတယ်။ ဒါနဲ့ တီရဏပရိညာ ပဟာနပရိညာ နှစ်ပါးကို ထိုးထွင်း၍ မသိပြန်တော့လဲ အပ္ပဋိဝေဓာ မဖြစ်ပြန်။ အပ္ပဋိဝေဓာ မဖြစ်ပြန်တော့လဲ အပါယ်ဘေးက မလွတ်နိုင်ဘူးတဲ့။ လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ)၊ မလွတ်နိုင်ဘူး။ ဒါဖြင့် ဒီနေရာလေးမှာ -

ဧတဿ အာနန္ဒ, ဓမ္မဿ (ပဋိစ္စသမုပ္ပါဒဿ အနညာ) အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။ (သုတ်မဟာဝါပါဠိတော်၊ ၄၇)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧတဿ ဓမ္မဿ (ပဋိစ္စသမုပ္ပါဒဿ) ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို။ (အနညာ၊ ဝိုးတိုးဝါးတား သာမညအားဖြင့် မသိသောကြောင့်လည်းကောင်း) အနနုဗောဓာ၊ ဝိသေသအားဖြင့် ထိုးထွင်း၍ မသိသောကြောင့်လည်းကောင်း။ အပ္ပဋိဝေဓာ၊ မဂ်ရဖိုလ်ရ ပဋိဝေဓဒေသနအနေအားဖြင့် မသိသောကြောင့်လည်းကောင်း။ အယံ ပဇာ (ဣမေ သတ္တာ) ဤသတ္တဝါသည်။ တန္တာကုလကဇာတာ၊ ရှုပ်ရှုပ်ယှက်ယှက် အရှင်းခက်လှသော ယက်ကန်းထွေးချည်ခင်ထွေးများကဲ့သို့ အထွေးကြီးထွေး၍ နေ၏။ ကုလဂဏ္ဌိကဇာတာ၊ ဖြာဖြာယှက်လေစာဘူးအိမ်ကဲ့သို့ တစ်လိမ်တည်း လိမ်၍ နေ၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ဖြူဆံမြက် ပြိတ်မြက်ခင်းကဲ့သို့

http://www.dhammadownload.com

အရှင်းခက်၍ နေ၏။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ ဤအတူသာလျှင်။ (တေ သတ္တာ၊ ထိုသတ္တဝါတို့သည်) အပါယံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးဟု ဆိုအပ်သော။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် လားရာဖြစ်သော။ ဝိနိပါတံ၊ သေသည်၏အခြားမဲ့၌ ဖြစ်ချင်ရာ ဖြစ်တတ်သော "ဝိနိပါတ"ဟု ခေါ်အပ်သော။ သံသာရံ၊ သံသရာကြီးကို။ နာတိဝတ္တတိ - န အတိဝတ္တတိ၊ ဘယ်တော့မှ မလွတ်နိုင်တော့သည်သာလျှင်တည်း။

အဲ့ဒီ အဓိပ္ပါယ် အရှင်မဟာအာနန္ဒာအား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ပြန်ဟောတာ သေသေချာချာကြည့်။ ဒါ (ဗျတိရေကအနေနဲ့ပြန်ယူရ) ဝိုးတိုးဝါးတား သာမညအားဖြင့် ပုဗ္ဗအက္ခရာ အနေအထားနဲ့ အနက်အဓိပ္ပါယတ္ထ ကောက်တတ်၊ ယူတတ်၊ သရုပ်သကန်လေးခွဲတတ်၊ စိတ်တတ် ရှိသွားလို့ သာမညသိသွားယင်ပဲ ဝိနိပါတဘေးက လွတ်မယ်ဟုတ်လား (လွတ်မှာပါဆရာ)၊ အပါယ်ဘေးက တကယ်ဝေးမယ်တဲ့။ "အနုဗောဓ" ဆိုတဲ့ အနုဗောဓအနေအားဖြင့် ဉာတပရိညာ စခန်းလောက်ရောက်အောင် တတ်မြောက်လိမ္မာသွားမယ်၊ နားလည်သွားမယ် ဆိုယင်လဲပဲ ဝိနိပါတဘေးက လွတ်မယ်ဟုတ်လား (လွတ်ပါတယ်ဆရာ)၊ ပဋိဝေဓဒဿန အနေအားဖြင့် ထိုးထွင်း၍ သိမယ်ဆိုယင် ဆိုဖွယ်ရာ မရှိဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါ မဂ်ရ ဖိုလ်ရပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲ့သလောက် ခရီးကလဲ ရောက်တဲ့တရား၊ ဒီတော့ တို့လူစုတွေက အားရှိစရာ ကောင်းသွားတာ တခြားမဟုတ်ဘူး။ ဝိုးတိုးဝါးတား သာမညအားဖြင့်လဲ သိပြီးလို့ အနုဗောဓ အနေအားဖြင့် တို့သိပြီးပြီ။ ဘာပြုလို့ တို့ဉာတပရိညာစခန်းရောက်ခဲ့ ပေါက်ခဲ့ ပေါက်ခဲ့ပြီးပြီ (မှန်ပါတယ်ဆရာ)၊ ပဋိဝေဓအနေအားဖြင့် သိဖို့လောက် လိုတော့တယ်။ ဒါ မဂ်ရဖိုလ်ရနော် (မှန်ပါ တယ်ဆရာ)။

ဒါကြောင့် ဒီနေရာလေးကို အနုဗောဓ-အသိနဲ့ ပဋိဝေဓ-အသိလေး အဋ္ဌကထာဆရာက ခွဲပြလို့ အနုဗောဓ-ဆိုတာ ဘယ်လို မသိတာတုံး။ "အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ"။ ပဋိဝေဓအသိက ဘာခေါ်တုံး။ "အပ္ပဋိဝေဓာတိ တီရဏပရိညာပဟာနပရိညာဝသေန အပ္ပဋိဝိဇ္ဈနာ"လို့ဟော၊ လက်စသတ်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာထဲ တို့ယခုရောက်ဆဲ ဆိုတဲ့ အသိဉာဏ်နဲ့ တိုင်းကြည့်လိုက်တဲ့အခါကျတော့ အနုဗောဓ အနေအားဖြင့် နံပါတ်နှစ်ဆိုတဲ့ ခရီး ကျော်နေတာပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အားရှိစရာ မကောင်းဘူးလား (ကောင်းပါတယ် ဆရာ)၊ အဲ့ဒီတော့ သေသေချာချာ မှတ်ထားနော်။ လူ့ဘဝ လူရယ်လို့ဖြစ်လာ အသေကောင်းသေမှ၊ အနေကောင်းနေမှ အသေကောင်း သေကြရ။ ဒါကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ မကောင်းသဖြင့် လားရာဖြစ်သော 'ဒုဂ္ဂတိ' ခေါ်ထားတဲ့ ဘေးကြီးက၊ အပါယ် သံသရာကြီးက၊ အပါယ်ဝဋ္ဋဒုက္ခက တကယ်ငြိမ်းသွားတယ်၊ တကယ်အေးသွားတယ် ဆိုတဲ့ အကျိုးထူးတရားများ ဖြစ်ပေါ်လာတာများ သာမန်မမှတ်နဲ့။ ဇယားလေး ချချကြည့်၊ အမြတ် ဘယ်လောက်ရှိနေသလဲဆိုတဲ့ သဘောလေးနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အရှင်းခက်တဲ့ အရာသုံးမျိုး

အေး-ဒါကြောင့် အခု မြတ်စွာဘုရားကိုယ်တော်မြတ်က ဥပမာသုံးမျိုး သုံးစားအားဖြင့် -

(၁) ယက်ကန်းထွေး ချည်ခင်ထွေး အရှင်းခက်တယ်လို့ အဓိပ္ပါယ်၊

(၂) စာဘူးအိမ်လို တစ်လိမ်တည်း လိမ်နေတဲ့အဓိပ္ပါယ်၊

(၃) ဖြူဆံမြက် ပြိတ်မြက် ရှုပ်ရှုပ်ယှက်ယှက် အရှင်းခက်တဲ့ အဓိပ္ပါယ်။

အဓိပ္ပါယ်သုံးမျိုးနဲ့ ထိုးပြီးတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးမှာ ရုပ်လဲ မသိ၊ နာမ်လဲ မသိ၊ **ခန္ဓာလဲ မသိ၊ ပရမတ် မသိ၊ ဓာတ် မသိ၊** ဘာမှ မသိကြတဲ့ ပညာမျက်စိ လုံးလုံးမရှိသော အန္ဓပုထုဇဉ် **အန္ဓဗာလခေါ်ထားတဲ့** ပုဂ္ဂိုလ်များအတွက် ခက်ချင်တိုင်း ခက်နေတယ်ဆိုတဲ့ အဓိပ္ပါယထွ ပြသွားလို့။ ဒါကြောင့် တို့လူစု ယခုရထားတဲ့ သိထားတဲ့ အသိဉာဏ်နဲ့ တိုင်းကြည့်တဲ့အခါကျတော့ ဩော်-တို့အတွက်ဖြင့် အတော်ကြီး သက်သာခွင့်ရပြီပေါ့။

"အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ" လို့ မသိသုံးမျိုး ပြထားတဲ့အနက်က အနညာ-ဆိုတဲ့ မသိမှုကြီးလဲ လွန်လာလို့၊ အနနုဗောဓာ ဆိုတဲ့ ဒုတိယမသိမှုကြီးလဲ လွန်လာနော် (မှန်ပါတယ်ဆရာ)၊ ဒါ တို့အတွက်ဖြင့် သက်သာခွင့် အများကြီးရနေတယ်ဆိုတဲ့ အဓိပ္ပါယ်ရတာ မှတ်သားလို့ မနက်ဖြန် ကျမှ အကျယ်အားဖြင့် ဆက်ကြစို့။

ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်

ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဘာလဲလို့မေးယင် ကိုယ်ကလဲ ပြောတတ်ရမယ်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲ ဖတ်ထားတဲ့အတိုင်း ပါးစပ်ကတော့ ခေါ်တတ် ပြောတတ်။ ဒါပေမယ့် ပဋိစ္စသမုပ္ပါဒ်ရဲ့ အဓိပ္ပါယ် ဘာလဲလို့ ဒီလိုမေးယင် ပြောတတ်ရမယ်။ ပဋိစ္စက-ဘာခေါ်တယ်၊ သမုပ္ပါဒက-ဘာခေါ် တယ်။ ပဋိစ္စနဲ့သမုပ္ပါဒ် နှစ်ပါးပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်က ဘာခေါ်တယ်။ ဒီလို ပြတ်ပြတ်သားသား ပိုင်းပိုင်းခြားခြား နားလည်ရမယ်။

အခြေခံကစ၊ ပဋိစ္စသမုပ္ပါဒ် ဘာခေါ်လဲဆိုယင် ပဋိစ္စသမုပ္ပါဒ်ခေါ်တာပေါ့ဆိုယင် တယ်မဟန် တော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် ဘာခေါ်လဲလို့ မေးယင် ဟာ-ပဋိစ္စသမုပ္ပါဒ် ဆိုတာ **ပဋိစ္စ** က တစ်ပုဒ်၊ **သမုပ္ပါဒ်** က တစ်ပုဒ်၊ အမှန်က သမုပ္ပါဒ်ဆိုတာ-သမုပ္ပါဒ၊ ပဋိစ္စက အဓိပ္ပါယ်တစ်ခု၊ သမုပ္ပါဒက အဓိပ္ပါယ်တစ်ခု၊ အဓိပ္ပါယ်နှစ်မျိုး ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာအဓိပ္ပါယ်ခေါ်တယ်။ ဒီလို နားလည်ရမယ်။

http://www.dhammadownload.com

ပဋိစ္စ က အကြောင်းရဲ့ ညီညွတ်ခြင်းကို အစွဲပြုဖြင့် အကြောင်းရဲ့ ညီညွတ်ခြင်းကို စွဲ၍။

သမုပ္ပါဒ် က အကျိုးတရား ဖြစ်ပေါ်လာခြင်း။

ပဋိစ္စသမုပ္ပါဒ် ဆိုတာ အကြောင်းကို စွဲ၍ အကျိုးဖြစ်ခြင်း။

ဒီလိုမှတ်ထား။ အကျဉ်းချုပ်နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်သည် ဗမာလို ပြန်ခဲ့သော် အကြောင်းကို စွဲ၍ အကျိုးဖြစ်ခြင်း နားလည်လား (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဘာခေါ်လဲ (အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းပါ ဆရာ)၊ ဟုတ်ပြီ။ အကြောင်းစွဲပြီးတော့ အကြောင်း မှီပြီးတော့ အကျိုးတရား ဖြစ်လာတယ်လို့ ဒီလို ဆိုလိုတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက တို့ပြလာတဲ့ အမိပွါယ်အားဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီ ခန္ဓာငါးပါးသည် အကျိုးတရားလား အကြောင်းတရားလားဆို ဘယ်နှယ်ပြောမလဲ (အကြောင်းတရားပါ)၊ ဟော- (အကျိုးတရားပါဆရာ)၊ ဟင်း - တနင်္ဂနွေမဟုတ်ယင် တနင်္လာပဲဆိုတဲ့ ဗေဒင်ဆရာထက် ဆိုးနေပြီ။ အကျိုးတရား မဟုတ်ဘူးလားဟ။

ပစ္စယပရိဂ္ဂဟဉာဏ် မေ့နေပြီလား။ ခန္ဓာငါးပါး ဘာကြောင့်ဖြစ်၊ (အဝိဇ္ဇာ တဏှာ ကံကြောင့် ဖြစ်တာပါဆရာ)၊ အဝိဇ္ဇာ တဏှာ ကံက အကြောင်းလား၊ အကျိုးလား (အကျိုးပါဆရာ)၊ ဟော (အကြောင်းပါဆရာ)၊ ချကုန်ပြီဟော့၊ ထင်ရာလျှောက်လုပ်တာပဲနော်။ အတိတ်အကြောင်း အဝိဇ္ဇာ တဏှာ ကံ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတိတ်အကြောင်းတရားပါဆိုတယ်။ မင်း ခန္ဓာငါးပါးဖြစ်လာတာ။ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာကြောင့် တဏှာကြောင့် ကံကြောင့် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ယခုဘဝ ခန္ဓာငါးပါးက လူလာဖြစ်တယ်။ ဟုတ်လား (မှန်ပါ တယ်ဆရာ)၊ ခန္ဓာငါးပါးက အကျိုးလား၊ အကြောင်းလား (အကျိုးပါဆရာ)၊ အဝိဇ္ဇာ တဏှာ ကံက အကျိုးလား၊ အကြောင်းလား (အကြောင်းပါဆရာ)၊ ခန္ဓာငါးပါးသည် အကျိုးတရား ဆိုတော့ သူ့ဘာသာသူဖြစ်လာတဲ့ အကျိုးတရားလား (မဟုတ်ပါဘူးဆရာ)၊ ဘာမှီဖြစ်တာလဲ (အဝိဇ္ဇာ တဏှာ ကံမှီ ဖြစ်တာပါဆရာ)၊ အကြောင်းမှီဖြစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာမှီဖြစ်တာတုံး (အကြောင်းမှီ ဖြစ်တာပါဆရာ)၊ အေး-အကြောင်းမှီဖြစ်တာ။ အကြောင်းက ဘယ်သူတုံး (အဝိဇ္ဇာ တဏှာ ကံပါ ဆရာ)၊ အေး မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ ဒါ ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက တစ်ခါပြောခဲ့ပေ့ါ။

တစ်သံသရာလုံးကို သံသရာအစကတည်းက ယနေ့ကျအောင် ပြန်ကြည့်စမ်းလို့။ သံသရာ အစကတည်းက ယနေ့ကျအောင် ခန္ဓာငါးပါးသည် အဟောင်းပျောက်လိုက် အသစ်ရောက်လိုက်၊ အဟောင်းပျောက်လိုက် အသစ်ရောက်လိုက်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးသည်

http://www.dhammadownload.com

အကျိုးတရားကြီး၊ အဝိဇ္ဇာ တဏှာ ကံ ဆိုတာက အကြောင်းတရားကြီး၊ အကြောင်းတစ်လှည့် အကျိုးတစ်လှည့်၊ အကြောင်းတစ်လှည့် အကျိုးတစ်လှည့်။ အနမတဂ္ဂတစ်သံသရာလုံး ကုန်ဆုံးပြီးတဲ့ ဘဝတွေ ပြန်ကြည့်၊ ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ား မိန်းမ မရှိ၊ အသက်လိပ်ပြာ မရှိ၊ အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးပဲရှိတယ်။ နားလည်ခဲ့ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ကောဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရား အကျိုးတရား နှစ်ပါးအပြင် ဘာရှိသေးတုံးဟ (ဘာမှ မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါတွေ မရှိဘူးလား (မရှိပါဘူးဆရာ)၊ နတ် ဗြဟ္မာတွေ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ယောကျ်ား မိန်းမကော (မရှိပါဘူးဆရာ)၊ အသက်လိပ်ပြာ (မရှိပါဘူးဆရာ)၊ အကောင်အထည် (မရှိပါဘူးဆရာ)၊ အထည်ဒြပ်သဏ္ဌာန် (မရှိပါဘူးဆရာ)၊ အမှုန်အမွှား (မရှိပါဘူးဆရာ)၊ အရည်အဖတ် (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူးပေါ့ (ဘာမှ မရှိပါဘူးဆရာ)။

ဒါဖြင့် ဘာရှိတုံး (သဘောတရား သက်သက်ပါဆရာ)၊ ဪ-သဘောတရား ဘာသဘောတရားတုံး၊ (အကျိုးသဘောတရားပါဆရာ)၊ ဟောဗျာ၊ ဟိုဒင်းတော့ ဘယ်ရောင်းပစ်လိုက်၊ အကြောင်းတရားတော့ ဘယ်ရောင်းပစ်လိုက်၊ ဟင် - ဘာသဘောတရားရှိတုံး၊ (အကြောင်းကြောင့် အကျိုးဖြစ်တဲ့ သဘောတရား သက်သက်ပဲ ရှိပါတယ် ဆရာ)၊ ဪ-အကြောင်းတရား အကျိုးတရား နှစ်ပါးပဲ ရှိတယ်။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တကယ်တန်ဖိုးရှိတဲ့ အခန်းလေးတွေကို ပိုင်ပိုင်နိုင်နိုင် စွဲစွဲမြဲမြဲ မှတ်ထားစမ်းပါဟ။ များများကြီး မပွားများနိုင်တောင်ပဲ နင့်အလုပ်လုပ်ယင်း သံသရာကြီး ပြန်ကြည့်တယ်။ အကြောင်းနဲ့အကျိုးနဲ့၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းတရား အကျိုးတရား နှစ်ပါးပဲ ရှိတယ်။ တစ်သံသရာလုံး ဝေဖန်ကြည့်လိုက်တော့ သမ္မုတိပညတ်အနေဖြင့်သာ ဘာဘဝ၊ ညာဘဝ၊ ဘယ်ဒင်းဘဝ၊ ဟိုဒင်းဘဝ၊ ဒီဒင်းဘဝ၊ ဘာကောင်၊ ညာကောင်၊ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါနဲ့ ခေါ်ဝေါ်သုံးစွဲနေကြ။ သေသေချာချာ သံသရာ အစ အဆုံး တကယ်ရှိတာ၊ သိမ်းကျုံးပြီး ရေတွက်ကြည့်လိုက်တော့ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းတရား အကျိုးတရား နှစ်ပါးအပြင် ဘာမှ မရှိပါဘဲလား။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲ့ဒီလောက် ကလေးများ အောက်မေ့ပါကွာ။ သွားယင်း လာယင်း များများမဆင်ခြင်နိုင်တောင်ပဲ။ အဲဒါ သက္ကာယ ကွာနေတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊

သက္ကာယ ကွာနေတဲ့အပြင် ရုပ်စစ် နာမ်စစ်ပေါ်မှာ ဉာဏ်ချက်ကလေး ထောက်နေတဲ့အချိန် ဒါ ဝိပဿနာကုသိုလ် ခေါ်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီ ဝိပဿနာကုသိုလ်ရဲ့ တန်ဖိုးကိုလဲ ငါနောက်နားက အများကြီး ပြောခဲ့တယ်။ အင်မတန် အကျိုးများတယ်။ ဝင်စားနေယင်း

http://www.dhammadownload.com

မတ်တတ်က နေပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်လဲ ရသွားတတ်တယ်၊ ရောက်သွားတတ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုက်ရိုက်ပို့တဲ့ တရားတော်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ဒီဝိပဿနာကုသိုလ်ကြီး ခုလိုပဲ သွားယင်း လာယင်း လုပ်ယင်း ကိုင်ယင်းဆိုသလိုပဲ နေယင်း ထိုင်ယင်း ဒီလောက်ကလေး ဆင်ခြင်နေယင်လဲ ဝိပဿနာကုသိုလ်ကြီးက ဖြစ်။ ဒီဝိပဿနာ ကုသိုလ်ရဲ့ တန်းကြည့်ပြန်တော့လဲ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်တွေနဲ့ တန်းချင်း မဆိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုက်ရိုက်ရောက်စေတတ်တဲ့ ကုသိုလ်တရား၊ အမြတ်ဆုံးသော ကုသိုလ် ခေါ်တယ်၊ အင်မတန် မွန်မြတ်တဲ့ ကုသိုလ်စိတ္တုပ္ပါဒ်တွေ ဖြစ်၊ တန်ဖိုးအရှိဆုံး ခေါ်တယ်။ ဒါပေမဲ့ ရုပ်တစ်လုံးမှလည်း မပြတ်သား၊ နာမ်တစ်လုံးမှလည်း မပြတ်သား၊ ဘာမှ နားမလည်ဘဲနဲ့ နေပြန်တော့လဲ သံသရာထဲ မျက်စိလေး ကလည်ကလည်နဲ့ ဘယ်သောအခါ ဘယ်ဘဝ ကျမှ, ဘယ်ကမ္ဘာကျမှ ကျွတ်မယ်၊ လွတ်မယ်ဆိုတာ မျှော်လင့်ချက်မရှိ။

သုံးဆယ့်တစ်ဘုံ ဆိုလည်သောန္ဒားရဟတ်ချားကဲ့သို့ မရပ်မနား တလည်တည်း လည်နေတယ်၊ အစအဆုံး ရှာမရဘူး၊ ဒါ သံသရာ့စက်ရဟတ် ခေါ်တယ်။ ဒါပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်။ စောစောက ငါပြောထားတဲ့ အကြောင်းခံလိုက် အကျိုးဖြစ်လိုက်၊ အကြောင်းခံလိုက် အကျိုးဖြစ်လိုက်။ ဘယ်တော့ ရပ်မလဲ ဆိုတော့ ရပ်တန့်နိုင်တဲ့ အသိဉာဏ်ပညာက တစ်လုံးတစ်ပါဒမှ မရတော့ မရပ်နိုင်ဘူးတဲ့၊ သံသရာ့စက်ရဟတ်ကြီး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လို့ ဒီလိုလဲ ခေါ်ကြ၊ စက်ရဟတ်များ တစ်လည်တည်း လည်နေတာ မဟုတ်လား (လည်နေပါတယ်ဆရာ)၊ ဒီလိုပဲ လည်နေမှာပဲတဲ့။

ပညာမျက်စိ လုံးဝမရှိတဲ့ အန္ဓပုထုဇဉ် သူကန်းများ ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်က မဖြတ်နိုင်တော့ တလည်တည်း လည်နေရမယ်တဲ့။ သံသရာမျက်စိလည်လမ်းပျောက်၊ ဘယ်တော့ ဆုံးမှန်းလဲ မသိ၊ ဘယ်ဘဝကျမှ ကျွတ်မှန်းလွတ်မှန်းလည်း မသိ၊ သံသရာထဲ တလည်တည်း လည်နေရတယ် ဆိုတော့ ကောင်းရဲ့လား ဆိုတော့ ဘယ်ကောင်းမတုံး၊ ဖြစ်ရာဘဝ ဒုက္ခနဲ့ချည်းတွေ့၊ သုံးဆယ့်တစ်ဘုံ ရှာကြည့်တော့ သုခအစစ်ကလဲ ရှာမရ၊ ဒုက္ခတုံး, ဒုက္ခခဲ, ဒုက္ခစစ် ဘယ်အဖြစ်မျိုး ရောက်ရောက်၊ ဘယ်ဘဝမျိုးနဲ့ တိုးတိုး၊ တစ်ဆယ့်တစ်ပါးသော မီးတွေက ခန္ဓာငါးပါးတည်းဟူသော မီးစာကြီး စွဲငြိပြီးတော့ တစ်ဟုန်တည်းနဲ့ လောင်ကျွမ်းလို့ ဒီအပူဒဏ်တွေ ခံနေရတယ်။ ဒါ သုံးဆယ့်တစ်ဘုံ ဆိုတာ ခြုံကြည့်ယင် ဒုက္ခပဲ ရှိတယ်၊ ဘာမှမရှိဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးသည် ဒုက္ခအစစ်၊ ဒုက္ခရဲ့ တရားကိုယ် တရားသားသည် ခန္ဓာငါးပါးပဲ၊ ဒီလိုဟောထားတော့ သုံးဆယ့်တစ်ဘုံ ခြုံကြည့်စမ်း၊ ဘယ်ဘုံဖြစ်ဖြစ် ဒီခန္ဓာငါးပါးချည်းပဲ၊ ဒီခန္ဓာငါးပါးဆိုတဲ့ အကျိုးတရားလည်း အကြောင်းတရားကြောင့် ဖြစ်လာတာ၊ အကြောင်းနဲ့မကင်းဘူး၊ ဒါကြောင့် အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်။

http://www.dhammadownload.com

ကြည့်လိုက်တော့ အကြောင်းနဲ့အကျိုးပဲ ဆက်စပ်ပြီးနေတာ တွေ့ရတယ်၊ အကြောင်းတရား၊ အကျိုးတရား နှစ်ပါးအပြင် ရှာကြည့်တော့ ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်လိပ်ပြာ မရှိ၊ ယောက်ျား မိန်းမ မရှိ၊ အကောင်အထည်မရှိ၊ အထည်ဒြပ် သဏ္ဌာန်မရှိ၊ အမှုန်အမွှား အရည် အဖတ် မရှိ။ ဘာရှိ၊ အကြောင်းတရားနဲ့အကျိုးနှစ်ပါးတည်းတွေ။ သူတို့ပဲ တစ်လှည့်စီ သွားနေ တယ်နော် (မှန်ပါတယ်ဆရာ)၊ အခုပဲ တို့လူစုတွေ ဒီဘဝအကြောင်းတွေ ခံကုန်ကြပြန်ပေါ့၊ မခံဘူးလား (ခံနေပါတယ်ဆရာ)။

မကောင်းဆိုးဝါး အကြောင်းတရားသုံးပါး

(၁) အဝိဇ္ဇာ၊

(၂) တဏှာ၊

(၃) ကံ၊

ဆိုတဲ့ သုံးပါးသော အကြောင်းတရားတွေ ခံကြပြန်ပြီး **အဝိဇ္ဇာ**က မသိတာ၊ **တဏှာ**က လိုချင်တာ၊ **ကံ**က ပြုလုပ်တာ၊ လုပ်ကုန်ကြပြန်ပေါ့၊ အဝိဇ္ဇာ မသိ၊ တဏှာလိုချင်၊ ကံက ပြုလုပ်၊ ဒါခုလုပ်နေတာ၊ ဘာတွေ ဒါတွေ လုပ်နေကြတာ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီထဲ ဆယ်ယောက်၊ တစ်ယောက် လောက်တော့ ပါ,ပါလိမ့်မယ်၊ အဝိဇ္ဇာ တဏှာ ကံ ဆိုတဲ့ အကြောင်းခံတဲ့ အနေအားဖြင့် ခန္ဓာငါးပါး ဖြစ်စေဖို့ ခန္ဓာငါးပါးတည်းဟူသော အကျိုးတရားကြီး ပေါ်ပေါက်စေဖို့ ဆိုတဲ့ အနေအားဖြင့် အကြောင်း တရားတော့ တို့မလုပ်ဘူးဆိုတာ တစ်ရာတစ်ယောက်လောက်များ ပါချင်ပါမှာပေါ့။ တော်တော်လေး အသိဉာဏ်လေးရှင်းတဲ့ ပုဂ္ဂိုလ်များတော့ ဒီမှတစ်ပါးသော မဟုတ်ပါဘူး၊ ခန္ဓာသစ်တွေ မဖြစ် ဖြစ်အောင် ကြိုးစား၊ ခန္ဓာသစ်တွေ မဖြစ်ဖြစ်အောင် အားထုတ် အလုပ်လုပ်၊ ဘာတွေလုပ်နေတုံး၊ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ် ဒီသုံးပါး ကြိုးစားအားထုတ်၊ ခုမျက်မှောက် ခုမျက်မှောက် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

"အဝိဇ္ဇာက မသိတာ၊ တဏှာက လိုချင်၊ ကံက ပြုလုပ်တာ" ဆိုတော့ မသိတော့ လိုချင်၊ လိုချင်တော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံကြ၊ အဝိဇ္ဇာက ဘာမသိတုံး၊ သံသရာအပြစ် မသိရှာဘူး၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲကြီးကို သုခမှတ်။

"သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ" (ဌ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိစ္စသမုပ္ပါဒ၊ ၁၃၈)

http://www.dhammadownload.com

ကျမ်းဂန်များပြထား၊ ပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓဗာလ, အန္ဓပုထုဇဉ် ခေါ်ထားတဲ့ လူမိုက်များကတော့ သံသရာဝဋ်ဒုက္ခကြီး သုခမှတ်တယ်တဲ့။ ဒါ သံသရာဒုက္ခ၊ သံသရာတည်းဟူသော ဒုက္ခဝဋ်ဆင်းရဲကြီးကို။ သုခသညာယ၊ သုခဟူသော အမှတ်သညာဖြင့်။ ဂဟေတွာ၊ ယူ၍။ ဘာတွေလုပ်။ **"တိဝိဓေပိ သင်္ခါရေ အာရဘတိ"** သင်္ခါရမျိုးတွေ ကြိုးစား၊ **သင်္ခါရ** ဆိုတာ ဘာခေါ်တုံး၊ ကုသိုလ် အကုသိုလ်ကံ၊ ဒါတွေ လုပ်နေကြနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါကြည့်၊ အကြောင်းတွေ ခုကတည်းထဲက ခံကုန်ပြီ။ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ်၊ အဝိဇ္ဇာက လုံးလုံး မသိရှာဘူး၊ တဏှာက လိုချင်တာ၊ ဘာလိုချင်တာတုံး၊ ဘဝသစ်လိုချင်၊ ဘဝဖြစ်ချင်တာ၊ ဘဝနှစ်သက်တာ၊ ဘဝတဏှာ ခေါ်၏။ လိုချင်တော့ လှည့်ပတ်ကြည်နေလို့ မဖြစ်ဘူး၊ လူ့ဘဝ၊ နတ်ဘဝ လိုချင်လို့ရှိယင် ကုသိုလ်ကောင်းမှု လုပ်ရသတဲ့။ သူတော်ကောင်းများဟောကြားတဲ့ တရားကြားတော့ ကုသိုလ်ကောင်းမှုတွေ ထလုပ်၊ ဒါကံခေါ်တယ်။ ကုသိုလ်ကောင်းမှုတွေ ထလုပ်တော့ ဒီကုသိုလ်ကောင်းမှုတွေက သေသည်၏အခြားမဲ့၌ အကျိုးပေးတော့ လူပြန်ဖြစ်၊ နတ်ပြန်ဖြစ်၊ ဗြဟ္မာပြန်ဖြစ် ကိုးကွနော် (မှန်ပါတယ်ဆရာ)။

သံသရာက ကျွတ်ကဲ့လားဟ (မကျွတ်ပါဘူးဆရာ)၊ ဒါ **"တိဝိဓေပိ သင်္ခါရေ အာရဘတိ"** လို့ ပြထားတာ၊ သုံးပါးသော သင်္ခါရမျိုးတွေ ကြိုးစားနေတာ၊ ဘာကြောင့် အဝိဇ္ဇာကြောင့်။ တဏှာကြောင့်နော် (မှန်ပါတယ်ဆရာ)၊ ပဋ္ဌိစ္စသမုပ္ပါဒ်က မူလေးမှ မချရသေးဘူး၊ မူလေးမှ မချရသေးဘူး။ သေသေချာချာ စေ့စေ့စပ်စပ်နဲ့ တဖြည်းဖြည်း အေးအေးနဲ့ တွေးတွေးဆဆနဲ့ သွားမယ်။ ဒါရအောင် ကျက်လိုက်စမ်းပါဆို၊ ကျက်လဲ ကျက်ကြ၊ ကြိုးစားပြီးတော့ -

ချီးမွမ်းထိုက်တဲ့ ညောင်လေးပင်မြို့က ကလေးမငယ်တစ်ယောက်

ဟိုတစ်လောက သတင်းစာထဲ ပါလာတယ်။ ညောင်လေးပင်နယ်က ညောင်လေးပင် ဆရာတော်ဘုရားကြီး ပဋ္ဌိစ္စသမုပ္ပါဒ်ကြည့်၊ သန့်သန့်သင်ကြားပို့ချပေးလို့ လူဒါယကာ ဒါယိကာမတွေ သူငယ်တွေ လူရွယ်တွေ သင်ကြ၊ ကြားကြ၊ နှစ်စဉ်မပြတ် သတင်းစာထဲ ပါတယ်။ ညောင်လေးပင် ပဋ္ဌိစ္စသမုပ္ပါဒ်စာပြန်ပွဲကြီးလို့၊ စာအတတ်နည်းအားဖြင့် သင်ပေးသလားတော့ မပြောတတ်ဘူး၊ အဲ့ဒီအထဲမှာ ချီးမွမ်းစရာကောင်းလိုက်တာလို့၊ ကိုးနှစ်သမီးအရွယ်လေးက ပဋ္ဌိစ္စသမုပ္ပါဒ် မယ်ဆိုတဲ့ ဘွဲ့ရတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အစအဆုံးတိုင် ဟောနိုင် ပြောနိုင် ဖြေနိုင်တယ်တဲ့၊ အံ့သြစရာကောင်း၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

http://www.dhammadownload.com

တို့သင်တန်းလဲ ဒီလိုပဲ၊ ငါလဲ ပဋ္ဌိစ္စသမုပ္ပါဒ်စာပြန်ပွဲကြီး လုပ်ပြီးတော့ ပဋ္ဌိစ္စသမုပ္ပါဒ် မယ်ရွေး ပွဲလုပ်ချင်တယ်၊ မကောင်းဘူးလား (ကောင်းသား)၊ မယ်ရွေးပွဲ မောင်ရွေးပွဲပေါ့ကွနော် (မှန်ပါတယ် ဆရာ)၊ ဒါပေမယ့် မယ်တို့ မောင်တို့ရွေးတာ တခြားဟာနဲ့ ရွေးတာမဟုတ်ပါဘူး။ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာနဲ့ ပတ်သက်၍ ရွေးချင်တာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ဂုဏ်ကျက်သရေ ရှိပါတယ်လို့၊ ကိုယ်မလုံတဲ့ အဝတ်ဝတ်ပြီး စင်မြင့်ပေါ်က တက်ပြတဲ့ မယ်နည်းမောင်နည်း မဟုတ် ပါဘူးလို့နော် (မှန်ပါတယ်ဆရာ)၊ ငါခုလို လျှောက်ပြောလို့ မနက်ဖြန်မလားဘဲ မနေကြပါနဲ့ကွာ၊ တကယ်များ ရွေးနေဦးမလား ဆိုပြီးတော့၊ အဲ့ဒီလို ညောင်လေးပင်နယ်တော့ ပဋ္ဌိစ္စသမုပ္ပါဒ်တရား တော်ကြီးကို သင်ကြားပြသ ပေးပြီးတဲ့နောက် စာမေးပွဲစာပြန်ပွဲလုပ်ပြီးတော့ ဖြေကြ၊ ဖြေကြလို့ နှစ်စဉ်မပြတ် အောင်စာရင်းတွေထွက်၊ စာအနေအားဖြင့် တတ်မြောက်အောင် သင်ကြားပေးတဲ့ စာပြန်ပွဲလား၊ သို့မဟုတ်ဘဲနဲ့ သာသနာကြီးနဲ့ ကြုံကြိုက်တဲ့အခါမှာ တစ်မဂ် တစ်ဖိုလ် ရစေတော့ အလွန်ဆုံး အယုတ်ဆုံးအားဖြင့် စူဠသောတာပန်မှ ဖြစ်စေတော့၊ အပါယ်တံခါးမှ ပိတ်စေတော့ ဆိုတဲ့ အနေအားဖြင့် ပဋ္ဌိပတ္တိလမ်းကနေ ကြိုးပမ်းတာလားတော့ မပြောတတ်ဘူးပေါ့လေ၊ ဒါပေမယ့် (၉)နှစ်အရွယ်ဆိုတဲ့ သူငယ်မလေးက ပဋ္ဌိစ္စသမုပ္ပါဒ်မယ်ဆိုတဲ့ ဘွဲ့ယူသွားတာတော့ တော်တော်လေး ချီးမွမ်းပါတယ်၊ ချီးလည်းချီးကျူးပါတယ်။ အားကျစရာပဲလို့ သာသနာတော်ကြီးတိုးတက် အင်မတန်မှ ဝမ်းသာစရာကောင်း၏။

သာသနာဆိုတာ

သာသနာ ဆိုတာ မှတ်လည်းထားကြ၊ သာသနာ ဆိုတာ သေသေချာချာ မှတ်ထားကြ၊ နောက်ပိုင်းကလည်း တစ်ခါပြောခဲ့ဖူး၊ သာသနာ သိလား၊ သိသေးရဲလား (မမှတ်မိပါဘူးဆရာ)၊ နေရာကျလိုက်တာ၊ ဘုရားအဆိုအဆုံးမတော်ဟာ သာသနာတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘုရား အဆိုအဆုံးမတော် သာသနာခေါ်တယ်၊ ဘုရားဆုံးမတဲ့ စကား၊ ဘုရားဆုံးမတဲ့ တရားသည် သာသနာတဲ့။ အဲ့ဒီ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမကြီးဟာ ကိုယ်ပေါ်မှာ တည်ပြီး ဆိုမှဖြင့် သာသနာတည်တယ် ခေါ်တယ်၊ ကိုယ်ပေါ်မှာ ရှိနေပြီဆိုမှဖြင့် သာသနာရှိတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားအဆုံးအမမှ ကိုယ်ပေါ်မှာ မတည်ယင် သာသနာ မတည်ပါဘူး၊ ကိုယ် ပေါ်မှာ မရှိလျှင် သာသနာမရှိပါဘူး၊ သာသနာအစစ်ဆိုတာ အဲဒါ မှတ်ထား၊ ဘုရားအဆုံးအမတော် သည် သာသနာခေါ်၏။

သာသနာတော်သုံးရပ်

ပြီးတော့မှ အဲ့ဒီသာသနာ အရင်းကနေ ခွဲထွက်လာတော့ ပရိယတ္တိသာသနာတဲ့၊ ပဋ္ဌိပတ္တိ သာသနာတဲ့၊ ပဋ္ဌိဝေဓသာသနာတဲ့။ သာသနာသုံးရပ်။ **ပရိယတ္တိသာသနာ** ဆိုတာကတော့

http://www.dhammadownload.com

ပိဋကတ်သုံးပုံ သင်အံပို့ချခြင်း၊ **ပဋိပတ္တိသာသနာ** ဆိုတာ ထိုပိဋကတ်တော်ထဲမှာ ပါတဲ့ အနက်အဓိပ္ပာယတ္ထ ယူပြီးတော့ တစ်မဂ် တစ်ဖိုလ်ရအောင် ကျင့်ကြံပွားများ အားထုတ်ခြင်း၊ **ပဋိဝေဓသာသနာ** ဆိုတာ ဒီလိုကျင့်ကြံပွားများ အားထုတ်ခြင်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရခြင်းတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာလို့၊ အဲဒီသာသနာသုံးပါး ၎င်းမှာ ဘာတည်သလဲလို့ ပြန်ကြည့်၊ ဘာမှမတည်လျှင် ဘာမှမရှိဘူး၊ ဘာသာသနာမှ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ သာသနာ့အရိပ်အောက်နေတဲ့၊ သာသနာကြီးနဲ့ တိုးတိုက်နေတဲ့ မိမိကိုယ် ဘာသသနာမှ မရှိဘူးဆိုတာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)။

တစ်နည်း သာသနာတော်သုံးရပ်

တစ်ခါ တစ်နည်းအားဖြင့် ခွဲလိုက်ပြန်တယ် -

(၁) သီလသာသနာ၊

(၂) သမာဓိသာသနာ၊

(၃) ပညာသာသနာ လို့ တစ်ခါခွဲပြန်တယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်တဲ့ သုံးမျိုးသုံးစား ရှိတယ်၊ ဒါမဂ္ဂင်တရားကိုယ် ရှစ်ပါးတုန်းက ခွဲပြီးသားတွေပါ၊ သီလရှိသလား ရှိတယ်၊ သာသနာတည်။ သမာဓိရှိသလား ရှိတယ် သာသနာတည်။ ပညာရှိသလား ရှိတယ်၊ သာသနာတည်။ သီလလည်း တစ်လုံးမှ မရှိဘူး၊ သမာဓိလည်း တစ်လုံးမှ မရှိဘူး၊ ပညာလည်း တစ်လုံးမှ မရှိဘူး၊ ဘာသာသနာမှ မတည်ဘူးတဲ့၊ ဘာသာသနာမှ မရှိဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သာသနာရဲ့အဓိပ္ပါယ်ကို သေသေချာချာလဲမှတ်၊ သာသနာပြုတယ် ဆိုတာ ဘာပြုသလဲလို့၊ အခြေအမြစ်ကို ပိုင်လာမှ၊ ဒါမှလဲ ကိုယ့်ကိုကိုယ်တိုင်ကလည်း သာသနာပြုတတ်တယ်၊ ဒါမှလဲ ကိုယ့်ကိုကိုယ်တိုင်ကဖြင့် သာသနာကို ချီးမြှင့်တယ်နော် (မှန်ပါတယ်ဆရာ)၊ သာသနာရဲ့အဓိပ္ပာယ် ဘာမှန်းမှ မသိဘဲနှင့် ထင်ရာလျှောက်လုပ်နေ၊ သာသနာပြုကြချည်းမှတ်နေ၊ မဟုတ်ပါဘူး၊ တချို့လည်း သာသနာဘာခေါ်မှန်း မသိဘူး၊ ဘာခေါ်မှန်းမသိတော့ ကိုယ်ထင်ရာကို သာသနာခေါ်နေကြတယ်။ ဘာဖြစ်ဖြစ်သာသနာပြုတယ်၊ ဒီလို ဖြစ်နေကြတယ်။

သာသနာတော်သုံးရပ်အဓိပ္ပါယ်

ဒါကြောင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ။ **ပရိယတ္တိသာသနာ** ဆိုတာ စာပေပရိယတ် သင်ကြားပို့ချနေ ပရိယတ္တိသာသနာ၊ သာသနာပြုပုဂ္ဂိုလ်ပဲ၊ သာသနာပြုနေတာပဲ။

ပဋိပတ္တိသာသနာ ထိုပရိယတ္တိထဲပါတဲ့ ဒေသနာအရ သေသေချာချာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်း အကျင့်ကောင်း ပွားများအားထုတ် ပဋိပတ္တိသာသနာဟု ခေါ်၏၊

http://www.dhammadownload.com

ပဋိဝေဓသာသနာ ဆိုတာ ကျင့်ကြံပွားများ အားထုတ်လိုက်လို့ တစ်မဂ် တစ်ဖိုလ် ရသွား ပဋိဝေဓသာသနာဟု ခေါ်၏။

သာသနာတော်၏ ပြင်ပ/အတွင်း ပုဂ္ဂိုလ် နှစ်မျိုး

ဒီသာသနာသုံးရပ်ထဲက ဘယ်သာသနာများ ငါ့မှာ ရှိသလဲ ပြန်ကြည့်၊ ဘာမှမရှိလျှင် ဘယ်သာသနာမှ မရှိ၊ သီလ သမာဓိ ပညာ ဆိုတဲ့ သာသနာတော်သုံးရပ် မဂ္ဂင်က ထုတ်လာတဲ့ သာသနာသုံးရပ်နှင့် တစ်ခါတွဲကြည့်၊ ငါ့မှာ ဘာသီလရှိ ဘာသီလမှ မရှိ ဘာသာသနာမှ မတည်ဘူး၊ **သာသနဗာဟိရက** = (သာသနာတော်ရဲ့ပြင်ပပုဂ္ဂိုလ်)၊ မနေ့ညက ပြောသလို သာသနာပြင်ပ အလကားပဲ လူအားနော် (မှန်ပါတယ်ဆရာ)၊ လူအားတင်မကဘူး၊ ယောင်သုံးဆယ်ထဲက ခေါ်တယ်၊ တတ်ယောင်ကန်း၊ ဘာသီလမှ ရှိမှမရှိဘဲ၊ သမာဓိ ဈာန်သမထလုပ်ငန်းနှင့် ပတ်သက်ပြီး ကြည့်၊ ဘာမှမရှိဘူး၊ ဘာသာသနာမှ မရှိဘူး။

ပညာတဲ့၊ ပညာဆိုယင် ဘာခေါ်တုံး။ ရုပ်ဓမ္မ၊ နာမ်ဓမ္မ ခန္ဓာငါးပါး၊ ပရမတ္ထသဘာဝနှင့် မုချဆတ်ဆတ် ပရမတ္ထသဘာဝနှင့် သိထားတဲ့ ပညာခေါ်တယ်။ သမ္မာဒိဋ္ဌိဉာဏ်ပညာနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ ပညာလဲ ရုပ်တစ်လုံးလဲ မသိ၊ နာမ်တစ်လုံးလဲ မသိ၊ ခန္ဓာ အာယတန ဓာတ်ဆိုတာ အဝေးကြီး။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ကြားဖူးကာမျှရှိ၊ ဘာမှမသိဘူး၊ ဘာမှမသိလျှင် အန္ဓပုထုဇဉ်၊ အန္ဓဗာလ ဘာပညာမှ မရှိဘူး၊ ဒါနဲ့ ဒီသာသနာသုံးရပ်နှင့် တွဲကြည့်လိုက်လို့ တစ်လုံးမှ မရှိရင် ဘာသာသနာမှ မရှိ သာသနာပြင်ပ **သာသနဗာဟိရက**၊ ကိုယ့်ကိုယ်ကို သာသနာအပြင်ဘက် ထွက်နေတာ မသိရှာဘူး၊ သူ့ကိုတော့ သာသနာအတွင်းမှတ်၊ ဘာပြုလို့တုံး၊ တို့က ဗုဒ္ဓဘာသာဝါဒ ဗုဒ္ဓဘာသာအယူနှင့်လာတာ၊ ဘိုးစဉ်ဘောင်ဆက်က မိစဉ်ဖဆက် ဆိုသလို ဆင်းသက်ပြီးတော့ တို့ တကယ် အယူမှန်ကြီးနှင့် အယူသာမှန်တာ၊ ကိုယ့်ကိုယ်တိုင်က သာသနာပြင်ပ ထွက်နေတာ၊ ဘာပြုလို့ ဘုရားအဆိုအဆုံးမတော်တည်းဟူသော သာသနာက တစ်လုံးမှမရှိ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာသုံးရပ်နှင့် ကြည့်လဲ ဘာမှ မရှိဘူး၊ သီလ သမာဓိ ပညာ ဆိုတာနှင့် ကြည့်လဲ ဘာမှမရှိဘူး အလကားပဲ၊ ဒါသာသနာ့ပြင်ပ။

ဒါကြောင့် **သာသနိက** ဆိုတာ တို့မဂ္ဂင်တရားကိုယ် ရှစ်ပါးတုန်းက သာသနာသုံးရပ်နှင့် ဟပ်ပြီးတော့ တစ်ခါ ပြခဲ့တယ်။ သမ္မာဒိဋ္ဌိဉာဏ်ပညာ ဆိုတဲ့ ရုပ်စစ် နာမ်စစ် ခန္ဓာစစ် ပရမတ်စစ် ဓာတ်စစ်ကို ပြတ်ပြတ်သားသား အခြေခံအားဖြင့် နားလည်တဲ့ အချိန်ကစ သမ္မာဒိဋ္ဌိဉာဏ်ပညာကြီး ရလာတယ်၊ ပညာစစ် ပညာမှန်ကြီး ရလာတယ်နော် (မှန်ပါတယ်ဆရာ)။ ဒီသမ္မာဒိဋ္ဌိပညာ ဆိုတဲ့ သမ္မာဒိဋ္ဌိဉာဏ်ကြီး ရလာစဉ်အခါတည်းက ဒါပညာသာသနာထဲ ရောက်နေပြီလို့ ဒီပညာမဂ္ဂင် ဝိဇ္ဇာ

http://www.dhammadownload.com

မဂ္ဂင် ခေါ်ထားတဲ့ ပညာသာသနာတစ်လုံး ရတာနှင့် သူ့နောက်နားက သူ့အောက်နားက ခြောက်ပါးသော သီလသာသနာ၊ သမာဓိသာသနာ အကုန်ရပါတယ်လို့ အလိုအလျောက် မပြော ခဲ့ဘူးလား၊ (ပြောခဲ့ပါတယ်ဆရာ)၊ မမှတ်မိဖူးလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါမှ သာသနိက ပုဂ္ဂိုလ် ဖြစ်တယ်၊ သာသနာအတွင်းတော့ ငါတို့ သက်ဆင်းပြီပေါ့၊ သာသနာတွင်းပုဂ္ဂိုလ် တစ်ယောက် ဖြစ်ပြီပေါ့၊ သာသနိကပုဂ္ဂိုလ်ဖြစ်ရပြီပေါ့။

ဒီအရင်က သမ္မာဒိဋ္ဌိဉာဏ်ပညာ မရခင်တုန်းကတော့ ကိုယ့်ကိုယ်တော့ ကိုယ်ထင်တာပေါ့၊ ငါဘယ်လို ကုသိုလ်တွေ လုပ်လာတာ၊ ဘယ်လို ကြိုးစားလာတာ၊ ဘယ်လိုနေထိုင်လာတာ၊ ဘယ်လို ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်လာတာ၊ ငါတော့ သာသနာတွင်းပုဂ္ဂိုလ်ကြီးပဲ၊ ဒီလိုပဲ အောက် မေ့တယ်၊ နောက် သာသနိကပုဂ္ဂိုလ်နဲ့သာသနဗာဟိရက= သာသနာတွင်းပုဂ္ဂိုလ်နှင့် သာသနာပြင်ပ ပုဂ္ဂိုလ် နှစ်ချက်ပြထားတဲ့ နေရာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရှေးရှုပြီးတော့ ကျင့်ကြံပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်မှန်သမျှ သာသနိကပုဂ္ဂိုလ် ခေါ်တယ်။

ရည်ရွယ်ချက်မှန်လျှင် သာသနိကပုဂ္ဂိုလ်ဖြစ်ပုံ

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" အောက်ထစ်ဆုံး သရဏဂုံ ဆောက်တည်တဲ့ သဘောကလေးက ခွဲခြားပြီး ပြလိုက်တာ။ မိရိုးဖလာအနေအားဖြင့် သရဏဂုံ ဆောက်တည်ရတယ်၊ ဒါမှမဟုတ် ဘုရား တရား သံဃာဆိုတာ ကိုးကွယ်ဆည်းကပ် ကောင်းတယ် တဲ့။ အဲ့ဒီလို ကြားဖူးတဲ့အနေအားဖြင့် သရဏဂုံ ဆောက်တည်နေတော့ ဒါဘာတုံးတဲ့၊ သာသနာ့ ဗာဟိရကပုဂ္ဂိုလ် ခေါ်တယ်၊ ကုသိုလ်တော့ ရပါရဲ့၊ ဒါပေမယ့် သာသနာ့ပြင်ပ ရှိသေးတယ်နော် (မှန်ပါတယ်ဆရာ)။

သရဏဂုံ ဆောက်တည်နိုင်လို့ရှိယင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသတဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလျှင် သံသရာက ကျွတ်သတဲ့၊ သံသရာက ကျွတ်လျှင် နိဗ္ဗာန်ရောက်သတဲ့။ ဒါဖြင့်လျှင် သရဏဂုံဆောက် တည်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်ဆိုတော့ ငါကတော့ ဆောက်တည်ဦးမှာပဲ၊ ဘာပြုလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လွန်းလို့၊ သံသရာက ကျွတ်ချင် လွတ်ချင်လွန်းလို့ ဒီလို စေတနာမျိုးနှင့်၊ ဒီလိုရည်ရွယ်ချက်မျိုးနှင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆောက်တည်ပါတဲ့။ ဒီသရဏဂုံသုံးပါး ဆောက်တည်ကာမျှနှင့် သာသနိကပုဂ္ဂိုလ်ဖြစ်ပါတယ်တဲ့၊ သာသနာတွင်းပုဂ္ဂိုလ်၊ မကွာဘူးလား (ကွာပါတယ်ဆရာ)၊ အင်မတန် ကွာခြား၊ တန်းကြီးက တခြားစီ၊ ဘာပြုလို့ ဒီပုဂ္ဂိုလ်က သရဏဂုံသုံးပါးသာ ဆောက်တည်ကာမျှ ရှိသေးတာ၊ အမှန်က **"မဂ္ဂပဋိပန္န ပုဂ္ဂိုလ်"** ခေါ်တယ်တဲ့။ **"မဂ်ဉာဏ်လိုချင်လို့ ကျင့်ကြံနေသောပုဂ္ဂိုလ်"** ခေါ်တယ်နော်၊ (မှန်ပါတယ် ဆရာ)

http://www.dhammadownload.com

အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လွန်းလို့ ဆိုတဲ့ အချက်ကလေးမှ မပါဘဲနှင့်တော့ ဗလာကြီး နေတဲ့ အနေအားဖြင့် မြေကြီးကနေ ဟို-အကနိဋ္ဌဘုံထိအောင် ရွှေတွေ ငွေတွေပုံ၊ ရတနာပုံတွေ အသက်နှင့်အမျှ အလှူဒါန ပေးပြီးတော့ ကုသိုလ်ကောင်းမှုတွေ လုပ်၊ သာသနာတွင်းပုဂ္ဂိုလ်ကိုယ် မဖြစ်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ဘဝကောင်းအောင်၊ ငါကောင်းအောင် လုပ်နေတာတဲ့။ အမှန်က သာသနာ့ဗာဟိရကပဲ ရှိသေးတာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလမ်းခွဲလေးတွေ သေသေချာချာလဲ မှတ်ထားကြ။

စိတ်နေစိတ်ထားလေးတွေ ပြောင်း၊ ကောင်းပွေ့ဆိုတဲ့ အညွှန့်အဖူးလေးတွေကို ခူးကြစမ်းပါတဲ့၊ လုပ်တဲ့နေရာ ဒါကို ပဋိစ္စသမုပ္ပါဒ် နဖူးတွေ့၊ ဒူးတွေ့ တွေ့တော့မှာ၊ ပထမစကဝိုင်း လည်လိုက် တယ်ဆို၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆို၊ တွေ့ကြတော့ အဲ့ဒီတွေ့တဲ့ အခန်းကျတော့လဲပဲ မှတ်လောက်သား လောက် ဆိုသလိုပဲ၊ မိမိတို့ဉာဏ်ထဲမှာ ရှင်းလင်းသွားအောင် ပါဠိတော် အဋ္ဌကထာ ဋီကာနှင့် ညှိနှိုင်းပြီးတော့ သေသေချာချာ ပြမယ်တဲ့၊ ခုမှ အခြေခံရုံ ရှိသေးတယ်။ ဒါကို ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ တရားတော်ကြီးဟာ ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ တရားတော် ပြောကြစို့၊ ဟောကြစို့၊ နာယူကြစို့ ဆိုတော့

ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ အမည်နာမရဲ့ အဓိပ္ပာယ်လေးက စပြီးတော့ ကျကျနနသိဖို့ လိုသကို ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါ **ပဋိစ္စသမုပ္ပါဒ်** ဆိုတာ ဘာခေါ်လဲဆိုတော့၊ အကြောင်းကို စွဲ၍ အကျိုးဖြစ်ခြင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ **ပဋိစ္စသမုပ္ပါဒ်** ဆိုတာ ဘာခေါ်တုံး၊ (အကြောင်းကို စွဲ၍ အကျိုးဖြစ်ခြင်းပါဆရာ)၊ အေး - ဟုတ်ပြီး အကြောင်းစွဲစွဲပြီးတော့ အကျိုး တရားတွေ ဖြစ်နေတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးသည် အကြောင်းလား၊ အကျိုးလား (အကျိုးတရားပါ ဆရာ)၊ အကျိုးတရား၊ အလကား ဖြစ်သလားဟ (မဟုတ်ပါဘူးဆရာ)၊ ဘာမှီ ဖြစ်တာတုံး (အကြောင်းခံပြီး ဖြစ်တာပါဆရာ)၊ အကြောင်းမှီဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းက ဘယ်သူတုံး (အဝိဇ္ဇာ တဏှာ ကံ ပါဆရာ)၊ အေး-ဟုတ်ပြီ၊ အတိတ်ကြောင့်ပေါ့နော် (မှန်ပါတယ်ဆရာ)။

လွန်ခဲ့သော အတိတ်ဘဝတုန်းက အဝိဇ္ဇာ တဏှာ ကံကြောင့်၊ ဒီပစ္စုပ္ပန်ဘဝလာ၊ ခန္ဓာငါးပါး တည်းဟူသော အကျိုးကြီးပေါ်ရတယ်၊ ဒါဖြင့် နောက်ဘဝလဲ အခု အဝိဇ္ဇာ တဏှာ ကံ ဆိုတဲ့ အကြောင်းတရားသုံးပါး ခံပြန်ပြီလား (ခံနေရပါတယ်ဆရာ)၊ ဒုတိယဘဝ ခန္ဓာငါးပါး အကျိုးဖြစ်ဦး မယ်လား (ဖြစ်မှာပါဆရာ)၊ အဲ့ဒီလို ကြည့်သွားတာ၊ ဒီပစ္စုပ္ပန် ဆတ်ဆတ်ကလေးမှာ ဒီပုံစံလေး မြင်လိုက်လျှင် ဒီအရင်ကလဲ ဒီနည်းအတိုင်းပဲ၊ နောင်လဲ ဒီနည်းအတိုင်း သွားမှာပဲ ဆိုတာ မသိဘူး လားကွယ် (သိလာပါတယ်ဆရာ)၊ ဒါသံသရာအစကတည်းက ဒီပုံဒီနည်းနှင့် လာကြတာလို့၊

http://www.dhammadownload.com

အကြောင်းခံလိုက် အကျိုးဖြစ်လိုက်၊ အကြောင်းခံလိုက် အကျိုးဖြစ်လိုက်၊ အကြောင်းခံလိုက် အကျိုးဖြစ်လိုက်နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးတည်းဟူသော အကျိုးတရားကြီးသည် အကြောင်းကြောင့် တဖွားဖွား ဆက်ကာဆက်ကာ ဖြစ်၍နေ၏၊ ကောင်းပြီ၊ ခန္ဓာငါးပါး မချုပ်တော့လဲ ဒုက္ခမချုပ်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)။ ခန္ဓာငါးပါး မပြတ်တော့လဲ ဒုက္ခမပြတ်ဘူးတဲ့၊ ဒုက္ခပြတ်မှ ဒုက္ခချုပ်မှလဲပဲ သုခဟုတ်မယ်လို့ ဒီလို ဆိုထားတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သုခဟုတ်ဆိုတာ ဘာတုံး (နိဗ္ဗာန်ပါဆရာ)။ အေး - နိဗ္ဗာန် နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါဖြင့် ခန္ဓာငါးပါးတည်းဟူသော ဒုက္ခလဲချုပ်ကော သုခလဲ ဟုတ်ကရောပေါ့ (မှန်ပါတယ် ဆရာ)၊ ဒီမှ နိဗ္ဗာန်ရောက်မှာကိုကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဲ့ဒီခန္ဓာငါးပါးတည်းဟူသော ဒုက္ခအကျိုးတရားကြီး ချုပ်ချင်တော့ ဘယ်နှယ်လုပ်မှာတုံး။ (အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ် မပြုလုပ်လျှင် ချုပ်တာပဲ)၊ ဩော်- အကျယ်နှင့်ဖြေလိုက်ပြီကိုကွ နော်၊ အကြောင်းချုပ်လိုက်ယင် အကျိုးပြတ်မသွားဘူးလား (မှန်ပါတယ်ဆရာ)၊ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး တည်းဟူသော အကျိုးတရားကြီး ချုပ်ချင်ယင် အကြောင်းဖြတ်လိုက်တာပေါ့၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းဆိုတာ ဘာတုံး၊ (အဝိဇ္ဇာ တဏှာ ကံ ပါဆရာ)၊ သူမလုပ်ဘဲနေလား (မှန်ပါတယ်ဆရာ)။ ဖြစ်ပြီးသား ခန္ဓာငါးပါး ဆိုတဲ့ အကျိုးတရားကြီးတော့ ချုပ်လို့ရပ့ါမလား (မရပါဘူးဆရာ)၊ သူက လက်လွှန်နေပြီပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ခရီးလွန်ပြီးသား ခေါ်တယ်၊ အခုပစ္စုပ္ပန် ဆတ်ဆတ်ရထားတဲ့ ခန္ဓာငါးပါးတည်းဟူသော အကျိုးတရားကြီး ချုပ်လို့ရပ့ါမလား (မရပါဘူးဆရာ)၊ မရဘူး၊ ဒါဖြင့် ခန္ဓာငါးပါး ချုပ်ချင်တော့ ဘယ်နှယ်လုပ်မှာလဲ၊ အခုဘဝ အကြောင်းမခံနဲ့၊ ဒုတိယဘဝ အကျိုးမပေါ်ဘူး၊ အကြောင်းပြတ်တော့ အကျိုးချုပ်ကရော့တဲ့၊ အကြောင်းချုပ်တော့ အကျိုးပြတ်ကရော့တဲ့။ ဒီလိုသွားရမှာပေါ့နော် (မှန်ပါတယ်ဆရာ)။

အေး-ဒါကြောင့် ဒီအကြောင်းကို မှီပြီးတော့ အကျိုးတရား ဖြစ်တယ်ဆိုတဲ့ သဘောဟာ ပဋိစ္စသမုပ္ပါဒ်တရားပါပဲလို့။ ဒါကြောင့် ပဋိစ္စ-က အကြောင်းစွဲတာ၊ အကြောင်းမှီတာ၊ သမုပ္ပါဒက-အကျိုးဖြစ်ပေါ်လာတာ၊ ပဋိစ္စသမုပ္ပါဒ-ပေါင်းလိုက်တော့ အကြောင်းကို စွဲ၍ အကျိုးတရားဖြစ်ခြင်း၊ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)၊ အေး-အဲ့ဒါလေး မှတ်ထား၊ ဒီတော့ အခြေခံလေးမှာကို ခိုင်ခိုင်လေးသွားကြမယ်။ တို့လူစု ဒါလေးရအောင် ကျက်ပါဆို၊ သေသေချာချာ ကျက်ခဲ့နော် (မှန်ပါတယ်ဆရာ)၊ ငါတစ်ယောက်ချင်း ခေါ်မစစ်ပေမယ့် လေးစားတဲ့အနေအားဖြင့် ဟာ-ဆရာ မနေ့ညက မှာလိုက်တယ်ဟေ့၊ ဘယ်အပိုဒ်တော့ ရအောင်ကျက်ခဲ့ မှာလိုက်တယ်၊ ကျက်မှာပဲတဲ့၊ ငါကတော့ ရအောင် ဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ တစ်ယောက်ချင်းလဲ ခေါ်မစစ်နိုင်ဘူး၊ တစ်ယောက်ချင်း ခေါ်စစ်နေယင် လူတွေနှင့် တော်တော်ပြီးမှာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ တစ်ယောက်ချင်း ခေါ်မစစ်နိုင်တိုင်း ကျက်ချင်ယောင်ဆောင်ဆောင်ပြီးတော့ မလာပါနှင့်လို့၊ ရအောင်

http://www.dhammadownload.com

ကျက်ပါဆို၊ ကျက်လိုက်ကြပါလို့ အင်မတန် တန်ဖိုးရှိတယ်၊ မနေ့ကညက ပြောသလို အောက်နားက ပါဠိတော်လေးအရ ကျက်ထား။

ပဋိစ္စသမုပ္ပါဒ်တရားတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

မြတ်စွာဘုရားကိုယ်တော်မြတ် ဘုရားဖြစ်တော်မူခါနီးဆဲဆဲ မိုးသောက်ခါနီး လင်းအားကြီး ဆိုတဲ့ ပစ္ဆိမယံမှာ ထိုပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အနုလောမ ပဋိလောမ နည်းအားဖြင့် အဖန်ဖန် အထပ်ထပ် သုံးသပ်တော်မူခြင်းကြောင့် အာသဝက္ခယဉာဏ်တော်ကြီးရလို့ အာသဝေါတရား လေးပါးကုန်းခန်းလို့ ဘုရားရဟန္တာစစ် ဖြစ်တော်မူရပေတယ် ဆိုတဲ့ တရားတော်မြတ်ကြီး၊ ဒီလောက် တောင် ကျေးဇူးများလို့ ခရီးရောက်တဲ့ တရားတော်မြတ်ကြီး၊ မွန်မြတ်တဲ့ တရားတော်မြတ်ကြီး ငါနှုတ်တက်ရွရွ အရကျက်၊ ဘုရားပုထိုး ရှိခိုးဝတ်တက်တိုင်း ထည့်ထည့်ပြီး ငါရွတ်မယ်ဟဲ့၊ ပရိတ် မေတ္တာဘာဝနာ ရွတ်တိုင်း ရွတ်တိုင်း ငါထည့်ရွတ်မယ်ဟဲ့၊ အန္တရာယ်ကင်းခြင်း အကျိုးပြီးမြောက်ခြင်း၊ ကျက်သရေ မင်္ဂလာတိုးပွားခြင်းနော် (မှန်ပါတယ်ဆရာ)၊ လာဘ်သပ်ပကာပေါများခြင်း၊ ရောဂါဥပဒ် အန္တရာယ် ကင်းရှင်းခြင်း၊ ဓမ္မစေတီခေါ်တယ်၊ ဓမ္မစေတီ ထိုက်တဲ့တရားတော်။ ဒါကြောင့် မိမိကိုယ် တိုင်အားဖြင့် နှုတ်ကုန်ကျက်မှတ် ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့အခါ မိမိကိုယ်တိုင်အားဖြင့် ဓမ္မစေတီ ထိုက်တယ်လို့ လူနတ်ဦးခိုက် ပူဇော်ထိုက်တယ်၊ အင်မတန်မွန်မြတ်တဲ့ တရားတော်ကြီး ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။

ဒါကြောင့် ထိုလောက်တောင် မွန်မြတ်တဲ့ တရားတော်ကြီးသည် အင်မတန်ခက်ခဲ အင်မတန် နက်နဲလို့ အသိခက်လွန်လွန်းလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က မနေ့ညက ပြတဲ့အတိုင်း အရှင် အာနန္ဒာ ပြန်ဟောလို့၊ ထိုလောက်တောင် ခက်ခဲနက်နဲတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ဤသတ္တဝါ တွေဟာ "ချစ်သားအာနန္ဒာ၊ ပိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်း၊ ဝိသေသအားဖြင့် ထိုးထွင်း၍ မသိခြင်း၊ မဂ်ရ ဖိုလ်ရ ပဋိဝေဓ အနေအားဖြင့် မသိကြခြင်းကြောင့် ဝိနိပါတဘေးက ပြေးလို့ မလွတ်ကြဘူးတဲ့၊ အပါယ်ဘေးက တကယ်မအေးကြသေးဘူးတဲ့။ သံသရာထဲ တဝဲလည်လည်နှင့် လည်နေကြတယ်တဲ့။ သံသရာဝဋ်အတွင်းက မလွတ်ကင်းကြဘူးလို့ ဒီလိုဟောတယ်နော် (မှန်ပါတယ် ဆရာ)၊ အကယ်တန္တု ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးသာ ပိုးတိုးဝါးတား သာမညအားဖြင့်

http://www.dhammadownload.com

သိသော်လည်းကောင်း၊ ဝိသေသအနေဖြင့် ထိုးထွင်း၍ သိသော်လည်းကောင်း ၊ ပဋိဝေဓဒဿနကိစ္စ အနေအားဖြင့် ထိုးထွင်း၍ သိသော်လည်းကောင်း ဒီသတ္တဝါဥဿုံ အလုံးစုံတို့ဟာ သံသရာဝဋ် အတွင်းက မုချလွတ်ကင်းနိုင်မယ်လို့ အဘဘုရားကိုယ်တော်မြတ်က ဒီအတိုင်းလမ်းပြပြီးတော့ ထားတဲ့တရားတော်ဆိုတော့ မင်းတို့ ငါတိုက လမ်းပြတော်မူတဲ့အတိုင်း အောက်ထစ်ဆုံး ဖျင်းလှပါတယ် ဆိုယင် ဝိုးတိုးဝါးတား သာမညအားဖြင့် သိအောင်တော့ ကြိုးစားရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါအဖျင်းဆုံး အဖျင်းဆုံး အောက်ထစ်ဆုံးတွက်သားကျ၊ ဒါထက်တစ်ဆင့်တိုး တစ်မျိုး ကြိုးစားချက်၊ အနုဗောဓ အနေအားဖြင့် သိအောင် ကြိုးစားမယ်ဟဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါထက် တစ်ဆင့်တိုး ကြိုးစားလိုက်လို့ရှိယင်ဖြင့် ပဋိဝေဓဒဿနအနေအားဖြင့် သိအောင် ကြိုးစားမယ်ဟဲ့၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါ မဂ်ပေါက် ဖိုလ်ရောက် ခေါ်တယ်။ အနုဗောဓအေသိ ဆိုတာကတော့ စူဠသောတာပန် အရောက်ခေါ်တယ်၊ ပဋိဝေဓအေသိ ဆိုတာကတော့ မဂ်ဉာဏ် ဖိုလ်ရောက် အသိခေါ်တယ်၊ အနည-ကတော့ စာတတ်ခါမျှ သိတယ်ခေါ်တယ်၊ ပါရမီအဖြစ် ခေါ်တယ်၊ ဒါပေမယ့် စောစောက ပြောတဲ့ မဂ္ဂပဋိပန္နအနေအားဖြင့် တရားနာကြတဲ့ သင်တန်းသူ သင်တန်းသားများ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးများ နာကြားလို့ရှိယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသတဲ့။ ငါနားဆတ်ဆတ်ကြားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လွန်းလို့ ငါယုံယုံကြည်ကြည် နှစ်ခြိုက်နှစ်ခြိုက်နှင့် နာလိုက်မယ်ဆိုတဲ့ အနေအားဖြင့် နာယင် မဂ္ဂပဋိပန္နပုဂ္ဂိုလ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

အခု မရသေးပေမယ့် တော်တော်ကြာ ရလိမ့်မယ်တဲ့၊ အားရှိစရာ မကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)၊ မရမရှိဘူးတဲ့၊ ဘာပြုလို့ သူက မဂ္ဂပဋိပန္နကိုကွနော် (မှန်ပါတယ်ဆရာ)၊ သရဏဂုံလေး ဆောက်တည်တာတောင် မဂ္ဂပဋိပန္နပုဂ္ဂိုလ်ခေါ်ထားတာ၊ မဂ်အကျင့် ကျင့်နေတဲ့ပုဂ္ဂိုလ်တဲ့၊ မဂ်ရအောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်ဆိုထားတော့ အဲ့ဒီ သရဏဂုံ ဆောက်တည်ကာမျှဆိုတဲ့ မဂ္ဂပဋိပန္န ပုဂ္ဂိုလ်တောင် နောက်ပြန်မဆုတ်ဘူး၊ မဂ်ရမှာ အမှန်တဲ့၊ ဘုရားကိုယ်တော်မြတ်က ဟုတ်လား (မှန်ပါတယ်ဆရာ) ဒါဖြင့်လျှင် ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကြီးကို နာလို့ရှိလျှင်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသတဲ့ဆိုတဲ့ သတင်းစကားကြောင့်၊ ငါ့အပြေးအလွှား ဆိုသလိုပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လွန်းလို့ ဝင်းပဋိစ္စ သမုပ္ပါဒ်တရားတော်ကြီး နာလိုက်မယ်ဟဲ့။ ဒီစိတ်ထားနှင့် နာလျှင် မဂ္ဂပဋိပန္နပုဂ္ဂိုလ် မဖြစ်ဘူးလားကွာ (ဖြစ်ပါတယ်ဆရာ) မဂ္ဂပဋိပန္နဆိုကတည်းက အနွေးနဲ့အမြန် မဂ်ရတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အင်မတန် အားရှိစရာကောင်း။ ဒါကြောင့် "အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ" ဆိုတဲ့ ပုဒ်သုံးခု ထုတ်ထားတာ၊ မသိခြင်းသုံးမျိုး၊ တစ်မျိုးမှ မသိတာနှင့် သံသရာမျက်စိလည် မပျောက်ကြဘူးတဲ့၊ တောက်လျှောက်ကြီး တဝဲလည်လည် နေကြတယ်။ သိနိုင်ဖို့ က အလွန်ခဲယဉ်း၊ ဘာပြုလို့တုံး၊ ဥပမာသုံးရပ်ပြထားတာ၊ ရက်ကန်းထွေး၊ ချည်ခင်ထွေး၊ ကြွက်ကိုက် ဖြတ်ထားသလိုပဲတဲ့၊ ဒါရက် ကန်းကလဲ ခေတ်စားတော့ လူတိုင်းလူတိုင်း နားလည်မှာ၊ ရက်ကန်းထွေးကြီး ဘယ်လောက် ရှုပ်သလဲ၊

http://www.dhammadownload.com

ရှင်းနိုင်ပြီလား (မရှင်းနိုင်ပါဆရာ)၊ မရှင်းနိုင်တော့ သုံးမရတာနဲ့ ချောင်ကြိုချောင်ကြား ပစ်လိုက်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ချောင်ကြိုချောင်ကြား ပစ်ထားတဲ့ ရက်ကန်းထွေးကြီးက ရှုံ့ရှုံ့ရှုပ်တာ၊ ရှုံးရှုံးရှုပ်တာတောင် မသုတ်သင်နိုင်ဘူး။

အဌကထာဆရာကတော့ အဲဒီရှုံးရှုံးရှုပ်တဲ့ရက်ကန်းထွေးကြီးမှာ ကြွက်ကိုက်လို့ အပိုင်းပိုင်း ပြတ်ပြီးတော့ ပွေလိမ်နေတဲ့ ရက်ကန်းထွေးဆိုရဲ့နော် (မှန်ပါတယ်ဆရာ)၊ "ဟောဒါက အစဟဲ့၊ ဒါက အဆုံးဟဲ့၊ ဒီချည်မျှင်လေးက ဘယ်သွားတယ်"လို့ ကောက်ကာငင်ကာနှင့် ဘယ်ပုဂ္ဂိုလ်မှ မပြော ဆိုနိုင်ဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ကလဲ ဒီအတိုင်းပဲတဲ့၊ သတ္တဝါများ တွေဝေနေတာ၊ ဘယ်ဒင်းက အစ၊ ဘယ်ဒင်းက အဆုံး ဟုတ်လား (မှန်ပါတယ်ဆရာ)။ သံသရာ ဘယ်ကစ မပြောနိုင်ဘူး၊ သံသရာ ဘယ်မှာဆုံး မပြောနိုင်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်ဒင်းအစမှန်းလဲ မသိဘူး၊ ဘယ်ဒင်းအဆုံးမှန်းလဲ မသိဘူး၊ အင်မတန် ရှည်ဝေးတဲ့ ရှည်လျားတဲ့ သံသရာကြီး အစအဆုံးနှင့် ပြထားတာ။

အစအဆုံးမထင် သံသရာတစ်ခွင်

ဒါ **"သံသာရော ပုဗ္ဗကောဋိ န ပညာယတိ"** သံသရာရဲ့ အဆုံးအစ၊ အစအဆုံး လုံးလုံးကြီး အစွန်းအငြိ အရေးအားဖြင့် မထင်နိုင်ဘူးလို့ ရှည်လျားအားကြီးလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးဟာ ပညာမျက်စိ၊ ပညာမျက်စိ ဆိုတာ ရုပ်နာမ် သိတာ ခေါ်တယ်၊ ပညာမျက်စိနော် (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်မသိတော့ ပညာမျက်စိ ရှိသေး သလားဟ (မရှိပါဘူးဆရာ)၊ ရုပ်နာမ်သိလျှင် သမ္မာဒိဋ္ဌိဉာဏ်က ရပြီးသားကိုကွနော် (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်မှ မသိလျှင် အန္ဓပေါ့ (အန္ဓပါဆရာ)၊ အန္ဓ ဆိုတာ ပါဠိလို၊ ဗမာလိုပြန်တော့ ဘာခေါ်သလဲ (မသိတာပါဆရာ)၊ ဟောဗျာ - အန္ဓ-ဆိုတာ အကန်းလို့ ခေါ်တယ်ဟ၊ နားလည်လား (နားလည်ပါ တယ်ဆရာ)၊ ဘာခေါ်လဲ (အကန်းခေါ်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်တဲ့၊ အကန်းပုထုဇဉ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘာကန်းတာလဲ (ပညာမျက်စိမရှိတာပါဆရာ)၊ ပညာမျက်စိမရှိတာ ခေါ်တယ် ဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်မသိလို့ပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ (စူဠ၊ ပါ၊ ၁၃၅)

ပုထုဇဉ်နှစ်မျိုး (သီလက္ခန္ဓ၊ ဋ၊ ၅၉)

အဲဒါ ရုပ်နာမ်ပရမတ်သဘော၊ ဓာတ်သဘောမှာ ပြတ်ပြတ်သားသား တစ်လုံးတစ်ပါဒမျှ နားမလည်လျှင် ပညာမျက်စိမရှိဘူးတဲ့ အန္ဓပုထုဇဉ် ခေါ်တာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အယံ ပဇာ (က္ကမေ ပဇာ)- ဤရုပ်နာမ်မသိ ပညာမျက်စိ လုံးလုံးမရှိကြကုန်သော အန္ဓပုထုဇဉ် သတ္တဝါတို့သည်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီလို ဆိုထားတာ သူတို့ဉာဏ်ထဲမှာ တစ်ရှုပ်

http://www.dhammadownload.com

တည်း ရှုပ်နေကြတာ၊ ရက်ကန်းထွေးကြီးလိုပဲ မထွင်နိုင် မပြင်နိုင် မထွေးနိုင် မမျှိနိုင်၊ ဘယ်နေရာမှ ပြတ်သားတာ မရှိ၊ ဘယ်နေရာမှ ရှင်းလင်းနိုင်တာ မရှိ၊ ဘယ်နေရာမှ တိကျတာ မရှိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်များ ရှုပ်တယ်ဆိုတာ သေသေချာချာကြည့်ကွ၊ ဘယ်နေရာမှ မရှင်းဘူး၊ သေသေချာချာကြည့် ဆိုတာ အကျယ် များပြောမလားလို့ အောက်မေ့တယ်။ ဘယ်နေရာမှ မရှင်းဘူး၊ ပြောစရာလဲ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ရှင်းတာကိုက တစ်ခုမှ မရှိဘဲ၊ တို့လူစုတွေ လုပ်နေတဲ့ လုပ်ငန်းစဉ်တွေ ပြန်ကြည့်၊ ပတ်ဝန်းကျင်တွေ လျှောက်ကြည့်၊ မင်းစိတ်ထဲမှာ သေသေချာချာကြည့်စမ်း။

မဂ္ဂပဋိပန္န ဆိုတဲ့ အကျင့်မျိုးကို ကျင့်ကြံပွားများ အားထုတ်တဲ့ပုဂ္ဂိုလ် မရှားဘူးလားဟ (ရှားပါတယ်ဆရာ)၊ လုပ်နေလိုက်ကြတာ၊ ကိုယ်ထင်ရာ ကိုယ်ကြံ၊ ကိုယ်လုပ်တာ ကိုယ်အဟုတ်မှတ်နေတာ၊ ကိုယ်လုပ်တာမှ ကိုယ်ကောင်းတယ်လို့ မှတ်နေတာ၊ တစ်ယောက်တစ်ယောက်လဲ သွန်သင်မယ့်ပုဂ္ဂိုလ် မရှိဘူး၊ စောင့်ရှောက်မယ့်ပုဂ္ဂိုလ်လဲ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ အဟုတ်မှတ်တိုင်း လုပ်နေကြတာ၊ ဟုတ်သလားဆိုတော့ တစ်ခုမှမဟုတ်ဘူး။ အဲဒီလို မဟုတ်တာတွေ အဟုတ်မှတ်ပြီး လုပ်နေတဲ့ အတွက် ဘာပြုသလဲလို့၊ တန္တာကုလကဇာတာ-ရက်ကန်းထွေး ချည်ခင်ထွေးလို အထွေးကြီး ထွေးနေကြတာ မရှင်းနိုင်တဲ့သူတို့၊ သံသရာကိစ္စ အဝဝတွေ ဘာမှမရှင်းနိုင်ဘူး၊ ဘာမှမပြတ်သားဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရုပ်တစ်လုံးလဲ မပြတ်သားဘူး၊ နာမ်တစ်လုံးလဲ မပြတ်သားဘူး၊ ပရမတ်နှင့်ပညတ်လဲ မကွဲဘူးတဲ့၊ ကိုယ့်ကိုယ်ကို ပုဂ္ဂိုလ် သတ္တဝါ မှတ်နေတယ်၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တန်းလန်းကြီးနှင့်ရမ်းကြမ်းနေတာပဲတဲ့ ပရမ်းပတာနှင့် ရမ်းပြီးလုပ်ချင်တာ လျှောက်လုပ်။ ကုသိုလ် လုပ်လျှင် ဟုတ်တယ်ထင် ဒီလိုလုပ်၊ ဒါပဋိစ္စသမုပ္ပါဒ် မရှင်းနိုင်တာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မရှင်းနိုင်ဘူး။

ဒါတွင် မကသေးဘူးတဲ့ မုဥ္စပဗ္ဗဇဘူတာ ဆိုတဲ့ ဖြူဆံမြက် ပြိတ်မြက်နှင့် အင်မတန်ရှုပ်တဲ့ မြက်တောပေါ့။ ခါးနှင့်ခုတ်ထွင် စုပုံထားတော့ ဘယ်ဒင်းက အရင်း၊ ဘယ်ဒင်းက အဖျားဆိုလို့ ခွဲခြားဖို့ အင်မတန် ခဲယဉ်းတယ်။ ၎င်းနည်းတူပဲတဲ့ ပညာမျက်စိ လုံးဝမရှိတဲ့ **အန္ဓဗာလ**၊ အန္ဓပုထုဇဉ် ခေါ်တဲ့ သူကန်းမျက်မမြင်တွေ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို ဘယ်ဒင်းအရင်း၊ ဘယ်ဒင်း အဖျား၊ ဘယ်ဒင်း အလယ်၊ ဘယ်ဒင်းအကြောင်း၊ ဘယ်ဒင်းအကျိုးလို့ ဆက်စပ်ပြီးတော့ မဝေဖန် နိုင်ဘူးတဲ့၊ တွေဝေနေကြတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါပဲလား မဟုတ်သေးဘူးတဲ့။ ကုလာကုဏ္ဍိကဇာတာ၊ စာဘူးအိမ်လိုပဲတဲ့ တစ်လိမ်တည်း လိမ်နေတယ်။ ဘယ်နေရာမှ ရှင်းလို့ မရဘူး။ ရရဲ့လား (မရပါဘူးဆရာ)၊ ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ၊ သံသရာထဲ သွားနေလိုက်ကြတာ၊ ဘာမှ နားမလည်ရှာဘူး။ ကိုယ်ဖြစ်ရမယ့် ဘဝလဲ ကိုယ်နားမလည်ဘူး။ ကိုယ်

http://www.dhammadownload.com

ရောက်ရမယ့်ဘဝလဲ ကိုယ်မသိဘူး။ ကိုယ်လားရမယ့် ဂတိလဲ ကိုယ်မသိဘူး။ ကိုယ်သွားနေတဲ့လမ်းမှ ကိုယ်မမှန်းနိုင်တဲ့ သူကန်းပုထုဇဉ်တွေတဲ့၊ အင်မတန်ကြောက်စရာကောင်းတယ်။ ဒါကြောင့် မသိသောသုံးပါးနှင့် နေကြလို့ "အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ"။ အပါယံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးဟု ဆိုအပ်သော။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် လားရာဖြစ်သော။ ဝိနိပါတံ၊ သေသည်၏ အခြားမဲ့၌ ရောက်ချင်ရာရောက် ကျချင်ရာကျ ဖြစ်ချင်ရာလည်း ဖြစ်တတ်သော။ သံသာရံ၊ ကြောက်ဖွယ်ဖိစီး အပါယ်သံသရာကြီးကို။ နာတိဝတ္တတိ-န အတိဝတ္တတိ၊ ဘယ်တော့မှ မလွန်မြောက်နိုင်တော့သည်သာလျှင်တည်း။

သေပြီးသည်၏ အခြားမဲ့၌ အပါယ်လေးပါး တဖြုန်းဖြုန်းနှင့် သွားဦးမည်တဲ့နော် (မှန်ပါတယ်ဆရာ) အဲဒါ နားမလည်လျှင်တော့ ကြောက်မှာမဟုတ်ဘူး။ နားလည်လျှင်တော့ ကြောက်လိမ့်မယ်။ တို့လုပ်ထားတာ မဟုတ်သေးပါပဲ၊ တို့အားထားတာတွေ၊ တို့အားကိုးတာတွေ မဟုတ်သေးပါပဲ၊ ဘာပြုလို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး မသိသုံးချက်နှင့် ပြထားတာ၊ လုံးလုံးသုံးချက်စလုံးကို တို့မသိတာကြီး ဖြစ်နေတယ်။ ဝိုးတိုးဝါးတား သာမညအားဖြင့်လည်း မသိဘူး။ အနုဗောဓ-အနေအားဖြင့်လည်း မသိဘူး။ ပဋိဝေဓ-အနေအားဖြင့်လည်း မသိဘူး။ မသိယင်ဖြင့် ခက်ဦးတော့မှာပဲလို့ ပြထားတဲ့ ပဋိစ္စသမုပ္ပါဒ်စက် ရဟတ်ကြီးလိုပဲ ရဟတ်ခြားလို မထပ်မနား အမြဲမပြတ် သံသရာလည်နေတတ်တဲ့ တရားတော် ဒီတိုင်းလည်နေမှာပဲနော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ ရပ်ရမှာမဟုတ်ဘူး။ ဒါကြောင့် အရှင်အာနန္ဒာကို မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဥပမာသုံးရပ်လည်း သေသေချာချာ မှတ်ထား-

သာမညနှင့် သိဖို့ဆိုတာ ခက်လှချည်ရဲ့။ ဒါပေမယ့် ငါ-မနေ့ညက ပြောသလိုပဲ တို့သင်တန်းသူသင်တန်းသားများသည် ၎င်းမသိသုံးချက်မှာ အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ ဆိုတဲ့ သုံးချက်၊ ဝိုးတိုးဝါးတား သာမညအားဖြင့် မသိဘူးဆိုတဲ့ အချက်အလက် ခရီးလွန်လာခဲ့ပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သိပြီးပြီတဲ့။ ပြတ်ပြတ်သားသား နားလည်ပါးလည်နှင့်သိ။ အနနုဗောဓ ဆိုတဲ့ ဒုတိယ နှစ်အချက်ကြီးလဲ ခရီးလွန်လာခဲ့တယ်။ သိဘူးလား၊ မသိဘူးလားကွာ (သိပါပြီဆရာ)။ အနုဗောဓ အနေအားဖြင့် သိပြီးပြီတဲ့။ ဒါကို အနနုဗောဓပုဂ္ဂိုလ် မခေါ်နိုင်ဘူး။ အပ္ပဋိဝေဓာ တစ်ချက်ပဲ တို့မပြောနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ပဋိဝေဓဒေသနကိစ္စ တတ်သလား မတတ်ဘူးလား။ တတ်တဲ့ပုဂ္ဂိုလ်လဲ တတ်မှာပေါ့။ မတတ်သေးတဲ့ပုဂ္ဂိုလ်လဲ မတတ်ဘူးပေါ့။ ဒါပေမယ့် နံပါတ်နှစ်ဆိုတဲ့ အနုဗောဓ အသိတော့ဖြင့် ပိုင်ထားတယ်၊ အနုဗောဓအသိ ဆိုတာ ဘာခေါ်လဲလို့ - အနုဗောဓအသိ ဆိုတာက ဉာတပရိညာစခန်းကို ပိုင်ပိုင်နိုင်နိုင် လှမ်းနိုင်လျှင်ဖြင့် အနုဗောဓအသိကို ရတာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် **အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ**-လို့ အဋ္ဌကထာဆရာက ဖွင့်၊ အနနုဗောဓာ မသိဘူး ဆိုတာ ဘယ်လိုမသိတုံးလို့ ဉာတပရိညာစခန်းကို ရောက်အောင် မသိတာ အနနုဗောဓာ ခေါ်တာပေါ့။ ဒါဖြင့် တို့လူစု ဉာတပရိညာစခန်းကို လွန်ခဲ့တယ် မဟုတ်လား (လွန်ခဲ့ပါပြီဆရာ)၊ ရုပ်နာမ်နှစ်ပါးပဲ ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊ ယောက်ျားမဟုတ်၊ မိန်းမမဟုတ်၊ အသက်လိပ်ပြာမဟုတ်၊ အကောင်အထည်၊ ဒြပ်, သဏ္ဌာန်, အမှုန်, အမွှား, အရည်, အဖတ်မဟုတ်၊ ရုပ်တရား, နာမ်တရား, ခန္ဓာငါးပါး ဓာတ်ပရမတ်အားဖြင့် ထင်ရှားရှိ၊ သဘောတရားအားဖြင့် ထင်ရှားရှိ၏။ ပုဂ္ဂလ သတ္တ အတ္တဇီဝ လုံးလုံးရှင်းပြီး လင်းပြီးဆိုတဲ့ ဉာဏ်အမြင်ရထားတဲ့ ပုဂ္ဂိုလ်တွေနော် (မှန်ပါတယ်ဆရာ)၊ ဉာတပရိညာစခန်း သေသေချာချာ လှမ်းပြီးသားဖြစ်နေတော့ နံပါတ်နှစ်ဆိုတဲ့ အနနုဗောဓာ ဆိုတဲ့ မသိမှုကြီးလွန်နေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အနုဗောဓဝသေန ဖြစ်သွားပြီ၊ အနုဗောဓအားဖြင့် သိပြီးပြီ။ ပဋိဝေဓတော့ ထားပါတော့။ ဒါမဂ်ရ ဖိုလ်ရပြောလဲ မပြောကောင်း၊ ရချင်တဲ့ပုဂ္ဂိုလ်လဲ ရသွားမှာပေါ့။ မရချင်တဲ့ ပုဂ္ဂိုလ်လဲ မရဘူးပေါ့။ ပဋိဝေဓ သုံးနံပါတ် အသိဆိုတာ ဘာလဲဆိုတော့ အပ္ပဋိဝေဓာ = မသိမှုကို အရင်ပြတယ်။

အပ္ပဋိဝေဓာတိ တီရဏပရိညာပဟာနပရိညာဝသေန။ (သုတ်မဟာဝါအဋ္ဌကထာ၊ ၈၆)

အပ္ပဋိဝိဇ္ဈနာ-တဲ့နော် (မှန်ပါတယ်ဆရာ)၊ တီရဏပရိညာအစွမ်း၊ ပဟာနပရိညာအစွမ်းအားဖြင့် ထိုးထွင်း၍ မသိတာကို အပ္ပဋိဝေဓလို့ ခေါ်ထားတယ်ဆိုတော့၊ တီရဏပဋိညာအနေအားဖြင့် ရုပ်ဓမ္မ, နာမ်ဓမ္မ-ဟု အဋ္ဌကထာဆရာ ပြသွားတာကတော့ တီရဏပရိညာဆိုတာ တခြားမဟုတ်ပါဘူးတဲ့၊ ရုပ်ကို ကလာပ်အားဖြင့် သိမှုနော် (မှန်ပါတယ်ဆရာ)၊ ကလာပ်အားဖြင့် သိမှုဆိုတာ တို့ရုပ်ဓာတ် (၈)ပါး သင်စဉ်အခါကတည်းက အဋ္ဌကလာပ် မဟုတ်လား (အဋ္ဌကလာပ်ပါဆရာ)၊ **ကလာပ်ဆိုတာ** ပေါင်းစည်းထားတာ၊ ရုပ်ဓာတ် (၈) ပါး ပေါင်းထားတာနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ကလာပ်အားဖြင့် ရုပ်ကလာပ်အားဖြင့် သိခြင်း၊ ပြီးတော့ သမ္မသနဉာဏ်ကစ၊ ပြီးတော့ အနုလောမဉာဏ်တိုင်အောင် ဉာဏ်စဉ် (၁၀)ပါးဖြင့် သိခြင်းဆိုတဲ့ **တီရဏပရိညာ** ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊

ပဟာနပရိညာ ကျတော့ မဂ်ရ ဖိုလ်ရ ခေါ်တယ်။ ဒါကြောင့် ပဋိဝေဓအနေကတော့ တီရဏပရိညာနှင့် ပဟာနပရိညာစခန်းကို လှမ်းမိလို့ ရှိယင်ဖြင့် ဒါ "ပဋိဝေဓဒေသနကိစ္စ" ခေါ်တယ်။ ဒါကြောင့် တို့သင်တန်းသူ သင်တန်းသားများ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး နာကြားရတဲ့အခါမှာ အားရှိစရာ အင်မတန်ကောင်းပါတယ်လို့၊ ဘာပြုလို့ **မသိသုံးပါး** မကျော်လွှားနိုင်တဲ့ ပညာမျက်စိ လုံးလုံး မရှိကြသော အန္ဓပုထုဇဉ်တွေနဲ့ စာလိုရှိယင်ဖြင့် သာချင်တိုင်းသာပေါ့။ မသာဘူးလား (သာနေပါတယ်ဆရာ)၊ နံပါတ် (၁) ဆိုတဲ့ အနည-မသိမှုကြီးလဲ ကျော်နိုင်ပြီ။ နံပါတ် (၂) ဆိုတဲ့ အနနုဗောဓ ဆိုတဲ့ မသိမှုကြီးလဲ ကျော်နိုင်ပြီနော် (မှန်ပါတယ်ဆရာ)၊ နံပါတ် (၃)တစ်ချက်ကျန်တော့

http://www.dhammadownload.com

အဲဒါ ကနေ့လား မနက်ဖြန်လားပေါ့ကွာ။ ဒီလလား နောက်လလား၊ ဒီနှစ်လား နောက်နှစ်လားပေါ့။ ဒီလိုသွားရမှာနော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝလား နောက်ဘဝလား ဒီလိုတွက်ထား။ မကြာဘူး မကြာဘူး၊ အမြန်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့ အင်မတန်မှ အားရှိစရာကောင်း။ အဲဒီလို သာသနာတော်ကြီးနှင့် ပက်ပင်းမှာ ကြုံတွေ့နေတဲ့အခါ ဘုရားအဆိုအဆုံးမတော်နှင့် တိုက်ရိုက် အားဖြင့် တွေ့ကြုံနေတဲ့အခါ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ဒီအချိုးလောက် ဒီအမျိုးလောက် ခရီးရောက်အောင်မှ မမှတ်သားလိုက်ရဘူးဟဲ့၊ မနာရဘူးဟဲ့၊ မကြားလိုက်ရဘူးဟဲ့။ ဒီလိုဆိုယင် တော်မလား (မတော်ပါဘူးဆရာ)၊ သေတာကောင်းသေးနော် (မှန်ပါတယ်ဆရာ)၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ သေတာကတော်သေး၊ နေလို့ ဘာကျေးဇူး များမလဲ၊ သာသနာတော်ကြီး နေလို့, လလို ထွန်းလင်းတောက်ပနေတဲ့အခါကြီး။ ဒီတော့ အခုတော့ လွယ်နေတာပေါ့။ ဒီတရား တော်မြတ်ကြီးရှာရတဲ့ အဘဘုရား ကိုယ်တော်မြတ်ကတော့ ခဲယဉ်းလိုက်။ ဆရာမရှိဘဲနှင့် မိမိ အလိုလိုသိလာတဲ့ တရားဆိုတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှာမှ ရတယ်။ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ သို့ကလောက်တောင် ခဲတောင်ခဲယဉ်း။

ငါတို့ သူငါဆိုတဲ့ သတ္တဝါတွေအတွက် ငဲ့ကွက်ပြီးတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အဆင်း ရဲအပင်ပန်း အနွမ်းအနွယ်ခံပြီးတော့ မရရအောင် ရှာဖွေစုဆောင်းလာတဲ့ အကောင်းဆုံး အညွှန့်ဆုံး အမြတ်ဆုံးဆိုတဲ့ ဒေသနာကြီးပါလို့နော် (မှန်ပါတယ်ဆရာ)၊ နာချင်လှချည်ရဲ့ဆိုတဲ့ စေတနာလေး တွေ တဖွားဖွားနှင့်ပေါ်အောင် ကိုယ့်ကိုယ်ကို တိုက်တွန်းပေးကြ ပြုပြင်ပေးကြ။ ဒီလို စေတနာမျိုး မပေါ်ဘူးဆို ဘုရားမျက်နှာတော်ထောက်။ အင်မတန်ပဲ အားနာစရာကောင်းနော် (မှန်ပါတယ် ဆရာ)၊ ငါတို့ သူငါ ဝေနေယျသတ္တဝါများအတွက် အသက်မှ ငဲ့ကွက်ခြင်းမရှိ။ အင်မတန် ရှည် လျားသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ကိုယ်တော်မြတ် အပင်အပန်း အနွမ်းအနွယ် ဆင်းရဲခံပြီးတော့ ရှာကြံတော်မူလို့ ရတော်မူတဲ့ တရားတော်ကြီးပါလားလို့။ ဒါတို့က ပေယျာလကန် ထားပြီးတော့ သာမည ညာစား ပါစားအနေအားဖြင့် ဝတ်ကျေတန်းကျေလုပ်လို့ မတော်ပါလားလို့ ကိုယ်တော်မြတ်ကြီး အားနာစရာ အင်မတန်ကောင်း မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

ဒါကို နှစ်နှစ်ခြိုက်ခြိုက် ယုံယုံကြည်ကြည်နှင့် သဒ္ဓါတရား ရှေ့ထားပြီးတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်ပြတ်သားသား နားလည်ယင်ဖြင့် တစ်မဂ် တစ်ဖိုလ်ရသတဲ့။ ရယင် လိုချင်စမ်းပါဘိဆိုတဲ့ စိတ်ထားလေးတွေ စေတနာလေးတွေ ပြင်းပြင်းလေးထားကြ။ ဆန္ဒဓာတ်ကလေးတွေ ပြင်းပြင်းလေး ကပ်ပေးနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အင်မတန်ခက်တယ်၊ အင်မတန် နက်တယ်ဆိုတဲ့ တရားကိုပဲ ဉာဏ်မီသလောက် လူပြိန်းများလဲ သဘောလေးပေါက်လာအောင်လို့ သည်းခံပြီးတော့ တစ်ညပြီး တစ်ည၊ တစ်ညပြီး တစ်ည၊ အခြေခံလေးလဲ ရသွားအောင်လို့ ပြပေး

http://www.dhammadownload.com

ပါမယ်လို့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပေးထားတဲ့ စက်ဝိုင်းမှာ ပထမဦးဆုံးပါတဲ့ စက်ဝိုင်းလေးတွေကို အရင်ကျက်။

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ၊ အားလုံး (၁၂)လုံးရပြီလား (ရပါပြီဆရာ)။ ဆိုစမ်း - (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ) ရပြီနော် (ရပါပြီ ဆရာ)။ အောက်က ပါဠိတော်ကော ရပြီလား? အဝိဇ္ဇာပစ္စယာ သင်္ခါရာ-လေး ရပြီနော် (ရပါပြီဆရာ)၊ ဆိုစမ်း၊ ဆိုစမ်း။

(အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။)

ဒေါမနဿုပါယာသ-ကို ဒေါမနဿ + ဥပါယာသ ဟု ဒီလိုခွဲယူနော် (မှန်ပါတယ်ဆရာ)၊ ပေါင်းထားတော့ ဒေါမနဿုပါယာသ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ မှတ်မိတယ်လား (မှတ်မိပါတယ်ဆရာ)။ အဲဒါ စောစောက ပြောထားတဲ့ အပြင်စက်ဝိုင်းက (၁၂)လုံး ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ သူကတော့ ဇရာမရဏ၊ နောက်ကနေ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ပိုလာတယ် ဒါပါပဲ။ အဲဒါလေးလဲ ဒီက အပြင်စက်ဝိုင်းပါတဲ့ စာလုံးလဲရအောင် ကျက်ပါ။ အောက်က ပါဠိတော်လည်း ရအောင်ကျက်ပါ ဆိုတာကတော့ မနက်ဖန်သဘက်ဆို အသုံးကဝင်တော့မှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ နှစ်မျိုးလုံးတွဲပြီးတော့ အသုံးချပြီး ပြမယ်။

အောက်က ပါဠိတော်အနေအားဖြင့် ဇရာမရဏ နောက်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-ဆိုတဲ့ တရားငါးလုံး ပိုလာတာက ဘာကြောင့် ပိုထားရတယ်။ စက်ဝိုင်းထဲတော့ တရား (၁၂) လုံးရော ဇရာမရဏ တင်ပြထားရတာကတော့ ဘာကြောင့် ပြရတယ်။ ဒီအဓိပ္ပါယ်လေးတွေ ရှင်းပေးရမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ တို့အောက်နားက ပါဠိတော်ရဲ့ အဓိပ္ပါယတ္ထနှင့် ပထမစက်ဝိုင်းမှာပါတဲ့ (၁၂)လုံးသော အဓိပ္ပါယတ္ထနှင့် အရင်ရှင်းပေးရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရွတ်လည်းရွတ်ကြ၊ ဖတ်လည်းဖတ်ကြ၊ စောစောက ပြောထားတဲ့ အင်မတန် တန်ဖိုးရှိတဲ့တရားတော်ကြီး၊ ဘုရားပုထိုး ရှိခိုးဝတ်တတ်တိုင်း ထည့်ရွတ်။ ပရိတ်မေတ္တာ ဘာဝနာ ပွားများတဲ့အခါ ရွတ်နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့် သေသေချာချာ ကြည့်။ အပြင်စက်ဝိုင်း (၁၂) လုံးသော တရားတော်ရဲ့။

http://www.dhammadownload.com

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန ဘဝ ဇာတိ ဇရာမရဏ ။

မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ (၁၂)လုံးအကြားမှာ ပစ္စယာ ဆိုတဲ့ အောက်က ပါဠိတော်လိုပါပဲ။ ပစ္စယာ-လေးတွေ ထည့်ထည့်ပေး။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ (ပ) ဇရာ မရဏံ" - မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ ငါးလုံးချန်ထားရကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကို ပါဠိတော်ထဲ ပါတဲ့အတိုင်း အောက်ကနေ ပြထားတယ်။ ပြီးတော့မှ သူတို့နှစ်ခု သဘောကွဲလွဲမှုလေးတွေ ခွဲပေးရမှာ။ ဒါဖြင့်ယင် အပြင်စက်ဝိုင်းမှာ ပြထားတဲ့ (၁၂) လုံးသော တရားတွေ၊

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"လို့ တစ်လုံးခြား တစ်လုံးခြားမှာ ပစ္စယာ ပစ္စယာလို့ ထည့်ထည့်ပေးတဲ့ အဓိပ္ပါယ်လေးတွေက တခြားမဟုတ်ဘူး။ စက်ဝိုင်းထဲမို့လို့ ဒီပစ္စယာ လေးတွေ နုတ်ထားတာနော် (မှန်ပါတယ်ဆရာ)၊ စာလုံးတွေ သိပ်များမှာစိုးလို့၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ ဟော ပစ္စယာ-သဒ္ဒါက အကြောင်း ဟောတယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်း ကြောင့်။ သဠာယတနံ၊ သဠာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနပစ္စယာ၊ သဠာယတန ဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာတည်းဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာ တည်းဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်း ကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိ တည်းဟူသော အကြောင်း ကြောင့်။ ဇရာမရဏံ၊ ဇရာ မရဏတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုသွားရမှာကိုကွ၊ စာလုံးတွေ များမှာစိုးလို့ ကြားထဲက ပစ္စယာလေးတွေ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ပြီးတော့ ထား။ အနက်မြန်မာယောဇနာတော့ ဒီအတိုင်းသွား

http://www.dhammadownload.com

ပါလို့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒီတော့ တို့လူစုကတော့ ဗမာလို မှတ်စမ်း၊ စက်ဝိုင်းလေးထဲ မျက်စိလေးပြန်ပြီးတော့ အာရုံသွင်းလိုက်။

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန ဘဝ ဇာတိ ဇရာမရဏ။

ဗမာလိုရှင်းရှင်းလေး။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာမရဏ ဖြစ်တယ်။ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ကိုင်း. . . လုပ်စမ်း။

အကြောင်းနှင့် အကျိုးခွဲခြားပုံ

(အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာမရဏ ဖြစ်တယ်။) ဟော- အကြောင်းနှင့် အကျိုးခွဲခြားပုံ မလွယ်ဘူးလားကွာ (လွယ်ပါတယ်ဆရာ)၊ ဒါကြောင့် အကြောင်းကို မှီပြီးတော့ အကျိုးဖြစ်တဲ့ တရားတွေ၊ ပဋိစ္စသမုပ္ပါဒ်တရားဆိုတော့ ဒီ (၁၂) ပါး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အခု အကြောင်းကို မှီပြီးတော့ အကျိုးတွေ ဖြစ်မသွားဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတော့ အဝိဇ္ဇာအကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ သင်္ခါရက ဘာတုံး (အကျိုးပါဆရာ)၊ မှတ်ထား။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုး၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ သင်္ခါရက အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ ဝိညာဏ်က (အကျိုးပါဆရာ)၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ ဝိညာဏ်က အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ ရုပ်နာမ်က ဘာလဲ (အကျိုးပါဆရာ)၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ နာမ်ရုပ်က အကြောင်းလား, အကျိုးလား (အကြောင်းပါ ဆရာ)၊ သဠာယတန ဘာလဲ (အကျိုးပါဆရာ)၊ သဠာယတနကြောင့် ဖဿဖြစ်တယ်။ သဠာယတနက ဘာတုံး (အကြောင်းပါဆရာ)၊ ဖဿက (အကျိုးပါဆရာ)၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်။ ဖဿက ဘာတုံး (အကြောင်းပါ

http://www.dhammadownload.com

ဆရာ)၊ ဝေဒနာက (အကျိုးပါဆရာ)၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်။ ဝေဒနာ ဘာတုံး (အကြောင်းပါဆရာ)၊ တဏှာက (အကျိုးပါဆရာ)၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ တဏှာက ဘာတုံးကွ (အကြောင်းပါဆရာ)၊ ဥပါဒါန်က (အကျိုးပါဆရာ)၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။ ဥပါဒါန်က ဘာတုံးကွ (အကြောင်းပါဆရာ)၊ ဘဝက (အကျိုးပါ ဆရာ)၊ ဘဝကြောင့် ဇာတိဖြစ်တယ်။ ဘဝက ဘာတုံးကွ (အကြောင်းပါဆရာ)၊ ဇာတိက (အကျိုးပါဆရာ)၊ ဇာတိကြောင့် ဇရာ မရဏ ဖြစ်တယ်။ ဇာတိက ဘာတုံး (အကြောင်းပါဆရာ)၊ ဇရာမရဏက (အကျိုးပါဆရာ)။

ဟော-အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်။ ဒါကြောင့် ဒီလို မသွားဘူးလား။ ဒါကို ပဋိစ္စသမုပ္ပါဒ။ ပဋိစ္စက-အကြောင်းကို စွဲ၍။ သမုပ္ပါဒက-အကျိုးတရား ဖြစ်လာတာတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာကစပြီး လက်ကလေးချိုးပြီး ပြန်တွက်ကြည့်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန် ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာမရဏ ဖြစ်တယ်။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားတော် ပဋိစ္စသမုပ္ပါဒ်။ ပဋိစ္စက-တစ်ပုဒ်၊ သမုပ္ပါဒက-တစ်ပုဒ်၊ **ပဋိစ္စ**က အကြောင်းကိုစွဲ၍ မှီ၍၊ **သမုပ္ပါဒ**က အကျိုးဖြစ်ခြင်း။ **ပဋိစ္စသမုပ္ပါဒ**-အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်း၊ အကြောင်းကို စွဲပြီးတော့ အကျိုးတရားဖြစ်ရ၊ အကြောင်းကို မှီပြီးတော့ အကျိုးတရား ပေါ်ရတယ်။ ဒီသဘာဝ ဒီအကြောင်းနှင့်အကျိုးကိုပဲ အကြောင်းတရားဆိုတာ ဘာခေါ်တယ်။ အကျိုးတရားဆိုတာ ဘာခေါ်တယ်။ အကြောင်းရဲ့အဓိပ္ပါယ် ပိုင်းခြား၍သိခြင်း။ အကျိုးရဲ့အဓိပ္ပါယ် ပိုင်းခြား၍သိခြင်း၊ အဲဒါ တန်ဖိုးအရှိဆုံးလို့ မှတ်ထား။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ခဏချင်းနှင့် ရနိုင်တယ်။ အကြောင်းတရား အဓိပ္ပါယ်လဲ ပြတ်ပြတ်သားသား နားလည်မယ်။ အကျိုးတရားရဲ့ အဓိပ္ပါယ်လဲ ပြတ်ပြတ်သားသား နားလည်မယ်ဆိုယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အမြန်ဆုံးရနိုင်၏။ ဒါကို ပဋိစ္စသမုပ္ပါဒ်တရားကြီးနာလို့ ဝိုးတိုးဝါးတား သာမညအားဖြင့် သိလျှင်ပဲ အပါယ်လေးပါးက လွတ်တယ်။ ထူးထူးခြားခြား ပြတ်ပြတ်သားသား သိလျှင်ပဲ အပါယ်ဘေးက လွတ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်။ ပဋိဝေဓဒေသနကိစ္စ အနေအားဖြင့် မဂ်ရ ဖိုလ်ရသိတယ် ဆိုယင် ဆိုဖွယ်ရာမရှိ။ အင်မတန် တန်ဖိုးရှိတဲ့တရားကို နာလည်း နာရခဲတယ်။ ကြားလဲ ကြားရခဲတယ်။ ပဋိစ္စသမုပ္ပါဒ်အစက အဆုံးတိုင် ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား သဘောထဲမှာ ဉာဏ်ထဲမှာ ရှင်းသွားအောင် လင်းသွားအောင် တတ်မြောက်လိမ့်မှာဖို့လဲ အတော်ခဲယဉ်း နာရခဲ ကြားရခဲတယ်။ တတ်သိလိမ့်မှာတဲ့ပုဂ္ဂိုလ် မရှိလို့လားလို့ မေးတော့ ပေါပါ၏၊ များပါ၏။

http://www.dhammadownload.com

သာသနာထွန်းနေတဲ့အခါကြီး တခြားမြို့တွေနှင့်စာယင် ပခုက္ကူက သာပြီးတော့များသေး။ ဘာကြောင့် အရှေ့တိုက် အလယ်တိုက် အနောက်တိုက် ဆရာတော်ဘုရားကြီးများ နေ့ညမစဲ အမြဲချပို့ သင်ကြားနေသော ပရိယတ္တိသာသနာကြီးက ထွန်းတောက်ပြီးနေတော့ ဒီပရိယတ္တိသာသနာ ထွန်းသမျှ ကာလပတ်လုံး ဋင်းပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို သေသေချာချာ နာလိုပါတယ် ကြားလိုပါတယ်ဆိုယင် ဟောပြောပြသနိုင်တဲ့ ပုဂ္ဂိုလ်တွေ အလွန့်အလွန်များ၏။ ဒါဖြင့်ယင် ဘာခက်သလဲ၊ နာချင်ယင် အချိန်မရွေး နာရတာပေါ့ ဆို၊ ဟောပေးသူက ရှား၏။ ဘာပြုလို့ တစ်ထိုင်တည်း တစ်ခါတည်း တစ်ထတည်း တစ်ခဏတည်းနှင့် ပြီးနိုင်တဲ့ကိစ္စမဟုတ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးနိုင်ပါ့မလား (မပြီးနိုင်ပါဘူးဆရာ)။

ဒါကြောင့် တတ်ကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်တွေ ပေါသလောက်၊ နာလိုတဲ့ ပုဂ္ဂိုလ်များမှာ မနာကြရဘူးတဲ့။ ဒါဘယ်သူ့အပြစ်မှ မဟုတ်ဘူး။ တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်များကလဲ တကူးတက အနေအားဖြင့် အစကနေ အဆုံးတိုင် လူတစ်ယောက်သဘောပေါက်အောင် ရှင်းလင်းပို့ချ သင်ပြပေးမယ်ဆိုယင် အခွင့်ကမရ။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ ရပ့ါမလား (မရနိုင်ပါဘူးဆရာ)၊ ခဏလောက်နှင့် ပြီးတဲ့ကိစ္စဖြစ်ယင် လွယ်လင့်တကူ နာယူရတယ်။ ဒါကြောင့် တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်တွေ ပေါသလောက် နာယူချင်တဲ့ပုဂ္ဂိုလ်များမှာ မနာကြားရပါဘူးလို့။ ဒါကြောင့် ကြုံတဲ့ ကြိုက်တဲ့အခါကြီးမှာ မြတ်စွာဘုရားကိုယ်တော်မြတ် နက်နဲခြင်းလေးပါး၊ ခက်ခဲခြင်းလေးပါးနှင့် ပိုင်းခြားပြီး ဟောထားတဲ့။ တကယ်တန်ဖိုးအရှိဆုံးဆိုတဲ့ မဂ်လမ်း၊ ဖိုလ်လမ်း၊ မဂ်စခန်း၊ ဖိုလ်စခန်း ပို့နိုင် ရောက်နိုင် ရနိုင်တဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး နာတဲ့အချိန်မှာ ယုံယုံကြည်ကြည် သဒ္ဓါတရား ရှေ့ထားပြီး လေးလေးစားစား မှတ်မှတ်သားသားနှင့် နာကြပါ။

ဒီကလဲ တစ်လုံးချင်း တစ်လုံးချင်း ဉာဏ်ထဲမှာ ရှင်းသွားအောင် တတ်စွမ်းသမျှ သင်ကြားပြသ ပို့ချပေးမယ်။ မသင်မကြား မပို့မချဘဲနှင့် နေခဲ့သော် တတ်မလားဆိုယင် မတတ်ဘူး။ မတတ်လျှင် သိပ့ါမလား မသိ။ မသိလျှင် တရားရပ့ါမလား မရ။ ဒါတထစ်ချသာ မှတ်ထား။ ရှေ့နားလေး လာလိမ့်မယ်၊ သက်သေသာဓက အင်မတန် မှတ်စရာကောင်း။ ဩော်-လက်စသတ်တော့ သင်မှ ကြားမှ တတ်မှာကိုး။ တတ်မှလဲသိ၊ သိမှလည်း တရားရမှာကိုးလို့ မှတ်ထား။ ဘယ်သူ ဘာပြောပြော မသင်လဲ မသင်၊ မကြားလဲမကြား၊ တတ်လဲမတတ်၊ သိလဲမသိဘဲနှင့် ချောင်ကောင်းကောင်း ကုပ်ပြီးတော့ အရိုးကြေကြေ အရေစုတ်စုတ် လုပ်ကြည့်စမ်း။ ဘာမှ ရမှာ မဟုတ်ဘူး။ ပင်ပန်းတဲ့ ပင်ပန်းကျိုးနပ်မှာ မဟုတ်ဘူး။ ပင်ပန်းတာ အဖတ်တင်မှာပဲ။ ဘာပြုလို့ အသိမပါလို့နော်။ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

သံသရာဘယ်ကစ၊ ဘယ်မှာဆုံးသလဲ

ဒါကြောင့် သံသရာ ဘယ်ကစ **'မသိတာက စ'**။ သံသရာ ဘယ်မှာဆုံး **'သိတစ်လုံးမှာဆုံး'**။ သံသရာ ဘယ်ကစသလဲ (မသိတာက စပါတယ်ဆရာ)၊ အေးမှတ်ထား။ သံသရာဆုံးတော့ ဘယ်မှာဆုံး (အသိမှာ ဆုံးပါတယ်ဆရာ)၊ အသိတစ်လုံးမှာ ဆုံးနော် (မှန်ပါတယ်ဆရာ)၊ အသိတစ်လုံးရယင် သံသရာဆုံးမှာ မဟုတ်လား (ဆုံးပါမှာပါဆရာ)၊ အေး-ဒါကြောင့် အသိဆိုတာ ဉာဏ်ခေါ်တယ်။ ဒါကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လမ်းစဉ် ကျော်သွားလို့လဲ မသွားကောင်းဘူး။ မဂ်ဉာဏ်ကလဲ လေးပါး၊ ဖိုလ်ဉာဏ်ကလဲ လေးပါး။ နံပါတ် တစ်၊ နှစ်၊ သုံး၊ လေး။ သူ့အဆင့်အတန်းနှင့် သူကတော့ သွားနေတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး-ဒါကြောင့် သံသရာ ဘယ်ကစ မသိတာကစ၊ သံသရာဘယ်မှာဆုံး သိတစ်လုံးမှာဆုံးတဲ့ သေချာမှတ်။ အခုငါတို့ သူငါဆိုတဲ့ သတ္တဝါတွေ သံသရာထဲ တဝဲလည်လည် လည်နေတာ ဘယ်က စလာခဲ့သလဲမေးလျှင် မသိတာက စတာ။ မသိတာဆိုတာ ဘာခေါ်သလဲ (အဝိဇ္ဇာခေါ်ပါတယ် ဆရာ)၊ တော်သားပဲ အဝိဇ္ဇာနော် (မှန်ပါတယ်ဆရာ)။ သံသရာကြီး ဘယ်က စတာလဲဆို မသိတာကစ၊ မသိတာဘာတုံး အဝိဇ္ဇာ။ ဒါကြောင့် သံသရာစက်ရဟတ် အဆက်မပြတ် လည်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး အဝိဇ္ဇာက စဟောတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ-သွားလေး၊ လည်လိုက်တာ နောက်တစ်ခါ တစ်ဝက်ပြန်လှည့်လိုက်။ ဘယ်တော့မှ ဆုံးတယ်လို့ မရှိဘူး။ အဲဒါပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပုံ လည်နည်းတွေလဲ အဆက်မပြတ် မှတ်သားရမယ်။ သမာဓိလဲ ကောင်းကောင်းထား သေသေချာချာ မှတ်။ မနေ့ညက တို့စထား တာလေး တွေရှိတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာမရဏဖြစ်ရတယ်။

ပထမစက်ဝိုင်း တရား (၁၂) လုံးနော် (မှန်ပါတယ်ဆရာ) ဇရာ-မရဏက တစ်လုံးပဲ ယူရတယ်။ ဇရာ-မရဏ တစ်လုံးလို့ အခုနေ လျှောက်ရေလျှင် (၁၃)လုံး ဖြစ်နေလိမ့်မယ်။ ဒါပေမယ့် နောက်ဆုံးက ဇရာမရဏ နှစ်လုံးတွဲလိုက် သူတို့နှစ်လုံးပေါင်းမှ တစ်လုံးတည်း အဓိပ္ပါယ်ယူလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကို အောက်က ပါဠိတော်အနေအားဖြင့် -

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ (ပ) ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

http://www.dhammadownload.com

အဲ့ဒါ ပါဠိတော်လာသည့်အတိုင်း စာကိုယ်ပါဠိတော်။ ဒါလဲ နှုတ်ရကျက်၊ ကျက်ပြီးတော့ အရဆောင်။ ဘုရားပုထိုးရှိခိုး ဝတ်တက်တဲ့အခါတိုင်း ရွတ်။ ပရိတ်မေတ္တာ ဘာဝနာပွားတဲ့အခါ ထည့်ရွတ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အန္တရာယ်ကင်းရှင်းတတ်တယ်တဲ့၊ ဘုန်းလဲကြီးတယ်တဲ့၊ အသက်လဲ ရှည်တယ်တဲ့၊ ဘေးရန်ခပ်သိမ်းလဲ ကင်းငြိမ်းတယ်တဲ့၊ လာဘ်သပ်ပကာလဲ ပေါများတယ်တဲ့၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်တယ်တဲ့၊ အကျိုးတွေက ပြောလို့ မပြီးနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)။

ဓမ္မဂုဏော အစိန္တိယော-ဆိုထားတာ ယုံကြည် ယုံကြည်၊ ယုံကြည် လာဘ်လိုချင်လို့ ဖိရွတ်နေလို့ ရမှာမဟုတ်ဘူး။ တရားကို ယုံကြည်ပြီးတော့ ရွတ်ပါ။ ဒီလိုဆိုရမယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အဝိဇ္ဇာက စတယ်၊ သံသရာ့စက်ရဟတ်ကြီး အဝိဇ္ဇာက စတယ်။ အဝိဇ္ဇာဆိုတာ ဘာခေါ် ဗမာလိုပြောတော့ မသိတာ၊ ဒီကစတယ်နော် (မှန်ပါတယ်ဆရာ)၊ သတ္တဝါတစ်ယောက်ရဲ့ သံသရာ အစက ဘယ်က စသလဲဆိုယင်တော့ အဝိဇ္ဇာက စခဲ့၏။

ဘယ်မှာ ဆုံးသလဲဆိုတော့ ဘယ်မှ မဆုံးဘူး။ ဘယ်တော့မှ မဆုံးဘူး။ သိတစ်လုံးရမှ ဆုံးမယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အသိဉာဏ်တစ်လုံးပေါ်လာတဲ့ အချိန်မှာ သံသရာကြီး ဆုံးမယ်တဲ့။ သံသရာကြီး လုံးလုံးပြတ်သွားမယ်၊ ရပ်သွားမယ်တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးရဲ့ အဆက်မပြတ်လည်တယ်၊ လည်တယ်ဆိုတဲ့ လည်ပုံလည်နည်းကို ကျကျနန ကိုယ့်ကိုယ်တိုင်ကနေ ပြတ်သားနားလည်ထားရမယ်၊ ဩော်-ဒီလို လည်နေလို့ တို့လဲ သံသရာမဆုံးဘဲ လာနေတာ၊ လာနေပါလားလို့ ဘယ်တော့များ ဆုံးပါ့၊ ဘယ်တော့များ ဒီသံသရာ စက်ရဟတ်ကြီး အဆက်ပြတ်ပါ့၊ ဘယ်တော့များ ရပ်သွားပါ့၊ ဒီအတိုင်း သာနေ ဘယ်တော့မှမရပ်ဘူး၊ ဘယ်တော့မှ မပြတ်ဘူး၊ တဝဲလည်လည်နဲ့ လှည့်နေနော် (မှန်ပါတယ်ဆရာ)။အဲ့ဒီစက်ဝိုင်းကြီးမှာ ပြထားတဲ့ သဘာဝလေးတွေ သေသေချာချာမှတ်၊ သေသေချာချာ ပြန်စဉ်းစား၊ စာအုပ်ကလေးတွေ ကြည့်ကြည့်ပြီးတော့ ဒီကအဓိပ္ပာယ်ပြောတာလေးတွေ ဝေဖန်၊ ရအောင် ကျက်ပါဆို ရအောင်ကျက်၊ တကယ်တမ်းကျေးဇူးများတဲ့အခိုက်၊ ဒါကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လာတယ်ဆိုတော့ -

ဩော်-သူ့ကြောင့် သူဖြစ်၊ သူ့ကြောင့် သူဖြစ်၊ သူ့ကြောင့် သူဖြစ်နှင့် ဆက်သွားလိုက်တာ၊ ဆုံးရော၊ ဒီလိုဆိုတော့ လွယ်သယောင်ယောင်နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းဖြစ်လိုက် အကျိုး ဖြစ်လိုက်၊ အကြောင်းဖြစ်လိုက် အကျိုးဖြစ်လိုက်၊ အကြောင်းဖြစ်လိုက် အကျိုးဖြစ်လိုက်၊ ဒီလိုဖြင့် ဆက်စပ်သွားနေတယ်။ သေသေချာချာ ကြည့်၊ ကိုယ့်စာရွက်လေးတွေ ပြန်ပြီးတော့ ဉာဏ်မျက်စိနှင့် လှမ်းပြီးတော့ ကြည့်လိုက်စမ်း။

http://www.dhammadownload.com

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် (ပ) ဇရာမရဏ ကြည့်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဒီလိုကြည့်သွားတယ်၊ ဒီတော့ သေသေချာချာကြည့်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတော့ အဝိဇ္ဇာက အကြောင်းလား၊ အကျိုးလား၊ (အကြောင်းပါဆရာ)၊ အေး-ဒါတောင် မနည်းတွေးရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အောင်မယ်လေး ဘယ်နှယ့်ဖြစ်တာ ဆိုင်မဲ့ချနေတဲ့အထဲမှာ ပါသေးလား၊ (မပါဘူးဆရာ)၊ ဩော်-ငါ ပါများပါသလားလို့။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတော့ အဝိဇ္ဇာက အကြောင်းလား၊ အကျိုးလား၊ (အကြောင်းပါဆရာ)၊ အကြောင်းတရားလား (မှန်ပါတယ်ဆရာ)၊ ဒီအကြောင်းတရားနှင့်အကျိုးတရား နှစ်ပါးကို မိမိတို့ဉာဏ်ထဲမှာ ပြတ်သားသွားဖို့ အရေးကြီးတယ်၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ဆိုတာ တို့ ဝိုးတိုးဝါးတား သာမညအားဖြင့် ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်ဆိုကြပါစို့၊ လုံးလုံးကြီး မသင်ဖူးတဲ့၊ မကြားဖူးတဲ့လူနှင့် စာယင်ဖြင့် ထူးကဲမွန်မြတ်တဲ့ အဖြစ်မျိုးလဲ ရောက်ကြရမှာပေါ့။

တို့လူစုတွေ ဒီသာသနာတော်ကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး တို့ ဝိုးတိုးဝါးတား ဆိုသလိုပဲ သာမညအားဖြင့် တတ်မြောက်လိမ္မာပြီ၊ သိလာပြီ။ တန်ဖိုးမရှိဘူးလား (တန်ဖိုးရှိပါတယ်ဆရာ)၊ ဒီအဆင့်အတန်းမှ မလှမ်းနိုင်တဲ့ ပုဂ္ဂိုလ်တွေက ဒုနဲ့ဒေးဟာ-ရေတွက်လို့ မကုန်ဆုံးနိုင်ဘူး၊ ကိုယ့်ပတ်ဝန်းကျင် ပြန်ကြည့်၊ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ အင်မတန် ဝမ်းနည်းစရာကောင်းတယ်၊ မသိကြလို့၊ မသိကြလို့ သာသနာတော်ကြီးနှင့် ပက်ပင်းမှာ ကြုံတွေ့နေတဲ့အချိန်အခါမှာ မြတ်စွာဘုရားကိုယ်တော်မြတ် တိတိကျကျ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းအနေအားဖြင့် ထုတ်ဖော်ပြီး ဟောကြားတော်မူတဲ့ ဒေသနာအစစ်ကြီးကို တစ်လုံးတစ်ပါဒမှ မိမိဉာဏ် ကိုယ်ပိုင်ဉာဏ်အားဖြင့် မပြတ်သားလိုက်ရဘူး၊ နားမလည်လိုက်ရဘူး၊ ဒါနဲ့ပဲ တစ်ဘဝဆုံးခဲ့တယ် ဆိုလို့ရှိယင် ဝမ်းနည်းစရာ မကောင်းဘူးလား၊ ဒါထက်ဝမ်းနည်းစရာကောင်းတာက မရှိဘူးဟေ့၊ အကောင်းဆုံးပဲ၊ ဒါ တို့သဘော ပြောရမှာဖြင့် ဘယ့်နှယ်ကွယ်၊ သာသနာတော်ကြီး နေလို၊ လလို ထွန်းနေတဲ့အခါကြီးမှာ ပြမယ့်၊ သမယ့် ပုဂ္ဂိုလ်တွေ မသိလျှင် မေးစရာ ပုဂ္ဂိုလ်တွေ၊ မတတ်လျှင် တတ်အောင်သင်ပေးမယ့် ပုဂ္ဂိုလ်တွေ၊ နားမလည် လည်အောင် ပြောမယ့်ပုဂ္ဂိုလ်တွေ အင်မတန်ကို ပေါများတဲ့နိုင်ငံကြီး၊ အဲ့ဒီလို သာသနာကြီး နေလို၊ လလို ထွန်းနေတဲ့ ကြားထဲမှာ သွားဟယ်၊ လာဟယ်၊ စားဟယ်၊ သောက်ဟယ်၊ ရောင်းဟယ်၊ ဝယ်ဟယ်၊ ရှာဟယ်၊ ဖွေဟယ်၊ တော်ပါသေးရဲ့၊ သွားလာ ရောင်းဝယ်ဖောက်ကား စားသောက် ဗလမ်းများတယ်၊ ဒါ ဗလမ်းများတာ အပိုနော် (မှန်ပါတယ်ဆရာ)။

ယောင်သုံးဆယ်၊ တောင်ယောင်ယောင် မြောက်ယောင်ယောင် ဟိုဒင်းယောင်ယောင်၊ ဒီဒင်းယောင်ယောင် ပြီးတော့ ခရေစေ့တွင်းကျနဲ့ သေသေချာချာ စစ်ဆေးမေးမြန်းတဲ့အခါ တစ်လုံးမှ မပြတ်သားဘူး၊ များပြီ၊ ဟောဒီလူမျိုးတွေနော် (မှန်ပါတယ်ဆရာ)၊ တတ်ယောင်ကန်းတွေ ယောင်သုံး

http://www.dhammadownload.com

ဆယ်လို့ ဒီလိုခေါ်တယ်၊ ကိုယ့်ကိုယ်ကို တရားရသယောင်ယောင်၊ စာတတ်နေသယောင်ယောင်၊ ပညာရှိယောင်ယောင်၊ သူတော်ကောင်းယောင်ယောင် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်မဂ် တစ်ဖိုလ်ရပြီးသား ယောင်ယောင်၊ အပါယ်တံခါးပိတ်ပြီးသားယောင်ယောင်၊ ယောင်ယောင်သမား တွေ သိပ်များတယ်၊ အောက်ကျနောက်ကျ မခံချင်တာနှင့် တစ်ဘက်သား ဆရာမတင်ချင်တာနှင့် အမျိုးမျိုး မာန်မာနတွေ တကြွကြွနှင့်၊ ပြီးတော့ ဒီလိုသာ တစ်ယောင်တည်းယောင်နေယင် တိုက်တိုက် ဆိုင်ဆိုင်နှင့် ပြတ်ပြတ်သားသား နားလည်ရဲ့လား ဆိုတော့ ရုပ်တစ်လုံးမှ မပြတ်သားဘူး၊ နာမ်တစ် လုံးမှလဲ မပြတ်သားဘူး၊ ဒါနဲ့ ကိုယ့်ကိုယ်ကို လူမြင်လျှင် အထင်ကြီးအောင် ဆိုပြီးတော့ ယောင်သုံး ဆယ်ထဲက ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ ဒီလိုပဲနေ၊ ဒါနဲ့ သေရော၊ သေတော့ ဘာဖြစ်၊ နောက်ဘဝလဲ ဒီလို ယောင်သုံးဆယ်ထဲသွားမှာ၊ ဒီလူစားကတော့ သံသရာကျွတ်ဖို့ ခဲယဉ်းနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သာသနာကြီးနဲ့ တွေ့တဲ့အခါမှာ မြတ်စွာဘုရားကိုယ်တော်မြတ် အလိုတော်ကျ သွားအောင် ရုပ်တစ်လုံး ငါပြတ်သားတယ်ဟေ့၊ နာမ်တစ်လုံး ပြတ်သားတယ်ဟေ့ ဆိုလျှင် မတော်ပေ ဘူးလားကွာ (တော်ပါတယ်ဆရာ)၊ ပိဋကတ်သုံးပုံ အကုန်တတ်ရမယ် မဆိုလိုပါဘူး၊ မိမိကိုယ်ဖြစ် နေတဲ့ သဘာဝဆိုတဲ့ သဘောတရားတွေ ငါနားလည်တယ်ဟေ့၊ အဓိပ္ပာယ်အားဖြင့် ဝေဖန်တတ် တယ်ဟေ့၊ ကိုယ့်ကိုယ်ကိုလဲ ကိုယ်ဆုံးမတတ်တယ်၊ သုံးသပ်တတ်တယ်၊ ဆင်ခြင်တတ်တယ်ဟေ့ မတော်ဘူးလား (တော်ပါတယ်ဆရာ)၊ အဲဒါ သာသနာနှင့် ကြုံရကျိုး၊ တွေ့ရကျိုးနပ်တယ်လို့ ခေါ်တယ်၊ ဒီလိုမှ မဟုတ်ဘဲနှင့် ယောင်သုံးဆယ်နှင့်သေယင်ဖြင့် နောက်ဘဝလဲ ယောင်သုံးဆယ်ဖြစ်၊ နောက်ဘဝလဲ ယောင်သုံးဆယ်၊ ယောင်သုံးဆယ်နှင့်သွားမှာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ယောင်သုံးဆယ်နဲ့ နေပြီးတော့ ယောင်သုံးဆယ်နှင့် မသေချင်ကြပါနှင့်လို့ တိတိပပ ကျကျနန တစ်လုံးတစ်ပါဒရရ၊ ဘုရားကိုယ်တော်မြတ်က များများကြီး ရရမှ မဟုတ်ပါဘူး၊ **"ဧကော ဓမ္မော"**လို့ ဟောထားတာနော် (မှန်ပါတယ်ဆရာ)။

တရားဓမ္မတစ်လုံးသော်မျှ အနဂ္ဃတန်ဖိုးမဖြတ်နိုင်

"ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော (ပ) အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" (အင်္ဂုတ္တရ ဧကနိပါတ်၊ စာပိုဒ်၊ ၂၉၆။)

ဘယ်လောက်တန်ဖိုးရှိတဲ့ တရားလဲလို့ တစ်လုံးတည်း တစ်လုံးတည်း အများဆုံးတတ်နိုင်ယင် ပိုကောင်းတာပေ့ါ ပြောစရာမလိုဘူး။

http://www.dhammadownload.com

"ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော (ပ) အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" တဲ့။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧကော၊ တစ်ခုတည်းသော။ ဓမ္မော၊ တရားကို။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပွားများအပ်သည်ရှိသော်။ (ပ) အဘိညာယ၊ သိခြင်းအကျိုးငှာ။ နိဗ္ဗာနာယ၊ သံသရာခရီးကြီး ငြိမ်းငွေ့ခြင်းအကျိုးငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို ရောက်ခြင်းအကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏နော် (မှန်ပါတယ်ဆရာ)၊ တစ်လုံးတည်း တစ်လုံးတည်း ဒါသေချာလဲ မှတ်ထား။

ဩော်-လက်စသတ်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတဲ့ ဓမ္မက္ခန္ဓာက တရား ပေါင်းလုံးရေပေါင်း ရှစ်သောင်းနှင့်လေးထောင်ရှိတယ်။ ရှစ်သောင်းလေးထောင်ထဲက ဘယ်တစ် လုံးကတော့ ခပ်ညံ့ညံ့ပါ အဓိပ္ပါယ်မရှိပါဘူး။ ဘယ်တစ်လုံးကတော့ အသင့်အတင့် ကောင်းတယ်၊ ဘယ်တစ်လုံးကတော့ တော်တော်ကြီးကို တန်းမြင့်တယ်၊ ဒီလိုရှိကောင်းပါမလား (မရှိကောင်းပါဘူး ဆရာ)။ အကုန်အကောင်းချည်းပဲ မဟုတ်လား (အကောင်းချည်းပါဆရာ)။ အေး-နိယျာနိက ဓမ္မဒေသနာလို့ ခေါ်ထားတယ်။ သံသရာဝဋ်မှ ကျွတ်နိုင်လွတ်နိုင်တဲ့ တရားတော်တွေတဲ့။ တစ်လုံးချင်း တစ်လုံးချင်း ကြည့်လျှင်လဲ ဒီအတိုင်းသွားတာပဲ။ အများနှင့်ကြည့်လဲ ဒီအတိုင်း သွားတာနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ တစ်လုံးဆို ဆိုသလောက် ခရီးမရောက်ဘူးလား (ရောက်ပါတယ်ဆရာ)။

"ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော (ပ) အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" ဒါ တိုက်ရိုက်ဟောသွားတာ။ တစ်လုံးတည်း ပွားများ၊ တစ်လုံးတည်း သိ၊ တစ်လုံးတည်း သိဆိုတာက လမ်းဆုံးအောင် သိသွားတာကို ခေါ်တယ်။ အဓိပ္ပါယတ္ထ ပြတ်ပြတ်သားသား ဒါကို တို့သင်တန်းက သင်ပြထားတဲ့ အဓိပ္ပါယ်အားဖြင့် ရုပ်တစ်လုံး ပထဝီဓာတ်တစ်လုံး သုံးသပ်ကြစို့ ဆိုယင် ပထဝီဓာတ်ဟာ သဘောစိုက် အကောင်အထည်၊ အတုံးအလုံး၊ အထည်ဒြပ်သဏ္ဌာန်၊ အမှုန်အမွှား၊ အရည်အဖတ်၊ အဖြူ အပြာ အဝါ အနီ၊ အကြောင်အကြား ဘာမှမရှိဘူး။ ရှိသေးရဲ့လား၊ သဘော ဆိုက်သွားတာ မဟုတ်လား (မှန်ပါတယ်ဆရာ)။ သဘောဟိုဘက် ဘာရှိသေးတုံး (ဘာမှ မရှိပါဘူး ဆရာ)။

အေး-အဲဒီလို ပထဝီဓာတ်ကို သဘာဝကျကျနန ပထဝီဓာတ်တစ်လုံးကိုပဲ လမ်းဆုံးအောင် သိသွားလို့ မြတ်စွာဘုရားကိုယ်တော်မြတ် အလိုတော် ဆိုက်သွားယင်ပဲ မင်းတို့ ငါတို့ အကြိုက်ရပြီ။ မဂ်စခန်း ဖိုလ်စခန်း ရောက်ကြပေါ့ တွက်သာထားနော် (မှန်ပါတယ်ဆရာ)၊ ဒီလို တန်ဖိုးရှိ ဒီလိုသွား။ အဲဒီလို အသိမျိုးနှင့် သွားမှ ဒါ "ဧကော ဓမ္မော" ခေါ်တယ်။ စာတွေ အများကြီးကျက်၊ ပါးစပ်ထဲ တစ်ပွေ့တစ်ပိုက်ကြီး ကျက်၊ ပြန်လို့ကုန် အံလို့မကုန်ကျက်။ တချို့ စာကျက်ဝါသနာပါ၊ ရပြီ၊

http://www.dhammadownload.com

ရသာရတယ်။ ဒီစာပါလာတဲ့ အဓိပ္ပါယတ္ထ တစ်လုံးတစ်ပါဒမျှလည်း ပြတ်သားနားလည်တာလည်း မရှိ။ ဘာခရီးရောက် ဘာမှ ခရီးမရောက်ဘူး။ မဂ်ပေါက် ဖိုလ်ပေါက်ဖြစ်သလား၊ မဖြစ်ပါဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ စာရတဲ့ ကုသိုလ်ပဲရမယ်။ စာရွတ်ရတဲ့ကုသိုလ်ပဲ ရမယ်။ ဒါပဲရှိ အေး ဒါကြောင့် ဒီ "ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော " ဆိုတဲ့ ပါဠိအရ တစ်လုံးတစ်ပါဒ ပြတ်သားဖို့ အရေးကြီးပါတယ်လို့ ဟောဒီ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးလည်း ဒီနည်းအတိုင်းပါပဲ။ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထဲကပဲ ဆွဲထုတ်လိုက်တာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ- နဲ့ ဆိုပြီးတော့ အင်္ဂါ ၁၂-ရပ်အနေအားဖြင့် ၁၂-လုံး ဘုရားကိုယ်တော်မြတ် ဟောထားတဲ့ စက် ဒီလိုလည်တယ်။

ဒါပေမယ့် အဝိဇ္ဇာဆိုတဲ့ အဓိပ္ပါယ်တစ်လုံးရဲ့ အဓိပ္ပါယတ္ထမှ ပြတ်ပြတ်သားသား နားမလည်လျှင် ဘာအကြောင်းထူး၊ ဘာမှအကြောင်းမထူးဘူး။ ထူးပါ့မလား (မထူးပါဘူးဆရာ)၊ အေး - ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ် ဟောထားတယ်ဟေ့။ စားလုံးပေါင်း ၁၂-လုံး ရှိတယ်ဟ၊ တရားပေါင်း (၁၂) လုံး ရှိတယ်ဟ၊ အဲ့ဒီ (၁၂) လုံး ရှိတဲ့အနက်က (၁၂) လုံးတော့ မပိုင်ဘူး (သို့) ဘာပိုင်တာလဲ အစဆုံးက အဝိဇ္ဇာအဓိပ္ပါယ်တော့ ငါလည်လည်ပတ်ပတ် သိထားတယ်။ မတော်ဘူးလား (တော်ပါတယ်ဆရာ)၊ အေး-အဲဒီလို သွားရတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ခြေခြေမြစ်မြစ် ကလေးတွေနှင့် တစ်တစ်ခွခွ ကျကျနန ရအောင်ဆိုတဲ့အနေအားဖြင့် ဒီကလဲ ပြတ်ပြတ်သားသား သင်ကြားပေးမယ်။ ပဋိစ္စသမုပ္ပါဒ်တရားတော်ဆိုတော့ ပေါ့ပေါ့ဆဆလည်း မလုပ်နှင့်၊ အလွယ်သားပဲ ဒီလိုလည်း အထင် မကြီးနှင့်နော် (မှန်ပါတယ်ဆရာ)၊ အထင်မကြီးကောင်းဘူး။ ဒီတရားတော်က ဂမ္ဘီရလေးပါးနှင့် ဟောထားတာ နက်နဲခြင်း၊ ခက်ခဲခြင်းလေးပါးနှင့် ဟောထားတာ။ အလွန့်အလွန် ခက်ခဲနက်နဲလို့ နက်နဲခြင်းလေးပါးနှင့် ဟောထားတဲ့တရားတော် ဒီလိုမှတ်။

ဒါကို တို့လူစု တို့များလည်း တတ်အားသမျှ ကိုယ်သိသမျှ မှတ်မိသမျှ ဆိုသလိုပဲ မခိုမကတ်ဘဲ နှင့် ပြတ်သားနားလည်အောင် သင်ကြားပြသပေးမယ်။ တို့လူစုကလည်း ဝီရိယရှေ့ထားဖို့ ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ဝီရိယရှေ့ထား မဖြစ်မနေရဘူးဟ။ ကြိုးစားပြီး ငါမှတ်မယ်၊ ကြိုးစားပြီး ငါနာယူမယ်၊ ဒီလို စိတ်ထဲကအောက်မေ့ပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ အလွယ်သားပဲ ငါစက်ဝိုင်းထဲလျှောက် ကြည့်။ ခုအကုန်လုံး ရရောပေါ့။ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်း ကြောင့် ဖြစ်သွားတာပဲ။ ဒီလိုပဲ လည်သွားတာပဲ။ အလွယ်သားပဲ ဒီလိုမမှတ်နှင့်။ အခါတစ်ပါး မြတ်စွာဘုရားကိုယ်တော်မြတ် အရှင်အာနန္ဒာဆုံးမတော်မူခဲ့တဲ့ စကားရှိတယ်။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က တစ်နေ့သောအခါမှာ အားလပ်ခွင့်ရတာနှင့် မိမိရဲ့ ညောင်စောင်း လျောင်းစက် ပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကြီး အနုလောမနည်း, ပဋိလောမနည်း, အနုလုံ ပဋိလုံအားဖြင့် ပြန်လှန်သုံးသပ်၊ အရှင်အာနန္ဒာကိုယ်တော်မြတ်ကနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အရှင်အာနန္ဒာ ဉာဏ်ပညာကြီးမားပုံ

သူက သောတာပန်အစစ်ကို အရိယာစစ်ကြီးကလည်းဖြစ်၊ မဟာပညော - ကြီးသော ဉာဏ်ပညာလည်းရှိတဲ့၊ ဝိသဒဉာဏော-ရဲရင့်တဲ့ဉာဏ်ပညာလဲရှိ။ ကိုယ်တော်မြတ်ကြီးက အင်မတန်ကြီးမားတဲ့ ဉာဏ်ပညာနှင့် ပြည့်စုံတယ်။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က သောတာပတ္တိမဂ်ဉာဏ်ကလည်း ရထားတယ်။ အဲဒီကြားထဲမှာ သူက မိမိညောင်စောင်းလျောင်းပြီးတော့ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး အရင်းအဖျားဆိုသလိုပဲ ပြန်ကာလှန်ကာနှင့် အနုလုံ ပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်ကြည့်၊ သုံးသပ်ဆင်ခြင်ကြည့်တော့ သူ့စိတ်ဓာတ်ထဲ ဘယ်နှယ်ဖြစ်သလဲ ဆိုတော့ အကြောင်း အကျိုး၊ အကြောင်းအကျိုး ဆက်စပ်သွားတဲ့ သဘာဝအကြောင်းရဲ့အဓိပ္ပါယ်၊ အကျိုးရဲ့အဓိပ္ပါယ်ဆိုတဲ့ သဘာဝတွေ ပြတ်ပြတ်သားသားကြီး ရှင်းရှင်းလင်းလင်း နားလည်သွားတော့ စိတ်ထဲမှာ တော်တော်အထင်ကြီး မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ ဟောတယ်တဲ့၊ ပဋိစ္စသမုပ္ပါဒ် ဂမ္ဘီရလေးပါးနှင့် ဟောထားတယ်တဲ့၊ နက်နဲခြင်း ခက်ခဲခြင်းလေးပါးနှင့် ဟောထားတယ်တဲ့။ အင်မတန် အသိခက်တယ်၊ သိနိုင်ခဲတယ်၊ မြင်နိုင်ခဲတယ်၊ တတ်နိုင်ခဲတယ်လို့ ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး။ တို့ဘုရားကိုယ်တော်မြတ်တွင်မကဘူး ဂဂ်ါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားကိုယ်တော်မြတ်တွေ မှန်သမျှ ဒီအတိုင်းပဲ ဟောခဲ့ကြတာ။

သို့ကလောက်တောင် ခက်ခဲ နက်နဲတယ်လို့ ဟောသွားတဲ့ ဒေသနာတော်ကြီး သေသေချာချာ ငါကိုယ်တိုင် သုံးသပ်လိုက်တော့ ပြောသလောက် မခက်ပါဘူး၊ အလွယ်သားပဲနော် (မှန်ပါတယ်ဆရာ)။ ဉာဏ်ထဲရှင်းလင်းသွားတာကို ပြောသလောက် မခက်ပါဘူး။ အလွယ်သားပဲ ငါ တော်တော်ကြီးကို ခက်လိမ့်မည်လို့မှတ်၊ ခုငါ ဆင်ခြင်သုံးသပ်ကြည့်တဲ့ အခါကျတော့ ပြောသလောက် မခက်ပါဘူး၊ အလွယ်သားပဲ။ အဲဒီ ပြောသလောက် မခက်ဘဲနှင့် လွယ်တယ်ဆိုတဲ့ အဓိပ္ပါယ်တော့ မြတ်စွာဘုရားကိုယ်တော်မြတ် ငါလျှောက်ထားဦးမှာပဲ။ အရှင်ဘုရားတို့ ဟောတာကတော့ ပဋိစ္စသမုပ္ပါဒ်သည် အင်မတန်သိနိုင်ခဲ မြင်နိုင်ခဲ ခက်ခဲနက်နဲတယ်လို့ ဟောတယ်။ တပည့်တော် ဆင်ခြင်သုံးသပ်ကြည့်တဲ့အခါကျတော့ လွယ်လင့်တကူနှင့် သိပါတယ်ဘုရား။ ဘယ်လိုခက်တာတုံးဘုရား၊ တကယ်ပဲ ခက်တာလား။ ခက်လို့ရှိယင်လည်း တပည့်တော် အသိလွယ်လှချည် အခွင့်သာတုန်း ငါလျှောက်ကြည့်မယ်။

အရှင်အာနန္ဒာ မြတ်စွာဘုရားအား ပဋိစ္စသမုပ္ပါဒ်လျှောက်ထားပုံ

အရှင်အာနန္ဒာက တစ်ခုသော အချိန်ကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်၏ အနီးအပါး ချဉ်းကပ်ပြီး လျှောက်တယ်။ အရှင်ဘုရား ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်များ ရှေးရှေးသော ဘုရားကိုယ်တော်မြတ်တွေက စလို့ အရှင်ဘုရားကိုယ်တော်တိုင်အထိပဲ၊ ဂမ္ဘီရလေးပါး နက်နဲခြင်း ခက်ခဲခြင်း

http://www.dhammadownload.com

လေးပါးနှင့် ဟောကြားတော်မူလို့ အင်မတန် အသိခက်တယ်၊ အသိနက်တယ်၊ သိနိုင်ခဲ မြင်နိုင်ခဲတယ်လို့ ခက်ခဲ့တဲ့တရားတော်ကြီး တစ်ခုလို့ ဟောကြားထားတော့ တပည့်တော်လည်း အဟုတ်မှတ်လို့ တော်တော့ကို အသိခက်တဲ့ တရားတော်ကြီးဟဲ့၊ အားလပ်ခွင့်ရတာနှင့် ပဋိစ္စသမုပ္ပါဒ် အရင်းအဖျားဆို စဉ်းစားယင်း ဝေဖန်လိုက်တော့ လွယ်လင့်တကူနဲ့ တပည့်တော် ဉာဏ်ပေါ် လာပါတယ်ဘုရား။ ပြောသလောက် မခက်ပါလားဘုရား။ ဘုရားလျှောက်တယ်နော် (မှန်ပါတယ်ဆရာ)။

ဘုရားက ဩော်-ချစ်သားအာနန္ဒာ "မဟာပညော ဝိသဒဉာဏော" ဆိုသလိုပဲ ငါ့ချစ်သားကြီးမားသော ပညာလဲရှိ၊ ရဲရင့်သော ပညာလဲရှိ၊ သောတာပတ္တိမဂ်ဉာဏ်ကလဲရ။ ရှေးကပြုခဲ့ဖူးသော ကုသိုလ်ထူးကလည်း အထောက်အပံ့ထားခြင်း များပြားတဲ့ ဗဟုသုတအနေအားဖြင့်လည်း ရှိထားတော့ လွယ်လင့်တကူနှင့် သိသွားတာကိုပဲ ပဋိစ္စသမုပ္ပါဒ်ပေါ် အထင်အမြင်သေးသွားပေါ့နော် (မှန်ပါတယ်ဆရာ)၊ အထင်မမြင်သေးသွားပေါ့။ အထင်အမြင်မသေးရအောင် နက်နဲတယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ပြန်ကြည့်အောင် ဥပမာဆောင်ပြီးတော့ ငါဟောမှုပဲလို့ အရှင်အာနန္ဒာအား မြတ်စွာဘုရား ကိုယ်တော်မြတ်က ပြန်ဟော။

ပဋိစ္စသမုပ္ပါဒ် ဥပမာနဲ့နှိုင်းယှဉ်ပုံ

ချစ်သား အာနန္ဒာတဲ့၊ တို့လောကမှာ ဂဠုန်မင်းဆိုတာ ရှိတယ်။ ကြားဖူးရဲ့လား ကြားဖူးပါဘုရားတဲ့။ ဂဠုန်မင်းက အချင်းယူဇနာအားဖြင့် တစ်ရာနဲ့ငါးဆယ်ရှိ။ သူ့ကိုယ်ကာယနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ကြီးလဲလို့ ကောင်းကင်ကျက်စား အတောင်တစ်ဘက် ယူဇနာငါးဆယ်ရှိတယ်တဲ့။ အတောင်တစ်ဘက်တစ်ဘက်နော် (မှန်ပါတယ်ဆရာ)၊ ဂဠုန်ရဲ့ နှုတ်သီးတင် ကိုးယူဇနာရှိ။ ဂဠုန်ရဲ့ခြေထောက်က တစ်ဆယ်နဲ့တစ်ယူဇနာရှိ။ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘယ်လောက်ကြီးမားတဲ့ ဂဠုန်လဲလို့။ အဲဒီလို ကြီးမားတဲ့ဂဠုန်ဟာ အတောင်တစ်ဘက် ယူဇနာငါးဆယ် ရှိတယ်။ ဘယ်တောင်ပံ၊ ညာတောင်ပံလို အတောင်တစ်ဘက်တစ်ဘက် ဆန့်ပြီးတော့ လေခတ်လိုက် ယူဇနာခုနစ်ရာအတွင်းမှာ မခက်သာသလိုပဲလို့ လေဟာ ရောက်ယက်ခတ် သွားတယ်နော် (မှန်ပါတယ်ဆရာ)။ ဘယ်လောက်ကြီးမားတဲ့ ဂဠုန်လဲဆိုတာ တွက်ကြည့်။ ဒီတော့ ဂဠုန်က ပြောတယ်။ အတောင်နှစ်ဖက်စုံ ခတ်လိုက်တော့ အင်မတန် ကျယ်ဝန်းတယ်ဆိုတဲ့ "အာကာသော အနန္တော၊ အာကာသော အနန္တာ"တဲ့ အဆုံးအစမရှိအောင် ကျယ်ဝန်းတယ်ဆိုတဲ့ အာကာသ ဟင်းလင်းပြင် ကောင်းကင်ပြင်ကြီးဟာ ပြောသလို မဟုတ်ပါဘဲလား။ ငါကိုယ်တိုင် အတောင်ခတ်တော့ လေမှ မခတ်သာသလို မယပ်သာသလိုဖြစ်၊ ဘာကျယ်ဝန်းတဲ့ ကောင်းကင်လဲလို့၊ ဂဠုန်မင်းက ပြောတယ်တဲ့။

http://www.dhammadownload.com

ချစ်သားအာနန္ဒာ ဂငျုန်ပြောတဲ့အတိုင်းပဲ ဂငျုန်မှတစ်ပါး အခြားသော ကောင်းကင်ပျံ သတ္တဝါများက ဒီလိုပြောလို့ ဖြစ်ပါ့မလား မဖြစ်ပါဘူးဘုရားတဲ့။ ဂငျုန်အဖို့တော့ မှန်ရဲ့၊ ဂငျုန်မှတစ်ပါး အခြားသော ကောင်းကင်ပျံသန်းတဲ့ သတ္တဝါများအဖို့ ဆိုလို့ရှိယင် အာကာသအနန္တဟာ အာကာသ အနန္တပါပဲ။ အင်မတန် ကျယ်ဝန်းတယ်ဆိုတာ မှန်ကြောင်းပါဘုရား။

ချစ်သားအာနန္ဒာ ဇင်းဥပမာအတိုင်းပဲ သင့်မှာ အင်မတန်ကြီးမားတဲ့ ပညာ၊ ရဲရင့်တဲ့ ပညာ၊ ဒီလို ပညာထက်သန်မှုတွေကြောင့် သင်စုဆောင်းလာတဲ့ ပါရမီတွေ ပါရမီအဟုန်ကြောင့် ဒီပဋိစ္စ သမုပ္ပါဒ်ဒေသနာတော်ကြီး လွယ်လင့်တကူနဲ့ နာယူနိုင်တိုင်း၊ အသိဉာဏ်ပေါ် တိုင်း၊ လူတိုင်း လူတိုင်း၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ငါလိုပဲ လွယ်လင့်တကူ သိလိမ့်မယ်လို့ ပြောနိုင်ပါ့မလားတဲ့။ "မပြောနိုင်ကြောင်းပါဘုရား"။ အေး အဲဒီဥပမာ မှတ်ထားတဲ့၊ အဋ္ဌကထာဆရာ ဖွင့်ပြထားတာ ဥပမာတွေ ဆောင်သွားတာ။ ဒါတင် မကဘူးတဲ့ ချစ်သားအာနန္ဒာ၊ တို့ သမုဒ္ဒရာ အတွင်းမှာ ကျက်စားနေကြတဲ့ တိမိ=အမည်ရှိတဲ့ငါး၊ တိမိင်္ဂလ=အမည်ရှိတဲ့ငါး၊ တိမိပိင်္ဂလ= အမည်ရှိတဲ့ ငါး၊ အာနန္ဒာ=အစရှိတဲ့ငါး။

ငါးကြီးတွေ ရှိကြတယ်တဲ့။ ဒါပေမယ့် အငယ်ဆုံးဆိုတဲ့ တိမိ=ဆိုတဲ့ငါးကို ငါဘုရားကိုယ်တော် ဥပမာကပ်ပြမယ်။ ကိမိ=ဆိုတဲ့ ငါးကြီးက ယူဇနာ သုံးရာရှိနော် (မှန်ပါတယ်ဆရာ)၊ တိမိင်္ဂလ= အမည်ရှိတဲ့ငါးက ယူဇနာလေးရာရှိ၊ တိမိပိင်္ဂလ=အမည်ရှိတဲ့ငါးက ယူဇနာငါးရာရှိ၊ ဆင့်ကဲဆင့်ကဲ တက်သွားတာ ယူဇနာတစ်ထောင်ရှိတဲ့ငါးရှိ။ မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ ကြီးလိုက်တာ။ ဒီမဟာသမုဒ္ဒရာကြီးသည် အင်မတန် ကျယ်ဝန်းတယ်၊ အင်မတန် နက်တယ်။ အားလုံးသော လူအများက ပြောကြတယ်တဲ့။ ဒီတော့ တိမိ၊ တိမိင်္ဂလ=အမည်ရှိတဲ့ ငါးတွေက ပြောတယ်။ ယူဇနာ သုံးရာရှိတဲ့ သမုဒ္ဒရာမှာဆင်းပြီး ကျက်စားတဲ့အခါကျတော့ ကျောရိုးကို ရေမဖုံးနိုင်ဘူးတဲ့နော် (မှန်ပါ တယ်ဆရာ)။ ဒီတော့ တိမိင်္ဂလ အမည်ရှိတဲ့ငါးက ပြောတယ် "သမုဒ္ဒရာကြီးသည် အင်မတန် နက်တယ်၊ အင်မတန် ကျယ်ဝန်းတယ်တဲ့" ဒီလိုပြောတယ်။

သော ဧဝံ ဝဒေယျ "အယံ မဟာသမုဒ္ဒရော ဂမ္ဘီရော ဂမ္ဘီရောတိ ဝဒန္တိ၊ ကုတဿ ဂမ္ဘီရတာ၊ မယံ ပိဋ္ဌိပဋိစ္ဆာဒနမတ္တမ္ပိ ဥဒကံ န လဘာမာ"တိ။ (သုတ်မဟာဝါအဋ္ဌကထာ၊ ၇၇)

သော၊ ထိုတိမိင်္ဂလ တိမိပိင်္ဂလ အစရှိတဲ့ ငါးက။ အယံ မဟာသမုဒ္ဒရော၊ ဤမဟာသမုဒ္ဒရာ ကြီးသည်။ ဂမ္ဘီရော ဂမ္ဘီရောတိ ဝဒန္တိ၊ သိပ်နက်တယ် သိပ်နက်တယ်လို့ ပြောကြတယ်။ အဿ၊ ထိုမဟာသမုဒ္ဒရာကြီး၏။ ဂမ္ဘီရတာ၊ နက်နဲသောအဖြစ် ပြောတဲ့အတိုင်း နက်တယ်ဆိုတဲ့ အဖြစ်သည်။ ကုတော၊ ဘယ်မလဲ ဘယ်နက်လို့တုံး။ (မယံ၊ ငါတို့သည်။ ပိဋ္ဌိပဋိစ္ဆာဒနမတ္တမ္ပိ၊ ကျောကို ဖုံးလွှမ်း မျှကိုတောင်လည်း၊ န လဘာမ၊ မရကြကုန်) ငါ့ကျောကုန်းကိုတောင် ရေမဖုံးနိုင်ဘူး မဟုတ်ဘူးလား

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)။ အဲဒီလို တိမိင်္ဂလ တိမိပိင်္ဂလ အစရှိတဲ့ ငါးက ဒီလိုပြောတော့ အခြားသော ငါးတွေက ဒီလို ပြောလို့ဖြစ်ပါ့မလားတဲ့။ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူး။ အခြားအခြားသော ငါးတွေက နက်တာ နက်တာပေါ့နော် (မှန်ပါတယ်ဆရာ)။

ချစ်သားအာနန္ဒာ ၎င်းဥပမာအတိုင်း သင့်မှာ အင်မတန်ကြီးမားတဲ့ ဉာဏ်ပညာရှိလို့ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ဆင်ခြင်စဉ်းစားတဲ့အခါကျတော့ တစ်ဖွားဖွားနဲ့ အနက်အဓိပ္ပါယ်တွေ ကျကျနန သိတော့ အင်မတန် ပဋိစ္စသမုပ္ပါဒ် လွယ်တယ်လွယ်တယ်။ ပဋိစ္စသမုပ္ပါဒ်ကြီး ခက်တယ် ခက်တယ် ပြောတာ၊ ပြောသလောက် မခက်ပါဘူး။ ငါ့တယ်လွယ်ပါလားလို့ သင်လွယ်တိုင်း အခြားသော သူသူငါငါဆိုတဲ့ ပုဂ္ဂိုလ်တွေအဖို့ လွယ်နိုင်ပါ့မလားတဲ့၊ လွယ်ပါ့မလား (မလွယ်နိုင်ပါဘူးဆရာ)။

တတိယ ဥပမာတဲ့ အသူရိန်နတ်ဆိုတာ ကြားဖူးလား။ ရာဟု ရာဟု ရာဟု ကြားဖူးလား (မကြားဖူးပါဘူးဆရာ)။ လ,ဘာဖမ်းတယ် (ရာဟု ဖမ်းပါတယ်ဆရာ)၊ အေး-ရာဟုဖမ်း၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ အဲဒီ ရာဟု မင်းဘာထင်လဲ (မသိပါဘူးဆရာ)၊ ထံမနဲ့ ခေါ်တယ်ဟ။ အသူရိန်နတ် အသူရိန်နတ်နော် (မှန်ပါတယ်ဆရာ)။ အသူရိန်နတ် လကို ရာဟုဖမ်းတယ်လို့ ဒီလိုဆိုတယ်။ သေသေချာချာလဲ မှတ်ကြနော်။ မြတ်စွာ ဘုရားကိုယ်တော်မြတ်က ဥပမာဆောင်ပြီးတော့ အရှင်အာနန္ဒာအား ခပ်မာန်မာန်လေး ပြောသွားတဲ့တရား။ မန်သွားတာ မန်သွားတာ။

မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ၊ ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ။ (သုတ်မဟာဝါ၊ ပါဠိတော်၊ ၄၇)

ချစ်သားအာနန္ဒာ "မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧဝံ၊ သင်ဆိုသော စကားကို။ မာ အဝစ၊ နောက်ထပ် မပြောနဲ့ ခပ်ငေါက်ငေါက်ကလေး ပြောသွားတာ။ သင်က ပဋိစ္စသမုပ္ပါဒ်လွယ်လှချည်၊ ဒီအပြောမျိုး နောက်မပြောနဲ့နော် (မှန်ပါတယ်ဆရာ)။ ခပ်ငေါက်ငေါက် ပြောသွားတာ၊ ခပ်ငေါက်ငေါက် ပြောသွားတာ။ ဒီအပြောမျိုး နောက်မပြောနဲ့၊ ဒီစကားမျိုး နောက်မသုံးနဲ့။ ချစ်သားအာနန္ဒာအဖို့ လွယ်တိုင်း အခြားသော ပုဂ္ဂိုလ်တွေ လွယ်နိုင်ပါ့မလား။ ဥပမာဆောင်ပြတာနော် (မှန်ပါတယ်ဆရာ)၊ ဒါ တတိယ သုံးနံပါတ် အသူရိန်နတ်သားနဲ့ ဥပမာပြတာ။ အသူရိန်နတ်သားက လနှင့်နေ ဖမ်းဖမ်းပြီးကစားတယ်၊ လနှင့်နေကို လက်ကြားထဲ ညှပ်တယ်။ နေက ယုဂန္ဓာ ဘယ်လောက်ရှိ သိလား (မေ့သွားတယ်ဆရာ)။ ဩော်-ဘယ်တုံးက မှတ်ထား။ ယုဂန္ဓာငါးဆယ် ရှိနော် (မှန်ပါတယ်ဆရာ)၊ လက ဘယ်လောက်ရှိ (အဲဒါလဲ မေ့နေတယ်)၊ အောင်မယ်၊ ဘယ်တုံးက မှတ်ထားလို့ပါလိမ့်။ အချောက်ကြွား ကြွားနေပြန်ပြီ လေးဆယ်နဲ့ ကိုး

http://www.dhammadownload.com

ယူဇနာ ရှိတယ်နော် (မှန်ပါတယ်ဆရာ) နေက ဘယ်နှစ်ယူဇနာရှိတယ် (ငါးဆယ်ယူဇနာရှိပါတယ်ဆရာ) ယူဇနာ ငါးဆယ်ရှိ၊ လက ဘယ်နှစ်ယူဇနာရှိတယ် (ယူဇနာလေးဆယ့်ကိုး ရှိပါတယ်ဆရာ)။ အေး-ယူဇနာလေးဆယ့်ကိုး၊ တစ်ယူဇနာ တစ်ယူဇနာ ဘယ်လောက်ရှိတယ် ထင်တုံး (မတွက်တတ်ဘူးဆရာ)။ မတွက်တတ်ဘူး။ ဘယ်တုံးက သင်ထား၊ ခြောက်တိုင်နှင့် တာလေးရာ တစ်ယူဇရာ ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ ဆယ်ဆံခြည် တစ်နှမ်းက စတယ်။ တွက်ပေါ့ကွာ။

"ဆယ်ဆံခြည် တစ်နှမ်း၊ ခြောက်နှမ်း တစ်မုယော၊ လေးမုယော၊ တစ်လက်သစ်၊ ရှစ်လက်သစ် တစ်မိုက်၊ သုံးမိုက် တစ်တောင်၊ လေးတောင် တစ်လံ၊ ခုနစ်လံ တစ်တာ၊ နှစ်ဆယ်တာ တစ်ဥသဘ၊ နှစ်ဆယ်ဥသဘ တစ်ကောသ၊ လေးကောသ တစ်ဂါဝုတ်၊ လေးဂါဝုတ် တစ်ယူဇနာ" ခြောက်တိုင်နဲ့ တာလေးရာ၊ တစ်ယူဇနာရှိနော် (မှန်ပါတယ်ဆရာ)၊ တစ်ယူဇနာဆို အကြမ်းဖျင်းလေး မှတ်လိုက်ယင် ဟောဒီကနေ ရေစကြိုလောက်ရှိ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီ ရေစကြိုလောက်ရှိတဲ့ ယူဇနာပေါင်းကြည့်။ နေအဝန်းက ယူဇနာပေါင်း ငါးဆယ်ရှိ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ယူဇနာပေါင်း ငါးဆယ်ရှိ။ လအဝန်းက ယူဇနာပေါင်း လေးဆယ်နဲ့ ကိုးယူဇနာရှိ။ ဒါ နေနဲ့လ တွက်ကြည့်လိုက်၊ မြန်မာပြည်လောက်ရှိသည်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ လနေနှစ်ပါးကို လက်ကြားညှပ်ကစား။ အသူရိန်နတ်သား အသူရိန်နတ်သားနော် (မှန်ပါတယ်ဆရာ)၊ လက်ကြား ညှပ်ကစားတယ်။ နားရွက်ထဲ သွင်းတယ်၊ နှာခေါင်းထဲ သွတ်တယ်တဲ့၊ ပါးစပ်ထဲ ငုံတယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ တို့ပဏ္ဏာသအဋ္ဌကထာမှာ လာတာ၊ အသူရိန်နတ်သား၊ နေနဲ့လကို ဖမ်းစားတာ၊ နေနဲ့လကို ကစားတာ။ အဲဒါ လကြတ်တယ်၊ လကြတ်တယ်၊ လရာဟုဖမ်းတယ်၊ ရာဟုဖမ်းတယ် ဆိုတာ မှတ်ထား သေသေချာချာ အကြောင်းရှိတယ်။ အကြောင်းမရှိဘဲ ဖမ်းတာ မဟုတ်ဘူး။ ဒီနေရာလေးတော့ စကားစပ်လို့ ထည့်ပြောသွားတာပါ။ ဒီနေ့ လကြတ်လိမ့်မယ်ဟေ့၊ လရာဟု ဖမ်းလိမ့်မယ်ဟေ့။ အမိပ္ပါယ်ကတော့ ဒီလိုဆိုကြ။ အဲ-အခုနက ပြောသွားတဲ့ အသူရိန်နတ် လမင်း ကစားတာပါပဲ။ အမှန်ကတော့ ကလေးများ ဂေါ်လီလုံး ကိုင်ပြီးတော့ ပါးစပ်ထဲသွတ်၊ ဘယ်သွတ် သလိုပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်က လပြည့်နေ့အစစ်မှ ရာဟုဖမ်းတယ်ခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)။

ရာဟုဖမ်းသော နေ့သည် လပြည့်နေ့ အစစ်ဆိုတာ မှတ်ထား။ တိဋ္ဌိဂတီနှင့် ပြည့်ညီနေတဲ့ အချိန်ကလေး၊ လကလည်းပဲ နေရောင်က လွတ်လို့ နေနဲ့လနဲ့ ဟောဒီမြင်းမိုရ်တောင် ဗဟိုထားလို့ သမသတ်တည်းကျတဲ့အချိန်၊ လက အရှေ့တည့်တည့် နေက အနောက်တည့်တည့်။ ဒီတော့ နေ၏ အရောင်က လကို မဖုံးဘူး၊ မဟုတ်လား (မဖုံးပါဘူးဆရာ)။ မြင်းမိုရ်တောင်က ခလယ်ကောင်က ကွယ်နေ။ အဲဒါ တည့်တည့်လေးနေတဲ့ အချိန်ကလေးဟာ သမသတ်အချိန်ခေါ်တယ်။ လနဲ့နေနဲ့ သမသတ်တည်းကျပြီး တည်နေတဲ့အချိန်လေးမှာ နေ၏အရောင်သည် လကို မဖုံးနိုင်ဘူးတဲ့၊ လမဖုံး

http://www.dhammadownload.com

နိုင်တော့ ဘယ်နဲ့နေလဲဆိုတော့ လ၏အရောင်အဝန်းဟာ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ ထွန်းလင်းတယ်။ ဒီအချိန်ကလေးအကြောင်း ရှိတယ်၊ အကြောင်းရှိတယ်။ အဲဒီ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ နေရောင်မှ လွတ်နေတဲ့အချိန်လေးဟာ လချစ်ချင်စဖွယ် အင်မတန် တင့်တယ်လွန်းလို့ အသူရိန်နတ်သားက ချစ်စနိုး အနေအားဖြင့် ကစားတာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အကြောင်း အကြောင်းမှတ်ထား။ ဒါဖြင့် လပြည့်ကျော် (၁)ရက်နေ့ကျတော့ အသူရိန်နတ်သားက ဖမ်းစားတယ်။ လရာဟု ဖမ်းတယ် ဆိုတာ ဟုတ်ပါဦးမလား (မဟုတ်နိုင်ပါဘူးဆရာ)၊ တစ်ရက်နေ့ ဆိုကတည်းက နေရောင်ဖုံးလာပြီ မဟုတ်လား (ဖုံးလာပါပြီဆရာ)၊ လပြည့်နေ့လောက် လှပါဦးမလား (မလှတော့ပါဘူးဆရာ)၊ အဲဒါ မှတ်ထား။ ဒါကြောင့် လပြည့်နေ့အစစ်သာလျှင် ရာဟုဖမ်း၏၊ လကြတ်၏။ လကြတ်သော အချိန်သည်သာလျှင် လပြည့်နေ့အစစ် ဒီလိုမှတ်ရမယ်နော် (မှန်ပါတယ်ဆရာ)။ ဒါအတွေးနဲ့ ပြောတာလား အထင်နဲ့ ပြောတာလား မဟုတ်ပါဘူး။ ပဏ္ဏာသအဋ္ဌကထာက တိုက်ရိုက်လာပါတယ်။

လကြတ်နေ့၊ နေကြတ်နေ့အကြောင်း

" **အသုကဒိဝသေ (ဥပေါသထဒိဝသေယေဝ) ဆန္ဒဂ္ဂါဟော ဘဝိဿတိ၊ သူရိယဂ္ဂါဟော ဘဝိဿတိ"** [မူလပဏ္ဏာသ အဋ္ဌကထာ၊ ပိုဒ်၊ ၃၅၃)- - နေကြတ်တော့လည်း ဒီလိုပါပဲ။ လကွယ်နေ့အစစ် လ၏အရောင်သည် နေကို မဖုံး၊ လုံးလုံးကြီး ထွန်းလင်းနေတဲ့အချိန် လနဲ့နေဟာ သူ့အရောင် ငါဖုံး၊ ငါ့အရောင်သူဖုံး၊ ဒီလို သွားနေတာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ နေနဲ့ လနဲ့ မြင်းမိုရ်တောင် ဗဟိုထား၍ အရှေ့နဲ့အနောက် တောင်နဲ့မြောက်ကို တည့်တည့် သမသတ် ကျနေတဲ့ အချိန်လေးမှာ ဟိုဘက်လျှာမထွက်၊ ဒီဘက်လျှာမထွက်၊ တစ်ခုအရောင်တစ်ခု လုံးလုံးကြီး မဖုံးနိုင်ဘဲ မြင်းမိုရ်တောင်ကြား လုံးလုံးကွယ်နေတဲ့ အချိန်လေး၊ နေသည် အင်မတန်မှ ချစ်ချင်စဖွယ် တင့်တယ်တယ် ဆိုတဲ့ အခိုက်အတန့်လေးမြင်တော့ အသူရိန်နတ်သားက နေဖမ်းပြီးတော့ ကစား တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းက ဒီလိုလာတယ်။ ဒါကြောင့် နေကြတ်သော နေ့သည် လကွယ်နေ့ အစစ်။ လနှင့်သမသတ်ကြပြီးကွယ်နေ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နေကြတ်သော နေ့သည် လကွယ်နေ့အစစ်၊ လကွယ်သော နေ့၌သာလျှင် နေကြတ်ရိုးအမှန် ဘယ်တော့မှ မလွဲဘူး။

ဒါကြောင့် ပဏ္ဏာသအဋ္ဌကထာက **"အသုကဒိဝသေ (ဥပေါသထဒိဝသေယေဝ) စန္ဒဂ္ဂါဟော ဘဝိဿတိ၊ သူရိယဂ္ဂါဟော ဘဝိဿတိ"** ဥပေါသထဒိဝသေယေဝ၊ လပြည့်ဥပုသ် လကွယ် ဥပုသ်နေ့ တို့၌သာလျှင်။ စန္ဒဂ္ဂါဟော၊ လကြတ်ခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သူရိယဂ္ဂါဟော၊ နေကြတ်ခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တိုက်ရိုက်နော် (မှန်ပါတယ်ဆရာ)။ အဲဒါ လပဲကြတ်ကြတ်၊ နေပဲကြတ်ကြတ်၊ နေကြတ်လို့ရှိလျှင် လကွယ်နေ့အစစ် လကွယ်အပြင်ဘက်

http://www.dhammadownload.com

ထွက်ပြီးတော့ ဘယ်တော့မှ တစ်ရက်မစွန်းဘူး။ နေ မကြွတ်ဘူး။ လကြွတ်လျှင် လပြည့်နေ့အစစ်၊ လပြည့်ကျော် တစ်ရက်နေ့ ဘယ်တော့မှ လမကြွတ်ဘူး။ အစစ်မှ ကြွတ်တယ်။ ဒါကြောင့် လကြွတ်သောနေ့သည် လပြည့်နေ့အစစ်၊ နေကြွတ်သောနေ့သည် လကွယ်နေ့အစစ်၊ ဟိုက အကြောင်းအရင်းက ပြထားတာရှိ ဘာပြုလို့တုံး။ လပြည့်နေ့ အစစ်မှ တကယ်လပြည့်မှ လက လှပတင့်တယ်၊ ချစ်ချင်စဖွယ်ရှိလို့ အသူရိန်နတ်သားက ဖမ်းစားတယ်၊ ကစားတယ်တဲ့။ လကွယ်နေ့အစစ်မှ နေ၏အရောင်သည် ထွန်းပြောင်ကျက်သရေ မင်္ဂလာရှိတဲ့အတွက် ထိုနေကို အသူရိန်နတ်သားက ဖမ်းစားတယ်၊ ကစားတယ်တဲ့ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊

ဒါကြောင့် ပဏ္ဏာသအဋ္ဌကထာ လာတဲ့အတိုင်း "ဥပေါသထဒိဝသေယေဝ စန္ဒဂ္ဂါဟော စ သူရိယဂ္ဂါဟော စ"။ သြော်-လပြည့်ဥပုသ် လကွယ်ဥပုသ် လပြည့်ဥပုသ်ဆိုတာ လကြွတ်တဲ့နေ့၊ လကွယ်ဥပုသ်ဆိုတာ နေကြွတ်တဲ့နေ့။ ဆန္ဒဂ္ဂါဟော စ သူရိယဂ္ဂါဟော စ၊ လကြွတ်ခြင်း နေကြွတ်ခြင်းသည် ဖြစ်၏။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဘာမှ မှားစရာ မရှိဘူး။ ဒါ လပြည့်လား မပြည့်ဘူးလား။ ဒါလကွယ်လား မကွယ်ဘူးလားလို့ ပြောနေစရာ မလို။ ကောင်းကင်က အထင်အရှား၊ သူမြင်ငါမြင် သက်သေက အထင်အရှား။ အဲ့ဒီ ယူဇနာငါးဆယ်ရှိတဲ့ နေလုံးကြီးကို လက်ကြားညှပ်၊ ပါးစပ်ထဲသွင်း၊ နှာခေါင်းထဲသွင်း ကစားတယ်။ ဘယ်လောက်ကြီးတဲ့ အသူရိန်နတ်လဲလို့ နားလည်လား (နားလည်ပါတယ်ဆရာ)။ လေးဆယ့်ကိုးယူဇနာရှိတဲ့ လမင်းကြီးကို ကလေးများ ဖန်ဂေါ်လီလုံးလေး ကစားသလို လက်ကြားထဲထည့်၊ ပါးစပ်ထဲထည့်၊ နှာခေါင်းထဲသွင်း၊ နားရွက်ထဲထည့် ချစ်လို့ချစ်လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကစားတဲ့ အသူရိန်နတ်သားတဲ့။ ဒါဖြင့် ဒီအသူရိန်နတ်က ယူဇနာငါးဆယ်ရှိတဲ့ နေတို့ လတို့တောင် လက်ကြားညှပ်နိုင်၊ ပါးစပ်ထဲ ငုံနိုင်ယင် ဘယ်လောက်များကြီးပါလိမ့် မေးစရာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ယူဇနာပေါင်း လေးသောင်းနှင့် ရှစ်ထောင်ရှိ။ သူ့အရပ် သူ့အရပ် ဆံဖျားကနေ ခြေဖျားရောက်အောင် တိုင်းလိုက်ယင် ယူဇနာပေါင်း လေးသောင်းနှင့်ရှစ်ထောင်ရှိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ကြီးမားတဲ့ အသူရိန်နတ်လဲဆိုတာ အဲဒါတွက်ကြည့်။ အဲဒီလို သူ့ကိုယ်ကြီး သူသိပ်ကြီးနေလို့ မာန်မာနတက်ကြွလို့ တို့ဘုရားတောင် သွားမဖူးဘူး၊ လူ့ပြည်လူ့လောက ဂေါတမဘုရားကိုယ်တော်မြတ် ပွင့်နေတယ်။ အချင်းချင်းနတ်တွေက ပြောတယ်။ အသင်အသူရိန်နတ်မင်း သွားဖူးပါလား၊ မဖူးချင်ပါဘူးကွာ။ ဘာပြုလို့တုံး၊ လူ့ပြည်က လူဆိုတာက ငါကြည့်နေမှ မြင်မှာဟ။ ငါနဲ့စာလိုက်လို့ရှိယင် ကြည့်နိုင်မှမြင်မှာ။ လူကဖြစ်တဲ့ ဘုရားဆိုတော့လဲ ငယ်ငယ်လေးနေမှာ။ ငါက ငုံ့ကြည့်ရမှာဟ။ အတော်မြင်အောင် ကြည့်နေရမှာ။ မဖူးချင်ပါဘူးဟာ။ သူ ငြင်းတယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်အစွမ်းကလဲပဲ -**"ယဒိဒ္ဓိတနိဗ္ဗတ္တနေ အာပဇ္ဇိတွာ အာနုဘာဝေါ သမ္ပဒါ နာမ"** လို့ သမ္ပဒါတရား ငါပြစဉ်အခါက ပြောခဲ့တယ်။ အလိုရှိသလို ပြည့်စုံတဲ့ အလိုရှိသလို ပြည့်စုံခြင်း အကျိုးပြီးနိုင်တယ်နော် (မှန်ပါတယ်ဆရာ)၊ တန်ခိုးတော် တန်ခိုးတော်၊ တစ်နေ့သောအခါကျ အသူရိန်နတ်ကြီး ဟိုကတိုက်တွန်း ဒီက တိုက်တွန်းနဲ့ အေး-ဒီလောက်တောင် ပြောတာ၊ ဘုရား ဒီလိုပွင့်နေမှကွာ၊ မြင်ဖူးတယ်ရှိအောင် ငါသွားဦးမှပဲလို့။

ဘုရားက သိတယ်။ အသူရိန်နတ်သား ငါ့ဆီလာပြီးတော့ ဘုရားဖူးလိမ့်မယ်။ သိတယ်သိတယ်။ ရတနာပလ္လင်ထက်မှာ မြတ်စွာဘုရားကိုယ်တော်မြတ်က ထက်ဝယ်ဖွဲ့ခွေ စံပယ်နေလို့ အသူရိန် နတ်က စောစောက ပြောသလို ငါ့အရပ်အမောင်းနဲ့ ဆိုလို့ရှိယင် လူကဖြစ်တဲ့ဘုရားမို့ ငါအတော် ငုံ့ပြီးတော့ မြင်အောင် ကြည့်ရမှာ။ ဒီလိုထင်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဘုရား ရှေ့တော်မှောက် ရောက်တဲ့အခါကျတော့ သူကမော့်ပြီးတော့ ဖူးရတယ်။ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ အသူရိန်နတ်သားက မြတ်စွာဘုရားကိုယ်တော်မြတ် ဖဝါးတော်စက်ကိုပဲ မျက်ခွက်နဲ့ မော့်ကြည့်ရတယ်။ အံ့သြစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒီတော့ ပြောလိမ့်မယ်။ ဘုရားကိုယ်တော်မြတ်က တန်ခိုးဣဒ္ဓိပါဒ်အရာမှာ အစိုးရတော်မူတဲ့ ဘုရားဆိုတော့ အသူရိန်နဲ့ ဆယ်ဆ၊ ဆယ့်နှစ်ဆမက ကြီးအောင် ဖန်ဆင်းထင်ပါရဲ့။ မဖန်ဆင်းပါဘူး။ ပကတိ ကိုယ်တော်မြတ် အတိုင်းပဲ။ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ဒါဖြင့် အသူရိန်နတ်က ဘုရား ကိုယ်တော်မြတ်ရဲ့ ဘုန်းတော်ကြောင့် ပုရွက်ဆိတ်ကလေးလောက် ဖြစ်သွားသလား မဟုတ်ပါဘူး သူကလဲ နဂိုအတိုင်းပါပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)

အဲ့ဒါ မြတ်စွာဘုရားကိုယ်တော်မြတ် ဖဝါးတော်စက်ကို မျက်နှာနှင့်မော့်ပြီး ဖူးရတယ်တဲ့။ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ် ပကတိ ဉာဏ်တော်က လူတို့၏အတောင်အားဖြင့် တစ်ဆယ့်နဲ့ ရှစ်တောင်ရှိတယ်နော် (မှန်ပါတယ် ဆရာ) အဲ့ဒါကြည့် အဲ့ဒါကြည့်။ အဲ့ဒီ အသူရိန်နတ်သား ဘယ်လောက်ကြီးမားသလဲ ဆိုတာ ကြည့်စမ်း။ ယူဇနာလေးသောင်းနဲ့ရှစ်ထောင်ရှိတဲ့ သူ့အရပ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ကြီးတာတွေ ငါပြောဦးမယ်။ သူ့တွက်သာကြည့် မျက်စိထဲ မှန်းသာကြည့်။ ဘယ်လောက်ကြီးတဲ့ သတ္တဝါကြီးလဲဆိုတာ သေသေချာချာ ကြည့်စမ်း။ မျက်တောင်မွေးတစ်ခုနဲ့ တစ်ခုကြားကို နှာရောင် ကြားခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ယူဇနာငါးဆယ်ကွာတယ်နော် (မှန်ပါတယ်ဆရာ)၊ မျက်တောင်မွေးတစ်ခုနဲ့တစ်ခုကြား ယူဇနာငါးဆယ်ကွာတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ လက်ချောင်းလေးတစ်ချောင်းမှာရှိတဲ့ လက်ဆစ်ကလေးတွေ မရှိဘူးလားဟ (ရှိပါတယ်ဆရာ)၊ လက်ဆစ်

http://www.dhammadownload.com

တစ်ဆစ်ကို ယူဇနာငါးဆယ်ရှိတယ်တဲ့ ကြီးမားလိုက်တာကွာ။ ဖဆပလအစိုးရ အဲ့ဒါ ခေါ်ပြီးတော့ လမ်းဖောက်ခိုင်းရမယ်။ လက်တစ်ဆစ်တစ်ဆစ် ယူဇနာငါးဆယ်ရှိ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ကြီးမားတဲ့ နတ်သားကြီးလဲလို့။ အသူရိန်နတ်သား တို့ဘုရားရှင် ကိုယ်တော်မြတ်နဲ့ တွေ့တဲ့အခါကျတော့ အကျွတ်တရား ရပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးလို့ သူကပြန်ပြီး အံ့သြတယ်။ အဲဒီ အသူရိန်နတ်သားကြီးက တို့ မဟာသမုဒ္ဒရာ အင်မတန် နက်တယ် နက်တယ်နဲ့။

သော ဧဝံ ဝဒေယျ "အယံ မဟာသမုဒ္ဒေါ ဂမ္ဘီရော ဂမ္ဘီရောတိ ဝဒန္တိ၊ ကုတဿ ဂမ္ဘီရတာ၊ မယံ ဇာဏုပဋ္ဌိစ္စာဒနမတ္တမ္ပိ ဥဒကံ န လဘာမာ"တိ။ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၇၈)

မဟာသမုဒ္ဒရာကြီးက သိပ်နက်တာပဲ သိပ်နက်တာပဲလို့ ပြောကြတယ်။ ဒါပေမယ့် သူဆင်းကြည့်တော့ သူ့ဒူးဆစ်မှ မမြုပ်ဘူးဆိုတာနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူကပြောတယ်။ သမုဒ္ဒရာကြီးက နက်တယ် နက်တယ်နဲ့ သူပြောငါပြော အပြောများတယ်။ ငါဆင်းကြည့်တော့ ငါ့ဒူးဆစ်မှ မြုပ်လောက်အောင် ရေကလဲ မရှိပါလားလို့ သူက ဒီလိုပြောနော် (မှန်ပါတယ်ဆရာ)။

ချစ်သား အာနန္ဒာတဲ့ ဒီဥပမာလိုပဲတဲ့၊ ဒီအသူရိန်နတ်သားက အင်မတန် နက်ရှိုင်းနေတဲ့ မဟာသမုဒ္ဒရာကြီးထဲ သူဆင်းကြည့်တော့ ဒူးဆစ်ပမာဏမှ ရေမမြုပ်တဲ့အဖြစ်မြင်တော့ သမုဒ္ဒရာကြီးဟာ နက်တယ် နက်တယ်နဲ့ ပြောကြတယ်။ သူတို့ပြောတဲ့အတိုင်း ငါအဟုတ်မှတ်လို့ ဆင်းကြည့်တော့ ငါ့ဒူးဆစ်မှ မမြုပ်ဘူး။ ဘယ်နက်လို့တုံးနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပြောမယ်တဲ့။ သူဒီလိုပြောတိုင်း သူမှတစ်ပါး အခြားသော သတ္တဝါများက ဒီလိုပြောမှ တော်ပါ့မလားတဲ့။ ဒီလိုပြောလို့ ဟုတ်နိုင်ပါ့မလားတဲ့။ မဟုတ်ပါဘူးဘုရား။ သူသာလျှင် ဟုတ်ပါတယ်၊ အခြားသော သတ္တဝါကျတော့ မဟာသမုဒ္ဒရာကြီး နက်တာ နက်တာ အမှန်ပါပဲလို့။ ဘယ်နည်းနဲ့မှ ထောက်ရာ တည်ရာ မှီရာ မရအောင် နက်ခြင်းဟာ နက်ရိုးအမှန်ပါပဲဘုရား။ ဩော်-ဒါကြောင့် "ချစ်သား အာနန္ဒာ သင်လဲပဲ ဒီဥပမာလိုပဲ သင်လဲ အင်မတန်ကြီးမားတဲ့ ပညာဉာဏ်ကြောင့် ဘဝပေါင်းများစွာ စုပေါင်းအားထုတ်လာတဲ့ ပါရမီကုသိုလ် အဟုန်တွေကြောင့် သင်ဟာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်။ သိစွမ်းနိုင်တယ်တဲ့။ သင်သိစွမ်းနိုင်တိုင်း ဂမ္ဘီရလေးပါးနဲ့ ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးသည် ခက်တယ် ခက်တယ်ဆို ဘယ်ခက်လို့တုံးလို့။ ဒီလိုပြောလို့ ဟုတ်ပါ မလားတဲ့။ မဟုတ်နိုင်ပါဘူးဘုရားတဲ့၊ သင်လွယ်လင့်တကူ သိတိုင်း အများသောပုဂ္ဂိုလ်တွေ သိလို့ ဖြစ်ပါ့မလား၊ မသိကြောင်းပါဘုရား မသိနိုင်ပါ။ အဲဒီ ဥပမာနဲ့ ဆောင်ပြီးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် အရှင်အာနန္ဒာကို -

http://www.dhammadownload.com

တေမတ္ထံ သန္ဓာယ ဘဂဝါ "မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ စာ"တိ အာဟ။

(သုတ်မဟာဝါ အဋ္ဌကထာ၊ ၇၈)

တေမတ္ထံ၊ ဤအကြောင်းအရာကို။ သန္ဓာယ၊ ရည်ရွယ်၍၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧဝံ၊ သင်ဆိုတဲ့အတိုင်း။ မာ အဝစ၊ နောက်မပြောနဲ့။ အာနန္ဒ၊ ချစ်သားအာနန္ဒ၊ ဧဝံ၊ သင်ဆိုတဲ့အတိုင်း၊ မာ အဝစ၊ နောက်မပြောနဲ့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆိုတော်မူ၏။

ပဋိစ္စသမုပ္ပါဒ်ဟာ ခက်တယ် ခက်တယ်ဆို။ ဘယ်ခက်လို့တုံး၊ ဒီလို မပြောနဲ့နော်။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ခပ်ဝေါက်ဝေါက် ဘုရားကိုယ်တော်မြတ် ဆုံးမသွားတဲ့အခန်းလေး။ အဲဒါ ကြည့် အဲဒါကြည့်၊ ဪ-အရှင်အာနန္ဒာအဖို့ကတော့ လွယ်လင့်တကူနဲ့ သိသွားတယ် ဆိုတာ ဟုတ်တာ၊ ဘာပြုလို့ ဟုတ်လဲဆိုတော့ အဋ္ဌကထာဆရာက ဖွင့်ပြတယ်။

အရှင်အာနန္ဒာ ကိုယ်တော်မြတ် အင်မတန်ခက်ခဲတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို လွယ်လင့်တကူနဲ့ ပေါ်ပေါ်လွင်လွင် သိနိုင်တယ် မှတ်နိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်က တခြားမဟုတ်ပါဘူးတဲ့။ သူ့မှာ အကြောင်းလေးပါး ရှိပါတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူသိတိုင်း ငါတို့ သူငါ ဆိုတဲ့ပုဂ္ဂိုလ်သိလို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူး၊ ခက်ခဲခြင်းလေးပါးဟာ ခက်ခဲခြင်းလေးပါးပဲ။ ဒီအတိုင်း ဒီမှာခက်တာဟာ ခက်တာပဲ။ သူ့တော့ အကြောင်းလေးချက် ရှိတယ်။ ဘယ်လိုအကြောင်းလေးချက်ရှိသလဲ ဆိုလို့ရှိယင် -

အရှင်အာနန္ဒအား အကြောင်းလေးချက်ကြောင့် ပဋိစ္စသမုပ္ပါဒ် ထင်ရှားပုံ

(၁) ပုဗ္ဗူပနိဿယသမ္ပတ္တိ - တစ်ချက်

(၂) တိတ္ထဝါသ - တစ်ချက်

(၃) သောတာပန္န - တစ်ချက်

(၄) ဗဟုသုတ - တစ်ချက်

လေးချက်ရှိတယ်။ အဋ္ဌကထာ ဆရာဖွင့်သွားတာ။ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၇၈)

http://www.dhammadownload.com

(၁) **ပုဗ္ဗူပနိဿယသမ္ပတ္တိ** - ဆိုတာ တခြားမဟုတ်ဘူး။ ပုဗ္ဗူပနိဿယသမ္ပတ္တိ - သခင်ျများစွာ ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်လာတဲ့ ပါရမီတည်းဟူသော ဥပနိဿယ ရှိခဲ့တယ်တဲ့။ အရှင် အရှင်အာနန္ဒာနော် (မှန်ပါတယ်ဆရာ)၊ ဘဝပေါင်းများခဲ့ပြီး ဆည်းပူးအားထုတ်လာတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့်လည်း ပဋိစ္စသမုပ္ပါဒ် လွယ်လင့်တကူနဲ့ သူသိနိုင်တာတဲ့။

(၂) **တိတ္ထဝါသ**-တိတ္ထ+အာဝါသ။ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၈၃)

တိတ္ထနိဝါသောတိ ပုနပ္ပုနံ ဂရူနံ သန္တိကေ ဥဂ္ဂဟဏသဝနပရိပုစ္ဆနဓာရဏာနိ ဝုစ္စန္တိ။

အဋ္ဌကထာ ဆရာကဖွင့်ပြ၊ အဲဒီ နေရာလေး သေသေချာချာ မှတ်။ နှစ်နံပါတ် တိတ္ထဝါသ ဆိုတာ တခြားမဟုတ်ဘူးတဲ့။ ပုနပ္ပုနံ၊ အဖန်တစ်လဲလဲ အဖန်ဖန် အထပ်ထပ်။ ဂရူနံ၊ ဆရာမြတ် တို့၏။ သန္တိကေ၊ အထံ၌။ ဥဂ္ဂဟဏသဝနပရိပုစ္ဆနဓာရဏာနိ။ ဥဂ္ဂဟဏ၊ သင်ခြင်း။ သဝန၊ နာကြား ခြင်း။ ပရိပုစ္ဆန၊ မေးမြန်းခြင်း။ ဓာရဏ၊ ဆောင်ခြင်း။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အရှင်အာနန္ဒာ ကိုယ်တော်တိုင်ကြည့်စမ်း။ ဆရာမြတ်တွေထံမှာ အကြိမ်ကြိမ် အထပ်ထပ် သင်တယ်၊ နာကြားတယ်၊ ဆွေးနွေးမေးမြန်းတယ်တဲ့။ နှုတ်ရဆောင်တယ်တဲ့၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အကြိမ်ကြိမ် အထပ်ထပ်တဲ့။ "ပုနပ္ပုနံ ဂရူနံ သန္တိကေ ဥဂ္ဂဟဏသဝနပရိပုစ္ဆနဓာရဏာနိ ဝုစ္စန္တိ။" အရှင်အာနန္ဒာ ကိုယ်တိုင် အင်မတန် ပညာဉာဏ်ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးပင်လျက် ဆရာမြတ်တို့အထံမှာ အကြိမ်ကြိမ်အထပ်ထပ် သင်ခြင်း၊ နာကြားခြင်း၊ မေးမြန်းခြင်း၊ ဆောင်ခြင်း။ ဒီလိုလုပ်တာနော် (မှန်ပါ တယ်ဆရာ)။

အဲဒါကြောင့်လည်း ပဋိစ္စသမုပ္ပါဒ် လွယ်လင့်တကူနဲ့ သူသိတာတဲ့။ အကြောင်း ဘယ်နှစ်ချက် ရှိသွားပြီလဲ (လေးချက်ပါဆရာ)၊ ဟောဗျာ (နှစ်ချက်ပါဆရာ)။ ဘယ်လိုကောင်းမှန်း မသိဘူး၊ နှစ်ချက် ရှိသွားပြီ ဟုတ်လား (မှန်ပါတယ်ဆရာ)။ တစ်အချက်က ဘာ၊ ဘာတွေလုပ် လာတယ် (ပါရမီတွေ ဖြည့်လာပါတယ်ဆရာ)။ ဩော်-ပါရမီတွေဖြည့်လာ၊ ကမ္ဘာပေါင်းများစွာပေ့ါနော် (မှန်ပါတယ်ဆရာ)၊ ပါရမီတွေဖြည့်လာ ဒီပါရမီတွေ ဖြည့်လို့လဲ သူပဋိစ္စသမုပ္ပါဒ် လွယ်လင့်တကူနဲ့ သိတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နှစ်အချက်ကဘာလဲ (ဆရာသွန်သင်ဆုံးမတာရယ်)။ အေး -ပြီးတော့ လုပ်စမ်း ပါဦး (နာယူတာရယ်)။ အောင်မယ့်လေး ဟုတ်ပြီး (ဆွေးနွေးတာရယ်) ဟုတ်ပြီ (မေးမြန်းတာရယ်) ဆွေးနွေးတာ၊ မေးမြန်းတာ တခြားစီပဲကွနော် ဟုတ်လား။ သင်တာရယ်၊ နာကြားတာရယ်၊ ဆွေးနွေး မေးမြန်းတာရယ်၊ ဆောင်တာရယ်နော် (မှန်ပါတယ်ဆရာ)။ ဥဂ္ဂဟဏသဝနပရိပုစ္ဆနဓာရဏာနိ ဝုစ္စန္တိ။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သင်ခြင်း၊ နာကြားခြင်း၊ မေးမြန်းခြင်း၊ ဆောင်ခြင်း၊ အကြိမ်ကြိမ် အထပ်ထပ်နော် (မှန်ပါတယ်ဆရာ)။ "ပုနပ္ပုနံ ဂရူနံ သန္တိကေ ဥဂ္ဂဟဏသဝနပရိပုစ္ဆနဓာရဏာနိ ဝုစ္စန္တိ"

http://www.dhammadownload.com

တိတ္ထာဝါသ ဆိုတာ တခြားမဟုတ်ပါဘူးတဲ့။ အရှင်အာနန္ဒာကိုယ်တော်က ဆရာ, ဆရာများထံမှာ အမြဲမပြတ် အကြိမ်ကြိမ် အထပ်ထပ် သင်လဲသင်တယ်၊ နာလဲနာယူတယ်၊ မေးလဲ မေးမြန်းတယ်၊ ဆောင်လဲ ဆောင်တယ်တဲ့။ လေးချက် မဟုတ်လား (လေးချက်ပါဆရာ)၊ အဲ့ဒါ ဓမ္မဘဏ္ဍာဂါရိက မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာတွေ အကုန်ဝမ်းဗိုက်ထဲ၊ ဝမ်းတိုက်ထဲ သွင်းထားတဲ့ တရားဘဏ္ဍာတိုက်ဆိုတဲ့ ဘဏ္ဍာစိုးခေါ်တဲ့၊ ပညာဉာဏ်ကြီးမားပေ ဆိုသော အရှင်အာနန္ဒာကိုယ်တော်တိုင် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အကြိမ်ကြိမ် အထပ်ထပ် ဆရာမြတ်တွေထံမှာ သင်လဲ သင်တယ်၊ နာလဲ နာတယ်၊ ဆွေးလည်း ဆွေးနွေးတယ်၊ ဆောင်လည်း ဆောင်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဘုရား)။

ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ် လွယ်လင့်တကူနဲ့ သိတယ်၊ တို့လူတွေနဲ့ မကွာဘူးလား၊ (မကွာပါဘူးဆရာ)၊ မကွာဘူး၊ အောင်မလေးဟဲ့၊ ဒုတိယ အာနန္ဒာလေး မကွာဘူးလား (ကွာပါတယ်ဆရာ)၊ မိုက်လဲမိုက်တဲ့ကောင်၊ ဟောဒီကောင်၊ ငါ့မကွာဘူးလား ဆိုတော့ သွေးများကြီးရတော့မလို အောက်မေ့တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တို့လူတွေက အဲ့ဒီလိုမဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကို ဗမာလို ပြန်ထားတဲ့စာအုပ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ဆိုင်တာတွေ ဖတ်၊ အဲ့ဒီ မတောက်တစ်ခေါက် အဓိပ္ပာယ်လေး၊ ဘာလေးတွေ မှတ်၊ လူကတ်သတ်၊ တစ်ယောက်နဲ့တစ်ယောက် ဖြတ်ထိုးဉာဏ်အနေအားဖြင့် ငြင်းနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်နိုင်တဲ့အကောင်ကျတော့ ဖိထောင်း၊ ကိုယ်က အသာယူ၊ ငါနိုင်ခဲ့တယ်၊ ဟိုအကောင် ငါ့လောက်မတတ်ဘူး၊ ဟတောင်မဟနိုင်ဘူး၊ ငါက နိုင်ခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလို ဖြတ်ထိုးဉာဏ်လေးတွေနဲ့ ဖြတ်လမ်းလေးကနေပြီးတော့ ပဋိစ္စသမုပ္ပါဒ်နည်းနည်းလေး လေ့လာဖူးခဲ့ပေမယ့် ပဋိစ္စသမုပ္ပါဒ် ငါတတ်တယ်၊ ဒီလိုဖြင့် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တပည့်လဲ မခံချင်ဘူး၊ ဆရာလဲ မရှာချင်ဘူး၊ သူတတ်ပေါ့တဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မကွာဘူးလား (ကွာပါတယ်ဆရာ)၊ ခုမှ ကွာတော့မယ်။

အရှင်အာနန္ဒာကိုယ်တိုင် အင်မတန် ပညာဉာဏ်ကြီးမားတဲ့ပုဂ္ဂိုလ်၊ “မဟာပညော ဝိသဒဉာဏော”တဲ့၊ ဘုရားကိုယ်တော်တိုင်က ချီးမွမ်းထားတာနော်၊ (မှန်ပါတယ်ဆရာ)၊ ဒီကိုယ်တော်မြတ်ကြီး အစဉ်လျက် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ဆရာမြတ်တို့ထံမှာ ကြိမ်ဖန်များစွာ သင်လဲသင်တယ်၊ နာလည်းနာတယ်၊ မေးလည်း မေးမြန်းတယ်၊ ဆောင်လည်း ဆောင်တယ်တဲ့။ ဒီလေးချက်နှင့်အလုပ်၊ လုပ်လာလို့၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်လွယ်လင့်တကူနဲ့ သိနိုင်တာ နားလည်ရဲ့လား၊ (နားလည်ပါတယ်ဆရာ)၊ အေး-နားလည်ယင် သေသေချာချာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အရှင်အာနန္ဒာ ဆရာမြတ်တွေထံ ဘယ့်နှယ်လုပ်ခဲ့သလဲ

http://www.dhammadownload.com

(နာလည်းနာတယ်၊ သင်လည်းသင်တယ်၊ မေးလည်းမေးမြန်းတယ်၊ ဆောင်လည်း ဆောင်တယ်)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ။ ဒါပေမယ့် သင်တာက အရင်၊ မင်းက နာတာက အရင်၊ လုပ်ချင်တာ လုပ်ကွာ၊ လေးခုစေ့ပြီးတာပဲနော်။

"ဥဂ္ဂဟဏာသဝနပရိပုစ္ဆနစာရဏာနိ ဝုစ္စန္တိ"။ ဒါ-တိတ္ထဝါသခေါ်တယ်၊ ဘယ့်နှစ်ရှိသွားပြီးတုံး၊ (နှစ်ချက်ပါဆရာ)၊ နှစ်ချက်ရှိသွားပြီးနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့်မို့လို့ အရှင်အာနန္ဒာကိုယ်တော်မြတ်ဟာ ပဋိစ္စသမုပ္ပါဒ် လွယ်လင့်တကူနဲ့ သုံးသပ်လိုက်ယင် တဖွားဖွားနဲ့ ပေါ်လာတာတဲ့။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သုံးအချက် သူကိုယ်တိုင်က သောတာပတ္တိမဂ်ဉာဏ်ရလို့ သောတာပန်အစစ်ကလဲ ဖြစ်ထားတော့ ဒါအကျိုးပဲ၊ ဒါအကြောင်းပဲ ဆိုတာက ပြတ်သားပြီးသား ဖြစ်နေတယ်တဲ့။ သောတာပတ္တိမဂ်ဉာဏ်ရတယ်၊ သောတာပန်ဂုဏ်ကလဲ ပါသေးတယ်နော် (မှန်ပါ တ ယ်ဆရာ)။ အဲ့ဒီလို သောတာပတ္တိမဂ်ဉာဏ် ရထားခြင်းကြောင့်လည်းပဲ ၎င်းပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်နှစ်ချက်ရှိ သွားပြီလဲ (သုံးချက်ရှိသွားပါပြီဆရာ)၊ သုံးချက်ရှိသွားပြီ။

နောက်တစ်ခါ လေး- **ဗဟုသုတဘာဝ**-အရှင်အာနန္ဒာက တစ်ပါးသော ပုဂ္ဂိုလ်တွေနဲ့ ဗဟုသုတအရာမှာ အမြတ်ဆုံးတဲ့၊ ဗဟုသုတ ဆိုတာ ဘာခေါ်၊ (ပညာဉာဏ်ကြီးတာပါဆရာ)၊ အကြားအမြင်များတာဟ။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကြားအမြင်များတယ်တဲ့၊ သူတကာလို အမှုမဲ့အမှတ်မဲ့ မနေဘူးတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဗဟုသုတအနေအားဖြင့် အင်မတန်ဆည်းပူးတယ်တဲ့၊ မနားမနေ ကြိုးစားတယ်တဲ့။ အဲ့ဒီလို ဗဟုသုတအရာမှာ ထိပ်တန်းအကျဆုံးဆိုတဲ့ အဓိပ္ပာယ်ကြောင့်လဲပဲ သူ့မှာ ပဋိစ္စသမုပ္ပါဒ်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်တဲ့၊ နားလည်လား (နားလည်ပါတယ် ဆရာ)၊ အကြောင်းလေးချက် မဟုတ်ဘူးလား (လေးချက်ပါဆရာ)၊ အေး - လေးချက်။

တစ်အချက် **ပုဗ္ဗူပနိဿယသမ္ပတ္တိ**= ဘဝပေါင်းများစွာ ဆည်းပူးအားထုတ်တဲ့ ပါရမီဓာတ်ခံတွေ ရင့်သန်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်၏။

နှစ်အချက် **တိတ္ထဝါသ** = ဆရာမြတ်တို့ထံ၌ ကြိမ်ဖန်များစွာ သင်ခြင်း၊ နာကြားခြင်း၊ မေးမြန်းခြင်း၊ ဆောင်ခြင်း အလုပ်ကိုလဲ အမြဲတစေ ကြိုးစားအားထုတ်လုပ်ခဲ့ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

သုံးအချက် **သောတာပန်ဖြစ်ခြင်းကြောင့်လဲပဲ**၊ ထိုအကြောင်းတရား။ အကျိုးတရား ဆိုတဲ့ အသွားတွေပါ၊ အဓိပ္ပါယတ္ထတွေ ပြတ်သားပြီးသား ဖြစ်လို့လဲပဲ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)။

လေးအချက် **ဗဟုသုတ** အရာလဲ ထိပ်တန်းအကျဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ခြင်းကြောင့် ပြည့်စုံနေတဲ့ ဗဟုသုတတွေက ကျေးဇူးပြုပါသဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲ့ဒါသာတွက်ကြည့်။ တယ်ပြည့်စုံ လုံလောက်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပဲလို့။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဝင်စားလိုက်ယင် အနုလုံ ပဋိ လုံအားဖြင့် ဝင်စားလိုက်ယင် ဉာဏ်ထဲ တဖွားဖွားနဲ့ ပြတ်ပြတ်သားသားကြီး ပိုင်ပိုင်နိုင်နိုင်ရသွားလို့ ပဋိစ္စသမုပ္ပါဒ် ခက်တယ် ခက်တယ်နဲ့ ပြော၊ အင်မတန် သိနိုင်ခဲတယ်၊ မြင်နိုင်ခဲတယ်နဲ့ ဂဏ်ဝါဠ သဲစုမက ပွင့်တော်မူကြတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်တွေက စလို့၊ ငါ့မြတ်စွာဘုရား အဖကိုယ် တော်မြတ်ကြီးအထိ ဒီလို ဟောကြ၊ ပြောကြတဲ့ စကားအရ တကယ်များခက်သလားလို့ ငါဝင်စား ကြည့်၊ မခက်ပါဘူး၊ အလွယ်သားပဲ။ ဒီလိုအထင်အမြင်သေးသွားတာတဲ့နော် (မှန်ပါတယ်ဆရာ)၊ အထင်အမြင်သေးမယ် ဆို သူ့အတွက်ကတော့ သေးစရာတဲ့၊ ဘာပြုလို့ သူကတော့ ခုနက ပြောတဲ့ အကြောင်းလေးချက်က ရှိထားတော့ သူ့တော့ လွယ်လင့်တကူနဲ့ သိနိုင်တယ်၊ သူမှတစ်ပါး တခြား သော ပုဂ္ဂိုလ်များသည် ရင်းဂမ္ဘီရလေးချက်နှင့် အသိခက်တယ်ဆိုတဲ့ တရားတော်မြတ်ကြီး လွယ်လင့် တကူနဲ့ သိနိုင်ပါ့မလား ဆိုယင် မသိနိုင်ပါဘူးတဲ့။ ဒါကြောင့် စောစောက ပြောတဲ့ ဥပမာသုံးရပ်နှင့် ထိုးပြီးတော့စပ်။

ဂဠုန် ဆိုတဲ့ ငှက်မင်းက အတောင်ဆန့်ပြီး လေခတ်လိုက်ယင် ယူဇနာ ခုနစ်ရာအတွင်းမှာ လေဟုန်တွေ ကျပ်ကျပ်တည်းတည်းနဲ့ အတောင်မခတ်သာသလို တစ်ပါးသောငှက်တွေ ဒီလို ဖြစ်နိုင် ပါ့မလား၊ မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)။ ယူဇနာသုံးရာရှိတဲ့ “တိမိင်္ဂလ” အမည်ရှိတဲ့ ငါးက သမုဒ္ဒရာတွင် ကျက်စားတဲ့အခါ ကျောရိုးမှာ ရေမဖုံးနိုင်ဘူး ဆိုတဲ့ အဓိပ္ပါယ် မြင်တော့ သမုဒ္ဒရာ သည် နက်တယ် နက်တယ် ဆိုပြီးတော့ ငါ့ကျောတောင် မဖုံးနိုင်ပါလားလို့၊ ဒီလိုအထင်အမြင် သေးတဲ့အဓိပ္ပါယ်။

အသူရိန်နတ်သားက သမုဒ္ဒရာကြီး နက်တယ် နက်တယ်နဲ့ သူသူငါငါ လူတကာတွေ ပြောကြ၊ ငါဆင်းကြည့်တော့ ဒူးဆစ်မှ မမြုပ်ပါလားလို့ အထင်အမြင်သေးမိ၊ ထိုပုဂ္ဂိုလ်စု ထိုပုဂ္ဂိုလ်စုတွေက ဒီလိုဖြစ်တိုင်း အခြားသော ပုဂ္ဂိုလ်တွေက ဒီလိုဆိုနိုင်ပါ့မလား၊ ဆိုကောင်းပါ့မလား၊ ဆိုရပါ့မလား ဆိုတော့ မဆိုနိုင်၊ မပြောနိုင်သလိုပဲတဲ့။

http://www.dhammadownload.com

ချစ်သားအာနန္ဒာ၊ သင်သာလျှင် **အကြောင်းလေးချက်၊ အခြင်းအရာလေးချက်**နှင့် ပြည့်စုံလို့ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်ပေ၏။ အခြားသော ပုဂ္ဂိုလ်များသည် နက်နဲသော ခက်ခဲသော အင်္ဂါလေးပါးရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတို့သည် ခက်ခဲတာ၊ ခက်ခဲတာပဲတဲ့။ ဘယ့်နှယ်နည်းနဲ့မှ ဉာဏ်ဖြင့် သက်ဝင်ခြင်းငှာ မစွမ်းနိုင်နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ကို မှတ်လောက်သားလောက်၊ ဒါကြောင့် သို့လောက်တောင် ခက်ခဲ နက်နဲတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာ တော်ကြီးကို တို့လူစုက စောစောက ပြောသလို။

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ (မဟာဝါသံယုတ်၊ ပါ၊ ၂၈၇)

တစ်လုံးတည်း ပြတ်သားယင်လဲ နိဗ္ဗာန်ရောက်တယ်ဟဲ့။ တစ်လုံးတည်း သိယင်လဲ မဂ်ပေါက် ဖိုလ်ပေါက်တယ်ဟဲ့လို့ သဘောထားနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အကုန်လုံး တစ်ပြုံလုံး သိမ်းကျုံးပြီး နားလည်မယ် ဆိုယင်လဲပဲ အတိုင်းနဲ့အလွန်ပဲ ပြောစရာမလိုဘူး၊ ဒါပေမယ့် တို့ဉာဏ်နဲ့ ပဋိစ္စသမုပ္ပါဒ် ခက်ခဲ နက်နဲမှုနဲ့ နှိုင်းစာကြည့်မယ်ဆိုလို့ရှိယင် တစ်လုံးလောက်ပဲ ပြတ်သားတော့ တို့အဖို့တော့ နာရကျိုးနပ်မှာ။ သာသနာတော်ကြီးနဲ့ တွေ့ရကျိုး၊ ကြုံရကျိုးနပ်သွားလို့ စိတ်ထဲ ဒီလို အောက်မေ့ရမယ်နော် (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် မနေ့ညက ချပြတဲ့အတိုင်း အဓိက အချက်ကတော့ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆိုတဲ့ သဘောလေးတွေ ဆက်သွယ်ပြီးသွားမယ့် အဓိပ္ပါယ်၊ ဒါကြောင့် တစ်လုံးချင်း တစ်လုံးချင်း စာရင်းရှင်းတဲ့အခါကျတော့ အဝိဇ္ဇာဆိုတာ၊ ဘာခေါ်တယ်၊ တရားကိုယ်ကောက်တော့ ဘယ်ဒင်းရဲ့ သူ့သဘောက ဘယ့်နှယ်၊ သူ့အဓိပ္ပာယ် ဘယ်လို၊ လမ်းကုန်အောင် စခန်းကုန်အောင်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တစ်လုံးတည်း သူ့ရဲ့အဓိပ္ပာယတ္ထ ကျကျနန နားလည်မှုရအောင် ရှင်းပေးမယ်။ ဒီတော့ တစ်လုံးတည်း မှတ်နိုင်မှတ်နိုင်ပေါ့။ နှစ်လုံးမှတ်နိုင်မှတ်နိုင်ပေါ့။ မှတ်မိသမျှဖြင့် မှတ်မိသမျှဆိုတဲ့ တစ်လုံးတည်း အဓိပ္ပာယ်နဲ့ပဲ ငါတို့ တစ်မဂ် တစ်ဖိုလ်တော့ တိုတိုနဲ့ ရမှာပဲလို့ စိတ်ထဲက အောက်မေ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊

အေး-ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ (ပ) ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ" ဆိုတဲ့ ပါဠိတော် နူတ်တက် အရကျက်၍ ဆောင်။

လွယ်လင့်တကူ မှတ်ယူနိုင်တယ်လို့ အကြောင်းလေးချက်တို့ကို မနေ့က ပြသွားတယ်၊ (၁) ပုဗ္ဗေပနိဿယသမ္ပတ္တိ၊ (၂) တိတ္ထဝါသ၊ (၃) သောတာပန္န၊ (၄) ဗဟုသုတဘာဝ။

http://www.dhammadownload.com

(၁) **ပုဗ္ဗေပုညသမ္ဘာရ** ဆိုတာက ဘဝပေါင်းများစွာက ဆည်းပူးအားထုတ်လာတဲ့ ပါရမီထူးကြောင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်၏။

(၂) **တိတ္ထဝါသ** - ဆရာသမားထံမှာ အမြဲမပြတ် ကြိမ်ဖန်များစွာ သင်ခြင်း၊ နာကြားခြင်း၊ ဆောင်ခြင်း၊ မေးမြန်းခြင်းတို့ဖြင့် လွယ်လင့်တကူ မှတ်ယူနိုင်၏။

(၃) **သောတာပန္န** - သောတာပန်ဘဝ ရရှိခြင်းကြောင့် သောတာပန်အစစ်ဖြစ်ခြင်းကြောင့် ၎င်းပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်၏။

(၄) **ဗဟုသုတ** -အကြားအမြင်များသော ဂုဏ်ကျေးဇူးကြောင့် ၎င်းပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး လွယ်လင့်တကူ မှတ်ယူနိုင်၏။

အကြောင်းလေးချက်နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းလေးချက်နဲ့ ပြပြီးတော့ ဩဝါဒ ပေးတော်မူတယ်။ ဒီတော့မှာ

ကသ္မာ တွံ အတ္တနော ဓမ္မတာယ သောတာပန္နော နာဟောသိ၊ မယာ ဒိန္နနယေဝ ဌတွာ သောတာပတ္တိမဂ္ဂံ ပဋိဝိဇ္ဈသိ၊ အာနန္ဒ ဣဒံ နိဗ္ဗာနံမေဝ ဂမ္ဘီရံ။ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၈၄)။

တစ်ဆင့်တက်ပြီး ဆုံးမတော်မူတယ်၊ ဒီလိုသာ ချစ်သားအာနန္ဒာ ပြောသလို လွယ်လင့်တကူနဲ့ နာယူနိုင်မယ်ဆိုယင် သင်ကိုယ်တိုင်အားဖြင့် အလိုအလျောက် ဘာကြောင့် သောတာပန်မဖြစ်သလဲ၊ ငါဘုရား ကိုယ်တော်မြတ်ပေးသော နည်းကို အမှီသဟဲပြု၍ သောတာပတ္တိမဂ်အကျင့် ရတယ် မဟုတ်ပါလား၊ ဒီနိဗ္ဗာန်တည်းဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးသည် အင်မတန်မှ ခက်ခဲ၏။ ဒ်၊ကြောင့် ကသ္မာ၊ အဘယ်ကြောင့်၊ တွံ၊ သင်ချစ်သား အာနန္ဒာသည်။ အတ္တနော ဓမ္မတာယ၊ မိမိ၏ သဘောအလျောက်။ သောတာပန္နော၊ သောတာပန်သည်။ နာဟောသိ၊ မဖြစ်သလဲ။ ဘာကြောင့် သင့်အလိုအလျောက် သောတာပန်မဖြစ်သလဲတဲ့။

မယာ၊ ငါဘုရားသည်။ ဒိန္နနယေဝ၊ ပေးအပ်သော နည်း၌သာလျှင်။ ဌတွာ၊ ရပ်တည်၍။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်အကျင့်ကို။ ပဋိဝိဇ္ဈသိ၊ ထိုးထွင်း၍သိ၏။

ငါပေးတဲ့နည်း အမှီသဟဲပြုပြီးတော့ သောတာပန် ဖြစ်ရတယ် မဟုတ်ပါလား။

အာနန္ဒ ဣဒံ နိဗ္ဗာနမေဝ ဂမ္ဘီရံ - အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ၊ ဣဒံ နိဗ္ဗာနမေဝ၊ ဤနိဗ္ဗာန်တည်း ဟူသော တရားတော်မြတ်ကြီးသည်သာလျှင်။ ဂမ္ဘီရံ၊ နက်နဲခက်ခဲ၏။

http://www.dhammadownload.com

ခက်တာ ခက်တာပဲ၊ နက်နဲတာ နက်နဲတာပဲတဲ့။ သင်တော့ အကြောင်းလေးချက်က ပြည့်စုံထားလို့ ဂုဏ်ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး လွယ်လင့်တကူနဲ့ မှတ်ယူနိုင်တယ်တဲ့။ ဉာဏ်မှာ ထင်ရှားပြတ်သားစွာ ပေါ်လာတယ်တဲ့။ သင်ပေါ်လာတိုင်း သူသူငါငါ လူတကာမှာ ပေါ်လာလိမ့်မယ်၊ သိလိမ့်မယ်၊ လွယ်လိမ့်မယ်လို့ မမှတ်နဲ့၊ ဆုံးမတော်မူထားတဲ့ စကားရှိ၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်သည် ဂမ္ဘီရလေးပါးဖြင့် ဘုရားကိုယ်တော်မြတ် ပိုင်းခြားပြီး ဟောထားပြီ။

ဂမ္ဘီရ ဆိုတာ နက်တာ ခေါ်တယ်၊ နက်နဲခြင်းလေးပါး၊ ခက်ခဲခြင်းလေးပါး၊ ခက်ခဲတာနဲ့ နက်နဲတာနဲ့ အတူတူပါပဲ၊ သိနိုင်ခဲ မြင်နိုင်ခဲတယ်။ လွယ်လင့်တကူနဲ့ မှတ်ယူ၍ မဖြစ်နိုင်၊ ဒီတော့ ဂမ္ဘီရလေးပါးနှင့် ဟောကြားတော်မူတဲ့ ဒေသနာအစစ်ကလဲ ဖြစ်နေတော့ ရုတ်တရက်အားဖြင့် သူသူငါငါလူတကာ လွယ်လင့်တကူနဲ့ မှတ်ယူနိုင်ဖို့ အလွန့်အလွန်မှ ခက်ခဲပါ၏။ ဒါတင် မကသေးဘူး၊ အဋ္ဌကထာတွေ ဖွင့်ဆိုသွားတဲ့ အရှင်မဟာဗုဒ္ဓဃောသ ရှေ့ကဖွင့်ဆိုသွားတဲ့ အဋ္ဌကထာကြီးတွေကြည့်ပြီးတော့ အဋ္ဌကထာဖွင့်မည်ကြံတော့ ဒီပဋိစ္စသမုပ္ပါဒ်အခန်းရောက်တော့ ညည်းတယ်။

ပဋိစ္စသမုပ္ပါဒ ဖွင့်ဆိုရမယ်ဆိုတော့ မလွယ်ပါလားလို့ သဗ္ဗညုတဉာဏ်တော်နဲ့ ဝေဖန်ပြီး တော့ ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ငါတို့လို ပုဂ္ဂိုလ်ရဲ့ဉာဏ်အားဖြင့် ဖွင့်ဆိုရမယ်။ အကျယ်ဝိတ္ထာရအားဖြင့် ဖွင့်ဆိုရမယ်ဆိုတာ မလွယ်ပါလားတဲ့။ ဒီနေရာ ညည်းရှာတယ်။ ဥပမာဘာပြ၊ သမုဒ္ဒရာအလယ်မှာ ယုန်သူငယ် ခြေထောက် မမှီသလိုပဲတဲ့။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး၊ ငါတို့ဉာဏ်က ယုန်သူငယ်နဲ့တူတယ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်က မဟာသမုဒ္ဒရာနှင့်တူတယ်၊ အင်မတန် ခက်ခဲနက်နဲတဲ့ တရားတော်ကြီးပါလားလို့ အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်မြတ်ညည်းရှာတော်မူတယ်။

ဒါပေမယ့် မဖွင့်ဘူးလားဆိုတော့ ဖွင့်သွားပါတယ်၊ ဉာဏ်မှီသလောက်၊ ဒီတော့ ကိုယ့်ဉာဏ်စွမ်းနဲ့ ကိုယ်ပဲ ထိုက်သည့်အားလျော်စွာ သိထိုက်တဲ့ သိအပ်တဲ့ အခွင့်အရေးတော့ဖြင့် ရစေရမယ်၊ သိစေရမယ် ဆိုတဲ့ စိတ်ဓာတ်ကလေးလဲ မြဲမြဲထားပေါ့၊ လုံးလုံးကြီး ပဋိစ္စသမုပ္ပါဒ် မှောက်ကာလှန်ကာနဲ့ အပြန်အလှန်အားဖြင့် ကျွမ်းကျင်လိမ္မာသွားတယ်။ ဒီလိုတော့ မဆိုနိုင်ဘူးပေါ့၊ ဘာပြုလို့ ခက်ခဲခြင်းလေးပါး နက်နဲခြင်းလေးပါးနဲ့ ဟောထားတဲ့ ဒေသနာအစစ်ကလဲဖြစ်၊ ဒါပေမယ့်လို့ တို့ဉာဏ်မှီသလောက် မိမိတို့နဲ့ ထိုက်သည့်အားလျော်စွာ သိသင့်သိအပ်ရာကို သိစေရမယ်ဆိုတဲ့ စိတ်ဓာတ်ကလေးတွေထား၊ ဒီက ပြောတဲ့ဟောတဲ့အခါလဲပဲ မှတ်မှတ်သားနဲ့ ပစ်မထားနဲ့၊ ပြန်ပြီးလေ့လာရမယ်၊ ဆွေးနွေးရမယ်၊ တိုင်ပင်ရမယ်၊ နှိုးနှော့ရမယ်၊ သင်ခြင်း၊ ကြားခြင်း၊ ဆောင်ခြင်း၊ ဆွေးနွေး မေးမြန်းခြင်းလို့ ဆိုထားတာ၊ ဒါမှ တရားရနိုင်တယ်တဲ့။

http://www.dhammadownload.com

ဥဂ္ဃဟဏာဓာရဏာပရိပုစ္ဆနသဝနာဒိဝသေန-သင်ခြင်း ဆောင်ခြင်း မေးမြန်းခြင်း ဆွေးနွေးခြင်း နာကြားခြင်း အစရှိသည်တို့၏အစွမ်းအားဖြင့် တိုက်ရိုက်ပြထားတာ၊ သင်လဲ မသင်ဘူး၊ ဆောင်လဲ မဆောင်ဘူး၊ နာလဲ မနာဘူး၊ ဆွေးနွေး မေးမြန်းမှုလဲ မရှိဘူး၊ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ယင် ဘာတရားမှလဲ ရမှာမဟုတ်ဘူး၊ တရားရတယ် တရားရတယ်ဆိုတာများ၊ တရားက အတုံးအလုံး၊ အခဲကြီး အနေအားဖြင့် ဝမ်းထဲ ဝင်လာတယ် မှတ်မနေနဲ့၊ တရားရတယ်ဆိုတာ အသိဉာဏ်ပေါ်လာတာ၊ တရားရတယ် ခေါ်တယ်၊ ကုသိုလ်နဲ့အကုသိုလ် နှစ်ပါးခြားကြည့်၊ ဟာ - ဒါက အကုသိုလ်တဲ့၊ ကိုယ့်ဉာဏ်သိသွားပြီး ရှောင်တတ်သွားပေါ့။ မလုပ်နဲ့ဟေ့ ဟော - ဒါ အကုသိုလ်တရားတဲ့၊ ရှောင်တတ်သွားတာ၊ ဘာပြုလို့ သူလုပ် ငရဲကြီးမှာပေါ့၊ အပါယ်လေးပါးလားမှာပေါ့၊ ပစ္စုပ္ပန်ရော သံသရာရော နှစ်ဖြာစလုံး မကောင်းပါဘူး၊ မကောင်းသော အကျိုးပေးတတ်သတဲ့။ ဘာတရားတုံး၊ အကုသိုလ်တရားတဲ့၊ အဲဒါ ကိုယ့်အသိဉာဏ်နဲ့ ပေါ်လာတဲ့ဉာဏ် ခေါ်တယ်။ အဲ့ဒီလိုလဲ သိသွားရော သူ့မှာ အကုသိုလ်ရှောင်တတ်တဲ့ အသိဉာဏ်ရသွားပြီ၊ တရားရသွားပြီ၊ ဒီလိုခေါ်ရတယ်။

ကုသိုလ်ကမ္မပထတရား ဆယ်ပါး၊ ဒါန သီလ အစရှိတဲ့ ကမ္မပထတရားဆယ်ပါး သိတယ်၊ ဒါတွေ လုပ်လို့ရှိယင် ကုသိုလ်ရတယ်တဲ့၊ ကောင်းသော အကျိုးပေးတယ်တဲ့၊ အဲ့ဒါ ကုသိုလ်တရားတဲ့၊ မိမိဉာဏ်ထဲ သိလာပြီ၊ သိလာတော့ လုပ်တတ်လာတယ်၊ အဲ့ဒီ မိမိဉာဏ်ထဲ သိလာတာဟာ ဒါ အဓိကလို့ မှတ်ထား၊ ဒါကြောင့် မသိသေးတာ သိအောင်၊ မတတ်သေးတာ တတ်အောင်၊ နားမလည်တာ လည်အောင် သင်ရ ကြားရတယ်၊ နာရ ကြားရတယ်၊ ဆွေးနွေးမေးမြန်းရတယ်၊ ဆောင်ရတယ်လို့၊ ဒီလို သင်လိုက်တယ်၊ ကြားလိုက်တယ်၊ ဆောင်လိုက်တယ်၊ ဆွေးနွေးမေးမြန်းလိုက်တယ်ဆိုတော့ တတ်ကရော၊ တတ်ကျွမ်းနားလည်၊ ကိုယ့်ဉာဏ်ထဲ ပြတ်ပြတ်သားသား နားလည်၊ နားလည်တော့ ရတာပဲ၊ ဒါတရားရတယ် ခေါ်တယ်၊ ခုတော့ ဒီလိုမဟုတ်ပါဘူး၊ တရားလိုက်ရှာနေ၊ တရားဘယ်နေသလိုလို၊ ညာနေသလိုလို၊ ဂူထဲနေသလိုလို၊ ကျောင်းထဲ နေသလိုလို၊ လှိုဏ်ထဲ နေသလိုလိုနဲ့ တွေ့နိုးတွေ့နိုးနဲ့ တရားက အကောင်အထည် အတုံးအလုံး အခဲအနေအားဖြင့် မိမိဝမ်းထဲ ဝင်လာတော့ မလိုလို မဟုတ်ပါဘူး၊ မိမိအသိဉာဏ် ပြတ်သားလာတာ တရားရတယ် ခေါ်တယ်။ ဒါ ဒီကုသိုလ် အကုသိုလ် နှစ်ပါးကို ကိုယ့်ကိုယ်တိုင် နားလည်ထားတာ၊ တတ်ကျွမ်းထားတာ၊ သေသေချာချာကြည့်၊ ဟုတ်လား မဟုတ်လားလို့၊ အဲ့ဒီ ကုသိုလ်တရား နားလည်ယင် ကုသိုလ်တရားရတယ်၊ အကုသိုလ်တရား နားလည်ယင် အကုသိုလ်တရားရ၊ ရပြီးလို့ ငါရှောင်တတ်တယ်၊ ရပြီလို့ ငါကြိုးစားတတ်တယ်၊ အားထုတ်တတ်တယ်လို့ အဲ့ဒါ အောက်ထစ်ဆုံး နမူနာပဲ၊ ဒီအထက် တစ်စတစ်စတက်သွားလည်း ဒါထက်ဉာဏ်ကြီးထွား၊ ကြီးထွားပြီးတော့ အကျယ်ဝိတ္ထာရ

http://www.dhammadownload.com

အားဖြင့် တန်ဖိုးရှိလာလေ၊ တစ်မျိုးပြီးတစ်မျိုး သိသိ၊ သိသိလာတယ်၊ ဒါတရားရတယ် ခေါ်တယ်။ ဒါကြောင့် ဒီနေရာမှာ အကြောင်းလေးချက်ပြတဲ့ နေရာမှာ "တိတ္ထဝါသ"ဆိုတဲ့ ဒုတိယနံပါတ်နှစ် အရှင်အာနန္ဒာကိုယ်တိုင်- "ပုနပ္ပုနံ ဂရူနံ သန္တိကေ ဥဂ္ဂဟနသဝနပရိပုစ္ဆနဓာရဏာနိ ဝုစ္စန္တိ"

အရှင်မဟာအာနန္ဒာကိုယ်တိုင် ဆရာ ဆရာများထံ နည်းခံပြီးတော့ အကြိမ်ကြိမ်အဖန်ဖန် သင်ကြားတယ်၊ သင်ယူတယ်၊ နာကြားတယ်၊ ဆွေးနွေးမေးမြန်းတယ်၊ ဆောင်တယ်ဆိုတဲ့အလုပ် အမြဲလုပ်ပါတယ်၊ ဒါကြောင့် ၎င်းပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး လွယ်လင့်တကူနဲ့ သိတော်မူတယ်။ တိုက်ရိုက်နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ သေသေချာချာလည်း မှတ်ထား၊ ဩော်-သို့ကလောက် တောင် မဟာပညော၊ ကြီးသော ပညာရှိတော်မူသော၊ ဝိသဒဉာဏော၊ ထက်မြက်သော ဉာဏ်ပညာ ရှိတော်မူသော၊ ဓမ္မဘဏ္ဍာဂါရိက-တရားဘဏ္ဍာစိုးအမည်ရတဲ့ အရှင်အာနန္ဒာ ကိုယ်တော်မြတ် တောင်ပဲ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဆရာ့ ဆရာထံ နည်းခံပြီးတော့ အမြဲမပြတ် သင်ကြားတယ်၊ နာယူတယ်၊ ဆွေးနွေးတယ်၊ ဆောင်တယ်ဆိုတဲ့ အလုပ်တွေ လုပ်ပါသေးတယ်။ အဲ့ဒါ ဘာမှ အရှင် အာနန္ဒာနှင့်စာလို့ရှိယင် နှစ်ပြားသားမှ တန်ဖိုးမရှိတဲ့ လူစားက မသင်မကြား မတတ်မမြောက် မလိမ္မာ ဘဲနဲ့ တရားအလိုလို လာကပ်တယ်လို့မှတ်၊ ဟုတ်နိုင်ပါ့မလား ဆိုတာ ကြပ်ကြပ်စဉ်းစား၊ ဒါကြောင့် သင်ပါ၊ ကြားပါ၊ နာယူပါ၊ မှတ်သားပါ၊ ဆွေးနွေးမေးမြန်းပါတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလို ကြိုးစားကြ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ ဂမ္ဘီရလေးပါးနှင့် ချပြီး ဟောထားတယ် ဆိုတော့ နက်နဲခြင်းလေးပါးခေါ်တယ်။ နက်နဲယင် ခက်ခဲတာပဲ၊ ခက်ခဲခြင်းလေးပါး ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီနက်နဲခြင်း၊ ခက်ခဲခြင်းလေးပါးလဲ အကျဉ်းအားဖြင့် မှတ်ထား။

ပဋိစ္စသမုပ္ပါဒ်နက်နဲခြင်း၏အကြောင်းလေးပါး

(၁) အတ္ထဂမ္ဘီရ၊

(၂) ဓမ္မဂမ္ဘီရ၊

(၃) ဒေသနာဂမ္ဘီရ၊

(၄) ပဋိဝေဓဂမ္ဘီရ၊

မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဆိုစမ်း - [(၁) အတ္ထဂမ္ဘီရ၊ (၂) ဓမ္မဂမ္ဘီရ၊ (၃) ဒေသနာ ဂမ္ဘီရ၊ (၄) ပဋိဝေဓဂမ္ဘီရ] သုံးကြိမ်ဆို၊ ရပြီးလား (ရပါပြီဆရာ)၊ မှတ်လဲထား၊ မှတ်လဲထားကြ၊

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အခြေခံက စပြီးတော့ သဘာဝကျကျလေးတွေနဲ့ မှတ်ခဲ့ကြ၊ အင်မတန် တန်ဖိုးရှိတဲ့ တရားပြောပြန်တော့လဲပဲ မသက်မသာနဲ့ ပြောရပါတယ်။ လွယ်တယ်လို့ မမှတ်နဲ့၊ ဦးနှောက်ထဲ သွင်းပြီးတော့ စဉ်းစဉ်းစားစားနဲ့ အမှားနည်းနိုင်သမျှ နည်းအောင် အမှန်ကြည့်ရနိုင်သမျှ ရအောင် ဆိုပြီးတော့ အပိုအလို မရှိရအောင် တိတိကျကျ တော်တော်ကြီး အပင်အပန်း အနွမ်းအနွယ်ခံပြီးတော့ ပြရတဲ့ ဒေသနာအစစ်ကြီးဖြစ်တော့ ယူတဲ့သူများကလဲ တန်ဖိုးထားပြီး ယူကြ၊ ရသမျှလေးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နောက် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးသည် ဂမ္ဘီရလေးပါးနဲ့ ဘုရားကိုယ်တော်မြတ် ဟောထားတယ်၊ ဗမာလိုပြန်တော့ နက်နဲခြင်းလေးပါးနဲ့ ဟောထားတယ်၊ အလွန် နက်နဲပါပဲ၊ နက်နဲခြင်းကိုက လေးမျိုးတောင်ရှိ လေးပါးတောင်ရှိ ဘယ်သူတွေတုံး၊ အတ္ထဂမ္ဘီရ၊ ဓမ္မဂမ္ဘီရ၊ ဒေသနာဂမ္ဘီရ၊ ပဋိဝေဓဂမ္ဘီရ လေးမျိုး၊ ဗမာလို တိုတိုလေးမှတ်ထား။

အတ္ထဂမ္ဘီရ - အကျိုးတရားရဲ့ နက်နဲခြင်းတဲ့နော်၊ (မှန်ပါတယ်ဆရာ)၊

ဓမ္မဂမ္ဘီရ - အကြောင်းတရားရဲ့ နက်နဲခြင်းတဲ့။

ဒေသနာဂမ္ဘီရ - အဖဘုရားကိုယ်တော်မြတ် ဟောပုံဟောနည်းအားဖြင့် နက်နဲခြင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊

ပဋိဝေဓဂမ္ဘီရ - မဂ်ပေါက် ဖိုလ်ရောက် ပဋိဝေဓအနေအားဖြင့် နက်နဲခြင်းတဲ့။

ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)။ အင်မတန် နက်နဲတယ်တဲ့။ နံပါတ်တစ်ဆိုတဲ့ **အတ္ထဂမ္ဘီရ** ကြည့်စမ်းပါ။ အကျိုးတရားရဲ့ နက်နဲခြင်းဆိုတာ ပဋိစ္စသမုပ္ပါဒ်သည် အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတော့ လွယ်တာပေါ့။ ပြောလိုက်ယင် အဲဒီဖြစ်လာတဲ့ အကျိုးတရားတွေရဲ့ အဓိပ္ပါယတ္ထ ကျကျနန ပိုင်ပိုင်နိုင်နိုင်သိဖို့ မလွယ်ဘူးတဲ့။ အင်မတန် ခက်ခဲနက်နဲတာ။ ဒါ "အတ္ထဂမ္ဘီရ" ခေါ်တယ်။

ဓမ္မဂမ္ဘီရ - အကြောင်းရဲ့ နက်နဲခြင်းဆိုတာကလဲပဲ ဒီပဋိစ္စသမုပ္ပါဒ်ကြီးမှာ အကြောင်းကြောင့် အကျိုးပေါ်တယ်၊ အကြောင်းကြောင့် အကျိုးပေါ်တယ်ဆိုတာ ဒီလိုဆိုတော့ လွယ်တာပေါ့။ ဒါပေမယ့် အဲဒီအကြောင်းဆိုတဲ့ တရားဟာ သိနိုင်ဖို့ မြင်နိုင်ဖို့ တတ်ကျွမ်းလိမ္မာဖို့ အလွန့်အလွန်မှ ခဲယဉ်း တယ်တဲ့။

ဒေသနာဂမ္ဘီရ - ဟောပုံဟောနည်း အဖဘုရားကိုယ်တော်မြတ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် သုတ်, ဝိနည်း, အဘိဓမ္မာလို့ သုံးဖြာသော ပိဋကတ်တွေချပြီးတော့ ဟောသွားတာ။ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာ ဟောတာလောက် ခက်ခဲတာ မရှိဘူးတဲ့။ ဘာကြောင့်တုံး၊ နည်းအမျိုးမျိုးနဲ့ ချဟောသွားတယ်တဲ့။ အနုလောမနည်းတဲ့။ အဝိဇ္ဇာကစ ဇရာမရဏအဆုံး။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ။

http://www.dhammadownload.com

ပဋိလောမနည်းအားဖြင့် ဟောပြန်တယ်တဲ့။ ဇရာ မရဏကနေစ၍ နောက်ပြန်ဆုတ် အဝိဇ္ဇာ ပြန်ရောက်။ အစကနေ အဆုံး၊ အဆုံးကနေ အစ။ ဒီလိုပဲလား မဟုတ်သေးဘူးတဲ့။ အလယ်ခေါင် တည့်တည့်ကနေပြီးတော့ အနုလောမနည်းအားဖြင့်လည်း ဟောလိုက်တယ်တဲ့။ အလည်ခေါင်ကနေ ဖြတ်ပြီးတော့ ပဋိလောမနည်းအားဖြင့်လည်း ဟောလိုက်တယ်တဲ့။ အလည်ခေါင်က နေပြီးတော့ အနုလောမ ပဋိလောမနည်းအားဖြင့်လဲ ဟောလိုက်တယ်။ ဟောပုံ ဟောနည်းပေါ့ကွ နော် (မှန်ပါ တယ်ဆရာ)၊ အဲ့ဒီလို ဟောတိုင်း ဟောတိုင်း သဘောအားဖြင့် သက်ဝင်ပြီးတော့ သဘာဝယုတ္တိ အင်မတန် ရှိတော်မူတဲ့ ဒေသနာအစစ်ကလည်း ဖြစ်တာကြောင့် ဟောနည်းပြောနည်းကိုက၊ ဒေသနာ နည်းကိုက အင်မတန် အသိခက်ပါတယ်တဲ့။

ဒါကြောင့် ဒေသနာဂမ္ဘီရ၊ ပဋိဝေဓဂမ္ဘီရဆိုတာ ပဋိစ္စသမုပ္ပါဒ် ထိုးထွင်း၍ သိပြီးလားဆိုမှဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရောတဲ့နော် (မှန်ပါတယ်ဆရာ)၊ အားရှိစရာ မကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)၊ အေး-ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလောက်တဲ့ ပဋိဝေဓဒေသနကိစ္စအနေအားဖြင့် သိဖို့ဆိုတာလည်း မလွယ်ဘူးတဲ့။

အင်မတန်ခက်တယ်တဲ့။ ဒါကြောင့် နက်နဲခြင်းလေးပါး၊ ခက်ခဲခြင်းလေးပါးနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ် ပိုင်းခြားပြီး ဟောထားတဲ့ ဒေသနာအစစ်ကလည်းဖြစ်၊ အတ္ထဂမ္ဘီရ-အကျိုးတရား၏ နက်နဲခြင်း။ ဓမ္မဂမ္ဘီရ-အကြောင်းတရားရဲ့ နက်နဲခြင်း။ ဒေသနာဂမ္ဘီရ-ဟောနည်းပြောနည်းရဲ့ နက်နဲခြင်း။ ပဋိဝေဓဂမ္ဘီရ-မဂ်ရ ဖိုလ်ရ ပဋိဝေဓအနေအားဖြင့် ခက်ခဲနက်နဲခြင်း လေးမျိုး လေးစား နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီလို အခြေခံလေးတွေက စစ၊ စစပြီးတော့ တစ်စ တစ်စနဲ့ သွားကြ မယ်လို့။ အဲ့ဒါ အလွန့်အလွန် ခက်ခဲပါတယ်ဆိုတဲ့ ဒေသနာကြီး၊ မနေ့ညက ငါပြောသလိုပဲ။ တို့လူစုနဲ့ တို့ဉာဏ်မှီသလောက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တစ်လုံးဆို၊ ဆိုသလောက် ပြတ်သား ရမယ်တဲ့။ အကုန်လုံးဆိုယင်ဖြင့် ပြောစရာမရှိဘူး။ ရသမျှလေး ငါတစ်လုံး ရတယ်ဆိုပြီး ဒီတစ်လုံးက ပြတ်သား ရမယ်၊ တိကျရမယ်၊ ဒီလိုသဘောထား။ ကိုယ်နဲ့တန်သလောက်ပဲ ရကြမှာလို့။ ဒေသနာ ဆိုတာ အင်မတန်နက်နဲတယ်။ ဒေသနာဆိုတာ အင်မတန်နက်နဲတယ်။

ညီအစ်ကိုသုံးယောက် ဉာဏ်စွမ်းရှိသလောက် အကျိုးခံစားခြင်းအကြောင်း

ရှေးက သားသုံးယောက်ရှိတဲ့အဖ ရတနာဥစ္စာထုပ်တွေ မြှုပ်ပြီးတော့ ရုတ်တရက်သေသွား။ သေခါနီးတော့ ညွှန်ကြားပြခဲ့တယ်၊ ဘယ်နေရာမှာ ရတနာထုတ်တွေ ငါမြှုပ်ထားလေရဲ့ ညွှန်ကြား

http://www.dhammadownload.com

ပြခဲ့တယ်၊ ဘယ်နေရာမှာ ရတနာသုံးထုပ်တွေ ငါမြှုပ်ထားလေရဲ့ဟု ညွှန်ကြားပြခဲ့တော့ သားသုံးယောက်၊ အကြီးရယ်၊ အလတ်ရယ်၊ အငယ်ရယ် သားသုံးယောက် ရှိတဲ့အနက်က အကြီးက စဉ်းစားတယ် "ငါ့အဖေသေမှဖြင့် တို့ဆင်းရဲသလို နေလို့တော့ မထူးဘူး။ မြှုပ်နှံထားတဲ့ ဥစ္စာထုပ် ဖော်ထုတ်ပြီးတော့ သုံးလေမှပဲ"ဟု (စဉ်းစားတယ်)။ ညွှန်ကြားထားတဲ့နေရာ ဖော်လိုက်တယ်၊ တူးလိုက်တယ်။ ဘာရလဲဆိုတော့ ငွေအိုးရတယ်။ ငွေအိုးရတော့ ငွေအိုးယူတဲ့၊ ပြီးတော့ သုံးလိုက် စွဲလိုက်တယ်။

ဒီတော့ ညီအလတ်က စဉ်းစားတယ် "ငါ့အဖေ ငါတို့ ငယ်စဉ်တောင်ကြေး ကလေးကစပြီးတော့ အတော်ကြီး ဥစ္စာပစ္စည်းအားဖြင့် ကြွယ်ဝချမ်းသာတဲ့။ အဖေတစ်ယောက်ပဲ ငွေလောက်တော့ မနေတန်ရာတဲ့နော်၊ (မှန်ပါတယ်ဆရာ)၊ စဉ်းစားတယ်၊ စဉ်းစားတယ် ငွေလောက်တော့ မနေတန်ရာ ငွေလောက်ချမ်းသာယင် ရွှေတော့ ရှိမှာပဲ။ ရွှေရှိပြန်လည်း မမြှုပ်မနှံပဲတော့ မနေဘူး။ ငွေတောင် မြှုပ်သေးတာ ရွှေလည်း မြှုပ်အုံးမှာပဲ" လို့ ငါ့အစ်ကိုတူးတဲ့နေရာ ငါထပ်တူးပါသကော ဆိုပြီး တူးလိုက်တာ ရွှေအိုးရတယ်။ ဝမ်းပမ်းတသာနဲ့ ငါ့အစ်ကို ငါ့လောက် စဉ်းစားဉာဏ်မရှိလို့ ရွှေအိုးနဲ့ လွဲလေခြင်း။ ငါသာ စဉ်းစားဉာဏ်ကောင်းလို့ ဝေဖန်ကောင်းလို့ ရွှေအိုးရပြီး ဝမ်းသာအားရနဲ့ ယူတယ်နော် (မှန်ပါတယ်ဆရာ)။

နောက်ဆုံး ညီငယ်ကြတော့ စဉ်းစားတယ် "ငါ့အကိုကြီး ငါ့အဖေထားတဲ့ ပစ္စည်းတူးလိုက်တော့ ငွေအိုးရတယ်။ ဒါနဲ့ပဲ သူပြီးသွားတယ်။ ငါ့အစ်ကိုအလတ်က တစ်ခါထပ်ပြီး စဉ်းစားတယ်။ ငါ့အဖေ ဒီလောက်တောင် ချမ်းသာနေမှဖြင့် ငွေတင်မနေဘူးကွ၊ ရွှေတော့ မုချရှိမှာပဲ။ ဒီရွှေလည်း မမြှုပ်ဘဲ မနေဘူး။ မြှုပ်မှာပဲ"လို့ ငါ့အစ်ကိုတူးတဲ့နေရာ ထပ်ပြီးတော့ ငါတူးလေမှ ဆိုပြီးတော့ တူးလေတော့ ရွှေအိုးရတယ်။ ငါလည်း ထပ်စဉ်းစားသင့်တယ်၊ ဝေဖန်သင့်တယ်တဲ့။ ငွေရှိလို့ရှိယင် ရွှေရှိ ငွေလည်းရှိ ရွှေလည်းရှိ ကျိကျိတက်အောင် ချမ်းသာတဲ့ ငါ့ဖခင်တစ်ယောက်က ငွေနဲ့ရွှေတင်မနေတန်ရာ လေလို့ အင်မတန် တန်ဖိုးရှိတဲ့ စိန်, ကျောက်, ပတ္တမြားတော့ ရှိအုံးမှာပဲ၊ ရှိပြန်ယင်လည်း မုချမြှုပ်နှံပြီး သားဖြစ်ရမယ်။

စောစောကတူးတဲ့နေရာ ဆက်ပြီး တစ်ခါထပ်တူး၊ အင်မတန်တန်ဖိုးများတဲ့ ကျောက်သံ ပတ္တမြားတွေထည့်ထားတဲ့ အိုးရတယ်။ သူတန်ဖိုးအများဆုံး မနေဘူးလား (တန်ဖိုးအများဆုံးပါ ဆရာ)၊ အေး-ဒီဥပမာလိုပဲတဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောကြားတော်မူတဲ့ သာမုက္ကံသိက ဒေသနာအစစ်ဖြစ်တဲ့ တရားတော်ကြီး ကိုယ့်ဉာဏ်နဲ့ ကိုယ်မှီသလောက် တူးဖော်တူးဖော်ပြီး သုံးနေကြတယ်နော် (မှန်ပါတယ်ဆရာ)၊ အညံ့ဆုံး တတိယတန်း ဉာဏ်စားရှိတဲ့ လူကလည်း အပကာယိက

http://www.dhammadownload.com

လောက်ပဲတဲ့။ ယမန်နေ့က ငါပြောသွားတော့လဲ အနည်းငယ်-ပိုးတိုးဝါးတား သာမညအားဖြင့် အသိ ဉာဏ်လောက်ပဲ ရတယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဘယ်သူနဲ့တူ၊ အစ်ကိုအကြီးဆုံးနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ငွေအိုးတွေ့ရှိမှပဲလို့ တူးလိုက်တာဗျ။ အနုဗောဓ အနေအားဖြင့် ထိုးထွင်းပြီး သိတယ်ဆိုတာနဲ့ ညီအလတ်နှင့် မတူဘူးလား (တူပါတယ်ဆရာ)၊ သူက စောစောက ပဌမလူတဲ့။ သူကတော်တယ်၊ စဉ်းစားကောင်းတယ်။ ပဋိဝေဓဒေသန ကိစ္စအနေအားဖြင့် သိသွား တယ်ဆိုတော့ ညီငယ်နဲ့မတူဘူးလား (တူပါတယ်ဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဒေသနာတော်မြတ်ကြီး ထင်ရှားရှိထားတဲ့ အနက်က သာမုက္ကံသိက ဒေသနာအစစ် တူးနိုင် ဖော်နိုင် ကြံနိုင် စည်နိုင် အားထုတ်နိုင်တယ်လို့ တန်ဖိုးရှိသတဲ့၊ ရှိတာတွေ နက်သတဲ့။ နက်တာတွေ၊ ခက်သတဲ့။ ခက်တာတွေ ပေါ်ပေါ်လာတယ်နော် (မှန်ပါတယ် ဆရာ)။ အဆုံးအစမရှိဘူးတဲ့။ အဲဒီသားသုံးယောက်လိုပေါ့ကွာ။

ဒီတော့ ဒီပဋိစ္စသမုပ္ပါဒ်ကြီး ပြလိုက်တဲ့အခါမှာ တကယ်ကြိုးစားပမ်းစားနဲ့ အဝေဖန် အစဉ်းစား အလေ့အကျင့် တကယ်ကောင်းတဲ့ပုဂ္ဂိုလ်ကြတော့ အနည်းဆုံး နံပါတ် (နှစ်)လောက်တော့ ကိုက်မယ်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ရွှေအိုးတော့ ရမယ်ပဲလို့။ အဲ-တော်ရိလျော်ရိနဲ့ ဝတ်ကျေ တန်းကျေနဲ့ နာကြားနေတဲ့ပုဂ္ဂိုလ်ကျတော့ ငွေအိုးလောက်ရှိမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲ- လုံးလုံးကြီးမှ သင်တန်းမလိုက်ဘဲနဲ့ အပြင်ဘန်းက ဗလန်းများနေတဲ့ လူတစ်စုကြတော့ ငွေအိုးလည်း မရဘူး၊ ရွှေအိုးလည်း မရဘူး၊ ကျောက်သံ ပတ္တမြားအိုးလည်း မရဘူး၊ ရပါ့အုံးမလား (မရပါဘူးဆရာ)။ ရှိမှန်းတောင် သိမှာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလိုပဲ သွားကြမှာပဲ။ ဒါကြောင့် ကိုယ်နဲ့ကိုယ်နဲ့တန်ရုံ ဉာဏ်မှီသလောက်ကလေး ခရီးရောက်သင့်သလောက် ရောက်အောင် ဆိုပြီးတော့ ဒီက ကြိုးစားပမ်းစားပြ။ တစ်လုံးချင်း တစ်လုံးချင်း ပြတ်သားအောင်လည်း မှတ်ထားကြ။ အင်မတန် လည်း တန်ဖိုးရှိ။ ဒါကြောင့် -

ပဋိစ္စသမုပ္ပါဒ်အင်္ဂါဆယ့်နှစ်ပါး

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ။

ဘယ်နှစ်လုံးရှိ (ဆယ့်နှစ်လုံးပါဆရာ)။ အေး - ဆယ့်နှစ်လုံး၊ တစ်လုံးချင်းရေတော့ ဆယ့်သုံးလုံး ဖြစ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်လုံး ဘယ်လုံးပေါင်းလိုက် (ဇရာနှင့်မရဏ

http://www.dhammadownload.com

ပေါင်းရပါတယ်ဆရာ။) အေး- ဇရာနဲ့မရဏ တစ်လုံးထဲကိုကွနော် (မှန်ပါတယ်ဆရာ) သူတို့က ညီအစ်ကိုတဲ့။ ဇရာနှင့်မရဏတရားက ထူးတာ မဟုတ်ပါဘူးတဲ့။ **ဇရာ**ဆိုတာ ဘာခေါ် (အိုခြင်းပါဆရာ)၊ **မရဏ**က ဘာခေါ်တုံး (သေတာပါဆရာ)။ အဲ-အိုတာနှင့်သေတာ ဆက်နေတာတဲ့။ အိုပြီးသေတာပဲတဲ့။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သူတို့နှစ်လုံး တစ်လုံးတည်းပေါင်းထားလို့ အားလုံး ဆယ့်နှစ်လုံးခေါ်တယ်။ အဲ့ဒါ အင်္ဂါဆယ့်နှစ်ပါးလို့ သေသေချာချာမှတ်။ ဝေထားတဲ့ စာရွက်ကလေးတွေလဲ အောက်ပိုင်း သေသေချာချာကြည့်။ အင်္ဂါဆယ့်နှစ်ပါးတို့၊ အခြင်းအရာ နှစ်ဆယ်၊ အစပ်သုံးဖြာတို့၊ အလွှာလေးခု၊ ကာလသုံးပါးတို့၊ ဝဋ်သုံးပါးတို့၊ မူလနှစ်ပါးတို့၊ သစ္စာနှစ်ပါးတို့ အောက်နားရှိလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။ ဒါတွေလည်း မှတ်ထားကြ။ ဒီစက်ဝိုင်းတွေ ခွဲခွဲ၊ ခွဲခွဲလာတဲ့အခါကြတော့ သူ့အမည်လေးနဲ့ သူတပ်ပြီးပေးလိမ့်မယ်။

ဒါက အင်္ဂါဆယ့်နှစ်ပါး ခေါ်၏။ ဒါက အခြင်းအရာ နှစ်ဆယ် ခေါ်၏၊ ဒါက အစပ်သုံးပါး ခေါ်၏၊ ဒါက အလွှာလေးပါး ခေါ်၏၊ ဒါက ကာလသုံးပါး ခေါ်၏၊ ဒါက ဝဋ်သုံးပါး ခေါ်တယ်၊ ဒါက မူလနှစ်ပါး ခေါ်၏၊ ဒါက သစ္စာနှစ်ပါး ခေါ်၏။ ဒီလို ခွဲခွဲသွားမှာပေါ့ကွ နော် (မှန်ပါတယ် ဆရာ)၊ တော်တော်ကြီး လေ့လာပေးကြပေ့။ အလကားတော့ မထားနဲ့၊ လေ့လာပေး လေ့လာပေး။ အဲ့ဒါ အမြဲတမ်း စာရွက်နဲ့မျက်နှာနှင့် မပြတ်နဲ့ ကြည့်ကြည့်၊ ကြည့်ကြည့်ပြီးတော့ အကြမ်းဖျင်းအားဖြင့် စက်ဝိုင်းကြီး တစ်ခုလုံးကို မျက်စိထဲပေါ်ပြီးတော့ နေအောင် နိမိတ်ထင်နေအောင် ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ နိမိတ်ထင်နေအောင်။ အဲ့ဒီအထဲ ဥဂ္ဂဟနိမိတ်တို့၊ ပဋိဘာဂနိမိတ်တို့ ထင်လွန်းအားကြီးနေယင် အဲ့ဒါ မင်းတို့ သမထလမ်းတောင် ပေါက်သွားလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် အဲဒီ အဝိဇ္ဇာကစ ဇရာမရဏအဆုံးဆိုတော့ ဆယ့်နှစ်လုံးသော တရားသည် အင်္ဂါဆယ့်နှစ်ရပ်။ အဲဒီ အင်္ဂါဆယ့်နှစ်ရပ်မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သေသေချာချာ မှတ်ထားနော်။

ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးနှစ်ပါးခွဲခြားပုံ

"အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်" - အဝိဇ္ဇာက အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ သင်္ခါရက အကြောင်းလား, အကျိုးလား (အကျိုးပါဆရာ)။ သင်္ခါရ အကျိုးဖြစ်သွားပြီးလား (မှန်ပါတယ်ဆရာ)၊ အေး-အဲဒီ အကျိုးဖြစ်တဲ့ သင်္ခါရပဲ တစ်ခါလာပြန်ပြီ။ "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်" ဆိုယင် ဒီသင်္ခါရ ဘာတုံး (အကြောင်းပြန်ဖြစ်ပါတယ်ဆရာ)။ ဩော် - ခုနအကျိုး၊ ခုအကြောင်းလား (မှန်ပါတယ်ဆရာ)၊ ဟဲ့- ခုတောစောင့်နတ်ဆို သူပဲ၊ တောင်စောင့်နတ်ဆို သူပဲ၊ ဒီလို ဖြစ်မနေဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အေး-ဒီလိုပဲ ဖြစ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထား

http://www.dhammadownload.com

နော်။ ခုန ပထမဆုံး အဝိဇ္ဇာတုန်းကတော့ အဝိဇ္ဇာက အကြောင်းသက်သက် ဟုတ်တယ်လား (အကြောင်းသက်သက်ပါဆရာ)၊ အကျိုးမဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ အေး-ဟုတ်ပြီး အဲဒါ လေးမှတ်ထား။

"အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်" ဆိုတော့ အဝိဇ္ဇာက အကြောင်းတရားသက်သက်ကိုကွနော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရက အကျိုးဖြစ်ကရောတဲ့။ သမာဓိကောင်းကောင်းထား။ သင်္ခါရက အကျိုးဖြစ်နေရောတဲ့။ ဘာဖြစ်လို့ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်"ဆိုတော့ သင်္ခါရ အကျိုး ဖြစ်နေပြန်ရော။ ပြီးတော့မှ တစ်ခါ "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်"ဆိုတော့ သင်္ခါရ အကြောင်း ဖြစ်လာပြန်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အခုန အကျိုး၊ ခုအကြောင်း၊ သူတစ်ခုတည်းပေါ့ ကွနော် (မှန်ပါတယ်ဆရာ)။ အေး-အဲ့ဒီလို နားလည်သွားရမယ်၊ ဒါလေးတွေ နားလည်ရမယ်။ သေချာမှတ် သေချာမှတ်။ ပြီးတော့ တစ်ခါလာပြန်ပြီ "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်" ဆိုတော့ သင်္ခါရက အကြောင်းနေရော၊ ဝိညာဏ်က အကျိုးမဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ ဝိညာဏ်အကျိုးတရား ဖြစ်နေပြီ။ ဘာကြောင့်၊ ဒီဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်တယ်၊ ဒီလို ခေါ်ထားတာ။

ပြီးတော့ တစ်ခါ "ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်" ဆိုတော့ ဝိညာဏ်ဘာဖြစ်လာပြန်တုံး၊ (အကျိုးဖြစ်လာပါတယ် ဆရာ)။ ဩော်-ခုန အကြောင်း (မှန်ပါတယ်ဆရာ)၊ အခုအကျိုးဖြစ်ပြန်ပြီလား (အကျိုးဖြစ်လာပါတယ်ဆရာ)။ သူပဲ အကျိုးဖြစ်လိုက်၊ သူပဲ အကြောင်းဖြစ်လိုက်။ အချက်နှစ်ချက် မထွက်ဘူးလား (ထွက်လာပါတယ်ဆရာ)။ ထွက်လာ ထွက်လာတယ်။ သင်္ခါရတုန်းကလည်း ဒီလိုပဲ အဝိဇ္ဇာနဲ့တွဲစဉ်အခါတုန်းက သူက အကျိုးနော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်နှင့်တွဲတော့ သူက အကြောင်း၊ ဟိုဘက်ဒီဘက် လှည့်လှည့်ကြည့်ကြအုံးကွနော် (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာဘက် လှည့်လိုက်၊ သင်္ခါရဘက် လှည့်လိုက်၊ အဝိဇ္ဇာနဲ့ ပေါင်းစဉ်အခါတုန်းက သူက အကျိုးတဲ့၊ အခု ဝိညာဏ်နဲ့ ပေါင်းလိုက်တော့ သူက အကြောင်းတဲ့။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ဝိညာဏ်ထိ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ်ဆိုတော့ သူက အကျိုးဖြစ်မနေဘူးလားကွယ် (အကျိုးပါဆရာ)၊ သင်္ခါရနဲ့ပေါင်းတုန်းက အကျိုးပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ ပြီးတော့မှ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတော့ ဝိညာဏ်ဘာဖြစ်ပြန် (အကြောင်းဖြစ်သွားပါတယ်ဆရာ)၊ ဩော်-အကြောင်းဖြစ်၊ သင်္ခါရနှင့် ပေါင်းတုန်းက အကျိုး၊ ဝိညာဏ်က နာမ်ရုပ်နှင့် ပေါင်းလိုက်မှ အကြောင်းဖြစ်ပြန်တယ်။ ဝိညာဏ် တစ်ခုတည်းက အကျိုးဖြစ်လိုက်၊ အကြောင်းဖြစ်လိုက် မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်

http://www.dhammadownload.com

ကြောင့် နာမ်ရုပ် ဖြစ်တယ်ဆိုတော့ ဝိညာဏ်က ဘာတရားတုံး (အကြောင်းတရားပါဆရာ)၊ အခုန တုန်းက အကျိုးမဟုတ်ဘူးလား (အကျိုးပါဆရာ)၊ နာမ်ရုပ်နှင့်ပေါင်းတော့ အကြောင်းဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ သမာဓိကောင်းကောင်းထားနော်။ သေချာစဉ်းစား စဉ်းစား၊ မြန်မာလို နားလည် အောင် ချပြီးတော့ ပြတာ။ နားမလည်စရာ အကြောင်းမရှိဘူး။ ဒါဖြင့် ကောင်းပြီ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတော့ နာမ်ရုပ်က အကျိုးလား အကြောင်းလား (အကျိုးပါဆရာ)၊ အကျိုးနော် (မှန်ပါတယ်ဆရာ)။ ဝိညာဏ်နှင့်ပေါင်းတုန်းက အကျိုးတဲ့။

"နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်" ဆိုတော့ နာမ်ရုပ်က ဘာတုံး (အကြောင်းဖြစ်လာပါ တယ်ဆရာ)၊ ဩော်-အကြောင်းဖြစ်။ ဒါကြောင့် နာမ်ရုပ်သည် စောစောတုန်းက အကျိုး၊ အခု အကြောင်းနော် (မှန်ပါတယ်ဆရာ)၊ ကောင်းပြီ၊ "နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်"ဆိုတော့ သဠာယတန အကျိုးလား, အကြောင်းလား (အကျိုးပါဆရာ)၊ အကျိုးနော် (မှန်ပါတယ်ဆရာ)။ "သဠာယတနကြောင့် ဖဿဖြစ်တယ်" ဆိုတော့ သဠာယတန ဘာဖြစ်ပြန်။ (အကျိုးဖြစ်လာပါ တယ်ဆရာ)၊ အကြောင်း (အကြောင်းဖြစ်လာပါတယ်ဆရာ) မင်းက တစ်ဝက်မှ မကျသေးဘူး မှားလာတယ်။ အကြောင်းဖြစ်လာတယ်လား (မှန်ပါတယ်ဆရာ)။ ကိုင်း . . . ဒါဖြင့် သဠာယတန ခုန အကျိုး၊ အခုအကြောင်းလား (မှန်ပါတယ်ဆရာ)၊ သူတစ်ခုတည်းနော် (မှန်ပါတယ်ဆရာ)။

ကောင်းပြီး "သဠာယတနကြောင့် ဖဿဖြစ်တယ်"ဆိုတော့ သဠာယတနဘာတုံး (အကျိုး ပါဆရာ)၊ ဩော်ဗျာ ဒုက္ခမှ အကြီးစားဆိုတာ ကျနေပြီ (အကြောင်းပါဆရာ)၊ အကြောင်းနော် (အကြောင်းပါဆရာ)။ သဠာယတနကြောင့် ဖဿဖြစ်တယ်။ ခုနကျတော့ သဠာယတနက အကျိုး မဟုတ်ဘူးလား (အကျိုးပါဆရာ)၊ အခုဖဿနဲ့ တွဲလိုက်တော့ အကြောင်းဖြစ်တယ်လား (အကြောင်း ဖြစ်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား။ ဒါဖြင့် "သဠာယတနကြောင့် ဖဿဖြစ်တယ်" ဆိုတော့ ဖဿအကျိုးလား, အကြောင်းလား (အကျိုးပါဆရာ)၊ အကျိုးနော့် မှတ်ထားနော် (မှတ်ပါတယ်ဆရာ)။

"ဖဿကြောင့် ဝေဒနာဖြစ်တယ်ဆိုတော့ ဖဿကဘာတုံး (အကြောင်းပြန်ဖြစ်ပါတယ်ဆရာ)၊ အကြောင်းပြန်ဖြစ်သွားပြီ၊ ခုနအကျိုး ခုအကြောင်းနော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့် ဖဿ ကြောင့် ဝေဒနာဖြစ်တယ်ဆိုတော့ ဝေဒနာက ဘာတုံး (အကျိုးပါဆရာ)၊ အေး အကျိုး မှတ်ထား နော်။ "ဝေဒနာကြောင့် တဏှာဖြစ်တယ်" ဆိုတော့ ဝေဒနာဘာပြန်ဖြစ်တုံး (အကြောင်းပြန်ဖြစ် ပါတယ်ဆရာ)၊ ဩော်-ခုနအကျိုး၊ ခုအကြောင်းနော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့်။ "ဝေဒနာ ကြောင့် တဏှာဖြစ်တယ်" ဆိုတော့ တဏှာက အကျိုးလား၊ အကြောင်းလား (အကြောင်းပါဆရာ)၊ တဏှာလေ (အကျိုးပါဆရာ)။ ဝေဒနာကြောင့် တဏှာဖြစ်တယ် ဆိုတော့ အကျိုးမနေဘူးလား

http://www.dhammadownload.com

(အကျိုးပါဆရာ)၊ မှတ်ထား။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်ဆိုတော့ တဏှာဘာဖြစ်ပြန် (အကြောင်းပြန်ဖြစ်လာပါတယ်ဆရာ)၊ ဩော်-ခုနတုန်းက အကျိုး၊ ခုအကြောင်းလား (မှန်ပါတယ်ဆရာ)၊ ကြည့် တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်ဆိုတော့ ဥပါဒါန်အကျိုးလား၊ အကြောင်းလား (အကျိုးပါဆရာ)၊ အကျိုး။ "ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်"ဆိုတော့ ဥပါဒါန်က အကြောင်းလား၊ အကျိုးလား (အကြောင်းပါဆရာ)၊ ဩော်-ခုနအကျိုး၊ ခုအကြောင်းနော် (မှန်ပါတယ်ဆရာ)၊ ကောင်းပြီ။ "ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်" ဆိုတော့ ဘဝက အကြောင်းလား၊ အကျိုးလား (အကျိုးပါဆရာ)၊ အကျိုးမှတ်ထား။ "ဘဝကြောင့် ဇာတိဖြစ်တယ်" ဆိုတော့ ဘဝက အကြောင်းလား၊ အကျိုးလား (အကြောင်းပြန်ဖြစ်လာပါတယ်ဆရာ)၊ ဩော် - ဘဝသည် ခုနအကျိုး၊ ခုအကြောင်းနော် (မှန်ပါတယ်ဆရာ)။

ကောင်းပြီ။ "ဘဝကြောင့် ဇာတိဖြစ်တယ်" ဆိုတော့ ဇာတိက အကျိုးလား၊ အကြောင်းလား (အကြောင်းပါဆရာ)၊ (အကျိုးပါဆရာ)။ ဟင်းဟင်း ဘယ်လိုကောင်မှန်း မသိဘူး။ ချောင်းတစ်ချက် အဟန့်မခံဘူး။ နင့်ဉာဏ်က အဟမ်း အဟမ်းဆို မှားသွားပြီ။ "ဘဝကြောင့် ဇာတိဖြစ်တယ်"ဆိုတော့ ဇာတိက အကြောင်းလား၊ အကျိုးလား (အကျိုးပါဆရာ)၊ အကျိုးမှတ်ထား။ "ဇာတိကြောင့် ဇရာ မရဏဖြစ်တယ်" ဆိုတော့ ဇာတိက အကြောင်းလား၊ အကျိုးလား (အကြောင်းပြန်ဖြစ်ပါတယ်ဆရာ)၊ ဩော် - ခုနကတုန်းက အကျိုး၊ ခုအကြောင်းလား (မှန်ပါတယ်ဆရာ)၊ ဒါ "ဇရာ မရဏဖြစ်တယ်" ဆိုတော့ ဇရာမရဏက ဘာတရားတုံး (အကျိုးပါဆရာ)၊ အကျိုးတရားနော် (မှန်ပါတယ်ဆရာ)။ ကုန်ပြီလား (ကုန်သွားပါပြီဆရာ)၊ ဩော်-ဗျာ . . . ဇရာ မရဏက အကျိုးတရားကြီး ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။

ခုနတုန်းက ဘာကစခဲ့သလဲ (အဝိဇ္ဇာက စပါတယ်ဆရာ)၊ အဝိဇ္ဇာက ဘာတရားတုံး၊ (အကြောင်းတရားပါဆရာ)၊ ကြည့်စမ်းကွယ်၊ အဝိဇ္ဇာက အကြောင်းတရားနှင့် စခဲ့တယ်။ ဇရာ မရဏက အကျိုးတရားနှင့် ဆုံးတယ်နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီ အစဆုံးက အဝိဇ္ဇာက တစ်လုံး ရယ်၊ နောက်ဆုံးက ဇရာမရဏတစ်လုံးရယ် နှုတ်လိုက်။ အလယ်က သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ။ အဲ့ဒီဆယ်လုံးသော တရားတွေ တုန်းကတော့ အကျိုးဖြစ် အကြောင်းဖြစ် နှစ်ချက် မရဘူးလား (ရပါတယ်ဆရာ)၊ အဝိဇ္ဇာ အကျိုးဖြစ် အကြောင်းဖြစ် ရရဲ့လား (မရပါဘူးဆရာ)။ အကြောင်းတစ်ခုတည်းပဲလား (အကြောင်းတစ်ခုတည်း ပါဆရာ)၊ သူကစလာတာနော် (မှန်ပါတယ်ဆရာ)၊ ဇရာ မရဏ အကျိုးဖြစ် အကြောင်းဖြစ်ရရဲ့လား

http://www.dhammadownload.com

(မရပါဘူးဆရာ)၊ ဘာနဲ့ရပ်သလဲ (အကျိုးနဲ့ရပ်နေပါတယ်ဆရာ)၊ ဟောဗျာ (အကြောင်းနဲ့ရပ်နေပါတယ်ဆရာ)၊ ဟောဗျာ မင်းဥစ္စာ ဒုက္ခမှ အကြီးစားပါကွာ။

ဦးပဥ္စင်းတစ်ပါး မန္တလေးသွားသတဲ့။ မန္တလေးက ပြန်လာတော့ မေးသတဲ့။ သူကလဲ လေကခပ်ထွားထွား ထင်ပါရဲ့။ မန္တလေးရောက်သွားတာ နှံ့သွားတာပဲ လည်လိုက်တာ။ ဒီအရွယ်ကြီးရောက်သွားတာ သိပ်ပျော်စရာကောင်းတာပဲ။ ပင့်တာ ဘာညာနဲ့ ပြောတာ စကားက များလွန်း အားကြီးတော့ ကိုယ်တော်တစ်ပါးက မေးတယ်။ ကိုယ်တော် မန္တလေး တော်တော်နှံ့ခဲ့ရဲ့လား၊ နှံ့ခဲ့ပါတယ်။ အိမ်တော်ရာ ဘုရားရောက်ခဲ့ရဲ့လား၊ ရောက်ခဲ့ပါတယ်။ အိမ်တော်ရာဆို ဘယ့်နှယ့်ထပ်နေတာပေါ့။ အိမ်တော်ရာ စောင်းတန်းအဝ ခြင်္သေ့ကြီး မြင်ခဲ့ရဲ့လား။ ဟာ မြင်ခဲ့တာပေါ့။ ခြင်္သေ့ကြီး ခြေဘယ်နှစ်ချောင်းရှိ လေးချောင်းရှိ။ ဟဲဟဲလို့ လျှောင်လိုက်တယ်။ သုံးချောင်းလို့ ပြောတယ်။ ဟဲဟဲလို့ နောက်တစ်ခါလျှောင်လိုက်တော့ နှစ်ချောင်းလို့ ပြောတယ်။ နောက်တစ်ခါဟဲဟဲလို့ ထပ်လုပ်တော့ ဟာ တစ်ချောင်းတည်းတော့ မဖြစ်ဘူး၊ နှစ်ချောင်းပဲလို့ ပြောတယ်။ မင်းဥစ္စာ ချောင်းတစ်ခါဟန့်မှ မခံဘဲကိုကွ၊ သေချာကြည့်၊ အဝိဇ္ဇာက အကြောင်းက စတယ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းဖြစ် အကျိုး ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ နောက်ဆုံးတော့ ဇရာ မရဏက ဘယ်တင်ရပ်နေ (အကျိုးတင်ရပ်နေပါတယ်ဆရာ)၊ အကျိုးတင်ရပ်နေတယ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းမဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)၊ ကိုင်း - ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဆိုတာ အဆက်မပြတ်ဘဲနဲ့ မရပ်မနားလည်တယ်လို့ ဒီလိုပြတယ်။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒီပြတ်နေပါပဲ။ ပဋိစ္စသမုပ္ပါဒ်က အပြတ်ကြီးဖြစ်နေပါပဲ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက စ၊ ဇရာမရဏဆုံး ပြန်လည် ကွင်းမဆက်ဘူး။ ဂျာအေးသီချင်း ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ ဂျာအေး သီချင်းလေး (ချာချာလည်နေတာ)။ ဩော်-အဆုံးအစ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ကြားဖူးရဲ့လား (မဆိုတတ် ဘူးဆရာ)၊ ဩော် - တော်တော်ပါးရေ နားရေရှိတဲ့ကောင်။ သူ့အဆိုခိုင်းမှာ စိုးလို့ အဲ့ဒီလို အကျိုးအကြောင်း ဆက်ပြီးတော့ လည်သွားမှ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် လည်တယ်လို့ ပြောရတယ်။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အခု အကျိုးဖြစ်လိုက် ခုအကြောင်းဖြစ်လိုက် အကျိုးဖြစ် သူပဲ အကျိုးဖြစ် သူပဲအကြောင်းဖြစ်။ အဲ့ဒါ နဘေထပ် ဆက်ဆက် ဆက်ဆက်သွားတယ်။ နဘေထပ် အဆက်ကလေး သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ဆိုတာ။ အဲဒါ သူပဲ အကျိုးဖြစ်လိုက်၊ သူပဲအကြောင်းဖြစ်လိုက်၊ သူပဲအကျိုးဖြစ်လိုက်၊ သူပဲ အကြောင်းဖြစ်လိုက် သမာဓိကောင်းကောင်း ထားနော်။

http://www.dhammadownload.com

စာရွက်ထဲ မျက်စိက ပြန်စိုက်စိုက်ပြီးတော့ စဉ်းစားပေး။ ဒီကပြောတာ တစ်လုံးချင်း တစ်လုံးချင်း။ အဲ့ဒါဟာ တရားကိုယ်လဲ မပါသေးဘူး၊ သရုပ်လဲ မပါသေးဘူး၊ သဘောအဓိပ္ပါယ်လဲ မပါသေးဘူးနော် (မှန်ပါတယ်ဆရာ)၊ အကြမ်းဖျင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက ဒီလို လည်နေ တယ်ဆိုတဲ့ လည်ပုံလည်နည်းပြတာ။ လည်ပုံလည်နည်းပြနေတာ၊ လည်တတ်မှု။ ဒါပေမဲ့ စက်ရဟတ် ကြီးဟာ မရပ်မနားဘဲနဲ့ အမြဲမပြတ် ဆက်စပ်ပြီး လည်နေတယ်ဆိုတော့ ခု အဝိဇ္ဇာက စ၊ ဇရာမရဏ ဆုံးပေ့ါ။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကယ်တန္တု မရပ်မနားပဲ လည်နေလို့ ရှိယင် ဘယ်နဲ့နေရမလဲ ဆိုလို့ရှိယင် နေပုံနေနည်းလေးက ဟောဒီအကျိုးတရား တင်ရပ်နေတဲ့ ဇရာ မရဏဟာ အကြောင်းပြန်ဖြစ်ရမယ် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကြောင်းက စလာတဲ့ အဝိဇ္ဇာကလည်းပဲ အကျိုးဖြစ်ရမယ်။ အကြောင်းဖြစ် အကျိုးဖြစ် ဒီလိုသွားမှာ၊ သူ့ရှေ့နားက တရားတွေနဲ့ ညီမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်အားဖြင့် ကွာ-ပြောလိုက်ကြဆို။ "ဇာတိပစ္စယာ ဇရာ မရဏံ " ဆိုတော့ ဇာတိတည်းဟူသော အကြောင်းကြောင့် ဇရာ မရဏ ဖြစ်တယ်ဆို။ ဇရာမရဏ အကျိုးဖြစ်မနေဘူးလား (အကျိုးပါဆရာ)၊ "ဇရာမရဏ တည်းဟူသော အကြောင်းကြောင့် အဝိဇ္ဇာ ဖြစ်တယ်" ဆိုယင် ကိုက်မသွားဘူးလား (ကိုက်သွားပါတယ်ဆရာ)၊ အဝိဇ္ဇာ အကျိုးဖြစ်သွားတာ ပေ့ါနော်။ အကျိုးဖြစ်သွားတာပေ့ါ ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီက ဇရာမရဏကလည်း အခု အကျိုးဖြစ်၊ အခုအကြောင်းဖြစ်။ ဒီလို မသွားဘူးလား (သွားပါတယ်ဆရာ)၊ အဲသလို လည်သွားယင် ကိုက်မှာပဲလို့ "ဇာတိပစ္စယာ ဇရာမရဏံ၊ ဇရာမရဏပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုပြီး ဒီလိုကွင်းလုံးကျွတ် လည်မသွားဘူးလား (လည်သွားပါတယ်ဆရာ)။ ခုဒီလိုလည်း ပါဠိတော်က မပြ။ အဝိဇ္ဇာ စ၊ ဇရာမရဏ ဆုံး။ ကိုင်း - ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာက စလိုက်တာ ဇရာမရဏ ဆုံးပေ့ါ၊ ရပ်သွားပေ့ါ။ ပဋိစ္စသမုပ္ပါဒ် အပြတ်ကြီးဖြစ်မနေဘူးလားဟ (ဖြစ်နေပါတယ်ဆရာ)၊ အဆက်မပြတ် ဆက်စပ်ပြီး လည်တယ်ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)၊ မဟုတ်ယင်လဲ ဒေသနာ မှားရာ ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)။ မှားကောင်းပါ့မလားဟ (မမှားကောင်း ပါဘူးဆရာ)၊ မမှားကောင်းဘူးနော် (မှန်ပါတယ်ဆရာ)။

မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးသည် အဆက်မပြတ် လည် တယ်ဆို၊ အဆက်မပြတ်ကို လည်ရမယ်နော် (မှန်ပါတယ်ဆရာ)။ "အဆက်မပြတ် လည်ရမယ်" ဆိုတော့ ဘယ်နှယ့်လုပ်ရမတုံးဆိုတော့ အကြောင်းတရား သက်သက်နဲ့လာတဲ့ အဝိဇ္ဇာက အကျိုး တရားပြန်ဖြစ်။ အကြောင်းဖြစ်၊ အကျိုးဖြစ် ဒီလို ဖြစ်သွားယင် ကိုက်ဘူးလား (ကိုက်ပါတယ်ဆရာ)။ အကျိုးတရားသက်သက်တင်ရပ်နေတဲ့ ဇရာမရဏတရားကလည်း အကြောင်းပြန်ဖြစ်ယင် ကိုက်ဘူး

http://www.dhammadownload.com

လားကွာ (ကိုက်ပါတယ်ဆရာ)၊ အကျိုးဖြစ်၊ အကြောင်းဖြစ်နေ၁် (မှန်ပါတယ်ဆရာ)။ ဒီလို ဆိုယင် ဆက်သွားမယ်၊ ဆက်သွားမယ်။ ဒါကြောင့် အောက်နားက ပါဠိတော်နည်းလေး ကျက်ထားပါလို့။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။"

ဒီထိအောင် သွားရမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီထိအောင် ကျက်ထားလို့ ဒါလေးပြောတာ။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ် လည်ပုံပြစမ်းပါဆိုတော့ လည်ပြပေးတာ သေချာကြည့်။ အဲ့ဒီ "ဇာတိပစ္စယာ ဇရာ မရဏံ" ဆိုတာ နောက်ဆုံးကအလုံး ဇာတိတည်းဟူသော အကြောင်းကြောင့် ဇရာ မရဏဖြစ်တယ်။ ဇာတိက အကြောင်း၊ ဇရာ မရဏက အကျိုးတင်နေရော မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာမှာ အထက်က ပါဠိတော်နည်းအားဖြင့် "ဇာတိကြောင့် ဇရာမရဏ အကျိုးတရား ဖြစ်တယ်" ဆိုတဲ့ နေရာမှာ ဇရာနှင့်မရဏ နှစ်ပါးတင်မကပါဘူးတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာရယ်, မရဏရယ်, သောကရယ်, ပရိဒေဝရယ်, ဒုက္ခရယ်, ဒေါမနဿရယ်, ဥပါယာသရယ် တရားခုနစ်လုံး အကျိုးတရားအနေအားဖြင့် ခုနစ်ပါးရှိပါတယ်တဲ့။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဇာတိတည်းဟူသော အကြောင်းကြောင့် ဖြစ်လာတဲ့ အကျိုးတရား ဘယ်နှစ်ပါးရှိလဲ (ခုနစ်ပါးပါဆရာ)၊ ရေတတ်ရဲ့လား (ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခုနစ်လုံး မနေဘူးလား (ခုနစ်လုံး ပါဆရာ)။ အေး - ခုနစ်လုံး ရှိပါတယ်တဲ့။ သမာဓိကောင်းကောင်းထားနော်။ သေချာလည်းမှတ်၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ ဇာတိကြောင့်, ဇာတိ တည်းဟူသော အကြောင်းကြောင့်, ပဋိသန္ဓေ နေရခြင်းတည်းဟူသော အကြောင်းကြောင့် ဇရာရယ်, မရဏရယ်, သောကရယ်, ပရိဒေဝရယ်, ဒုက္ခရယ်, ဒေါမနဿရယ်, ဥပါယာသရယ် အကျိုးခုနစ်ပါးရှိပါတယ်တဲ့။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် အကျိုးခုနစ်ပါးရှိယင် အဲ့ဒီအကျိုးခုနစ်ပါးစလုံး အခု ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးမှာ အင်္ဂါဆယ့်နှစ်ရပ် ထည့်ပြပါလား။ ဘာပြုလို့ ဇာတိနောက်က ဇရာ မရဏဆိုတဲ့နောက်က ဇရာ မရဏဆိုတဲ့ တရားနှစ်ပါးတည်း အကျိုးအနေနဲ့ ပြသလဲ။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မေးစရာ မရှိဘူးလား (ရှိပါတယ်ဆရာ)။ ဒါက တခြားမဟုတ်ပါဘူးတဲ့။ အကျိုးခုနစ်ပါးရတဲ့အနက်က ဇာတိကြောင့် ဖြစ်လာတဲ့ အကျိုးအစစ်တရားက ဇရာရယ်၊ မရဏရယ် နှစ်ပါးသာလျှင် အစစ်ဖြစ်တယ်။

http://www.dhammadownload.com

မူချအကျိုးခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ တရားက မူချအကျိုးမဟုတ်ဘူးတဲ့။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မူချအကျိုး မဟုတ်ဘူးတဲ့။ ဒါကြောင့် မူချအကျိုးမဟုတ်တဲ့အတွက် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ တရားငါးပါးကို အကျိုးတရားငါးပါးမှ ဖယ်ထားတာ။ အင်္ဂါထဲ မသွင်းဘဲ ထားတာတဲ့။ အင်္ဂါဆယ့်နှစ်ရပ်ထဲနော် (မှန်ပါတယ်ဆရာ) အင်္ဂါဆယ့်နှစ်ရပ်ထဲပါတဲ့တရားက မူချအကြောင်းနဲ့ မူချအကျိုးတရားတွေသာ သီးခြားပြီး ဟောသွားပါတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ) သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ တရားငါးပါးဟာ ဇာတိရဲ့ အကျိုးတရားတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဇာတိရဲ့အကျိုးတရားတွေဖြင့် ဇရာမရဏနဲ့ အတူပဲ၊ အင်္ဂါဆယ့်နှစ်ပါးထဲ ထည့်ဟောပါလားဆိုတော့ ဘာပြုလို့မဟော။ မူချအကျိုးမဟုတ်လို့ (မူချအကျိုးမဟုတ်လို့ပါဆရာ)၊ မူချအကျိုး မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)။ ဇရာနှင့် မရဏကတော့ ဇာတိရဲ့ မူချအကျိုးပေါ့။ (မူချအကျိုးပါဆရာ)။

အေး-ဟုတ်ပြီ အဲဒါ မူချအကျိုးဆိုတာ တခြားမဟုတ်ဘူးကွ၊ မှတ်ထားမှတ်ထား။ ဇာတိ ဆိုတော့ ပဋိသန္ဓေမဟုတ်ဘူးလား (ပဋိသန္ဓေပါဆရာ)၊ ပဋိသန္ဓေရပြီဆိုမှဖြင့် ဇရာဆိုတဲ့တရားက ရှောင်လို့ လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)။ မဖြစ်တဲ့ပုဂ္ဂိုလ်ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ သုံးဆယ့်တစ်ဘုံ အကုန်စုံစမ်းကွာ။ ဇာတိဆိုတဲ့ ပဋိသန္ဓေ ရလာပြီဆိုမှဖြင့် ဇရာဆိုတဲ့တရားက မဖြစ်တဲ့ပုဂ္ဂိုလ် ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ မရဏဆိုတဲ့တရားကော မဖြစ်တဲ့ပုဂ္ဂိုလ် ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ အကုန်ရှိသလား (အကုန်ရှိပါတယ်ဆရာ)၊ အေး-အကုန်ရှိတယ်။ ဇာတိရလာတဲ့ သတ္တဝါမှန်သမျှ (မှန်ပါတယ်ဆရာ)၊ ဇာတိ ဆိုတဲ့ အကြောင်းတရားပေါ်လိုက်ပြီ ဆိုမှဖြင့် ဇရာနှင့်မရဏဟာ မဖြစ်ဘဲ မရှိဘဲတော့ မဖြစ်တော့ဘူးတဲ့။ မူချဒီအကျိုးတရား နှစ်ပါးဟာ ပေါ်ရတော့မယ်။ သုံးဘုံသူ သုံးဘုံသား မှန်မှန်သမျှ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ယင် ဇာတိကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားတွေလဲ အကျိုးတရားတွေ ဖြစ်တယ်ဆို ဟုတ်တယ်။ ဒါပေမဲ့ ရထိုက်တဲ့ပုဂ္ဂိုလ်မှ ရတယ်တဲ့။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသနော် (မှန်ပါတယ်ဆရာ၏)။ သောက-စိုးရိမ် မကင်း ကြောင့်ကြခြင်း။ ပရိဒေဝ-ငိုကြွေးမြည်တမ်းခြင်း။ ဒုက္ခ-ကိုယ်စိတ်နှစ်ပါး မချမ်းသာခြင်း။ ဒေါမနဿ-နှလုံးမသာယာခြင်း။ ဥပါယာသ-ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုမြည်တမ်းခြင်း။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ အကျိုးတရားငါးပါးက ဇာတိရတဲ့ပုဂ္ဂိုလ်တိုင်း ရတယ်လို့ မဆိုကောင်းဘူးတဲ့။ ရတဲ့ပုဂ္ဂိုလ်မှ ရတာတဲ့။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ

http://www.dhammadownload.com

ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး မင်းစဉ်းစားကြည့်စမ်းပါ။ ဇာတိရတိုင်း ရသလားဆိုတော့ မဟုတ်ဘူးတဲ့။ ဇာတိရတဲ့ ပုဂ္ဂိုလ်တိုင်း ရတာမဟုတ်ဘူးတဲ့။ အထက်အထက် ပြဟ္မာတွေကြတော့ ဇာတိကြောင့် ပြဟ္မာလာဖြစ်တယ် မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ရသေးရဲ့လား (မရှိပါဘူးဆရာ)၊ မရကောင်းဘူးနော် (မှန်ပါတယ်ဆရာ)။ ဈာန်သမာပတ်နဲ့ မွေ့လျော်နေသူတို့က ကာမစ္ဆန္ဒ ဗျာပါဒ နီဝရဏတရားတွေလဲ ကင်းငြိမ်းလို့ ဈာန်သမာပတ်နှင့် မွေ့လျော်နေတဲ့ပုဂ္ဂိုလ်တွေဆိုတော့ ဟောဒီတရားတွေ ကျန်ရစ်ခဲ့တယ်။ မကျန်ရစ်ခဲ့ဘူးလား (ကျန်ရစ်ခဲ့ပါတယ်ဆရာ)၊ ဒါပေမဲ့ သူတို့ ဇာတိတော့ ရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)။ ဇာတိကြောင့် ဖြစ်တိုင်း ဇာတိဖြစ်တဲ့ပုဂ္ဂိုလ်တိုင်း ဒီတရားငါးပါးက ရကောင်းသည် မဆိုဘူးတဲ့။ ဇရာမရဏကတော့ ဇာတိဖြစ်တိုင်း ဇရာမရဏတရား နှစ်ပါးကတော့ မုချရရမယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရသင့်တဲ့ပုဂ္ဂိုလ်မှ ရတယ်တဲ့။

မြောက်ကျွန်းသူမြောက်ကျွန်းသား သောကစသောတရား မရှိခြင်းအကြောင်း

ငါတို့ အခု ပဉ္စဝေါကာရဘုံ ရောက်လာယင်ပဲ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားငါးပါး ရမနေဘူးလားကွား (ရလာပါတယ်ဆရာ)။ အထက်အထက် ပြဟ္မာဆိုယင် မရကောင်းဘူးနော် (မှန်ပါတယ်ဆရာ)။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့လူလောက တောင်ကွယ် ဟိုမြောက်ကျွန်းကျတော့ မရှိပါဘူး။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မရှိဘူး။ ပရိဒေဝ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ မြောက်ကျွန်းများ လူသေပြီလားဆိုမှဖြင့် ငါ့သားသေတယ်၊ ငါ့မယားသေတယ်၊ ငါ့ခင်ပွန်းလည်း သေတယ်၊ ငါ့ဘကြီး ဘထွေး သေတယ်လို့ ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေးခြင်း မရှိဘူး။ ပရိဒေဝမီး မရှိဘူးနော် (မှန်ပါတယ်ဆရာ)။

သေပြီလားဆိုမှဖြင့် သူတို့ကမ္ဗလာနီပတ်ပြီးတော့ သင့်တော်တဲ့နေရာ ချထားလိုက်တယ်။ ကမ္ဗလာနီပတ်ပြီးတော့ ချထားလိုက်တော့ - သကုဏဟတ္ထ ခေါ်တဲ့ ငှက်ဆင်က ကမ္ဗလာနီကြီး မြင်တော့ အသားတစ် မှတ်ပြီးတော့ သုတ်ချီတင်သွားပါလေရောနော်။ (မှန်ပါတယ်ဆရာ)။ သမုဒ္ဒရာ ထဲသွားချ၊ တို့တောင်ကျွန်းလိုတောင် မသာချ မနေရဘူး မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)။ ဒါ ပရိဝေဒမီး ရှိသေးရဲ့လား၊ (မရှိတော့ပါဘူးဆရာ)။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေ ကင်းနေရော၊ ဟောဒီ မြောက်ကျွန်းနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

မြောက်ကျွန်းသူမြောက်ကျွန်းသား အပါယ်မလားရခြင်းအကြောင်း

ဒါကြောင့် မြောက်ကျွန်းသူ မြောက်ကျွန်းသား သေတာ အပါယ်လေးပါးမသွားဘူး၊ ဘယ် တော့မှ မသွားဘူးနော်၊ (မှန်ပါတယ်ဆရာ)။ ဘာပြုလိုလဲဆိုတော့ ဒုစရိုက် ဒုရာဇီဝ တရားတွေ ပြုတဲ့သူတို့ မရှိဘူးတဲ့၊ သူတို့ မကောင်းတဲ့ အသက်မွေးမှု။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ အစရှိတဲ့ မကောင်းတဲ့ တရားတွေ မလုပ်ဘူးတဲ့။ သီလ အမြဲ ရှိတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲ့လူလူချင်းတူတာတောင်၊ မြောက်ကျွန်းကျတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေ ကင်းပြီပေါ့၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ငိုမြည်တမ်းခြင်း၊ နှလုံးမသာယာခြင်း၊ ကိုယ်၏ပင်ပန်းခြင်းဆိုတဲ့ အလုပ်တွေ မရှိဘူး။ သေလည်း ပစ်လိုက်တာ။ ဒီလိုပဲဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ သူတို့ ဇာတိတော့ရတယ် မဟုတ်လား (ရှိပါတယ်ဆရာ)။ ကိုင်း - ဇာတိရလို့ လူပဲဖြစ်လာပေါ့။ ဇာတိရတိုင်း သောကအစရှိတဲ့ အကျိုးတရား ငါးပါးဖြစ်ရဲ့လားဟ (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူး။ ဒါပေမဲ့ ဇရာမရဏကျတော့ကော လွတ်ကဲ့လား (မလွတ်ပါဘူးဆရာ)၊ တော်ကြာ အိုရတာ၊ တော်ကြာ သေရတာပဲ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အထက်အထက် ပြဟ္မာတွေလည်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မရှိပါဘူး။ ဒါပေမဲ့ သူတို့ ဇာတိနဲ့ လာတာပဲ၊ ဇာတိရလာတယ်။ ဇာတိ ဆိုတဲ့ ပဋိသန္ဓေရပြီးတဲ့နောက် ဒါပေမဲ့ သောကအစရှိတဲ့ တရားငါးပါးသာ မရတာ။ ဇရာ မရဏတော့ ရှောင်လို့ လွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)၊ ပြဟ္မာလည်း အိုတာပဲ၊ သေတာပဲ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့် ဇာတိကြောင့်ဖြစ်တဲ့ အကျိုးတရား ခုနစ်ပါးရှိနေတဲ့ ဇရာတရားနဲ့ မရဏတရား ဒီနှစ်ပါးသာလျှင် မုချအကျိုးအနေအားဖြင့် အင်္ဂါဆယ်နှစ်ပါးထဲ သွင်းပြီး ဟောထားတယ်တဲ့။ ဟို ငါးပါးကတော့ ဖယ်ထား။ အင်္ဂါထဲ မထည့်နဲ့တဲ့။ ဘာပြုလို့ သူက နှစ်ဆတွဲကြီးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိ ကြောင့် ဖြစ်တိုင်း ဒီတရားငါးပါး ရှိချင်မှရှိတာ။ ရှိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ မရှိတဲ့ပုဂ္ဂိုလ် မရှိဘူးတဲ့။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သူက မသေချာဘူးတဲ့။ ဒါကြောင့် သူ့ဖယ်ထား၊ ဒါပေမဲ့လို့ သတ္တဝါတစ်ဦး တစ်ယောက်သည် ဒီသံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ် လည်တယ် ဆိုတာဟာ တစ်ဘုံတည်းနဲ့ လည်နေတာ မဟုတ်ပါဘူးတဲ့။

ဘုံအမျိုးမျိုး, ဘဝအမျိုးမျိုး ပြောင်း၍ လည်နေရတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီတရားငါးပါးဟာ သံသရာစက်ကြီးကို အစဉ်မပြတ်လည်တဲ့နေရာကျ ဒီတရားငါးပါးထည့် လည်ပါတဲ့။ ဘာပြုလို့တုံး၊ ဟာ-ပြဟ္မာဘဝရောက်နေလို့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ အကျိုးတရားငါးပါး မဖြစ်ပေမဲ့ တော်ကြာ အောက်အောက်သော ဘုံတွေ ပြန်ရောက်ယင်

http://www.dhammadownload.com

သူဖြစ်ဦးမှာတဲ့။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲ-ဖြစ်တာပဲနော် (မှန်ပါ တယ်ဆရာ)။ အဲဒါကြောင့် ဒီအကျိုးတရားငါးပါးသည် သူမဖြစ်ဘူးဆိုတာ အခိုက်အတန့် ဒီလောကပဲ နေမှာတဲ့။ သံသရာလည်တဲ့အခါကျတော့ ဒီအကျိုးတရားငါးပါးဟာ သူမုချတွေ့ဦးမှာတဲ့။ မတွေ့ ဘူးလား (တွေ့မှာပါဆရာ)။ ဒါကြောင့် သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်တဲ့အခါ ကျတော့ ဒီအကျိုးတရားငါးပါးပါ ထည့်လည်ပါတဲ့။ လည်ပုံလည်နည်း ပြထားတယ်နော် (မှန်ပါတယ် ဆရာ)။ ဒါဖြင့် လည်ကြစို့ -

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့် ဇာတိဖြစ်၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ နားလည်ရဲ့လား။ ငါးအခုပြောတာ (နားလည်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ မှတ်ထားနော်။ ဒါဖြင့်ယင် အခု ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်ဆိုတော့ အကျိုးခုနစ်ပါး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ အဲဒီ အကျိုး ခုနစ်ပါးဆိုတဲ့တရားဟာ အကြောင်းခံပေးမှ အကြောင်းဖြစ်မှ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့် ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ဖြစ်။

ပြီးတော့မှ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝဖြစ်။ နားလည်လား။ ဒီကောင်မသိဘူးထင်တယ်။ သွားပြီး သွားပြီ ဘယ်နှဲ့ဖြစ်ပါ့။ မျက်စိလည်သွားပြီ။ ဇာတိကြောင့် ဘာဖြစ်တယ် (ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့ဖြစ်ပါတယ်ဆရာ)၊ ခုနစ်လုံးဖြစ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒီ ခုနစ်လုံးပြန် အကြောင်းခံလိုက်ပါလား။

ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ကိုင်း-ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝဖြစ်။ နားလည်လား၊ (အာသဝဆိုတာ ဘာတုံး၊ ဆရာ)။ ပြီးတော့ ငါပြောမပေါ့ကွ။ ငါဖြစ်သလို လိုက်ဖြစ်စမ်းပါဦးဟ။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝဖြစ်ဆို။ (ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝဖြစ်)။ အေး-ဟုတ်ပြီ၊ ဒီလိုဆိုတော့ ဇရာ မရဏဟာ ဘာဖြစ်သွားတုံး (အကြောင်းဖြစ်ပါတယ်ဆရာ)၊ ဟော-နေရာကျသွားပြီနော် (မှန်ပါတယ်ဆရာ)၊ အကြောင်းဖြစ်လာပြီ

http://www.dhammadownload.com

ဇရာ မရဏ တို့လူစုတော့ အကြောင်းဖြစ်သွားပြီနော် (မှန်ပါတယ်ဆရာ)၊ ကိုင်း-သူတို့ အကြောင်းဖြစ်တော့ အာသဝဘာဖြစ် (အကျိုးဖြစ်လာပါတယ်ဆရာ)၊ ဩော် - အကျိုး ဖြစ်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ အာသဝကြောင့် အဝိဇ္ဇာဖြစ်ဆိုတော့ အာသဝ ဘာဖြစ်သွား (အကြောင်းဖြစ်လာပါတယ်ဆရာ)၊ ဩော်-အကြောင်းဖြစ်သွားပြီ ဟုတ်လား (မှန်ပါ တယ်ဆရာ)၊ ကိုင်း-အာသဝကြောင့် အဝိဇ္ဇာဖြစ်ဆိုတော့ အာသဝက အကြောင်းဖြစ်မနေဘူးလား (အကြောင်းပါဆရာ)၊ အဝိဇ္ဇာဘာဖြစ် (အကျိုးပြန်ဖြစ်ပါတယ်ဆရာ)။

ဩော်-နေရာကျသွားပေါ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဩော်-အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ ဆက်ဆိုစမ်း၊ မဆိုတတ်ဘူး ထင်တယ် (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာ ကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့် ဇာတိဖြစ်၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ဖြစ်။) ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် (အာသဝဖြစ်)။ တော်လဲတော်တဲ့အကောင် "မပေါက်ခင် တဝကြီး" ဆိုတာ မင်းကိုယ်ကွနော်၊ ဟုတ်ပြီ၊ ဥပါယာသတို့ကြောင့် အာသဝဖြစ်၊ အာသဝကြောင့် (အဝိဇ္ဇာဖြစ်)။ ဆို-အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ် လှည့်သွားပြီ၊ လှည့်သွားပြီဆိုပါ။ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့် ဇာတိဖြစ်၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ဖြစ်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝဖြစ်။ အာသဝကြောင့် အဝိဇ္ဇာဖြစ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်။ ထပ်မိသွားပြီလား (ထပ်မိသွားပါပြီဆရာ)၊ နောက်တစ်ခါ ဝက်သားဟင်းပါယင် ဆွမ်းတော်တင် ကောက်ဦးမှာလား (မကောက်ပါဘူးဆရာ)၊ မှတ်မိလား (မှတ်မိပါပြီဆရာ)။ ဘယ်တော့ ဆုံးဦးမှာတုံး (မဆုံးနိုင်ပါဘူး ဆရာ)။ အေး-မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ အကြောင်းအကျိုး အကြောင်းအကျိုး ဆက်စပ်ပြီးတော့ လည်သွားပုံ ဒီလိုမှ လည်ဖြစ်တယ်။ စောစောက အင်္ဂါဆယ့်နှစ်ရပ်အနေအားဖြင့် ကြည့်လိုက်ယင် အဝိဇ္ဇာ အကြောင်းတရားက စလိုက်တယ်၊ ဇရာမရဏ အကျိုးတရားကျဆုံး၊ တစ်ခုနှင့်တစ်ခုဆက် ရ သေးရဲ့လား၊ (မရပါဘူးဆရာ)။ ဇရာမရဏကြောင့် အဝိဇ္ဇာ ဖြစ်တယ်လို့ ဆက်ရမှာလဲ အခက်ကိုးကွ

http://www.dhammadownload.com

နော်၊ ဟုတ်မှ မဟုတ်ဘဲ၊ (မှန်ပါတယ်ဆရာ) ဇရာမရဏကြောင့် အဝိဇ္ဇာဖြစ်နိုင်ပါ့မလား၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူး။ ဒါ့ကြောင့် ဒီအဝိဇ္ဇာက စပြီးတော့ ဇရာမရဏ လာဆုံး၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အဆက်မပြတ် လည်တယ်ဆိုတာ ဒီနေရာ အပြတ်ကြီးဖြစ်နေပါလားလို့၊ ဒီလို ဖြစ်နေတယ်နော်၊ (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒါဟာ အဋ္ဌကထာဆရာက ဆက်ပြတဲ့နည်း။

"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောတိ" ဟိ အဝိဇ္ဇာယ ကာရဏံ ဝုတ္တံ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၂၄)

အဝိဇ္ဇာပေါ်လာတာကိုက အာသဝကြောင့် နော်၊ (မှန်ပါတယ်ဆရာ)။ အာသဝ ဘယ်သူ့ကြောင့်လဲ ဆိုတော့ အာသဝက ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေကြောင့် အာသဝ ဖြစ်တာပေါ့။ ဒီလို မလာဘူးလား၊ (မှန်ပါတယ်ဆရာ)။ ဒီတော့ ဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)။ အေး - ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လို အဆက်မပြတ် လည်တယ်ဆိုတဲ့ သူပြော ငါပြော ပြောနေတဲ့အတိုင်း လည်ပြစမ်းပါဆိုယင် အင်္ဂါဆယ်နှစ်ရပ်အတိုင်းသာ လက်ထောက်ပြမယ်ဆို အပြတ်ကြီးဖြစ်၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

အင်္ဂါဆယ့်နှစ်ရပ်အတိုင်း လည်မယ်ဆိုယင် အပြတ်ကြီးက ဖြစ်နေ၊ ဘယ်ဆက်လို့တုံး၊ မရပ်မနားဘဲနဲ့ ဆက်စပ်ပြီးတော့ လည်နေတယ်ဆိုတာ ဘယ်လည်လို့တုံး ဆိုလို့ရှိယင် အဖြေရခက်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးသည် အဆက်မပြတ် ဆက်စပ်ပြီး လည်တယ်ဆိုတာ ဒီလိုလည်တယ်လို့ လည်ပြမှ သဘာဝကျမယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "အာသဝသမုဒယာ အဝိဇ္ဇာ"လို့ အဋ္ဌကထာက တိုက်ရိုက်ပြထားတော့ ဩော် - အဝိဇ္ဇာ စဖြစ်ကတည်းက အာသဝက အကြောင်းခံလာ၊ ဒီအာသဝအကြောင်းခံလို့ အဝိဇ္ဇာဆိုတဲ့ အကျိုးတရားပေါ်လာတယ်။ အဲ့ဒီအဝိဇ္ဇာ အကျိုးတရားပေါ်လို့ အဝိဇ္ဇာကြောင့် သင်္ခါရ လာဖြစ်ရတယ်လို့ အကျိုးအကြောင်းဆက်၊ ဒီအာသဝေါတရားကလည်း ဘာ့ကြောင့် ပေါ်သလဲလို့၊ အကြောင်းရှာလိုက်တော့ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေကြောင့် သူဖြစ်တာတဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေက ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်၊ ဇာတိကြောင့် ဖြစ်တာ ပေါ့တဲ့။ ဇာတိဆိုတော့ ပဋိသန္ဓေရလာလို့ ဖြစ်တာပေါ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဇာတိ ဘာကြောင့်ဖြစ်၊ ဘဝကြောင့်ဖြစ်။ ဒီလိုမလာဘူးလား (မှန်ပါတယ်ဆရာ)။ ဘဝက ဘာကြောင့် ဖြစ်ပါလိမ့်၊ ဥပါဒါန်ကြောင့် ဖြစ်၊ ဥပါဒါန် ဘာကြောင့် ဖြစ်ပါလိမ့်၊ တဏှာကြောင့် ဖြစ်နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)။ တဏှာ ဘာကြောင့်ဖြစ်၊ ဝေဒနာကြောင့်ဖြစ်၊ ဝေဒနာ ဘာကြောင့်ဖြစ်၊ ဖဿကြောင့်ဖြစ်၊ ဖဿ ဘာကြောင့်ဖြစ်၊ သဠာယတနကြောင့် ဖြစ်၊ သဠာယတန ဘာကြောင့် ဖြစ်ပါလိမ့်၊ နာမ်ရုပ်ကြောင့်ဖြစ်၊ နာမ်ရုပ် ဘာကြောင့် ဖြစ်ပါလိမ့်၊ ဝိညာဏ်ကြောင့်ဖြစ်၊ ဝိညာဏ် ဘာကြောင့် ဖြစ်ပါလိမ့်၊ သင်္ခါရကြောင့်ဖြစ်၊ သင်္ခါရ ဘာကြောင့် ဖြစ်ပါလိမ့်၊ အဝိဇ္ဇာကြောင့်ဖြစ်၊ အဝိဇ္ဇာ ဘာကြောင့် ဖြစ်ပါလိမ့်၊ အာသဝကြောင့်ဖြစ်၊ အာသဝ ဘာကြောင့် ဖြစ်ပါလိမ့်၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် ဖြစ်၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဘာကြောင့် ဖြစ်ပါလိမ့်၊ ဇာတိကြောင့်ဖြစ်၊ ဇာတိ ဘာကြောင့်ဖြစ်၊ ဘဝကြောင့်ဖြစ်၊ ဘဝ ဘာကြောင့်ဖြစ်၊ ဥပါဒါန်ကြောင့်ဖြစ်၊ ဥပါဒါန် ဘာကြောင့်ဖြစ် ပါလိမ့်၊ တဏှာကြောင့်ဖြစ်။ ဆုံးနိုင်သေးရဲ့လား (မဆုံးနိုင်ပါဘူးဆရာ)။ အဲ့ဒါ ပဋိလောမနည်း အားဖြင့် ပြန်သွားတယ်နော် (မှန်ပါတယ်ဆရာ)။

အနုလောမနည်းအားဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသကြောင့် အာသဝ၊ အာသဝကြောင့် အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသကြောင့် အာသဝ၊ အာသဝကြောင့် အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ။ ရပ်လို့ ရသေးရဲ့လား၊ (မရပါဘူးဆရာ)၊ ဒါ အနုလောမနည်းနော် (မှန်ပါတယ်ဆရာ)။

ပဋိလောမနည်းကော ပြန်တတ်ရဲ့လား၊ အဆုံးကနေ ပြောင်းပြန်ပြန်၊ (တဖြည်းဖြည်းတော့ ပြန်တတ်ပါတယ်ဆရာ)။ ဩော် - ဖြည်းဖြည်းတော့ ပြန်တတ်ပါတယ်။ အဲ့ဒါ ဖြည်းဖြည်းပြန် တတ်လို့ရှိယင် စာရွက်ထဲ ကြည့်ပြန်နော် (မှန်ပါတယ်ဆရာ) သေချာစွာ စာရွက်ထဲကြည့်မှ ငါလည်ပြ ထားတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် အပြတ်က တစ်ခု၊ အဆက်က တစ်ခု၊ နှစ်ခုမနေဘူးလားကွာ (နှစ်ခု ပါဆရာ)၊ အပြတ်ဆိုတာ အင်္ဂါဆယ်နှစ်ရပ်၊ နည်းအားဖြင့် ချုပြလို့ရှိယင် အပြတ်ကြီးဖြစ်မနေဘူး လား (အပြတ်ကြီးပါဆရာ)၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးသည် အဆက်မပြတ် လည်တယ်ဆိုတဲ့ စကားဟာ

http://www.dhammadownload.com

ခပ်မှားမှားဖြစ်နေ၊ ဒီလို မနေဘူးလားကွာ (မှန်ပါတယ်ဆရာ)။ ဘုရားကိုယ်တော်မြတ် ဟောထားတာ၊ မမှားနိုင်ပါဘူးတဲ့၊ သတ္တဝါတစ်ယောက်သည် သံသရာစက်ရဟတ်ကြီးထဲမှာ အဆက် မပြတ် စက်ရဟတ်လိုပဲ မထပ်မနား ရဟတ်ချားလိုပဲ လည်နေတယ်ဆိုတာ ဒီပုံဒီနည်း လည်တယ်။ ဒီလိုလည်တဲ့နည်း ပြစမ်းပါဆိုတော့ စောစောက အပြင်ကို ဖယ်ထားတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ အကျိုးတရားငါးပါး၊ ဇရာမရဏနှင့် တွဲလိုက်ရတယ်နော် (မှန်ပါတယ် ဆရာ) ဒီတရားငါးပါးဟာ မုချအကျိုးမဟုတ်လို့သာ အပြင်ထုတ်ထားတာတဲ့၊ သံသရာမှာ လည်တော့ သူကပါတယ်တဲ့၊ မပါဘူးလား (ပါလာပါတယ်ဆရာ)။

အေး - ဒါကြောင့် သံသရာလည်ပုံ လည်နည်း ပြစမ်းပါဆိုယင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး ထည့်ပြရမယ်နော် (မှန်ပါတယ်ဆရာ)။ အေး - ဒါကြောင့် အခုပြတဲ့ လည်ပုံလည်နည်းကိုပေါ့လေ။ အခု ရပ်လို့ကို မရတော့ဘူးဆိုတဲ့ လည်ပုံလည်နည်းကို အခုည သင်ကြားပေးလိုက်တဲ့အတိုင်း ကိုယ့်အိမ်ကို ရောက်တဲ့အခါကျတော့ ပြန်ပြီးတော့ လည်ကြည့် စမ်းနော် (မှန်ပါတယ်ဆရာ)။ စာလုံးတွေ ခုလောက်ရှိ ကျက်မှတ်ထားလို့ ရှိယင်လည်း ဆိုတတ်ပါပြီ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝ၊ အာသဝကြောင့် အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ ဆက်မိရဲ့လား (ဆက်မိပါပြီဆရာ)။ အဲ့ဒီလို ရပ်မရအောင် သံသရာစက် ရဟတ်ကြီး အဆက်မပြတ် မရပ်မနားဘဲနဲ့ ရဟတ်ချားကဲ့သို့ လည်ပုံလည်နည်းဆိုတာ ဒီနည်းအတိုင်းမှတ်။

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ၊ ဘယ်နှစ်လုံးရှိ။ (ဆယ့်နှစ်လုံးပါဆရာ)၊ ဒီဆယ့်နှစ်လုံးသော တရားကိုတော့ အင်္ဂါဆယ့်နှစ်ပါး အဲ့ဒါ အပြင်စက်ဝိုင်းမှာပါတာ။ အဝိဇ္ဇာကစ၊ ဇရာမရဏဆုံး။ တစ်ဆယ့်နှစ်လုံး သောတရားသည် အင်္ဂါဆယ့်နှစ်ပါး ခေါ်၏။ အဲ့ဒီ တစ်ဆယ့်နှစ်လုံးသော တရားကို အင်္ဂါတစ်ဆယ့် နှစ်ပါးလို့၊ ပဋိစ္စသမုပ္ပါဒ်မှာ မူအားဖြင့် ဟောတာက မုချအကြောင်း မုချအကျိုး၊ ဒီတရားတွေ စုပေါင်းပြီးတော့ ဟောထားတာ။ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ မုချအကြောင်း မုချအကျိုး ဗျာပါဒနှစ်ချက် နှစ်ချက်မထွက်ဘူးလား၊ (ထွက်ပါတယ်ဆရာ) ဒါ အကြောင်းဖြစ်ယင်လည်းပဲ မုချအကြောင်း မှန်ရမယ်၊ အကျိုးဖြစ်ယင်လည်း မုချအကျိုး မှန်ရမယ်။ ဒီလို မုချအကြောင်းနဲ့ မုချအကျိုး

http://www.dhammadownload.com

နှစ်မျိုးရတဲ့ တရားများ စုပေါင်းပြီးတော့ အင်္ဂါဆယ့်နှစ်ပါးဆိုပြီးတော့ ဟောထားတာ။ အဲဒါ မြဲမြဲစွဲစွဲ မှတ်ထား၊ ကိုင်း - ကောင်းပါပြီ။ ဒီအတိုင်း သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်ပြစမ်းပါဆိုတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာ မရဏဖြစ်တယ်ဆိုတော့ ရှေ့ဆက်စရာရှိသေးလား၊ (မရှိပါဘူးဆရာ)။ ရပ်မနေဘူးလား၊ (ရပ်နေပါတယ် ဆရာ)။ ဒါဖြင့် ဇရာ မရဏတင်ရပ်သွားတာပေါ့၊ (မှန်ပါတယ်ဆရာ)။ ဘယ်ကစ (အဝိဇ္ဇာက စတာပါ ဆရာ)။ အေး အဝိဇ္ဇာကစ၊ ဇရာ မရဏတင်ရပ်နေတော့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် လည်တယ်ဆိုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်တော့ပါဘူးဆရာ)။

ဒီအတိုင်းဆိုလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် အပြတ်ကြီး ဖြစ်နေတာပေါ့ကွနော်၊ (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လို့ ဟောထားတော့ အဆက် မပြတ်လည်ရမယ်လို့ ဒီလို ဟောတယ်။ ဒါပေမဲ့ အဆက်မပြတ်လည်ပုံ လည်နည်း ပြစမ်းပါဆိုတော့ မနေ့ညက လည်ပြလိုက်တယ် မှတ်မိသေးလား၊ (မှတ်မိပါတယ်ဆရာ)။ လည်စမ်း၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်တယ်၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသကြောင့် အာသဝ ဖြစ်တယ်၊ အာသဝကြောင့် အဝိဇ္ဇာ ဖြစ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။) ဆက်သွားပြီနော်၊ (ဆက်သွားပါတယ်ဆရာ)။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မနေ့ကတောင် အခေါက်ခေါက် အခါခါ ဆက်သွားသေး။ ဒီကနေ့ ပြတ်တောင်းပြတ်တောင်းဖြင့် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊

ဒီလိုဆိုတော့ ရပ်လို့ရသေးလား (မရပါဘူးဆရာ)၊ ဂျာအေး သီချင်းလိုပေါ့ကွနော် (မှန်ပါ တယ်ဆရာ)၊ အဆုံးအစ ရှာမရတော့ဘူး၊ ရသေးရဲ့လား (မရပါဘူးဆရာ)။ အဲဒီလိုလည်မှ ပဋိစ္စ သမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ်လည်တယ်လို့ ဒီလိုခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ၊ ဒီလိုလည်တော့ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်ဆိုတဲ့နေရာမှာ ဇာတိက အကြောင်း

http://www.dhammadownload.com

တရား၊ ဇရာ မရဏက အကျိုးတရားလို့။ ဒီအင်္ဂါဆယ့်နှစ်ရပ် ရပ်ထားပြီး သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးတော့ ဘာကြောင့် အင်္ဂါဆယ့်နှစ်ရပ်ထဲ မသွင်းသလဲလို့ မေးတော့ သူတို့က မုချအကြောင်း မုချအကျိုး မဟုတ်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)။ ဇာတိရတိုင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး ရကောင်းရဲ့လား (မရကောင်းပါဘူးဆရာ)၊ မရကောင်းဘူးနော် (မှန်ပါတယ်ဆရာ) လွတ်တဲ့ပုဂ္ဂိုလ် လွတ်နေတယ်။ မဟုတ်လား (လွတ်နေပါတယ်ဆရာ)၊ လွတ်တဲ့ဘုံ လွတ်တယ် မဟုတ်လား (လွတ်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီပုဂ္ဂိုလ်တွေက ဒီပုဂ္ဂိုလ်ဘဝက လွတ်ပေမယ့် အခိုက်အတန့်အားဖြင့် လွတ်ပေမယ့် နောက်ပြန် ဆက်မယ်မဟုတ်လား (ဆက်ပါတယ်ဆရာ)။

အဓိပ္ပါယ်အားဖြင့်ကွယ် ပြဟ္မာဖြစ်နေတဲ့ ပုဂ္ဂိုလ်များသည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ အကျိုးတရားငါးပါး လွတ်နေတယ်တဲ့။ ပြဟ္မာဖြစ်ဆဲ အခါနော် (မှန်ပါတယ်ဆရာ)၊ သူတို့မှာ သောက မရှိဘူး၊ ပရိဒေဝ မရှိဘူး၊ ဒုက္ခမရှိဘူး၊ ဒေါမနဿ မရှိဘူး၊ ဥပါယာသမရှိဘူး။ ဒါပေမယ့် ပြဟ္မာ့ဘဝ ပြဟ္မာသက်သက်သာ ဒီငါးပါး လွတ်တော့မပေါ့၊ အောက်အောက်သောဘုံကို စုန်ပြီးဖြစ်လာတဲ့အခါကျတော့ ပြန်မတွေ့ဘူးလားကွာ (တွေ့ပါတယ် ဆရာ)၊ သံသရာ့စက်ရဟတ် လည်ပုံကိုးကွနော်။ အဲဒါကြောင့် ၎င်းသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ အကျိုး တရားငါးပါးဟာ ရတဲ့အခါ ရတယ်၊ မရတဲ့အခါ မရဘူး၊ ဖြစ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ မဖြစ်တဲ့ပုဂ္ဂိုလ် မဖြစ်ဘူး ဆိုတော့ သူက မုချအကျိုး မခေါ်ရဘူး၊ ဇာတိရတိုင်း ဒီတရား ငါးပါးသည် မုချဖြစ်မယ်လို့ မဆိုနိုင်၊ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘူးဆရာ)၊ မုချဖြစ်မယ်လို့ မဆို နိုင်ဆိုတော့ မုချအကျိုး ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)၊ မဟုတ်ဘူး၊ အဲဒါ မဟုတ်တော့ စောစောက မုချအကြောင်း မုချ အကျိုး အစစ်သာဖြစ်သော အင်္ဂါဆယ့်နှစ်ပါးထဲမှာ ထည့်ပြီးဟောလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူး။ ဒါကြောင့် မဖြစ်လို့ မုချအကြောင်း မုချအကျိုး စစ်ဖြစ်သော အင်္ဂါဆယ့်နှစ်ရပ်က ထုတ်ပယ် ထားတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါလေးတွေ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ မှတ် ထားနော်။

သေသေချာချာ တော်တော်ကြာ တစ်ယောက်ယောက်က မေးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် လည်တယ်ဆိုတာ လည်ပြစမ်းပါဆိုယင် ဒီလည်ပုံလည်နည်း မမှတ်သားမိယင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်နဲ့ သွားလိုက်တာ ဇာတိကြောင့် ဇရာမရဏဖြစ်၏ ဆိုပြီးတော့ ဇရာ မရဏကျတော့ ဆက်မရတော့ဘူး။ ဘယ်လည်လို့ တုံးဆိုတော့ မျက်စိလေး ကလည်ကလည် ဖြစ်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com

အပြတ်ကြီး အရပ်ကြီးပါလား ဆိုယင် ခက်နေ။ ဒါကြောင့် အဋ္ဌကထာဆရာက "'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောတိ" ဟိ အဝိဇ္ဇာယ ကာရဏံ ဝုတ္တံ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၂၄) လို့ တိုက်ရိုက်ဟောထားတော့ ဒီအဝိဇ္ဇာကိုက အာသဝေါတရားလေးပါးကြောင့် ဖြစ်လာတဲ့ အဝိဇ္ဇာလို့ ဟော၊ အာသဝကြောင့် အဝိဇ္ဇာဖြစ်တယ် ဆိုတော့ အဝိဇ္ဇာ အကျိုးဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ အေး - စောစောတုန်းက အကြောင်းနော် (အကြောင်းပါဆရာ)၊ ဟုတ်ပြီ၊ အာသဝကြောင့် အဝိဇ္ဇာဖြစ်ရတယ်။ အာသဝသည် အဝိဇ္ဇာရဲ့ နီးသောအကြောင်း ခေါ်တယ်၊ ပဒဋ္ဌာန်ခေါ်တယ်။

ဒါဖြင့် ကောင်းပါပြီ၊ ဒီအာသဝေါတရားကကော အကြောင်းမရှိဘဲနဲ့ ဖြစ်လာသလားမေးတော့ အာသဝေါတရားက ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားတွေကြောင့် အာသဝဖြစ်တာတဲ့။ ဒီလိုမလာဘူးလား (မှန်ပါတယ်ဆရာ)၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတွေက ဘယ်သူကြောင့်ဖြစ် ဇာတိကြောင့်ဖြစ်၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပဋိလောမနည်းအားဖြင့် ဒီလိုပြန်သွား အဝိဇ္ဇာထိအောင်ပြန်သွား ဒါပဋိလောမ ခေါ်တယ်။

အနုလောမက အဝိဇ္ဇာကနေ စလှည့်ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ အဝိဇ္ဇာကစ၍ ဇရာ မရဏ ဆုံးတယ်ဆိုတဲ့ အင်္ဂါဆယ့်နှစ်ရပ်အနေအားဖြင့် ဟောကြားသောနည်းက တစ်နည်း၊ သတ္တဝါတစ်ဦးတစ်ယောက်သည် သံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ်လည်တယ်ဆိုတဲ့ လည်ပုံလည်နည်းက တစ်နည်း မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သံသရာစက်ရဟတ် အဆက်မပြတ် သတ္တဝါတစ်ဦးတစ်ယောက် လည်ပုံလည်နည်း ပြပါဆိုလို့ရှိယင် ခုချပြတဲ့အတိုင်းနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက စ၊ "ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုတော့ ရပ်မရဘူးနော် (မှန်ပါတယ်ဆရာ)၊ ဆက်လည်မသွားဘူးလား (လည်ပါတယ်ဆရာ)၊ အဲသလို ကျကျနန တိတိပပ ရှိအောင်လည်း မှတ်သားထား။ ဒါပဋိစ္စသမုပ္ပါဒ်အနေအားဖြင့် သတ္တဝါ တစ်ဦးတစ်ယောက်သည် "သံသာရော ပုဗ္ဗကောဋိ န ပညာယတိ-သံသရာ၏ အစအဆုံး မမြင် နိုင်ဘူး၊ မထင်နိုင်ဘူး" လို့ သံသရာကြီး အမြဲမပြတ် တရစပ် လည်နေတယ်။ ဘယ်တော့မှ မရပ် နိုင်ဘူး၊ ရပ်လို့များ ရသေးရဲ့လားဟ (မရပါဘူးဆရာ)၊ သေချာကြည့်နော်။ သမာဓိလည်း ကောင်း ကောင်းထား။

ဒီတော့ သမ္မုတိပညတ်အနေအားဖြင့် သမ္မုတိသစ္စာအနေအားဖြင့် ဘာပြောလဲဆိုတော့ သုံးဆယ့်တစ်ဘုံ စုန်ချီ ဆန်ချီတဲ့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ခွေး ဝက် ကြက်

http://www.dhammadownload.com

ငှက်ဖြစ်လိုက်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးဖြစ်လိုက်၊ အပါယ်သတ္တဝါ ဖြစ်လိုက်၊ တော်ကြာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ အပါယ်လေးပါးသတ္တဝါဖြစ်လိုက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရပ်လို့ရသေးရဲ့လား (မရပါဘူးဆရာ)၊ အဲဒီလို သမ္မုတိသစ္စာ အနေအားဖြင့် ဒီလိုပဲပြောထားတယ်၊ ဒီသတ္တဝါကောင်ပဲ တော်ကြာ လူဖြစ်ပြန်ပေါ့၊ တော်ကြာ နတ်ဖြစ်ပြန်ပေါ့၊ တော်ကြာဗြဟ္မာဖြစ်ပြန်ပေါ့၊ တော်ကြာ ခွေး ဝက် ကြက် ငှက် တိရစ္ဆာန်ဖြစ်ပြန်ပေါ့၊ တော်ကြာ ငရဲကျပြန်ပေါ့၊ တော်ကြာ ဒီငရဲက တက်လာပြီးတော့ လူဖြစ်ပြန် နတ်ဖြစ်ပြန် ဗြဟ္မာ ဖြစ်ပြန်။ သုံးဆယ့်တစ်ဘုံမှာ ဆုံလည်သောန္ဒား ရဟတ်ခြားကဲ့သို့ မထပ်မနား လည်နေတယ်လို့ သမ္မုတိသစ္စာ အနေအားဖြင့် ပြောတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်ကို ထင်ပြီး မြင်ပြီး ပုဂ္ဂိုလ်များအတွက် ဆိုတော့ ပြောရ ဆိုရ ပြရ သရတာမှာ သက်သာတယ်။ တချို့များ ပဋိစ္စသမုပ္ပါဒ်အားလုံး လူပြိန်းများ နားလည်အောင်ဆို ပဋိစ္စသမုပ္ပါဒ်ဟောတာ၊ စက်ဝိုင်းကြီးလုပ် စက်ဝိုင်းကြီးလုပ်ပြီးတော့ စက်ဝိုင်းကြီး ဘာတွေလျှောက်ပြီးတော့ ရေးသားသလဲ ဆိုလို့ရှိယင် ဗြဟ္မာရုပ်တွေ၊ နတ်ရုပ်တွေ၊ လူရုပ်တွေ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဗြဟ္မာကလည်း ဗြဟ္မာမင်းကြီး၊ နတ်ကလည်း နတ်မင်းကြီး၊ လူလည်း ပဒေသရာဇ် ဧကရာဇ် စကြာဝတေး မန္ဓာတ်၊ ခွေးရုပ်တွေ ဝက်ရုပ်တွေ ကြက်ရုပ်တွေ နွားရုပ်တွေ ငှက်ရုပ်တွေ အပါယ်လေးပါး သတ္တဝါကောင်တွေ စက်ဝိုင်းကြီး ဘေးပတ်ပတ်လည် အရုပ်တွေ စီကာစဉ်ကာနဲ့ လျှောက်ရေး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စီကာစဉ်ကာနဲ့ လျှောက်ရေးပြီးတော့ ဒီစက်ဝိုင်းကိုင်ပြီးတော့ ဘေးကနေ တစ်ရွေ့ရွေ့နဲ့ လှည့်ပြတယ်။ ကြည့်ဟဲ့ ကြည့်ဟဲ့ ကြည့်ဟဲ့ အခုနဗြဟ္မာရုပ်က ဘယ်ဟာတုံး ထိပ်ဆုံးကပါ၊ ကြည့်ကြည့်ကြည့်၊ တော်ကြာတော့ ဗြဟ္မာဘယ်ရောက်သွားတုံး အောက်ဆုံးဖြစ်သွားပါလား။ ဒီလိုကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ "နိမ့်တုံ မြင့်တုံ"ဆိုတဲ့ အနေအားဖြင့် သုံးဘုံသူ သုံးဘုံသား တွေ ရဟတ်ခြားကဲ့သို့ မထပ်မနား လည်နေတယ်ဆိုတာ ဘဝအားဖြင့် နိမ့်လိုက် မြင့်လိုက်၊ ဗြဟ္မာ ဖြစ်လိုက်၊ တော်ကြာ "ဗြဟ္မာပြည်က တဝင်းဝင်း၊ ဝက်စားကျင်းကတရှုံ့ရှုံ့" ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ အဲဒီလိုလဲ ချပြီးပြကြတယ်လို့။ အဲဒါကတော့ လုံးလုံးဘာမှ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ မပြတ်သားတဲ့ပုဂ္ဂိုလ်များအဖို့ ဩော် - သံသရာကြီး တို့ရတဲ့ဘဝသည် ဒီလိုပါလား။ လက်စသတ်တော့ တို့ဗြဟ္မာဖြစ်ပေါင်းလည်း များခဲ့ပေါ့၊ နတ်ဖြစ်ပေါင်းလည်း များခဲ့ပေါ့၊ လူဖြစ် ပေါင်းလည်း များခဲ့ပေါ့၊ ခွေး ဝက် ကြက် ငှက် တိရစ္ဆာန်ဖြစ်ပေါင်းလည်း များခဲ့ပေါ့၊ ငရဲလား ခဲ့ပေါင်းလည်း များခဲ့ပေါ့၊ ဘဝသင်္ချာသင်္ချေ မရေတွက်နိုင်အောင်များ ဒီလိုလည်တယ်လို့ ဒီလို ပြတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာမှ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ မပြတ်သားတဲ့ ပုဂ္ဂိုလ်များအတွက် ဆိုပြီးတော့

http://www.dhammadownload.com

သက်သက် တချို့လည်း ကြံဖန်ပြီးတော့ ပြကြတယ်။ အဲဒီ အသိ လောက် သိရုံတော့ ဒါပရမတ်ပေါက်၊ ခတ်ပေါက်လည်း မခေါ်ဘူး။ ပဋိစ္စသမုပ္ပါဒ် "အနညာ ဝိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်းကြောင့်လည်းကောင်း" ဆိုတဲ့ ပုဒ်လည်း မကျော်နိုင် သေးဘူးနော် (မှန်ပါတယ်ဆရာ)။ ဒီအသိလောက်ကတော့ သာမန်ရှိသေးတယ်၊ ဘာမှအကြောင်း မထူးဘူး။ ဒီအသိလောက်ရှိလို့ ဘာပြုလို့ ကမ္မဿကတ-ကံ, ကံ၏အကျိုး ယုံကြည်ကြတဲ့ တို့ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေက နားထဲလျှံနေပြီ၊ ဘယ်နှယ့်လျှံနေတုံး။ ဟာ-သေပြီး အခြားမဲ့ တော်ကြာတော့ အပါယ်လေးပါး ကျသွားယင် ကျသွားတာပဲ။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့ဘဝ ရောက်ချင်ရောက် သွားတာပဲ။

ကုသိုလ်ကောင်းမှုအားကြီးပြန်လည်း နတ်ဖြစ်ပြန်တာပဲ၊ ဗြဟ္မာဖြစ်ပြန်တာပဲ။ သိထားတယ် ကိုကွနော် (မှန်ပါတယ်ဆရာ)၊ မကောင်းသော ဒုဂ္ဂတိဘဝ၊ ကောင်းသော သုဂတိဘဝ၊ ကောင်းဂတိ၊ မကောင်း ဂတိဆိုတဲ့ နှစ်မျိုးရှိတဲ့အနက်က ရောက်ချင်ရာရောက်၊ လားချင်ရာလား၊ ဖြစ်ချင်ရာဖြစ်၊ အမျိုးမျိုးအဖုံဖုံ ဖြစ်ခဲ့ပြီးပြီဆိုတော့ တို့ကံ, ကံ၏အကျိုးယုံကြည်ကြတဲ့ တို့ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ မှန်မှန်သမျှတော့ သိပြီးသားဖြစ် အကြောင်းမထူးဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒါလောက်နဲ့ ပဋိစ္စသမုပ္ပါဒ်မှာ "အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ"လို့ မသိသုံးချက်မှာ အနညာ ဆိုတဲ့ နံပါတ်တစ်တောင် မကျော်နိုင်သေးဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့တုံးတဲ့ နတ်လည်း မရှိ၊ ဗြဟ္မာလည်းမရှိ၊ လူလည်းမရှိ၊ ခွေး ဝက် ကြက် ငှက် အပါယ်သတ္တဝါလည်းမရှိ၊ ပုဂ္ဂိုလ်သတ္တဝါ တို့ မရှိနော် (မှန်ပါတယ်ဆရာ)၊ သေသေချာချာကြည့်စမ်း။ လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲ၊ ခွေး ဝက် ကြက် ငှက် အပါယ်ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ပဲ၊ အကောင်အထည်ပဲ အသက်ဝိညာဏ်နဲ့ပဲ ဆိုလို့ရှိယင် ဘာသိ ပညတ်သိ (ပညတ်သိပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူသူငါငါ လူတကာ သိတဲ့အသိပဲ ရှိတယ်။ အဲဒီအသိနဲ့ စက်ဝိုင်းကြီးနဲ့လည်း ပြနေလို့ ဘာအကြောင်းထူး၊ ဘာမှ အကြောင်းမထူးဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်ကြီး နာရကြားရတယ်ဆိုတာ တို့များ တစ်မန်နေ့က ပြောသွားသလိုပဲ အင်္ဂါတစ်ဆယ့်နှစ်ရပ် တရား ဆယ့်နှစ်လုံးဟောထားတဲ့အနက်က ဆယ်နှစ်လုံး လုံးလုံးကြီး ပြတ်ပြတ်သားသား ရမယ်ဆိုယင် အတိုင်းထက်အလွန် ဝမ်းသာစရာပါပဲ။ ဒါပေမယ့် ဒီထဲက တစ်လုံးတစ်ပါဒပဲ ပြတ်ပြတ်သားသား ရလို့ရှိယင်လည်း ဝမ်းသာစရာပါပဲ။ ဒီလိုသွားရမယ်နော် (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် တို့များချပြမယ့် ပဋိစ္စသမုပ္ပါဒ်ကတော့ အဲ့ဒီ အင်္ဂါဆယ့်နှစ်ရပ် တရားဆယ့်နှစ်လုံးမှာ တစ်လုံးချင်း တစ်လုံးချင်း ဒီကအဓိပ္ပါယ်တွေ ရှင်းရှင်းသွားလိမ့်မယ်။

http://www.dhammadownload.com

ရှင်းသွားတဲ့အပြင် -ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သိပြီးသားပုဂ္ဂိုလ်တွေဆိုတော့ သံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ်လည်နေတာ။ ငါလည်သလား၊ သူလည်သလား၊ ပုဂ္ဂိုလ်လည်သလား၊ သတ္တဝါလည်သလား၊ နတ်တွေ ဗြဟ္မာတွေလည်သလား၊ ယောကျ်ား၊ မိန်းမလည်သလား၊ ခွေး ဝက် ကြက် ငှက်တွေ လည်သလား၊ အကောင်အထည်တွေ လည်သလားမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ မှတ်နေရတယ်၊ ဒီလိုပဲ လည်နေတာမှတ်၊ ဒီကောင်တွေလည်နေတာမှတ်နေ၊ မမှတ်ဘူးလားကွာ (မှတ်နေပါတယ်ဆရာ)၊ ဒီကောင်တွေပဲ ဒီပုဂ္ဂိုလ် သတ္တဝါတွေပဲ လည်နေတယ်လို့ ဒီလိုထင်နေ။ အဲ့ဒီအထင်မျိုး၊ အဲ့ဒီအသိမျိုးနဲ့ နေယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဝိုးတိုးဝါးတား သာမညအားဖြင့် သိတယ်လို့တောင် မဆိုနိုင်သေးပါဘူးလို့နော် (မှန်ပါတယ်ဆရာ)။

အေး - ဒါကြောင့် ပုဂ္ဂလ သတ္တ အတ္တဇီဝ ဆိုတဲ့ သဘောတရားတွေ မိမိတို့ အသိဉာဏ်ထဲမှာ ရှင်းပြီးလင်းပြီး ဆိုတဲ့ အနေအားဖြင့် သိလာမှ ဒါမှ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ဝိုးတိုးဝါးတား သာမညအားဖြင့် တို့တွေ သိရပြီပေါ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုသွားရမယ်၊ ဒါကြောင့် သံသရာကြီးမှာ လည်နေတာဟာ ငါလည်းမလည်ဘူး၊ သူလည်းမလည်ဘူး၊ ယောကျ်ား မိန်းမလည်း မလည်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါတွေလည်း မလည်ဘူး၊ နတ်တွေ ဗြဟ္မာ ခွေး ဝက် ကြက် ငှက်ဆိုတဲ့ အကောင်အထည်တွေလည်း မလည်ပါဘူးနော် (မှန်ပါတယ်ဆရာ)။

လည်နေတာ အခုပြထားတဲ့တရား ဆယ့်နှစ်ပါးလည်နေတာ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာကစကြည့် ဇရာမရဏထိအောင် သေသေချာချာကြည့်။ သံသရာဘယ်က စ (မသိတာက စပါတယ်)၊ အေးဟုတ်ပြီ။ မသိတာက ဘာတုံး (အဝိဇ္ဇာပါဆရာ)၊ အေးဟုတ်ပြီ။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ သံသရာဘယ်မှာ ဆုံး (အသိမှာ ဆုံးပါတယ်ဆရာ)၊ သိတစ်လုံးမှာဆုံး ပြေပြေပြစ်ပြစ် လုပ်စမ်းပါဟ။ သံသရာ ဘယ်မှာဆုံး (သိတစ်လုံးမှာ ဆုံးပါတယ်ဆရာ)၊ အေးဟုတ်ပြီ။ အသိမှာ ဆုံးတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သံသရာဘယ်ကစ (မသိတာက စပါတယ်ဆရာ)၊ သံသရာ ဘယ်မှာဆုံး (အသိတစ်လုံးမှာ ဆုံးပါတယ်ဆရာ)။

အေး အဲ့ဒီ သိတစ်လုံးမှ မပြတ်သားယင် သံသရာဆုံးပါ့မလား (မဆုံးတော့ပါဘူးဆရာ)၊ လည်ရဦးမှာပဲလို့ တစ်ဝဲလည်လည်နော် (မှန်ပါတယ်ဆရာ)၊ မရပ်မနားလည်ရ ကြောက်စရာလည်း အင်မတန်ကောင်းပါတယ်။ ဒါကြောင့် သံသရာကြီးမှာ လည်နေတယ် လည်နေတယ်ဆိုတာက ငါမလည်ပါ၊ သူမလည်ပါ၊ ပုဂ္ဂိုလ် သတ္တဝါ မလည်ပါ၊ ယောကျ်ား မိန်းမ မလည်ပါ၊ နတ် ဗြဟ္မာ ခွေး ဝက် ကြက် ငှက် ဆိုတဲ့ သတ္တဝါကောင်တွေ မလည်ပါနော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူလည်သလဲဆိုတော့ တရားဆယ့်နှစ်ပါး လည်နေတယ်ကြည့်စမ်း သေသေချာချာကြည့်။ သံသရာဘယ်ကစ

http://www.dhammadownload.com

မသိတာကစ၊ သံသရာ ဘယ်မှာဆုံး သိတစ်လုံးမှာဆုံး၊ "သံသရာ ဘယ်ကစ၊ မသိတာက စ"ဆိုတာ မသိတာဆိုတာက အဝိဇ္ဇာပဲ၊ မောဟ။ တရားကိုယ်ကောက်တော့ မောဟ၊ ဟောဒီ အဝိဇ္ဇာက စပြီးလည်လိုက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာတဲ့၊ အဝိဇ္ဇာဆိုတာ မြန်မာလိုပြန်တော့ ဘာခေါ်တုံး (မသိတာပါဆရာ)၊ ဟုတ်ပြီ မသိတာ။ တရားကိုယ်ကောက်တော့ သိလား (မောဟပါဆရာ)၊ အေးဟုတ်ပြီ။ မောဟစေတသိက်နော် (မှန်ပါတယ်ဆရာ)၊ ကိုင်း ကြည့်စမ်းကွယ်။ အဲဒီ အဝိဇ္ဇာခေါ်ထားတဲ့ မောဟစေတသိက်က လူလား (မဟုတ်ပါဘူးဆရာ)၊ နတ်လား (မဟုတ်ပါဘူးဆရာ)၊ ယောကျ်ား မိန်းမလား (မဟုတ်ပါဘူးဆရာ)၊ ဗြဟ္မာလား (မဟုတ်ပါဘူးဆရာ)၊ ခွေး ဝက် ကြက် ငှက်လား (မဟုတ်ပါဘူးဆရာ)၊ ငရဲသူ ငရဲသားလား (မဟုတ်ပါဘူးဆရာ)၊ အသူရကာယ်လား (မဟုတ်ပါဘူးဆရာ) ပြိတ္တာလား (မဟုတ်ပါ ဘူးဆရာ) အကောင်အထည်လား (မဟုတ်ပါဘူးဆရာ) အသက်လိပ်ပြာလေးနဲ့လား (မရှိပါဘူး ဆရာ)၊ ဘာမှမရှိဘူးပေါ့ (ဘာမှ မရှိပါဘူးဆရာ)၊ ဘာတရားတုံး (နာမ်တရားပါဆရာ)၊ ဟဲ ဟဲ ဟဲ တော်လဲ တော်တဲ့ကောင်။ မင်းက အင်္ဂလိပ်လို ပြောမှ နားလည်တယ်ဟုတ်လား။

နာမ်တရားလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မောဟစေတသိက်ကို ကွနော် (မှန်ပါတယ်ဆရာ)၊ စိတ်တရားနှင့် စေတသိက်တရားကို ဘာတရားခေါ်တယ် (နာမ်တရား ပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊ မင်းကသာ ရုပ်နာမ်တောင် မေ့ကုန်ပြီထင်တယ်၊ နာမ်တရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ မောဟဆိုတဲ့ စေတသိက် အဝိဇ္ဇာ ခေါ်ထားတဲ့ မောဟဆိုတဲ့ စေတသိက်လုံးလေး မင်းကိုင်လို့ရပဲ့မလား (မရပါဘူးဆရာ)၊ ကြည့် လိုက်ကော မြင်ပဲ့မလား (မမြင်နိုင်ပါဘူးဆရာ)၊ စမ်းကြည့်လို့ကော တွေ့နိုင်ပဲ့မလား (မတွေ့နိုင် ပါဘူးဆရာ)၊ အတုံး အလုံးအခဲလေးလား (မဟုတ်ပါဘူးဆရာ)၊ အထည် ဒြပ် သဏ္ဌာန်လေးနဲ့လား (မဟုတ်ပါဘူးဆရာ)၊ အဖြူ အပြာ အဝါလေးလား (မဟုတ်ပါဘူးဆရာ)၊ ပျော့ပျော့လေးလား မာမာလေးလား (မရှိပါဘူးဆရာ)၊ လေးထောင့်လေးလား သုံးထောင့်လေးလား (မပြနိုင်ပါဘူးဆရာ)၊ မပြနိုင်ဘူးလား (မှန်ပါတယ်ဆရာ)၊ အမှုန်အမွှားလေးလား (မရှိပါဘူးဆရာ)၊ အရည်အဖတ် ကလေးလား (မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူးပေါ့ (ဘာမှမရှိပါဘူးဆရာ)၊ ဘာရှိ (သဘောတရား သက်သက်ပါဆရာ)၊ အေး ဟုတ်ပြီ သဘောတရားနော် (မှန်ပါတယ်ဆရာ)၊ ဘာသဘောတရားတုံး (ပရမတ်သဘောတရားပါဆရာ)၊ ခွေးမသား ပရမတ်ဆိုတာ သဘောတရား မင်းပြောမှသိလား။ ဘာသဘောတရားတုံး၊ သူ့သဘောက ဘာတဲ့တုံး၊ ဘာလုပ်တတ်တုံး။ အဝိဇ္ဇာဆိုတဲ့ သဘော

http://www.dhammadownload.com

တရားက ဘာတုံး (မောဟသဘောတရားပါဆရာ)၊ မောဟဆိုတာ ဘာတုံး (မသိတာပါဆရာ)၊ အဲဒီလိုပြောပါကွ၊ မသိတဲ့ သဘောတရားလေး မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဘာမှမသိတတ်ဘူးပေါ့ (မသိတတ်ပါဘူးဆရာ)၊ သဘောတရားသက်သက်ကလေးပေါ့နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့် သမာဓိလည်း ကောင်းကောင်းထား၊ အဲဒီ ဘာမှမသိတတ်တဲ့။ ဒါက နမူနာယူစရာလေးပါ။ ပြီးတော့မှ လည်ပြမယ်။ တရားကိုယ် တစ်လုံးချင်း တစ်လုံးချင်း အဓိပ္ပါယ် ရှင်းပေးမယ်။ အားလုံး လူပြိန်းတွေ နားလည်အောင်ကြည့်ကြည့် သံသရာလည်ပုံတဲ့။ အဲဒီ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပြန်ရောတဲ့။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒီသင်္ခါရက အကောင် အထည်လေးလား (မဟုတ်ပါဘူးဆရာ)၊ ယောကျ်ား မိန်းမလား (မဟုတ်ပါဘူးဆရာ)၊ နတ်ဗြဟ္မာလား (မဟုတ်ပါဘူးဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါလား (မဟုတ်ပါဘူးဆရာ)၊ အသက်လိပ်ပြာလေးနဲ့လား (မဟုတ်ပါဘူးဆရာ)၊ ယောင်ထိုးလေးနဲ့လား (မပါပါဘူးဆရာ)၊ အကောင်အထည်လေးလား (မဟုတ်ပါဘူးဆရာ)၊ အမှုန်အမွှား အရည်အဖတ်ကော (မဟုတ်ပါဘူးဆရာ)၊ ဘာမှမဟုတ်ဘူးပေါ့ (ဘာမှမဟုတ်ပါဘူးဆရာ)၊ ဘာမှမဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)။ သဘောတရားသက်သက် ကလေးဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ သင်္ခါရကျမှ စေတနာသုံးမျိုး ကောက်ထားပါတယ်။ စေတနာစေတသိက်လေးတွေ ကောက်ထား။ သုံးမျိုးနော် (မှန်ပါတယ်ဆရာ)၊ အကျဉ်းလေးမှတ်၊ အကျဉ်းလေးမှတ်။ ဩော်-အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပြန်တယ်တဲ့။ ဒီနမူနာလေးအတိုင်း လှည့်ပြီးတော့ သွားကြည့်စမ်း။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန် ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်၊ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်ဆိုတော့ ဒီဆယ့်နှစ်လုံး လျှောက်ပြီးတော့ တစ်လုံးချင်း တစ်လုံးချင်း ဝေဖန်ကြည့်တဲ့အခါကျတော့ အကြမ်းဖျင်း အကြမ်းဖျင်း အဝိဇ္ဇာဆိုတဲ့ အလုံးလည်း သေသေချာချာရှာတော့ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အသက်လိပ်ပြာ မရှိ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မောဟစေတသိက်ကလေးတဲ့ နာမ်တရားလေး၊ သူ့ကြောင့် ဖြစ်လာတဲ့ သင်္ခါရ၊ တစ်ခါကြည့်ပြန်လည်း သင်္ခါရသည် အကောင်လားဟဲ့၊ လူလားဟဲ့၊ နတ်လားဟဲ့၊ ဗြဟ္မာလားဟဲ့၊ ပုဂ္ဂိုလ်သတ္တဝါလားဟဲ့၊ ယောကျ်ား မိန်းမလားဟဲ့ ကြည့် မဟုတ်ပြန်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရက ဘာတုံး။ စေတနာသုံးမျိုးဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စေတနာ သုံးမျိုးဆိုတာ တခြားမှတ်မနေပါနဲ့။

http://www.dhammadownload.com

မင်းတို့ငါတို့အခု နေ့နဲ့အမျှ တစ်ဖွားဖွားနဲ့ ဖြစ်ပေါ်နေတဲ့ စေတနာတွေ၊ အကုသိုလ်စေတနာတွေ ဖြစ်လိုက် အကုသိုလ်စိတ်တွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်ယင် အကုသိုလ်စေတနာတွေ ပါမလာဘူးလား (ပါလာပါတယ်ဆရာ)၊ အဲဒီ စေတနာလေးတွေ ကောက်တာနော် (မှန်ပါတယ် ဆရာ)၊ ကုသိုလ်စိတ်တွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ကုသိုလ်စိတ်မှာပါလာတဲ့ စေတနာ လေးတွေ စေတနာစေတသိက်ကလေးတွေနော် (မှန်ပါတယ်ဆရာ)၊ အဲ-ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာဆိုတဲ့ စေတနာနှစ်မျိုးသည် ဒီသင်္ခါရကောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်စေတနာကျတော့ တစ်ခါခွဲတယ်။ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရ ကုသိုလ်လို့ ဒါန သီလ သမထနော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်စေတနာရယ်၊ ကုသိုလ် စေတနာရယ်၊ ဒီစေတနာလုံးလေးတွေကို သင်္ခါရကောက်ထားတော့ "အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်" ဆိုတော့ သင်္ခါရကြည့်လိုက်ပြန်တော့လည်း အကောင်အထည်လည်း ရှာမရပါလား။ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ မရဘူး။ ဘယ်ရမလဲ၊ ဧ စေတနာစေတသိက်ကလေးတွေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နောက် "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်" ဆိုတော့ ဝိညာဏ်လည်း တစ်ခါကြည့်ပြန်လည်း ဝိညာဏ်က အကောင်လေးလားဟ၊ လူလေးလားဟ၊ ယောကျ်ား မိန်းမလေး လားဟ၊ ပုဂ္ဂိုလ်သတ္တဝါလား၊ နတ်ပြဟ္မာလား၊ ခွေး ဝက် ကြက် ငှက်လားဟဲ့၊ အသက် လိပ်ပြာ လေးလားဟ။ ဘာလေးတုံးဟနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တို့လူစုကတော့ အမျိုးမျိုး မှတ်ထားတာရှိတယ်။ ဝိညာဏ်ဆိုတာ အသက်လိပ်ပြာမှတ်ထားတယ်။ မမှတ်ဘူးလား (မှတ်ထား ပါတယ်ဆရာ)၊ ဒါကြောင့် လူများက သေခါနီးဆဲဆဲကျတော့ ဝိညာဏ်ချုပ်ပြီလား မချုပ်သေးဘူးလား၊ အသက်ပျောက်ပြီလား၊ မပျောက်သေးဘူးလား မေးတယ်ကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ ဝိညာဏ်အသက်မှတ်လို့ ဟိုဓာတ်တစ်ဆယ့်ရှစ်ပါးတုန်းကလည်း ပြခဲ့ပါပြီ။ ဝိညာဏ်အကြောင်း၊ အဲ့ဒီဝိညာဏ်လုံးလေး ရှာလည်း ပုဂ္ဂိုလ်သတ္တဝါ မတွေ့ဘူးပေါ့ (မတွေ့ပါဘူးဆရာ)၊ မတွေ့ပါဘူး။ ဘာမှမရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ဆိုတာ စိတ်လုံးလေးရတယ်တဲ့၊ စိတ် ကလေးနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီစိတ်ကလေးသည် သေသေချာချာကြည့်လိုက်တော့ မင်းတို့ ငါတို့မှာ အမြဲကြံသိနေတဲ့ စိတ်ဓာတ်ကလေး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကြမ်းဖျင်းနော်။ ပြီးတောမှ တစ်လုံးချင်းတစ်လုံးချင်း တရားကိုယ်နဲ့သဘော အဓိပ္ပါယ်နဲ့ အကျယ်ဝိတ္ထာရ ရှင်းပေး ပါ့မယ်။

အခုဒီလည်နေတယ်ဆိုတဲ့ ဥစ္စာမှာ ငါလည်၊ သူလည်၊ ပုဂ္ဂိုလ်လည်၊ သတ္တဝါလည်၊ ယောကျ်ား၊ မိန်းမ၊ နတ်၊ ပြဟ္မာတွေ လည်တယ်လို့။ ဒီလို မှတ်နေမှာစိုးလို့ ဒါလေးသံသယ ပြတ်သွားအောင်

http://www.dhammadownload.com

မဟုတ်ပါဘူးလို့။ အမှန်က တရားဆယ့်နှစ်လုံး လည်နေတာ။ ဒါကြောင့် ဝိညာဏ်သည် စိတ်လုံးကလေးဖြစ်နေတော့ ပုဂ္ဂိုလ်သတ္တဝါလည်း ရှာမရဘူး၊ အသက်လိပ်ပြာလည်း ရှာမရ၊ အထည်ဒြပ်သဏ္ဌာန်လည်း ရှာမရ၊ အမှုန်အမွှား အရည်အဖတ်လည်း ရှာမရ။ စိတ် ကလေးပဲနော် (မှန်ပါတယ်ဆရာ)၊ ဒီဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတော့ ဟော- နာမ် တရားနှင့်ရုပ်တရား။ မင်းတို့, ငါတို့ ခေါင်းကစ ခြေဖျားထိအောင် ကြည့်လိုက်တော့ ရူပက္ခန္ဓာ ခေါ်ထားတဲ့ ရုပ်နှစ်ဆယ့်ရှစ်ပါး မရဘူးလား (ရပါတယ်ဆရာ)၊ ဟောဒီ ရုပ်တရားကြီးနော် (မှန်ပါ တယ်ဆရာ)။ ပြီးတော့ နာမ်က ဘာတုံးတဲ့၊ အခုပြောနေတဲ့ စေတသိက်တရားတွေနော် (မှန်ပါတယ် ဆရာ)၊ စေတသိက်တရား နာမ်ရယ်၊ ရုပ်နှစ်ဆယ့်ရှစ်ပါး ဆိုတဲ့ ရုပ်တရားရယ် ဒါနာမ်ရုပ် ခေါ်တယ်။ ဩော် - ဝိညာဏ်ကြောင့် နာမ်ရုပ်၊ အဲဒီ နာမ်ရုပ်ဆိုတဲ့ အလုံးနဲ့တစ်ခါ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောက်ျား မိန်းမ နတ် လူ ပြဟ္မာ ရှာလိုက်တော့လည်း မရှိပြန်ဘူးတဲ့။ ရုပ်နဲ့နာမ်ပဲ ရှိတယ်တဲ့။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရုပ်နဲ့နာမ်ဆိုတာ အကောင်အထည်လား (မဟုတ်ပါဘူးဆရာ)၊ အတုံးအလုံးအခဲကော (မဟုတ်ပါဘူးဆရာ)၊ ကြည့်လို့ကော မြင်ရရဲ့လား (မမြင်ပါဘူးဆရာ)၊ ကိုင်လို့ကော ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ ယူလို့ကော ရရဲ့လား (မရပါဘူး ဆရာ)၊ သဘောသက်သက်ကလေးပေါ့ (မှန်ပါတယ်ဆရာ)၊ ရုပ်လည်းသဘော၊ နာမ်လည်း သဘောလေး ဟော၊ ဒီနေရာ ရုပ်နာမ်နှစ်ပါး ပြီးတော့မှ ဒီရုပ်နာမ်နှစ်ပါးကြောင့် သဠာယတန ဖြစ်တယ်ဆိုတော့ အာယတနတစ်ဆယ့်နှစ်ပါး၊ တို့အာယတနဆယ့်နှစ်ပါး ပြောခဲ့ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အာယတနဆယ့်နှစ်ပါး ဖြစ်နေတယ်တဲ့။ အဲဒီ အာယတနဆယ့်နှစ်ပါးရှိပြန်တော့ ရုပ်အာယတန နာမ်အာယတနနော် (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်နှစ်ပါးပဲ ရတယ်။ ဒီသဠာယတန ခေါ်ထားတဲ့ အာယတနဆယ့်နှစ်ပါး ပုဂ္ဂိုလ်သတ္တဝါ ရှာပြန်တော့ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိပြန်ဘူး၊ "သဠာယတနကြောင့် ဖဿဖြစ်တယ်" ဆိုတော့ ဟောဒါ ဖဿစေတသိက် ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တစ်ခုနှင့်တစ်ခု တွေ့ထိမှု ဖဿစေတသိက်ရှိပြန်တော့လဲ ပုဂ္ဂိုလ် သတ္တဝါ ရှာမရပါဘူးတဲ့။ ဖဿ စေတသိက်ပဲ ရှိတယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နာမ်တရား သက်သက်ကလေး၊ "ဖဿကြောင့် ဝေဒနာဖြစ်တယ်" ဆိုတော့ ဝေဒနာအာရုံ၏ အရသာကိုမျှ ခံစားတတ်တဲ့ လက္ခဏာလေး သဘောမျှလေး သက်သက်ကလေးပဲ။ ဒါဖြင့် ဒီဝေဒနာသည် ယောက်ျားလား၊ မိန်းမလား၊ ပုဂ္ဂိုလ်လား၊ သတ္တဝါလား၊ နတ်လား၊ ပြဟ္မာလား၊ အကောင်အထည် လား၊ အထည်ဒြပ်သဏ္ဌာန်လား မေးတော့ ဘာမှမဟုတ်ဘူး။ အာရုံ၏အရသာကို ခံစားတတ်တဲ့ သဘောလေး။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

"ဝေဒနာကြောင့် တဏှာဖြစ်တယ်"ဆိုတော့ ဒီတဏှာ တစ်ခါကြည့်ပြန်တော့ ဒီတဏှာသည် အကောင်အထည်လား၊ ယောက်ျား မိန်းမလား၊ အထည်ဒြပ်သဏ္ဌာန်လားဆိုတော့ ဘာမှ မဟုတ်ဘူး။ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)၊ တဏှာလောဘစေတသိက်ကောက်တယ် (မှန်ပါတယ် ဆရာ)၊ သူလည်း စေတသိက်တရားလေး။ "တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်"ဆိုတော့ ဒီဥပါဒါန် လည်း လောဘပြန်ရတယ်။ လောဘတဲ့၊ သူလည်းပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် လောဘစေတသိက်ကလေးက အကောင်အထည်ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ယောက်ျား မိန်းမကော (မဟုတ်ပါဘူးဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါကော (မရှိပါဘူးဆရာ)၊ အသက်လိပ်ပြာကော (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ လိုချင်တတ်တဲ့ သဘောလေးပေါ့နော် (မှန်ပါတယ်ဆရာ)၊ စွဲလမ်းတတ်တဲ့ သဘောလေး။

ဘဝနှစ်မျိုး

"ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်" ဆိုတော့၊ ဟောဒီနေရာဘဝ ဘဝဆိုတာ စေတနာ ပြန်ရတယ်။ (၁) **ကမ္မဘဝ**၊ (၂) ဘဝကြီးကိုးပါး **ဥပပတ္တိဘဝ**၊ မင်းတို့ ငါတို့ ဖြစ်နေကြတဲ့ဘဝတွေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီနေရာမှာ ဘဝဆိုတဲ့နေရာမှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်မျိုးခွဲထားလို့၊ သြော်ဒါဖြင့် ဒီဘဝကြည့်ပြန်တော့လည်းပဲ ကမ္မဘဝက စေတနာသုံးမျိုး ပြန်ကောက်ထားတယ်။ ဥပပတ္တိဘဝက ဘဝကြီးကိုးပါး ခေါ်ထားတယ်။

ဥပပတ္တိဘဝ (၉)မျိုး

(၁) ဧကဝေါကာရ၊
(၂) စတုဝေါကာရ၊
(၃) ပဉ္စဝေါကာရ၊
(၄) သညီဘဝ၊
(၅) အသညီဘဝ၊
(၆) နေဝသညီနာသညီဘဝ၊
(၇) ကမ္မဘဝ၊
(၈) ရူပဘဝ၊
(၉) အရူပဘဝ -

http://www.dhammadownload.com

ပေါင်းလိုက်တော့ ဘဝကြီးကိုးပါး။ ဩော်-ဥပပတ္တိဘဝနှင့် ကမ္မဘဝကောက်ထားတော့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှာမရပြန်ဘူးတဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

"ဘဝကြောင့် ဇာတိဖြစ်တယ်" ဆိုတာ, ဇာတိဆိုတာ ပဋိသန္ဓေစိတ်ကလေးကို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဇာတိဆိုတဲ့ ပဋိသန္ဓေလေး ကြည့်ပြန်တော့လည်း ပုဂ္ဂိုလ် သတ္တဝါ ရှာမရ ပြန်ဘူး။ ပဋိသန္ဓေစိတ်ပဲရှိတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ "ဇာတိကြောင့် ဖြစ်လာတဲ့ ဇရာမရဏ တရားနှစ်ပါးကြည့်ပြန်တော့ **ဇရာ** ဆိုတာ ခန္ဓာရဲ့ရင့်ကျက်မှု၊ **မရဏ** ဆိုတာ ခန္ဓာပျက်စီး သွားမှုဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ရှာရသေးလား (မရပါဘူးဆရာ)၊ မရဘူးနော် (မှန်ပါတယ်ဆရာ)၊ မရဘူးတဲ့၊ ဒီတော့ကြည့်ကွယ်၊ ပြန်ပြီးတော့ အဝိဇ္ဇာက စ ဇရာမရဏကျအောင် တရားဆယ့်နှစ်လုံး တစ်လုံးချင်း တစ်လုံးချင်း ငါ သူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နတ် လူ ဗြဟ္မာ အသက်လိပ်ပြာ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အမှုန်အမွှား အရည်အဖတ် ရှာတော့ တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)၊ ဘာမှ မရှိဘူးပေါ့ (ဘာမှ မရှိပါဘူးဆရာ)။

ဒါဖြင့်ယင် ငါလည်တယ်၊ သူလည်တယ်။ ပုဂ္ဂိုလ် သတ္တဝါ လည်တယ်၊ ယောက်ျား မိန်းမ နတ် ဗြဟ္မာတွေ လည်တယ်ဆိုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ပါဘူးနော် (မှန်ပါတယ် ဆရာ)၊ အဲ့ဒီ တရားဆယ့်နှစ်လုံးပဲ၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီလိုနေတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရပ်လို့ရသေး ရဲ့လား (မရပါဘူးဆရာ)။ ဒါဖြင့် ပြောလိုက်မယ်၊ အဲ့ဒီတရား ဆယ့်နှစ်လုံးဟာ စာအုပ်ထဲရှိတာ၊ ကျုပ်တို့ကတော့ ငုတ်တုတ်ကြီး ထင်ရှားရှိတာပါပဲလို့ ပြောလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီတရား ဆယ့်နှစ်လုံးပဲတဲ့။ မင်းတို့ ငါတို့ သူငါ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်မှာ အမှန်ဖြစ်နေတဲ့ တရား ဆယ့်နှစ်ပါးခေါ်တယ်။ ဒါနဲ့ပဲ သွားနေတာ။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မင်း ကိုမင်း ပြန်ကြည့်စမ်း၊ မင်းကိုယ်တစ်ကိုယ်လုံး ဝေဖန်ကြည့်၊ အကျဉ်းချုပ်အားဖြင့် ဘာရှိ၊ (ရုပ်နှင့် နာမ်ပဲ ရှိပါတယ်ဆရာ)။ ဩော်-ရုပ်နှင့်နာမ်ပဲရှိ၊ အခု တရားဆယ့်နှစ်လုံးကလည်း ရုပ်နဲ့နာမ် မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဘာရှိ (ဘာမှမရှိပါဘူးဆရာ)၊ အဲ့ဒီ ရုပ်နဲ့နာမ် ရှိတယ်ဆိုတော့ ဒီရုပ်နဲ့နာမ်က မင်းပြန်စဉ်းစားကြည့်စမ်း။ နောက်ကြောင်းလေး ပြန်ထောက်စမ်း။ ဟို ရူပက္ခန္ဓာ၊ နာမက္ခန္ဓာ ပြုလာစဉ် ရုပ်ခန်းနာမ်ခန်း ပြုလာစဉ်အခါတုန်းက ရုပ်လည်း ရုပ်တရားအလျောက်၊ နာမ်လည်း နာမ်တရားအလျောက်၊ ငါ သူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ နတ်လူဗြဟ္မာ အသက်လိပ်ပြာ အကောင်အထည် အထည်ဒြပ် သဏ္ဌာန်ရှာကြည့်လို့ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ ရုပ်ကလည်း သဘောပေါ့ (သဘောပါဆရာ)၊ နာမ်ကလည်း သဘောပေါ့ (သဘောပါဆရာ)။

http://www.dhammadownload.com

ဒါပေမယ့် ဒီအတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဆိုတာက တော်တော်လေးကိုပဲ ကြေမွထားလို့ အယူဝါဒ အားဖြင့် စင်ကြယ်သန့်ရှင်းနေတဲ့ သင်တန်းသူ သင်တန်းသားမို့လို့ လက်ခံနိုင်တာလို့နော် (မှန်ပါတယ် ဆရာ)။ ဒီလိုမှ မဟုတ်လို့ရှိယင်လည်း ဒီအကောင်အထည်ကြီးက ငုတ်တုတ်ကြီး ထင်ရှားရှိနေတော့ ဒီအကောင်ကြီးပဲ စွဲနေတာ ဒါ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ခေါ်တယ်။ အခုတော့ သင်တန်းသူ သင်တန်း သားမှန်သမျှက ၎င်းသက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိဆိုတဲ့ အယူကြီးက ဖြူစင်သန့်ရှင်းပြီးသားဖြစ်နေတော့ ဒီမှာ ပြောရ ပြရတာ လွယ်တယ်၊ ဘယ်လိုလွယ်တုံး၊ အဲ့ဒီတရားဆယ့်နှစ်ပါးပဲ။ ကိုယ့်ဝမ်းထဲ ကိုယ်ပြန်သွင်းကြနော် (မှန်ပါတယ်ဆရာ)။ ငါ့ဝမ်းထဲ ငါ့အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ တရားဆယ့် နှစ်ပါးပါလားလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲ့ဒါက ဖြစ်ပုံဖြစ်နည်းလေး ငါပြန်ပြောမယ်။ သေသေချာချာ ကြည့်။

အဝိဇ္ဇာစပြီးမှတ်နော် (မှတ်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝ ဟိုဘက်ဘဝ အတိတ်ဘဝတုန်းက အဝိဇ္ဇာ မရှိခဲ့ဘူးလား (ရှိခဲ့ပါတယ်ဆရာ) ရှိခဲ့တယ်၊ အဝိဇ္ဇာကြောင့် ဟိုဘက်ဘဝတုန်းက အဝိဇ္ဇာ ကြောင့် မင်းကုသိုလ်ကံ အကုသိုလ်ကံ လုပ်ခဲ့တယ် မဟုတ်ဘူးလား (လုပ်ခဲ့ပါတယ်ဆရာ)၊ ဒါ သင်္ခါရ မဟုတ်လား (သင်္ခါရပါဆရာ)၊ အဲဒါ အဝိဇ္ဇာနဲ့သင်္ခါရသည် လွန်ခဲ့သော အတိတ်ဘဝက အကြောင်းပဲဆိုတာ မှတ်ထားနော် (မှတ်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်နည်းကျတော့ အကြောင်း တစ်နည်းပြတယ်။ ဒါပေမယ့် အတူတူပဲဆိုတာ မှတ်ထား။ နောက် နားရည်လည်လာတော့ တူလာ လိမ့်မယ်။ တို့ ပစ္စယပဋ္ဌာဂဟဉာဏ်တုန်းကတော့ ခန္ဓာကောင်ကြီး ဘာကြောင့်ဖြစ်၊ ခန္ဓာငါးပါး ဘာကြောင့်ဖြစ်၊ ဘယ်နှယ်ပြော (အဝိဇ္ဇာ တဏှာ ကံကြောင့် ဖြစ်ပါတယ်ဆရာ)၊ ဩော်-အဝိဇ္ဇာ တဏှာ ကံတဲ့ အတိတ်မဟုတ်ဘူးလား (အတိတ်ကပါဆရာ)။

ဒါဖြင့် အဝိဇ္ဇာ သင်္ခါရဆိုတာ အတိတ်မဟုတ်ဘူးလား (အတိတ်ပါဆရာ)၊ ဟိုမှာ အဝိဇ္ဇာ တဏှာ ကံလို့ ပြတယ်။ ဒီမှာ အဝိဇ္ဇာသင်္ခါရလို့ ပြတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာထူးလဲဆိုတော့ ဘာမှ မထူးဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ဘာမှ မထူးလဲဆိုလို့ရှိယင် အဝိဇ္ဇာ သင်္ခါရလို အဝိဇ္ဇာနှင့်သင်္ခါရ အတိတ်အကြောင်းနှစ်ပါးပြပေမယ့် သင်္ခါရဟာ ကံပဲတဲ့၊ အဝိဇ္ဇာရယ် ကံရယ်မနေဘူးလား။ ဒီလိုဆိုတော့ တဏှာကျန် မနေဘူးလား (ကျန်နေပါတယ်ဆရာ)၊ တဏှာ ပါပြီးသားတဲ့ ဒီထဲမှာနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာ သင်္ခါရလို့ နှစ်မျိုးပြနေတဲ့ အဝိဇ္ဇာ တဏှာ ကံလို့ပဲ ယူရမယ်။ ဒုတိယစက်ဝိုင်းကျတော့ ပါလာလိမ့်မယ်။ အတိတ်အကြောင်းတရား ငါးပါးဆိုတဲ့ အထဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဘဝ သင်္ခါရလို့နော် (မှန်ပါတယ်ဆရာ)၊ ပါလာလိမ့်မယ် ပါလာ လိမ့်မယ်။ အဲဒါ ပစ္စယ ပဋ္ဌိဂ္ဂဟဉာဏ်အတိုင်းပဲ။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် အပိုင်းသုံးပိုင်း

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကြီးမှာ **အဝိဇ္ဇာနှင့်သင်္ခါရသည် အတိတ်အကြောင်း**ဟူ၍မှတ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာရှိလို့ သင်္ခါရခေါ်ထားတဲ့ ကံတရားတွေ ကုသိုလ်ကံ အကုသိုလ်ကံ တရားတွေ လုပ်ခဲ့တယ်တဲ့။ မလုပ်ဘူးလား (လုပ်ပါတယ် ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာနှင့်သင်္ခါရ အတိတ်အကြောင်း မနေဘူးလား (အတိတ်အကြောင်းပါဆရာ)၊ အဲ့ဒီအဝိဇ္ဇာကြောင့် အဝိဇ္ဇာရှိလို့ မသိလို့ မလိမ္မာလို့ ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး ကြိုးစားအားထုတ် လိုက်ခြင်းကြောင့် ဒီဘက်ဘဝ ပဋိသန္ဓေဝိညာဏ်လာ မရဘူးလား (ရပါတယ်ဆရာ)၊ အဲ့ဒါ ဝိညာဏ် ပဲတဲ့၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်ကိုကွနော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေ ဝိညာဏ် ဖြစ်ကရောလား (ဖြစ်ပါတယ်ဆရာ)၊ အဲ့ဒီ ပဋိသန္ဓေဝိညာဏ်လည်း ဖြစ်ပြီးတော့ နာမ်ရုပ်ဖြစ်လိုက်၊ သဠာယတနဖြစ်လိုက်၊ ဖဿဖြစ်လိုက်၊ ဝေဒနာဖြစ်လိုက်၊ တဏှာဖြစ်လိုက်၊ ဥပါဒါန်ဖြစ်လိုက်၊ ဘဝဖြစ်လိုက်။

ဟောဒါ လက်ရှိဘဝကြီး ပစ္စုပ္ပန်ဘဝကြီး ရထားတာ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ခုရထားတဲ့ ဘဝသည် ဒီတရားရှစ်ပါးပဲနော် (မှန်ပါတယ်ဆရာ) အဲ့ဒါ ပစ္စုပ္ပန်ဘဝကဖြစ်နေတဲ့ တရားတွေတဲ့ မင်းတို့ ငါတို့ ပဋိသန္ဓေဝိညာဏ် ခဏလေးက စပြီးတော့ တွက်ကြည့်ပါတဲ့၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတရားရှစ်လုံးပဲရှိတယ်၊ ဝိညာဏ်ရယ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ နောက်ဆုံးဘဝဆိုတာ ကမ္မဘဝလုပ်ပြန်ပြီတဲ့။ ဒီဘဝလည်း မင်းတို့ ငါတို့ အကြောင်းတွေ ခံပြန်ပေါ့။ ကုသိုလ်ကံလုပ်လိုက် အကုသိုလ်ကံလုပ်လိုက် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲ့ဒီ အကြောင်းတွေကြောင့် ဒုတိယဘဝ ပဋိသန္ဓေ မဖြစ်ဘူးလား (ဖြစ်ပါတယ် ဆရာ)၊ ပဋိသန္ဓေဖြစ်တော့ ဒုတိယဘဝ ဇာတိနော် (မှန်ပါတယ်ဆရာ)၊ ဒုတိယဘဝမှာ ဇာတိ ဆိုတဲ့ ပဋိသန္ဓေလည်းရရော၊ ဇရာတရားနှင့် မရဏတရား ရှောင်လို့ရှားလို့ လွတ်သေးရဲ့လား (မလွတ် ပါဘူးဆရာ)၊ ဖြစ်တော့မပေါ့ (ဖြစ်မှာပဲဆရာ)၊ အဲ့ဒါက **ဇာတိရယ်၊ ဇရာ မရဏရယ် ဒီတရားနှစ်ပါးက အနာဂတ်လာလတ္တံ့** ဘဝဖြစ်မယ့်တရားတဲ့နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အခုသုံးပိုင်း ပိုင်းလိုက်တာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ (၁) အတိတ် တစ်ပိုင်း၊ (၂) ပစ္စုပ္ပန်တစ်ပိုင်း၊ (၃) အနာဂတ်တစ်ပိုင်း မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အတိတ် တစ်ပိုင်းက ဘယ်သူနဲ့ဘယ်သူတုံး (အဝိဇ္ဇာနှင့် သင်္ခါရပါဆရာ)၊ အေး-ဟုတ်ပြီ ပစ္စုပ္ပန်အပိုင်းက ဘယ်သူတွေတုံးဟ (**ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ**ပါ

http://www.dhammadownload.com

ဆရာ)၊ အေး-ဟုတ်ပြီ။ ဒါဖြင့် ခုလက်ရှိဘဝဖြစ်နေတာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဒီတရား ရှစ်ပါးဖြစ်နေတယ်တဲ့။ အနာဂတ်တရားကတော့ ဘယ်သူတုံးကွ (ဇာတိ၊ ဇရာ မရဏပါဆရာ)၊ ဩော်-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲ့ဒါ ကိုယ့်ဝမ်းထဲ ကိုယ်ပြန်သွင်း ပြန်ဝေဖန် ကြည့်။ လက်စသတ်တော့ ငါဖြစ်နေတာ ဒါတွေကို ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

သံသရာခေါ်ပုံ

'သံသရာ သံသရာ' ခေါ်တာ တခြားမျှား မှတ်မနေကြနဲ့ ခန္ဓာ၊ အာယတန ဓာတ်တွေ မပြတ် ဖြစ်နေတာကို သံသရာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာတွေဖြစ်၊ အာယတနတွေဖြစ်၊ ဓာတ်တွေဖြစ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒါ သံသရာခေါ်တယ်။ ဒီတော့ သံသရာကြီးမှာ အမြဲတစေအားဖြင့် လည်နေတယ်ဆိုတဲ့ လည်ပုံလည်နည်းကို ကြည့်လိုက်တဲ့ အခါကျတော့

ဟိုအတိတ်ဘဝက အဝိဇ္ဇာနှင့် သင်္ခါရ၊

အခုလက်ရှိ ပစ္စုပ္ပန်ဘဝ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ တရားရှစ်ပါး၊

လာလတ္တံ့ အနာဂတ် ဇာတိ၊ ဇရာ မရဏ။

ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ ဒီဘဝထိုင်ကြည့်ယင် ဒီအတိုင်းပဲ။ ဒုတိယဘဝ ရောက်ပြန်တော့ ဒုတိယဘဝထိုင်ကြည့်။ တို့ အခုလက်ရှိဘဝက ဘာဖြစ်သွားလဲ၊ အဝိဇ္ဇာနဲ့ သင်္ခါရ ဒုတိယဘဝက ရောက်ဆဲ ဖြစ်ဆဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝနော် (မှန်ပါတယ်ဆရာ)၊ တတိယဘဝက ဇာတိနှင့် ဇရာမရဏ အဲသလိုချည်းပဲ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ်။ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ဒီလိုသွားမှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သေသေချာချာကြည့်စမ်း။ ဩော်-ဒါဖြင့်ယင် ဒီတရားဆယ်နှစ်လုံးပဲ။ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးလို့ ဆက်စပ်ပြီးသွားလိုက်တာ ဘယ်တော့မှရပ်၊ ဘယ်တော့မှ ရပ်လို့ မဖြစ်တော့ဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကို သံသရာစက်ရဟတ် အဆက်မပြတ် လည်တယ်လို့ ခေါ်တယ်။ ငါလည်၊ သူလည်၊ ပုဂ္ဂိုလ်လည်၊ သတ္တဝါလည်၊ ယောကျ်ား မိန်းမ၊ နတ်တွေ၊ ပြဟ္မာတွေ၊ ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ငှက်တွေ လည်တယ် ဆိုတာက သမ္မုတိသစ္စာအနေအားဖြင့် သမ္မုတိနယ်ပြောတဲ့ စကားလို့နော် (မှန်ပါတယ်ဆရာ)၊ အမှန်က ရုပ်နာမ်နှစ်ပါးလည်နေတာ။ ရုပ်နာမ်နှစ်ပါး အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းခံလိုက်ယင် အကျိုးပေါ်လိုက်၊ အကြောင်းခံလိုက်ယင် အကျိုးပေါ်လိုက် ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် တို့ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဒီပဋိစ္စသမုပ္ပါဒ်နည်းနဲ့ အတူတူပဲ ထူးတာ မဟုတ်ပါဘူး။ ပစ္စယပရိဂ္ဂဟဉာဏ်ကျတုန်းကလည်းပဲ ခန္ဓာငါးပါးသည် အကျိုးတရားကြီးဖြစ်နေတယ်။ ခန္ဓာငါးပါး ဆိုတဲ့ အကျိုးတရားသည် အလဟဿဖြစ်တာ မဟုတ်ဘူး။ ဘာကြောင့်ဖြစ်၊ အကြောင်းကြောင့် ဖြစ်တယ်။ အကြောင်းဘယ်သူတုံး၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတိတ်ဘဝက အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အကြောင်းခံလိုက်လို့ အခုဘဝ ခန္ဓာငါးပါးလာဖြစ်တော့ အကျိုးတရားပေါ်နေ အကျိုးတရားပေါ်တဲ့အတိုင်း ခန္ဓာငါးပါးတွင် ရပ်နေလားဆိုယင် ရပ်မနေ ကြဘူး။ တစ်ခါထပ်လုပ်ပြန်ပေ့။ အဝိဇ္ဇာ တဏှာ ကံသုံးခု ကြိုးစားပြန် မကြိုးစားဘူးလား (ကြိုးစား ပါတယ်ဆရာ)၊ ကြိုးစားပြန် နောက်ဘဝ ခန္ဓာငါးပါးဖြစ်တော့ အကျိုးတရားပေါ် ဒီလိုမသွားဘူးလား (မှန်ပါတယ်ဆရာ)၊ ရပ်လို့ရသေးလား (မရပါဘူးဆရာ)။ ဒါကြောင့် သံသရာကြီးက လည်နေတာကို သေသေချာချာ စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုသလို ဖော်ကြည့်လိုက်တဲ့အခါကျတော့ အကြောင်း တရားနှင့် အကျိုးတရား နှစ်ပါးပဲရှိတယ်။ ဘာမှ မရှိဘူး၊ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ အကြောင်း တရားနှင့်အကျိုးတရား နှစ်ပါးတည်ရှိတယ်။

နိယျာနိကတရားတော် နှစ်မျိုး

ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က နိယျာနိက ဖြစ်တော်မူတဲ့ တရားတော်မြတ် ကြီးမှာ နှစ်မျိုးနှစ်စားတည်း မူထားပြီး ဟောသွားတာ။ တစ်မျိုးကတော့ **ပဋိစ္စသမုပ္ပါဒ်နည်း**တဲ့၊ တစ်မျိုးက **ပဋ္ဌာန်းနည်း**တဲ့နော် (မှန်ပါတယ်ဆရာ)၊ တစ်မျိုးက ပဋိစ္စသမုပ္ပါဒ်နည်း၊ တစ်မျိုးက ပဋ္ဌာန်းနည်း၊ ဒီနှစ်နည်းပဲ မူထားပြီး ဟောသွားတယ်တဲ့။ ဒါဘာတုံးတဲ့၊ သူသူငါငါ သတ္တဝါဥဿုံ အလုံးစုံ တို့၏ သံသရာမှာ အကြောင်းအကျိုးဆက်စပ်ပြီးတော့ ဖြစ်ပျက်နေတဲ့ သဘာဝတွေချပြီး ဟောသွားတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ် လည်တယ်ဆိုတာ သမ္မုတိသစ္စာအနေအားဖြင့် ပြောတော့ သူလည်၊ ငါလည်၊ ပုဂ္ဂိုလ်လည်၊ သတ္တဝါ လည် ဒီလိုလည်တယ်။ ပရမတ္ထသဘာဝနဲ့ချပြီး ကြည့်လိုက်မယ်ဆိုလို့ရှိယင်ဖြင့် ရုပ်နာမ်နှစ်ပါး လည်နေတယ်။ ရုပ်နာမ်နှစ်ပါး တစ်ခုနဲ့တစ်ခု အကြောင်းပြုပြီးတော့ လည်နေကြတာ။ အကြောင်း ကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးများ ပြတ်ပြတ် သားသားနဲ့ မိမိတို့ဉာဏ်အားဖြင့် နားလည်သွားယင် ဒါသောတာပတ္တိမဂ်ဉာဏ် ရနိုင်တယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ပုဂ္ဂလ သတ္တ အတ္တဇီဝ ရှင်းသွားတာကိုးကွနော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ ဟာ-ငါလည်း ရှာမရဘူးကွ၊ သူလည်း ရှာမရဘူးကွ၊ လူလည်း ရှာမရဘူး နတ်တွေ ဗြဟ္မာတွေလည်း ရှာမရ၊ ပုဂ္ဂိုလ် သတ္တဝါလည်း ရှာမရ၊ အသက်လိပ်ပြာလည်း ရှာမရ၊ အကောင် အထည်လည်း ရှာမရ၊ ဘာမှရှာမရပါဘဲ ရှိမှမရှိဘဲ။ အမှန်ကတော့ အဝိဇ္ဇာကစပြီးတော့ ဇရာ မရဏကျအောင် ဒီရုပ်တရား နာမ်တရားနှစ်ပါးပဲ အကြောင်းကြောင့် အကျိုးဖြစ်လိုက် အကြောင်း ခံလိုက် အကျိုးဖြစ်လိုက်၊ အကြောင်းခံလိုက် အကျိုးဖြစ်လိုက် ဒီလိုချည်းသွားနေ။ အဲဒါလေး ပိုင်ပိုင် နိုင်နိုင် ပြတ်ပြတ်သားသား နားလည်ဖို့ အရေးကြီးတယ်။ ဒါလေးကို တကယ် ပုဂ္ဂိုလ်သတ္တဝါ ရှင်းလင်း သွားအောင် မိမိဉာဏ်တွင်းမှာ ပြတ်သားနားလည်မယ်ဆိုလို့ရှိယင် သောတာပတ္တိမဂ်ဉာဏ် အမှန် ရနိုင်ပါတယ်တဲ့နော် (မှန်ပါတယ်ဆရာ)။

သံသရာလည်ဆိုတာ တခြားမဟုတ်

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် လည်ပုံ လည်နည်းဆိုတာ ပုဂ္ဂိုလ်သတ္တဝါတွေ အနေအားဖြင့် လည်နေ တဲ့ အဓိပ္ပါယ်ကို စွဲယူမှတ်သားထားမှာ စိုးလို့ အခုရှင်းလင်းပြတာ။ ဒါဖြင့် သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်တယ်ဆိုတာ ပုဂ္ဂိုလ် သတ္တဝါတွေ လည်တာလားဟ (မဟုတ်ပါဘူးဆရာ)၊ ဘာတွေလည်နေတုံး (နာမ်ရုပ်နှစ်ပါး လည်နေတာပါဆရာ)၊ အေး-နာမ်ရုပ်နှစ်ပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ နာမ်ရုပ်နှစ်ပါး အကြောင်းကြောင့် အကျိုးဖြစ် ဒီလိုသွားနေတာပေါ့ (မှန်ပါ တယ်ဆရာ)၊ ဒါဖြင့် ကြည့်လိုက်လို့ရှိယင် ဘာသာမြင်ရတုံးဟ (အကြောင်းနှင့် အကျိုးပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါပဲရှိသလား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားနှင့် အကျိုးတရားနှစ်ပါးပဲရှိတယ်။ ဒါအပြင် ဘာရှိသေးတုံး (ဘာမှမရှိပါဘူးဆရာ)၊ သုံးဆယ့်တစ်ဘုံအကုန်လုံး ချုံကြည့် ဘာမှ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်တစ်ဘုံလည်း မရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါတွေလည်း မရှိဘူး၊ ယောကျ်ား မိန်းမလည်း မရှိဘူး၊ အသက်လိပ်ပြာလည်း မရှိဘူး၊ အကောင်အထည်လည်း မရှိဘူး၊ အထည် ဒြပ်သဏ္ဌာန်လည်း မရှိဘူး၊ အမှုန်အမွှား အရည်အဖတ်လည်း မရှိဘူး။ ဘာရှိ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးရှိ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပဲရှိတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး-အဲဒါလေး သမာဓိကောင်းကောင်းထားပြီးတော့ ကိုယ်ပိုင်ဉာဏ်လေးနဲ့ ကြပ်ကြပ် စဉ်းစားပေး စဉ်းစားပေး။

ဩော်-လက်စသတ်တော့ သံသရာကြီးထဲ လည်တယ်ဆိုတာ ငါလည်တယ် မှတ်နေတယ်။ ငါ့ဘဝတွေ မဆုံးနိုင်ပါပဲ၊ မကုန်နိုင်ပါပဲလို့ ဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ဒီလိုပဲ မှတ်နေတယ်

http://www.dhammadownload.com

မဟုတ်ဘူးလား (မှတ်နေပါတယ်ဆရာ)၊ ငါပဲ သိကြားဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ ကြက်ဖြစ်လိုက်၊ ငှက်ဖြစ်လိုက်၊ သုံးဆယ့်တစ်ဘုံ ဆုံလည်သော န္တွားရဟတ်ချားကဲ့သို့ မထပ်မနား လည်နေတာမှတ်နေ။ လက်စသတ်တော့ ခုဝေဖန်ကြည့်တဲ့အခါ ကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး သေသေ ချာချာ ကြည့်လိုက်တဲ့အခါကျတော့ အဝိဇ္ဇာကစ ဇရာ မရဏအဆုံး ဆယ့်နှစ်လုံးသော တရား တစ်ခုနှင့်တစ်ခု ကျေးဇူးပြုပြီးတော့ လည်နေကြတာ မလည်ဘူးလား (လည်နေပါတယ်ဆရာ)။

အဲ့ဒါ မင်းတို့ ငါတို့ ဒီတရားဆယ့်နှစ်လုံး ကိုယ့်ဝမ်းထဲ ကိုယ်ပြန်သွင်းကြ၊ တခြားဖြစ်နေတာ မဟုတ်ဘူး။ ငါ့ဖြစ်နေတဲ့တရားတွေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတစ်ဆယ့်နှစ်လုံးသောတရား ဘယ်သူ့ ဖြစ်တာတုံး (ကိုယ့်ကိုယ်မှာ ဖြစ်နေတာပါဆရာ)၊ ကိုယ့်ကိုယ်မှာ ဖြစ်နေတာနော် (မှန်ပါတယ် ဆရာ)၊ မင်းမှာ ကြည့်လည်း မင်းကိုယ်ဖြစ်တဲ့တရား၊ ငါ့ကြည့်လည်း ငါ့ကိုယ်ဖြစ်တဲ့တရား ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေသေချာချာ မှတ်ထားနော်။ အင်မတန် တန်ဖိုးရှိတယ်။ ဒီအသိလောက်ရောက်ယင်ပဲ သေးတယ် မမှတ်နဲ့၊ အင်မတန် တန်ဖိုးများလာပါပြီ။ ဘာပြုလို့ ပဋိစ္စသမုပ္ပါဒ်ကို ပရမတ်အမြင်နဲ့ မြင်ပြီးတော့ လည်တတ်တယ်ဆိုတဲ့ဉာဏ်က သာမညဉာဏ် မမှတ်နဲ့။ အရိယာတို့၏ အသိဉာဏ်မျိုးကို ရောက်နေပေ့ါနော် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တဇီဝ ရှင်းလင်းနေတယ် ဆိုလို့ရှိယင်ဖြင့် အရိယာတို့၏ အသိမျိုးရောက်နေပြီလို့ အရိယာမဖြစ်တာ ဖြစ်တာ အသာထားဦးပေ့ါကွ နော် (မှန်ပါတယ်ဆရာ)။

အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိ

အရိယာဉာဏ်မြင်တဲ့မျက်စိမျိုး အရိယာမျက်စိခေါ်တယ်။ အရိယာမျက်စိ၊ မဂ်ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ပုဂ္ဂိုလ်လေးပါး၊ အရိယာပုဂ္ဂိုလ်ရှစ်ပါး ခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်မဂ်မှ မရဘူးထား အရိယာမျက်စိလို့ ခေါ်တယ်တဲ့။ ဒီအသိမျိုးမြင်ယင်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အရိယစက္ခုံ = အရိယာတို့၏အမြင် အရိယာတို့၏မျက်စိ" ပါဠိတော်က ဒီလိုဖွင့်ထားတော့ ဒီလို ဆိုသွားတော့ အဋ္ဌကထာ ဆရာက ပြောတယ်။ အရိယာစက္ခု ဆိုတာ တခြားမဟုတ်ဘူးတဲ့။

အရိယစက္ခုန္တိ ဝိသုဒ္ဓဝိပဿနာဉာဏဉ္စေဝ မဂ္ဂဉာဏဉ္စ။

ဖွင့်ပုံ သေသေချာချာကြည့်။ ဘယ်လောက်အားရှိစရာကောင်း။ တစ်မဂ်တစ်ဖိုလ် မရသေး ဘူးထားပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ တစ်မဂ် တစ်ဖိုလ် မရသေးဘူးထား အရိယာတန်းတော့

http://www.dhammadownload.com

လှမ်းနေပြီ။ အရိယာဇာတ်ထဲတော့ ဝင်နေပြီ။ အရိယာမျက်စိ ပေါ်နေပြီဆိုတာ မှတ်ထားပါ။ သေသေချာချာ ဒါပါဠိတော် ဟောသွားတာကို အဋ္ဌကထာဆရာ တိုက်ရိုက်ဖွင့်ပြတာ။

အရိယစက္ခုံတိ၊ အရိယစက္ခု ဟူသည်ကား။ (ဝါ) အရိယာတို့၏ မျက်စိဟူသည်ကား။ ဝိသုဒ္ဓ ဝိပဿနာဉာဏစက္ခုဥ္စ၊ ပုဂ္ဂလ သတ္တ အတ္တဇီဝ ရှင်းပြီးလင်းပြီးသော ဝိပဿနာဉာဏ်အမြင်သည် လည်းကောင်း။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မဂ္ဂဉာဏစက္ခုဝ၊ မဂ်ဉာဏ်သည်လည်းကောင်းတဲ့။ အရိယစက္ခု နာမ၊ အရိယစက္ခုမည်၏။ (ဝါ) အရိယာတို့ မြင်သော မျက်စိမည်၏တဲ့။

ဝိသုဒ္ဓိဝိပဿနာဉာဏစက္ခု-ဆိုတာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ဝိပဿနာဉာဏ်ကို ခေါ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ မပြောသေးဘူးနော် (မှန်ပါတယ်ဆရာ)၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ဝိပဿနာဉာဏ်ကို ခေါ်တယ်တဲ့။ ဒီဝိပဿနာဉာဏ်ဟာ အရိယာစက္ခုပဲတဲ့။

ကိုင်း-စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ဝိပဿနာဉာဏ်အမြင် ဆိုတာ ဘာစင်ကြယ် လွတ်ကင်းသန့်ရှင်းတာ ခေါ်သလဲ (ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပါဆရာ)၊ အေး-ဟုတ်ပြီ။ မင်းက တိုတိုဖြေတာ ကိုကွ၊ ရှည်ရှည်လေးများ ဖြေစမ်းပါဟ။ ဘာခေါ်တုံး (သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိပါဆရာ)၊ သက္ကာယ ဒိဋ္ဌိ အတ္တဒိဋ္ဌိ တန်းလန်းရှိတဲ့လူ ခေါ်တယ်လား (မဟုတ်ပါဘူးဆရာ)၊ ဘာပြောတာတုံး၊ (သက္ကာယ ဒိဋ္ဌိကင်းတဲ့လူ ခေါ်တာပါဆရာ)၊ ခွေးမသား ငါ့ရထားစီးမှတ်နေ၊ တိုတိုတုတ်တုတ်လုပ်နေ ပရိသတ် နားလည်အောင် လုပ်စမ်းပါဟ သေသေချာချာ သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိရှင်းပြီး လင်းပြီးသား ပုဂ္ဂိုလ်ကို ဆိုတယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို လုပ်စမ်းပါဟ။ အားလုံးသော သင်တန်းသူ သင်တန်းသားတွေ အားရှိစရာပေါ့။ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိတော့ တို့သင်တန်းသူ သင်တန်းသားတွေ ရှင်းပြီးသားဟုတ်လား (ရှင်းပြီးသားပါဆရာ)၊ ရှင်းပြီး လင်းပြီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဟို ပထမရုပ်ပိုင်း နာမ်ပိုင်း ခန္ဓာပိုင်း ပြစဉ်အခါ ကတည်းက ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါ မရှိ၊ အသက်လိပ်ပြာမရှိ၊ ယောက်ျား မိန်းမမရှိ၊ နတ် ပြဟ္မာမရှိ၊ ခွေး, ဝက်, ကြက်, ငှက်မရှိ။ တုံး၊ တိုင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ ဘာမှမရှိ၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ဝိသုဒ္ဓ ခေါ်တယ်။

စင်ကြယ်သန့်ရှင်း အပြစ်ကင်းတယ်တဲ့။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ဝိပဿနာဉာဏ် အမြင်ဟာ အရိယာတို့ မြင်သော မျက်စိပါပဲတဲ့။ ဘယ်လောက်များ တန်းက ထွားရသလဲ မထွားဘူး လားဟ (ထွားပါတယ်ဆရာ)၊ ဘာမဂ်မှ မရသေးဘူးနော် (မှန်ပါတယ်ဆရာ)၊ ထားပါ ထားပါ၊ ဘာမဂ်မှ မရသေးဘူးထား။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးသား အရိယာဉာဏ်အမြင်နဲ့ တစ်ထပ်ထည်း ဒီအမြင်မျိုး ရောက်နေလို့ ဒီအရိယာမျက်စိပေါက်နေတဲ့ပုဂ္ဂိုလ်တွေ ဂုတိမမြဲသေးဘူးဆိုတာများ ငါလဲ သေချင်

http://www.dhammadownload.com

တယ်ကွာ။ ဒီပုဂ္ဂိုလ်မျိုးတွေမှ ဂတိမမြဲယင် ဒီအပြင်ဘက်ထွက်နေတဲ့ သတ္တဝါတွေကျတော့ ဆိုစရာ မရှိဘူးပေါ့။ ဒီလိုအဓိပ္ပါယ်မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ "အရိယာမျက်စိ" ခေါ်တယ်။ မဂ္ဂဉာဏ္ဓေ၀၊ မဂ်ဉာဏ်သည်လည်းကောင်း၊ မဂ်ဉာဏ်လည်း အရိယာမျက်စိပဲတဲ့။ ဒါတော့ ပြောစရာ မလိုတော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ်ရမှဖြင့် အရိယာစစ်ကြီးဖြစ်နေပြီး အရိယာမျက်စိ မြင်ပြီးသား ဖြစ်သွားပြီ။

ဒါကြောင့် အင်မတန်အားရှိစရာ ကောင်းလွန်းလို့ ကြိုးစားစမ်းပါလို့ တရားတန်ခိုးများ အင်မတန် ကြီးတယ်နော်။ စဉ်းစားကြည့် စဉ်းစားကြည့်၊ ငါဒီကနေ့တော့ ဝိပဿနာဉာဏ်ဆယ်ပါး၊ သင်္ခါရုပေက္ခာ ဉာဏ်ပြီးလို့ အနုလောမဉာဏ်ကုန်ခါနီးလေး။ အဲ-ဥပုသ်ထွက် တစ်ရက်နေ့က နေပြီးတော့ ဝါဆို လပြည့်ကျော် နှစ်ရက်၊ ဝါဆိုပြီးတော့ နောက်တစ်နေ့ ပဋိစ္စသမုပ္ပါဒ်ဝေမယ်၊ ပဋိစ္စသမုပ္ပါဒ်ပြမယ်၊ ဟိန်းပေးလိုက်တယ်၊ အနုလောမဉာဏ်တုန်းက သင်တန်းလူတွေမြင်ရဲ့လား (မမြင်ရပါဘူးဆရာ)၊ ဟောဗျာ-အနုလောမဉာဏ်ပြတုန်းက သင်တန်းလူတွေ လာပုံမြင်ရဲ့လား။ မကျဲဘူးလားဟ (ကျဲပါတယ် ဆရာ)၊ ဘာဖြစ်လို့လဲ (တုပ်ကွေးတွေ ဖြစ်နေလို့ပါဆရာ)၊ အေး-တုပ်ကွေးဖြစ်နေလို့နော် (မှန်ပါ တယ်ဆရာ)၊ တုပ်ကွေးဝင်မွှေလိုက်တာ တစ်အိမ်လေးယောက် ငါးယောက် အိမ်လုံးကျွတ် တချို့ ထမင်းချက်ကျွေးမယ့်လူတောင် မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ သင်တန်းကျသွားလိုက်တာလို့ လူတစ်ဝက်လောက်ပဲရှိ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး အင်မတန်နာရခဲတယ်။ သာသနာနှင့် ကြုံကြိုက်တဲ့အခါ ထိုက်မှ နာရတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ပြတော့မယ်လို့ ကြေညာပေးလိုက်တယ်။ တုပ်ကွေးတွေ စလာ တုပ်စဖြစ်လာ၊ စ မလာဘူးလား (စလာပါတယ် ဆရာ)၊ အကောင်းပကတိဖြစ်လာကြပေါ့နော် (မှန်ပါတယ်ဆရာ)၊ သင်တန်းပြန်ပြီး ပြည့်ကျပ်သွားပြီ။ အဲ့ဒါ မှတ်ထား၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ပြတော့မယ်ဆိုတော့ နာချင်လှချည်ရဲ့၊ သေသေချာချာ ကြည့်နော်။ အင်မတန်မှ နာရခဲ ကြားရခဲ။ တို့နာရပြန်တော့လည်း အခိုက်အတန့်လေး တိတိကျကျနဲ့ အစအဆုံးတိုင် ဆိုသလို ဝေဖန်ပြီးတော့ တတ်မြောက်လိမ္မာအောင် သင်တန်းလိုတော့ သည်းခံပြီး သင်ပေးမယ့်ပုဂ္ဂိုလ် မရှိဘူးဟ။ အင်မတန် ကြုံကြိုက်ခဲတယ်။ နာဦးမှပဲလို့ စေတနာဓာတ်ကလေး ပေါ်ထွက်လာလို့ တရားရဲ့တန်ခိုး (မှန်ပါတယ်ဆရာ)၊ ရောက်ဆဲ ရောက်လတ္တံ့ဖြစ်တဲ့ ရောဂါ ဝေဒနာတွေ ကင်းစင်မသွားဘူးလား (ကင်းစင်သွားပါတယ်ဆရာ)၊ ကျန်းမာခြင်း ချမ်းသာခြင်းကြောင့်လို့ ပဋိစ္စသမုပ္ပါဒ်အမီပဲ လာနိုင်ကြတယ်။ မလာနိုင်ဘူးလား (လာနိုင်ပါတယ်ဆရာ)၊ "ဓမ္မဂုဏော အစိန္တိယျော"တဲ့ ယုံလည်းယုံကြည်ကြ၊ တို့တော့ တကယ်ယုံကြည်တယ်၊ တကယ်ယုံကြည်လို့ ကိုယ့်ကိုယ်လည်းပဲ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မပျက်မကွက် ဆက်ခါဆက်ခါနဲ့ ပြနိုင်တယ်။

http://www.dhammadownload.com

သင်တန်းလိုက်သူကြတော့ သူပြီးငါ၊ ငါပြီးသူ အလှည့်နဲ့ နေမကောင်းကြဘဲ ငါ့နေမကောင်းရတယ်ကို မရှိဘူးနော် (မှန်ပါတယ်ဆရာ) ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ခါတစ်ရံလေးမှ ငါနေမကောင်း ဘူး၊ တစ်ခါတစ်ရံ နေမကောင်းတော့ ခြောက်လလောက် ရှိတယ်။

အဲ့ဒါ တရားရဲ့တန်ခိုးတော် ခေါ်တယ်။ ဒါကြောင့် စေတနာစာတ်ကလေးတွေ သန့်သန့်ထား စမ်းပါလို့ အင်မတန်နာရခဲပါတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် နိဒါန်း ဒီတစ်ခါသုံးရက်တောင် လှည့်ပြ တယ်။ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဒါလောက်ခက်ခဲတယ်နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ခက်ခဲ၊ အင်မတန်နက်နဲ၊ နာရခဲ ကြားရခဲလွန်းလို့ နာရကြားရပြန်တော့ တန်ဖိုး ဘယ်လောက် ရှိသလဲဆိုတဲ့ သဘောလေး။ ဒါကြောင့် “အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ”လို့ ပြထားတာ သုံး ချက် မသိသုံးပါးလို့၊ အဲဒီလို မသိသုံးပါးကြောင့် သတ္တဝါများဟာ ဘယ်နှယ့် ဖြစ်နေသလဲတဲ့။ အပါယ်လေးပါးဟု ဆိုအပ်တဲ့ ဒုဂ္ဂတိဘဝ ဝိနိပါတဘေးက ပြေးလို့ မလွတ်ကြဘူးတဲ့။ မြတ်စွာဘုရား ကိုယ်တော်မြတ်က အရှင်အာနန္ဒာ ပြန်ဟောထားတာနော် (မှန်ပါတယ်ဆရာ)။

ဧတဿ, အာနန္ဒ, ဓမ္မဿ (ပဋိစ္စသမုပ္ပါဒဿ အနညာ) အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ တန္တာကုလကဇာတာ ကုလဂဏ္ဍိကဇာတာ မုဉ္စပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

တိုက်ရိုက် တိုက်ရိုက် ယုံလည်း ယုံကြည်ကြ၊ မှတ်လည်း မှတ်ကြ၊ သေသေချာချာ အရိုးစွဲအောင် မှတ်ထားကြ။ အလွန့်ကို တန်ဖိုးရှိတဲ့တရားကြီးပါပဲလား။ မသိသုံးပါးကြောင့် တစ်ပါးတစ်လေမှ ငါတို့ မသိကြလို့ ဒီသံသရာထဲ တဝဲလည်လည်နဲ့ မျက်စိလည် မပျောက်ကြတာပဲတဲ့။ အဖဘုရား ကိုယ်တော် တိုင်အားဖြင့် ထုတ်ဖော်ပြီးတော့ ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီး တိုက်ရိုက်ရှိတယ်။ လက်စ သတ်တော့ ဒီမသိသုံးပါးမှာ တစ်ပါးပါးသိလိုက်လို့ရှိယင် (ဗျတိရေက) နည်းဖြင့် ပြန်မယ်ဆိုလို့ ရှိယင်တော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက မုချအဆက်ပြတ်မှာပဲ။ သံသရာဝဋ်တွင်းက လွတ်ကင်းမှာ မုချပဲ မယုံကြည်ထိုက်ဘူးလားကွာ (ယုံကြည်ပါတယ်ဆရာ)၊ ယုံကြည်ထိုက်တယ်။

ဒါကြောင့် တို့လူစု တတ်သမျှ မှတ်သမျှ ဆိုသလိုပဲ သည်းခံပြီးတော့ နားလည်အောင် သင်ကြားပေးမှာ၊ ပေးတော့ ဘာဖြစ်၊ နံပါတ်တစ် ဆိုတဲ့ “အနညာ” -ဝိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်းကြောင့်ဆိုတဲ့ အပြစ်တော့ လွတ်လောက်ပါတယ်ကွ နော် (မှန်ပါတယ်ဆရာ)၊ ဝိုးတိုးဝါးတား သာမညတော့ သိတယ်မဟုတ်လား (သိပါတယ်ဆရာ)၊ အေး-တစ်လုံးဆို ဆိုသလောက် ခရီးရောက် အောင် ပြတ်ပြတ်သားသား နားလည်ရမယ်။ သေသေချာချာလည်း မှတ်ထား။ “အနနုဗောဓာ” ဆိုတဲ့ နေရာကတော့ တို့သင်တန်းသားများ တမြန်နေ့က ဝေဖန်ပေးတဲ့အတိုင်း အနုဗောဓာ-အနေ

http://www.dhammadownload.com

အားဖြင့် သိမှုဆိုတာကတော့ ဒါဘာခေါ်တုံး။ ဉာတပရိညာစခန်း ဆိုက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါလည်း ရောက်ပြီးသား မဟုတ်လား (ရောက်ပြီးသားပါဆရာ)၊ အားရှိစရာတွေ အားရှိစရာတွေ။ ဩော်-ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး သို့ကလောက် သေချာတဲ့ မျှော်လင့်ချက်တွေ အများကြီးရှိတဲ့ တရားတော်ကြီး ငါနာချင်ပါတိ။ စေတနာလေး ကပ်လိုက်ယင်ပဲ ဖြတ်ဆို နေ မကောင်းကနေ နေကောင်းလာနော် (မှန်ပါတယ်ဆရာ)၊ နေကောင်းလာလည်း သင်တန်းပြန်ရောက် ရမယ်။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးအမှီပဲ နာကြားရ၊ အင်မတန်လည်း ဝမ်းသာစရာကောင်း။ ဒါကြောင့် -

"ဓမ္မဂုဏော အစိန္တိယော" တဲ့၊ ဓမ္မဂုဏော၊ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်သည်။ အစိန္တိယော၊ ကြံစည်အံ့ဩ ပြောလို့ဟောလို့ မကုန်နိုင်တဲ့တရားရဲ့ ဂုဏ်ကျေးဇူးများ ဘယ်တော့မှ ကြံစည်အံ့ဩ ပြောလို့ဟောလို့ မကုန်ဘူးဆိုတာ မှတ်ထား။ ယုံကြည်တဲ့ပုဂ္ဂိုလ်အဖို့ကတော့ ဒီအတိုင်း သွားတာ။ မယုံကြည်တဲ့ပုဂ္ဂိုလ်ကျတော့ အလကားပါပဲနော် (မှန်ပါတယ်ဆရာ)၊ အကြောင်းမထူးပါဘူး။ ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီးမှာ အခုည ဝေဖန်ပြီးသွားတာက ငါလည်း၊ သူလည်း၊ ပုဂ္ဂိုလ်လည်း၊ သတ္တဝါလည်း၊ ယောကျ်ား မိန်းမလည်း၊ အသက်လိပ်ပြာလည်း၊ နတ်တွေ ပြဟ္မာတွေလည်း၊ ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ငှက်တွေလည်း၊ သတ္တဝါတွေလည်းဆိုတဲ့အစွဲ နာမှုလေးနော် (မှန်ပါတယ်ဆရာ)၊ ပြတဲ့ပုဂ္ဂိုလ်များလည်း ပြထားတာကိုးကွနော်။

သူ့ခမျာလည်းပဲ အပြစ်တော့ မဆိုသာပါဘူး။ တကယ့်ကို ဘာမှန်းမှမသိတဲ့ပုဂ္ဂိုလ်များ အတော် အတန်လေး သံသရာခရီးမှာ ဒီနည်းနဲ့လည်နေတယ်ဆိုတဲ့ အဓိပ္ပါယ်လေး နားလည်ပါစေ ဆိုပြီး ချပြရတာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီသရုပ်တွေနဲ့ ထုတ်ပြီးတော့ လည်ပုံလည်နည်းပြလို့ ဒီအသိလောက်ရယင်လဲပဲ သူသူငါငါ တန်းပြီးတော့ သိပ်မသာသေးပါဘူး။ ဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် "ပညတ်လည် ပရမတ်လည်" ဆိုတဲ့ နှစ်မျိုးနှစ်စား ပညတ်လည်ပုံလည်နည်း ဆိုတာကတော့ သူသူငါငါ မသင်မကြားဘဲနဲ့ နားလည်ကြတယ်။ ပရမတ်လည်ဆိုတာက ရုပ်ဓာတ်၊ နာမ်ဓာတ် ပရမတ်အစစ်တရားတွေ တစ်ခုနှင့်တစ်ခု ကျေးဇူးပြုပြီး အကြောင်းခံလို့ အကျိုးတွေ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ အကြောင်းခံ အကျိုးတွေပေါ်။

ဒါကြောင့် သံသရာကြီးမှာ အစအဆုံး လုံးလုံးကြီး မမြင်နိုင်အောင်လို့ အင်မတန် ရှည်လျားတဲ့ သံသရာကြီးတစ်ခုလုံးမှာ လည်လည်းလည်ပြီးခဲ့ပြီ၊ အခုလည်း လည်နေဆဲ၊ နောင်လည်း လည်ဦးမယ်၊ အဆုံးအစ မရှိဘူးပေါ့ကွ နော် (မရှိပါဘူးဆရာ)၊ အဲသလို အရင်လည်းပဲ လည်ခဲ့ပြီးပြီ၊ အခုလည်း

http://www.dhammadownload.com

လည်နေဆဲ၊ နောင်လည်း လည်ဦးမယ်ဆိုတဲ့ အတိတ် ပစ္စုပ္ပန် အနာဂတ်ဆိုတဲ့ ကာလသုံးပါး ဖမ်းပြီးတော့ မိမိတို့ကိုယ်တိုင် ဉာဏ်ကလေးတွေနဲ့ ဝေဖန်ကြည့်လိုက်ကြ။ ဘယ်သူတွေ လည်ပါလိမ့်၊ ဘယ်သူတွေ လည်တုံးဟ (နာမ်ရုပ်နှစ်ပါး လည်နေပါတယ်ဆရာ)၊ သြော်-နာမ်ရုပ်နှစ်ပါး (မှန်ပါတယ် ဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါတွေ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ နာမ်ရုပ်နှစ်ပါး ရှိတာပေါ့ (မှန်ပါ တယ်ဆရာ)၊ နာမ်ရုပ်နှစ်ပါး လည်နေပုံလည်နေတဲ့နည်း ကြည့်လိုက်ပြန်တော့လည်း ဘာနဲ့ ဘာတွေ့တုံးဟ (အကြောင်းနှင့်အကျိုး တွေ့ပါတယ်ဆရာ)၊ အေး-အကြောင်းနှင့်အကျိုး၊ ဒါပဲရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းအကျိုးဆိုတဲ့ တရားနှစ်ပါးအပြင် ဘာများမြင်သေးတုံး (ဘာမှ မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားနှင့်အကျိုးတရား နှစ်ပါးအပြင် ရှာကြည့် ဘာမှမရှိဘူး။ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ် ဒီလို ခေါ်တယ်၊ ဒီလို ဟောတယ်။

ပဋိစ္စက ဘာတုံး (အကြောင်းကို စွဲတာပါဆရာ)၊ ဟုတ်ပြီ၊ **သမုပ္ပါဒ**က ဘာတုံး (အကျိုးဖြစ်ပါ တယ်ဆရာ)၊ ဟော-ချလိုက်ပြီ ချလိုက်ပြီ၊ အဲဒီအကျိုးကို မင်းပဲမှီဖြစ်နေ၊ အကျိုးလဲ ဆိုသေး၊ မှီ ဖြစ်ရဦးမယ်တဲ့။ အကျိုးဘယ်သူက မှီဖြစ်ရမှာတုံးဟ။ အကြောင်းကို မှီဖြစ်တဲ့ အကျိုးမဟုတ်လား (မှန်ပါတယ်ဆရာ)၊ **ပဋိစ္စ**က အကြောင်းတရားကိုကွနော် (မှန်ပါတယ်ဆရာ)၊ **သမုပ္ပါဒ**က ဘာတုံး အကျိုးတရား (အကျိုးတရားပါဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

" ပဋိ ပဋိစ္စ သမာဂန္တွာ ဖလာနံ ဥပ္ပါဒေါတိ ပဋိစ္စသမုပ္ပါဒေါ "

ပစ္စယသမဂ္ဂေ၊ အကြောင်းတို့၏ ညီညွတ်ခြင်းကို။ ပဋိ ပဋိစ္စ၊ စွဲ၍။ သမာဂန္တွာ၊ အညီအမျှ ရောက်လာ၍။ ဖလာနံ၊ အကျိုးတရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းနော် (မှန်ပါတယ်ဆရာ)၊ သေသေချာချာကြည့်နော်။ ဒေသနာ်အကျဉ်းချုံးလိုက်တော့ အကြောင်းနဲ့ အကျိုးနှစ်ခုရှိတော့တယ်။ ဘာရှိသေးတုံး (ဘာမှ မရှိပါဘူးဆရာ)၊ ဘာမှ မရှိတော့ဘူး အကြောင်းနဲ့အကျိုး နှစ်ပါးပဲရှိတော့တယ်။ ဘာမှ မရှိတော့ဘူး။ သြော်-လက်စသတ်တော့ ဒီအကြောင်းအကျိုးနှစ်ပါးပဲ သံသရာအစကတည်းက အကြောင်းခံလိုက် အကျိုးဖြစ်လိုက်၊ အကြောင်းခံလိုက် အကျိုးဖြစ်လိုက်၊ ဒီအတိုင်းကြီး သွားနေတာတဲ့။ အနမတဂ္ဂ တစ်သံသရာလုံးက ဒီလိုပဲလာခဲ့၊ အခုရောက်ဆဲ ပစ္စုပ္ပန်ဘဝလည်းပဲ ဒီလိုပဲ ဒီတိုင်းဖြစ်၊ အကြောင်း ကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်နော် (မှန်ပါတယ်ဆရာ)၊ နောက်လာလတ္တံ့ အနာဂတ်တစ်သံသရာလုံးလည်းပဲ အကြောင်းကြောင့် အကျိုးဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရား အကျိုးတရား နှစ်ပါးအပြင် ဘာရှိသေးတုံးဆို ဘယ်နှယ့်ပြော (ဘာမှ မရှိပါဘူးဆရာ)၊

http://www.dhammadownload.com

ဘာမှမရှိဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အကြောင်းတရား အကျိုးတရား နှစ်ပါးကတော့ ဘာတရားတွေတုံး၊ ဘာတွေတုံး (ရုပ်နှင့်နာမ်တရားပါဆရာ)၊ ဩော် - ရုပ်နှင့်နာမ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတဲ့ နိယျာနိက ဓမ္မဒေသနာအစစ် တရားတော်မြတ်ကြီးကို အကျဉ်းဆုံး ချုံးလိုက်ပြီဆိုတော့ ရုပ်တစ်လုံး နာမ်တစ်လုံးပဲ ရှိတယ်။ ရုပ်တစ်လုံး နာမ်တစ်လုံးအပြင်က ဘာမှမရှိဘူး။ ဒီရုပ်နာမ်ဆိုတဲ့ ဒီတရားနှစ်ပါးပဲ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ် ဆက်စပ်ပြီးတော့ ဖြစ်နေတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးမှတ်ထား။ အဲဒါ ပရမတ်အမြင်နဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး ဆင်ခြင်သုံးသပ်တတ်ပြီဆိုမှဖြင့် မင်္ဂပေါက် ဖိုလ်ရောက်တဲ့နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမှန်ရနိုင်တယ်တဲ့။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်များ ရှင်အာနန္ဒာ ကိုယ်တိုင် ဆရာ့ ဆရာများထံ နည်းခံပြီးတော့ အကြိမ်ကြိမ် အထပ်ထပ်အားဖြင့် သင်လည်း သင်တယ်၊ နာလည်း နာတယ်၊ မေးလည်း မေးတယ်၊ ဆောင်လည်း ဆောင်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ကြပါ။ သေသေချာချာ တကယ့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် “မဟာပညော ဝိသဒဉာဏော” အခေါ်ခံရတဲ့ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာ စိုးကြီးဖြစ်လျက် ဆရာ့ဆရာများထံမှာ အမြဲမပြတ် နည်းခံပြီးတော့ သင်မှုပဲ နာကြားမှုပဲ မေးမြန်းပါပဲ ဆောင်ပါပဲနော် (မှန်ပါတယ်ဆရာ)၊ ဘာမှ မပြောလို့သာ ငါတို့ သူငါ ဆိုတဲ့ လူတကာတွေကြတော့ ဆထက်တန်ဖိုး တိုးပြီးတော့ သင်မှုဟဲ့၊ နာကြားမှုဟဲ့၊ မေးမြန်းမှုဟဲ့၊ ဆောင်မှုဟဲ့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒီလိုဆို သင်မှု ကြားမှု နာမှု ဆောင်မှု မေးမှု စမ်းမှု တတ်မယ်မဟုတ်လား (တတ်မှာပါဆရာ)၊ တတ်မှ သိမယ်မဟုတ်လား (သိပါမှာပါဆရာ)၊ သိမှ တရားရမယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် သင်မှု ကြားမှုဆိုတာ လုပ်ရတယ်တဲ့။ သင်လဲ မသင်ဘူး ကြားလည်းမကြားဘူး၊ နာလည်းမနာဘူး၊ မေးလည်း မမေးဘူး၊ ဆောင်လည်း မဆောင်ဘူး၊ ဘာတွေလုပ်နေနေ ဘယ်လောက်ပဲ အရိုးကျေကျေ အရေစုတ်စုတ် လုပ်နေတတ်ပါမလားဟ (မတတ်ပါဘူးဆရာ)၊ မတတ်ယင် သိပ့်မလား (မသိပါဘူးဆရာ)၊ မသိယင် တရားရနိုင်ပ့ါမလား (မရပါဘူးဆရာ)။

ဒါကြောင့် သံသရာ ဘယ်ကစ (မသိတာက စပါတယ်ဆရာ)၊ သံသရာ ဘယ်မှာဆုံး (သိတစ်လုံးမှာ ဆုံးပါတယ်ဆရာ)၊ သိဖို့ အရေးကြီးတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ အသိရအောင်လို့ လုပ်နေကြရတာ ကြိုးစား။ သိမှ သိမှုဆိုတာ တထစ်ချမှတ်ထား။ ဒါကြောင့် တို့ ဝိပဿနာသင်တန်း ကြီးက ဉာဏ်စခန်း ဉာဏ်လမ်းလို့ ဒီလို နာမည်ပေးထားတယ်နော် (မှန်ပါတယ်ဆရာ)၊ အလုပ်စခန်း

http://www.dhammadownload.com

အလုပ်လမ်း မဟုတ်ဘူး။ ဉာဏ်စခန်း ဉာဏ်လမ်း။ ဉာဏ်စခန်း ဉာဏ်လမ်းဆိုတာ ဘာတုံး၊ မိမိဉာဏ်မှာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားဒေသနာတွေ တစ်လုံးချင်း တစ်လုံးချင်း စာရင်းရှင်းရှင်းသွားအောင် တတ်သိလိမ္မာလာအောင် နားလည်လာအောင် ကျွမ်းကျင်လာအောင် မှတ်မိလာအောင် သင်ကြားပေးတဲ့ သင်တန်းဟူ၍ မှတ်ပါ။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားတော် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ တရားတော်ကို စက်ရဟတ် တရားတော်လို့ ခေါ်တယ်။ ဘာပြုလို့ စက်ရဟတ် တရားတော်လို့ ခေါ်သလဲ။ မရပ်မနားဘဲနဲ့ အမြဲမပြတ်ဆက်စပ်ပြီးလည်နေလို့ စက်ရဟတ်နှင့်တူလို့ စက်ရဟတ်တရားတော်လို့ ဘယ်သူ လည်တာတုံး။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ နတ် လူ ဗြဟ္မာ ခွေး ဝက် ကြက် ငှက် သုံးဘုံသူ သုံးဘုံသားတွေ လည်တယ်။ ဒီလိုပဲ နားလည်ကြရမယ်။ ဒီလို နားလည်ယင် ဒါ သမ္မုတိအားဖြင့် လည်တဲ့။ ပဋိစ္စသမုပ္ပါဒ်တရားတော် ခေါ်တယ်။ ပရမတ္ထအားဖြင့် လည်ပုံလည်နည်း ဉာဏ်မမှီလို့ လုံးလုံးကြီး မသိကြတဲ့ အန္ဓပုထုဇဉ်ခေါ်တဲ့ ပုဂ္ဂိုလ်များရဲ့ နားလည်မှု ဒါသမ္မုတိလည်နည်း ခေါ်တယ်။

ဒါကြောင့် တမြန်မနေ့က ခွဲစိတ်ပြခဲ့တဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားတော်ကြီးသည် အဆက်မပြတ် လည်၍နေ၏။ ဘယ်သူလည်သတုံး၊ ငါလည်၊ သူလည်၊ ပုဂ္ဂိုလ်လည်၊ သတ္တဝါလည်၊ နတ် ဗြဟ္မာ ခွေး ဝက် ကြက် ငှက် သုံးဘုံသူ သုံးဘုံသားတွေ လည်၏။ ဒီအတိုင်း သိနေယင် သူသိ ငါသိ ပဋိစ္စသမုပ္ပါဒ်တရား မနာရလည်း သိတာပဲ။ ဒါလောက်တော့ ကြားဖူးနားဝ နာရလဲ သိတာပဲ။ ပဋိစ္စသမုပ္ပါဒ် မဖတ်ဘူးလဲ သိတာပဲ၊ ဖတ်ဖူးလဲ သိတာပဲ။ ဘာပြုလို့ ကံ, ကံ၏အကျိုး ယုံကြည်တဲ့ တို့ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေမှန်သမျှ ကံပစ်ချရာ ဂတိအားဖြင့် လားကြရတယ်။ လူဖြစ်လိုက် နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် ခွေးဖြစ်လိုက် ဝက်ဖြစ်လိုက် ကြက် ငှက်ဖြစ်လိုက် ဒီအသိဉာဏ်က ပင်ကိုကတည်းက သူတော်ကောင်းတရား နာကြားထားလို့ ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့ ကမ္မဿကတသမ္မာဒိဋ္ဌိဉာဏ်ရကတည်းက ဒီလည်နည်းမျိုးဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်လည်ပုံ လည်နည်း ကတော့ သိပြီးသား။ ဒါလောက်နဲ့ အကြောင်းမထူးဘူးလို့။

ဒါကြောင့် တမြန်နေ့က ပြတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးမှာ လည်ပုံ လည်နည်း ပြတဲ့နေရာ အဝိဇ္ဇာကစ ဇရာ မရဏအဆုံး ဆယ့်နှစ်လုံးသော တရားသည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုး ဆက်စပ်သွားပုံလေးတွေ။ ဒါပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဒေသနာပဲလို့ မြတ်စွာ ဘုရားကိုယ်တော်မြတ်က ထုတ်ဖော်ပြီး ဟောကြားတော်မူတယ်။ ဒါဖြင့် ၎င်းပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ဒေသနာတော်မှာ သေသေချာချာ ရှာလိုက်တော့ အဝိဇ္ဇာကစ ဇရာ မရဏကျအောင် ဆယ့်နှစ်လုံးသော တရားကို တွေ့။ ဩော်-ဒါဖြင့် လည်တယ်ဆိုတာ ဒီတရားတွေ ပါပဲလား။ ဒါကြောင့် အဝိဇ္ဇာကြောင့်

http://www.dhammadownload.com

သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ ဒီလိုပဲ အကြောင်းအကျိုး အကြောင်းအကျိုး ဆက်စပ် ဆက်စပ်ပြီးတော့ လည်ပုံလည်နည်းပြတယ်။ ဒါဖြင့် ဒီလိုလည်တဲ့တရား ဆယ့်နှစ်ပါးထဲမှာ အဝိဇ္ဇာ ဆိုတဲ့ ပထမအလုံးလေးကစ ထိုအဝိဇ္ဇာဆိုသော ပဋိစ္စသမုပ္ပါဒ်တရား တစ်လုံး၌ ငါသူ တစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ရှာကြည့်၊ အသက်လိပ်ပြာ ရှာကြည့်၊ နတ်ပြဟ္မာ ခွေး ဝက် ကြက် ငှက် အထည်ဒြပ် သဏ္ဌာန် ရှာကြည့်၊ ပုံစံရှာကြည့်၊ အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ် အမှုန်အမွှား ရှာကြည့်။ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါ အဝိဇ္ဇာ အဝိဇ္ဇာပဲ။ ဒါပေမယ့် အဝိဇ္ဇာဟာ ဥပစာအားဖြင့် တင်စားခေါ်ထားတာ။ အမှန်ကတော့ ဘာမှမသိတဲ့ သဘောကို အဝိဇ္ဇာခေါ်ထားတော့ အဝိဇ္ဇာရဲ့ တရားကိုယ်က ဘယ်သူလဲ (မောဟပါဆရာ)၊ မောဟဆိုတာ တွေဝေတတ်တယ်၊ ဘာမှ မသိတတ်ဘူးတဲ့။

ဒါကြောင့် အဝိဇ္ဇာဟာ တရားကိုယ် တရားသားကောက်တော့ မောဟစေတသိက်ရတယ်။ အဲ့ဒီ မောဟဆိုတဲ့ စေတသိက် နာမ်ဓာတ်ကလေးဟာ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်းမဟုတ်၊ အသက်လိပ်ပြာလည်းမဟုတ်၊ အထည်ဒြပ်သဏ္ဌာန် အကောင် အထည်လည်းမဟုတ်၊ အမှုန်အမွှား အရည်အဖတ်လည်း မဟုတ်၊ အဖြူ အပြာ အဝါလည်း မဟုတ်ဘူး။ အမှန်ကတော့ မသိတတ်တဲ့ သဘောလေးနော် (မှန်ပါတယ်ဆရာ)၊ မသိတတ်တဲ့သဘော လေးအတိုင်း နာမ်ဓာတ်ကလေးပဲ၊ သဘောလေး သဘောလေး ဆိုယင်ပဲ တို့လူစုက နားလည်သွားပြီ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာမှ မရှိဘူးပေါ့ (ဘာမှ မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူး သဘောလေးတော့ ရှိတယ်၊ မဟုတ်လား (ရှိပါတယ်ဆရာ)၊ အေး-အဲ့ဒီသဘောအဖြစ် ထင်ရှားရှိတဲ့ ပရမတ္ထဒေသနာလို့ ဒီလိုခေါ်ထားတာ။ သူကတကယ်ရှိတာ။ ဒီသဘောလေးက ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊

ဒါကြောင့် အဝိဇ္ဇာတစ်လုံးကို လုံးလုံးကြီး မိမိဉာဏ်ထဲမှာ ပြတ်ပြတ်သားသား နားလည်လိုက်တော့။ ဒါဖြင့်ယင်လဲ အဝိဇ္ဇာဆိုတဲ့ တရားလုံးလေးထဲမှာ ပုဂ္ဂိုလ် သတ္တဝါရှာကြည့်တော့ ဘာမှ မရှိပါ။ ဒီလိုဆိုယင် သူ့ပုံစံ နမူနာလေးရယင် နောက်နားက သင်္ခါရ သူ့ကြောင့်ဖြစ်လာတဲ့ အကျိုး တည်းဟူသော သင်္ခါရကြည့်ပြန်လဲပဲ ၎င်းနည်းအတိုင်းပဲ ပုဂ္ဂိုလ် သတ္တဝါ ဘာမှမရှိ။ သင်္ခါရဆိုတာ စေတနာ သုံးမျိုးကို ကောက်ထားတာ။ စေတနာစေတသိက်ကလေးရဲ့ သူ့ကျပြန်တော့လည်း ဒီအကျိုး တရားကြည့်ပြန်တော့လည်း ပုဂ္ဂိုလ် သတ္တဝါရှာကြည့် ဘာမှမရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒဲဒါ

http://www.dhammadownload.com

ကြောင့် ဒီနှစ်လုံးတည်း အပြန်အလှန် သုံးသပ်ကြည့်စမ်း။ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုး။ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဆိုတဲ့ အကျိုးတရားပေါ်လာတယ်။ ဒီနည်းအတိုင်းပဲ ရှေ့လဲပဲ ဆက်ကြည့်သွားမှာပဲ။ ဒါဖြင့်ယင် ဒီနှစ်လုံးဝေဖန်တဲ့အခါကျတော့ အကြောင်းတရားထဲရှာလည်း ပုဂ္ဂိုလ် သတ္တဝါ ရှာမရဘူး။ အကျိုးတရားထဲရှာလည်း ပုဂ္ဂိုလ် သတ္တဝါ ရှာမရဘူး။ ဒါဖြင့်ယင် ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးမှာ ပုဂ္ဂိုလ် သတ္တဝါရှာရတဲ့နေရာရယ်လို့ ရှိသလားဆိုတော့ ဘာမရှိဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အဝိဇ္ဇာကစ ဇရာ မရဏကျအောင် ပုဂ္ဂိုလ်သတ္တဝါ ရှာမရ၊ အသက် လိပ်ပြာ ရှာမရ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာတွေ ရှိသလဲလို့ တမြန်နေ့က ကောက်ပြတဲ့အတိုင်း ရုပ်ဓာတ် နာမ်ဓာတ် နှစ်ပါးပဲရှိတယ်။ အဲဒီ ရုပ်တရား နာမ်တရား နှစ်ပါးသည်ပင်လျှင် တစ်ခုနှင့်တစ်ခု ကျေးဇူးပြုပြီးတော့ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကြောင်းကြောင့် အကျိုးဖြစ်လိုက် အကြောင်းကြောင့် အကျိုးဖြစ်လိုက် ဒီလိုချည်းဆက်သာသွားနေ။ အဲဒါအကြောင်း မချုပ်သမျှ အကျိုးမပြုတ်ဘူးလို့ အကြောင်းလုပ်သမျှ အကျိုးပေါ်တယ်။ ဒီအတိုင်း မရပ်မနားဘဲနဲ့ လည်နေတဲ့တရား ပဋိစ္စသမုပ္ပါဒ်တရားလို့ ဒီအချိုးလေး မြင်လာအောင် သိလာအောင် ကြိုးစား၊ ဟော-ဒါဖြင့် ငါလည်တာ၊ သူလည်တာ၊ ပုဂ္ဂိုလ်လည်တာ၊ သတ္တဝါလည်တာ၊ နတ်တွေ ပြဟ္မာ ခွေး ဝက် ကြက် ငှက် သုံးဘုံသူ သုံးဘုံသားတွေ လည်တယ်ဆိုတာ မဟုတ်ပါဘဲလား။ ဓမ္မအကြောင်းအားဖြင့် ကြည့်လိုက်တော့ ရုပ်တရား နာမ်တရား နှစ်ပါးသည် အကြောင်းခံ အကျိုးပေါ်၊ အကြောင်းခံ အကျိုးပေါ် အနေအားဖြင့် လည်တယ်လို့ ဒီလိုသိရမယ် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပဋိစ္စသမုပ္ပါဒ် ဝေငှပြထားတဲ့ စက်ဝိုင်းကြီးထဲမှာ တစ်လုံးချင်း တစ်လုံးချင်း စာရင်းရှင်းပြီးလို့ ရှင်းသွားပြီ ဆိုတော့မှ ကိုယ်ပေါ်ပြန်တင်လိုက်။

ငါ့အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ကြည့်ပြန်တော့ ဒီတရားဆယ့်နှစ်ပါး ဆက်တိုက်သွားနေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ငါ့ကိုယ်လို့သာ သမ္မုတိပညတ်အနေအားဖြင့် ဆိုထားတယ်။ ငါ့ကိုယ်လည်းမရှိ ငါလည်းမရှိ ယောက်ျား မိန်းမလည်းမရှိ အသက်လိပ်ပြာလည်းမရှိ အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်လည်း မရှိ၊ ငါအဇ္ဈတ္တသန္တာန် အမှန်ဝေဖန်ပြန်တော့ ဒီတရားဆယ့်နှစ်ပါးပဲ ရှိတယ်။ ဒီတရား ဆယ့်နှစ်ပါးလည်း အခါအားလျော်စွာ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုးနဲ့ ဆက်စပ်ပြီးဖြစ်နေတာ။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သံသရာ ဘယ်ကစ "မသိတာက စ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သံသရာ ဘယ်က စ (မသိတာက စပါတယ်ဆရာ)၊ မသိတာ ဆိုတာ ဘာတုံး (အဝိဇ္ဇာပါဆရာ)။

http://www.dhammadownload.com

အေး-အဝိဇ္ဇာမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သံသရာ ဘယ်ကစ "မသိတာကစ"၊ သံသရာ ဘယ်မှာဆုံး (အသိတစ်လုံးမှာ ဆုံးပါတယ်ဆရာ)၊ အသိတစ်လုံးမှာဆုံး။ ဒီတော့ မသိတာက စတယ် ဆိုတော့ အဝိဇ္ဇာကစတယ်တဲ့။ သံသရာဘယ်တော့ဆုံးမှာတုံးလို့ ဆိုတော့ အသိတစ်လုံးကျမှ ဆုံးတယ်။ သိပြီဆိုလို့ရှိယင် ဆုံးပြီနော် (မှန်ပါတယ်ဆရာ)၊ သိပြီဆိုယင်ဆုံးတယ်။ ဒါကြောင့် ဒီ ပဋိစ္စသမုပ္ပါဒ်ကြီးရဲ့ အဓိပ္ပါယ်မှ ပြတ်ပြတ်သားသား နားမလည်လို့ရှိယင် သံသရာလည်လို့ မဆုံးနိုင် ပါဘူးတဲ့။ အကြောင်းအကျိုးလည်း ပြတ်လို့ ရပ်လို့ ရမှာ မဟုတ်ပါဘူးတဲ့။

ဒါဖြင့်ယင် ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးရပ်ချင်တော့ ဘယ်နှယ့်လုပ်။ အသိဉာဏ်တစ်လုံး ပေါ်ထွက်လာအောင် ကြိုးစားပါ။ များများမဟုတ်ပါဘူး၊ တစ်လုံးတည်းနော် (မှန်ပါတယ်ဆရာ)၊ အချက်သိပြီလား ဆိုမှဖြင့် အင်မတန် အသိလွယ်ပါတယ်။ တစ်ချက်တည်းကြည့် ဒီပဋိစ္စသမုပ္ပါဒ်ကြီး ဖြတ်စမ်းပါ၊ ရပ်စမ်းပါ။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက လွတ်သွားအောင်, ဝဋ်းလုံးကျွတ် ကျွတ် သွားအောင်, လွတ်သွားအောင် ကြိုးစားစမ်းပါဆိုလို့ရှိယင် အင်မတန်ခဲယဉ်းပါတယ်။ ဘာပြုလို့, လမ်းစဉ်မသိလို့, အချက်မသိလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကြိုးစားရတာ အင်မတန်ခက်တယ်။ ဒါကြောင့် သံသရာထဲ တစ်ဝဲလည်လည်နဲ့ မျက်စိလည် မပျောက်ကြ တောက် လျှောက်ကြီး လည်နေကြ။ ဒါပေမယ့်လို့ လူတိုင်းသိနိုင်တဲ့ တရားလားလို့ဆိုတော့ လူတိုင်း သိနိုင်တဲ့ တရား မဟုတ်ဘူး။ ဘာပြုလို့, ခက်ခဲခြင်း၊ နက်နဲခြင်းလေးပါးနှင့် ဂမ္ဘီရလေးပါးနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောကြားတော်မူထားလို့။ ဒါကြောင့် နောက်နားက တို့ ဥပမာပြလိုက်မယ်ပေါ့။

တန္တာကုလကဇာတာ - ထွင်လို့ ပြင်လို့ မရအောင် ရှုပ်နေတဲ့ ရက်ကန်းထွေးကြီလိုပဲ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ မုဥ္စပဗ္ဗဇဘူတာ၊ ဖြူဆံမြက် ပြိန်မြက်များ စုပုံထားသလိုပဲ အရင်းအဖျား ရှေ့မရဘူး။

ကုလဂဏ္ဍိကဇာတာ - စာကူးအိမ်လိုပဲ တစ်လိမ်တည်းလိမ်နေ၊ ပုထုဇဉ်တို့ဉာဏ်မှာ ဒီလိုပဲ ဖြစ်နေတယ်တဲ့။ ဒီလိုပဲ ဖြစ်နေတော့ ဒါကြီးက အရှင်းခက်မနေဘူးလားဟ (ခက်နေပါတယ်ဆရာ) ဒီအရှင်းခက်နေသမျှ ကာလပတ်လုံး ဒီစက်ရဟတ်အတွင်းက လွတ်ပါ့မလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ မလွတ်ဘူးဆိုတာ မှတ်ထား။ ဒါကြောင့် အင်မတန် သိနိုင်ခဲ မြင်နိုင်ခဲတဲ့ တရားထူး တရားမြတ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဟောထားတယ်။ ဒါပေမယ့် "ကြိုးစားယင် ဘုရားတောင် ဖြစ်" ဆိုတဲ့ စကားလိုပဲ ကြိုးစားယင် ဖြစ်ရမယ်။ ကြိုးစားယင် သိရမယ် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် စောစောက အားရှိစရာ စကားပြောထားတယ်။ သံသရာဘယ်ကစ "မသိတာကစ" သံသရာဘယ်မှာဆုံး "အသိတစ်လုံးမှာဆုံး" ဆိုတော့ အသိဉာဏ်လေးတစ်လုံးပေါ်ဖို့ အရေးကြီးတယ်

http://www.dhammadownload.com

မကြီးဘူးလား (ကြီးပါတယ်ဆရာ) တရားများများမဟုတ်ဘူး၊ နည်းနည်းလေး အသိဉာဏ်လေးတစ်လုံး ပေါ်ဖို့တဲ့၊ အဲဒါ တခြားမဟုတ်ပါဘူး။ ခုကတည်းက ကြိုတင်ပြီးတော့ ရိပ်စားထားစမ်း၊ အဝိဇ္ဇာဓာတ်နှင့် ဆန့်ကျင်ဘက်ဓာတ်ကြီးက ဘယ်သူတုံးဟ (ဝိဇ္ဇာပါဆရာ)။

အေး-ဝိဇ္ဇာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာတရားကိုယ်ကောက်တော့ မောဟမရဘူး လား (မောဟရပါတယ်ဆရာ)၊ ဝိဇ္ဇာဓာတ်တရားကိုယ်ကောက်တော့ ဘာရ (အမောဟ ပညာ စေတ သိက် ရပါတယ်ဆရာ)၊ ပညိန္ဒြေ၊ အောင်မယ် မဆိုးတော့ မဆိုးပါဘူး။ ဒီကောင်က သိပ်မဆိုးဘူး သိပ်မဆိုးဘူး နည်းနည်းညံ့တယ်။ ဝါးချလိုက်သေးတယ်။ အမောဟ ပညိန္ဒြေ စေတသိက်ရတယ် (မှန်ပါတယ်ဆရာ)၊ ပညာကိုကွနော် (မှန်ပါတယ်ဆရာ)၊ အေး-ဒါဖြင့် အဝိဇ္ဇာက မသိတာဟောတယ် လား (မှန်ပါတယ်ဆရာ)၊ ဝိဇ္ဇာက ဘာဟောတုံး (ပညာပါဆရာ)၊ သိတာလို့ ပြောစမ်းပါဟ၊ အဝိဇ္ဇာ မသိတာလို့ ဟောတယ်လား (မှန်ပါတယ်ဆရာ)၊ ဝိဇ္ဇာက ဘာဟော (အသိတစ်လုံး ဟောထားတာ ပါဆရာ)၊ အောင်မယ်-ကွန့်လိုက်သေးတယ်။ သိတာလို့ ပြောစမ်းပါဟနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက ဘာတုံး (မသိတာပါဆရာ)၊ ဝိဇ္ဇာက ဘာတုံး (သိတာပါဆရာ)၊ သူတို့ချင်း ကျောချင်းကပ် မနေဘူးလား (ကျောချင်းကပ်ပါတယ်ဆရာ)၊ ဘယ်တော့မှ မတည့်ဘူး (မတည့်ပါဘူးဆရာ)၊ ပဋိပက္ခ ဓာတ်ကြီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။

အေး-ဟုတ်ပြီ၊ ဒါဖြင့် မသိတဲ့ အဝိဇ္ဇာဓာတ်ကြီး သတ်ချင်တော့ ဘာနဲ့သတ် (ဝိဇ္ဇာနှင့် သတ်ရ ပါတယ်ဆရာ)၊ အေး-ဝိဇ္ဇာနှင့် သတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါဝိဇ္ဇာဆိုတာ ပညာလို့ ခေါ်တယ်။ ဒါကြောင့် ဝိဇ္ဇာလမ်း စရဏလမ်း၊ ဝိဇ္ဇာတရား စရဏတရား၊ ဝိဇ္ဇာမျိုး စရဏမျိုး မြတ်စွာဘုရား ကိုယ်တော်မြတ် သာသနာတော်မှာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိတယ်။ အင်မတန် များတယ်၊ ကျယ်ဝန်းတယ်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးကျမ်းလို့ ဆိုင်ရာဆိုင်ရာစု ဓမ္မက္ခန္ဓာဆိုတာ **ဓမ္မ**က တရား၊ **ခန္ဓာ**က အပေါင်း၊ တရားတွေ ပေါင်းပေါင်း၊ ပေါင်းပေါင်းသွားလို့ရှိယင်တဲ့ ရှစ်သောင်းနဲ့လေးထောင်ရှိတယ်။ မများဘူးလား (များပါတယ်ဆရာ)၊ အဲ့ဒါတွေ တူရာတူရာ ပေါင်းခွဲလိုက်တော့ ဝိဇ္ဇာမျိုး စရဏမျိုး နှစ်မျိုးထွက်လာ ထွက်ဘူးလား (ထွက်လာပါတယ်ဆရာ)၊ ဝိဇ္ဇာမျိုးနဲ့စရဏမျိုး သေသေချာချာလည်း မှတ်ကြ။ ဝိဇ္ဇာ မျိုးနဲ့စရဏမျိုးနဲ့ ထွက်လာတော့ ဝိဇ္ဇာမျိုးဆိုတာ ဘာလဲ၊ ပညာစခန်း ပညာလမ်း ခေါ်တယ် (မှန်ပါ တယ်ဆရာ)၊ အသိဉာဏ်နဲ့ သွားကြရမယ်တဲ့၊ သိမှ ကိစ္စပြီးတယ်ခေါ်တယ်။ မသိသမျှ ဘယ်တော့မှ ကိစ္စမပြီးဘူး၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီနေရာမှာ "သံသရာ ဘယ်ကစ မသိတာကစ၊ သံသရာဘယ်မှာဆုံး အသိတစ်လုံး မှာဆုံး"လို့ ပြောထားတဲ့ စကားက အလကားများ မှတ်မနေနဲ့။ နောက်ထွင်တဲ့ စကားလုံးလို့ မှတ်

http://www.dhammadownload.com

မထားနဲ့ ပညာရှိများက ပါဠိတော် အဋ္ဌကထာနှင့် အကိုက်ထုတ်ထားတဲ့စကားဖြစ်တယ်။ ဘာပြုလို့ အဝိဇ္ဇာခတ်ကြီး ဝိဇ္ဇာခတ်နဲ့ သတ်မှသေတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မောဟကို အမောဟနှင့် သတ်မှသေတယ်။ လောဘကို အလောဘနှင့် သတ်မှသေတယ်။ ဒေါသကို အဒေါသနှင့် သတ်မှသေတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပဋိပက္ခခတ်တွေ ဘယ်တော့မှ မတည့်ဘူး။ ကျောချင်းကပ်ခေါ်တယ်။ မျက်နှာချင်းမဆိုင်ဘူး၊ ကျောချင်းကပ် ရေနဲ့မီးလို ပဋိပက္ခတရားနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလို ခတ်ချင်းသတ်သွားမှ သေတယ်။

ဒါကြောင့် ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တည်းဟူသော သံသရာကြီးစလာတာ ဘယ်ကစလာ မသိတာကစခဲ့ပါတယ်။ ဘယ်တော့ဆုံး သိယင်ဆုံးမှာပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် အသိတစ်လုံးမှာ ဆုံးဆိုတော့ အသိဉာဏ်ကလေးက တစ်လုံးတည်းလိုတယ်။ ဘယ်သူတုံး ဝိဇ္ဇာဉာဏ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိဇ္ဇာဉာဏ်ပေါ်လာယင် အဝိဇ္ဇာချုပ် သွားမယ်လား (ချုပ်သွားပါတယ်ဆရာ)၊ အဝိဇ္ဇာချုပ်ယင် ပြုတ်တယ်ဆိုတာ မှတ်ထား။ စက်ရဟတ် ကြီးပြုတ်သွားပြီ ဒီလိုမှတ်ထားနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို မူလဘူတ ပကတူပအားဖြင့် ဖြစ်စေတတ်သော "သံသရာအစ အဝိဇ္ဇာ"ဆိုတဲ့အတိုင်း အဲ့ဒီ အဝိဇ္ဇာခတ်ကြီးရဲ့ အဓိပ္ပါယတ္ထကို ကျကျနန ခွဲခြမ်း စိတ်ဖြာပြီးတော့ ပြတာ။ တစ်လုံးချင်း တစ်လုံးချင်း ရှင်းရမှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တရား ကိုယ် တရားသားနှင့် သဘောအဓိပ္ပါယ်နဲ့ လည်လည်ပတ်ပတ်ကြီး သွားကြရမယ်။ အဝိဇ္ဇာအဓိပ္ပါယ် ရှင်းပြီးပြီ ဆိုလို့ရှိယင် သင်္ခါရရှင်း၊ သင်္ခါရရှင်းပြီးယင် ဝိညာဏ်ရှင်း၊ ဝိညာဏ်ရှင်းပြီးယင် နာမ်ရုပ်ရှင်း၊ ဒီလို တစ်လုံးချင်း တစ်လုံးချင်း အဓိပ္ပါယတ္ထတွေ တရားကိုယ် သရုပ်တွေ ထုတ်ထုတ် ရှင်းရှင်းသွား တော့ တစ်လုံးချင်း တစ်လုံးချင်း ရသွားတော့ အင်္ဂါဆယ့်နှစ်ပါးလည်း ပြီးရော။ ပဋိစ္စသမုပ္ပါဒ်လည်းပဲ လုံးလုံးတတ်သွား နားလည်သွားရောနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုသင်မှ ကြားမှ နားလည်မယ်။ ဟောတဲ့ လူကလည်း လျှောက်ဟောတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်တဲ့။ လျှောက်ဟောသွား ပါးစပ်က အမြှုပ်ထွက်အောင်ဟော။ နာတဲ့ လူကလည်း ပါးစပ်ကလေး အဟောင်းသားနဲ့ မော့ငေးနော် (မှန်ပါတယ်ဆရာ)၊ တရားပွဲလည်း ပြီးရော ထပြန်သွားကြ။ ဘာရ ဘာမှမရဘူး ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှလည်း တတ်မှာ မဟုတ်ဘူး။ ဘယ်တော့မှလည်း ဒီအသိဉာဏ်မျိုးပေါ်မှာ မဟုတ်ဘူး။ ဒီအသိဉာဏ်မပေါ်သမျှလည်း ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးလည်း ဘယ်တော့မှ အဆက်ပြတ်မှာ မဟုတ်ဘူး။ သံသရာက ဘယ်တော့မှ ကျွတ်မှာ လွတ်မှာ မဟုတ်ဘူးလို့။

http://www.dhammadownload.com

ဒါကြောင့် တမြန်နေ့ကပြထားတဲ့ အရှင်အာနန္ဒာကို မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်ကို သိလွယ်တဲ့ အကြောင်းတရား လေးပါးတဲ့နော် (မှန်ပါတယ်ဆရာ)၊ တိတ္ထဝါသ ဆိုတဲ့အကြောင်း၊ ဆရာ့ ဆရာတို့ထံ နည်းခံပြီးတော့ အကြိမ်ကြိမ် အထပ်ထပ်အားဖြင့် သင်ခြင်း နာကြားခြင်း မေးမြန်းခြင်း ဆောင်ခြင်းဆိုတဲ့ အလုပ်တွေ လုပ်တယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ "မဟာပညော ဝိသဒဉာဏော အာနန္ဒော"လို့ ဘုရားကိုယ်တော်မြတ်က ချီးမွမ်းထားတာ၊ ကြီးသော ပညာရှိပါပေ၏။ ရဲရင့်သော ပညာရှိပါပေ၏။ သို့ကလောက်တောင် ကြီးမားတဲ့ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးကြီး တည်းဟူသော အရှင်အာနန္ဒာ ကိုယ်တော်တိုင် ပဋိစ္စသမုပ္ပါဒ် တတ်ချင်လွန်းလို့ အကြိမ်ကြိမ် အထပ်ထပ် ဆရာတို့ထံ နည်းခံပြီးတော့ သင်တယ်၊ ကြားတယ်၊ ဆွေးနွေးတယ်၊ နာယူတယ်၊ ဆောင်တယ်ဆိုတဲ့ အလုပ်တွေ အမြဲမပြတ် လုပ်တယ်ဆိုတော့ မပြော ပလောက်တဲ့ ငါတို့ သူငါဆိုတဲ့ လူတကာတွေ ဆတက်ထမ်းပိုး တိုးပြီးတော့ ကြိုးစားရမှာနော် (မှန်ပါတယ်ဆရာ)၊ စိတ်ဓာတ်လည်း ပျက်မသွားနဲ့ နားလည်စေရမယ်။

တစ်လုံးချင်း တစ်လုံးချင်း တစ်လုံးချင်းကို ပြတ်ပြတ်သားသားကြီးနဲ့ ရှင်းနိုင်သလောက် ရှင်းပေးသွားမယ်။ ဒီလိုမှ မဟုတ်လို့ "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" "ခရီးသာတွင် ရွာစဉ်မသိ" ဒီလို ဆိုကောင်းပါ့မလား (မကောင်းပါဘူး ဆရာ)၊ ဘာမှ ခရီးရောက်မှာ မဟုတ်ဘူး။ ဒါကြောင့် စောစောတုန်းက ပလ္လင်ခံအနေအားဖြင့် ပြောထားတယ်။ အင်မတန် အသိခက်တဲ့ ပဋိစ္စသမုပ္ပါဒ် ဓာတ်ကြီးကို တို့လူစုက တစ်လုံးတည်းပဲ ပြတ်သားပါစေ။ တန်ဖိုး အင်မတန်များပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်အားဖြင့်ကွယ် ဆယ့်နှစ်လုံးရှိတဲ့အနက်က အဝိဇ္ဇာတစ်လုံးပဲ ပြတ်ပြတ်သားသား အစအဆုံး နားလည်သွားယင် တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘယ်တုံးက သိခဲ့ဘူးလဲလို့ဆိုယင် ဘယ်တော့မှမသိဘူး သိပ့်ါမလား (မသိနိုင်ပါဘူးဆရာ)၊ စာအုပ်တွေ ဖတ်လို့ သိပ့်ါမလား (မသိပါဘူးဆရာ)၊ အခေါက်တစ်ရာ ဖတ်တော့ သိပ့်ါမလား (မသိပါဘူးဆရာ) တစ်သက်လုံး ဖတ်လို့ကော သိပ့်ါမလား (မသိပါဘူးဆရာ)၊ ဘယ်နှယ့်နည်းနဲ့မှ မသိဘူးနော် (မှန်ပါတယ်ဆရာ)၊ အခေါက်တစ်ရာလည်း ဖတ်မယ့်လူစားတွေ မဟုတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီလောက် အဖတ်ခက်လာပြီဆို စာအုပ်ကိုင်ပြီလားဆိုမှဖြင့် မျက်တောင်က စင်းလာပေ့ါ။ သာသနာကြီးနှင့် ကြုံတဲ့ ကြိုက်တဲ့အခါမှာ ပြမယ့် သမယ့် ဆရာတွေ ရှိတုန်းမှာ၊ ဝီရိယမသေးကြပါနဲ့ ရသင့်သလောက် ရအောင်လည်း ယူကြပါ။ ကိုယ့်ပါရမီဓာတ်ခံနဲ့ ကိုယ့်ဉာဏ်စွမ်းနဲ့ ကိုယ်ဆိုသလို ထိုက်သည့်အား လျော်စွာ ရကြမပေ့ါ။ မယူဘဲနေ ဘယ်တော့မှ မရဘူး။ ဒါကြောင့် သေသေချာချာကြည့်။ သံသရာ ဘယ်ကစ မသိတာကစ၊ မသိတာ ဆိုတာ ဘယ်သူတုံး **အဝိဇ္ဇာ**။

http://www.dhammadownload.com

စက်ရဟတ်ကြီး လည်စေတတ်တဲ့ တရားနှစ်ပါး

ဒီစက်ရဟတ်ကြီး လည်အောင် လုပ်ပေးတာ ဘယ်သူတုံး အဝိဇ္ဇာတဲ့။ သေချာလည်းမှတ်ထား။ အဝိဇ္ဇာတင်လားဆိုတော့ မဟုတ် သေးဘူး တဏှာတဲ့။ အဝိဇ္ဇာနဲ့ တဏှာနော် (မှန်ပါတယ်ဆရာ)။ "အဝိဇ္ဇာတဏှာ ဝသေန ဒွေမူလာနိ" တိုက်ရိုက်ပြထားတာ။ အဝိဇ္ဇာနှင့် တဏှာ။ ဒါပေမယ့် တို့ ဒီတဏှာရဲ့အခန်းရောက်မှ တဏှာအကြောင်းပြောမယ်။ ခု အဝိဇ္ဇာရဲ့အခန်းဆိုတော့ အဝိဇ္ဇာပဲ ပြောမယ်။ ဘာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်မှာ အဝိဇ္ဇာကစထားတော့ အဝိဇ္ဇာပဲ မူတည်ပြီး ပြောနေရတယ်။ ဒါကြောင့် အဝိဇ္ဇာရဲ့ အဓိပ္ပါယ် အဝိဇ္ဇာ တစ်လုံးရဲ့ အဓိပ္ပါယ် ယတ္တကို ကျကျနန သိဖို့ ရှေးဦးစွာလို၏၊ မလိုဘူးလား (လိုပါတယ်)။

ဒါကြောင့်အဝိဇ္ဇာရဲ့ အဓိပ္ပါယ် လည်လည်ပတ်ပတ်ကြီး နားထောင်ကြရအောင် မှတ်လည်း မှတ်ကြ။ စာသဘောနဲ့ မမှတ်တတ်လို့ရှိယင် ဗမာလို ပြောသွားတဲ့ အဓိပ္ပါယ်ကို နားလည်ပါစေ။ ဝေဖန်တတ်ပါစေ အချင်းချင်းလဲပဲ ဆွေးနွေးမေးမြန်းကြပါစေ။ ဒါမှ တစ်ယောက်မသိ တစ်ယောက်သိ တိုးတက်မှာနော် (မှန်ပါတယ်ဆရာ)၊ နာပြီး ဒီအတိုင်း ပစ်ထားလို့ ဘာမှ တိုးတက်မှာ မဟုတ်ဘူး။ ကိုယ်မသိလဲ မသိတာ ဒီအတိုင်းနေ ဘာမှ ရမှာမဟုတ်ဘူး။ ဒီတော့ နာသွား သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲဆိုသလို စုပေါင်းပြီး ဆိုင်ရာဆိုင်ရာ ဆွေးနွေး။ မနေ့ညက ဟောသွားတာ အဝိဇ္ဇာက ဘယ်လိုတဲ့ အဓိပ္ပါယ်ယတ္တကဘယ်နှယ့်၊ ငါသိတာက ဘယ်လို ငါမှတ်မိတာက ဘယ်လို၊ သူမှတ်မိတာက ဘယ်နှယ့်၊ လိုတဲ့လူ ဖြည့်ပေး၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုမှ ကိုက်မှာ။

ဒါကြောင့် အဝိဇ္ဇာဆိုတာ အဝိဇ္ဇာရဲ့ အနက်အဓိပ္ပါယ် အရင်ရှေးဦးစွာပြမယ်။ ပြီးတော့မှ ဒီအဝိဇ္ဇာ ဓာတ်ကြောင့် သုံးဘုံသူ သုံးဘုံသားတွေမှာ ဘယ်ထိအောင် ဖုံးလွှမ်းပြီးတော့ သံသရာထဲ လည်နေကြတယ်၊ နစ်မွန်းနေကြတယ်ဆိုတဲ့ အဓိပ္ပါယ်လေး ဒါလေးအရင်ကပ်ရမယ် နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ ရှေ့ဦးမဆွ ဘာအရင်ပြမလဲ ဆိုတော့ သူသိ ငါသိ သိနေကြတဲ့ လူတွေရဲ့ အဓိပ္ပါယ် ငါပြော အုံးမယ်။

http://www.dhammadownload.com

ပုထုဇဉ်လေးမျိုး

အဲဒါ အရင်နားထောင်အုံး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသော ပုထုဇဉ်ဘဝနဲ့ နေကြတော့ ပုထုဇဉ်ဆိုတဲ့ လူမျိုးတွေ ဘယ်နှစ်မျိုး ရှိသလဲဆိုတော့ အန္ဓဗာလပုထုဇဉ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ကလျာဏပုထုဇဉ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ စူဠသောတာပန် ပုထုဇဉ်တဲ့။ ဘယ်နှစ်ယောက်ရှိတုံး (လေးယောက်ပါဆရာ)၊ အေး-လေးယောက် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဆိုစမ်း၊ (အန္ဓဗာလပုထုဇဉ်) ဟုတ်ပြီ၊ (အန္ဓပုထုဇဉ်) ဟုတ်ပြီ၊ (ကလျာဏပုထုဇဉ်) ဟုတ်ပြီ၊ (စူဠသောတာပန် ပုထုဇဉ်)၊ အေး-ဟုတ်ပြီ၊ ဘယ်နှစ်ယောက်ရှိ (လေးယောက်ပါဆရာ)၊ ဒါမဂ်ဉာဏ် ဖိုလ်ဉာဏ် မရတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရလို့ အရိယာမဖြစ်သေးသမျှ ပုထုဇဉ် တွေချည်းခေါ်ကြ။ အဲဒီ ပုထုဇဉ်ခေါ်ထားတဲ့ ပုထုဇဉ်စားတွေမှာဆို လေးတန်းခွဲထားတယ်။ လေးမျိုး လေးစားခွဲထားတယ်။ အန္ဓဗာလ ပုထုဇဉ်ရယ်၊ အန္ဓပုထုဇဉ်ရယ်၊ ကလျာဏပုထုဇဉ်ရယ်၊ စူဠ သောတာပန် ပုထုဇဉ်ရယ်၊ လေးတန်းခွဲထားတယ်နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ တို့ တစ်မဂ်တစ်ဖိုလ်မှ မရကြတဲ့ အရိယာစာရင်းထဲ မဝင်သေးတဲ့ ပုထုဇဉ် ခေါ်ထားတဲ့ တို့လူစားတွေ သာမညအားဖြင့် ကြည့်လိုက်တော့ လူလူချင်း အတူတူပဲလို့ ဒီလို မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ လူလူချင်း အတူတူပဲလို့ စိတ်ထဲ စွဲမြဲယုံကြည်ထားတယ်။ ဒီလိုပဲ ထင်ထားတယ်။ ဒါပုထုဇဉ်ချင်း ပုထုဇဉ်ချင်း၊ ဒါတောင် တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်က သေးသေးတယ်။ သူကတော့ ဘယ်လို၊ ငါကတော့ ဘယ့်နဲ့ ဒီလို ခွဲသေး ကြည့်လိုက်တော့ အတူတူပဲ။ မထူးဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ လူလူချင်းအတူတူလို့ ထင်ထားတဲ့အထဲမှာ မြတ်စွာဘုရားကိုယ်တော် မြတ်က ဟောကြားတော်မူတဲ့ ဒေသနာတော်နဲ့ သေသေချာချာ ခွဲလိုက်တဲ့အခါ လေးမျိုးလေးစား ထွက်လာ။

(၁) အန္ဓဗာလပုထုဇဉ်၊
(၂) အန္ဓပုထုဇဉ်၊
(၃) ကလျာဏပုထုဇဉ်၊
(၄) စူဠသောတာပန်ပုထုဇဉ်၊

ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလေးမျိုးထဲက မဂ်ရတာ ဘယ်သူပါတုံး (ဘယ်သူမှ မပါပါဘူးဆရာ)၊ အေး-ဘယ်သူမှ မပါဘူး။ ဟောဒီအနားက လူတွေရတဲ့ပုဂ္ဂိုလ် စာရင်းထဲ ထည့်ကြည့်ချင်သေးလား၊ ဘယ်သူမှ မပါဘူးလား (မပါပါဘူးဆရာ)။

http://www.dhammadownload.com

ဒါကြောင့် ပုထုဇဉ်ခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မဂ်ရသွားတော့ ဘာခေါ်လဲ (အရိယာပုဂ္ဂိုလ်ခေါ်ပါတယ်ဆရာ)၊ အရိယာနှင့် ပုထုဇဉ်တောင် ကွဲအောင် မသိဘူး။ မဂ်မရသေးရင် ဘာခေါ်လဲ (အန္ဓပါဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပဲ၊ မဂ်မရလျှင် ဘာခေါ်လဲ (ပုထုဇဉ်ပါဆရာ)၊ မဂ်ရသွားတော့ ဘာခေါ်လဲ (အရိယာပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊ ဒါဖြင့်ရင် မဂ်မရသေးခင် ပုထုဇဉ်ဆိုတဲ့ ပုထုဇဉ်မှာ ဘယ်နှစ်စားရှိသလဲ (လေးမျိုးပါဆရာ)၊ ဘယ်သူတွေတုံး (အန္ဓဗာလ ပုထုဇဉ်, အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်, စူဠသောတာပန်ပုထုဇဉ် ပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့မှ အဓိပ္ပါယ် တစ်ခါရှင်းပြမယ်။ မှတ်မိပြီနော် (မှန်ပါတယ်ဆရာ)၊ အန္ဓဗာလ ပုထုဇဉ်, အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်, စူဠသောတာပန် ပုထုဇဉ် မှတ်မိသွားပြီ။

ပုထုဇဉ်လေးမျိုးအဓိပ္ပာယ်

"အန္ဓဗာလ ပုထုဇဉ်" ဆိုတာ ဘာခေါ်လဲလို့ သေသေချာချာ ကြည့်ရတယ်။ ကံ, ကံ၏အကျိုးကို မယုံကြည်တဲ့လူမျိုး ခေါ်တယ်နော်။ (မှန်ပါတယ်ဆရာ)၊ ကံ, ကံ၏အကျိုးကို မယုံကြည်တဲ့ လူမျိုး ပုထုဇဉ်ပဲမဟုတ်လား (ပုထုဇဉ်ပါဆရာ)၊ ကံ, ကံ၏အကျိုးကို မယုံကြည်တဲ့လူမျိုး ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်တောင် မရရှာဘူး၊ အန္ဓဗာလပုထုဇဉ်တဲ့ ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ လူမျိုးကြတော့ အန္ဓပုထုဇဉ်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့ နောက်တစ်ချက်တက်လာပြန်တော့ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်ကို သိသော ပုဂ္ဂိုလ်ကြတော့ ကလျာဏပုထုဇဉ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နောက်တစ်ဆင့် တစ်ခါတိုးလာပြန်တော့ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်တို့၏ သဘောအဓိပ္ပါယ် အကျယ်အားဖြင့် နားလည်လို့ ထိုရုပ်နာမ် ခန္ဓာတို့၏ ဖြစ်လာသော အကြောင်းရင်းကို ပိုင်းခြား၍သိသော ပုဂ္ဂိုလ်ကြတော့ စူဠသောတာပန်ပုထုဇဉ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ သူ့အတန်းနဲ့သူခွဲတာ။ စူဠသောတာပန်ပုထုဇဉ် အထက်တက်လိုက်တော့ သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်, မဂ်ပုဂ္ဂိုလ်လေးပါး, ဖိုလ်ပုဂ္ဂိုလ်လေးပါး -အရိယာဖြစ်သွားပြီနော် (မှန်ပါတယ်ဆရာ)၊ အရိယာနယ်ထဲ ဝင်သွားပြီ၊ အရိယာအစစ် ဖြစ်သွားပြီ။ အဲဒီ လေးမျိုး သေသေချာချာမှတ်ထား။

နံပါတ်တစ် **အန္ဓဗာလပုထုဇဉ်** - ကံ, ကံ၏အကျိုးကို မယုံကြည်နိုင်သော လူမျိုး၊ လူတော့ လူ မဟုတ်လား (လူပါပဲဆရာ)၊ အန္ဓဗာလပုထုဇဉ် ခေါ်၏။

http://www.dhammadownload.com

နံပါတ်နှစ် **အန္ဓပုထုဇဉ်** - ကံ, ကံ၏အကျိုးကို ယုံကြည်သော လူမျိုးနော် (မှန်ပါတယ်ဆရာ)၊

နံပါတ်သုံး **ကလျာဏပုထုဇဉ်** - ရုပ်, နာမ်ဓမ္မ ခန္ဓာငါးဝ သဘောအဓိပ္ပါယ်သိသော လူမျိုး။

နံပါတ်လေး **စူဠသောတာပန်ပုထုဇဉ်** - ရုပ်နာမ်ဓမ္မ ခန္ဓာငါးဝတို့၏ ဖြစ်လာသော အကြောင်းရင်းကို သိသော လူမျိုး။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ ပုထုဇဉ်တူသေးလားဟ (ကွဲသွားပါတယ်ဆရာ)၊ လူလူချင်း တူသေးရဲ့လား (မတူပါဘူးဆရာ)၊ ရုတ်တရက် ကြည့်လိုက်တော့ သူလည်း အတူတူ၊ ငါလည်း အတူတူ မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ရုတ်တရက်ကြည့်လိုက်တော့ သူလည်း အတူတူ၊ ငါလည်း အတူတူပဲလို့ ဒီလိုထင်ကြတယ်တဲ့။ ပုထုဇဉ်, ပုထုဇဉ်ချင်း အတူတူပဲလို့ ဒီလိုထင်ကြတယ်။

ဒါပေမယ့် ဒီထဲမှာ လေးမျိုးလေးခြမ်း ခွဲထုတ်လိုက်တဲ့အခါကြတော့ ပုထုဇဉ်ချင်း မတူကြဘူးတဲ့။ နံပါတ်တစ်, နံပါတ်နှစ်, နံပါတ်သုံး, နံပါတ်လေး ဒီလို ထွက်လာကြနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ နံပါတ်တစ်ကစလို့ နံပါတ်လေးထိအောင် သေချာတိုင်းကြည့်တော့ သူ့ထက်သူက မြတ်တယ်၊ သူ့ထက် သူက မြတ်တယ်။ သူ့ထက်သူက မြတ်တယ်လို့ ပိုမလာဘူးလား (ပိုလာပါတယ်ဆရာ)၊ ဒါပေမယ့် မြတ်မှန်းမသိဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အတူတူပဲ ထင်နေကြတယ်။ မြတ်မှန်းမသိကြဘူးတဲ့။ အန္ဓဗာလထက် အန္ဓက မြတ်တယ်။ အန္ဓထက် ကလျာဏက မြတ်တယ်။ ကလျာဏထက် စူဠသောတာပန်က မြတ်တယ်။ လေးမျိုးလေးစား ထွက်လာတယ်။ မထွက်ဘူးလား (ထွက်လာပါတယ်ဆရာ)။ ဒါကြောင့် အန္ဓဗာလ ဆိုတဲ့ ပုထုဇဉ်မျိုးကတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကိုမှ မရရှာလို့၊ ကံ, ကံ၏အကျိုးကိုမှ မယုံကြည်လို့ သူထင်တာ သူလုပ်နေတာတဲ့။

ဘာတွေလုပ်၊ မကျင့်ကောင်း မကြံကောင်းတဲ့ ကာယဒုစရိုက် အစရှိသော ဒုစရိုက် ဒုရာဇီဝ တရားတွေ ဒါတွေ ကျင့်ကောင်း ကြံကောင်းတယ်ဆိုတဲ့ အနေအားဖြင့် စေတနာ သာသာထိုးထိုးနဲ့ လုပ်နေကြတယ်တဲ့။ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ မြင်တယ် မဟုတ်လား (မြင်ပါတယ်ဆရာ)၊ ကာယကံတို့, ဝစီကံတို့, မနောကံတို့, ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် - ဒုစရိုက် ဒုရာဇီဝ အနေအားဖြင့် သူတစ်ပါးအသက်လည်း ရက်ရက်စက်စက် သတ်ရဲတယ်။ ဘာပြုလို့ သူမှ ကံ, ကံ၏ အကျိုး မယုံကြည်ဘဲ အဲဒါတွေသတ် ဘာဖြစ်တုံး ငရဲရှိတယ် ဆိုတာ အလကား ပြောတာ၊ သေသည်၏အခြားမဲ့မှာ အပါယ်လေးပါးရှိတယ်ဆိုတာ အလကား ပြောတာ။ လူ့ဘဝ နတ်ဘဝ ရှိတယ်ဆိုတာ အလကား ပြောတာနော် (မှန်ပါတယ်ဆရာ)၊ ကံ, ကံ၏အကျိုး မယုံကြည်ဘူးတဲ့။ ဒီလို ပါဏာတိပါတ အစရှိသော မကောင်းတဲ့ကံတွေ လုပ်လို့ရှိရင် ဒါကံတရားတွေပဲ။ အဲဒီ ကံတရား

http://www.dhammadownload.com

တွေက အကြောင်းတရား ခေါ်တယ်။ အကြောင်းတရား လုပ်လို့ရှိရင် အကျိုးတရား ပေါ်လိမ့်မယ်လို့ ယုံကြည်မှု မရှိဘူးတဲ့၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့်လည်း သာသာထိုးထိုးနဲ့ ကြိုးကြိုးစားစား လုပ်ကြတာတဲ့ လုပ်နေကြတာ မြင်ဖူးတဲ့ အတိုင်းပဲ ပြီးတော့ ကောင်းတဲ့ သုစရိုက်တရားတွေကြတော့ ရှောင်ရှားကြတယ်။ ဒါတွေ မလုပ်ကောင်းဘူးလို့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကောင်းတဲ့သုစရိုက်တရား ကောင်းတဲ့အကျင့်တွေကျတော့ ဒုစရိုက်ဆယ်ပါးက ရှောင်ကြဉ်မှ ကောင်းကျိုးချမ်းသာရမယ်လို့ ဒေသနာက ဒီလိုရှိ၊ အဲဒါ ယုံကြည်မှု မရှိဘူး။ ဘယ်ဒါတွေ ကောင်းလိမ့်မတုံး။ ဒါတွေလုပ်နေ ဘယ်မကောင်းတဲ့ အကျိုးတွေ ပေးမှာပေ့။ ပြောင်းပြန်ပြန်နေတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို မလုပ်ကောင်းတာကို လုပ်ကောင်းတယ်မှတ်။ လုပ်ကောင်းတာကျတော့ မလုပ်ကောင်းဘူးမှတ်။ နှစ်ဘက်စွန်းအားဖြင့် ပြောင်းပြန်ပြန်နေတဲ့ အသိဉာဏ်မျိုးနဲ့ နေတဲ့လူစားကိုတော့ အန္ဓဗာလပုထုဇဉ် ခေါ်တယ်။ **အန္ဓ**က အကန်း။ **ဗာလ**-က မိုက်တယ်။ ကန်းလည်း ကန်းသေး၊ မိုက်လည်း မိုက်သေး ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကန်းလည်း ကန်းသေး မိုက်လည်း မိုက်သေး။

"အကန်း"ဆိုတာက အန္ဓသဒ္ဓါက ပညာမျက်စိ မရှိတာကို ခေါ်တယ်။ ကမ္မဿကတသမ္မာဒိဋ္ဌိ ဉာဏ်လေးမှ မရဘူးတဲ့။ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်လေးရရင် သူ**အကန်း**ဘဝကနေ နည်းနည်းလေး သက်သာသွား၊ ဝိုးတိုးဝါးတား မြင်လာတာ ခေါ်တယ်။ ဒါကြောင့် ကန်းလည်း ကန်းသေး၊ မိုက်လည်း မိုက်သေး၊ ဒုစရိုက်ကို သုစရိုက်အနေအားဖြင့် ကျင့်တယ်။ သုစရိုက်ကိုတော့ ဒုစရိုက်အနေအားဖြင့် ရှောင်ရှားတယ်။ ပြောင်းပြန်မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ အေး-အဲဒါ အန္ဓဗာလ ပုထုဇဉ် ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်ကြတော့ အန္ဓသဒ္ဓါက ကန်းတာခေါ်တယ်။ ဘာကန်း ပညာမျက်စိ မရှိဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ သူ့ကြတော့ ကံ၊ ကံ၏အကျိုး ယုံကြည်သွားပြီတဲ့။ မကောင်းတဲ့ကံတွေ လုပ်လို့ရှိရင် မကောင်းသော အကျိုးတွေ ပေးလိမ့်မယ်၊ ကောင်းတဲ့ကံတွေ လုပ်လို့ရှိရင် ကောင်းသော အကျိုးတွေ ပေးလိမ့်မယ်လို့။

"ကမ္မဉ္စ ကမ္မဖလဉ္စ သဒ္ဒဟိတွာ. . ." ကမ္မဉ္စ၊ ကံကိုလည်းကောင်း၊ ကမ္မဖလဉ္စ၊ ကံ၏ အကျိုးတရားကိုလည်းကောင်း၊ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ ဣမာနိ ဒါတဗ္ဗဝတ္ထုနိ၊ ဤအထူးထူးသော လှူဖွယ်ဝတ္ထု အစုစုတို့ကို။ ဘာဇေမ ဒေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါကုန်၏။

ရေစက်ချထဲ မှာပါတယ်။ ပါဘူးလား (ပါပါတယ်ဆရာ)၊ အဲဒါက တို့ဗုဒ္ဓဘာသာကို ယုံကြည်လာတဲ့ လူစားတွေ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ကံ၊ ကံ၏အကျိုး ယုံကြည်မှုကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မရှောင်သာလို့ လွန်ကျူးနေပေမယ့် သူ့အသိဉာဏ်ထဲ ပါတယ်တဲ့။ ငါလုပ်နေတဲ့

http://www.dhammadownload.com

ဒုစရိုက်တရားတွေ မကောင်းတဲ့အကျိုးတွေ ပေးမှာပဲလို့ မသိဘူးလား (သိပါတယ်ဆရာ)၊ သိတယ်။ ဒါပေမယ့် မရှောင်နိုင်လို့ သူလုပ်တာတဲ့ သိတော့ သိတယ်။ အဲဒီ အသိဉာဏ်ရှိတာတင် ကမ္မဿ-ကတ သမ္မာဒိဋ္ဌိဉာဏ် ခေါ်ထားတာ။ ဒါကြောင့် အန္ဓပုထုဇဉ်ကြတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိ ဉာဏ်ခေါ်ထားတာ။ ဒါကြောင့် အန္ဓပုထုဇဉ်ကြတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် ရသွားပြီ။ ကံ, ကံ၏အကျိုးကို ယုံကြည်သွားပြီတဲ့၊ ဗာလက လွတ်သွားပေါ့ကွာနော် အန္ဓတော့ ရှိသေးတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ။ ကံ, ကံ၏အကျိုး ယုံကြည်ပြီဆိုကတည်းက ဒုစရိုက် ဒုစရိုက် မှန်းသိသွားပြီ။ သုစရိုက် သုစရိုက်မှန်း သိသွားပြီ။ ဒုစရိုက်ဆိုတာ မလုပ်ကောင်းတဲ့တရားတွေ ရှောင်ရှားရမယ်။ သုစရိုက်ဆိုတာ ပွားများအားထုတ်ကောင်းတဲ့ တရားတွေ ခွဲခြားသိသွားရင် ဒါပြီးရော့ မဟုတ်လား။ ဘာကြောင့် သူအန္ဓပုထုဇဉ်လို့ ခေါ်ထားလဲ၊ မဟုတ်သေးဘူးတဲ့။ အဲဒီကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်သာ သူရထားတာပဲ။ အမှန်ကတော့ ဉာဏ်မျက်စိ မရှိသေးဘူးတဲ့။ ဘာပြုလို့တုံး။ ဒါရုပ်ပဲ၊ ဒါနာမ်ပဲ၊ ဒါခန္ဓာပဲလို့ ပရမတ္ထအားဖြင့် ပိုင်းပိုင်းခြားခြား မသိကြဘူးတဲ့။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မသိတော့ ဘယ့်နဲ့ဖြစ်နေလဲဆိုတော့ မရှိသော ပညတ်တရားကို အရှိထင်တယ်တဲ့။ ရှိတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်ဆိုတဲ့ ပရမတ်တရားကိုတော့ မရှိဘူးထင်တယ်။ ဒီလို ဖြစ်မလာဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ပြောင်းပြန် ပြန်မနေဘူးလား (ပြန်နေပါတယ်ဆရာ)၊ မရှိသော ပညတ်တရားကိုတော့ ရှိတယ်ထင်တယ်။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ရှိသော ပရမတ် တရားကိုတော့ မရှိဘူးလို့ ထင်တယ်။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ နှစ်ခုလုံး တစ်ခုမှ မမှန်ဘူးပေါ့ (မမှန်ပါဘူးဆရာ)။

အေး-အဲဒီ နှစ်ခုစလုံး မှားနေတဲ့အတွက် ပညာမျက်စိ လုံးလုံးမရှိလို့ ဒါကျတော့ အန္ဓပုထုဇဉ် လို့ ဒီလိုခေါ်တယ် (မှန်ပါတယ်ဆရာ)၊ ကလျာဏ ပုထုဇဉ်ကျတော့ မရှိတဲ့ ပညတ်တရားကိုယ်လည်း မရှိမှန်းသိသွားပြီ။ ရှိတဲ့ ပရမတ်တရားကိုယ်လည်း ရှိမှန်းသိသွားပြီ။ ရှိမှန်းသိရုံတင်မကဘူး၊ ထိုရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်တို့၏ သဘောအဓိပ္ပါယ်ကိုပါ နားလည်သွားပြီတဲ့။ ဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ သူကျတော့ အန္ဓဘဝက လွတ်သွားပြန်တော့ ကလျာဏဖြစ်ပြန်ရောတဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကလျာဏပြီးတော့ တစ်ခါ ရုပ်ဓာတ်, နာမ်ဓာတ် ပရမတ်တရားတွေ ထင်ရှား ရှိတဲ့တရားပဲ။ သဘောအဓိပ္ပါယ် နားလည်တဲ့အပြင် ထိုရုပ်ဓာတ်, နာမ်ဓာတ်တရားတို့၏ ဖြစ်လာသော အကြောင်းရင်းတစ်ရပ်ကို သိမ်းဆည်းနိုင်တဲ့ အသိဉာဏ်ပေါ်တော့ "စူဠသောတာပန်" ခေါ်၏။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ရုပ်ဓာတ်, နာမ်ဓာတ်သိတဲ့၊ ခန္ဓာ၊ အာယတနဓာတ် အဓိပ္ပါယ်

http://www.dhammadownload.com

သဘောလည်း သိတယ်။ ထိုခန္ဓာတို့၏ ဖြစ်လာသော အကြောင်းအရင်းကိုလည်း သိမ်းဆည်းနိုင်တယ်ဆို စူဠသောတာပန်ဖြစ်သွားရော၊ ဒါလည်း ပုထုဇဉ်ရှိသေးတယ်။

ဒါထက် တစ်ဆင့်တိုး တစ်မျိုးကြိုးစားအားထုတ်လိုက်တော့ ပထမ မဂ်ရသွားရင် အရိယာအစစ်ဖြစ်၍သွား၏။ ပုထုဇဉ်ထဲက လွတ်၏။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အခုပြထားတဲ့ လေးဆင့် မဂ်ရပြီးတောင် ငါးဆင့်၊ ပုထုဇဉ်က လေးစား = အန္ဓဗာလပုထုဇဉ်, အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်, စူဠသောတာပန်ပုထုဇဉ်၊ သူ့နောက် ပထမမဂ်, ဒုတိယမဂ်, တတိယမဂ်, စတုတ္ထမဂ် အမျိုးမျိုးရှိတယ်၊ အဲဒါတွေမှာ ဒီက အဝိဇ္ဇာဓာတ်ကြီးနဲ့ ဟုတ်ပြီးပြတော့ သေချာလည်းမှတ်။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ်တရားတော်မှာ အဝိဇ္ဇာကို ရှေ့ဦးမဆွ စပြီးတော့ ဟောထားတာ၊ ဘာကြောင့် ဒီသံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်စေတတ်တယ် ဆိုတာ အဝိဇ္ဇာအကြောင်းရင်းပါပဲ။

ဒါကြောင့် "သံသရာဘယ်ကစ မသိတာကစ" လို့ ဆိုထားတာ။ သူက စတာပဲလို့ ဒါဖြင့် ကောင်းပါပြီ၊ ၎င်းအဝိဇ္ဇာဓာတ် အဝိဇ္ဇာရဲ့သတ္တိ အဝိဇ္ဇာရဲ့တန်ခိုး, အဝိဇ္ဇာရဲ့ အဓိပ္ပါယတ္တ ဘယ်ထိအောင်များ ဆိုးဝါးပါသလဲ။ ဘယ်ထိအောင် ကြောက်မက်ဖွယ်ကောင်းပါသလဲ။ ဘယ်ထိအောင် သံသရာကို သတ္တဝါများ နစ်မွန်းစေတတ်ပါသလဲလို့ ခွဲကြည့် ခွဲကြည့်။ ခုန ပုဂ္ဂိုလ်လေးမျိုးနဲ့ ဟပ်ကြည့်နော် (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာရဲ့သဘောလက္ခဏာများ

"န ဝိဇာနာတိ အဝိဇ္ဇာ"တဲ့။ သူ့ပင်ကိုသဘာဝက အဝိဇ္ဇာဆိုတာ ဘာမှ မသိတာကို ခေါ်တယ်တဲ့။

(က) အညာဏလက္ခဏာ အဝိဇ္ဇာ၊

(ခ) သမ္မောဟနရသာ၊

(ဂ) ဆာဒနပစ္စုပဋ္ဌာနာ၊

(ဃ) အာသဝပဒဋ္ဌာနာ။

ဌာနလေးချက် ခေါ်တယ်။ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နဲ့ ခွဲလိုက်တော့ - အဝိဇ္ဇာ-အဝိဇ္ဇာသည်။ အညာဏလက္ခဏာ၊ မသိသော လက္ခဏာရှိ၏။

အဝိဇ္ဇာ မှတ်စရာ လက္ခဏာလေး ပေးထားတာ၊ မှတ်ကြောင်း လက္ခဏာလေး အဝိဇ္ဇာများ သိချင်လို့ရှိရင် ဒီလို မှတ်ထားတဲ့။ ဘုရားကိုယ်တော်မြတ်က ဘယ့်နဲ့မှတ်တုံး (မသိတာပါဆရာ)၊

http://www.dhammadownload.com

အေး-မသိတာ တော်သားပဲနော် (မှန်ပါတယ်ဆရာ)၊ မှတ်စရာလေးပေးထား "အညာဏလက္ခဏာ" ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မသိတဲ့ လက္ခဏာတဲ့။ မသိဘူးဆိုရင် ဘာခေါ်ရမယ် (အဝိဇ္ဇာပါ ဆရာ)၊ အေး-ဟုတ်ပြီ မသိရင် အဝိဇ္ဇာ ဒီအတိုင်းမှတ်။ အဝိဇ္ဇာ ဘာကိစ္စရှိသလဲတဲ့။ ဘာရသ ရှိသလဲ တဲ့။ သမ္မောဟနရသာ - တွေဝေဖုံးလွှမ်းတတ်တဲ့ ကိစ္စရှိတယ်တဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။ တွေဝေဖုံးလွှမ်းတတ်တဲ့ ကိစ္စရှိတယ် = သမ္မောဟနရသာ၊ ဆာဒနပစ္စုပဋ္ဌာနာ-ဖုံးလွှမ်းခြင်းလျှင် အကြောင်းရင်းရှိ။ ဖုံးလွှမ်းခြင်းလျှင် ရှေ့ရှုထင်၏။ ဖုံးလွှမ်းတတ် တယ်နော် (မှန်ပါတယ်ဆရာ)၊ နီးသောအကြောင်းက ဘယ်သူလဲ၊ "အာသဝပဒဋ္ဌာနာ" - အာသဝေါ တရားနဲ့ နီးစွာသောအကြောင်း သူဖြစ်လာတာ။ သူဟာ အာသဝေါနဲ့ ကပ်လို့ပဲတဲ့နော် (မှန်ပါတယ် ဆရာ)၊ အာသဝေါတရားလျှင် နီးသော အကြောင်းရှိတယ်တဲ့ "အာသဝပဒဋ္ဌာန"လို့၊ ဒါအဝိဇ္ဇာရဲ့ လက္ခဏာ ရသ ပစ္စုပဒဋ္ဌာန် ပဒဋ္ဌာန် လေးချက်။

ဒါကြောင့် အဝိဇ္ဇာသိချင်လို့ရှိရင် ရှာကြည့်မနေနဲ့။ ဖြူဖြူ မည်းမည်း အတုံး အလုံး အခဲ အနေအားဖြင့် မြင်ကောင်းတာ မဟုတ်ဘူး။ အဝိဇ္ဇာ ဆိုတာ မသိတာ ခေါ်ပါ့ပဲ။ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဆိုတာ မသိတာ ခေါ်တာ။ ဘာ မသိတာတုံး၊ ဟ-မသိတာတွေက အများကြီး အဆင့်ဆင့်နေတာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မသိတဲ့လူတွေ မှန်သမျှ အဝိဇ္ဇာဓာတ် ဖုံးကွယ်ပေးထားတယ်လို့။ ဒီလို မှတ်ရမယ်။ အဝိဇ္ဇာဓာတ်ရှိနေလို့ မသိတာတဲ့။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် -

အဝိဇ္ဇာဝိဂြိုဟ်နှင့်အဓိပ္ပါယ်

(၁) န ဝိဇာနာတိ အဝိဇ္ဇာ။

(မသိတတ်သောကြောင့် အဝိဇ္ဇာ။)

(၂) (ပူရေတုံ အယုတ္တဋ္ဌေန) အဝိန္ဒိယံ ကာယဒုစ္စရိတာဒိံ ဝိန္ဒတီတိ အဝိဇ္ဇာ။

(ဖြည့်ခြင်းငှာ မစွမ်းနိုင်သဖြင့် မရသင့် မရထိုက်သော ကာယဒုစရိုက်စသည်ကို ရတတ် သောကြောင့် အဝိဇ္ဇာ။)

(၃) ဝိန္ဒိယံ ကာယသုစရိတာဒိံ န ဝိန္ဒတီတိ အဝိဇ္ဇာ။

(ရသင့် ရထိုက်သော ကာယသုစရိုက်စသည်ကို မရတတ်သောကြောင့် အဝိဇ္ဇာ။)

http://www.dhammadownload.com

(၄) ခန္ဓာနံ ရသဋ္ဌံ, အာယတနာနံ အာယတနဋ္ဌံ, ဓာတူနံ သုညဋ္ဌံ, ဣန္ဒြိယံ အဓိပတိယဋ္ဌံ, သစ္စာနံ တထဋ္ဌံ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

(ခန္ဓာတို့၏ အစုဟူသောအနက်၊ အာယတနတို့၏ ဖြစ်စေတတ်ဟူသောအနက်၊ ဓာတ်တို့၏ သတ္တဝါ ဇီဝမှ ကင်းဆိတ်သောအနက်၊ ဣန္ဒြေတို့၏ အကြီးအမျူးဟူသောအနက်၊ သစ္စာတရားတို့၏ မှန်ကန်ခြင်းဟူသောအနက်ကို မသိအောင် ပြုတတ်သောကြောင့် အဝိဇ္ဇာ။)

(၅) ဒုက္ခာဒီနံ ပီဠနာဒိဝသေန ဝုတ္တံ စတုဗ္ဗိဓံ စတုဗ္ဗိဓံ အတ္ထံ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

(ဒုက္ခသစ္စာစသည်တို့၏ ညှဉ်းဆဲခြင်းစသည်တို့၏အစွမ်းဖြင့် ဆိုအပ်သော လေးပါးစီ လေပါးစီဖြစ်သော အနက်ကို မသိအောင် ပြုတတ်သောကြောင့် အဝိဇ္ဇာ။)

(၆) အန္တဝိရဟိတေ သံသာရေ သဗ္ဗယောနိဂတိဘဝဝိညာဏဋ္ဌိတိသတ္တာဝါသေသု သတ္တေ ဇဝါပေတီတိ အဝိဇ္ဇာ။

(အဆုံးကင်းသော သံသရာ၌ အလုံးစုံသော ယောနိ ဂတိ ဘဝ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့၌ သတ္တဝါအယုတ်တို့ကို ဖြစ်စေတတ်သောကြောင့် အဝိဇ္ဇာ။)

(၇) ပရမတ္ထတော အဝိဇ္ဇမာနေသု ဣတ္ထိပုရိသာဒီသု သတ္တေ ဇဝတိ၊ ဝိဇ္ဇမာနေသုပိ ခန္ဓာဒီသု န ဇဝတီတိ အဝိဇ္ဇာ။

(ပရမတ်အားဖြင့် ထင်ရှားမရှိကုန်သော မိန်းမ ယောကျ်ားစသည်တို့၌ ဖြစ်တတ်သောကြောင့် အဝိဇ္ဇာ၊ ထင်ရှားရှိသည်လည်းဖြစ်ကုန်သော ခန္ဓာစသည်တို့၌ မဖြစ်တတ်သောကြောင့် အဝိဇ္ဇာ။)

(၈) အပိစ စက္ခုဝိညာဏာဒီနံ ဝတ္ထာရမ္မဏာနံ ပဋိစ္စသမုပ္ပါဒပဋိစ္စသမုပ္ပန္နာနဉ္စ ဓမ္မာနံ ဆာဒနတောပိ အဝိဇ္ဇာ။

(တစ်နည်းကား စက္ခုဝိညာဏ်စသည်တို့၏ မှီရာ ဝတ္ထုအာရုံတို့ကို စွဲ၍ဖြစ်ရာဖြစ်သော အဝိဇ္ဇာအစရှိသော အကြောင်းတရား၏ အကျိုးဖြစ်သော စွဲ၍ဖြစ်သော သင်္ခါရအစရှိကုန်သော သဘောတရားတို့၏လည်း ထိုထိုသဘောတရားကို ဖုံးလွှမ်းတတ်သောကြောင့် အဝိဇ္ဇာ။) (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ပဌမအုပ်၊ နှာ၊ ၈၄)

http://www.dhammadownload.com

(၁) "န ဝိဇာနာတိ အဝိဇ္ဇာ"။ န ဝိဇာနာတိ၊ ဘာမှ မသိတတ်။ ဣတိ တသ္မာ၊ ထိုသို့ ဘာမှ မသိတတ်သော သတ္တိကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

"အဝိဇ္ဇာ"ဆိုတာ ဘာမှ မသိတတ်ဘူးတဲ့။ ဒါဖြင့် မသိတတ်တဲ့ အဓိပ္ပါယ်တွေ တစ်ခုချင်း တစ်ခုချင်း ရှင်းပေးစမ်းပါ။ ဘယ်လို မသိတာတုန်း မသိတာက သိပ်နယ်ကျယ်တာပဲ မလွယ်လှဘူး။ ဒါပေမယ့် သိကောင်းဖို့ဆိုတဲ့ အနေအားဖြင့် တစ်ခုချင်း တစ်ခုချင်း ရှင်းပေးမယ်။

အခုန ပုထုဇဉ်လေးမျိုးနဲ့ ကပ်ထား သေသေချာချာ။ အဝိဇ္ဇာ မသိအောင် ဖုံးကွယ်ထားတာ။ အဝိဇ္ဇာ မသိအောင် လုပ်ထားတာ။ ဒီလို ရှိတယ်တဲ့ သုံးဘုံသူ သုံးဘုံသားတွေ လုံးလုံးလျားလျား ဘာမှ မှန်ကန်တာ မမြင်ရအောင် ဖုံးကွယ်ထားတဲ့ သတ္တိ၊ သူ့သတ္တိနော် (မှန်ပါတယ်ဆရာ)၊ သမ္မောဟနရသာ၊ သူ့သတ္တိ သူ့ကိစ္စ၊ သမ္မောဟနရသာ၊ ဘယ်နဲ့ လုပ်ဖုံးကွယ်သလဲတဲ့။ သတ္တဝါ အဆင့်ဆင့်ပဲတဲ့။ ဒီအဝိဇ္ဇာဓာတ်ကြီး အဝိဇ္ဇာဓာတ်ကြီး လုံးလုံးကြီး ကင်းပြတ်သွားအောင်ဆိုပြီးတော့ အဝိဇ္ဇာအမှောင် တွင်းကနေ ထိုးထွင်းပြီး အသိဉာဏ်တွေ ပေါ်ထွက်လာအောင် ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေကျတော့ အဝိဇ္ဇာက တစ်ပတ်ချင်း တစ်ပတ်ချင်း လျော့လျော့ လျော့လျော့လိုက်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲသလိုမှ မကြိုးစားတဲ့ ပုဂ္ဂိုလ်တွေဖြစ်ရင် အဝိဇ္ဇာဓာတ်က လုံးလုံးကြီး ဖုံးကွယ်တော့ လုံးလုံးကြီးပဲ သံသရာမှာ စုန်းစုန်းကြီး မြှုပ်နေကြရတယ်၊ မပေါ်နိုင်ဘူး။ ဒါကြောင့် ပုထုဇဉ်လေးမျိုး ထိုးပြ ထားတာ။

၁။ အန္ဓဗာလပုထုဇဉ်တဲ့၊ အဲဒီ အန္ဓဗာလပုထုဇဉ်မျိုးမှာ လုံးလုံးကြီးဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဓာတ်။

၂။ အန္ဓပုထုဇဉ်တဲ့၊ အန္ဓပုထုဇဉ်မျိုးမှာ လုံးလုံးကြီး ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဓာတ်။

၃။ ကလျာဏပုထုဇဉ်၊ ကလျာဏပုထုဇဉ် မမြင်အောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဓာတ်။

၄။ စူဠသောတာပန် ပုထုဇဉ်၊ မမြင်အောင် လုံးလုံးကြီး ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဓာတ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား။ ဒါပုထုဇဉ်ထဲက မလွတ်ဘူး။ အဝိဇ္ဇာလက်တွင်းက မလွတ် ကင်းနိုင်ဘူးတဲ့။ အဝိဇ္ဇာရဲ့ ဖိနှိပ်ခြင်းခံနေရတယ်။ အဝိဇ္ဇာရဲ့ လွှမ်းမိုးခြင်းကို ခံနေရတယ်။ အဝိဇ္ဇာရဲ့ အုပ်စိုးခြင်းကို ခံနေရတယ်။ အဝိဇ္ဇာရဲ့ဖုံးကွယ်ခြင်းကို ခံနေကြရတယ်။

ဒါကြောင့် ထိုမသိတတ်သော လက္ခဏာရှိတဲ့ အဝိဇ္ဇာဓာတ်ရဲ့ မသိပုံ မသိနည်းလေးဟာ ပုဂ္ဂလာဓိဋ္ဌာန်အနေအားဖြင့် တစ်ယောက်ချင်း တစ်ယောက်ချင်း ခွဲစိတ်မှာပြီးတော့ သေသေချာချာ ပြတာ၊ သဘာဝကျကျနဲ့ နားထောင်ထား၊ အင်မတန် ကြောက်စရာကောင်းတဲ့ အဝိဇ္ဇာဓာတ်။ ဒါပေမယ့် တို့သင်တန်းသူ သင်တန်းသားတွေများကတော့ အင်မတန်ကြောက်စရာကောင်းသော အဝိဇ္ဇာအမှောင်

http://www.dhammadownload.com

ထုကြီးထဲက အလုအယက် တိုးထွက်လာကြလို့ လွတ်သင့်သလောက်လွတ်၊ ကျွတ်သင့်သလောက် ကျွတ်လာခဲ့ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဝမ်းမြောက်စရာ အလွန်ကောင်း၊ ကြည့်စမ်းကွယ်၊ ငါ ခုနမေးတဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ တို့သင်တန်းကို တိတိကျကျလိုက်တဲ့ သင်တန်းသူ သင်တန်းသားမှန်ရင် အန္ဓဗာလပုထုဇဉ် ခေါ်နိုင်သေးရဲ့လား (မခေါ်နိုင်ပါဘူးဆရာ)၊ အန္ဓပုထုဇဉ် ခေါ်သေးသလား (မခေါ်နိုင်ပါဘူးဆရာ)၊ ကလျာဏပုထုဇဉ် ခေါ်နိုင်သေးရဲ့လား (မခေါ်နိုင်ပါဘူးဆရာ)၊ စူဠသောတာပန် ပုထုဇဉ် ခေါ်နိုင်သေးရဲ့လား (ခေါ်နိုင်ပါတယ် ဆရာ)၊ ဩော်-ခေါ်နိုင်တယ်။ ဒီရောက်လာပြီလား (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာလက်တွင်းက လွတ်လာတာ တစ်, နှစ်, သုံးနော် (မှန်ပါတယ်ဆရာ)၊ စူဠသောတာပန် ဘဝရောက်နေပြီတဲ့။ အဝိဇ္ဇာက ဖုံးထားတဲ့ တံခါးသုံးချက်က ရုန်းထွက်လာ။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်အချက် ဖုံးကွယ်ထားတယ်။ နှစ်အချက် ဖုံးကွယ်ထားတယ်။ သုံးအချက် ဖုံး ကွယ်ထားတယ်။ အန္ဓဗာလဘဝက လွတ်ခဲ့ပြီ။ အန္ဓပုထုဇဉ်ဘဝက လွတ်ခဲ့ပြီ။ ကလျာဏပုထုဇဉ် ဘဝက လွတ်ခဲ့ပြီ။ စူဠသောတာပန်ဘဝကရောက်။ မရောက်ဘူးလား (ရောက်လာပါပြီဆရာ)၊ ဒါဖြင့် အဝိဇ္ဇာရှိသေးတာပေါ့ (ရှိပါတယ်ဆရာ)၊ မဂ်မရအောင် ဖုံးကွယ်ထားတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အေး-မှတ်ထား။ မဂ်မရအောင် ဖုံးကွယ်ထားသေးတယ်။

ဒါကြောင့် စူဠသောတာပန်ဘဝနဲ့ မနေကြနဲ့အုံး။ အဝိဇ္ဇာလက်တွင်းက မလွတ်လွတ်အောင် ရုန်းကြ။ မဂ်လုံးလုံးကြီးရပြီးတော့ အဝိဇ္ဇာလက်တွင်းက လွတ်လာပေါ့။ ဒါပေမယ့် သူ့နယ်က အင်မတန် ကျယ်တယ်။ ဒါဖြင့် ပဌမမဂ်ရတော့ သောတာပန်ဖြစ်တော့ အဝိဇ္ဇာလက်တွင်းက လွတ်လားဆိုတော့ မလွတ်သေးဘူးတဲ့။ နွားပိန်တွယ် တွယ်လိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ မလွတ်သေးရင် ဘယ်ကျန် တော့လို့တုံးလို့ ဒုတိယမဂ် သကဒါဂါမိမဂ်မရအောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာတွယ်နေတယ်တဲ့။ မဟွယ်ဘူးလား (တွယ်ထားပါတယ်ဆရာ)၊ ဒီအဝိဇ္ဇာချုပ်သွားရင် သကဒါဂါမိမဂ် ရမှာပေါ့ကွနော် (မှန်ပါ တယ်ဆရာ)၊ အခုတော့ သောတာပန်ဖြစ်ခါမျှ ရှိတယ်ဆို။ သကဒါဂါမ်, အနာဂါမ်, ရဟန္တာထိ မဖြစ်နိုင်အောင် ဖုံးကွယ်ထားတဲ့အဝိဇ္ဇာ သုံးလုံးကျန်သေးတယ်။ နောက်တစ်ဆင့်တိုး ကြိုးစားတော့ သကဒါဂါမိမဂ်ရတော့, သကဒါဂါမ်ဖြစ်ကရော့။ သကဒါဂါမ်ဖြစ်တော့ စောစောက သကဒါဂါမိမဂ် မမြင်အောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာတော့ ချုပ်သွားပြီပေါ့။ အဝိဇ္ဇာကုန်လားဆိုတော့ မကုန်သေး ဘူးတဲ့။ ဘယ်လိုကျန်နေ အနာဂါမ်မဖြစ်အောင် ဖုံးကွယ်ထားတဲ့၊ အဝိဇ္ဇာကျန်သေးတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ရှေ့တိုး တစ်မျိုးအားဖြင့် ကြိုးစားကျင့်ကြံ ပွားများအားထုတ် လိုက်တော့ အနာဂါမ်မဂ်ဉာဏ် ရပြန်ရောတဲ့။ အဝိဇ္ဇာကုန်လားဆိုတော့ မကုန်သေးဘူးတဲ့၊ ဘယ်သူ ကျန်သေးတုံး၊ အရဟတ္တမဂ်ကို မမြင်အောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာကျန်သေးတယ်တဲ့။ မကျန်ဘူးလား

http://www.dhammadownload.com

(ကျန်နေပါတယ်ဆရာ)၊ နယ်ကသိပ်ကျယ်။ အဲဒီ အရဟတ္တမဂ်ဉာဏ်ရခါမှ အဝိဇ္ဇာခေတ်က နောက်ကျွမ်းပစ်မကပ်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ လုံးလုံးချုပ်ကရော မရှိဘူးဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဝိဇ္ဇာက နယ်ကျယ်ပုံကိုကြည့်။ အရဟတ္တမဂ်ထိအောင် လိုက်သွားတယ်နော်၊ (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အထက်မဂ်ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာခေတ်ကျတော့ အသတ်ရ, အဖြတ်ရ လွယ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာမဂ်မှ မရသေးတဲ့ ပုထုဇဉ်ဘဝ ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာကတော့ အင်မတန်မှ အားကောင်းတယ်။ အမှောင်ထုကြီးတယ်တဲ့။ ဒါကြောင့် အနည်းဆုံးအားဖြင့် အန္ဓဗာလ ပုထုဇဉ်ဘဝက ကျွတ်အောင် လွတ်အောင်လုပ်၊ အန္ဓဖြစ်၊ အန္ဓဘဝက ကျွတ်အောင် လွတ်အောင်လုပ် ကလျာဏပုထုဇဉ်ဖြစ်၊ ကလျာဏဘဝက ကျွတ်အောင် လွတ်အောင်လုပ် စူဠသောတာပန်ဖြစ်။ ဒီအဆင့်လောက်ရောက်ရင်ပဲ လက်ခမောင်းခတ်လောက်ပြီ တန်းမသေးဘူး။ မဂ်နားဖိုလ်နား ကပ်နေပြီနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာခေတ်လည်း အားပျော့ပြီ။ အဝိဇ္ဇာခေတ်က အားပျော့ပြီး ခပ်ပျော့ပျော့ပဲ ရှိတော့တယ်။ သေခါနီးနေပေါ့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် ဒီပုဂ္ဂိုလ်လေးမျိုးမှာ ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာခေတ်နဲ့ ဒီက ဟပ်ပြတဲ့ ဝိဂ္ဂြိုဟ်နဲ့အဓိပ္ပါယ်လေး နားထောင်ကြပါ -

တစ်နည်း အဝိဇ္ဇာအဓိပ္ပာယ်တစ်မျိုး

(၂) "အဝိန္ဒိယံ ကာယဒုစ္စရိတာဒိံ ဝိန္ဒတိ (ပဋိလဘတိ)တိ အဝိဇ္ဇာ။"

ဝိန္ဒိယ-သဒ္ဒါက ဖြည့်ကောင်းတာဟောတယ်။ ဒါနဲ့ ဝိန္ဒတိ-ကို ပဋိလဘတိ လို့ ဖွင့်ထားပြန်တော့ ရကောင်းတာလို့ ဟောတယ်နော် (မှန်ပါတယ်ဆရာ)၊ "အဝိန္ဒိယံ ကာယဒုစ္စရိတာဒိံ ဝိန္ဒတိ ပဋိလဘတီတိ အဝိဇ္ဇာ" တဲ့။ အဝိန္ဒိယံ၊ ဖြည့်ခြင်းငှာ မတတ်ကောင်းသော ကာယဒုစရိုက် အစရှိသည် တို့ကို။ ဝိန္ဒတိ ပဋိလဘတိ၊ ရကောင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

မကျင့်ကောင်း, မကြံကောင်းတဲ့ ဒုစရိုက်ဆယ်ပါး

ဟောဒီ အဓိပ္ပါယ်လေးက သေသေချာချာ နားထောင်။ စောစောက ပုဂ္ဂိုလ်လေးမျိုးနဲ့ ဟပ်ထားတာ။ "အဝိန္ဒိယံ" - ကာယဒုစရိုက် အစရှိသော တရားကို ဆိုတော့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဒုစရိုက် (၁၀)ပါး မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒုရာဇီဝ (၇)ပါး၊ ဟိုက အာဒိ

http://www.dhammadownload.com

သဒ္ဒါနဲ့ ယူလိုက်၊ ကာယဒုစ္စရိတာဒိ- အာဒိသဒ္ဒါ ပါလာတော့ ကာယဒုစရိုက် အစရှိသည်တို့ကို (အနက်ပေး) ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ပါ ထည့်ယူတော့ ဒုစရိုက် (၁၀) ပါး။ အဲဒီ ဒုစရိုက် (၁၀)ပါးဟာ ကျင့်ကောင်း, ကြံကောင်းတဲ့ တရားလားဟ (မကျင့်ကောင်းပါဘူးဆရာ)၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်တကွ အရိယာအပေါင်း သူတော်ကောင်းတွေက ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် ဆိုတဲ့ ဒုစရိုက် (၁၀)ပါး တရားတို့သည် မကျင့်ကောင်း, မကြံကောင်း, မယူကောင်း, မရကောင်းတဲ့ တရားတွေလို့ ဒီလို မဟောဘူးလား (ဟောပါတယ်ဆရာ)၊ အဲဒီလို ဟောတော်မူတဲ့တရားကို အဝိဇ္ဇာဓာတ်က လှည့်ပတ်တယ်။ ခုန အန္ဓဗာလဆိုတဲ့ ပုထုဇဉ် မျက်စိမှာ, ဉာဏ်မှာ, အသိမှာ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဓာတ်က ဝင်ပူးကပ်သတ်။

ဒါကြောင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်အပေါင်းတို့က မယူကောင်း, မရကောင်း, မကျင့်ကောင်း, မကြံကောင်း, အားမထုတ်ကောင်းဆိုတဲ့ ဟောထားသော ဒုစရိုက် (၁၀)ပါး တရားတွေကို အဝိဇ္ဇာဓာတ်က ဘယ်နဲ့ပြောသလဲဆိုတော့ အဲဒါတွေ လုပ်ကောင်းတယ်တဲ့, ကျင့်ကောင်းတယ်တဲ့, ကြံကောင်းတယ်တဲ့, ပွားများအားထုတ်ကောင်းတယ်တဲ့, ဒီလို လုပ်တယ်တဲ့ အဝိဇ္ဇာဓာတ်ကနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

"အဝိန္ဒိယံ ကာယဒုစ္စရိတာဒိံ ဝိန္ဒတိ ပဋိလဘတီတိ အဝိဇ္ဇာ။"

"အဝိန္ဒိယံ၊ ဖြည့်ခြင်းငှာ မတတ်ကောင်းသော "အဝိန္ဒိယ" ခေါ်သော ကာယဒုစရိုက် အစရှိသော တရားတို့ကို။ ဝိန္ဒတိ ပဋိလဘတိ၊ ယူကောင်း ရကောင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏" ဆိုတော့ ဘုရားကိုယ်တော်မြတ်တွေကိုက အထပ်ထပ်အားဖြင့် ဒီတရားတွေက မကျင့်ကောင်း, မကြံကောင်းဘူး။ အင်မတန် ကြောက်စရာကောင်းတဲ့ ဒုစရိုက်တရားတွေလို့ ဒီလို ဟောပါရဲ့သားနဲ့ ဒီတရားတွေ ကျင့်နိုင်မှ ကြိုးစားနိုင်မှ အားထုတ်နိုင်မှ တို့ကောင်းကျိုးချမ်းသာ ရမယ်ဆိုတဲ့ အယူဝါဒတွေနဲ့ သတ်ဖြတ်နေကြတဲ့ လူမျိုးတွေ သေချာကြည့်စမ်း။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးအသက် ရက်ရက်စက်စက် သတ်နိုင်မှ ကိုယ်ကျိုးချမ်းသာ ပြည့်ဝမယ်။ ယုံကြည်မှုနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ကမ္ဘာတည်စက စပြီးတော့ ပေါ်လာတဲ့လုပ်ငန်း တို့ဆုပ်ကပ် တက်ကပ် ပြစဉ်အခါတုန်းက တစ်ခါပြောခဲ့ပေါ့။

မကျင့်ထိုက်ဘဲ ကျင့်နေတဲ့ သာဓကဝတ္ထု

ဥက္ကာကရာဇ်မင်း လက်ထက်ကစပြီးတော့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေ မလိမ္မာမှုကြောင့် ရှင်ဘုရင်အနား ချဉ်းကပ်ပြီးတော့ မြောက်စား လျှောက်ထားလို့ "အရှင်ဘုရား ဘုန်းတော်ကံကော်

http://www.dhammadownload.com

ကြီးမား ခြင်းသည် တခြားမဟုတ်ပါဘူး။ ရန်အပေါင်းကို အောင်နိုင်ခြင်းသည် တခြားမဟုတ်ပါဘူး။ ယဇ်နတ်ပူဇော်ခြင်းကြောင့် ဖြစ်ပါတယ်။ ယဇ်နတ်ပူဇော်မှသာလျှင် ယခုလို စစ်အောင်နိုင်ခြင်း ဘုန်းတန်ခိုး အာနိသင်ကြီးမားခြင်းဆိုတဲ့ အကျိုးထူး တရားတွေ ရပါလိမ့်မယ်"လို့ ပုဏ္ဏားဖြူ ပုဏ္ဏားညို များက ပရိယာယ်မာယာများနဲ့ လိမ်ပြီးလျှောက်ထားလို့ ရှင်ဘုရင် အဟုတ်မှတ်ပြီးတော့ ကိုယ့်ကံစီမံလို့ ဖြစ်ပေါ်လာတဲ့ ဘုန်းသမ္ဘာကို နားမလည်ရှာဘူး။ ဒီတော့ ကြက်တို့, ဝက်တို့, ဘဲတို့, ဆိတ်တို့ အရှင် လတ်လတ် လည်လှီးသတ်ပြီးတော့ တောစိုးသစ်ပင်များ ယဇ်နတ်ပူဇော်တယ်။ ဟုတ်ရဲ့လား (မှန်ပါ တယ်ဆရာ)၊ ဒါတွေ ရက်ရက်စက်စက် သတ်နိုင် ဖြတ်နိုင်မှ ကောင်းကျိုးချမ်းသာ ရမယ် ဆိုတော့ ယုံကြည်မှု မရှိဘူးလား (ရှိနေပါတယ်ဆရာ)၊ အဲဒါကြောင့် အဲဒီလို မကျင့်ကောင်းဘူး၊ မကြံကောင်းဘူး။

ပြောင်းပြန်မြင်တာ ဘယ်သူလဲ

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြတဲ့ အရိယာပေါင်း သူတော်ကောင်းတွေက မကျင့်ကောင်း၊ မကြံကောင်းဘူးဟော့လို့ ဟောရဲ့သားနဲ့ ဒါကို နားမထောင်ဘဲနဲ့ ကျင့်ကောင်းတယ်၊ ကြံကောင်းတယ်။ ဒီလိုလုပ်မှ ဒီလိုကျင့်မှ ကောင်းကျိုးချမ်းသာနဲ့ ပြည့်စုံမယ်လို့ ပြောင်းပြန်မြင်တာ ဘယ်သူလဲလို့ ပြောင်းပြန်မြင်အောင် လုပ်ပေးတာ၊ ဘယ်သူလည်းလို့ဆို၊ ဘယ်နဲ့ပြော (အန္ဓဗာလပုထုဇဉ်ပါဆရာ)၊ ဟော-ဗျာ (အဝိဇ္ဇာပါဆရာ)၊ ဘယ်လိုကောင်မှန်း မသိဘူး။ မြန်မာစကား နားမလည်ပါဘူးကွာနော်။ အဝိဇ္ဇာလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာလုပ်ပေးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဲဒီ အဓိပ္ပါယတ္ထနှင့်အကိုက်။

"အဝိန္ဒိယံ ကာယဒုစ္စရိတာဒိံ ဝိန္ဒတိ ပဋိလဘတီတိ အဝိဇ္ဇာ။"

အဝိဇ္ဇာရဲ့ဝိကပ်၊ "အဝိန္ဒိယံ၊ ဖြည့်ခြင်းငှာ မတတ်ကောင်းသော အဝိန္ဒိယ ခေါ်သော ကာယ ဒုစရိုက် အစရှိသော တရားတို့ကို။ ဝိန္ဒတိ ပဋိလဘတိ၊ ယူကောင်း ရကောင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏" ဆိုတော့ အဝိဇ္ဇာစေတ်က လှည့်ပတ်ထားတာတဲ့။ ဟဲ့ ဒါတွေ နာနာလုပ်။ ဒါတွေ လုပ်မှ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံမယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူပူးကပ်သတ်ပြီးတော့ သူခိုင်းတဲ့အတိုင်း အခုနပြောတဲ့ ပုဂ္ဂလာဓိဋ္ဌာန်အနေအားဖြင့် ပုဂ္ဂိုလ် တွေက မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါ အန္ဓဗာလခေါ်တယ် (မှန်ပါတယ်ဆရာ)၊ ဒါ တစ်ချက် မှတ်မနေနဲ့ ပြောင်းပြန်ပြန်၊ ဒါ တစ်ချက်ပြီးတော့ -

http://www.dhammadownload.com

တစ်နည်း အဝိဇ္ဇာအဓိပ္ပာယ်

(၃) "ဝိန္ဒိယံ ကာယသုစ္စရိတာဒိံ န ဝိန္ဒတိ ပဋိလဘတီတိ အဝိဇ္ဇာ။"

ဝိန္ဒိယံ၊ ဖြည့်ခြင်းငှာ တတ်ကောင်းသော ဝိန္ဒိယ ခေါ်သော ကာယသုစရိုက် အစရှိသော တရားကို။ န ဝိန္ဒတိ န ပဋိလဘတိ၊ မယူကောင်း မရကောင်းတဲ့။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏။

ကျင့်ကောင်း, ကြံကောင်းတဲ့ သုစရိုက်ဆယ်ပါး

ဒီကျတော့ ပြောင်းပြန်ပြန်ပါ။ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြတဲ့ ဘုရားအစရှိသော အရိယာ-အပေါင်းသူတော်ကောင်းတွေက သုစရိုက်ဆယ်ပါး အစရှိသော တရားတွေကိုတဲ့၊ ကျင့်ကောင်း၊ ကြံကောင်းတဲ့ တရားတွေ၊ ပွားများအားထုတ်ကောင်းတဲ့ တရားတွေ ကြိုးစားကြဟဲ့၊ ကျင့်ကြ ကြံကြဟဲ့ လို့ အထပ်ထပ်အားဖြင့် ဟောကြားတော်မူတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဟောကြားတော်မူတဲ့ ကျင့်ကောင်းကြံကောင်းတဲ့ ဝိန္ဒိယ ခေါ်တာတဲ့။ ကာယသုစရိုက် အစရှိသော တရားတွေကိုတော့ ကျင့်ရင် အပြစ်ရှိလိမ့်မယ်။ ဒါတွေလုပ်ရင် တို့ကိုယ်ကျိုးနည်းလိမ့်မယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပြောင်းပြန်ပြောင်းပြန် ဒီပုဂ္ဂိုလ်မျိုးတွေ အများကြီးများတယ်နော် (မှန်ပါတယ်ဆရာ)၊ အများကြီး များတယ်။ အလှူခံတာတောင်ပဲ လှူတယ်လို့ မပြောနဲ့၊ ပေးတယ်လို့ ပြောလိုက်ဟဲ့။ လှူရင် သုစရိုက်ဖြစ်သွားမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ လှူတယ်လို့ မပြောနဲ့ ပေးတယ်လို့ ပြောလိုက်။ လှူဆိုတဲ့စကား မကြားချင်ဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ သုစရိုက် ဆယ်ပါး ဆိုတဲ့ တရားတွေ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူထားတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်တွေက ကျင့်ကောင်းတယ်ဟေ့၊ ကြံကောင်းတယ်ဟေ့၊ အဲဒီ တရားတွေက ကျင့်ကြံပွားများ အားထုတ်အပ်တဲ့ တရားတွေ ဟေ့ ဒီလိုဟောတယ်။ ဟောပေမယ့် သူ့သဘော ဘယ်နဲ့နေလဲဆိုတော့ အဲဒါတွေ မကျင့်နဲ့ မကြံနဲ့ မလုပ်နဲ့ မကိုင်နဲ့ အားမထုတ်နဲ့။ ကျင့်ကြံပွားများ အားထုတ်ခဲ့လို့ရှိရင်ဖြင့် ကိုယ်ကျိုးနည်း ရချည်ရဲ့။ သူ့အယူဝါဒ ဒီလို မယူဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူမျိုး ဒီအသိမျိုးပေါ်အောင် ဘယ်သူက လုပ်ပေးတာတုံး (အဝိဇ္ဇာခတ်ကြီးကပါဆရာ)၊ အေး-အဝိဇ္ဇာခတ်ကြီးက ဒါအဝိဇ္ဇာရဲ့ သတ္တိတွေ ထုတ်ပြ၊ အဝိဇ္ဇာ ဒီလို လုပ်တတ်တယ်လို့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

"ဝိန္ဒိယံ ကာယသုစရိတာဒိံ န ဝိန္ဒတိ ပဋိလဘတီတိ အဝိဇ္ဇာ။"

"ဝိန္ဒိယံ၊ ဝိန္ဒိယခေါ်သော ကာယသုစရိုက် အစရှိသော တရားတို့ကို။ န ဝိန္ဒတိ န ပဋိလဘတိ၊ မယူကောင်း၊ မရကောင်း၊ မကျင့်ကောင်း၊ မကြံကောင်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏" ဆိုတော့ အဲဒီ နှစ်ဝိကပ်တင် ပြန်ကြည့်လိုက်စမ်းကွာ။

http://www.dhammadownload.com

ပထမဝိကပ်က မကျင့်ကောင်းသော ဒုစရိုက်တရားတွေကို ကျင့်ကောင်းတယ်ဟူ၍ ယူဆခြင်း။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ **ဒုတိယဝိကပ်က** ကျင့်ကောင်းသော ကာယဒုစရိုက် အစ ရှိသော တရားတို့ကို မကျင့်ကောင်းဘူး ဟူ၍ ယူဆခြင်း မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ အဲဒီ ဝိကပ်နှစ်ပါးနဲ့ စောစောက ပြောထားတဲ့ ပုဂ္ဂိုလ်လေးမျိုးနဲ့ ဘယ်သူနဲ့ဟပ်တုံး (အဝိဇ္ဇာနဲ့ပါဆရာ)၊ ဘာတွေ ပြောမှန်းကို မသိဘူး။ မင်းဘာတွေ ပြောနေတာတုံး။ စောစောက ငါပြောတာ ပုဂ္ဂိုလ်လေးမျိုး ဆိုတာ ဘယ်သူတုံး (အန္ဓဗာလပုထုဇဉ်, အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်, စူဠသောတာပန်ပုထုဇဉ်) ကိုင်း-အဲဒီပုဂ္ဂိုလ်လေးမျိုးမှာ ခုပြောနေတဲ့ ဝိကပ်နှစ်ပါးနဲ့ ဘယ်သူဟပ်နေတုံး (အန္ဓဗာလပုထုဇဉ်နဲ့ အန္ဓပုထုဇဉ်ပါဆရာ)၊ အောင်မယ်လေးဟဲ့ ချသွားပြန်ပေါ့၊ မင်းဟာ အန္ဓပုထုဇဉ်ကလား၊ ကောင်းတဲ့ သုစရိုက် တရားတွေကို မကောင်းဘူးလို့၊ မကောင်းတဲ့ ဒုစရိုက်တရားတွေကို ကောင်းတယ်လို့ ဒီလို ယူသလား။ ပုဂ္ဂိုလ်လေးမျိုးရဲ့ အဓိပ္ပါယ်ကို သူကောင်းကောင်း မမှတ်မိပြန်ဘူး။ ဟင်-မှတ်မိလား မမှတ်မိဘူး။ ဟုတ်ရဲ့လား။ ဟောဗျာ ဘယ်နဲ့ ဖြစ်သွားပါလိမ့်။ မမှတ်မိဘူး၊ သေသေချာချာ နားထောင်။ မင်းဥစ္စာ လက်ဆွဲပြရမလို ဖြစ်နေပေါ့။ မင်းလည်း မြင်သား၊ မင်းလည်း ကြားသားပဲနော် (မှန်ပါတယ် ဆရာ)၊ ကာယဒုစရိုက် အစရှိတဲ့ တရားတွေကို ဗမာလို ရှင်းရှင်းကလေး ငါပြောနေတာ။ သူနားကို မလည်ဘူး။ သူတစ်ပါးလည်း သတ်ပြီးမှ ခရီးရောက်မယ် အကျိုးများမယ်လို့ ယူဆတဲ့ စောစောက ပြောတဲ့မင်းသည် ယဇ်နတ်ပူဇော်တာ ကြားတယ်မဟုတ်လား (ကြားပါတယ်ဆရာ)၊ ဒီလို အကျင့် တွေက ဘယ့်နဲ့အကျင့်တွေတုံး။ ကာယဒုစရိုက် အစရှိတဲ့ မလုပ်ကောင်းတဲ့ တရားတွေမှ လုပ်ကောင်း တယ်လို့ ပြောင်းပြန် ယူမထားဘူးလား (ယူထားပါတယ်ဆရာ)၊ ပြီးတော့ လုပ်ကောင်းတဲ့ ကျင့်ကောင်း ကြံကောင်းတဲ့ သုစရိုက်တရားတွေကြတော့ မလုပ်ကောင်းဘူးလို့ ယူမထားဘူးလား (ယူထား ပါတယ်ဆရာ)၊ အဲဒီ နှစ်မျိုးမှားနေတာ ဘယ်သူလဲလို့ မေးနေတာ။ ပုဂ္ဂိုလ်လေးမျိုးထဲက (အန္ဓဗာလ ပုထုဇဉ်နဲ့ပါဆရာ)။

အဲဒါပဲ ထားပါတော့ မနဲ့နဲ့ မနဲ့နဲ့ ဘယ်သူတွဲမတုံး၊ ဘယ်သူတွဲမလို့တုံး၊ ပြီးတော့ (မတွဲပါ ဘူးဆရာ)၊ နင့်စကားလေးက တွဲမလို့၊ နောက်ကနဲ့ဆိုတာ ပါလာ၊ ငါက သိသားပြီးတော့မှလျှော့ချ ဟိုဒင်းကျ နင့်ဥစ္စာ ရုပ်သေးစင်တော်ကြီးတစ်ခုကကြတော့ ဆင်အုပ်ဆရာကြီးက အိပ်နေ ရုတ်တရက် အိပ်ပျော်နေ။ သူ့အခန်းက ထွက်ရမှာက ဂဠုန်နော် (မှန်ပါတယ်ဆရာ)၊ ဂဠုန်ထွက်ရာမှာ အိပ်ပျော် နေတော့ သူ့အလှည့်ရောက်တော့ တပည့်တွေက သွားပြီး ဆရာကြီး ဆရာကြီး ဆရာကြီး အလှည့် ရောက်ပြီ။ ဆရာ့အလှည့်ရောက်ပြီ။ စောစောတုန်းကတော့ အရုပ်တွေချိတ်ပြီး အိပ်နေ။ ငါ့အလှည့် တော့ နှိုးကြကွာ ဆိုတော့ ထွက်ရမှာက ဂဠုန် ပြန်းကနဲဆို အိပ်မှုံစုံမွှားနဲ့ ဆွဲထွက်တော့ ဘီလူးရုပ်နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ ပြုန်းဆို လက်တန်းပေါ်ကျော်ချ ဂဠုန်ရုပ်ဆိုတော့ ဂဠုန်ခန်းဆိုတော့ ဂဠုန်သီချင်းလေးနဲ့ ထွက်လာ **"လက်ပံသိုက်မြုံ တိုးလိုထွက် တောထွက်တဲ့ချိုး ဂဠုန်ထွက်တော့မှာကိုးကွ ပင်လက်ပံပိုင်သ ပြည်ပေါက်က တိုးချိုး"**ဆိုတာ လက်ပံဆိုတာ ဂဠုန်ပြည်မှာ ပေါက်တာကိုးကွနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဂဠုန်စာရွတ်ပြီး ဆင်းလာတယ်။ လက်တန်းက ကျော်ချတာ ဘီလူးရုပ် **"လက်ပံ သိုက်မြုံ စိုးအုပ်တဲ့ချိုး"** ဂဠုန်ထွက်မဲ့ကြဲတော့ တပည့်တွေက ခက်ရချည့်ရဲ့ဆိုပြီးတော့ လက်တို့ ဆရာကြီး ဘီလူးရုပ်ကြီးဖြစ်နေတယ်။ ဘီလူးရုပ်ကြီး ဖြစ်နေတယ်။ **"လက်ပံသိုက်မြုံ စိုးအုပ်တဲ့ချိုး"** ဂဠုန်မင်းနဲ့အသိ ငါဘီလူးဖြစ်စေသတည်း။

မင်းလဲ ငါသိတယ်၊ နောက်က နဲ့လေးနဲ့တွဲမလို့ လုပ်နေတာပါကွ ငါအော်လို့။ အန္ဓဗာလ ပုထုဇဉ် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ နောက်က ဗာလတတ်ထားတာ သေသေချာချာ ကြည့်။ သူထက်မိုက်တာ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒုစရိုက်တရားသည် မကျင့်ကောင်း မကြံ ကောင်းသော တရား။ သုစရိုက်တရားသည် ကျင့်ကောင်း ကြံကောင်းသော တရား။ ဒီလို မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူဟောတာတုံး (မြတ်စွာဘုရားဟောတာပါဆရာ)၊ အေး-မြတ်စွာ ဘုရားဟောတာ အမှန်အကန် အတိအကျ ပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ ဘုရားမှ တစ်ဆူဟော တာမဟုတ်ဘူး။ ဂဏ်ဝါဠ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားကိုယ်တော်မြတ်တိုင်း ဟောသွားတဲ့ သုစရိုက် ဒုစရိုက်၊ သုစရိုက်တရားသည် ကျင့်ကြံပွားများအားထုတ်ကောင်းသော တရား။ ဒုစရိုက်တရား သည် ကျင့်ကြံပွားများ အားမထုတ်ကောင်းသောတရား။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ အန္ဓဗာလခေါ်ထားတဲ့ ပုထုဇဉ်က ဘယ်နဲ့လုပ်တယ်။ ဒုစရိုက်ကိုတော့ ဘယ့်နှဲ့လဲ (သုစရိုက် မှတ်ပြီးတော့ ကျင့်ပါတယ်ဆရာ)၊ အေး-ဒုစရိုက် သုစရိုက်မှတ်လို့ ကျင့်နေနော် (မှန်ပါတယ်ဆရာ)၊ သုစရိုက်ကျတော့ကော (ဒုစရိုက်မှတ်ပြီး ကျင့်နေပါတယ်ဆရာ)၊ ရှောင်နေတယ် ပြောရတယ်။ မင်းဟာ ရှောင်တယ် ပြောရတယ်။ နားလည်လား (မှန်ပါတယ် ဆရာ)၊ တို့ ကံ, ကံ၏အကျိုး ယုံကြည်တဲ့ ဗုဒ္ဓ ဘာသာကျတော့ ဒုစရိုက်ကျတော့ မရှောင်ဘူးလား (ရှောင်ပါတယ်ဆရာ)၊ ရှောင်ကောင်းတယ် ဆိုပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ သုစရိုက်ကျတော့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲသလို ပေ့ါ ရှောင်တစ်ဘက် လုပ်တစ်ဘက်ပေ့ါ။ အခုလဲ ဒီလိုပဲ သွားနေ။ ပြောင်းပြန် ပြန်နေတာဟ။ မကျင့်ကောင်းတဲ့ ဒုစရိုက်ကျတော့ ဘယ့်နှဲ့လုပ်တယ်။ (ကျင့်ကောင်းတယ်ဆိုပြီး ကျင့်နေပါတယ်ဆရာ)၊ ကျင့်ကောင်းစရိုက်တရားကျတော့ (မကျင့်ကောင်းဘူးဆို ရှောင်နေပါတယ်ဆရာ)၊ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား၊ (မှတ်မိပါတယ်ဆရာ)၊ နှစ်ခုလုံး မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ဘယ် ပုထုဇဉ်တုံး (အန္ဓဗာလပုထုဇဉ်ပါဆရာ)၊ အန္ဓဗာလပုထုဇဉ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဒီနှစ်ဝိကပ်နှင့်

http://www.dhammadownload.com

အကိုက်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ကိုက်သွားပြီ ကိုက်သွားပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ ဘယ်သူ့သတ္တိလဲလို့ မေးရင် အဝိဇ္ဇာရဲ့သတ္တိတဲ့။ ပုဂ္ဂိုလ်အနေအားဖြင့် အပြစ်မတင်ရဘူးနော် (မှန်ပါတယ်ဆရာ)။

လက်စသတ်တော့ အဝိဇ္ဇာခေတ်ကြီးက ဖုံးကွယ်ထားလို့ လုံးလုံးကြီးဘာမှ မမြင်ရဘူး။ အမှောက်မှောက် အမှားမှားနဲ့ ချွတ်ချော်တိမ်းပါးပြီးနေလိုက်တာ။ မကျင့်ကောင်း မကြံကောင်းတဲ့ ဒုစရိုက် ဒုရာဇီဝတရားတွေကြတော့ ဝမ်းပန်းတသာနဲ့ အားရပါးရ ကျင့်ကြံပွားများ အားထုတ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သာသာထိုးထိုး စေတနာကိုက သာသာထိုးထိုး လုပ်နေ။ ဘာပြုလို့ ကျင့်ကြံကောင်းတယ်မှတ်နေ။ တကယ်ကျင့်ကောင်း ကြံကောင်း ပွားများအားထုတ်ကောင်းတဲ့ သုစရိုက်အစရှိသော တရားတွေကျတော့ ရှောင်ရှားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ရှောင် ကြောက်လို့တဲ့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နှစ်ဘက်စလုံး မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ အဲဒါ အန္ဓဗာလ ပုထုဇဉ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

အန္ဓက ကံ, ကံ၏အကျိုး ယုံကြည်မှုလေးမှ မမြင်လို့ အန္ဓခေါ်၏။ ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ)၊ တစ်နည်း ရုပ်နာမ်ဓမ္မကိုမှ မမြင်လို့ "အန္ဓ" ခေါ်၏။ ပညာမျက်စိမရှိတဲ့သူကို အကန်းခေါ်တယ်။ **ဗာလ**က မကျင့်ကောင်းသော တရားကိုကျင့်၊ ကျင့်ကောင်းသော တရားကို ရှောင်ရှားလို့ သူ့ထက် မိုက်တာ လောကမှာ မရှိတဲ့နော် (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်ပဲဖြစ်ရအုံးတော့ အဲဒီတန်းများရောက်နေ။ ဝမ်းနည်းစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)၊ သံသရာ စုံးစုံးလုံးလုံးမြုပ်နေတာနော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ ပေါ်နိုင်စရာ အကြောင်းလည်း မရှိတော့ဘူး၊ အင်မတန်မှ ကြောက်စရာကောင်းတယ်တဲ့၊ နံပါတ်နှစ် အန္ဓပုထုဇဉ် သက်သက်နော် (မှန်ပါတယ်ဆရာ)၊ သူကြတော့ အဝိဇ္ဇာခေတ်က ဘယ့်နှဲ့လုပ်လဲ အန္ဓပုထုဇဉ်ကျတော့ အန္ဓဗာလလို မဟုတ်ပါဘူးတဲ့။ ကံ, ကံ၏အကျိုးကို ယုံကြည်သွားပြီတဲ့။ ဒုစရိုက် သုစရိုက် ကွဲသွားပေါ့၊ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဆရာ)၊ သူတော်ကောင်းနဲ့ ပေါင်းဖော်ပြီး သူတော်ကောင်းဖြစ်ပြီး "သဒ္ဓမ္မဿဝန" ဆိုတဲ့ သူတော်ကောင်းတရား နာကြားရတော့ အဲဒါက ကာယဒုစရိုက် အစရှိတဲ့ တရားတွေ၊ ဒါတွေက "အဝိန္ဒိယ" တရားတွေ။ မကျင့်ကောင်း မကြံကောင်းတဲ့ တရားတွေ မှတ်ထားဟဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

နောက်ဆုံး လေးမင် လေးဖိုလ်တည်းဟူသော အရဟတ္တမဂ်နဲ့ ချိုးဖျက်မှ လုံလုံးကွင်းလုံး ကျွတ် လွတ်ကင်း၍ သန့်ရှင်းတော်မူခြင်း ရောက်ရတယ်လို့ အဝိဇ္ဇာရဲ့သဘောသတ္တိ ဘယ်လိုရှိတယ်လို့ နားလည်အောင် ဗမာလို ရှင်းရှင်းပြောတော့ အဝိဇ္ဇာလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ပါဠိလို

http://www.dhammadownload.com

ဟောထားတဲ့ ပါဠိစကားကို ဗမာလိုအားဖြင့် အဓိပ္ပါယ်ရှင်းသွားအောင် လင်းသွားအောင် သင်ကြား ပြသပေးခြင်း၊ သင်တဲ့ ကြားတဲ့အတိုင်းလည်းပဲ ဝိဇ္ဇာတစ်လုံးကို တို့တော့ လုံးလုံးကြီး ပြတ်ပြတ် သားသား အဓိပ္ပာယ်အားဖြင့် နားလည်ပြီဆိုရင်၊ ဒါ အဝိဇ္ဇာတည်းဟူသော တရားကို မိမိရတာပဲ၊ မိမိပိုင်တာပဲ၊ မိမိနိုင်တာပဲ ခေါ်တယ်။ ဒီလိုမှ မဟုတ်လို့ အဝိဇ္ဇာ-စာထဲ တွေ့လို့ ဖတ်တယ်၊ သူများ ပြောလို့ ပြောသံကြားတယ်။ အဝိဇ္ဇာ ဘာမှန်းမသိ၊ တရားကိုယ် တရားသားလဲ ဘာမှန်းမသိ။ သဘော အဓိပ္ပာယ်လည်း ဘာမှန်း မသိ၊ သတ္တိထူး ဘယ်လောက်ရှိတယ်ဆိုတာလည်း ဘာမှန်းမသိ၊ ဘာမှန်း မသိတော့လည်း ဘာမှ မရဘူး။

ဒါကြောင့် တစ်လုံးဆိုရင် ဆိုသလောက် ခရီးရောက်တယ်။ သာသနာနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာ သာသနာတွင်း သက်ဝင်နေတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဆိုတဲ့ တရားတွေထဲက တစ်လုံးချင်း တစ်လုံးချင်း တစ်လုံးပြတ်သားသွားရင် တစ်လုံးရတယ်ဟဲ့။ နှစ်လုံးပြတ်သားသွားရင် နှစ်လုံးရတယ်တဲ့။ ဒီလိုမှတ်၊ အဲဒါမှ တရားရတယ် ခေါ်တယ်။ ဒီလိုမှ အသိဉာဏ်လေးတွေ မဆိုက်ဘူး။ အသိဉာဏ်လေးတွေ မရဘူးဆိုရင် ဘာပဲလုပ်လုပ်၊ ဘယ်လောက်ပဲ အပင်အပန်း အနွမ်းအနယ်ခံခံ ဘယ်တော့မှ တရားမရနိုင်ဘူး။ ဒါကြောင့် ဒီအဝိဇ္ဇာဓာတ်ကြီးက ဘယ်လောက်ကြောက်မက်ဖွယ် ကောင်းတယ် ဆိုတဲ့ သဘောအဓိပ္ပါယ်လဲ ရှင်းလင်းပြတယ်။ ပါဠိလိုက "အဝိဇ္ဇာ"၊ ဗမာလို ပြန်တော့ "ဘာမှ မသိတတ်"။ "န ဝိဇာနာတီတိ အဝိဇ္ဇာ"။ န ဝိဇာနာတိ၊ ဘာမှ မသိတတ်။ ဣတိ တသ္မာ၊ ထိုသို့ မသိတတ်သော သတ္တိကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အဝိဇ္ဇာဆိုတာ ဘာမှ မသိဘူးတဲ့။

ဒါကြောင့် သူ့လက္ခဏာ ရသ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်လို့ ဌာန်လေးပါးနဲ့ ခွဲပြန်တော့လည်း "အညာဏလက္ခဏာ အဝိဇ္ဇာ"လို့ အဝိဇ္ဇာ မှတ်ကြောင်းလက္ခဏာ အညာဏလက္ခဏာလို့ ဒီလို ဆိုထားတယ်။ **အညာဏလက္ခဏာ** ဆိုတာ မသိသောလက္ခဏာရှိ။ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က အဝိဇ္ဇာဓာတ်ဆိုတာ ကိုင်လို့လည်း မရ၊ အတုံးအလုံး အခဲလည်း မဟုတ်၊ အကောင်အထည်လည်း မဟုတ်၊ အဖြူ အပြာအဝါလည်း မဟုတ်၊ အဝိဇ္ဇာဓာတ် အမှတ်ရ ခက်လှ ချည်ရဲ့လို့ ဒီလိုဆိုခဲ့သော် အဝိဇ္ဇာ ပိုင်ပိုင်နိုင်နိုင် သိချင်လို့ရှိရင် မှတ်စရာလေး ငါပေးမယ်။ မှတ်စရာ လက္ခဏာမှတ်ကြောင်း လက္ခဏာလေး ငါပေးမယ်။ ပေးတာလေး မှတ်ထား။ အဝိဇ္ဇာသိချင်ရင် မသိတာ မှတ်ထားလို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာသိချင်ရင်တော့ ဘာမှတ်ထားရမလဲ (မသိတာ မှတ်ထားရပါမယ်ဆရာ)။

မသိတာလေးတွေ့ရင် ဘာခေါ်မယ် (အဝိဇ္ဇာခေါ်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ မလွယ်ဘူး လား (လွယ်ပါတယ်ဆရာ)၊ ဒါကြောင့် လက္ခဏာလို့ ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သူ့ရဲ့ကိစ္စ

http://www.dhammadownload.com

ရသကြတော့ "**သမ္ဘောဟနရသာ**" လို့ တွေဝေခြင်း ဖုံးလွှမ်းခြင်း ကိစ္စရသရှိတယ်၊ တွေဝေတတ်တဲ့ သဘော၊ ဒါသူ့ရဲ့ကိစ္စပဲ၊ သူ့ရဲ့ရသပဲလို့။ ပစ္စုပဋ္ဌာန်ကြတော့ "**ဆာဒနပစ္စုပဋ္ဌာနာ**"-ဖုံးလွှမ်းခြင်းလျှင် အကြောင်းရင်းရှိ ဖုံလွှမ်းတတ်တဲ့။ "**အာသဝပဒဋ္ဌာနာ**"-အာသဝေါတရားလျှင် နီးစွာသော အကြောင်း အရင်းရှိတယ်။ သူဖြစ်တာ သူနဲ့အနီးစပ်ဆုံး အာသဝေါတဲ့ ဆိုလိုတာက အာသဝေါကြောင့် ဖြစ်တယ်။ အာသဝကြောင့် ဖြစ်တယ် ဒီလို ဆိုလိုတယ်။

ဒါကြောင့် သူ့လက္ခဏာရော ရသရော ကိစ္စရော ပစ္စုပဋ္ဌာန်ရော ပဒဋ္ဌာန်ရော ဆိုသလို လျှောက်ကြည့်တော့ တစ်ခုမှ အကောင်းမပါဘူး။ ဒါကြောင့် သူ့မှတ်ကြောင်း လက္ခဏာလေးကိုက အဝိဇ္ဇာ သိချင်လို့ရှိရင် လွယ်လွယ်နဲ့သိအောင် မှတ်ထား။ မသိတာမှန်ရင် အဝိဇ္ဇာ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ မသိတာမှန်ရင် အဝိဇ္ဇာလို့၊ ပြီးတော့မှ ဘာတွေ မသိသလဲဆိုတော့ မသိပုံ မသိနည်းတွေ ခွဲပြ။ အဲဒီ သူ့ရဲ့တရားကိုယ် တရားသား ဘာရသလဲဆိုတော့ **မောဟစေတသိက်** ရတယ်တဲ့။ မောဟစေတသိက်ရဲ့ သဘောကိုက တွေဝေဖုံးလွှမ်းတတ်တဲ့ သတ္တိရှိတယ်။ မသိအောင် တွေဝေထားတယ်၊ ဖုံးလွှမ်းထားတယ် ခေါ်တယ်။ ဘာတွေ မသိတာတုံး၊ အမှန်ကို မသိအောင်, အမှန်မသိအောင် ဖုံးကွယ်ထားတော့ အဝိဇ္ဇာရှိနေတဲ့ လူစားဟာ မှန်တာသိပ့ါမလား (မသိနိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ မသိတော့ဘူး ဆိုတာ မှတ်ထား။ ဒါ သူ့ရဲ့သတ္တိ။ ပြီးတော့မှ အဆင့်ဆင့် သူ့ရဲ့ သတ္တိနဲ့ ဖုံးကွယ်ထားလို့ လုံးလုံးကြီး ဟုတ်တာ မှန်တာ မမြင်ကြဘဲ အမှောက်မှောက်အမှားမှား အလွဲလွဲအချော်ချော်နဲ့ သံသရာထဲမှာ တဝဲလည်လည်နဲ့ နေကြထိုင်ကြရတဲ့ သဘာဝတွေ ပုဂ္ဂိုလ်အနေအစားအားဖြင့် ခွဲခြားပြီးပြလို့ တမြန်နေ့က ပြထားတဲ့အတိုင်း လူလူချင်း အတူတူပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသမျှ ပုထုဇဉ်ချင်း အတူတူပဲ။ ဒါပေမယ့် ပုထုဇဉ်ချင်း အတူတူလို့ ပုထုဇဉ်သာ တူတယ်၊ တန်းချင်းက မတူကြဘူးနော် (မှန်ပါတယ်ဆရာ)။

တန်းချင်းမတူကြလို့ ဒီပုထုဇဉ်ချင်း အတူတူမှာ တန်းချင်းခွဲထားတာ။ ဗာလအန္ဓပုထုဇဉ်တဲ့၊ အန္ဓပုထုဇဉ်တဲ့၊ ကလျာဏပုထုဇဉ်တဲ့၊ စူဠသောတာပန် ပုထုဇဉ်တဲ့၊ လေးမျိုးလေးစား ထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ အဲဒီလေးမျိုးလေးစားနဲ့ ထိုအဝိဇ္ဇာဓာတ်ကြီးက ပြထားတဲ့ သတ္တိလေးချက် ဝိကပ်လေးချက် တစ်ဆင့်ချင်း တစ်ဆင့်ချင်း တက်တက် တက်တက်သွား။ ပထမ တစ်ချက်ကတော့ အန္ဓဗာလအဖြစ် ရောက်နေတာ။ ဘာကြောင့်လဲဆို အဝိဇ္ဇာဓာတ်က ဖုံးကွယ်ထားလို့တဲ့။ ဘယ်နဲ့ လုပ်ဖုံးကွယ်ထားလဲ၊ ဒီပုထုဇဉ်တစ်ယောက် အဝိန္ဒိယခေါ်ထားတဲ့ ကာယဒုစရိုက် အစရှိသော ဒုရာဇီဝတရားတွေ ဒီတရားတွေ အဝိန္ဒိယတရား ခေါ်တယ်။ ဖြည့်ခြင်းငှာ မစွမ်းကောင်းသော တရား ခေါ်တယ်။ အဲဒီ အဝိန္ဒိယခေါ်ထားသော ကာယဒုစရိုက် အစရှိတဲ့ ဒုစရိုက်ဆယ်ပါး ဒုရာဇီဝ ခုနစ်ပါး

http://www.dhammadownload.com

ထိုတရားတွေကိုတဲ့ အဝိဇ္ဇာခေတ်က လှည့်ပတ်ထား။ ဒီကာယဒုစရိုက် အစရှိတဲ့ ဒုစရိုက် ဒုရာဇီဝ ဆိုတဲ့ တရားတွေဟာ အဝိန္ဒိယ တရားတွေ မလုပ်ကောင်းဘူး၊ မကျင့်ကောင်းဘူး၊ မကြံကောင်းဘူး အားမထုတ်ကောင်းဘူး။ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားအစရှိသော အရိယာပေါင်း သူတော်ကောင်းတွေက ပညတ်တော်မူတယ်၊ ဟောတော်မူတယ်။

ဒါပေမယ့် ဒီအဝိဇ္ဇာခေတ်ကြီး လှည့်ပတ်ဖြားယောင်းထားတော့ ဒီပုဂ္ဂိုလ် ဘယ်နှဲ့ဖြစ်နေလဲဆို တော့ ၎င်းအဝိန္ဒိယခေါ်ထားသော ဒုစရိုက် ဒုရာဇီဝဆိုတဲ့ တရားတွေကိုမှ ကျင့်ကောင်း ကြံကောင်း အားထုတ်ကောင်းတယ်လို့ ဒီလိုမှတ်မနေဘူးလား (မှတ်နေပါတယ်ဆရာ)၊ မှတ်နေတယ်၊ မှတ်နေ တယ်။ မှတ်နေလို့ပဲ အင်တိုက်အားတိုက် ကျင့်နေကြတယ်။ ဒါ ဒုစရိုက်ကို သုစရိုက်မှတ်၍ ကျင့်ခြင်း။ ဒီအကျင့်မှ အကျင့်ကောင်းကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါပဲလား ဆိုတော့ မဟုတ်သေးဘူးတဲ့။ ဒီပုဂ္ဂိုလ်အပေါ် လှည့်ပတ်ထားတာ။ ဝိန္ဒိယခေါ်သော ကာယသုစရိုက် အစရှိတဲ့ တရားစုတွေကိုတဲ့။ အဲဒီ ဝိန္ဒိယခေါ်တဲ့ ကာယသုစရိုက် အစရှိတဲ့ တရားကတော့ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူထားတဲ့ ဘုရားအစရှိသော အရိယာပေါင်း သူတော်ကောင်းတွေက ကျင့်ကောင်းတယ်ဟဲ့၊ ကြံကောင်းတယ်ဟဲ့၊ ပွားများအားထုတ် ပြုလုပ်ကောင်းတယ်ဟဲ့ ဒီလိုဟောကြား။ ဒါပေမယ့် အဝိဇ္ဇာခေတ်က လှည့်ပတ် ဖြားယောင်းထားတော့ ဒီပုဂ္ဂိုလ်အနေ ဘယ်နှဲ့ဖြစ်လဲဆိုတော့ ၎င်းကာယသုစရိုက် အစရှိသော တရား တွေကိုတဲ့။ မကျင့်ကောင်း မကြံကောင်း မပြုလုပ်ကောင်း ဟူ၍ ယူဆမှတ်ထင်နေတယ်တဲ့။ ဟုတ် ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဘယ်ပုဂ္ဂိုလ်တုံး (အန္ဓဗာလပုဂ္ဂိုလ်ပါဆရာ)၊ အန္ဓဗာလပုဂ္ဂိုလ် မှတ် ထားနော်။ လူလူချင်း မတူဘူး။ တိုင်းတိုင်းကြည့်ကြ။ အသိဉာဏ်ချင်း ကွာကြတယ်။ အယူအဆချင်း ကွာကြတယ်၊ နားလည်မှုချင်း ကွာကြတယ်၊ အလိမ္မာချင်း ကွာကြတယ် ဆိုတာ အဲဒါ ခေါ်တယ်။

လောကီအနေအားဖြင့် လိမ္မာတာ ပါးရည်နပ်ရည်ရှိတာ။ သူတစ်ပါးထက် လူရည်ချွန်တာ ဒါတွေ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မမူပါဘူး။ ဒါသူတော်ကောင်းချီးမွမ်းတဲ့ ကိစ္စမဟုတ် ပါဘူး။ အမှန်က လောကုတ္တရာအကြောင်းအနေအားဖြင့် အခုလို သဘာဝလေးတွေ ဆိုက်ဆိုက်၊ ဆိုက်ဆိုက် ပြီးတော့ ကျကျနန ပြတ်ပြတ်သားသား အသိဉာဏ်လေးတွေ တစ်ဦးထက်တစ်ဦး သာတာမှ ဒါမှ ထူးတယ် မြတ်တယ် လိမ္မာတယ် ယဉ်ကျေးတယ် ခေါ်တယ်။ ပညာရှိတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ခုအန္ဓဗာလ ခေါ်ထားတဲ့ ပုထုဇဉ်များ သာသနာပြင်ပ ဖြစ်ချင်တိုင်း ဖြစ်နေကြ။ သာသနာ့ပြင်ပ ဖြစ်နေအုံး အဝိန္ဒိယခေါ်ထားသော ကာယဒုစရိုက်အစရှိတဲ့ ဒုစရိုက်တရား တွေကို စေတနာ သာသာထိုးထိုးနဲ့ ကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်တဲ့။ ဘာပြုလို့တုံး၊ ဒီလို လုပ်နိုင်မှ ကောင်းကျိုးချမ်းသာ ရမယ်လို့ ယူဆတယ်တဲ့။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊

http://www.dhammadownload.com

အင်မတန် ကြောက်စရာကောင်း၊ တကယ် ဝိန္ဒိယခေါ်ထားသော ကျင့်ကောင်း ကြံကောင်း ပွားများအားထုတ်ကောင်းတဲ့ သူတော်ကောင်းအလုပ် တည်းဟူသော ကုသိုလ်ကမ္မပထတရား ဆယ်ပါးကျတော့ ရှောင်ကြ ရှားကြတယ်တဲ့။ ဘာပြုလို့ အပြစ်ရှိမှာစိုးလို့တဲ့။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ဒါ ဘယ်သူလှည့်ပတ်တာတုံး၊ (အဝိဇ္ဇာပါဆရာ)၊ အေး-အဝိဇ္ဇာခတ် လှည့်ပတ်တာနော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူ့ ဘယ်သူမှ အပြစ်တင်စရာ မရှိဘူး။

အော်-အဝိဇ္ဇာခတ်ကြီးက ဒီကစ၊ သတ္တဝါမှန်မှန်သမျှ မသိအောင် လုံးလုံးကြီး ဖုံးကွယ်တားဆီးထားပါလားဆိုတဲ့ သဘောလေးတွေ မှတ်ထား အဝိဇ္ဇာနော်။ အင်မတန် ကြောက်စရာကောင်းတယ်။ သူ့နယ်ကလည်း ကျယ်ကကျယ်ဝန်းပါဘိ။ လေးမဂ် လေးဖိုလ်ရလို့ အရဟတ္တမဂ်ရမှ အရဟတ္တမဂ်နဲ့ ဖြတ်မှ ဒင်းက လက်စသတ်တာ၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါပေမယ့် တစ်ဆင့်ထက်တစ်ဆင့် ဆိုသလို သံသရာနစ်မွန်းစေတတ်တဲ့ အောက်ထစ်ဆုံးအနေအားဖြင့် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာတွေ တစ်လုံးချင်း တစ်လုံးချင်း ချုပ်သွားရင် သက်သာရရတယ် ခေါ်တယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ တစ်လုံးချုပ်သွားရင် ချုပ်သလောက် သက်သာလာလိမ့်မယ်။ တစ်လုံး ချုပ်သွားရင် ချုပ်သလောက် သက်သာလာလိမ့်မယ်။ ဒီတော့ ကိုယ်ချင်းလည်းစာကြည့်။ မိမိတို့ကိုယ်တိုင်အားဖြင့် အဝိဇ္ဇာခတ်သည် ဘယ်စခန်းကစပြီးတော့ တစ်စတစ်စနဲ့ ငါတို့ ချုပ်ခဲ့သလဲလို့။

ဒါဖြင့် ခုအန္ဓဗာလ ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာခတ်ကြီးပေါ် အဝိဇ္ဇာခတ်ကြီး သေချာကြည့်စမ်း။ အဝိန္ဒိယခေါ်ထားတဲ့ ဒုစရိုက် ဒုရာဇီဝ တရားတွေ ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်ကြ၏။ သာသာထိုးထိုး ဝိန္ဒိယခေါ်ထားတဲ့ သုစရိုက်တရားတွေ ရှောင်ကြရှားကြ၏။ အန္ဓဗာလ ပုထုဇဉ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါတွေကျ ဘယ်နဲ့ဖြစ်။ ကမ္ဘာလောကကြီးနဲ့ ချီပြီးကြည့်။ ကုဋေပေါင်းများစွာဖြင့် ကမ္ဘာသတ္တဝါ ဒါလူ့လောကတွင် ချပြတာ။ နတ်လောကလည်း ဒီအတိုင်း၊ ဗြဟ္မာ့လောကလည်း ဒီအတိုင်းပါပဲ။ အန္ဓတွေ များကြပါတယ်။

ဒီတော့ ဒီသတ္တဝါတွေ သေချာကြည့်လိုက်တော့ လက်စသတ်တော့ ခုပြောင်းပြန်ဖြစ်နေတဲ့ တရားနှစ်ပါးမှာ ကမ္ဘာသူ ကမ္ဘာသားတွေနဲ့ သေသေချာချာကြည့်လိုက်ရင် အဝိန္ဒိယခေါ်ထားသော မသူတော်တို့ ကျင့်ကြံပွားများအားထုတ်တဲ့ အလုပ်တွေ လုပ်ကောင်းတယ်၊ ကျင့်ကောင်းတယ် ဟူသော အနေအားဖြင့် ကျင့်ခြင်း၊ ဝိန္ဒိယ ခေါ်ထားတဲ့ သုစရိုက် အစရှိသော တရားတွေ ရှောင်ရှားခြင်းဆိုတဲ့ ပုဂ္ဂိုလ်စား ဘယ်လောက်များလဲဆိုရင် ကမ္ဘာနဲ့အမျှနော် (မှန်ပါတယ်ဆရာ)၊ တို့ ဗုဒ္ဓဘာသာ နိုင်ငံလေးသာလျှင် "ဘုရား တရား သံဃာ" ဆိုတဲ့ ရတနာမြတ်သုံးပါး အယူယူထားလို့ ကံ၊ ကံ၏အကျိုး

http://www.dhammadownload.com

ယုံကြည်တဲ့ လူမျိုးမို့လို့ ဒီနံပါတ်တစ်ဆိုတဲ့ အန္ဓဗာလ ပုထုဇဉ်က လွတ်ကြတယ်လို့ လွတ်ဘူးလား (လွတ်ပါတယ်ဆရာ)၊ အေး- "ကံ, ကံ၏အကျိုး ယုံကြည်တယ်"ဆိုတဲ့ ကမ္မဿကတသမ္မာဒိဋ္ဌိဉာဏ် ရထားတဲ့။ တို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေကြတော့ တစ်နံပါတ်ခေါ်ထားတဲ့ အန္ဓဗာလပုထုဇဉ် အဖြစ်ရောက်အောင် အဝိဇ္ဇာက နှောင့်ယှက်နိုင်သေးလားဟ (မနှောင့်ယှက်နိုင်ပါဘူးဆရာ)၊ လွတ်သွားပြီးပေါ့ (လွတ်ပါတယ်ဆရာ)၊ ဒီအဝိဇ္ဇာက မတတ်နိုင်ဘူး လက်မြှောက်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် သိပ်ဝမ်းမြောက်မနေနဲ့အုံး။ ဒီဘဝတော့ဖြင့် တစ်နံပါတ် လက်နက်ကောင်းနဲ့ အဝိဇ္ဇာ ဖျောင်းဖျတတ်တဲ့ သဘာဝက တို့ကျွတ်ရ လွတ်ရပေပေါ့လို့ တထစ်ချ မှတ်မထားနဲ့။ ဒီဘဝ လွတ်ပါရဲ့ နောက်ဘဝ ပြန်စွပ်ချင်စွပ်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိနိပါတဘေးကိုကွ။

ဒါကြောင့် သေသေချာချာကြည့် နှစ်နံပါတ်တစ်ခါတက်လာပြန်တော့ အဝိဇ္ဇာဓာတ်ကြီးက ဘယ်လို လှည့်ပတ်ထားသလဲလို့ နှစ်နံပါတ်တတ်လာတော့ ကံ, ကံ၏အကျိုး ယုံကြည်ကြတဲ့ တို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ မကောင်းတဲ့ အကုသိုလ်ကံတွေ လုပ်ရင် မကောင်းသော အကျိုးတွေ ပေးလိမ့်မယ်။ ကောင်းတဲ့ကုသိုလ်ကံ လုပ်ရင် ကောင်းသောအကျိုးတွေ ပေးလိမ့်မယ်၊ ယုံကြည်မှု မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီလို ပုဂ္ဂိုလ်တွေကြတော့ အဝိဇ္ဇာက လက်မလျှော့ဘူး။ တထစ် တော့ လွတ်သွားပြီ။ ဒါပေမယ့် နောက်တထစ်ဆက်ပြီးတော့ လှည့်ပတ်မယ်ဟဲ့ဆိုပြီးတော့ လှည့်ပတ် ထားတယ်။ ကံ, ကံ၏အကျိုး မယုံကြည်ကြနဲ့လို့ ပြောလို့တောင် ငါယုံမှာ မဟုတ်ဘူးတဲ့။ သူတို့ ကတော့ သူတော်ကောင်းမှီဝဲဆည်းကပ်လို့ သူတော်ကောင်းတရား နာကြားလို့ ကံ, ကံ၏အကျိုး ယုံကြည်သွားပြီတဲ့။

နောက်တစ်နည်း အဝိဇ္ဇာဝိဂြိုဟ်အဓိပ္ပာယ်

ပထမလက်နက်နဲ့ ငါလှည့်ပတ်လို့ ရတော့မှာ မဟုတ်ဘူးတဲ့၊ အဝိဇ္ဇာဓာတ်က လက်လျှော့၊ ဒါပေမဲ့ ဒုတိယလက်နက်နဲ့ ငါဖုံးကွယ်လေမှပဲ ဖုံးလွှမ်းလေမှပဲလို့ ဒုတိယလက်နက်နဲ့ ဖုံးလွှမ်းတယ်။ ဘယ့်နဲ့ ဒုတိယလက်နက်က "အဝိဇ္ဇမာနေ ဇဝါပေတီတိ အဝိဇ္ဇာ"။ အဝိဇ္ဇမာနေ-တကယ်လည်း မရှိ အဟုတ်လည်း မရှိ လုံးလုံးဘာမှ မရှိသော ပညတ်တရားတို့ကို။ ဇဝါပေတိ၊ ဟုတ်တယ် ရှိတယ် မှန်တယ် ဟူ၍ ယူဆခြင်းကို ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏"။ ဟောဒီ ကံ, ကံ၏အကျိုး ယုံကြည်ကြတဲ့ တို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေကြတော့ ဘာနဲ့ လှည့်ပတ် သလဲလို့ ပညတ်နဲ့ပရမတ်နဲ့နော် (မှန်ပါတယ်ဆရာ)၊ မရှိသော လုံးလုံးမရှိသော ငါ သူတစ်ပါး ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နတ် ဗြဟ္မာ ခွေး ဝက် ကြက် ငှက် တိုး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ သမ္မုတိပညတ်ကြီး။

http://www.dhammadownload.com

အဲဒီ ပညတ်တရားကြီးကို တကယ်ရှိတယ်၊ တကယ်ဟုတ်တယ်၊ တကယ်မှန်တယ်လို့ ယူဆအောင် အဝိဇ္ဇာဓာတ်က ဖုံးကွယ်ပေးထားတယ်တဲ့။ ဖုံးကွယ်ပေးထားတဲ့ အတိုင်းလည်းပဲ၊ တို့ ကံ, ကံ၏ အကျိုးယုံကြည်တယ်ဆိုတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ တစ်ရာမှာ ကိုးဆယ့်ကိုးယောက် မယုံကြည်ဘူးလား (ယုံကြည်ပါတယ်ဆရာ)၊ ယုံကြည်နေကြတယ်။ အင်မတန် ကြောက်စရာကောင်း။ ဒါပဲလားဆိုတော့ မဟုတ်သေးဘူးတဲ့။ နှစ်နံပါတ်အဆင့် "ဝိဇ္ဇမာနေ န ဇဝါပေတီတိ အဝိဇ္ဇာ"-ပြောင်းပြန် ပြန်လိုက်၊ ဝိဇ္ဇမာနေ-တကယ်ရှိ အဟုတ်ရှိ ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားတို့ကို န ဇဝါပေတိ၊ မရှိဘူး မဟုတ်ဘူး မမှန်ဘူးဟူ၍ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏တဲ့။

ဒုတိယ တစ်ပတ်ထပ်ပြီးတော့ အမှောင်ချလိုက်တယ်။ ဘယ့်နဲ့လုပ် တကယ်ရှိ အဟုတ်ရှိ ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားကိုတော့ မရှိဘူးလို့ယူတော့ မယူဘူးလား (ယူပါတယ်ဆရာ)၊ ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့ တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ တစ်ရာမှာ ကိုးဆယ့်ကိုး လက်ညှိုးထိုးလို့ မလွဲဘူးနော် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝတည်းဟူသော အယူဝါဒနဲ့ နေလိုက်ကြတာလို့ မေ့မေ့လျော့လျော့ သေသေချာချာကြည့်။

အေး-ဒါကြောင့် ဒါ အဝိဇ္ဇာဓာတ် လှည့်ပတ်ထားတဲ့ သဘာဝလေး၊ အဲဒီ ဒုတိယလက်နက် ဖုံးကွယ်ထားတယ်ဆိုတဲ့ သဘာဝကို နင်လား ငါလားနဲ့ အင်တိုက် အားတိုက် ကြိုးစားလို့ အဝိဇ္ဇာ လက်တွင်းက လွတ်ကင်းအောင် ရုန်းပါ့မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကြတော့ ဘယ်နဲ့ဖြစ်။ ဒါက မရှိတဲ့ ပညတ်တရားတွေပဲ။ ငါ သူ တစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နတ် လူ ဗြဟ္မာ အသက်လိပ်ပြာ ခွေး ဝက် ကြက် ငှက် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ် ပါးစပ်ဖျား သမုတ်ထားတဲ့ သမ္မုတိသစ္စာတွေပဲ တကယ်တော့ မရှိဘူး။ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်သာ ထင်ရှားရှိ၊ သူတော်ကောင်း မှီဝဲဆည်းကပ်ပြီး ကြိုးစားပွားများ အားထုတ်အလုပ်လုပ်တော့ ဒီအသိဉာဏ် နှစ်ပါးပိုင်သွား။ ပိုင်မသွားဘူးလား (ပိုင်သွားပါတယ်ဆရာ)၊ ပိုင်သွားတော့ အဝိဇ္ဇာတတ်နိုင်သေးလား (မတတ်နိုင်တော့ပါဘူးဆရာ)၊ အဝိဇ္ဇာမတတ်နိုင် အဝိဇ္ဇာလက်မြှောက်ပြန်၊ တထစ် လက်မြှောက်တော့ ဒီပုဂ္ဂိုလ်မျိုးကျတော့ ဘာဖြစ်သွားသလဲဆိုတော့ ကလျာဏပုထုဇဉ် ဖြစ်သွားပြီ။ ဖြစ်ဘူးလား (ဖြစ်သွားပါပြီဆရာ)၊ ကလျာဏပုထုဇဉ်အဖြစ် ရောက်သွားပေမယ့် အဝိဇ္ဇာက လက်မလျော့သေးဘူး။ ဘာလက်နက်နဲ့၊ တစ်ခါ ဖုံးကွယ်ထားပြန်လဲဆိုတော့ ထိုရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားသည် ထင်ရှားရှိမှန်းတော့သိ။ ၎င်းသတ္တဝါသည် ထိုရုပ်တရား နာမ်တရား နှစ်ပါး ခန္ဓာငါးပါးတို့ ဖြစ်လာသော အကြောင်းအရင်းကို မသိအောင် ဖုံးကွယ်ထားပြန်၏။ မထားဘူးလား (ထားပါတယ်ဆရာ)၊

http://www.dhammadownload.com

ဒါကြောင့် ကလျာဏပုထုဇဉ်ဘ၀နဲ့ နေကြ။ ရုပ်လည်း သိတယ်၊ နာမ်လည်း သိတယ်။ ခန္ဓာလည်း သိတယ်။ ဒီအသိနဲ့ပဲနေ။ ဒါလောက်ပဲသိ။ ဒါကလျာဏပုထုဇဉ်လို့ ဒီနေရာတွင် မနေဘူး ကြိုးစား။ ကလျာဏပုထုဇဉ်ဘ၀တွင် ငါမနေဘူးဟ။ သာသနာကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါ ပြမယ့် သမယ့် ဆရာကောင်းတွေ ရှိတုန်း ရုပ်တစ်လုံးတောင် နာမ်တစ်လုံးတောင် ပြတ်သားစေတော့ နားလည်စေတော့ ခန္ဓာ အာယတန ဓာတ် သစ္စာ အဓိပ္ပါယတ္ထ ရှင်းစေ လင်းစေတော့လို့ ငါကြိုးစားမယ်။ အားထုတ်မယ်ဆိုတော့ သင်ကြားနာယူ မှတ်သားတော့ ဘာဖြစ်သလဲဆိုတော့ ထိုရုပ်တရား နာမ်တရား ခန္ဓာငါးပါးတို့ဖြစ်လာသော အကြောင်းရင်းဆိုတဲ့ သဘာ၀တွေ မြင်ရ မြင်ဘူးလား (မြင်ပါတယ်ဆရာ)၊ အဲဒါကြတော့ ဟာ. . စောစောတုန်းကတော့ လူဖြစ်လာတာ ဘာကြောင့်ဖြစ်တယ်၊ ညာကြောင့် ဖြစ်တယ်၊ ခွေးတွေ ၀က်တွေ ဖြစ်လာတာ ဘာကြောင့်ဖြစ်တယ်၊ ညာကြောင့်ဖြစ်တယ်။ ကြောင့်တွေ အမျိုးမျိုးနဲ့ ငါတစ်သံသရာလုံးက ယူလာတာ။ ခုတော့ ဖြုစင်သွားပြီတဲ့။ ငါ့အယူ၀ါဒ ဘာကြောင့် ညာကြောင့်မှ မဟုတ်ဘူးတဲ့။ အမှန်က **"အ၀ိဇ္ဇာ တဏှာ ကံ"**ဆိုတဲ့ အတိတ်အကြောင်း တရားသုံးပါး စီမံဖန်တီးလို့ဖြစ်တဲ့ အကျိုးတရားတွေပဲလို့ မျက်၀ါးထင်ထင် ဉာဏ်မှာ မြင်လိုက်တော့ စူဋသောတာပန်အဖြစ် ရောက်ကရော့တဲ့နော် (မှန်ပါတယ်ဆရာ)၊ အ၀ိဇ္ဇာတတ်နိုင်သေးလား (မတတ်နိုင်တော့ပါဘူးဆရာ)။

အဲဒါ မိမိတို့ကိုယ်တိုင်အားဖြင့် စဉ်းစားကြည့်စမ်း။ အ၀ိဇ္ဇာလက်တွင်းက ဘယ်နှစ်ချက် လွတ်ကင်းလာသလဲလို့။ နံပါတ်တစ် အန္ဓဗာလတည်းဟူသော အဖြစ်မှ လွတ်ပြီ။ မလွတ်ဘူးလား (လွတ်ပါတယ်ဆရာ)၊ သင်တန်းရဲ့ကျေးဇူးတွေ မှတ်ထားနော်။ အဖြစ်မှ လွတ်ပြီဆိုတာ အခိုက်အတန့် လွတ်တာမဟုတ်ဘူး။ သင်တန်းသူ သင်တန်းသားသည် ကံ, ကံ၏အကျိုးကိုမှ မယုံကြည်နိုင်တော့ဘူး ဆိုတဲ့ ဘ၀မျိုးတွေ ပြန်ရောက်အုံးမှာလားဟ (မရောက်နိုင်တော့ပါဘူးဆရာ)၊ ရောက်လား (မရောက် နိုင်ပါဘူးဆရာ)၊ ဘယ်နဲ့နည်းမှ ရောက်မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့်ရင် အ၀ိဇ္ဇာနံပါတ်တစ်တော့ လက်လွတ်လိုက်ပြီပေါ့ (လက်လွတ်သွားပါပြီဆရာ)၊ အ၀ိဇ္ဇာ လက်တွင်းက တို့လွတ်ကင်းခဲ့ပေပေါ့။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ၀မ်းသာစရာ မကောင်းဘူး လား (ကောင်းပါတယ်ဆရာ)၊ နံပါတ်နှစ် ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့ ကလျာဏပုထုဇဉ် တွင်မက ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါး၀ ပြတ်ပြတ်သားသား နားလည်တဲ့ အန္ဓပုထုဇဉ်အဖြစ် ရောက်ပြန် ပေါ့။ အန္ဓပုထုဇဉ်ဆိုတာ ကံ, ကံ၏အကျိုး ယုံကြည်တဲ့ သဘောပေါ့နော် (မှန်ပါတယ်ဆရာ)၊ အန္ဓ ဗာလ အန္ဓပုထုဇဉ်ဘ၀က လုံးလုံးကြီး ကွင်းလုံးကျွတ် လွတ်ကင်းလို့ ကံ, ကံ၏အကျိုး ယုံကြည်ကြတယ်

http://www.dhammadownload.com

ဆိုတဲ့ တို့ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ မှန်မှန်သမ္မာ သေသေချာချာ ပြန်ကြည့်စမ်း။ အန္ဓဗာလနဲ့ တူသေးလား (မတူတော့ပါဘူးဆရာ)၊ အန္ဓပုထုဇဉ်အဖြစ် ရောက်သွားနော် (မှန်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်အဖြစ် ရောက်လာပြီး ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့အဖြစ်မျိုး ရောက်ဆိုကတည်းက အဝိဇ္ဇာလက်တွင်းက တစ်ချက်လွတ်ကင်းလာပြီ။ ဒီလို မှတ်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့်ရင် ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့ တို့အန္ဓပုထုဇဉ်ဘဝမှာ နေကြရင်းက နေပြီးတော့ တစ်ဆင့်ကြိုးစားတော့ ကလျာဏပုထုဇဉ် ဘဝရောက်ပြန်ရော့တဲ့။ ကလျာဏပုထုဇဉ် ဘဝရောက်လို့ ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါးဝ ပြတ်သားနားလည်တယ် ဆိုရင်ပဲ ကလျာဏပုထုဇဉ် အခေါ်ခံရတယ်ဆိုရင်ပဲ အန္ဓပုထုဇဉ်ဘဝကနေ မလွတ်ကင်းဘူးလား (လွတ်ကင်းပါတယ်ဆရာ)၊ တစ်ချက်လွတ်လာပြန်ပြီ။ ခုတော့ ကလျာဏပုထုဇဉ် ဖြစ်ပြန်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ကလျာဏပုထုဇဉ် ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါးဝ ပြတ်ပြတ်သားသား နားလည်လို့ ကလျာဏပုထုဇဉ်အဖြစ် ရောက်ရာကနေပြီးတော့ တစ်ဆင့် တစ်မျိုးအားဖြင့် ကြိုးစားတော့ စူဠသောတာပန်အဖြစ် ရောက်ပြန်ရော့။ ရောက်ဘူးလား (ရောက်ပါတယ်ဆရာ)၊ ဒါဖြင့် ကလျာဏပုထုဇဉ်အဖြစ် ဖုံးကွယ်ထားတတ်တဲ့ အဝိဇ္ဇာလက်တွင်း မလွတ်ကင်းဘူးလား (လွတ်ကင်းပါတယ်ဆရာ)၊ အောက်ထစ်ဆုံးအားဖြင့် စူဠသောတာပန် ဖြစ်ရမယ်လို့နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ မိမိကိုယ်ကိုယ် မိမိလွတ်လာတာ ပြန်ကြည့်။ အန္ဓဗာလပုထုဇဉ်အဖြစ်က လွတ်ခြင်း၊ အန္ဓပုထုဇဉ်အဖြစ်က လွတ်ခြင်း၊ ကလျာဏပုထုဇဉ်အဖြစ်က လွတ်ခြင်းနော် (မှန်ပါတယ်ဆရာ)၊ အောက်ထစ်ဆုံး စူဠသောတာပန်ဘဝတော့ ငါရပြီ ရဘူးလား (ရပါတယ်ဆရာ)။

ဒါဖြင့် အဝိဇ္ဇာလက်တွင်းက ဘယ်နှစ်ဆင့် လွတ်ကင်းလာ (သုံးဆင့်ပါဆရာ)၊ ဪ- သုံးဆင့်လွတ်လာနော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဘဝက လွတ်တယ် (အန္ဓဗာလရယ်၊ အန္ဓရယ်၊ ကလျာဏရယ်ပါဆရာ)၊ အေး-ဟုတ်ပြီ။ အန္ဓဗာလရယ်၊ အန္ဓရယ်၊ ကလျာဏရယ် ဒီသုံးချက်က လွတ်လာပြီလား (လွတ်လာပါပြီဆရာ)၊ အဲဒါ ကိုယ့်အတန်း ကိုယ်ပြန်ကြည့်၊ ဟုတ်လား မဟုတ်လားလို့။ ဒါဖြင့်ရင် အခု စူဠသောတာပန် တန်းဆိုက်နေကြတော့ကား ဒီပုဂ္ဂိုလ်စုက ကလျာဏအဖြစ် ပြန်ရောက်အုံးမှာလား (မရောက်နိုင်ပါဘူးဆရာ)၊ အန္ဓအဖြစ် ပြန်ရောက်အုံးမှာလား (မရောက်နိုင်တော့ပါဘူးဆရာ)၊ အန္ဓဗာလပုထုဇဉ်အဖြစ် ပြန်ရောက်အုံးမှာလား (မရောက်နိုင်တော့ပါဘူးဆရာ)၊ မရောက်ကောင်းတော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ တစ်ဆင့်တစ်ဆင့်ပဲ တက်ဖို့ ရှိတော့တယ်။ သံသရာမှာ ဒါ ဥဒ္ဒါဂ်မနည်းခေါ်တယ်။ သို့ကလောက်တောင် ဉာဏ်ပညာကြီးမားလို့ စူဠသောတာပန် ဘဝရောက်ပြီဆိုမှဖြင့် အထက်မှာ မဂ်တွေ တစ်မဂ်ပြီး တစ်မဂ်တက်ဖို့ ရှိတော့တယ်တဲ့။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊

http://www.dhammadownload.com

စူဠသောတာပန်ဘဝရောက်တော့ အဝိဇ္ဇာက လက်မှိုင်ချ။ အန္ဓဗာလဘဝကလည်း လွတ်သွားပြီ။ ငါဖုံးလို့ အုပ်လို့ မရဘူးတဲ့။ ငါလှည့်စားလို့ မရ၊ အန္ဓဘဝကလည်း ငါလှည့်စားလို့ မရ။ ကလျာဏဘဝလည်း လှည့်စားလို့မရ။ စူဠသောတာပန်ဘဝ ရောက်နေကြပေါ့။ ဒါပေမယ့် ငါမလျှော့ဘူးဟ။ မဂ်လေးပါး မမြင်အောင်တော့ ငါဖုံးကွယ်ထားအုံးမယ်၊ သောတာပန်အစစ် မဖြစ်အောင်ပေါ့ကွာ။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မဂ်လေးပါး မမြင်အောင်တော့ ငါဖုံးကွယ်ထားအုံးမယ်တဲ့။

သစ္စာလေးပါး အမှန်မသိအောင် ဖုံးကွယ်တဲ့ အဝိဇ္ဇာလေးချက်

ဒါကြောင့် မဂ်လေးပါး မမြင်အောင် ဖုံးကွယ်ထားတော့ အဝိဇ္ဇာဓာတ်က လေးချက်၊ သစ္စာက လေးပါး၊ သစ္စာလေးပါး မမြင်အောင် ငါဖုံးကွယ်ထားအုံးမယ်ဆိုတော့ အဝိဇ္ဇာက လေးချက်ထွက်လာ။ ဘယ်သူ ဘယ်သူတုံး၊

၁။ ဒုက္ခအညာဏအဝိဇ္ဇာတဲ့။

၂။ ဒုက္ခသမုဒယအညာဏအဝိဇ္ဇာတဲ့။

၃။ ဒုက္ခနိရောဓအညာဏအဝိဇ္ဇာတဲ့။

၄။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အညာဏအဝိဇ္ဇာတဲ့ လေးမျိုးထွက်လာ။

မြန်မာလိုပြန်တော့ သစ္စာလေးပါး တစ်ပါးချင်းတစ်ပါးချင်း ဖုံးထားတာ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဟောထားတဲ့ သစ္စာလေးပါးမှာ -

* ဒုက္ခသစ္စာသည် ပရိညာတဗ္ဗကိစ္စရှိ။
* သမုဒယသစ္စာသည် ပဟာတဗ္ဗကိစ္စရှိ။
* နိရောဓသစ္စာသည် သစ္ဆိကာတဗ္ဗကိစ္စရှိ။
* မဂ္ဂသစ္စာသည် ဘာဝေတဗ္ဗကိစ္စရှိ။

မြန်မာလိုပြန်တော့

* ဒုက္ခသစ္စာသိအောင် လုပ်၊
* သမုဒယသစ္စာပယ်လိုက်၊
* နိရောဓသစ္စာ မျက်မှောက်ပြု၊
* မဂ္ဂသစ္စာပွားများ။

http://www.dhammadownload.com

ဘုရားကိုယ်တော်မြတ်က ဒီလို မှာထားတာ။ ဒါ ဘုရားကိုယ်တော်မြတ်တိုင်း ဒီတိုင်း ဟောတယ် သစ္စာလေးပါး။

ဒါပေမယ့် ဒီအတိုင်း သိသွားလို့ရှိရင်တဲ့ တစ်မင်္ဂ တစ်ဖိုလ်ရသွားမှာတဲ့။ ဒင်းတော့ စူဠသောတာပန်တင် ရှေ့မတတ်နိုင်အောင် သစ္စာလေးပါး ငါဖုံးကွယ်အုံးမှာပဲလို့ အဝိဇ္ဇာခေတ်က ဖုံးကွယ်ထားတော့ စူဠသောတာပန်ဘဝတွင် ရပ်နေကြ။ သစ္စာလေးပါး မမြင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သစ္စာလေးပါး မမြင်တော့ တကယ့်သောတာပန် အစစ်ဖြစ်သေးရဲ့လား (မဖြစ်တော့ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူး။ အဲဒီလို လုပ်ထားတာ၊ တကယ့်သောတာပန် အစစ်ဖြစ်အောင် ကြိုးစားပြန်တော့လည်းပဲ သကဒါဂါမ်မဖြစ်အောင် ဖုံးကွယ်ထားပြန်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သကဒါဂါမ် ဖြစ်သွားပြန်တော့လည်း အနာဂါမ်မဖြစ်အောင် ဖုံးကွယ်ထားတယ်။ အနာဂါမ်ဖြစ်ပြန်တော့လည်း အရဟတ္တမင်္ဂမရအောင် ဖုံးကွယ်ထားတယ်တဲ့။

ဒါကြောင့် သူဖုံးကွယ်တဲ့လက်နက်ကောင်းကြီးတွေ တဖျောင်းဖျောင်းနဲ့ ချိုးဖွဲ့ဖျက်ဆီးပြီးတော့ အတင်းရုန်းကန်ပြီးတော့ ထွက်လာကြတော့ နံပါတ်တစ် အန္ဓဗာလက လွတ်လာပြီ။ နံပါတ်နှစ် အန္ဓက လွတ်လာပြီ။ နံပါတ်သုံး ကလျာဏက လွတ်လာပြီ။ နံပါတ်လေး စူဠသောတာပန် ဘဝရောက်နေပြီနော် (မှန်ပါတယ်ဆရာ)၊ ဒီပဲရှိကြသေး။ ဒါမင်္ဂပေါက်တဲ့ ပုဂ္ဂိုလ်လည်း မင်္ဂဝင်ပြီးသားပေါ့။ မရသေးတဲ့ ပုဂ္ဂိုလ်များလည်း စူဠသောတာပန် သေချာပေါက်ထား အဲသလောက်ဆိုးဝါးတဲ့ အဝိဇ္ဇာခေတ်တဲ့။ ဒါကြောင့်

* ဒုက္ခအညာဏအဝိဇ္ဇာ၊-ဒုက္ခသစ္စာ မသိအောင် အဝိဇ္ဇာ၊

* ဒုက္ခသမုဒယအညာဏအဝိဇ္ဇာ-ဒုက္ခရဲ့ ဖြစ်လာသော အကြောင်းအရင်း မသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာ။

* ဒုက္ခနိရောဓအညာဏအဝိဇ္ဇာ-ဒုက္ခ၏ကုန်ဆုံးရာ နိဗ္ဗာန်ကို မမြင်အောင် ဖုံးထားတဲ့အဝိဇ္ဇာ။

* ဒုက္ခနိရောဓဂါမိနိပဋိပဒါအညာဏအဝိဇ္ဇာ-ဒုက္ခ၏ ကုန်ရာကုန်ကြောင်းကို ကျင့်ကြံပွားများအားထုတ်သော အတတ်ကို မသိအောင် ဖုံးကွယ်ထားသော အဝိဇ္ဇာတဲ့။

လေးမျိုးလေးစား မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အကျဉ်းချုပ်ပြီးပြောတော့ သစ္စာလေးပါး မသိအောင် ဖုံးကွယ်ထားတာ အဝိဇ္ဇာလို့ ဒီလို ခေါ်ရတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့လူစုက ဟာ-စူဠသောတာပန်ဘဝတွင် တို့ရောက်နေပေါ့။ သစ္စာလေးပါး သိအောင်တော့ ထပ်ပြီး ကြိုးစားအုံးမှပဲဆို အဝိဇ္ဇာလက်တွင်းက တစ်ချက်လွတ်ကင်းအုံးမယ်နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ ကြိုးစားနိုင်ရင် ဖြစ်တယ်၊ ကြိုးစားနိုင်ရင် ရတယ်။ ခေတ်ကလည်းရှိထား သာသနာ ငါးထောင်ကုန်သည့်တိုင်အောင် အရိယာခေတ်ရှိတယ်။ ဘယ်တွင်ရပ်သွားတယ်၊ ဘယ်တွင် ကုန်သွားတယ် ဒီလိုမမှတ်နဲ့ အကုန်ရှိ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သာသနာကြီးနဲ့ ကြုံတဲ့ တွေ့တဲ့အခါမှာ သာသနာမကုန်ဆုံးခင်မှာ တစ်မဂ် တစ်ဖိုလ်တော့ ငါရမှဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်လေး ပြင်းပြင်းထားပြီး ကြိုးစားဖြစ်တယ် ဖြစ်ရမယ်။ ဘုရားကိုယ်တော်မြတ်က တိုက်ရိုက်အားဖြင့် ဖြစ်နိုင်တယ်လို့ ဟောသွားတယ်။ ဖြစ်အောင်လုပ်ရင် ဖြစ်မှာပေ့ါ။ မလုပ်ရင် မဖြစ်ဘူးပေ့ါနော် (မှန်ပါတယ်ဆရာ)၊

အေး-ဒါကြောင့် သစ္စာလေးပါး ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဓာတ်ကြီးကို မင်းတို့ ငါတို့ ဘယ်နည်းနဲ့ ဖျက်ဆီးရပ့ါမလဲလို့ နေ့ရှိသ၊ ကြိုးစားပြီး အားထုတ်လို့ ဒီအဝိဇ္ဇာဓာတ် ခုလောက် အရှိန်ကောင်းကောင်းနဲ့ လွင့်လာမှဖြင့် ဒင်းလွင့်ရတော့မယ်။ မခံနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ထုထည်အကြီးမားဆုံးဆိုတာက အောက်နားက အန္ဓဗာလတို့၊ အန္ဓတို့ ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဓာတ်ဟာ ထုထည်အကြီးမားဆုံးပဲလို့။ သူတို့လက်တွင်းက ထွက်လာရင်ပဲ နောက်ပိုင်းက အဝိဇ္ဇာမျိုးတွေ ပါးပါးလွှာလွှာလေး ဖြစ်လာ။ လွယ်လင့်တကူနဲ့ သုတ်သင်ရှင်းလင်းနိုင်တယ်၊ ...က်ဆီးနိုင်တယ်ဆိုတာ မှတ်။ ဘာပြုလို့ စူဠသောတာပန်ဆိုရင် မဂ်နားကပ်နေပေ့ါ၊ စူဠသောတာပန်ပြီးရင် မဟာသောတာပန်ပေ့ါကွာနော် (မှန်ပါတယ်ဆရာ) စူဠသောတာပန်နဲ့ မဟာသောတာပန်များ အကျိုးတူပြထားတာ၊ သူလည်းပဲ သောတာပတ္တိမဂ်ဉာဏ်ရမယ့် သောတာပန်ပဲတဲ့။ ဘုရားကိုယ်တော်မြတ်က မဂ်မသတ်သေးလို့သာ မဟာသောတာပန် မခေါ်တာတဲ့။ စူဠသောတာပန်နဲ့ မဟာသောတာပန်ရဲ့ အကျိုးတူပုံလေးတွေလည်း နောက်နားက တို့တော်တော်ကြီး ရှင်းလင်းပေးခဲ့ပါတယ်။ မဟာသောတာပန်ရတဲ့ အကျိုးအာနိသင်တွေ စူဠသောတာပန်မှာ အကုန်ရ။ မဟာသောတာပန်နဲ့ တစ်တန်းတည်းပြပြီး မြတ်စွာဘုရားကိုယ်တော်မြတ် ဂုဏ်ကျေးဇူးတွေ ထုတ်ဖော်ပြီး ဟောထားတဲ့ ဒေသနာတွေ အများကြီး အင်မတန် အားရှိစရာကောင်း။ ဒါ ဘာပြုလို့လဲတဲ့ စူဠသောတာပန် ဖြစ်နေတယ်ဆိုကတည်းက သူက မဟာသောတာပန်ဖြစ်မယ့်ပုဂ္ဂိုလ်တဲ့ အမှန်နော် (မှန်ပါတယ်ဆရာ) နောက်ပြန် မဆုတ်ကောင်းဘူးတဲ့ မပျက်ကောင်းဘူးတဲ့။

တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပုံ ဥပမာတစ်ဖုံ

ဒါကြောင့် စူဠသောတာပန်နဲ့ မဟာသောတာပန်သည် ဘယ်သူက ပိုပြီးတော့ ကျင့်ကြံပွားများ အားထုတ် အလုပ်လုပ်ရမှာ ရဖို့ ခက်ယဉ်းသလဲ ဆိုရင် စူဠသောတာပန်က ခဲယဉ်းတယ်တဲ့။

http://www.dhammadownload.com

အန္ဓပုထုဇဉ်တစ်ယောက်ကို စူဠသောတာပန်ဖြစ်အောင် ကြိုးစားပါဆိုရင် အတော်ခဲယဉ်းတယ်တဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မဟာသောတာပန်ဆိုတာက လွယ်တယ်တဲ့။ ဘာပြုလို့တုံး၊ မဟာသောတာပန်ဆိုတာ စူဠသောတာပန်ဖြစ်ပြီးမှ ဖြစ်ရတာတဲ့။ လွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ ဥပမာ ဘာနဲ့တူလဲ အိမ်ရှေ့မင်းနဲ့ရှင်ဘုရင်နဲ့ တူတယ်၊ မတူဘူးလား (တူပါတယ်ဆရာ)၊ ရှင်ဘုရင်ဖြစ်ဖို့နဲ့ အိမ်ရှေ့မင်းဖြစ်ဖို့သည် သေချာကြည့်၊ ဘယ်သူက ပိုခဲယဉ်းသလဲဆိုရင် အိမ်ရှေ့မင်းဖြစ်ဖို့က ခဲယဉ်း၏။ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ) ရှင်ဘုရင်ဖြစ်ဖို့က လွယ်၏။ ဘာဖြစ်လို့တုံး၊ ရှင်ဘုရင် ဆိုတာ အိမ်ရှေ့မင်းဖြစ်ပြီး ဖြစ်တာပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အိမ်ရှေ့ မင်းဖြစ်ဖို့က ပိုခဲယဉ်းမနေဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ ဒီအတိုင်းပဲ အိမ်ရှေ့မင်းဖြစ်ပြီဆိုမှဖြင့် ရှင်ဘုရင်ဖြစ်ရတာမှာ အမှန်ပဲ မလွဲတော့ဘူးတဲ့။ ကြိုးစားစရာ မလိုဘူး၊ အားထုတ်စရာ မလိုဘူး။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အိမ်ရှေ့မင်းဖြစ်ပြီးမှဖြင့် ရှင်ဘုရင်လုပ်ဖို့ ကြိုးစားစရာ လိုသေးလား (မလိုတော့ပါဘူးဆရာ)၊ မလိုဘူး၊ အချိန်ကျ ဖြစ်မှာပဲ လွယ်လင့်တကူ။

ဒါဖြင့် အိမ်ရှေ့မင်းနဲ့ ရှင်ဘုရင်သည် ဘယ်သူကပို၍ ခဲယဉ်းသလဲ။ အိမ်ရှေ့မင်းဖြစ်ဖို့က ပို၍ ခဲယဉ်း၏၊ ခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ အေး-ခုလည်း အတူတူပဲ။ စူဠသောတာပန်နဲ့ မဟာသောတာပန် စူဠသောတာပန်ဖြစ်ဖို့က ခဲယဉ်းတယ်တဲ့။ မဟာသောတာပန်ဖြစ်ဖို့က မခဲယဉ်း။ ဘာပြုလို့ မဟာသောတာပန်ဆိုတာ စူဠသောတာပန်ဖြစ်ပြီး ဖြစ်သွားတဲ့ တရားပဲတဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် စူဠသောတာပန်ဘဝပင် ရသော်လည်းပဲ အင်မတန် ဝမ်းသာစရာ ကောင်းတာ ဥဒ္ဒဂ်မနည်းအားဖြင့် အထက်မဂ်တွေ တစ်စတစ်စနဲ့ တက်သွားမဲ့ တရားကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကြိုးစားရင်လည်း အမြန်ဆုံးတက်နိုင်တယ်။ မကြိုးစားလည်း အချိန်စေ့တက်နိုင်တယ်။ ဒီအတိုင်းသာ မှတ်ထား။

ဒါကြောင့် စူဠသောတာပန်ဘဝရတဲ့ ပုဂ္ဂိုလ်များကြတော့ သစ္စာလေးပါး မမြင်အောင် အဝိဇ္ဇာက ဒီကနေ တစ်ချက် လှည့်ပတ်ဖြားယောင်းထား ဖုံးကွယ်ထား။ ဒင်းတော့ စူဠသောတာပန်ဘဝတော့ ရနေပေါ့။ မဂ်နားကပ်နေပေါ့။ ဒါပေမယ့် မဂ်မရအောင် ငါသစ္စာလေးပါး မမြင်အောင် ဖုံးကွယ်ထားမယ်လို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သစ္စာလေးပါး မမြင်ဘူး။ သစ္စာလေးပါး မမြင်တော့ စူဠသောတာပန်ဘဝနဲ့ နေရော့။ ရုတ်တရက်လည်း မပါဘူး။ ဒါပေမယ့် သူ့အချိန်စေ့တော့ အဝိဇ္ဇာလည်း လက်မြှောက်ရ သတ်မှာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူကလည်း တတ်စွမ်းသမျှ အကုန်လိုက်ပြီးတော့ ကပ်ကိုးနေ။

http://www.dhammadownload.com

ဒါကြောင့် အဝိဇ္ဇာစာတ်ရဲ့ သဘောအဓိပ္ပါယ်က သေသေချာချာ အခြေအမြစ်နဲ့ ရှာကြည့်တော့ လိုရင်းအချုပ် ပြောလို့ရှိရင်တဲ့ ဘာတုံးဆိုလို့ရှိရင် သစ္စာလေးပါး မမြင်အောင် ဖုံးကွယ်ထားတဲ့ သဘောက အဝိဇ္ဇာပါပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီကစ မဂ်စခန်း၊ သစ္စာလေးပါးမမြင်အောင် ဖုံးကွယ်ထားတာ အဝိဇ္ဇာပါပဲ။ အောက်ပိုင်းဖုံးကွယ်ထားတော့ သူ့အဆင့်နဲ့သူပေါ့။ ဒါပေမယ့် အောက်တော့ ပလုံးပထွေးပါပဲတဲ့ အကြောင်းမထူးပါဘူး။ အထက်ပိုင်းကြလာတဲ့ အခါကြတော့ သစ္စာလေးပါး မမြင်အောင် ဖုံးကွယ်ထားတာ အဝိဇ္ဇာပါတဲ့။ ဒါကြောင့် "စတူသု သစ္စေသု အညာဏသေတံ နာမံ" ဇတိ၊ ဤအဝိဇ္ဇာဟူသော အမည်သည်။ စတူသု၊ လေးပါးဟူသော။ သစ္စေသု၊ သစ္စာတရားတို့၌။ အညာဏဿ၊ မသိခြင်း၏။ နာမံ၊ အမည်တည်း။ အမှန်တော့ သစ္စာလေးပါး မသိတာဟာ အဝိဇ္ဇာရဲ့ အမည်ပဲ။ တိုတိုတုတ်တုတ်နော် (မှန်ပါတယ်ဆရာ)။

တစ်နည်း အဝိဇ္ဇာအဓိပ္ပာယ်

ဒါကြောင့် "ဝေဒိတဗ္ဗံ စတုသစ္စာဒိကံ ဝိဒိတံ န ကရောတီတိ အဝိဇ္ဇာ"၊ အရိယာအပေါင်း သူတော်ကောင်း သိအပ်တယ်၊ သိကောင်းတယ်၊ သိရမယ်ဆိုတဲ့ သစ္စာလေးပါးကို မသိအောင် ဖုံးကွယ်ထားတာ အဝိဇ္ဇာ။ အဝိဇ္ဇာရဲ့သတ္တိ၊ အဲဒါ သူဖုံးကွယ်ထားလို့ သစ္စာလေးပါး မမြင်တာပါပဲ။ သစ္စာလေးပါး သူမဖုံးလို့ မြင်လိုက်လည်းပဲ ဒါအရိယာ လုံးလုံးဖြစ်သွား။ ဖြစ်ဘူးလား (ဖြစ်ပါတယ် ဆရာ)၊ အဝိဇ္ဇာရဲ့သတ္တိ။ ဒါကြောင့် မဂ်ဉာဏ် ပထမဆုံး မဂ်ဉာဏ်ရတယ်ဆိုတာတောင်ပဲ အဝိဇ္ဇာလက် တွင်းက မလွတ်ကင်းဘူးတဲ့၊ မလွတ်သေးဘူးတဲ့။ မလွတ်သေးပေမယ့် အောက်လက်တွေက ဖုံးကွယ်တဲ့ လက်နက်နဲ့ စာလို့ရှိရင် ဒီကျတော့ သက်သာသွားတယ်နော်။ (မှန်ပါတယ်ဆရာ)၊ စူဠသောတာပန်ဘဝ ရောက်ဆိုကတည်းက အပါယ်တံခါးပိတ်သွားပေါ့။ အပါယ်လေးပါး ကွင်းလုံးကျွတ် လွတ်ပေါ့ဆိုတော့ အတော်သက်သာသွားတယ်။ သံသရာကြီးမှာ နစ်မွန်းခြင်း မရှိတော့ဘူးတဲ့။ ထောက်ရာ တည်ရာ ရသွားပြီတဲ့။ အောက်ပိုင်းတုန်းကတော့ ဒေါင်ချာစိုင်း။ အခုစူဠသောတာပန်လောက်ရောက်ရင် အဝိဇ္ဇာရဲ့ သတ္တိထူးတွေ အထူးသဖြင့် ချိုးဖွဲ့ဖျက်ဆီးလာလို့ မိမိတို့ ကြိုးစားအားထုတ်လို့ စူဠ သောတာပန်ဘဝလောက် ရောက်လာရင်ပဲ လက်ခမောင်းခတ်လောက်ပါတယ်တဲ့။ အင်မတန် ကြောက်ဖွယ်ကောင်းတဲ့ လက်နက်ကောင်းကြီးတွေ ပျက်စီးကုန်ပေ့ါနော် (မှန်ပါတယ်ဆရာ)၊ နောက်ပိုင်း ဖုံးကွယ်တယ်ဆိုတဲ့ အဝိဇ္ဇာစာတ်ကတော့ တစ်စတစ်စနဲ့ ရပ်ပါလိမ့်မယ်တဲ့။ ဒီကျတော့ အားသေးသွားပြီ အဝိဇ္ဇာမတတ်နိုင်ဘူး။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် အဝိဇ္ဇာရဲ့ အမည်ဟာ တခြားမဟုတ်ပါဘူး။ ဥပစာအားဖြင့် တင်စားခေါ်ထားတာ သစ္စာလေးပါး မသိတာ အဝိဇ္ဇာပါပဲ။

http://www.dhammadownload.com

အတိုဆုံး ချုံးယူမယ်ဆိုလို့ရှိရင် ဒါပဲရတယ်။ သစ္စာလေးပါး မသိခြင်းသည် အဝိဇ္ဇာခေါ်၏။ အဝိဇ္ဇာဟူသော အမည်အားဖြင့် ဥပစာအားဖြင့် တင်စား၍ ခေါ်၏။

ဒါကြောင့် "စတူသု အရိယသစ္စေသု အညာဏသေတံ နာမံ။" ဧတံ၊ ထိုအဝိဇ္ဇာဟူသော အမည်သည်။ စတူသု၊ လေးပါးကုန်သော။ သစ္စေသု၊ သစ္စာတရားတို့၌။ အညာဏသ၊ မမြင်ခြင်း မသိခြင်း၏။ နာမံ၊ အမည်တည်း။ "အဓိဝစနံ၊ နာမံရှိရာ ဥပစာ" လို့ ဟောတာ၊ ဥပစာအားဖြင့် တင်စားခေါ်တာ၊ အဝိဇ္ဇာ ခေါ်ထားတာ။**မြန်မာ**လိုရှင်းရှင်းပြောရင် သစ္စာလေးပါး မသိတာပါပဲတဲ့။ ဒါမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ အဝိဇ္ဇာဓာတ် ဖုံးကွယ်ထားတဲ့သတ္တဲ့ အင်မတန် ကြောက်စရာကောင်း။ ကြိုးလည်း ကြိုးစားကြနော်။ ပဋိစ္စသမုပ္ပါဒ်များ အဲဒီဆယ့်နှစ်လုံးမှာ အဝိဇ္ဇာကစ ဟိုဇရာမရဏကြအောင်ပေါ့။ ဒါက သဘော ဒါက အဓိပ္ပါယ်၊ ဒါက တရားကိုယ် တရားသား၊ သူ့ကြောင့် သူဖြစ်တယ်လို့ လည်လည်ပတ်ပတ် ပြတ်ပြတ်သားသားနဲ့ ပြောနိုင်လို့ရှိရင်တဲ့။ ဘုရားကိုယ်တော်မြတ် အနာထပိဏ်သူဌေးက လျှောက်ထားလို့ ဘုရားကိုယ်တော်မြတ် ပြန်ပြီးတော့ ဟောတဲ့အခန်းမှာ ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်များ တရားကိုယ်တရားသားတဲ့၊ သဘောအဓိပ္ပါယ်တဲ့။ အနက် အတ္ထတဲ့။ ကျကျနန တတ်မြောက်လိမ္မာလို့ရှိရင်တဲ့ ငါသောတာပန်လို့ ပြောနိုင်ပြီတဲ့။ အားရှိစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဘာမှ မကျင့်ရသေးဘူး။ တစ်မဂ် တစ်ဖိုလ်မရသေးဘူး။ ရရ မရရ ဒီပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးသာ တစ်လုံးချင်းတစ်လုံးချင်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ် သားသား အနက်အဓိပ္ပါယ် တရားကိုယ် တရားသားအားဖြင့် နားလည်သွားရင် ငါသောတာပန်လို့ ပြောနိုင်တယ်တဲ့။

ဒါ ဘုရားကိုယ်တော်တိုင် မိန့်ကြားသွားတဲ့စကား (မှန်ပါတယ်ဆရာ)၊ အားရှိစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒါ သောတာပန် မဖြစ်သေးပေမယ့် သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်နဲ့ အကျိုးတူပြထားလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီလိုမိန့်သွားတာပါ။ သာမညတန်းလည်း မမှတ်နဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် လုံးစေ့ ပတ်စေ့ တစ်လုံးချင်း တစ်လုံးချင်း ရှင်းရှင်းပေးမယ်။ ဒီတော့ ရှင်းသွားပြန်တော့ ဟိုစာရွက်မှာ ဝေထားတဲ့ အထဲမှာ အောက်ပိုင်းမှာရှိလိမ့်မယ်။ အင်္ဂါဆယ့်နှစ်ပါးတို့ အခြင်းအရာနှစ်ဆယ်တို့ အစပ်သုံးဖြာတို့ အလွှာလေးခုတို့ ကာလသုံးပါးတို့ ဝဋ်သုံးပါးတို့ မူလနှစ်ပါးတို့ သစ္စာနှစ်ပါးတို့ စာရင်းလေးတွေ ပါလိမ့်မယ်။ အဲဒါ သူ့အကန့်နဲ့သူ။ ဒီက အဓိပ္ပါယ် ရှင်းရှင်းပေးသွားမယ်။ ဒါပေမယ့် ပဋိစ္စသမုပ္ပါဒ် တရားတော်က အလုံးရေတွက်ကြည့်လို့ရှိရင် အားလုံးမှ တရား ဆယ့်နှစ်လုံးထဲရှိတယ်။ မဟုတ်ဘူးလား (မှန်ပါဟယ်ဆရာ)၊ အဲဒီ ဆယ့်နှစ်လုံးပဲ အင်္ဂါဆယ့်နှစ် ပါးအနေအားဖြင့် ဟောလိုက် ဒီ ဆယ့်နှစ်လုံးကိုပဲ အခြင်းအရာ နှစ်ဆယ်အနေအားဖြင့် ဟောလိုက်။

http://www.dhammadownload.com

ဒီဆယ့်နှစ်လုံးကိုပဲ အစပ်သုံးပါးအနေအားဖြင့် ဟောလိုက်။ ဒီဆယ့်နှစ်လုံးကိုပဲ အလ္လာလေးပါး အနေအားဖြင့် ဟောလိုက်။ ဒီ ဆယ့်နှစ်လုံးကိုပဲ ဝဋ်သုံးပါးအနေအားဖြင့် ဟောလိုက်၊ ကာလသုံးပါး အနေအားဖြင့် ဟောလိုက်၊ မူလနှစ်ပါး အနေအားဖြင့် ဟောလိုက် ဒီဆယ့်နှစ်လုံးထဲက ချည်းပဲနော် (မှန်ပါတယ်ဆရာ)၊ တရားတွေ တစ်ခုပြီးတစ်ခု ပိုပို ပိုပို ထွက်လာတယ် မမှတ်နဲ့။ ဒါကြောင့် ဝေထားတဲ့ စာရွက်မှာ ပြတ်ပြတ်သားသား အလွတ်ရအောင် ကျက်ထားစမ်းပါလို့ ပြောတာ။ လွယ်တယ် လွယ်တယ် ဒီလို ကျက်မှတ်ထားလို့ရှိရင် တရားလုံးတွေ၊ တစ်ခုပြီး တစ်ခု တိုးတိုးလာတာ မဟုတ်ပါဘူး။

ဒါကြောင့် ပထမစက်ဝိုင်းကြီးမှာ အဝိဇ္ဇာကစ ဇရာမရဏကျအောင် ပြတ်ပြတ်သားသား တစ်လုံးချင်း တစ်လုံးချင်း အဓိပ္ပါယ်ရှင်းသွားပြီ ပိုင်သွားပြီ နိုင်သွားပြီဆိုမှဖြင့် အတွင်းစက်ဝိုင်းကျတော့ အဓိပ္ပါယ် အထူးပြောစရာ မလိုတော့ဘူး။ အလိုလို သိပြီးသားဖြစ်နေနော် (မှန်ပါတယ်ဆရာ)၊ လွယ်သွားပြီတဲ့ အမှတ်ရ အသားရ။ ဒါကြောင့် ပထမစက်ဝိုင်းမှာ ပြထားတဲ့ တရားဆယ့်နှစ်လုံးဟာ ဒါမှုအားဖြင့် ချပြီးပြထားတဲ့တရား၊ ဒီတရားဆယ့်နှစ်ပါးထက် မပိုတဲ့ ဒီတရားဆယ့်နှစ်ပါးအောက် မလိုတဲ့ ဒါပဲရှိတယ်။ ဒါကြောင့် အင်္ဂါဆယ့်နှစ်ပါးဆိုတဲ့ တရားဆယ့်နှစ်လုံးမှ တစ်လုံးချင်း တစ်လုံးချင်း တရားကိုယ် တရားသားနဲ့ သဘောအဓိပ္ပါယ်နဲ့ အကြောင်းအကျိုး ဆက်ပုံလေးတွေနဲ့ ပြပြသွားတာကို သေချာလည်း မှတ်။ ဆက်တတ်အောင်လည်းဆက်၊ ယူတတ်အောင်လည်းယူပေါ့။ တစ်လုံးချင်း တစ်လုံးချင်းဆိုလို့ရှိရင် ရှင်းအောင် ရှင်းအောင် ဒီကပြပေးမယ်။ ဘာမှ မရှင်းစရာ မရှိဘူး။ စာသဘော လည်း အထိုက်အလျောက် ပါလာလိမ့်။ စာသဘောပါလာရင် မဖတ်တတ်ရင် ဖယ်ထား သဘော စိုက်အောင်ဆိုတဲ့ အဓိပ္ပါယတ္ထတော့ ရအောင် ယူပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့်ရင် အခုအဝိဇ္ဇာခတ်ကြီး ပြောသွားတော့ အဝိဇ္ဇာခတ်ကြီးရဲ့သတ္တိ သေချာကြည့်လိုက် တော့ အားလုံးတစ်ဝိကပ် နှစ်ဝိကပ် သုံးဝိကပ် လေးဝိကပ် ငါးဝိကပ် ခြောက်ဝိကပ် ဝိဂြိုဟ်ခြောက်ချက် နဲ့ပြသွား။ ပုဂ္ဂိုလ်အနေနဲ့တွဲလိုက်တဲ့ အခါကျတော့ အန္ဓဗာလကနေပြီးတော့ စူဠသောတာပန်အထိ ပုဂ္ဂိုလ်ကလေးယောက် ဝိကပ်က ခြောက်ပါးနော် (မှန်ပါတယ်ဆရာ)၊ သူ့အဓိပ္ပါယတ္ထ သူ့ရဲ့သတ္တိတွေ သူ့ရဲ့သဘော အဓိပ္ပါယ်တွေပြသွား။ အဲဒီထဲ ကောင်းတာ ဘယ်နှစ်ခုပါ (တစ်ခုပါပါတယ်ဆရာ)၊ ကဲပြောစမ်းပါ၊ ကောင်းတာတစ်ခု (စူဠသောတာပန်ပါဆရာ)၊ ဟောဟော တော်တော်ကို မိုက်တဲ့ ညံ့တဲ့ ဖျင်းတဲ့ အကောင်ဆိုတာကျနေ။ အန္ဓဗာလဖြစ်အောင် အဝိဇ္ဇာခတ်က ဖုံးကွယ်ထားတယ်။ အဝိဇ္ဇာ ကောင်းရဲ့လားဟ (မကောင်းပါဘူးဆရာ)၊ အန္ဓဖြစ်အောင် အဝိဇ္ဇာခတ်က ဖုံးကွယ်ထားတယ်၊ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)။ အဝိဇ္ဇာရဲ့သဘော မင်း ငါမေးနေတာ၊ စူဠသောတာပန် မေးနေ တာမဟုတ်ဘူး။ နားလည်လား (မှန်ပါတယ်ဆရာ)၊ အန္ဓဗာလ ဖြစ်နေတာ ဘယ်သူ့ကြောင့်

http://www.dhammadownload.com

(အဝိဇ္ဇာ ကြောင့်ပါဆရာ)၊ ကောင်းရဲ့လား၊ အဝိဇ္ဇာ (မကောင်းပါဘူးဆရာ)၊ အန္ဓပုထုဇဉ်ဖြစ်နေတာ ဘယ် သူ့ကြောင့် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ အဝိဇ္ဇာကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ ကလျာဏ ပုထုဇဉ်တွေ ဖြစ်နေတာ ဘယ်သူ့ကြောင့် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ကောင်းရဲ့လား (မကောင်းပါဘူး ဆရာ)၊ စူဠသောတာပန်အဖြစ်တွင် ရပ်နေတာ ဘယ်သူ့ကြောင့် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ မဂ်ဉာဏ်မရတာ ဘယ်သူ့ကြောင့် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ သကဒါဂါမ်မဖြစ်တာ ဘယ်သူ့ကြောင့် (အဝိဇ္ဇာကြောင့် ပါဆရာ)၊ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ အနာဂါမ်မဖြစ်တာ ဘယ်သူ့ကြောင့် (အဝိဇ္ဇာ ကြောင့်ပါဆရာ)၊ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ အရဟတ္တမဂ် မရတာ ဘယ်သူ့ကြောင့် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ ဘယ်ကမျှား စူဠသောတာပန် ကောင်းနေ သူပဲ ပေါက်ပေါက်ရှာရှာ ပြောတတ်တယ်။ ဒါဖြင့်ရင် အဝိဇ္ဇာရဲ့သတ္တိ အဝိဇ္ဇာရဲ့သဘော သေချာပြန်ကြည့်တော့ သူကောင်းစာ ဘယ်နှစ်ခုရှိတုံး မေးတယ် (တစ်ခုမှ မရှိပါဘူးဆရာ)၊ တွေ့သေး ရဲ့လား (မတွေ့ပါဘူးဆရာ)၊ ဒါနဲ့ ခုနသူကတွေ့သလိုလို ကောင်းသေးရဲ့လားဟ (မကောင်းပါဘူး ဆရာ)၊ သူ့သတ္တိကိုက ကောင်းတဲ့သတ္တိမဟုတ်ဘူး။ သူ့သဘောကိုက ကောင်းတဲ့သဘော မဟုတ်ဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ **"အညာဏလက္ခဏာ အဝိဇ္ဇာ"**လို့ ခေါ်ထားတာ။ အဝိဇ္ဇာ ဘယ့်နဲ့သိတယ်။ အဝိဇ္ဇာမှန်းသိရင် ဘာမှတ်ရမယ် (မသိတာ မှတ်ပါတယ်ဆရာ)၊ အော်-မသိတာ မှတ်တယ်။ ကဲ သူ့ဓာတ်ကြီးကိုက ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ အဝိဇ္ဇာဓာတ်ကြီးကိုက မကောင်းဘူးဆိုတာ မှတ်ထား။

ဒါကြောင့် သူ့သတ္တိတွေ လျှောက်ပြတာ။ ဟို အရဟတ္တမဂ်ထိအောင် ဖုံးကွယ်ထားလိုက်တာက နေ တစ်ဆင့်ပြီး တစ်ဆင့်နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ အင်မတန် ဆိုးသွမ်းတဲ့ ဓာတ်ဆိုး ဓာတ်ယုတ် ကြီးတဲ့။ မှတ်ထားနော် သေသေချာချာ၊ အဝိဇ္ဇာဓာတ်သည် အင်မတန် ဆိုးဝါးယုတ်မာသော ဓာတ်ဆိုး ဓာတ်ရုပ်ကြီးတဲ့ ပုထုဇဉ်တို့၏သန္တာန်မှာ အဲဒီ အဝိဇ္ဇာဓာတ်ကြီးခံနေလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရတာ သံသရာဝဋ်အတွင်းက မလွတ်ကင်းတာတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပဲလား မဟုတ် သေးဘူးတဲ့ သံသရာကြီး ချာချာလည်နေတာ၊ သူ့ကြောင့် သူလုပ်ထားတာ နားလည်လား (နားလည်ပါ တယ်ဆရာ)၊ သံသရာစက်ရဟတ်ကြီး အဆက်မပြတ်လည်နေတာ သူ့လက်ချက်ချည်းဆိုတာ မှတ်ထား။ အင်မတန်လည်း နယ်ကျယ်တယ်။ အရဟတ္တမဂ်ထိအောင်သွား မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ အရဟတ္တမဂ်ကျမှ မဂ်ထဲလည်း တန်းက အမြတ်ဆုံးလေးမင်္ဂ၊ အရဟတ္တမဂ်ရမှ အဝိဇ္ဇာက ချုပ်သွားတယ်၊ ပြုတ်သွားတယ်၊ ပျောက်သွားတယ်ခေါ်တယ်။ အရဟတ္တမဂ်နဲ့ သတ်မှ သေတယ်နော် (မှန်ပါတယ်ဆရာ)၊ အရဟတ္တမဂ်နဲ့ မသတ်ရင် လုံးလုံးမသေဘူး။

http://www.dhammadownload.com

ငပေလိပ်လွှတ်နည်းဥပမာ

ပထမဆင့် ဖုံးထားတာကနေပြီးတော့ လက်လွှတ်လိုက် မတတ်နိုင် လက်လွှတ်လိုက်၊ ဒုတိယဆင့် ဖုံးလိုက်။ ဒုတိယဆင့် ဖုံးထားတာ ပုဂ္ဂိုလ်အနေအားဖြင့် ကြိုးစားတော့ မတတ်နိုင်တော့ လက်လွှတ်လိုက်။ တတိယဆင့်နဲ့ ဖုံးလိုက် တတိယအဆင့် ဖုံးထားတော့လည်း ပုဂ္ဂိုလ်က မနေသာလို့ ကြိုးစားပြန်တော့ မတတ်သာ လက်လွှတ်လိုက်။ စတုတ္ထအဆင့်နဲ့ ဖုံးလိုက်၊ အဲ့သလို ဆင့်ကာ ဆင့်ကာနဲ့ သူမှီသမျှ ဖုံးဖုံးဖုံးဖုံး လိုက်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ နောက်ဆုံး အရဟတ္တမဂ်ကျတော့ သူမဖုံးနိုင်ဘူး။ တတ်နိုင်သေးလား (မတတ်နိုင်တော့ပါဘူးဆရာ)၊ အရဟတ္တမဂ်ဆိုတဲ့ လက်နက်က အင်မတန် ပြင်းထန်တော့ ကိလေသာမှန်ရင် နည်းနည်းလေးမှ မရှိစေရဘူးဆိုတဲ့ အနေအားဖြင့် အရဟတ္တမဂ်က သတ်တယ်။ အဲဒီ သတ်တဲ့အထဲ သူပါသွားနော် (မှန်ပါတယ်ဆရာ)၊ အဲဒီကျမှ အဝိဇ္ဇာလည်းပဲ ငပေလိပ်လွှတ်နည်း လွှတ်လိုက်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ငပေလိပ်လွှတ်နည်း မြင်ဘူးလား (မကြားဘူးပါဘူးဆရာ)၊ ကြားဘူးသလိုလို တွေးလိုက်သေး။ ငပေဆိုတဲ့အကောင်က မမာလို့ အစာရေစာလည်းပြတ် မစားနိုင် မသောက်နိုင်တဲ့၊ နောက်တော့ နားလန်ထတော့လည်း အားအင်ဗလကလည်း မရှိနော် (မှန်ပါတယ်ဆရာ)၊

တစ်နေ့ကျတော့ လိပ်သားစားချင် လိပ်သား စားချင်တော့ လိပ်သားကလည်း ဝယ်မရတော့ ကမ်းစပ် ငါလိပ်ရှာထွက်အုံးမှပဲဆိုပြီး လိပ်ရှာထွက်။ အခန့်သင့်ပဲ ကုန်းပေါ် လိပ်က တက်နေတော့ လိပ်ကလည်း သူနှင့်မမျှဘူး၊ တော်တော်ကြီးနေ လိပ်ကြီးတော့ အရမ်းစားချင်တဲ့ ဓာတ်ကလည်း ပြင်းနေတော့ လိပ်ကြီးဆွဲပါရော့။ လိပ်ကလည်း ရေထဲအတင်းကန်ရုန်း သူကလည်းဆွဲ သူက အားခွန်ဗလ နာလန်ထဆိုတော့ ချည့်ချည့်နဲ့နဲ့ကိုးကွ၊ လိပ်ကြီးနောက် တစ်စတစ်စ၊ တစ်စတစ်စ ပါပါ၊ ပါပါ သွားနော်။ (မှန်ပါတယ်ဆရာ)၊ ရေက နက်နက်၊ နက်နက်လာတော့ ခါးလောက် မလွှတ်သေးဘူး။ ရင်စို့လောက် မလွှတ်သေးဘူး။ လည်ပင်းလောက်ကြတော့ သူပါသေချည်ရဲ့ဆိုတော့ သိရော့နော် (မှန်ပါတယ်ဆရာ)၊ လိပ်တော့ ငါမနိုင်ဘူးလို့။ မနိုင်တော့ ဘယ်နဲ့ပြောလွှတ်။ နင်တစ်ခါလွှတ် ငါဆယ်ခါလွှတ်တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခုလည်း အဝိဇ္ဇာဓာတ်က ဒီလိုပဲ ဟိုအန္ဓဗာလက နေပြီးတော့ ဖုံးဖုံး၊ ဖုံးဖုံးလိုက်လာလိုက်တာ စွဲစွဲလိုက်လာတော့ တစ်ခုပြီးတစ်ခု ပြုတ်သွား။ တစ်ခုဖုံးလိုက် တစ်ခုပြုတ်သွား တစ်ခုဖုံးလိုက် ဖုံးဖုံးလိုက်လာတာ အရဟတ္တမဂ်ကျတော့ မတတ်နိုင်။ အရဟတ္တမဂ်ဓာတ်က အင်မတန် ပြင်းထန်တော့ ကိလေသာမှန် အကုန်လုံး သလဲစင် ခဲစင် သတ်ပစ်တဲ့ မဂ်နော် (မှန်ပါတယ်ဆရာ)၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရားလေးပါး အကုန်လုံး ဒီကျတော့ချုပ်၊ အဲ့ဒါအနုသယကစပြုတ် ကိလေသာမှန်မှန်သမျှကုန်။ အရဟတ္တ

http://www.dhammadownload.com

မင်္ဂရဲ့သတ္တိက အင်မတန်ပြင်းထန်တော့ အဝိဇ္ဇာမခံနိုင်ဘူး။ ဒီကျတော့ အဲဒီကျမှ သူကလည်း ငပေလိပ်လွှတ်နည်း လုပ်တယ်။ လွှတ်လိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်တဲ့ အဲဒီမှာ အဝိဇ္ဇာလက်တွင်းက လွတ်ကင်းတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။

ပုဗ္ဗန္တနှင့်ပရန္တနှစ်မျိုးခွဲခြားပုံ

ဒါကြောင့် တစ်သံသရာလုံးမှာ အဝိဇ္ဇာရဲ့ လှည့်ပတ်ဖြားယောင်းခြင်း ခံနေကြရတယ်တဲ့။ ငါတို့ သူငါလူတစ်ကာတွေ သတ္တဝါတွေ ဒါကြောင့်လည်း ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက သူ့ထိပ်က ထားပြီး ပြနေတာ သူမွှေနှောက်နေတာ။ သူ့ကြောင့်လည်း ဒီလိုပဲ တဝဲလည်လည်လည်နေတာ။ အဆုံးအစမရှိဘူး။ အင်မတန်ကြောက်စရာကောင်းနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ အဝိဇ္ဇာထိပ်ဖျားက ထားပြတာ တခြားမဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ်ကြီးလည်အောင် လုပ်ပေးတာ။ မူလနှစ်ပါးဆိုတာ အဝိဇ္ဇာနဲ့ တဏှာ ဆိုတာ နှစ်မျိုးနှစ်စား ရှိပါတယ်တဲ့ အဝိဇ္ဇာတင် မဟုတ်ပါဘူးတဲ့။ ဒါပေမယ့်လို့ အခု အဝိဇ္ဇာကို ပထမပိုင်း ပဋိစ္စသမုပ္ပါဒ်ကို ထိပ်ဖျားက ထားပြတာ တခြားမဟုတ်ပါဘူးတဲ့ ဒါ **"ပုဗ္ဗန္တ"**ခေါ်တယ်။ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် နှစ်ပိုင်းခွဲထားတာ ပြီးတော့မှ ပရန္တဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ရဲ့ နောက်အပိုင်း နှစ်ပိုင်းရှိတယ်၊ အဲဒီနှစ်ပိုင်းမှာ ပုဗ္ဗန္တဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ရှေ့ဆက်ကိုတော့ အဝိဇ္ဇာဦးစီး၍ လည်တတ်သောသတ္တိကြောင့် အဝိဇ္ဇာထိပ်ဖျားက တင်ပြခြင်းပါ။ **ပရန္တ**ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် နောက်စက်ဝိုင်း နောက်အပိုင်းကိုတော့ တဏှာဦးစီး၍ လည်တတ်သောကြောင့် တဏှာကို နောက်ပိုင်းကျမှ ထိပ်ဖျားက ထားပြပါတယ်လို့နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ခု ပဋိစ္စသမုပ္ပါဒ်ကြီးထိပ်ဖျားက အဝိဇ္ဇာတင်ပြီးပြတယ်သူပဲတဲ့။ ပဋိစ္စသမုပ္ပါဒ် အမြဲမပြတ် လည်စေတတ်တဲ့ မူလထဲ သူပဲတဲ့။

ဒါကြောင့် အဝိဇ္ဇာစာတ်ရဲ့သတ္တိ သဘောအဓိပ္ပါယ် တရားကိုယ် တရားသား သေချာမှတ်ထား။ အဝိဇ္ဇာဆိုတာ ဥပစာအားဖြင့် တင်စားခေါ်ထားတဲ့ နာမည်။ ဗမာလို ရှင်းရှင်းလေး အဓိပ္ပါယ် ပြောခဲ့ပေါ့။ သစ္စာလေးပါး မသိအောင် ဖုံးကွယ်ထားတာ အဝိဇ္ဇာနော် (မှန်ပါတယ်ဆရာ)၊ တစ်နည်း ဘာမှ မသိတာ အဝိဇ္ဇာ ရှင်းရှင်းလေးနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာရဲ့ တရားကိုယ် တရားသား ဘယ်သူ ကောက် (မောဟပါဆရာ)၊ ဟော မောဟစေတသိက် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား။ ဒါဖြင့် အဝိဇ္ဇာရဲ့ တရားကိုယ် တရားသားလည်း နားလည်သွားပြီ၊ သဘောအဓိပ္ပါယ်လည်း နားလည်သွားပြီပေါ့ (နားလည်ပါတယ်ဆရာ)၊ သူ့ရဲ့သတ္တိလည်း သိသွားပြီပေါ့ (သိပါပြီဆရာ)၊ သူ့သတ္တိက သတ္တဝါများ လုံးလုံးကြီး မင်္ဂဉာဏ်ဖိုလ်ဉာဏ် မရအောင် သံသရာက မလွတ်အောင်

http://www.dhammadownload.com

မကျွတ်အောင် ဖုံးကွယ်ထားတယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ သူ့သတ္တိတွေ လျှောက်ပြီးတော့ တစ်ခုချင်း တစ်ခုချင်း ပြောတော့ ကောင်းတာရှိသေးလား၊ တစ်ခုမှ ကောင်းတာ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ကောင်းတာ တစ်ကွက်မှ မပါဘူး။ မျှော်လင့်ချက်လည်း မရှိဘူး။ အင်မတန်ဆိုးဝါးတဲ့ ဓာတ်ဆိုးဓာတ် ယုတ်ကြီး။ အဲဒါ ဘယ်သူ့ရှိတာလဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ကြ။ တို့ ရှိတဲ့တရားကြီးပါလား ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ တို့ အမြဲတစေဖြစ်နေတဲ့ တရားကြီးပါလားလို့ ပြန်ကြည့်။ ဒီတရားကြီး မကင်းလို့ ဒီတရားကြီးသာ မရှင်းလို့ လူလိမ္မာဖြစ်ဖို့ ခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ ပညာရှိဖြစ်ဖို့ ခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ တစ်မဂ်တစ်ဖိုလ်ရဖို့ ခက်ဘူးလား (ခက်ပါတယ် ဆရာ)၊ သံသရာက ကျွတ်ဖို့ လွတ်ဖို့ ခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရဖို့ ရောက်ဖို့ ဆိုတာ ခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အခက်ချည်းပဲနော် (မှန်ပါတယ်ဆရာ)။

သူရှိနေသမျှ ကာလပတ်လုံး ဘာပြုလို့ သူလုပ်ထားတာတဲ့။ လူလိမ္မာ မဖြစ်အောင် လုပ်တာ လည်းသူပဲ၊ လူမိုက်ဖြစ်အောင် လုပ်တာလည်း သူပဲ၊ ပညာမဲ့ဖြစ်အောင် လုပ်တာလည်းသူပဲ၊ ပညာ မရှိဖြစ်အောင် လုပ်တာလည်းသူပဲ၊ ကောင်းတာ တစ်ခုမှ မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရအောင် လုပ်တာလည်း သူပဲ။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အန္ဓဗာလ ပုထုဇဉ် ဖြစ်အောင် လုပ်တာလည်း သူပဲတဲ့။ အန္ဓပုထုဇဉ်ဖြစ်အောင် လုပ်တာလည်းသူပဲ၊ ကလျာဏပုထုဇဉ် ဖြစ်အောင်လုပ်တာလည်းသူပဲ၊ စူဠသောတာပန်ဖြစ်အောင် လုပ်တာလည်းသူပဲ၊ သူ့ကြောင့် ဒီမှာ ရပ်ရပ်နေကြနော် (မှန်ပါတယ်ဆရာ)၊ ရှေ့မတတ်နိုင်ဘူး၊ ရှေ့မတက်နိုင်ဘူး။ သူဖုံးကွယ် ဖုံးကွယ်ထား တာ။ ဒီလို ဖြစ်နေ။ ပဌမမဂ်မရအောင် လုပ်တာလည်း သူပဲ။ ဒုတိယမဂ်မရအောင် လုပ်တာလည်း သူပဲ။ တတိယမဂ်မရအောင် လုပ်တာလည်း သူပဲ။ စတုတ္ထမဂ်မရအောင် လုပ်တာလည်း သူပဲ။ ဒါဖြင့် သူကောင်းတာရှာကြည့်တော့ ရှိသေးလား (မရှိပါဘူးဆရာ)၊ မရှိဘူး။ ဘာမှမရှိဘူး။ ဒါဖြင့် ဓာတ်ဆိုး ဓာတ်ယုတ်ကြီးပေါ့ (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဓာတ်သည် အင်မတန် ကြောက်ဖွယ် ကောင်းသော ဓာတ်ဆိုးဓာတ်ယုတ်ကြီး အစစ်။ ဘာပြုလို့ သူ့လက္ခဏာနှင့် သူ့သဘော အဓိပ္ပါယ်နဲ့ ရှာကြည့်တော့ ကောင်းတာ တစ်ခုမှ မရှိ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အေး-အဲဒီ အဝိဇ္ဇာဓာတ်မှာချည်းပဲ အခုလို ပြတ်ပြတ်သားသား နားလည်အောင် တရားကိုယ်နဲ့၊ သရုပ်နဲ့ သဘောအဓိပ္ပါယ်နဲ့ သူ့ရဲ့သတ္တိ ထူးတွေနဲ့ အထူးသဖြင့် ထပ်ခါထပ်ခါ ပြောတယ်။ တခြားမဟုတ်ပါဘူး။ သူ့နောက်နားက သင်္ခါရ ကူးမယ့် ကြဲလို့ ဒီသဘောတွေကို နားလည်အောင် ပြောနေတာ။

ဒါဖြင့် အဝိဇ္ဇာအကြောင်းတော့ ကောင်းကောင်း သိသွားပြီပေါ့ (သိပါပြီဆရာ)၊ အဝိဇ္ဇာ အကြောင်း ကောင်းကောင်းသိသွားတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" လို့ လှည့်လာပြီ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်း

http://www.dhammadownload.com

ကြောင့်။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ သမ္ဘဝန္တိ ဖြစ်ကြကုန်၏။ သူ့နောက်နားက သင်္ခါရ၊ အဝိဇ္ဇာက ဘာတရားတုံး (အကြောင်းတရားပါဆရာ)၊ သင်္ခါရက ဘာတရားတုံး (အကျိုးတရားပါဆရာ)၊ အဲဒီ သင်္ခါရမှာ တရားကိုယ်ကောက်တော့ သုံးမျိုးထွက်လာတယ်။ သုံးမျိုးတစ်လီ သုံးမျိုးတစ်လီပေါ့ မှတ်ထား။ သင်္ခါရ သုံးမျိုးထွက်လာ။ အဲဒီနေရာကြတော့ သမာဓိလည်းကောင်းကောင်းထား၊ ကိုယ့် ဉာဏ်လေးတွေနဲ့ ကိုယ်ဖြန့်ပြီးတော့ ဝေဖန်ကြ။ အမှုမဲ့အမှတ်မဲ့ မနေနဲ့။ တော်ရိရော်ရိ မနေနဲ့။ ဒီနေရာလေး ဒီအကူးလေးမှာ မျက်စိလည်ပျောက်သွားရင် တောက်လျှောက်ကြီး လင်းသွားလိမ့်မယ်။ မဂ်စခန်း ဖိုလ်စခန်းလည်း လှမ်းနိုင်တယ်။ နိဗ္ဗာန်လည်း မျက်မှောက်ပြုနိုင်တယ်။ သံသရာကလည်း လွတ်ကင်းမယ်။ အင်မတန် တန်ဖိုးရှိတဲ့ အခန်းခေါ်တယ်။

သင်္ခါရသုံးမျိုးနှင့်ဒါန,သီလ, သမထ အတူတူကောက်ထားခြင်း

အဲဒီ နေရာလေးမှာ မျက်စိလည် မပျောက်သေးလို့ အမှောက်မှောက် အမှားမှား ဖြစ်နေရင်ဖြင့် ခဲယဉ်းတယ်။ ဒီသံသရာစက်ရဟတ် အဆက်ဖြတ်ဖို့ သံသရာဝဋ်တွင်းက လွတ်ကင်းဖို့လည်း ခဲယဉ်း တယ်။ တစ်မဂ်တစ်ဖိုလ်ရဖို့လည်း ခဲယဉ်းတယ်။ ဒီတော့ သေချာကြည့်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်း ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားစုတို့သည်။ သမ္ဘဝန္တိ ဖြစ်ကြကုန်၏။ အဝိဇ္ဇာကြောင့် သင်္ခါရသုံးပါး ဖြစ်လာတယ်တဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သင်္ခါရသုံးပါးဆိုတာ တခြား မဟုတ်ဘူး။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ၊ မြန်မာလို ဖတ်လိုက်ရင် ဒါန သီလ သမထ ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါန သီလ သမထ ကုသိုလ်။ ပုညာဘိသင်္ခါရ ဆိုတာ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် ဒါ ပုညာဘိသင်္ခါရ ခေါ်တယ်။ အပုညာဘိသင်္ခါရ ဆိုတာက အကုသိုလ်ခေါ်တယ်။ အာနေဉ္ဇာဘိသင်္ခါရ ဆိုတာ အရူပါဝစရကုသိုလ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သေချာကြည့် သေချာကြည့်၊ ကုသိုလ်က ဘယ်နှစ်မျိုးရှိသလဲ တွက်ကြည့်ရင် ကာမာဝရကုသိုလ်ရယ် ရူပါဝစရကုသိုလ်ရယ် အရူပါဝစရကုသိုလ်ရယ် ကုသိုလ်သုံးမျိုးရတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကုသိုလ်က တစ်မျိုး၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အကုသိုလ်ကလည်း စေတနာပဲ။ ကုသိုလ်ကလည်း စေတနာပဲ။ ဒါပေမယ့် ကုသိုလ်စေတနာက သုံးမျိုးကွဲတယ်။ ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ အရူပါဝစရကုသိုလ်စေတနာ၊ အဲဒါ အလုပ်နဲ့တွဲလိုက်တဲ့ အခါကြတော့ ဒါနရယ် သီလရယ် သမထရယ် ဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ အကုသိုလ်ကတော့ အကုသိုလ်တိုင်းထား။ အဲဒါလေး နားလည်ရမယ်။ ဒီတော့ "အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ

http://www.dhammadownload.com

ဖြစ်ကြကုန်၏” ဆိုတော့ သင်္ခါရဆိုတာ ဘာကောက်လဲဆိုတော့ သင်္ခါရဆိုတာ စေတနာကောက်တယ်တဲ့။ ဘယ်စေတနာကောက်သလဲလို့ မေးလို့ရှိရင် ခုနကောက်ထားတဲ့ တရားကိုယ်တွေမှာ ယှဉ်နေတဲ့ စေတနာစေတသိက် ကောက်ထားတယ်။

အကုသိုလ်စိတ် ဆယ့်နှစ်ပါးမှာ ယှဉ်သော အကုသိုလ်စေတနာ၊ စေတသိက် စေတနာ မရဘူးလား (ရပါတယ်ဆရာ)၊ ကာမာဝစရကုသိုလ်ကံမှာ ယှဉ်သော ကာမာဝစရကုသိုလ်စေတနာ စေတသိက်၊ ရူပါဝစရကုသိုလ်ကံမှာ ယှဉ်သော ရူပါဝစရ ကုသိုလ်စေတနာ စေတသိက်၊ အရူပါဝစရကုသိုလ်ကံမှာ ယှဉ်သော အရူပါဝစရ ကုသိုလ်ကံစေတနာ စေတသိက်နော် (မှန်ပါတယ်ဆရာ)၊ စေတနာလေးတွေချည်း ကောက်သွားတယ်။ ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ အရူပါဝစရကုသိုလ်စေတနာ ကုသိုလ်က သုံးမျိုး၊ အကုသိုလ်စေတနာ အားလုံး စေတနာလေးမျိုး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စေတနာလေးတွေကို သင်္ခါရလို့ ကောက်ထားတာ။ စေတနာလေးတွေ မင်းတို့ ငါတို့ သေချာကြည့်စမ်း။

ဒါနပြုတယ်။ ဒါနကုသိုလ်လုပ်တယ် သီလကုသိုလ်လုပ် ကာမာဝစရ ကုသိုလ်စေတနာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ စေတနာလေးတွေ စေတနာလေးတွေ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ရူပါဝစရဖြဟ္မာ တစ်ဆယ့်ခြောက်ဘုံ ဖြစ်စေတတ်သော ဈာန်သမထ တရားပွားများတော့ ရူပါဝစရကုသိုလ်စေတနာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အရူပလေးဘုံ ဖြစ်စေတတ်တဲ့ အရူပါဝစရဈာန် ပွားပြန်တော့ အရူပါဝစရကုသိုလ်ယှဉ်တဲ့ စေတနာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စေတနာတွေ ဒါပေမယ့် ဒုစရိုက် ဒုရာဇီဝဆိုတာ အကုသိုလ်တရားတွေ လုပ်တော့ အကုသိုလ်စေတနာတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စေတနာတွေချည်းပဲပေါ့နော် (စေတနာတွေချည်းပါပဲဆရာ)၊ အေး-အဲဒီ စေတနာတွေပဲတဲ့။ ဒီစေတနာတွေ တစ်ဖွားဖွား တစ်ဖွားဖွားနဲ့ ဖြစ်ဖြစ်လာကြ။ ဘယ်သတ္တဝါဖြစ်ဖြစ် သေချာကြည့်။ သုံးဆယ့်တစ်ဘုံ အကုန်လုံး ချုံကြည့် ဒီစေတနာတွေပဲ တစ်ဖွားဖွားနဲ့ ဖြစ်နေကြတာ။ မဖြစ်ဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အဲဒီ စေတနာတွေဖြစ်နေတာ ဘယ်သူ့ကြောင့်လဲ မေးတော့ အဝိဇ္ဇာကြောင့် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်စေတနာ အကုသိုလ်စေတနာ၊ ကုသိုလ်စေတနာက ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ အရူပါဝစရကုသိုလ်စေတနာ။ အကုသိုလ်စေတနာ အကုသိုလ်စေတနာ။ အော်-လက်စသတ်တော့ ဒီစေတနာတွေ လာဖြစ်နေတာဟာ အဝိဇ္ဇာကြောင့် လာဖြစ်နေပါ့ပဲ ထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ” ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာမှာ ဝေ့လည်ကြောင်ပတ်ကလေး ရှောင်လို့တိမ်းလို့ လွတ်ပါ့အုံးမလား (မလွတ်နိုင်ပါဘူးဆရာ)၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ စေတနာ

http://www.dhammadownload.com

တွေတော့ သိနေပြီပေါ့ (သိပါပြီဆရာ)၊ ဒီနေရာလေး နည်းနည်း နားလေး ထွေးတတ်တယ်၊ စေတနာ အရင်နားလည်အောင် ရှင်းရှင်းလေး ကောက်ထားအုံး။ အကုသိုလ်လုပ်ရင် အကုသိုလ်စိတ်နဲ့လုပ်တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကုသိုလ်စိတ်က ဆယ့်နှစ်ပါးရှိတယ်။ အဲဒီ အကုသိုလ် စိတ်နဲ့ လုပ်တော့ အကုသိုလ်စိတ်မှာ ယှဉ်နေတဲ့ အကုသိုလ်စေတနာတွေ မပါဘူးလား (ပါပါတယ် ဆရာ)၊ ဒီစေတနာတွေ ခုသင်္ခါရကောက်ထားတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သင်္ခါရပဲ အကုသိုလ်သင်္ခါရ မှတ်ထား။ အကုသိုလ်စေတနာ ဒါဖြင့်ရင် ကာမာဝစရကုသိုလ် ကုသိုလ်ကမ္မပထ တရားဆယ်ပါး။

မင်းတို့ ငါတို့ ကြိုးစားအားထုတ်တော့ ကုသိုလ်စိတ်တွေ ဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲဒီကုသိုလ်စိတ်တွေမှာ ယှဉ်နေတဲ့ ကုသိုလ်စေတနာတွေ မပါဘူးလား (ပါပါတယ်ဆရာ)၊ အဲဒီ စေတနာ ကောက်ရတယ်။ သေချာမှတ်ထားနော်။ အကုသိုလ်စိတ်မှာ ယှဉ်သော အကုသိုလ်စေတနာ စေတသိက်၊ ကုသိုလ်စေတနာမှာ ယှဉ်သော ကုသိုလ်စေတနာ စေတသိက် ဒါကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်စိတ်မှာ ယှဉ်သော ရူပါဝစရကုသိုလ်စေတနာ စေတသိက်၊ အရူပါဝစရ ကုသိုလ် စေတနာမှာ ယှဉ်သော အရူပါဝစရကုသိုလ်စေတနာ စေတသိက် စေတနာလုံးလေးတွေချည်း ကောက်ထား။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီစေတနာလုံးလေးတွေက အကုသိုလ်လည်း ပါရင် ကုသိုလ်လည်းပါရင် ရောနှော မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ် ဖြစ်ဖြစ် ဘယ်စေတနာဖြစ်ဖြစ် ဘယ်သူ့ကြောင့်ဖြစ်တာလဲဆို ဘယ်နဲ့ပြော (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ဩော် -အဝိဇ္ဇာကြောင့် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သမာဓိကောင်းကောင်းထားနော် သေချာစဉ်းစား အဝိဇ္ဇာကြောင့် ဖြစ်တာတဲ့ အကြောင်းလွဲလို့ မရဘူး။ အဝိဇ္ဇာကြောင့် ဖြစ်တာ မှန်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီနေရာလေး ငြင်းလို့မရဘူး။ ဖယ်လို့ ရှောင်လို့ မရဘူး။ ပရိယာယ် သုံးလို့မရဘူး။ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ စေတနာသုံးမျိုးတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ၊ ဒီစေတနာသုံးမျိုးကို ပေါက်ဖွားအောင် အကြောင်းခံပေးလိုက်တဲ့ အဝိဇ္ဇာ ဓာတ်က ကောင်းရဲ့လား (မကောင်းပါဘူးဆရာ)၊ ကောင်းတဲ့အချက်များ ဘယ်နှစ်ချက်ရှာရ (တစ်ချက် မှရှာမရပါဘူးဆရာ)၊ ဓာတ်ဆိုး ဓာတ်ယုတ်ကြီးပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒီ ဓာတ်ဆိုး ဓာတ်ယုတ် ကြီးကနေပြီးတော့ ပေါက်ဖွားလွတ်လိုက်တဲ့ စေတနာတရားတွေဆိုတော့ စဉ်းစားစမ်းကွယ်။ မိတူ ဖတူဆိုတော့ ဘယ်စေတနာက သဘာဝကျသလဲဆိုတော့ အကုသိုလ်စေတနာက ကိုက်ဘူးလား ဟ (ကိုက်ပါတယ်ဆရာ)၊ ပေါက်ဖွားလွတ်လိုက်တဲ့ မိတူ ဖတူဆိုတဲ့ မိဘကလည်း အဝိဇ္ဇာဓာတ် ဓာတ်ဆိုး ဓာတ်ယုတ် သူကပေါက်ဖွားလာတဲ့ အကုသိုလ်စေတနာကလည်းပဲ ဓာတ်ဆိုး ဓာတ်ယုတ်ပဲ။

http://www.dhammadownload.com

မကောင်းဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကိုက်ဘူးလား (ကိုက်ပါတယ်ဆရာ)၊ ဒါတော့ ကိုက်ပြီပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ အဝိဇ္ဇာကြောင့် ဖြစ်လာတယ်ဆိုတဲ့ ကာမာဝစရကုသိုလ်စေတနာကြတော့ ကုသိုလ်စေတနာဆိုတော့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကောင်းတယ်လား (ကောင်းပါတယ်ဆရာ)၊ ရူပါဝစရကုသိုလ်စေတနာကြတော့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ်စေတနာကြ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါဖြင့် သူတို့ကြ ဘယ်သူက ပေါက်ဖွားတာတုန်း (အဝိဇ္ဇာပါပဲဆရာ)၊ အဝိဇ္ဇာပေါက်ဖွားတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မင်းဥစ္စာက အဝိဇ္ဇာကပေါက်ဖွားလာတာ။ အဝိဇ္ဇာဓာတ်က စင်စစ်အားဖြင့် လုံးလုံးလျားလျား မကောင်းတဲ့ ဓာတ်ဆိုး ဓာတ်ယုတ် သူကပေါက်ဖွားလာတဲ့ တရားထဲမှာ အကုသိုလ်စေတနာတုန်းကတော့ အဝိဇ္ဇာဓာတ်နဲ့ မိတူဖတူ မကောင်းသော တရားက ပေါက်ဖွားလာတာ။

မကောင်းတဲ့ စေတနာတွေ ပေါ်လာနော် (မှန်ပါတယ်ဆရာ)၊ ဒီမကောင်းသော ဓာတ်ဆိုး ဓာတ်ယုတ်ဆိုတဲ့ အဝိဇ္ဇာဓာတ် အကြောင်းခံ၍ဖြစ်လာတဲ့ အဝိဇ္ဇာဓာတ်က ပေါက်ဖွားလာတဲ့ ကာမာဝစရကုသိုလ်စေတနာ, ရူပါဝစရကုသိုလ်စေတနာ, အရူပါဝစရကုသိုလ်စေတနာကြတော့ သူက ကုသိုလ်စေတနာတွေ သူကကောင်းတယ်လို့ ဒီလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အဲဒီနေရာလေးက နည်းနည်းလေး လိမ့်တိမ့်လိမ်တိမ့်လေး နေတယ်။ ဒီတော့ စောဒက တတ်တယ်။ မကောင်းသော ဓာတ်ဆိုး ဓာတ်ယုတ်တည်းဟူသော အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ အကျိုးသင်္ခါရတရားတွေ ပေါ်လာတာမှာ အဝိဇ္ဇာကြောင့် အကုသိုလ်စေတနာ ဖြစ်တယ်ဆိုရင် အစဉ်ပြေတယ်တဲ့။ အကြောင်းနဲ့အကျိုး တူတယ်တဲ့။ သဘောချင်း မတူဘူးလား (တူပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် ကာမာဝစရကုသိုလ်စေတနာ, ရူပါဝစရကုသိုလ်စေတနာ, အရူပါဝစရကုသိုလ်စေတနာ ဆိုတဲ့ ကုသိုလ်စေတနာတွေကြတော့ အကြောင်းနဲ့အကျိုး သဘောချင်းမတူဘူးတဲ့။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကြောင်းနဲ့အကျိုး သဘောချင်းမတူဘူးတဲ့။ ဒီလို အကြောင်းနဲ့အကျိုး သဘောချင်းမတူတဲ့ အမိပ္ပါယ်များ ဖြစ်ကောင်းရဲ့လားလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

တချို့အကြောင်းအကျိုးမတူပုံဥပမာ

ဒါပေမယ့် အဋ္ဌကထာဆရာက ပြထားတယ်။ ဋီကာဆရာလည်း ပြတယ်။ ဖြစ်ကောင်း တယ်တဲ့၊ ဖြစ်ကောင်းတဲ့ အမိပ္ပါယ်လေးတွေ ပြတယ်။ ဥပမာလေး အမိပ္ပါယ်အားဖြင့် ပြရင် နို့ရည်က နို့ဓမ်းကို ဖြစ်စေတယ်။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ထန်းလျက်က သေအရက်ကို ဖြစ်စေတယ်။ ကြည့်ပါတဲ့။ အကြောင်းအကျိုး မတူပုံလေး ဖြစ်ကောင်းနော် (မှန်ပါတယ်ဆရာ)၊ ထန်းလျက်က ချိုမြိန်သော အရသာ

http://www.dhammadownload.com

မရှိဘူးလား (ရှိပါတယ်ဆရာ)၊ သေရည် အရက်ကြတော့ ကောင်းသေးရဲ့လား (မကောင်းပါဘူးဆရာ)၊ ထန်းလျက်က အကြောင်း၊ သေအရက်က အကျိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ထန်းလျက် ချက်မှ အရက်ဖြစ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ထန်းလျက်က ဘာတုံး၊ အကြောင်း၊ (အကြောင်းပါဆရာ)၊ အရက်ကကော (အကျိုးပါဆရာ)၊ ဟော အကြောင်းနဲ့အကျိုး တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မတူဘူးနော် (မှန်ပါတယ်ဆရာ)၊ အေး-အကြောင်းတရားသည် မိမိနှင့်မတူသော အကျိုးတရားကို ဖြစ်စေတတ်တယ်။ ဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ နို့ရည်သည် နို့ဓမ်းကို ဖြစ်စေ တတ်၏။ နို့ဓမ်းနှင့် နို့ရည်တူရဲ့လား (မတူပါဘူးဆရာ)၊ မတူဘူး မတူဘဲနဲ့ ဖြစ်တတ်တယ်မဟုတ်လား (ဖြစ်တတ်ပါတယ်ဆရာ)၊ ဒီလိုပဲတဲ့ အခုလည်းပဲ အင်မတန်ဆိုးဝါးသော အဝိဇ္ဇာဓာတ်ကြီးသည် ဓာတ်ဆိုး ဓာတ်ယုတ်တွေ ဖြစ်သော်လည်းပဲတဲ့။ သူ့ကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးတည်းဟူသော သင်္ခါရမှာ ကုသိုလ်စေတနာဆိုတဲ့ သင်္ခါရမျိုးကိုလည်း ဖြစ်စေတတ်ပါတယ်။ ဖြစ်ဘူးလား (ဖြစ်ပါတယ် ဆရာ)၊ အကြောင်းအကျိုး မစပ်တဲ့ နေရာလေးတွေ ဖြေပုံလေးတွေ ဒါလေးတွေလည်း မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ နို့မို့ရင် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်က မေးလိုက်ရင် ရုတ်တရက်အားဖြင့် ဖြေဖို့ခဲယဉ်းတယ်။

အဝိဇ္ဇာတည်းဟူသော အကြောင်းတရားနဲ့ သင်္ခါရတည်းဟူသော အကျိုးတရား နှစ်ပါး ဖြစ်လာ တာမှာ၊ အကြောင်းကြောင့် အကျိုးဖြစ်ဆိုတာ အကြောင်းနဲ့အကျိုး သဘာဝမတူတာတွေ ပေါ် နေတယ်။ အဝိဇ္ဇာကြောင့် အကုသိုလ်စေတနာ ဖြစ်လာတယ်ဆိုတော့ အတော်သား။ ဒါအကြောင်း အကျိုး ညီတယ်။ အကြောင်းနဲ့အကျိုးတရားနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် ကုသိုလ် စေတနာတွေ ဖြစ်လာတယ်ဆိုတာ မခက်ဘူးလားလို့ ဒီလို မေးရင် ဖြေစရာလေးတွေပေါ့နော် (မှန်ပါတယ်ဆရာ)၊ တရားမှာလည်းပဲ လောကီလိုပဲလို့ ဥပမာကပ် ထန်းလျက်သည် သေအရက်ကို ဖြစ်စေဘိသကဲ့သို့ ထန်းလျက်တည်းဟူသော အကြောင်းကြောင့် သေအရက်တည်းဟူသော အကျိုးကို ဖြစ်စေဘိသကဲ့သို့ အကြောင်းတရားနဲ့ အကျိုးတရား သဘာဝဝိရုဒ္ဓ ဆန့်ကျင်ဘက်တည်းဟူသော အကျိုးတရာကိုလည်း ဖြစ်စေတတ်တယ်။ ဒါကြောင့် ကုသိုလ်နဲ့ မောဟတည်းဟူသော အဝိဇ္ဇာ ဓာတ်ကြီးနဲ့ ပဋိပက္ခဆန့်ကျင်ဘက် ဓာတ်ကြီးပဲတဲ့။ ဒါပေမယ့် ဖြစ်တတ်တယ်တဲ့၊ အဝိဇ္ဇာကြောင့် အကုသိုလ်စေတနာ သင်္ခါရလည်း ဖြစ်တယ်။

ဒါတွေက အဝိန္ဒိယ တရားတွေ မကျင့်ကောင်း မကြံကောင်းတဲ့ တရားတွေ မှတ်ထားဟဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟောဒါက သုစရိုက်တရားတွေ ဝိန္ဒိယ တရားတွေဟဲ့။ အဲဒါကြတော့ ကျင့်ကောင်း ကြံကောင်း ပွားများအားထုတ်ကောင်းတယ်ဟဲ့။ သဒ္ဓမ္မဿဝန သပ္ပုရိသသံသေဝန လို့

http://www.dhammadownload.com

သူတော်ကောင်းများကို ပောပြောတော့ ဒီသဘောပေါက် မသွားဘူးလား (ပေါက်လာပါတယ်ဆရာ)၊ ကံ, ကံ၏အကျိုး ယုံကြည်သွားတာပေါ့ (မှန်ပါတယ်ဆရာ)၊ ယုံကြည်ပေတဲ့၊ ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါးဝ ဆိုတာ ပရမတ်သဘော ဓာတ်သဘော နည်းနည်းလေးမှ မသိ။ ကုန်ကုန်ပြောကြစို့။ ပညတ် ပရမတ် မကွဲရှာဘူး။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ပညတ် ပရမတ်မှ မကွဲတော့ သူ့မှာ ပညာမျက်စိ လုံးလုံး မရှိတော့ သူ့အန္ဓတဲ့၊ ဗာလတော့ ပြုတ်သွားပေါ့။ ပြုတ်ဘူးလား (ပြုတ်ပါတယ်ဆရာ)၊ အန္ဓတဲ့ ပညာမျက်စိမရှိသော အကန်းပုထုဇဉ်လို့ ဒီလို ခေါ်တယ်။ အဲဒါ ဘာပြုလို့လဲ၊ ဘယ်သူလုပ်တာတုံး ဆိုလို့ရှိရင် အဝိဇ္ဇာဓာတ်က ဖုံးပေးထားတာတဲ့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "အဝိန္ဒမာနေ ဇဝါပေတီတိ အဝိဇ္ဇာ" = အဝိန္ဒမာနေ၊ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်တရားတို့ကို။ ဇဝါပေတိ၊ ထင်ရှားရှိတယ်ဟူ၍ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏"။ လာပြီ အဝိန္ဒမာန ခေါ်ထားတဲ့ လုံးလုံးဘာမှ မရှိတဲ့ ပညတ် တရားတွေကို ရှိတယ်လို့ ယူဆထားတယ်တဲ့ သူ့ကျတော့ မှားပြန်တယ်နော် (မှန်ပါတယ်ဆရာ)၊ လုံးလုံးမရှိတဲ့ ပညတ်တရားတွေ ဘယ်နဲ့ယူတယ် (ရှိတယ်လို့ ယူနေပါတယ်ဆရာ)၊ အေး-မှားဘူးလား ကွာ (မှားပါတယ်ဆရာ)၊ နောက်တစ်ခါ တစ်ခါမှားပြန်ပြီတဲ့။

နှစ်ခု - "ဝိန္ဒမာနေ န ဇဝါပေတီတိ အဝိဇ္ဇာ"တဲ့။ ဝိန္ဒမာနေ၊ ထင်ရှားရှိသော ရုပ်ဓမ္မ နာမ်ဓမ္မ ပရမတ္ထ တရားတွေကို။ န ဇဝါပေတိ၊ ဘာမှ မရှိတတ် ဟူ၍ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏တဲ့၊ တကယ်ရှိတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားတွေကြတော့ မရှိဘူးတဲ့။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှားပြန်ပြီလား (မှားနေပါတယ်ဆရာ)၊ အဲဒီ နှစ်ဝိကပ် သေချာမှတ်ထား။ ထင်ရှားမရှိတဲ့ ပညတ်တရားကိုတော့ ရှိတယ်လို့ ယူတယ်။ ယူဘူးလား (ယူပါတယ်ဆရာ)၊ ထင်ရှား ရှိတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကိုတော့ မရှိဘူးလို့ ယူတယ်၊ မယူဘူးလား (ယူပါတယ်ဆရာ)၊ နှစ်ခုလုံး မမှားဘူးလား (မှားနေပါတယ်ဆရာ)၊ အဲဒီ နှစ်ခုစလုံး မှားနေတဲ့အမှားနဲ့ ဘယ်ပုဂ္ဂိုလ်နဲ့ ဟပ် (အန္ဓပုထုဇဉ်နဲ့ မှတ်ရပါမယ်ဆရာ)၊ အေး - အန္ဓပုထုဇဉ်နဲ့ ဟပ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အန္ဓပုထုဇဉ်ဘဝများ ဘယ်လောက်များ ကြောက်စရာကောင်းသလဲဆို သေချာ ကြည့်၊ သူလည်း အမှားပဲတဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ အင်္ဂါဆယ့်နှစ်ပါး။ အဲဒီ အင်္ဂါဆယ့်နှစ်ပါးမှာ အဝိဇ္ဇာကစပြီးတော့ တစ်လုံးချင်း တစ်လုံးချင်း သဘောတို့၊ တရားကိုယ် တရား သားတို့၊ အဓိပ္ပါယ်တို့ ဒီလို နားလည်အောင် ရှင်းရှင်းပေးမယ်။ အင်္ဂါဆယ့်နှစ်ပါးပြီးမှ အခြင်းအရာ နှစ်ဆယ်တို့၊ အစပ်သုံးဖြာတို့၊ အလ္လာလေးခုတို့၊ ကာလသုံးပါးတို့၊ ဝဋ်သုံးပါး၊ မူလနှစ်ပါး၊ သစ္စာနှစ်ပါး

http://www.dhammadownload.com

တစ်ကန့်စီ တစ်ကန့်စီ သွားရမယ်။ တချို့တော့လည်း ပဋိစ္စသမုပ္ပါဒ် တစ်ထိုင်တည်း ဟော သွားတာ။ ဒါဟော ဖြစ်အောင် ဟောသွားရတာပဲ။

ဒါပေမယ့် ဟောတဲ့လူက ဟောသွား၊ ပြီးလည်းပြီးရော့ နာတဲ့လူက ဘာရ၊ ဘာမှ မရဘူး။ တစ်ထိုင်တည်း တစ်ခဏတည်းနဲ့ ဟောသွားတယ်၊ ပြောသွားတယ်ဆိုတဲ့ ဟောနည်း ပြောနည်းမျိုး မဟုတ်ဘူး။ ဒီကသင်ပေးမယ်၊ တတ်မြောက်လိမ္မာအောင် သင်ပေးမယ်။ ဒါကြောင့် သူ့အကန့်နဲ့သူ အခုပထမစက်ဝိုင်းက အင်္ဂါဆယ့်နှစ်ရပ် "ဒွါဒသင်္ဂါနိ" ပါဠိတော်လာတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်ကြီး၌ အင်္ဂါဆယ့်နှစ်ပါးရှိ၏။ အခြင်းအရာ နှစ်ဆယ်ရှိ၏။ အစပ်သုံးပါးရှိ၏။ အလွှာလေးခုရှိ၏။ ကာလသုံးပါး ရှိ၏။ ဝဋ်သုံးပါးရှိ၏။ မူလ နှစ်ပါးရှိ၏။ သစ္စာနှစ်ပါး ရှိ၏။ ဘုရားကိုယ်တော်မြတ်က ဒီတိုင်းပြ၊ ဒါကြောင့် တစ်ကန့်လျှင်တစ်ကန့် သန့်သန့်ပြီးတော့ တစ်ခုချင်း တစ်ခုချင်း ရှင်းရှင်းပေး မယ်လို့။ ဒါကြောင့်လည်း သင်တန်းက သင်ရ ကြားရတာ လွယ်လင့်တကူနဲ့ ကိစ္စပြီးတာ မဟုတ်ဘူး။ ရက်အားဖြင့် လအားဖြင့်လည်း တော်တော်ကြီးကြာ။ အခုသင်တန်းများ ရက်ပျက်တွေကလည်း ပါခဲ့ပေါ့။ မမာလို့ နှစ်နှစ်ကျော်နေပေါ့။ လူကြားလို့မှ မတော်ဘူးဆိုတာကြနေ။ သင်တန်းတစ်ပတ် နှစ်နှစ်ကျော်နဲ့ အဲ့ဒါ ရိုးရိုးပြရင် တစ်နှစ်ကျော် တွက်သား။ ဒါ ရက်ပျက်တွေ ပိတ်ရက်တွေနဲ့ထည့်၊ နာရီအစေ့ ရက်အစေ့ ပြမယ်ဆိုရင် ကိုးလကျော်ကျော်ပြရ။

ဒါကြောင့် ဒီလို ခရီးကြာညောင်းအောင် ပြတာလည်း ဘာသဘောလဲလို့။ တကယ်တတ်ကျွမ်း နားလည်သွားအောင် မိမိတို့ ဉာဏ်ထဲမှာ အသီးသီး ပြတ်သားသွားအောင် သင်ကြားပေးတဲ့ အနေ အားဖြင့် ပြနေလို့ ဒီလောက် ခရီးရှည်နေ။ တာဝန်မဲ့တဲ့ အနေအားဖြင့် ရချင်ရ မရချင်နေ။ ပဋိစ္စသမုပ္ပါဒ် ဟောတယ်ဆို ဟောပြီးတာပဲလို့ ဒီလို လုပ်တမ်းဆိုလည်း အလွယ်လေး။ ဒါကြောင့် ဒီလို မဟုတ်ဘူး လို့ တစ်လုံးချင်း တစ်လုံးချင်း ပြတ်ပြတ်သားသား အစအဆုံး နားလည်သွားအောင် သင်ကြားပေး နေတဲ့ သင်တန်းဆိုတော့ ကြာလည်းကြာ၊ နို့ကြာသလောက် ခရီးရောက်သလားဆိုတော့ ရောက်တာ ပေါ့။ တစ်လုံးပြတ်သားရင် တရားရတယ် ခေါ်တယ်။ သေချာမှတ်ထားနော် ဒီဥစ္စာများ။

ဒါကြောင့် ယောင်လည်ယောင်လည်နဲ့ ကိုယ်လည်း တစ်လုံးမှလည်း မပြတ်သားသေးဘဲနဲ့ တရားရသယောင်ယောင်၊ ကိုယ့်ဝမ်းထဲ တရားရှိသယောင်ယောင်၊ သေရဲသယောင်၊ နေရဲသယောင် ယောင်တွေနဲ့နေ။ သေချာကပ်ပြီး စစ်ဆေးကြည့်တော့ တစ်လုံးမှ မပြတ်သားဘူး။ အဲဒါ တရားမရဘူး ခေါ်တယ်။ တစ်လုံးမှ မရဘူး။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်မှာ ဘယ်အလုံးက ဖြစ်ဖြစ် တစ်လုံးပြတ်သားရင် တရားရတယ် ခေါ်တယ်။ တရားတစ်လုံး ငါရပြီ။ တချို့တရားရတယ်ဆိုတာ အထုပ်အထည်ကြီးနဲ့ မှတ်နေ

http://www.dhammadownload.com

မဟုတ်ပါဘူး။ အသိဉာဏ်ပေါ်လာတာ။ အသိဉာဏ်ပြတ်သားတာ ခေါ်တယ်။ ဒါကြောင့် အသိဉာဏ် တစ်လုံးပြဲသားရင် တရား ရတယ်ဆိုတဲ့ သဘောလေးမှတ်ထား။ အခု အဝိဇ္ဇာရဲ့ အမိပ္ပါယ်တစ်လုံးကို အစအဆုံး တိုင်ပြတော့ မယ်ဆိုတော့ သေချာလည်း မှတ်ထား။ ပြလို့လည်းဆုံးရော့ လက်စသတ်တော့ အဝိဇ္ဇာဆိုတာ ဒါခေါ်တာကိုး။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလို နားလည်သွား၊ နားလည် သွားတော့ ဘာဖြစ်သလဲ၊ အဝိဇ္ဇာဓာတ်တစ်လုံးရဲ့ အစအဆုံး အမိပ္ပါယတ္ထ နားလည်သွားတော့ သံသရာအစကတည်းက၊ ကနေ့ကျအောင် တစ်သံသရာလုံး ငါ့ညှဉ်းပန်းနှိပ်စက်နေတာ။ အမှားမှား အရမ်းရမ်းဖြစ်အောင် သံသရာဝဋ်အတွင်းက မလွတ်ကင်းအောင် ဖွဲ့နှောင်ထားတယ်။ ပိတ်ကာ ထားတယ်ဆိုတော့ ဒင်းပါပဲလားလို့ ရန်သူတွေ့တယ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ရန်သူလာတွေ့ ဘယ်သူ့လက်ချက်မှ မဟုတ်ဘူး။ သူ့လက်ချက် ဒီလို ပြတ်ပြတ်သားသား မြင်လာရင်ပဲ ဒါဖြင့်ရင် ကောင်းပြီ။

အဝိဇ္ဇာဆိုတဲ့ ရန်သူဓာတ်ကြီး ဘယ်နည်းနဲ့ ဖျက်ဆီးရပ့်မလဲ။ ဒီလို မလာဘူးလား (လာပါတယ် ဆရာ)၊ တစ်လုံးတည်း တစ်လုံးတည်း ဒီအဝိဇ္ဇာတည်းဟူသော ငါ့တစ်သံသရာလုံး နှိပ်စက်ညှဉ်းပန်း ဖုံးကွယ်လာတဲ့ သံသရာဝဋ်အတွင်းက မလွတ်ကင်းအောင် နှောင်ဖွဲ့လာသော အဝိဇ္ဇာဓာတ်ကြီး ဘယ်နည်းနဲ့ ငါဖျက်ဆီးရပ့်မလဲလို့ လက်နက်ကောင်းရှာတယ်။ ရှာတွေ့တာပေါ့။ မနေ့ညက ပြတဲ့ အတိုင်း သူ့သတ်မဲ့လက်နက် ဘယ်သူလဲဟ (ဝိဇ္ဇာဓာတ်ပါဆရာ)၊ အေး-ဝိဇ္ဇာဓာတ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဝိဇ္ဇာဓာတ်က တရားကိုယ် ကောက်တော့ ဘာရ (မောဟပါဆရာ)၊ ဟောဗျာ (အမောဟပါဆရာ)၊ နင့်ကျားကိုက်လိမ့်မယ် ကြားလား၊ အမောဟ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဓာတ်က တရားကိုယ်ဘာရ (မောဟပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မောဟ သတ်ချင်ရင် ဘာနဲ့သတ် (အမောဟနှင့် သတ်ရပါတယ်ဆရာ)၊ အဝိဇ္ဇာသတ်ချင်ရင် ဘာနဲ့သတ်၊ (ဝိဇ္ဇာနဲ့ သတ်ရပါတယ်ဆရာ)၊ ဟော နှစ်လုံးတည်းရယ် နားလည်လား (နားလည်ပါဆယ်ဆရာ)၊ အဝိဇ္ဇာဓာတ်ကြီးကို ဝိဇ္ဇာဓာတ်တစ်လုံးနဲ့သတ်ရင် ပြတ်ကရော့လား (ပြတ်ပါတယ်ဆရာ)၊ အေး-မှတ် ထား အဝိဇ္ဇာချုပ်ရင် အကုန်ချုပ်တယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာချုပ်ရင် အကုန်ချုပ်တယ် ဆိုတာ မှတ်ထား။ ချုပ်နည်းလေးတော့ ချုပ်ခန်းကျမှ ပြပ့်မယ်။ အတ္တနောမတိအနေအားဖြင့် သူ့ သဘောအတိုင်း သူပြောနေတာလားလို့ ဒီလိုလဲ မမေးရဘူး။ တကယ်အာဂုံပါဠိနဲ့ ကြည့်ပြီးတော့ ယုံကြည်စိတ်ချလောက်တဲ့ ဗုဒ္ဓမတည်ျ ဘုရားအလိုတော်ကျ သိတော်မူတဲ့ အဋ္ဌကထာဆရာကြီးများ ဖွင့်ဆိုထားတဲ့ ဒီအဝိဇ္ဇာဓာတ်သတ်နည်းလို့ နည်းမသိရင် ခရီးရှည်တယ်ဟ။ နည်းသိရင် အလွယ်လေး နော် (မှန်ပါတယ်ဆရာ)၊ ဒီအဝိဇ္ဇာဓာတ်ကြီး ဝိဇ္ဇာဓာတ်နဲ့ ချုပ်လိုက်လို့ သတ်လိုက်လို့ ဒီအဝိဇ္ဇာ

http://www.dhammadownload.com

ခေတ်ကြီး ပြတ်သွားပြီ ချုပ်သွားပြီ ငြိမ်း သွားပြီဆိုမှဖြင့် ဒီပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးက ပြတ်သွားတာ။ ပြတ်သွားပြီ ရပ်သွားပြီ မလည်တော့ဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အလွယ်ဆုံး သတ်နည်း ဖြတ်နည်း ရပ်နည်း ပြပေးပါ့မယ်လို့။

ဒါကြောင့် မိမိတို့ ကိုယ်တိုင်လည်နေကြတဲ့ အစအဆုံး မမြင်နိုင်သော သံသရာစက်ရဟတ်ကြီးကို တကယ်ရပ်ချင်ကြ ဖြတ်ချင်ကြ ကျွတ်ချင် လွတ်ချင်ကြရင်လို့ မှတ်မှတ်သားသားနဲ့ ကြိုးစားပြီး လိုက်ကြပါလို့။ တစ်ပြားတစ်ချပ်မှလည်း အကုန်မခံရပါဘူး။ အိုးပစ် အိမ်ပစ်လည်းပဲ မသွားရ မလာရပါဘူး။ စီးပွားဥစ္စာလုပ်ငန်းလည်း အဖျက်အဆီးမခံရပါဘူး နော် (မှန်ပါတယ်ဆရာ)၊ အငတ်ငတ် အမွတ်မွတ်လည်းပဲ ခြိုးခြံစွာ မကျင့်ရပါဘူး။ သက်သာဘူးလား (သက်သာပါတယ်ဆရာ)၊ ဒါထက် သက်သာတာကတော့ မင်းတို့ ထမင်းထုပ်နဲ့လည်းရှာ။ ထမင်းထုပ်သာသိုးမယ် ဘယ်တော့မှ တွေ့မှာ မဟုတ်ဘူး။ ဒီလမ်းမျိုး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါတောင် တချို့က လွတ်အောင် ရှောင်ကြသေး၊ အမျိုးမျိုးသော ဆင်ခြင်တွေ ပေးပြီးတော့ သင်တန်းက ဘယ်လို၊ သင်တန်းက ဘယ်နှဲ့၊ ဘာလည်း ညာလည်းနဲ့ အပြောင်ပကနေပြီးတော့ ဘာမှလည်း မသိဘဲနဲ့ အပြစ်ရှာပြီးတော့ ရှောင်ကြသေးတယ်။ ကိုယ်ကိုယ်တောင် လွတ်အောင် ရှောင်ရုံတင် မကဘူး အဖော်ညှိရှောင်သေးနော် (မှန်ပါတယ်ဆရာ)၊ လုပ်မဲ့သူတောင် ဟန့်တားထားသေး၊ မလိုက်ဖြစ်အောင် အမျိုးမျိုး ပရိယာယ်နဲ့ ဥတုနဲ့ ခြောက်လို့ ခြောက်၊ ရောဂါဘယနဲ့ ခြောက်လို့ခြောက် ကျန်းမာရေးနဲ့ ခြောက်လို့ခြောက် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက် ဖျင်းသန်းညံ့သန်းရတဲ့ လူစားတွေလဲလို့။ ဒါပေမယ့် ဒီလူစားတွေက တစ်မင်တစ်ဖိုလ်လိုချင်တဲ့ စိတ်ဓာတ်ရှိတဲ့ လူစားတွေတော့ မဟုတ်ပါဘူး။ အမှန်က အရောင်တင်ထားတဲ့ လူစားတွေ။ ဟုတ်သယောင်ယောင်နဲ့ ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်းယောင်ယောင်နဲ့ ဒီလိုနေတာ။

ဒါကြောင့် တောင်ယောင်ယောင် မြောက်ယောင်ယောင်နဲ့ ယောင်လည်ယောင်လည်နေကြတဲ့ ကိုယ့်ကိုကိုယ် တရားရလို့ ရမှန်းလည်းမသိ၊ မရသေးလို့လည်း မရမှန်းလည်းမသိ။ ဒါပေမယ့် တရားရသယောင် တရားရှိသယောင် ဟုတ်သယောင် မိမိသေရဲသယောင် နေရဲသယောင် အယောင်ဆောင်နေတဲ့လူများ ကြပ်ကြပ်ကြီးစဉ်းစား၊ တို့ပြောတာလား၊ သူ့ကို ပြောတာလားလို့။ လမ်းကောင်းလမ်းမှန် အင်မတန် မှန်ကန်တိကျတဲ့ လမ်းကောင်းလမ်းမှန် အမြန်ဆုံးဆိုတဲ့ သဘာဝ ကိုယ်တိုင်အားဖြင့် ရလို့ တကယ့်မေတ္တာစိတ်နဲ့ သည်းခံပြီးတော့ ပြနေတာပါလို့နော် (မှန်ပါတယ်ဆရာ)၊ တကယ့်မေတ္တာဓာတ်သာမရှိရင် ဒီနှစ်ထိအောင်လည်း ခံနိုင်စရာ အကြောင်းမရှိပါဘူး။ ဟန်လုပ်ပြီး သရုပ်ဆောင်နေတဲ့ လုပ်ငန်းဆို ခုလောက်ရှိ ပျက်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ခရီးမရှည်ပါဘူး။ ဘီလူးလူယောင်ဆောင်ခဏပေါ့။ အခုသေချာကြည့်၊ နှစ်အားဖြင့်လည်း တွက်ကြည့်။ ဘယ်လောက်ခရီး ရှည်ခဲ့ပလဲ

http://www.dhammadownload.com

ဘယ်လောက်အပင်ပန်း အနွမ်းအနယ်ခံလာသလဲ။ အဲဒါ သက်သက် သံသရာမှာ စခန်းသွားနေကြတဲ့ ရမ်းရမ်းကားကားနဲ့ ပညာမျက်စိ လုံးလုံးမရှိကြတဲ့ အန္ဓပုထုဇဉ်များအတွက် သံသရာမျက်စိလည် ပျောက်ပါစေဆိုတဲ့ စေတနာကို အဓိကထားပြီးတော့ ကြိုးစားပမ်းစားနဲ့ သင်ကြားပေးနေခြင်းပါလို့ ဒါကြောင့်လည်း မှတ်မှတ်သားသားနဲ့ အဓိပ္ပါယတ္ထ နာယူကြ။ မပြတ်သားသေးရင် အချင်းချင်း တိုင်ပင် အချင်းချင်းနှီးနှော အချင်းချင်း မေးမြန်းဆွေးနွေးကြ ပေါ်လာလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီကလည်း တစ်ညပြီး တစ်ည ဆက်ကာ ဆက်ကာ ထပ်ကာ ထပ်ကာဆိုသလိုပဲ ထပ်ဆက်ကလေးတွေ ထပ်ဆက်ကလေးတွေနဲ့ ပြပါမယ်။

မနေ့ညက နားမလည်သေးရင် ခုညတစ်ည ထပ်နာရင် နားလည်ရမယ်။ ဒီလို သွားရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သံသရာဘယ်ကစ မသိတာကစ၊ မသိတာ ဘာတုံးဟ၊ (အဝိဇ္ဇာပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သံသရာ ဘယ်မှာဆုံး အသိတစ်လုံးမှာဆုံး၊ အသိတစ်လုံးက ဘာတုံး (ဝိဇ္ဇာပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သူတို့ချင်း သတ်သွားတာ သူတို့ချင်း သတ်သွားတာ သေချာကြည့်နော်။ လောဘသတ်ချင်ရင် အလောဘနဲ့ သတ်ရမယ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ လောဘဆိုတာ လိုချင်တာ မဟုတ်ဘူးလား (လိုချင်တာပါဆရာ)၊ လိုချင်တဲ့ လျှမ်းလျှမ်းတက် ငမ်းငမ်းတက်ဆိုတဲ့ လိုချင်တဲ့ လောဘကြီး သတ်ချင်တော့ မလိုချင်ဘူးဆိုတဲ့ သဘော တရားရှိသော အလောဘနဲ့သတ် ရပ်မသွားဘူးလား (ရပ်သွားပါတယ်ဆရာ)၊ ဒေါသ အဒေါသနဲ့ သတ်ရတယ်။ ဒေါသဆိုတာ ကြမ်းတမ်းခက်ထန်တယ်၊ သည်းခံနိုင်ခဲတာ ခေါ်တယ်နော် (မှန်ပါ တယ်ဆရာ)၊ လူတစ်ဘက်သားအပြစ်ကို သည်းခံနိုင်ခဲတာ ဒေါသခေါ်တယ်။ မချုပ်တည်းနိုင်ဘူးတဲ့ ဒေါသအမျက် ချောင်းချောင်းထွက်။ အဲဒီ ဒေါသကြီး သတ်ချင်လို့တော့ ဘာနဲ့သတ်၊ အဒေါသနဲ့ သတ်နော် (မှန်ပါတယ်ဆရာ)၊ အဒေါသဆိုတာ ဘာတုံး၊ နားလည်လား (နားမလည်ပါဘူးဆရာ)၊ မေတ္တာတဲ့ မှတ်မိလား (မှတ်မိ ပါတယ်ဆရာ)၊ ခက်ထန်ကြမ်းတမ်းတဲ့ ဒေါသကြီးသတ်ချင်ရင် မေတ္တာနဲ့ သတ်လိုက်ရင် သေရော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မောဟ ဘာနဲ့သတ် (အမောဟနဲ့ သတ်ရပါတယ်ဆရာ)၊ အေး-မောဟ အမောဟနဲ့သတ်သေရော့။ မလွယ်ဘူးလား (လွယ်ပါတယ် ဆရာ)၊ အဲဒီ မောဟကြီး အမောဟနဲ့ သတ်လိုက်လို့ မောဟကြီးလည်း လုံးလုံးချုပ်သွားရော့။ အဝိဇ္ဇာခတ်ကြီးလည်း လုံးလုံး ပြတ်သွားရော့။

မင်းတို့ ငါတို့ အစအဆုံး မရှိအောင် တစ်လည်တည်း လည်နေတာ။ ပဋိစ္စသမုပ္ပါဒ်ကြီးလည်း ရပ်သွားနော် (မှန်ပါတယ်ဆရာ)၊ ယုံချင်မှ ယုံကြမယ်။ ချုပ်ပြတဲ့ အခန်းကြတော့လည်း သဘာဝ ကျကျလာလိမ့်မယ်။ အခုတော့ လည်ပြနေတဲ့ အခန်းဖြစ်နေတော့ လည်ပဲပြမယ်။ ဒါကြောင့် မြက်စွာ

http://www.dhammadownload.com

ဘုရားကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ သံသရာစက်ရဟတ်ဆိုတဲ့ အနေအားဖြင့် လည်ပြတာ တစ်နည်းနော် (မှန်ပါတယ်ဆရာ)၊ သံသရာစက်ရဟတ်ကြီး အဆက်ပြတ်ပြီးတော့ ချုပ်ပြတာ တစ်နည်း၊ ဖြုတ်ပြတာ တစ်နည်းလို့ နှစ်နည်းဟောသွားတယ်။ လည်ပုံ လည်နည်းသာ ဟောပြီးတော့ ရပ်ပုံရပ်နည်း မဟောတော့ မခက်လားဟေ့ (ခက်နေပါတယ်ဆရာ)၊ ဘယ်လိုရပ်ရမှန်း မသိ၊ ဘယ်လို ဖြုတ်ရမှန်းမသိ၊ သံသရာက ဘယ်လို ထွက်ရမှန်းလည်းမသိ မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ တို့က ဘုရားကိုယ်တော်မြတ်က အေး-သံသရာကြီး လည်နေတာ ဒီလို လည်တယ်ဟဲ့။ အကြောင်းအကျိုး အကြောင်းအကျိုး ဆက်စပ်ပြီး လည်နေတာ။ ဘယ်တော့မှ ရပ်တယ်မရှိဘူး။

ဒါကြောင့် "အဝိဇ္ဇာယ ပုဗ္ဗကောဋိ န ပညာယတိ"၊ သတ္တဝါရဲ့ သံသရာအစ အစွန်းအမြိတ် အရိပ်မထင်၊ အင်မတန်ရှည်လျားတဲ့ သံသရာကြီး။ ဒါဖြင့်ရင် ကောင်းပါပြီ လည်ပုံလည်နည်းတော့ နားလည်ပါပြီ။ သို့ကလောက်တောင် ရှည်လျားအောင် လည်နေတဲ့ သံသရာကြီး ဖြတ်ချင် ရပ်ချင်တော့ ဘယ်နဲ့လုပ်ပါ့။ ဒီနည်း မဟောခဲ့ရင် မခက်ဘူးလား (ခက်မှာပါဆရာ)၊ ခုတော့ မြတ်စွာဘုရားကိုယ် တော်မြတ် လည်ပုံလည်းနည်းလည်း ဟောသွားတယ်၊ ဖြတ်ပုံ ဖြတ်နည်းလည်း ဟောသွားတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီလို ဖြတ်ကြ ဒီလို ရပ်ကြဆိုရင် ငါတို့ သူငါ လူတကာက ဖြတ်ဖို့ ရပ် ဖို့ပဲ ရှိတယ်။ လွယ်လင့်တကူနော် (မှန်ပါတယ်ဆရာ)၊ ဒါ့ကြောင့် မနေ့ညက ပြတဲ့ အဆက်ကလေး ပြန်ကြည့်။ အဝိဇ္ဇာတစ်လုံးကိုပဲ အဓိပ္ပါယ်လုံးလုံးကြီး ပေါ်လာအောင် ဒီကပြ၊ သင်လည်းပေး ပါဠိ ပါဌ် သားလို မမှတ်တတ်ရင် ဗမာလို သေသေချာချာ မှတ်ထား။

မနေ့ညက တို့များပြောသွားတဲ့ လူ, လူ, လူလို့ ခေါ်ကြတော့ လူတွေ ကြည့်လိုက် သူလည်းလူ ငါလည်းလူ၊ သူလည်းလူ ငါလည်းလူ၊ လူမှန်သမျှ ဒါပေမယ့် အဲဒီလူတွေက တစ်မင် တစ်ဖိုလ်မှ မရသေးရင် ပုထုဇဉ်တွေ ခေါ်တာပေါ့။ ကြည့်လိုက်တော့ အတူတူပဲလို့၊ ဒါပေမယ့် သူတို့ရဲ့ အသိဉာဏ် ဓာတ်ကလေးမှာ တစ်ထပ်စီ တစ်ထပ်စီ လွှာကြည့်လိုက်။ လေးမျိုးလေးစား ထွက်လာ။ တစ် အန္ဓဗာလ ပုထုဇဉ်၊ နှစ် အန္ဓပုထုဇဉ်၊ သုံး ကလျာဏပုထုဇဉ်၊ လေး စူဠသောတာပန် ပုထုဇဉ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကြည့်လိုက်တော့ အတူတူ မဟုတ်ဘူးလားကွယ် (အတူတူပါပဲဆရာ)၊ ထင်တယ်။ ဒါပေမယ့် အသိဉာဏ်လေးတွေ လေးမျိုးလေးစား ကွာမသွားဘူးလား (ကွာသွားပါတယ်ဆရာ)၊ မှတ်ထားမှတ်ထား သေချာမှတ်ထား။

နံပါတ်တစ် ဆိုတဲ့ အန္ဓဗာလပုထုဇဉ်မျိုးက မနေ့ညက ထိုးပြတဲ့ အဝိဇ္ဇာရဲ့ ဝိဂြိုဟ်ဝစန နှစ်ချက်အရ ဟတ်ကြည့်စမ်း၊ ဋီကာဆရာက ဆိုသွားတယ်။ အဝိန္ဒိယ ခေါ်တဲ့ မလုပ်ကောင်း မကျင့်ကောင်း မကြံကောင်းသော အားမထုတ်ကောင်းသော မယူကောင်း မရကောင်းသော ဒုစရိုက်အစရှိသော

http://www.dhammadownload.com

တရားတွေကိုတဲ့။ ယူကောင်း ရကောင်း ကျင့်ကောင်း ကြံကောင်း အားထုတ်ကောင်းတယ်လို့ အဝိဇ္ဇာစာတ်က ခိုင်းထားတယ်တဲ့။ ဒါတော့ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ မှတ်မိ လား (မှတ်မိပါတယ်ဆရာ)၊ ကာယဒုစရိုက် အစရှိတဲ့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ တရားတွေ လုပ်ကောင်းရဲ့ လားဟ (မလုပ်ကောင်းပါဘူးဆရာ)၊ ကျင့်ကောင်းရဲ့လား (မကျင့်ကောင်းပါဘူးဆရာ)၊ ယူကောင်း ရကောင်းရဲ့လား (မရကောင်းပါဘူးဆရာ)၊ အဲဒီ တရားတွေကို တကယ်ကျင့်ကြံပွားများ အားထုတ် ကောင်းတယ်ဆိုပြီးတော့ ယူဆနေတဲ့ လူတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ရက်ရက်စက်စက် သူများ အသက်လည်လှီးနော် (မှန်ပါတယ် ဆရာ)၊ လှီးနေတဲ့ ဒေါသနဲ့ လှီးတာ မဟုတ်ဘူး။ အကျိုးမျှော်ပြီး လှီးတာ။ ဒီလို လှီးနိုင်မှ အကျိုးကြီးတယ်လို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မနေ့က ငါပြောတဲ့ တို့-ကမ္ဘာတည်စက စပြီးတော့ ရှင်ဘုရင်များဟာ တောစိုးသစ်ပင်များကို ယဇ်နတ်ပူဇော်တယ်ဆိုတာ ရာလေးလီ။ ဘဲတစ်ရာ ကြက်တစ်ရာ ဝက်တစ်ရာ ဆိတ်တစ်ရာ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးရဲ့ လည်ပင်း ရက်ရက်စက်စက် လှီးပြီးတော့ ထွက်လာတဲ့ သွေးစိမ်းရှင်ရှင်နဲ့ ယဇ်ပူဇော်မှ ငါကိုယ်တော်မြတ် ဘုန်းတန်ခိုး အာနိသင်ကြီးမား လိုရာအကျိုးပြီး၍ ခရီးရောက်၊ ဒီလို ယူဆ တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုလည်း ယူဆတယ်။ ဒီအလေ့အထကြီးက ဟိုရှေးရှေး ထဲက လာလိုက်တာလို့ အခုလည်း ဒီအလေ့အထ ရှိသေးတာပဲတဲ့။ အဲဒီ အယူအဆနဲ့နေတဲ့ ဝါဒတွေ သေချာကြည့်။ ဘယ်လောက်များ ကြောက်စရာကောင်း။

ဒါပေမယ့် စေတနာက စွန့်လွှတ်တဲ့ စေတနာ မဟုတ်ပါဘူး။ ကံ, ကံ၏အကျိုး ယုံကြည်မှုက လုံးလုံးရှိမှ မရှိဘဲ။ မကောင်းတဲ့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အကုသိုလ်ကံတွေ လုပ်လို့ရှိရင် မကောင်းသော အကျိုး ပေးလိမ့်မယ် မသိပါဘူး။ ကောင်းတဲ့ သုစရိတ - သုစရိုက်ဆိုတဲ့ တရားတွေ ကျင့်ကြံပွားများ အားထုတ် ကုသိုလ်ကံတွေ လုပ်ရင် ကောင်းသော အကျိုးပေးလိမ့် မသိပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ကံ, ကံ ၏အကျိုး လုံးလုံးမယုံကြည်ကြဘူးတဲ့။ အဲဒါက တို့သာသနာ့ ပြင်ပနေကြတဲ့ သာသနာ့ ဗာဟိရက ပုဂ္ဂိုလ်ခေါ်တယ်။ ဘုရားလည်း ဘုရားမှန်းမသိ၊ တရားလည်း တရားမှန်းမသိ၊ သံဃာလည်း သံဃာမှန်း မသိ။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါး လုံးလုံး လျားလျား နားမလည် မဆည်းကပ်တော့ ဘာဖြစ်။ ယူတဲ့ အယူဝါဒက လွဲချင်တိုင်း လွဲလို့ လွဲဘူးလား (လွဲပါ တယ်ဆရာ)။

ဒါကြောင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားအစရှိသော အရိယာအပေါင်း သူတော် ကောင်းတွေက ဟော့-လောကကြီး ဟောဒီ ကာယဒုစရိုက် အစရှိတဲ့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အကုသိုလ် တွေများ မလုပ်ကြနဲ့ဟဲ့။ မလုပ်ကောင်းဘူး။ မကောင်းသော အကျိုးပေးတတ်တဲ့ တရားတွေဟဲ့။ ဒီလိုပွင့်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်တိုင်းက ဆက်ကာဆက်ကာ ဟောပေတဲ့ သူတို့သဘော

http://www.dhammadownload.com

ဘယ်နှဲ့။ အဲဒါတွေ လုပ်နိုင်မှ အကျိုးများတယ်။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ်သူက ခိုင်းတယ်မှတ်လို့ အဝိဇ္ဇာက ခိုင်းတာနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာလှည့်ပတ်ထားတော့ မြင်သေးလားဟ (မမြင်ပါဘူးဆရာ)၊ အမှန်မမြင်တော့ဘူးပေါ့နော် (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် ကာယဒုစရိုက် အစရှိသော မကျင့်ကောင်း မကြံကောင်းတဲ့တရားက အဝိန္ဒိယ တရားခေါ်တယ်။ အဲဒီ အဝိန္ဒိယတရားတွေကို ဝိန္ဒိယ တရားအနေအားဖြင့် ကျင့်ကြံပွားများ အားထုတ် အလုပ်လုပ်ကြရတယ်တဲ့။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မြန်မာလိုပြောတော့ မှတ်မိတယ် မဟုတ်လား (မှတ်မိပါတယ်ဆရာ)၊ ပြောစမ်းပါအုံး။ ဗမာလို ဘယ်နှဲ့ပြော (ကောင်းသော အကျင့်ကို မကျင့်ဘဲနဲ့ပါဆရာ)၊ ဟော ဟော ဟော ငါပြောနေတာက တစ်မျိုး ငါပြောနေတာက ကောင်းသော အကျင့်ကို မကျင့်ဘဲနဲ့ တစ်လုံးမှ မပါဘူး (မကောင်းတဲ့ ဒုစရိုက်တရားတွေကို ကောင်းတယ်မှတ်လို့ ကျင့်နေတဲ့ လူမျိုးတွေပါဆရာ)၊ ဟုတ်ပြီ တိုတိုလေးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ရှိသလားလို့ မေးတော့ မင်းဘယ်နှဲ့ပြော။ ဒီလူတွေ ရှိလားဆို မင်းဘယ်နှဲ့ပြော (ရှိပါတယ်ဆရာ)၊ ရှိတယ်လား (ရှိပါတယ်ဆရာ)၊ မင်းသိလား (သိပါတယ်ဆရာ)၊ အေး-ကောင်းပြီ၊ ကောင်းပြီ၊ တော်ပြီ။ မင်းသိရင် ဒီပြင်လူလည်း သိမှာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ တကယ်ဒုစရိုက်တွေကို မကျင့်ကောင်းတဲ့ ဒုစရိုက်တရားတွေကို ကျင့်ကောင်းတယ်လို့ ယူတယ်မဟုတ်လား (ယူပါတယ်ဆရာ)၊ အသိ အသိ၊ အသိမှားနေ မှားဘူးလား (မှားပါတယ်ဆရာ)၊ စိတ်ကျတော့ မဆိုးပါဘူး၊ စိတ်ထားကတော့ ဘာပြုလို့တုံး။ ဒီတရားဟာ ဒီတရားကို ကျင့်မှ တို့ကောင်းကျိုးချမ်းသာ ရမယ်လို့ ယူဆထားတော့ ကောင်းကျိုးချမ်းသာ လိုချင်လို့ ခင်မျာမှာ သာသာထိုးထိုးနဲ့ကြိုးစား။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အေး-ဒီတော့ ကာယဒုစရိုက် အစရှိသော မကျင့်ကောင်းတဲ့ တရားတွေကို ကျင့်ကောင်းနေလို့ ယူဆနေတယ်ဆိုတာ ဒီလို အမှားမှား အရမ်းရမ်းဖြစ်အောင် ဘယ်သူက လုပ်ပေးတာတုံး (အဝိဇ္ဇာဓာတ်ကြီးကပါဆရာ)၊ မှတ်ထား အဝိဇ္ဇာဓာတ်က လုပ်ပေးတာ။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ အဝိဇ္ဇာဓာတ်လဲဆိုတာ သေချာကြည့်။ ဒါပဲလားလို့ ဆိုတော့ မဟုတ်သေးဘူးတဲ့။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတွေက ကာယသုစရိုက် အစရှိသော သုစရိုက်တရားတွေကိုတဲ့။ ကျင့်ကောင်းတယ် ကြံကောင်းတယ် ပြုလုပ်ကောင်းတယ် အားထုတ်ကောင်းတယ် ကောင်းကျိုးချမ်းသာပေးနိုင်တယ်လို့ ဒီလိုဟောပြောသွားတယ်။ ဒီလို ဟောပြောသွားတဲ့ သုစရိုက်တရားကျတော့ သူတို့က ဘယ်နှဲ့ (မကောင်းဘူးလို့ ထင်နေပါတယ်ဆရာ)၊ အေး-မကောင်းဘူးလို့ထင်နေ မလုပ်ဝံ့ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ လုပ်လိုက်ရင် မြုပ်သွားမယ်တဲ့၊ ဒီလို မနေဘူးလား (မှန်ပါတယ် ဆရာ)၊ ဒါကျ သိတယ်လား (သိပါတယ်ဆရာ)၊ ပြောစမ်း ဗမာလိုလေး

http://www.dhammadownload.com

ပြောစမ်းပါ (ကောင်းသော သုစရိုက်တွေကို) ဟုတ်ပြီ (မကောင်းဘူးထင်လို့ မကျင့်ကြံမပွားများတာ ပါဆရာ)၊ ဩော် - ကောင်းတဲ့ သုစရိုက်တရားတွေကိုတော့ မကောင်းဘူးလို့ ဒီလိုထင်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒီလို ယူဆတယ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မလုပ်ဝံ့ဘူးတဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားစမ်းပါဟ၊ မြန်မာလို မတတ်ဘူးလား မင်း (တတ်ပါတယ်ဆရာ)၊ အလွယ်လေး ဘာမှ ခဲယဉ်းတာ မဟုတ်ဘူး။ မကျင့်ကောင်းတဲ့ ဒုစရိုက် အစရှိသော တရားတွေကိုတော့ ကျင့်ကောင်း ကြံကောင်းတယ်လို့ ယူတယ်။ နားလည်လား (နားလည် ပါတယ် ဆရာ)၊ ဒါဖြင့် ကျင့်ကောင်းတဲ့ သုစရိုက်တရားတွေကို မကျင့်ကောင်းဘူးဆိုတဲ့ အနေအားဖြင့် ကြောက် လို့ရှောင်နေတဲ့ လူတွေရှိသလား (ရှိပါတယ်ဆရာ)၊ မင်းသိလား (သိပါတယ်ဆရာ)၊ သိရင် တော်ပြီ။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မင်းမှ မသိဘူးဆိုရင် ငါသက်သေမရှိဘဲ ဖြစ်နေအုံးမှာကို ရမ်းပြောတာ ဖြစ်နေမှာ ရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ သက်သေနဲ့သွား ရှိတယ် ဒီလူစားတွေ အဲဒီလူစားတွေ ဘာပုဂ္ဂိုလ်ခေါ်တယ် (အန္ဓဗာလပုဂ္ဂိုလ်ပါဆရာ)၊ မှတ်ထား အန္ဓဗာလ အန္ဓက=ပညာမျက်စိမရှိတာ သူကန်း။ ဗာလက ဘာတုံး (လူမိုက်ပါဆရာ)၊ အေး- ဟုတ်ပြီ၊ လူမိုက်နော် (မှန်ပါတယ်ဆရာ)၊ ပညာမျက်စိလုံးလုံးမရှိလို့ ကန်းနေတဲ့အထဲမှာ ထပ်မိုက်သေးတယ်လို့ မိုက်ဘူးလား (မိုက်နေပါတယ်ဆရာ)၊ အေး-အဲဒါမှတ်ထား။

ဒါကြောင့် ဒီက ဋီကာဆရာဖွင့်ထားတဲ့ အဝိဇ္ဇာဓာတ်ရဲ့ ဝိပ္ပလ္လာသဝစနနဲ့ ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်နဲ့ ဟတ်ပြနေ။ သေချာလည်း မှတ်ထားနော်။ ပြီးတော့ လက်ကလေးချိုးထား။ နံပါတ်တစ် အန္ဓဗာလ ခေါ်တဲ့ လူစားမျိုးတွေ ရှိပ့ါပဲ ငါလည်း တွေ့တယ်၊ ငါလည်း ကြားတယ်၊ ငါလည်း မြင်တယ် ဟုတ်ပ့ါပဲ။ ဒီလူစားတွေ တကယ်မလုပ်ကောင်းဘူးဆိုတဲ့ သူတော်ကောင်းဟောထားတဲ့ ကာယဒုစရိုက် အစ ရှိသော ကြောက်ဖွယ်ကောင်းတဲ့ တရားတွေကိုတော့ အားရပါးရ ကြိုးစားကြတယ်၊ လုပ်ကြတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ တကယ်လုပ်ကောင်းတယ်။ ကောင်းကျိုးချမ်းသာပေးတတ်တယ်ဆိုတဲ့ သုစရိုက်တရားတွေကိုတော့ ရှောင်ရှားတယ်။ ဒီလူစားတွေရှိတဲ့ ဒီလူစားတွေ ဟုတ်တယ်။ ဒီလူစားတွေ မှန်တယ်။

ဒါကြောင့်လည်း ဒီပုဂ္ဂိုလ်မျိုး အန္ဓဗာလလို့ ခေါ်တယ်။ တစ်အချက်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ တစ်အချက် ခေါ်တဲ့ အန္ဓဗာလက ငါလွတ်ရဲ့လား၊ လက်ချိုးတွက်ကြည့် စစ်တမ်းထုတ်ရမယ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မင်းကိုယ်မင်း ထုတ်ကြည့်စမ်း၊ (လွတ်ပါတယ်ဆရာ)၊ ဩော် - လွတ်ပြီလား (လွတ်ပါတယ်ဆရာ)၊ ဩော် - ဒီအယူမျိုးတော့ မရှိပါဘူးပေါ့ (မရှိပါဘူးဆရာ)၊ အေးအေး မှတ်ထား မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာဓာတ်ကြီးက အင်မတန် ကြောက်ဖွယ်

http://www.dhammadownload.com

ကောင်းသော အဝိဇ္ဇာခတ်ကြီးက သံသရာမှာ ဂွမ်းသန္တာလန်အောင် သတ္တဝါမှန်မှန်သမျှကို အမှောက်မှောက် အမှားမှားဖြစ်အောင် ဖုံးကွယ်ထားတဲ့အနက်က လက်နက်ကောင်းကြီး လေးချက် ငါးချက် ဒီသတ္တဝါတွေ သံသရာထဲက ဘယ်သောအခါမှ မကျွတ်နိုင် မလွတ်နိုင်အောင် ငါလှည့်ပတ်ဖြားယောင်းထားမယ်။ ငါဖုံးကွယ်ထားမယ်လို့ အဝိဇ္ဇာခတ်က လက်နက်ကောင်းကြီး တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု တပ်ဆင်ထား။

ဒါကြောင့် အန္ဓဗာလခေါ်ထားတဲ့ ပုထုဇဉ်တော့ အန္ဓဗာလဘဝက မလွတ်ရအောင် လက်နက်ကောင်းနှစ်ခုနဲ့ လှည့်ပတ်ဖြားယောင်းထားလို့ အန္ဓဗာလပုထုဇဉ်ဘဝက ကျွတ်ကို မကျွတ်တော့ဘူး။ ဒီတိုင်း တဝဲလည်လည်နဲ့ မကောင်းသော ကာယဒုစရိုက် အစရှိသော တရားတွေ ကောင်းတယ်လို့ မှတ်၊ ကျင့်ကြံကောင်းတယ်၊ ပွားများအားထုတ်ကောင်းတယ် မှတ်။ တကယ်ကျင့်ကြံပွားများ အားထုတ်ကောင်းတဲ့ သုစရိုက်အစရှိသော တရားတွေကိုတော့ မလုပ်ကောင်းဘူး၊ မကျင့်ကောင်းဘူး၊ မယူကောင်းဘူး၊ မရကောင်းဘူးလို့မှတ်။ လက်နက်ကြီးနှဲ့နော် (မှန်ပါတယ်ဆရာ)၊ မလှုပ်နိုင်ဘူးလေ သူခိုင်းတိုင်း လုပ်နေရတယ် မလုပ်ဘူးလား (လုပ်နေပါတယ်ဆရာ)၊ သာသာထိုးထိုး ကြိုးစားနေ၊ ကြောက်စရာ အလွန်ကောင်းတယ်နော် မှတ်ထား မှတ်ထား။ နံပါတ်တစ်တည်းဟူသော အန္ဓဗာလပုထုဇဉ်နယ်က ငါလွတ်ပြီလား ပြန်လက်ချိုးကြည့် အဆင့်အတန်းလေးတွေ ကိုယ့်အတန်းလေးတွေကိုနော် (မှန်ပါတယ်ဆရာ)၊ ကျွတ်ပြီ လွတ်ပြီလားလို့ တွက်ကြည့်။ နံပါတ်တစ် အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်စားတော့ ငါလွတ်ပြီဟေ့။ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဘာပြုလို့လွတ်သလဲဆိုတော့ ကိုယ့်ကိုယ်ပြန်စစ်ဆေးတော့ ငါဒီအယူဝါဒ မရှိဘူး၊ ဒုစရိုက် ဒုစရိုက်မှန်း သိတယ်။ ငါသုစရိုက် သုစရိုက် မှန်းသိတယ်။ ဒုစရိုက်ဆိုတာ မလုပ်ကောင်းတဲ့ အကုသလကမ္မပထတရားတွေ၊ သုစရိုက်ဆိုတာ လုပ်ကောင်းတဲ့ ကုသလကမ္မပထတရားတွေ။ ဒါက အကုသိုလ်၊ ဒါက ကုသိုလ်၊ ဒါက အကုသိုလ်ကံ၊ ဒါက ကုသိုလ်ကံ၊ ကွဲပြားပြီးသိလို့ လွတ်တာနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အန္ဓပုထုဇဉ်ခေါ်ထားတဲ့ ပုထုဇဉ်တဲ့။ သူကတစ်ပမ်းသာတယ်၊ အဝိဇ္ဇာလှည့်ပတ်တိုင်း သူမရဘူး။ တထစ်ရှေ့သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီပုဂ္ဂိုလ်ကျတော့ အဝိဇ္ဇာသတ်နိုင်သေးလား (မသတ်နိုင်ပါဘူးဆရာ)၊ အဲဒါ ဘာပြုလို့လဲဆိုတော့ သူက ကံ, ကံ၏အကျိုး ယုံကြည်သွားပြီတဲ့။ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ရသွားပြီတဲ့။ မကောင်းတဲ့ အကုသိုလ် ကံတွေ လုပ်လို့ရှိရင် မကောင်းသော အကျိုးတွေ ခံရလိမ့်မယ်။ ကောင်းသော ကုသိုလ်ကံတွေ လုပ်လို့ရှိရင် ကောင်းသော ကုသိုလ်အကျိုးတွေ ခံရလိမ့်မယ်၊ သူသိသွားပြီ မသိဘူးလား (သိပါတယ်ဆရာ)၊ နံပါတ်တစ် တည်းဟူသော အဝိဇ္ဇာရဲ့ လက်နက်တွင်းက ဖွတ်အတင်းရုန်းထွက်လာ။

http://www.dhammadownload.com

ဘာပြုလို့ ရုန်းထွက်နိုင်သလဲ ဘာပြုလို့ လွတ်ခဲ့သလဲဆိုတော့ သူတော်ကောင်းတရား နာကြားရလို့တဲ့။ သဒ္ဓမ္မဿဝန မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ကမ္ဘာနဲ့ချည်ကြည့်။ ဗုဒ္ဓဘာသာ သာသနာထွန်းတဲ့ နိုင်ငံတော်မှာ လူဦးရေ ဆယ့်ရှစ်သန်းလောက်ရှိ။ ဆယ့်ရှစ်သန်းလောက်မှာ ဆယ်သန်းက ဗုဒ္ဓဘာသာစစ်စစ်၊ ရှစ်သန်းကတော့ လူမျိုးခြားများတယ်။ အဲဒီ ဗုဒ္ဓဘာသာစစ်စစ် မိရိုးဖလာအနေအားဖြင့် ဗုဒ္ဓဘာသာနဲ့ ဆင်းသက်လာတဲ့ လူစုလောက်ပဲ ကံ, ကံ၏အကျိုး ယုံကြည်တယ်။ မကောင်းသော အကုသိုလ်ကံတွေလုပ်ရင် မကောင်းသော အကျိုးတွေ ခံရအုံးမယ်။ ကောင်းသော ကုသိုလ်ကံတွေ လုပ်ရင် ကောင်းသော အကျိုးတွေ စံရအုံးမယ်၊ ယုံကြည်တယ် မဟုတ်လား (ယုံကြည်ပါတယ်ဆရာ)၊ အေး-ယုံကြည်တယ် ယုံကြည်ပါ။ ဒီတော့ အဝိဇ္ဇာခါတ်က ဒီသံသရာ စက်ရဟတ်အောက်မှာ ခိုလှုံနေကြတဲ့ ဗုဒ္ဓဘာသာ အယူဝါဒရှိကြတဲ့ ဆယ်သန်းမျှသော လူဦးရေ အဝိဇ္ဇာခါတ်က သေချာငေးကြည့်ပြီးတော့ ဝမ်းပန်းသာသာနဲ့ လက်လွှတ်လိုက်ရတယ်။

တစ်အချက်လက်နက်ကြီးတော့ ငါဖုံးလို့ ဖိလို့ မရဘူး။ တစ်အချက်လက်နက်ကောင်းကြီးနဲ့ ဖြောင်းဖျလို့တော့ ငါမရဘူး၊ လွှတ်လိုက်ရပြီ ဘာပြုလို့၊ သဒ္ဓမ္မဿဝန -ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတွေ ဟောပြောတဲ့ တရားသံတွေက တစ်ညံတည်း ညံနေတော့၊ အဲ့ဒီ တရားသံတွေနဲ့ မျက်စိပွင့်သွားလို့ တစ်အချက်က ရုန်းထွက်သွားပြီ၊ လွှတ်သွားပြီ၊ ဘယ်သူတွေတုံး၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)၊ ဒါပေမဲ့ အဝိဇ္ဇာခါတ်က မလျှော့ဘူး၊ အေး - တစ်အချက် လက်နက်ကောင်းနဲ့ ဖျောင်းဖျလို့ မရလို့ရှိရင် နှစ်အချက်လက်နက်ကောင်းနဲ့ ငါလိုက်ပြီးတော့ ဖြားယောင်းမယ်ဟဲ့။ ဖုံးကွယ်မဟဲ့ အဝိဇ္ဇာခါတ်နော်။ အင်မတန်ကြောက်စရာကောင်း၊ ဘယ်သူမှလုပ်တာ မဟုတ်ဘူး အဝိဇ္ဇာလုပ်နေတာ။ ဒီတော့ တစ်အချက်လက်လွတ်သွားပေမယ့် နှစ်အချက်နဲ့ တပ်လိုက်တယ်။ ကောင်းပြီ၊ ဒင်းတို့တွေ ဒုစရိုက် ဒုစရိုက်မှန်း သိသွားပြီ။ သုစရိုက် သုစရိုက်မှန်း သိသွားပြီ။ ဗာလပုဒ်ကတော့ လွတ်သွားပေ့ါ။ ဒါပေမယ့် ဒင်းတို့ တကယ်မမြင်စွမ်းနိုင်တဲ့ မယုံကြည်တဲ့ ငါပိုင်တဲ့ ငါဆိုင်တဲ့ လက်နက်နဲ့ တစ်ခါလှည့်ပတ်အုံးမယ် ဆိုပြီးတော့ အဝိဇ္ဇာခါတ်က လိုက်လာ။ အဲဒီ ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့ ဗုဒ္ဓဘာသာ ဗမာလူမျိုးကျတော့ ဘယ်လက်နက်နဲ့ လှည့်ပတ်ဖုံးကွယ်ထားသလဲဆိုတော့ သေချာကြည့်။ ဋီကာဆရာပြထားတဲ့ ဒုတိယနှစ်ဝိကပ် "အဝိဇ္ဇမာနေ ဇဝါပေတီတိ အဝိဇ္ဇာ" ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇမာနေ၊ ထင်ရှားမရှိသော ပညတ်တရားတွေကို။ အဝိဇ္ဇမာနေ၊ တကယ်မရှိ အဟုတ်မရှိ ထင်ရှားမရှိသော ပညတ်တွေကို။ ဇဝါပေတိ၊ ထင်ရှားရှိတယ်လို့ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အဝိဇ္ဇာခါတ်က လိုက်ပြီးဖုံးပြန်၊ ဘယ်နဲ့ဖုံးတုံး၊ လုံးလုံးကြီး ဘာမှ မရှိသော

http://www.dhammadownload.com

ပါးစပ်ဖျားကထွက်တဲ့ အသံထွက်မျှသာဖြစ်သော မရှိပညတ်တရားကြီးတွေကို အရှိမှတ်အောင် လုပ်တယ်တဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ခုန အန္ဓဗာလနယ်က ကျွတ်လွတ်လာကြတဲ့ ကံ၊ ကံ၏အကျိုး ယုံကြည်တယ်ဆိုတဲ့ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အဝိဇ္ဇာဓာတ်က လိုက်ပြီး ဖုံးကွယ် ပြန်တယ်။ ဒီလက်နက်နဲ့မရ။ ဒီလက်နက်နဲ့ ဖုံးအုပ်မှုပဲဟဲ့။ ဒီလက်နက်နဲ့ ဖျက်ဆီးအုံးမှာပဲလို့ လိုက်လာတော့ ဘာလက်နက်တုံး လုံးလုံးကြီး ပါးစပ်ဖျားကထွက်တဲ့ အသံထွက်ဆိုတဲ့ ပညတ် တရားတွေကို ဘာမှမရှိ တကယ်မရှိ အဟုတ်မရှိတဲ့ ပညတ်တရားတွေ အဟုတ်ရှိတယ်လို့ အမှတ် ခိုင်းတယ်။ အယူခိုင်းတယ် အသိခိုင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ပါးစပ်က ထွက်တယ်။

ငါ သူ တစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နတ် ဗြဟ္မာ ခွေး ဝက် ကြက် ငှက် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ် နေလ နက္ခတ်တာရာ ဘုံဗိမာန် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပါးစပ်က ထွက်တာတွေ မဟုတ်လား (ပါးစပ်က ထွက်တာတွေ ပါဆရာ)၊ တကယ်ရှိရဲ့လား (မရှိပါဘူးဆရာ)၊ ဘာတရားတွေတုံး၊ (ပရမတ်တရားတွေပါဆရာ)၊ ဟော ဟော ကျားကိုက်တော့မှာ ကျားကိုက်တော့မှာ မင်း (ပညတ်တရားတွေပါဆရာ)၊ ဘယ်လို ဖြစ်လာမှန်းကို ငါမသိပါဘူး။ ပညတ်တရားတွေလား (မှန်ပါတယ်ဆရာ)၊ ဘာမှ မရှိဘူးပေါ့။ (ဘာမှ မရှိပါဘူးဆရာ)၊ ပါးစပ်ဖျားကထွက်တဲ့ အသံထွက်လား (မှန်ပါတယ်ဆရာ)၊ အသံထွက်ရဲ့နောက်ကွယ် တကယ် ရှာကြည့်တော့ ဘာမှမရှိဘူးမဟုတ်လား (ဘာမှမရှိပါဘူးဆရာ)၊ ပညတ်တရားတွေလား (မှန်ပါတယ် ဆရာ)၊ ဒါပေမယ့် စောစောက ငါပြောထားတဲ့ အဝိဇ္ဇာရဲ့ နံပါတ်တစ်လက်နက်အတွင်းက ဇွတ်အတင်း ရုန်းထွက်လာလို့ လွတ်လာတယ် ဆိုတဲ့ ဆယ်သန်းမျှသော ဗုဒ္ဓဘာသာ အမည်ခံကြတဲ့ ဗမာလူမျိုး တွေထဲမှာ အခုပြောထားတဲ့ ဝါဒနဲ့နေတာ။ ဘယ်လောက်လဲဆိုတော့ တစ်ရာမှာ ကိုးဆယ့်နဲ့ ကိုးယောက်ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်တွေက ဟောတယ်။ ငါ သူ တစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နတ် လူ ဗြဟ္မာ အသက်လိပ်ပြာ တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ နေလ နက္ခတ်တာရာ အဖြာဖြာ တို့သည် ပါးစပ်ကထွက်တဲ့ အသံထွက် ဒါပညတ်တရားတွေ လုံးလုံးမရှိ။ ဒီလို မဟောဘူးလား (ဟောပါတယ်ဆရာ)။

"မိုဟ်"ဆိုတဲ့ စကားလုံးအဓိပ္ပာယ်

ဒါပေမယ့် တစ်ရာမှာ ကိုးဆယ့်နဲ့ကိုးယောက်က ဘယ့်နဲ့ပြော။ ရှိတယ်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကော ဟုတ်ရဲ့လားဟ (မှန်ပါတယ်ဆရာ)၊ အဲဒါတွေမှ ရှိတယ်၊ ငါရှိတယ်၊

လူရှိတယ်၊ နတ်ရှိတယ်၊ ဗြဟ္မာရှိတယ်၊ ယောက်ျား မိန်းမရှိတယ်၊ အသက်လိပ်ပြာ ရှိတယ်၊ တောတောင် ရေ မြေ သမုဒ္ဒရာ ရှိတယ်၊ ဒါတွေ တကယ်ရှိတယ်။ မယူဘူးလား (ယူပါတယ်ဆရာ)၊ လူတစ်ရာမှာ ဘယ်လောက်များ (ကိုးဆယ့်နဲ့ ကိုးယောက်ပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မှားနေဘူးလား (မှားနေပါတယ်ဆရာ)၊ လုံးလုံးမရှိတဲ့ အဝိဇ္ဇမာန ခေါ်ထားသော ပညတ်တရားတွေကို လုံးလုံးရှိပါတယ်လို့ ဖွတ်အတင်း ငြင်းပြီးယူထား၊ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ဒါဘယ်သူခိုင်းထားတာတုံး (အဝိဇ္ဇာက ခိုင်းထားတာပါဆရာ)၊ အဝိဇ္ဇာက ခိုင်းထားတာနော် (မှန်ပါတယ်ဆရာ)၊ အမှန်မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)၊ မိုဟ်လာတာလို့ မိုဟ်လိုက်တာဆိုတာ တော်တော်ရင့်သီးတယ်နော် (မှန်ပါတယ်ဆရာ)၊ မိုက်တယ်ဆိုတာ ဘာတုံး (ခွေးပါဆရာ)၊ ဟောဗျာ-ဒါနင်ပြောတာငါပြောတာ မဟုတ်ဘူး။ မိုဟ်လိုက်တာ တော်တော်ကို မိုဟ်တဲ့အကောင်၊ မိုဟ်တဲ့အထဲ ထပ်မိုဟ်တယ်၊ “မိုဟ်” တဲ့အဓိပ္ပါယ်ဆိုတာ ဘာတုံးပြောတယ် ဟိုနောက်နားက ငါပြောတာပဲ လုံးလုံးမမှတ်မိဘူး။ မိုဟ်ရေးတော့ ဘယ်နဲ့ရေး (မလုံးကြီးတင် တစ်ချောင်းငင် ဟသတ်မိုဟ်ပါဆရာ)၊ ဟော - မြင်လား။ အဲဒါ နင်နင် မလုံးကြီးတင် တစ်ချောင်းငင် ဟသတ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မိုဟ်လို့ ဒီလိုဖတ်ရတယ်။ ဒါ ပါဠိပျက်ခေါ်တယ်။ မောဟပုဒ်က လာတာ။ မိုဟ်လိုက်တာဆိုတာ မသိတာခေါ်တယ်။ မဟုတ်လား (မှန်ပါတယ်ဆရာ)။

မဲတယ်ဆိုတာကရော (မှောင်တာပါဆရာ)၊ ဟောဗျာ တော်တော့်ကို ခက်တဲ့ ကောင်ဟေ့၊ မိုက်တာရယ် မဲတာရယ် မှောင်တာရယ် ဘာထူးတုံး (အတူတူပါပဲဆရာ)၊ ဘာမှ မမြင်မသိဘူး မဟုတ်လား အဓိပ္ပါယ်က (မသိပါဘူးဆရာ)၊ မှောင်မိုဟ်လိုက်တာကွာ။ မှောင်တာနဲ့ မိုဟ်တာ ဘာထူး (မထူးပါဘူးဆရာ)၊ မမြင်တာ ပြောတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှောင်မိုဟ်လိုက်တာကွာ၊ မှောင်တာနဲ့မိုဟ်တာ ဘာထူး (မထူးပါဘူးဆရာ)၊ မမြင်တာ ပြောတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှောင်လိုက်တာ မဲလို့ ဘာထူးတုံး (မထူးပါဘူးဆရာ)။ ဘာပြောတာတုံး (မသိတာပါဆရာ)၊ မမြင်တာ ပြောတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အရပ်ထဲမှာ နက်နက်နဲနဲပြောတော့ တော်တော့်ကို မိုဟ်မဲတွေဝေတဲ့ကောင် နောက်က တွေဝေတောင် ဆင့်လိုက်သေး တွေဝေတယ်တဲ့။ တော်တော့ကို မိုဟ်မဲတဲ့အကောင်။ ဒါလေးလေးနက်နက်ဖြစ်သွားအောင် ပြောတဲ့စကားနော် (မှန်ပါတယ်ဆရာ)၊ တော်တော့ကို မိုက်မဲတဲ့အကောင်။ ဒါဖြင့် မိုဟ်တာနဲ့မဲတာ ဘာထူး (မထူးပါဘူးဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါလေးက ပါဠိပျက်အနေအားဖြင့် သုံးထားလို့ မိုဟ်တယ်။ ဒါပေမယ့် အရပ်ထဲ မိုဟ်တယ်လို့ ပြောလိုက်ရင် အင်မတန် ရင့်သီးတယ် မဟုတ်လား (ရင့်သီးပါတယ်ဆရာ)၊ တော်တော့ကို မသိတတ်တဲ့လူပဲ။ မောဟ မောဟနော် (မှန်ပါတယ်ဆရာ)၊ မောဟဖုံးထားတယ်တဲ့ မိုဟ်မဲတွေဝေတယ်တဲ့။

http://www.dhammadownload.com

ဒါကြောင့် မိုဟ်တယ် မဲတယ် မှောင်တယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာမှ မထူးဘူး။ ဒါကြောင့် မောဟပုဒ်ပျက်မို့ မိုဟ်တာကို မလုံးကြီးတင် တစ်ချောင်းငင် ဟသတ် ဒီလို ရေးရတယ်။ မိုဟ်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ မင်းပြောတဲ့ ကကြီးသတ်တို့ကြတော့ တစ်မိုက်ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်မိုက်တစ်ထွာဆိုတဲ့ မိုက်မျိုးကျတော့ က်သတ်ပြီးရော့၊ မိုဟ်မည်း တွေဝေ တယ်ဆိုတဲ့ နေရာကြတော့ မသိခြင်းအနက်အဓိပ္ပါယ် ဟောထားတဲ့ မောဟပုဒ်ပျက်၊ မလုံးကြီးတင် တစ်ချောင်းငင် ကိုင်ပြီးတော့ ဟသတ်ရေး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ မှတ်ထား။ ဒါဖြင့်ရင် အခုပြောတဲ့ အဝိဇ္ဇမာန ခေါ်ထားသော လုံးလုံးမရှိ ဘာမှ မရှိသော ပါးစပ်က ထွက်တဲ့ အသံထွက်မျှသာ သက်သက်ဖြစ်သောဆိုတဲ့ ပညတ်တရားတွေကိုတဲ့ ဒါတွေမှ ရှိတယ်ဟဲ့။ ဒါတွေမှ ဟုတ်တယ်ဟဲ့၊ ဒါတွေမှ မှန်တယ်ဟဲ့၊ သန်သန်ကြီး စွဲမြဲယုံကြည်နေတဲ့ လူစားတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ရာဘယ်လောက်ရှိ (ကိုးဆယ့်နဲ့ကိုးယောက်ပါဆရာ)၊ အဲဒါ တို့ကံ, ကံ၏အကျိုး ယုံကြည်နေတဲ့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ ဒီထဲက မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ရာ ကိုးဆယ်နဲ့ကိုးနော် (မှန်ပါတယ်ဆရာ)၊ သေချာစဉ်းစားနော်၊ ဟုတ်လား မဟုတ်လားလို့။ ဘာမှလည်း မသိဘူး၊ ပညတ်မှန်းလဲ မသိဘူး၊ ပရမတ်မှန်းလည်း မသိဘူး။ ပညတ်ဆိုတာ မရှိတဲ့တရား၊ ပရမတ် ဆိုတာ ရှိတဲ့တရား။ ပရမတ်ဆိုတာ ရုပ်တရား နာမ်တရား ခန္ဓာငါးပါး အစရှိသည်ဖြင့် သဘောသဘာဝ အဓိပ္ပါယ်နဲ့ ကျကျနန သင်ကြားလေ့လာမှုလည်းမရှိ တစ်လုံးမှလည်း မပြတ်သားရော ကြိတ်။ ငါရှိတယ်၊ သူရှိတယ်၊ ပုဂ္ဂိုလ်ရှိတယ်၊ သတ္တဝါရှိတယ်၊ အသက်လိပ်ပြာရှိတယ်၊ တော တောင် ရေ မြေ သမုဒ္ဒရာ ရှိတယ်၊ ဒါပဲ သန်သန်ကြီးယူနေ။

အဲဒါ ဘာတွေတုံးတဲ့၊ လက်စသတ်တော့ ခု ဋီကာဆရာပြတဲ့ အနေအားဖြင့် အဝိဇ္ဇမာန ခေါ်ထားသော လုံးလုံးဘာမှ မရှိတဲ့တရားတွေကိုတော့ အဝိဇ္ဇမာနအနေအားဖြင့် ရှိတယ်လို့ ယူထား တယ်တဲ့။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ဘယ်သူက ခိုင်းတာတုံး (အဝိဇ္ဇာခတ်ကြီးက ခိုင်းနေ တာပါဆရာ)၊ အေး-အဝိဇ္ဇာခတ်ကြီးက ခိုင်းနေ။ အဝိဇ္ဇာခတ်ခိုင်းတိုင်း သူကမဆိုင်းဘဲ ယူနေတာ မဟုတ်လား (ယူပါတယ်ဆရာ)၊ ဒါကြောင့် အမှတ်အားဖြင့်လည်း မှားတယ်။ အသိအားဖြင့် လည်း မှားတယ်။ အယူအားဖြင့်လည်း မှားတယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်မှားထဲ မှားနေတယ်တဲ့။ အင်မတန် ကြောက်စရာကောင်း။ ဒါပဲလားဆိုတော့ မဟုတ်သေးဘူး။ တစ်ခါလာပြန်ပြီ "ဝိဇ္ဇမာနေ န ဇဝါပေတီတိ အဝိဇ္ဇာ"လို့ တကယ်ထင်ရှားရှိသော အဟုတ်ရှိသော အမှန်ရှိသော ဧကန်ရှိသော ရှိတာမှ လေးလေးနက်နက် ရှိပေးရမယ်နော် (မှန်ပါတယ်ဆရာ)၊ တကယ်ရှိ အဟုတ်ရှိ အမှန်ရှိ ဧကန်ရှိ တထစ်ကျရှိ မုချရှိ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ငါပြောသလို ပြောစမ်း၊ တကယ်ရှိ (တကယ်ရှိ အဟုတ်ရှိ ဧကန်ရှိ မုချရှိပါဆရာ)၊ ဟုတ်ပြီ၊ ဟုတ်ပြီ (တကယ်ကိုရှိ)။

http://www.dhammadownload.com

အော်-ဟုတ်ပြီ၊ ဟုတ်ပြီ ကျန်သေးတယ်၊ တထစ်ကျရှိ (တထစ်ကျရှိ) ဟုတ်ပြီ၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ရုပ်တရား နာမ်တရား နှစ်ပါး ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပရမတ် တရားတွေနော် (မှန်ပါတယ်ဆရာ)၊ သူတို့မှ တကယ်ရှိတာတဲ့ ရုပ်တရား နာမ်တရား၊ ခန္ဓာငါးပါး၊ ဒါပရမတ်အစစ် - အဲ့ဒီလို တကယ်ရှိ အဟုတ်ရှိ ဧကန်ရှိ အမှန်ရှိဆိုတဲ့ တရားတွေကိုတော့ ဒါ ဝိဇ္ဇမာနတရားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တကယ်ရှိတဲ့တရားတွေတဲ့၊ အဲဒီတရားတွေကိုတော့ ဘယ်နဲ့လုပ်ထားသလဲဆိုတော့ "န ဇဝါပေတီတိ အဝိဇ္ဇာ" မရှိဘူး၊ မဟုတ်ဘူး၊ မယုံဘူး၊ မကြိုက်ဘူး ဒီလိုယူတယ်တဲ့။ မယူဘူးလား (ယူနေပါတယ်ဆရာ)၊ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ဘယ်သူက ခိုင်းနေတာတုံး (အဝိဇ္ဇာဓာတ်ကြီးက ခိုင်းနေတာပါဆရာ)၊ အော်-အဝိဇ္ဇာဓာတ်က ခိုင်းနေတာ။ ဒါဖြင့် ကောင်းပါပြီ၊ အဲဒီ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစစ်တွေ တကယ်ရှိတယ်၊ ဧကန် ရှိတယ်ဆိုတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစစ်တွေကို တကယ်ရှိမှန်း မသိ။ တကယ်ဟုတ်မှန်းမသိ။ မရှိဘူး၊ မဟုတ်ဘူး၊ မမှန်ဘူးလို့ ယူဆနေတဲ့ လူမျိုးတွေချည်းပဲ။ စောစောကပြောတဲ့ ဗုဒ္ဓဘာသာ ဗမာလူမျိုးထဲမှာ တစ်ရာမှာ ဘယ်လောက် (ကိုးဆယ့်နဲ့ကိုးယောက်ပါဆရာ)၊ အော်-ကိုးဆယ့်နဲ့ကိုး ယောက်နော် (မှန်ပါတယ်ဆရာ)၊ မနာနဲ့၊ ဒါတွေက တထစ်ချ မှန်တာတွေ။ မနာနဲ့ တစ်ရာမှာ ကိုးဆယ့်ကိုးဆိုတဲ့ အချိုးချိုးပြသလောက် ချိုးဖြစ်သလောက်ကလေး ပြတယ်။ ဒါထက် တိုးလို့ မဖြစ်လို့ ပြရတယ်။ ကြည့် သေချာကြည့်၊ ရုပ်တစ်လုံး နာမ်တစ်လုံး ပြတ်သားနားလည်တဲ့ပုဂ္ဂိုလ် လူတစ်ရာမှာ တကယ်ပြတ်သားတဲ့ပုဂ္ဂိုလ် လူတစ်ရာ ဘယ်လောက်ရှိ (ကိုးဆယ့်နဲ့ကိုးယောက်ပါဆရာ)၊ မင်းက ဘာတွေနားထောင်နေမှန်းကို မသိဘူး။

ရုပ်တစ်လုံး၊ နာမ်တစ်လုံးကို ပရမတ်သဘောထိအောင် ပြတ်သားနားလည်တဲ့ ပုဂ္ဂိုလ်သည် လူငါးစ်ရာ ဘယ်လောက်ရှိ (တစ်ယောက်မှ မရှိပါဘူးဆရာ)၊ ဟောဗျာ- ဒါဖြင့် နင်လည်း အလကား ကောင်ပေ့ါ၊ နင်လည်း အလကားကောင်ပေ့ါ၊ ငါ့ညာနေတာပေ့ါ။ လူတစ်ရာမှာ တစ်ယောက်လောက် ရှိတယ်။ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုးဆယ့်ကိုးယောက် သိရဲ့လား (မသိပါဘူးဆရာ)၊ နည်းနည်းလေး ဟိုဘက် ဒီဘက် လှည့်မေးကြည့်လိုက်ရင် သူ ကိုးရိုးကားရား ဖြစ်ကုန်ပေ့ါ။ ဟုတ်ရဲ့လား ငါပြောတာ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာဓာတ်က စောစောက နံပါတ်တစ် ဆိုတဲ့ အန္ဓဗာလ ပုထုဇဉ်က အတင်းဇွတ်ရုန်းပြီးတော့ လုံးလုံးကြီး လွတ်လာကြတယ်ဆိုတဲ့ ကံ, ကံ၏အကျိုး ယုံ ကြည်တယ်။

ဒုစရိုက် ဒုစရိုက်မှန်းသိတယ်။ သုစရိုက် သုစရိုက်မှန်း သိတယ်။ မလုပ်ကောင်းတဲ့ တရားတွေ မလုပ်ကောင်းမှန်း သိတယ်။ လုပ်ကောင်းတဲ့ တရားတွေ လုပ်ကောင်းမှန်းသိတယ် ဆိုတဲ့ လူစွာလုပ်ပြီး

http://www.dhammadownload.com

ထွက်လာတဲ့ ကံ, ကံ၏အကျိုး ယုံကြည်ပါတယ်ဆိုတဲ့ တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အဝိဇ္ဇာဓာတ်က မကျေနပ်တဲ့ အနေအားဖြင့် နောက်ထပ်ပြီးတော့ ဖုံးကွယ်ထားတဲ့ လက်နက်ကြီး တစ်မျိုး ဘာနဲ့ဖုံးကွယ်ထားတုံး။ အဝိဇ္ဇမာန ခေါ်ထားသော တကယ်မရှိ အဟုတ်မရှိ ဧကန်မရှိသော ပါးစပ်ဖျားက မထပ်မနား ထွက်နေတဲ့ အသံထွက်ခေါ်ထားတဲ့ ပညတ်တရားတွေ ရှိတယ်။ ဟုတ်တယ် မှန်တယ်လို့ ယူဆအောင် ဖုံးကွယ်ခြင်း တစ်ချက် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပဲလား မဟုတ်သေးဘူး။ တကယ်ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားတို့ကို လုံးလုံးမရှိဘူး မဟုတ်ဘူးလို့ ယူဆခြင်းတစ်ချက် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နှစ်မျိုးလုံး မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ မြန်မာလို ရှင်းရှင်းလေးပြန်ပြော။ တို့သင်တန်းသားများ နောက်နားက ပြခဲ့တဲ့အတိုင်း ပညတ် ပရမတ် ခွဲခဲ့တဲ့အတိုင်း မရှိသောပညတ်ကိုတော့ အရှိမှတ်တယ်၊ ရှိသော ပရမတ်ကိုတော့ မရှိ မှတ်တယ်။ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ ပညတ် ပရမတ်တရား နှစ်ပါးလုံးမှားလို့ မရှိသော ပညတ်တရားကို ရှိတယ်လို့ မှတ်တယ်။ ရှိတဲ့ ပရမတ် တရားကိုတော့ မရှိဘူးလို့ မှတ်တယ်။ မှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ အဲဒီလို အမှတ်နှစ်မျိုးလုံး မှားနေတာဟာ တို့ဗုဒ္ဓဘာသာ ဗမာလူမျိုး ထဲမှာ လူတစ်ရာ ဘယ်လောက်ရှိ (ကိုးဆယ်နဲ့ကိုးယောက်ပါဆရာ)၊ အေးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါချိုးဖြစ်အောင် တစ်ယောက်နဲ့ ချိုးထားတာ။ ငါတော့ လုံးလုံးကြီး ဟိုဘက်ကတောင် အားသာနေမယ် ထင်တယ်။ ဒီလောက်များနေ ဘာပြုလို့တုံး။ တို့ပစ္စက္ကူ လူဦးရေနဲ့က ကြည့်စမ်းပါလား။ ပစ္စက္ကူလူဦးရေ ဘယ်လောက်များသိလား (မသိပါဘူးဆရာ)၊ ဟင် နှစ်သောင်း ကျော်ကျော်လောက် ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီသင်တန်းတက်ပြီးတော့ ရုပ်တရား နာမ်တရား ခန္ဓာငါးပါး ပရမတ်အားဖြင့် ပြတ်သားနားလည်တဲ့ ပုဂ္ဂိုလ်က ဘယ်လောက်ရှိ (သုံးထောင်ကျော် လောက်ရှိပါတယ်ဆရာ)၊ သုံးထောင်ကျော်လောက်ရှိ (မှန်ပါတယ်ဆရာ)၊ ထားပါတော့။

မင်းဥစ္စာ သင်တန်းက ဆင်းပြီးသား ပုဂ္ဂိုလ်တွေ မထည့်ဘူးကွနော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့တုံး စိတ်နာ (မပြောတတ်ဘူးဆရာ)၊ မပြောတတ်ဘူး အောင်မယ် မင်းပြောတာ မပြောတတ်ဘူးတဲ့။ ခုနစ်ထောင် ရှစ်ထောင်ရှိသွားပြီ။ တစ်သောင်းနီးပါးလောက် ရှိသွားပါပြီကွာနော် (မှန်ပါတယ် ဆရာ)၊ မဆိုးပါဘူး။ ဒါကြောင့် တွက်ကြည့် တွက်ကြည့် အင်မတန် နည်းပါတယ်လို့ ပတ်ဝန်းကျင် အဲဒီ ပုဂ္ဂိုလ်မျိုးကြတော့ ဘာခေါ်သလဲဆိုတော့ အဝိဇ္ဇာဓာတ်က လှည့်ပတ်ထားလို့ မရှိတဲ့တရားကို အရှိမှတ်တယ်။ ရှိတဲ့တရားကို မရှိဘူး၊ မှတ်နေတယ်လို့ အမှတ်မှား အသိမှား အယူမှားဆိုတဲ့ ပုဂ္ဂိုလ် ကျတော့ အန္ဓပုထုဇဉ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်တဲ့သူကျတော့ အန္ဓ ဗာလစာရင်း တစ်ပန်းသာ မသွားဘူးလား (သာလာပါတယ်ဆရာ)၊ အဝိဇ္ဇာလက်တွင်းက တစ်ချက်

http://www.dhammadownload.com

လွတ်ကင်းလာပေ့ါ။ အဝိဇ္ဇာလက်နက်ကြီးတွေ ချိုးဖွဲ့ဖျက်ဆီးပစ်ခဲ့ပေ့ါ။ ဘာတုံးဟ၊ ဒီအရင်တုန်းကတော့ ကံ, ကံ၏အကျိုးတောင် ယုံကြည်ရမှန်း မသိဘူး။ ဒုစရိုက် ဒုစရိုက်မှန်း မသိဘူး။ သုစရိုက်လည်း သုစရိုက်မှန်း မသိဘူး။ ခုတော့ သိပြီ။

သဒ္ဓမ္မဿဝန-သူတော်ကောင်းတွေ ဟောပြောပြသ ဆုံးမတော်မူလို့ မလုပ်ကောင်းတဲ့ တရားလည်း မလုပ်ကောင်းမှန်း သိတယ်။ လုပ်ကောင်းတဲ့ တရားလည်း လုပ်ကောင်းမှန်းသိတယ်။ ကုသိုလ်လည်း ကုသိုလ်မှန်း သိတယ်။ အကုသိုလ်လည်း အကုသိုလ်မှန်း သိတယ်။ အန္ဓဗာလက ကျွတ်ခဲ့လွတ်ခဲ့ပေ့ါ။ အန္ဓဗာလက ကျွတ်လွတ်လာတော့ တစ်ဆင့်တော့ လွတ်ခဲ့ပြီ၊ ဒုတိယဆင့်လာမိ။ အဝိဇ္ဇာလက်ချက်နဲ့ မိပြန်ပေ့ါ။ ဘယ်နဲ့မိ။ မရှိတဲ့ ပညတ်တရားတွေ အရှိမှတ်တယ်။ ရှိတဲ့ ပရမတ်တရားတွေကို မရှိဘူး မှတ်တယ်။ မမိဘူးလား (မိနေပါတယ်ဆရာ)၊ မိနေကြတယ်တဲ့။ တစ်ရာမှာ ကိုးဆယ့်ကိုးယောက်မိ။ ဒါဘာခေါ်လဲဆိုတော့ မိစ္ဆာဒိဋ္ဌိခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အယူမဖြူစင်သေးဘူးတဲ့၊ အယူမသန့်ရှင်း မစင်ကြယ်သေးဘူးတဲ့၊ ဒါမိစ္ဆာဒိဋ္ဌိပဲ ရှိသေးတယ်။ မှတ်ထားနော်။ မိစ္ဆာဒိဋ္ဌိတချို့ကနာသေး ဘုရားကိုက မိန့်ကြားသွားတဲ့တရား၊ မရှိသော ပညတ်တရားတွေကို ရှိတယ်လို့ မှတ်ခြင်း၊ ရှိတဲ့ ပရမတ်တရားကို ရှိမှန်း မသိခြင်းသည် ပုဂ္ဂလ သတ္တ အတ္တ ဇီဝ အယူအားဖြင့် နေခြင်းကြောင့် မိစ္ဆာဒိဋ္ဌိအယူတဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေက သွေးက မြင့်တယ်၊ သွေးက ကြီးတယ်။ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါး ကိုးကွယ်ဆည်းကပ်နေတော့ ကိုယ့်ကိုကိုယ်တော့ ငါဗုဒ္ဓဘာသာ မြန်မာလူမျိုး မှန်ကန်တိကျတဲ့ အယူဝါဒကြီးနဲ့ ငါယူနေတော့ ငါသမ္မာဒိဋ္ဌိလူမျိုး ဘာသာခြားလူမျိုးတွေ လက်ညှိုးထိုးကဲ့ရဲ့သူတို့က၊ သူတို့တွေကတော့ မိစ္ဆာကောင်တွေ မိစ္ဆာဒိဋ္ဌိတွေ အယူတွေက မှားလို့။ ဘုရားလည်း ဘုရားမှန်း မသိ၊ တရားလည်း တရားမှန်း မသိ၊ သံဃာလည်း သံဃာမှန်းမသိ။ သေသည်၏ အခြားမဲ့ကျတော့ အပါယ်ဘေးပြေးလို့ လွတ်မှာမဟုတ်ဘူး။ အပါယ်ကျမှာတွေ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုကိုယ်ထင်နေတယ် မဟုတ်လား (ထင်ပါတယ်ဆရာ)၊ ထင်သာထင်တယ် သူထင်တဲ့ အတိုင်းလဲ မဟုတ်ပါဘူး။ သူဘာမှ မသိ။

ဘုရားဒကာနှင့်နွားသတ်သမားတို့ရဲ့ဘဝမထူးခြားပုံ

ငါတစ်လောက ဥပမာလေးပြခဲ့တယ် မှတ်မိသေးလား မသိဘူး။ ဘုရားဒကာ ဦးဖြူရယ်၊ နွားအမြဲသတ်နေတဲ့ ကုလားအပ္ပနားရယ် နှစ်မျိုးနော် (မှန်ပါတယ်ဆရာ)၊ အယူတူချင်းတူပုံ ငါပြောတာ၊ နွားသတ်တဲ့ကုလား အပ္ပနားကလည်း နွားသတ်နေ၊ ဘာကံတွေ လုပ်နေ အကုသိုလ်ကံတွေ လုပ်နေ

http://www.dhammadownload.com

တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားဒကာ ဦးဖြူကလည်း ဘုရားပါတည်၊ ဘုရားဒကာ အမည်ခံပြီးတော့ ကောင်းမှုကုသိုလ်ကံလုပ်တယ်။ မဟုတ်လား (လုပ်ပါတယ်ဆရာ)၊ လုပ်တာက ကုသိုလ်ကံနဲ့အကုသိုလ်ကံ၊ အပ္ပနားက အကုသိုလ်ကံလုပ်တယ်၊ ဘုရားဒကာ ဦးဖြူက ကုသိုလ်ကံ လုပ်တယ်၊ ကုသိုလ်ကံလုပ်တာနဲ့ အကုသိုလ်ကံ လုပ်တာနဲ့ မကွာဘူးလားဟ (ကွာပါတယ်ဆရာ)၊ အကုသိုလ်လုပ်တဲ့ အပ္ပနားကတော့ မကောင်းသော အကျိုးတွေ ပေးမယ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံလုပ်တဲ့ ဘုရားဒကာ ဦးဖြူကတော့ ကောင်းတဲ့ အကျိုးတွေ ပေးမယ်လား (မှန်ပါတယ်ဆရာ)၊ ဒါတော့ ကွာတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါမပမယ့် အယူချင်း မေးကြည့်။

ကုလားအပ္ပနား မေးတယ်၊ ဟေ့-အပ္ပနားဆိုတာ မင်းလား၊ ဟုတ်တယ်၊ အပ္ပနား ရှိလား ရှိတာပေါ့။ ဘယ်သူတုံး၊ ကျုပ်ပေါ့၊ အပ္ပနား မင်းယောက်ျားလား မိန်းမလား ယောက်ျားပေါ့။ မင်းလူလား ခွေးလား လူပေါ့၊ ရန်တောင်ဖြစ်လိမ့်ဦးမယ်။ ပြောဘူးလားဟ (ပြောပါတယ်ဆရာ)၊ သူ့ကိုယ်သူ ငါကုလား အပ္ပနား ငါလူကောင် ငါယောက်ျား ငါပုဂ္ဂိုလ် သတ္တဝါ ငါအသက်လိပ်ပြာနဲ့ ယုံကြည်ဘူးလား (ယုံကြည် ပါတယ်ဆရာ)၊ ဘာအယူတုံး (မိစ္ဆာဒိဋ္ဌိအယူပါဆရာ)၊ မှတ်ထား ခုနပြောတဲ့ ဘုရားဒကာ ဦးဖြူ ရုပ်တစ်လုံး နာမ်တစ်လုံးမှလည်း မသိ။ ဘာမှလည်း နားမလည်ရှာဘူး။ ကုသိုလ်သာကုန်းလုပ်နေ ဘုရာဒကာကြီး ခင်မျာ ဘုရားဒကာ ဦးဖြူဆိုတာ ခင်ဗျားပဲလား၊ ဟုတ်တယ်၊ ဦးဖြူဆိုတာ ငါပေါ့။ ရှိတာပေါ့ ငုတ်တုတ်ကြီး မြင်ဘူးလား။ ဦးဖြူဆိုတာ လူလားဟ လူမဟုတ်လို့ ဘာတုံးဟ နော် (မှန် ပါတယ်ဆရာ)၊ တော်တော် ဒေါသကြီးတဲ့ ဘုရားဒကာဆိုရင် ထထိုးမှာ ယောက်ျားလား ဟာ-ဘုရား ဒကာပါဆိုမှ ယောက်ျားလားလို့ မိုက်တဲ့ကောင်နော် (မှန်ပါတယ်ဆရာ)၊ ယောက်ျားပေါ့။ ပုဂ္ဂိုလ် သတ္တဝါကောင် ဟုတ်ရဲ့လား ဟုတ်တာပေါ့ဟ။ ရှိလို့ ငုတ်တုတ်ကြီးပေါ့။ ဒီလို မဟုတ်ဘူးလား (မှန် ပါတယ်ဆရာ)၊ ဒါဖြင့် ဘုရားဒကာ ဦးဖြူမှာ အသက်လိပ်ပြာနဲ့လား ဟ-အသက်လိပ်ပြာရှိနေလို့ ရှင်နေတာပေါ့။ နို့မို့ရင် သေမှာပေါ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ပုဂ္ဂလ သတ္တ အတ္တဇီဝအယူ သူယူနေတယ် မဟုတ်လား (ယူပါတယ်ဆရာ)၊ သူ့အယူက ဘာအယူတုံး (မိစ္ဆာဒိဋ္ဌိပါပဲဆရာ)၊ အပ္ပနားနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ အဲဒီလို ပြောတော့ ဆတ်ဆတ်ခါ အောင် နာတယ်။ ငါဘုရားဒကာမှ စောင်းပြောတာ မဟုတ်ဘူး။ တည့်တည့်ပြောတာနော် (မှန်ပါတယ် ဆရာ)၊ အဲဒီလို ပြောတော့ ဆတ်ဆတ်ခါအောင် နာတယ်လို့ မဟုတ်ဘူးလားဆိုတော့ မငြင်းနိုင်ဘူး။ တူဘူးလား (အတူတူပါပဲဆရာ)၊ ကုသိုလ်ကံ အကုသိုလ်ကံလုပ်နေတာ ငါပြောနေတာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်လုပ်တဲ့လူက ကောင်းကျိုးချမ်းသာပေးမယ်။ အကုသိုလ်လုပ်တဲ့လူက မကောင်းတဲ့ အကျိုးတွေ ပေးမယ်။ ဒါ သူ့လမ်းနဲ့ သူသွား။

http://www.dhammadownload.com

ဒါပေမယ့် အယူမဖြူစင်တာ၊ အယူတူတာ ငါပြောတယ်။ အပ္ပနားမေးလည်း ပုဂ္ဂလ သတ္တ အတ္တဇီဝ အယူနဲ့ပဲ၊ ဘုရားဒကာ ဦးဖြူမေးလည်း ပုဂ္ဂလ သတ္တ အတ္တဇီဝ ဆိုတဲ့ အယူနဲ့ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အယူချင်း ထူးသေးလားဟ (မထူးပါဘူးဆရာ)၊ မှတ်ထား မှတ်ထား။ ဒါပေမယ့် တို့ဗုဒ္ဓဘာသာ ဗမာလူမျိုးက လက်ညှိုးကလေး ငေါက်ငေါက် ထိုးထိုးပြီး ကဲ့ရဲ့နေ။ ဟာ မိစ္ဆာ ကောင်တွေမြင်လား၊ သေရင်အပါယ်သွားမှာ၊ အပါယ်စာတွေ မိစ္ဆာကောင်တွေ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူများလက်ညှိုးတစ်ချောင်းထိုးက လက်ညှိုးသုံးတန် ကိုယ်သို့ပြန်၏။ သူများ လက်ညှိုးတစ်ချောင်းထိုးပြီးတော့ မင်းထိုးကြည့်စမ်းဟ။ လက်ညှိုးသုံးချောင်းက ဘယ်ပြန်နေ (ကိုယ့်ကိုကိုယ် ပြန်နေပါတယ်ဆရာ)။ အဲဒီလို အထိုးခံနေရတဲ့ကောင်နဲ့ မင်းက သုံးဆပိုမိုက်တယ် တဲ့နော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ သွေးကြီးနေတာ။ သူ့ကြည့်တော့လည်း ရုပ်တစ်လုံး နာမ်တစ်လုံး မပြတ်သားဘူး။

အန္ဓပုထုဇဉ် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ဘယ်သူက ခိုင်းသလဲ မေးတော့ ဘယ်သူ့မှ အပြစ်မတင်နဲ့ ဆရာသမားလည်း အပြစ်မတင်နဲ့။ ငါ့ဆရာသမား မဆိုမဆုံးမလို့၊ မသွန်သင်လို့ မိဘ ဉာတိ အုပ်ထိန်းသူများက မပြောကြားလို့ ငါဒီမိုက်မဲရလေခြင်းလို့ အပြစ်မတင်နဲ့၊ ဘယ်သူ့လက် ချက်တုံး (အဝိဇ္ဇာလက်ချက်ပါဆရာ)၊ အေး-မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ သက်သေ ခံထား၊ သူ့နာမည် သူမြှုပ်ပါတယ်၊ သူ့ဘက်က ကြည့်စမ်းတဲ့၊ "အဝိဇ္ဇမာနေ န ဇဝါပေတီတိ အဝိဇ္ဇာ"၊ ငါ့ဘာမှတ်လို့လဲတဲ့။ ငါ့နာမည် သေချာကြည့် အဝိဇ္ဇမာနေ၊ ထင်ရှားမရှိသော ပါးစပ်ဖျားက ထွက်တဲ့ ပညတ်ဆိုတဲ့ အသံထွက် တရားတွေ။ ဇဝါပေတိ၊ တကယ်ရှိ အဟုတ်ရှိ အမှန်ရှိ ဧကန်ရှိဆိုတဲ့ အရှိ မျိုးကို ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်လည်း ငါဟာ အဝိဇ္ဇာ၊ အဝိဇ္ဇာ ခေါ်တယ်တဲ့၊ သူ့သတ္တိကိုကွနော်၊ ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ)၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ် ဆရာ)၊ အဝိဇ္ဇာဒဏ်ချက် သက်သက်ငုံ့ခံနေကြရတာ ဘာမှ မသိကြဘူး။ အန္ဓပုထုဇဉ် အကန်းပုထုဇဉ် ခေါ်တယ်။ ဒါပဲလားဆိုတော့ မဟုတ်သေးဘူး။ တစ်ဆင့်မှားပြန်ပေါ့။ "အဝိဇ္ဇမာနေ န ဇဝါပေတီတိ အဝိဇ္ဇာ" တဲ့၊ တကယ်ရှိ အဟုတ်ရှိ ဧကန်ရှိ အမှန်ရှိ ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ် ခေါ်ထားတဲ့ ပရမတ်တရားတွေကျတော့ မရှိဘူး မယုံဘူး မကြိုက်ဘူးတဲ့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့်လည်းပဲ ငါဟာ အဝိဇ္ဇာတဲ့၊ အဝိဇ္ဇာက ငါ့သတ္တိ၊ ငါ့လက်ချက်တဲ့၊ ငါ့လက်နက်တဲ့၊ ငါ့အစွမ်း၊ ငါ့သတ္တိတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဓာတ်က အဲဒီ လက်နက်ကောင်းနှစ်ခုနဲ့ လုံးလုံးကြီး ဖုံးဖိကာကွယ်ထားတော့ မြင်သေးရဲ့လားဟ (မမြင်ပါဘူးဆရာ)၊ မမြင်တော့ အန္ဓဖြစ်ရှာ နော် (မှန်ပါတယ်ဆရာ)၊ သံသရာက ကျွတ်ဖို့ ထွက်ဖို့ ခဲယဉ်း။ အဲဒီ အယူကြီးမဖြူစင်လို့ မိစ္ဆာဘဝ

http://www.dhammadownload.com

တက်လှမ်းနေသမျှ ကာလပတ်လုံး ဘယ်တော့မှ တစ်မင်္ဂ တစ်ဖိုလ် မရဘူးဆိုတာ တထစ်ချမှတ်ထား။ မိစ္ဆာဒိဋ္ဌိအယူနဲ့နေတယ်၊ မိစ္ဆာဒိဋ္ဌိအသိနဲ့ နေတယ်။ မိစ္ဆာဒိဋ္ဌိ အမှတ်နဲ့နေတယ်။ ဒါပေမယ့် တို့ရဲ့ လူတွေက ငါခုနပြောတဲ့ မိစ္ဆာဒိဋ္ဌိဆိုလိုက်ရင် ဘာသာခြားလူတွေ မျက်ခွက်ကွက်ခနဲ မြင်လိုက်ရင် ဒီလို ဖြစ်နေ ဟုတ်လား။ ကိုယ့်ကိုကိုယ်တော့ သမ္မာဒိဋ္ဌိ ထင်လို့ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ မထင်နဲ့ မထင်နဲ့ ခုန အပွနားနဲ့ဦးဖြူသာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ အလွယ်လေး မထင်နဲ့လို့။

ဒါကြောင့် ဒီအယူ မဖြူစင်သမျှ ကာလပတ်လုံး ဘယ်တော့မှ တစ်မင်္ဂ တစ်ဖိုလ် မရဘူးဆိုတာ မှတ်ထား။ ဘာပြုလို့တုံး၊ ဒီမိစ္ဆာဒိဋ္ဌိ ကိလေသာခေါ်ထားတဲ့ တရားကိုယ်က မင်္ဂကို တားထားတာ။ သူ့ကြောင့်မရတာ။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ အန္ဓပုထုဇဉ်ခေါ်ဘယ်နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာလက်နက်ကောင်းကြီးတွေနဲ့ ပိတ်ပင်ကာဆီးထားလိုက်တာ၊ အန္ဓဗာလ ပုထုဇဉ် ဘဝနဲ့ နေကြ၊ ဒါထက် လူကျင့် လူကောင်းလုပ်ပြီးတော့ အဝိဇ္ဇာလက်တွင်းက လွတ်ကင်းအောင် ရုန်းပါ့မယ်ဆို အတင်းရုန်းလိုက်တော့ သဒ္ဓမ္မဿဝန ဆရာကောင်းနဲ့ ပေါင်းခဲ့လို့ သူတော်ကောင်း တရားနာကြားရတော့ တစ်အချက်က လွတ်ထွက်၊ နှစ်အချက်နဲ့ လာမိပြန်ပေါ့။ မိဘူးလား (မိပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်ဘဝနဲ့ နေကြတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မွေးလာကတည်းက အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာ။ သေတော့ အန္ဓပုထုဇဉ်ဘဝနဲ့ သေ။ ဘယ်တော့မှ သံသရာဝဋ်အတွင်းက လွတ်ကင်းမှာ မဟုတ်ဘူး။ ၎င်းပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ကြီးလည်း အဆက်ဖြတ်လို့ ရမှာမဟုတ်ဘူးတဲ့။ သံသရာချစ်ရင်လည်း နေကြပေါ့။ တကယ် သံသရာ တွင်းက လွတ်ကင်းချင်တယ်ဆိုလို့ရှိရင် မှတ်မှတ်သားသား ယူကြ။ ဒီလိုလုပ်မှ ကျွတ်မှာပါလား။ ဒီလိုလုပ်မှ သံသရာစက်ရဟတ်ကြီး အဆက်ပြတ်မှာပါလားဆိုတာ မှတ်လည်းထား။ သံသရာထဲ ပျော်ချင်တယ်ဆိုတဲ့ လူများကနေ အေးအေးချမ်းချမ်းနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘယ်နဲ့ ဖြစ် သွားတယ်။ အန္ဓဗာလပုထုဇဉ်၊ အန္ဓပုထုဇဉ်၊ အန္ဓဗာလကနေတစ်ဆင့် ကြိုးစားလိုက်တော့ အန္ဓပုထုဇဉ်ဖြစ်ကရောနော် (မှန်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်ဖြစ်တော့ မရှိသော ပညတ်တရားတွေ အရှိမှတ်။ ရှိတဲ့ပရမတ်တွေ မရှိဘူး မှတ်လို့ ဒီတိုင်းနေရတယ်။ မင်္ဂတားဆီးထားတဲ့ မိစ္ဆာဒိဋ္ဌိခေါ်ထားတဲ့။ အယူဝါဒနဲ့ နေရော့၊ ဒီတိုင်းနေ ဒီတိုင်းသေမှာ ဘာမှ မထူးဘူး။ ဒီတိုင်းနေလို့တော့ ငါမတော်ဘူးဟ။ သာသနာကြီးနဲ့ ကြုံတဲ့တွေ့တဲ့အခါဖြင့် ဆရာကောင်း ငါရှာပြီးတော့ မှီဝဲဆည်းကပ်မယ်၊ အားကိုး လောက်တဲ့ တရားကောင်းတစ်ခု ငါရှာမယ်ဆိုတဲ့အနေအားဖြင့် ရှာလိုက်တော့ သပ္ပုရိသသံသေဝ- သူတော်ကောင်းတွေပေါ့နော် (မှန်ပါတယ်ဆရာ)၊ သူတော်ကောင်းတွေဆိုတာ တခြားဟုတ်ပါဘူး။ ဘုရားနား အမြဲကပ်ပြီးတော့ အမြဲရှိခိုးနေတဲ့ လူပြောတာ မဟုတ်ဘူး။ ဒါကြီးသူတော်ကောင်း

http://www.dhammadownload.com

မှတ်မနေနဲ့နော် (မှန်ပါတယ်ဆရာ)၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရား ထင်ရှားရှိတဲ့ သဘာဝတွေ ချပြီးတော့ ကျကျနန ပြတတ်တဲ့လူကို သူတော်ကောင်းလို့ ပြောတာနော် (မှန်ပါတယ်ဆရာ)၊ သပ္ပုရိသ သံသေဝ-သူတော်ကောင်း တွေ့အောင်ရှာ၊ တွေ့တော့ သူတော်ကောင်း မှီဝဲတဲ့ မှီဝဲဆည်းကပ်တော့ ဘာဖြစ်။

သူတော်ကောင်းက ပြောလိမ့်မယ်တဲ့။ ဟောဒါ ရုပ်တရားဟဲ့၊ ဒါက နာမ်တရားဟဲ့၊ ရုပ်ဓာတ်ဆိုတာ ဘယ်လို သဘောလက္ခဏာ ရှိတယ်။ နာမ်ဓာတ်ဆိုတာ ဘယ်လို သဘောလက္ခဏာ ရှိတယ်ဟဲ့နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး ဆိုတာ ဒါခေါ်တယ်တဲ့။ အာယတန ဓာတ်ဆိုတာ ဒီလိုဟဲ့။ ပြီးတော့မှ ပြတ်သားနားလည်၊ သင်ကြားတတ်မြောက် လိမ္မာလာတော့ ကိုယ့်ကိုကိုယ် ပြန်ကြည့်။ မင်းကိုယ် ဘာရှိသလဲ၊ ဟာ-ရုပ်တရား နာမ်တရား နှစ်ပါးရှိပါ့ပဲ သိမလာဘူးလား (သိလာပါတယ်ဆရာ)၊ သိလာရင်ပဲ စောစောက အဝိဇ္ဇာဖုံးကွယ်ထားတယ်ဆိုတဲ့ အန္ဓပုထုဇဉ်ဘဝကို ကွင်းလုံးကျွတ် လွတ်မလာဘူးလား (လွတ်လာပါတယ်ဆရာ)၊ လွတ်လာတော့ ဘယ်ဘဝရောက် ကလျာဏပုထုဇဉ်ဖြစ်မလားဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ ရုပ်ဓာတ် နာမ်ဓာတ် ခန္ဓာ အာယတန တို့ကို ပြတ်သားနားလည်သော အသိဉာဏ် ရသွားပြီတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာလက်တွင်းက အတင်းရုန်းလာ လိုက်တာ နှစ်ချက်လွတ်လာပြီ၊ အန္ဓဗာလပုထုဇဉ်ဘဝက လွတ်ခြင်း၊ အန္ဓပုထုဇဉ် ဘဝက လွတ်ခြင်း၊ ကလျာဏလက်တွင်း ရောက်လာပေ့နော် (မှန်ပါတယ်ဆရာ)၊ ကလျာဏအဖြစ် ရောက်လာပြီ။ ဘာပြုလို့ သပ္ပုရိသသံသေဝ-သူတော်ကောင်း ဥပနိဿယ မှီဝဲဆည်းကပ်တာနဲ့ သင်လိုက် ကြားလိုက်တော့ ဒါရုပ်ပဲ၊ ဒါနာမ်ပဲ၊ ဒါခန္ဓာပဲ၊ ဒါအာယတနပဲဆို သူပြတ်သားနားလည်သွား။ ပြတ်သား နားလည်ရုံတင် မဟုတ်ဘူး။

ကိုယ့်ကိုယ်လည်း ပြန်ဆင်ခြင်ကြည့်လိုက်တဲ့ အခါကြတော့ ရုပ်နာမ်ခန္ဓာ အာယတနပဲ ရှိပါ့လား။ သူသိပြီ သိဘူးလား (သိပါတယ်ဆရာ)၊ သိလည်းသိရော့ ကလျာဏပုထုဇဉ်ဖြစ်ကရော့။ အဝိဇ္ဇာက တစ်ပတ်ချင်း တစ်ပတ်ချင်း လျော့လိုက်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ တော်တော့် တော်တဲ့ အကောင်ပဲ၊ တော်တော့်တော်တဲ့လူစားပဲ၊ တော်တော့်တော်တဲ့ ပုဂ္ဂိုလ်ပဲ။ ငါလုံးလုံးကြီး မမြင်အောင် နှစ်ဘက်စလုံး စုံကန်းအောင် ပရမ်းပတာ ဖြစ်ချင်တိုင်းဖြစ်အောင် အနေအားဖြင့် ငါအင်မတန် ကြီးမားသော အဝိဇ္ဇာ အမှောင်ထုကြီးနဲ့ ဖုံးအုပ်ထားတဲ့အထဲက နေပြီးတော့ လုံးလုံးကြီး ရုန်းထွက် ရုန်းထွက်လာလိုက်တာ တစ်ချက်ပြီးတစ်ချက်၊ တစ်ချက်ပြီးတစ်ချက် လွတ်လာလိုက်တာ ခု ကလျာဏ ပုထုဇဉ်အဖြစ်တောင် ရောက်သွားပြီ။ အန္ဓဗာလ ပြန်ဖြစ်ဖို့ ခဲယဉ်းတယ်။ အန္ဓပုထုဇဉ်ဘဝရောက်ဖို့ ခဲယဉ်းလှတယ်။ ဒါပေမယ့် အဝိဇ္ဇာလက်တွင်းက ကွင်းလုံးကျွတ် လွတ်ပြီလားဆိုတော့ မလွတ်ဘူး

http://www.dhammadownload.com

တဲ့နော် (မှန်ပါတယ်ဆရာ)၊ မလွတ်သေးဘူးတဲ့ ဘယ်လို မလွတ်တုံး။ အဝိဇ္ဇာခါတ်က ပြောတယ်။ အေး-အန္ဓဘဝက ကျွတ်အောင် လွတ်အောင် ရုန်းလို့တော့ လွတ်သွားပြီ။ လွတ်သွားပေမယ့် ဒင်းတော့ ငါလက်မလွှတ်နိုင်သေးဘူး။ ဖုံးအုပ်မှ ပိတ်အုံးမှ ကာအုံးမှပဲလို့ ဘာလက်နဲ့ လိုက်လာ၊ ရုပ်ခါတ် နာမ်ခါတ် ခန္ဓာငါး၀ဆိုတဲ့ သဘာဝတွေတော့ သူသိသွားပြီတဲ့ အနက်အဓိပ္ပါယတ္တ။ ကလျာဏပုထုဇဉ် လည်း ဖြစ်သွားပြီတဲ့။ ဒါပေမယ့် နိုင်တဲ့လက်နက်ကောင်းနဲ့ ဖုံးအုံးဖိအုံး၊ ကာအုံး ကွယ်အုံးမှပဲလို့ အဝိဇ္ဇာခါတ်က ဘာနဲ့ ဖုံးဖိကာကွယ်ထားပြန်သလဲဆိုတော့ ရုပ်နာမ်ခန္ဓာသာသိ။ ထိုရုပ်နာမ်ခန္ဓာဆိုတဲ့ သဘာဝသည် ဘာကြောင့် ဖြစ်လာလဲဆိုတော့ အကြောင်းအရင်း မသိအောင် ဖုံးထားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဖုံးထားပြန်ပြီ၊ ကလျာဏနဲ့ နေရှာရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အဲဒီကလျာဏနဲ့ စူဠသောတာပန်ဆိုတာတော့ ညီနဲ့အစ်ကိုပါ၊ မထူးပါဘူး။ ဒါပေမယ့် ဒီအဆင့်အတန်း လေးသာ ခွဲပြထားတာ။ ဟိုကြတော့ တစ်သဘောတည်း ဒီလိုသွား။ ဘာပြုလို့ ကလျာဏဖြစ်ရင် စူဠသောတာပန်က တန်းလို့ကွနော် (မှန်ပါတယ်ဆရာ)၊ မဖြစ်ရင် မနေနိုင်ဘူးကြည့် ကြည့်ဟုတ်လား။ မဟုတ်လားလို့ ခန္ဓာ အာယတန ခါတ် ဆိုတဲ့သဘာဝ မုချဆတ်ဆတ် ပရမတ်အနေအားဖြင့် တတ်မြောက်လိမ္မာသွားရင် ကလျာဏပုထုဇဉ်ဖြစ်တယ်ဆိုတော့ ထိုခန္ဓာ အာယတန ခါတ်တို့၏ ဖြစ်လာသော အကြောင်းအရင်းတရားကို သိမ်းဆည်းနိုင်သွားတယ်။ သိသွားတယ်ဆိုရင် စူဠသောတာ ပန်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ တစ်ဆက်တည်း မနေဘူးလား (တစ်ဆက်တည်းပါဆရာ)၊

ဒါကြောင့် ကလျာဏပုထုဇဉ်ဖြစ်ရင် စူဠသောတာပန် ဖြစ်ပြီးသားဆိုတာ မှတ်ထား။ အေး-ထိုအဝိဇ္ဇာလက်တွင်းက လွတ်ကင်းအောင် ရုန်းတတ်လာလိုက်တာ ခုဘာဖြစ်၊ ကလျာဏပုထုဇဉ်ဖြစ်၊ ကလျာဏ ပုထုဇဉ်ဖြစ်ရုံတင် မကသေးဘူး၊ မရပ်သေးဘူး၊ မဖြတ်သေးဘူး။ သပ္ပုရိသသံသေဝ-သူတော်ကောင်း ဥပနိဿယ-ဆည်းကပ်မှီဝဲပြီးတော့ သင်ကြားတတ်မြောက် လိမ္မာလာတော့ ဘာဖြစ် သလဲဆိုတော့ ထိုခန္ဓာရုပ်နာမ် ခန္ဓာတို့၏ဖြစ်လာသော အကြောင်းရင်းဆိုတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်တောင် မြင်သွားပေါ့။ တက်သွားပေါ့ဆိုတော့ စူဠသောတာပန်ဖြစ်ပြီ ဖြစ်ဘူးလား (ဖြစ်ပါပြီဆရာ)၊ ဒါပေမယ့် အဝိဇ္ဇာက မလျော့ဘူး၊ အလျော့ပေးလို့ မဖြစ်ဘူးဟ။ အလျော့ပေးလို့ မဖြစ်ဘူး။ ဒင်းမသိတဲ့ လက်နက်ကောင်းနဲ့ ဖုံးကွယ်အုံးမှပဲဆိုပြီးတော့ အဝိဇ္ဇာခါတ်က နောက်ထပ်ဖုံးကွယ်ထားတယ်။ ဘာနဲ့ ဖုံးကွယ်ထားတာတုံး။ "ဝေဒိတဗ္ဗံ စတုသစ္စာဒိကံ ဝိဒိတံ န ကရောတီတိ အဝိဇ္ဇာ"။ ဝေဒိကဗ္ဗံ၊ သိအပ် သိသင့်သော (ဝါ) အရိယာပုဂ္ဂိုလ်တို့သည် သိသင့်သိအပ်သော။ စတုသစ္စာဒိကံ၊ သစ္စာလေးပါး အစရှိသော တရားကို။ ဝိဒိတံ၊ သိအောင်။ န ကရောတိ၊ မပြုတတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏တဲ့။ အဝိဇ္ဇာမည်၏တဲ့။ အဝိဇ္ဇာခါတ်က ဖုံးထားတာ။ ကိုင်း-လူစင်လူကောင်း

http://www.dhammadownload.com

လုပ်လာတယ်ကွာ၊ ဘဝ ဒီတစ်ခါတော့ သိစေ။ ရှေ့တိုးမတတ်နိုင်အောင်ကို မှောင်အတိချလိုက်တယ်။ ဒီနေရာတွင် ရပ်ကရော့ ဟဲ့လို့ ချလိုက်တယ်။ သစ္စာလေးပါး လုံးလုံးလျားလျားမသိအောင် ငါဖုံးလိုက်မယ်လို့ ဖုံထားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဩော်-စူဠသောတာပန်တင်နေ သစ္စာလေးပါး မသိရှာဘူး။ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ တကယ်တမ်း စူဠသောတာပန်ဘဝကနေ သစ္စာလေးပါး ပိုင်းခြားထင်ထင် မြင်အောင် သိအောင် လုပ်လိုက်ရင် သောတာပတ္တိမဂ်ဉာဏ် အစစ်မရလားကွယ် (ရမှာပါဆရာ)၊ အေး-စူဠသောတာပန်ဘဝကနေ သောတာပန်မဖြစ်အောင် ဖုံးကွယ်ထားတာ။ အဲဒါ အဝိဇ္ဇာရဲ့သတ္တိ ပဲတဲ့။ အဝိဇ္ဇာရဲ့ဓာတ်ပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ စူဠသောတာပန်ဘဝတွင် မနေဘဲနဲ့ အဝိဇ္ဇာလက်တွင်းက အတင်းရုန်းပါ့မယ်ဆိုပြီးတော့ ကြိုးစားစမ်း၊ ကြိုးစားလိုက်တော့ သစ္စာလေးချက် ပြတ်ပြတ်သားသားနဲ့ အနက်အဓိပ္ပါယ်နဲ့ မြင်ရော့။ သစ္စာလေးချက်လည်း မြင်ရော့ မဂ်လည်း ရောက်သွား။ အဝိဇ္ဇာလက်တွင်းက တစ်ဆင့်လွတ်ပြန်ရော့။ လွတ်ဘူးလား (လွတ်ပါတယ်ဆရာ)၊ အဲဒါ သောတာပတ္တိမဂ်ဉာဏ်ရ သောတာပန်ဖြစ်ကရော့။ သောတာပန်ဖြစ်တော့ အဝိဇ္ဇာမလျော့ သေးဘူး။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ အဝိဇ္ဇာလည်းဆိုတာ သေချာမှတ်ထားနော်။ အေး-သောတာပန်ဖြစ်သွားပဲ ငါ့လက်တွင်းက တစ်ဆင့်တစ်ဆင့် လွတ်သွားတာ မနည်းဘူးပဲ။

ဒါပေမယ့် သကဒါဂါမ်မဖြစ်အောင် ငါဖုံးကွယ်ထား။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သကဒါဂါမ်မဖြစ်အောင် ဖုံးကွယ်ထားတော့ ဖြစ်သေးလား၊ မဖြစ်ဘူး မဟုတ်လား (မဖြစ်ပါဘူးဆရာ)၊ အဲဒါလည်း အဝိဇ္ဇာပဲ။ ဒါဖြင့်ရင် သကဒါဂါမ် ဖြစ်သွားပြန်တယ် ဆိုပြန်တော့ မလျော့သေးဘူး အဝိဇ္ဇာဓာတ်က သကဒါဂါမ်ဖြစ်သွားပေမယ့် ငါ့လက်တွင်းက မလွတ်ကင်းအောင်ဆိုတော့ နောက်ထပ်ပြီး ငါဖုံးအုံးမယ်လို့ အနာဂါမ်မဖြစ်အောင် ထပ်ပြီးတော့ ဖုံးကွယ်ထားတယ်တဲ့။ အဝိဇ္ဇာဓာတ်က ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အနာဂါမ်ဖြစ်ပြန်တော့လည်းပဲ ကျင့်ပြန်တော့လည်းပဲ အဝိဇ္ဇာ လက်တွင်းက လွတ်ကင်းရဲ့လားဆိုတော့ မလွတ်ကင်းဘူးတဲ့။ ဘယ်နဲ့လုပ် ဖုံးကွယ်ထား။ အရဟတ္တ မဂ်ဉာဏ် မမြင်အောင် ဖုံးကွယ်ထားပြန်တယ်လို့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ အဝိဇ္ဇာဓာတ်ချည်းပဲ ဆက်ကာဆက်ကာ ဖုံးကွယ်ထားတဲ့ လမ်းစဉ်တွေပဲ။ သေချာမှတ် ဒါကြောင့် အဝိဇ္ဇာဓာတ်သည် သူ့ရဲ့နယ်ပယ်၊ သူ့ရဲ့သတ္တိ၊ သူ့ရဲ့အစွမ်းသည် ဘယ်မှာ (ကျယ်ဝန်းလှ၏)

အဝိဇ္ဇာကြောင့် အကုသိုလ်စေတနာ သင်္ခါရလည်း ဖြစ်တာပဲ။ အဝိဇ္ဇာကြောင့် ကုသိုလ်စေတနာ ဆိုတဲ့ သင်္ခါရလည်း ဖြစ်တာပဲ။ ဖြစ်ပုံဖြစ်နည်းလေး မကိုက်ဘူးလား (ကိုက်ပါတယ် ဆရာ)၊ အဲဒါလေး မှတ်ထား။ ဖြေပုံဖြေနည်းလေးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဋ္ဌကထာဆရာ ပြတာ အင်မတန်မှ

http://www.dhammadownload.com

သဘာဝကျတယ်။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ တည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဟု ဆိုအပ်သော သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ပုညာဘိသင်္ခါရဆိုတာ ကာမာဝစရ ကုသိုလ်စေတနာနှင့် ရူပါဝစရကုသိုလ်စေတနာ နှစ်မျိုးကို ကောက်၏။ အပုညာဘိသင်္ခါရဆိုတာ အကုသိုလ်စိတ်မှာ ယှဉ်တဲ့ အကုသိုလ်စေတနာကို ကောက်၏။ အာနေဉ္ဇာဘိသင်္ခါရဆိုတာ အရူပါဝစရ ကုသိုလ်စိတ်မှာ ယှဉ်တဲ့ အရူပါဝစရ ကုသိုလ်စေတနာစေတသိက်ကို ကောက်၏။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားအစုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရတရားတို့ဖြစ်ကြတယ်လို့ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါး။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့။ ဒါအကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးကို မိမိတို့ဉာဏ်နဲ့ သေချာမှတ်ထား။ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်၏။ မုချအကြောင်း မုချအကျိုး၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ ဒါပေမယ့် အဝိဇ္ဇာ့ကြောင့် သင်္ခါရဖြစ်လာတော့ ဖြစ်လာတဲ့ သင်္ခါရတရားက ဘယ်နှစ်ပါးရှိသလဲ။ ဘယ်နှစ်မျိုးရှိသလဲ၊ ဘယ်နှစ်စားရှိသလဲ။ တရားကိုယ် တရားသားတွေ အရင်ကောက်တတ်ရမယ်။ အဝိဇ္ဇာတော့ ကောက်တတ်သွားပြီလား (ကောက်တတ်သွားပါပြီဆရာ)၊ အဝိဇ္ဇာတရားကိုယ် ဘယ်သူတုံး (မောဟပါဆရာ)၊ ဟုတ်ပြီ၊ မောဟ အဝိဇ္ဇာရဲ့အဓိပ္ပါယ်က ဘာတုံး (မသိတာပါဆရာ)၊ အေး-ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ "အညာဏလက္ခဏာ အဝိဇ္ဇာ"လို့၊ ဒီတော့ အဝိဇ္ဇာတစ်လုံးရဲ့အဓိပ္ပါယ်တော့ သိသွားပြီ၊ မသိတာ အဝိဇ္ဇာပဲ။ အဝိဇ္ဇာရဲ့ မှတ်စရာ မှတ်ကြောင်းလက္ခဏာလည်း "အညာဏလက္ခဏာ"လို့ ဆိုထားတာ မသိတာကို အဝိဇ္ဇာလို့မှတ်။ ဘာမသိတာတုံးလို့ မသိတဲ့ အဓိပ္ပါယ်တွေလည်း ရှင်းခဲ့ပေ့ါနော် (မှန်ပါတယ်ဆရာ)၊ ဒုစရိုက်ကို ဒုစရိုက်မှန်းမသိဘူး။ သုစရိုက်သုစရိုက်မှန်း မသိဘူး။ ပရမတ်အားဖြင့် ထင်ရှားရှိတဲ့ ရုပ်နာမ်ထင်ရှားရှိမှန်း မသိဘူး။ ပညတ်အားဖြင့် လုံးလုံးမရှိတဲ့တရားတော့ ထင်ရှားရှိတယ်လို့သိ။ အမှောက်မှောက်အမှားမှား ဒီလို ယူဆထားတာ၊ မှန်တာ ကန်တာကို ဘယ်သောအခါမှ မသိနိုင် မမြင်နိုင်တဲ့ အဝိဇ္ဇာဓာတ် အမှားချည်းပဲနော် (မှန်ပါတယ်ဆရာ)၊ အမှားချည်းပဲ။

ဒါကြောင့် အဝိဇ္ဇာဓာတ်ကိုက ဓာတ်ဆိုးဓာတ်ယုတ်တဲ့။ သုံးဆယ့်တစ်ဘုံမှာ သူ့ကြောင့် စုန်ချည်ဆန်ချည်နဲ့ နေကြရတာ သူတစ်လုံးကြောင့် သေချာလည်း မှတ်ထား။ အဝိဇ္ဇာတစ်လုံးကြောင့် သံသရာမှာ လည်လို့ မဆုံးဖြစ်နေတယ်။ ဘာပြုလို့ သူက လှည့်ပတ်ဖြားယောင်းထားတော့ အမှောက်မှောက်အမှားမှားဖြစ်နေ မှန်တာ ကန်တာကို မသိ။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်

http://www.dhammadownload.com

အဝိဇ္ဇာ၊ ဥပစာအားဖြင့် တင်စား ခေါ်ထားတဲ့အမည်။ အဝိဇ္ဇာ ဆိုတာ တရားကိုယ်တရားသား ကောက်လိုက်တော့ မောဟရ၏၊ မောဟစေတသိက်ရ၏။ အဲဒါ တရားကိုယ် တရားသားလေးတွေနဲ့ တရားလုံးလေးတွေနဲ့ ပြီးတော့ သူ့အဓိပ္ပါယ်လေးတွေနဲ့ ဒီလို မှတ်ခဲ့ပါလို့။ အဲဒီ ဓာတ်ဆိုး ဓာတ်ယုတ် တည်း ဟူသော အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား သင်္ခါရ။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားစု တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။

ကောင်းပါပြီ အဝိဇ္ဇာအကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရား သင်္ခါရဆိုတာ ဘယ်နှစ်မျိုး ဘယ်နှစ်စား ဘယ်နှစ်ပါးလဲလို့ ဒါလေးတွေ တိတိကျကျ အရင်သိရမယ်နော် (မှန်ပါတယ်ဆရာ)၊ သင်္ခါရ ဘယ်နှစ်မျိုးပြ (သုံးမျိုးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး၊ သုံးမျိုးတော့ မှတ်မိတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမည်နာမတော့ မမှတ်မိဘူးပေါ့ (မမှတ်မိသေးဘူးဆရာ)၊ မမှတ် မိသေးဘူး။ မှတ်ထားနော်။ ပုညာဘိသင်္ခါရရယ် အပုညာဘိသင်္ခါရရယ် အာနေဥ္စာဘိသင်္ခါရရယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူ (ပုညာဘိသင်္ခါရရယ် အပုညာဘိသင်္ခါရရယ် အာနေဥ္စာဘိသင်္ခါရရယ်)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သင်္ခါရ သုံးမျိုးထွက် မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ အဲဒီ သင်္ခါရ ဒီနေရာမှာ သင်္ခါရဆိုတာ စေတနာပြောတာ နော် (မှန်ပါတယ်ဆရာ)၊ မင်းနားလည်အောင် ငါပြောမယ်ဆို၊ စေတနာသုံးမျိုးတဲ့။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရ ဆိုတာက ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်စိတ်မှာ ယှဉ်သော စေတနာနော် (မှန်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရဆိုတာ အကုသိုလ်စိတ်မှာ ယှဉ်သော စေတနာ၊ အာနေဥ္စာဘိသင်္ခါရဆိုတာ အရူပါဝစရကုသိုလ်စိတ်မှာ ယှဉ်သော စေတနာ။ စေတနာ သုံးမျိုးမနေဘူးလား (သုံးမျိုးပါဆရာ)၊ ပုညာဘိသင်္ခါရ ကာမာဝစရကုသိုလ်နှင့် ရူပါဝစရကုသိုလ် စိတ်မှာ ယှဉ်သော စေတနာ။ အပုညာဘိသင်္ခါရ၊အကုသိုလ်စိတ်မှာ ယှဉ်သော စေတနာ။ အာနေဥ္စာ ဘိသင်္ခါရ -အရူပါဝစရကုသိုလ်စိတ်မှာ ယှဉ်သော စေတနာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး ကို မှတ်တတ်အောင်မှတ်။ ဘာမှ ခဲယဉ်းတာ မဟုတ်ဘူး။ မှတ်တတ်အောင်မှတ်။ အခုဒီကနေပြီးတော့ စိတ်နဲ့ မှတ်သွား။ အိမ်ကျတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကလေးထဲ ပြန်တေးထား။ သင်္ခါရက တရားကိုယ် တရားသားသည် စေတနာသုံးပါး စေတနာသုံးမျိုးကို ခေါ်တယ်။

စေတနာသုံးမျိုးကလည်းပဲ တို့ အမှန်ကတော့ ပြတ်ပြတ်သားသား နားမလည်လို့ တို့လုပ်နေတဲ့ အလုပ်တွေပဲ စေတနာလေးတွေနော် (မှန်ပါတယ်ဆရာ)၊ ကာမာဝစရကုသိုလ်စေတနာ ဟော-နေ့တိုင်း လုပ်နေ ကုသိုလ်မှုလေးတွေ မပြုကြဘူးလား (ပြုပါတယ်ဆရာ)၊ ဘုရားပုထိုး ရှိခိုးဝတ်တက်ခြင်း

http://www.dhammadownload.com

သီတင်းသီလ ဆောက်တည်ခြင်းနော် (မှန်ပါတယ်ဆရာ)၊ ဆွမ်းပန်းမာလ် ဆီမီးရေချမ်း ကပ်လှူ ပူဇော်ခြင်း ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်တရားတွေ လုပ်နေတယ်။ သူသူငါငါ ကျောင်း ဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ ဘုရားတည်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ သံဃာတော်များ လုပ်ကျွေး မွေးမြူခြင်း၊ ကုသိုလ်ကောင်းမှုတရားတွေလုပ်နေ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဒါ ကုသိုလ် စိတ်တွေ မဟုတ်ဘူးလား (ကုသိုလ်စိတ်တွေပါဆရာ)၊ အဲဒါ ကာမာဝစရကုသိုလ်တွေခေါ်တယ်နော် (မှန်ပါတယ် ဆရာ)၊ ဥပုသ်သီတင်းဆောက်တည် ဒါကုသိုလ်တွေ၊ ဟော တို့လုပ်နေတဲ့ ကုသိုလ်တွေပဲ။ ဒါဘာစိတ်တွေ ခေါ်။ ကုသိုလ်စိတ်တွေ ခေါ်တာပေါ့။

အဲဒီ ကုသိုလ်စိတ်ကလေးတွေမှာ အမြဲယှဉ်နေတဲ့ ကုသိုလ်စေတနာတွေ၊ စေတနာလုံးလေး တွေ ရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မင်းတို့ ကုသိုလ်ကောင်းမှု တစ်ခုပြုဆိုတာ စေတနာက မတိုက်တွန်းဘဲနဲ့ ဒီကုသိုလ်ပြုလို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ စေတနာက ရှေ့ဦး မဆွ တိုက်တွန်းပေးနော် (မှန်ပါတယ်ဆရာ)၊ ငါဘုရားရှိခိုးအုံးမှပဲ၊ ငါဥပုသ်သီတင်းဆောက်တည် အုံးမှပဲ၊ ငါဆီမီးပန်းမာလ် ရေချမ်းကပ်လှူပူဇော်အုံးမှပဲ၊ ငါသံဃာတော်များ ဆွမ်းလုပ်ကျွေးအုံးမှပဲ၊ ဆွမ်းလှူအုံးမှပဲ၊ ဆွမ်းလောင်းအုံးမှပဲ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ်ကလေးတွေဟာ စေတနာက စေ့ဆော်တိုက်တွန်းပေးတော့မှ ပေါ်လာနော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် ထိုကာမာဝစရကုသိုလ်စိတ်မှာ အမြဲယှဉ်သော ကုသိုလ်စေတနာလုံးလေးသည် ပုညာဘိသင်္ခါရ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဒီပုညာဘိသင်္ခါရထဲ ဘယ်သူပါလာလဲဆိုတော့ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ ပြဟ္မာဘုံကို ဖြစ်စေတတ် ရောက်စေတတ်တဲ့ ဈာန်သမထတရား ပွားများ အားထုတ်သော ကုသိုလ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ သမထလမ်းက ရူပါဝစရတစ်ဆယ့်ခြောက်ဘုံ ပြဟ္မာဖြစ်ချင်လွန်းလို့ ဈာန်သမထ ဆိုတဲ့ သမာဓိလမ်း ကြိုးပမ်းအားထုတ်တဲ့ကုသိုလ်တဲ့။ အဲဒီကုသိုလ် လည်းပဲ ပုညာဘိသင်္ခါရထဲ သွင်းလိုက်၊ ဒါဖြင့် ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်စေတနာက ဘယ်သူ့ ဘယ်သူရလဲဆိုရင် ကာမာဝစရကုသိုလ်စိတ်မှာ ယှဉ်သော စေတနာရယ်၊ ရူပါဝစရကုသိုလ်စိတ်မှာ ယှဉ်သော စေတနာရယ်၊ ဒီ ကုသိုလ်စေတနာနှစ်မျိုးကို ယူပါတဲ့။ ဒါပုညာဘိသင်္ခါရနော် (မှန်ပါတယ် ဆရာ)၊ အဲဒါ ဘာမှ မမှတ်နိုင်စရာမရှိဘူး။ သုံးဆယ့်တစ်ဘုံကော သိရဲ့လား (သိပါတယ်ဆရာ)၊ ရေပြစမ်း (အပါယ်လေးပုံ) ဟုတ်ပြီ (မနုဿတစ်ဘုံ) အောင်မယ်ဟဲ့ ပါဠိလိုများ ပြောနေ။ ကဲလုပ် စမ်းပါအုံး။ ကဲ-အပါယ်လေးဘုံရယ် မနုဿတစ်ဘုံရယ် လုပ်စမ်းပါအုံး၊ ကဲ (နတ်ပြည်ခြောက်ထပ်) အေး - ဟုတ်ပြီ (ပြဟ္မာနှစ်ဆယ်)၊ အေး-ဟုတ်ပြီ။ ပြဟ္မာနှစ်ဆယ်တော့ ခွဲသိရဲ့လား (မသိဘူးဆရာ)၊ ပြဟ္မာနှစ်ဆယ် ပေါင်းချလိုက်တာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ရူပါဝစရပြဟ္မာက တစ်ဆယ့်နဲ့

http://www.dhammadownload.com

ခြောက်ဘုံရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ အထက်ဆုံးက အရူပါဝစရပြဟ္မာက လေးပုံ ရှိတယ်။ ပေါင်းလိုက်တော့ ဘယ်လောက်ရှိ (နှစ်ဆယ်ပါဆရာ)၊ အေး - နှစ်ဆယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီ အလယ်မှာ တို့ နတ်ပြည်ခြောက်ထပ်ရဲ့ အထက်တက်သွားတော့ အလယ်ပြဟ္မာက ရူပါဝစရ တစ်ဆယ်နဲ့ခြောက်ဘုံရှိ၊ ဒါရူပါဝစရပုဂ္ဂိုလ်တွေ ခေါ်တာ၊ အဲ့ဒီ တစ်ဆယ့် ခြောက်ဘုံသော ရူပါဝစရ အလယ်ပြဟ္မာကိုတော့ အခုပြောတဲ့ ပုညာဘိသင်္ခါရထဲ သွင်းထားတာ နော် (မှန်ပါတယ် ဆရာ)၊

ဟိုအထက်ဆုံးက အရူပပြဟ္မာလေးဘုံကိုတော့ ဘာခေါ်လဲဆိုတော့ အာနေဉ္ဇာဘိသင်္ခါရထဲ သွင်းလိုက်တယ်။ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ နားမလည်လို့ သေချာကြည့်။ သုံးဆယ့် တစ်ဘုံလည်နေပုံလေး၊ ဒီက စေတနာသုံးမျိုးနဲ့ လည်ပြနေတာ။ သေချာကြည့်စမ်း။ စေတနာသုံးမျိုးနဲ့ လည်ပြနေတာ။ ဒါကြောင့် ဒီစေတနာသုံးမျိုးကို အရင်ကောက်တတ်အောင် ကောက်ပါအုံးလို့ မပျင်းကြနဲ့နော်။ သေချာမှတ်ကြ။ စောစောက ပြောထားတိုင်း ပဋိစ္စသမုပ္ပါဒ်မှာ အင်္ဂါ ၁၂-ရပ် ဘုရားကိုယ်တော်မြတ် ဟောထားတာ။ တစ်လုံးတစ်ပါဒကို အစကနေ အဆုံးတိုင်အောင် ပြတ်ပြတ် သားသား နားလည်သွားရင် သေကျိုး နေကျိုး နပ်တယ် ခေါ်တယ် (မှန်ပါတယ်ဆရာ)၊ အင်မတန် မွန်မြတ်တယ်။ အစကနေ အဆုံးတိုင် ၁၂-လုံးလုံး မှတ်နိုင်မယ်ဆို ပြောနေစရာ မလိုဘူး။

ဒါကြောင့် မနေ့ညက ငါပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားကိုယ်တော်မြတ် အနာထပိဏ်သူဌေး လျှောက်ထားလို့ ပြန်ဟောတဲ့နေရာ အနာထပိဏ်သူဌေး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားကြီးများ အစကနေ အဆုံးတိုင်ဆိုသလိုပဲ အဓိပ္ပါယတ္ထ တရားကိုယ် တရားသားနဲ့ ပြတ်ပြတ်သားသား နားလည် ရင်ဖြင့် ဒီပုဂ္ဂိုလ်က ဘာမဂ်မှ မရဘူးထား။ ငါသောတာပန်ပဲလို့ ဝန်ခံနိုင်တယ်တဲ့။ ဘယ်လောက်များ တန်းထွားတဲ့ တရားလည်း သေချာကြည့်။ အဲဒါ သောတာပန်အကျင့်ကို မကျင့်ဘဲနဲ့ သောတာပန် ဖြစ်ချင်တဲ့ပုဂ္ဂိုလ်များ ပဋိစ္စသမုပ္ပါဒ် ကြိုးစားသင်ကြ။ တို့လူတွေက အချောင်နည်းနည်း ကြိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ အချောင်နည်းနည်းကြိုက်လို့ ချောင်သတဲ့ချောင်ချောင်လာတယ်။ နေရာ မကျဘူးနော် (မှန်ပါတယ်ဆရာ)၊ အခု သင်တန်းတရားဟာ အချောင်ဆုံး မဟုတ်ဘူးလားဟ။ သူသူ ငါငါ လူတကာတွေဖြင့် အိုးပစ် အိမ်ပစ် ဂူထဲ ကျောင်းထဲ လူသူမနီးတဲ့ ဂူထဲ ကျောင်းထဲ တံခါးပိတ် ဆိတ်ဆိတ်ငြိမ်ငြိမ်၊ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့ ရှုလိုက်ရှိုက်လိုက်ရတာ၊ တချို့ဘုန်းကနဲ တုန်းကနဲ ဆန့်ငံ့ ဆန့်ငံ့နဲ့ဖြစ် လဲလို့လဲ ကွဲလို့ကွဲ ကြားဖူးတယ်မဟုတ်လား (ကြားဖူးပါတယ်ဆရာ)၊ အေး-လုပ်လိုက်ရတာလို့ အိမ်ပစ် ယာပစ် သားပစ် မယားပစ် စီးပွားဥစ္စာပစ်၊ ဆယ်ရက် ဆယ့်ငါးရက် တစ်လ နှစ်လ သုံးလ လုပ်လိုက် ရတာ၊ အားထုတ်လိုက်ကြရတာ။ မဆင်းရဲဘူးလားဟ (ဆင်းရဲပါတယ် ဆရာ)၊ မပင်ပန်းဘူးလားဟ (ပင်ပန်းပါတယ်ဆရာ)၊ အင်မတန်ဆင်းရဲ အင်မတန်ပင်ပန်းရှာတယ်။

http://www.dhammadownload.com

ဒါပေမယ့် ဒီလိုသာ အားထုတ်တယ် ထွက်လာတော့လဲ သူလိုငါလို ဟုတ်ချင်မှ ဟုတ်သေးတာပါလို့။ ဟုတ်ဖို့ အတော်ပဲ ခဲယဉ်းတယ်။ ဘာပြုလို့ သဘာဝကျကျနဲ့ သေချာတဲ့လမ်းစက မဟုတ်တော့ ငါမှုချ ငါတော့ တရားထူးရလာပြီ။ ဒီလို ဆိုနိုင်ဖို့ ခဲယဉ်းတယ်။ တစ်နည်းအားဖြင့် ဒီလိုသာ အပင်အပန်း အနွမ်းအနယ်ခံပြီး အားထုတ်ပြီးတော့ ထွက်လာလည်း နင့်အပါယ်လေးပါးတံခါး ပိတ်ပြီလား၊ တထစ်ချ ပြောနိုင်ရဲ့လား ဆို၊ ဒီလိုမပြောနိုင်တာလည်း တစ်ပုံကြီးနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မင်းကွယ် အန္ဓပုထုဇဉ်ဘဝက ကျွတ်ခဲ့လွတ်ခဲ့လား ဒီလို မေးကြမယ်၊ တထစ်ချ မပြောနိုင်ဘူး။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်းကလျာဏပုထုဇဉ် ဖြစ်ခဲ့ရဲ့လားလို့ဆိုတော့ ရုပ်တစ်လုံး နာမ်တစ်လုံးမှလည်း မသိတော့ ဖြစ်တယ်လို့လည်း မပြောနိုင်ဘူး။ ဒါဖြင့် မင်းစူဠသောတာပန် ဘဝများရောက်ခဲ့ရဲ့လားဆိုတော့ သာဝေးသေးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို မသေမချာ မရေမရာတဲ့ လုပ်ငန်းစဉ်တောင်ပဲ အပင်အပန်းအနွမ်းအနယ်ခံပြီးတော့ ဒီထိအောင် ကြိုးစားကြတယ်လို့၊ တို့များက အခု ဝိပဿနာသင်တန်းလို့ လမ်းစဉ်ခင်းပေးထားတော့ သက်သက်သာသာလေး အချိန်တန်လာကြ ပြန့်ပြန့်ဖြူးဖြူး ခင်းထားတဲ့ နေရာထိုင်ခင်းပေါ် ထိုင်ကြ။ သေချာကြည့် ဒီကအပင်ပန်းအနွမ်းအနယ်ခံပြီးတော့ နားမလည်လည်အောင် တစ်လုံးချင်း ရှင်းရှင်းပြီးတော့သင်ပေး၊ ကိုယ့်မှာပါလာတဲ့ နားလေးနဲ့ နားစွင့်ထောင်၊ ပြီးပြီလား။ ပြီးရင် နာရီစေ့ထပြန်လိုက် မှတ်မိရဲ့လားမှတ်မိ၊ သိရဲ့လား သိတယ်၊ တရားရဖို့ လုပ်ငန်းကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မသက်သာဘူးလားဟ (သက်သာပါတယ်ဆရာ)၊ ဘယ်လောက်ချောင်သလဲ သေချာကြည့်။

အဲဒီ အချောင်ထဲမှာကို ထပ်ထပ်ပြီးတော့ ဒါထက်ပိုချောင်ချင်တော့ သင်တန်းတောင်မလာနိုင်တော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ ကြက်ပျောက်ငှက်ပျောက် ပျောက်ပျောက်၊ ပျောက်ပျောက်သွားနော်။ ဒါလောက် အချောင်ကြိုက်တဲ့ တို့လူစုတွေလို့၊ ဒါကြောင့် သေချာကြည့်၊ အနာထပိဏ်သူဌေး မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့ စကား အလို အားဖြင့် သိပ်ချောင်တယ်။ သောတာပန်များ ဖြစ်ချင်လို့ရှိရင် ကိုယ့်ကိုယ်ကို သောတာပန် ဝန်ခံချင်ရင် ပြောချင်ရင် သောတာပတ္တိမဂ်ဉာဏ်ရအောင် အင်တိုက်အားတိုက် အပင်ပန်း အဆင်းရဲခံပြီးတော့ ကျင့်မနေပါနဲ့။ အခု သင်ကြားပေးတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးသာ အစကနေ အဆုံးတိုင်အောင် အဓိပ္ပါယ်နဲ့ တရားကိုယ် တရားသားနဲ့ ပြတ်သားအောင်၊ တတ်အောင် မှတ်မှတ်သားသားနဲ့ နာယူစမ်းပါလို့ တတ်လည်းတတ်ကရော ငါသောတာပန်ပဲလို့ ဝန်ခံနိုင်တယ် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောတာပန်အကျင့်မကျင့်ဘဲနဲ့ သောတာပန်ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဒါနဲ့ ချောင်တာကို မရှိဘူး။ ဒါကြောင့် တို့လူစုတွေက နဂိုကတည်းက အချောင်လမ်းကလာတော့

http://www.dhammadownload.com

ခပ်ချောင်ချောင်ပဲ နေကြတယ်။ ဒါကြောင့် ချောင်သထက် ချောင်အောင် ဆိုပြီးတော့ ဒီက နည်းပေးလမ်းပြအနေအားဖြင့် ပြောနေရတယ်။ မပျင်းနဲ့ မပျင်းနဲ့၊ ဒီခက်ခဲတဲ့တရားကိုယ် တရားသားလေး မှတ်တဲ့အခါကြတော့ မှတ်လည်း မမှတ်မိဘူး၊ ဟာ-နားကလည်း ရှုပ်လိုက်တာ။ ဘာတွေမှန်း မသိဘူး။ စာသံ ပေသံတွေ ပါသေး။ ဗမာလိုကလည်း ပြောလိုက်သေး၊ ဘာတွေ ပြောမှန်းလဲ မသိဘူး။ အဲဒီလို စိတ်ဓာတ်ပျက်ပျက် မသွားနဲ့၊ ကြိုးစားကြိုးစား ဘာမှ မခဲယဉ်းဘူး။

သုဂတိ ဒုဂ္ဂတိဘုံ ဆိုတာ

ဒီတော့ သေချာကြည့်၊ အဲဒီလိုမှ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ သင်္ခါရသုံးမျိုး နားမလည်သေးလို့ သုံးဆယ့်တစ်ဘုံကို တို့လူစုတွေကတော့ ရေတတ်သွားပါပြီးနော် (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်တစ်ဘုံကို အကြောင်းအကျိုးဆက်ပြီးတော့ လည်ပုံလေး ငါအရင် ပြောမယ်။ ဒါလေး သဘောကျ နားထောင်ထား၊ သုံးဆယ့်တစ်ဘုံကို သုဂတိနဲ့ဒုဂ္ဂတိ လားရာဂတိ အနေအားဖြင့် ခွဲလိုက်တော့ နှစ်မျိုးရှိတယ် မဟုတ်လား (နှစ်မျိုးရှိပါတယ်ဆရာ)၊ သုဂတိရယ် ဒုဂ္ဂတိရယ် သုဂတိ ဆိုတာ ဘယ်ဘဝ ဘယ်ဘဝ ခေါ်တာတုံး (လူ့ပြည်ရယ် နတ်ပြည်ရယ် ဗြဟ္မာ့ပြည်ရယ်) အေး-ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ကောင်းသော ဂတိကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိက ဘယ်ခေါ်တုံး၊ (အပါယ်လေးဘုံပါဆရာ)၊ အေး-အပါယ်လေးဘုံ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ရှင်းပါတယ်ကွာ။

ဒါလောက်တော့လည်း မှတ်နိုင်တာပေါ့နော် (မှန်ပါတယ်ဆရာ)၊ သုဂတိနဲ့ဒုဂ္ဂတိတဲ့ နှစ်မျိုးရှိတယ်တဲ့။ သုံးဆယ့်တစ်ဘုံ နှစ်ပိုင်းပိုင်းလိုက်တော့ ဒုဂ္ဂတိကတစ်ပိုင်း သုဂတိကတစ်ပိုင်း၊ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိက ဘယ်သူတုံး။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးနော် (မှန်ပါတယ်ဆရာ)၊ မကောင်းသော သူတို့၏ လားရာ မကောင်းသဖြင့်လားရာ ဒုဂ္ဂတိဘဝလို့၊ သုဂတိက ဘယ်သူတုံးဆိုတော့ လူ့ဘုံရယ် နတ်ပြည်ခြောက်ထပ်ရယ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ရူပါဝစရဗြဟ္မာ ဆယ့်ခြောက်ဘုံရယ် အရူပါဝစရဗြဟ္မာလေးဘုံရယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝနော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ ကြည့်နေ၊ ဒီက သူ့အကြောင်းကြောင့် သူ့အကျိုး၊ သူ့အကြောင်းကြောင့် သူ့အကျိုးဆိုတဲ့ သဘောလေးတွေ ပြောနေ။ အကုသိုလ်တွေ လွန်ကျူးတဲ့ပုဂ္ဂိုလ်၊ အကုသိုလ်ကံတွေ လွန်ကျူးတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်သွားတုံး၊ ဟ (အပါယ်လေးပါးသွားပါတယ်ဆရာ)၊ အော်-အပါယ်လေးပါးသွားတယ်။ အဲဒါ အပါယ်လေးပါးရောက်တဲ့ သတ္တဝါ အကြောင်းမရှိဘဲနဲ့ ရောက်တာ မဟုတ်ဘူး၊ အကြောင်းရှိလို့ ရောက်တာနော်။

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ အပါယ်လေးပါးကို ရောက်အောင် ပို့လိုက်တာ ဘယ်သူကပို့ အကုသိုလ်စေတနာ အကုသိုလ်စိတ်တွေက ပို့။ မပို့ဘူးလား (ပို့ပါတယ်ဆရာ)၊ မှတ်ထားနော်။ သူ့အကြောင်းနဲ့သူ၊ အလကား ရောက်သွားတာ မဟုတ်ဘူး။ ဒါဖြင့် လူ့ဘဝ နတ်ဘဝ ကောင်းရာသုဂတိ ရောက်သွားတာ ဘယ်သူက ပို့။ ကုသိုလ်စေတနာတွေကပို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါန သီလ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်စေတနာက ပို့၊ ဒါကြောင့် လူ့ဘဝ နတ်ဘဝ ရောက်ရသည်။ လူ့ဘဝရယ် နတ်ပြည် ခြောက်ထပ်ရယ် ပေါင်းလိုက်တော့ ကာမသုဂတိ ခုနစ်ဘုံခေါ်တယ်။ ပြီးတော့ သူ့ အထက်တက်သွားတော့ ရူပါဝစရပြဟ္မာ ဆယ့်ခြောက်ဘုံ၊ အဲဒီ ရူပါဝစရပြဟ္မာ တစ်ဆယ့်ခြောက်ဘုံ ပြဟ္မာတွေ သွားဖြစ်တာက ဘာပြုလို့၊ ရူပါဝစရပြဟ္မာ တစ်ဆယ့်ခြောက်ဘုံ သွားဖြစ်တာက၊ ဘာပြုလို့ ရူပါဝစရကုသိုလ် ရူပါဝစရစေတနာတွေ ကြိုးစားအားထုတ်လို့ ရူပါဝစရကုသိုလ်လုပ်ခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာတွေတုံး မေးရင် သမထ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သမထတရားတွေ ပွားများအားထုတ်လိုတဲ့ သမထကုသိုလ်လုပ်လိုတဲ့၊ ဒါ ရူပါဝစရကုသိုလ် ခေါ်တယ်နော် (မှန်ပါတယ် ဆရာ)။

အဲဒီ ရူပါဝစရကုသိုလ်လုပ်လိုက်ခြင်းကြောင့် သေသည်၏အခြားမဲ့မှာ ရူပါဝစရပြဟ္မာတစ် ဆယ့်ခြောက်ဘုံသို့ သွားရ၏။ သူ့အကြောင်းနဲ့သူ့အကျိုး၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါလာပြန်ပြီ ရူပါဝစရပြဟ္မာ တစ်ဆယ့်ခြောက်ဘုံရဲ့အထက်မှာ အရူပါဝစရပြဟ္မာ လေးဘုံရှိသေးတယ်။ အရူပဘုံလို့ လေးဘုံရှိသေးတယ်။ ထိပ်ဖျားက အဲဒီ အရူပလေးဘုံကိုတော့ ဘာကြောင့်ရောက်လဲဆိုတော့ အရူပါဝစရ ကုသိုလ်စေတနာတွေ လုပ်ခဲ့လို့တဲ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီ သုံးဆယ့်တစ်ဘုံ လည်နေတာ သူ့အကြောင်းနဲ့ သူ့အကျိုး၊ သူ့အကြောင်းနဲ့ သူ့အကျိုး အဲဒီလိုလည်နေတဲ့ သဘောတွေလေးနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် သေချာ ကြည့်စမ်းကွယ့်။ ကုသိုလ်က ဘယ်နှစ်မျိုး, အကုသိုလ်က ဘယ်နှစ်မျိုးဆိုတာ အကုသိုလ်က တစ်မျိုး တည်းရှိ(မှန်ပါတယ်ဆရာ)၊ ကုသိုလ်က သုဂတိဘဝမှာ လူ့ဘဝရယ် နတ်ပြည်ခြောက်ထပ်ရယ် ရူပါဝစရ (၁၆)ဘုံရယ် အရူပလေးဘုံရယ် သုဂတိဘဝသို့ သွားတဲ့ကုသိုလ်က ဘယ်နှစ်မျိုးရှိသလဲဆိုတော့ လူ့ဘုံနဲ့ နတ်ဘုံရောက်စေတတ်သော ကာမာဝစရကုသိုလ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာ ကုသိုလ် (ကာမာဝစရကုသိုလ်ပါဆရာ)၊ အေး-မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါ ငါတို့ သူငါ ခုလုပ်နေတဲ့ ကုသိုလ်စိတ်တွေ ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ရူပါဝစရပြဟ္မာ ဆယ့်ခြောက်ဘုံကို ရောက်စေတတ်သော ရူပါဝစရကုသိုလ် နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဘာကုသိုလ် (ရူပါဝစရကုသိုလ်ပါဆရာ)၊ အေး-ရူပါဝစရကုသိုလ်

http://www.dhammadownload.com

လုပ်လို့ ရှိရင် ဘယ်ရောက်တယ် (ပြဟ္မာပြည်တစ်ဆယ့်ခြောက်ဘုံ ရောက်ပါတယ်ဆရာ)၊ ရူပါဝစရ ပြဟ္မာ တစ်ဆယ့်ခြောက်ဘုံရောက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရူပါဝစရပြဟ္မာ တစ်ဆယ့် ခြောက်ဘုံ ပြဟ္မာသွားဖြစ်။ ဒါဖြင့် အရူပါဝစရကုသိုလ်တွေ ဘယ်ဘုံရောက်တယ်၊ (အရူပလေးဘုံ ရောက်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့်ရင် ကောင်းရာ သုဂတိကုသိုလ်က ဘယ်နှစ်မျိုးရှိ (လေးမျိုးပါဆရာ)၊ (သုံးမျိုးပါဆရာ)၊ ဟဲ့ ဘယ်သူတွေတုံး (လူ့ပြည်ရယ် နတ်ပြည်ရယ်) လူ့ပြည် နတ်ပြည် ရောက်စေတတ်သော (ကာမာဝစရကုသိုလ်ရယ်)၊ အေး-ဟုတ်ပြီ၊ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံသို့ ရောက်စေတတ်သော ကုသိုလ်ရယ်၊ ဘယ်နဲ့ဘုံတွေ လျှောက်ရေပြနေတာတုံး (ရူပါဝစရဆယ့်ခြောက်ဘုံသို့ ရောက်စေတတ်သော ကုသိုလ်ရယ်)၊ ဘာကုသိုလ်တုံး၊ ရူပါဝစရကုသိုလ် မဟုတ်ဘူးလားဟ သူ့အမည်တိုင်းပဲ (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (ရူပါဝစရ ကုသိုလ်ရယ်)၊ အေး-ဟုတ်ပြီ (အရူပါဝစရကုသိုလ်ရယ်)၊ အဲ အရူပလေးဘုံရောက်စေတတ်သော အရူပါဝစရကုသိုလ်ရယ် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကုသိုလ်ပြန်ရေစမ်းပါ။ ကုသိုလ်ချည်းရေစမ်းပါ။ ကာမာဝစရကုသိုလ် (ကာမာဝစရကုသိုလ်) ရူပါဝစရကုသိုလ် (ရူပါဝစရကုသိုလ်) အရူပါဝစရကုသိုလ် (အရူပါဝစရကုသိုလ်) သုံးမျိုး မရှိဘူးလား (သုံးမျိုးပါဆရာ)၊ ဒီကုသိုလ်သုံးမျိုးပဲ ရှိတယ်။ မဟုတ်လား၊ ဒါထက်ပိုသေးလား (မပိုပါဘူးဆရာ)၊ မပိုဘူးနော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်ကတော့ ဘယ်နှစ်မျိုးတုံး (တစ်မျိုးတည်းပါဆရာ)၊ အေး-အကုသိုလ်တစ်မျိုးတည်း မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သမာဓိကောင်းကောင်းထားနော်။ သေချာမှတ်စမ်း။ ဒါလေး နည်းနည်းပါးပါး မှတ်ပြီးမှ အဓိပ္ပါယတ္ထ ရှင်းပေးမယ်။ ဒါအကွက်ကျော်သွားလို့ မဖြစ်ဘူး။ တစ်ခုချင်းတစ်ခုချင်း စာရင်းလေးတွေ ရှင်းရှင်း သွားရမယ်။

အော်- ဒါဖြင့်ရင် ကာမာဝစရကုသိုလ်ရယ် ရူပါဝစရကုသိုလ်ရယ် အရူပါဝစရကုသိုလ်ရယ် သုံးမျိုးရှိတယ်၊ ကာမာဝစရကုသိုလ်လုပ်လို့ရှိရင် လူ့ဘဝရယ် နတ်ပြည်ခြောက်ထပ်ရယ် ရောက်၏၊ ရူပါဝစရကုသိုလ်လုပ်လို့ရှိရင် ရူပါဝစရပြဟ္မာတစ်ဆယ့်ခြောက်ဘုံရောက်၏။ အရူပါဝစရကုသိုလ် လုပ်လို့ရှိရင်ဖြင့် အရူပလေးဘုံ ရောက်၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အကုသိုလ်လုပ်ခဲ့သော် အပါယ်လေးဘုံသို့ ရောက်၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါမှ ဟိုထဲမှာ ပုညာဘိသင်္ခါရနဲ့ အာနေဉ္ဇာဘိသင်္ခါရ ကုသိုလ်နှစ်မျိုးခွဲထားလို့ ဒါလေး တွဲပေးမလို့။ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသော သင်္ခါရအကျိုးတရား ဘယ်နှစ်မျိုးတုံး၊ သုံးမျိုး ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရ ဆိုတာက ဘယ်သူ ဘယ်သူလဲလို့ မေးတော့ ငါ ခုနပြောထားတဲ့ ကုသိုလ်သုံးမျိုးထဲမှာ ကာမာဝစရကုသိုလ်ရယ် ရူပါဝစရကုသိုလ်ရယ် နှစ်မျိုး

http://www.dhammadownload.com

တွဲထားတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရ ဆိုတာက အကုသိုလ်စေတနာ တစ်မျိုးတည်းနော် (မှန်ပါတယ်ဆရာ)၊ အာနေဥ္စာဘိသင်္ခါရ ဆိုတာက ဟိုအထက်ဆုံးက အရူပလေးဘုံ ဖြစ်စေတတ်တဲ့ အရူပါဝစရကုသိုလ်စေတနာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြန်ပြောစမ်း၊ ပုညာဘိသင်္ခါရက ဘယ်ကုသိုလ်စေတနာနဲ့ ဘယ်ကုသိုလ်စေတနာ တွဲထားတုံး၊ (ကာမာဝစရကုသိုလ်စေတနာနဲ့ ရူပါဝစရကုသိုလ်စေတနာပါဆရာ)။

အေး-ဟုတ်ပြီ ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မင်းတောင်မှတ်မိ။ ဒင်းတို့လည်း မှတ်မိရမှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါမှ မမှတ်မိရင် ငိုက်နေလို့ပဲဟ။ ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်စေတနာသည် ဘယ်ကုသိုလ်စေတနာတွေလဲ ဆိုရင် ကာမာဝစရကုသိုလ်စေတနာနဲ့ ရူပါဝစရကုသိုလ်စေတနာ နှစ်မျိုးကို တွဲထား၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရဆိုတာ ဘယ်စေတနာတွေတုံး (အကုသိုလ်စေတနာပါဆရာ)၊ အေး-အကုသိုလ်စေတနာ ဒါဖြင့် ရှင်းသွားပြီနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အာနေဥ္စာဘိသင်္ခါရ ဆိုတာကတော့ ဘာကုသိုလ်လဲ (အရူပါဝစရကုသိုလ်စေတနာပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကုသိုလ်သုံးမျိုး ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)၊ အကုသိုလ်ကော ကုန်မသွားဘူးလား (ကုန်သွားပါပြီဆရာ)၊ ဟိုကလေး ခုဖြစ်နေတာကိုးကွ။ ဒီက သုံးခုနှင့် သွင်းနေရတယ်။ စေတနာက အကုသိုလ်စေတနာ ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ အရူပါဝစရကုသိုလ်စေတနာ လေးခု ဖြစ်နေတယ်။ ဒါဒီက ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဥ္စာဘိသင်္ခါရနဲ့ တွဲနေရတယ်။

ဒါကြောင့် အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရ သုံးမျိုးတို့သည် (ဝါ) စေတနာသုံးမျိုးတို့သည်။ သမ္ဘဝန္တိ ဖြစ်ကြကုန်၏။ စေတနာသုံးမျိုး သုံးစားတဲ့။ စေတနာသုံးမျိုး သုံးစား ဘယ်သူ ဘယ်သူတုံး ဆိုတော့ ပုညာဘိသင်္ခါရခေါ်တဲ့ ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ တစ်ဘုံ (မှန်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရခေါ်ထားတဲ့ အကုသိုလ်စေတနာတစ်ဘုံ၊ အာနေဥ္စာဘိသင်္ခါရခေါ်ထားတဲ့ အရူပါဝစရကုသိုလ်စေတနာတစ်ဘုံ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီ စေတနာသုံးဘုံပဲ ။ ဘုံသုံးပါးမှာ သတ္တဝါများ မထပ်မနား ရဟတ်ခြားလို တစ်လည်တည်း လည်နေတာတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သူ့အကြောင်းနဲ့ သူ့အကျိုး သွားနေတာနော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကွယ်။ လူ့ဘဝရခြင်း နတ်ပြည်ခြောက်ထပ် နတ်ဘဝရခြင်း ဘာကုသိုလ်တုံး (ကာမာဝစရကုသိုလ်တွေပါဆရာ)။

အေး-ကာမာဝစရကုသိုလ်စေတနာတွေက ပို့နေ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရူပါဝစရပြဟ္မာ တစ်ဆယ့်ခြောက်ဘုံသို့ ရောက်ခြင်းသည် ဘယ်သူကပို့ (ရူပါဝစရကုသိုလ်

http://www.dhammadownload.com

စေတနာပါဆရာ)၊ စေတနာက ပို့တယ်လား (မှန်ပါတယ်ဆရာ)၊ အရူပလေးဘုံသို့ ရောက်ခြင်းသည် (အကုသိုလ် စေတနာက) ဟာ ဟဲဟဲ မိုက်မဲလှချည်းလားဟာ။ အရူပလေးဘုံသို့ ရောက်ခြင်းသည် ဟော သူ့အမည်တိုင်း သူပြန်ခေါ်တယ်မဟုတ်လား။ အရူပါဝစရကုသိုလ်လုပ်လို့ အရူပဘုံ ရောက်တာပေါ့ဟ။ ရူပါဝစရ ကုသိုလ်လုပ်လို့ ရူပါဝစရဘုံရောက်တာပေါ့။ နားမလည်ဘူးလား (နားလည်ပါတယ်ဆရာ)၊ ပြန်ပြောစမ်း လူ့ဘဝနဲ့ နတ်ပြည်ခြောက်ထပ်သို့ ရောက်ခြင်းသည် ဘယ်သူကပို့၊ ကာမာဝစရ (ကာမာဝစရကုသိုလ်စေတနာက ပို့လိုက်တာပါဆရာ)၊ ကာမာဝစရကုသိုလ် စေတနာက ပို့လိုက်တယ် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရူပါဝစရပြဟ္မာ တစ်ဆယ့်ခြောက်ဘုံသို့ ရောက်ခြင်းသည် ဘယ်သူကပို့ (ရူပါဝစရကုသိုလ်စေတနာက ပို့လိုက်တာပါဆရာ)၊ ဟုတ်ပြီ။ အရူပလေးဘုံသို့ ရောက်ခြင်းသည် ဘယ်သူကပို့ (အကုသိုလ်စေတနာကပါဆရာ)၊ ဟဲဟဲဟဲ မိုက်လှ ချည်းလားဟာ။ ကြားသွားပဲ့၊ ကြားသွားပဲ့ အရူပါဝစရကုသိုလ်စေတနာပေါ့ဟ။ အရူပဘုံ ဆိုနေမှ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အရူပလေးဘုံ ရောက်ခြင်းသည် ဘာကြောင့် (အရူပါဝစရ ကုသိုလ်စေတနာက ပို့လိုက်တာပါဆရာ)၊ အရူပါဝစရကုသိုလ်စေတနာ နားလည်ပြီလား (နားလည်ပါပြီဆရာ)၊ ပြန်ပြောစမ်း၊ လူ့ဘဝ နတ်ဘဝရောက်ခြင်းသည် ဘယ်သူကပို့ (ကာမာဝစရ ကုသိုလ် စေတနာကပို့လိုက်တာပါဆရာ)၊ ရူပါဝစရပြဟ္မာ တစ်ဆယ့်ခြောက်ဘုံသို့ ရောက်ခြင်းသည် ဘယ်သူကပို့ (ရူပါဝစရကုသိုလ်စေတနာက ပို့လိုက်တာပါဆရာ)၊ အေး-ဟုတ်ပြီ။ အရူပလေးဘုံသို့ ရောက်ခြင်းသည် ဘယ်သူကပို့ (အရူပါဝစရကုသိုလ်စေတနာက ပို့လိုက်တာပါဆရာ)၊ ဟော-မှတ်မိပြီလား (မှတ်မိပါပြီဆရာ)၊ ဒါဖြင့် အပါယ်လေးပါးသို့ ရောက်ခြင်းသည် ဘယ်သူကပို့ (အကုသိုလ် စေတနာကပါဆရာ)၊ ဟော-ရှင်းသွားပြီနော် (မှန်ပါတယ်ဆရာ)။

အတော့်ကို စာရင်းရှင်းယူရတယ်။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီမှာတော့ ဘယ်နဲ့ ပြထားလဲဆိုတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတဲ့နေရာ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရ သုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏" ဆိုတော့ ဒီတော့ သုံးမျိုးထဲ ပြထားတာနော် (မှန်ပါတယ်ဆရာ)၊ ဟိုတော့ ကုသိုလ်စေတနာချည်းသန့်သန့် သုံးမျိုး မနေဘူးလား။ (သုံးမျိုးပါဆရာ)၊ အကုသိုလ်စေတနာပါနဲ့ဆိုတော့ စေတနာပေါင် လေးမျိုး မနေဘူးလား (လေးမျိုးဖြစ်သွားပါတယ်ဆရာ)၊ အဲ-လေးမျိုးမှာ ဒီက သုံးဘုံနဲ့ ခွဲရတယ်။ ကိုင်း - ခွဲပြစမ်းပါ။ ပုညာဘိသင်္ခါရ ဆိုတဲ့ စေတနာကြတော့ ဘယ်သူ ဘယ်သူကောက် (ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရ ကုသိုလ် ကောက်ရပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ ဒီနှစ်ခုတွဲထားတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ရှင်းပလား။

http://www.dhammadownload.com

အပုညာဘိသင်္ခါရဆိုတဲ့ စေတနာကျတော့ ဘယ်သူ့ကောက် (အာနေဉ္ဇာဘိသင်္ခါရပါဆရာ)၊ အေး-လုပ်ပါလုပ်ပ့ါ။ အာနေဉ္ဇာဘိသင်္ခါရကျ ဘယ်သူ့ကောက်။ လုပ်ပါလုပ်ပါ လုပ်စမ်းပါ။ ဘယ်စေတနာကောက် (အရူပါဝစရကုသိုလ်စေတနာပါဆရာ)၊ အေး-ဟုတ်ပြီ။ ဒါဖြင့် အပုညာဘိသင်္ခါရကျတော့ ဘယ်သူ့ကောက် (အကုသိုလ်စေတနာပါဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ။ လှေနံဓားထစ် မှတ်ထားတာကိုးကွနော်။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့်ရင် အခုတွက်ကြည့်လိုက်တော့ ဒီပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတော့ တို့သုံးဘုံသူ သုံးဘုံသားတွေ အဇ္ဈတ္တသန္တာန်ဖြစ်ပေါ်တဲ့ စေတနာဟာ ဒါပဲ မဟုတ်လား (ဒါပါပဲဆရာ)၊ ဒီပြင် ရှိသေးလား (မပိုပါဘူးဆရာ)၊ အေး-မပိုပါဘူး။ ဟုတ်တယ် မပိုပါဘူး။ ဒါပဲ လှည့်လုပ်နေနော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်စေတနာတွေ လုပ်လိုက်ကြ လုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရ ထုထောင်းလိုက်ကြ။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရ ကုသိုလ်စေတနာတွေ လုပ်လိုက်ကြ။

ဘာတွေလုပ် ဒါန သီလ၊ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ ရောက်စေတတ်သော ဈာန်သမထ လုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဒါန သီလ သမထ သုံးမျိုးလုံးပါသွား နော် (မှန်ပါတယ်ဆရာ)၊ အာနေဉ္ဇာဘိသင်္ခါရ ကုသိုလ်တွေ ကြိုးစားလိုက်ကြ။ ဘာတွေတုံး၊ အရူပလေးဘုံရောက်စေတတ်တဲ့ အရူပါဝစရဈာန် သမထ သမာဓိလမ်းတွေ လုပ်လိုက်ကြ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတိုချုပ်ပေါင်းလိုက်တော့ ကုသိုလ်ဘက်က ဒါန သီလ သမထတဲ့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကုသိုလ်က ဖယ်ထား နားလည်ပြီသားဖြစ်နေ။ အကုသိုလ်ရယ်၊ ဒါန သီလ သမထရယ်၊ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်၊ အကုသိုလ်ရယ် ဒီလေးမျိုး မဟုတ်လား (လေးမျိုးပါဆရာ)၊ အဲဒီလေးမျိုး ကြိုးစားနေကြတာ။ ဒါပေမယ့် ဒီလေးမျိုး ကြိုးစားတာထဲမှာ ဘယ်ဒင်းပိုများသလဲဆိုတော့ အကုသိုလ်တရား ကြိုးစားတဲ့ ပုဂ္ဂိုလ်ရယ်နော် (မှန်ပါတယ်ဆရာ)၊ လူ့ဘဝ နတ်ဘဝ ရောက်စေတတ်တဲ့ ကာမာဝစရကုသိုလ်တရား ကြိုးစားတဲ့ ပုဂ္ဂိုလ်ရယ် ဒီနှစ်မျိုးပိုများ။ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ ရောက်စေတတ်တဲ့ ရူပါဝစရကုသိုလ် ဈာန်သမထ တရားပွားတဲ့ ပုဂ္ဂိုလ်တောင် နည်းတယ်။ မနည်းဘူးလား (နည်းပါတယ်ဆရာ)၊ အရူပလေးဘုံ ရောက်စေတတ်တဲ့ အရူပါဝစရကုသိုလ်တရား အားထုတ်တဲ့ ပုဂ္ဂိုလ်လည်း နည်းတယ်။ မနည်းဘူးလား (နည်းပါတယ်ဆရာ)၊ ဒါ သမထလမ်းတွေကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဘယ်မှာ များနေသလဲဆိုတော့ ဒါနခန်းနဲ့သီလခန်း များတယ်။ ကုသိုလ်တရား ကြိုးစား။ မကြိုးစားဘူးလား (ကြိုးစားပါတယ်ဆရာ)၊ ဒါနနဲ့သီလပဲ လှည့်ကာ ပတ်ကာနဲ့ အင်တိုက်အားတိုက် အလုပ်လုပ်နေကြတာ။

http://www.dhammadownload.com

သမထပွားများတဲ့ ပုဂ္ဂိုလ်တောင် နည်းတယ်။ မနည်းဘူးလား (နည်းပါတယ်ဆရာ)၊ နည်းတယ် နည်းတယ် ဒီတော့ လုပ်တဲ့ပုဂ္ဂိုလ်လည်း လုပ်တယ်ထားပါတော့။ ဒါဖြင့် တို့သုံးဘုံသူ သုံးဘုံသားတွေ တွက်ကြည့်လိုက်တော့ အရိယာမဖြစ်သေးသမျှ ကာလပတ်လုံး ပုထုဇဉ်ဘဝနဲ့ နေကြတဲ့ သတ္တဝါများ လုပ်နေတာ ဘာတွေလုပ်နေသလဲ၊ အကုသိုလ်တရားတွေ လုပ်တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကုသိုလ်တရားတွေ လုပ်တယ်၊ ဒါန သီလဆိုတဲ့ ကုသိုလ်တရားတွေ လုပ်တယ်၊ သမထခေါ်ထားတဲ့ ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်တွေ လုပ်ကြတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ သုံးမျိုးလုပ်လို့လည်းပဲ ဒီသုံးဘုံထဲ လည်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လူဖြစ်လိုက် ကာမာဝစရကုသိုလ်ကြိုးစားတော့ လူဖြစ်လိုက် နတ်ဖြစ်လိုက်၊ ဒါန သီလလုပ်ရင် လူဖြစ်တယ် နတ်ဖြစ်တယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရူပါဝစရကုသိုလ်တွေ ကြိုးစားလိုက်တော့ ရူပါဝစရတစ်ဆယ့်ခြောက်ဘုံ ဗြဟ္မာတွေ ဖြစ်တယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ်ကြိုးစားတော့ အရူပလေးဘုံဗြဟ္မာတွေ ဖြစ်တယ်။ အထက်ဆုံးပဲ တန်းကုန်ပြီ။ မကုန်ဘူးလား (ကုန်ပါတယ်ဆရာ)၊ အကုသိုလ်ဒုစရိုက်တွေ ကြိုးစားတော့ အပါယ်လေးပါး လားတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒီလိုပဲ လှည့်ကာပတ်ကာနဲ့ ဖြစ်နေ၊ မဖြစ်ဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ သံသရာထဲ တဝဲလည်လည်နဲ့ ဒီလိုပဲလည်နေ။ အဲဒီ သံသရာထဲ တဝဲလည်လည် လည်နေရင်းမတ်တတ်ကနေ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်ပြိုင်တယ်။ မင်းနဲ့ငါနဲ့ တူသလား၊ မင်းက ယုတ်ညံ့တယ်၊ ငါက မြတ်တယ်၊ မင်းက တန်းနိမ့်တယ်၊ ငါက တန်းမြင့်တယ် နော် (မှန်ပါတယ်ဆရာ)၊ မင်းက အတယ်၊ နတယ်၊ ငါက ပါးတယ်၊ နပ်တယ်။ မင်းက ပညာမဲ့တဲ့ပုဂ္ဂိုလ်၊ ငါက ပညာရှိတဲ့ပုဂ္ဂိုလ်။ မင်းက လူဆင်းရဲ၊ ငါက လူချမ်းသာ။ နတ်လည်း နတ်အလျောက်၊ ဗြဟ္မာလည်း ဗြဟ္မာအလျောက် ဒီလို သွားနေတာနော် (မှန်ပါတယ်ဆရာ)၊ သူတို့ ကြည့်လိုက်တော့ တစ်နေ့တစ်ရက် တစ်မနက် "ခွေးရူးကောင်းစား တစ်မွန်းတည့်" ဆိုသလို တော်ကြာ သက်တမ်းလည်း ကုန်ဆုံးသွားပြန်။ မဆုံးဘူးလား (ကုန်ဆုံးပါတယ်ဆရာ)၊ ပုထုဇဉ်ဘဝနဲ့ နေကြတယ်ဆိုတော့ ဒီလိုပဲ နေကြရတယ်လို့ တဝဲလည်လည်နဲ့ သုံးဆယ့်တစ်ဘုံအပြင်ဘက် ထွက်နိုင်ရဲ့လား (မထွက်နိုင်ပါဘူးဆရာ)၊ အေး-သုံးဆယ့်တစ်ဘုံအတွင်းမှာပဲ စုန်ချည့်ဆန်ချည့်နဲ့ နေကြ။ ဟို အထက်ဆုံးဘုံရောက်သွားလဲ တော်ကြာ အခုပဲ ဗြဟ္မာ့ပြည်တဝင်းဝင်း တော်ကြာတော့ ဗြဟ္မာ့အသက်လည်း ကုန်တော့ အောက်ဘုံတွေ စုန်လာပြန်ပေါ့။ ဝက်စားကျင်း တရှုပ်ရှုပ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဗြဟ္မာဘုံလျောတော့ ချိုတောတိုးတဲ့။ ခုပဲ ဗြဟ္မာ့ပြည် နားကင်းကြီးနဲ့ တဝင်းဝင်း တော်ကြာတော့ ဝက်စားကျင်းတရှုပ်ရှုပ် ဝက်ကြီးဖြစ်ပြီးတော့ အစားစား၊

http://www.dhammadownload.com

လည်မနေဘူးလား (လည်နေပါတယ်ဆရာ)၊ ဒီ အပါယ်သံသရာကနေပြီးတော့ ဟိုအထက်၊ အပါယ် သံသရာကနေ အလယ်သံသရာ အထက်သံသရာ သံသရာသုံးသွယ် တကယ်ကြည့်စမ်း။ လှည့်ကာ ပတ်ကာနဲ့ တဝဲလည်လည် လည်နေကြတယ်တဲ့။ သုံးဘုံသူ သုံးဘုံသားတွေနော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူတွေတုံးဆိုတော့ ပုထုဇဉ်တွေတဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်တွေ လည်နေ ကြတယ်။ ဘာပုထုဇဉ်တွေလည်း ဆိုတော့ အန္ဓဗာလပုထုဇဉ်တွေ အန္ဓပုထုဇဉ်တွေတဲ့။ နားလည် ရဲ့လား (နားလည်ပါတယ်ဆရာ)၊ နာမည်ကိုက အန္ဓဗာလ အန္ဓခေါ်ထားတာ။ ပညာမျက်စေ့ လုံးလုံး မရှိတဲ့အတွက် သူကန်းပုထုဇဉ်လို့ ခေါ်ထားပါတယ်တဲ့။ ဘယ်တော့မှ မကျွတ်ဘူး ဆိုတာ မှတ်ထား။

ဒါကြောင့် ဆုံလည်သောနွား ရဟတ်ခြားကဲ့သို့ မထပ်မနား သံသရာလည်နေ လည်ချင်လို့ လည်တယ် မထင်နဲ့။ ဘာပြုလို့လည်လဲလို့ ဒီသင်္ခါရသုံးမျိုး ကြိုးစားအားထုတ်လို့ လည်တယ်။ မလည်ဘူးလား (လည်ပါတယ်ဆရာ)၊ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ်လို့ လည်နေတယ်တဲ့။ ဒီသင်္ခါရသုံးမျိုးက ဘာကြောင့် ကြိုးစား အားထုတ်တာတုံးလို့ မေးစရာ ရှိတယ်။ အဝိဇ္ဇာက တိုက် တွန်းလို့ အဝိဇ္ဇာက ခိုင်းလို့တဲ့။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဒီလိုလာတယ်။ အဝိဇ္ဇာက မသိရအောင် လှည့်ပတ်ဖုံးလွှမ်းထားတယ်တဲ့။ မှန်တာ ကန်တာကို တစ်လုံးတစ်ပါဒမှ မမြင် ရအောင် အမှန်အကန် အတိအကျကို မသိရအောင် ဆိုပြီးတော့ အဝိဇ္ဇာခေတ်က အဝိဇ္ဇာအမှောင်ထုက ဖုံးလွှမ်းထားတော့ ခင်မျာမှာ ပညာမျက်လုံး မရှိဘူးတဲ့။ မှန်တာကို မသိတော့၊ သိပ်ခဲ့အုံးမလား (မသိတော့ပါဘူးဆရာ)၊ မှတ်ထား မှတ်ထား၊ အဝိဇ္ဇာခေတ် အဝိဇ္ဇာတစ်လုံး ချုပ်ရင်လည်းပဲ သံသရာစက်ရဟတ် ပြုတ်ပါတယ်။

အမှောင်နှစ်မျိုး

ဒါကြောင့် သေချာလည်း မှတ်ထား။ အဝိဇ္ဇာရဲ့သတ္တိ ဒီအဝိဇ္ဇာခေတ်ကြီးတော့ ဘယ်နည်းနဲ့ ငါဖျက်ဆီးရမလဲဆို စိတ်ထဲမှာ အားခဲထား။ ဒင်းတစ်လုံးပြုတ်ရင် အကုန်ချုပ်ရင် အကုန်ပြုတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ချုပ်တဲ့အခန်းကျတော့ သေချာပြောပြပေးပါ့မယ်။ ဒါကြောင့် သေချာကြည့်။ အဝိဇ္ဇာအမှောင်ထု ဘယ်လောက်ကြီးသလဲဆိုရင် လောကအမှောင်၊ အဝိဇ္ဇာတရားကိုယ်က ဘယ်သူရ သလဲ (မောဟပါဆရာ)၊ အေး-မောဟ၊ လောကမှောင်၊ မောဟမှောင်တဲ့ နှစ်မျိုးရှိတယ်နော် (မှန်ပါ တယ်ဆရာ)၊ လောကလည်း အမှောင်မရှိဘူးလားဟ (ရှိပါတယ်ဆရာ)၊ အင်မတန်ကြီးမားတဲ့ အမှောင် အင်္ဂါလေးပါးနဲ့ ပြည့်စုံသော အမှောင်ထု လောကမှောင်၊ အင်္ဂါလေးပါးနဲ့ ပြည့်စုံသော အမှောင်သည် လောကအကြီးဆုံးသော အမှောင်တဲ့။ အမိုက်ဆုံးသော အမည်းဆုံးသော အမှောင်နော် (မှန်ပါ

http://www.dhammadownload.com

တယ်ဆရာ)၊ လောကမှောင် သေချာကြည့်။ လကွယ်နေ့လည်း ဖြစ်ရမယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ လကွယ်နေ့လည်း ဖြစ်ရမယ်တဲ့။ သန်းခေါင်တည့်တည့် အချိန်လည်းကျရမယ်တဲ့၊ လကွယ်နေ့လည်း ဖြစ်ရမယ်။ သန်းခေါင်ယံအချိန်လည်း ဖြစ်ရမယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မိုးမှောင်ကြီး ကလည်း ကျရမယ်တဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ တောအုပ်တို့ အဖုံးတို့ အကွယ်အကာတို့ ကလည်း ရှိရမယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လကွယ်နေ့လည်း ဖြစ်ရမယ် တစ်ပါးဟုတ်လား (မှန်ပါတယ်ဆရာ)၊ သန်းခေါင်အချိန်လည်း ဖြစ်ရမယ် နှစ်ပါးဟုတ်လား (မှန်ပါ တယ်ဆရာ)၊ မိုးမှောင်ကလည်း ကျရမယ်။ ဘယ်နှစ်ပါးတုံး (သုံးပါးပါဆရာ)၊ ဟုတ်ပြီ တောအုပ် အစရှိသော အဖုံးအကာကလည်း ရှိရမယ်။ ဘယ်နှစ်ခုတုံး (လေးပါးပါဆရာ)၊ အေး-အဲဒီအချိန်လေး သေချာကြည့်စမ်း။

အင်္ဂါလေးပါးနှင့်ပြည့်စုံတဲ့လောကမှောင်ကြီး

အမိပ္ပါယ်ဆိုကြစို့ကွာ၊ တောအုပ်ကြီးထဲ လကွယ်နေ့လည်းဖြစ်နေတယ်။ သန်းခေါင် အချိန်လည်း ဖြစ်နေတယ်။ မိုးမှောင်ကြီးကလည်း ကျနေတယ်။ တောအုပ်ကြီးလည်းဖြစ်နေတယ်။ သို့မဟုတ် တိုက်ခန်းတစ်ခုထဲလည်း ဖြစ်နေမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလေးချက် ညီနေတဲ့ အချိန်မှာ အမှောင်ဆုံးပဲတဲ့။ အင်္ဂါလေးပါးပြည့်စုံနေတဲ့အချိန်နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ် ဆရာ)၊ လကွယ်နေ့ဆိုတော့ လရောင်လေးလည်း မြင်စရာ လိုသေးလားဟ (မရှိပါဘူးဆရာ)၊ သန်းခေါင်ချိန်ဆိုတာက လကွယ်နေ့ သန်းခေါင်အချိန်ဆိုတာက နေနဲ့လနဲ့ လုံးလုံး ထပ်ပြီးတော့ သမသတ်ကျနေ။ လရောင်လေး နည်းနည်းမှ မပေါ်နိုင်တော့ဘူးတဲ့ သန်းခေါင်။ ဒါဖြင့် နာရီလေတိမ်း လိုက်ရင် ဒီဘက်တိမ်းလိုက်ရင်လည်းပဲ ဆယ့်နှစ်နာရီဆိုတဲ့ သန်းခေါင်တည့်တည့် ဒီဘက်တိမ်းရင် လည်း နေနဲ့နီးတယ်တဲ့။ ဟိုဘက်တွက်လိုက်ရင်လည်း နေနဲနီးတယ်တဲ့။ အမိပ္ပါယ်ကတော့ (မှန်ပါတယ် ဆရာ)၊ အရောင်လေး နည်းနည်းပေါ်ချင်ပေါ်လာမှာတဲ့။

ဒါကြောင့် သန်းခေါင်တည့်တည့် အချိန်ပြောထားတာ။ လကွယ်နေ့လည်း ဖြစ်ရမယ် သန်းခေါင်အချိန်ကလည်း ဖြစ်ရမယ်။ မိုးမှောင်ကြီးကလည်း ကျရမယ်။ တောအုပ်ကလည်း ဖုံးထား ရမယ်။ လေးချက်မနေဘူးလား (လေးချက်ပါဆရာ)၊ အဲဒီလေးချက်နဲ့၊ အင်္ဂါလေးချက်နဲ့ ပြည့်စုံတဲ့ အချိန်မှာကျတဲ့ အမှောင်ဟာ အကြီးဆုံး၊ ဘာအမှောင်တုံး၊ လောကအမှောင် ခေါ်၏။ လောက မှောင်လိုက်တာဟဲ့၊ မည်းလို့ဟဲ့၊ ဘာမှ မမြင်ရဘူးဟဲ့၊ အကြီးဆုံးသော အမှောင်နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ဒါကြောင့် "လက္ကွယ်သန်းခေါင်, မိုးမှောင်တောရိပ်, ဖုံးပိတ်ကွယ်ကာ, ဤလေးဖြာ, သေချာဖွဲ့နှောင်, လောကမှောင်" နော် (မှန်ပါတယ်ဆရာ)၊ လောကမှာ ကြီးဆုံးသော အမှောင်ထု "လက္ကွယ်သန်းခေါင်, မိုးမှောင်တောရိပ်, ဖုံးပိတ်ကွယ်ကာ, ဤလေးဖြာ, သေချာဖွဲ့နှောင်, လောကမှောင်" မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သိပ်ကြီးတဲ့အမှောင် မဟုတ်ဘူးလားဟ (ကြီးပါတယ်ဆရာ)၊ အဲဒီ အမှောင်ထက် အဝိဇ္ဇာခေါ်ထားတဲ့ မောဟအမှောင်က ပိုကြီးတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် လောကမှောင်က တစ်မျိုး၊ မောဟမှောင်က တစ်မျိုး။

ဒါကြောင့် "သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားထင်ထင်, မမြင်စေရာ, ပိတ်ကာဖွဲ့နှောင်, မောဟမှောင်၊ သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားထင်ထင်, မမြင်စေရာ, ပိတ်ကာဖွဲ့နှောင်, မောဟမှောင်" ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သစ္စာလေးပါး မမြင်အောင် ဖုံးကွယ်ထားတယ်လား (ဖုံးကွယ်ထားပါတယ်ဆရာ)၊ ဘာအမှောင်တုံး (မောဟအမှောင်ပါဆရာ)၊ အေး-မောဟအမှောင် မှတ်ထားနော်။ အခုန အမှောင်က စမ်းသွား၊ ရမ်းသွားဖြစ်သေးတယ်နော် (မှန်ပါတယ်ဆရာ)၊ အခု မောဟဆိုတဲ့ အဝိဇ္ဇာဓာတ်ဖုံးကွယ်ထားတဲ့ အမှောင်က မင်းတို့ ငါတို့ သေချာကြည့်စမ်း။ သံသရာအစ တည်းက အခုဘဝထဲထိအောင် ရေတွက်ကြည့်စမ်း။ ကျင်လည်လာတဲ့ဘဝ ရေတွက်လို့ ကုန်ပါ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ အနမတဂ္ဂ တစ်သံသရာလုံးနော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဘဝတုံးကများ မင်းပညာဆိုတဲ့ အလင်းရောင်ကလေးများ ရခဲ့ဘူးတုံး၊ (မရခဲ့ပါဘူးဆရာ)၊ တစ်ခါမှ မရခဲ့ဘူး။ မှောင်လိုက်တာလို့။

ဒါဖြင့် ကောင်းပါပြီ၊ ဘယ်ဘဝတုံးက ဒီလောက်တောင် ဘဝသချိုင်တွေ မရေမတွက်နိုင်အောင် များနေကြတုံး။ ဘယ်ဘဝတုံးကများ အမှန်အကန် အတိအကျကလေးနဲ့ သိခဲ့လဲ (မသိခဲ့ပါဘူး ဆရာ)၊ မသိခဲ့ဘူး။ အမှန်ဆို တစ်လုံးမှ မသိဘူးပေါ့ (မသိခဲ့ပါဘူးဆရာ)၊ အမှန်ဆို တစ်ခုမှ မသိခဲ့ဘူး။ ယုံရဲ့လားဟ (ယုံကြည်ပါတယ်ဆရာ)၊ အမှန်သိရင် မင်းသမ္မာဒိဋ္ဌိဉာဏ်ရမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ် မင်းအရိယာမျိုးစေ့ရနေပေါ့။ အရိယာဖြစ်ပေါ့။ ခုလောက်ရှိ ဘယ်နေလိမ့်မတုံး။ သမ္မာဒိဋ္ဌိဉာဏ် ငါးမျိုးမှာ မင်းတစ်မျိုးမှ ရမနေခဲ့ဘူးတဲ့။ ဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်တဲ့။ ကြည့် သေသေချာချာ၊ ဒီတော့ ဘယ်နဲ့လုပ်ထားတုံး။ သစ္စာလေးပါး မမြင်အောင် မောဟဆိုတဲ့ အမှောင်ကြီးက ဖုံးကွယ်ထားတာ၊ မင်းတစ်မင် တစ်ဖိုလ်များရခဲ့သလား (မရခဲ့ပါဘူးဆရာ)၊ သံသရာလာတာ ဘဝပေါင်း ဘယ်လောက်များ (မရေမတွက်နိုင်ပါဘူးဆရာ) မရေမတွက်နိုင်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒီ မရေမတွက်နိုင်သော ဘဝပေါင်းများစွာမှာ မင်းဘုရားအဆူဆူနဲ့ တစ်ဆူမတွေ့ တစ်ဆူတွေ့ တယ်လား (မတွေ့ပါဘူးဆရာ)၊ ဟောဗျာ - အောင်မလေးကောင်ဟဲ့၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားတွေတဲ့ များလိုက်တဲ့ ကိုယ်တော်မြတ်တွေလည်း ရေတွက်လို့ မကုန်နိုင်ဘူး။ ဂင်္ဂါဝါဠု ဗုဒ္ဓေါပမာနဲ့ ဂင်္ဂါမြစ်ကမ်းနားရှိတဲ့ သဲသောင်ပြင်ကြီးထဲရှိတဲ့ သဲလုံးလေးတွေမျှမကဘူးတဲ့ ပွင့်တော်မူတဲ့ ဘုရားတွေ။ အဲဒီဘုရားတွေ ပွင့်တော်မူတာနဲ့ နင်လာတာနဲ့ သံသရာမှာအတူ နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူက ဦးတယ်လို့ ပြောရဦးမလဲ။ ဒါ့ပြင်ဘုရားတွေ ဒါလောက်တောင် ပွင့်ပွင့်ပွင့်ပွင့် သွားတဲ့ကြားထဲမှာ နင်တစ်ဆူ မတွေ့၊ တစ်ဆူတွေ့မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမလေး တစ်ဆူမှ မတွေ့ဘူးတဲ့။ ဘယ်ချောင်များ ကပ်နေပါလိမ့်။ မင်း တိမ်ကြား များ ကပ်နေရှော့သလား။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ တစ်ဆူမတွေ့ တစ်ဆူတွေ့ မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မတွေ့လို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒါဖြင့် ဒီဘုရား းကိုယ်တော်မြတ်တွေ ပြတဲ့ ဟောပြောတဲ့ ဒေသနာ တည်းဟူသော သာသနာကြီးနဲ့ တစ်ခါမတွေ့ တစ်ခါတွေ့မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဘုရားအဆူဆူနဲ့ တွေ့သော်လည်း သာသနာနဲ့တွေ့သော်လည်း နင်တစ်လုံး တစ်ပါဒမျှ မှန်ကန်တဲ့ ယထာဘူတဉာဏ်များ ရခဲ့သလား (မရခဲ့ပါဘူးဆရာ)၊ ဘယ်လောက် ကြောက်စရာကောင်းတဲ့ အဝိဇ္ဇာလည်းလို့ သေချာကြည့်စမ်းနော် (မှန်ပါတယ်ဆရာ)၊ သစ္စာလေးပါး မြင်ခဲ့ရဲ့လား (မမြင်ခဲ့ပါဘူးဆရာ)၊ တစ်မဂ် တစ်ဖိုလ် ရခဲ့ရဲ့လား (မရခဲ့ပါဘူးဆရာ)၊ အမလေးဟဲ့ ဘယ်လောက်ကြီးမားတဲ့ အမှောင်ထုလည်းဆိုတာ အဲဒါ မှတ်ထား။

အဲဒါ အဝိဇ္ဇာအမှောင်ပဲတဲ့။ မောဟမှောင်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် မမြင်စေရာ ပိတ်ကာဖွဲ့နှောင် မောဟမှောင်။ ခုန အင်္ဂါ လေးချက်နဲ့ ပြည့်စုံတဲ့ လကွယ်သန်းခေါင်ဆိုတဲ့ အမှောင်ထက် မကြီးဘူးလားဟ (ကြီးပါတယ်ဆရာ)၊ တစ်နေ့တစ်ရက် ဒင်းဖုံးနိုင်တော့ မပေါ့နော် (မှန်ပါတယ်ဆရာ)၊ လကွယ်နေ့လောက်ပဲ အင်္ဂါလေးချက် ကြုံတုန်းသာ ဒင်းမှောင်နိုင်တော့မပေါ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အင်္ဂါလေးချက် တစ်ချက်လောက်ပျက်သွား မမှောင်နိုင်တော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ အခုတော့ မောဟတည်း ဟူသော အမှောင်ထုကြီးက ဘယ်လောက်များ ကြောက်စရာကောင်းသလဲဆို သစ္စာလေးပါး မမြင် အောင် ဖုံးကွယ်ထားတယ်တဲ့။

ဒါကြောင့် "စတူသု သစ္စေသု အညာဏာသေတံ နာမံ"။ ဧတံ၊ ထို အဝိဇ္ဇာဟူသော အမည်သည်။ စတူသု သစ္စေသု၊ သစ္စာလေးပါးတရားတို့၌။ အညာဏာသ၊ မမြင်ခြင်း မသိခြင်း၏။ နာမံ၊ အမည်တည်း။ "အဓိဝစန၊ နာမရှိရာ ဥပစာ" လို့ ဥပစာအားဖြင့် တင်စားခေါ်ထားတာ။

http://www.dhammadownload.com

အမှန်ကတော့ မောဟတရားကိုယ် မောဟစေတသိက်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက် ကြောက်စရာကောင်း၊ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး - အဲဒီ အဝိဇ္ဇာဓာတ်ကြီးပဲ။ ဒါကြောင့် သံသရာ ဘယ်ကစ၊ သူကစတာ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သံသရာဘယ်ကစ မသိတာကစ၊ သူစတာ။ သံသရာဘယ်မှာဆုံး သိတစ်လုံးမှာဆုံးပေါ့၊ သိရင်ဆုံးမှာပဲတဲ့၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အဝိဇ္ဇာက မသိတာ၊ ဝိဇ္ဇာက သိတာ၊ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ မသိဘူးဆိုတဲ့ အဝိဇ္ဇာဓာတ်ကြီး ဘာနဲ့သတ် (ဝိဇ္ဇာဓာတ်နဲ့ သတ်ရပါတယ်ဆရာ)၊ အေး-ဝိဇ္ဇာ ဓာတ်နဲ့သတ် မှတ်ထားမှတ်ထား၊ ဝိဇ္ဇာဉာဏ် ပေါ်ထွက်လာတဲ့အချိန်မှာ အဝိဇ္ဇာက ပြုတ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဝိဇ္ဇာဉာဏ်ပေါ်ထွက်လာတဲ့အချိန်မှာ ဒီအဝိဇ္ဇာဓာတ်ကြီးသည် ချုပ်ရ ပြုတ်ရမယ်။ ဒီအဝိဇ္ဇာဓာတ်ကြီး ချုပ်တဲ့ပြုတ်တဲ့ အချိန်မှာ သံသရာသစ်ငုတ် ဘဝသစ်ငုတ်ပြုတ်ပြီလို့ သံသရာထဲ မနစ်မြုပ်တော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ သံသရာက ကျွတ်ပြီ လွတ်ပြီဆိုတာ မှတ်ထား သေချာမှတ်။ အေး-ဒါကြောင့် သို့ကလောက်တောင် ကြောက်စရာ ကောင်းတဲ့ အဝိဇ္ဇာဓာတ်က လှည့်ပတ် ဖြားယောင်းပြီးတော့ ခိုင်းစေထားလို့ အခုသုံးဘုံသူ သုံးဘုံသား ဆိုတဲ့ ပုထုဇဉ်တွေ၊ အန္ဓပုထုဇဉ်တွေ ဘာတွေလုပ်နေ၊ ပုညာဘိသင်္ခါရတွေ လုပ်လိုက်၊ အပုညာဘိသင်္ခါရတွေ လုပ်လိုက်၊ အာနေဉ္ဇာဘိ သင်္ခါရတွေလုပ်လိုက်၊ ကိုယ့်မီးစကိုယ်ထိုးနေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေချာ ကြည့်နော်။ အဲဒီနေရာကြတော့ တရားမဆုံးသေးခင် သိပ်မဝေဖန်ကြနဲ့။ နည်းနည်း အသင့်အတင့် လူများ ကြားဖူးတာ မတူသေးဘူး ပြောလိမ့်မယ်။ ဒီက ပဋိစ္စသမုပ္ပါဒ်ဒေသနာဟောထားတဲ့အတိုင်း တိတိကျကျ ပြောသွားတဲ့အခါကျတော့ ဘယ်လိုဖြစ်လာလဲ ဆိုတော့ တိတိကျကျလေး ဖြစ်လာ လိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် တို့လူစုက တိတိကျကျ စဉ်းစား၊ ရုတ်တရက်တော့ အပြစ်မတင်ရဘူးနော် (မှန်ပါတယ် ဆရာ)၊ ဘာပြုလို့တုံး၊ တို့အခု ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေက ကံ, ကံ၏အကျိုး ယုံကြည်တဲ့ ဗုဒ္ဓ ဘာသာ ဗမာလူမျိုးမှန်မှန်သမျှက ဘာအားထားနေသလဲ ဆိုတော့ ဒါနကုသိုလ် အားထားတယ်။ သီလကုသိုလ် အားထားတယ်၊ သမထကုသိုလ်အားထားတယ်။ အကုသိုလ်တော့ ကြောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်ကောင်းမှုကိုတော့ဖြင့် နေ့နဲ့အမျှ တတ်အားသမျှ ဆည်းပူးတယ်၊ အားထုတ်တယ်၊ အလုပ်လုပ်တယ်။ ဘာပြုလို့ အားကိုးလို့ အားထားလို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲသလို အားကိုး အားထားအနေအားဖြင့် ကြိုးစား နေတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဆိုတဲ့ တရားတွေ မင်းတို့ လုပ်နေတာ မတော်ပါ ဘူးကွယ်လို့ ဒီလို ပြောလိုက်မယ်။ ဆတ်ဆတ်ခါအောင် နာတယ်နော် (မှန်ပါတယ်ဆရာ)၊ နာမနေ

http://www.dhammadownload.com

ဘူးလား (နာနေပါတယ်ဆရာ)၊ ဟောတဲ့ ပြောတဲ့ ပြတဲ့ သတဲ့ ပုဂ္ဂိုလ်အပေါ်လည်း မငြိုငြင်ဘူးလားကွယ် (ငြိုငြင်မှာပါဆရာ)၊ အထင်အမြင်ကော မလွဲဘူးလား (လွဲပါတယ်ဆရာ)၊ အဲဒီလို ဖြစ်သွားတတ်တယ်။

ဒါပေမယ့် ဘယ်သူဟောတာတုံးဆိုတော့ ဘုရားကိုယ်တော်မြတ် ဟောထားတာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီတရားမဆုံးခင်ကို ပြုန်းကနဲဆို မဝေဖန်နဲ့။ တို့ဉာဏ်မှီအောင် လိုက်အုံးမယ်ဟဲ့။ ဉာဏ်မှီအောင် စဉ်းစားအုံးမယ်ဟဲ့။ ပြီးတော့မှ အမှားအမှန် ဝေဖန်မယ်ဟဲ့။ အကောင်းအဆိုး အကျိုးအပြစ်ကို ကြည့်မယ်ဟဲ့။ ဒီလို သဘောထားနော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာလေးကျ နည်းနည်းလေးထိန်းထိန်းပေးရမယ်။ ဘာကြောင့်တုံး၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတော့ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရာသုံးမျိုး ကြိုးစားအားထုတ် အလုပ်လုပ်နေကြတယ်ဆိုတော့ သင်္ခါရသုံးမျိုးက တခြားမဟုတ်ဘူး။ စောစောက ငါဝေဖန်ပြထားတဲ့ ဘုံသုံးပါးထဲ ဖြစ်စေတတ်တဲ့ သုဂတိဖြစ်စေ သုဂတိဘဝ ရစေတတ်တဲ့ကုသိုလ်၊ ဒုဂ္ဂတိဘဝ ရစေတတ်တဲ့ အကုသိုလ်၊ ဒီနှစ်မျိုးကိုကွနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ သုဂတိဘဝ ရစေတတ်တဲ့ ကုသိုလ်ကလည်းပဲ ကာမာဝစရကုသိုလ် ဒါန သီလ လုပ်တယ်။ ရူပါဝစရကုသိုလ် ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ ပြဟ္မာဖြစ်စေတတ်တယ်။ အရူပါဝစရကုသိုလ် အရူပလေးဘုံ ရောက်စေတတ်တယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အတိုပေါင်းလိုက်တော့ ကုသိုလ်ခန်းက ဒါန သီလ သမထ သုံးမျိုးသုံးစား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်သုံးပါးပဲ အားထားယုံကြည်ပြီးတော့ အမျိုးမျိုးအဖုံဖုံအားဖြင့် ကြိုးစားအားထုတ် အလုပ်လုပ်နေကြတဲ့အထဲမှာ အဲဒီကုသိုလ်တွေလုပ်တာ တယ်မဟန်ပါဘူးကွာ။ မတော်လှပါဘူးလို့ ဒီလောက်ကလေး ပြောလိုက်ရင်ပဲ အဲဒါ တော်တော်ကြီးပဲ ခံပြင်းရှာမယ်။ ဟောတဲ့ ပြောတဲ့ ပုဂ္ဂိုလ်လည်း ငြိုငြင်ရှာမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီလို ပြောခြင်း ဟောခြင်းသည် ဘယ်သူက ဟောခိုင်း ဘယ်သူက ပြောခိုင်း၊ ဘုရားကိုယ်တော်မြတ်က ဟောတယ်။ ဘုရားကိုယ်တော်မြတ်က ပြောတယ်နော် (မှန်ပါတယ်ဆရာ)၊ သေချာကြည့်လေ ဟုတ်လား မဟုတ်လားလို့၊ ဒါနလုပ်လုပ် သီလလုပ်လုပ်၊ တို့လူစုတွေ ကုသိုလ်ကောင်းမှုတွေ နေ့နဲ့အမျှ ကြိုးစားနေ၊ ကုသိုလ်ဆိုရင် သေချာမှတ်ထား။ ဘုရားပုထိုး ရှိခိုးဝတ်တက်တာကအစ ဆီမီး ပန်းမာလ် ရေချမ်း ဆွမ်းအလှူ ကွမ်းအလှူကစ သေချာကြည့်။ ကျောင်းဒကာ ဘုရားဒကာ ဉပါသကာ ဉပါသကီ နေ့နဲ့အမျှ ရတနာမြတ်သုံးပါးကို အမြဲမပြတ် ဆည်းကပ်ပြီးတော့ ကြိုးစားနေကြတဲ့ ကုသိုလ် ကောင်းမှုတွေလို့ ဘာပြုလို့ အားထားလို့ အားကိုးတဲ့ အနေအားဖြင့် ကြိုးစားနေတာပေါ့။

http://www.dhammadownload.com

သို့ကလောက်တောင် အားကိုးအားထားနဲ့ ကြိုးစားနေတဲ့ တရားတွေ အဲဒါ မတော်ဘူးကွယ့် လို့ ပြော၊ အဲဒါ ဒုက္ခပဲနော် (မှန်ပါတယ်ဆရာ)၊ ခံနိုင်စရာ အကြောင်းမရှိဘူး။ မှတ်ထားနော် သေသေချာချာ၊ အကုသိုလ်တရားတွေ ကြိုးစားတဲ့ပုဂ္ဂိုလ်ကျတော့ ဟော့-မင်းအကုသိုလ်တွေ လုပ်နေတာ မတော်ဘူးကွယ်ဆိုတော့ မတင့်တယ်လားကွယ် (တင့်တယ်ပါတယ်ဆရာ)၊ တင့်တယ် တင့်တယ်၊ သေသည်၏ အခြားမဲ့ အပါယ်လေးပါးလားမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မင်း အကုသိုလ်တွေ လုပ်နေတာ မတော်ဘူးကွယ်ဆိုရင် တင့်တယ်တယ်, တော်တယ်, ခံသာတယ်, ကြိုက်တယ်။ မင်းကုသိုလ်တရားတွေ ကြိုးစားအားထုတ်နေတာ မတော်ဘူးကွယ်ဆိုရင် ဒုက္ခပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာကြောင့် ဒီလို ပြောပါလိမ့်တုံး။ ဘာကြောင့် ဒီလို ဟောပါလိမ့်။

တစ်ခုပြီး တစ်ခု ဆက်တိုက် ဆက်တိုက် သူ့အဓိပ္ပါယ်လေးတွေ ပေါ်ထွက် ပေါ်ထွက်လာလို့ ဒါလေးတွေ ဖမ်းဖမ်းဝေဖန်ရမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ပါဠိတော် ဘယ်နဲ့ဆိုထားသလဲ အဋ္ဌကထာက ဘယ်နဲ့ပြထားသလဲ၊ ဘာအကြောင်းကြောင့် ဒီလို တားမြစ်ထားတယ်၊ ကဲ့ရဲ့ရှုပ်ချထားတယ် ဆိုတဲ့ သဘာဝလေးတွေ တစ်ညပြီး တစ်ည ပြီးတစ်ည ဆက်ကာ ဆက်ကာနဲ့ ဒီအဝိဇ္ဇာနဲ့သခၤါရမှာ တို့လူစုတွေ လိမ်ပတ်လည်သွားအောင် ပါးရေ နားရေ ရှိသွားအောင် တတ်မြောက်လိမ္မာအောင် သင်ကြားပေးပါမယ်လို့နော် (မှန်ပါတယ်ဆရာ)၊ စိတ်ထဲမှာ မငြိုငြင်ကြနဲ့။ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာအတိုင်း သဘာဝကျကျနဲ့ ချပြနေတာပါ။ တို့ဉာဏ်မမှီလို့ မယူတတ်သေးလို့၊ ဉာဏ်မှီလို့ ရှိရင်လည်းပဲ ရှင်းလင်းသွားမှာပဲဆိုတာလည်း မှတ်ထား။ အင်မတန် မှန်ကန်တိကျတဲ့ အပိုအလို မရှိအောင် အမှန်ဆုံးဆိုတဲ့ မှန်နိုင်သမျှ မှန်အောင် ကြိုးစားပြီးတော့ ပြနေတဲ့ တရားပါလို့။

ဒါကြောင့် ဒီနေရာလေးတော့ နည်းနည်းစိတ်ထဲမှာ ငြိုငြင်မှုလေးတွေ ပေါ်မှာစိုးတယ်။ တို့များ ကတော့လည်းပဲ ပြလာတဲ့ နှစ်ပေါင်းကလည်းကြာတော့ ပရိသတ်အမျိုးမျိုးတွေ့ရတယ်ဟနော် (မှန်ပါတယ်ဆရာ)၊ တချို့လဲ ဒီနေရာမှာပဲ တော်တော်ကလေး ခုခုခံခံနဲ့ မခံချင်တဲ့ စိတ်ကလေးပေါ် ပြီးတော့ သင်တန်းကများ ထပြီး ပြန်သွားတာလည်းရှိ။ သင်တန်းကထွက်သွားပေါ့။ ကြိုက်ဘူး တို့တော့နော် (မှန်ပါတယ်ဆရာ)၊ ဘယ့်နဲ့ကွယ် ကုသိုလ်တရားဆိုတာ ဘုရားကိုယ်တော်မြတ်ကိုက မှာကြားထားတာရှိတယ်။

"ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ၊ ပုညံ ဘာယတော သုခံ ဘာယတိ နာမ။"

ဘုရားကိုယ်တော်မြတ် တိုက်တွန်းထားတာရှိတယ်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုညံ၊ ကုသိုလ် ဆိုတဲ့ တရားကြီးကို။ မာ ဘာယိတ္ထ၊ မကြောက်ကြပါနှင့်။ ပုညံ၊ ကုသိုလ်ဆိုတဲ့တရားကို။ ဘာယတော၊

http://www.dhammadownload.com

ကြောက်သော သူသည်။ သုခံ၊ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဘာယတိ နာမ၊ ကြောက် သည်မည်၏။

ချစ်သား ချစ်သမီးတို့ ကုသိုလ်တရားများ မကြောက်ကြနဲ့ဟဲ့။ နောက်မဆုတ်ကြ မရွံ့ကြနဲ့၊ မတွန့်ကြနဲ့၊ ကုသိုလ်ကောင်းမှုဆိုတဲ့ တရားကို ကြိုးစားအားထုတ်ကြ။ ကုသိုလ်ကောင်းမှု ကြောက်တဲ့ သူဟာဖြင့် လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ကြောက်တဲ့ပုဂ္ဂိုလ် မည်တယ်။ ဒီလို တိုက်ရိုက် ဟောထားလို့ တို့ဆရာ့ဆရာများ သင်ကြားပြသထားလို့၊ ဒီ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်တွေပဲ လက်ကိုင်ထားပြီးတော့ အားကိုးအားထားအနေအားဖြင့် နေ့မစဲ ညမစဲ အမြဲတစေ ကြိုးစား အားထုတ် နေရပါတယ်။ အဲဒီထဲ ဒီကုသိုလ်ကောင်းမှုတွေလုပ်တာ မတော်ဘူး။ မကောင်းဘူးလို့ ဆိုတာတော့ တို့လက်မခံနိုင် မကြိုက် ထဆောင့်သွားတာပဲနော် (မှန်ပါတယ်ဆရာ)၊ ဘာကြောင့် ပြောသလဲလို့ စကားဆုံးအောင် နားမထောင်ဘူး၊ မဝေဖန်ဘူး၊ မစဉ်းစားဘူး။ ဒါကြောင့်လည်း သံသရာထဲ တဝဲလည်လည်နဲ့ နေရတာပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကြည့်လေ လုပ်ပုံလုပ်နည်းက ဒါန သီလကုသိုလ်ကောင်းမှုလုပ် ဆုတောင်းတာ သေချာကြည့်ထား။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ လူကောင်း နတ်ကောင်း ပြဟ္မာကောင်း ဆိုတဲ့ ဘဝကောင်းရာ ငါကောင်းရာ အနေအားဖြင့် ဆုတောင်းတွေ တစ်ညံညံနဲ့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဘာကုသိုလ်တွေတုံး။ ဘာကုသိုလ် တွေတုံး (ကာမာဝစရကုသိုလ်ပါဆရာ)၊ ဟောဗျာ-ခင်ဗျားပြောမှ၊ ဝဋ္ဋလား၊ ဝိဝဋ္ဋလား (ဝဋ္ဋ ကုသိုလ်ပါဆရာ)၊ ဝဋ္ဋကုသိုလ် ဝဋ်သုံးပါး လည်စေတတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူ့ဆုတောင်းကိုက ဝဋ်ထဲတောင်းနေတယ်လား (ဝဋ်ထဲတောင်းနေပါတယ်ဆရာ)၊ ဘဝကောင်းရာ ငါကောင်းရာပေါ့ (မှန်ပါတယ်ဆရာ)၊ လုပ်ပုံလုပ်နည်းကနော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် သံသရာဝဋ်ဆင်းရဲကြီး၊ သံသရာဝဋ်ဒုက္ခကြီး သူက ဒုက္ခမှန်း မသိဘူးပေါ့ (မသိပါ ဘူးဆရာ)၊ လူကောင်း နတ်ကောင်း ပြန်ဖြစ်ချင်တာ ရှိတာပေါ့ (မှန်ပါတယ်ဆရာ)၊ လုပ်ပုံလုပ်နည်း ပြောတာနော် သေချာနားထောင်။ လူကောင်း နတ်ကောင်း ပြန်ဖြစ်ချင်တယ်လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့်မို့ သူကြိုးစားနေတာပဲတဲ့။ ဒါကြောင့် သူ့ဆုတောင်းတွေထဲမှာ အစုံအလင် တောင်းထား တာပေါ့။ လူ့ဘဝ နတ်ဘဝ ပြဟ္မာ့ဘဝ လူမင်း နတ်မင်း ပြဟ္မာမင်း ဒီလိုစည်းစိမ်တွေ လိုချင် တပ်မက်မောတဲ့ အနေအားဖြင့် သူလုပ်နေတဲ့ ကုသိုလ်တွေတဲ့။ လုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဒါပေမယ့် သူက ဘာတုံး ဆိုတော့ တစ်မင်္ဂ တစ်ဖိုလ်ရဖို့၊ နိဗ္ဗာန်မျက်မှောက် ပြုဖို့ဆိုတဲ့ ရည်ရွယ် ချက်က နည်းနည်းလေးမှ မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ဝဋ်ထဲမှာသာလျှင်ပျော်၊ ဝဋ်ထဲမှာသာ နှစ်ခြိုက်တယ်၊ ဝဋ်ထဲမှာသာလျှင် လည်လိုတဲ့ အနေအားဖြင့် ဝဋ်သုံးပါးတောင်းတာပြီး လုပ်နေတဲ့

http://www.dhammadownload.com

အလုပ်တွေတဲ့။ သူလုပ်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ များသောအားဖြင့် ဒါတွေ အားကြီးနေ အားပြုနေ။ ဒါပေမယ့်လည်း အောင်မယ်ဆုတောင်းကတော့ ပါတယ်။

ယာဝလို့၊ တာဝလို့ ပါသေးတယ် ဆုတောင်းထဲနော် (မှန်ပါတယ်ဆရာ)၊ ယာဝ၊ အကြင် ရွှေ့လောက် နိဗ္ဗာန်သို့ မျက်မှောက်မပြုရပါသေး။ တာဝ၊ ထိုရွှေ့လောက် နိဗ္ဗာန်က မရောက်ရ သေးဘူးတဲ့၊ ရုတ်တရက်အားဖြင့် မရောက်သေးဘူးတဲ့။ မရောက်သေးသမျှ ကာလပတ်လုံး သုံးဆယ့် တစ်ဘုံ ကျင်လည်လို့ရှိရင် လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်ချင်တယ်တဲ့။ ဆုတောင်းတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ပါသေး နိဗ္ဗာန်ကျတော့ ဖြည်းဖြည်းယုံတယ် ခင်ဗျ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ထဲမှာ နှစ်မျိုးနှစ်စား ရှိတယ်ဟဲ့။ နိဗ္ဗာန်ယူသွားလို့၊ ရသွားလို့ တစ်ယောက်မှ မရှိမှ သူကလိုချင်သတဲ့။ ဘာပြုလို့ဆိုတော့ အဆုံးစွန်သောဘဝ နောင်ကာလ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရပါလို၏ဆိုတော့ အဆုံးစွန်သော ဘဝဆိုတော့ တစ်ယောက်မှ မရှိဘူးတဲ့။ သူနောက်ဆုံး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာထက် လိုချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကတော့ မပါကြဘူး။

ဆုတောင်းပြန်တော့လည်း အဆုံးစွန်သောဘဝနဲ့ တောင်းနော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန် ယောင်ယောင်မှားမှား ထည့်တောင်းပြန်တော့လည်း ယာဝနဲ့ တာဝနဲ့ ထည့်တောင်း ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စောစောက ကြိုတင်တောင်းထားသော လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်း စိမ်။ ဒါတွေ တစ်သုတ်သုတ်နဲ့ အဟုတ်ခံစားချင်တဲ့ စေတနာဓာတ်တွေနဲ့ တောင်းထားတယ်တဲ့။ သူလုပ်တဲ့ ကုသိုလ်ကြည့်ပါလို့။ ဒါကြောင့် ဘုရားဒကာ ကျောင်းဒကာ ဥပါသကာ ဥပါသကီ ဇရပ် ဒကာ ရေတွင်းဒကာ ဘာဒကာဖြစ်ဖြစ် ဘယ်ကုသိုလ်လုပ်လုပ် များသောအားဖြင့် တစ်ရာမှာ ကိုးဆယ် နဲ့ကိုးက ဒီလိုပဲ လုပ်နေကြတယ်။ လုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒီတော့ သူစိတ်ထဲ ဘယ်နဲ့ နေသလဲဆိုတော့ သံသရာဝဋ္ဋဒုက္ခကို သုခမှတ်တယ်။ မှတ်ဘူးလား (မှတ်ပါတယ်ဆရာ)။

အခုဘဝနိမ့်ကျနေတယ်ဆိုလို့ရှိရင် နောက်ဘဝကို ဒါထက်မြင့်တဲ့ဘဝ သူလိုချင်နေတယ် မဟုတ် လား (လိုချင်ပါတယ်ဆရာ)၊ ဒါကြောင့်လဲ ဆုတောင်းတဲ့ နေရာကျတော့ လိုလေသေး မရှိအောင်ပေါ့ ကွာ။ သူအခုဘဝမှာ အလတ်တန်းစားလောက်ဖြစ်ရင် နောက်ဘဝကျတော့ ဒီလိုမဖြစ်ရအောင်ဟာ။ ပိုပိုမိုမိုဆိုပြီးတော့ ကြိုတောင်းတဲ့ အများကြီး။ တချို့က လျှုတာကတစ်မူး တစ်မတ်တန်လောက်ပါ။ တောင်းထားတဲ့ ဆုတောင်းကတော့ စကြာဝတေး မန္ဓာတ်ထိအောင် တောင်းထားတာ။ ငါအားနာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ တရားလွန်ပဲလုပ်ထားတာ။ အဲဒီလို လုပ်နေတာ သေချာ ကြည့်။ ဒါအမှန်ကတော့ သံသရာဝဋ္ဋဒုက္ခ သုခဟူသော အနေအားဖြင့် သူမှတ်လို့ပဲတဲ့။ သူလုပ်နေ

http://www.dhammadownload.com

တာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သံသရာဒုက္ခကို သုခဟူသော အမှတ်သညာရှိသော သတ္တဝါသာလျှင် အခုပြောခဲ့တဲ့ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ်လုပ်ပါတယ်တဲ့။ နားလည်အောင် မှတ်ထားကြနော် သေသေချာချာ မျက်စိလည်သွားမယ်။ ဒါကြောင့် -

သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ နှာ၊ ၁၃၈)

တိုက်ရိုက် တိုက်ရိုက်။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲကြီးကို။ သုခ သညာယ၊ သုခဟူသော အမှတ်သညာဖြင့်။ ဂဟေတွာ၊ ယူ၍။ တဿ၊ ထိုသံသရာဝဋ်ဆင်းရဲကြီး၏။ ဟေတုဘူတေ၊ အကြောင်းဖြစ်၍ဖြစ်သော။ တိဝိဓေပိ၊ သုံးပါးအပြားရှိသည်လည်းဖြစ်သော။ သင်္ခါရေ၊ ယခုပြနေသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ခေါ်ထားတဲ့ သင်္ခါရသုံးမျိုးတို့ကို။ အာရဘတိ၊ အားထုတ်၏။

မှန်ရဲ့လား (မှန်ပါတယ်ဆရာ)၊ လူမိုက်တွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဒါ ဘယ်သူ့ ဘယ်သူမှ အပြစ်တင်စရာ မလိုဘူး။ ဒါ သံသရာဝဋ်ဒုက္ခကြီးကို သုခဟူသော အမှတ်သညာရှိတဲ့ လူမိုက်များသာလျှင် ထိုသံသရာဝဋ်ဒုက္ခကြီးရဲ့ အကြောင်းပြု၍ ဖြစ်သော သင်္ခါရသုံးမျိုးကို ကြိုးစားအားထုတ်ပါတယ်တဲ့။

"တဿ ဟေတုဘူတေ တိဓိဓေပိ သင်္ခါရေ အာရဘတိ" ရှင်းလို့ ရှင်းလို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာမှလည်း အပြစ်တင်စရာ မလိုဘူး။ ကိုယ်ကိုယ်တိုင် နားလည်အောင် မှတ်သားရမယ်၊ ကိုယ်ကိုယ်တိုင် နားလည်အောင် မှတ်သားပြီးတော့ ဒီလိုရှောင်မှ ဖြစ်မယ်၊ ဒီလို ပြောင်းမှ ဖြစ်မယ်ဟဲ့။ တို့လုပ်ပုံ လုပ်နည်း မဟုတ်သေးဘူးဟဲ့။ ဒီလို သွားရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ် ဒါန သီလ သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ မလုပ်ကောင်းဘူးလေ။ မလုပ်ရဘူးလေ။ ဒီလိုပြောတာမှ မဟုတ်ဘဲ လိုင်းပြောင်း ပေးဖို့ ပြောတာ၊ ရည်ရွယ်ချက် ပြောင်းပေးဖို့ ပြောတာ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ လိုင်းပြောင်းပေးဖို့ ရည်ရွယ်ချက်ကလေး ပြောင်းပေးဖို့ အကောင်းဆုံးဆိုတဲ့ နည်းလေးတွေ ထုတ်ထုတ် ပြီးတော့ သင်ကြ ကြားကြ ဟောကြ ပြောကြ တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်များ အဲဒါကိုပဲ အရင်းအဖျား ကိုယ်ပိုင်ဉာဏ်အားဖြင့် မစဉ်းစားဘဲနဲ့ စိတ်ဆိုးတာက အရင် စိတ်တိုတာက အရင်နော် (မှန်ပါတယ်ဆရာ)၊ ရှုးကနဲ ဒိုင်းကနဲ ထသွားတာပဲ၊ ဆောင့်သွား တာပဲ။ တို့တော့ မကြိုက်ပါဘူး။ ကုသိုလ်ကောင်းမှုပြုတာ အပြစ်ဆိုနေပေါ့ ဒီလို လာတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒီက ပြောတဲ့စကားက ဘာပြောလို့ ပြောမှန်းမသိ။

http://www.dhammadownload.com

ဒါကြောင့် ဒီပါဠိသေချာလည်း မှတ်ထား။ "သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ" - သံသာရဒုက္ခံ၊ သံသရာ တည်းဟူသော ဝဋ်ဆင်းရဲ ကြီးကို။ သုခသညာယ၊ သုခဟူသော အမှတ်ဖြင့် (ဝါ) ချမ်းသာသည်ဟူသော အမှတ်ဖြင့်။ ဂဟေတွာ၊ ယူ၍။ တဿ၊ ထိုသံသရာဝဋ်ဆင်းရဲကြီး၏။ ဟေတုဘူတေ၊ အကြောင်း ဖြစ်၍ဖြစ်သော။ တိဝိဓေပိ၊ သုံးပါးအပြားရှိသည်လည်း ဖြစ်သော။ ဒီသံသရာဝဋ်ဆင်းရဲကြီး၏ အကြောင်းတရားတွေ ဘယ်သူ တွေတုံး။ အခုပြတဲ့ သင်္ခါရ သုံးမျိုးမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လွတ်သေးရဲ့လား (မလွတ်ပါဘူး ဆရာ)၊ ဒီသံသရာဝဋ်ဆင်းရဲကြီးဖြစ်စေတဲ့ အကြောင်းတရားသုံးပါး မဟုတ်ဘူးလား (သုံးပါးပါဆရာ)၊ ဒီသင်္ခါရ သုံးမျိုးမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ" လို့ ပြထားတာ ပါဠိအဓိပ္ပါယ်လည်း လည်လည်ပတ်ပတ် ကလေးလဲကောက် သေသေ ချာချာလည်း နားထောင်။ တဿ၊ ထိုသံသရာဝဋ်ဆင်းရဲကြီး၏။ ဟေတုဘူတေ၊ အကြောင်းဖြစ်၍ ဖြစ်သော။ တိဝိဓေပိ၊ သုံးပါးအပြားရှိသော။ သင်္ခါရေ၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာ ဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးတို့ကို။ အာရဘတိ၊ ကြိုးစားမယုတ် အားထုတ်၏။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါ သံသရာဝဋ်ဆင်းရဲရဲ့ အကြောင်းတွေပဲတဲ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သံသရာ ဝဋ်ဆင်းရဲရဲ့ အကြောင်းတွေပဲဆိုမှဖြင့် သံသရာ ဝဋ်ဆင်းရဲကို မလိုချင်ပါဘူးဆိုတဲ့ ပုဂ္ဂိုလ်က လုပ်အုံးမှာလားဟ (မလုပ်ပါဘူးဆရာ)၊ သံသရာ မလည်ချင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်က လုပ်အုံးမှာလား (မလုပ်ပါဘူးဆရာ)၊ သူ့ကိုယ်က ဒီသင်္ခါရ သုံးမျိုးက သံသရာ ဝဋ်ဆင်းရဲရဲ့ အကြောင်းရင်း တရားတွေ ပါလို့ဆိုထားတာ။ ဒါဖြင့် သံသရာ ဝဋ်ဆင်းရဲရဲ့ အကြောင်းရင်းတရားတွေ ဟုတ်လား မဟုတ်လား။ ပြန်ဖတ်ကြည့်စမ်းပါလား။ ပုညာဘိသင်္ခါရဆိုတဲ့ ကာမာဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ် စေတနာသည် လူကောင်း နတ်ကောင်း ရူပါဝစရ (၁၆) ဘုံ ပြဟ္မာကောင်းဖြစ်စေတတ်၏။ ဟုတ်ရဲ့လား အကြောင်းတွေနော် (မှန်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရသည် အပါယ်လေးပါး၏ အကြောင်းဖြစ်၏၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အာနေဉ္ဇာဘိသင်္ခါရသည် အရူပလေးဘုံ၏ အကြောင်းဖြစ်၏။ ဟုတ်ရဲ့ လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီသုံးဆယ့်တစ်ဘုံက သံသရာ ဝဋ်မဟုတ်လား (သံသရာ ဝဋ်ပါဆရာ)၊ အဲဒီ သံသရာ ဝဋ်ဒုက္ခအကြောင်း စင်စစ်ဖြစ်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ်ကြရတယ်တဲ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ဘာမှ ဘယ်သူမှကွန့် ဟောတာ မဟုတ်ဘူး။ မြတ်စွာဘုရားကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်

http://www.dhammadownload.com

ဟောသွားလို့ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဋ္ဌကထာဖွင့်ပြတဲ့ ပါဠိ။ ဒါ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်တော်တိုင် တိုက်ရိုက်အားဖြင့် ဟောသွားတဲ့ အဓိပ္ပါယ်ပဲတဲ့။ သံသရာဝဋ္ဋဆင်းရဲကြီးကို သံသရာသုခဟူသော အနေအားဖြင့် သုခဟူသော အနေအားဖြင့် အမှတ်သညာရှိသော သတ္တဝါတစ်စုသာလျှင် ထိုသံသရာဝဋ္ဋဆင်းရဲကြီးကို ဖြစ်စေတတ် ရောက်စေတတ်သော အကြောင်းအစစ် ဖြစ်သောပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ ကုသိုလ်တရားတွေကို ကြိုးစားအားထုတ်ကြသူတွေမှာ -

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ" - အင်္ဂါ တစ်ဆယ့်နှစ်ပါး အပြင်စက်ဝိုင်း မြန်မာလိုပြန်တော့ -

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ် ဘဝကြောင့် ဇာတိဖြစ်တယ်။ ဇာတိကြောင့် ဇရာမရဏဖြစ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကစ ဇရာ မရဏကျအောင် တစ်ဆယ့်နဲ့နှစ်ပါး ဒီဆယ့်နှစ်ပါးတော့ဘာတရား ခေါ်တယ် (အင်္ဂါဆယ့်နှစ်ပါးပါဆရာ)၊ အင်္ဂါဆယ့်နှစ်ပါး ကျယ်ကျယ်လေးပြော (အင်္ဂါဆယ့်နှစ်ပါးပါဆရာ)။

အေး-တရားထောက်က ပြောင်းထားတယ်လက်သစ်၊ တရားထောက်လက်ဟောင်းက မန္တလေးအမေ, မမာလို့ ကိစ္စရှိလို့တဲ့ ခွင့်တိုင်သွားတယ်၊ သုံးရက်လောက် ခွင့်ပေးပါလို့ ဖြူန်းကနဲ တရားထောက်လက်ဟောင်းက ရုတ်တရက် ခွင့်တိုင်သွားတော့ နေရာလစ်လပ်နေတော့ တရားထောက်လက်သစ်ဆွဲတင်လိုက်ရတယ်။ တရားထောက်ဆိုပေမယ့် လူတိုင်းဆွဲတင်လို့ ဖြစ်တာ မဟုတ်ဘူး။ တော်တော် အရှက်နည်းတဲ့ မျက်နှာပြောင်တဲ့ လူမှ ဖြစ်တာ။ အရှက်လည်း နည်းမှ အရေက လည်းထူမှ မျက်နှာကလည်းပြောင်မှ ဒီလို လူမျိုးရွေးလိုက်ရသေး။ ရုတ်တရက် ရွေးမယ်ကြံတော့ ပြေးမြင်လိုက်တယ်။ ဘယ်ကလဲဆိုတော့ ဟိုဆိတ်ခွက ပန်းချီခံတော မောင်မြဇင် နာမည်သိအောင်ကြေညာရသေး။ ခပ်ကျယ်ကျယ်လေး ပြောနော် (မှန်ပါတယ်ဆရာ)၊ သူလည်း ခေတဲ့လူမဟုတ်ပါဘူး။ နောက်ငါးနှစ်လောက်က နေ့သင်တန်းကြီးပေးတော့ နေ့သင်တန်းကြီးမှာ အစအဆုံး တရားထောက်လုပ်လာတဲ့ လူတစ်ယောက်။

http://www.dhammadownload.com

တရားကတော့ ပေါက်ပြီ ရောက်ပြီဆိုပါတော့ မခေပါဘူး။ နည်းနည်းညံ့ရင်လည်း ညံ့မှာပေါ့ ဒါရှိ။ အဝိဇ္ဇာကစ ဇရာ မရဏကျအောင် တစ်ဆယ်နဲ့ နှစ်လုံးသော တရား၊ ဒါ ပဋိစ္စသမုပ္ပါဒ် တရား ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ တစ်ဆယ့်နှစ်လုံးသော တရားဟာ သံသရာစက် ပါဠိတော် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဝိုင်း စက်ကြီးလိုလည်နေတယ်တဲ့။ စက်ကြီးလည်နေတယ်ဆိုတော့ ဒီတရား ဆယ့်နှစ်လုံး ကြည့်ပြီးတော့ အော်-ဒီတရားတွေ ဒီလိုပဲ လည်နေပါလားဟ။ အကြောင်းကြောင့် အကျိုးဖြစ်လိုက် အကြောင်းကြောင့် အကျိုးဖြစ်လိုက် အကြောင်းကြောင့် အကျိုးဖြစ်လိုက် စာရွက်ထဲ ကြည့်ပြီးတော့ ဒီလိုပဲ စက်ဝိုင်းကြီး လည်နေတာပဲလို့ ကိုယ်နဲ့မဆိုင်သလို တွေးဆ ထားတဲ့ ပုဂ္ဂိုလ်တွေက များတယ်။ အမှန်က မြတ်စွာဘုရားကိုယ်တော်မြတ် ဟောသွားတာက အဲဒီ စက်ဝိုင်းထဲက တရားဆယ့်နှစ်လုံးဟာ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်မှာ အမှန်ဖြစ်နေတဲ့တရား ဆယ့်နှစ်လုံးနော် (မှန်ပါတယ်ဆရာ)၊ လည်လို့ မဆုံးဘူးတဲ့။

ဒါ သမုတိပညတ် အနေအားဖြင့် ပြောတော့ လူတွေ လည်နေတယ် နတ်တွေလည်နေတယ် ဗြဟ္မာတွေ လည်နေတယ် အပါယ်ဘုံသားတွေ လည်နေတယ် ဘယ်တော့မှ ရပ်နားခြင်း မရှိဘူး။ တစ်ဘဝ ပြီးတစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာ ဆက်ကာ ဖြစ်နေတယ်။ လည်ပြန်တော့လည်း ပဲ နိမ့်တုံ မြင့်တုံ, နိမ့်တုံ မြင့်တုံ တော်ကြာ အပါယ်လေးပါးလားလိုက်၊ တော်ကြာ လူဖြစ်လိုက် တော်ကြာ နတ်ဖြစ်လိုက်၊ တော်ကြာ ဗြဟ္မာဖြစ်လိုက်၊ ဗြဟ္မာဖြစ်ရာကနေ တော်ကြာ အပါယ်လေးပါးလားလိုက်၊ လူဖြစ်လိုက် နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် အပါယ်လေးပါးလား လိုက် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ လည်နေတယ်တဲ့။ ဒါ သမုတိပညတ်အနေအားဖြင့် မြင်တာ ပြောတာ။ အမှန်ကတော့ အခု စက်ဝိုင်းထဲ ချပြထားတဲ့ တရား ဆယ့်နှစ်ပါး လည်နေတယ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဲဒီတရား ဆယ့်နှစ်ပါးကို တစ်လုံးချင်း တစ်လုံးချင်း အဓိပ္ပါယ်လေးတွေ ရှင်းပြီးတော့ ကိုယ်ထဲပြန်သွင်းကြ ကိုယ်ထဲ ပြန်သွင်းကြမယ်။ အမှန် ငါ့အဇ္ဈတ္တ သန္တာန် အမှန်ဖြစ်နေတဲ့ တရားတွေပါလား။

ဒါကြောင့် ဒီတရားတွေပဲ တစ်ပါးနဲ့ တစ်ပါး အကြောင်း အကျိုး ဆက်စပ်ပြီးတော့ အမြဲမပြတ် တရစပ် လည်နေတယ်။ လည်နေပြန်တော့ ဘယ်တော့ရပ်မလဲလို့ မေးပြန်တော့ ရပ်စရာလမ်း မမြင်ဘူး။ ရပ်စရာလမ်း မမြင်ဘူး။ ဒီလိုသာ လည်နေလို့ရှိရင်လည်း ဘုံသုံးပါးမှာ ရပ်နားခွင့် မရှိဘူး။ ဖြစ်ရာ ဘဝတိုင်း ဖြစ်ရာဘဝတိုင်း ဆယ့်တစ်ပါးသော မီးတွေ တစ်ဟုန်းဟုန်း လောင်ကျွမ်းပြီးတော့ အမြဲတစေ ဒုက္ခတွေ ခံနေကြရတယ်။ ပင်ပန်းဆင်းရဲ၊ ဆင်းရဲတာ ဆင်းရဲမှန်း မသိ။ တချို့ကလည်း လူဖြစ်ရင် ကောင်းလိမ့်မယ်ထင်၊ တချို့ကလည်း နတ်ဖြစ်ရင် ကောင်းလိမ့်မယ်ထင်၊ တချို့ကလည်း ဗြဟ္မာဖြစ်ရင်

http://www.dhammadownload.com

ကောင်းလိမ့်မယ်ထင် ဒီလို ထင်နေကြတယ်။ အပါယ်လေးပါးတော့ ကံ, ကံ၏ အကျိုးကို ယုံကြည်ကြတဲ့ ဗုဒ္ဓဘာသာဗမာလူမျိုးတွေ ဒါတော့ နည်းနည်းနားလည်တယ်။ အပါယ်လေးပါးတော့ မသွားချင်ဘူး ကြောက်တယ်။

ဒါကြောင့် ကြောက်လို့လဲပဲ အပါယ်လေးပါး လားစေတတ်တယ်ဆိုတဲ့ အကုသိုလ် ဒုစရိုက် ဒုရာဇီဝကျတော့ ရှောင်သင့်သလောက် ရှောင်ကြ။ တချို့လည်း မရှောင်နိုင်ဘူး လုပ်ကြတယ်။ အဲဒီလို သံသရာကြီး မရပ်မနားဘဲနဲ့ ရဟတ်ခြားလို လည်နေတာဟာ ဘာကြောင့်လဲလို့မေး အဝိဇ္ဇာကြောင့်လို့ ဒီလို ပြောရမယ်နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက ဖုံးထားတော့ မောဟတည်းဟူသော အမှောင် ကြီးက ဖိစီးနေတော့ ကမ်းမမြင် လမ်းမမြင်ဖြစ်နေ၊ ဘယ်ဒင်းကမှန်တယ် ဘယ်ဒင်ကမှားတယ် ဘယ်ဒင်ကအကျိုး ဘယ်ဒင်းကအပြစ်၊ ဘယ်ဒင်းကကောင်းတယ်၊ ဘယ်ဒင်းကဆိုးတယ်လို့ မဝေဖန် နိုင်ဘူးတဲ့။ ဝေဖန်နိုင်သေးလား (မဝေဖန်နိုင်ပါဘူးဆရာ)၊ အေး-မဝေဖန်နိုင်ဘူး၊ မသိတော့ဘူး။ မသိတော့ ဘာလုပ်လဲဆိုတော့ ပုထုဇဉ်ဆိုတာ ထင်ရာလုပ်တာပဲတဲ့။ အန္ဓပုထုဇဉ်ဆိုတာ သူကန်း ပုထုဇဉ်ခေါ်တယ်။ သူကန်းမျက်မမြင် ပုထုဇဉ်တဲ့။ ဘာပြုလို့ မျက်မမြင်ပုထုဇဉ် ခေါ်လဲဆိုတော့ ပညာမျက်စိ မရှိလို့ ဗမာလို ရှင်းရှင်းလေးပြန်ရင် ရုပ်နာမ်မသိလို့ အန္ဓပုထုဇဉ် ခေါ်၏။

အဲသလို ရုပ်နာမ်မသိဘဲ အန္ဓပုထုဇဉ်ဘဝနဲ့သာ လုပ်နေသမျှ ဘာတွေလုပ်လုပ် ဒီသံသရာ စက်ကြီးက အလည်ရပ်ပါ့မလားဟ (မရပ်နိုင်ပါဘူးဆရာ)၊ အေး-မရပ်နိုင်ဘူး၊ ဘယ်တော့မှ ရပ်ရမှာ မဟုတ်ဘူး။ သံသရာ အလည်မရပ်လို့ ရဟတ်ကြီးလို လည်နေပြန်တော့လည်း ဒုက္ခလွတ်ပါ့မလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဒုက္ခကြီးပဲ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာ ဆက်ကာ ဒုက္ခအမျိုးမျိုးတွေတွေ့။ ဒါပေမယ့် တို့သမ္မုတိပညတ်အနေအားဖြင့် သမုတိနယ်က ကြည့်စမ်းတော့ အဲ အပါယ်လေးပါး ဖြစ်ရတာထက် လူဖြစ်ရတာကသာတယ်။ လူဖြစ်ရတာထက် နတ်ဖြစ်ရတာက သာတယ်။ နတ်ထက် ဗြဟ္မာကသာတယ်။ ဒါကြောင့် လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်ဆိုတာ များ အင်မတန် မက်မောစရာကောင်းတယ် ဒီလိုထင်နေ။ လူဖြစ်လည်းပဲ ဇတိ ဇရာ ဗျာဓိ မရဏဆိုတဲ့ ဘေးက မလွတ်နိုင်ဘူး၊ လွတ်ကဲ့လားဟ (မလွတ်နိုင်ပါဘူးဆရာ)၊ နတ်ဖြစ်တော့ကော လွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)၊ ဗြဟ္မာဖြစ်တော့ကော လွတ်ရဲ့လား (လွတ်ပါဘူးဆရာ)၊ အပါယ်လေးပါးလား တော့ကော လွတ်ကဲ့လား (မလွတ်ပါဘူးဆရာ)၊ ဘယ်မှ မလွတ်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘာနဲ့တူတုန်း လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ တစ်ဆင့်ထက် တစ်ဆင့်, မြင့်သတဲ့မြင့် ဆိုတဲ့ အမြင်မျိုးနဲ့ မြင်ပြီးတော့ လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် လိုချင်လှချည့်ရဲ့ဆိုတဲ့ အနေအားဖြင့် ကြိုးစားနေတဲ့ ကုသိုလ် ကံတရားများမှာ ဘာနဲ့တူသလဲလို့ သံလှံချွန်ရယ် ငွေလှံချွန်ရယ် ရွှေလှံချွန်ရယ်

http://www.dhammadownload.com

လုံချွန်သုံးခုနဲ့ထိုး၊ သံလုံချွန်ထိုး သေဘူးလား (သေပါတယ်ဆရာ)၊ ငွေလုံချွန်နဲ့ထိုးလဲ သေတာပဲ သေဘူးလား (သေပါ တယ်ဆရာ)၊ ရွှေလုံချွန်နဲ့ထိုးလဲ သေတာပဲ။ သေဘူးလား (သေပါတယ်ဆရာ)၊ အတူတူပဲတဲ့ ဘုံသုံးပါး လူ့ဘဝရောက်လည်း သေမှာပဲ၊ နတ်ဘဝ ရောက်လည်း သေမှာပဲ၊ ဗြဟ္မာဘဝရောက်လည်း သေမှာပဲ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် လူ့ဘဝ မက်မောတာက လူ့ဘဝဖြစ်ရတာက သံလုံချွန်နဲ့ ထိုးတာနဲ့တူတယ်။ နတ်ဘဝဖြစ်ရတာက ငွေလုံချွန်နဲ့ ထိုးတာနဲ့ တူတယ်။ ဗြဟ္မာ့ဘဝ ဖြစ်ရတာက ရွှေလုံချွန်နဲ့ ထိုးတာနဲ့ တူတယ်။ သံရယ် ငွေရယ် ရွှေရယ် ဒီသုံးခုသာ ကွဲလွဲနေတာပါတဲ့။ ထိုးတော့ အကုန်သေတာပဲနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာပြုလို့လဲဆိုတော့ အဝိဇ္ဇာတည်းဟူသော မောဟအမှောင်ကြီးက ဖုံးလွှမ်းပြီးနေတော့ လုံးလုံးကြီးဘာမှ မမြင်ကြဘူး။ ကိုယ်ထင်ရာ ကိုယ်လုပ်နေ ကိုယ်လုပ်တာ ကိုယ်အဟုတ်ထင်။ ပုထုဇဉ်ရဲ့သဘော၊ ဘာနဲ့တူလဲဆိုတော့ ပုထုဇဉ်များဟာ စိတ်ဖောက်ပြန်တဲ့ လူနဲ့တူတယ်။ ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော ဝိယ။ ပုထုဇ္ဇနော၊ ပညာမျက်စိ လုံးဝမရှိသော ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါးဝ မသိသော အန္ဓပုထုဇဉ်သူကန်းသည်။ ဥမ္မတ္တကသဒိသော ဝိယ၊ စိတ်ဖောက်ပြန်သော အရူးနဲ့တူ၏။ အရူးများကြည့် စိတ်ကဖောက်ပြန်ပြီးတော့ ဒါအကျိုး ဒါအပြစ် ဒါမဝေဖန်နိုင်ဘူး။ သူထင်ရာ သူလုပ်နေ၊ သူလုပ်တာ သူအဟုတ်ထင်။ ဒီလိုသွားတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာပြုလဲဆိုတော့ တို့တမြန်နေ့က ပြတဲ့ အဝိဇ္ဇာရဲ့သတ္တိ၊ ဒါကြောင့် သတ္တဝါတစ်ယောက် သံသရာလည်လာတာ၊ ဘယ်ကစခဲ့လဲ မေးရင် အဝိဇ္ဇာက စခဲ့တယ်လို့ ပြောရတယ်။ သံသရာဘယ်ကစ ဘယ်နဲ့ဖြေ (အဝိဇ္ဇာကစပါတယ်ဆရာ)၊ အော်-အတိုင်အဖောက်တော့ သိပ်လိုက်တာနော်။ သံသရာ ဘယ်ကစ (အဝိဇ္ဇာကစပါတယ်။ဆရာ)၊ အော်- မမှန်မချင်း ငါ့ရှေ့မတိုးဘူး။ မှန်အောင်ပြောရင်ပြော။

နင်ပဋိစ္စသမုပ္ပါဒ် အစကထဲက လိုက်တာ မှီတယ် မဟုတ်လား (မှီပါတယ်ဆရာ)၊ ကိုင်း-သန်းဖေ ဘယ်လိုဖြေသွား သံသရာ ဘယ်ကစ (မသိတာကစပါတယ်ဆရာ)၊ အေး-သံသရာ ဘယ်တော့ဆုံး (သိတစ်လုံးမှာဆုံးပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ သိတစ်လုံးမှာဆုံးလာလိမ့်မယ်နော်။ တို့တရား ထောက်လက်သစ်က ခေတာ မဟုတ်ဘူး။ မသိတဲ့ အဝိဇ္ဇာဓာတ်က စလာတယ်တဲ့။ သံသရာကြီး လည်တာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်လည်း သံသရာစက်ရဟတ်မှာ အစပထမမှာ ဘာပြ အဝိဇ္ဇာပြထားတယ်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားစုတို့သည်။ သမ္ဘဝန္တိ ဖြစ်ကုန်၏။ ပဋိစ္စသမုပ္ပါဒ်များ ငါနိဒါန်းက စပြီးတော့ တော်တော်ကြီး တိုက်တွန်းထား ကျက်ကြစမ်းပါ။ ကျက်ပြီးတော့ ရပြီဆိုတော့ မျက်စိထဲမှာ ရထားတဲ့

http://www.dhammadownload.com

စာလေးလုံးလေးတွေ အကွင်းသား အကွင်းသားနေအောင် လေ့လာထားစမ်းပါ။ အင်မတန် တန်ဖိုးရှိလွန်းလို့ပါ၊ ကောင်းလွန်းလို့ပါ။ ပြီးတော့လည်း ဒီကပြောသွားတဲ့ အဓိပ္ပါယ်လေးတွေ တစ်လုံးချင်း တစ်လုံးချင်း ရှင်းအောင်လည်းပဲ နာယူကြစမ်းပါ။ မှတ်သားထားကြစမ်းပါလို့ ငါတိုက်တွန်းထား။ ပဋိစ္စသမုပ္ပါဒ်များ အခုဟောနေတဲ့ အခုပြောနေတဲ့ သဘာဝအတိုင်း၊ တစ်လုံးချင်း တစ်လုံးချင်း တရားကိုယ်တရားသားလေးတွေနဲ့၊ သဘောအဓိပ္ပါယ်လေးတွေနဲ့ ပဋိစ္စသမုပ္ပါဒ် လည်ပုံလည်နည်းလေးတွေနဲ့၊ ပြတ်ပြတ်သားသား တတ်မြောက်လိမ္မာသွားရင် ဘာလို့ ပြောနိုင်တယ်ကွ။ ငါဘာတဲ့ (ငါသောတာပန်ပါဆရာ)၊ ပြောပါရဲရဲကြီး (ငါသောတာပန်ပါလို့) အေး-ငါသောတာပန်လို့ ပြောနိုင်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက် တန်းမြင့်တဲ့ တရားလဲဆိုတာ အဲဒါ မှတ်ထား။

ဒါ အနာထပိဏ်သူဌေးကြီး လျှောက်ထားလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က မိန့်ကြားသွားတာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို တတ်မြောက်လိမ္မာအောင် သင်ကြားလို့ တတ်မြောက်လိမ္မာလာရင်တဲ့ ငါသောတာပန်လို့ ဝန်ခံနိုင်တယ်တဲ့။ တန်ဖိုးမရှိဘူးလား (တန်ဖိုးရှိပါတယ်ဆရာ)၊ အေး-တန်ဖိုးရှိလွန်းလို့ တို့လည်းပဲ အဆင့်ဆင့် တိုက်တွန်းနေ၊ ကြိုးစားစမ်းပါ တတ်အောင်သင်စမ်းပါလို့ ဘာမှမခက်ဘူး။ တတ်အောင် သင်ယုံတော့ ဘာမှ မခက်ဘူး။ ဒါပေမယ့် ပဋိဝေဓဉာဏ်ကိစ္စ အနေအားဖြင့် မဂ်ပေါက် ဖိုလ်ရောက်ဖြစ်ဖို့ဆိုတာတော့ ဒါကတော့ တာဝန်မခံနိုင်ဘူးပေါ့။ သူ့ပါရမီနဲ့ သူလာကြ။ တတ်အောင်သင်ဖို့ဆိုတာ တတ်အောင်သင်ပေးမယ်။ အခုစာနယ် ပရိယတ္တိနယ်ကြည့်လို့ရှိရင်ဖြင့် ဟိုဆရာတော်ဘုရားများမှာ ပရိယတ္တိသာသနာကြီး ပြုပြုနေကြတာ။ အောက်ကရှင်ငယ်လေးတွေ ကျောင်းသားလေးတွေအထိ ဒီပဋိစ္စသမုပ္ပါဒ် သင်္ဂြိုဟ်သင်ပြီလားဆို ပဋိစ္စသမုပ္ပါဒ် ကျော်လွှားသွားလို့ ဖြစ်တာ မဟုတ်ဘူး။ သင်ကြ ကြားကြ တတ်မြောက်လိမ္မာကြတယ်လို့။

ဒါကြောင့်လည်းပဲ အစိုးရစာပြန်ပွဲတွေ ဘာတွေလုပ်၊ ဒီအထဲလည်း ပဋိစ္စသမုပ္ပါဒ် မေးခွန်းတွေ ပါတာပဲ။ တတ်တဲ့ ပုဂ္ဂိုလ်က ဖြေတာပဲနော် (မှန်ပါတယ်ဆရာ)၊ ငါတလောက ပြောခဲ့သေး ညောင်လေးပင်နယ်များ ပဋိစ္စသမုပ္ပါဒ် ပို့ချသင်ကြား အရပ်သားတွေ လုပ်ကိုင်ပေးတာ။ ကိုးနှစ် သမီးအရွယ်ကလေးက ပဋိစ္စသမုပ္ပါဒ် မယ်ဆိုတဲ့ ဘွဲ့ထူးများ ရသွားတာ သတင်းစာထဲပါလာ။ အားကျစရာသိပ်ကောင်းတာပဲလို့။ အဲဒီလို ခရေစေ့တွင်းကျနဲ့ တတ်သိလိမ္မာလို့ ရှိရင်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာ မရတာ ဖယ်ထားတဲ့ အဘဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင်က ပဋိစ္စသမုပ္ပါဒ်တတ်ကျွမ်းလိမ္မာလို့ရှိရင် ငါသောတာပန်လို့ ဝန်ခံနိုင်တယ်တဲ့။ ဘယ်လောက်တန်းမြင့်တဲ့ တရားလဲလို့။ ဒါကြောင့် ကြိုးစားစမ်း ပါလို့နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒီက အမိပွါယ်လည်းပဲ တစ်မျိုးချင်း တစ်မျိုးချင်း ရှင်းပေးမယ်။ အဲဒီ ဆယ့်နှစ်လုံး အမိပွါယ် ရှင်းပြီးသွားပြီဆိုတော့ အတွင်းစက်ဝိုင်းထဲမှာရှိတဲ့ တရားတွေက နောက်ထပ်ဖြင့် အမိပွါယ် ရှင်းစရာ မလိုပါဘူး။ ဒီဆယ့်နှစ်လုံးပဲ ပြထားတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီ ဆယ့်နှစ်လုံးကို အစအဆုံးဆိုသလို ပိုင်ပိုင်နိုင်နိုင် ရအောင်ကြိုးစားပါ ကြိုးစားအားထုတ်ကြပါ။ ပေါ့ပေါ့ဆဆလည်း မနေကြနဲ့၊မေ့မေ့လျော့လျော့လည်း မနေကြနဲ့။ သေဘေးကလည်း ပြေးမလွတ်ဘူး။ ကနေ့လား မနက်ဖန်လားနော် (မှန်ပါတယ်ဆရာ)၊ သေကြမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး-ကိုယ့်သေ မယ့်ရက်လည်း အချိန်းအချက်ကမရှိ၊ သေမင်းနဲ့ တိုင်ပင်ထားတာလည်း မဟုတ်၊ စာချုပ်ထားတာ လည်း မဟုတ်၊ သေချင် ဖြုတ်ခနဲပဲ။ ဒါကြောင့် မသေခင်လေးက အခွင့်ကောင်း ရတုံးမှာ ကိုယ်သေပျော် နေပျော်ဆိုတဲ့ တရားတစ်ခုတော့ ရထားမှပေါ့လို့။ မသေလို့ နေရပြန်တော့လည်း နေပျော်တယ်ဟဲ့။ မနေလို့ သေရပြန်တော့လည်း သေပျော်တယ်ဟဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘဝကူး ဘာမှ ဖောက်ပြန်စရာ မရှိဘူး။ ဒီလိုမှ မဟုတ်လို့ ယောင်လည်ယောင်လည်နဲ့ငါ ကရင်သာကဒိုး ထိုးတဲ့ သံချပ်ကလေး သွားအမှတ်ရ။ ဘုရားကလေး ပူကယ်ကယ် မဏိတော် ရွှေမရှိလို့ မျက်စိဒေါင်ချာလည်၊ သူ့သံချပ်ကလည်း လျှာယားစရာကောင်းလိုက်တာကွနော် (မှန်ပါတယ်ဆရာ)၊ အဲမဏိတော် ရွှေ မရှိလို့ မျက်စိဒေါင်ချာလည် ဆိုတဲ့ စကားလို့ ကိုယ့်မှာ တရားက ဘာမှမရှိတော့ ဟိုယောင်ယောင် ဒီယောင်ယောင် ဟိုယားယား ဒီယားယား ဟိုလပ်လပ် ဒီလပ်လပ်၊ ဟိုဟုတ်နိုးနိုး ဒီဟုတ်နိုးနိုးနဲ့ အဖျားတက် အမှည့်စားရနိုးနိုး၊ အမျိုးမျိုး အဖုံဖုံအားဖြင့် မေ့ကာလျော့ကာ ပေါ့ပေါ့ဆဆနဲ့ နေကြ ထိုင်ကြတော့ကား ဖြုတ်ခနဲ သေသွားရင် ကိုယ့်မှာ ဘဝကူးကောင်းစရာ စိတ်ချစရာ ယုံကြည်စရာ အားထားစရာ ဘာမှ မပါဘူး။

ဘာမှ မပါတော့ ဂတိငါးပါး လားချင်ရာလား ဖြစ်ချင်ရာဖြစ်ဆိုတော့ အရင်းတောင် ပြုတ်တယ်။ ပြုတ်ဘူးလား (ပြုတ်ပါတယ်ဆရာ)၊ အခု ရထားတာ လူ့ဘဝ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ချွတ်ချော်တိမ်းပါးလို့ မတော်တဲ့ ဂတိလားသွားရင် အရင်းပြုတ် မသွားဘူးလား (ပြုတ်သွားပါ တယ်ဆရာ)၊ လူပြန်ဖြစ်တယ်ဆို တော်သေး၊ သာသနာနဲ့ တွေ့လို့ (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာ ကောင်းတယ်လို့။ ဒါကြောင့် ပျော်ချင်တိုင်းပျော် မော်ချင်တိုင်းမော် ကြွားချင်တိုင်းကြွား၊ စားချင်တိုင်း စား၊ သွားချင်တိုင်းသွား၊ တုချင်တိုင်းတု ပချင်တိုင်းပဆိုတဲ့ အလုပ်တွေက တစ်သံသရာလုံး လုပ်ခဲ့ပါ တယ်လို့ အဆန်း မဟုတ်ပါဘူး။ နောက်လည်း လုပ်အုံးမှာပဲ။

ဒါကြောင့် သာသနာကြီးနဲ့တွေ့တဲ့ ကြုံတဲ့အခါဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့ ဓမ္မက္ခန္ဓာတရားတော်မြတ်ထဲက တစ်လုံးတစ်ပါဒတော့ဖြင့် ငါပြတ်ပြတ်သားသား ရအောင် ကြိုးစား

http://www.dhammadownload.com

မယ်ဟဲ့၊ တစ်လုံးဆို ဆိုသလောက် ခရီးရောက်ပါတယ်။ အများကြီးဆိုရင် ပြောစရာ မလိုပါဘူး။ ဒါကြောင့် "ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ နိဗ္ဗာနာယ သံဝတ္တန္တိ" တရားက "ဧကော ဓမ္မော" လို့ တစ်လုံးတည်းဟောထား၊ တစ်လုံးပြတ်သားဖို့ အရေးကြီးပါတယ်လို့၊ မဂ်ဝင် ဖိုလ်ဝင်ကြတော့ တစ်လုံးကောင်းပါတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မဂ်မဝင်ခင် ဖိုလ်မဝင်ခင်တုန်းက ဗဟုသုတအနေအားဖြင့် ပိဋကတ်သုံးပုံတတ်အောင် သင်တတ်လည်း တတ်ကြတာ၊ ကျွမ်းလည်းကျွမ်းကျင်ကြတာ လိမ်လည်း လိမ္မာကြတာ သင်နိုင်ရင် ကောင်း၏၊ ကျွမ်းကျင်ရင် ကောင်း၏၊ တတ်ရင်ကောင်း၏။ မဂ်ဝင် ဖိုလ်ဝင် ကိစ္စလေးကြတော့ တစ်ချက်ထဲပါ တစ်လုံးကောင်းထဲပါတယ်။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ တစ်ခြားဟုတ်ပါဘူး ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ဝိဇ္ဇာဉာဏ် တစ်လုံးထဲနဲ့ ထိုးဝင်လာတာ။ မဂ်ဝင်ရင် ဝိဇ္ဇာဉာဏ်ပဲ ဒီလို မှတ်ထား။ အေး-ဒါကြောင့် ဝိဇ္ဇာဉာဏ် ဆိုတာ ဘာလဲဆိုတော့ အခု ပဋိစ္စသမုပ္ပါဒ် အစကပြထားတဲ့ အဝိဇ္ဇာခေတ်နဲ့ ဆင့်ကျင်ဘက်ကြီးတဲ့။ မီးနဲ့ရေလိုပဲနော် (မှန်ပါတယ်ဆရာ)၊ မတည့်ကြဘူး။ ပဋိပက္ခဆန့်ကျင်ဘက် ဝိရုဒ္ဓဆန့်ကျင်ဘက် မတည့်ဘူး။ အဲဒီ ဝိဇ္ဇာဉာဏ်တစ်လုံးပါသွားရင် ဒါမဂ်ဝင် ဖိုလ်ရောက်။ ဒါကြောင့် မဂ်ဝင် ဖိုလ်ဝင် ကြတော့ "ဧကော ဓမ္မော" ပါပဲလို့။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း "ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ နိဗ္ဗာနာယ သံဝတ္တတိ" သံဝတ္တတိ။ တစ်လုံးတည်း ပွားများ စမ်းပါလို့ ပြတ်ပြတ်သားသားလေး၊ များများမလိုပါဘူး။ တစ်လုံးတည်းပွားများရင် "အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ' လို့ ဟောထား။ သိလာမယ် ထိုးထွင်းသိလာမယ်။ အဟုတ်သိလာမယ်။ သိလာတော့ ဘာဖြစ် နိဗ္ဗာန်ရောက်တာပေါ့။ နိဗ္ဗာနာယ သံဝတ္တန္တိ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်တန်ဖိုးရှိတဲ့တရား။ ဒါကြောင့် တို့ ဒီပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်မှာ အဝိဇ္ဇာကစ ဇရာ မရဏအဆုံး ဆယ့်နှစ်လုံးသော တရားတွေ ပြပြီးတော့ တစ်လုံးချင်း၊ တစ်လုံးချင်း အဓိပ္ပါယ်ရှင်းပြဆိုဆိုပြီးတော့ အဝိဇ္ဇာတစ်လုံးထဲ တော်တော်ကြီး လည်ပတ်အောင် နှံ့စပ်အောင်ဆိုပြီးတော့ ပြောလိုက်တယ်။ အဝိဇ္ဇာခေတ်တော့ သဘောရှင်းသွားပြီပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ အေး-အဲဒီ အဝိဇ္ဇာချည်းပဲလို့၊ တို့သံသရာစက်ကြီး အဆက်မပြတ်လည်အောင် ဖန်တီးပေးတာနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့ ကျေးဇူးရှင် အုတ်ဖိုဆရာတော် ဘုရားကြီး ရေးသားတော်မူသော ဂုဏ်တော်ဖွင့် ဂုဏ်တော်ကိုးပါး ဖွင့်ဆိုထားတဲ့အနက်က "အနုတ္တရော ပုရိသဒမ္မသာရထိ" ဆိုတဲ့ ဂုဏ်ပုဒ်ဖွင့်ထား။ ဣတိ-ဣမိနာ စ ကာရဏေန၊ လူနတ်ပြဟ္မာ သတ္တဝါတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့်

http://www.dhammadownload.com

မြင့်မြတ်တော်မူ သဃမ္ဗျူစစ် ဖြစ်တော်မူ၍ အယူသော့သွမ်း ကြမ်းတမ်းလှစွာ မှတ်ထားနော်။ အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား နတ်ယောက်ျား ဗြဟ္မာယောက်ျား တိရစ္ဆာန်ယောက်ျားတို့ကို တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူခြင်းတည်းဟူသော ဂုဏ်သကတ်ကြောင့် "အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။ အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျားတို့ကို၊ အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော သုံးဘုံသူ သုံးဘုံသား၊ ဘုရားလိမ္မာတယ်လို့ တစ်ယောက်မှ မဟောဘူးနော် (မှန်ပါတယ်ဆရာ)၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ် မမြင်သေးတဲ့ သုံးဘုံသူ သုံးဘုံသားကို မျက်နှာကြီး မျက်နှာငယ် မရွေးချယ်ဘူး။ တစ်ယောက်မှ လိမ္မာတယ် ဟောမသွားဘူး။ အမိုက်ကုန်သော လူယောက်ျား နတ်ယောက်ျား အဲဒီနတ်ထဲ ဗြဟ္မာပါပါသွားတယ်။ နတ်မျိုး ခေါ်တယ်။ လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျား တိရစ္ဆာန်ယောက်ျားထက် တော်တော် မြတ်တဲ့ ဂဠုန်တို့ နဂါးတို့ ဂန္ဓဗ္ဗတို့ ဒီလို ပုဂ္ဂိုလ်တွေ ပါသွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက်၊ မိစ္ဆာမှောင်တိုက်တဲ့ မိစ္ဆာဆိုတာ သိလား (မိစ္ဆာဆိုတာ) မာဆိတ်လား (အယူမှားတာပါဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီး။ တော်သားပဲ။ ဒါကြောင့် အကဲခတ်ကြပါ မခေပါဘူးလို့ ပြောတယ်။ တရားထောက်လက်သစ် မိစ္ဆာဆိုတာ အယူမှား နေတာဟာ။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူမှားတာ ဘယ်သူကြောင့် (အဝိဇ္ဇာပါဆရာ)၊ အေး-ဟုတ်ပြီ အဝိဇ္ဇာကြောင့် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဝိဇ္ဇာတည်းဟူသော မောဟက ဖုံးကွယ်ထားတော့ မှောင်အတိ ဖြစ်မနေဘူးလား (မှန်ပါတယ်ဆရာ)၊ သူဘာမြင်သေးတုန်း (ဘာမှ မမြင်ပါဘူးဆရာ)၊ အဲဒါ မမြင်တာ မိုက်တယ်ခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

မှောင်တယ် မိုက်တယ် မည်းတယ် ထူးသေးလား (မထူးပါဘူးဆရာ)၊ အေး-မှောင်မိုက်လိုက်တာဟာ မှောင်တာရယ် မိုက်တာရယ် မည်းတာရယ် ဘာမှ မထူးပါဘူး။ ဘာပြုလို့ ဘာမှ မမြင်ဘူးတဲ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အယူသော့သွမ်း ကြမ်းတမ်းလှစွာ အကြမ်းဆုံး ဆိုတာ မှတ်ထားပါ။ ဒီပြင် တရားတွေ လွန်ကျူးနေတာ မှားနေတာ မရှောင်ချင်တာနဲ့ ဝိတိက္ကမ ဖြစ်နေတာ။ ကာယကံမှု ဝစီကံမှုတွေ ဝီတိက္ကမဖြစ်နေတာ ဘုရားအပြစ်မဆိုဘူးနော် (မှန်ပါတယ်ဆရာ)၊ ဟောဒီ အယူကြီး မဖြူစင်တာကို ဘုရားကိုယ်တော်မြတ် အပြစ် ဆိုတယ်။ ဒါကြောင့် လူ့လောက သုံးဘုံသူ သုံးဘုံသားတွေ လူလည်ပဲ၊ အမြတ်ဆုံးက ယောက်ျားနဲ့ မိန်းမဆိုတာ ယောက်ျားက မြတ်တယ်၊ နတ်လည်း နတ်ယောက်ျားက မြတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဗြဟ္မာကျ ယောက်ျား

http://www.dhammadownload.com

မိန်းမ မရှိဘူး။ ဒါကြောင့် အမြတ်ဆုံးပုဂ္ဂိုလ် အဓိကထားဟောသွားတယ်။ လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျားတို့ကို အမြတ်ဆုံးသော ပရိသတ် အဓိက ထားဟော သွားတယ်။

ဘိက္ခဝေ-ဆိုတဲ့ ပုဒ်လိုပါပဲ။ ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပရိသတ်မှာ ဒီလို မိန့်ကြားတော်မူသွားတယ်။ ဒါဖြင့် ချစ်သား ချစ်သမီးဆိုတဲ့ ရဟန်းတော်တွေမှလွဲတဲ့ ပရိသတ် မပါဘူးလားဆိုတော့ မဟုတ်ဘူး ပါတယ်။ ဒါပရိသတ်မှအမြတ်ဆုံး ပရိသတ်ကို အဓိကထားပြီးတော့ ခေါ်တဲ့ စကားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အခုလည်း လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန် ယောက်ျား ယောက်ျားသုံးမျိုးသုံးစား ဘုံသုံးပါးမှ ထင်ရှားရှိကြတယ်တဲ့။ ဒီတော့ မိန်းမတွေကလည်း လူယောက်ျား နတ်ယောက်ျားဆိုသွားတာက တို့တွေမှ မပါဘဲ။ ဒီလို ထင်မနေနဲ့ အကုန်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ မြတ်တဲ့ ပရိသတ် အဓိကထားပြီးတော့ ခေါ်သွားတဲ့စကားခေါ်တယ်။ ဒါကြောင့် အယူသော့သွမ်းကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် လောကကြီးက မိစ္ဆာမှောင်ကြီးကျနေတယ်တဲ့။ အမိုက်မိုက်ကုန်သော မိုက်လိုက်တာမည်းလို့၊ ဘာမှ ပညာမျက်စိ မရှိဘူး မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား နတ်ယောက်ျားတို့ကို တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးဆုံးမတော်မူသော သတ္တိကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။ တို့ ဘုရားကိုယ်တော်မြတ် ငါဘုရားဖြစ်မှပဲ ငါနိဗ္ဗာန်ရပြီးသား ရောက်ပြီးသား ပုဂ္ဂိုလ်ဖြစ်နေပါပဲလို့ ကြောင့်ကြမဲ့ မနေရှာဘူး။ မိစ္ဆာမှောင်ကြီး အတိဖုံးလွှမ်းနေတဲ့ လောကအတွင်းမှာ ရှိနေကြတဲ့ မိုက်ပေဆိုတဲ့ သုံးဘုံသုံးဘုံသားတွေ ကိုယ်တော်မြတ် ဘာလုပ် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီးတော့ ကယ်မတော်မူသွားရှာတယ်။ ရှာဘူးလား (ရှာပါတယ်ဆရာ)၊ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီးတော့ ကယ်မတော်မူတယ်။ အဲဒီ နေရာလေးမှာ မိစ္ဆာမှောင်တိုက် အမိုက် မိုက်ကုန်သော မိစ္ဆာမှောင်တိုက်ဆိုတဲ့စကား သေချာကြည့်။ အော်-မိစ္ဆာမှောင်ကြီးကျနေ ဘာတုံး၊ မိစ္ဆာမှောင်၊ အယူမှားတာ နော် (မှန်ပါတယ်ဆရာ)၊ အယူမှား နေတဲ့အတွက်ကြောင့် မိစ္ဆာမှောင်လို့ ဒီလိုခေါ်တယ်။ ဒီအယူမှားနေတဲ့ မိစ္ဆာအမှောင်ကြီး ဘယ်သူ ကြောင့် မှားနေတုန်း (အဝိဇ္ဇာကြောင့်ပါဆရာ)၊ အဝိဇ္ဇာကြောင့် မှားနေတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အယူမှားတဲ့ မိစ္ဆာမှောင်ကြီးဆိုတော့ အယူမှားတာ ဘယ့်နဲ့ မှားတုံး (ရုပ်နာမ် ဓမ္မမသိတာကို မှားတာပါဆရာ)။

ရုပ်နာမ်ဓမ္မ မသိတော့ ဘယ့်နဲ့ယူထားတုံး (ပညတ်အနေနဲ့ ယူထားပါတယ်ဆရာ)၊ ဘယ်နဲ့ ယူထား ခတ်ရှည်ရှည်လေး ဖြေစမ်းပါ (ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ လူ နတ် ဗြဟ္မာ) အေး- ဟုတ်ပြီ ကုန်ပြီးလားဟ။ ခွေးတွေ ဝက်တို့ ကြက်တို့ ငှက်တို့ ထည့်လေကွာ (မှန်ပါတယ်ဆရာ)၊ (လူ

http://www.dhammadownload.com

နတ် ပြဟ္မာ ခွေး ဝက် ကြက် ငှက်) ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပုဂ္ဂလ သတ္တ အတ္တဇီဝ အယူပေါ့။ (မှန်ပါတယ်ဆရာ)၊ ယုံကြည်နေတဲ့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်တွေတဲ့ ငါသူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ နတ် လူ ပြဟ္မာ ခွေး ဝက် ကြက် ငှက် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ် နေလ နက္ခတ်တာယာ အဖြာဖြာ ဒါတွေဟာ ရှိတယ်။ ဟုတ်တယ် မှန်တယ်လို့ ဒီလို ယူဆတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူကြီးဟာ မိစ္ဆာအယူလို့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-မှတ်ထားနော် တရားဆိုတာ အညာသိရင်လွယ်တယ်၊ အညာမသိရင် အင်မတန်ခက်တယ်၊ ဘယ်လောက်ပဲ ပြာလောင် ခတ်ပြီးတော့ အင်တိုက်အားတိုက် ကြိုးစားနေပေမဲ့ အညာမသိ ခလုပ်မသိလို့ရှိရင် မဖြုတ်တတ်ဘူး။ မဖြုတ်တတ်ရင် ဘယ်တော့မှ တရားမရဘူး။ ကြည့် သေသေချာချာ မိစ္ဆာမှောင်တိုက် အမိုက်မိုက် ကုန်သောလို့ ဒီအယူရှိနေသမျှ ကာလပတ်လုံး ဒီမိစ္ဆာ အယူကြီးရှိနေသမျှ ကာလပတ်လုံး မဂ်တရား ဖိုလ်တရား ရပ့်မလား (မရနိုင်ပါဘူးဆရာ)။

ဘာတွေ လုပ်လို့မှ မရဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါန လုပ်လို့ကော (မရပါဘူးဆရာ)၊ သိပ်မကျယ်ပါနဲ့ကွာ ငါက ခပ်ကြောက်ကြောက်ပဲ။ မင်းက အော်တာပဲ သီလလုပ်တော့ကောဟ (မရနိုင်ပါဘူးဆရာ)၊ သမထလုပ်တော့ကော (မရနိုင်ပါဘူးဆရာ)၊ ဘာပြုလို့ မရတုံး (သံသရာလည် စေတတ်တဲ့ တရားတွေမို့လို့)၊ တိုးတိုး ဖြေစမ်းပါဟ။ ဘာဖြစ်လို့ မရတာတုံး။

ဒါကြောင့် ပရိသတ် အကဲသာခတ်ကြည့် မခေဘူး။ ဒီမှာ ခုန ငါပြောတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မိစ္ဆာမှောင်ကြီးကျနေတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မိစ္ဆာတည်း ဟူသော အမှောင်တိုက်ကြီးကျနေတယ်။ ထိုမိစ္ဆာအမှောင်တိုက်ကြီး ကနေခြင်းကြောင့်၊ ထိုမိစ္ဆာ အယူ ရှိနေခြင်းကြောင့် သုံးဘုံသူ သုံးဘုံသားတွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘူး ဆရာ)၊ မရနိုင်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့မရ (ဒါန သီလ သမထတည်းဟူသော သံသရာ လည်စေတတ်တဲ့ တရားတွေ လုပ်လို့ပါဆရာ)၊ မင်းပဲ ဟောသွားပါတော့ကွာ ရှေ့ကနေပြီးတော့ မိစ္ဆာမှောင်ကြီး ကျနေတယ်လား (မှန်ပါတယ်ဆရာ)၊ မိစ္ဆာမှောင်ကျနေတယ်ဆိုတာ ဘာခေါ်တာတုံး (အယူမှားနေတာပါဆရာ)၊ အယူမှားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာအယူမှား တာတုံး ပုဂ္ဂလ သတ္တ အတ္တဇီဝ (ပုဂ္ဂလ သတ္တ အတ္တဇီဝ)၊ အော်-ဒီအယူယူနေတယ်လား (မှန်ပါတယ် ဆရာ)၊ အဲဒီအယူ ယူနေကြတဲ့ အန္ဓပုထုဇဉ် သုံးဘုံသူသုံးဘုံသားတွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင် ပါဘူးဆရာ)၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒီအယူကြီး မစင်ကြယ်ရင် မရဘူးပေါ့

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် သမာဓိကောင်းကောင်းထား သေချာစဉ်းစားကြည့်။ မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူဝါဒဟာ အင်မတန် ဆိုးဝါးတဲ့ အဓိပ္ပါယ်ပြ သေသေချာချာကြည့်။

ဒါကြောင့် မဂ္ဂန္တရာယ်ငါးပါး မင်္ဂတားဆီးထားတဲ့ အန္တရာယ်ငါးပါးကလည်း တို့လည်းပြောခဲ့ပြီ။ ဒိဋ္ဌိ ကိလေသာ၊ ဒိဋ္ဌိကိလေသာဆိုတာ ဘာတုန်း။ ငါသူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်တယ် မှန်တယ်လို့ ယူဆထားတဲ့အယူ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ မိစ္ဆာမှောင် ဒီလိုခေါ်တယ်။ မိစ္ဆာမှောင်တိုက်ကြီး ကျနေတယ်တဲ့။ ထိုမိစ္ဆာမှောင်ကျနေတဲ့ မိစ္ဆာအယူ မဖြူစင်တဲ့ လူမှုန်သမ္ပတ် နတ်မှုန်သမ္ပတ် ဗြဟ္မာမှုန်သမ္ပတ် မင်္ဂဉာဏ်ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘူးဆရာ)၊ ဘာပြု လို့မရ (ပုဂ္ဂလ သတ္တ အတ္တဇီဝဆိုတဲ့) (မိစ္ဆာအယူယူထားလို့ပါဆရာ)၊ အေး-ရှင်းရှင်းလေး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တဇီဝဆိုတဲ့ မိစ္ဆာအယူကြီး ရှိနေရင်၊ သူဘာတွေ လုပ်လုပ် မင်္ဂမရဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါနလုပ်တော့ကော (မရနိုင်ပါဘူးဆရာ)၊ တိုးတိုးပြောနော်။ သိပ်မကျယ်နဲ့ (မှန်ပါတယ်ဆရာ)၊ သီလဆောက်တည်တော့ကော (မရနိုင်ပါဘူးဆရာ)၊ သမထပွားများ တော့ကော (မရနိုင်ပါဘူးဆရာ)၊ ဘာပြုလို့မရ (ပုဂ္ဂလ သတ္တ အတ္တဇီဝဆိုတဲ့ မိစ္ဆာဒိဋ္ဌိ အစွဲနဲ့လုပ်နေလို့ ပါဆရာ)။

အော်-မိစ္ဆာအယူကြီးကြောင့်ပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သူကကျယ်ကျယ်ဝှံ့ဝှံ့မှ ဖြေတတ်တာ။ သိပ်ခေတာ မဟုတ်ဘူး။ တစ်ဘက်သား နားလည်အောင် သေချာမှ ဖြေတတ်တယ် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တဇီဝဆိုတဲ့ မိစ္ဆာအယူကြီးနဲ့ သူလုပ် တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါနလုပ်လည်း မင်္ဂဉာဏ် ဖိုလ်ဉာဏ် မရဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ သီလလုပ် လည်း မရဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ သမထလုပ်လည်း မရဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့လဲဆိုတော့ မိစ္ဆာအယူရှိနေလို့တဲ့ ဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ မိစ္ဆာအယူဆိုတာ ဘာတုန်းတဲ့။ ငါ သူ တစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟုတ် တယ် ဆိုတဲ့ ပုဂ္ဂလ သတ္တ အတ္တဇီဝ အယူကြီး ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒီတော့ ပြောလိမ့်မယ် ကိုယ့်အထင်နဲ့ ကိုယ်ပြောနေတာပါ။ ဒီအယူ မဖြူစင်တာက တခြား၊ ဒီအယူယူတာက တခြားပဲ။ ဒါန သီလ သမထ ကုသိုလ်ကောင်းမှုလုပ်တာကတခြားပဲ။ ဘယ်နဲ့ကြောင့် မင်္ဂဉာဏ် ဖိုလ်ဉာဏ်မရဘဲ နေရမှာတုံး။ ဒီလိုပြောလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)၊ မင်္ဂမရအောင် တားထားတဲ့ အန္တရာယ် ငါးပါးတော့ သိလား "ကံ ကိလေသ ဝိပါက ဝါဒ တိက္ကမ" မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီငါးခု ရှိလို့ရှိရင် မင်္ဂဉာဏ် ဖိုလ်ဉာဏ် မရဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီငါးခု တစ်ခုရှိခဲ့သော် မင်္ဂ ဉာဏ် ဖိုလ်ဉာဏ်မရ။ ဒါ မင်္ဂဖိုလ်တားထားတဲ့တရားတဲ့။ မဂ္ဂန္တရာယ်ခေါ်တယ် မဂ္ဂန္တရာယ်လို့နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ မဂ်မရအောင် တားထားတာ သေသေချာချာလည်း မှတ်နော်။ သမာဓိကောင်းကောင်းထား ကိုယ် ကတော့ လိုချင်လျှ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လို့ အင်တိုက် အားတိုက် အပင်အပန်း အနွမ်းအနယ် ခံပြီး ကြိုးစားတယ်၊ ကျင့်တယ် ကြံတယ် လုပ်တယ်။

အာနန္တရိယကံငါးပါးအကြောင်း

ဒါဖြင့် အပင်အပန်း အနွမ်းအနယ်ခံပြီးတော့ ကျင့်ကြံပွားများအားထုတ် အလုပ်လုပ်တိုင်း ရမှာလားလို့မေးတော့ အလုပ်လုပ်တိုင်း မရဘူးတဲ့။ ဘာပြုလို့တုန်း မဂ်မရအောင် တားထားတဲ့ အန္တရာယ်က ငါးမျိုးတောင်ရှိထားတာတဲ့။ အဲဒီ အန္တရာယ်စင်ကြယ် မစင်ကြယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးကြည့်ပါအုံးတဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ "ကံ ကိလေသ ဝိပါက ဝါဒ တိက္ကမ" အန္တရာယ်ငါးချက် မဂ်မရအောင် တားထားတဲ့အန္တရာယ် ကံ ဆိုတာက အာနန္တရိယကံ ငါးပါး သေချာမှတ်ထား။ "မာတုဃာတက ပိတုဃာတက" အစရှိသော အနန္တရိယကံငါးပါး တစ်ပါးပါး လွန်ကျူးမိတဲ့ပုဂ္ဂိုလ်တဲ့။ ဒီဘဝမဂ်မရဘူး။ ရပ့ါမလား (မရပါဘူးဆရာ)၊ အေး-မရဘူး။ ပြီးတော့ ဒိဋ္ဌိကိလေသာရှိသော ပုဂ္ဂိုလ်တဲ့။ ဒီဘဝမဂ် မရဘူး။ ရပ့ါမလား (မရနိုင်ပါဘူးဆရာ)၊ ပြီးတော့ သုံးနံပါတ် ဝိပါက ဒွိဟိတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တဲ့ ရနိုင်ပ့ါမလား (မရနိုင်ပါဘူးဆရာ)၊ ပြီးတော့ ဝါဒတဲ့ အရိယာပုဂ္ဂိုလ်စွပ်စွဲကဲ့ရဲ့သော ပုဂ္ဂိုလ်တဲ့။ ဒီဘဝမဂ်ရပ့ါမလား (မရနိုင်ပါဘူးဆရာ)၊ အတိက္ကမ-မြတ်စွာဘုရားကိုယ်တော်မြတ် ပေးသော သီလမလုံခြုံသောပုဂ္ဂိုလ်၊ (တစ်နည်း) လွန်ကျူးသော ပုဂ္ဂိုလ်တဲ့ မဂ်ရပ့ါမလား (မရနိုင်ပါဘူးဆရာ)။

အော်-မဂ်မရအောင် တားထားတဲ့ အန္တရာယ်ငါးပါး မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အန္တရာယ်ငါးပါးထဲ ထိပ်ဆုံးက အတိက္ကမာဆိုတဲ့ သီလ မလုံခြုံသော ပုဂ္ဂိုလ်ဆိုတာ တို့လူသားမပါဘူး ရဟန်းတော်များအတွက်နော် (ဟုတ်ပါတယ်ဆရာ)၊ ရဟန်းတော်များကတော့ စတုပါရိသုဒ္ဓိသီလအရင် စင်ကြယ်သန့်ရှင်းအောင် ကြိုးစားပြီးမှ မဂ်တရား ဖိုလ်တရား အားထုတ်ရတယ်တဲ့။ ဒါကြောင့် လူသားကျတော့ အန္တရာယ်လေးပါးရှိ ဘယ်သူတုံ။ ကံရယ် ကိလေသာရယ် ဝိပါကရယ် ဝါဒရယ်၊ ကံက အနန္တရိယ ကံငါးပါးလွန်ကျူးခြင်း၊ ကိလေသာ-က ဒိဋ္ဌိကိလေသာရှိခြင်း၊ ဝိပါက-က ဒွိဟိတ်ပဋိသန္ဓေနေခြင်း၊ ဝါဒ-အရိယာကို စွပ်စွဲကဲ့ရဲ့ခြင်း၊ အဲ့ဒီလေမျိုးတစ်မျိုးမျိုး ရှိခဲ့သော ဒီပုဂ္ဂိုလ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘယ်တော့မှ မရ၊ ရနိုင်ပ့ါမလား (မရနိုင်ပါဆရာ)၊ လူပုဂ္ဂိုလ်တွေမှာ လေးပါးမနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီထဲမှာ အာနန္တရိယကံငါးပါး လွန်ကျူးဖို့ဆိုတာ မခဲယဉ်းဘူးလား ကွာ (ခဲယဉ်းပါတယ်ဆရာ)၊ ဒီအန္တရာယ်တော့ မရှိဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ အင်မတန်ရှားတယ်။

http://www.dhammadownload.com

အမိသတ် အဖသတ် ဆိုတဲ့ ပုဂ္ဂိုလ်က အင်မတန် ရှားတယ်။ ဒါဖြင့် ဒီအန္တရာယ်လည်း စိုးရိမ်စရာ မရှိဘူး။ ဒင်းလည်းပဲ တို့ မဂ်မတားနိုင်ဘူးဟ။ ဒီဘဝ မဂ်ရအောင် ကျင့်မယ်ဆို ကျင့်နိုင်တယ်ဟ။ ဒီလို မဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဝိပါက-ဒွိဟိတ်လား တိဟိတ်လား ဒွိဟိတ်ပဋိသန္ဓေ နေလာလို့ရှိရင် မဂ်မရဘူးဆိုထားတယ်။ ငါတိဟိတ်လား ဒွိဟိတ်လား စဉ်းစား စဉ်းစား မနေနဲ့ တိဟိတ် ဆိုတာ တထစ်ချဆုံးဖြတ်။ ဘာပြုလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လှချည့်ရဲ့ ဆိုတဲ့ စိတ်ဆန္ဒဓာတ် ကလေး ပေါ်လာတယ်ဆိုကတည်းက ဒီပုဂ္ဂိုလ်မျိုး တိဟိတ်ပါလို့နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဆရာ့ ဆရာများ ဆုံးဖြတ်သွားတဲ့၊ ဆရာတော်သမားတော်ကြီးများဆုံးဖြတ်သွားတဲ့ အဆုံးအဖြတ် မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လှချည်ရဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘယ်နည်းနဲ့ရပ့်။ ဘယ်လို ကျင့်ရပ့်။ အဲဒီ စိတ်ဆန္ဒဓာတ် ပေါ်လာတဲ့အချိန်ကစ ဇင်းပုဂ္ဂိုလ်သည် တိဟိတ်ပုဂ္ဂိုလ်ဆိုတာ မှတ်ထားပါ။

ဒါဖြင့် ဒီအန္တရာယ်လည်းပဲ အလွတ်သားပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါလည်း မရှိဘူး။ ဝါဒ အရိယာပုဂ္ဂိုလ်စွပ်စွဲကဲ့ရဲ့ရှုတ်ချမိတယ်။ ပြောမိ ဆိုမိတယ် စွပ်စွဲမိတယ်ဆိုတာကလည်းပဲ အင်မတန် ရှားတယ်။ မရှားဘူးလား (ရှားပါတယ်ဆရာ)၊ ဒါဖြင့် ဒီအန္တရာယ်လည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အေး-ဒါကြောင့် အန္တရာယ်လေးပါးရှိတဲ့အနက်က တို့လူစုတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရအောင် တားထားတဲ့ အန္တရာယ်က မရှာဘဲနဲ့ မလုပ်ဘဲနဲ့ မပြုမပြင်ဘဲနဲ့ အမေမွေးကတည်းက အလိုလိုပါလာ၊ ဘယ်အန္တရာယ်တုံး "ဒိဋ္ဌိ ကိလေသာ" ဆိုတဲ့ အန္တရာယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ "ဒိဋ္ဌိ ကိလေသာ" ဆိုတဲ့ အန္တရာယ်ဟာ အမိမွေးလာစဉ်အခါကတည်းက အလိုလို ပါမလာဘူးလား (ပါလာပါတယ် ဆရာ)၊ ဒိဋ္ဌိ ကိလေသာ ဆိုတာ ဘာခေါ်တုံး (ပုဂ္ဂလ သတ္တ အတ္တဇီဝ) အေး-ဟုတ်ပြီ ငါ သူ တစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်တယ် မှန်တယ် ရှိတယ်လို့ ယူဆတဲ့ အယူမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး-အဲဒါ မိစ္ဆာအယူကြီးပဲ အဲဒီ "ဒိဋ္ဌိ ကိလေသာ" အန္တရာယ်ကြီးကျတော့ ဘယ်သူမှ သင်ရ ကြားရတာ မဟုတ်ပါဘူးတဲ့၊ ထူထောင်ပြီး လုပ်ရတာ မဟုတ်ပါဘူးတဲ့၊ ကြိုးစားပြီး ရှာရတာ မဟုတ်ပါ ဘူး။ ဒီအန္တရာယ်ကြီးက အမိမွေးလာကတည်းက အလိုလိုအားဖြင့် ပါလာတဲ့ အန္တရာယ်ခေါ်တယ်။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ တွက်ကြည့်စမ်း။ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက် လျှောက်မေးကြည့်။ ခင်များ လူဟုတ်ရဲ့လား ဟုတ်တာပေါ့ အလုပ်တောင် ခံရလိမ့် ဒီလို သွားမေး နော် (မှန်ပါတယ်ဆရာ)၊ ခင်ဗျား ယောကျ်ားဟုတ်ရဲ့လား ဟုတ်တာပေါ့၊ ကြည့်မေး အဲဒါ အလုပ်ခံ ရမယ်။ ခင်ဗျား ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ရဲ့လား ဟုတ်တာပေါ့ ခင်ဗျားအသက်လိပ်ပြာရှိရဲ့လား ရှိတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပြောမယ် မဟုတ်လား (ပြောမှာပဲဆရာ)၊ လူတစ်ရာမေးရင် ဘယ်လောက်က

http://www.dhammadownload.com

ပြောမတုံး (ကိုးဆယ့်ကိုးယောက်က ပြောပါ့မယ်ဆရာ)၊ ကိုးဆယ့်ကိုးယောက်က ပြော ငါကတော့ တစ်ရာကတောင်ကျော်လိမ့်မယ်ထင်တယ် (မှန်ပါတယ်ဆရာ)၊ ဒီအယူဝါဒ ရှိတယ် မဟုတ်လားကွာ (ရှိပါတယ်ဆရာ)၊ ငါယောက်ျား ငါမိန်းမ ငါပုဂ္ဂိုလ် ငါလူ၊ ငါအသက်လိပ်ပြာနဲ့ ငါ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်နဲ့ စွဲမြဲယုံကြည်နေတဲ့ အယူဝါဒ "ဒိဋ္ဌိ ကိလေသာ" ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူဝါဒက အမိဝမ်းက မွေးလာစဉ်အခါတုန်းကတည်းက အလိုလိုပါလာတာ မဟုတ်ဘူးလား (ပါလာတာပါဆရာ)၊ နည်းနည်းလေး သွားတတ် လာတတ်ရှိလာရင်ပဲ သူ့ဥစ္စာ သူသင်လာ သူ့ဥစ္စာ သူမှတ်လာ တွက်ကြည့်စမ်းပါလား။ အမိဝမ်းက မွေးလာတာ ဘာမှ မသိသေးဘူး။ မသိသေး နေသေးတယ် နည်းနည်းသိတတ်တဲ့အရွယ်လေးရောက်လာ သူ့အမည်ပေးလိုက်တယ်။ မောင်ဖြူလို့ အမည်ပေး၊ လူကြီးမိဘက အမည်ပေးလိုက်တယ်။ ပေးတဲ့ အချိန်ကစ သူမှတ်တတ်တဲ့ အချိန်ကစ ငါမောင်ဖြူတဲ့ မှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ ငါလူတဲ့ မှတ်ဘူးလား (မှတ်ပါတယ် ဆရာ)၊ ငါယောက်ျားလေးတဲ့ မှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ ငါပုဂ္ဂိုလ် သတ္တဝါခေါ်သတဲ့ မှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ ငါလည်း အသက်ဇီဝနဲ့ မှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ အဲဒီလို အမှတ် ကလေးက အလိုလိုအားဖြင့် သူတစ်ပါး အမည်တပ်ပေးတဲ့အချိန်ကစ သူ့ကိုယ်သူ မှတ်မှတ်၊ မှတ်မှတ် လာလိုက်တာ၊ ကြီးလာလေ ပိုမှတ်လေ ကြီးလာလေ ပိုမှတ်လေနော် (မှန်ပါတယ်ဆရာ)၊ ငယ်ငယ်တုန်းက ဟေ့မောင်ဖြူ မင်းဘယ်က ဘယ်လိုပဲ ဘာပဲ ဘာပဲ တော်ရုံတန်ရုံ ပြောပေမယ့် စိတ်ဆိုးရမှန်း မသိဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

မောင်ဖြူအစွဲက တစ်စ တစ်စနဲ့ နာလာတယ် ကြီးလာတော့ ဂုဏ်လေး သိက္ခာလေးရှိလာရင်ပဲ ခေါ်နေကျ ပြောနေကျလူက ရုတ်တရက် ဟေ့မောင်ဖြူလို့ခေါ်လိုက်၊ ဟေ့တပ်ခေါ်လိုက် မခံချင်ဘူး ဒေါသလေးထွက်နေနော် (မှန်ပါတယ်ဆရာ)၊ ဒီကောင်က မလောက်လေး မလောက်စား ငါ့လိုလူများ ဟေ့တွေ ဘာတွေတပ်လို့ မင်းနဲ့တူသလား တန်သလား ဒီလိုဖြစ်လာ။ အစွဲက နာမလာဘူးလား (နာလာပါတယ်ဆရာ)၊ အေး-အဲဒီ အယူကြီးက ငါမောင်ဖြူ ငါလူ ငါယောက်ျား ငါပုဂ္ဂိုလ် ငါသတ္တဝါ ငါအသက်လိပ်ပြာနဲ့ ငါအကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်နဲ့ စွဲမြဲယုံကြည်လာတဲ့ ဒိဋ္ဌိကိလေသာ ခေါ်ထားတဲ့ အယူကြီးက မကြိုးစားဘဲ မထူတောင်ဘဲနဲ့ အမိဝမ်းက မွေးဖေားလာကတည်းက အလိုအလျောက် ပေါ်လာတဲ့ ရလာတဲ့ ဒိဋ္ဌိကိလေသာကိုကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒိဋ္ဌိ ကိလေသာ ဆိုတဲ့ အန္တရာယ်ကြီးဟာ ကမ္ဘာသူ ကမ္ဘာသားတွေ တွက်ကြည့်စမ်း လူတစ်ရာ ဘယ်လောက် ရှိသလဲဆိုလို့ ရှိရင် ငါတစ်ရာကတောင် ကျော်တယ်ထင်တယ် (မှန်ပါတယ်ဆရာ)၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီအယူနဲ့ချည်းပဲ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒီ အယူ ဘာအယူတုံး (ပုဂ္ဂလ သတ္တ အတ္တဇီဝ)၊ အေးလေ ပုဂ္ဂလ သတ္တ အတ္တဇီဝ ရှင်းပြောနေတယ်။ (မိစ္ဆာဒိဋ္ဌိအယူပါဆရာ)၊ အဲဒီလို လုပ်စမ်းပါနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူကြီးနဲ့ ဖုံးလွှမ်းပြီးတော့ လောကစာတ်ကြီး တစ်ခုလုံး အမှောင်အတိကျနေတဲ့ မိစ္ဆာမှောင်တိုက်ကြီး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘူးဆရာ)၊ မဂ်တားထားတဲ့ အန္တရာယ်ကြီးက ငုပ်တုတ်ကြီးရှိနေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အေး-တချို့က အဲဒါ မသိဘူး။ ငါ့ကိုယ် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်၊ ကျင့်တာတော့ ကျင့်တယ် သဒ္ဓါတရားတွေလည်း မသေးပါဘူး။ ဒါပေမယ့် ငါ့ကိုယ်မှာ မဂ်ဉာဏ်မရအောင် တားဆီးပိတ်ပင်ထားတဲ့ အန္တရာယ်ကြီးများ ဘာရှိပါလိမ့် မသိရှာနော် (မှန်ပါတယ်ဆရာ)၊ လုပ်တာပဲ၊ အင်တိုက် အားတိုက် အရိုးကျေကျေ အရေခမ်းခမ်း၊ အပင်အပန်းအနွမ်းအနယ်ခံပြီး ကျင့်ဟဲ့ ကြံဟဲ့ အားထုတ်ဟဲ့၊ လုပ်ဟဲ့ ရှုဟဲ့ ရှိုက်ဟဲ့နော် (မှန်ပါတယ်ဆရာ)၊ လုပ်ကြတာပဲ သဒ္ဓါတရားတော့ မသေးဘူး မဟုတ်လား (မသေးပါဘူးဆရာ)၊ ဒါပေမယ့် သူ့အယူ က စောစောကပြောတဲ့ ပုဂ္ဂလ သတ္တ အတ္တဇီဝ၊ ငါ သူ တစ်ပါး ယောကျ်ား မိန်းမ ဟုတ်တယ် မှန်တယ်လို့ ယူဆထားတဲ့ မိစ္ဆာဒိဋ္ဌိကိလေသာရှိနေတော့ကား သူလုပ်သမျှဟာတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါ့မလား (မရနိုင်ပါဘူးဆရာ)၊ ဒီက မဂ်တားထားတာ မဂ္ဂန္တရာယ်ကြီးက ရှိနေတာကိုး ကွနော် (မှန်ပါတယ်ဆရာ)၊ သေချာမှတ်နော်။ တကယ် တစ်မဂ် တစ်ဖိုလ်လိုချင်လို့ရှိရင် တစ်မဂ် တစ်ဖိုလ်မရအောင် တားထားတဲ့ အန္တရာယ်ငါးပါးကို အရင်ပြုန်ပြီး စစ်တမ်းထုတ်၊ စစ်တမ်းထုတ်ပြီးတော့ ဘယ်အန္တရာယ် ဘယ်အန္တရာယ်က လွတ်နေတယ်ဟဲ့။ ငါမရှိဘူး ဘယ်အန္တရာယ်တော့ ရှိနေတယ်။ ရှိတဲ့အန္တရာယ်ဖယ်ပစ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဆရာတော်ဘုရားကြီးက အယူသော့သွမ်းကြမ်းတမ်းလှစွာ အယူသော့သွမ်းတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သော့သွမ်းတယ် ဟော့ရမ်းတယ်ဆိုတဲ့ အဓိပ္ပါယ် ဘာမှ မသိကြဘူး။ ဘာမှ မမှန်ကန်ဘူးတဲ့။ အယူသော့သွမ်းကြမ်းတမ်းလှစွာတဲ့ အကြမ်းဆုံးဆိုတာ မှတ်ထားပါတဲ့။ ဘာပြုလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရအောင် တားနိုင်တဲ့ အန္တရာယ်ကြီးတဲ့။ ဒီအယူဝါဒ သေးတဲ့အန္တရာယ် မမှတ်နဲ့တဲ့နော် (မှန်ပါတယ်ဆရာ)၊ ငါပြောမယ် လောကသူသူငါငါ မြင်နေတာ၊ အပြစ် ဘယ်ဒင်းကြီး လည်းဆိုလို့ရှိရင်၊ ဖြေကြ ငနီကို သတ်တယ်ဆိုလို့ရှိရင် ဖြေကို ဝိုင်းလက်ညှိုးထိုးတယ်။ ကြည့်စမ်းကွာ ရက်စက်လိုက်တာ မိုက်လာတာ ပြောဘူးလား (ပြောပါတယ်ဆရာ)၊ သိပ်ကြောက်စရာကောင်းတဲ့ကောင်။ ဒီကောင့်ထက် မိုက်တဲ့အကောင် လောကမှာ မရှိဘူး။ ရက်ရက်စက်စက် သတ်လိုက်တာ ကွာ လူတစ်ယောက် အပြစ်မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ အပြစ်ကြီးထင်လို့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

နွားသတ်တဲ့ ငြေမြူက နွားရိုက်သတ်တယ်။ အမလေး ရက်စက်လိုက်တာဟဲ့။ နွားကြီး ဘုန်းဘုန်း လဲအောင် ရိုက်သတ်တယ်ဟဲ့နော် (မှန်ပါတယ်ဆရာ)၊ မိုက်လိုက်တဲ့ကောင်နဲ့ကွာ ကြောက်စရာ ကောင်းလိုက်တာ။ ဒီကောင် စရိုက်များတော့ တို့တော့ မမြင်ဝံ့ မကြားဝံ့ဟဲ့။ တကယ့်အပြစ်ကြီး မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ဓားပြတိုက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ လုတယ်၊ ခိုးတယ် သိပ်မိုက်တဲ့အကောင်တွေပဲ ကြောက်စရာ၊ သူတစ်ပါး ပစ္စည်းလုလိုက် ယက်လိုက် ခိုးလိုက် တိုက်လိုက် သတ်လိုက် ဖြတ်လိုက် လုပ်နေလိုက်ကြတာဟယ်၊ တကယ်အပြစ်ကြီးတွေ မထင်ဘူးလား (ထင်ပါတယ် ဆရာ)၊ အဲသလို နွားသတ် လူသတ်၊ တိုက်ယူလုယူ ခိုးယူဆိုတဲ့၊ မင်းတို့ ငါတို့က အင်မတန် ကြီးကျယ် တဲ့အပြစ်ကြီးတွေ လွန်ကျူးနေတယ်ထင်တဲ့ အပြစ်ကြီးတွေရှိတဲ့ လူတစ်ယောက်က မဂ်ဉာဏ် ဖိုလ်ဉာဏ် မတားဘူးတဲ့။ ဒီအပြစ်တွေက နားလည်လား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် တားသလား (မတားပါဘူးဆရာ)၊ မတားပါဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တားရင် အင်္ဂုလိမာလ ရဟန္တာဖြစ်စရာကို မရှိဘူး။ အင်္ဂုလိမာလထက် လူသတ်တာ ရှိသေးသလားဟ (မရှိပါဘူးဆရာ)၊ အင်္ဂုလိမာလ သတ်လိုက်တဲ့ လူတွေကို ထောင်သောင်းလူတွေချည်းသတ်နေ လက်ညှိုးလိုချင်လွန်းလို့ လက်ညှိုး တစ်ချောင်းလိုချင် လူတစ်ယောက်သတ်လိုက်၊ လက်ညှိုးတစ်ချောင်းလိုချင် လူတစ်ယောက်သတ် လိုက်။ အင်္ဂုလိမာလဝတ္ထုကော ကြားဘူးရဲ့လား (ကြားဘူးပါတယ်ဆရာ)၊ ကြားဘူးရင်လည်း မပြော တော့ပါဘူးကွာနော်။ ဒို့ကလောက်တောင် ရက်ရက်စက်စက်လူတွေ ဆက်တိုက် သတ်နေတဲ့ အင်္ဂု လိမာလ တရားရတော့ ဓားချနော် (မှန်ပါတယ်ဆရာ)၊ ဘုရားက ဘရားပြ ဓားချ တရားရပြီတဲ့ တရားရမသွားဘူးလား (ရသွားပါတယ်ဆရာ)၊ အသွားတုန်းကတော့ လူသတ်သမားကြီး မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)၊ အပြန်ကြတော့ ဘာဖြစ်လာတုန်း (သောတာပန်ပါဆရာ)၊ အမလေး အမလေး ရဟန္တာ ရဟန္တာ (ရဟန္တာပါဆရာ)၊ တကယ့်ကောင်ပဲ ဒါနဲ့ သူအင်္ဂုလိမာလ ဝတ္ထုကြားဘူး ပြန်ပေါ့တဲ့။ ဗဟုသုတတုံးကြီးက၊ အပြန်ကျ ရဟန္တာဖြစ်မလာဘူးလား (မှန်ပါတယ်ဆရာ)။

ကိုင်း-ငြေမြူက ငနီသတ်တယ်ဆို ရက်စက်တယ်ဗျာ ဒီကောင် မိုက်လိုက်တာ သိပ်မိုက်တဲ့အကောင် ကြောက်စရာကြီးပါ၊ ဒီကောင့် စရိုက်များ ဒေါသများတော့ အံ့သြပ်၊ မမြင်ဝံ့ မကြည့်ဝံ့ဟဲ့။ တကယ့် အပြစ်ကြီး မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ငနီက ငြေမြူသတ်တာ တစ်ယောက်တင် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အင်္ဂုလိမာလ သတ်တဲ့လူတွေက အများကြီး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငြေမြူမှာက ဆယ်ဆတစ်ပိုဆိုးပါတယ်။ ဒါပေမယ့် မဂ်တားရဲ့လား (မတားပါဘူးဆရာ)၊ အေး- အဲဒါကြီးတွေ တကယ့်အပြစ်ထင်မနေနဲ့။ ဒါပေမယ့် တို့ လောကလူတွေကတော့ အင်မတန် ဆိုးဝါးတဲ့ အင်မတန် ကြောက်ဖွယ်ကောင်းတဲ့ အပြစ်ကြီးတွေ လွန်ကျူးနေတာပဲလို့ ထင်သကိုးကွနော် (မှန်ပါ တယ်ဆရာ)။

http://www.dhammadownload.com

ဒါပေမယ့် ဒီအပြစ်တွေက မဂ်မတားပါဘူးတဲ့။ သိမ်သိမ်မွေ့မွေ့လေးနဲ့ မင်းလည်းမမြင်၊ ငါလည်း မမြင် ရင်ထဲမှာရှိတဲ့ မဖြူစင်တဲ့ မိစ္ဆာအယူကမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရအောင် တားထားတာပါတဲ့။ ကြောက်စရာ မကောင်းဘူးလားဟ (ကြောက်စရာ ကောင်းပါတယ်ဆရာ)၊ အဲဒါမှ ကြမ်းတမ်းတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မကြမ်းဘူးလား (ကြမ်းတမ်းပါတယ်ဆရာ)၊ ဘယ်ထိအောင် ကြမ်းတုံး၊ သူမပြောတတ်ဘူး ဘယ်ထိအောင် ကြမ်းတုန်း (အဝီစိကျအောင်ပါဆရာ)၊ အောင်မာ အောင်မာ အောင်မာ၊ မဂ်မရအောင် ကြမ်းတယ်ပြော (မဂ်မရအောင် ကြမ်းပါတယ် ဆရာ)၊ အဲသလို လုပ်စမ်းပါဟ။ မဂ်ထက် တန်ဖိုးရှိတာ ဘာရှိသေးတုန်းဟ (မရှိပါဘူးဆရာ)၊ တန်ဖိုး အရှိဆုံးကြီး မရအောင် တားထားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မဂ်မရအောင် တားနိုင်တဲ့ အထိ ကြမ်းတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် ကြောက်စရာ ကောင်းလိုက်တာ။ မိစ္ဆာမှောင်ကြီးကျနေ မကျဘူးလား (ကျပါတယ်ဆရာ)၊ လူတွေ မေးလည်း ဒီမိစ္ဆာကောင်ကြီးနဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟောဗျာ ဘယ်နဲ့ဖြစ်ဖြစ် နေတာတုန်း။ ထမင်းစားခဲ့လား (စားခဲ့ပါတယ်ဆရာ)၊ အော်-စားခဲ့တယ် မိစ္ဆာမှောင်ကြီးကျနေတယ် နတ်တွေမေးလည်း မိစ္ဆာအယူနဲ့ ဗြဟ္မာတွေ မေးလည်း မိစ္ဆာအယူနဲ့။ ဒါကြောင့် လူ့အန္ဓ နတ်အန္ဓ ဗြဟ္မာအန္ဓ ပုထုဇဉ်တွေနော် (မှန်ပါတယ်ဆရာ)၊ လူ့အရိယာ နတ်အရိယာ ဗြဟ္မာ့အရိယာတွေ ပြောတာ မဟုတ်ဘူး။ ဒါ အရိယာဘုံရောက်သွားပြီ သူတို့က အရိယာနယ် ရောက်သွားပြီ၊ အရိယာ ဖြစ်သွားပြီ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးကုန်ပြီ ပုထုဇဉ်ပြောတာ။ လူအန္ဓ နတ်အန္ဓ ဗြဟ္မာအန္ဓဆိုတဲ့ အန္ဓပုထုဇဉ်တွေဟာ မိစ္ဆာမှောင်တိုက်ကြီး ကျနေတယ်တဲ့။ မိစ္ဆာမှောင်တိုက်ကျတော့ ဘယ်နဲ့ဖြစ်တုန်း မိုက်နေတာပေါ့တဲ့။ မိုက်နေတယ်ဆိုတော့ နာစရာ မကောင်းဘူးလားကွ (ကောင်းပါတယ်ဆရာ)၊ မအေး မိုက်နေတယ်ဆိုတာ အမှန်ကတော့ မောဟ ပုဒ်ကလာတယ် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ မိုက် ဘယ့်နဲ့လုပ်ရေးတယ် (မလုံးကြီးတင်တစ်ချောင်းငင်လို့ ရေးပါတယ်ဆရာ)၊ ကဲလုပ် လုပ်စမ်း မလုံးကြီးတင်တစ်ချောင်း ကိုင် (ဂယ်သတ်)

ဒါဖြင့် မင်းဉစ္စာ မောဟ ပုဒ်က လာတာပေါ့။ မောဟပုဒ်က လာတာပါလို့ ငါ တစ်ခါ ပြော ခဲ့တယ်။ ဒီကောင် သင်တန်းလိုက်ရင်း ငိုက်ငိုက်နေတယ် ထင်တယ်။ ငိုက်သလား (မငိုက်ပါဘူးဆရာ)၊ မိုက်ဘယ်နဲ့လုပ်ရေးမယ်။ မလုံးကြီးတင် တစ်ချောင်းကိုင်ဘာသတ်မယ် (ယကြီးပါဆရာ)၊ ဟာ- ဘယ်နဲ့တုံးဟ။ မောဟပုဒ်က လာတာပါလို့ဆိုနေမှ။ ယကြီးကြည့်ထည့်နေတာပဲ၊ ဒီကောင် မိုးမျှော်နေပြီထင်တယ်။ ဟသတ်မယ် မဟုတ်လား (ဟသတ်ပါတယ်ဆရာ)၊ မောဟ နော် (မှန်ပါတယ် ဆရာ)၊ မောဟပုဒ်ကလာတဲ့ ပုဒ်မို့လို့ မိုက်တယ် မှောင်တယ် မည်းတယ် မိုက်ဆိုတဲ့ နေရာမှာ ကကြီးနဲ့

http://www.dhammadownload.com

သတ်လို့ရှိရင် တစ်မိုက်, တစ်ထွာ အစရှိသည်အားဖြင့် ဒီလိုနေရာ ကကြီးနဲ့ သတ်ရ တယ်နော် (မှန်ပါတယ်ဆရာ)။အခုတော့ မိုက်မဲတွေဝေတယ် ဒီလိုနေရာကတော့ မိုက်ဟာ မလုံးကြီးတင် တစ်ချောင်းငင် ဟသတ် မောဟပုဒ်ပျက် ဒီလို ရေးရတယ်နော် (မှန်ပါယ်ဆရာ)။

အေး-ဒါကြောင့် အယူသော့သွမ်းကြမ်းတမ်းလှစွာ၊ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျားတို့ကိုတဲ့။ နာစရာ ဘယ်လောက်ကောင်းတုန်း။ လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျားတဲ့ ဘုံသုံးပါးကုန်ရော့။ လူလည်း လူထိပ်တန်းစားတွေ၊ နတ်လည်း နတ်ထိပ်တန်းစားတွေ ဗြဟ္မာလည်း ဗြဟ္မာထိပ်တန်းစားတွေ သွားရှာပေ့ါ။ ဒါ အမိုက်ချည်းပဲလို့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့လဲဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးတဲ့ အဲဒီလို လူယောက်ျား နတ်ယောက်ျား တိရစ္ဆာယောက်ျားတို့ကို မြတ်စွာဘုရားကိုယ်တော်မြတ်က ပွင့်တော်မူလာတဲ့အခါမှာ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးဆုံးမ ဩဝါဒပေးသဖြင့် သံသရာဝဋ်အတွင်းက လွတ်ကင်းအောင် ကယ်မတော် မူသွားတယ်တဲ့၊ ဆုံးမတော်မူသွားတယ်တဲ့။ ဒါကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိ ဆိုတဲ့ ဂုဏ်တော်အရ အင်မတန်မှ တန်ဖိုးရှိ။ အဲ-ဒါကြောင့် တရား အားထုတ်တဲ့ အခါမှာ မိမိက မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လှချည်ရဲ့ လိုချင်လို့ အားထုတ်တာက အားထုတ်တာ။ အဲဒီ အားထုတ်တဲ့အခါမှာ ငါကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ အားထုတ်တယ်။ ဒါပေမယ့် ငါ့မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရအောင် တားထားတဲ့ အန္တရာယ်များ ရှိသလားလို့ ပြန်စစ်ဆေးကြည့်။ အန္တရာယ်က စာစောက ပြောတဲ့အတိုင်း ငါးမျိုးငါးစားတောင် ချပြထားတာ။ အဲဒီ ငါးမျိုး ငါးစားမှာ တစ်ပါးရှိနေရင် ငြိနေရင် ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါပေမယ့် အဲဒီ အန္တရာယ်တွေရှိတဲ့အနက်က အရေးကြီးဆုံး အန္တရာယ်တွေ ဘယ်သူလဲ ဆိုတော့ အခုပြောတဲ့ မိစ္ဆာဒိဋ္ဌိကိလေသာဆိုတဲ့ အန္တရာယ်။ ဒီအန္တရာယ် ငြိနေလို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်။

ဒါဖြင့် ဘယ်နဲ့လုပ်ရ၊ ဒီအန္တရာယ်ကြီးကို ခွာပစ်ပါတဲ့။ အမြန်ဆုံး ဖယ်ရှားပါလို့ ဒိဋ္ဌိကိလေသာ အန္တရာယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အော်-ပြန်ရောက်လာပြန်ပေ့ါနော်။ ဟဲဟဲ တရားကိုကြလို့ မြန်လှချည်းလားဟ။ ဒိဋ္ဌိကိလေသာ အန္တရာယ်တဲ့။ ဒီအန္တရာယ်ခွာပစ်ပါ ဆိုတော့ ကိုင်း ခွာကြစို့၊ ဒီအန္တရာယ်ကြီးစင်သွားအောင် အယူတွေ ဖြူစင်သွားအောင် အန္တရာယ်ခွာဆိုတော့ အန္တရာယ်က လက်နဲ့ကိုင်ခွာလို့ ဖြစ်တာမဟုတ်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်မျက်စိနဲ့ခွာကြ ဉာဏ်နဲ့ ခွာကြရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဉာဏ်နဲ့ ခွာကြရမယ်လို့ ဒီတော့ ဉာဏ်နဲ့ခွာဆိုတော့ ဘယ်နဲ့တုံး မိမိကိုယ်မှာ အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ တရားတွေ ဘာရှိသလဲလို့ သေသေချာချာ

http://www.dhammadownload.com

သိအောင် လုပ်ရတယ်၊ လေ့လာရတယ်၊ သင်ရကြားရတယ်။ ငါ့ကိုယ်ရှိနေတဲ့ တရားသည် ရုပ်တရား နာမ်တရား ခန္ဓာငါးပါး၊ ရုပ်တရားဆိုတာ ဘယ်လိုနေတယ်၊ နာမ်တရားဆိုတာ ဘယ်လိုနေတယ်၊ ခန္ဓာငါးပါးဆိုတာ ဘယ်အဓိပ္ပာယ် အဲဒါတွေ တတ်မြောက်လိမ္မာအောင် သင်ကြားလို့ တတ်မြောက် လိမ္မာလာတော့ မိမိဉာဏ်အမြင်မှာ ရှင်းလာတယ်တဲ့။ လက်စသတ်တော့ စောစောတုန်းကတော့ ငါဟာ လူပဲ ယောက်ျားပဲ မိန်းမပဲ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ အသက်လိပ်ပြာပဲ ခေါင်းနဲ့ ကိုယ်နဲ့ လက်နဲ့ ခြေနဲ့ အသားအသွေးနဲ့ မျက်လုံးမျက်ခုံးနဲ့ ငါဒီအယူဝါဒနဲ့နေလာ။

အခု အသေအချာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားတော် ဒေသနာတော်ကို လေ့လာလိုက်တော့ ဘယ်ငါ့ရှိလို့တုန်း၊ ဘယ်ငါ့ကိုယ်ရှိလို့တုံး၊ ဘယ်ယောက်ျား မိန်းမဟုတ်လို့တုံး၊ ဘယ်မလဲ ပုဂ္ဂိုလ်သတ္တဝါ၊ ဘယ်မလဲ အသက်လိပ်ပြာ၊ ဘယ်မလဲ ခေါင်းခြေလက် မျက်လုံ မျက်ခုံး အသွေးအသား ရတာက ရုပ်တရား နာမ်တရား နှစ်ပါးရတာ ဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)၊ အေး-ရုပ်တရား နာမ်တရား နှစ်ပါးရတာ၊ အဲဒီ ရုပ်တရား နာမ်တရား နှစ်ပါးသာ ထင်ရှားရှိပါလားလို့ သိတဲ့အချိန်မှာ စောစောက ငါ သူ တစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်တယ် ရှိတယ် မှန်တယ်ဆိုထားတဲ့ မိစ္ဆာအယူကြီး ရှိသေးလားဟ (မရှိတော့ပါဘူး ဆရာ)၊ မရှိဘူးတဲ့ စွန့်လိုက်ပြီနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သက္ကာယဒိဋ္ဌိကွာတယ် ခေါ်တာပေါ့။ သက္ကာယ ဒိဋ္ဌိရှင်းသွားတယ်။ သက္ကာယဒိဋ္ဌိ ကွာသွားတယ် ခေါ်တယ်။ အဲဒီ သက္ကာယဒိဋ္ဌိဆိုတဲ့ မိစ္ဆာအယူကြီး ရှင်းလင်းသွားမှ၊ ဒါမှ မဂ်တံခါး ဖိုလ်တံခါး ပွင့်တယ်တဲ့။ အဲဒီအခါကျတော့ ကျင့်ကြံပွားများ အားထုတ်ပါတော့တဲ့။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ခုတော့ လုပ်လိုက်ကြတာလို့ မိမိ မဂ်မ ရအောင် တားထားတဲ့ အန္တရာယ်ကြီးရှိလို့လဲ ရှိမှန်းမသိ။ ကြိုးစားတဲ့ သဒ္ဓါတရားကတော့ မသေးပါ ဘူး။ အင်တိုက် အားတိုက်ပဲ အပြေးအလွှားပဲ အငတ်အမွတ် ခံပြီးတော့ အပင်အပန်း အနွမ်းအနယ်ခံ၊ အိမ်ပစ်ရာပစ် စီးပွားဥစ္စာပစ် သားကွဲ မယားကွဲ တစ်မြို့တစ်ရွာ တစ်နေရာ ထွက်ပြီးတော့၊ ကြိုးစားပမ်းစားနဲ့ ရှာတော့ ရှာကြရဲ့။ ရှာပေမယ့် စောစောက ပြောထားတဲ့ မဂ်မရအောင် တားထားတဲ့ အန္တရာယ်ကြီး ရှိနေတာ သူမသိရှာ၊ သူမသိရှာတော့ ဘယ့်နဲ့ဖြစ် ကြိုးစားသလောက် ခရီးမရောက် မဂ်ပေါက် ဖိုလ်ပေါက်လည်း မဖြစ်နိုင်။

ဒါကြောင့် ဆရာတော်ဘုရားကြီး ရေးတော်မူတဲ့ ဂုဏ်တော်ဖွင့် ပြထားတဲ့ သဘာဝအဓိပ္ပါယ် လေး ထည့်ပြီးရှင်းပေးပါတယ်။ အော်-အဝိဇ္ဇာခါတ်တယ်ဆိုးပဲ့ မိစ္ဆာမှောင်ကြီးကျနေတာ။ အဝိဇ္ဇာ ကြောင့်အဝိဇ္ဇာဖုံးလွှမ်းထားလို့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပုထုဇဉ်လေးမျိုးနဲ့ ထိုးပြခဲ့ပေါ့။ အဝိဇ္ဇာရဲ့သတ္တိ အဝိဇ္ဇာရဲ့ သဘောများ သိပ်ကြောက်စရာ ကောင်းတာပဲလို့။ သံသရာ စက်ရဟတ်

http://www.dhammadownload.com

ကြီးကို အဆက်မပြတ် လည်စေတတ်တယ်ဆိုတာ သူ့သတ္တိပဲလို့။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ ရှေ့ပိုင်း နောက်ပိုင်း နှစ်ပိုင်းခွဲထားလို့ ပုဗ္ဗန္တရှေ့ပိုင်, ပရန္တနောက်ပိုင်း နှစ်ပိုင်းခွဲထားတော့ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းက ဘယ်သူလဲဆိုတော့ အဲဒီ တရားဆယ့်နှစ်လုံး၊ နက်ဖန်ခါကျ စာရွက်ကလေးထဲ ပြန်ကြည့်။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာအထိ ရှေ့ပိုင်း ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကျယ် ကျယ်ပြော (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လာတာတုံး နောက်ဖေးက ပြန်လာတာ။ နောက်ပိုင်းက တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ ဒါတစ်ပိုင်း ဒီလို မဟုတ်ဘူးလား။ (မှန်ပါတယ်ဆရာ)၊

အရှေ့ပိုင်း အနောက်ပိုင်း ခွဲတတ်ရဲ့လား (ခွဲတတ်ပါတယ်ဆရာ)၊ ခွဲစမ်း ရှေ့ပိုင်း (အဝိဇ္ဇာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ရရဲ့လား ကျက်ခဲ့လား (ကျက်တော့ကျက်ပါတယ်ဆရာ)၊ အောင်မယ် ကျက်တော့ကျက်ပါတယ်တဲ့။ ပြန်ဆို အဝိဇ္ဇာ သင်္ခါရ (အဝိဇ္ဇာ သင်္ခါရ. . . . ဝေဒနာ) အော်-ဒါရှေ့ပိုင်းလား (မှန်ပါတယ်ဆရာ)၊ နောက်ပိုင်း ဆိုစမ်း တဏှာ (တဏှာ) ဥပါဒါန် (ဥပါဒါန်ဘဝ ဇာတိ ဇရာ မရဏ) အော်-ဒါနောက်ပိုင်းလား (မှန်ပါတယ်ဆရာ)၊ အေး-မှတ်ထား အရှေ့ပိုင်းက အဝိဇ္ဇာဦးစီးလို့ လည်တာနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပဋိစ္စသမုပ္ပါဒ် ပုဗ္ဗန္တ-ရှေ့ပိုင်း။ အဲဒီ ရှေ့ပိုင်းက အဝိဇ္ဇာဦးစီးတယ်။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာဦးစီးပြီး လည်တယ်တဲ့။ နောက်ပိုင်းက တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ နောက်ပိုင်းက တဏှာ ဦးစီးပြီးနေတယ်တဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရှေ့ပိုင်းက အဝိဇ္ဇာဦးစီး နောက်ပိုင်းက တဏှာဦးစီး သူတို့နှစ်ခုပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ကြီး အဆက်မပြတ်ဘဲနဲ့ စက်ရဟတ်လို လည် မနေဘူးလား (လည်နေပါတယ်ဆရာ)၊ အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ် လည်အောင် လုပ်ပေးတာ ဘယ်သူလည်းဆိုတော့ အဝိဇ္ဇာနဲ့တဏှာတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနဲ့ တဏှာတဲ့ သဘောမှတ်ထား။ အော်-လက်စသတ်တော့ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး သံသရာ စက်ရဟတ်ကြီး အဆက်မပြတ်အောင် မရပ်မနားလည်အောင် လုပ်ပေးနေတာ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ တရားနှစ်ပါးပါလားလို့ စက်ဝိုင်းရဲ့ အလည်ခေါင် မူလနှစ်ပါးဆိုတာ ပါလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အခု ရှေ့ပိုင်းက နေပြီးတော့ နောက်ပိုင်းထိအောင် တစ်လုံးချင်း တစ်လုံးချင်း ဆက်ပြီးတော့ လည်ပြတယ်။ လည်ပြတဲ့ သဘောလေး သဘောမှတ်။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်း ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားစုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ သဘာဝ သဘောကြည့်။ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရတရားတွေ အဝိဇ္ဇာက

http://www.dhammadownload.com

အကြောင်းတရား သင်္ခါရက အကျိုးတရား အဝိဇ္ဇာကြောင့် ဖြစ်တဲ့ အကျိုးတွေပဲတဲ့။ အဲဒီ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ အကျိုးတရားသုံးပါးက၊ ဒီသင်္ခါရသုံးပါး ဘယ်သူလည်းဆိုတော့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဥ္စာဘိသင်္ခါရ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သင်္ခါရသုံးမျိုး ဘယ်သူ (အပုညာဘိသင်္ခါရ) ဟော (ပုညာဘိသင်္ခါရ အာနေဥ္စာဘိသင်္ခါရ) အေး-ဟုတ်ပြီ ဟုတ်ပြီ၊ မင်းသဘော ကျသလိုသာရေ သုံးခုစေ့ပြီးတာပဲနော်။ မင်းပါးစပ်ကလည်း ကြဲကြဲဖန်ဖန်လည်း တတ်တယ်။ ပုညာဘိသင်္ခါရ အပုညာ ဘိသင်္ခါရ အာနေဥ္စာဘိသင်္ခါရ ဟုတ်လား (မှန်ပါတယ်ဆရာ)။

ပုညာဘိသင်္ခါရဆိုတာ ဘယ်သူခေါ်တုန်း (ကုသိုလ်ကောင်းမှုလုပ်တဲ့ဥစ္စာကို ပုညာဘိသင်္ခါရ လို့ခေါ်ပါတယ်ဆရာ)၊ ကုသိုလ်စေတနာကို ခေါ်တယ်။ (ကုသိုလ်စေတနာကို ခေါ်ပါတယ်ဆရာ)၊ လုပ်တာက၊ မင်းဘာသာ လုပ်ချင်လုပ် မလုပ်ချင်နေ ကုသိုလ်စေတနာကို ခေါ်တယ်လား (မှန်ပါတယ် ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရက ကာမာဝစရကုသိုလ်စေတနာနဲ့ ရူပါဝစရကုသိုလ်စေတနာကို ခေါ်၏။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရ ဆိုတာ ဘယ်သူခေါ်တုံး (အကုသိုလ်စေတနာကို ခေါ်ပါတယ်ဆရာ)၊ အေး-ဟုတ်တယ် အကုသိုလ် စေတနာကို ခေါ်တယ်။ အာနေဥ္စာဘိသင်္ခါရဆိုတာ ဘယ်သူခေါ်တုံး။ (အရူပဝစရကုသိုလ်စေတနာကို ခေါ်ပါတယ်ဆရာ) မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အေး-အဲဒီစေတနာသုံးစားပဲတဲ့။ သတ္တဝါများ သုံးဘုံကို လည်နေတာ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ကာမာဝစရကုသိုလ်စေတနာတွေ လုပ်လိုက်တော့ လူ့ဘဝ နတ်ဘဝ သွားမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ရူပါဝစရကုသိုလ်စေတနာ လုပ်လိုက်တော့ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ် စေတနာလုပ်လိုက်တော့ အရူပလေးဘုံ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ လူရယ် နတ်ရယ် ပြဟ္မာ နှစ်ဆ[illegible]ရယ်သွား သူ့အကြောင်းနဲ့ သူ့အကျိုးကိုကွနော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်စေတနာတွေ လုပ်တော့ အပါယ်လေးပါး မသွားဘူးလား (သွားပါတယ်ဆရာ)၊ ဟော ဘုံသုံးပါးမှာ မထပ်မနား ရဟတ်ခြားလို လည်နေတယ်ဆိုတာ ဒီကံသင်္ခါရဆိုတဲ့ သင်္ခါရ သုံးမျိုးကြိုးစားအားထုတ်လို့ လည်နေတာတဲ့။ လည်ဘူးလား (လည်ပါတယ် ဆရာ)၊ သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်လိုက် ဒီလိုချည်းသွားနေ။

ဒါကြောင့် ဘုံသုံးပါးလည်လာတာများ ပြန်တွေးကြည့်ကြ။ တို့ဘုံသုံးပါးတော့ စုံခဲ့ပြီ။ “သုဒ္ဓါဝါသဘူးမရလို့” သုဒ္ဓါဝါသငါးဘုံဖယ်ထား ကျန်တဲ့ပြဟ္မာဘုံ တွေလည်း စုံခဲ့ပေါ့။ နတ်ပြည်ခြောက် ထပ်လည်း နှံ့ခဲ့ပေါ့။ လူ့ဘဝလည်း အကြိမ်အားဖြင့် မရေမတွက်နိုင်ဘူး။ အပါယ်လေးပါးလည်း အခေါက်ပေါင်းများစွာ လာခဲ့ပေါ့။ မရောက်ဘူးတဲ့ ဘုံရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ မဖြစ်ဘူးတဲ့ဘုံ

http://www.dhammadownload.com

ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ အဲဒါ သံသရာလည်နေတာ ဒီလို လည်နေတာ ကိုယ်မသိဘူး။ ကိုယ့်သံသရာ လမ်းကြောင်း ကိုယ်ပြန်ပြောင်းပြီးတော့ မတွေးတတ် မစပ်တတ်ဘူး။ ဘဝပေါင်းစုံခဲ့ပြီ ဘဝပေါင်း ဘာပြုလို့စုံတုန်း အဓိပ္ပါယ် သေချာကြည့်။ ဟိုအထက်ဆုံးက အရူပါဝစရ ဗြဟ္မာလေးဘုံ ဗြဟ္မာတွေ သွားဖြစ်တာ ဘာပြုလို့ဖြစ် အလကားဖြစ်တာ မဟုတ်ဘူး။ အရူပါဝစရ ကုသိုလ်စေတနာတွေ မလုပ်ခဲ့ဘူးလား (လုပ်ခဲ့လို့ပါဆရာ)၊ အဲ-လုပ်ဘူးပြီးနော် (မှန်ပါတယ်ဆရာ)၊ ရူပဝစရဗြဟ္မာ့ ဆယ့်ခြောက်ဘုံရောက်ဘူးခဲ့တယ် အကြိမ်များစွာ။ ရူပါဝစရဗြဟ္မာ၊ တစ်ဆယ့်ခြောက်ဘုံ ရောက်ဖူးခဲ့တယ်။ အကြိမ်များစွာ အလကား ရောက်တယ် မမှတ်နဲ့ လက်ပိုက်ကြည့်လို့ ရောက်တယ် မမှတ်နဲ့။ ရူပါဝစရကုသိုလ်တွေလုပ်လာလို့ စျာန်သမထတွေ လုပ်လာလို့ ရူပါဝစရဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံမှာ နှံ့ခဲ့ပြီ။ နှံ့ဘူးလား (နှံ့ပါတယ်ဆရာ)၊ ဒါဖြင့် ဒီကုသိုလ်လည်း လုပ်ဖူးတာပေါ့ (လုပ်ဖူးပါတယ်ဆရာ)၊ ဒါဖြင့် နတ်ပြည်ခြောက်ထပ် ရောက်ပေါင်းများ ခဲ့ပြီ။ ရောက်ဖူးလား (ရောက်ပါတယ်ဆရာ)၊ အလကား ရောက်တယ် မမှတ်နဲ့၊ အချောင်ရောက်တယ် မမှတ်နဲ့နော် (မှန်ပါတယ်ဆရာ)၊ နတ်ပြည်ခြောက်ထပ် ရောက်လာအောင် ဒါနမှု သီလမှုဆိုတဲ့ ကာမာဝစရကုသိုလ်တွေ လုပ်ခဲ့လို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီကုသိုလ်လည်း လုပ်ဖူးပြီပေါ့ (လုပ်ဖူးပါတယ်ဆရာ)၊ ဒါဖြင့် လူ့ဘဝလည်း ပဒေသရာဇ်၊ ဧကရာဇ်၊ စကြဝတေးမန္ဓာတ်ကစ ဖြစ်ပေါင်းများခဲ့ပြီ။ များခဲ့ဖူးလား (များခဲ့ပါတယ်ဆရာ)၊ အလကား အချောင်ရတယ် မမှတ်နဲ့။

ဒီလူ့ဘဝကြီးရဖို့လို့ ကာမာဝစရကုသိုလ် ဒါနမှု သီလမှုတွေ လုပ်ခဲ့တယ်။ မလုပ်ခဲ့ဘူးလား (လုပ်ခဲ့ ပါတယ်ဆရာ)၊ ဒီကုသိုလ်တွေ လုပ်ခဲ့တာပေါ့ (လုပ်ခဲ့ပါတယ်ဆရာ)၊ ဒါဖြင့် ကုသိုလ်တွေ မစုံခဲ့ဘူးလား လုပ်ခဲ့တာ (စုံပါတယ်ဆရာ)၊ ဘယ်နှစ်မဂ်များရခဲ့ (တစ်မဂ်မှ မရပါဘူးဆရာ)၊ အားရှိစရာ သိပ်ကောင်းနော် (မှန်ပါတယ်ဆရာ)၊ တစ်မဂ်မှ မရဘူး။ ရခဲ့ရဲ့လား (မရပါဘူးဆရာ)၊ ဒီကုသိုလ် တွေလုပ်ရင် မဂ်ရတယ်ဆို တဲ့စကား မင်းယုံပဲ့မလား (မယုံပါဘူးဆရာ)၊ အကယ်တန္တ ဒီကုသိုလ်တွေ ကြိုးစားလို့ မဂ်ရတယ်ဆိုရင် မင်းမဂ်ရပေါင်းများပြီပေါ့ (မှန်ပါတယ်ဆရာ)၊ တစ်ဘဝမရ၊ တစ်ဘဝ ရမှာပေါ့နော်။ (မှန်ပါတယ်ဆရာ)၊ သံသရာ လုပ်ခဲ့ပေါင်းကလည်း မရေမတွက်နိုင်ဘူးတဲ့ ပြန်ကြည့်ပါ သံသရာလမ်းကြောင်းကြီး၊ ကိုယ်လည် နေတာ ကိုယ်ပြန်ကြည့် အကြိမ်ပေါင်းများပြီ။ အရူပါဝစရ ဗြဟ္မာဘုံ၊ အရူပါဝစရဗြဟ္မာဖြစ်လာတာ အကြိမ်ပေါင်း မရေတွက်နိုင်ဘူး။ ရူပါဝစရဗြဟ္မာ တစ်ဆယ့် ခြောက်ဘုံလည်း ရူပါဝစရဗြဟ္မာတွေ ဖြစ်လာတာ အကြိမ်ပေါင်း မရေမတွက်နိုင်ဘူး။ နတ်ပြည် ခြောက်ထပ် ဖြစ်လာတာလည်း အကြိမ်ပေါင်း မရေတွက်နိုင်ဘူး။ လူ့ဘဝဖြစ်တာလည်း အကြိမ်အားဖြင့် မရေမတွက်နိုင်ဘူး။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါတွေဖြစ်လာတာ အချောင်ဖြစ်တယ် မမှတ်နဲ့။ ဒီကုသိုလ်ကံတွေ ကြီးစားလို့ ဖြစ်တာတဲ့။ ကာမာဝစရကုသိုလ်ကံတွေ ကြိုးစားလို့ လူ့ဘဝ နတ်ဘဝ မရေမတွက်နိုင်အောင် ဖြစ်လာပြီတဲ့။ ရူပါဝစရကုသိုလ်ကံတွေ ကြိုးစားအားထုတ်လို့ ဈာန်သမထတွေ ကြိုးစားအားထုတ်လို့ ရူပါဝစရဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံရောက်တာ များခဲ့ပြီ။ အရူပါဝစရကုသိုလ်တွေ ကြိုးစားလို့ အရူပလေးဘုံ ရောက်တာများပြီ။ ဒီကုသိုလ်တွေက အကြိမ်ပေါင်း မရေမတွက်နိုင်ဘူးတဲ့။ သူ့အကြောင်းခံလို့ ဒီလူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝရောက်ရောက်လာတဲ့ အကျိုးတရားတွေ ပေါ်တာလည်း မရေမတွက် နိုင်ဘူးတဲ့။ "အနမတဂ္ဂသံသရာ" ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကျင်လည်လာတဲ့ သံသရာကြီး ပြန်ကြည့် ရေတွက်လို့ မကုန်ဆုံးနိုင်ဘူးတဲ့။ အကြောင်းကြောင့် အကျိုးဖြစ် ပြန်ကြည့်စမ်းပါ။ ဒါဖြင့် ဘယ်နှစ်မဂ် များရခဲ့ (တစ်မဂ်မှ မရပါဘူးဆရာ)၊ တစ်မဂ်မှ မရဘူးနော် (မှန်ပါတယ်ဆရာ)၊ သမာဓိ ကောင်းကောင်း ထားနော်။

တော်ကြာတော့ ငါ့လည်း တောင်ပြော တောပြော မပြောနဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လိမ့်ပတ်လည်အောင် နားထောင်။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာအတိုင်း သေသေချာချာ ချပြတာ။ အရင်းအဖျား မစဉ်းစားဘဲနဲ့ ဗရမ်းဗတာလည်း မပြော ကြနဲ့လို့။ ငါသိုးသိုး သန့်သန့် ဒီကနေ ကြားရတယ်။ ခုလည်း ကြားရဲ့ ပဋိစ္စသမုပ္ပါဒ် စခါနီးရုံရှိသေး။ စရုံ လေးရှိသေး မဟုတ်မတရားတွေကြားပေါ့၊ သင်တန်းသူ သင်တန်းသားတွေက သံဃာတော်တွေ မကြည်ညိုဘူးတဲ့၊ မလေးစားချင်ဘူးတဲ့၊ သဒ္ဓါတရား မရှိဘူးတဲ့။ ကြားတာ ကြားတာနော် (မှန်ပါတယ် ဆရာ)၊ ဒါနပယ်သယောင်ယောင်, သီလပယ်သယောင်ယောင် မဟုတ်မတရားတွေ ပြောတာတဲ့။ ဒါပေမယ့် သံဃာတော်တွေက ဝတ်နိဗဒ္ဓကို တို့သင်တန်းသူ သင်တန်းသားတွေ အများကြီး တာဝန် ယူထားကြပါနော် (မှန်ပါတယ်ဆရာ)၊ တာဝန်ယူထားကြပါတယ်လို့ မလစ်ဟင်းပါဘူး။ ရှေ့က ထက်ပိုပြီးတော့ ကြိုးစားတယ်ဆိုတာလည်း မှတ်ထားကြပါ။ ဘာပြုလို့ အသိဉာဏ် အမှန်လေးတွေ ရလေ ကုသိုလ်ကောင်းမှုက ပြုလို့ကောင်းလေကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အရင် တုန်းကတော့ အတုအယောင် သဒ္ဓါတရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခုတော့ သဒ္ဓါစစ် သဒ္ဓါမှန်တွေနဲ့ ကြိုးစားနေတာ အရင်ထက်ပို ကြိုးစားတယ်ဆိုတာ သင်တန်းသားတိုင်း သက်သေခံ ထင်ရှားပါတယ်လို့ ၊တစ်ယောက်ချင်း စစ်မေးကြည့်မသွားလား မေးကြည့်အရင်တုန်းကတော့ မလုပ်တတ်တဲ့ အလုပ်မျိုးနဲ့ လုပ်နေတာ။ ခုတော့ လုပ်တတ်တဲ့ အလုပ်မျိုးနဲ့ လုပ်နေတာ။ စင်ကြယ်သန့်ရှင်းသော သဒ္ဓါတရားတွေနဲ့ လုပ်နေတာပါလို့။

http://www.dhammadownload.com

ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ်ဒွေးကြောင်း

ဒါကြောင့် ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ်ဆိုတဲ့ နှစ်မျိုးလည်းပဲ တို့သင်တန်းသူ သင်တန်းသား ပြတ်ပြတ်သားသားကြီး နားလည်ထား။ မလုပ်ဘူးလို့မှ မဆိုဘဲ လုပ်တယ် အရင်ထက် ပိုလုပ်တယ်၊ အရင်တုန်းက အမှားမှား အရမ်းရမ်းလုပ်နေတယ်။ နည်းအမှားတွေနဲ့ လုပ်နေတယ်။ ဘာပြုလို့တုံး လုပ်ထဲက ဝဋ္ဋကုသိုလ်ဆိုတာမျိုးလို ဝဋ်သုံးပါး တမ်းတပြီးလုပ်နေ။ ချမ်းသာအောင်ဟဲ့ နောင်ဘဝကျတော့ ဂုဏ်ရှိအောင်ဟဲ့၊ ကျက်သရေရှိအောင်ဟဲ့၊ အဆင်းလှအောင်ဟဲ့၊ အသံကောင်းအောင်ဟဲ့၊ ရုပ်ချောအောင်ဟဲ့၊ ဥစ္စာပါအောင်ဟဲ့၊ လူ့ဘဝရောက်အောင်ဟဲ့၊ နတ်ဘဝရောက်အောင်၊ ဗြဟ္မာဘဝရအောင် ဘုံသုံးပါး တမ်းတ၊ ဝဋ်သုံးပါး တမ်းတလုပ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဝဋ္ဋကုသိုလ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခု ဒီအလုပ်မျိုးတွေ မလုပ်တော့ဘူးတဲ့။

ဒါသံသရာချဲ့ထွင်တာ၊ သံသရာရှည်နေတာ၊ သံသရာဝဋ်တွင်းဆင်းနေတာပဲတဲ့။ ဒီကုသိုလ်မျိုးက အခုတော့ ဝိဝဋ္ဋကုသိုလ် - ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရရာ ရကြောင်းဆိုတဲ့ အနေအားဖြင့် အခုမှပိုလုပ်။ ဘာကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန် ဆုံးရချင်တယ်ဆိုတဲ့ ဆန္ဒက ပြင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် ဝဋ်ကိုလည်စေတတ်သော ကုသိုလ်နဲ့ ဝဋ်မှ ထွက်မြောက်တတ်သော ကုသိုလ်နှစ်မျိုး နှစ်စား ရှိတယ်လို့။ ဒီနှစ်မျိုးနှစ်စား ရှိမှန်းမှ ခွဲခြား၍ မသိတဲ့လူ အန္ဓလူ့ဗာလ တိရစ္ဆာန်သာသာရှိတဲ့ လူစားများက မဟုတ်တရား စွပ်စွဲတာလို့နော် (မှန်ပါတယ်ဆရာ)၊ သေချာကွဲပြားလည်း မှတ်ထားပါ။

ဒါကြောင့် အခုတော့ တို့က တယ်ငုံ့မခံဘူး။ ဘာပြုလို့ သက်သေခံတင်ပြနိုင်တယ်၊ ဘယ်ညက ဘာပြောသွားတယ်ဆိုတဲ့ စွပ်စွဲမှုရှိရင် လာခဲ့။ ရက်စွဲနဲ့ပြော ဟောဒီမှာ အသံဖမ်းထားတာရှိတယ်၊ ဖွင့်ကြည့် မယုံရင်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒါနခန်း သီလခန်းဆိုတဲ့ အလုပ်တွေနဲ့ ပတ်သက်ပြီးတော့ သင်တန်းသမုတ်ခံရတာ တော်တော်လေးများ။ ဒါပေမယ့် နောက်တော့လည်း ရှင်းရှင်းသွားတာပါပဲ။ ကဲ-ဒီထိအောင် ခုအချိန်ကြအောင်ပဲ ဒီလိုသမုတ် လေလွင့်အားဖြင့် မသိဝိုးဝါးနဲ့ စွပ်စွဲကဲ့ရဲ့နေတဲ့ လူစား တွေ ရှိတယ်။ အဲဒီ လူစား ဘယ်လူစားလဲဆိုတာ တွက်ကြည့်။ ဒါကြောင့် မိမိရလာတဲ့ လူ့ဘဝမှာ ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် နှစ်မျိုး ဘုရားကိုယ်တော်မြတ် ဟောထားတယ်ဆိုတဲ့ အသိဉာဏ်လေးမှ မပေါ်တဲ့လူစား တိရစ္ဆာန်သာသာရှိတယ်ဆိုတာ မှတ်ထားပါလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခုဘာပြောနေတုံး၊ ဝဋ္ဋကုသိုလ် ဝဋ်သုံးပါးတမ်းတတဲ့ အနေအားဖြင့် မလုပ်ကြနဲ့။ သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်တတ်တယ်။ ဝိဝဋ္ဋကုသိုလ် ဝဋ်သုံးပါးမှ ထွက်မြောက်ရာ

http://www.dhammadownload.com

ထွက်မြောက်ကြောင်းဆိုဟဲ့ ဝိဝဋ္ဋကုသိုလ်မျိုး ကြိုးစားဖို့ဆိုတဲ့ အနေအားဖြင့် အသိဉာဏ်လေးတွေ ပြောင်းကြဖို့ ရည်ရွယ်ချက်ကလေးတွေ ပြောင်းကြဖို့ဆိုတဲ့ အနေအားဖြင့် ပြသခြင်းဖြစ်ပါတယ်လို့။ မိစ္ဆာဒိဋ္ဌိ မှားသောအယူ မှားသောအယူဆိုတာ ဘာခေါ်တုန်း ပုဂ္ဂလသတ္တ အတ္တဇီဝ၊ ငါသူ တစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နတ် လူ ဗြဟ္မာ အသက်လိပ်ပြာ အကောင်အထည် အထည်ဒြပ် သဏ္ဌာန် တကယ်ရှိတယ်၊ အဟုတ်ရှိတယ်၊ အမှန်ရှိတယ်၊ ဧကန်ရှိတယ်။ ဒီလို စွဲမြဲယုံကြည်နေတဲ့ အယူဝါဒမိစ္ဆာအယူခေါ်၏။ ကိလေသာအားဖြင့် လည်းကောင်းကိုပင်လျှင် ဒိဋ္ဌိကိလေသာ ခေါ်၏။ ၎င်းဒိဋ္ဌိကိလေသာပင်လျှင် မဂ်ကို တားဆီး၍ ထား၏။ မဂ္ဂန္တရာယ် မဂ္ဂန္တရာယ်၊ မဂ်ကိုယ်မရအောင် တားဆီးတဲ့ အန္တရာယ်ငါးမျိုးငါးစား ကျန်တဲ့အန္တရာယ်များကတော့ ဖြစ်နိုင်ဖို့ အလွန်မှ ခဲယဉ်း၏။ တွေ့ကြုံနိုင်ဖို့ အလွန်မှခဲယဉ်း၏။ လူတစ်ရာရှာလို့ တစ်ယောက်တွေ့ဖို့ ခဲရင်း၏။

ဒါပေမယ့် မိစ္ဆာအယူလို့ ၎င်းဒိဋ္ဌိကိလေသာဆိုတဲ့ အန္တရာယ်ကတော့ မွေးကတည်းက ပါလာတဲ့ အန္တရာယ်ဖြစ်နေ။ အထူးသဖြင့် ထူထောင်အပ်သည်မဟုတ်။ အထူးသဖြင့် ဖန်တီးရသည် မဟုတ်။ အထူးသဖြင့် ကြံစည်အားထုတ်ပြုလုပ်အပ်သည် မဟုတ်။ နဂိုပါခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မွေးလာကတည်းက အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာတယ်၊ အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာဆိုကတည်းက ဘာပြုလို့ သူ့အန္ဓပုထုဇဉ်ခေါ်လဲဆိုတော့ ဒီမိစ္ဆာအယူကြီး ပါလာလို့ မပါဘူးလား (ပါပါတယ်ဆရာ)၊ အဲဒီ မိစ္ဆာအယူကြီးက မဂ်ကို မရအောင် တားဆီးတဲ့အန္တရာယ်ကြီးပဲလို့။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်များ အမှန်လိုချင်ရင်၊ တကယ်လိုချင်ရင် ဒီမဂ်မရအောင် တားဆီးထားသော မိစ္ဆာဒိဋ္ဌိ ခေါ်ထားတဲ့ အယူကြီးကို ဖြူစင်အောင် သန့်ရှင်းအောင် လုပ်ပါဒုံး။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ မိစ္ဆာအယူကြီးကလည်း ဘယ်သူကြောင့် ဖြစ်နေလည်းလို့ဆို အဝိဇ္ဇာကြောင့် ဖြစ်နေတာ။ အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်များ ဖြစ်နေတဲ့ သဘောတရားခေါ်တယ်။ အဝိဇ္ဇာက ဖုံးလွှမ်းထားလို့ အဝိဇ္ဇာက ကွယ်ထားလို့။

ဒါကြောင့် ၎င်းမိစ္ဆာအယူကို ကြည်ကြည်ဖြူဖြူ နှစ်နှစ်သက်သက် ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုး အားဖြင့် တကယ်ယူဆ၏၊ တကယ်စွဲလမ်း၏။ ဒါမိစ္ဆာဒိဋ္ဌိ ဒါဘယ်သူ့သတ္တိ အဝိဇ္ဇာရဲ့ သတ္တိခေါ်တယ်။ ဒါကြောင့် ၎င်းမိစ္ဆာအယူကြီး ဖြူစင်အောင် ရှေ့ဦးမဆွ ပထမကြိုးစားရ၏။ ဒါ ကြိုးစားအားထုတ် မပြုတ်ပြုတ်အောင် ဖြုတ်ပြီးမှ၊ ဒါမှ မဂ်တံခါး ဖိုလ်တံခါး ပွင့်တယ် ခေါ်တယ်။ မဂ်လမ်း ဖိုလ်လမ်း ပွင့်တယ်တဲ့။ ဒါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့ ဒီလို ဆိုထား။ ဒီလိုဆိုထားတော့ အခု မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အလွန့်အလွန်ပဲ အားကြိုးမာန်တက်နဲ့ ဆောင်ရွက်ကြတယ်၊ အားထုတ်ကြတယ်၊ ပြုလုပ်ကြတယ်၊ မှန်ပါ၏ သဒ္ဓါတရားက။

http://www.dhammadownload.com

ဒါပေမယ့် မိမိမှာ မင်္ဂမရအောင် တားဆီးထားတဲ့ အန္တရာယ်ဘာလဲဆိုတာ မသိကြဘူး။ မသိတော့ အင်တိုက်အားတိုက် ကြိုးစားပန်းစားတော့ လုပ်ပါ၏။ လုပ်တိုင်း ဟုတ်ပါ့မလားဆို မဟုတ်နိုင်၊ လုပ်တိုင်း မင်္ဂဉာဏ်ဖိုလ်ဉာဏ်ရလားဆို မရနိုင်။ ဘာပြုလို့ မင်္ဂတားဆီးထားတဲ့ ဒိဋ္ဌိကိလေသာဆိုတဲ့ အန္တရာယ်ကြီး မဖယ်မရှားလို့တဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်း။ ဒါကြောင့် အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောကျ်ားနတ်ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို တရားအမြိုက် တိုက်ကျွေးဆုံးမ ဩဝါဒပေးတော်မူခြင်းတည်းဟူသော ဂုဏ်ကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။ ဂုဏ်တော်ဖွင့်ထားတာ အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်မိုက် အမိုက်မိုက်ကုန်သော ဒီအယူ မဖြူစင်ရင်ဖြင့် လူပဲ ဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ်၊ လူလိမ္မာမခေါ်ဘူး၊ ပညာရှိ မခေါ်ဘူး၊ လူမိုက်ချည်းပဲ မိုက်တယ်ဆိုတာ မောဟဖုံးလွှမ်းလို့နော် (မှန်ပါတယ်ဆရာ)၊ မိုက်တယ်ဆိုတာ အရုပ်ထဲသုံး ရင်တော့ တော်တော်ရင့်သီးတဲ့ စကားခေါ်တယ်။

မင်းတယ်မိုက်ပါ့၊ မင်းလူမိုက် မင်းမိုက်မဲတွေဝေတယ်ဆိုရင် တယ်နာတာနော် (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ဒီအယူ မဖြူစင်တဲ့ လူမှန်သမျှ လူမိုက်ချည်း မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာမှနာစရာမရှိဘူး။ အဓိပ္ပါယ် မသိလို့နာနေတာ၊ ဒီအယူကြီး မဖြူစင်သေးရင် လူမိုက်ပဲ။ လူတင်မကဘူး နတ်မဖြူစင်လည်း နတ်မိုက်တဲ့။ ဗြဟ္မာမဖြူစင်လို့ရှိရင်လည်း ဗြဟ္မာမိုက်ပဲလို့၊ ဒါကြောင့် လူ့အန္ဓ နတ်အန္ဓ ဗြဟ္မာအန္ဓ ဘုံသုံးပါးမှာ ပညာမျက်စိလုံးလုံးမရှိကြတဲ့ အန္ဓပုထုဇဉ်တွေ အကုန်လုံး အမိုက်။ ဒါကြောင့် အယူသော့သွမ်းကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်ဖွင့်ထားတာ။ အနုတ္တရော ပုရိသဒမ္မသာရထိ - ဖွင့်ထားတာ အင်မတန်မှလည်း မှတ်ဖွယ်ကောင်း၊ စာကတော့ ကျဉ်းကျဉ်းကလေး အဓိပ္ပါယ်ကတော့ အင်မတန်တာသွားတယ်။ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော နာစရာလည်း အင်မတန်ကောင်း။ ဘာပြုလို့ စလာကတည်းက အယူသော့သွမ်းကြမ်းတမ်းလှစွာ၊ အယူသော့သွမ်း ကြမ်းတမ်းလှစွာ ဆိုတော့ အယူကိုက သော့သွမ်းဟော့ရမ်းတဲ့ အယူဝါဒ ဒါထက် ကြမ်းတာမရှိ။

အင်မတန်ကြောက်စရာ ကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မနေ့ညက တို့မျှားပြသွားတဲ့ ဥပမာလိုပဲ၊ အဓိပ္ပါယ်လိုပဲ၊ ဖြူက ငနီစားနဲ့ ခုတ်သတ်လိုက်တယ်။ လှံနဲ့ ထိုးသတ်လိုက်တယ် ရက်ရက်စက်စက် သတ်လိုက်တယ်ဆိုရင် ကဲ့ရဲ့ရှုတ်ချလို့ မပြီးနိုင်လောက်အောင် အင်မတန် ကြမ်းတမ်းတဲ့ ကာယကံမှုကြီး ပြုရက်လေစွ။ အလွန့်အလွန် မိုက်မဲလေစွ ဒီလိုထင်တယ်။ ဒါပေမယ့် အဲဒါကို ကြမ်းတမ်းလို့ မခေါ်ဘူးတဲ့ ဘာပြုလို့ သူတစ်ပါး အသက်သတ်ပေမဲ့ မင်္ဂမတားပါဘူး။ ဟုတ်ရဲ့လား

http://www.dhammadownload.com

(ဟုတ်ပါတယ်ဆရာ)၊ သူတစ်ပါး အသက်သတ်လို့ မင်္ဂမတားပါဘူးဆို အယူတစ်မျိုးဖြစ်ပြီးတော့ သူများအသက်တွေချည်း သတ်မနေကြနဲ့အုံး။ အဓိပ္ပါယ် အဓိပ္ပါယ်၊ သူတစ်ပါးအသက် ရက်ရက် စက်စက်သတ်ခြင်းကြောင့် ဒီကံကြီးပြုနေတဲ့ ပုဂ္ဂိုလ်က မင်္ဂမတားသေးပါဘူး။ ဒီကံဟာ မကြမ်း သေးပါဘူး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဒင်းက ကြမ်းတုန်း (ဒိဋ္ဌိကိလေသာ အယူရှိတဲ့ လူက ကြမ်းတမ်းပါတယ်ဆရာ)၊ ကျယ်ကျယ်လေး ဟောပါ (ပုဂ္ဂလသတ္တ အတ္တဇီဝရှိတဲ့ လူကကြမ်း တမ်းပါတယ်ဆရာ)၊ အေး-အဲဒီလို မှတ်ရမှာနော်၊ ဒါထက် ကျယ်ကျယ်လေး လုပ်စမ်းပါအုံး၊ အကျယ် တဝင့်လေးဖွင့်ပြီးတော့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မိစ္ဆာအယူရှိတဲ့လူမှ ဒီအယူကမှ ကြမ်းတမ်း တာကြောက်စရာကောင်းတယ်လို့။ ဒီလိုဆိုတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် အယူ သော့သွမ်းကြမ်းတမ်းလှစွာ ရှက်စရာလည်းကောင်းရဲ့ မသိလို့ မသိလို့။ ဒါကြောင့် သတ်တယ်၊ ခိုးတယ်၊ လုတယ်၊ တိုက်တယ်၊ ရိုက်တယ်၊ လုပ်ချင်တာလုပ် ကဲ့ရဲ့လို့ မဆုံးနိုင်ဘူး။ သိပ်ရက်စက်တာပဲ။ သိပ်ကြမ်းတမ်းတာပဲ့ သိပ်မိုက်တာပဲ၊ လောကအနေအားဖြင့် ကဲ့ရဲ့ကြ။ ဒါတွေ ရှက်စရာ မဟုတ်လှ သေးဘူးတဲ့။ မကြမ်းတမ်းသေးဘူးတဲ့။ ဘာပြုလို့ ကံငါးပါးလွန်ကျူးနေတဲ့လူ၊ ပါဏာတိပါတ သူ့ အသက်ရက်ရက်စက်စက်သတ် မင်္ဂမတားသေးပါဘူးတဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဒိန္န သူ့ဥစ္စာခိုးပြီး အသက်မွေးနေတယ်။ ခိုးချင်တိုင်း ခိုးပါတဲ့။ မင်္ဂမတားသေးပါဘူးတဲ့။ တားရဲ့လား (မတားပါဘူးဆရာ)၊ မတားသေးပါဘူး။ ကာမေသု သူများအိမ်ရာပြစ်မှားလို့ မင်္ဂမတားပါဘူးတဲ့။ ဒါ ဂရုကံ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

မုသာဝါဒါ သူတစ်ပါးလိမ်ချင်တိုင်းလိမ်တဲ့ မင်္ဂမတားသေးပါဘူး။ တားရဲ့လား (မတားပါဘူး ဆရာ)၊ သုရာမေရယ သောက်ချင်တိုင်းသောက် မူးချင်တိုင်းမူး ရူးချင်တိုင်းရူးတဲ့ မင်္ဂမတားသေးပါဘူး။ တားရဲ့ လား (မတားပါဘူးဆရာ)၊ ဒါပေမယ့် ရက်ရက်စက်စက် ဒီကံငါးပါးလွန်ကျူးနေတာ အမြင်ပဲ။ တစ်ပါး ပါး လွန်ကျူးနေတာမြင်လည်း ကဲ့ရဲ့လို့ မပြီးနိုင်ဘူးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ သိပ်ကြမ်း တာပဲ၊ သိပ်ဆိုးတာပဲ၊ သိပ်မိုက်တာပဲ နှိုင်းစာကြည့် နှိုင်းစာကြည့်။ အဲဒါတွေနဲ့ မနှိုင်းစာသာအောင် ပိုပြီးတော့ ကြမ်းတဲ့သဘောတရား ဘာလဲဆိုတော့ မိစ္ဆာအယူတဲ့နော် (မှန်ပါတယ်ဆရာ)၊ အယူ သော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျား တွက်ကြည့် တွက်ကြည့်။ မိစ္ဆာမှောင်ကြီး ဖိဆီးနေရင် ဘယ်တော့မှ မင်္ဂဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး။ ဒါကြောင့် ဒိဋ္ဌိကိလေသာကြီးက တားထားပေါ့။

ဒါကြောင့် ဒိဋ္ဌိကိလေသာ အရေးကြီးဆုံးသော အနေအားဖြင့် မင်္ဂဉာဏ် ဖိုလ်ဉာဏ် လိုချင်တဲ့ ပုဂ္ဂိုလ်များအဖို့ ဆိုလို့ရှိရင် ရှေးဦးမဆွ ခွာပစ်ရမယ်လို့ ဒိဋ္ဌိကိလေသာစင်သွားအောင်နော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)၊ တစ်ချို့တော့ ဘယ်နဲ့ဖြစ်နေလဲဆိုတော့၊ သို့ကလောက်တောင် မဂ်တားဆီးထားတဲ့ အင်မတန် ကြောက်ဖွယ်ကောင်းသော မဂ္ဂအန္တရာယ် ခေါ်ထားတဲ့ ရန်သူတည်းဟူသော ဒိဋ္ဌိကြီးကိုတော့ ခွာဖို့ ချွတ်ဖို့ ရှင်းဖို့ လင်းဖို့ စိတ်မကူးဘူး။ ဘာတွေလုပ်နေ တဏှာကုန်ခမ်းရင် ရဟန္တာဖြစ်တယ်ဆိုတဲ့ စကားကြားတော့ တဏှာတွေချည်းသတ်နေ။ သတ်ဘူးလား (သတ်ပါတယ်ဆရာ)၊ မကြည့်ချင်နဲ့ဟဲ့ နားမထောင် ချင်နဲ့ဟဲ့၊ မနမ်းချင်နဲ့ဟဲ့၊ မစားချင်နဲ့ဟဲ့၊ မဝတ်ချင်နဲ့ဟဲ့၊ အပျော်အပါး မလိုက်နဲ့ဟဲ့၊ ပွဲလမ်းသဘင် ပျော်ရွှင်မှုတွေ မကြည့်ချင်နဲ့ဟဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ တဏှာတွေသတ်နေ ချုပ်တည်း သည်းခံပြီးတော့ သတ်နေတဲ့ တဏှာတွေ။ ဒီတဏှာတွေက အမှန်က မဂ်တားတဲ့ တဏှာမဟုတ် ပါဘူးတဲ့။ ဒီတဏှာတွေသာ သတ်နေလို့ရှိရင် ဝတ်ရုံတင်ပိုမရှိပါဘူးနော် (မှန်ပါတယ် ဆရာ)၊ ဘာပြုလို့ မဂ္ဂန္တရာယ်ထဲ တဏှာမပါပါဘူး။ ပါရဲ့လား (မပါပါဘူးဆရာ)၊ မဂ်တားဆီးတဲ့ အန္တရာယ်ထဲ တဏှာမပါလို့၊ ဒိဋ္ဌိသာ ပါ၏။ မိစ္ဆာဒိဋ္ဌိကိလေသာ သူကပါ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ တစ်ယောက်နဲ့ တစ်ယောက်သတ်ဖြတ်နေတဲ့ သတ်မှု ဖြတ်မှုတည်း ဟူသော ကံသည် တကယ်ကြမ်းရိုးမှန်ရင် မဂ်တားမှာပေါ့။ တကယ်မကြမ်းလို့ မဂ်မတားတာပေါ့လို့ မနေ့ညကပြတဲ့ အင်္ဂုလိမာလ နော် (မှန်ပါတယ်ဆရာ)၊ ဂန္ဓဘေဒကသူခိုးတို့ သေချာကြည့် ခုဇ္ဇုတ္တရာလို့ အသွားတုန်းက သူခိုးမဟုတ်လား (မှန်ပါတယ်ဆရာ)။ အပြန်တော့ ဘာတုန်း (ရဟန္တာပါဆရာ)၊ ဟောဗျာ-ဒုက္ခပဲ အောင်မလေးဟဲ့ တန်တော့ တန်တော့ မင်းအကြောင်း တော့ ငါသိပြီ ငါသိပြီ။ မင်းအကြောင်းတော့ အလစ်လစ် အိမ်ပြန်သွားတယ် ထင်တယ်။ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ခုဇ္ဇုတ္တရာတို့ (သောတာပန်ပါဆရာ) အောင်မလေးဟဲ့ ဒုက္ခမှ အကြီးစား တစ်ခါတစ်ခါတော့ တွေဝေသွားတယ်ထင်တယ်။ မေ့မေ့သွားတယ် ထင်တယ်။ အိမ်များပြန်ပြန်သွား သလားဟ။

ရှေးက မကြားဘူးလား ရဟန္တာကြီးတစ်ပါး၊ တူတော် ကိုရင်ကြီးတစ်ပါး၊ ကိုရင်ကြီး ငါ့နှိပ်စမ်းဟယ် ညောင်းလို့။ ရဟန္တာကြီးကတော့ အနှိပ်ခံလို့ ကိုရင်ကြီးက နှိပ်။ ကိုရင်ကြီးက ပျင်းရှာတယ်။ နှိပ်ရင်း မတ်တပ်ပျင်း၊ ရဟန္တာဆိုတာ ဟိုဟိုဒီဒီ အလီလီသော စကားတွေ ပြောဆိုတာကလည်း မဟုတ်။ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တရားကို နှလုံးသွင်း၊ နှိပ်ရတဲ့ ကိုရင်ကြီးက ပျင်းတယ်။ တူတော်မောင်က ပျင်းရင်းလျှောက်စဉ်းစား ဘာတွေ သူက စဉ်းစားလဲဆိုတော့ ကာမဝိတက်ပေါ့။ အခုနေ ငါဒီ ဦးရီး တော်နဲ့ နေရခြင်းဟာ အင်မတန်မှ ငြီးငွေ့ ပျင်းစရာလည်း သိပ်ကောင်း သာသနာ့ဘောင် မပျော်မွေ့ ခုနေ လူထွက်လိုက်ရ သိပ်ကောင်းမှာပဲ။ ထွက်တယ်၊ ထားပါတော့ လူထွက်တော့ အသင့်အတင့် ငါ လိုချင်တဲ့ ဒကာမနဲ့ အိမ်ထောင်ကျ။ ငါကြိုက်တဲ့ ဒကာမနဲ့ အိမ်ထောင်ကျ။ အဲ အိမ်ထောင်ကျတော့

http://www.dhammadownload.com

တယ်မကြာဘူး သားလေးတစ်ယောက် ပေါ်ပေါက်၊ စိတ်ကူး စိတ်ကူး၊ သားလေးတစ်ယောက် ပေါ်ပေါက်လာတော့ တစ်နေ့သောအခါကျ ဒီလိုပဲ ဘုရားပွဲလမ်းသဘင်တစ်ခု သူသူငါငါ သွားကြ လာကြတော့ တို့ လင်မယား သားအမိလည်း သွားအုံးမှပဲလို့ ဝတ်ကောင်းစားလှဝတ် ဆင်ပြင်ပြီးတော့ လှည်းယာဉ်လေးနဲ့ နွားလေးတွေ ကျော့နေအောင် တပ်ပြီးတော့ ကိုင်း-ရှင်မရေ တို့ပွဲတော့ သွားကြရအောင် တက်ကြ လှည်းနဲ့ ထွက်သွားလိုက်တာ လမ်းခုလတ်ရောက်တော့၊ မိန်းမက ကောင်းကောင်းမွန်မွန် ကလေး ယုယုယယနဲ့ ပိုက်ပိုက်ထွေးထွေးလိုက်တာ မဟုတ်ဘူး။ လက်ထဲက ကလေးက လွတ်ကြ။ လှည်းပေါ်ကနေ လက်ထဲက ကလေးဖြုတ်ဆိုလွတ်ကြတော့ ဒေါသက မချုပ်တည်းနိုင်ဘူး။ ဒါလောက်တောင် မိုက်တဲ့ မိန်းမပဲဆို၊ မိန်းမကို ဒေါသနဲ့ထုလိုက်တယ်။ အောက်က အနှိပ်ခံနေတဲ့ ကိုယ်တော်ကြီး ထုလိုက်တာ၊ အုံးအုံးနဲ့ မှတ်ဟ မှတ်ဟ။ ဒီတော့ ကိုယ်တော်မြတ်က ဟဲ့ဟဲ့နဲ့ ဟဲ့ကိုရင် ဘယ်နဲ့တုံး ဘာဖြစ်တာတုံး ဘာဖြစ်တာတုံး။ ဒါပေမယ့် ရဟန္တာပေမဲ့ ဆင်ခြင်မှ သိတယ်တဲ့။ ဧကန်ဒိဋ္ဌ ဒီကိုရင်ဟာ တစ်ခုခု ဖြစ်တာပါပဲ ငါဆင်ခြင်ကြည့်လိုက်မယ်ဆို ဆင်ခြင်ကြည့်လိုက်တော့ သူ့ဇာတိတွေ ပေါ်လာ။ လက်စသတ်တော့ စိတ်ကူးနဲ့ရူးတဲ့ ကိုရင်ပဲ။ အခုလည်း ငါ့လည်း ထထုမနေပါနဲ့ကွာနော်။ စိတ်ဆိုတာ အင်မတန် မြန်တယ်ဟ။ စကားတစ်လုံး နှစ်လုံးအတွင်းပေမဲ့ အိမ်နှစ်ခေါက် သုံးခေါက်ရောက်ချင် ရောက်သွားတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မြန်ဘူးလား (မြန်ပါတယ်ဆရာ)၊ အေး-မြန်တယ်။ တစ်ထိုင်တည်း တစ်ထတည်းနဲ့ တခဏတည်းနဲ့ ဟိုမြို့ရောက် ဒီမြို့ရောက် ပေါက်ကရလေးဆယ်၊ ရောက်ချင်ရာရောက် စိတ်ဆိုတာ အင်မတန် လျင်မြန်တတ်တဲ့ သတ္တိရှိတယ်တဲ့၊ စိတ်သဘောလေးက အေး- ဒါကြောင့် ခုဇ္ဈတ္တရာတို့ အသွားတုန်းက သူခိုးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အပြန်ကျ သောတာပန် အင်မတန် ဆိုးတဲ့ ကံတွေပေါ့လို့၊ လောကမျက်မြင်အားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် ကုက္ကုတမုဆိုးတို့ အသွားတုန်းက မုဆိုးမဟုတ်လား (မှန်ပါတယ်ဆရာ)၊ လေးနဲ့မြှားနဲ့ ဘုရားတောင် ရန်သူထင်လို့ ပစ်မယ်ကြံသေး။ အပြန်ကျ ဘာတုံး (သောတာပန်ပါဆရာ)၊ ကျယ်ကျယ်လေးများ ပြောစမ်းပါ။ (သောတာပန်ပါဆရာ)။

ဒီတစ်ခါ သူရဲရဲ မပြောဘူး မှားမှာကြောက်လို့ သောတာပန်လား (မှန်ပါတယ်ဆရာ)၊ အေး- အဲဒါကြည့် အဲဒါကြည့်နော်။ ဒါကြောင့် ဒီကာယကံမှု ဝစီကံမှုနဲ့ ဝိတိက္ကမ လွန်ကျူးနေတဲ့ အမှုအမှုအရာတွေကတော့ သူသူငါငါ မြင်တိုင်းမြင်တိုင်း အင်မတန် စက်ဆုပ်ရွံမုန်း နှလုံးနာကြ။ အင်မတန် ဆိုးသွမ်းယုတ်မာတဲ့ ကိစ္စပဲလို့ ဒီလို ထင်တယ်။ အင်မတန် ကြမ်းတမ်းတယ်ထင်တယ်။ ဒါပေမယ့် ဒီလောက် မကြမ်းပါဘူးတဲ့။ အခု မိစ္ဆာအယူဆိုတဲ့ အယူဝါဒနဲ့ နေတာကမှ ပိုကြမ်းတမ်း ပါတယ်။ ဘယ်ထိအောင်ကြမ်း မဂ်တောင်မရအောင် တားတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်

http://www.dhammadownload.com

အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား နတ်ယောက်ျား တိရစ္ဆာန်ယောက်ျား တို့ကို အဘဘုရားကိုယ်တော်မြတ်က တရားရေအေး အမြိုက်ဆေးတိုက်ကျွေးဆုံးမတော်မူတယ်။

သံသရာဝဋ်အတွင်းက လွတ်ကင်းအောင် လုပ်ပေးတယ်။ မိစ္ဆာမှောင်တိုက်ကြီးက ကွင်းလုံးကျွတ်လွတ်သွားအောင် တရားပြတော်မူတယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထား။ မဂ်တံခါးဖိုလ်တံခါး အရင်ဖွင့်လိုက်တာ မဂ်လမ်း ဖိုလ်လမ်း အရင်ဖွင့်တယ်ခေါ်တယ်။ ဒါမှ မဂ်လမ်း ဖိုလ်လမ်းပွင့်သွားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်၏။ ကြပ်ကြပ်ကြီး သတိထားနော်။ တို့ သင်တန်းက လူလည်းစုံပါတယ်။ ဟိုပါတီကပါလိုက်၊ ဒီပါတီကပါလိုက် ပြောတဲ့သဘောလေးတွေလည်း သေချာမိအောင်လည်း စဉ်းစားကြည့် ဟုတ်လား မဟုတ်လားလို့။ အင်တိုက်အားတိုက်ကြီးပဲ။ မိမိရဲ့ ဝီရိယအားကိုးပြီးတော့ ကြိုးစားရင် ဘုရားတောင်ဖြစ်သေးတာပဲဆိုတဲ့ အနေအားဖြင့် အလုပ်ချည်း ကုန်းလုပ်မနေကြနဲ့အုံး။ လမ်းစဉ်လေးလည်း သေချာထွင်ပြင် ကြည့်ကြအုံး။ အော်-မဂ်လမ်း ဖိုလ်လမ်းဆိုတာ ဒီလိုသွား ရတယ်ကို။ မဂ်စခန်းဖိုလ်စခန်း ဆိုတာ ဒီလို လုပ်ရတယ်ကို။ ဒီလို သွားရမယ်နော် (မှန်ပါတယ်ဆရာ)၊ အချက်မသိရင် အင်မတန်ခက်တဲ့တရား၊ အချက်သိပြန်တော့ လွယ်သင့်သလောက် လွယ်ပါတယ်။ ဘယ်လောက်ခက်လည်းဆို တစ်သံသရာလုံးကခက်။ တစ်ခါမှ ဒီအမြင်မျိုး ဒီအသိမျိုးတွေဘယ်ဘဝကမှ မမြင်ခဲ့ မတွေ့ခဲ့လို့၊ အခုလောက်တောင် သံသရာထဲ ခရီးကြာတာလို့၊ အခုရတဲ့အသိဉာဏ်မျိုးသာ တစ်ခုသော ဘဝရလာမယ်ဆို သံသရာမှာ ဒီလောက် ခရီးမကြာဘူး ကျွတ်တမ်းဝင်ပြီးသား ဖြစ်ကြ။

ဒါကြောင့် မိစ္ဆာအယူဆိုတဲ့ အယူမှားကြီးကို ဖြူစင်အောင် စင်ကြယ်သန့်ရှင်းအောင် အရင်လုပ်၊ လုပ်တော့ ဘာဖြစ်၊ အယူလည်း ဖြူစင်သန့်ရှင်းသွားရော။ မိမိလုပ်သမျှ ကာယကံကုသိုလ်ဝစီကံ ကုသိုလ် မနောကံကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေက ဝဋ်သုံးပါးက ကျွတ်ရာကျွတ်ကြောင်းလွတ်ရာ လွတ်ကြောင်း ကုသိုလ်တွေလည်း ဖြစ်ကရော့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူမဖြူစင်ပဲနဲ့လုပ်နေတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုရင် မနေ့ညက ငါပြောထားတဲ့အတိုင်းဝဋ်သုံးပါးက လည်လို့မဆုံး၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဆိုတဲ့အတိုင်း အဆက်မပြတ်လည်မှာချည်းပဲ။ လည်ပေဘူးလားကွ (လည်ပါတယ်ဆရာ)၊ ဘာပြုလို့ နောက်ကြောင်း ရာဇဝင်ပြန်ပြီးတော့ ဆင်ခြင်ကြည့်ရ။ တို့ဒီ သံသရာစကတည်းက တစ်လုပ်ထဲလုပ်လာတဲ့ ကုသိုလ် တရားတွေဟဲ့။ ဒါနကုသိုလ်မရေမတွက်နိုင်အောင် လုပ်ခဲ့၏။

http://www.dhammadownload.com

ဒါကြောင့်လည်း ဇာတ္တဘဝ နတ်ဘဝ ကြိမ်ဖန်များစွာ ရခဲ့၏။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ လုပ်ပြီးသားတွေ ရူပါဝစရကုသိုလ် ကြိမ်ဖန်များစွာ လုပ်ခဲ့၏။ ဒါကြောင့်လည်း ရူပါဝစရဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံ ဗြဟ္မာဖြစ်ပေါင်းသည် မရေမတွက်နိုင်အောင် ဖြစ်ခဲ့၏။ လုပ်ပြီးသားနော် (မှန်ပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ် ကြိမ်ဖန်များစွာ လုပ်ခဲ့ဘူး၏။ ဒါကြောင့်လည်း အရူပဘုံသို့ ကြိမ်ဖန်များစွာ ရောက်ခဲ့ဘူး၏။ အကုသိုလ် ကြိမ်ဖန်များစွာ လုပ်ခဲ့၏။ လုပ်ခဲ့ခြင်းကြောင့် အပါယ်လေးပါးလည်း လားပေါင်းများခဲ့ပြီ။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ လုပ်ဘူးတဲ့ ကုသိုလ်တွေ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ တစ်မဂ်ဖိုလ်များ ရခဲ့ရဲ့လားဟ (မရပါဘူးဆရာ)၊ သေသေချာချာကြည့်။

ဒါမြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့အတိုင်း အကြောင်းနဲ့ အကျိုးဆက်နေ။ ဒီတော့ ဘယ်နဲ့ဖြစ်လဲဆိုတော့ အဲဒါကို အယူအဆမတတ်တော့ ဘယ်လိုပြောတုန်း။ ဟော ဒါနလုပ်တာတို့ သီလလုပ်တာတို့ သမထလုပ်တာတို့ အပြစ်နဲ့ ဝေဖန်ပြကုန်ပေ့။ မလုပ်စေချင်လို့ ဒီလို မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အပြောခံရပေါင်းလည်း များပြီ။ အဲဒါ နားမလည်ရင် ဒီလိုပဲ ယူမှာပဲ၊ ဒီလိုပဲ ပြောမှာပဲ သေသေချာချာကြည့်။ ကုသိုလ်ဆိုတဲ့ တရားနှစ်ပါးက ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် နှစ်မျိုး ခွဲခြားပြီးတော့ ဘုရားကိုယ်တော်မြတ်ဟောလို့ ဟောဘူးလား (ဟောပါတယ်ဆရာ)၊ ဝဋ္ဋကုသိုလ်ဆိုတာ ဘာခေါ်တုန်း (ဝဋ်ကိုတောင်းတပြီးလှူတာပါဆရာ)၊ အေး-ဟုတ်ပြီ။ ဝဋ်ကိုတောင်းတပြုလုပ်သော ကုသိုလ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဒီကုသိုလ်ကျ ဝဋ်ထဲက ထွက်မလား လွတ်မလား (မထွက်ပါဘူးဆရာ)၊ ဝဋ်ထဲလည်မယ်လား (မှန်ပါတယ်ဆရာ)၊ မှတ်ထား။

ဝိဝဋ္ဋကုသိုလ်ဆိုတာ ဘာခေါ်တုန်း (ဝဋ်အပမှ လုပ်တာပါဆရာ)၊ ဟောဗျာ (ဝဋ်အပြင်ပမှ လုပ်တာပါ) ဒါဖြင့် မင်း ဝဋ်အပြင်ပထွက်လုပ်သလား ဒုက္ခမှ အကြီးပဲဟေ့။ မင်းကိုယ်တိုင် ဝဋ်အပြင်ဘက် ထွက်လုပ်လို့ ဖြစ်ကဲ့လားဟ။ ဘယ်ဝဋ်အပြင်ပ ထွက်လုပ်တုန်း (ဝဋ္ဋကုသိုလ် ပါဆရာ)၊ ဟော-အိုးနင်း ခွက်နင်း၊ နင်းကုန်ပြီ။ ဝိဝဋ္ဋကုသိုလ် (ဝဋ်ကို မတောင့်တဘဲနဲ့ ပြုလုပ်တာပါဆရာ)၊ အေး-ဟုတ်ပြီ ဒါဖြင့် ဝဋ်မတောင်းတတော့ ဘာတောင်းတရမှာတုန်း။ ဟောဗျာ ဒါနဲ့သူ ဆိတ်ခွ တရား ဟောနေပြန်ပေ့ါတဲ့။ ငါနဲ့ သေချင်စောနပေ့ါကွာ။ ဟင်း ဝဋ်ကို မတောင်းတတော့ ဘာတောင့်တရမှာတုန်း။ တောင့်တရမှာ တစ်ခုရှိမှာပေ့ါ။ ဘာတောင်းတရမှာတုန်း (နိဗ္ဗာန်ကို တောင့်တရမှာပါဆရာ) အောင်မလေး ခုမှပေါ်လာ တည့်တည့်ပြောမှ ရိပ်မိနော် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို တောင်းတပြီး လုပ်တဲ့လား (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ကုသိုလ်မျိုးကျတော့ ဘာခေါ်တုန်း (ဝိဝဋ္ဋကုသိုလ်ပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သူကျတော့ ဝဋ်သုံးပါးလည်သလား ထွက်သလား (ထွက်ပါတယ်ဆရာ)၊ အေး-ထွက်တယ်

http://www.dhammadownload.com

မှတ်ထား မှတ်ထား။ ဒါဖြင့်ရင် တို့ စောစောက ပြောထားတဲ့ ဒါနကုသိုလ် သီလကုသိုလ်တွေ လုပ်ပေါင်း များခဲ့ပြီ။ တစ်မဂ် တစ်ဖိုလ်မှလည်းမရ သံသရာကလည်း မကျွတ် ရူပါဝစရကုသိုလ် လုပ်ပေါင်းများခဲ့ ပြီ။ တစ်မဂ် တစ်ဖိုလ်လည်း မရခဲ့။ အရူပါဝစရကုသိုလ်လုပ်ပေါင်းများခဲ့ပြီ။ တစ်မဂ် တစ်ဖိုလ်မှ မရခဲ့။ ဘာပြုလို့ပါလိမ့် ဘယ်ရမတုန်း ဒီစဉ်အခါတုန်းက ဝဋ္ဋသုံးပါးတောင်းတလုပ်နေတာ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဝဋ္ဋကုသိုလ်တွေ မနေဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အေး-အဲဒါ ပြောတာ။ အဘဘုရားကိုယ်တော်မြတ်ကလည်း လားလားမှ မကြိုက်။ ဝဋ္ဋသုံးပါးတောင့်တ တောင်းတပြီးတော့ လုပ်နေတဲ့ ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ ကုသိုလ်မျိုးသာ ကြိုးစားနေမယ်ဆို မြတ်စွာဘုရား ကိုယ်တော်မြတ် မျက်နှာတော် အိုတယ် ညိုတယ် နော် (မှန်ပါတယ်ဆရာ)၊ သတ္တဝါများအပေါ် ဒီထိ အောင်သနားတာ။ ပေါ့ပေါ့ဆဆ မမှတ်နဲ့နော်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံသွားပေမဲ့ ပြန်ပြီးတော့ မျက်နှာတော်လည်း အားနာကြအုံး။ ပေါ့ပေါ့လျော့လျော့ မနေနဲ့ အားနာကြအုံး။ လုပ်ပုံလုပ်နည်းလေးလည်း ပြင်ကြ။ ဒါနသီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ မလုပ်ရဘူးလို့ ဟောမှ မဟောဘဲနဲ့ လိုင်းပြောင်းပေးကြ။ ရည်ရွယ်ချက် ပြောင်းပေးကြ။ ဝဋ္ဋတောင့်တ မလုပ်ကြနဲ့။ ဝဋ္ဋကုသိုလ် ဝဋ္ဋသုံးပါးထွက်မြောက်ရာ ထွက်မြောက်ကြောင်း နိဗ္ဗာန်ချမ်းသာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို ရည်ရွယ်ပြီးတော့ တောင့်တပြီးတော့ လုပ်ကြ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ သင်တန်းတည်စထဲက ဒီလိုပဲ ခွဲခွဲပြောတာ၊ ဒီလိုပဲ ခွဲခွဲပြောတာ။ အဲဒီထဲမှာ တကယ်သင်တန်းကို ယုံယုံကြည်ကြည်နဲ့ နှစ်နှစ် ခြိုက်ခြိုက် ကြည်ကြည်ညိုညို လိုက်တဲ့သူကတော့ သဘောလည်း ရှင်းတယ်၊ သိလည်း သိတယ်။ အဲဒီထဲမှာ အပြစ်ရှာဖို့ လိုက်တဲ့လူများ၊ ဆီလိုအပေါက် ရှာပြီးတော့ လိုက်တဲ့သူများ ပြောပြီမဟုတ် တရုတ်တွေအပြင် ထွက်ပြီးတော့ အမျိုးမျိုး အဖုံဖုံပေါ့။ ဒါန မလုပ်ရပြန်ဘူးတဲ့၊ သီလ မလုပ်ရပြန်ဘူးတဲ့။ ဒီကုသိုလ်တွေ လုပ်လို့ရှိရင် မှားသတဲ့ မိုက်သတဲ့ ပြောကုန်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပြောပေါင်းများပြီ။ အခု ပဋ္ဋိစ္စသမုပ္ပါဒ် စရုံလေးရှိသေး ငါလည်း စကားကြား ဒါဆိုင်လို့ ပြောသွားတာပါ။ ကြားတာကို ဂရုစိုက်လို့လားဆို မဟုတ်ပါဘူး။ အဲဒါ မဟုတ် မတရားအနေအားဖြင့် ပြောတဲ့ သင်တန်း သားက ရဟန်းတော်များ မကြည်ညိုဘူး၊ မလေးစားဘူး၊ မရိုသေဘူး ပြောသွားတယ်တဲ့။ ပြောတယ် အဲဒါ သက်သက်စွပ်စွဲကဲ့ရဲ့၊ ကိုယ်ကိုယ်တိုင်လည်း လာပြီးတော့ တိတိကျကျလည်း နာတာမဟုတ် မှတ်မှတ်သားသားလည်း မရှိ။ ကိုယ်ကိုယ်တိုင်ကလည်း နားမလည်။ ဒါန သီလဆိုတဲ့ အလုပ်တွေ လုပ်တာလည်း မကြိုက်ဘူးလို့ ပြောတယ်။

http://www.dhammadownload.com

ဒါကြောင့် အချိန်မရွေး ဘာတွေဟောတယ်ဆိုတဲ့ဥစ္စာ စစ်ဆေးကြည့်ရှုချင်ရင် ဒီက ကြိုးသွင်းထားတာအရံသင့်၊ အချိန်မရွေး ပြန်ဖွင့်ပြနိုင်တယ်လို့ သက်သေခံ ထင်ရှားပေါ့နော် (မှန်ပါတယ်ဆရာ)၊ ကြည့် သေသေချာချာ ဝဋ်ကိုတောင်းတလုပ်နေတဲ့ ဝဋ်သုံးပါးတောင်းတလုပ်တဲ့ ကုသိုလ်မျိုး ဝဋ်ကို အမြဲမပြတ် လည်စေတတ်၏။ ဝဋ်သုံးပါး မတောင်းတဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို တောင်းတ ပြီးလုပ်တဲ့ ကုသိုလ်မျိုး ဝိဝဋ္ဋကုသိုလ်ခေါ်၏။ ဝဋ်မှ အမြန်ဆုံး ထွက်၏။ ဒီကုသိုလ်နှစ်မျိုး ဟောထား တာလောက်မှ မကြားဘူးတဲ့ လူစားက တိရစ္ဆာန်သာသာ ခေါ်တယ်။ ဘယ်ကုသိုလ်မျိုး မလုပ်နဲ့လို့ ဟောပါလိမ့်။ ဘယ်ကုသိုလ်မျိုးတော့ လုပ်လို့ တိုက်တွန်းပါလိမ့်ဆိုတာ နားမလည်ဘူးနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကိုယ်ထင်ရာ ကိုယ်ပြောတာပဲလို့ ဘယ်လောက် ရှက်စရာကောင်း ဆိုတာ သေချာ ကြည့်။ ဒီတော့ သေချာလည်း မှတ်ထား။ ကျကျနနပေါ့။ ဒီဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋ ကုသိုလ်ဆိုတဲ့ ကုသိုလ်နှစ်မျိုးကို အကြမ်းဖျင်းအားဖြင့် တို့လူစု နားလည်ထားလို့ ဘယဉာဏ် ပြစဉ် အခါတုန်းက တော်တော် ခွဲစိတ်ပြခဲ့ပါပြီ။

ဝဋ္ဋကုသိုလ်ဆိုတာ ဝဋ္ဋဆိုတာ ဘာခေါ်တုံး။ "ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ" (အင်္ဂုတ္တရအဋ္ဌကထာ၊ ပထမအုပ်၊ နှာ၊ ၄၀) ဝဋ္ဋ ဆိုတာ ဘုံသုံးပါးကို ခေါ်တယ်တဲ့ (မှန်ပါတယ်ဆရာ)။

ဝဋ္ဋကုသိုလ်ဆိုတာ ဘာခေါ်တုံး၊ "ဝဋ္ဋပါဒံ နာမ ဝဋ္ဋပဋိလာဘာယ ကမ္မံ" လို့။ ဝဋ္ဋပါဒံ၊ ဝဋ်သုံးပါးကို။ ပဋိလာဘာယ၊ ရခြင်းအကျိုးငှာ။ ကမ္မံ နာမ၊ ပြုလုပ်သော ကုသိုလ်ကံမည်၏။ ဝဋ္ဋကုသိုလ် ဖြစ်မသွားဘူးလား (မှန်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးကို ရအောင်လုပ်တဲ့ ကံဟာ ဝဋ္ဋကုသိုလ်တဲ့ ရှင်းလို့၊ ဒါရအောင်လုပ်။ ဒါရမှပေါ့ ဘယ်ကလာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ သံသရာကကျွတ် ဘယ်တော့မှ မကျွတ်ဘူး။ ဒါဖြင့် ဝဋ္ဋကုသိုလ်။

ဝိဝဋ္ဋကုသိုလ်ဆိုတာ ဘာခေါ်တုံး။ "ဝိဝဋ္ဋံ နာမ နဝ လောကုတ္တရဓမ္မာ"။ ဝိဝဋ္ဋံ နာမ၊ ဝိဝဋ္ဋဟူသည်ကား။ နဝ လောကုတ္တရဓမ္မာ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် လောကုတ္တရာတရား ကိုးပါးတို့ကို ခေါ်၏။ ဟောဒါ ဝိဝဋ္ဋခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝဋ္ဋနဲ့ ဝိဝဋ္ဋ နှစ်လုံးကိုပဲ သေသေချာချာ ကိုယ်ပိုင်ဉာဏ်လေးနဲ့ ဆုံးဖြတ်နိုင်အောင် မှတ်ထား။ ဝဋ္ဋက ဘာခေါ်တယ်။ (ဘုံသုံးပါးကို ခေါ်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါ ဝဋ္ဋကိုပဲ ငါမေးထားတာ ဝဋ္ဋကုသိုလ်လို့ မပါသေးဘူး။ ဝဋ္ဋဆိုတာဘာခေါ်တုန်း (ဘုံသုံးပါးပါဆရာ)၊ အဲဒီဘုံသုံးပါးကို ရအောင် လုပ်တဲ့ ကုသိုလ်ကံကြမှ ဝဋ္ဋကုသိုလ်လို့ ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ရှင်းပြကြစမ်းပါ သေသေချာချာ။ ဒီကိုလာပြီးတော့ မဟုတ်မတရားနဲ့ ပြောတဲ့လူများ သေချာ ရှင်းပြကြ ပြတ်သား နားလည်သွားအောင်။ ဒီကောင်တွေက သံသရာလည်လို့ ဆုံးမယ့်ကောင်တွေ မဟုတ်ဘူး။ သူတို့

http://www.dhammadownload.com

ကိုယ်တိုင် မျက်စိလည်တာကို လည်မှန်းမသိဘူး။ သူတို့ ကိုယ်တိုင် မိုက်တာလည်း မိုက်မှန်း မသိဘူး။ ဘာမှလည်း နားမလည်ရှာဘူး။ တို့ကလည်း ဘုရားမဟုတ်တော့ ဒီလို လူမျိုးတော့ လိုက်မသနား နိုင်တော့ဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိဝဋ္ဋဆိုတာ ဘာခေါ်တုံး၊ (ဝိဝဋ္ဋဆိုတာ နဝ လောကုတ္တရာ ဓမ္မာ) အောင်မလေး ဟုတ်လိုက်တာဟာ။ တော်ပါပဲကွာ ဒီလိုကြတော့ ပါဠိပါဌ် သားတွေနဲ့ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ တော်တယ်နော်။ ဒီတရားထောက် ရီးတီးယားတား မလုပ်နဲ့ အသက်ရှည်ပါစေ ဆုတောင်းကြဟ။ ဝိဝဋ္ဋဆိုတာ "နဝ လောကုတ္တရဓမ္မာ" မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ "နဝ လောကုတ္တရာ ဓမ္မာ" ဆိုတာ တရားကိုယ်လေး ကောက်စမ်းပါ၊ ဘယ်သူ ဘယ်သူကွ (မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပါဆရာ)၊ အောင်မလေး ဟုတ်လိုက်တာဟ သဘော ကျနော် (မှန်ပါတယ်ဆရာ)၊ အေး အေး-ဟုတ်ပြီ။

အဲဒါ ဝိဝဋ္ဋခေါ်တယ်။ ဝိဝဋ္ဋရဲ့ အဓိပ္ပါယ် ဝဋ္ဋရဲ့ အဓိပ္ပါယ် ဒီနှစ်ခုမှတ်ထား၊ ပြီးတော့မှ "ဝိဝဋ္ဋပါဒံ နာမ ဝိဝဋ္ဋပဋိလာဘာယ ကမ္မံ" ။ ဝိဝဋ္ဋပါဒံ နာမ၊ ဝိဝဋ္ဋအကြောင်းတရားဟူသည်။ ဝိဝဋ္ဋပဋိလာဘာယ၊ နဝလောကုတ္တရာဓမ္မကို ရခြင်းအကျိုးငှာ၊ ကမ္မံ၊ ပြုလုပ်သောကုသိုလ်ကံ။ ဒီမှ ဝိဝဋ္ဋကုသိုလ် လာဖြစ်တယ်။ နားလည်လား (မှန်ပါတယ်ဆရာ)၊ ဗမာလို ရှင်းရှင်းပြန်လိုက်တော့ ဝိဝဋ္ဋကုသိုလ်ဆိုတာ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ကို ရအောင်လုပ်တဲ့ ကုသိုလ်တဲ့။ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)၊ အဲဒီ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာ ရအောင် လုပ်လာတဲ့ ကုသိုလ်မျိုးတွေ မဟုတ်လို့ပေါ့ကွ။ တို့ တစ်သံသရာလုံး ဗြဟ္မာဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ လူဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ ကြက်ဖြစ်လိုက်၊ ငှက်ဖြစ်လိုက် အပါယ်လေးပါး လားလိုက် ဒီလိုမနေဘူးလား (ဟုတ်ပါ တယ်ဆရာ)၊ ကုသိုလ်တွေလုပ်ပေါင်းများပေါ့။ အော်-လက်စသက်တော့ တို့လုပ်လာတာ တစ် သံသရာလုံး မှားချင်တိုင်း မှားနေတာပဲ။ မှားဘူးလား (မှားပါတယ်ဆရာ)၊ ဒီလို အမှားအမှန် သိသွား ရင်တော်လာ လူတော်ခေါ်တယ်။ လူ့ပညာရှိ ခေါ်တယ်။ လူလိမ္မာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တို့လုပ်လာတာတွေ မှားပ့ါပဲ ကုသိုလ်လုပ်လာတာ မှား နေတာ ပြောတာ မဟုတ်ဘူး။ လုပ်နည်းမှား တာ ဟောပြောတာ "အထ ပန" ကောက်သွား မှားမှာကိုလဲ စိုးရသေး။ တို့လုပ် လာတာတွေ မှားပ့ါပဲ။

ဒါကြောင့် တို့ သင်္ချာ သင်္ချေ မရေမတွက်နိုင်သော ဘဝပေါင်းများစွာက လုပ်လာတဲ့ ကုသိုလ် တွေဟာ ဘယ်ကုသိုလ်တွေမှ တစ်မဂ် တစ်ဖိုလ်ရခဲ့တယ် မရှိဘူး။ ဖြစ်တော့ဖြစ်ပါရဲ့ ကောင်းကျိုး ချမ်းသာပေး။ ရူပါဝစရကုသိုလ်လုပ်လိုက် ရူပါဝစရဗြဟ္မာပြည်သွားဖြစ်လိုက်၊ အရူပါဝစရကုသိုလ်လုပ် လိုက် အရူပါဝစရဗြဟ္မာပြည်သွားဖြစ်လိုက်၊ ကာမာဝစရကုသိုလ်လုပ်လိုက် နတ်ပြည်သွားဖြစ်လိုက်

http://www.dhammadownload.com

လူ့ပြည်ဖြစ်လိုက် ဖြစ်တော့ဖြစ်သား။ ဒါပေမယ့် တစ်မဂ် တစ်ဖိုလ်မှလည်း မရဘူး။ သံသရာလည်း မကျွတ်ဘူး။ ကနေ့ထိ တစ်ဝဲလည်လည်နေရတယ်။ ဘာပြုလို့တုန်း စောစောက ပြောထားတဲ့ ဝဋ်သုံးပါး တောင်းတပြီးလုပ်လာကြလို့။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ရှင်းရှင်းလေး။ ဒါဖြင့် ဝဋ်သုံးပါးတောင်းတလုပ်ရင် ဒီလိုပဲ လည်နေမှာပေါ့ (ဟုတ်ပါတယ်ဆရာ)၊ ဒီပဋိစ္စသမုပ္ပါဒ်ကြီး ရပ်ပဲ့မလား (မရပ်ပါဘူးဆရာ)။ ဒါဖြင့် မင်းလုပ်ချင်သေးလား သိတဲ့အချိန်ကျတော့ (မလုပ်ချင်ပါဘူး ဆရာ)၊ အော်-ဒီလို ဝဋ်သုံးပါး တောင်းတပြီး မလုပ်ချင်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် မင်း ဘာတောင့်တလုပ် (ဝိဝဋ္ဋကုသိုလ်လုပ်မှာပါဆရာ)၊ အောင်မယ် ဝိဝဋ္ဋကုသိုလ် လုပ်မယ် (ဟုတ်ပါတယ် ဆရာ)၊ မင်း သင်တန်းလိုက်တာ ဘယ်နှစ်နှစ်ရှိ (သုံးနှစ် လေးနှစ်လောက် ရှိပါတယ်ဆရာ)၊ ဘာညာရ (ခြောက်နှစ်လောက်) လျှော့ပြောတယ် လျှော့ပြောတယ်။ သင်တန်းလိုက်တဲ့ အချိန်ထဲက ဝဋ္ဋနဲ့ ဝိဝဋ္ဋကို မင်းကွဲပြားသွားတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ကွဲပြားသွားတဲ့ အချိန်ရဲ့နောက်ပိုင်းမှာ မင်းကုသိုလ်တွေ မလုပ်ခဲ့ဘူးလား (လုပ်ပါတယ်ဆရာ)၊ ငါ့မှန်မှန်ပြောစမ်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာများ ရည်ရွယ်ချက်နဲ့ လုပ်တာများ ဘယ်နှစ်ခါပါတုန်း (လုပ်တိုင်းပါပါတယ်ဆရာ)၊ ဟေး- ဟုတ်ပြီ ဟုတ်ပြီ လိမ်သာလိမ် မင်းလိမ်တာလည်း ငါက မမြင်ရဘဲကို။ သတိရရဲ့လား (ရပါတယ်ဆရာ)၊ ကုသိုလ်ကောင်းမှု ပြုတိုင်း ပြုတိုင်း နည်းများမဆိုပေါ့၊ ဆီမီးပန်းမန် ရေချမ်းကပ်လှူတဲ့ အချိန်တိုင်းပဲ ဒီမဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရပါလို၏။ ဒီလိုလား (ဟုတ်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးတော့ မင်းမတောင့်တဘူးပေါ့ (မတောင်းတပါဘူးဆရာ)၊ သာခုဗျာ သာခု။

ဆောင့်ဆောင့်အောင့်အောင့် နှစ်ခွန်းလောက် ခေါ်လိုက်ရတောင် ငါသိပ်မယုံလှဘူး။ အလုပ် လုပ်တိုင်း လုပ်တိုင်း တို့များလည်း မကြာ မကြာ သတိပေးလာ၊ လိုင်းလေးတွေ ပြောင်းကြ၊ ရည်ရွယ် ချက်ကလေးတွေပြောင်းကြ၊ ဒီအတိုင်း ငုံ့မခံကြနဲ့။ ငုတ်တုတ်ကြီး မနေကြနဲ့နော် (မှန်ပါတယ်ဆရာ)၊ သစ်သီးတစ်လုံး ပန်းတစ်ပွင့်လှူတဲ့ တန်းတဲ့အခါလေး ဖြစ်ပစေ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ဘက်ကို မျက်နှာလှည့်ကြပါလို့ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒီအသိဉာဏ်ရလာတော့ သဒ္ဓါတရားတွေ ရှေ့ကနဲ့ မတူဘူး၊ စင်ကြယ်တဲ့ သဒ္ဓါစစ် သဒ္ဓါမှန်တွေနဲ့ လုပ်နေ။ ထက်ထက် သန်သန်ကြီး စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းကြီး လုပ်နေ။ အဲဒီမှ ဟုတ်တယ်လို့ ခေါ်တယ်။ ဒါမှ ဒီကုသိုလ်က အထောက်အပံ့ပေးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံးရကြ ရောက်ကြမယ်။ ဒါမှ သံသရာဝဋ်က ကျွတ်မယ်။ အခုပြနေတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး အလည်ရပ်သွားမယ်။ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် တမြန်မနေ့က ပြောသွားသေး။ "သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ" ဘယ်လောက် မိုက်လည်းဆိုတာ သေချာကြည့်။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲကြီး၏။ သုခသညာယ၊ သုခဟူသော အမှတ်သညာဖြင့်။ ဂဟေတွာ၊ ယူ၍။ တဿ၊ ထိုသံသရာဝဋ်ဆင်းရဲကြီး၏။ ဟေတုဘူတေ၊ အကြောင်းဖြစ်၍ ဖြစ်သော သံသရာဝဋ်ဆင်းရဲ အကြောင်းဖြစ်၍ ဖြစ်သော။ တိဝိဓေပိ သင်္ခါရေ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးတို့ကို။ အာရဘတိ၊ အားထုတ်၏။ လူမိုက်နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ သံသရာဝဋ်ဆင်းရဲကြီး သုခမှတ်နေတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ လူ့ဘဝ လူဖြစ်ရတာ ကောင်းလိုက်တာ၊ နတ်ဘဝ နတ်ဖြစ်ရရင် ကောင်းမှာပဲ၊ ဗြဟ္မာဖြစ်ရရင် ကောင်းမှာပဲ၊ ဒီစိတ်ကူးပဲ။

ဒါကြောင့် တို့ လူတွေ သေချာကြည့်။ ကုသိုလ်လုပ်တိုင်း လုပ်တိုင်း ဆုတောင်းပတ္ထနာ မူတဲ့အခါ မိမိတို့လုပ်တဲ့ ကုသိုလ်ရဲ့ ရည်ရွယ်ချက်တွေ အများကြီးပေါ်တယ်။ သက်သေခံတွေက သိပ်ထင်ရှား။ ထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အင်မတန်ထင်ရှား တောင်းလိုက်တဲ့ ဆုတွေ စုံလို့။ ဒီဘဝမှာ မပြည့်စုံတာတွေမှန်သမျှ အကုန်ထည့်တောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ မတောင်းဘူးလားဟ၊ (တောင်းပါတယ်ဆရာ)၊ ဒီဘဝရုပ်ကလေးက နည်းနည်းညံ့နေတော့ ဆုတောင်းထဲ ဘယ်နဲ့ထည့် အဆင်းရူပကာလှပလိုပါ၏။ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ လှရပါလို၏။ ဒီဘဝ ဥစ္စာပစ္စည်း ဆင်းရဲလို့ရှိရင် နောင်ဘဝဖြည့်တောင်းတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ လျှုလို့ မကုန်ပေးလို့မခန်း ထည့်လိုက်တာ စုံလို့။ သူဌေးနာမည်လေးများ သူတို့မှ တွက်တတ်တယ်။ ဇောတိက ဇဋိလ ကာကဝဏ္ဏ မေဏ္ဍက အစရှိသော သူဌေးကြီးလေးဦးတို့ကဲ့သို့ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ဆုတောင်းတွေ ထောက်ကြည့်တော့ ဝဋ်ကိုချည်း တောင်းတနေတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ပြီးတော့မှ အဖျားသတ်ကျမှ အသုံးစွန်သော ဘဝ နောင်ကာလ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရပါလို၏ဆိုတော့ ဦးညေယျ ဟောသလိုပဲဟ။ လောကကြီး နိဗ္ဗာန်သွားကုန်လို့ တစ်ယောက်မှ မရှိမှ သူက နောက်ဆုံးက လိုက်ချင်တယ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ဒီအခိပ္ပါယ် ပေါ်မနေဘူးလား။ အဲဒါ လုပ်နေတဲ့ အလုပ်တွေထက် သက်သေခံတွေ ထင်ရှားပုံ။ ဒါကြောင့် ဒီလို ဝဋ်သုံးပါး တောင်းတပြီးလုပ်နေတဲ့ အလုပ်မျိုးကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ် အလိုတော်မကျပေဘူးလို့ ကြပ်ကြပ်လေးစဉ်းစား။ ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်သနားပေါ့။ အဘဘုရားကိုယ်တော်မြတ် မျက်နှာတော်လည်း ပြန်ပြီးတော့ မျှော်လည်းကြည့် မော်လည်းကြည့်။ အင်မတန် အားနာ

http://www.dhammadownload.com

စရာကောင်း၊ ဘာကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ကရုဏာဓာတ်ကြီးက အင်မတန်ကြီးမား တော်မူတယ်။ သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိရဲ့ ရင်ဝယ်သားကဲ့သို့ သနားတော်မူတယ်ဆိုတာ အဲဒါများ တော်ရုံတန်ရုံစကား မမှတ်နဲ့။

ရာဟုလာကဲ့သို့ သနားတော်မူသော ကရုဏာဓာတ် ဆိုတာ နားလည်ရဲ့လား (မှန်ပါတယ် ဆရာ)၊ တကယ်သနားတယ်လား (တကယ်သနားပါတယ် ဆရာ)၊ ကျောသားရင်သား မခြားဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ သနားတယ် သနားတယ်။ အထူးသဖြင့် သနားလို့ပေါ့။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်ပြီးတော့ ဘုရားမဖြစ်၊ ဖြစ်အောင်ကျင့်။ ကျင့်ဘူးလား (ကျင့်ပါတယ် ဆရာ)၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတော့ ဘုရားဖြစ်အောင် ကျင့်တာဟာ ကိုယ်တော် မြတ်ကြီးအတွက်လား သတ္တဝါတွေအတွက်လား (သတ္တဝါတွေအတွက်ပါဆရာ)၊ ကိုယ်တော်မြတ်ကြီးအတွက်ဆို ဟုတ်နိုင် ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ဘာပြုလို့ မဟုတ်၊ ဖြေ ဖြေ ဖြေ သင်တန်း ခြောက်နှစ်ကျော်နေပြီး ဖြေစမ်း၊ (ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော်က ဆုမတောင်းရင်ရသေ့ ဘဝမှာ ရပြီးသား နိဗ္ဗာန်ကို စွန့်လွှတ်ပါတယ်ဆရာ)။ အောင်မယ် ဟုတ်ပေကွနော် (မှန်ပါတယ်ဆရာ)၊ တော်သားပဲ ဒါမှ ဆိတ်ခွက ဓမ္မကထိကကြီးထင်တယ်။ စိတ်ခွတရားပြနေတယ်တဲ့ မဆိုးပါဘူး။ ကိုယ်တော်မြတ်ကြီး အတွက်ဆို မဟုတ်နိုင်ဘူး။ ဘာပြုလို့တုန်း ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော် သုမေဓာရသေ့ဘဝကတည်း က သူနိဗ္ဗာန်ရတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ယူရဲ့လား (မယူပါဘူးဆရာ)၊ အေး-သူ့ အတွက်ဆို ဟိုထဲက ယူတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ မယူရှာဘူးလို့၊ ရက်ရက်စက်စက် စွန့်လွှတ်တော်မူရှာတယ်။ ခုနေ ငါနိဗ္ဗာန်သွားလို့ ဘာကျေးဇူး များမှာတုန်းတဲ့ ကိုယ်တည်းကြံရာ ရောက်မယ်။ ကိုယ်လွတ်ရုံးရာ ရောက်မယ်တဲ့။ ဝဋ်သုံးပါးအတွင်းမှာ မလွတ်မကင်း နစ်မွန်းနေတဲ့ သတ္တဝါတွေ ငါမကယ် ဘယ်သူကယ်ပါ့မတုံး။ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး-ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ် ကရုဏာကျတော့ မဟာသဒ္ဒါတတ်ထားတယ်။ မဟာသဒ္ဒါကြီးခြင်းလည်းဟောတယ်။ မြတ်ခြင်းလည်းဟောတယ်။ များခြင်းလည်းဟောတယ်။ မဟာ ကရုဏာ မဟာကရုဏာဓာတ်လို့နော် (ဟုတ်ပါတယ်ဆရာ)၊ မနှိုင်းစာသာအောင် ကြီးမားသော ကရုဏာ ခေါ်တယ်။ မနှိုင်းစာသာအောင်များသော ကရုဏာခေါ်တယ်။ မနှိုင်းစာသာအောင် မြတ်သော ကရုဏာခေါ်တယ်နော်။ (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် သတ္တဝါတိုင်း အသီးသီး အပေါင်း အားဖြင့်လည်းကောင်း၊ အစိတ်အားဖြင့်လည်းကောင်း သနားတော်မူရှာလွန်းလို့ သုမေဓာရသေ့ ဘဝတုန်းက ရပြီးသား နိဗ္ဗာန်ကြီးရဲရဲဝံ့ဝံ့ စွန့်လွှတ်တော်မူခဲ့တယ်။ မယူဘူးဟဲ့။ ဟုတ်ရဲ့လား (ဟုတ် ပါတယ်ဆရာ)၊ စကားသုံးခွန်းဖြင့် ကြိမ်းဝါးတော်မူတယ်။

http://www.dhammadownload.com

ဒီစဉ်အခါတုန်းက "တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ" စကားသုံးခွန်း ကြုံးဝါးတယ်။ သုမေဓာရသေ့ကြီး တိဏ္ဏော၊ သံသရာ ကမ်းတစ်ဘက်သို့ ငါကိုယ်တိုင် ကူးမြောက်နိုင်ခဲ့သည်ရှိသော် တာရေယျံ၊ သတ္တဝါဥဿုံ အလုံးစုံကိုလည်း ကူးစေအံ့၊ ဟုတ်လား (ဟုတ်ပါ တယ်ဆရာ)၊ ငါကိုယ်တိုင် သံသရာ တစ်ဘက်ကမ်း ကူးနိုင်မယ်ဆိုလို့ရှိရင် သတ္တဝါတွေလည်း ကူးနိုင်စေရမယ်။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ကြုံးဝါးတယ် ကြုံးဝါးတယ်။ "မုတ္တော မောစေယျံ"တဲ့ မုတ္တော၊ ငါကိုယ်တိုင် သံသရာဝဋ်အတွင်းက လွတ်ကင်းခဲ့သော်။ မောစေယျံ၊ သတ္တဝါဥဿုံ အလုံးစုံကိုလည်း လွတ်ကင်းစေရမယ်။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ကြည့်ကြည့် သတ္တဝါများ သနားပုံ "ဗုဒ္ဓေါ ဗောဓေယျံ၊ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ငါကိုယ်တိုင် သိမြင်ခဲ့သည်ရှိသော်။ ဗောဓေယျံ၊ သတ္တဝါဥဿုံ အလုံးစုံကိုလည်း သိမြင်စေရမယ်။ စကားသုံးခွန်းဖြင့် ကြုံးဝါးတော်မူပြီးတော့မှဘုရားနိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူတယ်လို့ အဲဒီကစ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်တော်မူ၊ ဘုရားပါရမီဖြည့်တာများ လွယ်တယ် မထင်နဲ့။ တစ်ချို့တော့ ဘုရားဆုပန်လိုက်ကြတာလို့ လွယ်လင့်တကူ ဒါပေမယ့် ကြည့်စမ်းတော့ အဲဒီ ဘုရားလောင်းတွေက ငါကဲ့ရဲ့တာ မဟုတ်ပါဘူး။ ဘုရားလောင်းနဲ့တူအောင် ဘာပါရမီမှ ဖြည့်တာလည်း ငါမမြင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ တစ်ချို့ဘုရားလောင်းများ လူကောင်းထက် ပိုဆိုးသေး ကဲ့ရဲ့တာမဟုတ်ပါဘူး။ ဘုရားပါရမီဖြည့်ဆိုတာ ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်က ဘုရားဖြစ်ထိုက်တဲ့ ပါရမီလည်းပဲ ဖြည့်ရတယ်။ မဖြည့်ဘဲနဲ့ ပါးစပ်ကချည်း ဆုတောင်းနေလို့ ဘုရားဖြစ်တာ မဟုတ်ဘူး။ ပါရမီဆယ်ပါး အပြားသုံးဆယ်လို့ ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်ရတယ်။ ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်တာ လွယ်တယ်မမှတ်နဲ့၊ ဒါနလုပ်ပြန်လည်း ပါရမီဒါန ဖြစ်အောင် လုပ်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ လွယ်တယ် မမှတ်နဲ့။ ဒီပါရမီတွေ ဖြည့်စဉ်အခါကလည်းပဲ နိမ့်ချီမြင့်ချီနဲ့ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် ကိုယ်တော်မြတ်ကြီး ပင်ပန်းတော်မူရှာတယ်။ ခံလိုက်ရတာလို့ ဘုရားဖြစ်ပါမယ့်အကြောင်း၊ နမူနာလေး တစ်ခုထုတ်ကြည့် သေချာကြည့်။ ဘုရားသာ ဘုရားဖြစ်မှ သတ္တဝါတွေ ငါကယ်နိုင်မယ်ဆိုတာ ကိုယ်တော်မြတ် နားလည်တယ်။ အလောင်းတော်မြတ်က နားလည်တယ်။

ဒါကြောင့် ဘုရားမဖြစ်ဖြစ်အောင် ကြိုးစား၊ ဘုရားသာဖြစ်မယ်ဆိုရင် ဆန္ဒစာတ် ဘယ်လောက်ပြင်းသလဲလို့ ချက်ချင်းအသက်နဲ့လဲတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဆန္ဒစာတ်ပြင်းပုံ အဲဒါ မင်းတို့ ငါတို့ကို သနားတော်မူတဲ့ ကရုဏာစာတ်ကြီးပဲ၊ ဘယ်လောက်သနားလဲဆိုတာ သေချာကြည့်၊ ကိုယ်တော်မြတ် အပင်ပန်းခံပုံတွေ ပါရမီဖြည့်လာတဲ့ လမ်းစဉ်ကြည့်ပြန်တော့ ဘယ်လောက်

http://www.dhammadownload.com

ရက်စက်ခဲ့သလဲဆိုရင်၊ ဟောဒီ အလောင်းတော်မြတ်ကြီးက ဘုရားသာဖြစ်မယ်ဆိုရင် အသက်လိုရင် အသက်ပေးမယ်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းလိုရင် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းပေးမယ်။ ဘုရားအဖြစ်နဲ့ လဲတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ရက်စက်သလဲဆိုတာ သေချာကြည့်။ အူအသည်းလိုချင်ရင် အူအသည်းပေးမယ်။ အသက်လိုချင်ရင် အသက်ပေးမယ်။ သားမယားဆိုတာတော့ထားတော့ အပြင်ဥစ္စာ ပစ္စည်းတွေ မခဲယဉ်းတော့ဘူး။ မျက်လုံးလိုချင်ရင် မျက်လုံးပေးမယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကိုယ်တော်မြတ်ကြီးဟာ ဘုရားအဖြစ်နဲ့လဲလာတာ။ ဒီပြင် စွန့်လွှတ်တော်မူတဲ့ အင်္ဂါအစိတ်အပိုင်းတွေထားအုံး။ နမူနာတစ်ခုတည်း ကြည့်စမ်း။ မျက်လုံးလာအလှူခံလို့ ဘုရားဖြစ်ချင်လွန်းလို့ မျက်လုံးနဲ့ ဘုရားနဲ့လဲတာ၊ လဲတဲ့ မျက်လုံးပေါင်း ဘယ်လောက်များလဲ ကောင်းကင် မင်းတို့ငါတို့ မော့ကြည့်တော့ နက္ခတ်တာရာတွေ မရှိဘူးလားဟ (ရှိပါတယ်ဆရာ)၊ မများဘူးလား (များပါတယ် ဆရာ)၊ အဲဒီ ကောင်းကင် မင်းတို့ ငါတို့ မြင်တဲ့နက္ခတ်တာရာတွေက နည်းလိမ့်မယ်တဲ့။ အလောင်း တော်မြတ် ဘုရားဖြစ်ချင်လွန်းလို့ ထုတ်ပေးတဲ့ မျက်လုံးက များတယ်တဲ့။ အံ့သြစရာကောင်းဘူး လား (အံ့သြစရာကောင်းပါတယ်ဆရာ)၊ အဲဒါတွေ ဘာကြောင့် ဒီထိအောင် အပင်ပန်းအဆင်းရဲခံပြီးတော့ ကြိုးစားတော်မူသလဲဆို၊ မင်းတို့ ငါတို့ သနားလို့ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီထိအောင် ကိုယ်တော်မြတ်ကြီးက သနားတာ။ မင်းတို့ ငါတို့ကဖြင့် ပေယျာလကန်ထားတာ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားဆိုဘာမှ လေးစားရမှန်း မသိဘူး။ ရိုသေရမှန်းမသိ၊ ကိုင်းရှိုင်းရမှန်း မသိ။ တစ်ခုတော့ သိပါရဲ့၊ သူတို့ ဘုရားပွဲချိန် နီးလာပြီးဟေ့ ဆို ပွဲကောင်းကောင်းငှားဖို့ ဒါသိ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ်ကြီးတော့ ဘယ်လို ကြည်ညိုရမှန်း မသိ၊ ရွှေ့နားလာလိမ့်မယ်။ တို့ ပခုက္ကူသူ ပခုက္ကူသားတွေရဲ့ဝါဒ ငါပြောအုံးမယ်။ ရွှေ့နားလာလိမ့်မယ် လုပ်ပုံလုပ်နည်းတွေတဲ့။ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရောက်နိုင်သလား မရောက်နိုင်ဘူးလား သေချာကြည့်။ ငါသက်သက် အပြစ်ပြောတာ မဟုတ်ဘူး။ အမှားပြင်နေတာ။ ဒီလို မှားနေတာ ဒီလို ပြင်ကြပါလို့ အဓိပ္ပါယ်ဆိုလိုပါတယ်နော် (မှန်ပါတယ်ဆရာ)။

အမှန်မြင်ပြန်တော့လည်း ဆထက်တပိုး ကြိုးစားကြပါလို့ ကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးတွေ သိမှ ကြိုးစားချင်တဲ့ စေတနာတွေ ပေါ်မယ် မဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)၊ ကျေးဇူးမသိရင် ဖြုံဖြုံမှ မရှိဘူး ဘာဆွေမျိုးလောက်မှ ခင်တွယ်မှု မရှိဘူး ဘုရားကိုယ်တော်မြတ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဦးကြီးဦးလေးလောက်မှ လေးစားမှု မရှိဘူး။ ဘာပြုလို့တုန်း မလေးစားလား လေးစားလား ကြည့်ကွယ်။ လူသူနည်းနည်းပြတ်တဲ့ လိုဏ်ဂူနဲ့ ဘုရားကျတော့ လူပျိုစကားဟောင်

http://www.dhammadownload.com

ဝင်ပြောကြသေး။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ မရှိမသေ မလေးမစား ဒါဘာပြုလို့ ဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကျေးဇူးတော် မသိကြလို့ ဒီလို ဖြစ်နေတာ။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ မဟာကရုဏာဓာတ်ကြီးက မင်းတို့ ငါတို့ သတ္တဝါများ အပေါ်မှာ တစ်ယောက်ချင်း တစ်ယောက်ချင်း အစိတ်အားဖြင့်လည်း သနားတော်မူတယ်။ သတ္တဝါ ဥဿုံအလုံးစုံကုန်ပြီးတော့ ချုံပြီးတော့ ငုံ့ပြီးတော့ သနားတော်မူတယ်။

ဒါအပေါင်းအားဖြင့် သနားခြင်းနော် (မှန်ပါတယ်ဆရာ)၊ တို့ သင်တန်းနိဒါန်းကလည်း တော်တော်ကြီးလည်း ပြခဲ့ပါပြီ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေ တစ်ချို့လည်း သင်တန်းနိဒါန်း မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးတွေ ထုတ်ဖော်ပြီးတော့ ပြောလို့ ဘုရား ကြည်ညိုတတ်ပေပေါ့။ ဘုရားဆည်းကပ်တတ်ပေပေါ့နော် (မှန်ပါတယ်ဆရာ)၊ တစ်ချို့လည်းပဲ နည်းမှန် လမ်းမှန်လေးတွေရ။ ဒီအရင်တုန်းကတော့ ဘာမှ လေးစားမနေဘူး။ ဝတ်ကျေတန်းကျေ ဘယလာဘ ကုလစာရ ဆိုတဲ့ အလုပ်နဲ့ လုပ်နေကြ။ ဘုရားသွားမှ တစ်ချို့ ဘုရားများ ဒရမ်ဝမ်လုပ်ထား သေးနော် (မှန်ပါတယ်ဆရာ)၊ အရပ်ထဲကွက်ထဲ ဘယ်ဘာဖြစ်တယ် ဘယ်လုသွားတယ် ဘယ်တိုက် သွားပြန် ဘာဖြစ်ပြန်။

ဟော အဲဒီလို ရှုပ်ရှုပ်ယှက်ယှက် ခတ်လာတော့ မကြံတတ်တော့ ဘယ်နဲ့လုပ်လဲဆိုတော့ ကိုးဆူ ဆရာပင့်ပြီးတော့ ဘုရားကိုးဆူကပ်ထား၊ ဘုရားကိုးဆူက အပြင်က အိမ်ဦးခန်းက အိမ်ပြင်ဘက် ကနေပြီးတော့ တစ်ညလုံး ဘုရားကိုးဆူကပ်ထား၊ အိမ်ထဲ စိတ်ချ လက်ချ အိပ်ရတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ သူခိုးဓားပြ ကြောက်ရသေးလား (မကြောက်ရပါဘူးဆရာ)၊ အဲဒါ ဉာဏ်၊ ဉာဏ် ဘေးက မြင်တော့အောင်မယ်၊ တယ်သဒ္ဓါတရားကောင်းပါ့လား အောက်မေ့မယ်၊ ဘယ်ဟုတ်မလဲ ဘုရားဒရဝမ်လုပ်ထားနော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်။ ဒီအလုပ်တွေ "ဘယလာဘ ကုလစာရ" ဘေးကြောက်လို့ လုပ်နေတဲ့ လုပ်ငန်းတွေ ရောဂါဝေဒနာတွေ ကပ်ရောက် လာလို့ မမာမကျန်းဖြစ်လာ အိမ်ကသိကအောက်လေး ဖြစ်လာပြီဆို ဘုရားကိုးဆူကပ်ပေါ့။ ကပ်ဘူး လား (ကပ်ပါတယ်ဆရာ)၊ ဒါဘာတုန်း မိမိအိမ်မှာ ရောဂါဝေဒနာ ပျောက်ရာပျောက်ကြောင်းဆိုတဲ့ အနေအားဖြင့် ဘေးကြောက်လို့ ဘုရားကိုးဆူကပ်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ လာဘတဲ့ လာဘ်လိုချင်လို့ တစ်ချို့လည်း ဘုရားနာနာဖူးတယ်။ တစ်ချို့လည်း ပုတီးနာနာစိတ်တယ်။ လုပ်နေလိုက်တဲ့ ကုသိုလ်တွေလို့၊ ဘာပြုလို့တုံးဟ၊ ပြောတဲ့လူက ပြောတယ်။ အောင်မာ ဂုဏ်တော် တစ်ထောင်စိတ်စမ်းဟ ဘာပြုလို့တုံး၊ အောင်မာ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ငါတော့ ဘယ်ကိစ္စမျိုးမဆို ချောမောတာချည်းပဲ။

http://www.dhammadownload.com

ငါဂုဏ်တော်တစ်ထောင်စိတ်တာ ကြာပေါ့ တော်တော်ကို ထင်ရှားကိုကွ။ ဘုရားဂုဏ်တော် များတယ် တန်ခိုးရှိ၊ လိုတာပြီးတယ် မောင်ရေ၊ လာဘ်လာဘလည်း ရွှင်ကရွှင်ပါဘိနဲ့ ရောင်းလို့ ဝယ်လို့ကောင်းလိုက်တာ မပြောနဲ့တော့။ တစ်ယောက်ကလည်း ငါလည်း စိတ်ရအုံးမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလို စိတ်တာဘာတုန်း လာဘ်လိုချင်လို့ စိတ်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)၊ "ဘယလာဘကုလစာရ" ဆိုတာ ကုလစာရ ဆိုတာ အမျိုးတို့ရဲ့ အလေ့အကျင့် ခေါ်တယ်။ တို့အမျိုး တို့မိဘဘိုးဘွားလက်ထက်က ဒီလိုလုပ်လာခဲ့တာဆိုတဲ့ အနေအားဖြင့် လုပ်တာနော် (မှန်ပါတယ်ဆရာ)၊ သူ့အနေကတော့ ဘာမှ အဓိပ္ပါယ် မသိရှာဘူး။ တို့မိဘလက်ထက်ထဲက ဒီလို လုပ်လို့ လုပ်လာတယ်။ ဒီလိုလုပ်တာမြင်လို့ တို့လည်း လုပ်တယ်ဆိုတဲ့ အနေပဲ။

ဒါကြောင့် ဘုရားကြည်ညိုမှု တရားကြည်ညိုမှု သံဃာကြည်ညိုမှု ကုသိုလ်အစုပြုတဲ့ နေရာ တွေမှာ အင်မတန်ကိုပဲ အမှားမှား အချော်ချော် ဖြစ်နေလို့။ ဒါကြောင့် ဒါတွေ ပြင်ကြဆင်ကြပါလို့ စေတနာရင်း စေတနာမှန်လေးတွေ စင်ကြယ်သန့်ရှင်းတဲ့ သဒ္ဓါတရားနဲ့ သစ်သီးတစ်လုံး ပန်းတစ်ပွင့်ပဲ လှူရစေကာမူ "မဟပ္ဖလ မဟာနိသံသ" အကျိုးပေးနိုင်ပါတယ်လို့။ ဒီတော့ မိမိကလည်းပဲ အကျိုးတော့ လည်းပဲ အန်မတန်လိုချင်တယ်။ အကျိုးမျှော်ကိုးလုပ်တာ လုပ်တုန်းကတော့၊ လုပ်ပုံလုပ်နည်းက မဟုတ်တော့ ကိုယ်မျှော်ကိုးတဲ့ အကျိုးလည်း ပေးနိုင်စရာလည်း အကြောင်းမရှိပါဘူးနော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် ဒီလုပ်ပုံလုပ်နည်းလေးတွေမှာ ဝဋ်သုံးပါးတောင့်တပြီး လုပ်ထားတဲ့ ဝဋ္ဋကုသိုလ်လို့ ဝဋ်သုံးပါးထွက်မြောက်ရာ ထွက်မြောက်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရရာရကြောင်း ဆိုတဲ့ ကုသိုလ်လို့ နှစ်မျိုးနှစ်စားပြထားတဲ့အနက်က လွန်ခဲ့ပြီးတဲ့ တစ်သံသရာလုံးက လုပ်လာတဲ့ ဝဋ်သုံးပါးတောင့်တတဲ့ ကုသိုလ်မျိုးကိုတော့ မလုပ်ကြနဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရရာ ရကြောင်းဆိုတဲ့ ကုသိုလ်မျိုးကိုတော့ အရင်ထက် ဆယ်ဆ ထမ်ပိုးတိုးပြီးတော့ ကြိုးစားကြပါ။ ကြိုးစားနိုင်လေ ကောင်းလေ ဒီလိုမဟုတ်ဘူးလာ (ဟုတ်ပါတယ်ဆရာ)၊ သေချာကြည့် သေချာကြည့်၊ ဒါဖြင့် စော စောက ပြောထားတဲ့ ဘုံသုံးပါးမှာ မင်းတို့ ငါတို့ ဘဝပေါင်းလည်း စုံခဲ့ပြီ။ ဘုံပေါင်းလည်း စုံခဲ့ပြီး အဖြစ်ပေါင်းလည်း စုံခဲ့ပြီဆိုတဲ့ ကုသိုလ်တရားတွေ မှတ်မိသေးလား၊ (မှတ်မိပါတယ်ဆရာ)၊ အေး မှတ်မိတယ်၊ မှတ်မိတယ်၊ အဲ့ဒီကုသိုလ်တရားတွေက ဝဋ်သုံးပါးတောင့်တလုပ်လို့ ဘယ်နဲ့ကြိုးစား ကြိုးစား ဘယ်နဲ့အားထုတ်အားထုတ် တစ်မဂ် တစ်ဖိုလ်လည်း မရခဲ့ပါလားလို့။ ဘယ်ရမတုံး အဲဒီ ကုသိုလ်တရားတွေမျိုးဟာ ဒီဝဋ္ဋကုသိုလ်ဆိုတဲ့တရားတွေ အားထုတ်တာက လူမိုက်မှ အားထုတ်တာ တဲ့နော် (မှန်ပါတယ်ဆရာ)၊ မိုက်မည်းတွေဝေတဲ့ ပုဂ္ဂိုလ်များ အားထုတ်တာတဲ့။ အသိဉာဏ်ပညာ

http://www.dhammadownload.com

မရှိသော ပုဂ္ဂိုလ်များ အားထုတ်တာတဲ့။ ဘုရားကိုယ်တော်မြတ်က မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဘာပြုလို့တုန်းတဲ့ ကြည့် ခုပြထားတာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ သင်္ခါရ သုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ဖြစ်လာတာကိုက အဝိဇ္ဇာကြောင့် ဖြစ်လာတာ။ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရသုံးမျိုးတဲ့။ အကြောင်းရင်းတရားက အဝိဇ္ဇာ၊ အကျိုးတရားက သင်္ခါရသုံးမျိုး၊ ပုညာဘိသင်္ခါရဆိုရင် ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရကုသိုလ် ခေါ်၏။ အပုညာဘိသင်္ခါရ ဆိုလို့ရှိရင် အကုသိုလ်ကို ခေါ်၏။ အကုသိုလ်စေတနာကံကို ခေါ်၏။ အာနေဉ္ဇာဘိသင်္ခါရဆို အရူပါဝစရကုသိုလ်စေတနာကံကို ခေါ်၏။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ ခုနလွန်ခဲ့သော ဘဝသံသရာလုပ်လာတဲ့ ကုသိုလ်တွေ ဒီလိုပဲ ဝဋ်သုံးပါးတောင်းတတောင်းတ လုပ်လာလို့။

ဒါကြောင့် တစ်မဂ် တစ်ဖိုလ်မှလည်း မရဘူး။ သံသရာ အလည်လည်း မရပ်ဘူး။ သံသရာစက်ရဟတ်ထဲ အမြဲမပြတ် ဆက်ကာ ဆက်ကာ လည်နေကြ။ သံသရာ မျက်စိလည် မပျောက်ဘူး။ ဘာပြုလို့တုန်း ဖြစ်လာတဲ့သင်္ခါရ သုံးမျိုးကိုက အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရ သုံးမျိုးခေါ်တယ်။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ခေါ်တဲ့ သင်္ခါရ သုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ဒီနေရာလေးများ သေချာ အကဲခတ်ကြ။ အဲဒီ အဝိဇ္ဇာနုသယ ထင်ရှားရှိသော ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာသာလျှင် ဒီသင်္ခါရသုံးမျိုးဟာ အကျိုးတရား အနေအားဖြင့် ဖြစ်တတ် တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်က "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" လို့ ဟောတာတဲ့၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာသန္တာန်မှာ အဗ္ဗုတ္တသန္တာန် အဝိဇ္ဇာကြောင်း ကင်းပြတ်နေတဲ့ ပုဂ္ဂိုလ်များကျတော့ ဒီသင်္ခါရသုံးမျိုးက အကျိုးတရားအဖြစ်နဲ့ မပေါ်လာပါဘူးတဲ့။ အဝိဇ္ဇာအနုသယသန္တာန်မှာ ထင်ရှားရှိသော ပုဂ္ဂိုလ်မျိုး၌သာလျှင် ၎င်းသင်္ခါရ သုံးမျိုးသည် အကျိုးတရား၏ အဖြစ်ဖြင့် ဖြစ်ပါတယ်တဲ့။ နားရှင်းအောင်လည်း နားထောင်။ ပဋိစ္စသမုပ္ပါဒ် လွယ်တယ်လို့ သိပ်မထင်နဲ့။ အကူးလေးတွေ အကူးလေးတွေ အထူးအားဖြင့် ဒီက သင်ကြားပေးမယ် မှတ်လည်းထား။ ဒါကြောင့် -

အဝိဇ္ဇာနုသယသန္တာနေယေဝ သင်္ခါရာနံ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော အဝိဇ္ဇာ သင်္ခါရာ သမ္ဘာဝန္တိ။

http://www.dhammadownload.com

အဝိဇ္ဇာနုသယသန္တာနေယေဝ၊ အဝိဇ္ဇာနုသယ ထင်ရှားရှိသော သန္တာန်၌သာလျှင်။ သင်္ခါရာနံ၊ သင်္ခါရသုံးပါးတို့၏။ ဝိပါကဓမ္မဘာဝေန၊ အကျိုးတရား၏ အဖြစ်ဖြင့်၊ ပဝတ္တနတော၊ ဖြစ်တတ်သော ကြောင့်။ ထင်ရှားပုံ သေချာကြည့်။ အဝိဇ္ဇာနုသယသန္တာန်မှာ ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်မျိုးသာလျှင် ဒီသင်္ခါရသုံးမျိုးသည် အကျိုးအဖြစ်နဲ့ ဖြစ်တတ်တယ်တဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာ ကင်းပြတ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ အကျိုးတရားဖြစ်ပါအုံးမလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"လို မြတ်စွာဘုရားကိုယ်တော် မြတ်ဟောထားတယ်။ ဒါ့ကြောင့် အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရ တရားစုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏ ဆိုတော့ အဝိဇ္ဇာအကြောင်း မနေဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သင်္ခါရက ဘာတုံး (အကျိုးပါဆရာ) အော် အကျိုးနားလည်လား (ဟုတ်ပါတယ်ဆရာ)၊ ဒါ သူတိုက်ရိုက်ပြထားတာ ဘာမှ ရှုတ်စရာမရှိဘူး။။ အော်-ဒါပေမယ့် ဖြစ်လာတဲ့ သင်္ခါရသုံးမျိုးဆိုတဲ့ အကျိုးတရားကိုက အဝိဇ္ဇာကြောင့် ဖြစ်လာပါလား မထင်ရှားဘူလား (ထင်ရှားပါတယ်ဆရာ)၊ ဒါ့ကြောင့် သင်္ခါရတည်း ဟူသော အကျိုးတရားဟာ အကျိုးအနေအားဖြင့် ဖြစ်လာဆိုတာ တခြားမဟုတ်ပါဘူးတဲ့။

အဝိဇ္ဇာနုသယသန္တာန်မှာ ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်များသာလျှင် ထိုသင်္ခါရသုံးမျိုးသည် အကျိုးတရား အဖြစ်နဲ့ ပေါ်လာတတ်ပါတယ်တဲ့။ အဝိဇ္ဇာနုသယသန္တာနယေဝ၊ အဝိဇ္ဇာနုသယသန္တာန်၌ ထင်ရှား ရှိသော ပုဂ္ဂိုလ်သာလျှင် အဝိဇ္ဇာနုသယထင်ရှားရှိသော သန္တာန်၌သာလျှင်။ သင်္ခါရာနံ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဥ္ဇာဘိသင်္ခါရ တရားတို့၏။ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော -အကျိုး တရား၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်း ကြောင့်။ သင်္ခါရာ၊ သင်္ခါရအကျိုးတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်) သေချာကြည့် သေချာကြည့်၊ အဝိဇ္ဇာနုသယရှိတဲ့ပုဂ္ဂိုလ်သာလျှင် ဒီသင်္ခါရသုံးမျိုးက အကျိုးတရား အဖြစ်နဲ့ ဖြစ်နိုင်တယ်တဲ့။ အဝိဇ္ဇာကင်းပြတ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ အကျိုးတရားအဖြစ်နဲ့ ဖြစ်ပါအုံး မလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒါ့ကြောင့် ဘုရားရဟန္တာများကြည့် ဘုရားရဟန္တာများလည်း ဒီသင်္ခါရ အားထုတ်တာဘဲ၊ ဘုရားကိုယ်တော်မြတ်လည်းပဲ သတ္တဝါများကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူတယ်ဆိုတော့ ဓမ္မဒေသနာကုသိုလ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဓမ္မဒေသနာကုသိုလ်တဲ့၊ ဘုရားကိုယ်တော်မြတ်လည်း ဒီကုသိုလ်ဆိုတဲ့ သင်္ခါရ လုပ်ရဲ့ပဲ ရဟန္တာ ကိုယ်တော်မြတ်တွေလည်း ဗုဒ္ဓဝေယျာဝစ္စ မြတ်စွာ ဘုရားကိုယ်တော်မြတ် ဖူးမြော်ခြင်း၊ ဆီးမီး ပန်းမာလ် လှူဒါန်းခြင်း၊ သောက်ရေ သုံးရေ အစရှိသည် အားဖြင့် ဝတ်ကြီး၊ ဝတ်ငယ်အသွယ်သွယ် ပြုစုခြင်း၊ တရားဓမ္မဟောပြခြင်းတို့ ရဟန္တာကိုယ်တော်မြတ်တွေလည်း ကုသိုလ်ကောင်းမှု မလုပ်ဘူးလား

http://www.dhammadownload.com

(လုပ်ပါတယ်ဆရာ)၊ အဲဒီကိုသိုလ်ကောင်းမှုတွေက ဒါ ကုသိုလ်သင်္ခါရ ခေါ်တယ်တော် (မှန်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရမျိုးတွေတဲ့။ ဒါပေမယ့် အဲဒီတရားတွေ အာထုတ်တော့ ထိုဘုရား ရဟန္တာများ လုပ်တဲ့ ကုသိုလ်ဆိုတဲ့ အမှုတွေ ဒီသင်္ခါရ တရားတွေက အကျိုးတရားအဖြစ်နဲ့ လာသေးရဲ့လားဟ (မလာတော့ပါဘူးဆရာ)၊ အဲ မလာတော့ အဲဒါကုသိုလ်မခေါ်ဘူး။ ဘုရား ရဟန္တာများ ပြုလုပ်နေတာကြတော့ ကြိယာလို့ ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ဘုရား ရဟန္တာများလုပ်တာကြတော့ ကြိယာတဲ့။ ကြိယာဆိုတာ တခြားမဟုတ်ဘူး ပြုကာမျှ မတ္တပဲတဲ့။ အကျိုးမပေးဘူး အကျိုးမရှိတော့ဘူး ဟုတ်ရဲ့ လား (ဟုတ်ပါတယ်ဆရာ)၊ ဘာပြုလို့ အကျိုးမပေးတော့ (အဝိဇ္ဇာဦးစီးမလုပ်လို့ပါဆရာ)။ အဝိဇ္ဇာနုသယ (အဝိဇ္ဇာနုသယသန္တာန် မရှိလို့ပါဆရာ) အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဝိဇ္ဇာနုသယသန္တာန် ကင်းပြတ်နေတော့ အကျိုးတရားအဖြစ်နဲ့ မလာတော့ဘူးနော် (ဟုတ်ပါတယ်) သင်္ခါရတော့ လုပ်တော့ လုပ်တယ်လား (လုပ်ပါတယ်ဆရာ)၊ အေး အားထုတ်မှုတော့ ရှိသေးတာပဲ၊ ဒါပေမယ့် အဲဒါ ကြိယာခေါ်တယ်၊ ကုသိုလ်လို့ မခေါ်နဲ့ နားလည်ရဲ့လား၊ (နားလည်ပါတယ်ဆရာ) အခု ပုထုဇဉ်တွေကျတော့ အဝိဇ္ဇာက တန်းလမ်းကြီး ဖြစ်မနေဘူးလားကွယ် (ဖြစ်ပါတယ်ဆရာ)၊ အဝိဇ္ဇာဦးစီးပြီးတော့ လုပ်နေကြတော့ ဒီသင်္ခါရသုံးမျိုးက အကျိုးတရားအဖြစ်နဲ့ ပေါ်နေတာပဲတဲ့။ အဲဒါလေးတွေ မြဲမြဲမှတ်ထား၊ ဒါကြောင့် အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ အကျိုးသင်္ခါရမျိုးတွေ ကောင်းသလား၊ ဆိုးသလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလားဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ကြည့်၊ လုပ်ထဲက အဝိဇ္ဇာကြောင့်လုပ်တယ်။ ဟုတ်ရဲ့လား (ဟုတ်ပါဆရာ)၊ လုပ်ကတည်းက အဝိဇ္ဇာကြောင့် လုပ်တယ်။ အဝိဇ္ဇာကြောင့်ဆို မိုက်လို့လုပ်တယ်။ မြန်မာလိုရှင်းရှင်းပြောတော့ မောဟကြောင့် လုပ်တယ်။ အဝိဇ္ဇာကြောင့်လုပ်တယ်၊ မြန်မာလိုပြောရင် မိုက်လို့လုပ်တယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊

ဒီတော့ ပြောလိမ့်မယ်၊ တချို့က ဒါန သီလ သမထဆိုတဲ့ ကုသိုလ်တွေလုပ်တာ မိုက်လို့ လုပ်တယ်တဲ့ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်ကောင်းမှု တွေလုပ်တာ မိုက်လို့ လုပ်သတဲ့ ဆိုပြန်ပေါ့။ ဒါ တို့က ဆိုတာလား ဘုရားက ပြောတာလား (ဘုရားက ပြောတာပါဆရာ)၊ အေးဘုရားက ပြောတာ ဘုရားဟောသွားတာနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီကုသိုလ်တွေ ဘာကုသိုလ်တွေ ခေါ်တယ်၊ ဝဋ္ဋ (ဝဋ္ဋကုသိုလ်ပါဆရာ) အေး အေး အဲဒါမျိုးလုပ်တော့ မိုက်လို့ လုပ်တယ် ခေါ်တယ်။ မိုက်လို့ လုပ်တယ်ဆိုတော့ အရပ်ထဲသုံးထားတဲ့ ရင့်သီးတဲ့စကား ကဖြစ်နေ မသိလို့ လုပ်တယ်။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မမြင်လို့ လုပ်တယ် အတူတူမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ မိုက်လို့လုပ်တယ် ထူးသေးလား (မထူးပါဘူးဆရာ)၊ မိုက်လို့လုပ်တယ်၊ မလိမ္မာလို့ လုပ်တယ်၊ မသိလို့လုပ်တယ်၊ ဘာမှမထူးဘူး။ အတူတူပဲ အဲဒါ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရ။

http://www.dhammadownload.com

ဒါကြောင့် ဒီအဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဆိုတဲ့ အကျိုးတရား ပေါ်ပုံလေးတွေ သေချာကြည့်။ အဲဒါပဲ တို့-ပဋိစ္စသမုပ္ပါဒ် ငါ နိဒါန်းကပြလာခဲ့ ပုထုဇဉ်သတ္တဝါများ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ဘယ့်နဲ့ ဖြစ်နေလဲဆိုတော့ ယက်ကန်းထွေး ချည်ငင်ထွေးလိုပဲ။ အထွေးကြီ ထွေးနေကြတယ်လို့ မထွေးဘူးလား (ထွေးပါတယ်ဆရာ)၊ လက်ခံဖို့ မခက်ဘူးလားကွယ်။ (ခက်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရ ဆိုတဲ့ ကာမာဝစရကုသိုလ်တရားတွေ ရူပါဝစရကုသိုလ်တရားတွေ ကြိုးစား အားထုတ်တယ်၊ မသိလို့ လုပ်တယ်၊ မိုက်လို့ လုပ်တယ်ဆိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ လက်ခံနိုင်ပါမလား (လက်မခံနိုင်ဘူးဆရာ) လက်မခံနိုင်ဘူး၊ လွယ်တဲ့အကြောင်းတရားနဲ့ လွယ်တဲ့အကျိုးတရား မဟုတ်ဘူး။

ဒါကြောင့် ဂမ္ဘီရလေးမျိုးမှာ အတ္ထဂမ္ဘီရ ဓမ္မဂမ္ဘီရ။ အတ္ထဂမ္ဘီရ-အကျိုးတရားရဲ့ နက်နဲခက်ခဲခြင်း၊ ဓမ္မဂမ္ဘီရ-အကြောင်းတရားရဲ့ နက်နဲခက်ခဲခြင်း၊ သူ့သဘာဝလေးတွေ သေချာကြည့် စဉ်းစားကြည့် အဝိဇ္ဇာဓာတ်ကိုက အင်မတန် ယုတ်ညံ့တဲ့ ဓာတ်ဆိုး ဓာတ်ညံ့ကြီး ဓာတ်ဆိုး ဓာတ်ယုတ်ကြီးလို့ အဲဒီ ဓာတ်ဆိုး ဓာတ်ယုတ်ကြီး အကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ အကျိုးတရားတည်းဟူသော ပုညာဘိသင်္ခါရ မျိုးတွေ ကောင်းနိုင်စရာ အကျိုးရှိရဲ့လားလို့ ရှိပါ့မလား (မရှိနိုင်ပါဘူးဆရာ)၊ မရှိနိုင်ဘူး။

တမာပင်စိုက်ရင် တမာသီး သီးမယ်လား (မှန်ပါတယ်ဆရာ)၊ တမာပင်စိုက်ရင် တမာသီးသီးမှာပဲ တမာပင်စိုက်ရာကနေပြီးတော့ ပိန္နဲသြဇာ မသီးပါဘူး။ သီးပါ့မလား (မသီးပါဘူးဆရာ)၊ မသီးဘူး မသီးဘူး။ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ အကျိုးတရားကြီးပဲ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် ဖြစ်လာတဲ့အကျိုးတရားကြီး ဘယ်နဲ့နည်းမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးတော့ သံသရာဝဋ်က မကျွတ်ဘူးဆိုတာ မှတ်ထား။ ဒါကြောင့် သူသူငါငါ လူတကာ ပြုနေကြတဲ့ ကုသိုလ်တွေ ငါတို့လုပ်နေတဲ့ ကုသိုလ်တွေ ဘယ်လိုအချိုးစားနဲ့ဘယ်လို ရည်ရွယ်ချက်နဲ့လုပ်နေသလဲလို့ ပြန်ပြီးတော့ ဆင်ခြင်စဉ်းစားကြည့်။ တစ်ဖွန်းတစ်စလောင်း တစ်ယောက်မလျှုရအုံးတော့ စောစောကပြောသလို မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံး ရရပါလို ရောက်ပါလို၏လို့ ပတ္ထနာဆုနဲ့ ပြုကြပါလို့၊ ဒါမှ ဝိဝဋ္ဋကုသိုလ်ခေါ်တယ်။ ဝဋ်သုံးပါးက အမြန်ဆုံးထွက်နိုင်တယ်နော် (မှန်ပါတယ်ဆရာ)၊

အဲ ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ အနေအားဖြင့် ကြိုးစားနေသမျှ ကာလပတ်လုံးတော့ ဒီပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးက အဆက်ပြတ်လို့ မဖြစ်ပါဘူးလို့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒါမြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတဲ့ သဘောတွေရှင်းပြ စဉ်းစားပြီးတော့ လက်ခံကြ။ မပိုင်သေးလို့ရှိယင် မငြင်းနဲ့အုံး၊ မပိုင်သေးယင် ငါမပိုင်သေးလို့ ငါအရင်းအဖျား မစဉ်းစားတတ်သေးလို့ ငါအသိဉာဏ်မမှီသေးလို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com

ကြီး မဟုတ်တာတော့ မဖြစ်နိုင်ဘူး။ ဟဲ့ ဒီမှာ အကြောင်းအကျိုးဆက်စပ်ပြီးတော့ ဝဋ္ဋကထာမှာဆိုတဲ့ အနေအားဖြင့် ဝဋ်လည်စေတတ်တဲ့ တရားကို ဟောတယ်။

လည်စေတတ်တဲ့တရား ဆိုတော့လည်း လည်နေပါပဲ လည်နည်းပြတယ်။ ဒါကြောင့် အဝိဇ္ဇာ-ပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ လည်ပုံပြထားတာ "သင်္ခါရပစ္စယာ ဝိညာဏံ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သွားလေ။ သွားဘူးလား (သွားပါတယ်ဆရာ)၊ အဲဒါထဲမှာ ငြင်းစရာဘာရှိ သေချာကြည့်။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆို သင်္ခါရသုံးမျိုး အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရသုံးမျိုး အကျိုးတရားထဲမှာ ကာမာဝစရကုသိုလ်ပါနေ။ ကုသိုလ် စေတနာတွေပါနေ။ ပါဘူးလား (ပါပါတယ်ဆရာ)၊ ရူပါဝစရကုသိုလ်စေတနာတွေ ပါနေ၊ မပါဘူးလား (ပါပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ်စေတနာတွေ ပါနေ မပါဘူးလား (ပါပါတယ်ဆရာ)၊ ဘာငြင်း စရာရှိ။ ဒါ ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောထားတာ။ လည်တတ်တဲ့ဒီတရား ဒီလိုမဟုတ် ဘူးလား (ဟုတ်ပါဘူးဆရာ)၊ ငါဘုရားကိုယ်တော်မြတ်က လည်တတ်တဲ့ဝဋ်ကို လည်တတ်တဲ့ တရား ဟောနေတာတဲ့ ဝဋ်မှထွက်မြောက်တတ်တဲ့တရား ဟောနေတာ မဟုတ်ဘူးတဲ့။ ဒါလည်တတ်တဲ့ တရားဟောနေတော့ လည်ပြနေတာ မလည်ပေဘူးလားဟ (လည်ပါတယ်ဆရာ)၊ အခုပြောတဲ့ အတိုင်းပဲ အဝိဇ္ဇာဦးစီးပြီးတော့ လုပ်နေတဲ့ ဒါနမှု သီလမှု သမထမှုမျိုးဆိုယင် ဒီစက်ရဟတ်ကြီး မလည်ဘူးလား (လည်ပါတယ်ဆရာ)၊ အခုပဲလည်ပြနေ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" နော် (မှန်ပါတယ် ဆရာ)။

"သင်္ခါရပစ္စယာ ဝိညာဏံ" တဲ့ သေချာကြည့်နော်။ သမာဓိလည်းကောင်းကောင်းထား။ အဲဒါလည်ကြောင်း ဟောနေတာ။ လည်ပြနေတာ၊ ရပ်သွားတာ မဟုတ်ပါဘူး။ ဒါကြောင့် ဝဋ်သုံးပါး တောင်းတပြီး လုပ်နေတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတို့သည် ဝဋ်သုံးပါးကိုလည်စေတတ်၏။ ဘယ့်နဲ့ လည်တုံး "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"လို့ အဲဒီသင်္ခါရ ကြိုးစားလိုက်တယ်။ ဒါန သီလ သမထဆိုတဲ့ ကိုသိုလ်တရားကြိုးစားလိုက်တယ်။ ကံတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ကံတွေက နောင်ဘဝပဋိသန္ဓေအသစ် မဖြစ်ဘူးလား (ဖြစ်ပါ တယ်ဆရာ)။

ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ" လို့ မလည်ပါဘူးလို့ ငြင်းလို့ ရသေးလား (မရပါဘူးဆရာ)၊ ဟော - လည်နေတယ်။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"၊ အဝိဇ္ဇာကြောင့် သင်္ခါရလုပ်တယ်၊ ကုသိုလ်ကံတွေလုပ်တယ်၊ အကုသိုလ်ကံတွေလုပ်တယ်။ ဒီကံတွေ လုပ်ဆိုတဲ့ ဒီကံတွေက နောက်ဘဝပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်၏။ ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ"

http://www.dhammadownload.com

ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကူးပုံလေးကြည့်။ ဒါကြောင့် လည်တဲ့ ဝဋ္ဋကထာကို ပြောနေတဲ့အခါမှာ လည်မှာပဲဆိုတာ မှတ်ထား။ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုက ဒီလိုလုပ်ရင် ဒီလိုလည်ပါတယ်ဆိုတော့ ဘယ်သူမှ ဆင်ခြင်တတ်နေစရာ မရှိဘူး။ ဒီလည်တာလဲ အမှန်တွေ့နေ ကိုယ်ကိုယ်တိုင်လဲ တစ်သံသရာလုံး လည်လာခဲ့ပေါ့။ လည်ဘူးလား (လည်ပါတယ်ဆရာ)၊ လည်ချင်တိုင်းလည်လာ။ ဒါလက်တွေ့ ဘယ်ဝဋ်က ထွက်လို့တုံး၊ ထွက်ဘူး ဒီကုသိုလ်တွေလုပ်ပေါင်းလည်း များပေါ့။ သံသရာက ကျွတ်ကဲ့လွတ်ကဲ့လား မလွတ်ဘူး၊ ဝဋ်သုံးပါးက လွတ်ကဲ့လား မလွတ်ဘူး။ လည်တာချည်းပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် ဒီဝဋ်သုံးပါးလည်စေတတ်တဲ့ ဝဋ္ဋကုသိုလ်ဆိုတဲ့ အလုပ်မျိုးကို မကြိုးစားဘဲနဲ့ ဝဋ်သုံးပါးက အမြန်ဆုံးထွက်တတ်တဲ့ ဝိဝဋ္ဋကုသိုလ်မျိုး ကြိုးစားရင်း ဒီသံသရာစက်ရဟတ်ကြီးက တကယ်ရပ်မယ်၊ တကယ်ပြတ်မယ်တဲ့ ပြတ်ဘူးလား (ပြတ်ပါတယ်ဆရာ)၊

အေး ဒါကြောင့် အခုလည်ပုံလည်နည်းပြတော့ လည်တာလျှောက်ပြောရမှာပဲ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရဖြစ်လာပါလားဆို သင်္ခါရကြောင့် ဝိညာဏ်ဖြစ်အုံးမယ်၊ ဝိညာဏ်ဖြစ်ယင် နာမ်ရုပ်ဖြစ်မယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်မယ်၊ သဠာယတနကြောင့် ဖဿသွားလေ။ သွားဘူးလား (သွားပါတယ်ဆရာ)၊ ဒီနေရာမှာဟာ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ် တရားတွေ ဘယ်နဲ့နည်းမှ ဝဋ်သုံးပါးလည်စရာအကြောင်း မရှိဘူးဆို။ ဒီထဲပါကို မပါဘူး။ ပါပဲ့မလား (မပါပါဆရာ)၊ အခုတော့ တိုက်ရိုက်ကြီးပါနေ။ ပုညာဘိသင်္ခါရတဲ့ အပုညာဘိသင်္ခါရတဲ့ အာနေဉ္ဇာဘိသင်္ခါရတဲ့ စေတနာ (၃)မျိုးတဲ့ သင်္ခါရသုံးမျိုးတဲ့ အဝိဇ္ဇာကြောင့် ဖြစ်လာကြတယ်တဲ့။ အဲဒီ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရ ဆိုတဲ့ သင်္ခါရသုံးမျိုး ကြိုးစားတော့ကား နောက်ဘဝပဋိသန္ဓေအသစ် ဖြစ်တော့မှာပဲ။ ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ"၊ တို့ဉာဏ် (၁၀)ပါးပြစဉ်အခါတုန်းက ဘယဉာဏ် တစ်ခါပြလာခဲ့တယ်၊ "အာယူဟနရသံ" ဆိုတာ သေချာကြည့်။ ဒီကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး ကြိုးစားအားထုတ်နေတာ နောင်ဘဝပဋိသန္ဓေအသစ် ဖြစ်စေဖို့ ဟုတ်ဘူးလား (ဟုတ်ပါတယ်)။

ဒါကြောင့် အာယူဟနန္တိ အာယတိံ ပဋိသန္ဓိဟေတုဘူတံ ကမ္မံ" လို့ အာယူဟနန္တိ၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကို ကြိုးစားအားထုတ်ခြင်း ဟူသည်ကား။ အာယတိံ ပဋိသန္ဓိဟေတုဘူတံ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေကို ဖြစ်ခြင်းရဲ့ အကြောင်းဖြစ်၍ ဖြစ်သော။ ကမ္မံ၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးလို့ စဉ်းစားပါ။ (ဒီဘဝ ကုသိုလ်ကံပဲ လုပ်လုပ်၊ အကုသိုလ်ကံပဲ လုပ်လုပ် ထိုကံနှစ်ပါးသည် ဒုတိယဘဝ ပဋိသန္ဓေမဖြစ်ဘူးလား ဖြစ်လား၊ သေချာတွက်ကြည့်။

http://www.dhammadownload.com

မဖြစ်ဘူးလား ဖြစ်လား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ဆိုတဲ့က လည်မသွားဘူးလား (လည်ပါတယ်ဆရာ)၊ အေး ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဝိညာဏံ ဆိုတာ ဒုတိယဘဝ ပဋိသန္ဓေစိတ်အသစ်ကလေးဖြစ်လာတာ။ ဒါကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဒုတိယဘဝ ပဋိသန္ဓေ ဝိညာဏ်ဖြစ်မယ်အုံးဆိုတော့ သွားပြီ။ ဒီတိုင်းသွားနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ၎င်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတဲ့ အဓိပ္ပါယ် နှစ်ခုမှာ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသော ကုသိုလ်ကံ အကုသိုလ်ကံ။ (တစ်နည်း) ပုညာဘိသင်္ခါရ ခေါ်ထားတဲ့ ကာမာဝစရကုသိုလ်ကံ ရူပါဝစရကုသိုလ်ကံ၊ အပုညာဘိသင်္ခါရခေါ်ထားတဲ့ အကုသိုလ်ကံ၊ အာနေဉ္ဇာဘိသင်္ခါရခေါ်ထားတဲ့ အရူပါဝစရကုသိုလ်ကံ၊ ဒီကံနှစ်ပါး ကြိုးစားအားထုတ်ခြင်းသည်တဲ့ အဝိဇ္ဇာတိုက်တွန်းလို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာလွှမ်းမိုးလို့ အဝိဇ္ဇာအုပ်စိုးလို့ အဝိဇ္ဇာရဲ့ဒဏ်ချက်ကြောင့် ဆက်ကာ ဆက်ကာကြိုးစားနေတဲ့ ကံတွေတဲ့ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာကိုက မကောင်းတဲ့ ဓာတ်ဆိုးဓာတ်ယုတ်ဆိုတော့ သူ့ကြောင့် ပေါက်ပွားလာတဲ့ သူမှဖြစ်ပေါ်လာတဲ့ အကျိုးတရားတည်းဟူသော သင်္ခါရကောင်းနိုင်ပါဦးမလား (မကောင်းနိုင်ပါဘူးဆရာ)၊ ဘယ်နဲ့မှ မကောင်းဘူး။ ဒါကြောင့် အဝိဇ္ဇာမျက်ကန်း ဘာမှမြင်တာ မဟုတ်ဘူး။ ဒါကြောင့် အဝိဇ္ဇာမသိတာ ဖုံးလွှမ်းတာ မိုက်မဲတာ တွေဝေတာခေါ်တယ်။ ဒါကြောင့် ၎င်းဒါန သီလ သမထ ဆိုတဲ့ ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်။

ကုသိုလ်ထိုထိုတရားတွေ ကြိုးစားအားထုတ်ခြင်းသည် မိုက်လို့ မည်းလို့ မသိလို့ မလိမ္မာလို့ လုပ်တယ်။ အကုသိုလ်တရားတွေ ကြိုးစားခြင်းသည် မိုက်လို့ မသိလို့ မလိမ္မာလို့ လုပ်တယ်။ ဒီလိုဆိုရင် ခံနိုင်ပဲ့မလား (မခံနိုင်ပါဘူးဆရာ)၊ မခံသာ မခံနိုင်တယ် ဟုတ်တယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဘာမှ ပြောစရာမလိုဘူး။ ဒါပေမဲ့ ဒီလိုပြောသွားတော့ ရင့်သီးရာကျတယ်။ အဲဒီရင့်သီးတယ်ဆိုတဲ့ အဓိပ္ပါယ် နက်ဖြန်ခါ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ပြတဲ့ ပါဠိတော်နှင့် ညှိကြည့်ကြစို့။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားစုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။

အဝိဇ္ဇာကအကြောင်း သင်္ခါရကအကျိုး၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဖြစ်လာတဲ့ သင်္ခါရကလည်း ဘယ်သူတုံး ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရဆိုတာ ကာမာဝစရကုသိုလ်စိတ်မှာယှဉ်တဲ့ ကာမာဝစရကုသိုလ်စေတနာကံ၊ ရူပါဝစရကုသိုလ်စိတ်မှာ ယှဉ်တဲ့ ရူပါဝစရကုသိုလ်စေတနာကံ၊ အပုညာဘိသင်္ခါရဆိုတာက အကုသိုလ်စိတ်မှာယှဉ်တဲ့ အကုသိုလ်စေတနာကံ၊ အာနေဉ္ဇာဘိသင်္ခါရဆိုတာက အရူပါဝစရကုသိုလ် စိတ်မှာယှဉ်တဲ့ အရူပါဝစရကုသိုလ်စေတနာကံ။ ဒီတော့ ပုညာဘိသင်္ခါရ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်စေတနာကံ ဒါကောက်။

http://www.dhammadownload.com

အပုညာဘိသင်္ခါရ အကုသိုလ်စေတနာကံ၊ အာနေဉ္ဇာဘိသင်္ခါရ အရူပါဝစရ ကုသိုလ်စေတနာကံ၊ အဲ့ဒါလေလေးတွေ သင်္ဂြိုဟ်မတတ်ပေမယ့် မှတ်တတ်ရင် ဒါလေးတွေ လိပ်ပတ်လည်မယ်။ ကုသိုလ်ကံ ဘယ်နှစ်မျိုးလဲ ဆိုတော့ ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရက ကာမာဝစရကုသိုလ်ကံနှင့် ရူပါဝစရကုသိုလ်ကံ အာနေဉ္ဇာဘိသင်္ခါရက အရူပါဝစရကုသိုလ်ကံ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရက အကုသိုလ်ကံ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ကံသုံးမျိုး စေတနာသုံးမျိုး ပုညာဘိသင်္ခါရ စေတနာတစ်မျိုး၊ အပုညာဘိသင်္ခါရ စေတနာတစ်မျိုး၊ အာနေဉ္ဇာဘိသင်္ခါရ စေတနာတစ်မျိုး ဒီလို (၃)မျိုး၊ (၃)စား ထွက်လာတော့ အဲဒီ စေတနာသုံးမျိုးပဲတဲ့။ သတ္တဝါတွေ တစ်ဘဝနှင့်တစ်ဘဝ တစ်ဘုံနှင့်တစ်ဘုံ ဆိုသလိုပဲ ဆက်ကာဆက်ကာ အကြောင်းခံခံပြီးတော့ ပို့နေတဲ့ တရားတွေ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် မနေ့ညက ပြခဲ့တဲ့ ဘုံသုံးပါးမှာ သုဒ္ဓါဝါသဘုံ ဖယ်ထားလို့ သုဒ္ဓါဝါသဘူးမရ၊ သုဒ္ဓါဝါသငါးဘုံကျတော့ အထက်ရဟန္တာကြီးများ စံနေတော်မူတဲ့ ဘုံဖြစ်တယ်။ သုဒ္ဓါဝါသဘူးမရ၊ သုံးဆယ့်တစ်ဘုံမှာ သုဒ္ဓါဝါသငါးဘုံကိုတော့ သုဒ္ဓါဝါသဘုံ ငါရောက်ဖူး တယ်လို့ မပြောကောင်းဘူးတဲ့။ သုဒ္ဓါဝါသဘုံ ငါရောက်ဖူးတယ်လို့ ပြောရအောင် သုဒ္ဓါဝါသဘုံ ရောက်လို့ရှိရင် အောက်အောက်သောဘုံတွေ ပြန်မလာကောင်း ပရိနိဗ္ဗာန်စံကြရတယ်နော် (မှန်ပါတယ်ဆရာ)၊

ဒီတော့ (၃၁)ဘုံမှာ အပါယ်လေးဘုံကစ ဟိုဘဝဂ်ထိအောင် သုဒ္ဓါဝါသငါးဘုံဖယ်ထားပြီးတော့ ကျန်သမျှဘုံတွေတော့ ငါရောက်ဖူးတယ်။ ငါဖြစ်ဖူးတယ် ပြောနိုင်တယ်တဲ့ သတ္တဝါများ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒီတော့ သုဒ္ဓါဝါသဘုံ ချန်ပြီးတော့ အပါယ်လေးဘုံကစပြီးတော့ ဟိုပြဟ္မာ (၂၀)ထိ မရောက်ဘူးတဲ့ ဘုံရယ်ရှိသေးသလား (မရှိပါဘူးဆရာ)၊ မဖြစ်ဘူးတဲ့ ဘုံရယ်ရှိသေးလား (မရှိပါဘူးဆရာ)၊ မရောက်ဖူး၊ မဖြစ်ဘူးတာ သုဒ္ဓါဝါသ ငါးဘုံပဲ ရှိတော့တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သုဒ္ဓါဝါသဘူးမရ၊ သုဒ္ဓါဝါသဘုံကျတော့ ငါရောက်ဖူးတယ်လို့ မပြောကောင်း။ ဒါဖယ်ထားလိုက် ကျန်သမျှဘုံတွေ ရောက်ဖူးတယ်၊ ဖြစ်ဖူးတယ်လို့ပြော မလွဲဘူးတဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီအပါယ်လေးဘုံကစပြီးတော့ ကာမသုဂတိ (၇)ဘုံတို့ ရူပါဝစရ (၁၆)ဘုံတို့ အရူပလေးဘုံတို့ ဒီလို ရောက်သွားခဲ့ပေါင်းလည်းပဲ အကြိမ်ကြိမ်များပြီ။ မရေမတွက်နိုင်ဘူး။ သံသရာ ကျင်လည်နေတာ ဒီဘုံသုံးပါးမှာ ကျင်လည်နေတဲ့ဥစ္စာ အလကားရောက်သွားတာ မဟုတ်ဘူးတဲ့။ အကြောင်းမဲ့ ရောက်တာ မဟုတ်ဘူးတဲ့။ ရောက်အောင်လုပ်တဲ့ အကြောင်းရှိလို့ရောက်ကြ။ ရောက်အောင်လုပ်တဲ့ အကြောင်းသည် ဘယ်သူလဲဆိုတော့ ဟော ခုနပြထားတဲ့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ၊ ဒီသင်္ခါရသုံးမျိုး ကြိုးစားအားထုတ်လို့ ရောက်ခဲ့ကြတာ။ ရှင်းဖူး လားကွယ် (ရှင်းပါတယ်ဆရာ)၊

http://www.dhammadownload.com

ဒီသင်္ခါရသုံးမျိုး ကြိုးစားအားထုတ်လို့ရောက်ခဲ့တာ တစ်နည်းရှင်းရှင်းပြောတော့ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်သုံးမျိုး ကြိုးစားလို့ ရောက်က်ခဲ့တယ်တဲ့။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါသုဂတိဘုံတွေ မှန်သမျှ ဒီအတိုင်းသွား ဒုဂ္ဂတိအပါယ်လေးပါးကျတော့ အကုသိုလ်တရား ကြိုးစား အားထုတ်ခဲ့လို့ ရောက်ခဲ့တယ်။ ဘုံသုံးပါးလွတ်သေးလား (မလွတ်ပါဘူးဆရာ)၊ အဲဒါ သူ့အကြောင်းနဲ့ သူ့အကျိုး ဖြစ်နေ။ ဒီတရားတွေ ကြိုးစားပွားများ အားထုတ်အလုပ်လုပ်လို့တဲ့ ဘာတရားတွေတုံး ဒါန သီလ သမထဆိုတဲ့တရားတွေ ဒီစေတနာတွေ ဒီကံတွေ ပြုလုပ်လို့ ဒီဘုံသုံးပါးမှာ ဒီလိုဖြစ်ခဲ့ တယ်တဲ့။ အကြိမ်ပေါင်း ဘယ်လောက်များ မရေမတွက်နိုင်ဘူးတဲ့ များခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီကုသိုလ် တရားတွေ ကြိုးစားပြီးသားတွေပေါ့ (မှန်ပါတယ်ဆရာ)၊ ကြိုးစားသမျှ အထပ်ထပ်ပေါ့ (ဟုတ်ပါတယ် ဆရာ)၊ အေး ဟုတ်ပြီ အထပ်ထပ်ကြိုးစားတယ်။ အထပ်ထပ်ကြိုးစားတော့ ကြိုးစားတဲ့ အကြိမ်ပေါင်းလည်း မရေမတွက်နိုင်ဘူး။ ဒီဒုဂ္ဂတိ သုဂတိလားတာလဲပဲ မရေတွက်နိုင်ဘူး။ တစ်မင်္ဂ တစ်ဖိုလ် ရရဲ့လား (မရပါဘူးဆရာ)၊ သံသရာဝဋ်က ကျွတ်ရဲ့လား (မကျွတ်ပါဘူးဆရာ)၊ ဒီအတိုင်း သံသရာထဲ ငုပ်တုတ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီကုသိုလ်တွေ လုပ်ရဲ့သားနဲ့ ဘာကြောင့် သံသရာ ဝဋ်အတွင်းက မလွတ်ကင်းသလဲလို့ အကြောင်းရင်း ပြန်ကြည့်တော့ ဒီကုသိုလ်တွေကိုက၊ လာ ကတည်းက အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့သင်္ခါရမျိုးတွေ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရ သုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ အကျိုးတည်းဟူသော သင်္ခါရ သုံးမျိုးတဲ့။ ဒီသင်္ခါရသုံးမျိုးနဲ့သာ ကြိုးစားနေလို့ ဒီဒါနမျိုး ဒီသီလမျိုး ဒီသမထမျိုးနဲ့သာ လုပ်နေရင် နောက်က လုပ်တာနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ ဘာမှ မထူးဘူး။

ဒီလိုပဲ ဘုံသုံးပါးတစ်ဝဲလည်လည်နဲ့ ဆုံလည်သောန္တား ရဟတ်ခြားကဲ့သို့ ဒီလိုပဲ မရပ်မနား လည်အုံးမှာပဲ။ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါဘာပြုလို့၊ အဝိဇ္ဇာကြောင့် အကြောင်းခံပြီး ဖြစ်လာတဲ့ သင်္ခါရမျိုး ကြိုးစားအားထုတ်လို့ ရှင်းရှင်းပြောတော့ အဝိဇ္ဇာကြောင့် လုပ်နေတယ်ဆိုက တည်းက အဝိဇ္ဇာအကြောင်းခံပြီး လုပ်တယ်ဆိုကတည်းက ဝဋ်သုံးပါးတောင်းတနေတယ်။ မနေဘူးလား (နေပါတယ်ဆရာ)၊ ဝဋ်သုံးပါးတောင်းတလုပ်တဲ့ ကုသိုလ်မျိုးတွေ။ ဒါကြောင့်လည်း ဒီသံသရာ စက်ရဟတ်ကြီးမှာ အဆက်မပြတ်ဘဲနဲ့ တစ်ဝဲလည်လည် လည်နေရတာတဲ့။ ဒါလည်ကြောင်းကို မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတဲ့ ဝဋ္ဋကထာခေါ်တယ်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာဆိုတာ ဝဋ္ဋကထာ ခေါ်တယ်။ ဝဋ္ဋကထာဆိုတာ ဘုံသုံးပါးလည်တဲ့တရားနော် (မှန်ပါတယ်ဆရာ)၊ ဘုံသုံးပါး လည်တဲ့ တရားကို မြတ်စွာဘုရားကိုယ်တော်မြတ်က ဟောနေတာကို ဒါထွက်တဲ့တရား။ ယူလို့

http://www.dhammadownload.com

ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဘယ်နဲ့နည်းမှ မဖြစ်ဘူး (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တချို့ကလည်း နားမလည်ဘူး။

ဒါကြောင့် မနေ့ညက တို့များက ပြောသွားတယ်။ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့သင်္ခါရ (၃)မျိုး ကြိုးစားနေတော့ ဒါနကုသိုလ်တွေလုပ်၊ သီလကုသိုလ်တွေလုပ်၊ သမထကုသိုလ်တွေလုပ်၊ လုပ်စရာလည်း ဒီသုံးမျိုးရှိတာ။ မရှိဘူးလား (ဒါပါပဲဆရာ)။ ဒါအားထားနေရ၊ ဒါပဲ ကြိုးစားအားထားနေရတော့ တို့လူစုတွေ ဘယ့်နဲ့ဖြစ်နေလဲဆိုတော့ ဒီအဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ ဝဋ်သုံးပါးကို တမ်းတပြီးတော့ ပြုလုပ်နေတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ် (၃)ပါးကိုပဲ အားထားပြီးတော့ ယုံကြည် နေကြ။ ဒါဟာ အဖော်သက်သက်လုပ်နေတာ ဒါလက်ကိုင်ထားရတယ်။ ဒါအားထားရတယ်၊ ဒါမှီခိုရတယ်။ ဒီလိုကဖြစ်နေရော၊ ဖြစ်နေတော့ တတ်ကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်က ပြောတယ်။ ပဋိစ္စသမုပ္ပါဒ် သဘောသိတဲ့ပုဂ္ဂိုလ်ကပြောတယ်။ ဟဲ့ ဝဋ်သုံးပါးတောင်းတပြီးတော့ ဒီဒါနမှုတွေ ဒီသီလမှုတွေ့ ဒီသမထမှုတွေ ကုသိုလ်တွေတော့ မှန်ပါရဲ့။ ဒါပေမဲ့ ဝဋ်သုံးပါးတောင်းတပြီးတော့ လုပ်နေခြင်းကြောင့် ဝဋ်ထဲပြန်လည်မှာပဲ။ ဝဋ်သုံးပါးမှ မထွက်နိုင်ဘူး။ ဒီတော့ ဝဋ်သုံးပါးတောင်းတ နေတယ်ဆိုကတည်းက ဒီကုသိုလ်မျိုးက ဝဋ္ဋကုသိုလ်ခေါ်တယ်။ ဝဋ္ဋပါဒကကုသိုလ်ခေါ်တယ်။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်မျိုးတွေလုပ်ခြင်းသည် အင်မတန်မှ ကြောက်စရာ ကောင်းတယ်။ ဘာပြုလို့ ဘုရားကိုယ်တော်မြတ်ကိုက ဒီကုသိုလ်မျိုး ကြိုးစားဆိုတာ မသိလို့၊ မလိမ္မာလို့၊ မိုက်မဲ တွေဝေလို့ ဟောသွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဘယ်နဲ့ဖြစ်နေ၊ နားက ရုတ်တရက် မခံနိုင်။

ဟာ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ကောင်းမှုလုပ်တာပဲ မိုက်လို့ လုပ်တယ်၊ မည်းလို့လုပ်တယ်၊ မလိမ္မာလို့လုပ်တယ်၊ တွေဝေလို့လုပ်တယ်၊ ဒီလိုဆိုတော့ ခံနိုင်ပါ့အုံးမလား (မခံနိုင်ပါဘူးဆရာ)၊ မခံသာ မခံနိုင်တယ် ဒီအဝိဇ္ဇာကြောင့် အကျိုးပြတဲ့နေရာ ဒီဒါန သီလ သမထဆိုတဲ့ ကုသိုလ်တွေ ပါမနေဘူးလား (ပါနေပါတယ်)၊ ဒါဖြင့် ဒီဒါန သီလ သမထဆိုတဲ့ ပုညာဘိသင်္ခါရတွေ လုပ်လိုက်ခဲ့သော် သင်္ခါရပစ္စယာ ဝိညာဏံဆို၊ ဒုတိယဘဝသစ်ပဋိသန္ဓေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒါမလည်ဘူးလား။ လည်သလား (လည်ပါတယ်ဆရာ)၊ ဟောလည်ကြောင်း ဟောထားတဲ့ တရား။ အဲဒီနေရာလေး မျက်စိလည်လည်သွားတတ်တယ်။ ဘာပြုလို့တုံး ကိုယ်စွဲလမ်းထားတာက မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်းပဲ တစ်နေရာတော့ ဟောထား။ ဘယ်နဲ့ဟောထား။ "ပုညံ မာ ဘိက္ခဝေ ဘာယိတ္ထ၊ ပုညံ ဘာယတော သုခံ ဘာယတိ နာမ"။ ဘိက္ခဝေ၊ ချစ်သားတို့၊ ပုညံ၊ ကုသိုလ်ကောင်းမှု အစုစုကို။ မာ ဘာယိတ္ထ၊ မကြောက်ကြပါနဲ့ ကုသိုလ်တရားများ မကြောက်ကြနဲ့။

http://www.dhammadownload.com

ချစ်သားချစ်သမီးတို့တဲ့။ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ပုည၊ ကုသိုလ်ကောင်းမှု အစုစုကို။ ဘာယတော၊ ကြောက်သောသူအား။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဘာယတိ နာမ၊ ကြောက်သည် မည်၏။ ကုသိုလ်များပြုရမှာ လုပ်ရမှာ မကြောက်ကြနဲ့ အားပေးစကား မိန့်ကြားတော်မူတယ်။ ဒီကုသိုလ် တရားကို ကြိုးစားအားထုတ်ရမှာ ကြောက်တဲ့ပုဂ္ဂိုလ်များဟာ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ကြောက်တာနဲ့တူတယ်။ ဒီလို တိုက်တွန်းတော်မူတယ် (မှန်ပါတယ်ဆရာ)၊ ဒီတရားကလည်း ထင်ရှားရှိထားတော့။

အစွဲက ဘယ့်နဲ့နာနေလဲဆိုတော့ ကုသိုလ်ကောင်းမှု မြတ်စွာဘုရားက အင်တိုက်အားတိုက် တိုက်တွန်းထားတာ ပုညကြိယဆယ်ပါးကြည့်ပါလား။ ပွားများကောင်းတဲ့တရား၊ အားထုတ်ကောင်းတဲ့ တရား၊ လုပ်ကောင်းတဲ့တရား၊ ဒီကုသိုလ်တရားမှ တို့မကြိုးစားယင် ဘာသွားအားထားမှာတုံး။ ကုသိုလ်ဆိုတဲ့တရားသည် "အနဝဇ္ဇသုခဝိပါကလက္ခဏာ-အပြစ်မရှိကောင်းသော အကျိုးကို ပေးတတ်တဲ့" လို့ ဆိုထားတာ၊ ဒီတရားတွေနဲ့ ကြိုးစားမှ ဒီတရားတွေ တို့အားထုတ်လုပ်မှ ကောင်းကျိုးချမ်းသာ အဝဝနဲ့ ပြည့်စုံမယ်။ စွဲလမ်းယုံကြည် မထားဘူးလား (ထားပါတယ်ဘုရား)၊ အဲဒီ စွဲလမ်းယုံကြည်မှုကြီးက ရှိထားတော့ကား တတ်ကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်က ဟဲ့ ဒီပုံဒီနည်းလုပ်နေလားဟ၊ ကြည့်စမ်းပါ ကုသိုလ်ဆိုတာ ကောင်းကျိုးချမ်းသာပေးတာမှန်တယ်။ ဒါပေမဲ့လို့ ဒီပုံဒီနည်းနဲ့သာ လုပ်နေရယင်ဖြင့် ဒီကုသိုလ်ဆိုတဲ့ တရားတွေ ဘယ့်နဲ့ကြိုးစားကြိုးစား၊ ဘယ့်နဲ့အားထုတ်အားထုတ် သံသရာထဲ လည်တဲ့လည်ရက်ပဲ နေမှာပဲ။ သံသရာဝဋ်တွင်းက လွတ်ကင်းမှာ မဟုတ်ဘူး။ နားလည်တဲ့လူကပြော။ အဲဒါ သဘောထဲမှာ အင်မတန် ခံပြင်းတယ်။ ဘာပြုလို့ အစွဲကနာထားတယ်၊ ယုံကြည်ချက်က အလွန်အားကောင်းးထား တယ်နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်တရားဆိုရင် လုပ်ကောင်းတယ် ကုသိုလ်တရားဆိုရင် အားထုတ်ကောင်းတယ်၊ ကုသိုလ်တရားဆိုရင် ပွားများကောင်းတယ်၊ ကုသိုလ် တရားမှန်ယင် ကြိုးစားကောင်းတယ်၊ ဒီလိုပဲ စွဲထားတယ် ဒါပေမဲ့ နှစ်လမ်းနှစ်သွယ်ပြထားတဲ့ သဘာဝတော့ ဘယ်သူမှ မသိကြဘူး။ သိသူက နည်းတယ်၊ နည်းဘူးလား (နည်းပါတယ်ဆရာ)။

ဝဋ္ဋပါဒ၊ ဝိဝဋ္ဋပါဒ သဘောအဓိပ္ပာယ် တရားကိုယ်

ဝဋ်သုံးပါး တမ်တပြီးလုပ်နေတဲ့ ဝဋ္ဋပါဒ ခေါ်ထားတဲ့ ကုသိုလ်မျိုး ဝဋ်သုံးပါးက ကျွတ်ရာ ကျွတ်ကြောင်း လွတ်ရာလွတ်ကြောင်း မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ "နဝ လောကုတ္တရာ ဓမ္မာ" လိုချင် မက်မောလို့ လုပ်တဲ့ကုသိုလ်ကတစ်မျိုး။ ဒါ ဝိဝဋ္ဋပါဒ ဒီလိုမနေဘူးလား (ဟုတ်ပါတယ် ဆရာ)၊ အဲဒီ ဝဋ္ဋပါဒနှင့် ဝိဝဋ္ဋပါဒပုဒ်ကလေးလဲပဲ နည်းနည်းလေးဉာဏ်မှီတဲ့ လူများ မှတ်ထားစမ်းပါလို့

http://www.dhammadownload.com

နားမလည်သေးတဲ့လူကို နားလည်အောင် ခွဲခြားဝေဖန်ပြီးတော့၊ ပြနိုင်သမျှလည်း ပြပေးစမ်းပါ။ အင်မတန် အကျိုးကြီးပါတယ်။ သံသရာထဲ မျက်စိလည်ပျောက်ပါတယ်နော် (မှန်ပါတယ် ဆရာ)၊ ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးလည်း အဆက်ဖြတ်ပြီးတော့ ထွက်ရပ်ပေါက်နိုင်ပါတယ်။ အင်မတန် တန်ဖိုးရှိပါတယ်။ ဒါကြောင့် သတ္တဝါများ အဘဘုရားကိုယ်တော်မြတ် မနေ့ညက ပြထားတဲ့အတိုင်း မဟာသဒ္ဓါတတ်ထားတဲ့ ကရုဏာဓာတ်ကြီး အင်မတန်ကြီးမားတယ်နော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် မင်းတို့ ငါတို့ရဲ့ အဘဘုရားကိုယ်တော်မြတ်ရဲ့ မဟာသဒ္ဓါတတ်ထားတဲ့ ကရုဏာ ဓာတ်ကြီးကို မင်းတို့ငါတို့က နည်းယူရမယ်။ ဒီကရုဏာဓာတ်ကြီးတော့ အမှီမလိုက်နိုင်သော်လည်းပဲ ထိုက်သည့်အားလျော်စွာ တို့လည်းပဲ တစ်ဖက်သားကိုတော့ဖြင့် သနားစိတ်ရှိအုံးမှပဲလို့ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သံသရာမှာ မျက်စိလည်ပျောက်ပါစေတော့၊ သာသနာကြီးနဲ့တွေ့တဲ့ ကြုံတဲ့ အခါမှာ သံသရာမှ ထောက်ရာတည်ရာ ရပါစေတော့ဆိုတဲ့၊ စိတ်ကောင်းစေတနာကောင်းလေးတွေ ထားပြီးတော့ ကွဲပြားခြားနားသွားအောင် ပြောနိုင်သမျှ ကြိုးစားပြီးတော့ ပြောစမ်းပါလို့ တစ်ဖက်သား နားရှင်းသွားရင် ကျေးဇူးလည်း အထူးတင်ပါလိမ့်မယ်။ ဟာ သံသရာမျက်စိလည်ပျောက်တော့မှာဟ၊ ငါတော့ လမ်းကောင်းလမ်းမှန်ရောက်ပြီဟဲ့၊ ဟုတ်ဘူးလားကွယ် (ဟုတ်ပါတယ်ဆရာ)၊ ကျေးဇူးလည်း တင်လိမ့်မယ်။ ကိုယ်လည်းကုသိုလ် အများကြီးဖြစ်တယ်။ ဒါကြောင့် ဝဋ္ဋပါဒခေါ်ထားတဲ့ ကုသိုလ်နှင့် ဝိဝဋ္ဋပါဒခေါ်ထားတဲ့ ကုသိုလ်နှစ်မျိုးကို သေချာလည်း မှတ်ထား ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ် ဒီလိုပဲ သုံးနေကြတာ။ ဒါပေမဲ့ ဝဋ္ဋကုသိုလ်ဆိုတာဘာခေါ်တုံး၊ ကုသိုလ်ပဲ ထားလိုက်အုံး။ ဝဋ္ဋရဲ့ အဓိပ္ပါယ် အရင်ပြော ဝဋ္ဋဆိုတာဘာခေါ်တုံး။ (ဝဋ္ဋဆိုတာ သံသရာလည်စေတတ်ပါတယ်ဆရာ)၊ ဟောဗျာ လုပ်ပြီ မနေ့ညက ငါပြောသေး သူတရားကိုယ် တရားသားလေးနဲ့ကောက်ပြ။ ဝဋ္ဋဆိုတာ တရားကိုယ် ကောက်တော့ ဘာရ။

ဝဋ္ဋန္တိ အဋ္ဌကထာဆရာက ဖွင့်ထားတယ်။ ဝဋ္ဋန္တိ ဘာတဲ့ မသိဘူး။ ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ၊ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝဋ္ဋံ နာမ၊ ဝဋ္ဋဟူသည်ကား။ တေဘူမကဝဋ္ဋံ၊ ဘုံသုံးပါး။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါက ဝဋ္ဋရဲ့ အဓိပ္ပါယ်ပြောတာ၊ ဝဋ္ဋဆိုတာ ဘုံသုံးပါး ခေါ်တယ်။ နားလည်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိပြီးလား (မှတ်မိပါပြီ)၊ ဝဋ္ဋံ ဘာပြုတယ် (ဝဋ္ဋံ) အောင်မယ် ငါက လျှောက်ချပေးရအုံးမယ်။ တေဘူမကဝဋ္ဋံ၊ ဝဋ္ဋံ နာမ၊ ဝဋ္ဋဟူသည်ကား။ တေဘူမကဝဋ္ဋံ၊ ဘုံသုံးပါး တည်း (တေဘူမကံ ဘုံသုံးပါးတည်း) မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘုံသုံးပါးသိလား (ဘုံသုံးပါး ဆိုတာ) ကျယ်ကျယ်ပြော တိုးတိုးမပြောနဲ့။ လူကြားမှာစိုးလို့ သူမပိုင်တာကျ တိုးတိုးလေး တိုးတိုးလေး ပြော။ ငါလက်ကုပ်ကုပ်ပြီးတော့ ဘုံသုံးပါး ဆိုတာ ဘာခေါ်တုံး။ ဘုံသုံးပါး ဆိုတာ (လူ့ဘုံ နတ်ဘုံ

http://www.dhammadownload.com

ဖြဟွာဘုံ)၊ အေး မင်းသိတဲ့အတိုင်းပေါ့ကွာနော်။ ဟင်းဟင်း ကာမဘုံရယ် ရူပဘုံရယ် အရူပဘုံရယ် နားလည်လား (မှန်ပါတယ်ဆရာ)၊ ခုနစောစောက ရေထားတဲ့ ဘုံသုံးဆယ်နဲ့ တစ်ပါးကို သုံးပုံပုံ လိုက်ပြန်တော့ ဘုံသုံးပါးဖြစ်သွားပြန်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကာမ (၁၁)ဘုံ၊ ရူပါဝစရ (၁၆)ဘုံ၊ အရူပ (၄)ဘုံ နားလည်လား (မှန်ပါတယ်ဆရာ)၊ ဘုံ (၃၁)ဘုံလည်းခေါ်၊ ဘုံ (၃)ပါးလည်း ခေါ်တယ်။

ဒါကြောင့် ဝဋ္ဋ ဝဋ္ဋဆိုတာ တရားကိုယ်တရားသားကောက်လို့ရှိရင် ဘာလဲဆို "ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ' လို့ ဝဋ္ဋဆိုတာ ဘုံ (၃)ပါးခေါ်တယ်။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ပြီးတော့မှ ဝဋ္ဋပါဒ ကုသိုလ်ဆိုတာ ဘာခေါ်လဲ ဟော ဝဋ္ဋပါဒကုသိုလ်ဆိုတာ အဲဒီဘုံ (၃)ပါးခေါ်ထားတဲ့။ ဝဋ္ဋကို ရပ်အောင် (တစ်နည်း) ဘုံ(၃)ပါးကို ရပ်အောင်ကြိုးစားတဲ့ကံမျိုးကိုနော် (မှန်ပါတယ်ဆရာ)၊ ဝဋ္ဋပါဒံ နာမ ဝဋ္ဋပဋိလာဘာယ ကမ္မံ။ ဝဋ္ဋပါဒံ နာမ၊ ဝဋ္ဋပါဒဟူသည်ကား။ ဝဋ္ဋပဋိလာဘာယ၊ ဝဋ်သုံးပါးကို ရအောင်။ ကမ္မံ၊ ပြုလုပ်သော ကုသိုလ်ကံ။ နားလည်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဝဋ္ဋပါဒ ကုသိုလ်ဆိုတာ ဘာခေါ်လဲလို့ ဘုံ (၃)ပါးရအောင် လုပ်တဲ့ကံတဲ့၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဘုံသုံးပါးရအောင်လုပ်တဲ့ကံဆိုတော့ ကုသိုလ်ကံရော အကုသိုလ်ကံရော နှစ်မျိုးစလုံးပါ မလာဘူးလား (ပါလာပါတယ်ဆရာ)၊ အေး ကုသိုလ်ကံရော အကုသိုလ်ကံရော နှစ်မျိုးစလုံးပါတယ်။ အဲဒီပါတဲ့ အထဲမှာ ကုသိုလ်ကံဆိုတာ ဘယ်သူတုံး။ စောစောက ဝေပြထားတဲ့ ကာမာဝစရကုသိုလ် ရူပါဝစရ ကုသိုလ် အရူပါဝစရကုသိုလ် နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ မြန်မာလို ရှင်းရှင်းပြောရင် ဒါန ကုသိုလ် သီလကုသိုလ် သမထ ကုသိုလ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊

အဲဒီ ကုသိုလ်မျိုးကို ဒီလိုဝဋ်သုံးပါးကို တမ်းတပြီးတော့ ဝဋ်သုံးပါးရအောင် လုပ်တဲ့ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်မျိုးသည် အခုပြတဲ့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ပါပဲလို့။ အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရသုံးမျိုးခေါ်၏။ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ကုသိုလ်တွေဖြစ်မနေဘူးလား (ဖြစ်နေပါ တယ်ဆရာ)၊ ဒီတော့ အဝိဇ္ဇာကြောင့်ဆိုတော့ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ ကုသိုလ်သုံးမျိုးဆိုကတည်းက မသိလို့လုပ်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မသိလို့လုပ်တာရယ်၊ မလိမ္မာလို့ လုပ်တာရယ်၊ မိုက်လို့လုပ်တာရယ်၊ မည်းလို့လုပ်တာရယ် ထူးသေးသလားဟ (မထူးပါဘူးဆရာ)၊ အဝိဇ္ဇာကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ သေသေချာချာ အတ္တနောမတိ နဲ့ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ကုသိုလ်သုံးမျိုး ကြိုးစားတာ မသိလို့ လုပ်တယ်၊ မိုက်လို့လုပ်တယ်၊ မလိမ္မာလို့ လုပ်တယ် ဒီလို ပြောသွားတယ်။ ဒါအတ္တနောမတိ နဲ့ ပြောသွားတာပါ။ ဒီလိုပြောလိမ့်မယ် မြတ်စွာဘုရားကိုယ်တော်မြတ်ကိုက ဒီနေရာ ဗာလသဒ္ဒါနဲ့ သုံးသွားပါတယ်။ လူမိုက်နော် (မှန်ပါတယ်ဆရာ)၊ မိုက်လို့လုပ်တယ် လူမိုက်များလုပ်တယ်

http://www.dhammadownload.com

ဆိုတဲ့ အဓိပ္ပါယ် ရက်ရက်စက်စက် သုံးသွား။ အဲဒီလို သုံးတာကိုပဲ တစ်ချို့က မချိအောင် နာတယ်။ သူတို့က ဒါအားကိုးနေတာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ မချိအောင် နာတယ်။

သူတို့အသိဉာဏ်ကလည်း ဒါပဲရှိ။ ဒါကြောင့် နားလည်တဲ့ပုဂ္ဂိုလ်က သနားလို့ သာသနာနဲ့ တွေ့တဲ့ကြုံတဲ့အခါမှာ မိမိပြုနေကြကုသိုလ်လေးကိုပဲ သံသရာဝဋ်က ကျွတ်ရာကျွတ်ကြောင်း လွတ်ရာလွတ်ကြောင်းအနေအားဖြင့် ပြုတတ်ပါစေလို့ စေတနာကောင်းနဲ့ ထားပြီးတော့ ညွှန်ကြားပေတဲ့ စစ်စစ်ထိအောင် မခံနိုင်ဘူး။ မချိအောင် နာတယ် ဒီစကားကြားရင်၊ အဲဒါကြောင့် အသံကြားလိုက်ရင် အကျိုးလား အပြစ်လား မဝေဖန်ဘူး၊ မှန်သလား မှားသလား မဝေဖန်ဘူး။ ရန်ထောင်တာကအရင်၊ ဒေါသမျက်မာန်ညိုးတာကအရင်ကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ဝေဖန်ပေ့။ ဘယ်လိုဟော ပြန်ပေ့၊ ဘယ်လိုပြောပြန်ပေ့၊ ဒါဟောတဲ့ ပြောတဲ့ပုဂ္ဂိုလ် အပြစ်တင်စရာ မလိုဘူး။ အမှန်က မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွား “အဝိဇ္ဇာပစ္စယာ သင်္ခါရာ” - အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရသုံးမျိုးသုံးစားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ သင်္ခါရာသုံးမျိုးသုံးစားထဲမှာ ပုညာဘိသင်္ခါရ။ ဘယ်သူတုံးဟ ဒါနသီလ (မှန်ပါတယ် ဆရာ)၊ ဒါနသီလ သမထ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အခုလုပ်နေတဲ့ကုသိုလ်မျိုးတွေ ပေ့နော် (မှန်ပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ် ဟောပါလာပြီ တိုက်ရိုက် ဒီပဋိစ္စသမုပ္ပါဒ်လည်တတ်တယ်ဆိုတဲ့ လည်ပုံလည်နည်းပြနေတဲ့ တရားထဲ သေချာပါနေ။ ဒါပဋိစ္စသမုပ္ပါဒ် ထွက်နည်းပြတဲ့ တရားမဟုတ် ပါဘူးတဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဝဋ္ဋကထာခေါ်ပါတယ်တဲ့၊ ဝဋ်သုံးပါးကို လည်တတ်တဲ့ တရားကြီးတဲ့ ဒီတော့ စဉ်းစားစမ်းကွာ မိုက်လို့ လုပ်တယ်၊ မလိမ္မာလို့ လုပ်တယ်ဆိုတာ ခံပြင်းစရာလား၊ ပြောတယ် မဟုတ်ဘူးလားဆိုတော့ ဟုတ်ရာက ဟိုဘက်လွန်ထွက်နေ။

သံသရာလည်အောင်လုပ်နေတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သံသရာလည်အောင် လုပ်နေတာ ကိုယ်မီးကိုယ်မွှေးနေကြတာ။ ကိုယ့်ကျင်းကိုယ်တူးနေကြတာ၊ အမှန်က မသိလို့ မသိလို့ ဒါကြောင့် ဒီနေရာမှာ ဒီ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ - အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏” ဆိုတဲ့နေရာမှာ ဒီစေတနာ သုံးမျိုးပဲ။ တို့လူစုတွေ ဒါပဲအားထုတ်နေ အကုသိုလ်လုပ်တဲ့သူကလုပ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်လုပ်တဲ့သူကလည်း မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အေး အဲဒါ အဝိဇ္ဇာအကြောင်းခံပြီးတော့ လုပ်နေတဲ့ လုပ်ငန်းချည်းပဲ ဆိုတာတွက်ထားနော် (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် အဝိဇ္ဇာအကြောင်းခံပြီးတော့ လုပ်နေတဲ့ လုပ်ငန်းတွေဆိုကတည်းက မသိလို့ မဟုတ်ဘူးလား (မသိလို့ပါဆရာ)၊ မလိမ္မာလို့ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မိုက်လို့

http://www.dhammadownload.com

မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါတို့များက ဟောတာလား၊ (ဘုရားက ဟောတာပါဆရာ)၊ အေး - ဘုရားကိုယ်တော်မြတ်က ဟောသွားတယ်။ တိုက်ရိုက်သေချာကြည့် လည်မယ် လည်မယ်တဲ့ သံသရာ စက်ရဟတ်ကြီး လည်ကြောင်းပြနေတဲ့ တရားတဲ့။ ရိပ်စားမိရဲ့လား (ရိပ်စားမိပါတယ်ဆရာ)၊ အေး. . . အဲဒါ ဒီအခန်းလေးက ရိပ်စားမိဖို့ အလွန်ခဲယဉ်းတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ

အတ္ထဂမ္ဘီရ ဓမ္မဂမ္ဘီရ ဒေသနာဂမ္ဘီရ ပဋိဝေဓဂမ္ဘီရ နက်နဲခြင်း၊ ခက်ခဲခြင်း လေးပါးကို မြတ်စွာဘုရားကိုယ်တော်မြတ် ထုတ်နုတ်ပြီးတော့ ဟောကြားတော်မူထားတာ သေချာကြည့်။ အတ္ထဂမ္ဘီရ၊ အကျိုးတရားရဲ့ နက်နဲခြင်း။ ဓမ္မဂမ္ဘီရ၊ အကြောင်းတရားရဲ့နက်နဲခြင်း၊ အကျိုးတရားနဲ့ အကြောင်းတရား အဝိဇ္ဇာဆိုတဲ့ အကြောင်းတရားရဲ့ အဓိပ္ပါယတ္ထပြတ်ပြတ်သားသား နားလည်ဖို့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ ခက်တယ်။ ဒါအကြောင်းတရား၊ တစ်ခါ အဝိဇ္ဇာကြောင့် ဖြစ်လာတယ်ဆိုတဲ့ အကျိုးတရားတည်းဟူသော သင်္ခါရတရားတွေရဲ့ အဓိပ္ပါယတ္ထ နားလည်ဖို့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အေး ဒါကြောင့် နက်နဲတဲ့ခက်ခဲတဲ့ ဒေသနာဖြစ်တယ်။ ဘယ်လိုခက်ခဲလဲ၊ ဘယ်လိုနက်နဲလဲ ဆိုတော့ စဉ်းစားကြည့်ကွယ်။ အခုနစောစောက ပြောသလို ဝဋ်သုံးပါးတမ်းတပြီးတော့ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်ကိုပဲ လက်ကိုင်ထားပြီးတော့၊ အားကိုးနေတဲ့ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ဟောဒီတရားချပြော လက်မခံတဲ့အပြင် ရန်ထောင်နေ၊ ရန်မူတယ် ရန်သူထင်တယ်။ မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ဒါဖြင့် "တန္တာကုလကဇာတာ" လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဥပမာသုံးရပ်နဲ့ ဟောသွားတယ်။ ချစ်သားအာနန္ဒာ ဒီပုထုဇဉ်သတ္တဝါများသည် ငါဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ ရှုပ်ရှုပ်ယှက်ယှက် အရှင်းခက်လှချည်ရဲ့ဆိုတဲ့ ယက်ကန်းထွေးချည်ခင်ထွေးလို အထွေးကြီးထွေးကုန်ကြပြီတဲ့။ မနေဘူးလား (နေပါတယ်ဆရာ)၊ အခုပဲ လိမ်ကုန်ပေါ့၊ လိမ်နေပေါ့။ မထွင်တတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊

ဘာမထွင်တတ်။ အဝိဇ္ဇာကြောင့် ဖြစ်လာတယ်ဆိုတဲ့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ ဗမာလို ပြောယင် အဝိဇ္ဇာကြောင့် အကြောင်းခံပြီးဖြစ်လာတဲ့ ကုသိုလ်နဲ့ အကုသိုလ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်နဲ့အကုသိုလ် သူ့အကြောင်းခံလာတဲ့ အဝိဇ္ဇာဓာတ်ကမှ ယထာဘူတ ဉာဏ်သိတတ်တဲ့ တရားကလည်းမဟုတ်၊ မှန်ကန်တိကျတဲ့တရားကလည်းမဟုတ်။ ဓာတ်ဆိုးဓာတ်ယုတ်ကြီးက ပေါက်ဖွားလာတယ်။ နောက်နားက သင်္ခါရဟာ အကုသိုလ်သင်္ခါရဖြစ်ဖြစ် ကုသိုလ်သင်္ခါရဖြစ်ဖြစ် ကောင်းနိုင်စရာအကြောင်းရှိရဲ့လား။ ရှိပဲ့မလား (မရှိပါဘူးဆရာ)၊ မရှိနိုင်ဘူး။ သံသရာဝဋ်ကိုလည်စေတတ်တဲ့ သတ္တိလည်း သူရှိတယ် မဟုတ်လား၊ (ရှိပါတယ်ဆရာ)။ ဒါကြောင့်

http://www.dhammadownload.com

သူ့နောက်နားက သွားလိမ့်မယ်၊ "သင်္ခါရပစ္စယာ ဝိညာဏံ"လို့။ အဲဒီ ကုသိုလ်သင်္ခါရ အကုသိုလ် သင်္ခါရသာ လုပ်လိုက်ရင်ဖြင့် သူ့နောက်နားက ဒုတိယဘဝ ပဋိသန္ဓေက တန်းလို့ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ" လို့ နောက်နားကပ်ရက်သား၊ လည်ပုံလည်နည်း ဒီလိုဆိုကတည်းက လည်သွားပြီဆိုတာ မှတ်ထားသွားပြီ။ "သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။" အာသဝ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် ရပ်ရသေးလား (ရပ်လို့ မရပါဘူးဆရာ)၊ ရပ်လို့ မရဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ အစအဆုံးလည်း ရှာမရဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒီလိုပဲ သွားမှာပဲ။

အဲဒီနေရာလေးမှာ မိမိတို့ဉာဏ်ထဲမှာ လက်ခံနိုင်လောက်အောင် ရှင်းသွားဖို့ အင်မတန် အရေးကြီးတယ်။ လက်စသတ်တော့ ငါတို့သူ ငါလုပ်နေကြတဲ့ ကုသိုလ်ဆိုတဲ့ တရားတွေက၊ လုပ်ပုံလုပ်နည်းက၊ ရည်ရွယ်ချက်တွေက ဘယ်နဲ့ဖြစ်နေ၊ ဘဝကောင်းရာ ငါကောင်းရာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဘဝကောင်းရာ ငါကောင်းရာဆိုကတည်းက၊ ဒီကုသိုလ်သင်္ခါရကြီးက၊ အမှန်က အဝိဇ္ဇာကြောင့် ဖြစ်နေတဲ့ သင်္ခါရပဲလို့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ထင်ရှားတယ်။ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ အကျိုးတရားချည်းပဲလို့၊ အဲဒီ သင်္ခါရမျိုးသာ ကြိုးစားနေရင်ဖြင့် တို့ ဒီဘဝကသေ ဒုတိယဘဝ ဝိညာဏ်ဖြစ်မှာ အမှန်ပဲ။ ဝိညာဏ်က ပဋိသန္ဓေဝိညာဏ်ကောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ" လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဟော့-ချစ်သား ချစ်သမီးတို့ "အာယူဟန ကံနှစ်ဝ"ဆိုတဲ့တရား အင်မတန်ကြောက်စရာကောင်းတယ်။ ဘယဉာဏ်တုန်းက ပြခဲ့ပေါ့။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အာယူဟနဆိုတာ ဘာတုံး (ကုသိုလ်ကံ အကုသိုလ်ကံပါဆရာ)၊ အာယူဟနဆိုတာ အားထုတ်ခြင်းခေါ်တယ်၊ (ဟုတ်ပါတယ် ဆရာ)။ ချစ်သားတို့ ချစ်သမီးတို့ အားထုတ်နေတဲ့ အာယူဟနခေါ်ထားတဲ့ ကံတရားနှစ်ပါးဟာ အင်မတန်ကြောက်စရာကောင်းတယ်တဲ့ မပြောဘူးလား (ပြောပါတယ်ဆရာ)။

"အာယူဟနန္တိ အာယတိံ ပဋိသန္ဓိဟေတုဘူတံ ကမ္မံ" သေသေချာချာ မှတ်နော်၊ ပြီးတော့ တောပြောတောင်ပြော မပြောကြနဲ့။ မှန်တဲ့လမ်းကို ပို့နေတာ ရိပ်လည်း ရိပ်စားမိကြ၊ ပါးရေ နားရေလည်းရှိကြပေါ့။ မလုပ်ရဘူးလို့ ပြောမှ မပြောဘဲ လိုင်းလေးပြောင်းကြ၊ ရည်ရွယ်ချက်ကလေး ပြောင်းကြ။ တစ်သံသရာလုံးက တို့လုပ်ပေါင်းများပြီ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဝိဇ္ဇာရဲ့

http://www.dhammadownload.com

အလိမ်ခံရပေါင်းများပြီ။ ရေတွက်လို့ မကုန်ဆုံးနိုင်ဘူး ဘဝပေါင်းများစွာ ဒီကုသိုလ်မျိုးတွေပဲ ငါတို့လုပ်လာတာ။ ဒါကြောင့်လည်း လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ ဆိုသလို စုန်ချည်ဆန်ချည်နဲ့ ရောက်ခဲ့တာပေ့ါ ရခဲ့တာပေ့ါ။ ဘာမှငြင်းစရာ မလိုဘူး။ ကိုယ့်ရာဇဝင် ကိုယ်ပြန်ကြည့်ယင် ထင်ရှားရှိတယ်။ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘာမှငြင်းနေစရာမလိုဘူး။ ဒီလိုသာ ကာမ ရူပ အရူပ ဆိုတဲ့ ဘုံသုံးပါးမှာ တစ်လည်ထဲ လည်နေတာ။

ဒီကုသိုလ်တွေကြောင့် လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝတွေ အခေါက်ပေါင်းများစွာ ရောက်သာရောက်တယ် တစ်မင်္ဂ တစ်ဖိုလ်မှ မရဘူး။ သံသရာလည်း မကျွတ်ဘူး။ ဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ ဒါဘာတုံး အခုပြောတဲ့ ဝဋ်သုံးပါး တမ်းတနေတဲ့ကုသိုလ်မျိုးတွေ လုပ်လို့တဲ့။ ဒီကုသိုလ်မျိုးကိုက အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ ကုသိုလ်မျိုးခေါ်တယ်။ ကုသိုလ်သင်္ခါရ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အခုလည်း ဒီလိုလုပ်၊ ဒီလိုပဲ လည်ဦးမယ် မဟုတ်လား (လည်အုံးမှာပါဆရာ)၊ အေး ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သား ချစ်သမီးတို့တဲ့ အာယူဟန ကံနှစ်ဝဆိုတာ အင်မတန်မှ ကြောက်စရာကောင်းတယ်။ ကံနှစ်ဝဆိုတာ ကုသိုလ်နှင့် အကုသိုလ်ကံ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ အာယူဟန ကံနှစ်ဝဆိုတာ အင်မတန်မှ ကြောက်စရာ ကောင်းတယ်တဲ့။ ဘယ်ညာဏ်ပြသွားတယ်၊ တိုက်ရိုက်၊ ဘာပြုလို့တုန်းလို့ မေးစရာရှိတယ်။ အာယူဟန ဆိုတာ ဘာသဘောကြောင် ကြောက်စရာရှိတာတုံး။ အာယူဟနဆိုတာ ဘယ်ဒင်းခေါ်တာတုံး ဆိုတော့ အာယူဟနန္တိ အာယတိံ ပဋိသန္ဓိဟေတုဘူတံ ကမ္မံ” အာယူဟနန္တိ၊ အာယူဟန ဟူသည်ကား။ (ဝါ) အားထုတ်ခြင်းဟူသည်ကား။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံနှင့်အကုသိုလ်ကံ။

ဟော ကုသိုလ်ကံလုပ်လည်းပဲ ပဋိသန္ဓေဖြစ်မှာ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အကုသိုလ်လုပ်လည်း ပဋိသန္ဓေဖြစ်မယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ထူးသေးရဲ့လား ဟ (မထူးပါဘူးဆရာ)၊ ပဋိသန္ဓေဖြစ်စေခြင်းတော့ တူတယ်မဟုတ်လား (တူပါတယ်ဆရာ)၊ ဒါဖြင့် ဒုတိယဘဝ ပဋိသန္ဓေဖြစ်အောင် ဖန်တီးနေတယ်ဆိုတဲ့ သံသရာမလည်စေဘူးလား (လည်ပါတယ်ဆရာ)၊ ဒီစက်ရဟတ်ကြီးအတိုင်း တစ်ပတ်ပတ်နဲ့ လည်မနေဘူးလား (လည်ပါတယ်ဆရာ)၊ ပဋိသန္ဓေ အသစ်အသစ်ဖြစ်အောင် ကြိုးစားနေတဲ့ အလုပ်တွေတဲ့ ဒီလိုဆိုတော့ ကြောက်စရာမကောင်းဘူးလားဟ (ကြောက်စရာကောင်းပါတယ်)၊ ဒါကြောင့် ပဋိသန္ဓေဆိုတဲ့ ဇာတိလေးရလာဆိုမှဖြင့် ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အစရှိတဲ့ (၁၁) ပါးသော မီးတွေကလောင်။ ခန္ဓာကောင်ကြီး တဟုန်းဟုန်း တဟည်းဟည်းနဲ့ အလောင်ရပ်ရဲ့လား (မရပါဘူးဆရာ)၊ ဒါကြောင် သံသရာ စက်

http://www.dhammadownload.com

ရဟတ်မှ အဆက်မပြတ် တစ်ပတ်ပတ်နဲ့လည်လို့ လည်နေရတယ်ဆိုတာများ ချမ်းသာတယ် မထင်ကြနဲ့။

အခုတော့ အထင်အမြင်က လွဲနေတော့ လူ့ဘဝ လူရယ်လို့ လာဖြစ်တယ်ဆိုရင်ပဲ အင်မတန်မှ ဆင်းရဲကလူနဲ့၊ ပင်ပန်းကြီးစွာ ရှာဖွေစားနေရတာ လူ့ဘဝငြီးငွေ့တယ်။ မြန်မြန် သေတာ အေးပါတယ်ဟာ။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အကြံအဖန်လည်းမတည့်၊ ဝတ်ရမဲ့ စားရမဲ့ဖြစ်၊ နေရမဲ့ ထိုင်ရမဲ့ ဖြစ်နေ။ ဒီလောက်တောင် ကသီလင်တနဲ့ နေရတဲ့ဘဝဆိုးမျိုးတော့ ငါမလိုချင်တော့ဘူး။ သေတာ အေးတယ်။ စိတ်ညစ်ရှာတယ်။ ဒီကျတော့ လူ့ဘဝ တယ်မလိုချင်ဘူးပေါ့နော် (မှန်ပါတယ်ဆရာ)၊ နည်းနည်းလေး ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်၊ တင့်တောင့်တင့်တယ်လေး နေရထိုင်ရယင်ပဲ ဒီဘဝမျိုးဆက်ဖြစ်ချင်ပေါ့။ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒီလိုများ နေရတယ်ကောင်း၊ လူ့ဘဝများ ဖြစ်ရတာများ တယ်တန်ဖိုးရှိ တယ်ပျော်၊ နောက်ဘဝလည်း ဒီလိုပဲ ဖြစ်ချင်တယ်တဲ့။ ပေါ်လာပြီ စိတ်ခေတ်ကလေးတွေ၊ အကြံကလေးတွေနော် (ဟုတ်ပါတယ်ဆရာ)။

တကယ့်ကိုပဲ ကျိကျိတက် ချမ်းသာလာတယ်ဆိုတော့၊ သူဌေးသူကြွယ်ကျတော့ ပြောစရာမရှိဘူး။ သေမှာကိုစိုးနေ၊ ကိုယ့်စည်းစိမ်ကလေး ပြုတ်သွားမှာကို တယ်စိုးတယ်ကိုးကွ။ စည်းစိမ်လေးထားခဲ့ရမှာနော် (ဟုတ်ပါတယ်ဆရာ)၊ မသေချင်ဘူး။ မသေနိုင်တဲ့နည်းနံတွေက အများကြီးရှာတယ်။ ဘယ်ဆေးစား ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ ကင်းသတဲ့။ ဘယ်ဆေးစားရင် အသက်ရှည်သတဲ့၊ ဘယ်ဆေးစား ဆံမဖြူ သွားမကျိုးဘူးတဲ့။ အရေမတွန့်ဘူး၊ မျက်စိမမှုန်ဘူး၊ ခါးမကိုင်းဘူးနော် (မှန်ပါတယ်ဆရာ)။ ရှာလိုက် ဖွေလိုက်တာ သေဘေးကြောက်လွန်းလို့။ ဘာပြုလို့၊ သူက ကျိကျိတက် ချမ်းသာထားတော့၊ သူ့စည်းစိမ်လေးနဲ့ကွာသွားမှာ အလွန်စိုးနေ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဘယ်လောက်မိုက်သလဲဆိုတာ သေချာကြည့်၊ လူ့စည်းစိမ်လေးဟာ သူစကြဝတေးမန္ဓာတ်လည်း မဟုတ်သေးပါဘူး။ ကျိကျိတက် ချမ်းသာတဲ့သူဌေးသူကြွယ်လေး ရှိပါသေးတယ်။

ဒါတောင် မက်မောလိုက်တာလို့ သူမသိလို့၊ သူ ဟိုအထက်အထက် ဗြဟ္မာဘုံတုန်းက ဗြဟ္မာကြီးဖြစ်စဉ်ကာလ ဗြဟ္မာစည်းစိမ်နဲ့ နှိုင်းစာလို့ရှိရင် ဒီစည်းစိမ်က ပြောပလောက်တဲ့ စည်းစိမ်မဟုတ်ပါဘူးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် ဗြဟ္မာ့ဘဝတုန်းက ရလာတဲ့ဗြဟ္မာစည်းစိမ်ကြီးတွေ စွန့်ပစ်ခဲ့တာတောင် သူအမှတ်ရသေးရဲ့လား (မရတော့ပါဘူးဆရာ)။ ဘယ်အမှတ်ရ သူမှမသိပဲ။ ငါရောက်ဖူးတယ်ဆိုတာကို သူနားမလည်ဘူး လည်လား (မလည်ပါဘူးဆရာ)၊ မလည်ဘူး။ ဒီအောက်တစ်ဆင့်ဆင်းလာပြန်တော့လည်းပဲ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းစည်းစိမ် တရှိန်ရှိန်နဲ့ ခံစားစံစားလာလိုက်တာ၊ သိကြားမင်းစည်းစိမ်နှင့် ခုရထားတဲ့စည်းစိမ်နဲ့စာလို့ရှိရင် မကွာဘူးလားကွာ (ကွာပါတယ်

http://www.dhammadownload.com

ဆရာ)၊ အင်မတန်ကွာတယ်။ အဲဒီလို အင်မတန်မွန်မြတ်တဲ့ သိကြားမင်းစည်းစိမ်ကြီးများ စွန့်လွှတ်ပြီး ထားခဲ့ရတာ ပြန်တွေးကြည့်၊ ဒါတောင်သူမတွေးတတ်ဘူး နော် (ဟုတ်ပါတယ်ဆရာ) လက်ရှိစည်းစိမ် လေးတော့ မက်မက်မောမော လို့၊ ဒီတော့ ဘာဖြစ်သလဲဆိုတော့ အခုချမ်းချမ်းသာသာ နေလိုက်ရယင် လူ့ဘဝချမ်းသာလှချည်ရဲ့ ၊ တယ်နေလို့ကောင်း ထိုင်လို့ကောင်း။ နောက်ဘဝလည်း ဒီလိုပဲ ချမ်းချမ်း သာသာနဲ့ ဒီဘဝမျိုး ရချင်စမ်းပါဘိ ဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်လို့ပေါ့ကွ။ ဒါနသီလဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်ပလားဆိုမှဖြင့် တောင်းလိုက်တဲ့ဆုတွေ စုံလို့။ ခုဘဝရထားတဲ့ စည်းစိမ်နဲ့ ဆယ်ပုံမကသာသေးတယ်။ လိုလေးသေး မရှိဘူး၊ တောင်းထားတာ မတောင်းဘူးလား (တောင်းပါ တယ်ဆရာ)၊ အဲဒါဘဝနှစ်သက်တဲ့ သဘောတွေ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် "သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရာဘတိ" ကိုယ်တော်မြတ် ဟောသွားတာ သေချာကြည့်နော်။ သဘောသိအောင်ကြည့်။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဆင်းရဲကြီးကို။ သုခသညာယ၊ သုခဟူသော အမှတ်ဖြင့်။ ဂဟေတွာ၊ ယူ၍။ ခုနလူစားပဲ သူ့မှာ နေသာစားသာလေး ရှိလာရင်ပဲ လူ့ဘဝကောင်းလိုက်တာ။ သံသရာဆင်းရဲကြီး သုခမှတ်မနေဘူးလား (မှတ်နေပါတယ်ဆရာ)၊ အေး အဲဒီလို သံသရာဒုက္ခကြီးကို သုခမှတ်တဲ့ လူစားသာလျှင် ထိုသံသရာဝဋ်ဆင်းရဲကြီး အကြောင်းဖြစ်၍ဖြစ်သော သင်္ခါရသုံးမျိုးကို ကြိုးစား တာပါတဲ့၊ တိုက်ရိုက်မမှန်ဘူးလား။ မှန်လား (မှန်ပါတယ် ဆရာ)၊

အခုလုပ်နေတဲ့လူတွေ သေချာကြည့်၊ မှန်လိုက်တာမှလွန်လို့၊ အင်မတန်မှန် လုပ်ပုံ လုပ်ပုံ။ ဒါကြောင့် ဆရာကောင်းသမားကောင်းများ ညွှန်ပြ ဩဝါဒပေးတာကို ယုံယုံကြည်ကြည် နှစ်နှစ် ခြိုက်ခြိုက် နာယူမှတ်သားကြပါ။ သံသရာဝဋ်တွင်းက လွတ်ကင်းအောင် ကြိုးစားကြပါ။ လုပ်တော့လည်း ဒီကုသိုလ် ဒီကုသိုလ်ပါပဲလို့၊ ဒါပေမဲ့ ရည်ရွယ်ချက်နဲ့ လိုင်းလေးပြောင်းပေးကြနော် (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက်နဲ့ လိုင်းလေးပြောင်းပေးကြ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံးရရပါလို၏။ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံး ရရပါလို၏ဆိုတဲ့ ဆန္ဒဓာတ်ပြင်းပြင်းလေးနဲ့ တင်းတင်းလေးတောင်းတဲ့ လူကျတော့ ဝဋ်သုံးပါးက ထွက်မြောက်အောင် လုပ်တဲ့ကုသိုလ်မျိုးတဲ့။ ဒါကျတော့ ဝိဝဋ္ဋပါဒ ကုသိုလ်မျိုးခေါ်တယ် နော် (ဟုတ်ပါတယ်ဆရာ)၊ ဝိဝဋ္ဋ ဆိုတာ ဘာခေါ်တုံး၊ "ဝိဝဋ္ဋန္တိ နဝ လောကုတ္တရာ ဓမ္မာ"၊ ဝိဝဋ္ဋံ နာမ၊ ဝိဝဋ္ဋဟူသည်ကား။ နဝ လောကုတ္တရာ ဓမ္မာ၊ လောကုတ္တရာတရားကိုးပါး။ နား လည်လား (နားလည် ပါတယ်ဆရာ)၊ ဝိဝဋ္ဋဆိုတာ ဘာတုံး (ဝိဝဋ္ဋဆိုတာ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပါဆရာ)၊ အေးဟုတ်ပြီ။ ကိုးပါးသော လောကုတ္တရာနော် (မှန်ပါတယ်ဆရာ)၊ လောကုတ္တရာ

http://www.dhammadownload.com

ကိုးပါး ခေါ်၏။ ပြီးတော့မှ အဲဒီ ဝိဝဋ္ဋရဲ့ တရားကိုယ်ကောက်ပြီးကာမှ ဝိဝဋ္ဋပါဒကုသိုလ်ဆိုတာ ဘာခေါ်လဲလို့ "ဝိဝဋ္ဋပါဒံ နာမ ဝိဝဋ္ဋပဋိလာဘာယ ကမ္မံ။ ဝိဝဋ္ဋပါဒံ နာမ၊ ဝိဝဋ္ဋဟူသည်ကား။ ဝိဝဋ္ဋပဋိလာဘာယ၊ ကိုးပါးသော လောကုတ္တရာတရားကို (ဝါ) မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ချမ်းသာကို။ ရအောင်။ ကမ္မံ၊ ပြုလုပ်သောကံ။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊

အဲဒီလို လုပ်ပါလို့ ဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ ဒီတော့ ပြောလိမ့်မယ် တစ်ချို့ ကလည်း ကြောင့်ကြမှု အများကြီးရှိတယ်ဟ။ စိုးရိမ်ကြောင့်ကြနဲ့တွေး၊ ဘယ့်နဲ့ကွာ ဒီကနေ့ ဒါန သီလ သမထကုသိုလ်ကောင်းမှုတွေလုပ် လုပ်ပြီးတော့ ဆုကတောင်းလိုက်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာလှမ်းတောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဆိုတာ နိဗ္ဗာန်ဆိုတာ ဒီဘဝသေ ဒုတိယ ဘဝရချင်မှရမှာဟ။ ဘယ်နှစ်ဘဝ သံသရာထဲ ကျင်လည်ရအုံးမှန်းလဲ မသိသေးဘူးဟ။ စိုးရိမ်တယ် စိုးရိမ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အကယ်တန္တု ဒီလိုဆုတောင်းပြီးတော့ ဒီဘဝက ပြန်းကနဲ သေသွား၊ ဒုတိယဘဝ တတိယဘဝဆိုသလိုပေါ့ကွယ်။ ဟိုဘဝ ဒီဘဝ နိဗ္ဗာန်လည်းမရောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း မရောက်ဘဲနဲ့ ဟောဒီ အလယ်ကြား ကိုးရိုးကားယားနဲ့ ကိုယ်လိုချင်တဲ့ ဆုတွေလည်း မတောင်းမိရက်သား ဖြစ်နေတော့၊ ခုလိုပဲ ဆင်းရဲကလူနဲ့ မျက်နှာမွဲ မျက်နှာငယ်နဲ့ ဖြစ်ရာဘဝမှာ စုတ်စုတ်ပွဲ့ပွဲ့ ဆိုတဲ့ ဆင်းတောင့်ဆင်းရဲ ဆိုတဲ့ အနေမျိုးမှာ ဖြစ်နေယင် ခက်ရချည်ရဲ့ ဒီလိုလည်း စိုးရိမ်ပြန်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် ဆုတောင်းတဲ့နေရာမှာ ယာဝ တာဝ တွေနဲ့ ထည့်တောင်းတာပေါ့ကွာ။ အကြင်ရွေ့မျှ ကာလပတ်လုံး နိဗ္ဗာန်သို့ မရောက်ရပါကုန်သေး။ ထိုရွေ့မျှ ကာလပတ်လုံး ဖြစ်လေရာ အဖြာဖြာသော ဘဝတို့၌ အောင်မာ. . . လာလိုက်တာနော် (မှန်ပါတယ်ဆရာ)၊ စိုးရိမ်တယ် စိုးရိမ်တယ်။ နိဗ္ဗာန်က အကြင်ရွေ့မျှ ကာလပတ်လုံး မရောက် သေးဘူးတဲ့။ အဲဒီမရောက်သေးတဲ့ ထိုရွေ့မျှ ကာလပတ်လုံးမှာဖြင့် သူဖြစ်ရာဘဝမှာ ဇောတိက ဇဋိလ ကာကဝဏ္ဏ မေဏ္ဍက အစရှိသော သူဌေးကြီး လေးဦးကဲ့သို့ လှျံ၍မခန်း ပေး၍မကုန်ဆိုတဲ့ ဥစ္စာအစုအပုံတွေနဲ့ ချမ်းသာတဲ့ကိုယ်ဖြစ်ရပါလို၏။ တစ်ချို့ကလည်း တောင်းတယ် ရချင်တယ်၊ တစ်ချို့ကလည်း အသံကောင်းချင်တယ်နော် (မှန်ပါတယ်ဆရာ)။ တစ်ချို့ကလည်း ပစ္စည်းပေါချင်တယ်၊ တစ်ချို့ကလည်း အခြံအရံပေါချင်တယ်၊ တစ်ချို့ ကလည်း ပညာရှိကြီး ဖြစ်ချင်တယ်။ မတောင်းဘူးလား (တောင်းပါတယ်ဆရာ)၊ အဲဒါ စိုးရိမ်တယ် စိုးရိမ်တယ်။ မှတ်ထား "နဝ လောကုတ္တရဓမ္မ" မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို လိုချင်လှချည်ရဲ့ ဆိုတဲ့ ဆန္ဒဓာတ်ပြင်းပြင်းနဲ့ တင်းတင်းကြီးလုပ်တဲ့ ကုသိုလ်မျိုး ကြီးစားတဲ့ပုဂ္ဂိုလ်က ဖြစ်ရာဘဝမှာ ဆုမတောင်းပါနဲ့။

အခုန လိုချင်တဲ့အကျိုးတွေ အလိုလို ပြည့်ဝတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ တကယ်ကျိကျိ တက်ချမ်းသာတဲ့ သူဌေးသူကြွယ်ဖြစ်နိုင်တယ်။ မြင့်မြတ်သော အမျိုးမှာ ဖြစ်ရမယ်လို့ ကျမ်းဂန်က

http://www.dhammadownload.com

တိုက်ရိုက်ပြထားတယ်။ ဘာပြုလို့ သူ မဂ္ဂပ္ပဋိပ္ပန္နပုဂ္ဂိုလ်ခေါ်တယ်တဲ့။ မဂ်လိုချင်လို့ ကျင့်တဲ့ ပုဂ္ဂိုလ်တဲ့ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မဂ်လိုချင်လို့ ကျင့်တာများ ဘယ်ကစပြီးတော့ ကိုယ်တော်မြတ် ချီးမွမ်းတော်မူသလဲဆိုရင်၊ သရဏဂုံဆောက်တည်တဲ့ ပုဂ္ဂိုလ်က စချီးမွမ်းတယ်။ ရုပ်, နာမ်, ခန္ဓာတွေ မသင်ရ၊ မကြားရသေးဘူး၊ မလေ့လာသေးဘူး၊ လက္ခဏာရေး သုံးပါးတွေ မပွားရသေးဘူး၊ ဉာဏ်စဉ် (၁၀)ပါးတွေ မတက်ရသေးဘူး။ ဒီတရားတွေကို နားမလည်ရှာသေးဘူး။ ဒါပေမဲ့လို့ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး အမြဲမပြတ် ဆည်းကပ်ကိုးကွယ်နိုင်လို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဆိုပဲ ငါကြားဖူးတယ်။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ငါလိုချင်လွန်းလို့ ငါတတ်သမျှ ငါနိုင်သမျှ ဘုရား, တရား, သံဃာရတနာမြတ်သုံးပါး ငါကြိုးစားပြီး ဆည်းကပ်မယ်ဟဲ့။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" သရဏဂုံ ဆောက်တည်ကာမျှနဲ့ မဂ္ဂပ္ပဋိပ္ပန္နပုဂ္ဂိုလ် ဖြစ်တယ်လို့ ဗမာလို ပြန်တော့ မဂ်လိုချင်လို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်တဲ့။ သူ့အကျင့်တွေ ဘာမှ မရှိသေးဘူး။ သရဏဂုံတည်ရုံ ရှိသေးနော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် မဂ္ဂပ္ပဋိပ္ပန္နပုဂ္ဂိုလ်တဲ့ ဘာပြုလို့ သူ့ရည်ရွယ်ထားတာက မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လို့ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အေး မှတ်ထား မှတ်ထား။ သရဏဂုံဆောက်တည်တာလေး ရှိသေးတယ်။ ရည်ရွယ်ချက်ချင်းကွာခြားတော့ အသားဘယ်လောက်ပါသလဲဆိုတာ အဲဒါ ကြပ်ကြပ် စဉ်းစား။ မဂ္ဂပ္ပဋိပန္နပုဂ္ဂိုလ်လို့ ဒီပုဂ္ဂိုလ်မျိုးသေလို့ရှိရင် သံသရာဘယ်တော့မှ အပါယ်မလားပါဘူးတဲ့။ အမြန်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါတယ်တဲ့ ရည်ရွယ်ချက်ခြင်းကွာခြားပုံ ပြတယ်။ ဒါကြောင့် တို့လူစုတွေ မိမိတို့ အစဉ်တစိုက် 'မိလိုက်ဖပါ' ဆိုသလို လုပ်လာကြတဲ့ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်ကောင်းမှု ခုလို လမ်းမှန်နဲ့ လမ်းမှားခွဲခြားပြီး သိတော့ လမ်းမှားပဲ လိုက်အုံးမှာလား (မလိုက်တော့ပါဘူးဆရာ)၊ မသိရင်သာ လိုက်စတမ်းကိုကွ နော် (ဟုတ်ပါတယ်ဆရာ)၊ မသိရင်သာ အမှား ကြိုက်ရမယ်။ သိလာရင် အမှန်ကြိုက်ရမှာပေါ့လို့။ ဒါဖြင့် လိုင်းလေးပြောင်းကြလို့ ဆိုလိုတဲ့စကား အဓိပ္ပါယ်က ဝဋ်သုံးပါး တမ်းတပြီးတော့ အလုပ်လုပ်မနေနဲ့၊ ဘာတွေညာတွေ တောင်းမနေနဲ့ ပျစ်ပျစ်ချွဲချွဲတွေ ဖွဲ့ဖွဲ့နွဲ့နွဲ့တွေ လုပ်မနေနဲ့နော် (မှန်ပါတယ်ဆရာ)၊ လျှာရှည်တယ်၊ ဒါတွေ တိုတိုပဲ အလုပ်လုပ်။

မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာမြတ် ရရပါလို၏၊ ရောက်ရပါလို၏ဆိုတဲ့ ဆုတောင်းနဲ့သွား။ အဋ္ဌကထာလည်း တိုက်ရိုက်ပြထားတာရှိတယ်။ အဲဒီကုသိုလ်မျိုးကြတော့ ဝိဝဋ္ဋုပါဒ ကုသိုလ်မျိုးလို့ ဒီလိုခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဝိဝဋ္ဋုပါဒကုသိုလ်မျိုးကျတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရသုံးမျိုးတို့သည်။

http://www.dhammadownload.com

သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏ ဆိုတဲ့ ဒီသင်္ခါရ သုံးမျိုးထဲ ပါသေးလား (မပါပါဘူးဆရာ)၊ မပါပါဘူး နားလည်လား (နားလည်ပါတယ်ဆရာ)။ မှတ်ထားနော်သေသေချာချာ၊ သူများမေးရင်လည်း ပြန်ပြော။ မဟုတ်တရုတ်တွေ စွပ်စွဲကဲ့ရဲ့ပြန်ယင်လည်းပဲ တို့ဆီလာရင် ရဲရဲကြီးဟောဒီ ဖမ်းထားတဲ့ကြိုး ဖွင့်ပြလိုက်။ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)၊ ဒါနဲ့ ဒါနမလုပ်ရပြန်ဘူး၊ သီလမလုပ်ရပြန်ဘူး။ ဟော - လေကုန်သောလို့ လာသေးနော် (ဟုတ်ပါတယ်ဆရာ)၊ ဘာမှ လူပါးဝတဲ့ကောင်တွေ မဟုတ်ဘူး။ အင်မတန်ယုတ်မာတဲ့ စုတ်ချာတဲ့အကောင်တွေခေါ်တယ်။ အဲဒါ ဝဋ္ဋနဲ့ ဝိဝဋ္ဋကိုပဲ ခွဲခြားပြီးတော့ အသိဉာဏ်မရှိတဲ့လူစားက ပြောတယ်။ သာသနာကြီးနေလို လလို ထွန်းနေတဲ့ကြားထဲမှာ ငါမိုက်တဲ့ မိုက်လုံးကို ဖော်ပြောတာနဲ့ အတူတူပဲနော် (မှန်ပါတယ်ဆရာ)။ ငါလူမိုက်တစ်ယောက် သေချာကြည့်၊ ဒါကြောင့် အဝိဇ္ဇာအကြောင်းခံပြီး ဖြစ်လာတဲ့သင်္ခါရ သုံးမျိုးမှာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုး ကြိုးစားနေသမျှ ကာလပတ်လုံး ကုသိုလ်ကံပဲလုပ်လုပ်၊ အကုသိုလ်ကံပဲလုပ်လုပ် "အာယူဟနဘဝံ"လို မြတ်စွာဘုရားကိုယ်တော်မြတ် ပြထားတာ ပဋိသန္ဓေ အသစ်ဖြစ်စေတတ်တဲ့ ဆိုမှဖြင့် ဒီကံဟာ ဘာကံတုံး၊ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ကံပဲ၊ လုပ်တဲ့ပုဂ္ဂိုလ် ကြည့်ပြန်တော့ စောစောကပြတဲ့ ပါဠိအတိုင်း သံသရာတည်းဟူသော ဝဋ်ဆင်းရဲကြီး သုခမှတ်ပြီး လုပ်နေတယ်လို့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)။ ဒါလိုချင်လို့ လုပ်နေ၊ အဲဒါ လူအန္ဓ လူ့ဗာလ ခေါ်တယ်။

လူမိုက်တဲ့မသိလို့လုပ်တယ်တဲ့၊ မိုက်လို့လုပ်တယ်တဲ့၊ မလိမ္မာလို့ လုပ်တယ်တဲ့၊ တွေဝေလို့ လုပ်တယ်တဲ့၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါ 'အတ္တနောမတိ' ပြောသွားတာ မဟုတ်ဘူး။ ဒါကြောင့် တို့လူစုတွေ အခုလုပ်နေတဲ့ ကုသိုလ်ကောင်းမှု အစုစုတွေ ပြန်ပြီးတော့ စာရင်းလေး ရှင်းရှင်း ရှင်းရှင်းကြည့်ကြ။ ငါဘယ်လို ရည်ရွယ်ချက်နဲ့ လုပ်နေတုံး။ ငါလုပ်တာ ခုပြောနေတဲ့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးမှာ အဆက်မပြတ် လည်မယ့် ကုသိုလ်မျိုးတွေလား (သို့မဟုတ်) ဒါပေမဲ့ ၎င်းပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို အဆက်ပြတ်မဲ့ ကုသိုလ်မျိုးလားလို့ ဒါလောက်ပြောရင် နားလည်တယ်။ နားမလည်ဘူးလား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ကိုယ်လုပ်တဲ့ အချိုးအစားတွေ ပြန်ပြီးတော့ စာရင်းရှင်းကြည့်ပေါ့လို့၊ ငါလုပ်တာ မဟုတ်သေးဘူးဟေ့၊ "သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" ဆိုတာ သွားတောမှာဟ။ ဒါဖြင့် မဖြစ်သေးဘူးဟ။ ဒါဖြင့် သံသရာစက်လည်းအုံးမှပဲ ငါပြင်အုံးမှပဲလို့ မင်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာ လိုချင်လှချည်ရဲ့ဆိုတဲ့ ဆန္ဒစေတ်ပြင်းပြင်းနဲ့ တင်းတင်းကြီးတောင်းယူနော် (မှန်ပါတယ် ဆရာ)၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ပြုရတဲ့ ဒါန သီလဆိုတဲ့ ကုသိုလ်ကောင်းမှုကတော့

http://www.dhammadownload.com

မလျှော့နဲ့။ အဲဒီလို အမှန်သိလာကာမှ၊ အမှားတွေ သိစဉ်အခါတုံးက လုပ်ထားတဲ့ ဆယ်စတန်ဖိုး တို့လုပ်ချင်တဲ့ သဒ္ဓါတရားတွေ ပေါ်လာတယ်လို့ ပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ ဘာပြုလို့ ဘုရားရှင်ဂုဏ် ကျေးဇူး လည်းသိလာပြီ၊ တရားဂုဏ်ကျေးဇူးလည်း သိလာပြီ၊ သံဃာဂုဏ်ကျေးဇူးလည်း သိလာပြီနော် (ဟုတ်ပါတယ်ဆရာ)၊ အခုမှ ငါ့အမှန် မြင်ရပေတယ်။ တစ်သံသရာလုံးက မှားချင် တိုင်းမှား၊ တစ်သံသရာလုံးက မှားချင်တိုင်း မှားလို့ ငါမှားနေတာကို ဒါမှားတယ်ဟဲ့။

ဒီလို အမှန်ရအောင် ပြင်ပေးမဲ့ပုဂ္ဂိုလ် ငါရှာမရလို့ မဆည်းကပ်ရလို့ ပြင်သူဆင်သူ မရှိတဲ့အတွက် ငါ့ဒီလိုမှားလာခဲ့ရတယ်။ ဘယ်နှစ်ဘဝ မရေမတွက်နိုင် ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ နစ်လာ လိုက်တာလို့ ဘယ်လောက်များ ကြောက်စရာကောင်းပြန်ကြည့်။ အခုတော့ သာသနာနဲ့ တွေ့တဲ့ ကြုံတဲ့ အခါမှာ ပြမယ့်သမယ့်ဆရာတွေ အင်မတန် ပေါ်နေတယ်။ ရဟန်းပညာရှိ လူပညာရှိ သိပ်ပေါ်နေတယ်။ အဲဒီလို ပေါ်နေတဲ့အခါမှာဖြင့် မှန်ရာကန်ရာ ပြင်ပေးလို့ရှိရင်ဖြင့် ငါ့ဆရာပဲ ကျေးဇူးတင်လို့ မဆုံးဘူး။ လုံးလုံးကြီး ငါမှတ်ရမယ့်လို့ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒီအချိန်အခါလေးမှာ အမှန် မတွေ့ဘူးလားဆိုမှဖြင့် သံသရာစက်မှာ ဘယ်တော့မှ အဆက်ပြတ် တော့မှာ မဟုတ်ဘူး၊ လည်အုံးမှာပဲ ဆက်ကာဆက်ကာနဲ့ လည်နေဘူးလား (လည်ပါတယ်ဆရာ)၊ ဒါကြောင့် အခုပြုနေကျအချိုးအတိုင်း မိရိုးဖလာဆိုတဲ့ အနေအားဖြင့် ဘယလာဘကုလာစာရ၊ အလုပ်တွေနဲ့လုပ်၊ ဝဋ်သုံးပါးတောင်းတပြီး လုပ်နေတဲ့ ဒါန သီလ သထမဆိုတဲ့ ကုသိုလ်တွေသာ ကြိုးစားနေမယ်ဆိုရင်ဖြင့် မိုက်လို့လုပ်တာ၊ မလိမ္မာလို့ လုပ်တာ၊ တွေဝေလို့လုပ်တာ၊ မသိလို့လုပ်တာ ဒီလိုဆိုရင် မှားပါ့မလား (မမှားပါဘူးဆရာ)။ မမှားဘူး မမှားဘူး၊ မမှားတာက မှားတယ်။ အဲဒါ ဘာမှမသိတဲ့လူကတော့ နည်းနည်းလေးမှ မခံနိုင်ရှာဘူး။

အင်မတန်ကို ဆိုးဆိုးဝါးဝါး ပြောတယ်ဆိုတယ်ထင်နေနော် (မှန်ပါတယ်ဆရာ)၊ မသိလို့ ဒါပေမဲ့ ဒီမိုက်လို့ လုပ်တယ်၊ လူမိုက်တွေလုပ်တယ်ဆိုတဲ့ စကားက ဒါတို့များက ပြောတာမဟုတ်ဘူး။ ဘုရားကိုယ်တော်မြတ်က ပြောသွားတာ။ ဒါကြောင့် အခု အဋ္ဌကထာပြထားတဲ့ ပါဠိလေး သေချာ လည်းမှတ်။ သင်တန်းအထပ်ထပ်လိုက်တဲ့ ပုဂ္ဂိုလ်များလည်း ဒီပါဠိနှုတ်ထဲရပြီးသားဖြစ်လို့ ဒါပေမဲ့ အခုတစ်ပတ် မှလိုက်တဲ့ပုဂ္ဂိုလ်များ ကြပ်ကြပ်ကြီး မှတ်ထားပါ။ ပြီးတော့ မိမိဉာဏ်နဲ့လည်း ရှင်းအောင် ဝေဖန်ပေး။

မြတ်စွာဘုရားကိုယ်တော်မြတ်က ဥပမာနဲ့ ပြသွားတယ်။ ဘယ်လိုဥပမာနဲ့ ပြသွားသလဲဆိုတော့ မှတ်နော် သေသေချာချာ၊ အမိဝမ်းတွင်းက စက္ခုနှစ်ကွင်း အလင်းမရတဲ့မျက်မမြင် သူကန်းတစ် ယောက်ဟာတဲ့ လမ်းလျှောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ လမ်းလျှောက်တော့ သာသာယာယာနဲ့

http://www.dhammadownload.com

လမ်းကောင်းလမ်းမှန်လေး တစ်ခါတစ်လေလဲ လျှောက်ရ မလျှောက်ရဘူးလား (လျှောက်ရပါတယ် ဆရာ)၊ သာသာယာယာ လမ်းကောင်းလမ်းမှန်လေး ချောချောမောမောလေး လျှောက်ရတဲ့အခါကျ မချမ်းသာဘူးလားဟ (ချမ်းသာပါတယ်ဆရာ)၊ တစ်ခါတစ်ရံတော့လည်းပဲ အင်မတန် ဆိုးဝါးကြမ်းတမ်းတဲ့ ဆူးငြောင့်ကသင်းခလုတ်အစရှိသည်အားဖြင့် ပြည့်နှက်နေတဲ့ ကျင်းချိုင့်ဆိုတဲ့ လမ်းကြီး လျှောက်တော့ မဆင်းရဲ မပင်ပန်းဘူးလား (ဆင်းရဲပင်ပန်းပါတယ်ဆရာ)၊ သူ့ကိုလည်း တုတ်ဆွဲ လမ်းပြတာ ဘယ်သူမှ မရှိဘူး နော် (ဟုတ်ပါတယ်ဆရာ)၊ တုတ်ဆွဲလမ်းပြမရှိသော အမိဝမ်းတွင်းက စက္ခုနှစ်ကွင်း အလင်းမရခဲ့တဲ့ မျက်မမြင်သည်တဲ့၊ ခရီးသွားလမ်းလျှောက်တဲ့အခါကျတော့ တစ်ခါတစ်ရံလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာနဲ့ လမ်းကောင်းလမ်းမှန်လေး လျှောက်ရတယ်တဲ့။ တခါတစ်ရံလည်း ကျင်းချိုင့်ခလုတ် ကန်သင်းဆူးငြောင့် အမျိုးမျိုးတွေ တိုးတိုက်ခိုက်လဲကွဲစူးရှ ဆင်းရဲပင်ပန်းစွာ လျှောက်ရတယ်တဲ့ ဟုတ်ရဲ့လား (ဟုတ်ပါတယ် ဆရာ)၊ ငါမေးမယ် ဒီလိုပဲ ကျင်းတွေ ချိုင့်တွေတိုး တိုက်နင်းကျော်ပြီးတော့ ဆူးငြောင့်ခလုတ်တွေ တိုက်ခိုက်ပြီးလဲလား၊ ကွဲလားနဲ့ လျှောက်တော့ ငါကမေးမယ်။ ဘာကြောင့် ဒါလောက်တောင် ဆိုးဝါးတဲ့ ကြမ်းတမ်းတဲ့ လမ်းကြီး ခင်ဗျား လျှောက်ရတုန်းဆိုတော့ ဘယ်နဲ့ပြောမလဲ (မျက်စိမမြင်လို့ပါဆရာ)၊ အေး ကျယ်ကျယ်လေးပြောပါ (မျက်စိမမြင်လို့ပါဆရာ)၊

မမြင်လို့ လျှောက်တာပေ့ါ၊ မြင်ရင်လျှောက်ပါ့မလား (မလျှောက်ပါဘူး)။ ဒါဖြင့် ကောင်းပြီ အဲဒီလမ်းဆိုးကြီးက လွတ်သွားပြန်ပြီ။ လမ်းကတစ်လျှောက်လုံး ဆိုးနေတာမဟုတ်ဘဲ ကောင်းတဲ့ အလှည့် ကောင်းတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ နောက်တစ်ခါ လမ်းကောင်းလေးတက် လျှောက်ပြန်ပြီတဲ့။ ဒီတစ်ခါတော့ ချမ်းချမ်းသာသာ၊ ငါမေးပြန်ပြီ။ အဲ-လမ်းကောင်းလမ်းမှန်လေး လျှောက်တာ ဘာပြုလို့ လျှောက်တုံးလို့ မေးတော့ ဘယ်နဲ့ပြော (မမြင်လို့ပါဆရာ)၊ အဲ ဟုတ်ပြီ။ မြင်လို့ဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ မြင်လို့လျှောက်တယ်ဆိုလို့ရှိရင် မဟုတ်နိုင်ဘူး။ ဒါလမ်းကောင်း လမ်းမှန်လျှောက်လည်း မမြင်လို့ပါ (ဟုတ်ပါတယ်ဆရာ)၊ လမ်းဆိုးလမ်းကြမ်း လျှောက်တော့လည်း မမြင်လို့ပေါ့ (ဟုတ်ပါတယ်ဆရာ)၊

မှတ်ထားနော် ဒီဥပမာလေး။ ဒါကြောင့် -

ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိဏာယကော။

ကေဒါ ယာတိ မဂ္ဂေန၊ ကေဒါ ဥမဂ္ဂေနာပိ ကေဒါ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၄၂)

အပရိဏာယကော၊ တုတ်ဆွဲလမ်းပြ ဘယ်သူမှ မရှိသော။ ဇစ္စန္ဓော၊ အမိဝမ်းတွင်းက စက္ခုနှစ်ကွင်း အလင်းမရခဲ့သော မျက်မမြင်သော။ နရော၊ လူသည်။ ကေဒါ။ တစ်ခါတစ်ရံ။ မဂ္ဂေန၊ ဖြောင့်ဖြောင့်

http://www.dhammadownload.com

တန်းတန်း ကောင်းသောလမ်းဖြင့်။ ယာကိ အပိ နာမ ယထာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ သွားသကဲ့သို့လည်းကောင်း။ ကေဒါ။ တစ်ရံတစ်ခါ။ ဥမဂ္ဂေန၊ ကွေ့ကောက်ကြမ်းတမ်း ဆိုးဝါးသော လမ်းဖြင့်။ ယာတိ အပိ နာမ ယထာ၊ မချမ်းမသာ သွားလာရသကဲ့သို့လည်းကောင်း။

ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ကိုင်း အမိဝမ်းတွင်းထဲမှာ စက္ခုနှစ်ကွင်း အလင်းမရပါဘူး ဆိုမှဖြင့် ကွေ့ကောက်ကြမ်းတမ်း အင်မတန်ဆိုးဝါးတဲ့ လမ်းလျှောက်တုန်းလည်း ကျုပ်မမြင်လို့ လျှောက်မိပါတယ်။ လျှောက်ရပါတယ်။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ကောင်းတဲ့လမ်းလေး လျှောက်ပြန်လည်း ကျုပ်မမြင်လို့ လျှောက်ရပါတယ်။ ဒီအဖြေထွက်မှာ မဟုတ်လား (ဒီအဖြေထွက်မှာပဲ)၊ မှတ်ထား မှတ်ထား။ မကောင်းတဲ့ လမ်းလျှောက်တုန်းကတော့ မမြင်လို့ပါခင်ဗျာ။ ကောင်းတဲ့လမ်း လျှောက်တော့ မြင်လို့ပါခင်ဗျာဆိုရင် ဆီလျော်ပါ့မလားဟ (မဆီလျော်ပါဘူးဆရာ)၊ မှန်စရာ အကြောင်းလည်း မရှိဘူး။ ဒါကြောင့် ကောင်းတဲ့လမ်းလျှောက်လဲ မမြင်လို့ လျှောက်တာပဲ၊ မကောင်းတဲ့ လမ်းလျှောက်လည်း မမြင်လို့လျှောက်တာပဲနော် (မှန်ပါတယ်ဆရာ)၊ သူတုတ်ဆွဲ လမ်းပြမရှိဘူးတဲ့ "အပရိဏာယကော"၊ ပရိဏာယက ဆိုတဲ့ ညွှန်ပြမယ့်ပုဂ္ဂိုလ် မပါဘူးတဲ့။ တုတ်ဆွဲမယ့်လူလဲ မရှိဘူး၊ လမ်းပြမယ့် လူလည်းမရှိဘူး၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ သူထင်ရာသူသွား။ ဒါကြောင့်

သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။

ကရောတိ ကေဒါ ပုညံ၊ အပုညမပိ ကေဒါ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၄၂)

သေချာကြည့်။ အခုန ပြောတာ ဥပမာနော် (မှန်ပါတယ်ဆရာ)၊ ဥပမေယျနဲ့ တစ်ခါပြန်တင်လိုက်။ တထာ၊ ထိုဝမ်းတွင်း မျက်မမြင် သူကန်းအသွင်နှင့်အတူတဲ့။ အပရိဏာယကော၊ နိဗ္ဗာန်လမ်းပြ ဘယ်သူမှ မရှိသော (ဝါ) မဂ်ဉာဏ် လမ်းပြ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် လမ်းပြ၊ ဘယ်သူမှ မရှိသော ဆရာမရှိဘူးသော ဆိုလိုတယ်။ သံသာရေ၊ သံသရာ၌။ သံသရံ သံသရန္တော၊ ကျင်လည်ပြေးသွား ကျက်စား၍နေရသော။ ဗာလော၊ အန္ဓပုထုဇဉ်သူမိုက်သည်။ ဗာလာသဒ္ဒါနှင့် သုံးထားတာ နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဗာလဆိုတာ ဘာခေါ်တုံး (လူမိုက်ပါဆရာ)၊ အေး-လူမိုက် လူလိမ္မာ ဟောလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ မှတ်ထားနော်။ ကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာ။ ဗာလသဒ္ဒါနှင့် သုံးထားတာ သေချာကြည့်။

အပရိဏာယကော၊ နိဗ္ဗာန်လမ်းပြ ဘယ်သူမှ မရှိထသော။ သံသာရေ၊ သံသရာ၌။ သံသရံ သံသရန္တော၊ ကျင်လည်ပြေးသွား ကျက်စား၍ နေရသော။ ဗာလော၊ လူမိုက်သည် (မှန်ပါတယ်ဆရာ)။ ကေဒါ၊ တစ်ခါတစ်ရံ။ ပုညံ၊ ကုသိုလ်ကောင်းမှု သင်္ခါရစုတို့ကို။ ကရောတိ၊ အတ္တဒိဋ္ဌိ ရင်ခွင်မှာ ပိုက်၍ အလိုက်သိစွာ နှစ်နှစ်ခြိုက်ခြိုက် ပြုလိုက်ပေတော့၏။

http://www.dhammadownload.com

ကုသိုလ်ကောင်းမှု ပြုတယ်တဲ့ မပြုဘူးလား (ပြုပါတယ်ဆရာ)၊ ဘယ်သူတုံး (လူမိုက်ပါ ဆရာ)၊ ဟဲဟဲ- လူမိုက် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒေါနဲ့ မောနဲ့ချနေ ဒီကောင် ဟင်း, ဟင်း ဒေါနဲ့ မောနဲ့ချနေ ဘယ်သူတုံး (အန္ဓပုထုဇဉ်ပါဆရာ)၊ လူမိုက် (လူမိုက်ပါဆရာ)၊ ဟိုက "ဗာလော"လို့ ဆိုနေတာ မင်းက ဘာညာနေတာတုံး မင်းဆွေမျိုးပါသလား ဒီထဲ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အပရိဏာယကော၊ နိဗ္ဗာန်လမ်းပြ ဘယ်သူမှ မရှိထသော။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်ပြေးလွှားကျက်စား၍ နေရသော။ ဗာလော၊ လူမိုက်သည်။ ဟုတ်ရဲ့လား (ဟုတ်ပါတယ် ဆရာ)၊ ဧကဒါ၊ တခါတစ်ရံ၊ ပုညံ၊ ကုသိုလ်ကောင်းမှု သင်္ခါရစုကို။ ကရောတိ၊ အတ္တာဒိဋ္ဌိ ရင်ခွင်မှာပိုက်၍ နှစ်နှစ် ခြိုက်ခြိုက် ပြုလုပ်ပေတော့၏။ တစ်ခါတစ်ရံတော့ သူ့ကုသိုလ်ကောင်းမှုတွေ လုပ်တယ် မဟုတ်လား (ဟုတ်ပါတယ် ဆရာ)၊ ဒါနမှု သီလမှု သမထမှု ကုသိုလ်မှုတွေ လုပ်တယ်ဆိုရင် အဲဒါ အစိတ်စိတ် အမွှာမွှာခွဲလိုက်ရင် တော်ကြာတော့ကွာ စကားက ရှည်လာ။

ကျောင်းဒကာ၊ ဘုရားဒကာတွေက လွတ်မှာ မဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါနမှု သီလမှု သမထမှုဆိုတဲ့ ကုသိုလ်ကောင်းမှု အစုစုတွေ လုပ်တယ်လား (လုပ်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ။ သင်္ခါရ သုံးမျိုး ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဧကဒါ၊ တစ်ရံတစ်ခါ။ အပုညမပိ၊ အကုသိုလ်သင်္ခါရ အစုစု တို့ကိုလည်း။ ကရောတိ၊ အတ္တာဒိဋ္ဌိ ရင်ခွင်မှာ ပိုက်၍ အလိုက်သင့်စွာ ကြိုးစားလိုက်ရှာပေတော့၏။

တစ်ခါတစ်ရံတော့လည်း အကုသိုလ်ဒုစရိုက်တွေ ဆော်လိုက်တာ ချလိုက်တာ လုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဘယ်သူတုံး (လူမိုက်ပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သိပ်လည်း မအော်ပါနဲ့ကွာ။ ဟင်းဟင်း သိပ်လည်း မအော်ပါနဲ့ ငါကြောက်ကြောက်လာပေါ့။ ဒါဖြင့် အကုသိုလ်ဒုစရိုက် ဒုရာဇီဝတွေ ပြုတုန်းကတော့ လူမိုက် ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဧကဒါ ပုညံ ကရောတိ၊ ကုသိုလ်ကောင်းမှုတွေ ပြုပြန်တော့ လူလိမ္မာလို့ ဆိုသလား (မဆိုပါဘူးဆရာ)၊ ဘယ်သူတုံး (လူမိုက်ပါဆရာ)၊ အေး-လူမိုက်ပဲ နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ တို့တော့ အပြစ်မတင်နဲ့။

တို့ အပြစ်တင်ရင်ဖြင့် ဘုရားနားနေတဲ့ခွေး ခဲနဲ့ထုသလိုနေမှာပဲနော် (ဟုတ်ပါတယ်ဆရာ)၊ ဘုရားနားနေတဲ့ခွေး ခဲနဲ့ထုတော့ ဘယ်မှန်းတုံးဟ၊ ဟောဗျ ဘယ်လောက်အတဲ့သတ္တဝါကြီးမှန်း မသိဘူး။ ဟောဗျာ ဘုရားမှန်တယ် မဟုတ်ဘူးလားဟ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ တော်တော့်ကိုအတဲ့ သတ္တဝါကိုးကွ။ ဒီတော့ တို့စွပ်စွဲလို့ရှိယင်ဖြင့် ဘုရားနားနေတဲ့ခွေး ခဲနဲ့ထုသလို နေမှာပဲနော်

http://www.dhammadownload.com

(ဟုတ်ပါတယ်ဆရာ)၊ တို့တော့ မှန်မှာ မဟုတ်ဘူး၊ ဘုရားမှန်မှာ၊ ဒါဘယ်သူဟောတာတုံး (ဘုရားဟောတာပါဆရာ)၊ အေး-ဘုရားကိုယ်တော်မြတ် ဟောသွားတာ။ ဒါဥပမာနဲ့ ပြောသွားတာ သေသေချာချာမှတ်၊ စောစောကပြောထားတဲ့ ဥပမာက ဝမ်းတွင်းသူကန်း တစ်ယောက်သည် တုတ်ဆွဲလမ်းပြ ဘယ်သူမှ မရှိဘဲနဲ့ လမ်းလျှောက်သွားတတ်။ တစ်ခါတစ်ရံတော့လည်းပဲ ဖြောင့်ဖြောင့် တန်းတန်းနဲ့ ကောင်းသောလမ်းလေး လျှောက်ရတယ်။ တစ်ခါတစ်ရံတော့လည်း ခလုတ်ကန်သင်း ကျင်းချိုင့်ဆိုသလိုပဲ ဆူးပြောင့် အင်မတန်ဆိုးဝါးကြမ်းတမ်းတဲ့ လမ်းကြီးလျှောက်ရတယ်။ မေးစမ်းပါတဲ့ သူ့ကို ဆိုးဝါးကြမ်းတမ်းတဲ့ လမ်းကြီးလျှောက်တုန်းကလည်း ဘာပြုလို့ ဒီလမ်းကြီးလျှောက် ကျုပ် မမြင်လို့ပါ။

ကျုပ်မမြင်လို့ပါ မမြင်ပဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ကောင်းတဲ့လမ်းလျှောက်တော့ကော ဘာပြုလို့ လျှောက်တုံး။ ကျုပ်မမြင်လို့ပါ ဒီလိုဖြစ်ရမယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကောင်းတဲ့ လမ်းလျှောက်ခါမှ မြင်လို့ပါလို့ ပြန်ဖြေလို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဟိုက "ဇစ္စန္ဓော"လို့ ပြထားတာ။ အခုလည်းပဲ သံသရာမှာ နိဗ္ဗာန်လမ်းပြ မဂ်လမ်းပြ ဖိုလ်လမ်းပြ ဥပနိဿယ သပ္ပုရိသ သံသေဝန-ဆရာကောင်း လုံးဝမရှိသော ရုပ်မမြင် နာမ်မမြင် ခန္ဓာမမြင်ဆိုတဲ့ အန္ဓပုထုဇဉ် သူကန်း တစ်ယောက် သံသရာလမ်းလျှောက်နေတာ အကန်းနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ တစ်ခါတစ်ရံ တော့လည်းပဲ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ အင်တိုက်အားတိုက် ကြိုးစား လိုက်တာပဲ။ မကြိုးစားဘူးလား (ကြိုးစားပါတယ်ဆရာ)၊ ဘယ်သူတုံး (လူမိုက်ပါပဲဆရာ)၊ အေး- မှတ်ထား လူမိုက့်တဲ၊ သူ့လူလိမ္မာခေါ်သလား (မခေါ်ပါဘူးဆရာ)၊ ဗာလလို့ သုံးထားတော့ သေချာ မှတ်နော်။ အဲဒါ ကိုယ့်လုပ်လည်း လုပ်ရသေးတယ်။ လူမိုက်လည်း ဖြစ်ရသေးတယ်ဆိုတဲ့အဖြစ်တွေ မဖြစ်စေချင်လို့ ပြောနေတာ။ လူလိမ္မာဘဝနဲ့ လုပ်စမ်းပါလို့ ဘုရားချီးမွမ်းတဲ့ ဘဝမျိုးနဲ့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ လူလိမ္မာဘဝနဲ့ လုပ်ဆိုရင် စောစောကပြောခဲ့ ဝိဝဋ္ဋပါဒ မဂ်လေးပါး ဖိုလ်လေး ပါး နိဗ္ဗာန်ချမ်းသာ ရည်ရွယ်တယ်။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဗာလ ခေါ်အုံးမလားဟ (မခေါ်နိုင်ပါဆရာ)၊ "ပဏ္ဍိတ"ဖြစ်သွားပေါ့နော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ မလုပ်ရ ဘူးလို့ မဟောပဲ၊ လုပ်ပုံလုပ်နည်းလေး လိုင်းအပြောင်းခိုင်းတာ ရည်ရွယ်ချက် အပြောင်းခိုင်း။ အဲဒါလေး ကိုပဲ ခဲယဉ်းလိုက်တာလို့ လူတိုင်းလူတိုင်း ဘယ်လောက်ခဲယဉ်းလဲ ဆိုတာ မလွှတ်နိုင်ဘဲကိုးကွ။ ဒါပေမဲ့ မလှန်နိုင်လို့သာ တို့ သင်တန်းသားတွေထဲ ရှိချင်ရှိအုံးမှာ။ မခံချင်တဲ့ စိတ်ကလေးတော့ ပေါ်ချင် ပေါ်အုံးမှာနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ ဘယ်သူ့အတွက်လဲ ဘယ်သူ့အတွက် ခွဲခြမ်းစိတ်ဖြာ၍ ပြနေသလဲ။ တို့မှားနေလို့ အမှန်ရောက်အောင် ခွဲခြမ်းစိတ်ဖြာပြီးပြနေတာ မှတ်ထားပါ။ နားလည်တဲ့ လူလည်ပြီးသားပဲ။ သိတဲ့လူက သိပြီးသား အရှုံးမခံတော့ဘူးနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com

အရှုံးမခံဘူး အမြတ်ထွက်အောင်လုပ်မယ်။ တစ်ပြားတန်လေးကစ တကယ်စင်ကြယ်သန့်ရှင်းတဲ့ စေတနာသဒ္ဓါတရား အစစ်အမှန်နဲ့ လုပ်မယ်။ လုပ်ရမယ်။ ဒီလိုလုပ်မှ ဖြစ်မယ်။ ဒါမှ ဒီအဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက အဆက်ပြတ်မှာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ သို့မဟုတ် ဘယ်တော့မှ ထွက်ရပ်ပေါက်မှာ မဟုတ်ဘူးဆိုတာ မှတ်ထား။ လည်မှာပဲ ကြောက်စရာကောင်းလိုက်တာ။ တွက်ကြည့်တွက်ကြည့် ဒါပေမဲ့ ငါခုနစောစောက ပြောသလိုပဲ လူ့ဘဝ လူရယ်လို့ ဖြစ်လာ။ တော်တော်လေးတောင့်တောင့်တင်းတင်း ပြည့်ပြည့်ဖြိုးဖြိုး လေးရှိရင် ဒီဘဝကြီးခင်တွယ်နေတဲ့ လူစားချည်းပဲ။ အထင်အမြင်ကြီးလို့၊ ကိုယ့်ကိုယ်ကိုယ် တော်တော် လေးကိုပဲ ကျိကျတက် တိုက်နဲ့တာနဲ့ ကားပိုင်နဲ့ (ဓာတ်မီးနဲ့)။ ဒီလိုနေနိုင်တယ်၊ ထိုင်နိုင်တယ် ဆိုယင်ဖြင့် ဒီစည်းစိမ်လေး မက်မောပြီးတော့ ဒီဘဝမျိုး ဖြစ်ချင်တယ်ဆိုတဲ့ ဘဝတမ်းတ။

ဒါကြောင့် ဝဋ်သုံးပါးတမ်းတပြီးတော့ ဘဝကောင်းရာ ငါကောင်းရာ ဆိုတဲ့ အနေအားဖြင့် ကြိုးစားနေသမျှ လူတွေဟာ ဘုရားဒကာကော ကျောင်းဒကာကော ဥပါသကာ ကော ဥပါသကီကော ဇရပ်ဒကာကော ရေတွင်းဒကာကော သိမ်ဒကာကော ဘာဒကာ ညာဒကာ အကုန်ပေါ့ကွ နော် (ဟုတ်ပါတယ်ဆရာ)၊ ခေါင်းပေါင်းစ တလူလူနဲ့ သူ့ကိုယ်သူ အထင်အမြင်ကြီးလို့ မော်မော်ကြွားကြွားနဲ့ ပျော်ပျော်ပါးပါးကြီးနဲ့ ငါလုပ်တာ အဟုတ်ပဲလို့ စိတ်ထဲ အမြဲစွဲလမ်းပြီး လုပ်နေကြတဲ့ လိုင်းမပြောင်း သေးသော လူစုဘယ်လောက်ကြီးမားတဲ့ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်လုပ်၊ ဘယ်လောက် ကြီးမားတဲ့ သီလကုသိုလ်ပဲလုပ်လုပ်၊ ဘယ်လောက်ကြီးမားတဲ့ သမထဆိုတဲ့ ကုသိုလ်ပဲလုပ်လုပ် "ဗာလော"ထဲပါမှာ။ ပါဘူးလား (ပါပါတယ်ဆရာ)၊ ပါမှာပဲ သူကဝဋ်သုံးပါးတမ်းတ လူမိုက်လူမိုက်။ ဒါဖြင့် ငါစောစောက ပြောပြတဲ့စကား ဒီသင်္ခါရသုံးမျိုး ကြိုးစားနေတယ်။ ဝဋ်သုံးပါး တောင်းတပြီးတော့ လုပ်နေတဲ့ ကုသိုလ်လုပ်နေတာဟာ မိုက်လို့ လုပ်တယ်ဆိုတာ မှန်လား (မှန်ပါတယ်ဆရာ)၊ တကယ်ကိုပဲ ပုတ်လေးနှင့် ပစ်သလိုနော် (မှန်ပါတယ်ဆရာ)၊ မှန်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ။ ဒါကြောင့် -

သံသာရေ သံသရံ ဗာလော၊ တထာ အပရိနာယကော။
ကရောတိ ဧကဒါ ပုညံ၊ ဧကဒါ အပုညမပိ ဧကဒါ။

လို့ တိုက်ရိုက်နော်။ ပါဠိတော် ဒါကြောင့် တို့လူစုက ဒီအသိလောက်ရောက်ယင်ပဲ ပါးရေနပ်ရေ ရှိကြပါလို့၊ အရှုံးမခံကြပါနဲ့ တစ်သံသရာလုံး ရှုံးလာတာ မရှုံးဘူးလား (ရှုံးပါတယ်ဆရာ)၊ ဘယ်တော့မှ အမြတ်မထွက်ခဲ့ဘူး။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ။ ပဋိသန္ဓေ အသစ်အသစ်ကို ဖြစ်စေတတ်တဲ့ အာယူဟနဆိုတဲ့ ကံနှစ်မျိုးကို ကြိုးစားလာနော် (ဟုတ်ပါတယ်

http://www.dhammadownload.com

ဆရာ)၊ ပဋိသန္ဓေမြဲသွားအောင် ဇာတိမြဲသွားအောင် ဇာတိချုပ်သွားအောင် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ချမ်းသာ ရအောင်ဆိုတဲ့ ရည်ရွယ်ချက်ကမပါ၊ ပါရဲ့လား (မပါပါဘူးဆရာ) ဒါကြောင့် သံသရာထဲ ယနေ့ထိလည်လို့ မဆုံးသေးဘူးတဲ့။ မချုပ်သေးသမျှ လည်အုံးမှာပဲလို့၊ လည်တော့လည်း သံသရာဝဋ်ရဲ့ ဒုက္ခကြီး သုခများ မှတ်မနေကြနဲ့တဲ့။ သံသရာဝဋ်ဒုက္ခ သုခလို့ မှတ်နေတဲ့ ပုဂ္ဂိုလ်စုသာလျှင် ဒီအလုပ်မျိုး လုပ်ကြတာလို့ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် မြတ်စွာ ဘုရားကိုယ်တော်မြတ်က အခုလိုပဲ ဝဋ်သုံးပါးကို မတမ်းတဘဲနဲ့ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာ ရအောင် ကြိုးစားလာတဲ့ ဝိဝဋ္ဋပါဒကုသိုလ်မျိုး ကြိုးစားလို့ မဂ်စခန်း ဖိုလ်စခန်း လှမ်းမယ်ဆိုတဲ့ မဂ္ဂပ္ပဋိပ္ပန္နပုဂ္ဂိုလ်မျိုးကျတော့ အခုပြောတဲ့ ဒါန သီလ သမထဝဋ်ရဲ့သုံးပါး တမ်းတပြီးလုပ်တဲ့ ကုသိုလ်မျိုးကြိုးစားတဲ့လူတွေ ဘာ ပြောသွား "ဗာလုဿုက္က" တရား ဒီတရားတွေက "ဗာလုဿုက္က"တရား "ဗာလုဿုက္က"ဆိုတာ သိလား (ဗာလုဿုက္ကဆိုတာ လူမိုက်)။ ကောင်းပြီ ကောင်းပြီ လုပ်စမ်းပါ လုပ်စမ်းပါ၊ ကျယ်ကျယ်လေး ဟောစမ်းပါ။

သူက သိပ်ခေတာမဟုတ်ဘူး။ သင်တန်းလိုက်နေတာ ခြောက်နှစ်လောက်ရှိပြီ။ မင်း ငါဖော် ပြောတာလည်းပဲ ရှက်ကိုး ရှက်ကန်းဖြစ်မနေနဲ့အုံး။ ခြောက်နှစ်သာကြာတယ် ဘာမှ အသုံးမကြဘူး။ "ဗာလာနံ+ဥဿုကော ဗာလုဿုကော"။ ဗာလာနံ၊ လူမိုက်တို့၏။ ဥဿုကော၊ လုံးလကြိုးကုတ် အားထုတ်သော အလုပ်နော် (မှန်ပါတယ်ဆရာ)၊ ဗာလုဿကော၊ လူမိုက်တို့၏ လုံးလကြိုးကုတ် အားထုတ်လုပ်သော အလုပ်တဲ့၊ ဝဋ်သုံးပါးတမ်းတပြီးလုပ်နေတဲ့ အာယူဟနခေါ်ထားတဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ။ ကုသိုလ်ကံပဲဖြစ်ဖြစ် အကုသိုလ်ကံပဲဖြစ်ဖြစ်တဲ့ ဒီအလုပ်နှစ်မျိုးကို ကြိုးစားလုပ်တာ လူမိုက်လုပ်တဲ့အလုပ်တွေတဲ့။ တိုက်ရိုက်နော် (မှန်ပါတယ်ဆရာ)၊ ရှက်စရာလည်းကောင်းရဲ့ နာစရာလည်းကောင်းရဲ့ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ကြောက်စရာလည်း ကောင်းရဲ့။ ဒါကြောင့် ဒီနေရာလေးက သတိရပြီးတော့ တို့လူစုက လိုင်းပြောင်းဖို့ အချိန်တော်ပြီ၊ ဒီနေရာတော် တော်လေး ဖော်ပြီးတော့ နားရှင်းအောင် ပြောပေးရ။ အဲဒါသက်သက် တို့များကလည်းပဲ ဒီအမှန် အကန် တိတိကျကျ သံသရာဝဋ်ရဲ့တွင်းက လွတ်ကင်းအောင်ဆိုတဲ့ ကုသိုလ်မျိုးတွေ လုပ်တတ်ပါစေ ဆိုပြီးတော့ စေတနာကောင်းထားပြီးတော့ ဘေးက အပြစ်တင်ဝေဖန် ဆဲရေးတိုင်းထွာတဲ့ ပုဂ္ဂိုလ်တွေရဲ့ အငြိုအငြင်ခံပြီးတော့ ပြောပြနေရတဲ့ တရားပါလို့နော် (ဟုတ်ပါတယ်ဆရာ)၊ လူပါး လူနပ်ဖြင့်ယင် တို့ကမိုက်လို့ပေါ့ကွာနော်။ မလိမ္မာလို့ဆိုပါတော့။ လူအလူနမို့ လူပါးလူနပ်ဖြင့်ရင် သူများအမုန်းခံပဲ့ မလားဟ။ ခံပဲ့မလား (မခံပါဘူးဆရာ)၊ ဒါလူအ လူနခေါ်တာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် လည်း လူ့ချမ်းသာ နတ်ချမ်းသာ လူနတ်ချမ်းသာ သုံးမျိုးသုံးစား ခွဲထားတာပေါ့ကွနော်။ လူနတ်

http://www.dhammadownload.com

ချမ်းသာဆိုတော့ လူနတ်က ချမ်းသာတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါပေမဲ့ ဘယ်နဲ့ပဲ ငြိငြင်ငြိငြင် ဘယ်နဲ့ပဲ တို့အပေါ် မလိုလား မနှစ်သက်စေကာမူ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ ဒေသနာလာရှိတဲ့ အတိုင်း မြတ်စွာဘုရားကိုယ်တော်မြတ် မျက်နှာတော်ထောက်ထားသောအားဖြင့် အားလုံးကိုယ် သိသလို လမ်းမှန်ကမ်းမှန်သိကြပါစေဆိုတဲ့ စိတ်ကောင်း စေတနာကောင်းထား ပြီးတော့ ပြောင်းကြပါ ဆိုတဲ့ ပြောင်းချင်လာအောင်၊ ပြောင်းတတ်လာအောင် ဒီနေရာလေးတော့ ပြတ်ပြတ်သားသား နားလည်အောင် ခွဲစိတ်ပြီးတော့ ပြလို့ပေါ့နော်။ (ဟုတ်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် အခု ညပြသွားတဲ့ ဥပမာနဲ့ဥပမေယျ သေသေချာချာ ဟပ်ထားကြည့်။

ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိနာယကော။
ဧကဒါ ယာတိ မဂ္ဂေန၊ ဥမဂ္ဂေနာပိ ဧကဒါ။
သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
ကရောတိ ဧကဒါ ပုညံ၊ အပုညမပိ ဧကဒါ။

အပရိဏာယကော၊ တုတ်ဆွဲလမ်းပြ ဘယ်သူမှ မရှိသော။ ဇစ္စန္ဓော၊ အမိဝမ်းတွင်းက စက္ခုနှစ်ကွင်း အလင်းမရခဲ့သော မျက်စိမမြင်နိုင်သော။ နရော၊ လူသည်။ ဧကဒါ၊ တစ်ရံတစ်ခါ။ မဂ္ဂေန၊ ဖြောင့် ဖြောင့်တန်းတန်း ကောင်းသော လမ်းဖြင့်။ ယာတိပိ နာမ ယထာ၊ ချမ်းချမ်းသာသာ သွားလာသကဲ့သို့ လည်းကောင်း။ ဧကဒါ၊ တစ်ရံတစ်ခါ၊ ဥမဂ္ဂေန၊ ကွေ့ကောက်ကြမ်းတမ်း ဆိုးဝါးသောလမ်းဖြင့်။ ယာတိပိ နာမ ယထာ၊ မချမ်းမသာ သွားလာရသကဲ့သို့လည်းကောင်း။

တထာ၊ တို့အတူ။ အပရိဏာယကော၊ နိဗ္ဗာန်လမ်းပြ ဥပနိဿ ဆရာကောင်း မရှိထသော။ သံသာရေ၊ သံသရာ၌။ သံသရံ-သံသရန္တော၊ ကျင်လည်ပြေးသွား ကျက်စား၍နေရသော။ ဗာလော၊ အန္ဓပုထုဇဉ် လူမိုက်သည်။ နော် (ဟုတ်ပါတယ် ဆရာ)။ ဧကဒါ၊ တစ်ရံတစ်ခါ၊ ပုညံ၊ ကုသိုလ်ကောင်း မှု သင်္ခါရအစုစုတို့။ ကရောတိ၊ အတ္တဒိဋ္ဌိ ရင်ခွင်မှာပိုက်၍ အလိုက်သင့်စွာ ပြုလုပ်ရှာ၏။ ဧကဒါ၊ တစ်ရံတစ်ခါ။ အပုညမပိ၊ အကုသိုလ်ဒုစရိုက် ဒုရာဇီဝတရားကိုလည်း။ ကရောတိ၊ အတ္တဒိဋ္ဌိ ရင်ခွင်မှာ ပိုက်၍ အလိုက်သင့်စွာ နှစ်နှစ်ခြိုက်ခြိုက် သာသာထိုးထိုး အမျိုးမျိုးအားဖြင့် ကြိုးစား၍ ပြုထိုက်ပေ တော့၏။

"လည်တတ်တယ်" ဆိုတဲ့ သဘာ၀၊ "လည်တတ်တယ်"ဆိုတဲ့ တရားကလဲ ဘယ်သူလဲဆိုတော့ အဝိဇ္ဇာက စ, ဇရာမရဏကျအောင် (၁၂)ပါးသောတရား ဘုရားကိုယ်တော်မြတ် ဟောကြားတော်မူ၏။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်

http://www.dhammadownload.com

သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသကြောင့် အာသဝ၊ အာသဝကြောင့် အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဆုံးဖြစ်သေးလားဟ (ဆုံးမဖြစ်ပါဘူးဆရာ)။ ဒါကြောင့် ရဟတ်စက် လည်ပတ် လည်ပတ်သည့် ရဟတ်ချားများလို အမြဲတစေ လည်နေတယ်တဲ့ လည်နေတာ။ သမ္မုတိပညတ်အနေအထားဖြင့် ကြည့်တော့ ငါလည် သူလည် ပုဂ္ဂိုလ်လည် သတ္တဝါလည် ယောက်ျား မိန်းမ အသက် လိပ်ပြာ လည်၊ နတ်တွေ ပြဟ္မာ ခွေးဝက် ကြက် ငှက် လည်။ ဒါသမ္မုတိသစ္စာအနေအားဖြင့် ကြည့်ပြော။ ပရမတ္ထသစ္စာအနေအားဖြင့် ကြည့်လိုက်တော့ မဟုတ်ပါဘူး။

ရုပ်နာမ်နှစ်ပါး လည်နေတယ်၊ ထိုရုပ်နာမ်နှစ်ပါးသည် အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ် အမြဲဆက်စပ်ပြီးလည်နေတဲ့ သဘောကိုနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် လည်တတ်တယ်ဆိုတဲ့ သဘာဝပြုနေရင် လည်နေမှာပဲ။ မလည်တတ်တဲ့ သဘာဝပြုမှသာလျှင် မလည်ဘဲရပ်မယ်၊ သံသရာဝဋ်ဒုက္ခကြီး အင်မတန်မှ ကြောက်ရွံ့ ထိတ်လန့်လို့ ရှိရင်လည်းပဲ မလည်တဲ့နည်းနဲ့ မလည်တဲ့တရားကို ကြိုးစားမှ၊ ဒါမှ အလည်ရပ်တယ် ခေါ်တယ်။ ဖြစ်ရာဘဝ ရောက်ရာဘဝ အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီး အင်မတန် ကြောက်စရာကောင်း၊ ဘယ်ဘဝမှ မလွတ်ဘူး။

ဒါကြောင့် ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသည်အားဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောထားတဲ့ ဒုက္ခတွေလို့၊ လူဖြစ်လည်း သေမှာပဲ၊ နတ်ဖြစ်လည်း သေမှာ၊ ပြဟ္မာဖြစ်လည်း သေမှာ၊ ခွေး ဝက် ကြက် ငှက် ဖြစ်လည်း သေမှာ။ ဘယ်တော့မှ အသေရပ်မှာ မဟုတ်ဘူး။ ဒါကြောင့် ထိုသေဘေးဆိုး ကြီးကြောက်၊ အိုဘေးဆိုးတွေကြောက်၊ နာဘေးဆိုးတွေ ကြောက်ရိုးမှန်ရင် ထိုအိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုက လွတ်တဲ့နေရာ ဘာလဲလို့ ရှာကြည့်။ နိဗ္ဗာန်ရှိ၏။ နိဗ္ဗာန်ရကြမှ နိဗ္ဗာန်ရောက်ကြမှ အေးမယ်လို့နော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီတော့ ဒီလည်တာဟာ ဘယ်သူကြောင့် လည်သလဲ ဆိုတော့ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ်ကိုယ်တိုင် ကလည်အောင် ကြိုးစားနေ၊ ကိုယ်ကိုယ်တိုင်က လည်အောင်လုပ်လို့ လည်နေတာ၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကိုယ်ကိုယ်တိုင် လည်အောင် ကြိုးစား, ကိုယ်ကိုယ်တိုင် လည်အောင် လုပ်လို့ လည်နေကြရ၊ ဘယ့်နဲ့ ကိုယ်ကိုယ် တိုင်လည်အောင် လုပ်သလဲ၊ လည်အောင်ကြိုးစားသလဲ ဆိုတော့ အာယူဟန ကံနှစ်ဝ ကုသိုလ်ကံတရားနှင့် အကုသိုလ်ကံတရား နှစ်ပါး ကြိုးစားအားထုတ်တယ်။ ကုသိုလ်ကံတရား ကြိုးစားအားထုတ်၊ အကုသိုလ်ကံတရား ကြိုးစားအားထုတ်။

http://www.dhammadownload.com

ဒီတော့ ရုတ်တရက်အားဖြင့် ကုသိုလ်ကံနှင့်အကုသိုလ်ကံတရား-ထိုနှစ်ပါးကို ကြိုးစားအားထုတ် ပြုလုပ်ခြင်းဟာ သံသရာကို လည်စေတတ်တဲ့ သဘောတရားဆိုတော့ ကုသိုလ်လည်း မကောင်း အကုသိုလ်လည်းမကောင်းဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ်နေတယ်။ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ အဲဒီလို အဓိပ္ပါယ်ပေါ်နေတော့ ရုတ်တရက် နားမလည်တဲ့ပုဂ္ဂိုလ်များ အဖို့ဆိုလို့ရှိယင် လက်ခံဖို့က တော်တော်ခဲယဉ်းတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် တို့ကြားဖူးတာ, တို့နာဖူးတာ တို့မှတ်ဖူး တာက သူတော်ကောင်းများ ဟောပြောတဲ့ တရားဒေသနာကြားတော့ ဘယ်နဲ့တုံး။ အကုသိုလ် ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အလုပ်တွေ မလုပ်နဲ့။ ဒါအကုသိုလ်တရားတွေ ခေါ်တယ်။ မလုပ်ကောင်းဘူး အင်မတန်ကြောက်စရာ ကောင်းတယ်။

သုစရိုက် သုရာဇီဝအစရှိသော ကုသိုလ်ကမ္မပထ ကုသိုလ်တရားတွေကျတော့ ကြိုးစားကြ အားထုတ်ကြ လုပ်ကြ ဒီလိုကြားဖူး မှတ်ဖူးပါတယ်။ အခုတော့ ကုသိုလ်လုပ်တာလဲ မကောင်းဘူး၊ အကုသိုလ်လုပ်တာလဲ မကောင်းဘူးဆိုတော့ အတွေးရ ကြပ်တယ်လို့ ရုတ်တရက်အားဖြင့် လက်ခံဖို့ အတော်ခဲယဉ်းတယ်။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် မနေ့ညက ခွဲပြသွားတာ ဒါကြောင့် ကုသိုလ်ဆိုတဲ့ တရားဟာ "အနဝဇ္ဇသုခဝိပါကလက္ခဏာ" အပြစ်မရှိကောင်းသော အကျိုး ပေးတာ မှန်တယ်။ ကောင်းသော အကျိုးသာ ပေးတာ။ သံသရာဝဋ်ဒုက္ခက လွတ်တာလား၊ လွတ်ရဲ့ လား ဆိုတော့ မလွတ်နိုင်ဘူးတဲ့။

ကုသိုလ်နှစ်မျိုး

ဒါကြောင့် မလွတ်နိုင်ပုံလေးကို ကုသိုလ်မှာ နှစ်မျိုးနှစ်စား ခွဲပြီးတော့ -

၁။ ဝဋ္ဋကုသိုလ်၊

၂။ ဝိဝဋ္ဋကုသိုလ်

ဆိုပြီးတော့ ခွဲပြတယ်။ ဝဋ္ဋကုသိုလ်ဆိုတာ ဝဋ်သုံးပါး တမ်းတမျှော် မှန်းပြီးတော့ ကြိုးပမ်းတဲ့ ကုသိုလ်မျိုး။ ဝိဝဋ္ဋကုသိုလ်ဆိုတာ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ နဝလောကုတ္တရာဓမ္မ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ရောက်အောင် ရအောင် ကြိုးစားတဲ့ ကုသိုလ်မျိုး၊ နှစ်မျိုးကွဲ မလာဘူးလား (ကွဲလာပါတယ်ဆရာ)၊ အေး-နှစ်မျိုးကွဲလာလို့ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့ စက်ရဟတ်လို၊ အမြဲမပြတ် ဆက်စပ်ပြီး လည်နေတယ် ဆိုတဲ့ ၊လည်ကြောင်းတည်းဟူသော ဝဋ္ဋကထာမှာ "အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်း ဟူသော အကြောင်း

http://www.dhammadownload.com

ကြောင့်။ သင်္ခါရာ၊ သင်္ခါရတရား သုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏” ဆိုတော့ ဟောဒီ အဝိဇ္ဇာ အကြောင်းခံလို့ ဖြစ်လာတဲ့ သင်္ခါရသုံးမျိုးတဲ့။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရလို့ သင်္ခါရသုံးမျိုး ထိုးပြလို့၊ ပုညာဘိသင်္ခါရဆိုတာ ဘာတုံး ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်။ အပုညာဘိသင်္ခါရ ဆိုတာ ဘာတုံး အကုသိုလ်၊ အာနေဉ္ဇာဘိသင်္ခါရဆိုတာ ဘာတုံး အရူပါဝစရ ကုသိုလ်၊ ထိုကုသိုလ်အကုသိုလ်စိတ်တို့၌ ယှဉ်၍ဖြစ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာ ကံကို ခေါ်ပါ၏။ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒီတော့ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သံသရာစက်မှာ လည်စေတတ်တဲ့တရားထဲ ကုသိုလ်တရားတွေ ပါမနေဘူးလား (ပါနေပါတယ်ဆရာ)။ အဲဒီ ကုသိုလ် မျိုးကို ဆိုလို တယ်တဲ့။ ဒီကုသိုလ်မျိုးသည် ဘာကုသိုလ်လဲဆိုတော့၊ ဝဋ်သုံးပါးတမ်းတပြီး ကြီးစား အားထုတ်တဲ့ ဝဋ္ဋကုသိုလ်မျိုး ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် ဝဋ်သုံးပါးတမ်းတပြီးတော့ ကြိုးစားပွားများ အားထုတ်အလုပ်လုပ်တဲ့ ဒါနကုသိုလ်ဖြစ်ဖြစ် သီလကုသိုလ်ဖြစ်ဖြစ် သမထကုသိုလ် ဖြစ်ဖြစ် ဒီကုသိုလ်မျိုးကျတော့ သံသရာလည်စေတတ်တဲ့ သတ္တိရှိလို့ မြတ်စွာဘုရား ကိုယ်တော် မြတ်က မကြိုက်၊ လူမိုက်လုပ်သောအလုပ် ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။

အေး-ဒါကြောင့် မိုက်သော ပုဂ္ဂိုလ်များသာလျှင် လုပ်၏။ မလိမ္မာသော ပုဂ္ဂိုလ်များသာလျှင် လုပ်၏၊ တွေဝေသော ပုဂ္ဂိုလ်များသာလျှင် လုပ်၏၊ မသိသော ပုဂ္ဂိုလ်များသာလျှင် လုပ်၏။ ဒါကြောင့် မနေ့ညက -

“ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိနာယကော။
ဧကဒါ ယာတိ မဂ္ဂေန၊ ဥမဂ္ဂေနာပိ ဧကဒါ။

သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
ကရောတိ ဧကဒါ ပုညံ၊ အပုညမပိ ဧကဒါ။”

လို့ ပါဠိတော် တိုက်ရိုက်လာတယ်။ ပါဠိတော်တိုက်ရိုက်လာတဲ့စကား။ ဒါကြောင့် သူ့ဥပမာနဲ့ သူ့ဥပမေယျနဲ့ မနေ့ညက ပြသလိုပဲ သေချာပြန်ဟပ်စပ်ကြည့်။ တို့လုပ်နေတဲ့ ကုသိုလ်တွေ ဘယ်ထဲ ဝင်နေသလဲ။ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ”ထဲ ရောက်၊ မရောက်ဘူးလား (ရောက်ပါတယ်ဆရာ)။ ဘာပြုလို့၊ ဘုံသုံးပါးဝဋ်သုံးပါး တမ်းတမျှော်မှန်း ပြီးတော့ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်စေဖို့။ ဘဝကောင်းရာ ငါကောင်းရာ ဆိုတော့ အနေအားဖြင့် ရည်ရွယ်ချက်နဲ့ ကြိုးစားပွားများ အားထုတ် အလုပ်လုပ်တဲ့ ကုသိုလ်မျိုးတွေတဲ့။ ဘယ်သံသရာ စက်ရဟတ် အဆက်ပြတ်ပါမတုံး။ စက်ရဟတ်လိုပဲ အဆက်မပြတ် ဆက်စပ်ပြီး လည်မယ့်တရားခေါ်တယ်။

http://www.dhammadownload.com

ဒါကြောင့် ကြပ်ကြပ်ကြီးစဉ်းစားလို့ မနေ့ညကလည်း ပြောခဲ့ပေါ့။ ဒါကြောင့် လူမိုက်လုပ်တဲ့ အလုပ် ဆိုတာ အတ္တနောမတိအနေအားဖြင့် မလိုလားလို့ ပြောတဲ့စကား မဟုတ်ဘူး။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုယ်တော်တိုင်အားဖြင့် ထုတ်ဖော်ပြီး ဟောကြားတော်မူတဲ့ ဒေသနာတိုက်ရိုက်ရှိ၏။ ဒါကြောင့် ပြန်ကြည့်။ အပရိဏာယကော၊ တုတ်ဆွဲလမ်းပြမရှိသော။ ဇစ္စန္ဓော နရော၊ အမိဝမ်းတွင်းက စက္ခု နှစ်ကွင်းအလင်းမရခဲ့သော မျက်မမြင်သူသည်။ ဧကဒါ၊ တစ်ရံတစ်ခါ။ မဂ္ဂေန၊ ဖြောင့်ဖြောင့် တန်းတန်း ကောင်းသော လမ်းဖြင့်။ ယာတိ နာမ ယထာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ သွားလာ သကဲ့သို့လည်းကောင်း။ ဧကဒါ၊ တစ်ရံတစ်ခါ၊ ဥမဂ္ဂေန၊ ကွေ့ကောက်ကြမ်းတမ်း ဆိုးသွမ်းသော လမ်းဖြင့်။ ယာတိပိ နာမ ယထာ၊ မချမ်းမသာ သွားလာသကဲ့သို့လည်းကောင်း။

ဒါဥပမာ စက္ခုနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်၊ တုတ်ဆွဲလမ်းပြ ဘယ်သူမှ မရှိဘဲနဲ့ သူ့ဘာသာ သူလျှောက်သွားတော့ တစ်ခါတစ်လေလဲ ကောင်းမွန်တဲ့ လမ်းကလေးလျှောက်ရ၊ သာသာယာယာ ကိုယ်ချမ်းသာ စိတ်ချမ်းသာ၊ တစ်ခါတစ်ရံတော့လည်း ဆိုးသွမ်းတဲ့ ခလုတ်ကန်သင်း ကျင်းချိုင့်ဆူးငြောင့် အစရှိသည်အားဖြင့် ပြည့်နှက်နေသော လမ်းဆိုးလမ်းကြမ်း၊ တစ်ခါတစ်လေ လျှောက်ရပြန်တယ်တဲ့။ လမ်းဆိုးလမ်းကြမ်း လျှောက်တော့ စူးလို့စူး, ရှလို့ ရှ, တိုက်လို့ တိုက်, ခိုက်လို့ခိုက် လဲလို့လဲ၊ ကွဲလို့ကွဲ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီလမ်းကြမ်းလျှောက်တော့ ဘာပြုလို့ ဒီလမ်းကြမ်းလျှောက်ရ သလဲလို့ မေးရင် ဘယ်နှဲ့ပြော။ (မမြင်လို့ပါဆရာ)၊ သိပ်မအော်နဲ့ သဘော်က လူတွေ ကြားကုန် လိမ့်မယ်။ မင်းသိပ်အော်တာကွ။ သဘော်က နှစ်စင်းတောင်ဆိုက်နေ မမြင်လို့ပါတဲ့လား (ဟုတ်ပါ တယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ။ တစ်ခါတစ်ရံ သာသာယာယာ ဆိုတဲ့ လမ်းကောင်းလမ်းမှန် လျှောက်တော့ကော ဘာပြုလို့ ဒီလမ်းလျှောက်သလဲ ဆိုတော့ ဘယ်နဲ့ပြော (မမြင်လို့ပါဆရာ)။ အေး-ဟုတ်ပြီ မမြင်လို့၊ အော်ပေး အော်ပေး၊ သဘော်က ဆင်းလာအောင် အော်ပေး အော်ပေး။ လမ်းကောင်းလျှောက်လည်း မမြင်လို့၊ လမ်းဆိုးလျှောက်လည်း မမြင်လို့ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ လမ်းဆိုးလျှောက်တုံးကတော့ မမြင်လို့ပါ၊ လမ်းကောင်းလျှောက်တော့ မြင်လို့ ပါဆိုယင် ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။

အေး-သူ့ကိုက ဇစ္စန္ဓော၊ ဇစ္စန္ဓပုဂ္ဂိုလ်ခေါ်တယ်တဲ့။ အမိဝမ်းတွင်းက စက္ခုနှစ်ကွင်း အလင်းမရ။ အပရိဏာယက၊ တုတ်ဆွဲလမ်းပြ မရှိသောသူလို့ ဆိုထားတာ။ လမ်းဆိုလမ်းကြမ်းတုန်းကတော့ မမြင် လို့ လျှောက်မိပါတယ်။ ဒါကြောင့် တိုးတယ် တိုက်တယ် ခိုက်ကယ် လဲတယ် ကွဲတယ် စူးတယ် ရှတယ်။ သာသာယာယာကောင်းမွန်တဲ့ လမ်းလေးကျတော့ လျှောက်ရပြန်တော့ ဒါကျတော့ မြင်လို့ ပါလို့ ပြောလို့ မဖြစ်ဘူးတဲ့။ မကောင်းသောလမ်းကြမ်းလျှောက်တုန်းကလဲ မမြင်လို့ လျှောက်မိတာပဲ။

http://www.dhammadownload.com

ကောင်းသောလမ်းလျှောက်ပြန်တော့လဲ မမြင်လို့ လျှောက်မိတာပဲ၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ် ဆရာ)၊ အဲဒီ ဥပမာနဲ့အတူတဲ့။ ဒါကြောင့် တထာ၊ ထို့အတူ။ အပရိဏာယကော၊ နိဗ္ဗာန်လမ်းပြ သပ္ပုရိသသံသေဝ လုံးဝမရှိသော ကြောက်စရာကောင်းနော်။ သေချာမှတ်ထား။ ပုဂ္ဂလာဓိဋ္ဌာန်အနေ အားဖြင့် ပြောတာမဟုတ်ဘူး။ သပ္ပုရိသသံသေဝများ အင်မတန် တန်ဖိုးကြီးတယ်။ သပ္ပုရိသံသေဝ ဆိုတာ ဘာခေါ်တုံး။ (သပ္ပုရိသသံသေဝ ဆိုတာ ဆရာကောင်းပါ)၊ ရှည်လိုက် သေးတယ်။

သပ္ပုရိသံသေဝ ဆိုတာ ရှည်လိုက်သေးတယ် တိုတိုပြောလိုက်စမ်းပါ။ ဆရာကောင်းလား (ဟုတ်ပါတယ်ဆရာ)၊ ဆရာကောင်းလိုတယ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ ပရိဏာယက ခေါ်တယ်။ တုတ်ဆွဲလမ်းပြခေါ်တယ်။ စက္ခုနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်လည်း တုတ်ဆွဲလမ်းပြ မလိုဘူးလား (လိုပါတယ်ဆရာ)၊ လိုတယ်။ သံသရာထဲ ခရီးသွားနေကြတဲ့ ရုပ်မမြင် နာမ်မမြင် ခန္ဓာမမြင်ဆိုတဲ့ အန္ဓဗာလ၊ အန္ဓပုထုဇဉ်ခေါ်ထားတဲ့၊ သူကန်းပုထုဇဉ်တွေလည်း တုတ်ဆွဲလမ်းပြမလိုဘူးလား (လိုပါတယ် ဆရာ)၊ လိုတယ်။ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က သောတာပတ္တိမဂ် ဉာဏ်ရရာရကြောင်း ဆိုတဲ့ အင်္ဂါလေးချက် -

သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးချက်

(၁) **သပ္ပုရိသသံသေဝ**-ဆရာကောင်းရှာရမယ်ဆိုတာ နံပါတ်တစ်က ထားဟော။ သပ္ပုရိသသံသေဝ၊ ဆရာကောင်း အရင်တွေ့အောင်ရှာ။

(၂) **သဒ္ဓမ္မသဝနံ**-သူတော်ကောင်းတရားနာတဲ့ ။

(၃) **ယောနိသောမနသိကာရ** - ဟုတ်ရဲ့ မှန်ရဲ့ စဉ်းစဉ်းစားစားနဲ့ နှလုံးသွင်းတဲ့၊

(၄) **ဓမ္မာနုဓမ္မပဋိပတ္တိ** -မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းအကျင့်၊ ကျင့်လျှင်သောတာပန်ဖြစ် ကရော။

အင်္ဂါလေးချက် ဟောထားနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ အင်္ဂါလေးချက်မှာ သပ္ပုရိသ သံသေဝ နံပါတ်တစ်က ပြထား။ ဒါပရိဏာယကပုဂ္ဂိုလ်မျိုးခေါ်တယ်။ စက္ခုနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်လည်း တုတ်ဆွဲလမ်းပြပုဂ္ဂိုလ်သည် အရေးကြီးဆုံး ချောက်ထဲဆွဲချ မခက်ဘူးလားဟ (ခက်ပါ တယ်ဆရာ)၊ သူကောင်းမှု၊ ဆူးပုံထဲဆွဲသွား မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ ကျင်းထဲဆွဲသွား ခက်ဘူးလား (ခက်ပါတယ်ဆရာ)။ အေး-ဒါကြောင့် တုတ်ဆွဲလမ်းပြ လိုတယ်လို့ ဒါလည်း ထို့အတူပဲ သံသရာခရီးသွားနေကြတဲ့ စက္ခုနှစ်ကွင်း အလင်းမရသော ပညာ မျက်စိလုံးလုံး မရှိကြတဲ့ အန္ဓဗာလ အန္ဓပုထုဇဉ်ခေါ်ထားတဲ့ မျက်မမြင် သူကန်းပုထုဇဉ်များသည် ပရိဏာယက ပုဂ္ဂိုလ်လိုဖြစ်ပါ၏။

http://www.dhammadownload.com

ဘာပြုလို့ အခုမြတ်စွာဘုရား ကိုယ်တော်မြတ် ဥပမာနဲ့ ဟောနေပေ့ါ။ အပရိဏာယကော၊ နိဗ္ဗာန်လမ်းပြ ဘယ်သူမှ မရှိထသော။ (ဝါ) မင်္ဂလမ်းပြ ဖိုလ်လမ်းပြ ဘယ်သူမှမရှိထသော။ တစ်ယောက်မှ မရှိဘူးတဲ့ ဟောဒီ အကျင့်ကျင့်ယင် မဂ်ဉာဏ်ရတယ်ကွ။ ဒီအကျင့်ကျင့်လို့ရှိယင် ဖိုလ်ဉာဏ်ရတယ်ကွ။ ဒီအကျင့် ကျင့်တော့ နိဗ္ဗာန်မျက်မှောက် ပြုနိုင်တယ်ကွ။ တိတိကျကျ မှန်မှန်ကန်ကန်နဲ့ မိမိအပေါ် မေတ္တာစာတ်ခံ ရင့်သန်တဲ့ စေတနာအားဖြင့် ရိုးသားစွာ ရှေ့ဆောင်လမ်းပြ လမ်းညွှန်လမ်းပြ အင်မတန်မှ ရှားတယ်၊ ကြပ်ကြပ်စဉ်းစားနော်။ ဒါကဲ့ရဲ့တာ မဟုတ်ဘူး များပါရဲ့။ "ဓမ္မကထိက"တွေများပါရဲ့၊ မှီလိုပေါက်။

အခုခေတ်စားလာတော့ ပိုများလာ၊ များလိုက်တာလို့ အဲဒါများတာဟာ ကဲ့ရဲ့တာ မဟုတ်ပါဘူး။ အတွေ့အကြုံလည်း များကြပါလိမ့်၊ ကိုယ်ကျိုးရှာသမားတွေ များတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ လုပ်တာကတော့ အကျိုးလိုယောင် ရှုပဆောင် သူသူငါငါဆိုတဲ့ လူသတ္တဝါတွေကို သနားငဲ့ညာတယ် ဆိုတဲ့ အနေအားဖြင့် အပင်ပန်းအနွမ်းနယ်ခံပြီးတော့ အပြေးအလွှား တရားပြသယောင်၊ ဟုတ် သယောင်နဲ့ အရုပ်ဆောင်၊ အကျိုးလိုယောင် ရှုပဆောင်ဆိုတာ ဒါခေါ်တယ်။ ဒီတော့ သတ္တဝါများရဲ့ အကျိုးကို လိုလားတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ ဒါပေမဲ့ စီးပွားရေး ကြီးပွားရေးက မကင်းရှာဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါမျိုးတွေ များနေ၊ အဲဒါ ကဲ့ရဲ့တာ မဟုတ် ပါဘူး။

မသန့်ရှင်းပုံလေးတွေ ပြောတာ။ ဒါကြောင့် ငါတို့အပေါ်မှာ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း စေတနာရင်းမှန်မှန်နဲ့ တာဝန်ခံပြီးတော့ ဒီလိုလုပ်တာ မှားတယ်ဟဲ့၊ ဒီလိုလုပ်တာ မှန်တယ်ဟဲ့လို့ အခြေခံအားဖြင့် တိတိကျကျ ပြနိုင်သနိုင်တဲ့ သလဲစင်ခဲစင်ဆရာမျိုးဆိုလိုတယ်။ ဒါ ပရိဏာယကပုဂ္ဂိုလ် ခေါ်တယ်။ သာမညမအောက်မေ့နဲ့။ ဒီပုဂ္ဂိုလ်မျိုးကျတော့ ပရိနာယက ခရီးခဲမျိုး ခရီးဦးစီး ခရီးလမ်းပြ ခေါ်တယ်။ သာမညမမှတ်နဲ့၊ ရှေးရှေးတုန်းက ပင်လယ်ကူးလည်းပဲ ရေကြောင်းပြ သင်္ဘောသူကြီး ပါရတယ်နော် (မှန်ပါတယ်ဆရာ)၊ ကုန်းလမ်း ကန္တာရခရီးသွားပြန်တော့ လမ်းညွှန်ဦးစီးပါရတယ်၊ မပါယင် သွားတတ်ပ့ါ မလား (မသွားတတ်ပါဘူးဆရာ)။

ကန္တာရခရီးခဲလေးမျိုး

ကန္တာရခရီးခဲသွားတယ်ဆိုတာ ရှေ့တုန်းက ဒီလို လေယာဉ်ပျံတွေ မော်တော်ကားတွေ မီးရထား တွေ၊ မီးသင်္ဘောတွေ ပေါ်တာမဟုတ်ဘူး။ တစ်ပြည်နဲ့တစ်ပြည် ကူးသန်းရောင်းဝယ်လုပ်ရတယ်ဆိုတာ ကန္တာရခရီးခဲဆိုတာက လေးမျိုးလေးစားတောင် ရှိတယ်။

http://www.dhammadownload.com

(၁) ဘီလူးသားရဲကိုက်သတ်စားတတ်တဲ့ ခရီးခဲ မျိုးတဲ့နော် (ဟုတ်ပါတယ်ဆရာ)၊
(၂) ဓားပြသူခိုးဆိုးသွမ်းပြီးတော့ သတ်ဖြတ်လုယက်တဲ့ ခရီးခဲမျိုးတဲ့။
(၃) ရေအင်မတန်ရှားပြီးတော့ ရေဘေးသင့်ပြီးတော့ သေတတ်တဲ့ ခရီးခဲမျိုးတဲ့။
(၄) အစာငတ်ပြီးတော့ သေတတ်တဲ့ခရီးခဲမျိုး၊

ကန္တာရလေးမျိုးလေးစား ပြတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ကန္တာရ ခရီးခဲကြီးတွေ ကူးသန်းသွားလာပြီးတော့ ရောင်းဝယ်ဖောက်ကား စားသောက်၊ ကုန်သည်တွေ စုဆောင်း လို့ လှည်းပေါင်းငါးရာ တစ်ထောင် ထောင့်ငါးရာဆိုသလို အစုနဲ့အအုပ်နဲ့ သွားကြတာ။ အဲသလို သွားတော့ သို့ကလောက်တောင် ဝေးလံတဲ့ ခရီးကြမ်းကြီးကို လှည်းနဲ့ဝန်တင်ပြီး သွားကြတော့ တစ်နေ့မှ တစ်ယူဇနာထားကြ။ တစ်ယူဇနာအပြင် ပိုမသွားဘူး၊ နွားလည်း အရှည်သဖြင့် သွားနိုင်အောင် လူတွေလည်း သက်သာခွင့်ရအောင်ဆိုတဲ့ အနေအားဖြင့် တစ်နေ့တစ်ယူဇနာ တစ်ယူဇနာ တစ်မြို့နဲ့ တစ်မြို့ ယူဇနာသုံးဆယ်ကွာတယ်ဆိုတော့ ယူဇနာပေါင်း သုံးဆယ် ရက်ပေါင်း သုံးဆယ် သွားကြရတယ်။

ခဲယဉ်းတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ဘာဖြစ်တာတုံး ဒီကောင် ငါပြောပြောနေ အိမ်ပြန်ပြန် သွားနေတယ်။ မပြန်ဘူးလား (မပြန်ပါဘူးဆရာ)၊ ငါ့မျှား ထထုမနေပါနဲ့ဟာ။ ဒီတော့ တောကြီး မြက်မည်းထဲမှာ အင်မတန် ကြောက်စရာကောင်းတဲ့ ဘေးရန်အန္တရာယ်တွေနဲ့ ပြည့်ကြပ်နေတဲ့ ခရီးခဲကြီးထဲ သွားကြတော့ လမ်းမှန်ကမ်းမှန်ကို မသိဘဲနဲ့ သွားလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ လမ်းမှန် ကမ်းမှန်သိတယ်ဆိုတဲ့ ခရီးညွှန်တစ်ယောက် ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ သူ အရေးမကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ လှည်းပေါင်းငါးရာပါလို့ရှိယင် ငါးရာသော ကုန်သည်တွေ သူ့လက်တွင်း အသက်အပ်နှင်းရတယ် ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒီဥပမာလိုပဲ သူတစ်ချက် မှားသွားယင် အကုန်လုံး ဘီလူးသားရဲ အစားခံရမယ်။ ခိုးသား၊ ဓားမြတွေ အသတ်အပုတ်ခံရမယ်၊ ရေငတ်လို့ရှိရင်လည်း သေရမယ်၊ အစာငတ်လို့ ရှိရင်လည်း သေရမယ်။ သေဘေးနဲ့ ကြုံတတ်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ပင်လယ်ခရီးကူးပြန်တော့လည်း ဒီလိုပဲ သင်္ဘောသူကြီး ခရီးလမ်းညွှန်ပါရတယ်။ နားလည်တဲ့ ပုဂ္ဂိုလ်မပါလို့ ရှိရင်ဖြင့် ဒီသင်္ဘောက သွားချင်ရာသွား မုချ ဒါဘေးသင့်တယ်။

သံသရာလမ်းခရီးသွားရင်လည်း ဒီအတိုင်းပဲ၊ ဒီသံသရာတည်းဟူသော ကန္တာရခရီးခဲကြီး သွားရတယ်။ ကမ်းမမြင် လမ်းမမြင် အဲဒီလို သွားနေတော့ မိမိတို့ ကိုယ်တိုင်က ရုပ်နာမ်မမြင် အန္ဓ ပုထုဇဉ်ခေါ်ထားတော့ ပညာမျက်စိလုံးဝ မရှိတော့ဘူး။ ဒါမှားတယ်တဲ့၊ ဒါမှန်တယ်တဲ့လို့ ဝေဖန်တတ် ရဲ့လား (မဝေဖန်တတ်ပါဘူးဆရာ)၊ မဝေဖန်တတ်ဘူး၊ သူလုပ်တာ သူအဟုတ်ထင်လို့၊ သူလုပ်တာ

http://www.dhammadownload.com

သူအဟုတ်ထင်တာပဲ၊ သူလုပ်တာ သူအကောင်းထင်တာပဲ ဒီလိုနေ။ ဒါကိုယ်ကြိုက်ရာ ကိုယ်လုပ်နေကြ။ အေး-ဒါကြောင့် အဲဒီလို သံသရာတည်းဟူသော ကန္တာရခရီးခဲကြီး ထဲသွားနေတဲ့အခါမှာ "ပရိဏာယက" ခေါ်တဲ့ လမ်းညွှန်လမ်းပြလိုတယ်တဲ့။ ဒါ ပရိဏာယက။

မျက်စိမမြင်တဲ့လူကျ တုတ်ဆွဲလမ်းပြနော် (ဟုတ်ပါတယ်ဆရာ)၊ သံသရာတည်းဟူသော ကန္တာရခရီးခဲသွားနေတဲ့ အန္ဓပုထုဇဉ် အန္ဓဗာလကြတော့ ပရိဏာယကပုဂ္ဂိုလ် လိုတယ်။ တုတ်ဆွဲလမ်းပြဘယ် တုတ်ဆွဲ ဘယ်လမ်းပြရမှာတုံး။ နိဗ္ဗာန်လမ်းပြပေးရမယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် လမ်းပြပေးရမယ်။ ဟောဒီတရား ကြိုးစားယင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တယ်။ ဒါမှ သံသရာက ကျွတ်တယ်။ ဒီတရားကြိုးစားလို့ ရှိရင်ဖြင့် နိဗ္ဗာန်မျက်မှောက် ပြုနိုင်တယ်။ ဟောဒီတရား ဒီလို ကျင့်ကြံပွားများ အားထုတ်အသိဉာဏ်လေးတွေ ဟုတ်ပြီဆိုမှဖြင့် သံသရာစက်ရဟတ်ကြီး အဆက်ပြတ်နိုင်တယ်။ ဒါကြောင့် စေတနာ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့ ၊ သလဲစင်ခဲစင်ဆိုတဲ့ လူအများပေါ် သတ္တဝါများ အပေါ်မှာ တကယ်မေတ္တာထားပြီးတော့ ရှေ့ဆောင်လမ်းပြအနေအားဖြင့် မှန်ကန်တိကျတဲ့ တရားကို ပြနေတဲ့ ဆရာမျိုးကို ဆိုလိုပါတယ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ ဆရာအခေါ်ခံတိုင်း မဟုတ်ပါဘူးတဲ့။ ဒါကြောင့် အပရိနာယကော၊ နိဗ္ဗာန်လမ်းပြ ဘယ်သူမှမရှိထသော။ သံသာရေ၊ သံသရာခေါ်တဲ့ ကန္တာရခရီးခဲကြီး၌။ သံသရံ သံသရန္တော၊ ကျင်လည်ပြေးလွှား ကျက်စား၍ နေရသော။ ဗာလော၊ လူမိုက်သည်။ ဗာလနဲ့သုံးထားတာ။ ဧကဒါ၊ တစ်ရံတစ်ခါ။ ပုညံ၊ ကုသိုလ်ကောင်းမှု အစုစု (ဝါ) ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ ကုသိုလ်ကောင်းမှု အစုစုကို။ ကရောတိ၊ အတ္တဒိဋ္ဌိ ရင်ခွင်မှာပိုက်၍ အလိုက်သင့်စွာ ပြုလိုက်ရှာ၏။

တစ်ခါတစ်ရံတော့ ဒါနကုသိုလ်လုပ်လိုက် အင်တိုက်အားတိုက်၊ သီလကုသိုလ်တွေ ကြိုးစားအားထုတ်လိုက်။ ဈာန်သမထကုသိုလ်တရားတွေ ကြိုးစားပွားများအားထုတ်လိုက်နော် (ဟုတ်ပါတယ်ဆရာ)၊ ဧကဒါ၊ တစ်ရံတစ်ခါတဲ့။ အပုညမပိ၊ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အကုသိုလ်တရားကိုလည်း။ ကရောတိ၊ အတ္တဒိဋ္ဌိ ရင်ခွင်မှာပိုက်၍ အလိုက်သင့်စွာ နှစ်နှစ်ခြိုက်ခြိုက် သာသာထိုးထိုး အမျိုးမျိုးအားဖြင့် ကြိုးစားလိုက်ရှာပေ၏။ တစ်ခါတစ်ရံတော့လည်း ဒုစရိုက် ဒုရာဇီဝဆိုတဲ့ မလုပ်ကောင်းမကျင့်ကောင်းတဲ့ အကုသိုလ်ဒုစရိုက် ဒုရာဇီဝဆိုတဲ့ တရားတွေ သာသာထိုးထိုးနဲ့ ကြိုးစားအားထုတ်ပြုလုပ်တယ်တဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ တစ်ခါတစ်ရံ ကုသိုလ်ကောင်းမှု ကြိုးစားလိုက်၊ တစ်ခါတစ်ရံ အကုသိုလ်လုပ်တယ်။

သေချာကြည့် ကုသိုလ်လုပ်တာ အပြစ်ကင်းတယ်၊ ချမ်းသာသော အကျိုးကို ပေးတတ်တယ်၊ အကုသိုလ်လုပ်တာ အပြစ်မကင်းဘူး၊ ဆင်းရဲသော အကျိုးကို ပေးတတ်တယ်။ ဒါ ကံ, ကံ၏အကျိုးကို

http://www.dhammadownload.com

ယုံကြည်တဲ့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ အကုန်သိပြီးသား။ ဒါအဆန်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ ကုသိုလ်ပဲလုပ်လုပ်၊ အကုသိုလ်ပဲလုပ်လုပ်၊ လုပ်တဲ့လူ ဘယ်သူတုံး (လူမိုက်ပါဆရာ)၊ အဲလူမိုက် တိုးတိုးပြောနော် (သဘော်ပေါ်က ဆင်းလာအုံးမယ်) လူမိုက်လား (ဟုတ်ပါတယ်ဆရာ)၊ "ဗာလော"လို့ သုံးထားတာနော် (ဟုတ်ပါတယ်ဆရာ)၊ အကုသိုလ်လုပ်တုန်းကတော့ "ဗာလော"နှင့်ကိုက်တယ် ပေါ့ကွ နော် (ဟုတ်ပါတယ်ဆရာ)၊ ကုသိုလ်လုပ်တော့ "ဗာလော-လူမိုက်သည်"ဆိုတော့ ကိုက်သေး တယ်လားဟ (မကိုက်တော့ ပါဘူးဆရာ)၊ မကိုက်ဘဲနဲ့ ဘုရားဟောပါ့မလား။ ဟောဗျာ ခက်ပေါ့ (ကိုက်ပါတယ်ဆရာ)၊ ဟော ဒီလိုကိုးကွနော် (ကိုက်ပါတယ်ဆရာ)။

ဒါပေမဲ့ ငါတို့ သူငါဆိုတဲ့ အန္ဓပုထုဇဉ်တွေ အမြင်ကတော့ ကုသိုလ်ကောင်းမှုလုပ်နေတာ မင်းမိုက်လို့ လုပ်တယ်ဆိုရင် ကြိုက်ပါ့မလား (မကြိုက်ပါဘူးဆရာ)၊ ဗီလာဆန့်ကျင်ကြီးကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ကုသိုလ်ကောင်းမှု ကြိုးစားပမ်းစားနဲ့ အားထုတ်တဲ့ လူတစ်ယောက် မင်း တယ်မိုက်တဲ့အကောင်ပဲ၊ မင်းမိုက်လို့ ဒီအလုပ်တွေ လုပ်နေတာပဲဆိုရင်တော့ အဲဒါ ဓားခုတ်ပွဲလည်း ဖြစ်မယ်နော် (ဟုတ်ပါတယ်ဆရာ)၊ မုချဖြစ်မယ် ဖြစ်မယ်။ ဒါပေမဲ့ မဟုတ်ဘူးလားလို့ မေးတော့ ဟုတ်တာအမှန်တဲ့။ သူမိုက်လို့ လုပ်နေတာ မလုပ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မိုက်လို့လုပ်တယ်ဆိုတဲ့ သက်သေခံ ထင်ရှားအောင်ဆိုပြီးတော့ -

သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
ကရောတိ ဧကဒါ ပုညံ၊ အပုညမပိ ဧကဒါ။

လို့ ဒီပါဠိထုတ်ပြတယ်။ ဒါကြောင့် ဒီဥပမာနဲ့ ဥပမေယျသည် ပြန်ဟတ်။ သူကန်းမျက်မမြင်သည် သာသာယာယာ ကောင်းမွန်သော လမ်းကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ လျှောက်တာနှင့် အန္ဓပုထုဇဉ် သည် ဒါန သီလ သမထဆိုတဲ့ ကုသိုလ်တရား ကြိုးစားတာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ တူတယ်။ သူကန်းမျက်မမြင်သည် ခလုတ်ကန်သင်း ကျင်းချိုင့်ဆူးငြောင့် ထူထပ်ပေါများသော လမ်းဆိုး လမ်းကြမ်းကို ပင်ပန်းဆင်းရဲစွာ လျှောက်တာနဲ့ လူမိုက်သည် အကုသိုလ် ဒုစရိုက် ဒုရာဇီဝလုပ်တာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ဟိုတုန်းကတော့ သူကန်းမေးတာ လမ်းဆိုး လမ်းကြမ်းလျှောက် တုန်းက ဘာပြုလို့လျှောက် မမြင်လို့ပါလို့၊ လမ်းကောင်းလေးလျှောက်တော့ကော ဘာပြုလို့ မမြင်လို့ပါလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အခုလည်း လူမိုက်လို့ ဘုရားကိုယ်တော်မြတ်က ဗာလသဒ္ဒါနဲ့ သုံးထားတာ။ ကုသိုလ်ကောင်းမှုလုပ်တဲ့ အလှည့်ကြတော့ ပဏ္ဍိတသဒ္ဒါနှင့် မသုံးပါဘူး။ သုံးသေး ရဲ့လား (မသုံးပါဘူးဆရာ)၊ မသုံးပါဘူး။ ပညာရှိသူတော်ကောင်းလို့ ဘုရားကိုယ်တော်မြတ် မဟောဘူး။ အကုသိုလ်လုပ်လည်း "ဗာလော"လို့ သုံးထားတာ ကုသိုလ်လုပ်လည်း ဗာလော လို့

http://www.dhammadownload.com

သုံးထားတာ။ ဒါလေး တွေပဲ ကြုပ်ကြုပ်ရိုပ်စားမိကြ။ ဒါကြောင့် ကုသိုလ်ပဲ လုပ်လုပ်၊ အကုသိုလ်ပဲလုပ် "ဗာလ-လူမိုက်" နော် (ဟုတ်ပါတယ်ဆရာ)။

အဲဒါလေးတွေ ရိုပ်စားမိရင် ပါးရေနားရေ ရှိယင်ဖြင့် သံသရာစက်ရဟတ်ကြီး အဆက်ဖြတ်ကြမှာပဲလို့၊ ဒါလိပ်ပတ်မလည်တဲ့ ပုဂ္ဂိုလ်များ အဖို့ဆိုလို့ရှိရင်ဖြင့် အင်မတန်နားခါးမှာ ခံပြင်းတယ်၊ တယ်ဆိုးဝါးတဲ့အချက်တွေ အလက်တွေ ဟောနေတာပဲ။ ကုသိုလ်ကောင်းမှုလုပ်တာ လူမိုက် ဒါတို့က ဟောတာလား (ဟုတ်ပါတယ်ဆရာ)၊ ဘယ်သူဟောတာတုံး (ဘုရားဟောတာပါ)၊ အေး-ဘုရား ဟောတာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး-မှတ်ထား ဘုရားဟောတာ၊ ဘုရားကိုယ်တော်မြတ်က ဟောသွားတာ။ ဘုရားကိုယ်တော်မြတ် ဟောသွားတော်မူတဲ့ အဓိပ္ပါယ်၊ ကိုယ်ဉာဏ်မမှီယင် မမှီသလိုပဲ အယူတွေက ချွတ်ချော်တိမ်းပါးကုန်မှာပဲ။ မှီရင် မှီသလို ဖြောင့်တန်း သွားမှာနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဒီနေရာ၌ ဝဋ္ဋကထာတို့ကို လည်စေတတ်သော တရားကိုသာလျှင် စုပေါင်းပြီးတော့ ဟောနေတဲ့အခါ ဖြစ်တော့ ဝဋ်လည်စေတတ်တဲ့ တရားမှန်သမျှအကုန်ပါမှာပဲ၊ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ်ပါမှာ။ ပါဘူးလား (ပါပါတယ်ဆရာ)။

အေး-ဒါကြောင့် ဒီနေရာမှာ ကုသိုလ်ကော, အကုသိုလ်ကော နှစ်မျိုးရောနှောထား။ ဒါဖြင့် ဒီကုသိုလ် ဘာကုသိုလ်လဲဆိုတော့ ဝဋ်သုံးပါးတမ်းတလုပ်တဲ့ကုသိုလ်၊ ဒီလို မနေဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အေး-ဒီကုသိုလ်မျိုးဆိုလိုတယ်။ ဒါကြောင့် ဝဋ္ဋုပါဒကုသိုလ်၊ မနေ့ညက ခွဲထားတာ။ ဝဋ္ဋုပါဒကုသိုလ် ဝဋ္ဋရဲ့ အဓိပ္ပါယ်အရင်မှတ်။ "ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ" ဝဋ္ဋဆိုတာဘာတုန်း (တေဘူမ္မက) ဗမာလိုပြောစမ်းပါ။ တေဘူမကဆိုတာ ဘာတုံး (တေဘူမကသင်္ခါရတရားပါဆရာ)၊ အောင်မယ် ရှေ့ဆက်သေးတယ်။ တေဘူမ္မကရဲ့ အဓိပ္ပါယ်လေး ငါ့ပြောစမ်းပါဘာတုံး (ဘုံသုံးပါး ပါဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ တော်သားပဲ။ ဆိတ်ခွ ဓမ္မကထိကတော်သားပဲ။ ဘုံသုံးပါးလား (ဟုတ်ပါတယ်ဆရာ)၊ မှတ်ထား "ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ" (ဟုတ်ပါတယ်ဆရာ)၊ ဝဋ္ဋ ဆိုတာ ဘာခေါ်တုံး၊ (ဘုံသုံးပါးကို ခေါ်ပါတယ်ဆရာ)၊ အေး ဘုံသုံးပါးကို ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ပြီးတော့မှ ဒီဘုံသုံးပါးကို ရအောင် ကြိုးစားတဲ့ကံကျတော့မှ ဝဋ္ဋုပါဒ ကုသိုလ်ကံ ဒီလိုခေါ်တယ်နော် (ဟုတ်ပါတယ် ဆရာ)၊ ပြီးတော့မှ ဒီဘုံသုံးပါးကို ရအောင်ကြိုးစားတဲ့ ကံကျတာမှ ဝဋ္ဋုပါဒကုသိုလ်ကံ ဒီလိုခေါ်ရတယ် နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါဝဋ္ဋုပါဒ ဝဋ္ဋကတစ်မျိုး ဝဋ္ဋုပါဒတစ်မျိုး ဝဋ္ဋလို့ သန့်သန့်လေး နေလို့ရှိယင် ဘုံသုံးပါးကို ရပါ၏။ ဝဋ္ဋုပါဒခေါ်မှ ကုသိုလ်ရတယ်။ ကုသိုလ်ကံရတယ်။ ဒါကြောင့် "ဝဋ္ဋုပါဒံ နာမ ဝဋ္ဋပဋိလာဘာယ ကမ္မံ" ဝဋ္ဋုပါဒ ဆိုတာ တခြားမဟုတ်ဘူးတဲ့။

http://www.dhammadownload.com

ဝဋ်သုံးပါး ဘုံသုံးပါးကို ရအောင် ကြိုးစားနေတဲ့ ကံ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဘုံသုံးပါး ဆိုတာ ကာမဘုံ ရူပဘုံ အရူပဘုံ ခေါ်၏။ ဘုံသုံးဆယ့်တစ် သုံးပိုင်းပိုင်းပြီးတော့ ရေးထားတာ။ ကာမဘုံ ရူပဘုံ အရူပဘုံ ခေါ်၏။ နားလည်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဘုံသုံးပါးဆိုတာ ဘယ်သူတုံး (ကာမဘုံ ရူပဘုံ အရူပဘုံ ပါဆရာ)၊ အေး-ဟုတ်ပြီ ဘုံသုံးဆယ့်တစ် ကုန်သွားတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီဘုံသုံးပါးကို တမ်းတပြီးတော့ ဘုံသုံးပါးထဲမှာ လည်စေတတ်တဲ့ ကုသိုလ်မျိုး မှန်သမျှ ဝဋ္ဋပါဒကုသိုလ်မျိုးခေါ်ပါ၏။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ပြီးတော့မှ ဝိဝဋ္ဋကုသိုလ်လို့ ဒီလိုဆိုကြတယ်။ ဝိဝဋ္ဋက ကုသိုလ်မဟုတ်သေးဘူး။ ဝိဝဋ္ဋရဲ့ တရားကိုယ် တရားသား ကသန့်သန့် "ဝိဝဋ္ဋပါဒ" ဆိုမှ ဝိဝဋ္ဋကုသိုလ်ရတယ်။ "ဝိဝဋ္ဋံ နာမ နဝ လောကုတ္တရဓမ္မာ"၊ ဝိဝဋ္ဋဆိုတာ ဘာရ တရားကိုယ်ကောက်တော့ (နဝ လောကုတ္တရဓမ္မ ရပါတယ်ဆရာ)။

ငါပြောသလို လျှောက်ပြောတာ ဗမာလို ပြောစမ်း (မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပါဆရာ)၊ အေး-ဟုတ်ပြီ တယ်တော်တဲ့ ဓမ္မကထိကကွနော်။ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တဲ့လား (ဟုတ်ပါ တယ်ဆရာ)၊ အဲဒါ ဝိဝဋ္ဋခေါ်တယ်လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် ဝိဝဋ္ဋကုသိုလ်ကျတော့ ဘယ်လိုဟာတုံးဆိုတော့ "ဝိဝဋ္ဋံ နာမ ဝိဝဋ္ဋပဋိလာဘာယ ကမ္မံ" နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာကို ရအောင် ကျင့်နေတဲ့၊ ရအောင်လုပ်တဲ့ ကုသိုလ်ကံသည် ဝိဝဋ္ဋပါဒ ကုသိုလ်ခေါ်၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒီနှစ်ခုတော့ သေချာမှတ်စမ်းပါး သုံးခါလောက်ရှိပြီ ငါထပ်ထပ်ပြော နေတာ၊ ဒီနှစ်ခု ရှင်းလင်းသွားယင် အသီးသီးဉာဏ်ထဲမှာ ရှင်း သွားတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ မဝေးဘူး။ အနီးလေးကပ်လို့ နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ သံသရာစက်ကြီး ရပ်သွားလိမ့်မယ်။ အင်မတန်လွယ် မှတ်ထားနော်။ သာမည မအောက်မေ့နဲ့။ ကုသိုလ်များများလုပ်တဲ့ လူစားများ ကြပ်ကြပ်ကြီးမှတ်။

ဟော တို့မိန်းမတွေ သာပြီးတော့ ကုသိုလ်လုပ်များသေး။ ယောကျ်ားတွေထက် သူတို့က ပိုတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ပိုဘူးလား (ပိုပါတယ်ဆရာ)၊ ပိုတယ် ပိုတယ်၊ ဘာတွေ ပိုတုံး ရောလိုက်နေ ဘာတွေပိုပြောစမ်းပါအုံး (ပေးတာ ကမ်းတာ နေ့စဉ်ဆွမ်းတော်တင်တာ)၊ အောင်မာ သူ့အိမ်လုပ်တာ ကြည့်ပြောနေ ပိုတယ်၊ ယောကျ်ားတွေထက် နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ ယောကျ်ားတွေက ကြွက်သားကြီးတယ်။ မင်းသေချာကြည့်စမ်း အလှူတစ်ခု တရားနာပရိသတ် မဏ္ဍပ်ထဲ ကြည့်လိုက်စမ်း။ ယောကျ်ားနဲ့ မိန်းမ ဘယ်သူများတုံး (မိန်းမက များပါတယ်) အေး- ငါမအားလို့ မင်းသွားလိုက်ပါဆိုတာချည်းပါပဲ (ဟုတ်ပါတယ်ဆရာ)၊ လူရည်လည်း ကလပ်ကိစ္စရှိတော့ သူတို့က ရှေ့က ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ပေါ်ကာဒေါင်းစရာရှိ သူတို့က ရှေ့က

http://www.dhammadownload.com

ဒင်းနားပါတီ ဆိုသူတို့ချည်း၊ မိန်းမတွေ ဘယ်တော့မှ မပါဘူး၊ ဒင်းနားပါတီတို့ ကြေးပါတီတို့ အခမ်းအနားလုပ်တဲ့ အခါကြတော့ မိန်းမများ မြင်ဖူးရဲ့လားဟ (မမြင်ဘူးပါဘူးဆရာ)၊ သူတို့ချည်း ငတ်ကြီးကြ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အလှူက ဖိတ်မယ်, မသာက ဖိတ်မယ် သုမင်္ဂလ ဒုမင်္ဂလတရား နာသွားစရာရှိ သွားလိုက်ပါကွာ။

ငါမအားလို့ ဒီလိုမနေဘူး (ဟုတ်ပါတယ်ဆရာ)၊ ကုသိုလ်တွေက သိပ်များတယ်။ တို့ မိန်းမသား တွေက သိပ်များတယ် သေချာမှတ်ထား၊ ပြီးတော့ လည်း မီးဖိုချောင် အစိုးရထားပြန်တော့ သံဃာ တော်များနဲ့ ပတ်သတ်ပြီးတော့ ဆွမ်းကွမ်းဆိုတဲ့ ဝေယျာဝစ္စ သူတို့ချည်း အားမကြီးဖူးလား (ကြီးပါ တယ်ဆရာ)၊ ယောကျ်ားဆိုတာ မလွဲမကင်းသာမှ မအားလပ်မှ တစ်ခါတစ်ရံ ဒါတောင် စိတ်က မချမ်းမသာ သွားရတယ်။ မီးဖိုထဲ တယ်မဝင်ချင်ပဲကိုးကွ နော် (ဟုတ်ပါတယ်ဆရာ)၊ ဆွမ်းခူးခပ်လောင်း ရတာ အောက်ကြတယ်ထင်လို့ထင် ဒါမျိုးက ရှိသေး။ နေရာတကာသူတို့က ဒီနေရာကျတော့ တွက်သာကြည့် မိန်းမသားများ ကုသိုလ်များတယ်။ ဥပုသ်သီတင်းဆောက်တည်ရာ သွားကြည့် ယောကျ်ားနဲ့ မိန်းမ ဘယ်သူများတုံး (မိန်းမက များပါတယ်ဆရာ)၊ ဟုတ်ပြီ တရားပွဲတွေ သွားကြည့်။ မိန်းမနဲ့ ယောကျ်ား ဘယ်သူများတုံး (မိန်းမက များပါတယ်ဆရာ) ဟုတ်ပြီ၊ သေချာကြည့် များတယ် များတယ်။ နေရာတကာ ဘယ်နေရာပေါ်တော်မူ ဘုရားပေါ်လို့ဆို အုပ်သိုက် အုပ်သိုက် အရှိုရှိသွားတာ ယောကျ်ားနဲ့ မိန်းမ ဘယ်သူများတုံး (မိန်းမက များပါတယ်ဆရာ)။

မှားပြီဟော ဒီကောင် ဒီကောင် မှားပြီ၊ ခရီးကဝေးတော့ လိုက်နိုင်ဘူးဟ။ နေရာတကာ ယောကျ်ားနဲ့မိန်းမစာလို့ရှိယင် မိန်းမက ကုသိုလ်လေးတွေ တိုစိတိုစိဆိုပါစို့ကွာနော် (ဟုတ်ပါတယ် ဆရာ)၊ မများဘူးလားကွာ (များပါတယ်ဆရာ)၊ များတယ် များတယ် အင်မတန်များတယ်။ ဘုရား ပုထိုး ရှိခိုးဝတ်တတ်တဲ့ နေရာလည်း မိန်းမသားက မြဲတယ်။ မြဲဘူးလား (မြဲပါတယ်ဆရာ)၊ ဆွမ်းတော် ပန်းတော်ကပ်လည်း မိန်းမသား မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အိမ်မှာရှိတဲ့ လင်စုံ မယားဘက် ယောကျ်ားသားတွေ ဘုရားရေချမ်းတို့ ဆီမီးပန်းမန်တို့ ဆွမ်းတော်ကွမ်းတော်တို့ ဟုတ်ရဲ့လား (ဟုတ်ပါတယ် ဆရာ)၊ နိစ္စဘတ်အားဖြင့် အိမ်မှာ ကယိကထခံပြီးတော့ လုပ်နေတဲ့ ယောကျ်ားက တော်တော်ရှားတယ်။ ရှားဖူးလား (ရှားပါတယ်ဆရာ)၊ ဘယ်သူတွေ အမြဲလုပ်နေတုံး (မိန်းမတွေ အမြဲလုပ်ပါတယ်ဘုရား)၊ အေး-မှတ်ထား မှတ်ထား အဲဒါ နေ့စဉ်မပြတ် လုပ်နေတဲ့ ကုသိုလ်တွေ မီးဖိုချောင်ထဲကလည်း သာသနာကြီးထောက်ပံ့တဲ့ အနေအားဖြင့် ဆွမ်းကွမ်းနဲ့ ပတ်သတ်ရင် ပြုစုပျိုးထောင်ပေးသေးရဲ့။ နိစ္စဘတ်ဝတ်တွေနော်၊ (ဟုတ်ပါတယ်ဆရာ)။ ဘုရားကလည်းပဲ နိစ္စဘတ္တ ဝတ် အမြဲတမ်း ဖူးမျှော်ကန်တော့ ရှိခိုး၊ ဆီမီးပန်းမန် ရေချမ်းသောက်တော် သုံးတော်ရေ အစရှိသည်

http://www.dhammadownload.com

အားဖြင့် ကပ်လို့ ပြုလို့ ကုသိုလ်စာလို့ရှိယင် အဲဒီ တိုစိတိုစိဆိုတဲ့ အနှံ့အပြားလုပ်တဲ့ ကုသိုလ်တွေက ယောက်ျား တွေထက် စာလို့ရှိရင် မိန်းမသားတွေက များတယ်လို့ များဘူးလား (များပါတယ်ဆရာ)၊ အဲဒီလို ကုသိုလ်များများ လုပ်တတ်တဲ့ လူများက အခုခွဲထားတဲ့ လိုင်းနှစ်လိုင်းကွဲနေတာလေး သေချာ မှတ်ထား။ အရှုံးတော့ မခံကြနဲ့။ တစ်သံသရာလုံး ရှုံးခဲ့ပြီး မဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)၊ တစ်သံသရာလုံး ရှုံးလာပြီး တစ်သံသရာလုံးကလည်း ဒီလိုကုသိုလ်တွေ လုပ်လုပ်၊ လုပ်လုပ်လာလို့ ဗြဟ္မာဖြစ်ပေါင်းလည်း များပြီ၊ နတ်ဖြစ်ပေါင်းလည်းများပြီ၊ လူဖြစ်ပေါင်းလည်း များပြီ၊ များဘူးလား (များပါတယ်ဆရာ)၊ မရေတွက်နိုင်ဘူး။

အဲဒီလို များသာလာတယ် တစ်မင်္ဂ တစ်ဖိုလ် ရခဲ့ရဲ့လား (မရခဲ့ပါဘူးဆရာ)။ အဲဒါ ရှုံးတာနော် (ဟုတ်ပါတယ်ဆရာ)၊ တို့ လုပ်ပုံ မဟုတ်လို့ ရှုံးခဲ့တယ်။ ဘယ်သူ့မှ အပြစ်မတင်နဲ့၊ တို့ လုပ်ပုံလုပ်နည်း မဟုတ်လို့ ရှုံးခဲ့တယ်။ အခုသာသနာကြီးနဲ့ တွေ့တဲ့ ကြုံတဲ့ အခါကျတော့ လုပ်ပုံလုပ်နည်း မှန်တာ ကန်တာ တို့ရရင် တို့လိုင်းလေးတွေ ပြောင်းကြစို့ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ လုပ်တိုင်း လုပ်တိုင်း သစ်သီးတစ်လုံး လှူရ လှူရ၊ ပန်းတစ်ပွင့်ပဲ ကပ်ရကပ်ရ၊ ရေချမ်းတစ်ခွက်ပဲ ပူဇော်ရ ပူဇော်ရ နော် (ဟုတ်ပါတယ်ဆရာ)၊ ဘုရားပုထိုး ရှိခိုးဝတ်တက်တာက စလို့၊ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" အဋ္ဌကထာဆရာ တိုက်ရိုက်ပြထားပါတယ်။

"ဣမံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" လွယ်လွယ်လေး လွယ်လွယ်လေး။ မေ၊ ငါ၏။ ဣဒံ ပုညံ၊ ဤသို့ ယခုပြုစုရသော ကုသိုလ်ကောင်းမှုသည်။ အာသဝက္ခယံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။ ပါဠိတွေ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ရဘူးလား (ရပါတယ်ဆရာ)၊ ဆိုစမ်း၊ (ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု) အေး- ဟုတ်ပြီ။ အေး-ဟောဒီဆုတောင်း တောင်းရမယ်။ တောင်းသလား (တောင်းပါတယ်ဆရာ)၊ တောင်းသာတောင်းတယ် မနည်းစဉ်းစားရွှတ်နေရတယ် (မဟုတ်ပါဘူးဆရာ)။

အမြဲတောင်းနေ ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ နေရမှာပေါ့ကွ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု" ဟောတော်သားပဲ။ ဒါ သေသေချာချာ စတိုင်နဲ့ အလိမ်ပေါ်မှာစိုးလို့ ဖုံးကာမှ ပေါ်သွားပြန်။ "ဣဒံ မေ ရူပံ" ဖြစ်သွားပြန်ရော ("ဣဒံ မေ ဒါနံ"ပါဆရာ)၊ အလွယ်လေး အလွယ်လေး အဲဒီလို ပါဠိလေးလိုမှ မရယင် မြန်မာလိုပေါ့။ ယခုပြုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံး ရရပါလို၏၊ ရောက်ရပါလို၏။ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊

http://www.dhammadownload.com

အင်မတန်ကောင်းတယ်။ အဲဒီလို လိုင်းပြောင်းကြလို့ ဒီလို လိုင်းပြောင်းလို့ ဒီလို ရည်ရွယ်ချက် ဆန္ဒဓာတ် ပြင်းပြင်းကလေးနဲ့ ဒီစေတနာမျိုးထားပြီးတော့ ကြိုးစားအားထုတ်သွားလို့ရှိယင် အမြန်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မှာ အမှန်ပဲ။ သံသရာစက်ရဟတ်ကြီးလည်း အဆက်ပြတ် ကရောလို့နော် (ဟုတ်ပါတယ်ဆရာ)၊ သံသရာထဲ တစ်ဝဲလည်လည် မလည်ရတော့ဘူး။ ဒါကြောင့် ဒီနည်းလေးတွေ သဘာဝကျကျနဲ့ နားလည်မှု ရပါစေဆိုပြီးတော့ ပြနေရတယ်။ မှတ်လည်း မှတ်ပါ။ ဒီနေရာကျ အထူးသဖြင့်လည်း သတိပေးပါတယ်။ ဒါကြောင့် ကုသိုလ်ကောင်းမှု အပြုများကြတဲ့ တို့ သင်တန်းသူလေးတွေက ကြိုးစားလည်း မှတ်ကြ။ အော်-တို့ဒီအချိန်ကစ တို့လုပ်သမျှ ကုသိုလ် လေးတွေ နည်းရောင်းများရောင်း၊ တောင်းပြည့်တဲ့ကုသိုလ်ဆိုတာ ကြီးကြီးရယ်၊ ငယ်ငယ်ရယ် လတ်လတ်ရယ် မရှိဘူး။ စေတနာပြဋ္ဌာန်းသွားတာနော် (ဟုတ်ပါတယ်ဆရာ)၊ စေတနာပြဋ္ဌာန်းသွား တာသေချာ မှတ်ထားနော်။ တစ်သိန်းကုန်ဆိုတဲ့ အလှူကြီး လှူပေမဲ့ "မဟပ္ဖလ မဟာနိသံသ" - များသော အကျိုးပေးချင်မှ ပေးတာ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဘာမှ တန်ဖိုးမရှိတဲ့ တောထဲပေါက်နေတဲ့ ခဝဲပွင့်လေးတစ်ခု လှူတာနဲ့ နတ်စည်းစိမ်ကြီး ရတယ်တဲ့။ အံ့ဩစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ နတ်စည်းစိမ်တောင် ရနိုင်တယ်တဲ့။ ခဝဲပွင့်လေးက ပိုက်ဆံပေးဝယ်ရတာ မဟုတ်ပါဘူး၊ ခြံစည်းရိုးပေါ် ပေါက်နေတာ၊ အဲ့ဒီ ခဝဲပွင့်လေး လှူလိုက်တာနဲ့ ခဝဲပွင့်နတ်သမီးရယ်လို့ နတ်ပြည်သွားပြီးတော့ နတ်ဗိမာန်နဲ့ နတ်စည်းစိမ်ကြီး ရနေ။ မဟပ္ဖလ အကျိုးပေးတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ စေတနာပြဋ္ဌာန်းတယ် မဟုတ်လား (ဟုတ်ပါ တယ်ဆရာ)၊ ဒါကြောင့် နည်းရောင်းများရောင်း တောင်းပြည့်ဆိုသလိုပဲ တို့လူစုတွေ ကြိုးစားအားထုတ် အလုပ်လုပ်နေကြတဲ့နေ့နဲ့အမျှ ပွားများအားထုတ်နေကြတဲ့ ကုသိုလ်လေးတွေဟာ သစ်သီးတစ်လုံး ပန်းတစ်ပွင့်ပဲဖြစ်ဖြစ်၊ တစ်ဇွန်းတစ်ယောက်မပဲဖြစ်ဖြစ် အစရှိသည်အားဖြင့်ပေါ့ကွာ။ ဒါနည်းတယ်လို့ သဘောမထားနဲ့တဲ့။ မိမိ စေတနာကများရင် အကျိုးပေးများတယ်။ စေတနာ အဓိက စေတနာများ ယင် အကျိုးပေးများတယ်။ ဝတ္ထုက ဘယ်လောက်ပဲကြီးကျယ်ခမ်းနားစေကာမူ စေတနာ မကြီးလို့ရှိယင် အကျိုးကြီးကြီး မပေးဘူးတဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ အခက်သား တချို့ကုသိုလ် ကောင်းမှုတွေ လုပ်နေတာက မိမိလုပ်တဲ့ ကုသိုလ်မှာ ကုသိုလ်ရဲ့ အဓိပ္ပါယ်လည်း လုံးလုံးက နားမလည် ရှာဘူး။ ကုလာစာရဆိုတဲ့ အနေအားဖြင့် လုပ်ကြတယ်။ တို့အမျိုးက ဒီလိုလုပ်တော့ တို့လည်း လုပ်အုံးမှ။ ငါငယ်ငယ်တုန်းက ငါ့မိဘ ငါ့ရှင်ပြု ငါလည်း ငါ့သားလေးတွေကြီးလာယင် ရှင်ပြုအုံးမှ။ ဒါ ကုလာစာရ ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ငါ့မွေးလာတဲ့သားလေးတွေ၊ သမီးလေးတွေ မွေးတာစာလို့ရှိယင် သားလေးတွေ မွေးတာ တယ်တန်ဖိုးရှိပ့ါ။

http://www.dhammadownload.com

ဒီကစတွေ့လာတယ်။ မွေးလာကတည်းက သားယောက်ျားလေးဆိုလို့ရှိယင် ယုယပိုက်ထွေး ငါကျကျနန မွေးမယ်။ ဘာပြုလို့ ငါ့သားလေးတွေ တော်တန်ကြီးလာလို့ရှိယင်ဖြင့် သာသနာတော်တွင်းမှာ ရှင်သာမဏေအဖြစ်နဲ့ သွတ်သွင်း။ သာသနာ့ဒါယဇ္ဇ၊ သာသနာ့အမွေ ငါ့ကိုယ်စား အနေအားဖြင့် သွင်းလိုက်တော့ ငါ့ကိုယ်တိုင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုသလိုပဲ၊ ပြုနိုင်ခဲ့တဲ့ အလုပ်ပါလားဟ။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သာသနာ့ဒါယဇ္ဇ၊ သာသနာဆိုတာ သာသနာ၊ ဒါယဇ္ဇ-က အမွေခံတယ်။ ဘုရားသာသနာရဲ့ အမွေခံယောက်ျား ဖြစ်နိုင်တယ်။ ကိုယ်ကိုယ်တိုင်တော့ မလုပ်နိုင်ဘူး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ကိုယ်က သားတွေ သမီးတွေ ပေါက်ဖွားနေပေ့ါ။ ဃရာဝါသ ကိစ္စတွေနဲ့ နေတော့ သားတစ်ကွဲ မယားတစ်ကွဲ၊ ဥစ္စာပစ္စည်းတစ်ကွဲ ဆိုတဲ့ အနေအားဖြင့် သာသနာဝင်ဖို့ အတော်ခဲယဉ်းတယ်။ ဒါကြောင့် ဒုလ္လဘခုနစ်ရက်လောက်ဆိုတာ တောင်ပဲ အတော်ကြိုးစားကြရတယ်။ ဒါပေမဲ့ လူတစ်ရာမှာ ဆယ်ယောက် မကြိုးစားနိုင်ဘူး။ သေချာတွက်ထား သာသနာတော်ကြီး ထင်ရှားနေတဲ့အခါမှာ "ပဗ္ဗဇိတဘာဝဒုလ္လဘ" ဆိုတာ အင်မတန်မှ ရခဲတယ်တဲ့။

"ပဗ္ဗဇိတဘာဝဒုလ္လဘ" ဆိုတာ ဘုရားဖြစ်တာနဲ့ ပိုခဲယဉ်းသတဲ့။ အံ့ဩစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဘာပြုလို့ ဘုရားဖြစ်တာထက် ပိုခဲယဉ်းသလဲ၊ သာမဏေဖြစ်တာပဲ အလွယ်လေး၊ သံဃာတော်ရှိရင် ရှင်ပြုအလွယ်လေး။ ပဗ္ဗဇ္ဇမင်္ဂလာဆိုတာ ပဗ္ဗဇိတာဘာဝ ဆိုတာ အလွယ်လေး။ ဘုရားဖြစ်ဆိုတာ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းတောင် ကြိုးစားရတာ။ ဒါဘုရားဖြစ်တာထက် ပိုခဲယဉ်းတယ်ဆိုတာ ဟုတ်ပါ့မလားလို့။

ဟုတ်လား မဟုတ်လားလို့ ချင့်ချိန်လည်း ကြည့်လေ။ အဋ္ဌကထာဆရာက ပြောသွားတာ။ ဒါပေမဲ့ အဓိပ္ပါယ်လေးတွေးကြည့်စမ်း။ ရှင်သာမဏေပြုဆိုတာ ဘုရားမဖြစ်ဘဲနဲ့ ပြုလို့ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ လောကကြီးမှာ ဘုရားဖြစ်လာမှ ရှင်သာမဏေပြုလို့ ဖြစ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ပထမတံခါး အရင်ဖွင့်ပြီးတော့ ဒုတိယတံခါးဖွင့်ရတယ်တဲ့။ ခဲယဉ်းပုံနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘုရားဖြစ်တာ အရင်ဖြစ်မနေဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ရှင်ဖြစ်တာ နောက် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဘယ်သူကခဲယဉ်းတုံး (ရှင်က ခဲယဉ်းပါတယ်ဆရာ)၊ အေး- ရှင်ကခဲယဉ်းတယ်။ ဘုရားဖြစ်မှ ဗုဒ္ဓုပ္ပါဒနဝမခဏနဲ့ ကြုံမှ ရှင်သာမဏေပြုနိုင်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ အင်မတန်ခဲယဉ်းတယ် တွက်ကြည့်တွက်ကြည့်။ ဒီတော့ သာသနာကြီးတွေနေတဲ့အခါမှာ မိမိသားယောက်ျားလေး ပေါက်ဖွားလာလို့ရှိယင်လည်း ဝမ်းပန်းတသာရှိရမယ်။ ငါတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ်နဲ့ နေပါစို့ တစ်နေ့တစ်ရက် နေ့ဖို့ဥစ္စာ အလွန်ခက်တယ်။ မနေနိုင်ပြန်

http://www.dhammadownload.com

တော့လည်း သာသနာ့အမွေအနှစ်ကြီး ငါမခံစားရဘူး။ ငါ့သားယောကျ်ားလေးတွေ ကြီးလာလို့ ရှိရင် အချိန်တန် အရွယ်ရောက်ယင် သာသနာတော်တွင်း သွတ်သွင်းပြီးတော့ ရှင်သာမဏေအဖြစ်နဲ့ ထားရမယ်ဟဲ့။

ပျော်လည်း တစ်သက်လုံးပေါ့၊ မပျော်လည်း ခေတ္တအခိုက်အတန့်ပေါ့ သူတို့သဘောပေါ့။ ဘယ်နဲ့ ဖြစ်ဖြစ် တစ်နေ့တစ်ရက် တစ်မနက်လောက် သာသနာတော်တွင်း သွတ်သွင်းလိုက်ရယင် ငါ့မွေးကျေး ဇူးတော့ နပ်ပြီပေါ့။ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သာသနာ့အမွေအနှစ်ကြီး ငါရ အုံးမယ်။ ဒီအချိန်ကစပြီးတော့ အမြဲတမ်း အကဲခတ်၊ သားလေးတွေရဲ့ အရိပ်အကဲကြည့်။ ဒီစေတနာ မျိုးနဲ့ မွေးကျွေးသုတ်သင် ပြုစုပေးမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အခုတော့ ဒီလိုမ ဟုတ်ဘူး။ ဒါတွေ မှတ်ထားတာမဟုတ်ဘူး။ သာသနာအတွင်းကို သွတ်သွင်းဖို့ ကုသိုလ်ထုပ်ကြီး မျှော်နေတာ မဟုတ်ဘူး။ ရှင်ပြုနည်းမျှော်နေ၊ အလှူလုပ်နည်း မျှော်နေ၊ ငါငယ်ငယ်တုန်းကတော့ ရှင်ပြုတာ၊ ငါ့မိဘများက ရှင်ပြုလိုက်တာ။ တစ်ထောင်ကုန်လောက် အရင်းစိုက်ပြီး ပြုတယ်။ ဟိုဖိတ် ဒီဖိတ်နဲ့ အကူခံပြီးတော့ ဖိတ်လိုက်တော့ လာလိုက်ကြ။ ဘယ်လောက်ကျန် နှစ်ထောင်လောက်၊ နှစ်ထောင် ကျော်လောက် တစ်ထောင်ကျော်လောက် အမြတ်ထွက်တယ်။ ငါလည်းပဲ သားလေးတွေ ကြီးလာယင် ရှင်ပြုရအုံးမှ၊ ငါ့မိဘတုန်းကလည်း ငါရှင်ပြုတာပဲ။ ငါ့သားတွေကြလည်း ငါရှင်ပြုရအုံးမယ်၊ ရှင်ပြုပြန်တော့ ငါ့မိဘလုပ်သွားတဲ့ လုပ်ငန်းစဉ်အရ ဆိုသလိုပဲ ငါလည်းပဲ မိတ်နဲ့ဆွေနဲ့ နေတာပဲ။ အကူအပံ့ခံပြီးတော့ ပြုမှဘဲ။ ပိုက်ဆံကြေးငွေကတော့ သိပ်ပြီးတော့ ပေါပေါများများလည်း မတတ်နိုင်တော့ ရှိတဲ့ငွေတစ်ထောင်အရင်း စိုက်လုပ်ရမှာပဲ။ အနည်းဆုံးတော့ ငါ့မိတ်ဆွေ သင်္ဂဟနဲ့ အပေါင်းအဖော်နဲ့ တွက်ကြည့်မယ်ဆိုလို့ရှိယင် အနည်းဆုံး ထောင့်ငါးရာဆိုတာ အောက်ထစ်ဆုံး လာမှာ၊ နှစ်ထောင်တော့ မနည်းဘူးဟ တွက်သားချနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီလောက်စပြီးတော့ တွက်သားချပြီးတော့ အလုပ်လုပ်လာတာ၊ ရှင်ပြုတယ်ဆိုတဲ့ အခမ်းအနား အဓိပ္ပါယ်လည်း နား မလည်ဘူး။ ဘယ်နေရာရှင်ပြုလိုက်တယ်ဆိုတာ အဓိပ္ပါယ်မသိဘူး၊ ရှင်ပြုတဲ့အခမ်းအနား ဘာပါလိမ့်။ ကျွေးဖို့ မွေးဖို့ မဏ္ဍပ်ကန္နားနဲ့ ဧည့်ခံဖို့ ဖိတ်ကြားထားတဲ့ ဧည့်ပရိသတ်အတွက်ပဲ၊ စိတ်ကပူနေတာ။ ဘယ်လိုကျွေးမယ်၊ ဘယ်လိုမွေးမယ်၊ ဘယ်လိုဧည့်ခံမယ် ဘယ်လိုဖိတ်မယ်တဲ့။

ဒါတွေပဲ အလုပ်လုပ်နေ ငှားဟယ်၊ ငှားစရာရှိတာလေးငှား၊ ရမ်းစရာရှိတာလေးရမ်း ပန်း လိုက်တာလို့ တစ်ထောင်ကုန် နှစ်ထောင်ကုန်ဆိုတာ ရှေးခေတ်က နည်းတဲ့အလှူကြီး မဟုတ်ပါဘူး။ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ အလှူပါ။ ဆယ်ရက်ကိုးရက်ကစပြီး အလုပ်လုပ်ကြရပါတယ်။ စီစဉ်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ လုံးပမ်းလိုက်ရတာလို့ အလှူမဏ္ဍပ်စဆောက်တဲ့ အချိန်ကစ

http://www.dhammadownload.com

အမြဲမပြတ် ဧည့်ခံ၊ အဲဒါလေးတွေနဲ့ အချိန်ကုန်။ ပြီးတော့ သာမဏေလေးအတွက်ကျတော့ သင်တော်တဲ့ ပုဂ္ဂိုလ်ပုံလိုက်တယ်။ သာမဏေအတွက် သာမဏေဆောင် ပရိက္ခရာ သင့်တော်သလို ကြည့်စီမံပါလို့ ခိုင်းလိုက်တယ်၊ စီမံတဲ့ဆရာတွေက တယ်နေရာကျ ဈေးချိုမှ သူ့လည်းမျက်နှာကောင်းရမှာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ပရိက္ခရာဆိုင်သွားရော ရှင်ပြုပုံ ရှင်ပြုနည်းတွေ သေချာမှတ်ထားကြနော်။ ပရိက္ခရာဆိုင်သွားပြီးတော့ အချိုဆုံး ရှင်ဆောင်ပရိက္ခရာတစ်စုံလောက် ပြစမ်းပါ။ လာတည်းက ဒီလိုလာတာ နော် (မှန်ပါတယ်ဆရာ)၊ အကောင်းဆုံးက မဟုတ်ဘဲ အချိုဆုံးက လာတယ်။

အချိုဆုံး ရှင်ဆောင်ပရိက္ခရာ တစ်စုံလောက် ပြင်စမ်းပါ။ ရှင်နှစ်ပါးဖြစ်ရင်လဲ နှစ်စုံပြင်စမ်းပါ။ သုံးပါးဖြစ်ရင်လဲ သုံးစုံပြင်စမ်းပါ။ ဆိုင်ကလည်း ပြင်ပေးတာပဲ။ ထိုက်ထိုက်တန်တန် ထုတ်ရောင်းလို့တော့ ဝယ်မယ့်လူ မဟုတ်ဘူး။ အချိုဆုံးဆိုတဲ့ စကားရှိထားတော့ အချိုဆုံးပေးမှပဲလို့ ကြည့် သေသေချာချာ သင်္ကန်းက မှတ်ထားနော် သေသေချာချာ၊ အင်မတန် အရေးကြီးပါတယ်။ ကိုယ့်သားလေးတစ်ယောက် ပေါက်ဖွားလာယင် သာသနာ့ဒါယဇ္ဇ သာသနာ့အမွေကြီးရဖို့ လုပ်တဲ့ကုသိုလ်ပါ။ သင်္ကန်းက ဘယ့်နဲ့တုံးတဲ့၊ သင်္ကန်းကလည်းပဲ အတောင်အလျား အနံမပြည့်နော် (ဟုတ်ပါတယ်ဆရာ)၊ နားပတ်ကလည်း ကျမ်းဂန်လာတဲ့ ဝိနည်းသိက္ခာပုဒ်လာတဲ့ နားပတ်နဲ့မညီ၊ လက်ဖျားသုံးသစ်လောက်ကလေးရှိ။ သာမဏေဆောင်နားပတ်တဲ့ ဘာပြုလို့လဲဆိုတော့ ကိုရင်လေးဆောင်တဲ့ သင်္ကန်းဆိုတော့ နားပတ်ကလေးကလည်း သေးရမှာပေါ့တဲ့။ သင်္ကန်းချုပ်တဲ့လူများကလည်း လုပ်လာပေါ့၊ တဖြည်းဖြည်းနဲ့ ခင်မျာမှာလည်း ဝိနည်းတတ်တာ မဟုတ်ဘဲကိုကွနော် (ဟုတ်ပါတယ်ဆရာ)၊ လူနဲ့လိုက်အောင် လုပ်ရတယ်။ အမှန်က နားပတ်ဟာ သင်္ကန်းကြီးကြီးငယ်ငယ် သာမဏေဆောင်ဖြစ်ဖြစ် ရဟန်းဆောင်ဖြစ်ဖြစ် နားပတ်က အတူတူနေရမှာနော် (ဟုတ်ပါတယ်ဆရာ)၊ ရဟန်းဆောင် နားပတ်သည် ခြောက်လက် မရှိရင်လည်း သာမဏေနားပတ် ခြောက်လက်မသွားရမှာ ဒီအတိုင်းသွားရမှာ။ နားပတ်က လက်ဖျား သုံးသစ်လောက်ရှိ သင်းပိုင်ကြည့်လိုက်တော့ ဟိုဘက်ထိပ် ဒီဘက်ထိပ်က နားပတ်မပါဘူး။ ဒီအတိုင်းနော် (ဟုတ်ပါတယ်ဆရာ)၊ လုပ်ထားတာ လုပ်ထားတာ၊ ပရိက္ခရာရှစ်ပါး ဝယ်ပုံလေးတွေ ပရိက္ခရာဆိုတဲ့ အဓိပ္ပါယ်လေး သေချာမှတ်ပါအုံး။ ဒီလိုမှ ပြင်ပြင် မသွားယင် ဒီသာသနာ စင်ကြယ်သန့်ရှင်းဖို့ "မဟပ္ဖလ မဟာနိသံသ" ဆိုတဲ့ အကျိုးတွေရဖို့ အင်မတန်ခက်လှချည်းရဲ့၊ စဉ်းစားပါကြပ်ကြပ်။ အဲဒါ မကောင်းအစဉ် ပြင်ခဏတဲ့၊ မပြင်ဘဲ နေပြန်ယင် ကောင်းမှာ မဟုတ်ဘူး။ ပြင်ပြင် ပြင်ပြင်ပေးရင် ကောင်းသွားမှာပဲ။

အဲဒါ သေချာကြည့်ပြီးတော့ ရေစစ်တဲ့ သံဖြူ ဟိုဘက်ထိပ် ဒီဘက်ထိပ် ပိတ်ထား တယ်။ ဘယ်ကရေစစ်လို့ ဘယ်ကထွက်မယ်ဆိုတာ ငါမပြောတတ်ဘူး။ တွေ့ဘူးလား (တွေ့ပါဘူး ဆရာ)၊

http://www.dhammadownload.com

အေး-ရေစစ်တဲ့ ထည့်လိုက်။ သပိတ်ချည်တဲ့ သပိတ်အောက်က ခံတာ သံဖြူနော် (ဟုတ်ပါတယ်ဆရာ)၊ သာမဏေထိုင်ဖို့ သားရေနယ်တဲ့၊ ခြောက်လက်မ ဗျက်လောက်ရှိ အလျားက တစ်တောင်လောက်ရှိတယ်။ ရှမ်းပြည်ကလာတဲ့ (မှိုင်းခံ) စက္ကူရှားရေလေးသုတ်ထားတယ်။ နှစ်ခေါက်လား၊ သုံးခေါက်လားရှိပြီ ထင်ပါတယ်။ ဖြန့်လိုက်တော့ တစ်ပေလောက်ရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ သားရေနယ်တဲ့ အဲဒါ ထိုင်လို့ဖြစ်ပဲ့မလား (ထိုင်မဖြစ်ပါဘူးဆရာ)၊ အိပ်လို့ ဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)၊ သားရေနယ်ကော ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ အေး-လုပ်ပုံလေးတွေ လုပ်ပုံလေးတွေ အဲဒါမျိုးလေးတွေ စုဆောင်းပြီးတော့ ပြင်ဆင်ပေးလိုက်တယ်။ အချိုဆုံး ဆိုတော့ အကောင်းဆုံး မရှိဘူးလားဆိုတော့ ရှိပါတယ်တဲ့။

ဒါ ဈေးဝယ်က ဈေးသည်ဖျက်ပေးတာ။ အမှန်က ဝယ်တဲ့လူများက ဝိနည်းကံနဲ့ လျော်ကန်တဲ့ အလုပ်ကြည့် လုပ်သွားမယ်ဆို၊ ရောင်းတဲ့လူက အရန်သင့် ဖြစ်ရမယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ဈေး သည်ကို ဈေးဝယ်က ဖျက်၏၊ ချိုသတဲ့ချိုရာ လိုက်လိုက် လိုက်လိုက်ရှာတယ်။ ဒီတော့ ဒီအလျူက သူ့ရည်ရွယ်ချက်ထဲမှာ အမြတ်ဆုံးဆိုတဲ့ သဘာဝကို သူနားမလည်ရှာဘူး။ ချိုချိုချမ်းချမ်းပဲ ကိုယ်တိုင်ဝယ်လည်း ဒီအတိုင်းပဲ ၊ သူများခိုင်းလည်း ဒီအတိုင်းပဲ ဒီလိုပဲလာတာ။ ဒီတော့ ဒီပရိက္ခရာမျိုးနဲ့ ရှင်ပြုတယ်ဆိုတော့ ပရိက္ခရာရှစ်ပါး အလျူကလည်း မမြောက်။ ပရိက္ခရာမှ မမှန်ဘဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ပရိက္ခရာဆိုတာ ပရိက္ခရာလို့ ရေးထားတော့ ရကောက်နဲ့ ပရိက္ခရာ ဆိုတာ တခြားမဟုတ်ဘူး။ ကာယကုစ္ဆိ ပရိဟာရ နှစ်ဌာနတွက် ဆောင်ရွက်ထိ သိပ်သိုမှီးစိတ်ကြောင့် "ပရိက္ခရာ" လို့နော် (ဟုတ်ပါတယ်ဆရာ)၊ ဘာဟုတ်တုံး ငါပြောတာ အကုန်လုံးလိုက်ချ ဟုတ်ပါတယ် လုပ်နေတယ်။ ကာယ ကုစ္ဆိ ပရိဟာရ နှစ်ဌာနတွက် ဆောင်ရွက်ထိ သိပ်သိုမှီးစိတ်ကြောင့် "ပရိက္ခရာ" လို့နော် (ဟုတ်ပါတယ်ဆရာ)၊ လိုက်ပါကွာ ငါမပြောပါဘူးလေ၊ ပြောသွား ကြောက်မနေပါနဲ့။ ကာယ-ကိုယ်တဲ့၊ ကုစ္ဆိ-ဝမ်း တဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ သာမဏေဖြစ်စေ ရဟန်းဖြစ်စေ ဒီပရိက္ခရာ ခေါ်ထားတဲ့ သပိတ်တို့ သင်္ကန်းတို့၊ အခုန ပြောတဲ့ ခါးပန်းကြိုးတို့ ရေစစ်တို့ အပ်တို့ အပ်ချည်တို့ ပဲကွပ်တို့ ရှစ်ပါးသော ပရိက္ခရာတွေ ကိုယ်ကိုယ်လည်း လုပ်ကျွေးရမယ်တဲ့။ ဝမ်းကိုလည်း လုပ်ကျွေးရမယ်တဲ့။ ဒီပရိက္ခရာရှစ်ပါးက နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ်လည်း လုပ်ကျွေးနိုင်ရမယ်တဲ့။ ဝမ်းကိုလည်း လုပ်ကျွေးနိုင်ရမယ်တဲ့ ကာယကုစ္ဆိ ပရိဟာရ နှစ်ဌာနတွက် အကြောင်းနှစ်ချက်ရှိတယ်တဲ့။ အကြောင်းနှစ်ချက်ပြည့်စုံမှ ပရိက္ခရာ ခေါ်နိုင်တယ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ ကိုယ်တွင်လုပ်ကျွေးနိုင်ပြီးဘော့ ဝမ်းမလုပ်ကျွေးနိုင်တဲ့ ပစ္စည်းဖြစ်လည်း ပရိက္ခရာ မမြောက်ဘူးတဲ့။

http://www.dhammadownload.com

(တစ်နည်း) ဝမ်းသာလုပ်ကျွေးနိုင်ပြီးတော့ ကိုယ့်ကိုယ်မလုပ်ကျွေးနိုင်ရင်လည်း ပရိက္ခရာ မပြောက်ဘူးတဲ့။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ကိုယ်နဲ့ဝမ်း နှစ်မျိုး လုပ်ကျွေးရမှာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)၊ ဥပမာတစ်ခုကြည့် သက်န်းတဲ့ ကိုယ်လုပ်ကျွေးတယ်ဆိုတာ ကိုယ်ကို အရှက် အကြောက် အင်္ကျီကြီးငယ် ရှက်ကြောက်ဖွယ်ကို ကာကွယ်၊ ပိတ်စပ်ကိုဝတ်နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကိုယ်လုပ်ကျွေးတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)၊ ဝမ်းလုပ်ကျွေးတော့ တောထဲတောင်ထဲ သွားတဲ့အခါ တောရဆောက်တည်တဲ့ ပုဂ္ဂိုလ်များ မိမိအလိုရှိရာ အသီးအနှံဖြစ်စေ ထင်းဖြစ်စေ ထုတ်စရာ ပိုးစရာရှိလို့ရှိယင် ဒီသင်္ကန်းနဲ့ ထုပ်ပိုးပြီးတော့ ထမ်းပိုးပြီး ယူခဲ့ရတယ်။ (ဟုတ်ပါတယ်ဆရာ)၊ ကိုယ်လည်းလုပ်ကျွေးတယ်၊ ဒီလို ထမ်းပိုးလာတဲ့ အစာအာဟာရ ဝမ်းလုပ်ကျွေးမယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ်လည်း လုပ်ကျွေးတယ်။ ဝမ်းလည်းလုပ်ကျွေးတယ်တဲ့။ ဒီတော့ ပဲကွပ်တဲ့ ဆံချတာ ရှေးကတုန်းက ပဲကွပ်နှင့်ချတာ။ မြတ်စွာဘုရားကိုယ်တော်မြတ်က အခုတော့ ပရိက္ခရာရှစ်ပါးထဲ သင်တုန်းချည့် ထည့်ကြတယ်။ သင်တုန်းက သမ္မုတိရမှ ထည့်ကောင်းတာ အမှန်က ပဲကွပ်ထည့်ကြတာ။ ပဲကွပ်ဆိုတာ မြင်ဘူးလား (ပဲကွယ်ဆိုတာ ဓားပဲဆရာ)။

အောင်မာ-အုပ်လိုက်တာပဲဟေ့။ ဓားဖြင့် ဓားလို့ပြောမှပေါ့ဟ။ ပဲကွပ်တောင် မမြင်ဖူးဘူးလား ရဲဒင်းကော မြင်ဘူးလား (ရဲဒင်းမြင်ဖူးပါတယ်ဆရာ)၊ ရဲဒင်းနဲ့ပဲကွပ် ဘာထူးတုံး (မထူးပါဘူး ဆရာ)၊ မင်းလည်း ရမ်းချ ငါလည်းရမ်းချ။ လက်သမားဆရာမှ သိမှာ။ မင်းလည်း ရမ်းချတာ ငါလည်း ရမ်းချတာ။ ပဲကွပ်ဆိုတာ ကန့်လန့်သွားမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ရဲဒင်းဆိုတာ အတည့်အသွား မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သူ့မေးလည်း ဟုတ်ပါတယ်ချည်းချ။ ဒီကောင်လည်း သိဟန် မတူပါဘူး။ (အပြားကြီး) အေး-ဟုတ်ပြီ အပြားကြီး အလုံးတော့၊ ဟိုဟာ အလုံးဆို ပုဆိန်ဖြစ်မှာပေါ့ဟ။ အဲဒီ ပဲကွပ်သေချာကြည့်။

ပရိက္ခရာရှစ်ပါးထဲ တိစီဝရိတ်၊ အပ်သပိတ် (ဝါ) သိမ်ကြိုးရေစစ် တိစီဝရိတ် အပ်သပိတ် (ဝါ) သိမ်ကြိုးရေစစ် (ဝါ) သိမ်ဆိုတာ ပဲကွပ်ခေါ်တယ်။ (ဝါ) သိမ်ကြိုးရေသစ်တဲ့ တချို့ကတော့ တိစီဝရိတ် အပ်သပိတ် ဆံရိတ်ကြိုးရေသစ်။ အဲဒီ ဆံရိတ်ဆိုတာ တစ်ချို့ကလည်း သင်ဓုန်းခေါ်ပါ တယ်တဲ့ မဟုတ်ပါဘူး။ အဋ္ဌကထာလည်း တိုက်ရိုက်လာတယ်၊ ဋီကာလည်း ဖွင့်ထားတယ်။ (ဝါ) သိပ်၊ ဝါသိက သဒ္ဒါက ပဲကွယ်ဟော။ အဲဒီ ပဲကွပ် ဥပမာလေးတွေ ငါပြောနေတာ၊ ကိုယ်လည်း လုပ်ကျွေးရမယ်။ ဝမ်းလည်းလုပ်ကျွေးရမယ်။ နှစ်ချက်နှစ်ချက်သွားရမယ်လို့ တစ်ချက်တည်းလုပ်နေယင် ဒါ ပရိက္ခရာ မဟုတ်ဘူးလို့ သေချာကြည့်စမ်း။ အဲဒီပဲကွပ် ခေါင်းရိပ်ရတယ် မဟုတ်လား (ဟုတ်ပါတယ် ဆရာ)၊ ဒါ ကိုယ်လုပ်ကျွေးတာ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ထင်းလို့ ဘာတို့ မခွဲရဘူးလား

http://www.dhammadownload.com

(ခွဲရပါတယ်ဆရာ)၊ ဒါ ဝမ်းလုပ်ကျွေးတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အေး-အဲဒီလို ကိုယ်နဲ့ ဝမ်းနဲ့ အကြောင်းနှစ်ချက်နဲ့ ပြည့်စုံတာမှ ပရိက္ခရာလို့ အဲဒီပရိက္ခရာ စစ်စစ်မှန်မှန်နဲ့ သက်န်းကစလို့ ဟိုရေစစ်ကျအောင် ဆိုသလိုပေ့ါ။

ဝိနည်းကံလာတဲ့အတိုင်း တိတိကျကျ လုပ်ပြီးတော့ လှူလိုက်တော့ ပရိက္ခရာရှစ်ပါး အလှူလို့ ဒီလိုခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ပရိက္ခရာ ရှစ်ပါးအလှူတဲ့ သာမည မမှတ်နဲ့ အဲဒီလို ပရိက္ခရာ စစ်စစ်မှန်မှန်များ လှူဒါန်းဖူးတဲ့ပုဂ္ဂိုလ်များ တို့ဘုရားလက်ထက်တော်တုန်းက မြတ်စွာဘုရားကိုယ်တော်မြတ်က လူသားစင်စစ် တရားပါဟောလို့၊ လူသားစစ်စစ် ယောင်နဲ့ဆံထုံးနဲ့ လူဝတ်ကြောင်နဲ့ ဒီလို လူသားစစ်စစ်က တရားဟောရင်း မတ်တတ်ကနေ တရားပါရပြီဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က လက်ျာလက်တော်ဆန့်တန်းပြီးတော့ “ဧဟိဘိက္ခု” ခေါ်တော်မူတယ်လို့ ကြားဖူးတယ် မဟုတ်လား (ဟုတ်ပါ)။ ဧဟိဘိက္ခု ခေါ်တော်မူလိုက်ရင် လက်ျာလက်ဆန့်တန်းပြီး ခေါ်လိုက်လို့ရှိရင် ဟိုက ယောင်နဲ့ဆံထုံးနဲ့ လူဝတ်ကြောင်ဘဝ ရုတ်တရက်အားဖြင့် ပျောက်သွားပြီးတော့ ဘာဖြစ်သလဲလို့ ဝါတော် နှစ်ဆယ်ပြည့်ကြွယ်လေပြီး မထေရ်ကြီးအသွင်ကဲ့သို့ သက်န်းများဝတ်ရုံလို့ ပရိက္ခရာရှစ်ပါး လွယ်ပြီးသား ဖြစ်တယ်။ အံ့ဩစရာမကောင်းဘူးလား (အံ့ဩစရာကောင်းပါတယ်ဆရာ)။

ဧဟိဘိက္ခုဖြစ်ခြင်းအကြောင်း

အဲဒါ မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တုန်းက ဒီသာသနာတော်တွင်းမှာ တရားရလို့ ဝင်လာတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မြတ်စွာဘုရားကိုယ်တော်မြတ်က လက်ျာလက် ဆန့်တန်းပြီးတော့ ဧဟိဘိက္ခုများ ခေါ်သလား၊ ခေါ်တယ်များကြားဖူးသလား (ကြားဖူးပါတယ်ဆရာ)။ ဟောဗျာ မင်းလို ချည်းဆို ပရိက္ခရာဆိုင်တွေ ထမင်းငတ်သေဖို့ ရှိတော့တယ်။ ခေါ်တဲ့ပုဂ္ဂိုလ်မှ ခေါ်တယ်မဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)။ ပုဂ္ဂိုလ်တိုင်း ခေါ်ရဲ့လား (မခေါ်ပါဘူးဆရာ)။ အောင်မယ်လေးဟဲ့ အံ့ဩစရာကောင်းလိုက်တာ၊ ခေါ်တဲ့ပုဂ္ဂိုလ်မှ ခေါ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပုဂ္ဂိုလ်တိုင်း ခေါ်လို့ ရရဲ့လား (မရပါဘူးဆရာ)။ မရဘူး၊ လူတစ်ယောက် တရားဟောလို့ တရားရသွားလို့ ရှိရင်လို့ သာသနာဘောင်ဝင်ရမယ်လို့၊ အဓိပ္ပါယ်အားဖြင့် အထက်မဂ်ရသွား အနာဂါမ်ဖြစ်သွားပြီး ရဟန္တာ ဖြစ်သွားပြီဆို သာသနာတော်ဝင်မှ၊ မဝင်ရင် ဒီနေရာ ပရိနိဗ္ဗာန်စံရတော့မယ်။ ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ကြည့်လိုက်တယ်၊ “ဧဟိဘိက္ခု”ခေါ်လို့ ရဟန်းအသွင်ရောက်နိုင်ပါ့မလား၊ လူ့အသွင် ပျောက်ပြီးတော့ ပရိက္ခရာရှစ်ပါးနှင့် လွယ်ပြီးသားနဲ့ ရဟန်းအသွင် ရောက်နိုင်ပါ့မလားလို့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဆင်ခြင်တော်မူတယ်။ ဆင်ခြင်တော်မူတော့ ဘာဆင်ခြင်သလဲဆိုတော့ သူ့အတိတ် ကုသိုလ်ဆင်ခြင်တော်မူတယ်။ အတိတ်အကြောင်း ဆင်ခြင်တယ်။

http://www.dhammadownload.com

လွန်ခဲ့သော အတိတ်ဘဝက ပရိက္ခရာ ရှစ်ပါးများ လှူခဲ့ဖူးတဲ့ ကုသိုလ်ထူးများ ပါသလား ကြည့်လိုက်တယ် နော် (ဟုတ်ပါတယ်ဆရာ)။ မပါဘူး ဆိုရင် ဘုရားကိုယ်တော်မြတ်က "ဧဟိဘိက္ခု" ခေါ်တော်မမူတဲ့။ ခေါ်လို့လဲ တုတ်တုတ်မှ လှုပ်မှာ မဟုတ်ဘူးတဲ့ နော် (ဟုတ်ပါတယ်ဆရာ)။ ခေါ်လို့လဲ ရကောင်းမှာ မဟုတ်တဲ့။ သူ့မှာ ပရိက္ခရာရှစ်ပါး လှူဖူးတဲ့အလှူ မပါဘူးတဲ့။ ပရိက္ခရာရှစ်ပါး အတိတ်ကာလက အတိတ်ဘဝက၊ တစ်ခုသောဘဝက လှူဖူးတဲ့ ပုဂ္ဂိုလ်လို့သိရင် ဘုရားကိုယ်တော်မြတ်က ဒီမှာ ဧဟိဘိက္ခု ခေါ်တော်မူတယ်၊ "ဘိက္ခု-ချစ်သား၊ ဧဟိ-လာလော့" လက်ျာလက်တော် ဆန့်တန်းပြီးတော့ ခေါ်လိုက်တယ်။ လူ့အသွင် ပျောက်ပြီးတော့ ဝါခြောက်ဆယ်ရတဲ့ မဟာထေရ်ကြီး အသွင်လို ရှစ်ပါးသော ပရိက္ခရာ လွယ်ပြီးသား အလိုလို ဖြစ်လာတယ်။ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ဒါဖြင့် ပရိက္ခရာများ လှူရင် စစ်စစ်ဆေးဆေးနဲ့ မေးမေးမြန်းမြန်း ဆိုသလို ဝိနည်းကံနဲ့လျော်တဲ့ ပရိက္ခရာ ကျကျနန လှူဒါန်းကြပါလို့နော် (ဟုတ်ပါတယ်)။ လှူဒါန်းကြပါ။ ဒါရှင်ပြုတဲ့အခန်းလေး ပြောနေတာပါ။ အော် - ရှင်ဆောင်တစ်စုံ ပြင်လိုက်ပါဆို ပြင်လိုက်၊ စောစောက ပြောတဲ့ အပေါက်မပါတဲ့ ရေစစ် ဘယ်နဲ့လုပ် စစ်မလဲ ငါမပြောတတ်ဘူး၊ တစ်ထွာလောက်ရှိတဲ့ သားရေနယ် မှိုင်းခံစက္ကူ ရှားဆိုးထားတာ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေပေါ့။ ဒါတစ်စုံ ဆိုပြီးတာပဲ၊ ယူတဲ့လူကလည်း ယူလာတာပဲ၊ လက်ခံတဲ့လူကလည်း ခံတာပဲ၊ ရှင်ပြုတဲ့သူကလည်း ပြုတာပဲ သွားလေနော် (ဟုတ်ပါတယ်ဆရာ)။

အဲဒါ ပရိက္ခရာအလှူ ခေါ်ပါတယ်၊ ရှင်ပြုဆိုတာကတော့ သာမဏေလောင်းနဲ့ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်နဲ့ ဥဘတောသုဒ္ဓိလို့ခေါ်တယ်။ နှစ်ပါးစင်ကြယ် ရှင်ဖြစ်တယ်တဲ့။ ရှင်ပြုတဲ့အခန်းလေး သေချာ မှတ်ထား။ ရှင်ဆိုတာ ဘယ်ဒင်းခေါ်သလဲ၊ ရှင်ပြုတာ ဘယ်ဒင်းခေါ်သလဲ မှတ်ထား။ ထောင့်လေးရာ နှစ်ထောင် အကုန်ခံပြီးတော့ ပရိသတ်တွေ တကယ့်မဏ္ဍပ်ကြီး ဆောက်ပြီးတော့ ပရိသတ်တွေ အုတ်အုတ်နဲ့ ဖိတ်ကြားနေတာ ဒါ ရှင်ပြုတာ မပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ လာလာသမျှ လူတွေ ဧည့်ခံပြီးတော့ ကုသိုလ်ပြုနေတာပဲ။ ရှင်ပြုတဲ့ထဲ မပါဘူး။ ရှင်ပြုတာက သာမဏေလောင်းရယ် ဆရာ လုပ်တဲ့ ပုဂ္ဂိုလ်ရယ် ဒီနှစ်ပါး ဥဘတောသုဒ္ဓိ ဖြစ်ရမယ်တဲ့။ ဥဘတောသုဒ္ဓိ ဖြစ်ရင် ရှင်ဖြစ်ကရောတဲ့။ ဥဘတောသုဒ္ဓိဆိုတာ ဘာတုံး။ နှစ်ပါးစင်ကြယ်တာ ခေါ်တယ်။ ဒါတော့ နားလည်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဥဘတောသုဒ္ဓိ - ဆရာ တပည့်နှစ်ယောက် စင်ကြယ်ရမယ်တဲ့လား (ဟုတ်ပါ တယ် ဆရာ) ဘာစင်ကြယ်ရမှာတုံး၊ ဒါနဲ့သူက စင်လို့ လုပ်သေးတယ် ဘာစင်ကြယ်ရမှာတုံး သရဏဂုံ ပေးတဲ့နေရာ သရဏဂုံဆိုတဲ့ နေရာမှာ ဌာန်ကရိုဏ်းပီသရမယ်တဲ့ နာလည်းရဲ့လား (ဟုတ်ပါတယ် ဆရာ)။

http://www.dhammadownload.com

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" မဆိုရဘူးလား ဆိုရပါတယ် ဆရာ။ အတိုနည်း အရှည်နည်း နှစ်နည်းဆိုရတယ်၊ သာမဏေတော်တော်လေးကြီးရှိရင်လည်းပဲ အရှည်နည်းကော အတိုနည်းကော နှစ်ပါးလုံးဆိုတဲ့ သာမဏေလောင်းလေးက ငယ်နေလို့ လေသိမ်းလေယူ မတတ်နိုင်သေးလို့ရှိရင်လဲပဲ အတိုနည်းနဲ့ဆိုတဲ့ သရဏကို နှစ်နည်းရှိတယ်နော် (မှန်ပါတယ် ဆရာ)၊ အတိုနည်းကတော့ တစ်လုံးချင်း 'ဗုဒ္ဓံ' ဆရာက ချသွားတယ်၊ နောက်ကလည်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အတိုလေးဆိုတော့ ခလေးဆို လိုက်နိုင်တာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)၊

နည်းနည်းလေးကြီးလာလို့ရှိရင်တဲ့ အရှည်နည်းပါသွားရမယ်၊ အရှည်နည်းဆိုတာ လေ မဖြတ်ဘဲ တစ်ဆက်တည်း သွားရယ်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" တစ်ဆက်တည်း နားလည်လား (ဟုတ်ပါ တယ်ဆရာ)၊ အဲဒါ သာမဏေ အသက်အရွယ်လေးကြီးလို့ လေသိမ်းလေယူ တတ်နိုင်လို့ရှိရင်တဲ့ အတိုနည်း အရှည်နည်းဆိုပါတဲ့ သာမဏေက ကိုယ့်လေကိုယ် မထိမ်းနိုင် မသိမ်းနိုင်လို့ ငယ်လွန်းလို့ ရှိရင်လည်း အတိုနည်းနဲ့ဆိုပါတဲ့ ဘုရားက မှာသွားတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီနေရာ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး ဌာန် ကရိုဏ်း ပီသရမယ်။ သိထိလ ဓနိက နိဂ္ဂဟီတန္တ မကာရန္တ ပြင်းတဲ့ နေရာပြင်းရမယ်၊ ပျော့တဲ့ နေရာပျော့ရမယ်။ ရှော့တဲ့နေရာ ရှော့ရမယ်။ နိဂ္ဂဟီတန္တနှင့်မကာရန္တ မအဆုံးရှိတဲ့ အသံထွက်ကယ် သေးသေးတင် အဆုံးရှိတဲ့ အသံထွက်တယ်၊ ကွဲပါစေတဲ့ နိဂ္ဂဟိတ် "ဗုဒ္ဓံ" ဆိုတာ သေးသေးတင် မဟုတ်လား၊ (ဟုတ်ပါဆယ်ဆရာ)၊

အဲ့ဒီ သေးသေးတင်ဆိုတာ အဲဒီ သေးသေးတင်နဲ့ "ဗုဒ္ဓံ"ကို ဖတ်တဲ့ဆိုတဲ့ အခါကျတော့ နှာသီးဖျားက လေကို ထုတ်ပေးပါတဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ နှုတ်ခမ်းလေးစေ့ထားပါတဲ့ နှာသိကဌာန် ခေါ်ပါတယ်တဲ့။ နှာခေါင်းဖြစ်တဲ့ အသံထွက်ခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ သေချာမှတ် "ဗုဒ္ဓံ"ဆိုရင် နှုတ်ခမ်းပိတ်လိုက်ရင် နှုတ်ခမ်းပိတ်ထားလိုက်လျှင် လေလေးဘယ်က ထွက်တုံး (နှာသီးက ထွက်ပါတယ်ဆရာ)၊ အေး-နှာသီးက ထွက်တယ် နှာသီးက တွက်တော့ နှာခေါင်းသံလေး ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)၊ အောင်ဗလ အသံလေးပေါ့ကွ နော် ဟုတ်ကဲ့လား (ဟုတ်ပါ တယ်ဆရာ)၊ အဲဒါ နိဂ္ဂဟိတ်တန္တ ခေါ်တယ်။ 'ဗုဒ္ဓမ်' မသတ်တဲ့ ခမ်ကြတော့ နှုတ်ခမ်းလည်း မပိတ်ပါနဲ့ နှာခေါင်းကမထုတ်ပါနဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ ပါးစပ်ဖွင့်သာသွားပါတဲ့ ရိုးရိုးပဲ ဗုဒ္ဓမ် ဆိုရိုးဆိုစဉ်ဆိုတဲ့ အဲဒါ မကာရန္တ နိဂ္ဂဟိတန္တ အဲဒီလို ဌာန် ကရိုဏ်းပီသအောင် ဆရာကလည်း ရွတ်ပေးဆိုပေးတယ်။ တပည့်ကလဲ ဆရာဆိုတဲ့အတိုင်း ဌာန်ကရိုဏ်းပီသအောင် ဆိုနိုင်တယ်၊ နှစ်ပါး စလုံး အပြစ်မစင်ကြယ်ဘူးလား (စင်ကြယ်ပါတယ်ဆရာ)၊ အဲဒါ ဥဘတောသုဒ္ဓိခေါ်တယ်။

http://www.dhammadownload.com

အဲဒီ ဆရာတပည့် နှစ်ယောက်ဟာ ဆရာကလည်း အပြစ်ကင်းတယ် သရဏဂုံ ပီသတယ် တပည့်ကလည်း သရဏဂုံ ပီသတယ်ဆိုလို့ရှိရင် သရဏဂုံလည်း သုံးခေါက်ဆိုပြီးတော့ သာမဏေ လည်း မြောက်ကရော။ သာမဏေလည်း ဖြစ်ကရော။ ကိုင်း-ရှင်ပြုတာ ဘယ်မှာပြု ဘယ်နေရာရှင်ပြု ဒီနေရာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သရဏဂုံဆိုတဲ့ နေရာမဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)၊ အဲဒါ ရှင်ဖြစ်တာ ဒီတော့ ကျောင်းထဲမှာပဲ ဆရာ့ထံမှောက် တစ်ယောက်ချင်း သွားပြု ပြု နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ ဘုရားထဲမှာ ဆရာထံမှောက် တစ်ယောက်ချင်းသွားပြု ပြု ဘယ်နေရာမှာပြုပြု သရဏဂုံ ပီသရင် ဆရာတပည့်နှစ်ယောက် သရဏဂုံပီသရင် ရှင်ဖြစ်တယ် ဆိုတာ သေချာမှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် ခုထောင့်လေးရာ၊ နှစ်ထောင်အကုန်ခံပြီးတော့ လူတွေ ရုတ်ရုတ်ရုတ်ရုတ်နဲ့ ဖိတ်ကျွေးတာတွေ ရှင်ပြုတာထဲ ပါသေးလား (မပါပါဘူးဆရာ)၊ မပါဘူး။ ဒါပေမယ့် သူတို့လည်း ကုသိုလ်ပဲတဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ ကုသိုလ်ပြုတာ မဟုတ်လား (ကုသိုလ် ပြုတာပါဆရာ)၊ ဒါနဲ့ ကုသိုလ်ချင်းကရောနေ ရှင်ပြုတဲ့ကုသိုလ်နဲ့ လူတွေလုပ်တဲ့ ကုသိုလ်နဲ့ရောနေ မရောဘူးလား (ရောနေပါတယ်ဆရာ)၊ ရောနေတာ အရေးမကြီး စိတ်ဓာတ်က ဘယ်သန်လဲဆိုတော့ လူတွေ ပြုတဲ့ကုသိုလ်ဘက်သန်နေ ရှင်ဖြစ်တာတာ တော်ရိရော်ရိချနေနော် (ဟုတ်ပါတယ်ဆရာ)၊ တချို့များ ကျောင်းထိုးလွှတ်လိုက်တာပဲ သွားရော့။ ရှင်လောင်းက ကျောင်းသွားရှာတယ်။ သူ့သဘာဝ အလျောက်လုပ် ဟုတ်ဖူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီလို ပြုတဲ့ကိစ္စလေးတွေ သေသေချာချာ ကြည့်စမ်း။ ဒီတော့ပြုတဲ့ပုဂ္ဂိုလ်ကလည်း ဘယ်နှဲ့ဖြစ်နေလဲဆိုတော့ မိမိသားလေး ရှင်အဖြစ် ရောက်မည်၊ အင်မတန် မွန်မြတ်တဲ့ သာသနာ့ဒါယဇ္ဇဆိုတဲ့ ကုသိုလ်ကြီးကို သာသနာ့အမွေအနှစ်ရမယ် ဆိုတဲ့ ကုသိုလ်ကြီးကို စိတ်ထဲက အာရုံကလည်း မညွှတ်နိုင် ဘာပြုလို့ ကိစ္စဝိစ္စတွေကများလို့။

လူဖိတ်ထားတဲ့ အလှူကလည်းဖြစ် အကုန်အကျကလည်း ခံထားတော့ အဲဒီမှာ အချိန် တန်တော့ ဟိုငွေကူလက်ခံစာရင်းနဲ့ မကြာမကြာ မျက်စောင်းထိုးကြည့်ရတယ်။ အသံလည်း နားထောင် ရတယ်။ ဘယ်ကလာတုံးဟ ဘယ်ကလာတုံးဟ၊ ဘယ်သူမလားတုံးဟ၊ ဘယ်အချိန်လောက်ရောက် လာ စာရင်းက ဘယ်လောက်ရှိတုံးဟနဲ့ စိတ်ဓာတ်က ဘယ်စောနေ အကူခံတဲ့ဘက်ချည်း စောနေ။ ကိုယ်မြှုပ်ထားတဲ့အရင်းလေး ပေါ်မှပေါ်ပမလားဆိုတာ သဘောကပေါ်နေ (ဟုတ်ပါတယ်ဆရာ)၊ သေချာကြည့်ကြနော်။ စေတနာထား စိတ်ထားကလေးတွေ အင်မတန်မှ လိုပါတယ်။ ကုသိုလ်ပြုတဲ့ နေရာနဲ့ ဘယ်နေရာဟာ အရေးကြီးဆုံးဆိုတဲ့ အချက်ကလေးတွေလည်း မှတ်ထားပါ။ ဒီသံသရာစက် ရဟတ်ကို အဆက်ဖြတ်တယ်ဆိုတဲ့ သဘောဟာ တကယ့်ကိုပဲ ဝိဝဋ္ဋူပါဒဆိုတဲ့ ကုသိုလ်ပေါ်တည့်တည့် လေးကျမှ ဒီသံသရာစက်ရဟတ်ကြီး အဆက်ဖြတ်လို့ ဖြစ်မယ်လို့နော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com

အခုန ပြောသလိုပဲ လောဘ ဒေါသ မောဟဆိုတဲ့ တရားတွေ ခြံရံပြီးတော့ အုပ်သိုက် အုပ်သိုက် စုရုံးစုရုံးနဲ့ လုပ်ကြတယ်ဆိုတဲ့ ကုလာစာရတို့၊ မိဘ ဒီလိုလုပ်သွား တို့လည်း ဒီလိုလုပ်အုံးမှ တို့မိဘ လက်ထက်က ဒီလိုပဲ ဖိတ်ပြုသွား။ တို့လည်း ဖိတ်အုံးမှ တို့မိဘလက်ထက်က ဒီလိုပဲ အကူခံသွား။ တို့လည်း ခံအုံးမှ ဒီလို အလုပ်မျိုးတွေနဲ့ ကုလာစာရဆိုတဲ့ အလုပ်မျိုးတွေနဲ့ နာမည်ယူကာမျှ ဂုဏ်ယူကာမျှ နာမည်ကြီးကာမျှဆိုတဲ့ အလုပ်မျိုးနဲ့ အတုအယောင်ဆိုတဲ့ အလုပ်မျိုးနဲ့ လုပ်နေ။ ဘာကုသိုလ်လဲလို့ ဝဋ္ဋကုသိုလ် အပြင်ဘက်မထွက်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်မျိုးကျ အရင်းတောင် ပြုတ်လိမ့်အုံးမယ်၊ ဘာပြုလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် မျက်နှာဘက် လှည့်ဖို့ ဆိုတာက တော်တော်ကြီးခဲယဉ်းတယ်။ ဘာပြုလို့ ကိစ္စဝိစ္စတွေက များလွန်းလွန်းလို့ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

တချို့ကုသိုလ်ပြုလုပ် မိသေးကလေး ထမင်းခွံ့နှင့်တူ

ပါးစပ်ကတော့ ပြောလိမ့်မယ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရအောင်လို့ ရည်ရွယ်ထားတာ။ ဖိတ်စာကြည့် ဟုတ်လား မဟုတ်လားလို့ အဲဒါ လိမ်တာ၊ ဖိတ်စာထဲများ ရေးထားလိုက်တာ ကျွန်တော် ကျွန်မတို့မှာ သံသရာဝဋ္ဋအတွင်းမှ အမြန်ဆုံးလွတ်ကင်းလိုပါသည် ဖြစ်ပါသောကြောင့် အောင်မယ် ဖိတ်စာကတော့ အလာကြီးနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒါဖြင့် အလှူဒါယကာ ဒီဖိတ်စာငုံ့ကြည့်တာ မဟုတ်ပါဘူး။ ဒါ စာပုံနှိပ်တာက ရေးပေးတာပဲ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ သူ့စေတနာပါချင်မှ ပါမှာပါ။ အဲဒီလို လုပ်လုပ်၊ လုပ်လုပ်နေကြတဲ့ ကုသိုလ်မျိုးတွေဟာ စဉ်းစားကြည့်စမ်း စင်ကြယ်တဲ့ အကွက်ကလေးက ဘယ်ရှာရ၊ ဝိဝဋ္ဋပါဒဆိုတဲ့ ကုသိုလ်ဖြစ်လာအောင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် မျက်နှာလှည့်တာ ဘယ်ရှာရ ဘယ်အခန်းမှ ရှာမရဘူး။ သံဃာတော်များက အချိန်တန်လို့ ရေစက်မိုးစက်ချတဲ့အခါမှာ "နိဗ္ဗာနဿ ပစ္စယော ဟောတု " ဆိုတာ ထည့်ကောင်းဆိုထည့်လို့ ခမျာများလည်း လိုက်ကောင်းဆိုလို့ လိုက်လိုက်လာရလိုက်တာလို့နော် (ဟုတ်ပါတယ်ဆရာ)၊ **"ဘာနဲ့တူနေ မိသေး ကလေးထမင်းခွံ့တာနှင့်တူနေ"**။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရ ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဒါသံသရာစက်မှာ လည်ပုံပြနေတဲ့ တရားပဲ၊ လည်တတ်တဲ့ တရားတွေမှန်သမျှ ဒီအထဲအကုန်သွင်း။ စိတ်ရော စေတသိက်ရော ရုပ်ရော ကုသိုလ်ကံရော အကုသိုလ်ကံရော လည်တတ်တဲ့ တရားမှန်ရင် အကုန်သွင်း။

http://www.dhammadownload.com

ဒါကြောင့် "အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်"လို့။ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရကအကျိုး၊ အဲဒီ အကျိုးဆိုတဲ့ သင်္ခါရလည်း ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဥ္စာဘိသင်္ခါရ သုံးမျိုး။ ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်ကံစေတနာက ဘာတုံးတဲ့။ ကာမာဝစရ ကုသိုလ်ကံစေတနာ, ရူပါဝစရကုသိုလ်ကံစေတနာ၊ အပုညာဘိသင်္ခါရဆိုတာက ဘာတုံး အကုသိုလ် ကံစေတနာ။ အာနေဥ္စာဘိသင်္ခါရဆိုတာ ဘာတုံး အရူပါဝစရကုသိုလ်ကံစေတနာလို့ သုံးမျိုးသုံးစား ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရထဲ ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရကုသိုလ်နှစ်ခု တွဲထားတာ။

ဒါကြောင့် ဒီနေရာမှာတော့ သင်္ခါရသုံးမျိုးမှာ ပုညာဘိသင်္ခါရက ကာမာဝစရကုသိုလ်ကံနှင့် ရူပါဝစရကုသိုလ်ကံ၊ အပုညာဘိသင်္ခါရက အကုသိုလ်ကံ၊ အာနေဥ္စာဘိသင်္ခါရက အရူပါဝစရကုသိုလ် ကံဆိုတော့ ကုသိုလ်တွေ ဒီထဲစုံလို့ပေါ့ကွ နော် (ဟုတ်ပါတယ်ဆရာ)၊ အော်တော်လှချည်လားဟ ဘယ့်နဲ့ ဖြစ်နေ။ မင်းဘယ်သူ မြှောက်ပေး၊ ဘယ်သူက မြှောက်ပေးတုံး (မမြှောက်ပေးပါဘူးဆရာ)၊ ဒီတော့ ကုသိုလ်ကော အကုသိုလ်ကော ကံနှစ်မျိုးစလုံး ဒီထဲ မပါဘူးလား (ပါပါတယ်ဆရာ)၊ ကံနှစ်မျိုး စလုံး ပါနေတော့ ကုသိုလ်ဖြစ်ရဲ့သားနဲ့ ဘာကြောင့် သံသရာစက်ကို လည်ရသလဲလို့၊ အဝိဇ္ဇာကြောင့် လည်ရတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဒီကုသိုလ်ကံ တရားကိုက အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ ကုသိုလ်ကံတရားတဲ့။ ဝိဇ္ဇာဉာဏ်ကြောင့် ဖြစ်လာတဲ့ ကုသိုလ်တရား မဟုတ်ဘူး။ အဝိဇ္ဇာအကြောင်းခံပြီး ဖြစ်လာတဲ့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိ သင်္ခါရမျိုးတွေ။

ဒါကြောင့် အဝိဇ္ဇာအကြောင်းခံ ဖြစ်လာတဲ့ သင်္ခါရဆိုရင်ဖြင့် ကုသိုလ်သင်္ခါရလည်းပဲ သူ့နောက် ပဋိသန္ဓေအသစ် ဝိညာဏ်ဖြစ်စေမှာပဲ။ အကုသိုလ်ဆိုတဲ့ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ အကုသိုလ်သင်္ခါရ ဆိုလည်းပဲ သူ့နောက်မှာ ပဋိသန္ဓေအသစ် ဝိညာဏ်ဖြစ်မှာပဲလို့၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒါကြောင့် ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်တဲ့ကံကို လုပ်ပြီဆိုမှဖြင့် ပဋိသန္ဓေအသစ်က ဖြစ်တော့ တာပဲ။ ပဋိသန္ဓေအသစ် ဖြစ်ပြီဆိုမှဖြင့် သံသရာစက်ရဟတ် ပတ်ပတ်လည်ရော့နော် (ဟုတ်ပါတယ် ဆရာ)၊ ဒါကြောင့် ဝဋ္ဋကထာ = ဝဋ်ကိုလည်တတ်တဲ့ ဘုံသုံးပါး၊ လည်တတ်တဲ့ တရားကို စုပေါင်းပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ဟောတော်မူတဲ့ ဒေသနာက ဖြစ်နေတယ်။ သေသေချာချာ သမာဓိလည်းကောင်းကောင်းထား စဉ်းလဲစဉ်းစားပေါ့။ တို့ ဒီလိုသာဖြင့် ဒီအပြုမျိုးနဲ့ ပြုနေတာဖြင့် ဒီသံသရာစက်ရဟတ်ကြီး ဘယ်နည်းနဲ့ ရပ်ပါ့မလဲလို့၊ ရပ်နိုင်စရာ အကြောင်း ရှာမရဘူး။

http://www.dhammadownload.com

ဒါကြောင့် သံသရာကြီးကို တကယ့်ဒုက္ခအစစ်မှန်းသိလို့ သံသရာဝဋ်အတွင်းက တကယ် လွတ်ကင်းချင်တဲ့ စိတ်ဓာတ်များ ပေါ်လို့ရှိရင်တဲ့, လွတ်အောင်လုပ်တဲ့နည်းနဲ့ လုပ်ကြပါလို့။ လွတ်အောင် လုပ်တဲ့နည်းလည်း ဒီဒါန သီလ သမထပဲ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ သံသရာလည်အောင် လုပ်လည်း ဒီဒါန သီလ သမထ ဒီကုသိုလ်ပဲ။ ဒါပေမယ့် ဘာကွာလဲဆို၊ ရည်ရွယ်ချက်ခြင်း ကွာသွား တယ်။ ဘုံသုံးပါး ရည်ရွယ်ပြီးတော့ ဝဋ်သုံးပါးတမ်းတလုပ်နေတဲ့ ကုသိုလ်ကံကျတော့ ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အဆက်မပြတ် လည်မှာပဲလို့။ ဝဋ်သုံးပါး မတမ်းတပဲနဲ့ "မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ရလို၏ ရောက်လိုပါ၏"လို့ ဒီလို ရည်ရွယ်ချက်နဲ့ လုပ်ပြန်တော့လည်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်က ထွက်ရပ်ပေါက်ပြန်တယ်လို့ နှစ်လမ်းသွားကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဝဋ်သုံးပါး တမ်းတပြီးတော့ ဘုံသုံးပါးတမ်းတလုပ်တဲ့ ကုသိုလ်ကျတော့ "ဝဋ္ဋပါဒ ကုသိုလ်"ခေါ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို လိုချင်တဲ့၊ လုပ်တဲ့ ကုသိုလ်ကျ "ဝိဝဋ္ဋပါဒကုသိုလ်" ခေါ်၏။ ရှင်းရှင်းလေး ဘာမှ ရှုပ်စရာ မလိုဘူး။ ဘာမှ နားမလည်တဲ့လူစား အဲဒီ ကြားဝင်ပြီးရှုပ်။ တောပြော တောင်ပြော၊ တောင်ဝေဖန် မြောက်ဝေဖန်၊ ဟိုလူအပြစ်တင် ဒီလူအပြစ်တင်နဲ့၊ ရှုပ်စရာ ဘာမှ မရှိဘူး။ နှစ်လမ်း နှစ်သွယ် မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်က ပြထားတယ် ရှင်းရှင်းလေး။

ဝဋ်သုံးပါး တောင်းတလုပ်တဲ့ ကုသိုလ်ဖြစ်ရင် ဒါနပဲပြုပြု သီလပဲပြုပြု သမထပဲပြုပြု ဝဋ်သုံးပါးလည် မှာပဲ။ ဘာကုသိုလ်ခေါ်တုံး ဝဋ္ဋပါဒကုသိုလ်ခေါ်၏။ ဝဋ်သုံးပါး မတမ်းတပဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသားကို ရည်ရွယ်လုပ်တဲ့ ကုသိုလ်ကျတော့ ဝဋ်သုံးပါးထဲ မလည်ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးရ နိဗ္ဗာန်မျက်မှောက် ပြုသွားရော့။ ဒီကုသိုလ်ကျ ဘာကုသိုလ်ခေါ်တယ်။ ဒါလည်း ဒါန သီလ သမထပဲ ဘာမှ မထူးဘူး။ အဲဒါကျတော့ ဝိဝဋ္ဋပါဒကုသိုလ် ဒီလိုခေါ်တယ်။ မြတ်စွာဘုရား ကိုယ်တော် မြတ်ကိုက နှစ်လမ်း နှစ်မျိုး နှစ်စားအားဖြင့် ခွဲခြားပြီး ပြထားတာ ရှုပ်စရာ ဘာမှ မရှိပါဘူးလို့။ လူ့အန္ဓ လူ့ဗာလ ရုပ်တစ်လုံး နာမ်တစ်လုံးမှ မသိတဲ့လူစားက ပြောတဲ့စကား ခေါ်တယ်။ ရှင်းရှင်းလေး။

ဒါကြောင့် အဖဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ ဒေသနာအရ သေသေချာချာ ခွဲခြားပြီး ပြနေတယ်။ ဒါကြောင့် သံသရာဝဋ်ဆင်းရဲကြီးကို တကယ့်ကြောက်ရွံ့တဲ့ ပုဂ္ဂိုလ်များ သံသရာဝဋ် အတွင်းက လွတ်ကင်းတတ်တဲ့နည်းနဲ့ ကြိုးစားကြပါလို့ ဆိုလိုတယ်နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ဘယ့်နဲ့လုပ်နေလဲဆိုတော့၊ အမှန်ကတော့ အခုလုပ်ပုံလုပ်နည်းတွေကြည့်တော့ ဒါပုဂ္ဂလာဓိဋ္ဌာန် မဟုတ်ပါဘူး။ ဓမ္မာဓိဋ္ဌာန် ၊ ဂြုံးသောအားဖြင့် ဝဋ်သုံးပါးတောင်းတ ဘဝကောင်းရာ ငါကောင်းရာ မျှော်မှန်းလို့ လှူဒါန်းခြင်း ပေးကမ်းခြင်း သီတင်းသီလဆောင်တည်ခြင်း, စျာန်သမထ တရားပွားများ အားထုတ်ခြင်း ဒီအလုပ်ပဲ လုပ်တယ်။ နောင်ဘဝ လူဖြစ်အောင် နတ်ဖြစ်အောင် ပြဟ္မာဖြစ်အောင်

http://www.dhammadownload.com

ကောင်းရာသုဂတိလားအောင်၊ အပါယ်တံခါးပိတ်အောင်၊ အပါယ်မလားအောင် ဒီရည် ရွယ်ချက်ပဲ များသောအားဖြင့် ပါတယ်။ ဒီတော့ ဘာဖြစ်လဲဆိုတော့၊ ဒီလိုလုပ်တဲ့ ကုသိုလ်မျိုးကျတော့ မနေ့ကလည်း ပြောသွားပါပြီ။

ဒါကြောင့် အလှူတစ်ခု ကုသိုလ်တစ်ခု လုပ်ကြည့်ပါလို့၊ သစ်သီးတစ်လုံး ပန်းတစ်ပွင့် လှူတာ ကစ ဆီမီးရေချမ်း ဆွမ်းအစရှိသည်အားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပူဇော်တဲ့ ကုသိုလ်ကစ စဉ်းစားကြည့်၊ ရည်ရွယ်ချက်တွေနဲ့၊ ဘာရည်ရွယ်ချက်၊ ဘုံသုံးပါးရည်ရွယ်ချက်ထား၊ များသောအားဖြင့် ဘာပြုလို့၊ အခုဘဝ ချွတ်ယွင်းချက်တွေက ရှိထားတော့၊ နောင်ဘဝ ဒီလိုချို့ယွင်းချက်တွေ့မှာ အလွန်စိုး ကာကွယ်တဲ့အနေအားဖြင့် ကြိုတင်ပြီးတော့ တံစိုးလက်ဆောင်ပေး။ ဒါ ဘာသဘောလည်းဆိုတော့ အမှန်ကတော့ သံသရာဘေး တွေးပြီးမကြောက်တဲ့ ပုဂ္ဂိုလ်များက သံသရာကို မျက်နှာချိုသွေး၍ လက်ဆောင်ပေးတဲ့နည်းတဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ သံသရာကို မျက်နှာချိုသွေး၍ လက်ဆောင် ပေးနေတဲ့ နည်းတဲ့။ ဘုံသုံးပါး ကျွတ်အောင်, လွတ်အောင်, တစ်မဂ် တစ်ဖိုလ်ရအောင် လုပ်တဲ့နည်း မဟုတ်ပါဘူး။ သံသရာလက်ဆောင်ပေးနေ လက်ဆောင်ထိုးတယ် ခေါ်တယ်။ ဘာပြုလို့ သူလုပ် ကတည်းက ဒီဘဝချို့ယွင်းချက်တွေထက် ဆတက်ထမ်းပိုးတိုးပြီးတော့ သာချင်တယ် ဆိုတဲ့စေတနာက ရှေ့ကသွား ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါ သူသူကိုယ်ကိုယ်ပဲ၊ ပုဂ္ဂလာဓိဋ္ဌာန် မဟုတ်ဘူး ဓမ္မာဓိဋ္ဌာန် များသောအားဖြင့် ဒီလိုချည်း လုပ်နေကြတယ်။ ဒီလမ်းစဉ်အတိုင်း လိုက်ကြတယ်။

ဒါကြောင့် ဆုတောင်းပတ္ထနာပြုတဲ့ နေရာကျတော့ ဘွားဘွားကြီး ပေါ်လာ၊ စုံလို့ တောင်းလိုက် ကြ။ အဲဒီလို တောင်းဆိုကတည်းက သံသရာမျက်နှာချိုသွေးပြီးတော့ လက်ဆောင်ပေးနေတာပဲ။ ကျွန်တော့ ဒီလိုဖြစ်အောင် လုပ်ပေးပ့ါ။ ကျွန်တော် ဒီအမျိုး ဒီအချိုး ဒီအစား ဖြစ်အောင် လုပ်ပေးပါ။ ရောက်အောင်ပို့ပေးပါ။ ကျွန်တော်က ဒီကနေပြီးတော့ ကျွန်တော်မတို့ ကျွန်တော်တို့က ဒီကနေပြီး တော့ လိုလေသေး မရှိအောင် လှူပ့ါမယ်, တန်းပ့ါမယ်, ပေးပ့ါမယ်, ကမ်းပ့ါမယ်, စွန့်ကြပ့ါမယ် ကုသိုလ်ကောင်းမှု အစုစုလုပ်ပ့ါမယ်လို့။

ဒါကြောင့် သံသရာကြီးကလည်း ကျွန်တော်တို့အပေါ် ဖိစီးနှိပ်စက်မှု မရှိဘဲနဲ့ အခုဘဝထဲက ဆယ်ဆတိုးတိုးပြီးတော့ သာတဲ့ဘဝမျိုး အကျိုးပေးပါလို့။ သံသရာကို မျက်နှာချိုသွေး လက်ဆောင် ပေးတဲ့ နည်းတဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဆိုတာကတော့ လူကြားကောင်းရုံလောက်၊ နောက်ဆုံးပါတတ်ပါရဲ့ ဒါလောက်ပဲ ပါတယ်။ စေတနာကတော့ သွားချင် မှသွားမှာ။ ဒါနှုတ်ဖျားကသာ အသံထွက်သွားတာ၊ စေတနာက ထက်ချပ်မကျွာ ပါချင်မှပါမှာ။ ဒီအသံ ထွက်နဲ့ မပါနိုင်ဘူး။ ဒါကြောင့်လည်းပဲ အသံကြားတော့ "မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာမြတ်

http://www.dhammadownload.com

အလျှင်အမြန် ရရပါလို၏၊ ရောက်ရပါလို၏” ဒီလို အသံကြားရတယ်။ စေတနာတွေက ဘယ်သွားလဲ ဆိုတော့ များများတောင်းထားတဲ့ ဆုတောင်းဘက်သွား။

ဒါကြောင့် မနေ့ညက တို့များပြသွားတဲ့ ဒကာမ မိသေးကလေး ထမင်းခွံ့သလိုပဲလို့ မတူဘူးလားဟ (တူပါတယ်ဆရာ)၊ ကလေးဝမ်းထဲရောက်တာက နည်းနည်း၊ သူ့ဝမ်းထဲချည်း မျိုးချ နော် (ဟုတ်ပါတယ်ဆရာ)၊ အခုလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် ပြုလိုက်တဲ့ ကုသိုလ်ရဲ့ အရှိန်အစော်လေးရောက်သွားတာ ညွတ်မှု ကိုင်းမှု ရှိုင်းမှုလေး ရောက်သွားတာက ဘာမှမရှိဘူး၊ ဘယ်ဘက်ရောက်၊ သံသရာတွင်း ပြန်ပြီးဆင်းဖို့ပဲ စိတ်ကူးက သန်နေတယ်။ ဒါကြောင့် ဒီအလုပ်မျိုးတွေကို သံသရာကို တကယ်ရွံ့မုန်းငြီးငွေ့လို့ရှိရင်၊ သံသရာဝဋ်အတွင်းက လွတ်ကင်းချင်ကြရင် အဋ္ဌကထာဆရာလည်း တိုက်ရိုက်ပြထားတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်လည်း တိုက်ရိုက်ဟောထားတယ်။

“ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။ ဣဒံ မေ ပုညံ မဂ္ဂဉာဏဿ ပစ္စယော ဟောတု။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု”။

အလွယ်လေး လွယ်ဖူးလားဟ (လွယ်ပါတယ်ဆရာ)။ ဒီဆုတောင်းပဲ၊ ဒါပေမယ့် ပါးစပ်က ရလို့ ဆုတောင်းတဲ့အနေအားဖြင့် မလုပ်နဲ့၊ စိတ်ဓာတ်က ညွတ်ပေးရမယ်၊ ဆန္ဒဓာတ်က ပြင်းပေးရမယ်။ တစ်မင် တစ်ဖိုလ်မှ မရရင် ငါမအေးဘူးဟ။ သာသနာနဲ့ တွေ့တဲ့ကြုံတဲ့အခါကြီး တစ်မဂ် တစ်ဖိုလ်မှ ငါမရလို့ရှိရင် မဖြစ်ဘူးဟ။ နေလို့ မဖြစ်သေးဘူး သေလို့မဖြစ်ဘူး ဒီအတိုင်းနေလို့ မတော်ဘူး ကြိုးစားမယ်၊ မရရအောင်၊ ဒီလို ဆန္ဒဓာတ်လည်း ပြင်းပြင်းကပ်ထားရတယ်။ ဒီလို ပြင်းပြင်းကပ်ထားမှလည်း ဟုတ်တိပတ်တိ စေတနာခေါ်တယ်။ ညာစားပါစား စေတနာ မဟုတ်ပါဘူး။ ဒီစေတနာ ကံမျိုးမရှိဘဲနဲ့ လူကြားကောင်းရုံလောက် လုပ်နေလို့ရှိရင်ဖြင့် စေတနာကလည်း မပါတော့၊ အမှန်က စေတနာက အကျိုးပေးတာ၊ စေတနာက မပါတော့ ဒီကုသိုလ်တွေ ဗလချာဖြစ်မှာပဲ၊ သံသရာဝဋ်တွင်း ဆင်းအုံးမှာပဲ။ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ” သွားရော့ တောက်လျှောက်လည်ပြန် ဘယ်တော့ရပ်မလဲ။

သပ္ပုရိသသံသေဝ မရတဲ့ဘဝ မှန်သမျှဖြင့် လည်အုံးမှာပဲ တစ်ဖြုန်းဖြုန်းနဲ့ ဘယ်တော့မှ ရပ်မရဘူး။ ဒါကြောင့် “ပရိဏာယက” ဆိုတဲ့ နိဗ္ဗာန်လမ်းပြ မဂ်လမ်းပြ ဖိုလ်လမ်းပြဆိုတဲ့ သပ္ပုရိသသံသေဝ မှီဝဲဆည်းကပ်ကြရတယ်။ ရှာကြ ဖွေကြရတယ်လို့၊ ဒီပုဂ္ဂိုလ်တွေကမှ ဒီလိုလုပ်တာ မှားနေတယ်ဟဲ့။ ဒီလိုလုပ်မှ မှန်တယ်တဲ့ ဒီလိုလုပ်ကြ ဒီလိုဆည်းပူးကြ ဒီလို အားထုတ်ကြ၊ ဒီလိုမှ ညွှန်ကြားပြသနိုင်တယ် နော် (ဟုတ်ပါတယ်ဆရာ)၊ တချို့က ပြောတယ် ဒီသင်တန်းလိုက်လို့ ရုပ်နာမ်ခန္ဓာ မြင်လာလို့

http://www.dhammadownload.com

ပရမတ်သဘော ဓာတ်သဘောပေါက်လာပြီလားဆိုမှုဖြင့် ဒါနမှု သီလမှု အစုစုထဲက ကုသိုလ်ကောင်းမှုတွေ မပြုကြဘူးတဲ့၊ နည်းသွားပေါ့တဲ့၊ ပြောတယ် စွပ်စွဲတယ်။ အဲဒါ နားမလည်တဲ့ပုဂ္ဂိုလ်က ပြောတဲ့စကား၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့တရားကို မြင်လာလေ သာသနာမှာ အရင်းအနှီးမြုပ်ရဲလေ လုပ်ရဲလေနော် (ဟုတ်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ် ဘဝတုန်းက ကမ်းမမြင် လမ်းမမြင်နဲ့ ပညာမျက်စိလုံးလုံးကြီးကဘာမှ မရှိတော့ ဘုရားကျေးဇူးလည်း မသိဘူးတဲ့။ အယောင်ယောင်အမှားမှား၊ လူများကိုးကွယ်ဆည်းကပ်လို့ တို့ဘုရားကို ကိုးကွယ်၊ တရားကျေးဇူးလည်း အထူးအားဖြင့် ဘာမှ မသိဘူးတဲ့။ တရားဆိုတာ နာရတယ်ဟဲ့ ဒါပဲ သိတယ်။ သံဃာ့ကျေးဇူးလည်း အထူးအားဖြင့် ဘာမှ မသိဘူးတဲ့။

ဒါ မိရိုးဖလာအနေအားဖြင့် ဒီလိုပဲနေတာ၊ ဒါ ကုလာစာရ ခေါ်တယ်။ အကြောင်းရှိမှ အရာရှိမှ အရင်းရှိမှ အရာပေါ်ဆိုသလို ဘယ လာဘ ကုလာစာရဆိုတဲ့ သုံးမျိုးသုံးစားအားဖြင့် ထိုဘုရား တရား သံဃာ ရတနာ့မြတ်သုံးပါး ကိုးကွယ်ဆည်းကပ်ပုံလေးတွေက ဘေးကြုံလာရင် ပြေးပြီး သတိရတယ်။ "အမှိုက်ရှုပ်တော့ တောင်းစုပ်သတိရတယ်" ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဘေးနဲ့ကြုံရင် သတိရပြီ၊ မျက်စိလေး ကလယ်ကလယ်နဲ့ မျက်ကလဲဆန်ပြာဖြစ်လာပြီ။ ခိုကိုးရာ ရှာလာပြီ။ ဒီအခါကျတော့ နောက်ဆုံး ခိုကိုးရာ ဘယ်သူလဲဆိုတော့ ဘုရား တရား သံဃာ ရတနာမြတ်သုံး ပါးတဲ့။ ဟောသံ ပြောသံ အတော်သင့်ကြားထားတော့ သမားကုနဲ့ ကုမရ နောက်ဆုံး ဘုရားကုနဲ့ ကုကြ။

အဲဒါ "အမှိုက်ရှုပ်မှ တောင်းစုပ်သတိရတယ်" ဆိုတာမျိုးလို့ ဥပမာတော့ ခပ်ရိုင်းရိုင်း ခိုင်းတော့ မခိုင်းကောင်းဘူး။ ဒါပေမယ့် တို့လူစုက ဒီသဘောတွေ မြင်တယ်။ လာဘတဲ့၊ လာဘ်သက္ကာရ လိုချင်ရင် လာပြန်ပေ့၊ ဒီလိုပဲ ဘယ်လိုလုပ်ရ ဘယ်လိုလာဘသက္ကာရ များတယ်တဲ့၊ နေ့စဉ်အမျှ ဂုဏ်တော်တစ်ထောင်ရွတ်နိုင်လို့ရှိရင် လာဘ်သပ်ပကာများတယ်ဟဲ့။ လိုချင်လုပ်ပြန် ဒါ ဘယလာဘကုလာစာရ ဆိုတာ တို့အမျိုးက ဒီအတိုင်းလုပ်လာကြတယ်။ ဒီအတိုင်းကျင့်ကြံလာကြတာ၊ ဒီအမူအရာတော့ တို့လက် ထက်မှ ဖျက်လို့ မဖြစ်ဘူးဟဲ့ဆိုတဲ့ အနေအားဖြင့် ဆက်လုပ်။ ဒါ ဘယလာဘကုလာစာရဆိုတဲ့ လုပ်နည်းမျိုးလို့၊ ဒီတော့ ဘုရားဂုဏ်ကျေးဇူးသိလို့ လုပ်တာ မဟုတ်ဘူး။ တရားဂုဏ်ကျေးဇူးသိလို့ လုပ်တာ မဟုတ်ဘူး။ သံဃာဂုဏ်ကျေးဇူးသိလို့လုပ်တာ မဟုတ်ဘူးတဲ့။ အန္ဓပုထုဇဉ်ဘဝတုန်းက ငါဒီလို သင်တန်းလိုက်တဲ့ အခါကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူသော သာမုက္ကံသိကဒေသနာ နိယျာနိကဒေသနာ အစစ်ဖြစ်တော်မူတဲ့၊ ဟောတာက ရုပ်၊ ဒါကနာမ်၊ ဒါက ခန္ဓာ၊ ဒါက အာယတန၊ ဒါက ဓာတ်၊ ဒါက သစ္စာ၊ ဒါက ပဋိစ္စသမုပ္ပါဒ်၊ ဒီရုပ်ဒီနာမ် အခြေခံ အားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဒေသနာနည်းအားဖြင့် ဝေဖန်ဟောထားလို့ ကျယ်ဝန်းနေတာ။

http://www.dhammadownload.com

ဒါစုလိုက်တော့ ရုပ်တစ်လုံး နာမ်တစ်လုံးပဲ ရှိတယ်။ မိမိတို့ ကိုယ်ပြန်တင်ကြည့်စမ်း၊ ရုပ်နဲ့ နာမ်အပြင် ဘာရှိတုံး၊ သိပြီ ငါ့ကိုပြန်ကြည့်တော့ ရုပ်နဲ့နာမ် ရှိတယ်။ ဒါဖြင့် ငါကောင် သူကောင် နတ်ကောင် ပြဟ္မာကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ခေါ်နေတာ ဟုတ်သေးလား (မဟုတ်ပါဘူးဆရာ)၊ သူကိုယ်တိုင်ကြောင်ကြောင်ကြီးမြင်နေ။ ဒီလိုမြင်တော့ ဘာဖြစ်လဲ တစ်သံသရာလုံးက မှားလာတဲ့ သက္ကာယဒိဋ္ဌိ အယူကြီးစင်သွားတယ်။ စင်သွားတော့ အနည်းဆုံးအားဖြင့် စူဠသောတာပန်ဖြစ်ကရော့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အောက်ထစ်ဆုံးကလျာဏ ပုထုဇဉ်၊ ဒါအထက်တက်လိုက်တော့ စူဠသောတာပန်၊ ထိုရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ပဲ ဖြစ်လာသော အကြောင်းအရင်းတွေ သိမ်းဆည်းတတ်တယ်ဆို၊ စူဠသောတာပန်ဖြစ်ကရော့။ တရားက မြင်မလာဘူးလား (မြင်လာပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်စာတော့ကား ဒီလောက်မြင်လာလို့ရှိရင် သူ့ရင်ထဲမှာ မသက်သာဘူးလားဟ (သက်သာပါတယ်ဆရာ)၊ သူ့ရင်ထဲမှာ အများကြီး သက်သာသွားတယ်။ သံသရာဘေးနဲ့တွေ့တိုင်း တွေ့တိုင်း စိတ်မလေးတော့ဘူးတဲ့။ အခုမှ စိတ်အေးရပေတယ်။ အခုမှ သက်မချနိုင်တယ်ဆိုတဲ့အဖြစ်မျိုးရောက်နေဖူးလား (ရောက်ပါတယ်ဆရာ)၊ မင်းကိုယ်တိုင် တွေ့ခဲ့သလား (တွေ့ခဲ့ပါတယ် ဆရာ)၊ သူများတွေကော (တွေ့ပါတယ်ဆရာ)၊ ဒီအတိုင်းပေါ့ (ဟုတ်ပါတယ်ဆရာ)၊ သက်သာရာ အများကြီး ရတယ်လား (ရပါတယ်ဆရာ)။

ကိုယ်ပိုင်အိမ်သဖွယ်လုပ်ထားတဲ့ အပါယ်လေးဘုံ

ဒါကြောင့် "လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော" (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ စာပိုဒ် ၈၈) လို့ အဋ္ဌကထာကလည်း ဖွင့်ထားတယ်။ ဋီကာဆရာကလည်း ဖွင့်ထားတယ်။ သက်သာရာရသွားပြီတဲ့၊ သံသရာ ထောက်ရာ တည်ရာရသွားပြီ ဆိုတော့ ဘာသက်သာရာရသလဲ မေးလိုက်တယ်။ စူဠသောတာပန်ရောက်ရင် အပါယ်လေးပါး တံခါးပိတ်သွားပြီလို့၊ ယုံယုံကြည်ကြည်နဲ့ ရလိုက်တယ်။ ဒီအကျိုးကြီး ဒီအမြတ်ကြီး ထွက်လာတယ်။ ထွက်လာတော့ စဉ်းစားတယ်၊ သူ့ကိုယ်သူ ပြန်ပြီးတော့ ဒီတရားနဲ့ တွေ့ပေလို့ အပါယ်လေးပါး တံခါးပိတ်သွားတာ။ ဒီတရားနဲ့သာ မတွေ့ရင် "စတ္တာရော အပါယာ ဟိ သကဂေဟသဒိသာ" (ဓမ္မပဒအဋ္ဌကထာ၊ ပထမ၊ ၆) လို့ ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့အတိုင်း ကိုင်ပိုင်အိမ်သဖွယ်လုပ်ထားတဲ့ အပါယ်လေးဘုံကို တို့ဟာ စုန်ချီဆန်ချီနဲ့ မရေမတွက်နိုင်အောင် ဘဝပေါင်းများစွာ အပါယ်သတ္တဝါ အပါယ်ခန္ဓာ အပါယ်ဒုက္ခကြီးခံရအုံးမှာ မမြင်ဘူးလားဟ (မြင်ပါတယ်ဆရာ)၊ မရေမတွက်နိုင်တဲ့ ဘဝပေါင်းများစွာ ခံရအုံးမယ်၊ အပါယ်သံသရာဝဋ်ဆင်းရဲကြီး၊ အပါယ်ဒုက္ခတုံး ဒုက္ခခဲကြီးက ဂွင်းလုံးကျွတ်လွတ်သွားတယ် ဆိုတော့ သူ့မှာ ဝမ်းပန်းတသာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ဒါထက် သူ့မှာ ဝမ်းသာတာ ရှာရသေးလားဟ (မရပါဘူးဆရာ)၊ ရှာလို့ကို မရဘူး ကြည့်။ ဒီတော့ ဒီလိုဝမ်းပန်းတသာဖြစ်လာတော့ ရှာတယ်။ ဘာပြုလို့၊ ငါရေတွက်လို့ မကုန်ဆုံးအောင် အပါယ်တစ်သံသရာလုံးမှာ ကျင်လည်ရအုံးမယ်ဆိုတဲ့ အပါယ်ဒုက္ခကြီး ငြိမ်းသွားသလဲ ရှာတယ်။ တရားကျေးဇူး ပေါ်လာတယ်၊ ပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ တရားနဲ့တွေ့ပေလို့၊ ဒီတရားနဲ့တွေ့ပေလို့ ငါ့အပါယ်လေးပါး တံခါးပိတ်တာ၊ အခုတော့ သံသရာအရေးဖြင့် အေးရပေပေါ့။ စိတ်မလေး ရတော့ဘူး။ သေချာတွေးကြည့်နော် ဟုတ်လား မဟုတ်လားလို့၊ ပိုက်ဆံလေး တော်တော် လေးရှိလာပြီလားဆို၊ လပ်လျှားလပ်လျှားနဲ့ ဘေးကလူတွေ လူသူလေးပါးလည်း တယ်လူမထင်ချင်ဘူး၊ မာနလေးက တကြွကြွနဲ့ ဒီလို ဖြစ်နေ။ အထင်အမြင်က သိပ်ကြီးလာပြီ။

ဒါပေမယ့် တစ်နေ့နေ့တော့ ဒင်းဟာ နဖူးပေါ်လက်တင်ပြီးတော့ သေဘေးနဲ့ တွေးကြည့်၊ သံသရာရေးနဲ့တွေးကြည့်။ ထားပါတော့၊ သိန်းပေါင်းများစွာ ပစ္စည်းက ချမ်းသာတယ်ထားပါတော့ တော်တော့်ကို ဝင့်ဝင့်ဝါဝါနဲ့ ကြွားကြွားမော်မော် ဆိုသလို ဘယ်သူ့မှ လူမထင်ဘူးဆိုတဲ့ ခြေဖျားထောက်တဲ့ အချိုးအစားပေါ့။ ဒါပေမယ့် တစ်နေ့နေ့ရောက်လာတဲ့ အခါကြတော့ မစဉ်းစား မဟုတ်ဘူး စဉ်းစားတယ်။ သတ္တဝါဆိုတာ တစ်နည်းနည်းသေခါနီး ကြုံပြန်တော့လည်း စဉ်းစားတယ်၊ သေမဲ့ဘေးနဲ့ တွေ့လာပြီဆိုမှဖြင့် မျက်ကလဲဆန်ပျာဖြစ်လို့ မျက်စေ့ကလေး ကလယ်ကလယ်နဲ့ ကယ်သူရှာတယ်။ ရှာတော့လည်း ဘာမှမရှိဘူး။ ရှိသေးရဲ့လားဟ (မရှိပါဘူးဆရာ)၊ မရှိတော့ အကြောက်ကြောက် အလန့်လန့်နဲ့ တွေတွေဝေဝေနဲ့ မသေဘူးလား (သေပါတယ်ဆရာ)။

အခုတော့ ဒီတရားမြင်၊ ဒီတရားရထားတော့ ဘယ်နဲ့ဖြစ်လဲဆိုတော့၊ သေရမှာလည်း မကြောက် နေရမှာလည်းမကြောက်၊ သေရဲတယ် နေရဲတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ဝမ်းပန်းတသာလည်း ဖြစ်လို့ စဉ်းစားတယ်။ ဒီတော့ ငါ့ ခုလိုသက်သာခွင့်ကြီး ရလာတာဟာ အင်မတန်မှ ဝမ်းပန်းတသာ ဖြစ်နေပြီး၊ ချမ်းသာလိုက်တာလည်း မပြောနဲ့။ ဒီတရားမြင်တဲ့အချိန်ကစ သူဌေးမဖြစ်မှာလဲ ငါမစိုးရိမ် တော့ဘူး၊ မဝတ်ရမှာလည်း မပူတော့ဘူး၊ မစားရလည်း မပူတော့ဘူး။ "ယထာလာဘသန္တောသ သန္တုဋ္ဌိသလ္လေခ" မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောထားတဲ့အတိုင်း ရသမျှနဲ့ ခန္ဓာဝန် မစွန့်ခင်တော့ ထိုက်သည့်အားလျော်စွာ မွေးရကျွေးရသေးတာပေါ့။ ဒီမှတစ်ပါးတော့ "ဝိသမလောဘ" ဆိုတာ မတရားသောလောဘနဲ့တော့ ငါ့အသက် ငါမမွေးတော့ဘူး၊ မရှာတော့ဘူး၊ သူဌေးမဖြစ်ရုံမကလို့ ခွေးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဝိသမလောဘဆိုတဲ့ အလုပ်ငါမလုပ်တော့ဘူး။ ဝိသမလောဘဆိုတာ သိလား ဝိသမလောဘဆိုတာ။ ဟုတ်ပါတယ် လုပ်စမ်းပါအုံး အကျယ်လေးဟောစမ်းပါအုံး၊ တစ်ဆတိုးပြီးတော့ ဘာပြု (လောဘထားတာပါဆရာ)၊ အောင်မှာ တယ်ရှင်းပါလား။

http://www.dhammadownload.com

ပထမ လောဘ က ဘယ်လောက်ကြီး၊ တစ်ဆတိုးပြီး လောဘထားတယ်။ ပထမ လောဘ ဘယ်လောက်ကြီးတုံး မသိဘူး၊ ပထမလောဘသိမ့် မင်းဥစ္စာ (သမလောဘပါဆရာ)၊ အောင်မယ် ဘာပြုတယ် (သမလောဘ)၊ သမလောဘဆိုတာ ဘာတုံး (ညီမျှသောလောဘ)၊ အေး-တရားသော လောဘပေါ့ (ဟုတ်ပါတယ်ဆရာ)၊ ဝိသမလောဘဆိုတာ ဘာတုံး (ခေါက်ကြိုးခေါက်ကြိုးယူတဲ့ လောဘပါဆရာ)၊ အောင်မယ် ခေါက်ကြိုးခေါက်ကြိုး ဘာယူတာတုံး၊ ခေါက်ကြိုးခေါက်ကြိုးက (တစ်ကျပ်ကို နှစ်ကျပ်ယူတဲ့ လောဘပါဆရာ)၊ ဘာယူတာတုံး မေးတယ်၊ ဘာယူတာတုံး၊ ခိုးယူသလား, လုယူသလား, တိုက်ယူသလား, လိမ်ယူသလား, ညာယူသလား (ရောင်းတာ ဝယ်တာမှာ ယူတာပါ ဆရာ)၊ အမြတ်ယူတယ်လား (ဟုတ်ပါတယ်ဆရာ)၊ အော်-မနည်းရအောင် ဆွဲခေါ်ရတယ်။ မတရား သဖြင့် အမြတ်ကြီး ယူစားတာပေါ့ (ဟုတ်ပါတယ်ဆရာ)၊ ဒါ မတရားမှု ခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လိမ်ယူတာကော (ဝိသမလောဘပါဆရာ)၊ ဝိသမလောဘနော် (ဟုတ်ပါတယ် ဆရာ)၊ အဲဒီလို မတရားသော အသက်မွေးခြင်းနဲ့ မွေးတဲ့လောဘမျိုး၊ ရှာဖွေတဲ့လောဘမျိုး ဝိသမ လောဘခေါ်တယ်။ ဒီတရားမြင်သွားတဲ့ ပုဂ္ဂိုလ်က လုပ်အုံးမှာလား (မလုပ်ပါဘူးဆရာ)၊ တကယ် လားဟ (ဟုတ်ပါတယ်ဆရာ)၊ ဟဲ့ဟဲ့ ယုံရမှာလည်း အခက်ကြီးကိုကွနော် မြင်ရင်၊ မြင်ရင်ပေါ့ကွနော် (ဟုတ်ပါတယ်ဆရာ)၊ တကယ်မြင်ရင် မလုပ်ဘူးလား (မလုပ်ပါဘူးဆရာ)၊ တကယ်မမြင်ရင်တော့ လုပ်သေးတာပေါ့လို့ တွက်ထား။

တကယ်မြင်ရင် ဘယ်တော့မှ မလုပ်ဘူး။ မိမိအသက်ကလေး ငဲ့ကွက်တဲ့အနေအားဖြင့် မတရားသော ရှာနည်းဖြင့် ရှာမှီးခြင်းဖြင့် ရှာမှီး၍ အသက်မမွေးပါလို့ တထစ်ချမှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် သူ့မှာ အင်မတန်ချမ်းသာတယ်တဲ့။ သူ့မှာ အင်မတန် ချမ်းသာတော့ ငါ့သံသရာကြီးနဲ့တွေ့လဲ စိတ်အေးရပေပေါ့၊ ပူစရာပင်စရာ ကြောင့်ကြစရာမရှိ နေပျော်သေပျော်ဟဲ့။ သံသရာလည်း ငါထောက်ရာ တည်ရာ ရသွားပြီနော်၊ ဘယ်တော့မှ မနစ်မွန်းတော့ဘူးလို့၊ အဲဒီလို ဝမ်းပန်းတသာနဲ့ ရလာတော့ ဘာပြုလို့ရသလဲ၊ ဒီအကျိုးတွေ ဒီအမြတ်တွေ ဘာကြောင့် ထွက်သလဲ ဆိုတော့ တရားဂုဏ်ကျေးဇူးတွေ မြင်လာတယ်။ ဒီတရားနဲ့တွေ့ပေလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)၊ ဒီတရား ဘယ်သူဟောတုံး မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတယ်၊ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မြတ်စွာဘုရားကိုယ်တော်မြတ်သာ လောကမပွင့်လို့ရှိရင် ဒီတရားမပေါ်ဘူး။ ဒီတရားမပေါ်ရင် တို့မရဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် တရားကျေးဇူး အထူးသိတဲ့နောက် အကြောင်းရှာတယ်။ ဒီတရား ဘယ်သူဟောပါ လိမ့်။ တို့ အဖဘုရားကိုယ်တော်မြတ် ဟောလို့ အဖဘုရားကိုယ်တော်မြတ်ကြီး လောကသုံးပါး ပွင့်လာ

http://www.dhammadownload.com

လို့။ ဒါဖြင့်ရင် ငါရတဲ့ကျေးဇူးတွေဟာ ဆပ်ပေးလို့မကုန် ဘယ်သူ့အပေါ်တင်တုံး။ တရားအပေါ်လည်း တင်ရဲ့၊ ဘုရားပေါ်လည်း တင်ရဲ့နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ။ မြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံသွားတာ နှစ်ပေါင်းနှစ်ထောင်နဲ့ငါးရာရှိပြီ။ ဒီတရား မပျောက်မပျက်အောင် ဘယ်သူတွေ ယူလာပါလိမ့်။ တို့ ဘယ်သူဝေငှပေးပါ့လိမ့် တစ်ဆင့်လိုက်တယ်။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဘုရားက တို့ တိုက်ရိုက်ပေးသွားတာ မဟုတ်ဘူး။

မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံသွားတာ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သွားပြီ။ ဒီတရား တို့လက်တွင်းရောက်အောင် ဆောင်လာတာ ဘယ်သူတွေပါလိမ့် ကြည့်လိုက်တယ်။ ကနေ့ထိ လှုပ်လှုပ်ရွရွနဲ့ ထင်ရှားရှိတော်မူတဲ့ သမ္မုတိသံဃာတော် အရှင်မြတ်တို့ရဲ့ ကျေးဇူးပေါ်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီသမ္မုတိသံဃာတော် အရှင်မြတ်များဟာ အာစရိယပရမ္ပရ-ဆရာအဆက်ဆက် သိဿာနုသိဿ-တပည့်အဆက်ဆက် တစ်လက်မှတစ်လက် ဒီတရားတော်မြတ်ကြီး မပျောက်မပျက် အောင် ထိန်းသိမ်းစောင့်ရှောက်လာတာ မူလဇစ်အမြစ်မြေကဆိုသလို ဘယ်ထိအောင်သွား၊ ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ရှင်မဟာကဿပကိုယ်တော်မြတ် အမှူးရှိသော ရဟန္တာငါးရာ သင်္ဂါယနာတင်တဲ့ အထိ သွားမြင်တယ်။ မြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ မပျောက်မပျက်ရအောင်လို့ တစ်လက်မှ တစ်လက် ဆင်းသက်ပြီးတော့ ဆောင်ရွက်လာကြလို့ တို့လက်တွင်း လာရောက်လာကြရတယ်။ ထိုတရားရဲ့အရသာ ဟိုခံစားရပေတယ်ဆိုတာ သံဃာတော်များ ကျေးဇူးဆပ်ပေးလို့ ကုန်ပါ့အုံးမလား (မကုန်ပါ ဘူးဆရာ)၊ သေချာကြည့်နော်။

သမာဓိလည်းကောင်းကောင်းထား။ သံဃာတော်များရဲ့ ကျေးဇူးလည်းဆပ်ပေလို့ မကုန်တဲ့ တရားတော်မြတ်ရဲ့ ကျေးဇူးလည်းဆပ်ပေးလို့ မကုန်။ ဘုရားကိုယ်တော်မြတ်ရဲ့ ကျေးဇူးလည်း ဆပ်ပေး လို့ မကုန်ဆိုတဲ့ ကျေးဇူးတွေ သိမလာဘူးလား (သိလာပါတယ်ဆရာ)၊ အဲဒီလို သိလာမှ သဒ္ဓါစစ် သဒ္ဓါမှန်တွေပေါ်လာ ပေါ်ဖူးလားဟ (ပေါ်ပါတယ်ဆရာ)၊ သဒ္ဓါစစ် သဒ္ဓါမှန်တွေ ပေါ်လာ။ အဲဒီ သဒ္ဓါစစ် သဒ္ဓါမှန်တွေနဲ့ ကျေးဇူးတုန့်ပြန် တစ်ဖန်ဆပ်ပေးတဲ့ အနေအားဖြင့် လှူဒါန်းတာကမှ စင်ကြယ် သန့်ရှင်းသော သဒ္ဓါတရား ခေါ်တယ်။ တို့လှူရတန်းရတာ အသက်နဲ့လဲဆိုတောင်လဲလိုက်ချင်တယ်၊ ဘာပြုလို့ တစ်သံသရာလုံးပြန်ဆပ်တောင် ကုန်စရာ အကြောင်း မရှိဘူး။ ကိုယ်တော်မြတ်တွေရဲ့ ကျေးဇူး, တရားတော်မြတ်ရဲ့ကျေးဇူး, မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ကျေးဇူးတို့အပေါ် တင်ထားလိုက် တာလို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ ကျေးဇူးဆပ်အနေအားဖြင့် လှူဒါန်းတဲ့ သဒ္ဓါတရားက မှ ပိုပြီးတော့ စင်ကြယ်သန့်ရှင်းတယ်ခေါ်တယ်။ ဒီတော့ သံသရာ မျက်နှာချိုသွေးပြီးတော့ လက်ဆောင် ပေးတဲ့အနေပါသေးလားဟ (မပါပါဘူးဆရာ)၊ မပါဘူး။

http://www.dhammadownload.com

သဒ္ဒါသန့်ရှင်း လှူဒါန်းတဲ့ အနာထပိဏ်သူဌေး

ဒါကြောင့် တို့ ပုထုဇဉ်များနဲ့ အရိယာများ ကုသိုလ်ကောင်းမှု ပြုတဲ့နေရာမှာ ကွာချင်းတိုင်း ကွာတာပေါ့ကွယ်။ အခိပ္ပါယ်သေချာကြည့်။ တို့ဘုရားလက်ထက်တော်က ဘုရားကျောင်းဒကာကြီး ဘယ်သူကွ ဘာသူဌေးကွ (အနာထပိဏ်ဆရာ)၊ လုပ်စမ်းပါဟ။ အနာထပိဏ် သူဌေးပါ ဘာကွ (အနာထပိဏ်ဆရာ)၊ ကျယ်ကျယ်ပြော ကျယ်ကျယ်ပြောပါ (အနာထပိဏ်သူဌေးပါဆရာ)၊ ဒီကောင် ဉာဏ်သမား သူမပြတ်သားတာကြ ငါတိုးတိုးလေးပြောတယ်။ ဟုတ်ပဲ့ဗျာဆို ကုန်းအော်တာပဲ။ အနာထပိဏ်သူဌေးလား (ဟုတ်ပါတယ်ဆရာ)၊ ဘုရားကျောင်းဒကာကြီးပေါ့ကွာနော် (ဟုတ်ပါတယ် ဆရာ)၊ အနာထပိဏ်သူဌေးကို ဘုရားနဲ့မတွေ့ခင် သောတာပန်မဖြစ်ခင်တုန်းက အန္ဓပုထုဇဉ်ပေါ့ ကွယ် နော် (ဟုတ်ပါတယ်ဆရာ)၊ ရုပ်လည်းမမြင်, နာမ်လည်းမမြင်လည်း, တရားလည်းမသိ, ဘုရားလည်း မသိ, သံဃာလည်းမသိ ဒီလိုပဲ နေလာတာ။ ဒါပေမယ့် သူ့နောက် နောက်ကဆည်းပူး အားထုတ်လာတဲ့ ပါရမီဓာတ်ခံကလေးက ရင့်သန်တော့ ပေးချင် ကမ်းချင် ကျွေးချင် မွေးချင်တဲ့သတ္တိ ရှိတယ်တဲ့။

အနာထ-ပိဏ္ဍိက အဓိပ္ပာယ်

ဒါကြောင့် သူ "အနာထပိဏ္ဍိက"၊ **အနာထ**-ကိုးကွယ်ရာမဲ့ရာ။ **ပိဏ္ဍိက**-ထမင်းဆွမ်း၊ အစာရေစာ ငတ်မွတ်ခေါင်းပါးသော ပုဂ္ဂိုလ်များရဲ့ အားကိုးရာ ကိုးကွယ်ရာတဲ့။ ဟိုစဉ်အခါတည်းက ငတ်မွတ် ခေါင်းပါးတဲ့လူများ တယ်ကျွေးတယ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)၊ ဒီတော့ တို့ ပုထုဇဉ်ပဲ ရှိသေး တယ်။ ဘုရားနဲ့လည်း မတွေ့ဘူး။ တရားနဲ့လည်း မတွေ့ဘူး။ သံဃာနဲ့လည်း မတွေ့ဘူး။ နောက်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ တွေ့တယ်။ တရားတော်နာတော့ သောတာပတ္တိမဂ်ဉာဏ်ရတယ်၊ သောတာပတ္တိမဂ်ဉာဏ်ရတော့ ကြည့်စမ်း ရက်စက်လိုက်တာလို့။ အနာထပိဏ်သူဌေးဆို ကျိကျိတက် ချမ်းသာတာပေ့ါ။ သောတာပတ္တိမဂ်ဉာဏ်ရလိုက်တယ်ဆိုရင် အပါယ်လေးပါးဟာ တံခါးပိတ်တယ်။ ရခါစ အိပ်လို့မပျော်ဘူးပေါ့ ဝမ်းသာလိုက်တာ လောကမှာ ဒီဝမ်းသာမျိုး တစ်ခါမှ မသာဖူးဘူး။ ဘယ်လို ဝမ်းသာနည်းမှန်းမသိ။ နေမထိ ထိုင်မသာဖြစ်နေ။ တရားထူးမြင်လာတော့ သောတာပတ္တိ မဂ်ဉာဏ်ရလို့ သောတာပန်ဖြစ်လာတော့ ဒီတော့ ဘာမြင်တုံး။ ဒီတရားကြီး ငါနာနေလို့ ဒီတရားကြီး နဲ့တွေ့လို့ ငါသံသရာကြီး ထောက်ရာ တည်ရာ ရပေတယ်။ သံသရာထဲ မနစ်မွန်းနိုင်တော့ဘူး စိတ်ချရပြီ။ အင်မတန် ကြောက်စရာကောင်းတဲ့ အပါယ်လေးပါးလည်း တံခါးပိတ်သွားပြီ။ ငါနဲ့ မသက် ဆိုင်တော့ဘူး။ သေခန်းပြတ် ရှင်ခန်းပြတ်။ ချမ်းသာလိုက်တာ ငါဝမ်းသာလိုက်တာလည်း မပြောနဲ့။ ချမ်းသာလိုက်တာလည်း မပြောနဲ့ စိတ်ထဲမှာ စိတ်ထဲမှာနော် (ဟုတ်ပါတယ်ဆရာ)၊ ဒီတော့ ပြန်ကြည့်

http://www.dhammadownload.com

တယ် ဒီတရားမြင်ပေလို့ ဒီတရားသိပေလို့ ငါသံသရာထောက်ရာ တည်ရာ ရပေတယ်လို့။ တရားကျေးဇူး သူဆပ်လို့ မကုန်ဘူး ကုန်ပါအုံးမလား (မကုန်ပါဘူးဆရာ)၊ ဒီတရား ဘယ်သူဟော အဖဘုရားကိုယ်တော်မြတ်ဟော။ အဖဘုရားကိုယ်တော်မြတ်ကျေးဇူးကလည်း ဆပ်လို့မကုန်ဘူး။ ထိုအဖဘုရားကိုယ်တော်မြတ်၏ တရားရင်နှစ် သားတော်စစ်ဖြစ်တော်မူတဲ့ သံဃာတော်များရဲ့ဂုဏ်လည်း ယုံကြည်မှုကရှိနေ။ ကိုယ်တော်မြတ်ရဲ့ကျေးဇူးမြတ်များ ကိုယ်တော်များရဲ့ ကျေးဇူးလည်း ငါဆပ်ပေးလို့ မကုန်ဘူး။

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့ဂုဏ်ကျေးဇူးတွေ တစ်ဖန်တုန့်ပြန်တဲ့ အနေအားဖြင့် ဆပ်ပေးလို့ ငါကုန်စရာ မရှိပါလားလို့။ တင်လိုက်တဲ့ကျေးဇူး တင်ဖူးလား (တင်ပါတယ်ဆရာ)၊ ဒါထက် ကျေးဇူးတင်စရာတော့ မရှိဘူးဟေ့ သေချာလည်း တွက်ကြ။ တို့လူစု ကျေးဇူးတင်လို့ ဆုံးစရာလည်း အကြောင်းမရှိဘူး။ ဒါကြောင့် အင်မတန် ကြောက်ဖွယ်လန့်ဖွယ်ကောင်းတဲ့ မရေမတွက်နိုင်အောင် ဘဝပေါင်းများစွာ ဖြစ်အုံးမယ် ကျအုံးမယ် ခံရအုံးမယ်ဆိုတဲ့ အပါယ်လေးပါးများ တံခါးပိတ်ပေးတဲ့ ကျေးဇူးများ တွက်ကြည့်ကြ။ ဒါပေမယ့် တို့လူစုက ခုမျက်မှောက် တစ်ရာ့ကိုးဆယ် ချီးမြှောက်တာ လောက်တော့ သိပ်ဝမ်းသာမှာ ဟုတ်ပါဘူး။ ခုမျက်မှောက်ရော ငွေတစ်ရာသုံးတော့ကွာ နှစ်ရာနှစ်သုံးတော့ကွာ ပေးဂွဲလူ ပိုကျေးဇူးတင်တတ်တယ်။ ပြောလိမ့်မယ် ဒါကတော့ ချက်ချင်းစားရတာကို ဒီလိုလာတာနော် (မှန်ပါတယ်ဆရာ)၊ ဒါထက် ကျေးဇူးတင်စရာ မရှိဘူးလို့။ အဲဒီ ကျေးဇူးတွေ တစ်ဖန်ပြန်ပြီးတော့ ဆပ်ပေးတဲ့ အနေအားဖြင့် အနာထပိဏ်သူဌေးဟာ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတည်းဟူသော သာသနာတော်ကြီးပေါ်မှာ မြှုပ်နှံလိုက်တာလို့။ ဘုရားအမှူးရှိတဲ့ သံဃာတော်များ နေ့စဉ်အမျှ အနာထပိဏ်သူဌေးကြီးရဲ့ တိုက်ကြီးမှာ ငါးရာငါးရာ ဝင်တဲ့ကိုယ်တော်က ဝင် ထွက်တဲ့ကိုယ်တော်ကထွက် ပြန်တဲ့ကိုယ်တော်ကပြန် ကြွတဲ့ကိုယ်တော်ကကြွ။ ဒီမှာ လိုလေသေး မရှိအောင် အရံသင့်ပြထား။ နေ့စဉ်အမျှ နိဗဒ္ဓဝတ်အားဖြင့် ယာဂုကြိုက်တဲ့ပုဂ္ဂိုလ်က ယာဂုရမယ်၊ ဆွမ်းကြိုက်တဲ့ပုဂ္ဂိုလ်က ဆွမ်းရမယ်။ ကော်ဖီကြိုက်တဲ့ပုဂ္ဂိုလ်က ကော်ဖီရမယ်၊ လက်ဖက်ရည်ကြိုက်တဲ့ ပုဂ္ဂိုလ်က လက်ဖက်ရည်ရမယ်၊ ပေါင်မုန့်ထောပတ် သုတ်မီးကင် ကြိုက်တဲ့ပုဂ္ဂိုလ်က ပေါင်မုန့်ထောပတ် သုတ်ရမယ်။ ဒါ အခိပ္ပါယ်ထားပါတော့ ဟိုတုန်းက ဟိုခေတ်ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)၊ လိုလေသေး မရှိဘူးတဲ့။ မွမ်းမံပြင်ဆင်ထားတာ။

သာသနာကြီး ချီးမြှောက်ပုံ သေချာကြည့်။ သာသနာထဲမှာ အရင်းအနှီးမြှုပ်နှံပုံ သေချာကြည့်။ ရက်စက်လိုက်ပုံ အဲဒီလို မြှုပ်နှံ မြှုပ်နှံလာတော့ ကုဋေပေါင်းထောင်ပေါင်းများစွာ ချမ်းသာတဲ့သူဌေးကြီး ဘယ့်နဲ့ပရိသတ် နေ့စဉ်အမျှ ငါးရာရှိပါပဲလားလို့။ ပြီးတော့လည်း သာမန်ပရိသတ် မဟုတ်ဘူး။

http://www.dhammadownload.com

အညွန့်အဖူးဆိုတဲ့ ထိပ်ဦးဖျားဆိုတဲ့ ပရိသတ်လုပ်ကျွေးရတယ်။ တဖြည်းဖြည်းနဲ့ ကုန်ပါနော် (မှန်ပါတယ်ဆရာ)၊ ရှေးကလို အရောင်းအဝယ်တွေလည်း သိပ်ဝါယာမစိုက်ဘူး။ ချမ်းသာဆင်းရဲ ဆိုတာ စိတ်ထဲမတွက်ဘူး။ ဘာပြုလို့ သူဝမ်းအသာဆုံးဆိုတဲ့ အမြတ်ဆုံးတည်းဟူသော တရားကို မြင်ထား, ရထား။ တစ်သံသရာလုံး သုံးစားလို့ မကုန်ဘူးတဲ့။ နိဗ္ဗာန်ရောက်အောင် သွားမယ့် တရားကြီးဟဲ့။ ငါရထားတဲ့ အမြတ်ကြီးဟဲ့။ ဒါနဲ့ ဝမ်းသာပြီး ရောင့်ရဲတင်းတိမ် ဘုရားဆည်းကပ် သံဃာဆည်းကပ် တရားနာနဲ့ ရှေ့ကလို အရောင်းအဝယ် မလုပ်တော့ တဖြည်းဖြည်းနဲ့ အကုန်အကျ တွေက များတော့ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ် ဆုတ်ယုတ်လာလိုက်တာ နောက် ဘယ်ထိယုတ် လက်ထဲ ပိုက်ဆံကိုမရှိ ထုတ်လှူစရာ မရှိဘူး၊ ထုတ်လှူစရာမရှိတော့ အနာထပိဏ်သူဌေးရဲ့ပြာသာဒ်မှာ ဆင်ပြင်ထားတဲ့ အိမ်တောင်ပရိဘောဂတွေ ချရောင်း လှူတာပဲ နော် (ဟုတ်ပါတယ်ဆရာ)၊ လှူလို့ချည့် လာလိုက်တာ အိမ်ထောင်ပရိဘောဂလည်းကုန်၊ ကုန်တော့ လူလဲချွတ်ချုံကြ၊ စားစရာမရှိဘူး။ အနာထပိဏ်သူဌေး ဘာနဲ့စား၊ ဟင်းရွက်ပြုတ်တို့ဖြင့် ရောအပ်သော ပြုတ်ဆန်ယာဂုထမင်းကို စားနယ် နော် (ဟုတ်ပါတယ်ဆရာ)။

တကယ့်သူဌေးပါပဲလားလို့ ဒီလောက်အမြင့်ကြီးကနေ ဒီလောက်အနိမ့်ကျသွားရင် မျက်ရည် တောင် တောက်တောက်ကျတယ်။ ခုလူစုတွေ နော် (ဟုတ်ပါတယ်ဆရာ)။ ခံနိုင်စရာအကြောင်းမရှိဘူး၊ မဖြုံဘူး၊ မတုန်လှုပ်ဘူး၊ ဝမ်းပန်းတသာနဲ့ နှစ်နှစ်သက်သက် သာသာယာယာပဲ၊ ဟင်းရွက်ဖြင့် ရောအပ်သော ဆန်ကွဲဆန်ဖြင့် ကျိုတဲ့ပြုတ်ဆန်ယာဂုထမင်းစားတယ်။ သူစားသလိုပဲ အိမ်မှာပြု နေတဲ့ နိဗဒ္ဓ သံဃာတော်များကိုလည်း ပြုတ်ဆန်ယာဂုပဲ တိုက်တယ်။ ဘုရားတောင် တစ်ခါ ချီးမွမ်းသေးတယ်။ အနာထပိဏ်သူဌေးတဲ့၊ ယခုလို ပြုတ်ဆန်ယာဂု လှူရတန်းရခြင်း၊ ပြုတ်ဆံယာဂု သင်ကိုယ်တိုင်စားရခြင်း ဝမ်းနည်းသလား၊ (မနည်းပါဘူးဘုရား)၊ ယထာလာဘသန္တောသ သန္တုဋ္ဌိ သလ္လေခ တရားဟောတယ်။

ငါတို့ဘုရားအမျိုးရှိတဲ့ သံဃာတော်များကလည်းပဲ ဤကဲ့သို့သော ဆွမ်းကို စားရခြင်းသည် အင်မတန် အပြစ်ကင်းလို့ သန့်ရှင်းသည်ဖြစ်ပါသောကြောင့် အလွန့်အလွန်မှာ မွန်မြတ်သော ဆွမ်းဖြစ်၏၊ ချီးမွမ်းစကား ပြောကြားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပြုတ်ဆန်ယာဂု ရောက်နေပြီ။ ဆန်ကွဲဆန်ကျိုးနဲ့ ဟင်းရွက်တွေခူးကြိုရတယ်။ ဆန်ချည်းပဲ မကြိုနိုင်ရှာဘူး။ အဲဒီဘဝ ရောက်လာတော့ အနာထပိဏ်သူဌေးတဲ့၊ ယခုလို ပြုတ်ဆန်ယာဂု လှူရ တန်းရခြင်း ပြုတ်ဆန်ယာဂု သင်ကိုယ်တိုင်စားရခြင်း ဝမ်းနည်းသလား။ မနည်းပါဘူးဘုရား။ “ယထာလာဘ သန္တောသ သန္တုဋ္ဌိ သလ္လေခ” တရားဟော တယ်။ ငါတို့ဘုရားအမျိုးရှိတဲ့ သံဃာတော်များကလဲပဲ ဤကဲ့သို့သော ဆွမ်းကို

http://www.dhammadownload.com

စားရခြင်းသည် အင်မတန် အပြစ်ကင်းလို့ သန့်ရှင်းသည် ဖြစ်ပါသောကြောင့် အလွန်အလွန်မှာ မွန်မြတ်သော ဆွမ်းဖြစ်၏။ ချီးမွမ်းစကား ပြောကြားတယ်နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ ပြုတ်ဆယာဂု ရောက်နေပြီ။ ဆန်ကွဲဆန်ကျိုးနဲ့ ဟင်းရွက်တွေ ခူးကြိုရတယ်။ ဆန်ချည်းပဲ မကြိုနိုင်ရှာဘူး။ အဲဒီဘဝရောက်လာတော့ အနာထပိဏ်သူဌေးရဲ့တိုက်ကြီးမှာ၊ ဗိမာန်ကြီးမှာ တံခါးက လေးထပ်ရှိတယ်။ ပရိဝုဏ်မှာ လေးထပ်ခတ်ထား။ ပထမတံခါးမုခ်စောင့်တဲ့နတ်၊ ဒုတိယတံခါး မုခ်စောင့်တဲ့နတ်၊ တတိယတံခါး မုခ်စောင့်တဲ့နတ်၊ စတုတ္ထတံခါးမုခ်စောင့်တဲ့နတ်တို့ နတ်တွေ အသီးသီးရှိတယ်။ တံခါးစောင့်နေကြတယ်။ သောတာပတ္တိမဂ်ဉာဏ် ရတဲ့ အရိယာများရဲ့ တန်ခိုး သေချာကြည့်ရတယ်။ နတ်တောင် တံခါးစောင့် လုပ်ခိုင်းထားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီပစ္စည်းတွေ ကုန်ပြီးတော့ ချွတ်ခြုံကျနေတဲ့ ဘဝရောက်တော့ ကျက်သရေမင်္ဂလာရှိနေတဲ့ တိုက်ခန်းထဲ ငုံ့ဝင်နေတုံး စတုတ္ထတံခါးစောင့်တဲ့နတ်က ငြိုးဆို အခန်းထဲဝင်လာ။ ကိုယ်ရောင်ကိုယ်ဝါ ပြလိုက်တယ်။ ဝင်းကနဲ လင်းကနဲ ထင်းကနဲ ဖြစ်သွားတာ။ ဟဲ့ ဘယ်သူတုံးဟ အကျွန်ုပ်ပါတဲ့။ အကျွန်ုပ်ဆိုတာ ဘယ်သူတုံး၊ သင်လဲ မမြင်ပါလား။ အကျွန်ုပ် သင့်ဗိမာန်မှာ စတုတ္ထစောင့်တဲ့ တံခါးစောင့်နတ်ပါ။ ဘာကြောင့် ငါ့အခန်းထဲ ဝင်လာတာတုံး။ အကြောင်းပြောစမ်း။ ဘာကိစ္စရှိလဲ။ ကိစ္စတခြားမဟုတ်ဘူးတဲ့။ သူဌေးမင်းဟာ မရေမတွက်နိုင် ထောင်ပေါင်းများစွာဆိုတဲ့ ကုဋေပေါင်းများစွာဆိုတဲ့ ဥစ္စာ ပစ္စည်းတွေနဲ့ ကြွယ်ဝတဲ့ သူဌေးကြီး တစ်ယောက်ပါတဲ့။

အခုတော့ ဘယ့်နဲ့ဖြစ်နေသလဲဆိုတော့ ပြုတ်ဆန်ယာဂု ကြိုသောက်ရတယ်။ အိမ်ထောင်ပရိဘောဂကစ မကျန် ချရောင်းပြီးတော့ ဂေါတမအမျိုးရှိတဲ့ ဦးပြည်းသော ရဟန်းတွေ သင်လုပ်ကျွေးနေတာဟာ ကောင်းကျိုးချမ်းသာ မပေးတဲ့အပြင် သင့်မှာ မွဲပြာကြလာပေါ့။ ဒါကြောင့် သင် အလှူအတန်းတွေ ရပ်ပါတော့လားလို့ ဒါလာ သတိစကား ပြောကြားတာပါလို့ နတ်က ပြောတယ်။ နတ်ကလဲ မမြင်ချင်တော့ဘူး။ ဆင်းရဲအားကြီးတော့ နော် (ဟုတ်ပါတယ်ဆရာ)။ ကြာရင်တော့ကွာ တို့သူဌေးတော့ ဒီအတိုင်းကြည့်နေရင်တော့ မကြာဘူးဟ။ တို့လဲ ပြေးရလိမ့်မယ်။ ဒင်းလဲ လေးနှစ်စီမံကိန်းထဲ ပါလိမ့်မယ်လို့ ဒီလိုထင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကြာရင် တိုက်ကြီး ရောင်းရတော့မယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ စိုးရိမ်ရှာတယ်။ ဒီစကားဝင်ပြောလိုက်တော့ အနာထပိဏ်သူဌေးက နတ်ကို ပြန်ပြောတယ် ယုတ်မာတဲ့နတ် မလျှောက်ပတ်သော စကားကို ငါ့အခန်းထဲ သင်လာပြောတယ်။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ငါကြည်ညိုလို့ လုပ်ကျွေးနေတာကို ဆင်းရဲရမလား၊ ကုန်ရမလားလို့ ငါ့အတွက် သင်ပူပန် စိုးရိမ်တဲ့အနေအားဖြင့် ငါကိုးကွယ်တော်မူတဲ့ ဘုရားအမျိုးရှိတဲ့ သံဃာတော်များကို သင်စော်စော်ကားကားနဲ့ စကားပြောတယ်တဲ့။ သင်အင်မတန် မိုက်မဲတဲ့နတ်ပဲ။

http://www.dhammadownload.com

ခုအချိန်ကစ စတုတ္ထတံခါး သင်မနေရ။ ချက်ချင်းထွက်။ တစ်ချက်လွတ်အမိန့်နဲ့ ချလိုက်တယ်။ အဲ့ဒါ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ သောတာပန်လေးရှိသေးတယ်။ သကဒါဂါမ် မဟုတ်သေးဘူး။ အနာဂါမ် မဟုတ်သေးဘူး။ ရဟန္တာ မဟုတ်သေးဘူး။ မဂ်လေးပါးမှာ အောက်တန်းစား၊ အရိယာများရဲ့ နှုတ်ဖျားက ထွက်သွားတဲ့ စကားများ ဘယ်လောက်အာဏာစက်ပြင်းသလဲဆိုတာ သေချာကြည့်။ နတ်ကို အမိန့်ပေးပြီးတာနဲ့ တစ်ပြိုင်တည်း စတုတ္ထတံခါး ချက်ချင်း ဆင်းရတယ် နော် (ဟုတ်ပါတယ် ဆရာ)။

စတုတ္ထတံခါးက ချက်ချင်းဆင်းတော့ နတ်များ သိပ်အထင်မကြီးကြနဲ့နော်။ တို့လူတွေလိုပဲဟ သူ့နေရာ၌ သူနေကြတာနော် (ဟုတ်ပါတယ်ဆရာ)။ သူနေနေကြ စတုတ္ထတံခါးက ဆင်းလိုက်တယ် ဆိုရင်ပဲ နေစရာမရှိဘူး။ ဘယ်မှ နေစရာ ရှာမရဘဲ ယောင်လည် ယောင်လည်နဲ့ ကလေးလေးတွေ လက်ကဆွဲလို့ သာဝတ္ထိပြည်ကြီးအတွင်းမှာ နေရာ လိုက်ရှာလိုက်တာ နေရာ အလပ်ကလေးများ ရှိသလား။ ဘယ်နေရာလေးများ လွတ်သလဲဟဲ့။ လိုက်ကြည့်ပြန်တော့ ဘယ်မှ မမြင်ဘူး။ နတ်က ငြီးတွားတယ်။ ဘယ်တွေ့နိုင်မှာမတုံး၊ သောင်းကျန်းသူတွေအားကြီးတော့ တောက တက်လာပြန်တော့ နေရာတွေက သိပ်ကြပ်ကုန်ပြီ။ မတန်တစ်ဆ အဖိုးတွေ ပေး၀ယ်နဲ့ မြေလပ်ကလေးတောင် ရှာမရ။ ဘယ်မှ ရှာမရတော့ ဒီလိုနေလို့ မဖြစ်ဘူး။ ငါတော့ မြို့တော်ဝန်စီ သွားလေမှပဲကိုး။ မြို့စောင့်နတ်ကို ကွနော် (ဟုတ်ပါတယ်ဆရာ)။ နတ်ကအများကြီးရှိတယ်။ ကိုယ်စောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် တဲ့ နယ်စောင့်နတ်တဲ့ နော် (ဟုတ်ပါတယ်ဆရာ)။ လောကစောင့်ကြပ်တဲ့ နတ်တဲ့။ နတ်အများကြီး ရှိတယ်။ ဒီတော့ သာဝတ္ထိပြည်ကြီးမှာ အကြီးဆုံး ဘယ်သူလဲဆိုတော့ မြို့ဝန်ပဲရှိတာပဲ။ ငါမြို့ဝန်စီ သွားလေမှပဲ သူတော့ သိမှာပဲ။ သူက နေ့စဉ် စာရင်းကိုင်နေတာပဲ။ နေရာထိုင်ခင်းနဲ့ ပတ်သက်လို့ သူပဲသိမယ်။ မြို့ဝန်စီ သွားတော့ ဘာလုပ်လာတုံးဟ။

မှန်လှပါ ကျွန်တော်မျိုးတော့ ဒီလို ဒီလို အကြပ်အတည်းတွေနေပေ့။ ဘာအကြပ်အတည်း တွေနေတာတုံး။ နေစရာ မရှိဖြစ်နေတယ်။ ဘာဖြစ်လို့ နေစရာမရှိတာတုံး။ နေနေကြနေရာနေပါလား။ မင်းဥစ္စာ လေးနှစ်စီမံကိန်းထဲ မင်းအိမ်က ပါသွားသလား။ နတ်က မေးတယ် နော် (ဟုတ်ပါတယ် ဆရာ)။ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် နေနေကြ နေရာကို မနေရလို့ပါ။ ဘာပြုလို့တုံး။ ကျွန်တော် နေနေကြနေရာက နှင်ချလိုက်လို့ ထွက်လာရတာပါ။ ဘယ်နေရာနေတုံး။ အနာထပိဏ်သူဌေးရဲ့ စတုတ္ထတံခါးစောင့်နေတဲ့ နတ်ပါပဲ။ ဟ ဘာပြုလို့ နှင်ချတုံး။ နှင်ချတာ တခြားမဟုတ်ပါဘူးတဲ့။ သူ အင်မတန် ဆင်းရဲပင်ပန်းတာ မြင်လို့ ကျွန်တော်က မကြည့်နိုင်လို့ သွားပြီးတော့ သတိပေးတယ်။ ဘုရားဂေါတမ အမျိုးရှိတဲ့ ဦးပြည်းသော ရဟန်းတွေ သင်လုပ်ကျွေးခြင်းသည် သင့်မှာ မချမ်းသာတဲ့

http://www.dhammadownload.com

အပြင် ကောင်းကျိုးချမ်းသာ မရတဲ့အပြင် ခုတော့ မွဲပြာကြ။ ရစရာတောင်မရှိဘူး။ စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့ အတွက် သူဌေးမင်းသည် ဦးပြည်းသော ရဟန်းတွေကို လုပ်ကျွေးမှုတွေ ရပ်ပါတော့လို့ သွားပြောလို့ အဲဒီစကား ပြောရမလားလို့ သူဌေးက ဒေါသထွက်ပြီးတော့ စတုတ္ထတံခါးက နှင်ချလို့။ ဒါကြောင့် နေစရာ ထိုင်စရာ ဘယ်မှ ရှာမရလို့ မြို့ဝန်နတ်မင်းထံ လာရကြောင်းပါခင်ဗျားလို့ ပြောတယ်။

မြို့ဝန်နတ်မင်းက ဘာပြောလဲဆိုတော့ ဟ မင်းဥစ္စာကွာ အနာထပိဏ်သူဌေးနှင့် ရန်ဖြစ်လာတာကိုတဲ့။ အဲ့ဒါ သေသေချာချာ စဉ်းစားပြန်တော့ အနာထပိဏ်သူဌေးက ဂေါတမဘုရားရဲ့ ကျောင်းဒကာကြီးတဲ့။ အရိယာအစစ်ကလဲ ဖြစ်နေတော့ သူနှင်ပစ်တာ တို့ကလဲ ကြေရာ ကြေကြောင်း အားဖြင့် ပြန်ပြောင်းပြီးတော့ ပြောပေးလို့လဲမဖြစ်။ တို့လဲ မပြောရဲ မပြောရဲတော့ တစ်နေရာ နေရာသစ် ပေးပါဆိုပြန်တော့ သူနေရာနှင့်သူ အစီအင ပြည့်ပြည့်ဝဝ ဖြစ်နေတော့ နေရာလပ်ကလဲ မရှိ။ မင်း ငါဘယ်နဲ့မှ မတတ်နိုင်ဘူး။ ဒါဖြင့် တတ်နိုင်တဲ့နေရာ တစိတ် ညွှန်ကြားပါ။ ကျွန်တော် သွားပါရစေ။ အေး တတ်နိုင်တာတစ်ခုတော့ ရှိတယ်ကွဲ့။ လောကကြီး စောင့်ကြပ်နေကြတဲ့ သိကြားမင်း လက်အောက်က ဝန်ကြီးလုပ်နေတဲ့ စတုလောကပါလ နတ်မင်းကြီးလေးပါးထံ သွားရင် မင်းတော်လိမ့်မယ်။ အကြံဉာဏ်ပေးတယ်။ စတုလောကပါလ နတ်မင်းကြီးလေးပါးဆိုတာ ဝန်ကြီးတွေကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ သိကြားမင်းက ဘာတုံး (ရှင်ဘုရင်ပါဆရာ)။

အေး - ရှင်ဘုရား မှတ်မိလား (ဟုတ်ပါတယ်ဆရာ)၊ သမ္မတပေါ့ကွ နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဝန်ကြီးတွေထံ လွှတ်လိုက်တယ်၊ နေရာတကျ၊ ဝန်ကြီးတွေဆိုရင့်တော့ ပြောတိုင်းပြီးမှာပဲ၊ ငါတော့ နေရာရမှာပဲ အားကိုးတစ်ခုနဲ့တက်သွား၊ ဟိုရောက်တော့ ဝန်ကြီးတွေက စိစစ်မေးတယ်။ စတုလောကနတ်မင်းကြီးလေးပါးက ဟဲ့ကောင် ဘာလုပ်လာတုံး၊ ကျွန်တော်မျိုးတော့ အတိဒုက္ခ ရောက်နေပါတယ်။ ဘာပြုလို့ရော၊ အကြောင်းပြန်ပြီး ရှေ့ကလိုပြန်ပြော။ အဲ့ဒါမှ ခက်တာပဲ၊ တို့လည်း ဘယ့်နဲ့မှ မတတ်နိုင်ဘူး။ အရိယာပုဂ္ဂိုလ်က ပြောဆိုတဲ့စကား မင်းအရိယာ ပြစ်မှားထားတယ်၊ တို့ဘယ်လိုနည်းမှ မတတ်နိုင်ဘူး။ မင်းလည်း နေရာသစ် ပေးစရာလည်း မရှိဘူး။ ဒါဖြင့် ကျွန်တော်မျိုးကို တတ်နိုင်တဲ့နေရာ တစ်စိတ်ညွှန်ကြားပါ၊ အသင်နတ်မင်းကြီးတို့ မတတ်နိုင်လို့ရှိရင် ဒီတော့ ဝန်ကြီး လေးယောက်က ပြောလိုက်တယ်။

ဘိုးတော်သိကြားမင်းထံ သွားရောက်ရင်ဖြင့် မင်းတော့ အခွင့်ရရင် ရလိမ့်မယ်၊ တို့က သူ့လက် အောက်က အလုပ်လုပ်နေရတာတဲ့၊ ဘိုးတော်သိကြားထံတက်၊ ဘိုးတော်သိကြားမင်းထံ တက်ပြန် တော့ ကြည့်နော်၊ နတ်များ ကျဉ်းကြပ်ပုံ။ ဒါကြောင့် မင်း သိပ်အထင်မကြီးနဲ့လို့ ငါပြောတာနော် (ဟုတ်ပါတယ်ဆရာ)။ အခု တောက ဒိမ်ထောင်စု တစ်ခုပြောင်းလာစမ်းကွာ ဒီလောက်တောင်

http://www.dhammadownload.com

နေရာရှာရတာ ကြပ်တည်းပမလား (မတည်းပါဘူးဆရာ)၊ ကုလားသင်္ချိုင်းသွားနေ အေးတာပဲ။ ခု သူ့အဖို့က မကြပ်ဘူးလား (ကြပ်ပါတယ်ဆရာ)၊ သိကြားဆီတောင် ရောက်ရတယ်။ သိကြားမင်းဆီ တက်သွားရော သိကြားမင်းထံ ရောက်တဲ့အခါ သိကြာမင်းစစ်မေးတယ်။ ဟဲ ဒီကောင်ဘာလုပ်လာ တုံး၊ မှန်ပါ၊ ကျွန်တော်မျိုး အတိဒုက္ခရောက်လာပါတယ်။ နေစရာ ထိုင်စရာ မရှိလို့ သာဝတ္ထိပြည်ကြီး ဦးစီးနေတဲ့ မြို့ဝန်ဆီ သွားလည်းပဲ မတတ်နိုင်ဘူးလို့ ပြောလိုက်ပါတယ်။

အခု စတုလောကပါလနတ်မင်းကြီးလေးပါးဆီသွားလည်းပဲ သူတို့မတတ်နိုင်ဘူးလို့ ပြောလိုက် ပါတယ်၊ ကျွန်တော်မျိုးကို မြင်တဲ့အတိုင်းပါပဲ လူမမယ်ဆိုတဲ့ ကလေးငယ်လေးတွေ လက်ဆွဲလို့ နေရ မဲ့ ထိုင်ရမဲ့ဖြစ်နေလို့ ကျွန်တော်မျိုး နေရာထိုင်းခင်း သနားတော်မူပါ လျှောက်ထားတယ်၊ မင်းနဂိုနေ တာ ဘယ်နေတုံး၊ အနာထပိဏ်သူဌေးရဲ့စတုတ္ထတံခါးမုခ်၊ အခု ဘာပြုလို့ ပြုတ်ကြလာတုံး၊ မဟုတ် တရား သူမကြိုက်တဲ့စကား သွားပြောလို့၊ ဘယ့်နှဲ့ပြောတုံး၊ ဒီလိုဒီလို ပြောလို့၊ အောင်မယ်လေး ဟဲ့ သိကြားမင်းက ရင်ဘတ်ထု၊ ဖြစ်မှ ဖြစ်ရလေဟာ တို့ သိကြားဘာတုံး (သိကြာမင်း ရှင်ဘုရင်ပါဆရာ)၊ သောတာပန် (သောတာပန်ပါဆရာ)၊ ဒီကောင် ဘယ်လိုကောင်းမှန်း မသိဘူး။

တို့သိကြားမင်းက သောတာပန်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ နာတယ်၊ သိကြားမင်းကပါ နာတယ်၊ မိုက်လိုက်တဲ့ နတ်တဲ့ကွာ၊ ဘယ်နှယ့် အရိယာမင်္ဂကြီး သွားပြစ်မှားတယ်လို့ အရိယာမင်္ဂကြီး ပြစ်မှားတာထက် မင်းပြောပုံစကားက တို့အဖဘုရားကိုယ်တော်မြတ်က စပြီးတော့ မင်းက နှိလာတာကို ကွ၊ တယ်ဆိုးတဲ့အကောင်ပဲ။ အဲ့ဒါဘယ့်နှဲ့နည်းမှ ငါလည်း မတတ်နိုင်ဘူး၊ မင်းအတွက်က ခက်နေပေ့၊ ဘယ့်နှဲ့နည်းမှ မတတ်နိုင်ဘူး၊ ဟိုကလည်း ငိုမလို ရယ်မရ ဖြစ်နေ၊ ကျွန်တော်မျိုးကြီး ကြည့်လုပ်ပါအုံး ဘုရား၊ လက်ထဲဆွဲလာတဲ့ သူငယ်လေးကြည့်ပါဘုရား၊ သနားပါအုံးဆိုတော့ သိကြားမင်းက သနား တယ်၊ သောတာပန်ကိုကွ နော် (ဟုတ်ပါတယ်ဆရာ)။

သနားတော့ အေးအေး - ငါတစ်ခုပြောမယ်၊ အကြောင်းတစ်ခုတော့ ရှိတယ်ကွယ်၊ ဒီလိုလုပ် ရင် ရပါလိမ့်မယ်၊ ငါအကြံဉာဏ်ပေးလိုက်မယ် သေချာမှတ်ထား၊ အပြစ်ကင်းတဲ့ ပစ္စည်းကလည်း ဖြစ်ရမယ်ဟေ့၊ ခု အနာထပိဏ်သူဌေး မွဲနေတယ်မဟုတ်လား၊ မွဲနေပါတယ်၊ ငါလည်း သိသာပဲ မွဲတာ၊ သူ့လည်း အကျိုးများအောင် မင်းအခွင့်အရေးလည်း ပြန်ရအောင်ပေ့ါ ဒီလိုလုပ်၊ အပြစ်ကင်းတဲ့ ပစ္စည်း ရှာကြည့်စမ်းကွာ၊ သမုဒ္ဒရာထဲမှ ကုဋေရှစ်ဆယ်ရှိတယ်၊ အဲ့ဒီသမုဒ္ဒရာထဲမှာ ပိုင်သူ ဆိုင်သူမရှိသော ကုဋေရှစ်ဆယ်ဆိုတဲ့ပစ္စည်း မင်းယူ၊ မှန်ပါ ယူပါမယ်၊ ပြီးတော့ မြေကြီးထဲမှာ မြှုတ်ထားတဲ့၊ မြေကြီးထဲမှာ မြှုတ်နေတဲ့ ပိုင်ရှင်မရှိသော ကုဋေရှစ်ဆယ်ရှိတယ်။ ရှိကြောင်းပါဘုရား၊ အဲ့ဒါပါယူ၊ ပြီးတော့ အနာထ ပိဏ်သူဌေးပေးကမ်းထားတဲ့ ကြွေးဟောင်း မြေဟောင်းတွေလည်းပဲ မင်းရတဲ့နည်းနဲ့ တရားသောနည်း

http://www.dhammadownload.com

အားဖြင့်တောင်း၊ တောင်းပြီးတော့ အဲ့ဒီက ကုဋ္ဌေရှစ်ဆယ်၊ ပေါင်းလိုက်တော့ ကုဋ္ဌေရှစ်ဆယ် သုံးလီ ဆိုတော့ ရှစ်သုံးလီ ဘယ်လောက်ရှိ (နှစ်ဆယ့်လေးပါဆရာ)၊ ကုဋ္ဌေပေါင်း နှစ်ရာနဲ့လေးဆယ် နော် (ဟုတ်ပါတယ်ဆရာ)၊ ကုဋ္ဌေပေါင်း နှစ်ရာ့လေးဆယ်။

အဲ့ဒါအပြစ်ကင်းတဲ့ ပစ္စည်းပဲလို့ အဲ့ဒီပစ္စည်းတွေ မင်းအစုလိုက် အပုံလိုက်ယူသွား၊ သူဌေး ဗိမာန်ဝင်၊ ဝင်ပြီးတော့ ဒီပစ္စည်းတွေပုံ ပုံပြီးတော့ မင်းသူဌေး မင်းကန်တော့ ဝန်ချ၊ သူဌေးမင်းခင်ဗျာ ကျွန်တော်မျိုး ပြစ်မှားမိတာ သည်းခံပါ၊ ကျွန်တော်မသိလို့ ပြောမိဆိုမိပါတယ်။ သူဌေးမင်းလည်းပဲ ကျွန်တော်လက်ဆောင်ဘဏ္ဍာအဖြစ်အားဖြင့် ကုဋ္ဌေနှစ်ရာ့လေးဆယ်သော ဥစ္စာပစ္စည်းလည်းပဲ လက်ဆောင်ဘဏ္ဍာအားဖြင့် ပေးသွင်းပါတယ်လို့ ပြော၊ မင်း အဲ့ဒါဆိုရင် မင်းသည်းခံလိမ့်မယ်၊ မင်းနေရာ မင်းပြန်ရလိမ့်မယ်၊ ကုဋ္ဌေနှစ်ရာ့လေးဆယ်ပေးမှကွာ ပြန်တောင်တယ်လို့ မြေရာဝယ်လိုက်ပါ လားကွ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

ကုဋ္ဌေနှစ်ရာ့လေးဆယ်တို့ကို ယူသွားပြီးတော့ အနာထပိဏ်သူဌေးတိုက်ခန်းဝင်၊ ဝင်ပြီးတော့ အနာထပိဏ်သူဌေး သူက နှုတ်ပါဆက်ပြီးတော့ တောင်းပန်ဝန်ချတယ်၊ ကုဋ္ဌေနှစ်ရာ့လေးဆယ်နဲ့ ပစ္စည်းတွေ ရှေ့ပုံပြီးတော့ ကျွန်တော်များ ပြောမိဆိုမိတဲ့စကား အမှားဖြစ်ခဲ့တဲ့ အပြစ်များကို သည်းခံ ပါခင်ဗျာ၊ သူဌေးမင်းကိုလည်း ကျွန်တော်အပြစ်ကင်းတဲ့ပစ္စည်းပေါင်း ကုဋ္ဌေနှစ်ရာ့လေးဆယ်ကို ကျွန်တော်လက်ဆောင်ဘဏ္ဍာအဖြစ်နဲ့ ပေးပါတယ်၊ ခင်ဗျာ မှတ်ဖို့ကောင်းလိုက်တာ သေသေချာချာ ကြည့်၊ တရားမြင်လာတော့ ဘယ်လိုဖြစ်သလဲဆိုတော့ တရားမြင်လာတော့ သူဌေးမင်းက သူလိုငါလို ဖြင့် ကုဋ္ဌေပေါင်း နှစ်ရာ့လေးဆယ်ဆိုတဲ့ငွေ နည်းတာမဟုတ်ဘူး နော် (ဟုတ်ပါတယ်ဆရာ)၊ ငါ့ကန် တော့လို့ မပြီးဘူးတဲ့၊ အသင်နတ်မင်း အကျွန်ုပ်ကန်တော့လို့ မပြီးဘူးတဲ့၊ ပြစ်မှားတာက အကျွန်ုပ်တို့ရဲ့ အဖဘုရားကိုယ်တော်မြတ်နဲ့တကွ ရတနာသုံးပါး ရှေ့ဦးမစွ သင် ထိပ်ဦးဝထားပြီးတော့ ပြစ်မှားတယ်တဲ့၊ ကျွန်ုပ်မှာ မိနဲ့ဖနဲ့ နေတာတဲ့ နော် (ဟုတ်ပါတယ်ဆရာ)။

သင့်ပစ္စည်းလည်း ကျွန်ုပ်မလိုချင်သေးဘူးတဲ့၊ ပစ္စည်းမမက်မောဘူး၊ အဖဘုရားကိုယ်တော် မြတ်ထံ ကိုယ်တိုင်လိုက်ပြီးတော့ ကန်တော့တဲ့၊ အဖဘုရားကိုယ်တော်မြတ်က ကျေလိုက်ပါ ဆိုလို့ရှိရင် ကျွန်ုပ်ကျေမယ်၊ အဖဘုရားကိုယ်တော်မြတ်က သည်းမခံဘူး၊ မကျေနပ်ဘူးဆိုလို့ရှိယင် အကျွန်ုပ် မကျေနိုင်ဘူး။ သင့်ပစ္စည်းလည်း အလိုမရှိဘူးတဲ့၊ ဘယ်လောက်ပြန်ရက်စက်၊ ပစ္စည်းမက်သေးလားဟ (မမက်ပါဘူးဆရာ)၊ မမက်ဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပြစ်မှားတာ သာ၍အရေးထားတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ လာလိုက်ခဲ့၊ ဘုရားထံလိုက်ခဲ့ဆို ဘုရားထံခေါ်သွား၊ ပစ္စည်းတွေ ဒီအတိုင်းထားခဲ့၊ ဘုရားထံမှောက် ရောက်တဲ့အခါကြတော့ အနာထပိဏ်သူဌေးက အကျိုးအကြောင်း လျှောက် တယ်။

http://www.dhammadownload.com

အရှင်ဘုရား ဟောဒီနတ်ဟာ တပည့်တော်ရဲ့ဗိမာန်မှာ စတုတ္ထတံခါးစောင့်တဲ့ နတ်ပါဘုရား၊ တစ်နေ့သောအခါမှာ သူလာပြီးတော့ ဂေါတမအမျိုးရှိတဲ့ ဦးပြည်းသော သံဃာတွေ လုပ်ကျွေးနေတာ ရဟန်းတွေ လုပ်ကျွေးနေတာ ကောင်းကျိုးချမ်းသာ မပေးတဲ့အပြင် မွဲပြာကျ၊ ဒါကြောင့် သူဌေးမင်း နောက်ထပ်ပြီးတော့ လှူခြင်းတန်းခြင်းအလုပ်ကို မလုပ်ပါနဲ့ ဒီ ဦးပြည်းသော ရဟန်းတွေ ပေးလို့အနေ အားဖြင့် ပြစ်မှားထားပါတယ်ဘုရား၊ အဲ့ဒါပြစ်မှားတဲ့ အပြစ်များကို ဒီနတ်သားက အရှင်ဘုရားအား ကန်တော့လိုပါတယ်တဲ့၊ တပည့်တော်လာကန်တော့လို့ တပည့်တော်က အဖဘုရားကိုယ်တော်မြတ် ကန်တော့ အဖဘုရားကိုယ်တော်မြတ်ကို ပြစ်မှားတာ၊ အဖဘုရားကိုယ်တော်မြတ်ကို အရင်ကန်တော့ ကန်တော့ပြီးလို့ အဖဘုရားကိုယ်တော်မြတ်က ကျေလိုက်ပါလို့ ဆိုလို့ရှိရင် ငါကျေမယ်လို့ သူ့ကိုယ် တာဝန်ခံခဲ့ပါတယ်ဘုရားလို့ လျှောက်တယ်။ ဘုရားက ဒီတော့မှ အသင်နတ်သားပြောသလား၊ ပြောပါ တယ်ဘုရား၊ ကိုင်း ပြောလို့ရှိရင် ကန်တော့ ကန်တော့ ကန်တော့ခံတယ်၊ ဘုရားကိုယ်တော်မြတ်က သိပြီးသားပေါ့ကွ နော် (ဟုတ်ပါတယ်ဆရာ)၊ ပြီးတော့မှ အသင်သူဌေးတဲ့ မှားတာကို မှားတယ်လို့ ဝန်ခံလို့ရှိရင် ကျေရတယ်၊ ဒါကြောင့် ကျေလိုက်လေတော့ အကျေခိုင်းလို့ အနာထပိဏ်သူဌေးက ဒီနေရာတင် ကျေတယ်။

အပြစ်မှ ခွင့်လွှတ်လိုက်တယ်၊ အဲ့ဒါ အပလောကနကံ ခေါ်တယ်၊ ပန်ကြားရင် ပျောက်စတမ်း တဲ့၊ မပန်ကြားရင် ဒီအပြစ်ကြီးက တင်နေအုံးမယ် နော် (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် ဂုဏဝုမ်၊ ဝယဝုမ်အားဖြင့် ကြီးမားတဲ့ဂုဏ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်အားဖြင့် မိမိထက်ကြီးမားတဲ့ ပုဂ္ဂိုလ်များ မိမိတို့က ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တစ်ခုခုဖြင့် ပြစ်မှားသော အပြစ်များရှိရင် သီတင်းဝါလကျွတ်တော့ အသီးသီးကန်တော့ကြ၊ တန်ခူးလသင်္ကြန်ကြပြန်တော့ အသီးသီးကန်တော့ကြ၊ မြင်ဖူးတယ် မဟုတ်လား (မြင်ဖူးပါတယ်ဆရာ)၊ အဲ့ဒါ တစ်နှစ်လုံး ပြစ်မှားထားတာတွေ ပြန်ပြီးတော့ ပျောက်ပါစေခြင်းအကျိုးငှာ ဆိုပြီးတော့ တစ်ချက်တည်းနဲ့ ချလိုက်တာပေါ့ကွ နော် (ဟုတ်ပါတယ် ဆရာ)။ အပလောကနကံ ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။

ပန်ကြားရင် ဒီအပြစ်ပျောက်တာပဲတဲ့၊ ဒါကြောင့် သူဌေးမင်းကလည်း သည်းခံလို့ အပြစ်က လည်းပဲပျောက်၊ ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ဟရားပြလို့ ခဏလေးနဲ့ ဒီနတ်သား တရားရလို့ သောတာပတ္တိမဂ်ဉာဏ်ရလို့ သောတာပန်အစစ်ဖြစ်တယ် နော် (ဟုတ်ပါတယ်ဆရာ)၊ အသွားတုန်းက ရန်သူပေါ့။ ဒီနတ်သားဟာ ဘုရားမှန်းလည်းမသိ၊ တရားမှန်းလည်းမသိ၊ သံဃာမှန်း လည်း မသိ၊ ဘုရားဂုဏ်ကျေးဇူးလည်း မသိ၊ တရားဂုဏ်ကျေးဇူးလည်း မသိ၊ သံဃာ့ဂုဏ်ကျေးဇူးလည်း မသိ၊ သွားတုန်းက ပဋိပက္ခကြီး၊ ... နဲ့ကျင်ဘက်ကြီး မတည့်ဘူး နော် (ဟုတ်ပါတယ်ဆရာ)၊ အပြန်ကြ

http://www.dhammadownload.com

တော့ နတ်သားက သောတာပတ္တိမဂ်ဉာဏ်ရလာတော့ ဘုရားဂုဏ်ကျေးဇူးလည်းသိ၊ တရားဂုဏ်ကျေးဇူးလည်းသိ၊ သံဃာ့ဂုဏ်ကျေးဇူးလည်းသိ၊ သူလည်း သောတာပတ္တိမဂ်ဉာဏ်ရတော့ လာလိုက်တာ နှစ်ယောက်သား ဝန်းပမ်းတသာနဲ့ (ဟုတ်ပါတယ်ဆရာ)။

တိုးတိုး တိုးတိုးနဲ့ ပြောလို့ အားမရနိုင်ဘူး၊ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်ဆိုတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေ တစ်ယောက်နဲ့တစ်ယောက် ဝမ်းသာလို့ မဆုံးနိုင်ဘူးလို့ အပြန်ကြတည့်ချင်တိုင်း တည့်နေတယ်၊ အဲ့-သူ့လည်းပဲ နှစ်ရာနဲ့လေးဆယ်သော အသပြာကုဋေတွေလည်း ရသေး၊ နတ်လည်းပဲ စတုတ္ထတံခါး ပြန်ပြီးတော့ သူနေရာ သူရသေးနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီ ထုံးဝတ္ထုပြောတာ တခြားမဟုတ်ပါဘူး၊ တရားကိုယ်မြင်လာရင် သေသေချာချာကြည့်။ နည်းနည်းလေး မြင်လာ ရင် သန့်ရှင်းစင်ကြယ်တဲ့ သဒ္ဓါတရားနဲ့ သာသနာတော်တွင်းမှာ အရင်းအနှီးမြုပ်ကြတယ်လို့နော် (ဟုတ်ပါတယ်ဆရာ)၊ များများမြင်လာရင် များများကြီး အရင်းအနှီးမြုပ်ရတယ်။

အနာထပိဏ်သူဌေးတို့ ဝိသာခါတို့ သေချာကြည့်ကြ။ ဘယ်လောက်ရက်ရောသလဲဆို တကယ်ကုဋေပေါင်းများစွာ ချမ်းသာတဲ့ ဘဝကနေပြီးတော့ ပြုတ်ဆန်ယာဂု ကျိုသောက်တဲ့ ဘဝရောက်အောင် သာသနာတွင်းကို စွန့်လွှတ်တယ်ဆိုတဲ့ အလှူဒါန ကုသိုလ်ကောင်းမှုပြုပုံ ဒါ သာသနာမှာ အရင်းအနှီး မြုပ်တယ်ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ ကျေးဇူးဆပ်တရားတဲ့ သေချာမှတ်။ ဘုရားကျေးဇူးတွေ အနန္တ၊ တရားကျေးဇူးတွေ အနန္တ၊ သံဃာကျေးဇူးတွေအနန္တ အသက်နဲ့အမျှဆပ်ပေးလို့ ကုန်နိုင်စရာအကြောင်း မရှိပါလား ဆိုတဲ့ အနေအားဖြင့် သာသနာတွင်းမှာ အရင်းအနှီးအားဖြင့် ရက်ရက်ရောရောကြီး မြုပ်နှံနိုင်တယ်ဆိုတဲ့ သဒ္ဓါတရားသေချာကြည့်။ အဲဒါ သောတာပတ္တိမဂ်ဉာဏ် ရလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။ သောတာပတ္တိမဂ်ဉာဏ်ရရင် သောတာပတ္တိမဂ်ဉာဏ်ရတဲ့ အချိုးနဲ့ အကိုက်။ သာသနာကို ကိုယ့်ကိုယ်ကို မငဲ့ဘဲနဲ့ ရက်ရက်ရောရော မြှုပ်နှံနိုင်တယ်။ လှူနိုင် တန်းနိုင် တယ်တဲ့။ ဒါဖြင့် သောတာပတ္တိမဂ်ဉာဏ်များလိုပဲ စူဠသောတာပန် အစစ်ရောက်ပြန်လည်း သူများတော့ မပြော တတ်တို့ စေတနာတော့ ဒီလိုပဲ ထားပါတယ်။

အမြဲမပြတ် ဘုရားဂုဏ်ကျေးဇူး တရားဂုဏ်ကျေးဇူး သံဃာဂုဏ်ကျေးဇူး ဆရာသမားဂုဏ်ကျေးဇူး အထူးအားဖြင့် ငါ့အသက်နဲ့အမျှ ဆပ်ပေးလို့ မကုန်နိုင်ပါလားဟဲ့။ ဒီလိုပဲ အမြဲမပြတ် အာရုံလည်း ပြုတယ်။ ကျေးဇူးကိုလည်း အမှတ်ရတယ်။ ဆပ်နိုင်သလောက် ဆပ်တယ်။ ဒါ ဒီသဘောအတိုင်းသွားရမယ်။ ဒါကြောင့် စူဠသောတာပန်အဖြစ်ရောက်တဲ့ ပုဂ္ဂိုလ်များ စူဠသောတာပန်ရဲ့ ဉာဏ်အမြင်လိုက် လျောအောင် ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးရဲ့အပေါ်မှာ တကယ်ဖြူစင်သန့်ရှင်းသော သဒ္ဓါ တရားအစစ်။ သဒ္ဓါတရားအစစ်အမှန်နဲ့ ပေးရဲတယ် ကမ်းရဲတယ် လှူရဲ တန်းရဲတယ်။ ဟုတ်ရဲ့လား

http://www.dhammadownload.com

(ဟုတ်ပါတယ်ဆရာ)၊ ကလျာဏဖြစ်ရင်လည်း ကလျာဏအလျောက် ကလျာဏတန်းနဲ့အညီလို့ သဒ္ဓါစစ် သဒ္ဓါမှန်တွေနဲ့ ပေးရဲ ကမ်းရဲ လှူရဲ တန်းရဲတယ်။ အန္ဓပုထုဇဉ်ဆိုတာကတော့ အတုအပ လုပ်တာတွေ အဟုတ်မမှတ်နဲ့။ ဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ သူများတစ်ထောင်ကုန် လှူရင် ထောင့်ငါးရာကုန် လှူချင်တယ် ဒါပဲရှိတယ်။ ဒီတော့ ဟာ-အရပ်ထဲလှူသွားတာ ဘယ်သူ့ ရှင်ပြုတော့ တစ်ထောင်ကုန်တာပဲ။ ဒီအကောင်တောင် တစ်ထောင်ကုန်လောက် လှူရင်တော့ ငါက ဒီကောင်နဲ့ တူတာ မဟုတ်ဘူး။ အစစ အရာရာမှာ နာမည်လေးကလည်း ရှိတယ်။ အပေါင်းအသင်း သမဂ္ဂ ရပ်ပေါ် ရွာပေါ်ကလည်း ငါ့ကတော်တော်လေး သူနဲ့စာလို့ရှိယင် ငါကတော်တော်လေး နာမည် က ရှိထားတယ်။ ဒီလိုလူစားတောင် တစ်ထောင်ဆိုလို့ရှိရင် ငါက နှစ်ထောင်လောက်တော့ကုန်မှာ။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဂုဏ်ဘက်လိုက်လာတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)၊ စပြီး ရောကျယ်လာကတည်းက ဒီလိုနဲ့လာတာ၊ ခုနပြောတာ ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေ အထူးယုံကြည်တဲ့အနေအားဖြင့် ဆပ်ပေးလို့ မကုန်နိုင်အောင် ငါတင် ရှိနေပါလားဆိုတဲ့ အသိအဉာဏ် မပါဘူး။ ပါရဲ့လား (မပါပါဘူးဆရာ)၊ အဲသလို ဂုဏ်ပကာသန အနေအားဖြင့် အတုအပနဲ့ လုပ်ကြတဲ့ ကုသိုလ်မျိုးတွေတဲ့။

ပြီးတော့လည်း ဒီကုသိုလ်မျိုးတွေ ရည်ရွယ်ချက် ထားစမ်းပါ။ ဘာရည်ရွယ်သလဲဆိုတော့ ဘဝကောင်းရာ ငါကောင်းရာ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါ သံသရာမှာ မျက်နှာချိုသွေး ပြီးတော့ လက်ဆောင်ပေးနေတဲ့ လုပ်ငန်းတွေ ကြည့်နော်။ ဒီဥစ္စာများ လုပ်တဲ့လူတိုင်း သေချာ စဉ်းစား ကြည့်။ နင်လုပ်နေတာ ဘယ်သဘောလည်းဟဲ့ နင်ကြိုးစားနေတာ ဘယ်လိုရည်ရွယ်ချက်လည်းဟဲ့။ အဓိပ္ပါယ်ငါပြောမယ်။ လူတစ်ယောက် လူသတ်မှုဖြစ်ကရောနော် (ဟုတ်ပါတယ်ဆရာ)၊ လူ တစ်ယောက် လူသတ်မှုဖြစ်ကရောဆိုပါတော့ ဖြေလို့ ဖြေလူသတ်မှုဖြစ်ကရော ဖြစ်တော့ ရုံးတင် တရားစွဲ သတ်တာက ထင်ရှားသလို မထင်ရှားသလိုနဲ့ သတ်တာတော့ အမှန်ပဲ။ ရုံးရောက်နေရော့ ရုံးရောက်နေတော့ ဘယ်နဲ့ဖြစ်သလိုဆိုတော့ ရုံးက စစ်ချက်နဲ့ဘာနဲ့ စစ်လိုက်တော့ သိပ်ပြီးတော့ အမှုက မပီမသဖြစ်နေတော့ တရားရှင်လွှတ်ထားတယ်။

မသေချာဘူး။ မင်းတရားရှင်လွှတ်လိုက်တယ်လို့ တရားရှင်လွှတ်ထားတယ်နော် (ဟုတ်ပါတယ် ဆရာ)၊ တရားရှင်လွှတ်ထားတော့ တရားသေမှ စိတ်ချရတာ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ မင်းပြစ်မှုမရှိ ဝင်းလုံးကျွတ်လွတ်စေဆိုရင် ဒါသွားရော ဒါကိုက်တာပဲ။ အခုတော့ တရားရှင်လွှတ် ထားတယ်၊ အမှုအေးကြီးခေါ်တာပေါ့။ နောက်ပြန်ပြီးတော့ အမှုသစ် ဖွင့်ချင်ရင် ဖွင့်နိုင်တယ်။ အချိန် မရွေး ဖြေ ဒီလိုနဲ့ ရုံးကပြန်လာတော့ တမှိုင်မှိုင် တတွေတွေနဲ့နေ စိတ်ထဲ မပျော်ရှာဘူး။ ဘာပြုလို့တုံး

http://www.dhammadownload.com

ဒီနေ့ မဖမ်းပေမဲ့ နက်ဖြန် ငါပြန်များစွဲမလားဟ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ပြီးတော့ လည်း ငါကလုပ်တာလည်း အမှန်ပဲ။ အဲဒါ မြင်တဲ့ အကောင်အလည်း မြင်တာပဲ၊ ရိပ်စားမိတဲ့ အကောင် ကလည်း ရိပ်စားမိတာပဲ။ မြင်တဲ့အကောင်က ရိပ်စားမိတဲ့အကောင်က ဘယ်မတုံး။ တို့အရပ်ထဲက ဘယ်သူရယ် ဘယ်ဝါရယ် ဘာရယ်ပေါ့လေ။ ဟိုကောင်ကတော့ နည်းနည်းရိပ်မိတယ်၊ ဟိုကောင်က နည်းနည်းမြင်သွားတယ်။ သို့ကာသီကာဆိုသလိုပဲ။ ဟောဒီ အမှုနဲ့ ပတ်သက်ရင် ဒီကောင်တွေ တော်တော်စိုးရိမ်တယ်၊ တော်တော်ကြောက်ရတယ်။ အမှုကလည်း တန်းလန်းကြီးဖြစ်နေ တရားရှင်နဲ့ လွှတ်လိုက်တယ်ဆိုရင်တော့ ကနေ့မဖမ်း နက်ဖန်လား, နက်ဖန်မဖမ်း သဘက်လားလို့ ရင်တထိတ် ထိတ် မနေရဘူးလား (နေရပါတယ်ဆရာ)၊ တထိတ်ထိတ်နေရတော့ သူဘယ်နဲ့ဖြစ်နေသလဲဆိုတော့ အိမ်ရှေ့ ပုလိပ်ရောက်လာလည်း ကြောက်တယ် မဟုတ်လား (ကြောက်ဖါတယ်ဆရာ)၊ အခုနတုန်းက သူ့အမှု ရိုးတိုးရိပ်တိပ် ဝိုတိုးဝါးတား သိတဲ့လူစားတွေလည်း သူကြောက်တယ်မဟုတ်လား (ကြောက်ပါတယ်ဆရာ)၊ ကြောက်တော့ ဒီအမှုကြီး ထပ်ပြီးတော့ ထင်ထင်ရှားရှား ပြတ်ပြတ် သားသားဆိုတဲ့ အမှုသစ်ကြီး မဖွင့်ပါမယ့်အကြောင်း အခု သက်သေသက္ကာယ လိုက်နိုင်တဲ့လူစားတွေ ဘယ်နဲ့လုပ်ရသလဲဆိုတော့ ကပ်ပေါင်းရတယ်နော် (ဟုတ်ပါတယ်ဆရာ)၊ ကပ်ပေါင်းရတယ်။

ခုနရိုးတိုးရိပ်တိပ် သိတဲ့အကောင်တို့ တစ်ပိုင်းတစ်စမြင်လိုက်တဲ့ အကောင်တို့, လက်စလက်န သိတဲ့အကောင်တို့, ဒီအမှုနဲ့ ပတ်သက်ပြီးတော့ စုံထောက်နေတဲ့ စုံထောက်တို့ ပုလိပ်တို့, လာပြီးလားဆို ချော့ရတယ်။ ဟိုဒင်းလေးပေးလိုက်ရ ဒီဒင်းလေးပေးလိုက်ရ၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ နောက်ဆုံး တစ်နေ့ကြတော့ အရပ်ထဲက ဝိုးတိုးဝါးတားမြင်တဲ့ အကောင်တွေများတော့ ပုလိပ်ကမှ တစ်ခါတစ်ရံလာလို့ တော်ပါသေး၊ အရပ်ထဲ အတူနေဆိုတော့ ဒီကောင်တွေနော်။ ငါ့အပေါ် မကြည်ဖြူ တဲ့ တစ်နေ့ကြ ဒီအမှုဖော်လိုက်ရင် ဒုက္ခပဲဟ။ အဲဒီကောင်တွေ ကြပ်ကြပ်ကြီး ဖိပေါင်းပြီးတော့ ကိုယ်တောင်မစားရရှာပါဘူး။ ဟင်းကောင်းလေးချက်ယင် သွားပို့ရတယ်။ မျက်နှာလိုအားရ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲ့ဒါ ဘယ့်နဲ့လုပ်နေတယ် အောက်မေ့လဲ ဆိုတော့ ဒီအမှု မပြီးမချင်း ဒီလိုလုပ်နေရတယ်။ မလုပ်ရဘူးလား (လုပ်ရပါတယ်ဆရာ)၊ အမှုကလည်း ဘယ်တော့ အစီအရင်ချမှန်းမသိ ဘယ်တော့ ပြန်ပြီးတော့ လွတ်စေဆိုတဲ့ ကွင်းလုံးကျွတ်လွှတ်စေ အမှုမရှိ အပြစ်မရှိ ကွင်းလုံးကျွတ် လွတ်စေဆိုတဲ့ စီရင်ချက်ချမှန်း မသိဘူး။ အမှုအတောတွင်းမှာ ဒီလိုပဲ နေရတာပဲလို့ အာမခံနဲ့ အာမခံနဲ့နော်၊ (ဟုတ်ပါတယ် ဆရာ)။ အဲဒါ ခုနပြောတဲ့ အမှုကို နှောင့်ယှက်မဲ့လူစား မိမိအပေါ်မှာ အကျိုးယုတ် အနတ္ထလုပ်မဲ့ လူစားတွေမှန်သမျှ လက်ဆောင်ပေးလို့ကို မဆုံးနိုင်တော့ဘူး။

http://www.dhammadownload.com

မသေမချင်း ပေးနေရတယ်။ ဒီအမှု မပြီးမချင်း ပေးရတယ်။ ပေးရဘူးလား (ပေးရပါတယ်ဆရာ)၊ မှတ်ထား။ အဲဒါ အဝိဇ္ဇာဦးစီးတဲ့ သင်္ခါရမျိုး ကြိုးစားနေကြရတဲ့ အကုသိုလ် ကြိုးစားတဲ့ လူတော့ ထည့်မပြောနဲ့။ ကုသိုလ်ကြိုးစားတဲ့လူတွေ ငါပြောတာနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါနမှု သီလမှု သမထမှု ဝင်္ငသုံးပါးတမ်းတပြီးတော့ လုပ်နေတဲ့ ကုသိုလ်ကြိုးစားတဲ့ လူစားတွေ စောစောက ပြောတဲ့ လူသတ်မှုကြီး မရေမရာ မသေမချာလို့ အမှုဒီဂရီမချသေးဘဲနဲ့ အာမခံနဲ့ လွှတ်ထားတဲ့ လူလိုပဲ၊ ပုလိပ်လာ ကြောက်လိုက်ရတာ။ လက်ဆောင်ပေးလိုက်ရတာ၊ အရပ်ထဲက ဒီအမှုဝိုးတိုးဝါးတား မြင်တဲ့ အကောင်တွေလည်း အမြဲတမ်း ချော့ပေါင်းနေရတယ်။ ကပ်ပေါင်းနေရ ဟင်းကောင်းလေး ချက်ဦး တော့ ဦးဦးဖျားဖျား သွားပေးရ။ အဲဒါ အမှုအစီအရင် မချမချင်း ဒီအတိုင်း အလုပ်လုပ်နေကြ ရတယ်။ လုပ်ရဘူးလား (လုပ်ရပါတယ်ဆရာ)။

အခုလည်း အဲဒါ သံသရာကို မျက်နှာချိုသွေးလို့ လက်ဆောင်ပေးနေတဲ့ လုပ်ငန်းတွေ လုပ်တယ် ဆိုတာ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဟုတ်တယ် အင်မတန် ဟုတ်တယ်။ ကြပ်ကြပ် စဉ်းစားနော်။ ဒါကြောင့် အရင်းများ မဆုံးစေနဲ့လို့ ပြောတာ။ တစ်သံသရာလုံး ဆုံးခဲ့ပြီ။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ တစ်သံသရာလုံး ဆုံးခဲ့ပြီ။ အရင်းတွေ ဆုံးလာပြီး ဗြဟ္မာ့ဘဝလည်း ကြိမ်ဖန်များစွာ ဖြစ်ပြီ။ နတ်ဘဝလည်း ကြိမ်ဖန်များစွာဖြစ်ပြီး လူ့ဘဝလည်း ကြိမ်ဖန်များစွာ ဖြစ်ပြီး အပါယ်လေး ပါးလည်း ကြိမ်ဖန်များစွာလားခဲ့ပြီ။ ဒီကုသိုလ်မျိုးတွေနဲ့ ကြိုးစားလာတာပဲ လူဖြစ်လိုက် နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် တစ်မင်္ဂ တစ်ဖိုလ်မှ မရဘူး။ လူသတ်မှုကြီးက တန်းလန်း ဒီဂရီကို မချသေးဘူး ချရဲ့လား (မချသေးပါဘူးဆရာ)၊ မချသေးဘူး။ အဲဒါ မချတိုင်း မချတိုင်း အင်မတန် ကြောက်ရွံ့တဲ့ အနေအားဖြင့် မိမိဖြစ်ရာဘဝမှာ ဘဝကောင်းလေးမှ ရပါစေတော့နော် (ဟုတ်ပါတယ်ဆရာ)၊ ငါ ကောင်းလေမှ ဖြစ်ပါစေတော့ဆိုတဲ့ အနေအားဖြင့် သံသရာမျက်နှာချိုသွေးပြီးတော့ လက်ဆောင် ပေးနေရတယ်။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

ဒီလက်ဆောင်ပေး ဘယ်တော့ရပ်ပါ့ (မရပ်ပါဘူးဆရာ)၊ ဘယ်တော့မှ ရပ်လို့မရဘူး။ ပေးလို့ လည်း ပြီးမှာမဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)၊ ကိုင်း-ခုနပြောတဲ့ လူသတ်လာတဲ့ ဖြူတဲ့ နောက် ရုံးမင်းက ခေါ်ပြီးတော့ မင်းအမှု ဒီလိုဒီလိုပဲ စစ်လို့ ဆေးလို့လည်း မရဘူး။ သက်သေလည်း မအောင် မြင်ဘူး။ မင်းအပြစ်မရှိ ကွင်းလုံးကျွတ်လွတ်စေလို့ ဒီဂရီချလိုက်ပြီးကွ။ ရုံးတော်ကနော် (ဟုတ်ပါတယ် ဆရာ)၊ အဲဒီ ဂွင်းလုံးကျွတ် လွတ်စေလို့ ဒီဂရီချတဲ့အချိန်ကစ ရုံးတော်ကဆင်းလာတော့ အရင် သူ့လမ်းလျှောက်လာရင် ပြုံးပြုံးပြာပြာနဲ့ ပြေးခက်ရတယ်ဆိုတဲ့ ပုလိပ်မြင်တော့ သူကြောက်သေး ရဲ့လား (မကြောက်တော့ပါဘူးဆရာ)၊ ဟင်းကောင်းလေးတောင် ချက်ယင်တောင် ကိုယ်မစားရဘူး သွား

http://www.dhammadownload.com

ဦးဦးဖျားဖျား ပေးရတဲ့ဆိုတဲ့ အကောင်လေးလဲ ရုံးအဆင်းတွေတော့ သူကြောက်သေးရဲ့လားဟ (မကြောက်တော့ပါဘူးဆရာ)၊ ဘာပြုလို့ မကြောက်တုံး (သူ့ဝွင်းလုံးကျွတ် လွတ်လို့ပါ)၊ အေး-အမှု မရှိဘူးနော် (ဟုတ်ပါတယ်ဆရာ)၊ ဒီလိုပဲ မှတ်ထား တစ်မဂ် တစ်ဖိုလ်မှ မရရင် မင်းတို့ သံသရာကို လက်ဆောင်ပေးလို့ အေးမှာ မဟုတ်ဘူး။ အေးပဲ့မလား (မအေးပါဘူးဆရာ)၊ ဘယ်တော့မှ အေးမှာ မဟုတ်ဘူး။

တစ်မဂ် တစ်ဖိုလ်ရသွားတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသွားတယ်။ အရိယာပုဂ္ဂိုလ်များကြတော့ အေးသွားပြီ။ ဘယ်သူမှ လက်ဆောင်မပေးဘူး။ သံသရာအရေးကို မစိုက်ဘူး။ ဒါကြောင့် အနာထပိဏ် ဝိသာခါ အစရှိတဲ့ ပုဂ္ဂိုလ်များဟာ အနာထပိဏ်တို့ဟာ ကုဋေပေါင်းများစွာ ချမ်းသာတဲ့ဘဝကနေ မွဲပြာကျအောင် လှူလာတဲ့ အလှူတွေမှာ နားထောင်ကြည့်ပါ၊ အနာထပိဏ်သူဌေးကြီးက ကုဋေ ပေါင်းများစွာ ကုန်ကျတဲ့ ဇေတဝန်ကျောင်းတော်ကြီး ဆောက်ပြီးတော့ ဘုရားလှူတော့ ရေစက်ချထဲများ ပါလားဟ။ နောင်ဘဝ ပဒေသရာဇ် ဧကရာဇ် စကြဝတေး မန္ဓာတ်ဖြစ်ရပါလို၏။ နတ်မင်းစည်းစိမ် ဖြစ်ရပါလို၏။ သိကြားမင်းစည်းစိမ် ဖြစ်ရပါလို၏လို့ ပါရဲ့လား (မပါပါဘူးဆရာ)၊ မပါဘူး။ ရုပ်အဆင်း ရူပကာယ လှပါလို၏။ အသံကောင်းရပါလို၏။ ပညာရှိဖြစ်ရပါလို၏။ လူချမ်းသာ ဖြစ်ရပါလို၏။ ပါဘူးပါရဲ့လား (မပါပါဘူးဆရာ)၊ သူသံသရာလက်ဆောင်ပေးတာမှ မဟုတ်ဘဲ ဘယ်ပါမတုံး သူ ကြောက်စရာမှ မရှိဘဲ။ သူ့ဝွင်းလုံးကျွတ်လွတ်နေပေါ့။ လွတ်ဘူးလား (လွတ်ပါတယ်ဆရာ)၊ အပါယ်တံခါးပိတ်သွားပြီတဲ့။ သောတာပတ္တိမဂ်ဉာဏ်ရကတည်းက အပါယ်တံခါး ပိတ်သွားပြီတဲ့။ သံသရာကြီးနဲ့ တွေ့ရင် ဘယ်သူမှ ဂရုထားစရာမလိုဘူး။ ကြောက်စရာ မလိုဘူးတဲ့။ ဒါကြောင့် ရဲရဲရင့်ရင့် စွန့်စွန့် စားစား ဆိုသလို လှူတဲ့နေရာ ပြတ်ပြတ်သားသား ဘုရားကျေးဇူး တရားကျေးဇူး သံဃာ့ကျေးဇူး အထူးပြန်ပြီးတော့ ဆပ်ပေးတဲ့အနေနဲ့ ကြွေးဆပ်တရား ခေါ်တယ်နော် (ဟုတ်ပါ တယ်ဆရာ)၊ ဘုရားကျေးဇူးတွေ ပြန်ဆပ်ပေးတယ်။ တရားကျေးဇူးတွေ ပြန်ဆပ်ပေးတယ်။ သံဃာကျေးဇူးတွေ ပြန်ဆပ်ပေးတယ်။ ကုဋေပေါင်းများစွာ ကုန်တဲ့အပြင် မွဲပြာကျသွားသော်လည်း ဒီကျေးဇူးတွေ ကုန်ရဲ့လားဆိုတော့ အနာထပိဏ်တို့သိ။ မကုန်ဘူးတဲ့ ဘုရားကျေးဇူး တရားကျေးဇူး သံဃာ့ကျေးဇူး ငါ့အပေါ်တင်ထားတာတွေ ဘယ်နည်းနဲ့မှ ကုန်စရာ အကြောင်းမရှိဘူးတဲ့။ ကုန်စရာ အကြောင်း မရှိတိုင်း ဒီတိုင်းထိုင်ကြည့်လို့ ဖြစ်မှာ မဟုတ်ဘူးတဲ့ ဖြစ်သမျှတော့ ငါလုပ်မယ်။

ဒီလို မဟုတ်လား။ အဲဒါ ရဲရင့်တဲ့ သတ္တိကပါတာ။ ဒါကြောင့် သာသနာမှာ သို့ကလောက် တောင်ပဲ ကုဋေပေါင်းများစွာ ချမ်းသာတဲ့ဘဝကနေပြီးတော့ သာသနာတွင်းကို အရင်းအနှီးမြှုပ်နှံတဲ့ နေရာမှာ မွဲပြာကျအောင် မြှုပ်နှံသွားတယ်လို့နော် (ဟုတ်ပါတယ်ဆရာ)၊ အခုတော့ ဒီလိုမှ မဟုတ်ဘဲ

http://www.dhammadownload.com

ငါခုစောစောက ပြောသလို ဘုရားဂုဏ်ကျေးဇူးလည်းမသိ၊ တရားဂုဏ်ကျေးဇူးလည်းမသိ၊ သံဃာ့ဂုဏ်ကျေးဇူးလည်းမသိဆိုတော့ ဂုဏ်ကျေးဇူးအာရုံပြုပြီးတော့ ကျေးဇူးတုန့်ပြန် တစ်ဖန် ဆပ်ပေးတဲ့ အနေအားဖြင့် လှူတာကမဟုတ်၊ သဒ္ဓါက မစစ်တော့ အတုနဲ့အပနဲ့ အပြိုင်နဲ့ အဆိုင်နဲ့ အမော်နဲ့ အကြွားနဲ့ အဟိတ်နဲ့ အဟောက်နဲ့ လုပ်နေတာနော် (ဟုတ်ပါတယ်ဆရာ)၊ ဂုဏ်နဲ့ပကာသနနဲ့ တချို့ ဒါနနဲ့ ပကာသန မကွဲရှာဘူး။ ဒါန ဘာခေါ်မှန်း မသိဘူး။ ပကာသနလောက်ပဲ အာရုံပြု၊ တချို့လည်း ကျွေးနိုင် မွေးနိုင်လို့ရှိရင် သံသရာဝဋ်က ကျွတ်တော့မလို့ ပေးနိုင် ကမ်းနိုင်ရင် သံသရာဝဋ်က ကျွတ်တော့မလို့။ ခုခေတ်လည်း ရှိပါတယ်ကွယ်။ သံသရာမျက်နှာချိုသွေးပြီးတော့ လက်ဆောင်ပေး ဆိုတာက လှူရေးတန်းရေးနဲ့ ထားပါအုံး။

ခုခေတ်လည်းပဲ သံသရာမျက်နှာချိုသွေးတာ မရောက်သေးဘူး။ လူလူချင်းကို မျက်နှာချိုသွေးတာတွေ အများကြီး ရှိသေး။ တချို့လည်း ရပ်ထဲရွာထဲတို့ ဒီလိုနေလို့ မဖြစ်ဘူး။ ဘုရားကိုးဆူတော့ ဆွမ်းကပ်အုံးမှပဲ၊ အလှူအတန်းလေးတော့ လုပ်ရဦးမှာပဲ။ အဓိပ္ပါယ်အားဖြင့် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အဲသလို လုပ်နေလည်းပဲ စေတနာသဒ္ဓါတရား မပါဘဲနဲ့ မိတ်ဆက်အနေအားဖြင့် လုပ်တာတွေလည်း အများကြီး။ ဒါကြောင့် သေချာကြည့်ကြ။ အခုလို အသိဉာဏ်လေး ရလာတဲ့ အခါဖြင့် တို့တစ်ဇွန်းတစ်ယောက်မ ပန်းတစ်ပွင့် သစ်သီးတစ်လုံး ကစလို့ အဆုံးတော့ မခံဘူး။ အမြတ်ထွက်အောင်ဆိုတဲ့အနေအားဖြင့် အဝိဇ္ဇာဦးစီးတဲ့ သင်္ခါရမျိုးတော့ မကြိုးစားဘူးကွ။ တော်ပြီး ဒင်းအကြောင်းတော့ တို့သိပြီ။ တစ်သံသရာလုံးလည်တာ ဝိဇ္ဇာဉာဏ် ဦးစီးတဲ့အနေအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရရပါလို၏ ရောက်ရပါလို၏ဆိုတဲ့ ရည်ရွယ်ချက် အဓိကထားပြီးတော့ တတ်အားသမျှ ကြိုးစားကြပေါ့ကွာ။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်" ဆိုတဲ့ အကျိုးတရားဖြစ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ အဝိဇ္ဇာက အကြောင်းတရား သင်္ခါရက အကျိုးတရား အကြောင်းအကျိုးဆက်စပ်နေပုံလည်း သေသေချာချာမှတ်။ အဝိဇ္ဇာတည်း ဟူသော အကြောင်းကြောင့် သင်္ခါရ အကျိုးဖြစ်တယ်ဆိုတော့ အကျိုးသင်္ခါရက ဘယ်နှစ်မျိုး ဘယ်နှစ်စားတုံး။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္စာဘိသင်္ခါရ။ ပုညာဘိသင်္ခါရဆိုတာ ဘာတုံး ကာမာဝစရကုသိုလ်ကံ ရူပါဝစရကုသိုလ်ကံ၊ အပုညာဘိသင်္ခါရက အကုသိုလ်ကံ၊ အာနေဉ္စာဘိသင်္ခါရက အရူပါဝစရ ကုသိုလ်ကံ။

ဒီတော့ ကံခေါ်ထားတဲ့ စေတနာတွေရတယ်။ ကုသိုလ်စေတနာ အကုသိုလ်စေတနာ နှစ်မျိုးခွဲလိုက်တော့ ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဝဋ္ဋကထာလို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး

http://www.dhammadownload.com

ဟောထားတယ်။ "ဝဋ္ဋကို လည်စေတတ်သော တရားစု၊ ဝဋ္ဋကို လည်သောတရားစု" ဒီလိုဟောထားတဲ့ ဒေသနာတော်က ဖြစ်နေတော့ မိမိကိုယ်တိုင်က ရိပ်စားမိရမယ်။ လည်ပုံ လည်နည်းချပြလိုက်တော့ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်"လို့ တောက်လျှောက်ကြီးသွား လိုက်တော့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် အထပ်ထပ်လည်ရော။ ဒါကြောင့် လည်ပုံ လည်နည်းပြတဲ့ နေရာမှာ အဝိဇ္ဇာကစလို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုကတည်းက အဝိဇ္ဇာ အကြောင်း သင်္ခါရအကျိုး၊ ထိုအကျိုးတည်းဟူသော သင်္ခါရလည်း သုံးမျိုးသုံးစား ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ စာလိုမမှတ်တတ် မြန်မာလို မှတ်ထား။ ပုညာဘိသင်္ခါရဆိုတာ ကာမာဝစရကုသိုလ်စေတနာ, ရူပါဝစရကုသိုလ်စေတနာ၊ အပုညာဘိသင်္ခါရ ဆိုတာ အကုသိုလ် စေတနာတွေ၊ အာနေဉ္ဇာဘိသင်္ခါရ ဆိုတာ အရူပါဝစရကုသိုလ်စေတနာတွေ ရှင်းရှင်းလေးပြန် လိုက်တော့ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်သုံးမျိုးရယ် အကုသိုလ်ရယ် ဟုတ်ရဲ့လား (ဟုတ်ပါတယ် ဆရာ)၊ ဟောဗျာ တရားထောက်မှတ်တားကြီး ပျောက်သွားပြန်ပေါ့။ ရာထူးကျသွားပေါ့။

ဒီတော့ ကုသိုလ်စေတနာ အကုသိုလ်စေတနာလို့ ဒါလေး မှတ်ထား။ ဒီတော့ ဒီကုသိုလ် စေတနာထဲမှာ အကုသိုလ်စေတနာကတော့ လူတိုင်းသိပြီးပြီ။ ကုသိုလ်စေတနာက သူသူငါငါ လူတကာ လုပ်နေတဲ့ စေတနာတွေပဲ။ ဘာတွေတုံး ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဒီကုသိုလ်စေတနာတွေပဲ၊ အဲဒီကုသိုလ်စေတနာကို သင်္ခါရကောက်ထားတော့ ထိုကုသိုလ်စေတနာ သည် ဘယ်သူကြောင့်ဖြစ် အဝိဇ္ဇာကြောင့်ဖြစ်။ အဝိဇ္ဇာက အကြောင်းတရား၊ ကုသိုလ်စေတနာတွေက အကျိုးတရား၊ ပြီးတော့ တစ်ခါ ဒီကုသိုလ်စေတနာဆိုတဲ့ သင်္ခါရက တစ်ခါအကြောင်းပြန်ခံ ထိုကုသိုလ်စေတနာ အကုသိုလ်စေတနာတွေကြောင့် ဒုတိယဘဝသစ်နဲ့ ပဋိသန္ဓေဖြစ်ပြန်၏။ ဝိညာဏ်၊ "သင်္ခါရပစ္စယာ ဝိညာဏံ" ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ဖြစ်တော့ ဘာဖြစ် ဝိညာဏ် ဖြစ်တော့ နာမ်ရုပ် ဖြစ်တော့ပေါ့။ "ဝိညာဏပစ္စယာ နာမရူပံ" နာမ်ရုပ်ဖြစ်တော့ ဘာဖြစ် သဠာယတန ဖြစ်။ "နာမရူပပစ္စယာ သဠာယတနံ"လို့ လှည့်သွားလိုက်တာလို့ ရပ်သေးရဲ့လား (မရပ်တော့ပါဘူး ဆရာ)။

အဲဒါ လည်ပုံလည်နည်းမှာ ဝဋ္ဋကထာဆိုတဲ့အတိုင်း ဝဋ္ဋသုံးပါးလည်နေပုံ ပြတယ်။ ဒါဘာမှလဲ ငြင်းစရာ မရှိဘူး။ ဘုရားကိုယ်တော်တိုင်အားဖြင့် ထုတ်ဖော်ဟောတော်မူထားတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး တို့လူစုက ပေးငှထားတဲ့ စာရွက်ကလေးတွေများ ပြန်ကြည့်ကြရဲ့လား။ အရများ ကျက်ကြရဲ့လား။ အကျိုးအကြောင်းဆက်နေပုံလေးတွေ အဲဒါ ငြင်းစရာလည်း မလိုဘူး။ မယုံကြည် ဘူးလို့လည်းပဲ ခုခံစရာ မလိုဘူး။ ဟုတ်ပြီ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်

http://www.dhammadownload.com

ဖြစ်တယ်” ဆိုထဲက သွားပေါ့။ ဒါလေး နားလည်မှုရအောင် ထပ်ပြန်တလဲလဲ ပြရတာ၊ အဲ့ဒီ အဝိဇ္ဇာနဲ့သင်္ခါရ အကျိုးအကြောင်း ဆက်ပုံလေးကို သဘောလေးထဲမှာ မိမိတို့ မနောလေးထဲမှာ ရှင်းလင်းပြတ်သား နားလည်သွားရင် ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို ဖြတ်နိုင်တယ်။ ထွက်ရပ်လမ်းပေါက်တယ်နော် (မှန်ပါတယ်ဆရာ)၊ သံသရာဝဋ်က လွတ်နိုင်တယ်။ အဲဒါ မယုံကြည်တော့ လွတ်မှာ မဟုတ်ဘူး။ ယုံကြည်ရင် လွတ်မှာပဲ။ ဒီအကူး အဆက်ကလေး အကြောင်း အကျိုးဆက်နေတဲ့ သဘာဝလေး နားလည်သွားရင် ပြတ်သားသွားရင် တို့တော့ သံသရာဝဋ်က ကျွတ်မှာ အမှန်ပဲလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရောက်မှာရမှာ အမှန်ပဲလို့ ဒီလို စိတ်ထဲ အောက်မေ့။

အဲဒီ “အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်”ဆိုတော့ ထိုသင်္ခါရမျိုးဟာ သံသရာကို လည်တတ်တယ် ဆိုတဲ့ သိမှုလေး မရှိရင် ပြတ်သားမှုလေး မရှိရင် လည်အုံးမှာပဲလို့ လည်အုံးမှာ၊ ဘာပြုလို့ ဒီသင်္ခါရ မထူထောင်တတ်ဘူးခေါ်တယ်။ သင်္ခါရ မလုပ်တတ်ဘူးလို့ တစ်ဘဝလာလည်းပဲ ဘဝကောင်းရာ ငါကောင်းရာ ဝဋ်သုံးပါးတမ်းတလို့ တစ်ဘဝလာလည်း ဘဝကောင်းရာ ငါကောင်းရာ ဝဋ်သုံးပါး တောင်းတလို့ ဒီလိုလာခဲ့၊ ဘဝပေါင်းများစွာလည်း ပြုခဲ့ပေါင်းများပေါ့။ သံသရာဝဋ်က ဘယ်မှာ ကျွတ်တယ် လွတ်တယ် မရှိဘူး။ တစ်မဂ် တစ်ဖိုလ်ရခဲ့တာလည်း ဘယ်မှ မရှိဘူး။ ဒါ နောက်ကြောင်း ရာဇဝင်ပြန်ကြည့်ရင် ကိုယ့်ကိုယ်ကို သိရတယ်။ ဒါကြောင့် ကိုယ့်ကိုကိုယ် ချစ်ရိုးမှန်ရင် သနားရိုးမှန်ရင် နှစ်သက်မြတ်နိုးရိုးမှန်ရင် သံသရာဝဋ်အတွင်းက လွတ်ကင်းတယ်ဆိုတဲ့ သင်္ခါရမျိုးကို ကြိုးစားပါ၊ အားထုတ်ပါလို့။ ဒါကြောင့် ဒီနေရာမှာ ပုညာဘိသင်္ခါရသည် ဒါနကုသိုလ် သီလကုသိုလ် သမထ ကုသိုလ် သံသရာကိုလည် စေတတ်သော ကုသိုလ်လို့ ခေါ်၏။

ဘာပြုလို့ ဝဋ်သုံးပါးတမ်းတနေလို့ ဝဋ်သုံးပါးတောင့်တနေလို့ ဘဝကောင်းရာ ငါကောင်းရာ အနေအားဖြင့် ကြိုးစားအားထုတ်လုပ်နေလို့ ဒီလိုမှတ်ထား။ ဒါဖြင့် ကောင်းပါပြီ။ ဒီဝဋ်သုံးပါးက ထွက်မြောက်ရာ ထွက်မြောက်ကြောင်း သံသရာစက်ရဟတ်ကြီး ထွက်ရပ်ပေါက်တဲ့နည်းက ဘယ်နှဲ့ တုံး။ ဝိဝဋ္ဋကုသိုလ် ကြိုးစားရင် ကျွတ်ပါ လွတ်ပါ ထွက်ရပ်ပေါက်ပါတယ်လို့။ ဝိဝဋ္ဋကုသိုလ်ဆိုက တည်းက ဘာခေါ်တုံး၊ ဝိဝဋ္ဋဆိုတာ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်နော် (မှန်ပါတယ်ဆရာ)၊ “ဝိဝဋ္ဋံ နာမ နဝ လောကုတ္တရဓမ္မာ” ဝိဝဋ္ဋံ နာမ၊ ဝိဝဋ္ဋဟူသည်ကား။ နဝ လောကုတ္တရဓမ္မာ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ခေါ်တဲ့ လောကုတ္တရာဓမ္မဖြစ်၏။ အဲဒီ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ “နဝ လောကုတ္တရာဓမ္မ”ကို တမ်းတပြီး မျှော်မှန်ပြီး ရော်ရမ်းပြီး ကြိုးစားရင် အဲဒါ ဝိဝဋ္ဋပါဒ ကုသိုလ် ဖြစ်တယ်။ ဝိဝဋ္ဋပါဒကုသိုလ်မျိုးကြိုးစားပြီလား ဆိုမှဖြင့် “အဝိဇ္ဇာပစ္စယာ သင်္ခါရာ”မျိုးထဲက မဟုတ်ပါဘူး။ လွတ်သွားပြီ။

http://www.dhammadownload.com

ဒါကြောင့် ဒီကုသိုလ်မျိုး ကြိုးစားတတ်လို့ရှိရင်ဖြင့် သံသရာဝဋ်က အမြန်ဆုံးကျွတ်နိုင် လွတ်နိုင်ပါတယ်လို့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း အမြန်ဆုံး ရနိုင်ရောက်နိုင်။ ဒါကြောင့် ခြောက်ရက် နေ့ညတုန်းက သံသရာမျက်နှာချိုသွေး၍ လက်ဆောင်ပေးတဲ့ အနေမျိုးဖြင့် တစ်ရာမှာ ကိုးဆယ့်ကိုးက ကြိုးစားအားထုတ် အလုပ်လုပ်နေတယ်။ ဘာပြုလို့ သံသရာဘေးတော့ သူတို့တွေးကြောက်တယ်။ ဘယ်ဘေးကြောက် တစ်သံသရာလုံး ကြောက်တာ မဟုတ်ပါဘူး။ အပါယ်လေးပါးဆိုတဲ့ သံသရာကြောက်တယ်။ အဲဒီ အပါယ်လေးပါး မတော်တဆ ချွတ်ချော်တိမ်းပါးပြီးတော့ ကူသွားမှာကြောက်တော့ ဒီအပါယ်လေးပါး သံသရာကြီး ကြောက်လို့လွန်းလို့ သံသရာကြီး မျက်နှာချိုသွေးပြီးတော့ လက်ဆောင်ပေးတဲ့အနေအားဖြင့် လုပ်ကြတယ်။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဘဝကောင်းရာ ဂါကောင်းရာ အနေအားဖြင့် အဲဒါ သံသရာမျက်နှာချိုသွေးပြီး လက်ဆောင်ပေးနေတဲ့ အလုပ်တွေပဲ ဟုတ်လား မဟုတ်လား သေချာကြည့်။

အမြဲတမ်း ဒီလိုပဲ အမြဲတစ်စေ ကြိုးစားနေ။ ဒါကြောင့် ဒီအလုပ်မျိုးနဲ့သာ လုပ်နေလို့ရှိရင်ဖြင့် သံသရာမျက်နှာချိုသွေးလို့ လက်ဆောင်ပေးသော်လည်း ခဏခေတ္တ အေးတော့မပေါ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်သံသရာလုံး မအေးပါဘူး။ တစ်ဘဝ တစ်နပ်စာဆိုတဲ့ အနေအားဖြင့် အေးချင်အေးပါလိမ့်မယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်းသင့်မှ ကံကောင်းလို့ အကြောင်းသင့်မှ အေးတာပါ။ လုပ်တိုင်းလည်းပဲ ရတာ မဟုတ်ပါဘူး။ ဒါကြောင့် ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးပါးဟာ ကြိုးစားတိုင်းလည်းပဲ ဒီဘဝက ကြိုးစားလို့ ဒုတိယဘဝ အသေဖြောင့်အနေဖြောင့်ဆိုတဲ့ အနေအားဖြင့် တထစ်ချရနိုင်တယ်။ မပြောနိုင်ဘူး။ သူ့အချိန်ကျမှ သူ့အခွင့်ရမှ သူပေးတတ်တယ် တရားတွေ။ ဒါကြောင့် ဒီဘဝက သေလို့ရှိရင် ဒုတိယဘဝလားချင်ရဲ့လား ကျချင်ရာကျ ရောက်ချင်ရာရောက်ဆိုတဲ့ ဝိနိပါတဘေးကြီးက ဒီပုထုဇဉ်အနေနဲ့သာ နေလို့ရှိရင် ပြေးလို့က မလွတ်။ ဂတိ မမြဲသောဘေး ခေါ်တယ်။ ဒါကြောင့် မလွတ်သေးဘူးတဲ့။ ဘာတွေကြိုးစား ကြိုးစား၊ ဒါပေမဲ့ ကျုပ်တို့ လုပ်တဲ့ကုသိုလ်တွေ အလဟဿ အဟောသိကံ ဖြစ်ရမလား။ ဒီလို မဟုတ်ပါဘူးတဲ့။ အခွင့်သာတဲ့ အလှည့်ကျတော့ အကျိုးပေးပါလိမ့်။ ဘယ်တော့သာမှန်းမှ မသိပဲ။

အခုလည်း မိမိရင်ထဲမှာ မိမိအဇ္ဈတ္တသန္တာန်မှာ ဘဝပေါင်းများစွာက စုဆောင်းပြုစုလာကြတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်တွေ မပါလားကွယ် (ပါ,ပါတယ်ဆရာ)၊ အကျိုးမပေးရသေးတာတွေနော် (မှန်ပါတယ်ဆရာ)၊ ပါတယ် ပါတယ်။ အကုသိုလ်တွေကော ပါတယ် မဟုတ်လား (ပါပါတယ်ဆရာ)၊ အပရာပရိယကံလို့ တို့ဝိထိစဉ်တုန်းက သေချာပြခဲ့တယ်။ နောက်နောင်က စုပေါင်းလာကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ တွေးတွေလည်းပဲ မိမိအဇ္ဈတ္တသန္တာန်မှာ အများကြီးပါပါတယ်လို့။ အဲဒါ အခွင့်မသာသေးလို့ မပေးတာ အခွင့်သာတော့လည်း ပေးတာ အကုသိုလ်က

http://www.dhammadownload.com

အခွင့်သာ အကုသိုလ်ပေးလိုက်၊ ကုသိုလ်က အခွင့်သာ ကုသိုလ်ပေးလိုက် ဒီလိုပဲသွားကြ။ ဒါပေမဲ့လို့ ဒီဘဝသေလို့ရှိရင် ငါ ကုသိုလ်ကံတွေ အပါသားပဲ။ ဒီဘဝကသေလို့ ရှိရင် နတ်ပြည်တိုက်ရိုက် ရောက်လိမ့်မယ်၊ ဗြဟ္မာပြည်တိုက်ရိုက်ရောက်လိမ့်မယ်၊ လူ့ပြည်တိုက်ရိုက် ရောက်လိမ့်လို့ တထစ်ကျတော့ မမျှော်ကိုးနဲ့တဲ့။ ဘာပြုလို့ "ပုထုဇဉ်တို့ မည်သည်မှာ ဂတိမမြဲသေးဘူး"လို့ ဘုရားကိုယ်တော်မြွက်ဟောထားတော့ ဂတိငါးပါး၊ သေသည်၏အခြားမဲ့ ၌ လားချင်ရာလား ရောက်ချင်ရာရောက် ကျချင်ရာကျတတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်း။ ဒီတော့ မိမိတို့ လုပ်ပုံလုပ်နည်း မဟုတ်လို့ လုပ်ပုံလုပ်နည်း ဟုတ်အောင်လို့ မှန်ကန်တိကျအောင် ဆိုပြီးတော့ ပြင်ဆင်ပေးနေတာကို သေသေချာချာ လေးလေးစားစားလည်း မှတ်ရတယ်။

နည်းကောင်းနာကောင်းဆိုတာ တို့မှားနေလို့ ပြင်ပေးပါပဲ။ တို့ကလည်း တစ်မှားထဲမှားလာ သံသရာအစကတည်းက မှားတာ ကနေ့အထိ မှားလို့ မပြီးသေးဘူး။ အခုတော့ နည်းမှန်လမ်းမှန် ရနေ။ တို့လုပ်တဲ့နည်းတွေ မှားနေ၊ မှန်ကန်တဲ့နည်းတော့ တို့သေသေချာချာ ပြတ်သားအောင် မှတ်ထားမယ်ဟဲ့။ မှတ်ထားတဲ့ အတိုင်းလည်း ကြိုးစားမယ်ဟဲ့။ စိတ်ထဲဒီလို အောက်မေ့ကြ။ ဒါလည်းပဲ သင်တန်းပြလာတာ အားလုံးဆယ်ခုနစ်ပတ်ရှိပါပြီ။ ဆယ်ခုနစ်ကြိမ် ရှိပါပြီ။ အစကတည်းက လိုက်တဲ့လူတွေကော အခုလမှာ လိုက်တဲ့လူတွေကော, နောက်ပိုင်းမှ လိုက်တဲ့လူတွေကော များလည်းများပါတယ်။ အဲဒါ ဟောတုန်း ဟောတုန်းပဲလို့ တော်ကြာတော့ ယောရိထဲ ပါသွားတယ်၊ စပ်ဖြုစပ်ဖြုနဲ့ အုတ်အုတ်ကျွတ်ကျွတ်နဲ့ ပွဲလမ်းသဘင် ရှိပြီဆိုမှဖြင့် ပါသွားပြီ။

သင်တန်းကပြထားတဲ့ နိဿျည်းလေးတွေ မရှိဘူး။ မေ့လျော့ကုန်ပြီ။ အဓိပ္ပါယ်ဆိုကြပါစို့ ငါလဲ အကဲခတ်နေတာပါ။ တရားတော့ သိတော့သိတယ်၊ မရှိဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ်တယ်။ အဲဒါ ကိုယ့်ကိုယ်ကို မသနားတာပဲလို့။ တကယ်ကျနတဲ့နည်းပေးထားလို့ရှိရင် ဒီနည်းအတိုင်း လုပ်သွားရင် ဘာမှ မခဲယဉ်းဘူး အဓိပ္ပါယ်၊ ဘုရားပွဲတစ်ခု ကျင်းပမယ်ဆိုလို့ရှိရင် ဘာပွဲဖြစ်ဖြစ်ပေါ့လေ။ ဒီလို ဘုရားပွဲတို့ အလှူပွဲတို့ ကိစ္စအဝဝပေါ့။ အဲဒီလိုကုသိုလ်နဲ့ ပတ်သက်ပြီးတော့ ပွဲလမ်းသဘင်ခင်းကျင်းတော့ မယ်ဆိုလို့ရှိရင် ဒီဝဋ္ဋနှင့်ဝိဝဋ္ဋ ပြတ်သားနားလည်အောင် ခွဲခြားပြီးတော့ သင်တန်းတတ်ထားတဲ့ လူစုကိုက အဲ့ဒါပွဲဘက်ကို ရှေ့ရှုလုပ်ချင်ပြီး လှုပ်လှုပ်နဲ့ နေတာပဲ။ ပွဲဘက်ရှေ့ရှုတယ်။ ဘုရားဘက် ကျောပေး အဲဒါကိစ္စဝိစ္စတွေက များပါဘိ။ အဲဒါ သေချာနားထောင်နော်။

http://www.dhammadownload.com

အပြစ်လည်းပြောတာ မဟုတ်ဘူး။ နားစွန်နားဖျားကြားပြီးတော့ တောဝေဖန် တောင်ဝေဖန်နဲ့ မဝေဖန်နဲ့ လုပ်ပုံလုပ်နည်းတွေ သေချာကြည့်။ ဒီတော့ ဘုရားပွဲလုပ်တယ်ဆိုတဲ့နေရာမှာ နာမည်ကိုက ဘုရားပွဲတော်တဲ့၊ ဘုရားပွဲတော်ဆိုတာ ဘုရားကို ကြည်ညိုသထက် ကြည်ညိုစရာကောင်းအောင် အမျိုးမျိုး အဖုံဖုံအားဖြင့် မွမ်းမံချယ်လှယ်ပြီးတော့ လှူဖွယ်တန်းရာ ပူဇော်ဖွယ် အမျိုးမျိုးနဲ့ ရှိခိုးကြတယ်၊ ပူဇော်ကြတယ်၊ ကြည်ညိုကြတယ်၊ လေးစားကြတယ်၊ မြတ်နိုးကြတယ်။ အားရပါးရပေါ့လေ စေတနာထက်ထက်သန်သန်နဲ့၊ နို့ခါတိုင်းတော့ ဒီဘုရာ မရှိဘူးလား ရှိပေတဲ့၊ ကိစ္စဝိစ္စတွေက များလို့ "ဃရာဝါသော ဗဟုကိစ္စော"တဲ့၊ မလုပ်နိုင်ကြဘူးတဲ့။

ကိုယ့်အိမ်က ဘုရားမှာ ကိုယ်အမှိုက်မလှည်းနိုင်၊ ပင့်ကူမျှင်တွေ ထွေးလို့, ဖုံတွေကတတ်လို့, နိစ္စဗဒ္ဓဝတ်ဆိုတာ အင်မတန် ပြုနိုင်ခဲတယ်။ ဘာကြောင့် အပြေးအလွှားရှာမှ စားရတယ်ဆိုတော့ ကိစ္စဝိစ္စ အင်မတန်များတော့ ပြန်စောင်းလို့ မကြည့်နိုင်ဘူး။ စေတနာကတော့ ရှိပါရဲ့။ ဒါကြောင့် တစ်ရပ်လုံး တစ်ရွာလုံး ကြည်ညိုကြအောင်ဟဲ့။ တစ်နှစ်မှ တစ်ကြိမ် တစ်ခါဆို အချိန်အခါ ပေးပြီးတော့ ပူဇော်ပွဲကြီးဆိုပြီးတော့ ကျင်းပ အဲဒါ ဘုရားပွဲ၊ အခုတော့ ဘယ်နဲ့ဖြစ် ဘုရားပွဲလုပ်ပုံတဲ့။ အဲဒါ တို့များက ပြောတယ်တော့ မမှတ်နဲ့၊ လယ်တီဆရာတော်ကြီး ကိုယ်တော်တိုင်ရေးသွားတဲ့ စာရှိတယ်။ "တစ်နှစ်တစ်ခါ အပြစ်ရှာ လူ့ရွာဘုရားပွဲ"တဲ့။ "ကုသိုလ်က တစ်ပဲ ငရဲကတစ်ပိဿာ"တဲ့ သေချာ ကြည့်ပါ။ သံသရာမျက်နှာချိုသွေးပြီး လက်ဆောင်ပေးတာတောင်ပဲ ဖြောင့်ဖြောင့်မပေးဘူး။ သေသွား ရင် တို့ကုသိုလ်လေးတွေ စင်စင်ကြယ်ကြယ်ဟဲ့။ လောဘ ဒေါသ မောဟ အခြံအရံ မရှိဘဲနဲ့ စင်ကြယ်သန့်ရှင်းတဲ့ ကာမာဝစရကုသိုလ်လေးတွေ ဖြစ်သွားရအောင်ဟဲ့။ မွန်မွန်မြတ်မြတ် ကလေးလုပ် မဟဲ့။ သန့်သန့် ရှင်းရှင်းကလေး လုပ်မဟဲ့။ ဒါမှ သေသည်၏အခြားမဲ့ ကောင်းကျိုးချမ်းသာပေးမဟဲ့။ အဲသလိုတောင် မလာနိုင်သေးဘူး။

ဝဋ်သုံးပါးတောင့်တ လုပ်တဲ့ကုသိုလ်ချင်းတောင် မတူသေးဘူး။ ရှုပ်ရှုပ်ယှက်ယှက် ပွေပွေလီလီ ဆိုသလိုပဲ လုပ်လိုက်တာလို့ ပြီးတော့လည်းပဲ အဲဒါတွေ တချို့တော့ မုန်းပါပေါ့ကွာ။ ဒီစကားတွေ ပြောတော့ ပွဲကြည့်ချင်တဲ့လူက မုန်းလိမ့်မယ်။ ပွဲကြည့်ချင်တဲ့လူက မုန်းမယ်။ ဘုရားပွဲ ပွဲမပါရင် စိတ်ထဲမှာ ဟာတာတာကြီးဖြစ်ပြီးတော့ နေမထိ ထိုင်မသာဆိုတဲ့ လူက မုန်းလိမ့်မယ်။ စဉ်းစားကြည့် စဉ်းစားကြည့် မြို့ထဲရွာထဲ လျှောက်ပြီးတော့ အလှူခံဖလားသံက ဂျောင်ဂျောင်နဲ့ လူငယ်ရော, လူကြီး ရော လူလတ်ရော အမျိုးမျိုး အဖုံဖုံ ကိုယ့်အသင်းနဲ့ ကိုယ့်အဖွဲ့နဲ့ ဘုရားပွဲကျင်းပဖို့ လှူတဲ့ပုဂ္ဂိုလ်ကလှူ တတ်အားသမျှထည့် ဘုရားပွဲလို့ ရည်ရွယ်ထည့်လိုက်တယ်။ အဲဒါ ဘုရားက သူတို့ အမိန့်ပေးထားလို့ မပြောတတ်ဘူး။

http://www.dhammadownload.com

"မင်းတို့စီမံချင်သလို စီမံကြ ခန့်ခွဲချင်သလို ခန့်ခွဲကြ။ ငါ့ဘဏ္ဍာတော်တွေထဲက ထုတ်ပြီးတော့ လုပ်ချင်တာ လုပ်ကြ"လို့ ခိုင်းသလား မသိဘူး။ ရတဲ့ပိုက်ဆံလေးတွေ စုပုံပြီးတော့ ပွဲကြေးက ဘယ်လောက် ဧည့်ခံစရိတ်က ဘယ်လောက် ဝေခြမ်းပြီးတော့ သုံးလိုက်ကရော။ ပွဲလည်းပဲ ငှားရော့ ငါ့လည်း ပွဲသမားတွေက မုန်းချင်မုန်းမှာ။ ဒါပေမဲ့ မှန်တာကို သင်ကြားပေးတာ လုပ်နိုင်တာ မလုပ်တာ အပထားပေါ့လေ။ ဂတိတော့ လိုက်စားပြီးတော့ တရားဆိုတာ မဟောကောင်းဘူး။ အဲဒါ ဘယ်ဆရာတော်ဘုရားတွေ လျှောက်ကြည့်ကြည့် ဟုတ်လား မဟုတ်လားလို့။ အဲဒီတော့ လှူဒါန်းတဲ့ပုဂ္ဂိုလ်က သဒ္ဓါတရားကလည်း ဘုရားအာရုံပြု လှူလိုက်တာ ရလာတဲ့ပိုက်ဆံက ဘုရားဘဏ္ဍာတော် ဖြစ်သွားပြီ။

ဒါပေမဲ့ အဲဒီ ဘုရားအလုပ်လုပ်တဲ့လူတွေက ဝေဘင်္ဂီယချတယ်။ ပွဲဈေးက ဘယ်လောက်တဲ့ ပိုက်ဆံ ဘယ်လောက် ရှိတယ် ဆိုကြပါစို့ ဧည့်ခံစရိတ်နဲ့ ပွဲကြေးနဲ့ကုန်ရော ပြီးတော့ ဘုရားကျင်းပတော့ ကန်တော့ပွဲ ဘယ်ကလာ အရပ်ထဲပြန်ဖိတ် မုန့်ပွဲသရေစာ အချိုချဥ်ပွဲ များလာကြပါလို့. လာရော ဒီတော့ သံဃာတော်များ ဆွမ်းလောင်း ဘယ်ကလာ အရပ်ထဲပြန်ဖိတ် သပိတ်လုံး။ ဒါဖြင့် စောစောက ကောက်ခံထားတဲ့ ဘုရားကြေးဘယ်မတုံး ပွဲပေးလိုက်တယ်။ ဒီသွားနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ငါတော့ မလုပ်ရဲဘူး။ ငါလည်း ဘုရားလူကြီးမှာ ဘုရားလူကြီးအဖွဲ့မှာ ဥက္ကဋ္ဌ နှစ်နှစ်လုပ်တယ်။ အလိုလိုပြုတ်ကြလာ အဆဲလည်း မခံနိုင်ဘူး။ အငြိုအငြင်လည်း မခံနိုင်ဘူး။ ကိုယ်လုပ်တဲ့ အလုပ်လည်း ဟုတ်တယ်မထင်နဲ့ ထွက်လာခဲ့တယ်။ ငါလုပ်ရင်းနဲ့လည်း တွေးကြည့်တယ်။ ငါ့လည်း ဘုရားက အမိန့်ပေးမထားပါဘူး။ ငါ့ပိုက်ဆံတွေ မင်းသုံးချင်သလို သုံးလို ခက်တာပဲ အများနဲ့ အလုပ်လုပ် (ရတယ်ဆိုတာ မလွယ်ပါဘူး၊ ဒါပေမယ့် အဲဒီလိုအလုပ်လုပ်ပြီဆိုမှဖြင့် တစ်နှစ်ကြာလို့ ဘုရားတစ်ခါ သတိမရတဲ့လူစားတွေက အရင်ပေါ်လာတယ်။ ပြိုင်ပြိုင်ဆိုင်ဆိုင် ကျကျနန စည်စည်ကားကားလုပ်မှ ပွဲမပါရင် မဖြစ်ဘူးနဲ့။ လူစွာတွေတက်လာ။ အဲဒါမှ တော်တော်လေး အမျှော်အမြင်ရှိတဲ့လူက နောက်ဆုတ်ပေးရတယ်၊ သိပ်မလုပ်ဝံ့ဘူး။ လူစွာတွေတက်လာပြီး အဲဒါ ဘုရားကြည်ညိုလို လုပ်တာလား ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကို ယုံကြည်လို့ လုပ်တာလား (သို့မဟုတ်) ကောင်းကျိုးချမ်းသာဆိုတဲ့ ကုသိုလ်ရဲ့အကျိုးမျှော်ကိုးလို့ လုပ်တာလား စဉ်းစားကြည့်။ ပျော်ချင်ပါးချင်လို့ လုပ်တဲ့ပွဲလမ်းသဘင်တွေလို့ ဒီလိုနေတယ်။

အဲဒါတွေ ပြင်ပြင်ပေးလို့ရှိရင် မိမိတို့လုပ်ရတဲ့ အလုပ်ကလေးတွေ ကုသိုလ်ကလေးတွေ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း စင်ကြယ်သွားလို့ရှိရင် ကမ္မဿကတနယ်ပဲ ကံ, ကံ၏အကျိုး ယုံကြည်လို့ လုပ်ဦးတော့ ဝဋ်သုံးပါးတမ်းတလို့ လုပ်အုံးတော့ နောင်ဘဝဒီကုသိုလ် စင်ကြယ်သန့်ရှင်းမှုကြောင့် "မဟပ္ဖလ မဟာနိသံသ" ကောင်းကျိုးချမ်းသာ ပေးပါလိမ့်မယ်လို့။ ဒါဖြင့် ဘုရားတွေ ပွဲမထည့် ရဘူးလား။ ထည့်ပေါ့ ထည့်ချင်တဲ့လူတွေ စုဆောင်းပြီး ထည့်ကြပေါ့ အလွယ်လေးပဲ။ ဘုရား

http://www.dhammadownload.com

ကြေးလို့မကောက်ပါနဲ့ ပွဲကြေးလို့ ကောက်ပေါ့။ ကြည့်ချင်သူတွေ များပါတယ်။ ထည့်ပါလိမ့်မယ်။ သန့်သန့်ရှင်းရှင်းလေး အဲဒါ ကြားတော့လည်း ဒီအလုပ်လုပ်တဲ့ သူတွေက ကြိုက်ချင်မှ ကြိုက်မယ်။ ကြိုက်ချင်လဲ ကြိုက် မကြိုက်ချင်လဲနေပေါ့။ မှန်တာပြောပြရတာကိုး၊ ပုံလေးတစ်ခုကြားဖူးတယ်၊ တို့ ပခုက္ကူကလည်း ဘုရားတွေကလည်း တော်တော်များတယ်။ ကိုယ့်အရပ်နဲ့ ကိုယ့်ဓမ္မာရုံနဲ့ ကိုယ့်ဘုရားနဲ့ ကိုယ့်စေတီ၏ပုထိုးနဲ့ ကိုယ့်အရပ်နဲ့ကိုယ့် ပွဲလမ်းသဘင်လုပ် အလှူခံပုဂ္ဂိုလ်တွေကလည်း များပါဘိ။

အဲဒါ မထည့်ချင်လိုလည်း ပြောတာ မဟုတ်ပါဘူး။ လာတိုင်းလည်း လက်မလွတ်ပါဘူး။ တတ်အားသမျှတော့ ကိုယ့်သဒ္ဓါတရားရှေ့ထားပြီးတော့ "နိဗ္ဗာနဿ ပစ္စယော ဟောတု" ထည့်ပါတယ်။ ရုပ်သေးကတော့ ရုပ်သေးထဲ ဘာပြုလဲဆိုတော့ သီဟဗာဟု ခြင်္သေ့မင်းဇာတ်ပြတယ်။ ဒီတော့ ခေတ်ကလည်းပဲ တို့များငယ်ငယ်တုန်းက မှတ်မိပါသေးတယ်။ ရုပ်သေးသွားကြည့်တော့ ခေတ်ကလည်းပဲ လက်ပံတန်းနယ်က ဥပါသကာကလည်း ခေတ်စားလို့ မီးရထားများ ဆိုက်သွားလို့ ဥပါသကာ မနည်းကြည့်ရှောင်ရတယ်။ တက်လာလိုက်တာ တစ်ခါတည်း အုတ်သိုက်အုတ်သိုက် စုရုံးစုရုံး အတင်းဇွတ်တက်လာလိုက်တာ။

တစ်ပဲနှစ်ပြားက စပြီးတော့ အတင်းရထားအသွားအပြန် နေနဲ့အမျှ အဲဒါ လက်ပံတန်း သာယာဝတီနယ်က ဥပါသကာခေတ်ကစနေတော့ ကတဲ့ရုပ်သေးက ခေတ်ပြက်လုံး သုံးသွားတယ်။ သီဟဗာဟုဇာတ်ပြပါ။ သီဟဗာဟုဇာတ်ပြတော့ သီဟဗာဟု ခြင်္သေ့မင်းက မယားပျောက်တော့ တောသုံးတောင်လည်း ရှာမတွေ့ ငါ့မိန်းမတော့ မြို့ထဲရှိမှာပဲဆိုပြီး မြို့ထဲတက် ကေသရာဇာ ခြင်္သေ့မင်းဝင်လာတော့ လူတွေက ပြေးလိုက်လွှားလိုက်ကြတာ ရုပ်သေးစင်ရှိသမျှ အရုပ်တွေ အကုန်ထုတ်၊ သုတ်သုတ်နဲ့ အော်ဟစ်ပြေးလာလိုက်ကြတာ ဘာမှန်းမသိ ညာမှန်းမသိ သိတဲ့လူကသိ မသိတဲ့လူက မသိပေါ့။ အဲဒီအထဲမှာ အမယ်ကြီးက အဘိုးကြီးရုပ်ကို ဂုံးပိုးလို့ ပြေးလာတယ်။ ပြေးလာတော့ မောကြီးပန်းကြီးနဲ့ ရှင်မနေစမ်းပါအုံးကွ တလကြမ်းသာ ပြေးလာတယ်။ ငါလည်းပဲ မင်းလောက်အားမရှိတော့ မင်းက ငါ့ဂုံးပိုးပြေး ကျေးဇူးလည်းတင်ပါရဲ့ ဖြစ်ပုံပြောစမ်းပါအုံး။ ဘယ်လိုဘေးတဲ့တုံး၊ ငါလည်း ညည်းခေါ်လို့ ကတိုက်ကရိုက်ပြေးလာရတယ်။ အမလေး အလိုက် လိုက်တာဟဲ့။ မပြောနဲ့တော့ တိုင်းပျက်ပြည်ပျက်ဖြစ်နေ။ သီဟဗာဟု ခြင်္သေ့မင်းကြီး သူ့မယား ပျောက်လို့ မြို့ထဲလည်ဟောက်လို့ အခုအတုံးအရုံး သေတဲ့လူကသေ ပြေးနိုင်မှ လွတ်မယ်ဆိုတဲ့ အနေအားဖြင့် အတင်းတလကြမ်း ပြေးလာ ဒါလောက်တောင်အရမလား, နမလား အမယ်ကြီးကမာန်

http://www.dhammadownload.com

အဘိုးကြီးက ဒီတော့ ဘာပြန်ပြောလဲ ရှင်မနယ် စောစောကငါပြောပါရော့ ဒါလောက်တောင် ပြေးရမလားလို့ ပြောစမ်းပါအုံး ဘာပြုလို့ မပြေးရတာတုံး။

သီဟဗာဟုရန်လောက်ဆို ငါဒီလို အပင်ပန်းခံ ပြေးမှာ မဟုတ်ဘူးတဲ့။ နို့မို့ ဘာပြုလို့ ပြေးတာတုံး။ လက်ပံတန်းက ဥပါသကာတွေ မှတ်လို့တဲ့။ အဲသလောက်လည်းပဲ များတယ် များတယ်။ ဒီတော့ များတာက တန်ဖိုးရှိတဲ့နေရာတွေ သုံးသွားရင်း အင်မတန်မှ တန်ဖိုးရှိတယ်။ ဆိုင်ရာ ဆိုင်ရာ ဘုရားကိုယ်တော်မြတ်တွေလည်း ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံလို့ ဘုရားရောက်လာရင်လည်းပဲ ကြည်ညိုဖွယ်ရာ ပသာဒဂုဏ်ဆောင်လို့ တင့်တောင့်တင့်တယ်နဲ့ ပိုပြီးတော့ ကျက်သရေရှိသတဲ့။ ရှိအောင်ဟဲ့ ပိုပြီးတော့ အဖိုးတန်သထက်တန်အောင် ဒီလို မွမ်းမံခြယ်လှယ်သွားရင်လည်း အင်မတန် လည်း တန်ဖိုးရှိပါတယ်။ ဒါမလုပ်စေချင်လို့ ပြောတာ မဟုတ်ပါဘူး။ ဒီပြောလည်း မရပါဘူး။ လုပ်မြဲ လုပ်မြဲပါပဲ။ မထူးပါဘူး ဒါကြောင့် "တစ်နှစ် တစ်ခါ အပြစ်ရှာ လူရွှာဘုရားပွဲ" လယ်တီဆရာတော် ဆုံးမသွားတဲ့ စကားရှိတယ်။ တို့ပခုက္ကူကလည်းပဲ ဘုရားပွဲတွေက အလွန်များတော့ ဒါတော့ ငါပြော နေကြစကားပါ၊ တခြားမဟုတ်ပါဘူး။

ဒါကြောင့် တို့ဗမာပြည်ကြီးမှာ မြို့ကြီးတွေရှိတယ်။ သူ့နာမည်နဲ့ သူ့စရိုက်နဲ့ဆိုသလို တပ်ထားတဲ့ နာမည်ရှိတယ်။ "မော်လမြိုင်တော့ အစား၊ ရန်ကုန်ကတော့ အကြွား၊ မန္တလေးတော့ စကား ပခုက္ကူတော့ ဘုရား"တဲ့။ မော်လမြိုင်အစားဆိုတာက မော်လမြိုင်က စားကောင်းသောက်ဖွယ်လည်း အင်မတန်ပေါတယ်။ သစ်သီးဝလံကလည်း ပေါတယ်၊ ဥတုရာသီကလည်းကောင်းတယ်၊ မော်လမြိုင်သူ မော်လမြိုင်သားကြတော့ ငါဘာနဲ့ဘာစားလိုက်တာဟေ့ ဟာ-ငါတော့ ကနေ့ ဘယ်ဒင်းနဲ့ ဘယ်ဒင်းစား လိုက်တာ ဘယ်လိုဟာ ဝယ်စားလိုက်တာ အစားဂုဏ်ပြိုင်ကြတယ်။ ဂုဏ်ယူကြတယ်။ ဒါကြောင့် မော်လမြိုင်အစားတဲ့ အစားကလည်း တော်တော်သန်တယ်။

ရန်ကုန်ကြတော့ အကြွားတဲ့ကြွားနိုင်မှ သူ့ထက်ငါသာအောင် ဝတ်နိုင် စီးနိုင်မှ ဒါမှကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ရန်ကုန်က ကြွားပေးရတယ်။ ကြွားတယ် ကြွားတယ် ရန်ကုန်အကြွားတော့ မပြောနဲ့ ဒါ သူသူငါငါ ရောက်ဖူးတဲ့လူက သိတယ်။ ရန်ကုန်ဘယ်လောက်ကြွားတယ် ဆိုတာ ရန်ကုန်တော့ အကြွားတဲ့။ မန္တလေးတော့ စကားတဲ့။ ဘုရင်နေလာတဲ့ နေပြည်တော်ကဖြစ်တော့ ထီးသုံးနန်းသုံး ကြငှန်းသုံးဆိုတဲ့ အသုံးအနှုန်းလေးတွေက ကနေ့အထိ ရှိကြတုန်း။ မိန်းကလေးရော ယောကျ်ား ကလေးရော လူကြီးလူငယ် အသွယ်သွယ် ဆိုသလိုပဲ အသုံးနှုန်းတဲ့နေရာ စကားပြောဆိုတဲ့ နေရာ အင်မတန် ရည်မွန်တယ်။ ယဉ်ကျေးသိမ်မွေ့တယ်။ သုံးပုံနှုန်းပုံလေးတွေ အခုတော့လည်း အရင်လို သိပ်မဟုတ်လှပါဘူး။ နည်းနည်းအရောအနှော ဖြစ်လာတော့ ပျက်သင့်သလောက်

http://www.dhammadownload.com

ပျက်လာပေါ့။ ဒါပေမဲ့ မြန်မာပြည်မှာ စာလိုရှိရင် မန္တလေးသူ မန္တလေးသားများဟာ စကားအရာမှာ အင်မတန် လိမ္မာပါပေတယ်။ ယဉ်ကျေးသိမ်မွေ့ပါပေတယ်။ အချိုးမွမ်းခံရ။ ဒါကြောင့် မန္တလေး စကားကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲ - တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုး ထီးဆက် နန်းဆက်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ထားအုံးကွာ နိုင်ငံခြားသားဆိုတဲ့ ကုလားများတောင် မန္တလေးရောက်တော့ စကား တတ်တယ်။

ဒါနဲ့ ဆိုင်တစ်ဆိုင် ကုလားဆိုင်တစ်ဆိုင် ဘုန်းကြီးက ဝင်သွား၊ ဘုန်းကြီးက ဝင်သွားတော့ ဟ ဒီဥစ္စာ ဘယ်လောက်တုံး မေး - ဟာ တစ်ဆယ်ပါ များလှချည်လား။ ကုလားစကားပြောပုံ သေချာကြည့်။ များလှချည်လား ဒီဥစ္စာ တစ်ဆယ်တောင်ဆိုတာ ကိုယ်တော်ဒကာကြီး ပိုမလျှောက်ပါ ဘူးဘုရား။ ကုလားက ဘုန်းကြီးအဖေ ဖြစ်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်တော် ဒကာကြီး ပိုမလျှောက်ပါ ဘူးဆိုတော့ ဒကာကြီးဆိုတော့ ဘုန်းကြီးဟာ ကြီးဖြစ်မနေဘူးလားဟ (ဖြစ်နေပါတယ် ဆရာ)၊ အဲဒါ မန္တလေးလည်း စကားတဲ့။ ပဋ္ဌာန်းတော့ ဘုရားတဲ့။ အခုတော့ တို့ပဋ္ဌာန်းလည်း တော်တော်ကြီး အရင်လို မဟုတ်ပါဘူး။ တော်တော်ကြီး ပြောင်းသွားတယ်၊ အရင်တုန်းကတော့ ဘုရားချင်းတည်ပြိုင်သကိုး ကွနော် (မှန်ပါတယ်ဆရာ)၊ တို့လည်း ပဋ္ဌာန်းသားမဟုတ်ပေမဲ့ ပဋ္ဌာန်းသားလောက်တော့ ကြာခဲ့ပါပြီလို့။

ရောက်စအချိန်တုန်းက ကြည့်၊ ဘုရားတစ်ဆူနဲ့တစ်ဆူ အပြိုင်အဆိုင် အလုပ်လုပ်ကြတယ်။ သူ့ဘုရားထက် ငါ့ဘုရားမသာ မနေဘူးဟဲ့ဆိုတဲ့ အနေအားဖြင့် ပြီးတော့ ဒီထဲမှာ လုပ်တာက လူတွေ ပါးစပ်က ကဲ့ရဲ့ ရှုတ်ချတာက ဘုရားတတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သူတို့ ဘုရားက ဘယ်လိုကိုး လုပ်တာလုပ်တာ အပြိုင်အပြိုင်အပြိုင်လုပ်တာ အနိုင်လုပြီးတော့ စကားပြောတာ။ သူတို့ ဘုရားက ဘယ်လိုကိုး နင်တို့ဘုရားက ဘယ်နဲ့ပဲ ဘုရားရှေ့က ထားထားပြီးတော့ စကားက များတော့ ဝစီကံ တွေကလည်း များတယ်လို့ အင်မတန်လည်း ကြောက်စရာကောင်းတယ်။ ဝစီဘေဒထိတိုင်း ရှုတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ အပြိုင်အဆိုင်တွေလည်း တော်တော်လေး အေးသွားပါပြီ။ ပြီးတော့ ရှိသေးတယ်။

ဘုရားချင်း လက်စမ်းလိုက်တာ တစ်ခုရှိသေးတယ်။ ဘုရားချင်း လက်စမ်းလိုက်တာ မြင်ဘူးလား။ (မမြင်ဘူးဘူးဆရာ)၊ အောင်မယ် မြင်တာ မမြင်ဘူးတာ နင့်မြို့ ဖြစ်နေတာပဲဟ။ ဒီဘုရားက တစ်ရာ တန် သွားလိုက် ဟိုဘုရားက တစ်ရာတန်နဲ့ ပြန်လာလိုက်၊ ဒီငွေကို ငါမတွက်တတ်ပါဘူးကွ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဘုရားက ဘယ်လို အပြီးတိုင် သုံးလိုက်မှန်းလည်း မသိဘူးဆိုတာ ကြနေ တာပဲ။ ဒီဘုရားက တစ်ရာသွားလိုက် ဟိုဘုရားက တစ်ရာပြန်လာ မပိုဘူး မပိုဘူး။ တစ်ရာအတိအတိ

http://www.dhammadownload.com

သူလာတာ ကြည့်။ ဒီဘုရားက နှစ်ရာသွားလိုက် ဟိုဘုရားက နှစ်ရာပြန်လာ။ ဒါဘုရားလက်စား လိုက်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကုသိုလ်ပြုတဲ့နေရာမှာ ဝဋ်ရှုံးပါး တောင်းတတဲ့။ အခုအဝိဇ္ဇာကြောင့်ဖြစ်တဲ့ ပုညာဘိသင်္ခါရမျိုးပဲ ထားပါအုံးတော့ လူကောင်း နတ်ကောင်း ဗြဟ္မာ ကောင်းဖြစ်ချင်လို့ ကောင်းရာသုဂတိလားချင်လို့ ပြုတဲ့ကုသိုလ်တောင်ပဲ စင်ကြယ်အောင် မပြုတတ်ဘူး လို့ ဒီလိုဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘယ်နဲ့ ဖြစ်နေသလဲဆိုတော့ သဒ္ဓါတရားတွေက ပေးတတ်ကမ်းတတ် ကျွေးတတ်မွေးတတ် စွန့်ကြဲတတ်ရင် သဒ္ဓါမှန်တယ်။ သဒ္ဓါလေးမျိုးရှိတယ်။ သဒ္ဓါစစ်ကြီး အောက်မေ့မနေနဲ့ ပသာဒသဒ္ဓါတဲ့, သေချာမှတ်ထား။ အရင်တစ်ခါလည်း ပြောခဲ့ပါပြီ။ ဩပက္ကမိကသဒ္ဓါတဲ့, အဓိဂမသဒ္ဓါတဲ့, အာဂမသဒ္ဓါတဲ့, သဒ္ဓါ လေးမျိုး ရှိတယ်။

ဒီတော့ တို့လုပ်နေတာ ဘာတွေတုံး ပြန်လည်းကြည့်။ ဘယလာဘကုလစာရထဲ ရောက်သွား မှာပဲ ဘာမှမထူးဘူး။ အပြိုင်အဆိုင် လုပ်နေလည်း မသန့်ရှင်းတဲ့ စေတနာနဲ့ လုပ်နေတယ်ဆိုတော့ ဒါသွားမှာ။ ပသာဒသဒ္ဓါဆိုတာ ဘာတုံးတဲ့။ သူသူငါငါ ကိုးကွယ်ဆည်းကပ်လို့ ကိုးကွယ်ဆည်းရတယ် ဟဲ့ဆိုတဲ့ အနေအားဖြင့် မစင်ခြင်ဘူး။ ဒီပုဂ္ဂိုလ်က ကိုးကွယ်ထိုက်တဲ့ပုဂ္ဂိုလ်လား၊ ဆည်းကပ်ထိုက်တဲ့ ပုဂ္ဂိုလ်လား၊ ရိုသေထိုက်တဲ့ပုဂ္ဂိုလ်လားလို့ ကိုယ်ပိုင်ဉာဏ်နဲ့ မသုံးတတ်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ သူသူကိုယ်ကိုယ် ကိုးကွယ်တာမြင် ဆည်းကပ်တာမြင် ကိုးကွယ်ချင်တယ် ဆည်းကပ်ချင်တယ်ဆိုတဲ့ သဒ္ဓါတရား၊ ပသာဒသဒ္ဓါတဲ့ အယောင်ယောင် အမှားမှားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပေါ့ကွာ ဆင်ခြင်စဉ်းစားမရှိဘူး၊ ငါမကြာမကြာ ပြောတာ ဘိုးဘိုးအောင် ကိုးကွယ်လိုက်ကြတာ ပွဲကြီးတွေထိုးလို့ ပွဲမညှိုဘူး။ ပွဲမကြာ မကြာလဲ ဘိုးမင်းခေါင်တဲ့ ဘိုးပေါက်ပွင့် အောင်သိဒ္ဓိနော် (မှန်ပါတယ်ဆရာ)၊ အောင်သိဒ္ဓိပြီးတော့ ဘာဆိုလား ရှိပါသေးတယ်။ မိုးညှိုနယ်က ရွှေမိုးညှိုဆိုလား ဘာဆိုလား ရှိပါသေးတယ်။ အများကြီးပါပဲ ဂိုဏ်းတွေကလည်း သိပ်ပေါတယ်။ ပြီးတော့ နဝင်းဂိုဏ်း တော်ကြီးတဲ့။ မသိပါဘူး တော်တွေများတတ်လို့ ကိုးကွယ်လိုက်ကြတာလို့ အဲဒါ "ပသာဒသဒ္ဓါ" ခေါ်တယ်။

တချို့ကလည်း သိပ်ယုံကြည်တာကို။ ဒီအလုပ်တွေကို ဒါတွေ ကိုးကွယ်လို့ ငါ့ဟုတ်နေတယ်ဟဲ့။ ဒီလိုမှတ်တယ်။ ဒါတွေက မ,နေတယ် ဒီလိုထင်တယ်။ ဟော-ခုလက်မတင်လေး ငါနမူနာပြလိုက်မယ်။ ငါပြောတာ မဟုတ်ဘူး။ သတင်းစာထဲပါလာတာ ကြားလား ဝါးခယ်မမြို့သုံးပုံပုံ နှစ်ပုံမီးလောင် သွားတယ် ဆိုတာ ကြားလား (ကြားပါတယ်ဆရာ)၊ အေး-ကြားတယ် သိန်းနှစ်ဆယ်ဖိုးလောက် ပျက်ဆီးတယ်တဲ့။ မြို့တစ်ပုံလောက် ကျန်ရစ်ခဲ့တယ်။ မိုးတွင်းကြီးကွယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါလောက်တောင် မိုးတွင်းကြီး ကြီးကြီးကျယ်ကျယ် လောင်လိုက်တဲ့မီးဟာ မကြားစဖူး ထူးလှချည်း

http://www.dhammadownload.com

လား။ ဘယ်သူရှို့လည်း ဆိုတော့ ဘိုးဘိုးအောင် ရှို့သွားတယ်။ ဘိုးဘိုးအောင် ရှို့တာ၊ မ, လိုက်တာ မှတ်ကရော့ ပြာပုံအတိကျသွားတာပဲ နော် (မှန်ပါတယ်ဆရာ)၊ သတင်းစားထဲ ကြည့်တဲ့လူတွေ တွေ့ပါလိမ့်မယ်။ ဘိုးဘိုးအောင် ရှို့သွားတယ်လို့။

အဲဒါ ငါတိုက်ရိုက်ပြောတာ။ သွယ်ဝိုက်တော့ ဘယ်နဲ့လာတုံး။ ဒီမီးဘယ်ကစလောင်လဲလို့ ဟိုအစိုးရဘက်က စစ်တမ်းထုတ်လိုက်တော့ လက်သယ်ပေါ် လာတယ် သိန်းထီကြီးဖွင့်မည့်နေ့မို့လို့တဲ့။ ဘိုးဘိုးအောင်တင်နေကြ၊ အိမ်က ဘိုးဘိုးအောင်တင်တော့ ဘိုးဘိုးအောင်ပွဲမှာ မီးထွန်းတာတဲ့ ဒီမီးက စလောင် မ, ပါအုံးလား ဘိုးဘိုးအောင် မ,သေးရဲ့လား (မ, မတော့ပါဘူးဆရာ)၊ မြို့ကို တတ်တတ်ပြောင် ပြာဖြစ်ရော့ မှတ်ကရော့။ ဒါပေမဲ့ မလျော့သေးဘူး ယုံတာပဲဟနော် (မှန်ပါတယ်ဆရာ)၊ ပဋ္ဌာန်းက ဘိုးဘိုးအောင်သမားက ပြောလိမ့်မယ်။ ဝါးခယ်မသားတွေ မိုက်လို့ပါ တို့မြို့ ဒီလို မဟုတ်ပါဘူး။ တို့တော့ မချင် မအုံးမှာ ဒီလိုလာအုံးမှာနော် (မှန်ပါတယ်ဆရာ)၊ စဉ်းစားကြည့် စဉ်းစားကြည့် တကယ်လို့များ ကိုယ်ထင်တဲ့အတိုင်းများ တကယ်ကိုးကွယ်ထိုက် ဆည်းကပ်ထိုက်တဲ့ ကောင်းကျိုး ချမ်းသာပေးနိုင်တဲ့ တန်ခိုးအာဏာရှိလို့ ရှိရင်လို့ အင်္ဂလိပ်က နှစ်ပေါင်းတစ်ရာလောက် အောက်ပိုင်းမှာ တို့ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေရဲ့ ဘိုးဘိုးအောင် ဘိုးမင်းခေါင် ဘိုးပေါက်ပွင့်တို့ရဲ့ အမျိုးတွေရဲ့ ငယ်ထိပ်ကို ချည်း ဖနောင့်နဲ့ပေါက်တယ်။ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ငယ်ထိပ်ဖနောင့်နဲ့ ပေါက်ပြီးတော့ ထွက်သွားပြီ။ ကုလားဖြူတွေ နောက်တစ်ခါ ဂျပန်တွေ ဝင်ပြီးတော့ ပါးကို ကြည့်ရိုက်တယ်၊ ဘယ်မလဲ ဘိုးဘိုးအောင် ဘိုးမင်းခေါင် ဘိုးပေါက်ပွင့်တို့ ဘယ်လိုအကောင်စား တွေလဲလို့ စဉ်းစားကြည့်စမ်း၊ မင်းခံနိုင်မလား၊ ငါခံနိုင်မလား (မခံနိုင်ပါဘူးဆရာ)၊ အစွမ်းသတ္တိရှိရင် သူတို့ သူတော်ကောင်းမို့လို့ မတော်မတရား မလုပ်ခင်မှာ ခြောက်လှန့်လွှတ်လိုက်ပါလားကွ၊ မဟုတ်ပါဘူးလား (မှန်ပါတယ်ဆရာ)။

ကုလားဖြူတွေက ခေါင်းငယ်ထိပ် ဖနောင့်နဲ့ပေါက် ကျောရေစုပ်၊ ဂျမန်က ပါးရိုက်နားရိုက် ဖနောင့် နဲ့ပေါက်ခံလိုက်ရတာ ဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ တို့ဗမာလူမျိုးချင်း ဘိုးဘိုးအောင် ကိုးကွယ်နေတဲ့ ဘိုးမင်းခေါင်ကိုးကွယ်နေတဲ့ ဘိုးပေါက်ပွင့်ကိုးကွယ်နေတဲ့ ဗမာလူမျိုးချင်း တစ်ယောက် နှင့်တစ်ယောက် သတ်ဖြတ်နေကြ၊ လက်နက်စွဲကိုင်ပြီးတော့ ဒါတော့ သူတို့ သူတော်ကောင်းစိတ်နဲ့ ကြည့် ကောင်းလို့တယ်လား ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ ငြိမ်းချမ်းရေးနှင့် အော်နေတဲ့ ဟိုကအော် ဒီကအော် တစ်ကြော်ကြော်အော်နေ တကယ်စွမ်းနိုင်ရင် ဝင်ငြိမ်းချမ်းရေးဘက်က ဆောင်ရွက်ပါလားလို့ မဟုတ်ဘူး (မှန်ပါတယ်ဆရာ)၊ ခုတော့ ဒီလိုဟာတွေ မလုပ်တဲ့အပြင် ဝါးခယ်မ မြို့ကြီး မီးနဲ့ ရှို့တယ်၊ ငါ အံ့ဩကွယ်, ကြားမှ ကြားဖူးပါလေဆိုတာကြနေ။ အဲဒါ မှတ်ထားမှတ်ထား၊ တို့များက အစမ်းထွင်ပြောတာ မဟုတ်ပါဘူး။ သတင်းစာထဲ ဒီအတိုင်းပါပါတယ်။ မီးလောင်တယ်

http://www.dhammadownload.com

လက်သယ်ရှာလိုက်တော့ သိန်းထီဖွင့်မည့်နေ့မှလို့တဲ့ ဘိုးဘိုးအောင် မပါစေဆိုတဲ့ အနေအားဖြင့် ပွဲတင်ရတယ် မီးပူဇော်လို့ ဒီမီးက ထလောင်တာတဲ့။ ကောင်းသေးလားကွာ (မကောင်းတော့ပါဘူး ဆရာ)၊ ဒါပေမဲ့ ယုံတုန်းကွ နော်။

သဒ္ဓါလေးမျိုးအကြောင်း

အဲဒါ မဟုတ်တာတွေ အဟုတ်ထင်ပြီးတော့ ကြည်ညိုလေးစား ကိုးကွယ်ဆည်းကပ်နေတယ်ဆိုတဲ့ သဒ္ဓါတရားမျိုးကို "ပသာဒသဒ္ဓါ"ခေါ်တယ်။ ဉာဏ်မယှဉ်ဘူးတဲ့ ဉာဏဝိပ္ပယုတ္တ ကိုယ်ပိုင်ဉာဏ်နဲ့ မစဉ်းစားဘူးတဲ့။ အရင်းအဖျားကို ဟုတ်တန်ရဲ့ မဟုတ်တန်ရဲ့ဟဲ့ ဖြစ်တန်ရဲ့ မဖြစ်တန်ရဲ့ဟဲ့ နော် (မှန်ပါတယ်ဆရာ)၊ မစဉ်းစားတတ်ဘူးတဲ့။ သူများယောင်လို့ ယောင်တာတဲ့သူများ ကိုးကွယ်ရင် အဟုတ်မှတ်တယ်။ သူများဆည်းကပ်ရင် အဟုတ်မှတ်တယ်။ အဲဒီသဒ္ဓါတရား ပသာဒသဒ္ဓါ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မြန်မာလိုပြန်တော့ လူမိုက်သဒ္ဓါတဲ့၊ လူမိုက်များ သဒ္ဓါတရား သိပ်အားရှိတတ်တယ်နော်။ ရိုတီးယားတားမလုပ်နဲ့၊ မိုးမမြင် လေမမြင် ဆင်ခြင်စဉ်းစားမှု နည်းနည်းလေးမှ မပါတော့ သူ့စိတ်ထဲမှာ တကယ်ကြည်ညိုစိတ် ပေါ်လာရင် ဟုန်းကနဲ့ထလာ၊ "ဗလဝသဒ္ဓေါ မန္ဒပညော" "မန္ဒပညော၊ အသိဉာဏ်ပညာနည်းနည်းလေးမှ မရှိသော လူမိုက်သည်။ ဗလဝသဒ္ဓေါ၊ အားကြီးသော သဒ္ဓါတရားရှိ၏။" မှတ်ထားကြနော်။ သေသေချာချာ မှတ်ထား၊ တကယ်ပညာဉာဏ်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြတော့ ဆင်ဆင်ခြင်ခြင် စဉ်းစဉ်းစားစား တိုင်းတိုင်းထွာထွာတဲ့ ဒီလို လာတယ်နော် (မှန်ပါတယ်ဆရာ)၊ ပသာဒသဒ္ဓါခေါ်တယ် သေချာမှတ်ထား။ နံပါတ်နှစ် **ဩက္ကပ္ပနသဒ္ဓါ**ဆိုတာက အဲဒီ သဒ္ဓါကျမှ ဉာဏသမ္ပယုတ္တသဒ္ဓါခေါ်တယ်။ ဉာဏ်ယှဉ်လာတဲ့သဒ္ဓါတဲ့။ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါး ကိုးကွယ်ဆည်းကပ်တာ ဘာကြောင့်ပါလိမ့်။ ဟာ - ဘုရားလည်း ဘုရားဂုဏ်ကိုးပါးနဲ့ သံဃာလည်း သံဃာ့ဂုဏ်ကိုးပါးနဲ့ တရားလည်း တရားဂုဏ်ခြောက်ပါးနဲ့ ဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ် ရတနာမြတ်သုံးပါးဂုဏ်ဟာ ကိုးကွယ်ထိုက်တယ်, ဆည်းကပ်ထိုက်တယ်, မြတ်နိုးထိုက်တယ်, ရိုသေထိုက်တယ်, ပူဇော်ထိုက်တယ်, လှူဒါန်းထိုက်တယ်လို့ သူ့ဉာဏ်ထဲမှာ မြင်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကိုးကွယ်ထိုက်တော့ ကိုးကွယ်တော့ ဘာဖြစ် ကိုးကွယ်တော့ "မဟပ္ဖလ မဟာနိသံသ" ကောင်းကျိုးချမ်းသာ ပေးနိုင်တယ်တဲ့။ ဒါကုသိုလ်တရားအစစ်တွေ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သရဏဂုံထိုက်တယ်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" သရဏဂုံထိုက်တယ်လို့ အဲဒီလိုဉာဏ်က စဉ်းစား။ ဒါဉာဏသမ္ပယုတ္တသဒ္ဓါခေါ်တယ်။ ဩပက္ကမိက

http://www.dhammadownload.com

သဒ္ဓါတဲ့ သူများပြောတိုင်း မယုံဘူးတဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့ အပြန်ပြန် အထပ်ထပ် စဉ်းစားတတ်တဲ့၊ ဒီပုဂ္ဂိုလ် ကိုးကွယ်ထိုက်သလား၊ ဆည်းကပ်ထိုက်သလား၊ မြတ်နိုးထိုက်သလား၊ ရိုသေထိုက်သလား ကြည့်သေးတယ်။ ဒါဘုရား တရား သံဃာ့အပြင် တစ်ခါလာပြန်တော့ အခုထင်ရှားရှိတော်မူကြတဲ့ သမ္မုတိသံဃာတော် အရှင်မြတ်များ ဆရာတော် သမားတော်များ ကိုးကွယ်ကြ ဆည်းကပ်ကြ၊ သြော် ကိုယ်တော်မြတ်များ ဂုဏ်ရှိပါပေတယ်။ ဂုဏ်တော်ကိုးပါးရှိပေတဲ့ ဆရာတော် သမားတော်များ ဂုဏ်တော်ကိုးပါး ရှိပေတယ်။ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ရှိပေတယ်။ လူနတ်ဦးခိုက် ပူဇော်ထိုက်တယ်။

တို့ လူသားတွေ မဆိုထားနဲ့ နတ်များ ဗြဟ္မာများတောင် ရှိခိုးထိုက် ပူဇော်ထိုက်တယ်။ ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေပါလား။ ဒီပုဂ္ဂိုလ်တွေ ရှိခိုးပူဇော်ကန်တော့တော့ ဘာဖြစ်တုန်း "မဟပ္ဖလ မဟာနိသံသ" - ကောင်းကျိုးချမ်းသာ ပေးနိုင်တယ်။ အပါယ်လေးပါး တံခါးပိတ်တယ်၊ ဆင်ခြင် စဉ်းစားပြီးတော့ ပြတ်ပြတ်သားသား နားလည် ဒါ ဉာဏသမ္ပယုတ္တသဒ္ဓါ ခေါ်တယ်။ ခုနပြောတဲ့ သဒ္ဓါလေးမျိုးမှာ ဩပက္ကမိကသဒ္ဓါတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သဒ္ဓါတရားမျိုးက ခန်းနေပြီ ခြောက်နေပြီ ပြောမယ့်ဆိုမယ့် ပုဂ္ဂိုလ်ကလည်း မရှိဘူး။ ညွှန်ကြားပေးမဲ့ ပုဂ္ဂိုလ်ကလည်း မရှိဘူး။ သင်ပေးမဲ့ပုဂ္ဂိုလ်ကလည်း မရှိတော့ မိရိုးဖလာ ကျန်ရစ်ခဲ့တယ်။ တို့ဘိုးစဉ် ဘောင်ဆက်က ဒီလို လုပ်လို့ တို့လုပ်တယ်ဟဲ့။ တို့မိဘလက်ထက်က ဆင်းသက်ပြီးတော့ ဒီလိုလုပ်လို့ လုပ်တယ်ဟဲ့ ဒီလိုပဲဖြစ်ကုန် မဖြစ်ဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ကုသိုလ်ပြုဆဲ အခါလေးမှာ မိမိစေတနာလေးမှ မထားတတ်ဘဲ ဖြစ်ချင်တိုင်း ဖြစ်နေတာပဲ။ လုပ်ချင်တိုင်းလည်း လုပ်နေတာ "ပုဗ္ဗစေတနာ မုဥ္စစေတနာ အပရစေတနာ"နဲ့ တို့အခါအားလျော်စွာ စေတနာသုံးမျိုးရှိပါလားဆိုတာ မသိ၊ ဘယ်သိမလဲ။ သင်ပေးမဲ့ ပုဂ္ဂိုလ်ကလည်း မရှိဘူး။ သင်မပေးတော့ ထင်ရာစိုင်းနေ မိဘက မသင်တတ်တော့ သားသမီးက နားမလည်၊ သားသမီးမှ နားမလည်လားဆို သူ့အောက်က ပေါက်ဖွားလာတဲ့ သားသမီးကြ ပြောစရာ မရှိဘူး။ ဒီလို ဖြစ်နေ၊ ဒါဘယ်သူ့အပြစ်တုံး မိဘအပြစ်။ မိဘက ဘာလို့ မတတ်တုံး ကိုးကွယ် ဆည်းကပ်တဲ့ ဆရာသမားက မသင်ကြားလို့ သို့မဟုတ် သင်ကြားသော်လည်း မိမိက မလေးစားလို့ ဒီလို ဖြစ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ "တပည့်မကောင်း ဆရာ့ခေါင်း"တဲ့။ သားသမီး မကောင်း မိဘခေါင်းတဲ့။ ဒီလို အဆင့်ဆင့်လေးတွေမှ သံသရာကြီး အတွက်ကို မိမိတို့အတွက် အချက်ကလေးမှ ကျကျနန နားမလည်ရင် ဘယ်သံသရာက မြုပ်လို့ ဆုံးပါ့မတုံးလို့ ပေါ်စရာလဲ အကြောင်းမရှိဘူး။ လုပ်နေတဲ့ အလုပ်တွေ တစ်ခုမှ မဟုတ်ကြဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတုရောင် စေတနာ အတုရောင် သဒ္ဓါတရားတွေ။

http://www.dhammadownload.com

ဒါကြောင့် "ဩပက္ကမိကသဒ္ဓါ" ဆိုတာ ကိုယ်ပိုင်ဉာဏ်အားဖြင့် ဉာဏသမ္ပယုတ္တဉာဏ် ယှဉ်လာတယ်။ ဝေဖန်တယ်၊ စဉ်းစားတယ်၊ တွေးတောတယ်၊ သူတစ်ပါးပြောတိုင်းမယုံ။ ဒါ"ဩပက္ကမိကသဒ္ဓါ"ခေါ်တယ်။ **"အဓိဂမသဒ္ဓါ"**ဆိုတာကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်များရဲ့ သဒ္ဓါတရားခေါ်တယ်။ အာဂမသဒ္ဓါကတော့ တို့အလောင်းတော်မြတ်များ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာတဲ့အခါမှာ တောက်လျှောက်ကြီးပါလာတဲ့ သဒ္ဓါတရားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဓိဂမသဒ္ဓါနဲ့ အာဂမသဒ္ဓါက မင်းတို့ငါတို့ တန်းမဟုတ်သေးတော့ ထားလိုက်ပါတော့။ ပသာဒသဒ္ဓါနဲ့ဩပက္ကမိကသဒ္ဓါ နှစ်မျိုးမှာ ပသာဒသဒ္ဓါမျိုး မဖြစ်ကြပါစေနဲ့လို့။ ဩပက္ကမိကဆိုတဲ့ ဉာဏသမ္ပယုတ္တသဒ္ဓါဖြစ်အောင် လုပ်ကြပါလို့။ အလုပ်ကလေးတွေ စင်ကြယ်သွားအောင် ဒါမှလည်းပဲ ဘေးရန်အန္တရာယ်တွေ ကင်းပျောက်နိုင်တယ်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနိုင်တယ်၊ ဖြစ်ပေါ်နေတဲ့ ဘေးရန်အန္တရာယ် အသွယ်သွယ်တွေလဲပဲ အလိုလိုအားဖြင့် ငြိမ်းပျောက်နိုင်ပါတယ်လို့။ "မီးများမီးနိုင် ရေများရေနိုင်" လူတိုင်းလူတိုင်းမှာ ကိုယ်ကျင့်တရားလေးတွေ ကောင်းလို့ တကယ်တရားလေးတွေ ဝင်နေကြပြီး တရားရှင်လေးတွေ ဖြစ်နေကြပြီဆိုမှဖြင့် အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ ဘေးအပေါင်း ရန်အပေါင်း ဒဏ်အပေါင်းတွေက အကုန်လုံးလွတ်တယ်၊ အကုန်လုံး အလိုလို အေးတယ်နော် (မှန်ပါတယ်ဆရာ)၊ တွေ့မိသေးတယ်။ မနေ့က သတင်းစာထဲပါလာ အော်-တို့ဖဆပလ အစိုးရကြီးလည်း တော်တော်တော့ ကြိုးစားရှာတာပဲလို့ စိတ်ကဝမ်း အာက်မေ့တယ်။ ဒါပေမယ့် ခင်ဗျာလဲပဲ သိဟန်မတူဘူးလို့ အစိုးရကြီးက အသိအမှတ်ပြုထားတဲ့ အက်ဥပဒေတစ်ရပ်နဲ့ ပြဋ္ဌာန်းထားတဲ့ ဗုဒ္ဓသာသနာ အဖွဲ့ချုပ်ကြီးက တစ်နေ့က သတင်းစာထဲပါလာ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေတဲ့ သာသနာတွင်း သက်ဝင်နေတဲ့မြန်မာလူမျိုးတွေ လူတိုင်းလူတိုင်း ငါးပါးသီလ မြဲမြံရေးတဲ့, တည်တန့်ရေး ခိုင်ခန့်ရေးတဲ့, လူတိုင်းလူတိုင်း ငါးပါးသီလ မြဲအောင်တဲ့ အဲဒါ ကြိုးစားကြဖို့တဲ့။ အစီအစဉ်လုပ်နေနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လိုလျှောက်လုပ်မယ်တော့ ငါမပြောတတ်ပါဘူး။ အရင်တို့ နောက်ပိုင်းတုန်းကလည်း 'အရဟံ'အသင်းဆိုတာလည်း ပေါ်ခဲ့ပါတယ်။ ဗမာပြည် လူထုကြီး 'အရဟံ'အသင်းနဲ့ စွဲဆောင်ပြီးတော့ သိမ်းသွင်းလိုက်ရရင် မုချ ယဉ်ကျေးရသွားမှာပဲဟ။ သူတော်ကောင်းတွေ ဖြစ်သွားမှာ၊ ဓားပြသူခိုးတွေ နည်းသွားမှာ၊ လူလိမ်လူကောက်တွေ နည်းသွားမှာပဲဟ။ ဒီလို အောက်မေ့ပြီးတော့ အရဟာသင်းလို့ ဒီလိုပဲ ဗုဒ္ဓသာသနာ အဖွဲ့ချုပ်ကြီးက ဦးစီးပြီးတော့ လုပ်လိုက်တာ အရဟံ-အသင်း သုံးနှစ်လောက်တော့ ခံနိုင်ပါရဲ့။ နောက်တော့ 'အရဟံ'သံမကြား ပျောက်ခြင်းမလှ ပျောက်သွားပေါ့။ အခုလည်း လူတိုင်း လူတိုင်း ငါးပါးသီလ တည်တန့် ခိုင်မြဲရေး ငါးပါးသီလများ မြဲသွားလို့ရှိယင် တို့မြန်မာပြည်ကြီးက သူတော်ကောင်း

http://www.dhammadownload.com

အစစ်တွေ ဖြစ်မှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ သူခိုးလည်း မရှိဘူး၊ ဓားပြလည်း မရှိဘူး၊ လူလိမ် လူကောက်လည်း မရှိဘူး၊ အိမ်တံခါး ဖွင့်အိပ်နိုင်တယ်။

တွက်ကြည့် တွက်ကြည့် ငါးပါးသီလမြဲအောင် လူတိုင်းလူတိုင်း မြဲအောင်တဲ့ စဉ်းစားသာကြည့်။ အဲဒါလုပ်မလိုတဲ့ ဗုဒ္ဓသာသနာအဖွဲ့ချုပ်က ငါက စဉ်းစားမိတယ်။ သြော်-ဖြစ်မှဖြစ်ရလေလို့ စွယ်တရား ဟောပြီးတော့ ခြိမ်းတန်တာခြိမ်း ချောက်တန်တာချောက် မြောက်တန်တာ မြောက် ဆိုတဲ့ အနေအားဖြင့် သူတို့ ပရိယာယ်ကောင်းကောင်းနဲ့ မြန်မာပြည်တစ်ပြည်လုံး သိမ်းသွင်းပြီးတော့ ငါးပါးသီလ တည်မြဲရေး လုပ်ပါအုံးတော့ သူတို့အရှည်ခိုင်လိမ့်မယ်ထင်တယ်လို့ ရလည်း ခဏလောက် ခေတ်စားတုန်းပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တို့လူစုတွေက ခေတ်စားတာတော့ ထိုးဝင်တယ် မောင်ရေ၊ ငါတစ်လောက ကြည့်လိုက်တယ်။ အစိုးရက အပြေးအလွှားပဲ မင်္ဂလာပရိတ်တော်အဖွဲ့တွေ ဖွဲ့တယ်။ ကိုယ်စားလှယ် တွေ လွှတ်လို့ အို မြို့ပေါ် ပရိတ်သင်းတွေ ပေါလိုက်တာ နည်းတာမဟုတ်ဘဲကိုးကွ။ ဟိုက အစိုးရက အသိအမှတ်ပြုတယ်ဆိုတော့ မင်္ဂလာပရိတ်တော်အဖွဲ့ဆိုရင်ပဲ ဆက်ကြေးနဲ့ ဒီအထဲထည့်လိုက်ရင် မင်္ဂလာပရိတ်တော်အဖွဲ့ကြီး ဖြစ်သွားပြီ။

အစိုးရက အသိအမှတ်ပြုတယ်ဆိုတော့ အပြေးအလွှား "ဂုဏဝန္တေ ပဿန္တိ ဇနာ"လို့ ဒါ ဘုရားဟော ပါဠိတော်နဲ့ အကိုက်ပဲ။ သူတို့လုပ်တာ ဂုဏ်ရှိတာ ပြေးကပ်တာပဲ။ တစ်ခါတည်း ပေါလိုက် တဲ့ပရိတ်သင်းတွေ ပရိတ်သင်းတွေ နည်းပါဘူး။ မင်္ဂလာပရိတ်တော်အဖွဲ့လည်းပဲ အဖျားက နည်းနည်း ရှူးရှူးသွား သူတို့လည်းပဲ ပျောက်ချင်းမလှ ပျောက်သွားကြပြန်ရောနော် (မှန်ပါတယ်ဆရာ)၊ "ဂုဏဝန္တေ၊ ဂုဏ်ရှိကုန်သော သူတို့ကို။ ဇနာ၊ လူအပေါင်းတို့သည်။ ပဿန္တိ၊ ကြည့်တတ်ကုန်၏။" လောကဂုဏ် ရှိတဲ့ လူမှန်ရင် လူအပေါင်းက ကြည့်တာပဲတဲ့၊ မြင်တတ်တယ်တဲ့၊ မော့ကြည့်တာပဲတဲ့၊ ဂုဏ်ရှိရာ လိုက်ကြတာပဲတဲ့၊ မျက်နှာကြီးရာ ပါကြတာပဲတဲ့။ ထုံးစံအတိုင်း ပုထုဇဉ်လိုင်းက ဒီတိုင်းသွား အခုလည်း လာပြန်ပြီ ငါးပါးသီလ တည်မြဲရေးတဲ့၊ အဲဒါ ခေတ်စားလာအောင်ပေါ့ အကုန်လုံး တစ်ပြုံလုံး သိမ်းကြုံး ပြီးတော့ ယိမ်းယိုင်ပါလာအောင် လုပ်လိမ့်အုံးမယ်၊ တစ်နည်းနည်းနဲ့ ဒါလုပ်တာ မကောင်းဘူးလား ဆိုတော့ အလွန်ဝမ်းသာပါတယ်။ ဒါပေမဲ့ ခိုင်မြဲရေးဆိုတဲ့ လုပ်ငန်းက မလွယ်ပါဘူး။ စဉ်းစားမိ အော်- ဗုဒ္ဓသာသနာအဖွဲ့ချုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေကိုက လူတစ်ယောက်သည် အမှောက်မှောက် အမှားမှားနဲ့ ဖောက်လွဲဖောက်ပြန် ကျင့်ကြံနေသော ကိုယ်ကျင့်တရားတွေ ကောင်းသွားဖို့ လုပ်ငန်းကို နားလည် ရှာမတူဘူးနော် (မှန်ပါတယ်ဆရာ)၊ နားလည်ရှာ မတူဘူးလို့ ဘယ်တော့မှ ကြိုးချည် မထားရပါဘူး။ ဘယ်တော့မှ တုပ်နှောင်မထားရဘူး။ ဘယ်တောမှ ချောက်မနေရပါဘူး။ ဘယ်တော့မှ မြောက်ပေး မနေရပါဘူး။ အခုတော့ သူတို့ဥစ္စာ မြောက်ရင်လည်း မြောက်ပေးနေရမယ်။ ချောက်ရင်လည်း

http://www.dhammadownload.com

ချောက်ပေးနေရမယ်။ ဒီလိုနေမှ မြသင့်သလောက် မြမယ်၊ တစ်သက်လုံးမြမလားဆို မမြပါဘူး။ ကွယ်ရာ တစ်မျိုး ရှေ့တစ်မျိုးနေမှာပေါ့။ ရှေ့တော့ လူကောင်းပေါ့ ကွယ်ရာကြအုပ်လိုက်မှာပဲ။ ဒီလိုနေမှာပဲ ဘယ်လိုမှ ဒီငါးပါးသီလ တည်မြဲရေးဖြစ်လဲလို့ ကြည့်လေ လက်တွေ့။ အခု ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါး၀ ၀ိပဿနာသင်တန်းလိုက် ပုဂ္ဂလ သတ္တ အတ္တ ဇီ၀ဆိုတဲ့ သက္ကာယအယူဖြုတ်စင်သွားတဲ့ လူတွေ မေးကြည့် စမ်းပါ။

တစ်ထောင်တန် မလိမ်ဘူး၊ တစ်သောင်းတန် မလိမ်ဘူး၊ မတရားသော အလုပ်နော် (မှန်ပါတယ် ဆရာ)၊ လုပ်သေးလား (မလုပ်တော့ပါဘူးဆရာ)၊ ပေါ်ကာလေးတော့ နည်းနည်းဒေါင်းတာပေါ့ကွာ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဒါ့အပျင်းပြေလို့ စီးပွားဖြစ်မှ မဟုတ်ဘဲ။ ဒုရာဇီ၀ ငါပြောတာ အသက မွေး၀မ်းကြောင်းအတွက် နော် (မှန်ပါတယ်ဆရာ)၊ အသက်မွေး၀မ်းကျောင်းအတွက် ပြောတာဟ။ ဒုရာဇီ၀ မဟုတ်လား (ဒုရာဇီ၀ပါဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တ ဇီ၀ ရှင်းသွားလို့ ရုပ်ပေါ် နာမ်ပေါ် ခန္ဓာ ပေါ် ပရမတ်သဘော ဓာတ်သဘောတွေ ပြတ်သားနားလည်လာတဲ့ အချိန်ကြရင် ဒီပုဂ္ဂိုလ်တိုက်တွန်း ကြည့်စမ်းပါကွာ။ ခိုးနေကြလူဟော့ တစ်ထောင်လောက်တော့ ရစရာအပေါက်ရှိတယ်မောင်ရေ။ အချောင်ပဲ လိုက်ခဲ့စမ်းပါ တော်ပေဟော့ မလုပ်ဘူးဟ၊ ငါမသိတုန်းက လုပ်တာနော် (မှန်ပါတယ်ဆရာ)၊ တစ်သောင်းလောက်တော့ ပွစရာရှိတယ်ဟော့။

အရင်လုပ်တဲ့ အလုပ်မျိုးပဲ သွားအောင်ကွ၊ တော်ပြီ တော်ပြီ မလုပ်ဘူး မလုပ်ဘူး၊ မရလည်း ငါ၀န်မလေးဘူး၊ ရလည်း ၀န်မလေးဘူးဟ။ "တစ်၀မ်းတစ်ခါး"ဆိုတာ ရှာတိုင်းဖွေတိုင်း စားရတာ မတရားသော အလုပ်တော့ ငါမလုပ်ဘူး။ အဖြေထွက်ထွက်လာတိုင်း အမေးပေါ် တယ်နော် (မှန်ပါ တယ်ဆရာ)၊ အဲဒါ ဒီသင်တန်းလိုက်လို့ ရုပ်နာမ်ခန္ဓာကွဲပြီးတော့ ပရမတ်သဘော ဓာတ်သဘော ပေါက်လာတဲ့ စူဠသောတာပန်စခန်းရောက်တဲ့ လူတွေအတွက် ပြောတာနော် ဟုတ်ရဲ့လား (မှန်ပါ တယ်ဆရာ)၊ စူဠသောတာပန်စခန်းတော့ မရောက်သေးပါဘူး။ နာကာမျှ ကြားကာမျှ ရှိပါသေးတယ်။ တရားလိပ်ပတ် မလည်သေးပါဘူးဆိုတဲ့ လူအတွက်တော့ ငါအာမမခံနိုင်သေးဘူးဗျနော် (မှန်ပါ တယ်ဆရာ)။

ဒါပေမယ့် အဲဒီ စူဠသောတာပန်တန်း ရောက်ဖို့ဆိုတာက ကိုယ်ကိုယ်တိုင်ကလည်း လေးလေး စားစားနဲ့ နာယူမယ်၊ သင်ကြားတဲ့ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း သည်းခံပြီးတော့ သင်ကြားမယ်ဆို စူဠသောတာပန် အမှန်ဖြစ်နိုင်တယ်၊ ဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်ဆရာ)၊ မဖြစ်ဘဲကို မနေရဘူး။ ဖြစ်ကိုဖြစ်ရမယ်။ ဒါကြောင့် တို့သင်တန်းကဆင်းရင် အထက်မဂ်စခန်း ဖိုလ်စခန်း ဆိုတာ တို့လှမ်းပြီး တော့ ပြောလည်း မပြောပါဘူး၊ ပြောလည်း မပြောကောင်းဘူး။ စူဠသောတာပန်ကတော့ အမှန်ဖြစ်

http://www.dhammadownload.com

စေရမယ်လို့ တာဝန်ခံနဲ့ ပို့နေနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ရုပ်နာမ်ခန္ဓာကို မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ "ဒါပညတ်၊ ဒါပရမတ်၊ ဒါရုပ်၊ ဒါနာမ်၊ ဒါခန္ဓာ"လို့ ပြတ်ပြတ်သားသား နားလည်အောင် သင်ကြားပေးရင် ဒီတရားလမ်းဖွင့်ပေးလို့ရှိယင် ဒီတရားမြင်တဲ့ လူတိုင်း လူတိုင်း ဒီတရား ကိန်းတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ငါးပါးသီလတည်မြဲအောင် ကြိုးစားစရာ လိုသေးသလား (မလိုပါဘူးဆရာ)၊ လုံခြုံအောင် လိုသေးသလား (မလိုတော့ပါဘူးဆရာ)၊ ချောက်စရာလိုသေးသလား (မလိုပါဘူးဆရာ)၊ မြှောက်စရာလိုသေးလား မလိုဘူး၊ အလိုလို လုံတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် လမ်းစဉ်ဆိုတာ အင်မတန် လိုပါတယ်။ ကိုယ်ကိုယ်၌က ဘယ်လမ်းစဉ်အားဖြင့် သဘာဝကျလို့ ကိုယ်ကိုယ်တိုင် ရနေပြီးလို့ မသိတဲ့လူတစ်ယောက်က ဦးစီးခေါင်းဆောင် အနေအားဖြင့် စီမံခန့်ခွဲတာ အလွဲလွဲ အချော်ချော်နော် (မှန်ပါတယ်ဆရာ)၊ စာရိတ္တမာန်တိုင်ပြုပြင်ရေးတဲ့၊ ဗမာပြည် ဖောက်လွဲဖောက်ပြန် ဖြစ်လို့လွန်းလို့ ဖဆပလအစိုးရကြီးလည်း မကြာမကြာလုပ်၊ လုပ်တော့ အောင်မြင်ရဲ့လားဆိုတော့ အဲဒီ စာရိတ္တမာန်တိုင်ကြီးက ချတွေက ထွက်ထွက်စား မာန်တိုင်ကြီးက ချတွေ ထွက်လာနော် (မှန်ပါတယ်ဆရာ)၊ ဘေးက ချလေးတွေ သိပ်မကပ်နိုင်ဘူး။ မာန်တိုင်ထဲက ချကြီးတွေက ထွက်ထွက်အုပ် ဒီလိုလာတာ ဘာမှ မထူးဘူး။ ထူးရဲ့လား (မထူးပါဘူးဆရာ)၊ မထူးပါဘူး။ လူရှေ့တော့ ထူးသယောင်ယောင်ပေါ့ကွယ်။ ဟိုက အာဏာနဲ့ပညတ် တစ်မျိုး ခြိမ်းတာ ချောက်တာ တစ်မျိုးပေါ့လေ၊ မြှောက်တာတစ်မျိုးပေါ့လေ။

စာရိတ္တမာန်တိုင် ပြုပြင်ရေးဆိုလုပ်ကရော "ဂုဏဝန္တေ ပယန္တိ ဇနာ" ဆိုတဲ့အတိုင်း ဂုဏ်ရှိတဲ့ လူတွေ မျက်နှာကြည့်ပြီးတော့ ဟုတ်သယောင်ယောင်နဲ့ ကွယ်ရာကြ အုပ်လိုက်တာ။ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါ သူမျှားပစ္စည်းဆို ဆေးလိပ်တိုတောင် ပြစ်မှားတာ မဟုတ်ဘူး။ အရှည်ရ အုပ်လိုက်တာပဲ ဆိုတာ ကျနေ။ မထူးပါဘူး၊ သိပ်ပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သာသနာကြီးက တို့ဗုဒ္ဓဘာသာ သာသနာထွန်းတဲ့ ဗမာနိုင်ငံတော်ကြီးမှာ ငါ့အမြင် ပြောရမှာဖြင့် အခုပြတဲ့ ပညတ် ပရမတ် ရုပ်ဓာတ် နာမ်ဓာတ် ခန္ဓာ အာယတန ဓာတ်ဆိုတဲ့ ပရမတ်သဘော ဓာတ်သဘောကို လူတိုင်းလူတိုင်း ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း နားလည်သွားရင်တဲ့ အကုန်မဟုတ်ပါဘူး။ အဓိပ္ပါယ်အားဖြင့် လူဦးရေ ဆယ့်ရှစ်သန်းရှိတယ်။ ရှစ်သန်းက လူမျိုးခြား ဖယ်ထား၊ တို့ဗမာစစ်စစ်က ဆယ်သန်းလောက် ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ ဆယ်သန်းလောက်သော လူဦးရေမှာ ခြောက်သန်း ခုနစ်သန်း ရပါလို့ ပြုစမ်းပါ။ ကြိုးစားပြီး ဒီသာသနာ တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်များက ခေါင်းဆောင်ပြီးတော့ ဟိုအစိုးရလုပ်သလိုပေါ့လေ။ အစိုးရကလည်း အခုအလုပ်တစ်ခု လုပ်လိုက်တယ်ဆိုတော့ စည်းမျဉ်းချပြီး လုပ်လိုက်တယ်ဆိုရင် အခု

http://www.dhammadownload.com

ငါးပါးသီလ တည်မြဲတယ်ဆိုတာ ဘယ်လိုလာမှန်း မသိဘူး။ လာပါလိမ့်အုံးမယ်၊ အဲဒီလို စည်းကမ်း နည်းလမ်းနဲ့ ကျကျနနနဲ့ တွင်ကျယ်အောင် အလုပ်လုပ်သွားယင် ဆယ်သန်းရှိတဲ့အနက်က ခြောက်သန်း လောက်ပဲ ရပါတယ်။ ဒီတရားရတဲ့ သူတော်ကောင်းတွေ ဖြစ်ပေါစေနော် (မှန်ပါတယ်ဆရာ)၊ ကျန်တဲ့ ငါးသန်းက အလိုလို အရှိန်နဲ့ ပါပါတယ်။ တကယ်လည်းပဲ သူတော်ကောင်းအစစ်တွေ ဖြစ်မယ်၊ တကယ့်ပညာရှိတွေလည်း ဖြစ်မယ်၊ သာသနာကြီးလည်း ပိုလင်းလာမယ်၊ သူတော်ကောင်တွေ များလာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ စကားစပ်မိလို့ ပြောတာပါ။ လုပ်တာ မကောင်းဘူးလားလို့ ပြောတာမဟုတ်ပါဘူး လုပ်တာ ကောင်းပါ၏။ အောင်မြင်မှု မအောင်မြင်မှု ပြောခြင်းဖြစ်ပါတယ်လို့။ ဒါကြောင့် တို့ စူဠသောတာသင်တန်းလှမ်းပြီး သားပုဂ္ဂိုလ်များ တွက်ကြည့်စမ်း။ ငါးပါးသီလ လူတိုင်း လူတိုင်း တည်မြဲရေးသည် အရှည်သဖြင့် တည်မြဲနိုင်တဲ့ သတ္တိရှိပ့ါမလား။ ဒီတရားမမြင်ဘဲနဲ့ လုပ်ခဲ့သော် ဟုတ်နိုင်ပ့ါမလားဆိုတာ တွက်ကြည့် နော် (မှန်ပါတယ်ဆရာ)။ ဒါ လက်တွေ့လက်တွေ့၊

ဒါကြောင့် ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်ကိုယ်တိုင်က ဒီလမ်းစဉ်တွေ ငါကိုယ်တိုင်ရတာဟ။ ငါကိုယ်က စိတ်ထားပြောင်းသွားတယ်၊ ငါ့ကိုယ်က အသိတရားတွေ ပြောင်းသွား တယ်ဟဲ့၊ ငါကိုယ်က ကိုယ်ကျင့်တရားတွေ အလိုအလို ပြောင်းသွားတယ်ဟဲ့။ ဒီတရားတော့ မှန်တယ် ဒီလိုမှကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီတရားလမ်းစဉ်တိုင်းသွားမှ ဒါကြောင့် ကျမ်းဂန်လည်းပြတယ်။ “အတ္တနော ပတိရူပေ နိဝေသယေ” တဲ့ တရားပြတဲ့ပုဂ္ဂိုလ်များ ရှေးဦးစွာ ကိုယ်ရအောင် လုပ်ပါဦးတဲ့။ ရမ်းပြောရတာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ တရားပြတဲ့ ပုဂ္ဂိုလ်များ ရှေးဦးစွာ ကိုယ်မှန်ရာ ကန်ရာ ရတယ်ဆိုတဲ့ နိသျည်းရှာပါအုံးတဲ့။ ကိုယ့်ဥစ္စာကိုယ် တစ်ဘက်သားကို ဟုတ်သယောင်ယောင် နဲ့လုပ်ဆောင်ပြီးတော့ မနှိပ်စက်ပါနဲ့၊ မညည်းဆဲပါနဲ့ အဋ္ဌကထာတိုက်ရိုက်ပြထားတာ။ ကိုယ်ကိုယ်တိုင်က တရားပေါက်ပြီးသား လိုလို ရပြီးသားလိုလို လမ်းမှန်ကမ်းမှန်ကျပြီးသားလိုလိုနဲ့ ဆရာလုပ်သူက ထလုပ်၊ ငါကထလုပ် ဟုတ်သယောင်ယောင်နဲ့လုပ် နောက်ကတစ်ပြုံတထွေးကြီးပါလာ။ အဟုတ်မှတ်လို့ ဝိုင်းလိုက်လာ သူကိုယ်တိုင်လည်း ဘာမှမမြင် မမြင်တော့ မှန်နိုင်ပ့ါမလားဟ (မမှန်နိုင်ပါဘူးဆရာ)၊ ဘယ်နဲ့နည်းမှ မှန်မဖြစ်ဘူး။

ဒါကြောင့် ကိုယ်ကိုယ်တိုင်က အမှန်အကန် အတိအကျ လုပ်ပါအုံးတဲ့ ရအောင်။ ငါရတာတော့ မှန်ကန်ပြီး တိကျပြီး ဆင်ခြေပေးစရာမလိုတော့ဘူး။ စမ်းစစ်စရာ မလိုတော့ဘူး မှန်ပြီ။ တကယ် ဟုတ်ပြီ။ အဲဒီတော့လုပ်ပါတဲ့ သူတစ်ပါးကိုနော် (မှန်ပါတယ်ဆရာ)၊ သူတစ်ပါး ဟောပြောပြသ ပေးပါတဲ့။ သင်ကြားပေးပါတဲ့ ဒီလိုလာတာ စည်းနဲ့ကမ်းနဲ့လာတာ အရမ်းလုပ်ရတာ မဟုတ်ဘူး။ အခုတော့ ဒီလို မဟုတ်ဘူး။ သူတလူ ငါတမင်းဆိုတာကြနေ သူကဆရာ ငါကဆရာ ဆရာကလုပ်

http://www.dhammadownload.com

ဆရာအရသာတွေက ကောင်းမှန်းသိ။ ဒီလိုဖြစ်နေ ဟုတ်မှာပဲ၊ ဆရာအရသာ ကောင်းဆို တချို့လည်း တယ်ပြီးဇိမ်ရှိတာကိုးကွ ဆရာဆိုတော့နော် (မှန်ပါတယ်ဆရာ)၊ ဆရာဆိုတယ်ပြီး နေရာကြတယ် မြို့ရွာလှည့် ပြီးတော့ ဆရာလုပ်၊ ထင်လည်း ထင်ပေါ်သေး၊ နာမည်လည်းကြီးသေး ဂုဏ်ကလည်း ရှိသေး၊ ရောက်ရာအရပ် ပရိသတ်အများရဲ့ ကိုင်းညွှတ်ခြင်း ရှိသေခြင်းလဲခံရ နောက်ပိုင်း ကြည့်ပြန် တော့လည်း စီးပွားရေးကြီးပွားရေးတွေလည်း ဖြောင့်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဆရာ အရသာ သိပ်ကောင်း။

တို့တော့ တစ်နေ့နဲ့ တစ်နေ့ စိတ်ဓာတ်ကတော့ အတော်ပျက်ပျက် ပျက်ပျက်လာပေ့ါ။ အရသာက တယ်ရှာမတွေ့ဘူး။ ဒါပေမဲ့လို့ ကိုယ့်အရသာလေး ဖမ်းထားတာတော့ တို့ပြတဲ့ သင်တန်းမှာ တစ်ယောက်တော့ဖြင့် တရားပေါက်သွားပြန်ပြီဆို ဝမ်းမြောက်နေရာကျပြန်ပေ့ါ။ ဒါသာသနာ အားထားပြီးတော့ တကယ်ပြုနေတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ လိုချင်တာ ဒါပဲ၊ လိုချင်တာ ဟာ - သင်တန်းတစ်ယောက်တိုးလာတယ်။ တိုးလာတဲ့အလျောက်ပဲ အခုတော့ဖြင့် တော်တော်ကြီး အသိဉာဏ်ကလေးတွေ ပြတ်သားလို့ အနေအထိုင် အကျင့်စာရိတ္တ တရားနှင့်တကွ လူသစ်ကလေး ပြောင်းသွားပေ့ါ။ ဝမ်းသာလို့ မဆုံးပါဘူး။ သာသနာ့အမြစ်တွယ်ပြန်ပေ့ါ တစ်ယောက်၊ ဒီလိုပဲ စာရင်းကောက်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီပြင် အရသာကတော့ ဘာမှ ရှာမရပါဘူး။

အဲဒါကြောင့် တို့လူစုတွေ အခုလို အသိဉာဏ်ရင့်တဲ့ တန်းလေးရောက်ရင် မဂ်စခန်း ဖိုလ်စခန်း လှမ်းတာ မလှမ်းတာ ထားအုံးပေ့ါလေ။ စူဋသောတာပန် တန်းလောက်ရောက်လို့ ရူပပရိစ္ဆေဒ နာမ ပရိစ္ဆေဒ နာမရူပပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟ၊ ဒီဉာဏ်တွေသိလို့ ပရမတ်မှန်း ပညတ်မှန်းကွဲပြီး ရုပ်ပဲ နာမ်ပဲ ခန္ဓာပဲ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ သုဉ်းဆိတ်နေတဲ့ဆိုတဲ့ သက္ကာယဒိဋ္ဌိပြုတ်ပြီးတော့ အသိဉာဏ် လေးတွေ ရောက်ကြတဲ့ ပုဂ္ဂိုလ်စုတွေ ဝဋ္ဋကထာလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို သေသေချာချာ စိစစ်ဝေဖန်ကြည့်တဲ့ အခါကြတော့ တို့လုပ်နေတဲ့ ပုညာဘိသင်္ခါရ ဆိုတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်မျိုးတွေဟာ အမှန်က အဝိဇ္ဇာ အကြောင်းခံလာပြီး ဖြစ်လာခြင်းကြောင့် “သင်္ခါရပစ္စယာ ဝိညာဏံ” ဆိုတဲ့ ဒုတိယဘဝ ပဋိသန္ဓေအားဖြင့် သွားအုံးမှာပဲ။ ဒီလိုဖြင့် သံသရာဝဋ္ဋ်က မကျွတ်သေးဘူးဟဲ့၊ မလွတ်သေးဘူးဟဲ့။ ဒီလို နားလည်ရ မယ်နော် (မှန်ပါတယ်ဆရာ)၊ ကျွတ်နိုင်လွတ်နိုင်တဲ့နည်း ဘယ်လိုရှိပါလိမ့်။ ဝဋ္ဋ်မတောင်းတနဲ့၊ ဘုံသုံးပါး မတောင့်တနဲ့ ဘဝကောင်းရာ ငါကောင်းရာဆိုတာ မရည်ရွယ်နဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုသွားရမယ်တဲ့ (သို့မဟုတ်) ဘာရည်ရွယ်ရမှာတုံး၊ ဘာတောင့်တရမှာတုံး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာလို့၊ ဒါ ဝိဝဋ္ဋမဟုတ်လား (ဝိဝဋ္ဋပါဆရာ)။ အေး - ဝိဝဋ္ဋ။

http://www.dhammadownload.com

ရွာကလေးတစ်ရွာဘုရားပွဲတော်အကြောင်း

ဒါကြောင့် တို့များ စောစောက ပြောလာတဲ့ “မော်လမြိုင်အစား၊ ရန်ကုန်အကြွား၊ မန္တလေးစကား၊ ပခုက္ကူဘုရား” ဆိုတဲ့ ဘုရားပွဲလုပ်မှုနဲ့ ဘုရားပွဲပေါ်မှုနဲ့ ပတ်သက်ပြီးတော့ ပြောတာ သဘောထဲလည်း မငြိုငြင်ကြနဲ့။ ကိုယ့်စေတနာ ကိုယ်ပြင်မှ ကိုယ်ချမ်းသာ ကောင်းကျိုးချမ်းသာ ပေးမယ်လို့ ဘယ်သူမှ တွက်ကပ်မနေနဲ့နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်လုပ်တတ်ရင် ကိုယ်ရမှာပါ။ ကိုယ်စင်ကြယ်သန့်ရှင်းမှ ကိုယ်ကောင်းကျိုး ချမ်းသာပေးမယ်။ မဟပ္ဖလ အာနိသံသ” ဖြစ်မယ်၊ ဒါဘုရားပွဲလုပ်ပုံ လုပ်နည်းတဲ့။ ဘုရားလက်ထက်တော်က သေချာကြည့်စမ်း - တောင်ချောက်ထဲ ရွာလေးတစ်ရွာရှိ ဘုရားဂုဏ် ကျေးဇူးများ ဘုရားပွဲတော်ဆိုတာ ဒီလိုလာရတယ်။ တောင်ချောက်ထဲက ရွာလေးတစ်ရွာရှိ ရွာနားက တောင်ကုန်းလေးနဲ့၊ တောင်လေးက တော်တော်မြင့်တယ်။ တောင်ထိပ်က နေခင်းထိုင်ခင်း အလွန် ကောင်းတော့ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးအတိုင်း နေရာလေး အမြတ်တနိုး တွေ့ပြီဆိုတော့ ဘုရားသာ အာရုံပြုတယ်။ ဘုရားသာ တည်ချင်တယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တောင်ထိပ်ကလေးတွေ မှန်သမျှ ဘုရားချည်း မြင်ကြရ ဖူးကြရ။ ဒါခုမှ မဟုတ်ပါဘူး ရှေ့ကလည်း ဒီလိုပါပဲလို့ အမြတ်တနိုး ဒီနေရာလေးက သန့်ရှင်းနေဟဲ့။ ဒီနေရာ မွန်မြတ်တယ် ဆိုပြီး ဘုရားတည်ဖို့ စိတ်ကူးပေါ်လာပေါ့။ အဲဒီမှာ တောင်ထိပ်မှာ ဘုရားကိုယ်တော်မြတ် တည် ထားတယ်။ စေတီတစ်ဆူ တည်ထားတယ်။ ရွာကတော့ တောင်အောက်က ချောက်ကြားထဲမှာ တစ်နှစ်တစ်ကြိမ်လို့ ဘုရားပွဲလုပ်တယ်။ ဒီနှစ်လည်း အချိန်ကြတော့ ဘုရားပွဲလုပ်တယ်။ ရွာကနေပြီး တော့ တောင်ပေါ်ဘက် လှမ်းကြည့်လိုက်ရင် ဘုရားကို မြင်ရတယ်။ အမြဲတမ်းလိုလို ဖူးနိုင်တယ်၊ မျှော်နိုင်တယ်၊ အာရုံပြုနိုင်တယ်။ ဒီနှစ်ဘုရားပွဲလုပ်တော့ ဘုရားကလည်းပဲ ဘုရားပွဲဆိုတာ အခုလို ပွဲလမ်းသဘင်တွေ ပါတာမဟုတ်ပါဘူး။ စောစောက ပြောသလို ဒီနှစ်တော့ စုပေါင်းပြီးတော့ အကောင်းဆုံး အမွန်ဆုံး အမြတ်ဆုံးဆိုတဲ့ ဆီမီးပန်းမန် ရေချမ်းဆွမ်း အစရှိသည်အားဖြင့် လှူဖွယ် တန်းရာ အမျိုးမျိုးနဲ့ ကြိုးစားပမ်းစားနဲ့ ပူဇော်ကြမယ်ဟဲ့။ တစ်နှစ်မှ တစ်ကြိမ် စုပေါင်းပြီးတော့ အကောင်းဆုံးဆိုတဲ့ ကုသိုလ်လုပ်ကြတာပေါ့နော် (မှန်ပါတယ်ဆရာ)။

အဲဒါ ဘုရားပွဲပဲ ဘုရားပွဲလုပ်တယ်တဲ့။ ဘုရားပွဲလုပ်တော့ ညပိုင်းကြတော့ ဆီမီးပန်းမန်နဲ့ ဘုရားကုန်းတော်ပေါ် တတ်ကြ၊ ရွာနဲ့ကလည်း တော်တော်လေးဝေး၊ ရွာက နေကြည့်လိုက်ရင် တော်ထိပ်ပေါ်က ဘုရားကိုယ်တော်မြတ် မြင်ရတယ်။ ဆီမီးတွေ တထိန်ထိန်နဲ့ လူတွေကလည်း ဝတ်ကောင်းစားလှ ဝတ်ဆင်ဖီးလိမ်းပြီးတော့ သွားကြ။ အဲဒါလည်း ဝတ်ကောင်းစားလှ ဝတ်ဆင်ဖီးလိမ်း တယ်ဆိုတာ ဘုရားနားချဉ်းကပ်တဲ့အခါကြတော့ ကိုယ့်ကိုယ်ကို သန့်ရှင်းစင်ကြယ်စေရမယ်ဆိုတဲ့

http://www.dhammadownload.com

သဘောအတိုင်းပေါ့လေ။ ရေမိုးများချိုး နံ့သာရေများလိမ်းဖီးလို့ အဝတ်အစားသစ်များလဲလို့ ဒါဘုရား တရား သံဃာ ရတနာမြတ်သုံးပါးဆည်းကပ်တယ်ဆိုတာ ဒီလို ကပ်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ညစ်ညစ်ပတ်ပတ် မသွားကောင်းဘူးတဲ့။ ညစ်ညစ်ပတ်ပတ် သွားတော့ ညစ်ညစ်ပတ်ပတ် အကျိုးပေးတတ်တယ်တဲ့။ ဘုရားရှိသေသော အနေအားဖြင့် တရားရှိသေသောအနေအားဖြင့် သံဃာတော်များရှိသေသော အနေအားဖြင့် ကိုယ့်ကိုယ်ကို အမြတ်တနိုး သန့်ရှင်းစင်ကြယ်သထက် စင်ကြယ်အောင်ဆိုပြီးတော့ ရေမိုးပါချိုးပြီးတော့ နံ့သာရေများ လိမ်းပြီးတော့ ဝတ်ကောင်းလှနဲ့ ဝတ်ဆင်ပြီး သွားကြ။

ခုခေတ်တော့ ဒီလို မဟုတ်ဘူး ရှိုးပြနော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူက ဘာဝတ်သွား၊ ငါက ဘယ်ဒင်းချလိုက်မယ်။ ဘယ်သူတွေတော့ ဘယ်ဒင်းတွေ ထုတ်ဝတ်တာ ငါတော့ ဘယ်ဒင်းနဲ့လိုက်မယ်၊ အဲသလို ဒါတော့ ခုနပြောတဲ့ ဘုရားရှိသေတဲ့ စိတ်ကတော့ တစ်စိတ်မှ မပါဘူး။ ပါရဲ့လား (မပါပါဘူးဆရာ)၊ မပါပါဘူးကွ ဘုရားရှိသေတဲ့ စိတ်ကို မပါပါဘူး။ တို့ သိင်္ဂိုရှင်ပွဲကျ သာထင်ရှားသေး ဘုရားဝင်တာက တစ်ခေါက်ပါ၊ ဘုရားမဝင်ဘဲနဲ့ ဈေးတန်း လျှောက်တယ် ရှိုးပြတာ လေးငါးဆယ်ခေါက် တချို့များ နေ့တိုင်းသွား ဘုရားပွဲမပြီးမချင်းနော် (မှန်ပါတယ်ဆရာ)၊ တချို့က တစ်ယောက်ထဲ ရှိုးပြတာ အားမရလို့ စုံတွဲ တွဲလိုက်ကြသေးနော် (မှန်ပါတယ်ဆရာ)၊ ဝတ်ကောင်းစားလှဝတ်သွားတာ ဘုရားရှိသေလို့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ပါဘူး။ ရှိုးပြဖို့ မဟုတ်လား (ရှိုးပြဖို့ပါဆရာ)။

အေး-ဟုတ်ပြီ တစ်နှစ်မှာတစ်ခါ ပြရတာဆို ချလိုက်တာပဲ ကြည့်သေသေချာချာ သူ့သဘာဝလေး ဘုရားရှိသေပုံက ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး ဆည်းကပ်တော့မယ်ဆို ကိုယ့်ကိုယ်သန့်ရှင်းစင်ကြယ်အောင် မလုပ်သာယင်နေရမယ် လုပ်သာယင်လုပ်ရမယ်တဲ့။ ဒါမှ သန့်ရှင်းစင်ကြယ်တဲ့ အကျိုးပေးမယ်နော် (မှန်ပါတယ်ဆရာ)၊ ညစ်ညစ်ပတ်ပတ် မသွားရဘူးတဲ့။ ဒါ အဂါရဝဖြစ်တယ်တဲ့။ ဒါကြောင့် တောင်ထိပ်ပေါ်က ဘုရားပွဲကနေ့တော့ တစ်ရပ်လုံးတစ်ရွာလုံး ဆိုသလိုပေါ့။ မနက်စောစောကလည်း အရုဏ်ကစပြီးတော့ ဆွမ်းများကပ်ကြ၊ လှူဒါန်းကြ၊ ပူဇော်ကြ၊ ရှိခိုးကြ။ အခုညပိုင်းရောက်လာရင်လည်း စည်လိုက်တာ သူတက် ငါဆင်း သူတတ် ငါဆင်းနဲ့ တောင်ထိပ်ပေါ် စည်လိုက်တာ တစ်ရွာလုံး။ ညပိုင်းကြတော့ ဆီမီးပန်းမန် ရေချမ်းနဲ့ လှူကြ တန်းကြ လက်ထဲပန်းနံ့သာ လက်စွဲလို့ သွားကြ ဝတ်ကောင်းစားလှ ဝတ်စားဖီးလိမ်းပြီးတော့ ဒီလိုသွားကြ။

http://www.dhammadownload.com

ဘုရားအာရုံပြုတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက်

အိမ်တစ်အိမ်က ကလေးမတစ်ယောက်က ကိုယ်လေးလက်ဝန် ရှိရှာတယ်။ ကိုယ်လေးလက်ဝန် ရှိတယ်ဆိုတာက မကျန်းမမာ၊ ဒီတော့ မိဘနှစ်ပါးက ပြောတယ်။ သမီးရေ ဒီနှစ်တော့ မနှစ်ကလို မဟုတ်ဘူးကွယ့်။ မင်းလည်း မမာမကျန်းနဲ့ ကိုယ်လေးလက်ဝန်နဲ့ ဆိုတော့ တောင်ပေါ်တက်ဖို့ ဆင်းဖို့ဆိုတာ မလွယ်လှဘူးဟဲ့။ သမီး ဒီတစ်ခါတော့ ဘုရားပွဲ မလိုက်နဲ့ကွယ်။ အဖေတို့ အမေတို့ပဲ သွားတော့မယ်။ မင်းအိမ်ကပဲ ဘုရားအာရုံပြုပေတော့။ သမီးကလည်း အကျိုးအကြောင်း ဖျောင်းဖျ တော့ နားထောင်တယ် နော် (မှန်ပါတယ်ဆရာ)၊ အေးလေ-ဟုတ်သားပဲ။ ငါ့လည်း မမာမကျန်းနဲ့ တောင်ကလည်း မြင့်ပါဘိနဲ့ တက်လို့ ဆင်းလို့ဆိုတော့ အတက်အဆင်းနဲ့ နေရာမကျဘူး။ မိဘစကား နားထောင်မှာပဲဆိုပြီး အိမ်နေရစ်ခဲ့။

မိဘနှစ်ပါးကသွား၊ ဆီမီးပန်းမန်လက်စွဲပြီးတော့ ဘုရားဘက်မျက်နှာမူပြီးတော့ ထွက်သွားလိုက် ကြတာလို့ မိဘနှစ်ပါး ထွက်သွားတဲ့အချိန်ကစ ဟောဒီ အိမ်တံခါးပေါက် တံခါးဘောင်လေးမှီပြီးတော့ ငါ့အမေနဲ့ ငါ့အဖေတော့ ဘုရားပွဲသွားပေါ့။ မျှော်တယ် ဒီကနေပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ ခုလောက်ရှိ ဘယ်နေရာလောက် ရောက်ပြီ၊ သွားနေကြ လမ်းကလည်းဖြစ် ခုလောက်ရှိ ဟိုချောင်းလေး တော့ ကျော်ပေ့၊ ခုလောက်ရှိ စောင်းတန်းအတတ်တော့ ရောက်ပြီ၊ ခုလောက်ဆို ဘုရားပေါ် ရောက်လောက်ပြီတဲ့ ဒီကနေပြီးတော့ ဘုရားမျှော်မှန်းကြည့်လိုက်တာ ဘုရားပေါ် ဆီမီးတွေ တထိန် ထိန်နဲ့ ကြည်ညိုဖွယ် အလွန်ကောင်းတယ်၊ အင်မတန် သပ္ပါယ်တယ်။

ဒီတော့ ဘယ်နှဲ့ဖြစ် လာလဲလို့ အမလေး ကိုယ်တော်မြတ်ကြီး ဒီကနေ ဖူးလိုက်တော့ ခါတိုင်းတော့ ငါဘုရားပေါ် ရောက်နေလို့ မသိဘူး။ အခု အိမ်ကနေ ကြည်ညိုလိုက်တော့ ကြည်ညိုစရာ ကောင်း လိုက်တာ ရွှေရောင်တွေ တပြောင်ပြောင်နဲ့ ဆီမီးရောင်တွေ တထိန်ထိန်နဲ့ အဲဒါ လင်းထိန်လို့ ရွှေရောင်တွေ တဝင်းဝင်းနဲ့ ဘုရားသွားကြ လာကြ တတ်ကြ ဆင်းကြတဲ့ လူသံတွေကလည်း ဆူညံလို့ ဘုရားပုထိုး ရှိခိုးကြ ကြည်ညိုကြ ပူဇော်ကြ မြတ်နိုးကြ အားကျလိုက်တာလို့ အိမ်ကနေ တံခါးတိုင်လေး မှီရင်းကနေပြီးတော့ ဘုရားပေါ် စိတ်ဓာတ်က ရောက်နေနော် (မှန်ပါတယ်ဆရာ)၊ ကြည်ညိုကြမှာပဲလို့ သူတို့တော့ အားပါးတရ ကိုယ့်အိမ်က အမျိုးမျိုး အဖုံဖုံ ဆိုသလိုပဲ အင်မတန်မွန်မြတ်တဲ့ ပန်းနံ့သာ လက်စွဲပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီး ဆီမီးပန်းမန် ရေချမ်းတို့ဖြင့် ပူဇော်ကြ လျှုဒါန်းကြ သိပ်ကြည်ညိုစရာ ကောင်းတာပဲလို့။

ဟောဒီ တံခါးတိုင်မှီပြီးတော့ သဒ္ဓါတရားတွေ တဖွားဖွားနဲ့ ပေါ်လာ ကြည်ညိုလိုက်တာလို့နော် (မှန်ပါတယ်ဆရာ)၊ သဒ္ဓါတရားတွေ တဖွားဖွားနဲ့ပေါ်တော့ အဲဒီ ဘုရားကိုယ်တော်မြတ်အပေါ်မှာ

http://www.dhammadownload.com

အာရုံပြုတဲ့ "ဗုဒ္ဓါရမ္မဏပီတိ"ခေါ်တယ်။ ဘယ်လောက် နှစ်သက်လိမ့်သလဲဆိုတာ ဒီကနေပြီးတော့ အတွေးနဲ့ ဟိုဘုရား ဆီမီးရောင် တပြောင်ပြောင်နဲ့ မြင်ရတာ လူသံသူသံ ကြားသင့်သလောက် ကြားတာ မှန်ပြီးတော့ သူတို့တော့ ရှိခိုးကြရော့မယ်၊ သူတို့တော့ ကြည်ညိုကြရော့မယ်၊ သူတို့တော့ ပန်းဆီမီးတွေ ကပ်ကြရော့မယ်လို့ အဲသလို ကိုယ်နဲ့ထပ်တူ ဆိုတဲ့အနေအားဖြင့် လိုက်ပြီးတော့ ကြည်ညိုတော့ သူဘာဖြစ်။ ဘုရားအာရုံပြုတဲ့ ပီတိတွေက လွှမ်းလာလိုက်တာ "ဥဗ္ဗေဂပီတိ" ခေါ်တယ်။ "ဗုဒ္ဓါရမ္မဏပီတိ"တဲ့။ ကြည်ညိုစိတ်တွေ တဖွားဖွားပေါ်ရင်းကနေပြီးတော့ ဟော ဘုရားကုန်တော်ပေါ် ရင်ပြင်တော်ပေါ်ရောက် အလိုလို ရောက်သွားတယ်နော် (မှန်ပါတယ်ဆရာ)။

မိဘနှစ်ပါးကတော့ အခုနပြောသလို ရွာထိပ်က တစ်ခါသွား ချောက်ထဲတစ်ခါဆင်း ချောင်းလေးကျော် ပြီးတော့မှ တောင်ဘက်တက်ပြီးတော့မှ ဆောင်းတန်းတက် အသက်အရွယ်ကြီးတော့ ဖြည်းဖြည်းနဲ့ တက်ကြ။ ဘုရားပေါ်ရောက်တော့ မိမိပါလာတဲ့ ဆီမီးပန်းမန်တွေ မကပ်ရသေးဘူး။ လက်အုပ်ကလေးတွေ ချီပြီးတော့ စေတီကို လက်ျာရစ်၊ ရှေ့ကများတော့ တယ်ယဉ်ကျေးတယ်။ ရုတ်တရက် မထိုင်သေးဘူး ရောက်သွားပြီနဲ့ တစ်ပြိုင်နဲ့၊ ဘုရားဦးတိုက်ပြီးသည်နှင့် တစ်ပြိုင်နက် လက်အုပ်ချီပြီးတော့ လက်ျာရစ် အနည်းဆုံး တစ်ပတ် နှစ်ပတ် သုံးပတ် လက်ျာရစ် ပတ်လှည့်ပြီးမှ ပူဇော်လို့ ကောင်းမည့်နေရာ ရှိခိုးလို့၊ ကောင်းမည့်နေရာ ဝင်ပြီးတော့ ထိုင်၊ ပြီးမှ ရှိခိုး၊ ရှိခိုးပြီးမှ ဝတ်ပါချပြီးမှ ကိုယ့်ပါလာတဲ့ ပန်းတို့ နံ့သာတို့ ဆီမီးတို့ ရေချမ်းတို့ လှူဒါန်းဆက်ကပ်တယ်နော် (မှန်ပါတယ် ဆရာ)၊ အဲသည်လို လုပ်ကြတယ်။

အခုလည်း အဖိုးကြီးနဲ့ အမယ်ကြီး တောင်ပေါ်တက်သွားတော့ လှည့်ပြီးတော့ လက်အုပ်ချီ လှည့်သွားတော့ ဟိုမှာ သမီးက ဘုရားရှေ့ ရှိခိုးနေတာ တွေ့တယ်။ ရှင်မရေ ဟော ရှိခိုးနေတာ ညည်းသမီး ညည်းသမီးနဲ့ မတူဘူးလားဟ။ တောက်တီးတောက်တဲ့တော် အိမ်ထားခဲ့တာ ဘယ်နဲ့ ဒီပေါ်ရောက်ရမှာတုံး။ ဟော-တူတာ ငါပြောတာပါ ကြည့်စမ်းပါ။ ဟ ဟုတ်ပ တူလှချည်လား မသည်းမကွဲရှိတော့ အနားသွားကြည့်ဟာ အသံကလည်း တစ်ထေရာတည်းပဲ ဘုရားရှိခိုးနေတာ တစ်ထေရာတည်း ဟုတ်ပါတယ်ဟ ညည်းသမီးပါ ခေါ်စမ်းပါ။

သမီး, ဟိုကရှိခိုးပြီးတော့ လှည့်ကြည့်တယ်။ ဟာ-အမေတို့ အဖေတို့ပါလား အခုမှ ရောက်တာ လား။ ဖြစ်မှဖြစ်ရလေ သမီးရယ်၊ တို့ကတော့ ကိုယ်လေးလက်ဝန် မကျန်းမမာရှိလို့ စိုးရိမ်ကြောင့်ကြ လွန်းလို့ တောင်တက်တောင်ဆင်းက ခရီးပန်းလွန်းလို့ မလိုက်ခဲ့ပါနဲ့ကွယ်။ အိမ်ကနေပဲ ကြည်ညို ပါတော့၊ အိမ်ပဲ နေပါတော့လို့ ထားပခဲ့တယ်။ အဲသလောက် မင်းတို့ သားသမီးများ ဆုံးမခက်တာပဲ။ အခု တို့မှာ တောင်ပေါ်မရောက်သေးဘူး၊ မင်းဘယ်လမ်းကနေပြီးတော့ ကွေ့ကောက်တတ်လာလို့

http://www.dhammadownload.com

ဖြတ်လမ်းကလာလို့ တို့အရင်ရောက်ပြီးတော့ ဘုရားပုထိုး ရှိခိုးနေတာလဲလို့ မေးတယ်။ အပြစ်တင်တဲ့ စကားနဲ့ မေးတယ်။ ပြန်ပြောတယ် -သမီးက အဖေတို့ အမေတို့ အပြစ်တင်လည်း ခံရမှာပဲတဲ့။ အဖေတို့ အမေတို့ ထွက်သွားတဲ့အချိန်ကစ တံခါးပေါက် (လွှမ်းလွှမ်း) ရှိတာနဲ့ တံခါးပေါက်ဘေး တံခါးတိုင် မှီပြီးတော့ အဖေတို့ အမေတို့လည်း မျှော်ရင်း၊ တောင်ပေါ်က ဘုရားကိုယ်တော်မြတ်ကြီးလည်းပဲ ကြည်ညိုရင်းဆိုသလို လှမ်းမျှော်လိုက်တော့ ဆီမီးရောင်နဲ့ ရွှေရောင်တပြောင်ပြောင် ထွန်းတောက် နေတဲ့ ကိုယ်တော်မြတ်ကြီး မြင်ရတော့ ကြည်ညိုလိုက်တာ အဖေရယ် မပြောပါနဲ့တော့။ သဒ္ဓါတရား တွေ တဖွားဖွား ခုလောက်ရှိခိုးကြ ပူဇော်ကြရော့။ ဆီမီးပန်းမန် ရေချမ်းတွေ ကပ်လှူပူဇော်ကြ ရော့မယ်။ ဝမ်းပန်းတသာနဲ့ အဲဒီ စေတနာတွေ ဖြစ်နေရင် မတ်တပ်ကနေပြီးတော့ သတိလစ်သလို ဖြစ်သွားတယ် အဖေရဲ့။ အဲဒီလို သတိလစ်သလို ဖြစ်သွားပြီးတော့ ဟောဒီ အခု အဖေတို့၊ အမေတို့ မြင်တဲ့အတိုင်းပဲ ဘုရားရင်ပြင်တော်ရောက်လို့ လက်အုပ်ချီပြီးသား ရှိခိုးပြီးသား ဖြစ်နေတာ ကျွန်မလည်း သတိမရဘူး ပြန်ပြောတယ်။ ဖအေ,မအေ မယုံလို့ အတော်ကြီးကို အစစ်အဆေး အမေးအမြန်းခံရတယ်နော် (မှန်ပါတယ် ဆရာ)၊ အဲဒါ "ဗုဒ္ဓါရမ္မဏာပီတိ"တဲ့။

ရှေးက ဘုရားပွဲနှင့်မတူညီတဲ့ ယခုခေတ် ဘုရားပွဲတော်

အဲ ရှေးက ဘုရားပွဲက ဒီလိုလာတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ခုတော့ ဘုရားပွဲစပြီဟေ့ဆို ခံုလုခင်းတယ်၊ ဖျာလုခင်းတယ် ကျွက်စီ ကျွက်စီနဲ့ ရန်ဖြစ်ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကျောပေး ပွဲဘက်မျက်နှာလှည့် အဲဒါ လုပ်တဲ့လုပ်ငန်းတွေလို့။ ဒါကြောင့် မိမိတို့ စေတနာ လေးတွေ စိတ်ထားလေးတွေ စင်ကြယ်သန့်ရှင်းအောင်ဆိုတဲ့ အနေအားဖြင့် ပြုပြင်နိုင်သမျှ ပြုလည်း ပြုပြင်မှ ပြုပြင်မှုလည်းပဲ စင်ကြယ်သန့်ရှင်းတဲ့ အကျိုးတွေ ပေးကြမယ်လို့နော် (မှန်ပါတယ်ဆရာ)။

ကြိုက်ချင်မှလည်း ကြိုက်ကြမယ်လို့၊ မကြိုက်တဲ့ ပုဂ္ဂိုလ်လည်း ရှိမှာပဲ၊ ဒါပေမယ့်လို့ ဂတိလိုက်၍ တရားဆိုတာ မဟောကောင်းတဲ့ ဆရာတို့၏ ဝတ္တရား "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အသစ်ဟောကြူး၊ နာဖူးထပ်မံ၊ နတ်ထံလည်းပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" တဲ့။ ဆရာသမားလုပ်ဖို့ ကြံလို့ရှိယင် အင်္ဂါငါးချက် ရှိရတယ်။ မကောင်းတာ မြစ်တားပေးရမယ်။ ကောင်းရာကို ညွှန်ကြားပေး ရမယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အသစ်ဟောကြူးတဲ့ အသစ်အသစ်ဖြစ်တဲ့ တရားများလည်း ဟောပြောပေးရမယ်။ နာဖူးထပ်မံ နာကြားပြီးသားလည်း ထပ်မံပြီးတော့ ဟောကြားပေးရမယ်။ နတ်ရွာသုဂတိ ရောက်အောင်လည်းပဲ စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်ပေးရမယ်လို့ ဆရာများရဲ့ အင်္ဂါငါးချက်ရှိတဲ့အနက်က အဲဒါ မကောင်းတာတွေမို့လို့ မကောင်းဘူးလို့ ပြောတာပါ။ ကောင်းတာကို

http://www.dhammadownload.com

ကောင်းတယ်လို့ ပြောတာပါ။ အဲဒါကြောင့် မကောင်းတွေဖျောက် ကောင်းတာတွေ ရောက်အောင် ဆိုတဲ့ စေတနာအားဖြင့် ပြင်နိုင်သမျှ ပြင်မှ မိမိတို့ လုပ်သမျှလေးတွေ တကယ် "မဟပ္ဖလ မဟာနိသံသ" ဆိုတဲ့ အကျိုးထူးတရားတွေ ရမှာအမှန်ပဲ။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားစုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အဝိဇ္ဇာကြောင့် သင်္ခါဖြစ်တယ်။ ဖြစ်လာသော အကြောင်းရင်း စဉ်းစား၊ အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရ၊ တစ်ပါးသော အကြောင်းကြောင့် မဟုတ်ဘူး။ ဒီတော့ မျိုးစေ့ကိုက အဝိဇ္ဇာက ပေါက်ဖွားလာတဲ့ သင်္ခါရတရားစု ဒီသင်္ခါရလည်း ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ။ ပုညာဘိသင်္ခါရဆိုတာ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်စေတနာ။ အပုညာဘိသင်္ခါရ-အကုသိုလ်စေတနာ။ အာနေဉ္ဇာဘိသင်္ခါရ-အရူပါဝစရ ကုသိုလ်စေတနာ၊ ကုသိုလ်နယ်ကလည်း ကုန်ရော အကုသိုလ်နယ်ကလည်း ကုန်ရော။ တူရာတူရာ ပေါင်းပြီး ခေါ်လိုက်တော့ ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး အဝိဇ္ဇာကြောင့် ဖြစ်တာ။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဒီတော့ ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာ နှစ်မျိုးပေါက်ဖွားလာတော့ ကုသိုလ်စေတနာက ဘယ်လိုလူတုံး။

ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပဝစရကုသိုလ်၊ ဗမာလို နားလည်အောင် ပြောတော့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အကုသိုလ်ကတော့ ပြောစရာ မလိုဘူး။ အကုသိုလ်စေတနာဆိုတာ လူတိုင်းသိတယ်။ ဒီတော့ ကုသိုလ်စေတနာသုံးမျိုးမှာ သေသေချာချာလည်း မှတ်။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်စေတနာ သုံးမျိုးသည် ပုညာဘိသင်္ခါရထဲက ဒီကုသိုလ်စေတနာသုံးမျိုးသည် ဘယ်သူကြောင့် ဖြစ်သလဲ။ အကြောင်းရင်းရှာတော့ အဝိဇ္ဇာကြောင့် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

တမာစေ့စိုက်ရင် ပိန္နဲသီး သီးပါ့မလား (မသီးပါဘူးဆရာ)၊ တမာသီးစိုက်ရင် တမာသီးပဲ သီးမှာနော် (မှန်ပါတယ်ဆရာ)၊ ဗီဇနိယာမမျိုးစေ့ ကြည့်ရတယ်။ တမာသီး စိုက်ရာကနေ ဘယ်နဲ့မှ ဒူးရင်း သြဇာ မာလကာ မသီးဘူး။ ချိုမြိန်တဲ့ အရသာရှိတဲ့ အရသာ မသီးဘူး။ တမာစေ့စိုက် တမာ ပင်ပေါက် တမာသီးသီးမှာပဲလို့၊ ဒါကြောင့် အဝိဇ္ဇာအကြောင်းခံ ဖြစ်ပေါ်လာသော ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးပါး၊ ဝဋ်ကို လည်စေတတ်သော တရားလို့၊ ဒါကြောင့် ဒီဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်တွေ လုပ်လိုက်တော့ ဘာဖြစ် "သင်္ခါရပစ္စယာ ဝိညာဏံ" သူ့နောက် ဝိညာဏ်သွား၊ ဒါဒုတိယဘဝသစ်မှာ ပဋိသန္ဓေ ဖြစ်တယ်တဲ့။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ

http://www.dhammadownload.com

ဒေါမနဿ ဥပါယာသ အာသဝ လှည့်သွားပြီး။ အဝိဇ္ဇာနော် (မှန်ပါတယ်ဆရာ)၊ ရပ်လို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ ရပ်လို့ မရဘူး။

ဒါကြောင့် တို့လူမျိုးတွေဟာ ဘဝသံသရာကြီးက ဘဝပေါင်းများစွာ သချ်ာသချ်ေ မရေမတွက်နိုင်အောင် ဒီကုသိုလ်မျိုးတွေ ကြိုးစားအားထုတ်ခဲ့ပေါင်း များပါပြီလို့ များဘူးလား (များပါတယ်ဆရာ)၊ ပြန်ပြန်စဉ်းစား၊ နောက်ကြောင်းရာဇဝင် ပြန်ပြန်ဆင်ခြင်စဉ်းစား။ အခုလို အသိဉာဏ်မျိုး ရောက်တဲ့၊ ရတဲ့ လူများက ဘဝသံသရာပြန်စဉ်းစားနိုင်ပါတယ်။ ပုဗ္ဗေနိဝါသဉာဏ်ကြီး အဘိညာဉ်ကြီး မရပေမဲ့ အနုမာနအားဖြင့် မလွဲအောင် ပြန်ပြီးတော့ မှန်းဆနိုင်တယ်၊ ဝေဖန်နိုင်တယ်၊ စဉ်းစား နိုင်တယ်။ ငါသည် ဗြဟ္မာ့ဘဝလည်း ရောက်ပေါင်းများခဲ့ပြီ။ အထက်အထက် ဗြဟ္မာဘုံလည်း ရောက်ပေါင်း များပြီ။ ဘာပြုလို့ရောက် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်တွေ လုပ်ခဲ့လို့ သမထ ကုသိုလ်တွေ လုပ်ခဲ့လို့ လူ့ဘဝ နတ်ဘဝလည်း ငါရောက်ခဲ့တာ များပြီ။ ဘာပြုလို့ ဒါနကုသိုလ် သီလကုသိုလ်တွေ လုပ်ခဲ့လို့၊ အလကားရောက်တာ မဟုတ်ဘူး။ အပါယ်လေးပါးလည်း လားပေါင်းများခဲ့ပြီ။ ဘာပြုလို့ အကုသိုလ်တွေ လုပ်ခဲ့လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငြင်းစရာရှိသေးလား (မရှိပါဘူးဆရာ)၊ အဲဒါ ကိုယ့်ရာဇဝင် ကိုယ်ပြန်ပြီးတော့ ကြည့်ပါလို့ ဆင်ခြင်ကြည့်။ ဒါဖြင့် ဒီဒါန ကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်လာလို့ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ဖြစ်ပေါင်းများသာ များခဲ့တယ်။ သံသရာဝဋ်က ကျွတ်ရဲ့ လွတ်ရဲ့လားဆိုတော့ ကနေ့ထိ ငုတ်တုတ်နော် (မှန်ပါတယ်ဆရာ)၊ တစ်မဂ် တစ်ဖိုလ်ရရဲ့လားဆို မရပါဘူး ရရဲ့လား (မရပါဘူးဆရာ)၊ မရဘူး။ အဲဒါကြည့် အဲဒါကြည့်၊ ဒါကြောင့် လုပ်ပုံလုပ်နည်း မဟုတ်လို့ ရှုံးခြင်းမလှ ရှုံးခဲ့တယ်လို့။ ဒါကြောင့် ခုလို သာသနာကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါဖြင့် တို့တော့ဖြင့် လုပ်ပုံလုပ်နည်း ဟုတ်အောင် ကြိုးစားမဟဲ့။

ရှုတ်ချသင့်တာကို ရှုတ်ချ၊ ချီးမြှင့်သင့်တာကို ချီးမြှင့်ခြင်းဟာ ဗုဒ္ဓဒေသနာပါ

ဒီတစ်ခါတော့ အရှုံးမခံဘူးဟဲ့။ အမြတ်ထွက်စေမယ်ဆိုတဲ့ စေတနာနဲ့ နေရာတကာမှာ ကြိုးစား တတ်ပါစေဆိုတဲ့ စေတနာထားပြီးတော့ ပြောခြင်း ဟောခြင်း ပြခြင်း သခြင်းပါလို့ မြတ်စွာဘုရား ကိုယ်တော်မြတ်အလိုတော်ကျ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တို့ မနေ့ညက "တစ်နှစ်တစ်ခါ အပြစ်ရှာ လူ့ရွာဘုရားပွဲ"လို့ ကဲ့ရဲ့ရှုတ်ချတဲ့အနေနဲ့ လယ်တီဆရာတော် ဘုရားကြီးရေးသွားတဲ့စာရှိ။ ဒါရှုတ်ချသင့်သောပုဂ္ဂိုလ် ရှုတ်ချရတယ်တဲ့။ ဘုရားကိုယ်တော်မြတ်ကလည်း ဟောထားတာ ရှိပါတယ်။ ချီးမြှင့်ထိုက်တဲ့ ပုဂ္ဂိုလ်လည်း ချီးမြှင့်ရ၊ ဘာဖြစ်လို့ "တစ်နှစ်တခါ အပြစ်ရှာ လူရွာဘုရားပွဲ" ဘုရားပွဲ လုပ်တာ ဘယ်နဲ့ တစ်ခါအပြစ်ရှာ ဘုရားပွဲကလည်း တစ်နှစ်တစ်ခါ ဖြစ်သကိုးကွ နော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)၊ ဘယ်နဲ့ ဘုရားပွဲလုပ်တာ အပြစ်ရှာတယ်လို့ ရုတ်တရက်အားဖြင့် ဒီလို နေမှာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် နိုင်ငံပေါ် ကျော်ကြားတဲ့ ဆရာတော် ဘုရားဆိုတော့ ဆင်ခြေပေးမယ့်လူ မရှိဘူး။ အပြစ်တင်တဲ့ လူမရှိဘူး။ ဒီအတိုင်းပဲ ကိုယ်ဉာဏ်မမှီလည်း ငုံ့ခံနေတာ၊ "တစ်နှစ်တခါ အပြစ်ရှာ လူ့ရွာဘုရားပွဲ"၊ ဘုရားပွဲ နင်လား ငါလား အင်တိုက် အားတိုက် အခု ကြိုးစားနေတဲ့ လူများဆိုလို့ ရှိရင်ဖြင့် ခံနိုင်စရာ အကြောင်း မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီလိုပဲ ငြိမ်ခံနေကြရတာ မဝေဖန်ဘူး အပြစ်မပြောဘူး။ အဲဒါ ဘာကြောင့် တကယ်နိုင်ငံကျော်ဆိုတဲ့ ဆရာတော်သမားတော် တစ်ပါးက မိန့်ကြားထားတဲ့စကား ဆိုတော့ ငုံ့ခံတာပဲလို့ တန်ဖိုးမရှိတဲ့ လူတစ်ယောက်က ဒီစကား ထပြောရင် မုချ ဒါလူသတ်ပွဲဖြစ် အဲဒါ လူသတ်ပွဲဖြစ်လို့သာ ဖြစ်ရတယ်။ မှားသလား မှန်သလား ဆိုတော့ ဒါအမှန်ပြောတာ နော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ဘာပြုလို့လဲဆိုတော့ ဝဋ္ဋကထာဆိုတဲ့ စကားကြည့်ပါလို့ မြတ်စွာဘုရား ကိုယ်တော် မြတ် ဝဋ်လည်စေတတ်တဲ့ တရားတွေ စုပေါင်းပြီးတော့ ဟောနေတာ။ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ သံသရာစက်ရဟတ်ကို အဆက်မပြတ် လည်တတ်တယ်ဆိုတဲ့ သဘာဝချဟော။ အဲဒီလို လည်တတ် တယ်ဆိုတဲ့ ဝဋ္ဋကထာ ပြနေတဲ့ ကြားထဲက တို့ထင်သလို မဟုတ်ပါဘဲ တို့ကတော့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဆိုလို့ရှိယင် အားကိုးအားထားနဲ့ ဒီကုသိုလ်တရားကိုပဲ လက်ကိုင် ထားပြီးတော့ ကြိုးစာပမ်းစားလုပ်ကြ။ အခု မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဝဋ္ဋကထာ- ဝဋ်ကို လည်စေတတ်တဲ့ တရားတွေထဲ ပါနေပါပဲ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ အဲဒီလို မစဉ်းစားဘူး။ တန်ဖိုးမရှိတဲ့ လူပြောရင်ဖြင့် ဒေါသဖြစ်ဖို့ စိတ်ကူးတယ်။ အပြစ်တင်ဖို့ စိတ်ကူးတယ်၊ ဝေဖန်ဖို့ စိတ်ကူးတယ်၊ ငါတို့ မသိတာ သိအောင်, နားမလည် နားလည်အောင်, မှားနေတာ မှန်အောင် တတ်ကျွမ်းနားလည်သမျှ သည်းခံပြီး ပြောဖော်ရပါပေတယ်လို့ ဒီလို ကျေးဇူးတင်တဲ့လူက ခပ်ရှားရှား။

ဘာပြုလို့လဲ ဆိုတော့ ပုထုဇဉ်လိုင်းက ကြည့်ပြန်တော့ ပုထုဇဉ်သတ္တဝါတို့ မည်သည်မှာ သံသရာအစုန်နဲ့ အဆန်ဆိုလို့ရှိယင် အစုန်ဘက်သာ သာတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘုရားပွဲတော်ကြီး ပွဲလမ်းသဘင် ဆင်ယင်ကျင်းပမှု ပွဲမပါဘူးဟေ့ ဆိုလို့ရှိယင် တို့များဟောလို့ ပျက်ရင် လည်းပဲ တို့ငြိုးမှာနော် (မှန်ပါတယ်ဆရာ)၊ တို့များ မဟောပဲနဲ့ သူတို့ဘာသာ သူတို့ သဘောပေါက်ပြီး တော့ ပွဲမပါယင်လည်းပဲ သူတို့ အငြိုးခံရမှာ ဒီလို နေမယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဘာပြု လို့လဲတဲ့ မိမိတို့ရဲ့ လမ်းစဉ်က မှားနေတာ၊ မှားမှန်းမသိဘူး မှန်တာကို မှန်မှန်းမသိဘူး။ မှားတာကို မှားတယ်လို့ ပြောလို့ရှိယင် ကိုယ့်အလိုနဲ့ မတိုက်ဆိုင်တော့ အဲဒါ မကြိုက်နိုင်ဘူးလို့ ဒါဒေါသဖြစ်စရာ အခန်း ခေါ်တယ်။

http://www.dhammadownload.com

ဒါပေမယ့် တို့လည်း မနေ့ညက ပြောသွားပေါ့ "မော်လမြိုင်တော့ အစား၊ ရန်ကုန်တော့ အကြွား၊ မန္တလေးတော့စကား၊ ပခုက္ကူတော့ ဘုရား"နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့လဲ ဘုရားပွဲတွေ သူ့ရာသီနှင့်သူ တစ်နှစ်တစ်ကြိမ် ဆိုသလိုပဲ စုပေါင်းပြီးတော့ ဒီအပြင်မြို့တွေလဲ ရှိပါတဲ့။ ဒီပြင်မြို့တွေကတော့ ဆယ့်နှစ်လ နွေရော မိုးရောဆိုလို ဖြန်းမျှကြေးချပြီးတော့ အလုပ်လုပ်သွားတော့ ခပ်ကျဲကျဲ တို့ပခုက္ကူမြို့ဆိုတော့ မိုးလေဝသခေါင်းပါးတဲ့ မြို့နယ်ဖြစ်နေတော့ မိုးတွင်းမှာ ဘုရားပွဲက စုပေါင်းပြီးတော့ လုပ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ လုပ်ကြတော့ ဘယ်နဲ့ဖြစ်နေသလဲဆိုတော့ ဘုရားတစ်ဆူနဲ့တစ်ဆူ အဆက်က မဝေးတော့ ပြေးမြင်လိုက်တယ်။ ဘုရားပွဲတွေ များလှချည်းလား၊ ဒီလို ထင်တယ်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ တခြားသော မြို့တွေလဲ ဒီလိုပါပဲလို့။

ကိုယ့်အရပ်နဲ့ ကိုယ့်ဘုရားနဲ့ လုပ်ကြတာပါပဲလို့။ တခြားသော မြို့တွေကြတော့ကျဲ၊ ဒီကြတော့ စိပ်တယ် ဝါတွင်းသုံးလပတ်လုံးလေးမှာ သုံးလအတွင်းမှာပဲ မြို့ပေါ်ကရှိတဲ့ ဘုရားတွေ စေ့ငှအောင် ဆိုသလိုပဲ ခင်းကျင်းစီမံကြတော့ ဘုရားပွဲချင်းက အမြီးဆက် ခေါင်းဆက်သွားတယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ ဘုရားပွဲ အလွန်ကျင်းပတဲ့ မြို့ပဲလို့ ဒီလို ထင်တယ်။ အမှန်ကတော့ အမြို့မြို့ အရွာရွာ ရှိကြပါတယ်။ ဒါကြောင့် ဘုရားပွဲ ကျင်းပတဲ့နေရာမှာ မနေ့ညက ပြောသွားသလိုပဲ မိမိတို့ ပွဲလမ်းသဘင် ထည့်တာ မထည့်ကောင်းဘူးလို့ ဒီလိုမဆိုလိုပါဘူး။ နားလည်မှု ရှိဖို့က အရေးကြီးတယ်။ မနေ့ညက ဝေဖန်ပြတာကတော့ ဘုရားဖို့ ကောက်ခံရင်း ဘုရားဘဏ္ဍာတော်ငွေ အစစ်ဖြစ်တယ်။ ဘုရားဘဏ္ဍာတော်ငွေ အစစ်ဖြစ်ရင် ဘုရားနဲ့ ပတ်သက်တဲ့ ကိစ္စသာ တိုက်ရိုက်အားဖြင့် သုံးသင့်တယ်လို့ ဒီလိုမှ မဟုတ်လို့ ဘုရားဖို့ ကောက်ခံလာတဲ့ ဘဏ္ဍာတော်ငွေထဲက ပွဲကြေးက မည်၍ မည်မျှ ညှော့ခံစရိတ်က ဘယ်လို ဘယ်အတွက်က ဘယ်နဲ့ ဒီလို သုံးပြန်တော့ အဲဒါ တို့တော့ မသုံးရဲဘူး ပေါ့လေ အမှန်ကတော့ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကလည်း ကိုယ်တိုင်ကိုယ်ကြအားဖြင့် အမိန့်ပေး ထားတာလဲ မဟုတ်။ မိမိတို့ အထင်နဲ့ မိမိတို့ လုပ်နေကြတဲ့ကိစ္စ။ ဒါကြောင့် ရှေ့အစွန်း နောက် အစွန်းလွတ်တဲ့ကိစ္စလည်း မဟုတ်တော့ ပွဲမပါရဘူး မဆိုလိုပါဘူး။ ဘုရားကြေးဖြင့် ဘုရားဘဏ္ဍာ ဘုရားတိုက်ရိုက်သုံး ဘုရားပူဇော်ပွဲ ဘုရားလှူဖို့ တန်းဖို့ ပူဇော်ဖို့ ပြုပြင်ဖို့ မွမ်းမံဖို့ မကောင်းဘူးလား ကွယ် (ကောင်းပါတယ်ဆရာ)၊ သန့်ရှင်းသွားတယ်။ ဒါဖြင့် ပွဲလမ်းသဘင်မပါရဘူးလား ပါနိုင်ပါ၏။ ဝါသနာအလျောက်ပေါ့။ ဒါပုထုဇဉ်ထုံးစံပဲ ဒါကင်းမလားဆို မကင်းပါဘူး။ ကင်းလို့လဲ မဖြစ်ကောင်း ပါဘူး။ ဒါကြတော့ ဘုရားပွဲရဲ့ ပရိကံ အခြံအရံ ကုသိုလ်မျိုးခေါ်တယ်။ ဇာတ်ပွဲတွေ ပွဲလမ်းသဘင်တွေ ဘုရားပွဲကြီး ခင်းကျင်းစီမံတဲ့အခါ စည်စည်ကားကား ဖြစ်ပါစေ ၊ တင့်တောင်းတင့်တယ် ဖြစ်ပါစေဆိုတဲ့ စေတနာထားရတယ်။ ပွဲကိုချည်း အာရုံစိုက်နေရတာ မဟုတ်ဘူး။ ဘုရားကျောပေးပြီးတော့ ပွဲကိုချည်း

http://www.dhammadownload.com

အာရုံစိုက်နေ။ ဒါရှေ့ကလည်းပဲ ရှိပါတယ်။ နောက်ဆုံးတစ်နေ့ ဘုရားမလာချင်တဲ့ လူတောင်ပဲ ဘုရားလာအောင်ဟဲ့ ဘုရားလာလို့ ရှိရင်ဖြင့် မုချဘုရားရှိခိုးဖော်ရတယ်။ ရှိခိုးဖော်ရရင် ဒင်းအတွက်ကတော့ ကုသိုလ်ရသွားသေးတာပဲဆိုတဲ့ စေတနာရည်ရွယ်ချက်နဲ့ ရှေ့လက်ထက်ကလည်း ရှိပါတယ်။

ဘုရားကျောင်းဒကာ ဇောတိကသူဌေးအလောင်းရဲ့စံနမူနာ

တို့ ဇောတိကသူဌေးများ တစ်ခုသောဘဝက ဘုရားကျောင်းဒကာ ဖြစ်ခဲ့ပါတယ်လို့ စေတနာလေးတွေ မှတ်လည်းထားကြ။ ဒါကိုယ်ကိုယ်တိုင်က နားလည်ထား ပြုပြင်မှုလေးတွေ သူကဘုရားကျောင်းတော်မှာ ကျောင်းဆောက်ပြီး လှူဒါန်းတော့ ဘုရားဒကာဖြစ် ကျောင်းဒကာကြီးကဖြစ်နေတော့ ဘုရားကလည်းပဲ မြို့သူမြို့သားတွေ အများပဲဆိုသလိုပဲ မြတ်စွာဘုရားကိုယ်တော်မြတ်တရားပွဲကြီး အမြဲလာစေချင်တယ်။ ဘုရားဖူးမျှော်စေချင်တယ်။ ဒါပေမယ့် လိုက်ခေါ်လို့ လာမလားမလာဘူး။ မလာတော့ ဘယ်နဲ့ လုပ်ပဲ့မတုံး၊ စိတ်ထဲမှာ လူအများကို ကြည်ညိုစေချင်တယ်။ ကုသိုလ်ရစေချင်တယ်ဆိုတဲ့ ဆန္ဒက ကပ်နေတော့ အဲဒီ ဇောတိကအလောင်း ကျောင်းဒကာက ဘုရားရဲ့ကျောင်းပရိဝုဏ်အတွင်းမှာ ချမ်းသာလည်း တယ်ချမ်းသာတယ်။ ဒူးဆစ်မြုပ်လောက်အောင်ကျောက်သံပတ္တမြား ရတနာတွေ အပြည့်ဖြည့်ထားတယ်နော် (မှန်ပါတယ်ဆရာ)၊ လူနင်းလိုက်ရင်နေရာမလပ် ဒူးဆစ်မြုပ်မြုပ် သွားတယ်။ ရတနာတွေ အပြည့်ထည့်ထားတော့ ရတနာခုနစ်ပါးအပြည့်ထည့်ထားတော့ ဘာလုပ်ဖို့ လဲလို့ ကျောင်းတော်ကို တရားနာလာတဲ့ လူတိုင်း အပြန်ကို တစ်ဆုပ်တစ်ခဲယူကြပါစေ နော် (မှန်ပါတယ်ဆရာ)၊ ကျယ်ကျယ်လိုက် မန္တလေးက ပြန်လာမှ အာမိလာတာတုံးနားလည်လား (နားလည်ပါတယ်ဆရာ)။

အေး - ဘုရားအဖူးမျှော်လာတဲ့ပုဂ္ဂိုလ်များ, ဘုရားအကြည်ညိုလာတဲ့ပုဂ္ဂိုလ်များ, ဘုရားတရားတော် နာရအောင်လာတဲ့ပုဂ္ဂိုလ်များ လာကြလို့ရှိရင် အပြန်မှာ အိမ်အပြန်လက်ဆောင်အနေနဲ့တစ်ယောက် တစ်ဆုပ်တန်တယ်, နှစ်ဆုပ်တန်တယ် ယူကြပါစေ။ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒါ လူတွေကို ပေးချင်လှုလို့ မဟုတ်ဘူး။ ဘာဖြစ်လို့ (ဘုရားကြည်ညိုစေချင်လို့ပါဆရာ)။ အေး - ဘုရားကြည်ညိုစေချင်တယ်, ကုသိုလ်ရစေချင်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်များ ရစေချင်တယ်တဲ့။ ကုသိုလ်ပွားစေချင်တယ်တဲ့။ ဘယ်လောက်ကောင်းတဲ့နည်းလဲ သေချာကြည့်။ ဒါပရိယာယ် ခေါ်တယ် မှတ်ထား။ သူကတော့ တတ်နိုင်တဲ့ပုဂ္ဂိုလ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တို့ အခုမြို့ပေါ်ရှိကြတဲ ဘုရားမှာ ကြပ်မတ်ပြီး စီမံဖန်တီးနေကြတဲ့ ဂေါပကအဖွဲ့တွေကလည်း ဒီလို စေတနာမျိုးထား ဘုရားအားလုံးပဲ လာပြီးတော့ ဖူးမျှော်လို့ရှိယင်

http://www.dhammadownload.com

ကုသိုလ်ရကြပါစေ။ ဘုရားမလာချင်ပေမဲ့ လာချင်စိတ်ဓာတ်ကလေးတွေ ပေါ်လာကြပါစေ။ ဘုရားလာပြန်တော့ ဘုရားဦးခိုက်ရင် ဘုရားရှိခိုးရင် ရှိခိုးတဲ့ ကုသိုလ်ထူးလေးတွေ ရကြပါစေဆိုတဲ့ အနေအားဖြင့် တတ်နိုင်ရင် ရွှေမန်းပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။

အောင်မောင်းတို့ စိန်အောင်မင်းတို့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဝှက်ဝှက်ကွဲသွားမယ်နော် ဒီအဆို ပြုလို့ရှိယင် အားလုံးဝိုင်းထောက်ခံမှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ရည်ရွယ်ချက်က ထားရတယ်။ ဘုရားပွဲမှာ "ပရိကံကုသိုလ်"ခေါ်တယ်။ ဘုရားကိုယ်တော်မြတ်ကြီး ပူဇော်ပွဲကြီးရဲ့ "အခြံအရံကုသိုလ်"ခေါ်တယ်၊ စီမံဖန်တီးပေးရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလို စေတနာထားတတ်လို့ရှိရင်လည်းပဲ "မဟပ္ဖလ မဟာနိသံသ" အကျိုးပေးပါတယ်တဲ့။ ခု ဒီလို ရည်ရွယ်ချက်က နည်းလို့ ပွဲလောက်ပဲ အာရုံခံ။ ဒါကြောင့် ဘုရားပွဲလုပ်တယ် ဆိုတာ အခုလိုပဲ ပွဲလမ်းသဘင်ပျော်ရွှင်မှုတွေနဲ့ သိုက်သိုက်မြိုက်မြိုက် လုပ်ခြင်းသည် မကောင်းဘူးလား ကောင်းပါ၏။ ဘယ်လိုမှကောင်း စောစောကပြောတဲ့ စေတနာမျိုးတွေ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းထားရင် ကောင်းတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပွဲလမ်းသဘင် ထည့်ချင်ရင် ရှင်းရှင်းလေး ပွဲကြေးသန့်သန့် ထားရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားဘဏ္ဍာတော်နဲ့ မရောစေနဲ့။ ဘုရားဘဏ္ဍာတော်က ဘုရားရည်ရွယ်ပြီးတော့ လှူပြီးသား တန်းပြီးသား ဖြစ်ပြန်တော့ လွှဲပြောင်းပြီးတော့ သုံးကောင်းတယ်။ မသုံးကောင်း ဘူးဆိုတာလဲ အဆုံးအဖြတ် မပေးလိုပါဘူး။ ကြည့်သာလုပ်ပေါ့လေနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် လုပ်ပုံလုပ်နည်းတွေက နည်းမကျတော့ကား အုတ်အုတ်ကျွက်ကျွက်နဲ့ ဆူဆူညံညံနဲ့ သောကောရောကော ရှုတ်ရှုတ်ပွေပွေနဲ့ နေကြတဲ့ ကုသိုလ်တွေ မြင်လို့ "ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ"ဆိုတဲ့ အနေအားဖြင့် သက်သက် လူ့ဘုံလူ့ရွာကြီးမှာ တစ်နှစ်တစ်ခါဆိုသလို အပြစ်ရှာရှာနေကြတယ်တဲ့။ ဒါအပြစ် မရရအောင် ရှာတာနဲ့ မတူဘူးလားကွယ် (တူပါတယ်ဆရာ)၊

ဒါကြောင့် 'တစ်နှစ်တစ်ခါ အပြစ်ရှာ လူ့ရွာဘုရားပွဲ"တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီတရားများ တို့ကသာ စပြောရင်တော့ ခဲကတော့ ကျပြီးသားပဲ။ ဒါလယ်တီဆရာတော် ရေးသွားတဲ့စာမမှန်ဘူး လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာလဲလို့ ချီးမွမ်းရတယ်။ ကျေးဇူးတင်ရတယ်။ အော်-မသိ မလိမ္မာတဲ့ လူများရဲ့အတွက် ငဲ့ကွက်ပြီးတော့ သက်သက် သိကြားလိမ္မာလာအောင်, နားလည်လာအောင်, အပြစ် ကင်းသတဲ့ ကင်းအောင်, သန့်ရှင်းသတဲ့ သန့်ရှင်းအောင် ဆိုဆုံးမဩဝါဒပေးတဲ့ စကားပါပဲလားလို့ ဒီလိုပဲ ကျေးဇူးတင်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ကျေးဇူးတင်ထားမှ ဒါကြောင့် တို့များကလည်း ဟောသွားတာက လယ်တီဆရာတော် ရေးထားတဲ့ စာလေးတစ်ပုဒ်တွေ့တာနဲ့ အဟုတ်လုပ်ပြီး

http://www.dhammadownload.com

ဟောသွားသလား မဟုတ်ပါဘူး။ အမှန်ကတော့ အဝိဇ္ဇာအကြောင်းခံပြီးတော့ ဖြစ်လာတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေ မှန်မှန်သမ္ဘ စင်စင်ကြယ်ကြယ်နဲ့ ကြိုးစား စေကာမူ ဝဋ်သုံးပါးတောင်းတ အလုပ်လုပ်နေရင်း သံသရာဝဋ်က ဘယ်တော့မှ မကျွတ်နိုင်။ ကျွတ်ပဲ့ မလား (မကျွတ်နိုင်ပါဘူးဆရာ)၊ မကျွတ်နိုင်ဘူး။ ဒါကြောင့် ဝဋ်သုံးပါး တမ်းတလုပ်တဲ့ ကုသိုလ်တောင်ပဲ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းနဲ့ မကြိုးစားတတ်ပါလားဆိုတာတွေ နားလည်မယ်။

ဒါကြောင့် အကယ်တန္တ သံသရာဝဋ်က ကျွတ်ရာ ကျွတ်ကြောင်းဆိုတဲ့ အနေအားဖြင့် မကြိုးစား ချင်နေပါအုံးတော့။ သံသရာတွင်းမှာပဲ လူကောင်း နတ်ကောင်း ပြဟ္မာကောင်း ဆိုသလို ကောင်းရာ သုဂတိရောက်ဖို့အတွက်ဆိုတဲ့ အနေအားဖြင့် ကံ, ကံ၏အကျိုး ယုံကြည်တဲ့ အနေအားဖြင့် အခု လိုပဲ ကုသိုလ်ကောင်းမှု ပြုတဲ့အခါမှာ မိမိတို့ ရည်ရွယ်ချက်အတိုင်း ထမြောက်အောင်မြင်ပါစေခြင်း အကျိုးငှာ သန့်ရှင်းစင်ကြယ်စွာသော စေတနာနဲ့ အလုပ်လုပ်တတ်ရင် ပို၍ ကောင်းပါ၏ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ ဝဋ်ထဲက ထွက်မလားဆို မထွက်၊ ဘာပြုလို့ ဝဋ်လည်ရာ လည်ကြောင်း ဆိုတဲ့ အနေအားဖြင့် လုပ်နေတဲ့ ကုသိုလ်တွေတဲ့။ ဒီကပြောပြောသွားတဲ့ သဘောလေးတွေလည်း သေသေချာချာလည်း ပြန်ပြန်ဝေဖန်ကြ။ ဝေဖန် ဝေဖန်ပြီးတော့လည်းပဲ အသုံးလည်းချကြ။ နေရာတကာမှာ အခုလို အချိန်အခါကြီးမှာ ဒီအသိဉာဏ်မျိုး ပေါ်နေတုန်းမှ ကိုယ့်လိုင်းလေးတွေ ကိုယ်မပြောင်းကြရင် ကိုယ်ရည်ရွယ်ချက် ကိုယ်မပြောင်းကြရင် သံသရာခေါင်းဖော်နိုင်စရာ အကြောင်း မရှိပါဘူးလို့ ကိုယ်လုပ်နေတဲ့ စေတနာနဲ့ ကိုယ့်လုပ်ပုံလုပ်နည်းနဲ့ ကြည့်မယ်ဆိုရင်ပေ့ါ ကွာ နော် (မှန်ပါတယ်ဆရာ)၊ မလွယ်လှဘူး။

ကုသိုလ်သုံးမျိုးအဆင့်ဆင့်မြတ်ပုံ

ဒါကြောင့် သေသေချာချာကြည့်စမ်း။ မြတ်စွာဘုရားကိုယ်တော်မြတ်က ဟောသွားတယ်။ ဒါန ကုသိုလ် သီလကုသိုလ် သမထကုသိုလ် ကုသိုလ်သုံးမျိုး တို့လူ့လောက ဒါကိုပဲ အမွန်အမြတ်ထား ပြီးတော့ ကြိုးစားအားထုတ် အလုပ်လုပ်နေ။ ဒါနကုသိုလ် နံပါတ်တစ်၊ သီလကုသိုလ် နံပါတ်နှစ်၊ သမထကုသိုလ် နံပါတ်သုံး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သူ့အဆင့်တိုင်း သူတက်သွား။ ဒါန ကုသိုလ် နံပါတ်တစ်တဲ့။ သီလကုသိုလ် နံပါတ်နှစ်က မြတ်၏။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သီလကုသိုလ် နံပါတ်နှစ်ထက် သမထကုသိုလ် နံပါတ်သုံးက မြတ်၏။ ဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ဒါနထက် သီလမြတ်တယ်၊ သီလထက် သမထမြတ်တယ်၊ မြတ်ဘူးလား (မြတ်ပါတယ်ဆရာ)။ အဲဒါ ဒါန သီလ ဆိုတာ ကာမာဝစရကုသိုလ်၊ သမထဆိုတာ ရူပါဝစရကုသိုလ်နဲ့ အရူပါဝစရ

http://www.dhammadownload.com

ကုသိုလ်ဆိုတော့ မဟဂ္ဂုတ်ကုသိုလ်ခေါ်တယ်။ လောကီကုသိုလ်ထဲမှာတော့ ထိပ်တန်းအကျဆုံးတဲ့။ တွက်ကြည့် တွက်ကြည့် ဒါနတော့ လူတိုင်းလုပ်နိုင်တယ် မဟုတ်လား (လုပ်ပါတယ်ဆရာ)၊ နည်းရောင်း များရောင်း တောင်းပြည့်ပေါ့။ ဝန်နဲ့အား မျှားနဲ့လေးတဲ့ ကိုယ်တတ်စွမ်းသမျှ လုပ်ကြတာပဲ။ တစ်ဇွန်းတစ်ယောက်မ ဆိုသလိုပဲ လှူနိုင်တန်းနိုင်တယ်။ သစ်သီးတစ်လုံး ပန်းတစ်ပွင့်ဆိုလည်း လှူနိုင်တန်းနိုင်တယ်။ ဆီမီးပန်းမန် ရေချမ်းဆိုလဲ လှူနိုင်တန်းနိုင်တယ်။ ဒါနလွယ်တယ် သီလဥပုသ်သီတင်း ဆောက်တည်ဖူးတယ်။ ငါးပါးသီလဆောက်တည်ကြ လုပ်နိုင်တယ်နော် (မှန်ပါတယ်ဆရာ)၊ သမထ ကုသိုလ်ကြတော့ လူတိုင်းလုပ်နိုင်ရဲ့လား (မလုပ်နိုင်ပါဘူးဆရာ)၊ ဈာန်သမာဓိလမ်းကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဈာန်သမထလမ်းတဲ့၊ သမထကုသိုလ် လူတိုင်းမလုပ်နိုင်ဘူးတဲ့။ လုပ်ပြန်တော့ကော ဒါနသီလထက် ဆထက်ထမ်ပိုး တိုးပြီးတော့ မြတ်တယ်တဲ့။ သမထကုသိုလ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ကြည့်ကွယ်၊ ဒါဖြင့် လောကီကုသိုလ် လောကီနယ်မှာ ဒါနကုသိုလ်ရယ်၊ သီလကုသိုလ်ရယ်၊ သမထကုသိုလ် ကုသိုလ်သုံးမျိုး သုံးစားရှိတဲ့ အနက်က ဘယ်သူ အမြတ်ဆုံးတုံ။ (သမထကုသိုလ် အမြတ်ဆုံးပါဆရာ)။

အေး-သမထကုသိုလ် အမြတ်ဆုံးနော် (မှန်ပါတယ်ဆရာ)၊ မဟဂ္ဂုတ်ကုသိုလ်ခေါ်တယ်၊ သမထ ကုသိုလ် အမြတ်ဆုံး၊ ဒါနတို့ သီလတို့ထက် မမြတ်ဘူးလား (မြတ်ပါတယ်ဆရာ)၊ အဲဒီ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်သုံးပါးကိုပဲ လက်ကိုင်ထားပြီးတော့ ကြိုးစားအားထုတ် အလုပ်လုပ်နေကြ ရတယ်လို့။ ဒါလေးပဲ တွယ်စရာ၊ ဒါလေးပဲ အားထားစရာရှိ၊ သံသရာ မနစ်မွန်းပါ့မဲ့အကြောင်း, အပါယ်လေးပါး မသွားပါမယ့်အကြောင်း, မလားပါ့မယ်အကြောင်း ဒီကုသိုလ်သုံးပါးပဲ လက်ကိုင်ထား ကြိုးစားနေကြ။ တို့ လူစုက ဒီလောက်ပဲ အားထား ဘုရား ဘုရားနဲ့ အဲဒါ အပါယ်လေးပါးကျမှာစိုးလို့ တတာနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သေခါနီးလဲပဲ မသေချင် ရှေ့အဖို့ကလည်း ဒါန သီလ သမထ တတ်အားသမျှ ကြိုးစားအားထုတ် သေခါနီးကြတော့လည်း ဘုရား ကု - ကုရတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ အပါယ်လေးပါးကျမှာ စိုးလို့နော် (မှန်ပါတယ်ဆရာ)၊ မတော်တဆ ချွတ်ချော်တိမ်းပါး အပါယ်လေးပါးသို့ လားခဲ့သော် လားမှာစိုးတဲ့ အတွက် ကူညီနိုင်သမျှ ကူညီပြီးတော့ မိတ်ကောင်းဆွေကောင်း ပီသစွာလို သေခါနီးဆဲဆဲများ ဟိုကမျက်ဖြူစိုက် အနားက “ကုတိပိ သော” ရွတ်တုန်း, “ဟေတုပစ္စယော” ရွတ်တုန်း ကြေးစည်သံလေး ပေးရတယ်။ ဘုရားကိုယ်တော်ပင့်ပြီးတော့ ဆင်းတုတော်များ ပြရတယ်။

သေခါနီးမှာ ဂတိလေး လားရာကောင်းပါစေလို့ ဒါ အပါယ်လေးပါးလားမှာ စိုးလို့ တားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုသာ လုပ်တယ်၊ စိတ်ချရလားဆို စိတ်ကလည်း မချရပြန်

http://www.dhammadownload.com

ချရဲ့လား (မချရဲ့ပါဘူးဆရာ)၊ မချရဘူး။ အဲဒါ ဘုရားကုခေါ်တယ်။ အဲဒါ စောစောကတည်းက မသေမီရှေ့အဖို့က အင်တိုက်အားတိုက် ကြိုးစားလုပ်တာလည်း အပါယ်လေးပါး လားမှာစိုးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက်တော့ နည်းနည်းရည်သန်မှု မရှိဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ဘက် ရည်သန်တဲ့စေတနာက နည်းနည်းလေးမှ မပါဘူး။

ဒါပေမယ့် အရှင်းတော့ မဟုတ်ပါဘူး။ ပါကောင်းဆိုတော့ ပါပါတယ်။ ပါးစပ်က အယောင် ယောင် အမှားမှား အခုနပြောခဲ့တဲ့ အပါယ်ဘေးသာ တွေးတွေးကြောက်နေ၊ အပါယ်လေးပါး လားမှာစိုးလို့ မတော်တဆ ချွတ်ချော်တိမ်းပါးပြီး အပါယ်လေးပါး လားခဲ့သော် ဒုက္ခပဲဟဲ့။ သေခါနီး ကိုယ်ကိုယ်တိုင် မတတ်နိုင်တော့ ဆွေသားမျိုးစုကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ သေခါနီးလေးမှာပဲ ဥပတ္ထမ္ဘကကုသိုလ်ဆိုတဲ့ အနေအားဖြင့် အထောက်အပံ့ ဝိုင်းပေးကြတယ်။ ဒါလဲ ရရဲ့လား ဆိုတော့ ဒါလဲ စိတ်မချရဘူး။ ရသင့်သလောက်တော့ ရမှာပေ့ါ။ စိတ်မချရဘူး။ ဘာပြုလို့ စိတ်မချရမှန်း သိလည်း သေသည်နဲ့တစ်ပြိုင်နက် သပိတ်သွတ်ရပြန်ပေ့ါ။ ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သပိတ်သွတ်ရပြန်ပြီး မတကဘတ်တဲ့ သေသူရည်မှန်းပြီးတော့ လှူဒါန်းတဲ့ ဆွမ်းခေါ်တယ်။ **မတက ဘတ္တ** = သေသူရည်မှန်းပြီးတော့ ဆွမ်းပါလှူဒါန်းပြီးတဲ့အခါကြ အမျှအတန်း ပေးဝေရတယ်။ အကယ်တန္တု ချွတ်ချော်တိမ်းပါး မကောင်းတဲ့ဂတိ လားခဲ့သော်, ငရဲလားခဲ့သော် ကျွတ်ပါစေ လွတ် ပါစေ။ ဒီကပေးဝေတဲ့အမျှ သာဓုအနုမောဒနာခေါ် ဆိုနိုင်ပြီးတော့ ပြိတ္တာဘဝလားခဲ့သော် ကျွတ်ပါ လွတ်ပါစေ ဆိုတဲ့ စေတနာနဲ့ ဒီကနေပြီး အမျှအတန်း ပေးဝေရတယ်။

ဒါ မသေချာပုံတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ သက်သေခံတွေ အင်မတန် ထင်ရှားတယ် ပေါ်ပေါ်လာတယ်။ အဲဒီတော့ ဘာကူစားနေလဲဆိုတော့ အပါယ်ဘေးနဲ့ တကယ်အေး ဖို့လောက်ကလေး ကြိုးစား မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် ရည်ရွယ်ချက်ကတော့ နည်းနည်း ကလေးမှ မပါဘူး။ ပါရဲ့လား (မပါပါဘူးဆရာ)၊ မှတ်ထား ဘာမှ မတတ်ဘူးထား။ ဘာမှ နားမလည် ဘူးထား၊ ဘာတရားမှ အားမထုတ်ဘူးထား၊ ကိုယ်လုပ်တဲ့ ကုသိုလ်တိုင်း ကုသိုလ်တိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရရပါလို၏၊ အာရုံပြုလုပ် သေရင် ဘယ်တော့မှ အပါယ်မလားဘူးဆိုတာ မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ အပါယ်မလားဘူး။

အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာနဓာတ်ကြီးရဲ့ "နဝ လောကုတ္တရဓမ္မ" ဆိုတဲ့ ကိုးပါးသော လောကုတ္တရာဓာတ်ကြီးရဲ့ အရှိန်အဝါအားဖြင့် ၎င်းပုဂ္ဂိုလ်က မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာ ကြီးသာ မရသေးတာ မရောက်သေးတာပဲ သူ့ဘက်သားဖြစ်သွားပြီတဲ့။ ဒီဆန္ဒဓာတ်ကလေးတွေ ပေါ်ကတည်းက နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါကြောင့် နိဗ္ဗာနဓာတ်ကြီးက အစိန္တိယျဂုဏ်နဲ့

http://www.dhammadownload.com

ပြထားတာ။ အင်မတန်ကိုပဲ အံ့ဩစရာကောင်းတာ။ အံ့ဩလို့လည်း မကုန်ဘူး။ ချီးမွမ်းလို့လည်း မကုန်ဘူးတဲ့။ နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူးက သို့ကလောက်တောင် ထူးကဲမွန်မြတ်တယ် ခေါ်တယ်။

ဒါကြောင့် ဘာမှ မတတ်ဘူးထား၊ ဘာမှ နားမလည်ဘူးထား၊ ဘာတရားမှ အားမထုတ်ဘူးထား ငါတော့ လူအလူန လောကုတ္တရာစီးပွားနဲ့ ပတ်သက်လို့ ဘာမှ မလုပ်တတ်ဘူးနေ ရှိပစေတော့။ ကိုယ့်လုပ်တဲ့ ကုသိုလ်တိုင်း ကုသိုလ်တိုင်းကို မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ရရပါလို၏။ ဆန္ဒဓာတ်ပြင်းပြင်းနဲ့ တကယ်တင်းတင်းလေး တောင်းတောင်းပြီးတော့ အလုပ်လုပ်သွားစမ်း ကိုယ့်စိတ်ထဲ စေတနာကလည်း ပါရမယ် နော် (မှန်ပါတယ်ဆရာ)၊ စေတနာက ထက်ထက်သန်သန် ပါရမယ်။ ဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရရင်နေဦးဟဲ့၊ နိဗ္ဗာန်မရောက်ရင် နေဦးဟဲ့၊ နိဗ္ဗာန်ရရာရကြောင်း ဆိုတဲ့ အနေအားဖြင့် ဒီကုသိုလ် ငါလုပ်မယ်၊ ရည်ရွယ်ချက်ကလေး ဒီလိုသွား။ အဲဒါ ဘာတရားမှ အားမထုတ်ပေမဲ့ ပုဂ္ဂိုလ်က သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးက ဂွင်းလုံးကျွတ် လွတ်ပါတယ်လို့ ဘယ်တော့မှ အပါယ်မလားဘူး။ အဲဒါ အပါယ်ဘေးက တကယ်အေးအောင် ကုတဲ့ သတဲ့ နည်းမှ အလွယ်ဆုံး ဆေးခေါ်တယ်။ ဒီလိုမှ မဟုတ်သေးဘဲနဲ့ ဒါထက်တစ်ဆင့်တိုးပြီးတော့ ရုပ်နာမ် ခန္ဓာမြင်အောင်, ပရမတ်တွေ ဓာတ်တွေ သိလာအောင်, ရူပပရိစ္ဆေဒ နာမပရိစ္ဆေဒ နာမရူပပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟ အစရှိသည်အားဖြင့် တစ်ဆင့်ထက် တစ်ဆင့်တိုးတိုး ကျင့်သွားလို့ရှိရင်လည်းပဲ ကလျာဏ ပုထုဇဉ် စူဠသောတာပန် ရောက်ရင်လဲပဲ အပါယ်လေးပါးက တကယ်တံခါးပိတ်ပါတယ်နော် (မှန်ပါ တယ်ဆရာ)၊ စိတ်ချသွားပြီး သံသရာဘယ်တော့မှ မနစ်မွန်းဘူးလို့ တွက်ထား။

အဲဒါ "နဝ လောကုတ္တရာဓမ္မ" ခေါ်ထားတဲ့ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာနဓာတ်ကြီးရဲ့ ကိုးပါးသော လောကုတ္တရာတရားရဲ့ ဂုဏ်ကျေးဇူးရဲ့ အရှိန်အဝါ အင်မတန်ကြီးပါတယ်လို့ ပူစရာမရှိပါဘူး၊ ကြောက်စရာ မရှိပါဘူး။ သေပြန်တော့လည်း မတွေမဝေ သေရပါတယ်။ အခုတော့ ဒီလို မဟုတ်ဘူး။ အပါယ်ကျမှာ အင်မတန် ကြောက်တယ်။ အပါယ်မကျရုံလောက်ကလေးပဲ ကာကွယ်တဲ့အနေနဲ့ အလုပ်လုပ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်း လူ့စည်းစိမ် နတ်စည်းစိမ် ပြဟ္မာ့စည်းစိမ်ဆိုတဲ့ လောက စည်းစိမ်ကြီး မက်မောတဲ့အနေနဲ့ လုပ်တယ်။ ဒါပဲရှိတယ်။ ဒါဝဋ်သုံးပါး တမ်းတပြီး လုပ်တဲ့အလုပ်တဲ့။ အဲဒီတော့ကြည့်၊ ဒါဖြင့် ဒါဝဋ်သုံးပါး တမ်းတပြီးတော့ လူကောင်း နတ်ကောင်း ပြဟ္မာကောင်း ဖြစ်အောင် လုပ်တာ ဘာတွေတုံ၊ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ် မဟုတ်လားကွယ် (မှန်ပါတယ်ဆရာ)၊ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဒီသုံးပါးပဲ၊ အဲဒီ သုံးပါးမှာကြည့် အဋ္ဌကထာဆရာက ပြသွားတာ။

http://www.dhammadownload.com

ဒါနကုသိုလ် သီလကုသိုလ်တို့ထက် သမထကုသိုလ်သည်, ဈာန်သမထပွားများတဲ့ ကုသိုလ်သည် မရေမတွက်နိုင်အောင် မြတ်၏။ မြတ်ဘူးလား (မြတ်ပါတယ်ဆရာ)၊ ဒီတော့ ကြည့်စမ်း။ အဲဒီ အင်မတန် မြတ်တယ်ဆိုတဲ့ ဈာန်သမထကုသိုလ်သော်လည်းပဲ ဝဋ်သုံးပါး တမ်းတလုပ်နေလို့ရှိယင်တဲ့ ဒီပင်္ကရိုစ္စ သမုပ္ပါဒ် စက်ရဟတ် အဆက်မပြတ် လည်အုံးမှာပဲ။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝဋ္ဋကုသိုလ်ခေါ်တယ်။ ဒီတော့ -

"ယံ ဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ အန္တမသော ပဉ္စာအဘိညာ၊ အဋ္ဌ ဝါ ပန သမာပတ္တိယော ၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါ၀ ဟောတိ" (သံယုတ္တ၊ နိဒါနဝဂ္ဂအဋ္ဌကထာ၊ ၁၈)

ဟူ၍ ၎င်းအဋ္ဌကထာ ပြထားတာ မှတ်နော် သေသေချာချာ။ တစ်ဘက်သားနဲ့ မရှင်းလင်းလို့ စကားပြောတောင်ပဲ ချေပလို့ အင်မတန်မှ ခိုင်လုံတယ် ခေါ်တယ်။ အတ္တနောမတိအနေအားဖြင့် ကိုယ်သိကိုယ်တတ်လုပ်ပြီးတော့ ပြောသွားတဲ့ လမ်းစဉ် မဟုတ်ပါဘူး။ သေချာကြည့်။

ဝဋ္ဋံ၊ ဘုံသုံးပါးကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋ-ဆိုတာ ဘာခေါ်လဲ (ဝဋ်သုံးပါးလည်စေ တတ်တာပါဆရာ)၊ ဝဋ္ဋ-ဆိုတာ ဘာကောက် တရားကိုယ် မန္တလေး တစ်ခေါက်သွား ပျောက်သွားပြီ ကြည့်။

"ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ၊ ဝဋ္ဋဆိုတာ ဘာခေါ်လဲ (ဝဋ္ဋံ နာမ တေဘူမကဝဋ္ဋံ ပါဆရာ)၊ ဟောဗျာ ငါဆိုသလို လိုက်ဆိုဘာပဲ။ ဝဋ္ဋံ နာမ၊ ဝဋ္ဋဟူသည်ကား။ တေဘူမကဝဋ္ဋံ၊ ဘုံသုံးပါး ဝဋ္ဋတို့။ ဝဋ္ဋပါဒတို့ မေ့ကုန်ပြီလား (မမေ့ပါဘူးဆရာ)၊ မမေ့သာ မမေ့တယ် ဘယ်ရှိတော့တုန်း ဝဋ္ဋဆိုတာ ဘုံသုံးပါး ခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် -

"ဝဋ္ဋံ ပတ္ထေတွာ"တဲ့။ "ပဝတ္တိတံ အန္တမသော" ဝဋ္ဋံ၊ ဘုံသုံးပါးကို ဘုံသုံးပါးတော့ ရေတတ်တဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူတွေတုံး (အပါယ်လေးဘုံရယ်ပါဆရာ)၊ ဟော ကိုင်း-မင်းဥစ္စာ အပါယ်လေးဘုံ ဆိုတော့ ဘုံသုံးပါးမကဘူး လေးဘုံတောင်ဖြစ်နေပြီ ခက်တာပဲ။ ကာမ ရူပ အရူပ ကာမဘုံရယ်, ရူပဘုံရယ်, အရူပဘုံရယ် မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ ဘုံသုံးပါးက သုံးဘုံ ပုံပြီးတော့ ရေးထားလို့ သုံးပါးခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အစိတ်အစိတ် တွဲလိုက်တော့ ဘယ်လောက်ရှိ (၃၁-ဘုံပါဆရာ)၊ အေး-ဟုတ်ပြီ ကာမဘုံရယ် ရူပဘုံရယ် အရူပဘုံရယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒါ ဘုံသုံးပါးကို ဝဋ္ဋလို့ ဒီလိုခေါ်တယ်။ အဲဒီ ဘုံသုံးပါးကို လည်စေတတ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကိုတော့ ဝဋ္ဋပါဒကုသိုလ်ကံကို ဝဋ္ဋပါဒကုသိလ်နော် (မှန်ပါတယ် ဆရာ)။

http://www.dhammadownload.com

“ဝဋ္ဋုပါဒံ နာမ ဝဋ္ဋပဋိလာဘာယ ကမ္မံ။

ဝဋ္ဋုပါဒံ နာမ၊ ဝဋ္ဋုပါဒဟူသည်ကား။ ဝဋ္ဋပဋိလာဘာယ၊ ဝဋ်သုံးပါးကို ရခြင်းအကျိုးငှာ။ ကမ္မံ၊ အားထုတ်သော ကုသိုလ်ကံ။

ဘုံသုံးပါးရအောင် ကြိုးစားလုပ်နေတဲ့ ကုသိုလ်ကံတွေတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်ကံတွေထဲမှာ ဒါနကုသိုလ်လည်း ရှိတယ်။ သီလကုသိုလ်လည်း သမထ ကုသိုလ်လည်း ရှိတယ်တဲ့။ သုံးမျိုးသုံးစားရှိတဲ့အနက်က ဒါန သီလ သမထ ဒါန သီလဆိုတဲ့ ကုသိုလ်နှစ်ပါးတို့ထက် ဈာန်သမထဆိုတဲ့ ကုသိုလ်ကံဟာ အဆပေါင်းများစွာသာတယ်။ အမြတ်ဆုံးခေါ်တယ်။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အဲဒီ အမြတ်ဆုံးဆိုတဲ့ သမထကုသိုလ်ကြီးပင်လျှင် ဘုရားကိုယ်တော်မြတ်က ဝဋ်သုံးပါးသာလျှင် အဖို့ရှိတယ်တဲ့။ ဝဋ်သုံးပါးဦးတည်ပြီး လုပ်တယ်တဲ့။ အဲဒီလို ဝဋ်သုံးပါး ဦးတည်ပြီး လုပ်သည်ဖြစ်သောကြောင့် ဒီအကျင့်ဟာ မိစ္ဆာမှားတဲ့အကျင့်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် -

ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ အန္တမာသော ပဉ္စာဘိညာ၊ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။

သံယုတ္တအဋ္ဌကထာက တိုက်ရိုက် ပြထားတာ။

ဝဋ္ဋံ၊ ဘုံသုံးပါးကို။ ပတ္ထေတွာ၊ တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမာသော၊ ယုတ်သော အပိုင်းခြားဖြင့်။ ပဉ္စာဘိညာ ဝါ၊ အဘိဉာဏ်ငါးပါးသည်တို့လည်းကောင်း။ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သမာပတ် ရှစ်ပါးသည်လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗံ တံ၊ ထိုအလုံးစုံသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ်သုံးပါးသာလျှင် အဖို့ရှိ၏။ ဘုံသုံးပါးသာလျှင် အဖို့ရှိ၏။ ဝဋ္ဋသီသံ၊ ဝဋ်သုံးပါးသာလျှင် ဦးမူလျက်ရှိ၏။ ဣတိ၊ ဤသို့။ ဝဋ္ဋသီသတ္တာ၊ ဝဋ်သုံးပါးကို ဘုံသုံးပါး ဦးမူတတ်သည်၏ အဖြစ်ကြောင့်။ မိစ္ဆာပဋိပဒါဝ၊ မှားသော အကျင့်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ကိုင်း-ဒါနကုသိုလ် သီလကုသိုလ်တို့ထက် အဆပေါင်းများစွာ သာချင်တိုင်းသာဆိုတဲ့ သမထကုသိုလ်ကြီး အားထုတ်လို့ အားထုတ်ရုံလေး မဟုတ်သေးဘူးတဲ့။ ရလိုက်တာက အဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါးတဲ့။ တန်းမမြင့်ဘူးလား (မြင့်ပါတယ်ဆရာ)၊ အဲဒီ အဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါးရအောင် အားထုတ်တဲ့ သမထကုသိုလ်ကြီး ဖြစ်စေကာမူတဲ့ ဘုံသုံးပါးရဲ့ အဖို့ပဲတဲ့။ ဘုံသုံးပါး ဦးမူပြီးတော့ လုပ်နေတာ ဖြစ်သောကြောင့် ဒီအကျင့်ဟာ “မိစ္ဆာပဋိပဒါ” ရှက်စရာကောင်းလိုက်တာ။ ဘာအကျင့်ကြီးတဲ့ (မိစ္ဆာအကျင့်ပါဆရာ)၊ မိစ္ဆာအကျင့် အကျင့်မှားကြီး ဖြစ်နေ (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

အဲဒါ မှတ်ထား၊ ဒါဖြင့် သူ့အောက်မှာ တန်းယုတ်နေတဲ့ဆိုတဲ့ ဒါနကုသိုလ် သီလကုသိုလ်လုပ်တဲ့ လူတွေကြတော့ ဆိုဖွယ်ရာ ရှိသေးသလား (မရှိတော့ပါဘူးဆရာ)၊ ဆိုဖွယ်ရာ မရှိဘူး၊ ဆင်ခြင်ပေးစရာ မလိုတော့ဘူး။

ဒါကြောင့် ဝဋ္ဋသုံးပါး တမ်းတပြီးတော့ လုပ်နေကြတဲ့ တို့လူစုတွေ သေသေချာချာလည်း သတိမူတဲ့ ဘုရားကိုယ်တော်မြတ်ကိုက တိုက်ရိုက်ဟောသွားတာ။ ဒီလို ဒါနမှု သီလမှုလေး ကုသိုလ်လေးမဆိုထားနဲ့ သူ့ထက်ရာထောင်မက သာချင်တိုင်းသာနေတဲ့ အဘိညာဏ်ငါးပါးရအောင် ကြိုးစားတဲ့ သမထကုသိုလ်, သမာပတ်ရှစ်ပါးရလာအောင် ကြိုးစားတဲ့ သမထကုသိုလ်။ အဲဒီကုသိုလ်တွေ စင်လျက် ဘုံသုံးပါးသာလျှင် အဖို့ရှိလို့ ဘုံသုံးပါးသာလျှင် ဦးမူ၍ လုပ်သည်ဖြစ်ပါသောကြောင့် "မိစ္ဆာပဋိပဒါ"လို့ ခေါ်ပါ၏။ မှားသော အကျင့်ကြီးတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပါဠိတော်နဲ့ အဋ္ဌကထာ အဖွင့်နဲ့ တိတိကျကျ ထိထိရှရှ မိမိရရ ဆိုသလိုပဲ သိရှိကြပါစေလို့။ စေတနာကောင်းနဲ့ လိုင်းလေး တွေပြောင်းတတ်အောင် သင်ပေးထာ။ ဒါနမလုပ်ရဘူး၊ သီလမဆောက်တည်ရဘူး၊ သမထ အားမထုတ်ရဘူးဆိုတဲ့ စေတနာက ဆံချည်ဖျားမျှ မပါပါလို့နော် (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက် ပြောင်းဖို့ ပြောတာ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)၊ ရည်ရွယ်ချက် ကလေးတွေ ပြောင်းကြ စေတနာလေးတွေ ပြောင်းကြ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် လှည့်ကြ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒီလို လှည့်တတ်သွားပြီဆိုတော့ လှည့်ချင်တဲ့ စိတ်ဓာတ်တွေ ပါလာပြီဆိုတော့ ခါတိုင်း အရင်တုန်းက သောကော ရောကော လုပ်နေတဲ့ ဒါနမျိုးတဲ့ ဆယ်ဆမက တိုးပြီး လုပ်စမ်းပါ။ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ တန်ဖိုးကလည်း သိပ်ရှိတာပဲ။ စေတနာတစ်ချက်ထွက် လာယင် ဟိုက တစ်လှမ်းနီးတယ်ဆိုတာ မှတ်ထား မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက် တစ်လှမ်းကပ်သွားပြီး စေတနာလေးတစ်ချက်ဖြစ်လိုက်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက် တစ်လှမ်း နီးသွားပြန်ပြီ နော် (မှန်ပါတယ်ဆရာ)၊ စေတနာတွေ များများလာတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက် လုံးလုံးကပ်မသွားဘူး လား (ကပ်သွားပါတယ်ဆရာ)၊ ဒါမှ အခုတော့ ဒီလို မဟုတ်ဘူး၊ ဘယ်နဲ့ဖြစ်နေတုံးဆို တို့လူစုတွေ ငါတစ်နေ့ညက ပြောသွားတယ်။ မိသေးကလေး ထမင်းခွံ့နည်းကြနေ နော် (မှန်ပါတယ်ဆရာ)၊ လုပ်လိုက်တဲ့ကုသိုလ်တွေကဖြင့် ထောင်ချီ သောင်းချီ သိန်းချီ သန်းချီ ချလိုက်တာပဲ။

ဒါပေမယ့် မိသေးပါးစပ်ထဲ ပလုပ်ပလောင်းနဲ့ ဝါးလိုက်တဲ့ ထမင်းတွေ ကလေးဝမ်းထဲရောက် တာက လက်ညှိုးလက်မ သူ့ဝမ်းထဲမျိုချတာက များများနော် (မှန်ပါတယ်ဆရာ)၊ ဘုံသုံးပါးချည်းပဲ ပိတ်ဓာတ်က လှမ်းလှမ်းလှမ်းလှမ်းနေ ဟိုဘက်ကို မလှည့်နိုင်ဘူး။ ဟိုဘက်လှည့်တာက နည်းနည်းပါးပါး

http://www.dhammadownload.com

လေးပါတယ်။ အင်မတန်မှ ကြောက်စရာကောင်းတယ်လို့ ဒါလေးတွေ ကြပ်ကြပ် သတိထားပြီးတော့ စခန်းသွားလို့ရှိရင် တို့လူများသည် လမ်းမမှားပါဘူး။ အမြန်ဆုံး မဂ်စခန်း ဖိုလ်စခန်း နီးပါးလိမ့်မယ်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးလည်းပဲ အမြန်ဆုံး အဆက်ဖြတ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက်ကို မျက်နှာမူကြပါလို့ အားထုတ်တဲ့နေရာ ကြိုးစားတဲ့နေရာ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ သင်ပေးတာပါ။

ဒီလို လုပ်တာက မှားနေတယ်ဟဲ့။ နောက်နောက်ကလည်း လုပ်ခဲ့ပေါင်း များပဟဲ့။ သံသရာထဲ လည်လို့ မဆုံးဘူးဟဲ့၊ တစ်မဂ်တစ်ဖိုလ်မှလည်း မရခဲ့ဘူးဟဲ့၊ အခုလည်း ဒီနည်းလိုပါပဲ၊ အခုလုပ်တော့ အရင်လုပ်နည်းတွေ မလုပ်နဲ့၊ အရင်လုပ်နည်းတွေ လုပ်ရင် အရှုံးထွက်နေပြီ၊ သံသရာလည်လို့ လက်စမသတ်ဘူး။ သံသရာထွက်ရပ်ပေါက်အောင်ဆိုတဲ့ အနေအားဖြင့် လုပ်ကြ။ ဒီလို ရည်ရွယ်ချက်နဲ့ သွားလို့ရှိရင် ဒီလို ဖြစ်နိုင်တယ်လို့ မြတ်စွာဘုရား ကိုယ်တော်မြတ် ချပေးတဲ့ လမ်းစဉ် အတိုင်း သဘာဝကျကျနဲ့ ပြနေတာ နော် (မှန်ပါတယ်ဆရာ)၊ တော်တော်လေး ရိပ်စားမိလို့ တော်တော်လေး နားရေဝတဲ့လူ, နားလည်တဲ့လူတော့ ပြောင်းကောင်းပါရဲ့။ ဒါပေမယ့် ငါမနေ့က ပြောသလို ဆိုင်းသံ ဗုံသံကြားပြီးလားဆိုတော့ အူယားဖားယားဖြစ် ပျောက်ကုန်ပြန်ပေါ့။ ဒီစေတနာလေး မရှိပြန်ဘူး။ သူရော ငါပါ ဒီအတိုင်းပါပဲ။ မထူးပါဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီကြားထဲကပဲ အတင်းစွဲစွဲ စွဲစွဲ ထုတ်နေရတာပဲ။ ဟုတ်သင့်သလောက် ဟုတ်ပါစေလို့ ငြိငြင်တဲ့ ပုဂ္ဂိုလ်လည်း ငြိငြင်မှာပဲ၊ မကြိုက်တဲ့ ပုဂ္ဂိုလ်လည်း မကြိုက်ဘူးပေါ့၊ တော်တော်လေး တတ်ကျွမ်းနားလည်ထားတဲ့ ပုဂ္ဂိုလ်ကြ ကြိုက်မှာပေါ့။ ဟုတ်ပေသားပဲ။

တို့ သံသရာလမ်းစဉ်ကြီး တစ်လျှောက်လုံး မှားခဲ့တယ်။ မှားလို့ သံသရာဝဋ်အတွင်းက မလွတ် ကင်းတာ။ တစ်သံသရာလုံး ပြုတာလည်း ဒီကုသိုလ်ပဲ၊ ခုပြုတာလည်း ဒီကုသိုလ်ပဲ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သံသရာလည်အောင် ပြုတော့လည်း ဒီကုသိုလ် သံသရာကကျွတ်အောင် လွတ်အောင် လုပ်တော့လည်း ဒီကုသိုလ်။ ဒီကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်ဆိုတဲ့ လောကီ ကုသိုလ်နဲ့ သွားနေကြတာပါ။ အမှန်ကတော့ ဒါပေမယ့် သံသရာလည်အောင် လုပ်စဉ်အခါတုန်းက ဒီကုသိုလ်တွေ လုပ်တယ်ဆိုပေမဲ့ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ သဘောနဲ့ အလုပ်လို့ နော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်း ကြောင့်။ သင်္ခါရာ၊ သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ဖြစ်လာတည်းက အဝိဇ္ဇာ အကြောင်းခံဖြစ်လာတာတဲ့။ ဒါကြောင့် တို့ သံသရာစက်ကြီးလည်းပဲ ဖျက်ဆီးတဲ့ နည်းမရ လို့ရှိယင် အင်မတန် ခက်တယ်။ သံသရာစက်ကြီး ဘယ်နည်းနဲ့ ဖျက်ဆီးလို့ ရပါ့မယ်။ အဲဒါ ခလုပ်မှ မသိလည်းပဲ ဖြုတ်လို့ကို မရနိုင်ဘူး။ သိပြန်တော့လည်း အလွယ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် အဋ္ဌကထာဆရာက အခုနတုန်းက သံသရာလည်တတ်တဲ့ ဝဋ္ဋကထာရဲ့ အဓိပ္ပါယ် ပြောသွားတယ်။ အေး-ဘာမှ တန်းမရှိတဲ့ ဒါနကုသိုလ် သီလကုသိုလ်ဆိုတဲ့ ကုသိုလ်လေးတွေ ထားအုံးဟ။ အဘိညာဉ်ငါးပါးရအောင် ကြိုးစားတဲ့ သမထကုသိုလ်တဲ့၊ သမာပတ်ရှစ်ပါးရအောင် ကြိုးစားတဲ့ သမထကုသိုလ်တဲ့။ အဲဒီ ကုသိုလ်များစင်လျက် ဘုံသုံးပါးလျှင်အဖို့ ရှိလို့ ဘုံသုံးပါးလျင် ဦးမူတဲ့အတွက်ကြောင့် မှားသော အကျင့်တွေလို့ ဒီလို ဆိုသွားတယ်။ ရှင်းဘူးလား (ရှင်းပါတယ် ဆရာ)၊ ငြင်းစရာကို မလိုဘူး။ သူနဲ့တန်းမဆိုင်း သူ့တန်းလှမ်းဖို့ အတော်ခဲယဉ်းဆို ဒါနကုသိုလ် သီလကုသိုလ်တော့ ပြောစရာ မလိုတော့ဘူးတဲ့။ "မိစ္ဆာပဋိပဒါ"တဲ့၊ ဒါ အကျင့်မှားတွေတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဆိုသွားတယ်။ ဒါဖြင့် ကောင်းပါပြီ၊ ဒီ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်သုံးမျိုးပဲ သတ္တဝါများက လက်ကိုင်ထားပြီးတော့ အားကိုးနေရပါတယ်။ ဒီသံသရာစက်ရဟတ်ကြီး ဒီကုသိုလ် သုံးပါး ဒီလိုကြိုးစားလို့မှ မပြတ်တဲ့ မရပ်တဲ့အပြင် ဆက်ကာဆက်ကာ လည်အုံးမယ်ဆိုတော့ ပြတ်တော့ ဘယ်နဲ့လုပ်ပါ့ ပြတ်ချင်တော့ ဘယ်နဲ့လုပ်ပါ၊ ရပ်ချင်တော့ ဘယ်နဲ့လုပ်ပါနော် (မှန်ပါတယ်ဆရာ)။

ဒီကုသိုလ်ပဲ လုပ်တာပေါ့ အဋ္ဌကထာဆရာက ပြန်ပြတယ်။ လုပ်နည်းလေး မှတ်ထား၊ ဒီကုသိုလ် ပဲ လုပ်ပါတဲ့ ဒီဒါနပဲ ဒီသီလပဲ ဒီသမထပဲနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒါနကုသိုလ် လုပ်နည်း လေးပြသွားတယ်။ အဋ္ဌကထာဆရာက -

"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတုတိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဋ္ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊"။ (သံယုတ္တ၊ နိဒါနဝဂ္ဂ အဋ္ဌကထာ၊ ၄၀)

အင်မတန် မှတ်သားကောင်းတယ်။ သံယုတ္တအဋ္ဌကထာက ဒီလို လုပ်တော့ ဒီလို လည်တယ်ဟ၊ ဒီလိုလုပ်တော့ ဒီလို ရပ်သွားတယ်ဟ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ မှတ်ထားနော် သေသေ ချာချာလည်း။ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု"။ မေ၊ ငါ၏။ ဣဒံဒ ါနံ၊ ဤသို့ ယခု ပြုစုရသော ဒါနကုသိုလ်သည်။ နည်းများမဆို ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ ပန်းတစ်ပွင့်ဆိုလည်း ဒါနမဟုတ်လား (ဒါနပါပဲဆရာ)၊ သစ်သီးတစ်လုံးကော (ဒါနပါပဲဆရာ)၊ တစ်ဇွန်းတစ်ယောက်မ ကကော (ဒါနပါပဲဆရာ)၊ တစ်သိန်းတန် တစ်သောင်းတန်ဆိုတဲ့ ကျောင်းကြီး တိုက်ကြီး တာကြီးမှာ မဟုတ်ဘူး။ ဒါမှ မဟုတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် စေတနာများ များသလို အကျိုးများတာပေါ့။ ဒါပေမယ့် အောက်တစ်ဆုံးကနေ ပြတယ်။ စေတနာ ပြဋ္ဌာန်းတယ်ခေါ်တယ်။ ဝတ္ထုပြဋ္ဌာန်းတာ မဟုတ်ပါဘူး။ ဝတ္ထုကတော့ မိုးထိအောင် ကျောင်းကြီးဆောက် စေတနာက မပါတော့ "မဟပ္ဖလ မဟာနိသံသ" ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးပဲ့

http://www.dhammadownload.com

မလားဟ (မပေးပါဘူးဆရာ)၊ မပေးနိုင်ဘူး။ ပန်းတစ်ပွင့်ဖြစ်စေ၊ တောထဲက ခူးရတဲ့ ပန်းလေးတစ်ပွင့် ဖြစ်စေ၊ စေတနာက ထက်လာပြီဆိုမှဖြင့် မဟပ္ဖလမဟာနိသံသ၊ တကယ့် ဖွံ့ဖြိုးတဲ့အကျိုးထူးပေး နိုင်ပါတယ်လို့။ စေတနာမူလ အဓိကထား ဟောတာ။ ဝတ္ထုအဓိကထားတာ မဟုတ်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တို့ လူစုတွေက ဝတ္ထုချင်းပြိုင်ကြတယ်။ ဘယ်သူလှူထားတဲ့ ပစ္စည်းက ဘယ်လိုကို ငါ့ပစ္စည်းကျ ဘယ်နဲ့နေတာပဲ တူရဲ့လားနော် (မှန်ပါတယ်ဆရာ)၊ တို့ကသ ၁တယ် သူဟာက ညံ့တယ်။ ဝတ္ထုခြင်း မပြိုင်ဘူးလား (ပြိုင်ပါတယ်ဆရာ)၊ အလှူလုပ်ရာလည်း ပြိုင်တာပဲ။ ဘာမှ မထူးဘူး။ ဒီအပြိုင်တို့ အဆိုင်တို့ အမော်လို့ အကြွားတို့ဆိုတော့ တို့လူစုက မသင်ရပါဘူး အလိုလိုတက်လာ။ ဒါကြောင့် ဝတ္ထုက အကျိုးပေးတာ မဟုတ်ဘူး။ စေတနာက အကျိုးပေးတာတဲ့။ စေတနာသန့်သန့်လေး ထားကြတဲ့ ညောင်စေ့လောက်လှူပေမဲ့ ညောင်ပင်လောက် ဖြစ်ချင်ဖြစ်တာပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ညောင်ပင်လောက် လှူပေမဲ့ ညောင်စေ့လောက် ဖြစ်ချင်ဖြစ်တာပဲတဲ့။ သဘောသွား သဘောသွား အဲဒါ စေတနာအဓိကထား ပြောတာ။ ဝတ္ထု အဓိကထား ပြောတာ မဟုတ်ပါဘူး။ ဒါဖြင့် အင်မတန် တန်ဖိုးထားတဲ့ အလုပ်တွေ လုပ်တဲ့ ကုသိုလ်ကြ ဘယ်နဲ့လုပ်ပ့ါ။ စေတနာတန်ဖိုး များသွားရင် သူကပိုပြီးတော့ အကျိုးများတာပေ့ါ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ စေတနာ အဓိကထား ပြောသွားတာ ဝတ္ထုကလည်း တန်ဖိုးအင်မတန်များတယ်။ စေတနာ ကလည်း အင်မတန် ထက်သန်တယ်ဆိုလို့ရှိရင်ဖြင့် တကယ်ထွန်းထွန်းကားကားဆိုတဲ့ပြောလို့ မကုန်တဲ့ ဂုဏ်ကျေးဇူးတွေ အကျိုးတရားတွေ ရမယ်မဟုတ်လား။ (ရမှာပါဆရာ)၊ ဒီလို များရမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ စေတနာလည်း ချွတ်ချာလေး မလုပ်ချင်လုပ်ချင် စိတ်မပါတပါ ဝတ္ထုလေးကလည်း သေးသေးငယ်ငယ် ဆုပ်ဆုပ်နုပ်နုပ် ကလေးဆိုရင် ဘယ်အကျိုးပေးလိမ့်မတုံး။ ပေးပ့ါမလား (မပေး နိုင်ပါဘူးဆရာ)၊

ဒါကြောင့် "နွားခွာလည်တုံး ကြပ်တည်းကုန်း သုံးတင်းကျဲမှ တစ်ခွဲရ" တဲ့နော် (မှန်ပါတယ်ဆရာ)၊ "နွားခွာလည်းတုံး ကြပ်တည်းတုန်း သုံးတင်းကျဲမှ တစ်ခွဲရ"၊ ကြပ်တည်းကုန်း ဆိုတာ သိလား (မသိဘူး ဆရာ)၊ ငါလဲ မသိဘူး။ ဘယ်လောက်များ အတဲ့ နတဲ့ အကောင်မှန်း မသိဘူး။ ကြပ်တည်းကုန်း ဆိုတာ ကျောက်စရစ်ခဲတွေ ဘာတွေ ထူပြောနေတဲ့ ကုန်းပြင် ပြင်ပေ့ါဟာ။ နားလည်လား (နားလည် ပါတယ်ဆရာ)၊ မြေတူးတောင်ပဲ တစ်ကွာတစ်မိုက်ရဖို့ သံတူရွင်းနဲ့တူးတောင် ကျင်ကနဲကျင်ကနဲ နေတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါကြပ်တည်းကုန်းခေါ်တယ်။ ကျောက်စရစ်ခဲ လည်းများပါဘိ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ကြပ်တည်းကုန်းမြေတပ်ပြီးတော့ မင်းလယ် လုပ်တော့ ကြည့်စမ်း နွားကလည်း အောက်ကကျောက်တွေ စားလို့ ခွာတွေ တုံးကုန်ပြီ မဟုတ်လား (တုံးပါတယ်ဆရာ)၊ သုံးတင်းကျဲသွားတယ်။

http://www.dhammadownload.com

ဒီနေရာမှာလည်း စိုက်ပြီးတော့ မျိုးစပါးသုံးတင်းကျဲ မင်းဖြစ်လာရင် ရလာရင် တစ်ခွဲအပြင် ပိုရမလား (မရနိုင်ပါဘူးဆရာ)၊ တစ်ခွဲရကံကောင်းပေါ့ကွာ။ ခုမိုးလေဝသနဲ့ စာကြည့်မယ်ဆိုရင်နော် (မှန်ပါတယ်ဆရာ)၊ "နွားခွာလည်းတုံး၊ ကြပ်တည်ကုန်း၊ သုံးတင်းကျဲမှတစ်ခွဲရ" သေချာကြည့်စမ်း။ အဲဒါ အလုပ် ဆိုတာ ကုသိုလ်ဒါန မြုပ်နှံဆိုတာ ကြည့်ရသေးတယ်ဟ နော် (မှန်ပါတယ်ဆရာ)။ "အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ" သံဃာတော်များရဲ့ ဂုဏ်နောက်ဆုံးပြထားတာ။ "အနုတ္တရံ ပုညက္ခေတ္တံ" ဆိုတာ လယ်မြေကောင်းသဖွယ်လည်း ဖြစ်စေရမယ်တဲ့။ ကိုယ်တော်မြတ်များရဲ့ ဂုဏ်မှာနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်တော်မြတ်များရဲ့ ဂုဏ်ထဲမှာ သူတို့က အလှူခံပုဂ္ဂိုလ်တွေတဲ့၊ လယ်မြေကောင်းနဲ့ တူစေရမယ်တဲ့။ မင်းတို့ ငါတို့ ချလိုက်တဲ့ ဒါနက မျိုးစပါးနော် (မှန်ပါတယ်ဆရာ)၊ သံဃာတော်တည်းဟူသော လယ်မြေပေါ် တို့က ဒါနမျိုးစေ့ချလိုက်။ သံဃာတော်မြတ်ကလည်း သီလသိက္ခာ သမာဓိနဲ့ ပြည့်စုံလို့ တကယ်လဇ္ဇီပေသလ သိက္ခာကာမနဲ့ ပြည့်စုံတဲ့ သူတော်ကောင်း အစစ်တွေ ဖြစ်ပလားဆိုမှ ဒီဒါနမျိုးစေ့ မင်းတို့ ငါတို့က စေတနာကလဲ သန့်သန့်ရှင်းရှင်းနဲ့ ကြဲချစိုက်ပျိုးပြီးလား ဆိုမှဖြင့် ဒီမျိုးစေ့တွေက အောင်အောင်မြင်မြင်နဲ့ အသီးအနှံတွေ မရပါလား (ရမှာပါဆရာ)၊ ဒီလိုမှ မဟုတ်လို့ အလှူခံပုဂ္ဂိုလ်ကလည်းပဲ ပြောပလောက်အောင် သီလသမာဓိ လဇ္ဇီပေသလ သိက္ခာကာမလည်း မဟုတ်ဘူး၊ မစင်ကြယ် မသန့်ရှင်း ကိုယ့်စေတနာလေးလဲ ချို့ယွင်း ဒီလိုနေတော့ ဘယ်နဲ့ဖြစ်၊ စောစောက ပြောတဲ့ "နွားခွာလည်းတုံး၊ ကြပ်တည်ကုန်း၊ သုံးတင်းကျဲမှ တစ်ခွဲရ" ဒီအဓိပ္ပါယ် ရောက်သွားတတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မိမိတို့ လုပ်တဲ့အလုပ် ကလေးတွေမှာ စေတနာမူလ အဓိကထားပြီးတော့ ဘုရားကိုယ်တော်မြတ်ဟောထားတယ်။ ဒါကြောင့် တောထဲကရတဲ့ ခဝဲပွင့်လေးတစ်ပွင့် လှူတာနဲ့ သေသည်၏အခြားမဲ့ နတ်ပြည်သွားပြီးတော့ နတ်စည်းစိမ်ကြီး ပေးပါတယ်လို့ ခဝဲပွင့် နတ်သမီးရယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

အေး-ဒါကြောင့် ဝတ္ထုက အကျိုးပေးတာ မဟုတ်ဘူး။ စေတနာက အကျိုးပေးတာ သေချာလည်း မှတ်ကြ။ ဒီတော့ စေတနာနဲ့ ဝတ္ထုလည်း ကွဲကြပါ။ စေတနာနဲ့ ဝတ္ထုလည်း ကွဲကြပါ။ စေတနာဆိုတာ မိမိစိတ်ထဲက စေ့ဆော်တိုက်တွန်းပြီး ဖြစ်လာတဲ့ စေတနာစေတသိက်ကလေး ခေါ်တယ်။ လှူချင်တယ် လှူချင်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စေတနာလေးကလည်းပဲ သုံးမျိုးသုံးစားရှိ မလှူခင် ရှေ့ အဖို့က ကြိုတင်ပြီးတော့ လှူချင်တယ်နဲ့ လှူဖွယ်ဝတ္ထု ဘယ်နေမှန်း မသိသေးဘူး။ လှူလည်း မလှူ ဖြစ်သေးဘူး။ ဒါပေမယ့် လှူချင်လိုက်တာ ဒီလို ဖြစ်နေတဲ့ စေတနာ "ပုဗ္ဗစေတနာ" တဲ့။ ဦးဦးဖျားဖျား ပေါ်လာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ပုဗ္ဗစေတနာတိုက်တွန်းတာနဲ့ အလှူမြောက်ကရော

http://www.dhammadownload.com

လှူချင်တယ် ဆိုရင်းကနေပြီးတော့ လှူဖြစ်အောင် ကြိုးစားတယ်။ ကြိုးစားတော့ဝတ္ထုပစ္စည်းရ ရတဲ့အခါကြ လှူတာ။ ဘုရားပဲ လှူလှူ သံဃာပဲ လှူလှူ အရှင်ဘုရား တပည့်တော် ကိုယ်ထိ လက်ရောက်အနေအားဖြင့် သာဟတ္ထိကဒါန ကိုယ်တိုင်ကိုယ်ကျအားဖြင့် ကပ်လှူပူဇော်ပါ၏။ လက်တွင်း ဆက်ကပ်လိုက်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီ အချိန်ကလေးက "မုဉ္စစေတနာ"တဲ့၊ လှူပြီးတဲ့နောက်ပိုင်းမှာ ငါတော့ အင်မတန် သန့်ရှင်း စင်ကြယ်တဲ့ ကုသိုလ်တော့ ပြုရပေတယ်လို့ ဒီကုသိုလ် ပြန်ပြန် ပြန်ပြန်ပြီးတော့ အဖန်ဖန်အားဖြင့် အောက်မေ့နေတာ ဝမ်းသာနေတာ။ ဒါ "အပရစေတနာ"တဲ့၊ သုံးမျိုးမနေဘူးလား (သုံးမျိုးပါဆရာ)၊ "ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ"လို့ သေချာလည်း မှတ်ကြ။ ပုဗ္ဗစေတနာ-ပထမဆုံး မလှူခင်က ကြိုတင်ပြီးဖြစ်တဲ့ စေတနာ၊ မုဉ္စစေတနာ-လှူဆဲ ခဏဖြစ်တဲ့စေတနာ၊ အပရစေတနာ လှူပြီးတဲ့နောက် တောက်လျှောက်ကြီးဆိုသလိုပဲ သတိရတိုင်း ဝမ်းပန်းတသာဖြစ်နေတဲ့ စေတနာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အပရစေတနာများ ဘယ်လောက်တန်ဖိုးထားသလဲလို့ လှူပြီးတဲ့ နောက် တောက်လျှောက်ကြီး ဒီအလှူ ပြန်ပြန်တွေးတွေး ပြီးတော့ ဝမ်းပန်းတသာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ "အပရစေတနာ"တဲ့ လှူစဉ်အခါတုန်းက လှူလိုက်တဲ့ အချိန်ကလေးက ဖြစ်ပေါ်တဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ အပရစေတနာဟာတဲ့ လှူစဉ်အခါတုန်းက လှူလိုက်တဲ့ အချိန် ကလေးက ဖြစ်ပေါ်တဲ့ စေတနာနဲ့ တစ်ထပ်ထဲပြု တစ်ခါပြန်တွေးလိုက် အရင်လှူသလိုပဲ အသစ်လှူလိုက် အတူတူပဲတဲ့နော် (မှန်ပါတယ်ဆရာ)။

နောက်တစ်ခါ သတိရလို့ ပြန်ပြီးတော့ ဝမ်းပမ်းတသာနဲ့ တွေးလိုက် အရင်လှူသလိုပဲ အသစ် တစ်ခါ လှူသလိုပဲ တန်ဖိုး မရှိဘူးလား (ရှိပါတယ်ဆရာ)၊ တွေးရုံလေး တွေးရုံလေး ဝမ်းသာရုံလေး ဝမ်းသာရုံလေး။ အဲဒါ မှတ်ထားကြ မှတ်ထားကြ၊ တစ်ခါလှူပြီးရင်တဲ့ လှူတာကတော့ တစ်ခါပဲတဲ့ နောက် "အပရစေတနာ" ဆိုတာ နောက်ပိုင်း ကိုယ်ကုသိုလ်လေး ကိုယ်ဝမ်းသာလွန်းလို့ စင်ကြယ် သန့်ရှင်းလွန်းလို့ မကြာမကြာ ဝမ်းပန်းတသာ တွေးတွေးပြီးတော့ ဝမ်းပမ်းတသာ ဖြစ်ဖြစ်နေခြင်းသည် တစ်ကြိမ်ဖြစ်လိုက် အသစ်တစ်ခါလှူလိုက် တစ်ကြိမ်ဖြစ်လိုက်, အသစ်တစ်ခါလှူလိုက် တစ်ကြိမ်ဖြစ် လိုက် အသစ်တစ်ခါလှူလိုက် အတူတူပါပဲတဲ့။ တန်ဖိုးမရှိဘူးလားကွာ (ရှိပါတယ်ဆရာ)။

ပြီးတော့ကွာ အပရစေတနာ အဓိပ္ပါယ်နားလည်သွားပြီးတော့ တို့လူစုက တွက်လည်းသားချ မနေပါနဲ့။ တစ်ခါလှူပြီး နောက်တော့ ငါတော့ ဝမ်းချည်းသာနေမှာပဲလို့ ဒီလိုလဲ လုပ်မနေကြပါနဲ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စေတနာသုံးမျိုး ညီမျှသွားမှ ပုဗ္ဗစေတနာကလည်းပဲ လောဘ ဒေါသ မောဟ ဆိုတဲ့ အကုသိုလ်ဟိတ်တရားတွေ အခြံအရံကင်းစေရမယ်တဲ့။ မုဉ္စစေတနာ လှူဆဲခဏ

http://www.dhammadownload.com

ဖြစ်နေတဲ့ စေတနာကလည်းပဲ လောဘ ဒေါသ မောဟ ဆိုတဲ့ အကုသိုလ်တရားတွေ ကင်းပစေရမည်တဲ့။ အပရစေတနာ နောက်ထပ်ထပ်ပြီးတော့ သတိရလို့ ဝမ်းသာတယ်ဆိုတဲ့ စေတနာကလည်းပဲ လောဘ ဒေါသ မောဟဆိုတဲ့ အခြံအရံတွေ ကင်းရမယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စေတနာသုံးချက်ညီ သွားမှ နောက်နောက်သောဘဝမှာ ကိုယ်ရည်ရွယ်ချက်အတိုင်းပေါ့။ လူဖြစ်လည်းပဲ ကောင်းကျိုးချမ်းသာနဲ့ ပြည့်စုံတယ်။ အရွယ်သုံးပါးလို ပဌမအရွယ်လည်း ချမ်းသာတာ။ ဒုတိယ အရွယ်လည်း ချမ်းသာတာ၊ တတိယအရွယ်လည်း ချမ်းသာတာပဲ။

နတ်ပြည်လည်း တောက်လျှောက်ကြီး တစ်သက်လုံး ဒီလို သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ပုဗ္ဗစေတနာ မကောင်းလို့ ချို့ယွင်းတဲ့ ပုဂ္ဂိုလ်ကျတော့ နောက်ဘဝကျတော့ ငယ်ငယ်ရွယ်ရွယ်မှာ ဆင်းတောင်ဆင်းရဲ ဖြစ်တတ်တယ်တဲ့။ ဒါပဌမအရွယ်။ မုဉ္စစေတနာနဲ့ အပရစေတနာ ကောင်းတော့ ကား ဒုတိယအရွယ်က စပြီးတော့ တတိယအရွယ်ထိအောင် ချမ်းသာတတ်တယ်တဲ့။ တချို့လည်းပဲ ပုဗ္ဗစေတနာလည်း မကောင်းဘူး၊ အပရစေတနာလည်း မကောင်းဘူး၊ မုဉ္စစေတနာ လူဆဲခဏလေး ကောင်းလိုက်တယ်။ အဲဒါ ဒုတိယအရွယ်သာလျှင် ကောင်းကျိုးချမ်းသာ ပေးတတ်တယ်တဲ့။ ပဌမ အရွယ်နဲ့ တတိယအရွယ်မှာ ဆင်းရဲတတ်တယ်တဲ့။ စေတနာ မညီပုံလေးတွေ ပြတာနော် (မှန်ပါတယ် ဆရာ)၊ တချို့လည်းပဲ အားနာပါးနာ သူတစ်ပါး တိုက်တွန်းတာနဲ့ အယောင်ယောင် အမှားမှား လုပ်လိုက်ရ စေတနာက မသန့်ရှာဘူး။ ပုဗ္ဗစေတနာလည်း မသန့်ဘူး။ မုဉ္စစေတနာလည်း မသန့်ဘူး။ အပရစေတနာလည်း မသန့်ဘူးဆိုတော့ နောင်ဘဝ ပဌမအရွယ် ဒုတိယအရွယ် တတိယအရွယ် အကုန်လုံး ဆင်းရဲ၏။ ကောင်းကျိုးချမ်းသာ မပေးနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ "မဟပ္ဖလ မဟာ နိသံသ" မဖြစ်နိုင်ဘူးတဲ့။

ဒါကြောင့် စေတနာသုံးတန် စေတနာသုံးတန်နဲ့ ပြောသံတွေ ကြားဖူးရဲ့လား (ကြားဖူးပါတယ် ဆရာ)၊ အခုကော မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား လှူတဲ့အခိုက်အတန့်လေး များ လူချမ်းသာ နတ်ချမ်းသာဆိုတဲ့ ကောင်းရာ သုဂတိလိုလားလို့ လှူရင် သုံးချက်စလုံး ညီကြပါစေ လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝဋ္ဋသုံးပါးတမ်းတပြီးတော့ လုပ်နေတဲ့ အလုပ်တွေ ပြောတာ။ ဝဋ္ဋသုံးပါး မတမ်းတဘဲနဲ့ ဒီဝဋ္ဋသုံးပါးက ဒီဘုံသုံးပါးက, ကျွတ်ချင် လွတ်ချင်လှချည်းရဲ့ဆိုတဲ့ အနေ အားဖြင့် လုပ်တော့ အဋ္ဌကထာဆရာက နည်းပြသွားတယ်။

"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူတိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထန္တေန ဝိဝဋ္ဋူဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ" တဲ့။

http://www.dhammadownload.com

ဒါ အဋ္ဌကထာဆရာနည်းပေးသွားတာ မှတ်ထား။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤယခုလုပ်ရသော ကုသိုလ်ကောင်းမှုသည်။ သေးသေးကြီးကြီး နည်းနည်းများများ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ စေတနာမူလ မှတ်ထားပါ။ သေးသေးလေးပဲ မရှိမသေ မလုပ်နဲ့။ ကုသိုလ်လေးက နည်းလိုက်တာဆို မရှိမသေ မလုပ်နဲ့။ စေတနာ အဓိကထား။ မြတ်မြတ်နိုးနိုးနဲ့ ကာလက ခက်တယ်ဟေ့။ ဒါပေမယ့် ပြောလို့ မရဘူးဟ။ "အတုမြင် အတတ်သင်"ဆိုသလိုပဲ ရပ်ထဲရွာထဲများ တော်တော်လေး မပြည့်မစုံ မလုံမလောက်တော့ ကိုယ့်သားလေး, သမီးလေး ကြီးပြင်းလာတော့ အချိန်တန် အရွယ်ရောက်တော့ မတတ်နိုင်တော့ မတတ်နိုင်သလိုပဲဆိုပြီးတော့ ဆွမ်းဆန်စိမ်းလေး ဘာလေးနဲ့ကျောင်း သိမ်သိမ်မွေ့မွေ့နဲ့ ရှင်ပါပြုတော့ အဲဒီအလှူမျိုးကြတော့ ဘာသံညာသံမှ မကြားတော့ အရပ်ထဲ ဘာပြော။ အလှူမီး တိုလေးတဲ့နော် (မှန်ပါတယ်ဆရာ)၊ အလှူမီးတိုလေးပါကွာ မဖြစ်လောက်ပါဘူး။ ခက်ဖူးလား (ခက်ပါတယ် ဆရာ)၊ ဒါဖြင့် ဆိုင်းတွေ တခြိမ့်ခြိမ့်နဲ့ ပွဲလမ်းသဘင်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်လေး လုပ်တဲ့ အလှူကြ အလှူ မီးရှည်ကြီး ဖြစ်မနေဘူးလားဟ (ဖြစ်နေပါတယ်ဆရာ)၊ မီးတိုကော ကောင်းမလား မီးရှည်ကော ကောင်းမလား (မကောင်းပါဘူးဆရာ)၊ နှစ်ခုလုံး အမြီးပေါက်ကုန်ပြီပေါ့ (ပေါက်ကုန် ပါပြီဆရာ)၊ အေး-အဲဒါလာ တွက်ထားနော် (မှန်ပါတယ်ဆရာ)၊ ဆိုင်းမပါ ဗုံမပါဘဲနဲ့ တိုတိုတုပ်တုပ် အလုပ်လုပ်သွားကြတာကို အဲဒါ မီးတိုလေတဲ့။ ဆိုင်းနဲ့ ဝိုင်းနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ ချဲ့ချဲ့ထွင်ထွင် လုပ်လာတော့ အလှူမီးရှည်ကြီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နှစ်ခုစလုံး မကောင်းပါဘူးလို့ နှစ်ခုစလုံး အမြီးက ပေါက်နေပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အမြီးပေါက်ဆိုတာ တခြားမဟုတ် ပါဘူး။ အခုန ပြောသလို ဝဋ်သုံးပါး တောင်းတရင်ဖြင့် သွားလိမ့်မည့်သူနောက်က အမြီးကြီး "သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ နာမရူပပစ္စယာ သဠာယတနံ" အမြီးကြီးကို အရှည်ကြီးပဲ မသွားဖူးလား (သွားပါတယ်ဆရာ)၊ ဒီလို သွားမှာ။ ဒါကြောင့် ဘယ်သူက မီးတိုခေါ်ခေါ် မီးရှည်ခေါ်ခေါ်ပေါ့ ကိုယ့်စေတနာသာ မူလ နည်းတယ်, များတယ် အဓိကမထားနဲ့။ စေတနာ သန့်သန့်ရှင်းရှင်းလေးထား မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ဘက် မျက်နှာလှည့်ပေး။ ဒါကြောင့်

"မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤယခု ပြုရတဲ့ ကုသိုလ်ကောင်းမှုသည်။ အာသဝက္ခယံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါ တရားလေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေ သတည်း။" မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒီလို တောင်းလိုက်ရင်တဲ့ ဘယ်ထိအောင် အကျိုးပေးသလဲလို့မေးရင် အဋ္ဌကထာဆရာ ရှင်းပြတယ်။ ဣတိ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝိဝဋ္ဋ တရားကိုယ် ကောက်တော့ ဘာရ (မင်္ဂလေးပါး ဖိုလ်လေးပါး ရပါတယ်ဆရာ)၊ နိဗ္ဗာန် ကိုးခုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မင်း မန္တလေးက တစ်ခေါက်ပြန်လာ တစ်ခုမရှိပြန်ဘူး။

http://www.dhammadownload.com

မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ကိုးပါးသော လောကုတ္တရာတရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဝိဝဋ္ဋခေါ်တယ် မဟုတ်လား (ဝိဝဋ္ဋကုသိုလ်ပါဆရာ)၊ ဒါကြောင့် - "ဝိဝဋ္ဋ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ ကိုးပါးသော လောကုတ္တရာတရားကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်၏ အစွမ်းအားဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဥပိတံ၊ ဖြစ်စေအပ်သော။ ဣဒံ ဒါနံ၊ ဤဒါနကုသိုလ် ကောင်းမှုသည်တဲ့။ မှတ်ထားနော် "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု" နိဗ္ဗာန်ချလိုက်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဣဒံ ဒါနံ၊ ဤကုသိုလ်ကောင်းမှုသည်။ အရဟတ္တမဂ္ဂ၊ အရဟတ္တဖိုလ်ကိုရင်း၊ သောတာပန်တွေ သကဒါ ဂါမ်တွေ အနာဂါမ်တွေ ထည့်မပြောနဲ့တဲ့။ ထိပ်တန်းအကျဆုံး တင်လိုက်တယ်။ ပြောစရာ လိုသေးလား ဟ (မလိုတော့ပါဘူးဆရာ)၊ အရဟတ္တမဂ္ဂ၊ အရဟတ္တဖိုလ်ကိုရင်း ဒါပဲလား မဟုတ်သေးဘူး။ ပစ္စေက ဗောဓိဉာဏမဂ္ဂ၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း၊ ပစ္စေကဗောဓိဉာဏ်ဆိုတာ သိလား (မသိပါဘူးဆရာ)၊ ဟောဗျာ ပစ္စေကဗုဒ္ဓါကော ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ ပစ္စေကဗုဒ္ဓါ ဆိုတာ ဘာတုံး (ရဟန္တာပါဆရာ)၊ ဟောဗျာ ဘုရားဟ ဘုရား ဘုရား နားလည်လား (နားလည်ပါတယ်ဆရာ)၊ အရဟတ္တမဂ္ဂ-ဆိုတာ ရဟန္တာနော် (မှန်ပါတယ်ဆရာ)။

သောတာပန် သကဒါဂါမ် အနာဂါမ်တွေထက် တန်းမြင့်တယ်။ ကုန်သွားပြီ ရဟန်းပြုဖွယ်ကိစ္စ မရှိ ရဟန်းကိစ္စပြီးသွားပြီ။ အရဟတ္တဖိုလ်ရောက်သွားပြီနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ရဟန္တာခေါ်တယ်။ အရဟတ္တမဂ္ဂ၊ အရဟတ္တဖိုလ်ကိုရင်း၊ ပစ္စေကဗောဓိဉာဏမဂ္ဂ၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း၊ သဗ္ဗညုတဉာဏမဂ္ဂ၊ သဗ္ဗညုတဉာဏ်ကိုရင်း။ သဗ္ဗညုတဉာဏ်ဆိုတာ သိလား ဟောဗျာ (မြတ်စွာဘုရားရတဲ့ ဉာဏ်တော်ပါဆရာ)၊ အေး-နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘုရား ဘယ်နှစ်မျိုးရှိ (လေးမျိုးပါဆရာ)၊ ကဲ ပြောစမ်း ဟုတ်ပြီး လုပ်စမ်းပါ လုပ်စမ်းပါ ဟောစမ်းပါ (မရေတတ်ဘူးဆရာ)၊ ဟေ-မရေတတ်ဘူး။ ငါ့နယ် အံ့သြပါကွာ။ ပစ္စေကဗုဒ္ဓါရယ် သမ္မာသမ္ဗုဒ္ဓရယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပစ္စေကဗုဒ္ဓါ ဆိုတာ ဘုရားငယ်ခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သမ္မာသမ္ဗုဒ္ဓကတော့ ဘုရား အကြီး မဟုတ်လား (ကြီးပါတယ်ဆရာ)၊ သမ္မာသမ္ဗုဒ္ဓထက် လွန်ကဲတဲ့ ဘုရား ရှိသေးသလား (မရှိပါ ဘူးဆရာ)။

သမ္မာသမ္ဗုဒ္ဓနှင့်ပစ္စေကဗုဒ္ဓါ ဆိုတာ

အေး-**သမ္မာသမ္ဗုဒ္ဓ**ဆိုတဲ့ သဗ္ဗညုတရွှေဉာဏ်တော်ရတဲ့ တို့ဘုရားနော် (မှန်ပါတယ်ဆရာ)၊ သမ္မာသမ္ဗုဒ္ဓ ဘုရားတွေ ကွယ်တဲ့ ဆိတ်တဲ့အခါကြလို့ရှိရင် ပစ္စေကဗုဒ္ဓါဘုရားငယ် တွေ ပွင့်ကြတယ်တဲ့။

http://www.dhammadownload.com

ပစ္စေကဗုဒ္ဓါပွင့်တော်မူတဲ့ ခေတ်ကြတော့ ဘုရားများတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ **ပစ္စေကဗုဒ္ဓါ**ဆိုတာ **ပစ္စေက** သဒ္ဒါက အသီးဟောတယ်။ **ဗုဒ္ဓ** က ဘုရားအသီးသီး ပွင့်တော်မူကြတယ်တဲ့။ အင်မတန်များတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါသမ္မာသမ္ဗုဒ္ဓ မပွင့်တဲ့အခါကြမှ ပစ္စေကဗုဒ္ဓါက ပွင့်ကြတယ်။

ဒါကြောင့် သမ္မာသမ္ဗုဒ္ဓပြီးရင် ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါပြီးရင် ရဟန္တာ၊ ရဟန္တာပြီးရင် အနာဂါမ်၊ အနာဂါမ်ပြီးရင် သကဒါဂါမ်၊ သကဒါဂါမ်ပြီးတော့ သောတာပန်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီက တတ်သွားတော့ သောတာပန်ပြီးရင် သကဒါဂါမ်၊ သကဒါဂါမ်ပြီးရင် အနာဂါမ်၊ အနာဂါမ်ပြီးရင် ရဟန္တာ၊ ရဟန္တာပြီးရင် ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါပြီးရင် ဘုရား မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပေးလိုက်တဲ့အကျိုး ကြည့်စမ်း။

ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤယခု ပြုရသော ဒါန ကုသိုလ်သည်။ အာသဝက္ခယံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာ ကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။ ဆုတောင်းလေးက နော် (မှန်ပါတယ်ဆရာ)၊ ဒါ သူသူ ငါငါ ရပါတယ်။

"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ရရဲ့လား (ရပါတယ်ဆရာ)၊ ဆိုစမ်းပါအုံး "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" အေး ဟုတ်ပြီ ဟုတ်ပြီ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။ ဣဒံ မေ ပုညံ မဂ္ဂဉာဏဿ ပစ္စယော ဟောတု" နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်တာချည်းပါပဲလို့ ဒီပါဠိတော် မဆိုတတ် ကိုယ့်စိတ်ထဲက မှတ်ပေါ့။ ကိုယ်တတ်သလို ဆုတောင်းပေါ့။ ဤ ကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်သို့ အမြန်ဆုံး ရောက်ရပါလို၏။ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ အတူတူပဲ အတူတူ ဘာမှ မထူးဘူး။ ဒါကြောင့် အဋ္ဌကထာဆရာက ဒီလို လုပ်ကြပါတဲ့။ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။ ဣဒံ မေ ဒါနံ အာသဝက္ခယံ"။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤသို့ ယခု ပြုရသော ဒါန ကုသိုလ်သည်။ အာသဝက္ခယံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါ တရား လေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။ ဣတိ၊ ဤသို့။ ဝိဝဋ္ဋံ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်၏ အစွမ်းအားဖြင့်။ သမ္မာ၊ ကောင်းစွာ။

http://www.dhammadownload.com

ဠာပိတံ၊ ဖြစ်စေအပ်သော။ ဣဒံ ဒါနံ၊ ဤကုသိုလ်ကောင်းမှုသည်။ ဘယ်လောက်တန်ဖိုးရှိ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရင်း၊ အရဟတ္တဖိုလ်ထိအောင် ပို့မယ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါတင် မကသေးဘူး ပစ္စေကဗုဒ္ဓါဖြစ်ချင်သလားတဲ့ ဖြစ်နိုင်တယ်တဲ့။ ပစ္စေကဗောဓိဉာဏ်မဂ်၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း၊ ပစ္စေကဗုဒ္ဓါ ဘုရားတောင် ဖြစ်နိုင်တယ်။ မဖြစ်ဖူးလား (ဖြစ်နိုင်ပါတယ် ဆရာ)၊ ဒါတင်လားဆို မဟုတ်သေးဘူးတဲ့။ သမ္မာသမ္ဗုဒ္ဓ - ဘုရားအစစ်ကြီး ဖြစ်ချင်သေးသလားတဲ့။ သဗ္ဗညုတဉာဏ်မဂ်၊ သဗ္ဗညုတဉာဏ်တော်ကိုရင်း။ ဒါတို့ ပေးခြင်းငှာ။ သင်္ကောတိယေဝ၊ စွမ်းနိုင်တော့ သည်သာလျှင်တည်းတဲ့။ သံသရာဝဋ်က ကျွတ်မသွားသေးဘူးလား (ကျွတ်သွားပါတယ်ဆရာ)၊ လည် သေးသလား (မလည်တော့ပါဘူးဆရာ)၊ "သင်္ခါရပစ္စယာ ဝိညာဏံ" ပေါ်သေးလား (မပေါ်တော့ ပါဘူးဆရာ)၊ ယတိပြတ်ပေ့ါနော် (မှန်ပါတယ်ဆရာ)။

အေး-ဒါကြောင့် သောတာပန် သကဒါဂါမ် အနာဂါမ် ဆိုတာ မဆိုထားနဲ့တဲ့။ ပြောစရာ မလိုတော့ဘူး ဒီဆုတောင်းနဲ့ ဒီနည်းနဲ့သာ အလုပ်လုပ်သွားလို့ရှိရင် သောတာပန်လောက်တော့ မပြောနဲ့၊ သကဒါဂါမ်လောက် မပြောနဲ့၊ အနာဂါမ်လောက် မပြောနဲ့ အရဟတ္တဖိုလ်ကို တိုက်ရိုက် ရောက်စေတယ်နော် (မှန်ပါတယ်ဆရာ)၊ အရဟတ္တဖိုလ်ရမယ်တဲ့ ဒါတင်လား မဟုတ်သေးဘူး။ ပစ္စေက ဗုဒ္ဓါဘုရားဖြစ်ချင် ဖြစ်နိုင်တယ်တဲ့ မဖြစ်ဘူးလား (ဖြစ်နိုင်ပါတယ်ဆရာ)၊ ဒါတင်မကသေးဘူးတဲ့ သမ္မာသမ္ဗုဒ္ဓဆိုတဲ့ သဗ္ဗညုတဉ္ဈောဉာဏ်တော်ရှင် ဘုရားဖြစ်ချင်လည်း ဖြစ်နိုင်တယ်တဲ့။ ကုန်ပြီ၊ လောက ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ဒါထက် တန်းမရှိတော့ဘူး ကုန်ပြီတဲ့၊ အဲဒါကြောင့် အဋ္ဌကထာ ဆရာက နှစ်မျိုးပြထားလို့ ဒီသဘာဝလေးတွေ ပိုင်းပိုင်းခြားခြားနဲ့ ပြတ်ပြတ်သားသား နားလည်ရင် တို့ လူစုဟာ အခုလည်နေတယ် လည်နေတယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက ယတိပြတ်ရပ်နိုင် တယ်၊ ထွက်ရပ်ပေါက်နိုင်တယ် (မှန်ပါတယ်ဆရာ)၊ ဒါ နားလည်မှု ရကြပါစေလို့ သဲသဲကွဲကွဲ မိမိတို့ ဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်း ရှိပါစေဆိုတဲ့ စေတနာနဲ့ အခု အဝိဇ္ဇာနဲ့ သင်္ခါရ အကူးမှာပဲ အထူးခဲ့ ထွင်ပြီးတော့ မျက်စိလည် လမ်းမှားမှုလေးတွေ ပျောက်ကြပါစေဆိုတဲ့ အလိုက်ပေ့ါလေ။ ဒါ အဝိဇ္ဇာ ကြောင့် ဖြစ်လာတယ်။ သင်္ခါရ သုံးမျိုးကြီးစားတဲ့ အခန်းတွေမှာ ပြတ်ပြတ်သားသားကြီး ရှိသထက် ရှိအောင် ဆိုပြီးတော့ သည်းခံပြီး ပြနေခြင်းပါလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ခေါ်တဲ့ သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြ ကုန်၏။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရထဲ ဘာတွေပါသွား (ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရကုသိုလ်ပါဆရာ)၊ အေး-ဟုတ်ပြီ အပုညာဘိသင်္ခါရကြတော့ ဘာတွေပါသွား (အကုသိုလ်

http://www.dhammadownload.com

စေတနာ တွေပါဆရာ)၊ ဟုတ်ပြီ အာနေဥ္စာဘိသင်္ခါရကြတော့ကော ဘာတွေပါသွား (အရူပါဝစရ ကုသိုလ်စေတနာပါဆရာ)၊ အေ-ဟုတ်ပြီ ဒါဖြင့် ကုသိုလ်နဲ့အကုသိုလ် နှစ်ပုံပုံလိုက်တော့ နှစ်ပုံပဲ ရှိတယ်ပေါ့ (နှစ်ပါးပဲရှိပါတယ်ဆရာ)၊ နှစ်ပါးပဲရှိတယ်။ ကုသိုလ်စေတနာက ဘယ်နှစ်မျိုးဖြစ် (သုံးမျိုး ပါဆရာ)၊ ဘယ်သူတွေတုံး (ဒါန သီလ သမထပါဆရာ)၊ အေး-ဟုတ်ပြီ၊ လူပြိန်း နားလည်အောင် ပြောတာနော် (မှန်ပါတယ်ဆရာ)၊ ဒါန သီလ သမထကုသိုလ်တွဲလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်သုံးမျိုးသည် ဘယ်သူကြောင့်ဖြစ်တာတုံး (အဝိဇ္ဇာကြောင့်ပါဆရာ)၊ ဩော်-အဝိဇ္ဇာကြောင့် ဖြစ်လာ နော် (မှန်ပါတယ်ဆရာ)၊ စိုက်တုန်းက တမာစေ့ မဟုတ်ဘူးလား (တမာစေ့ပါဆရာ)၊ ပိန္နဲသီး သီးပါ့မလား (မသီးနိုင်ပါဘူးဆရာ)၊ တမာသီးပဲ သီးမယ်လား (တမာသီးပဲ သီးမှာပါဆရာ)၊ အေး-ဟုတ်ပြီ ဒီတိုင်းသွားမှာ (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ။

ဒါန သီလ သမထကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေ အပြစ်ကင်း၍ သန့်ရှင်းသော ကောင်းကျိုး ချမ်းသာ ပေးတတ်တယ်ဆိုတဲ့ ကုသိုလ်တရားတွေ ဘုရားကိုယ်တော်မြတ် ဒီလို ဟောလျက်သားနဲ့ ဒီနေရာမှာတော့ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ ပုညာဘိသင်္ခါရ ဖြစ်ခြင်းကြောင့်တဲ့။ ဒီကုသိုလ်တွေ လုပ်တာဟာ မသိလို့ လုပ်တယ်၊ မလိမ္မာလို့ လုပ်တယ်၊ မိုက်လို့ လုပ်တယ်လို့ ဘုရားကိုယ်တော် မြတ် တစ်ဖန်ပြန်ဟောတယ်။ မသိလို့ ဒီကုသိုလ်တွေ အပြစ်တင်တုန်း (ဝဋ်သုံးပါး လည်စေတတ်လို့ပါ ဆရာ)၊ တောင့်တလို့ ဝဋ်သုံးပါးတောင့်တလုပ်လို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝဋ်သုံးပါး တောင်းတလုပ်တယ် ဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးတောင်းတလုပ်ဆိုတဲ့ ဝဋ်လည်မယ်လား (လည်မှာပါဆရာ)။

အေး-ဒါကြောင့် အဝိဇ္ဇာကြောင့် မူလတည်းက အဝိဇ္ဇာဦးစီးပြီး ဖြစ်လာတဲ့ သင်္ခါရသုံးမျိုး ဆိုတော့ ဝဋ်ကို တောင့်တပြီးလုပ်တဲ့ တရားတွေတဲ့။ ဒီတရားတွေ ကုသိုလ်တရားတော့မှန်ပါရဲ့ နော် (မှန်ပါတယ်ဆရာ)၊ "အနဝဇ္ဇသုခဝိပါကလက္ခဏာ"- အပြစ်မရှိကောင်းသော အကျိုးကို ပေးတတ်တယ် ဆိုတော့ ကုသိုလ်တရားတော့ မှန်ပါရဲ့။ ဒါပေမယ့် လုပ်ကတည်းက ဝဋ်သုံးပါးတမ်းတပြီးတော့ လုပ်တဲ့ ကုသိုလ်တရားကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတဲ့ ပုဒ်ထဲမှာ ကုသိုလ်တရားဖြင့် မှန်သော်လည်း ဝဋ္ဋကထာအနေအားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြား တော်မူ၏။ ဝဋ်သုံးပါးတောင့်တ ဘုံသုံးပါးတောင့်တပြီးလုပ်တဲ့ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ် ကုသိုလ်သုံးမျိုးသုံးစား၊ ဒါဘာကုသိုလ် ခေါ်သလဲလို့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ခေါ်၏။ ထိုကုသိုလ်သုံးမျိုးသုံးစားသည် ဝဋ်သုံးပါးကို တောင့်တ၍ လုပ်သောကြောင့် ဝဋ်ထဲမှာသာလျှင် လည်တတ်၏။ ဝဋ်ထဲက မထွက်နိုင် ဘုံသုံးပါးသာလျှင် လည်တတ်၏။ ဘုံသုံးပါးက

http://www.dhammadownload.com

မထွက်နိုင်။ ဒါကြောင့် ၎င်းကုသိုလ်မျိုးကို ဝဋ္ဋကုသိုလ် ခေါ်၏။ ၎င်းဝဋ္ဋကုသိုလ်သည် ဘာကြောင့် ဖြစ်၊ အဝိဇ္ဇာကြောင့်ဖြစ်။ ဘာကြောင့်လုပ် အဝိဇ္ဇာကြောင့် လုပ်။ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၍လာကြကုန်၏။ အဝိဇ္ဇာအကြောင်းခံ ဖြစ်ပေါ်လာတဲ့ သင်္ခါရသုံးမျိုးတဲ့။ အဝိဇ္ဇာအကြောင်းခံ ဖြစ်ပေါ်လာတဲ့ သင်္ခါရသုံးမျိုးဆိုတော့ ဒီသင်္ခါရသုံးမျိုးသည် အကုသိုလ်ကံ ကုသိုလ်ကံနှစ်ပါး၊ အကုသိုလ်စေတနာ ကုသိုလ်စေတနာ နှစ်ပါး။ အဲဒီ နှစ်ပါးရှိတဲ့အနက်က ကုသိုလ်စေတနာက ဒါနကုသိုလ်စေတနာ သီလကုသိုလ်စေတနာ သမထကုသိုလ်စေတနာ။ ကုသိုလ်အမည်နဲ့ ရေတွက်တော့ ကာမာဝစရကုသိုလ်စေတနာ၊ ရူပါဝစရကုသိုလ်စေတနာ အရူပါဝစရကုသိုလ်စေတနာ သုံးမျိုးသုံးစား။

ဒါကြောင့် ဝဋ်သုံးပါး တမ်းတပြီး လုပ်နေတဲ့ ကုသိုလ်မျိုးမို့လို့ ဝဋ္ဋကုသိုလ်ခေါ်၏။ ဝဋ္ဋကုသိုလ်သည် ဝဋ်သုံးပါးသာလျှင် လည်တတ်၏။ ဘုံသုံးပါးသာလျှင် လည်တတ်၏။ ဝဋ်ထဲက မထွက်နိုင် ရှင်းပြီးလား (ရှင်းပါတယ်ဆရာ)၊ ဒါကြောင့် မနေ့ညက ပြသွားတဲ့ သံယုတ္တအဋ္ဌကထာဆရာ မိန့်ကြားတော်မူတဲ့အတိုင်း

ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ အန္တမာသော ပဉ္စာဘိညာ၊ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သဗ္ဗတံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါ ဟောတိ။

အင်မတန်ခိုင်လုံ တိကျ သဘာဝကျအောင်လည်းပဲ တိတိကျကျရှိအောင် မှတ်လည်းမှတ်။ ဝဋ္ဋံ၊ ဘုံသုံးပါးကို။ ပတ္ထေတွာ၊ တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်သော။ အန္တမာသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ပဉ္စာဘိညာ ဝါ၊ အဘိညာဉ်ခြောက်ပါး (ငါးပါး) ဆိုတဲ့ သမထကုသိုလ်တို့သည်၎င်း။ ဝါ ပန၊ တစ်နည်းကား။ အဋ္ဌ သမာပတ္တိယော သမာပတ်ရှစ်ပါး ဆိုတဲ့ သမထကုသိုလ်တို့သည်၎င်း။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗံ တံ၊ ထိုအလုံးစုံသည်။ ဝဋ္ဋပက္ခိယံ၊ ဘုံသုံးပါးသာလျှင် အဖို့ရှိ၏။ ဝဋ္ဋသီသံ၊ ဘုံသုံးပါးသာလျှင် ဦးမူရှိ၏။ ဣတိ၊ ဤသို့။ ဝဋ္ဋသီသတ္တာ၊ ဘုံသုံးပါးကို ဦးမူအပ်သည်၏အဖြစ်ကြောင့်။ ဣဒံ ဒါနံ၊ ဤသမထကုသိုလ်သည် (ဝါ) အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးဆိုတဲ့ သမထကုသိုလ် တရားသည်။ မိစ္ဆာပဋိပဒါ၊ မှားသော အကျင့်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏ တိုက်ရိုက်။

ဒါအဘိညာဉ်ငါးပါးရအောင် ကြိုးစားတဲ့ သမထကုသိုလ်၊ သမာပတ်ရှစ်ပါးရအောင် ကြိုးစားတဲ့ သမထကုသိုလ်၊ သမထမှာ ထိပ်တန်း အဘိညာဉ်လည်း ရတယ်။ သမာပတ်ရှစ်ပါးလည်း ရတယ်။ ထိပ်တန်း မဟုတ်လား (ထိပ်တန်းပါဆရာ)၊ အဲဒီ ကုသိုလ်မျိုးစင်လျက် ဘုံသုံးပါး၏အဖို့ ဘုံသုံးပါး

http://www.dhammadownload.com

သာလျှင် ဦးမူပြီးလုပ်သည်ဖြစ်ပါသောကြောင့် (တစ်နည်း) ဘုံသုံးပါးကို တမ်းတမျှော်မှန်း၍ လုပ်သည်ဖြစ်ပါသောကြောင့်။ မိစ္ဆာပဋိပဒါ-မှားသောအကျင့်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီအဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးရတဲ့ ထိပ်တန်းအကျဆုံးဆိုတဲ့ မဟဂ္ဂုတ်ကုသိုလ် ခေါ်ထားတဲ့ သမထကုသိုလ်နဲ့ ဒါနကုသိုလ် သီလကုသိုလ်နဲ့ ဘယ်သူမြတ် (သမထကုသိုလ်က မြတ်ပါတယ်ဆရာ)၊ အေး-ကွာချင်တိုင်း ကွာတယ်။ မဟဂ္ဂုတ်ကုသိုလ်ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ လောကီကုသိုလ်ထဲမှာဖြင့် ထိပ်တန်းအကျဆုံးတဲ့။ ဒါဖြင့် ထိပ်တန်းအကျဆုံးဆိုတဲ့ သမထကုသိုလ်ကြီး စဉ်လျက် ဘုံသုံးပါး တမ်းတမျှော်မှန်း အလုပ်,လုပ်လို့ရှိရင်ဖြင့် မိစ္ဆာပဋိပဒါ အကျင့်မှားတွေလို့ ဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ် မိန့်ကြားသွားတော့ ဘုံသုံးပါးတမ်းတပြီး လုပ်နေတဲ့ ဒါနကုသိုလ် သီလကုသိုလ် ကြတော့ ဆိုစရာ ရှိသေးသလားဟ (မရှိတော့ပါဘူးဆရာ)၊ ပြောဖွယ်စရာမရှိ ပြောစရာမရှိဘူးတဲ့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဘဝကောင်းရာ ငါကောင်းရာ အနေအားဖြင့် အမြဲတစ်စေ ကြိုးစားအားထုတ်နေကြတဲ့ အရပ်သူတော်ကောင်းများ များလည်း များပါတယ်။ မသိရှာတော့လည်း ဒီလိုပဲ အားထားနေရတယ်။ ဒီတော့ ဘုံသုံးပါးတမ်းတမျှော်မှန်းပြီး အမြဲတစေ ကြိုးစားအားထုတ်နေကြတဲ့။ ဒါနခန်း သီလခန်းက စွမ်းနိုင်သမျှ ကြိုးစားအားထုတ်နေကြတဲ့ အရပ်သူတော်ကောင်းများ မိမိတို့ ကြိုးစားအားထုတ်ထားတဲ့ ထိုဒါနကုသိုလ်, သီလကုသိုလ် ဆိုတဲ့ ကုသိုလ်မျိုးကိုပင်လျှင် အားကိုးအားထားနဲ့ ယုံကြည်စိတ်ချပြီး နေကြတယ်တဲ့။ မနေဘူးလား (နေပါတယ်ဆရာ)၊ နေတယ် နေတယ်။ ဒါက ထင်ရှားတယ်။ ဒါနကုသိုလ် သီလကုသိုလ်ကို အင်တိုက်အားတိုက်နဲ့ အလုပ်လုပ်နေတဲ့ အရပ်သူတော်ကောင်းမှာ အားကိုးအားထား အနေအားဖြင့် ယုံကြည်စိတ်ချနေတာ ထားပါအုံး။ ဒါနလည်း ဟုတ်ဟုတ်ငြားငြား မလုပ်၊ သီလလည်း ဟုတ်ဟုတ်ငြားငြား မရှိ၊ ဘာအသိဉာဏ်မှ မရှိတဲ့ လူတစ်ယောက်တောင်ကပဲ အားကိုးတယ်။ ဘာအားကိုးလည်းဆိုတော့ မင်းသင်တန်းလိုက်ပါလားကွာ။ သင်တန်းအလွန်ကောင်း၊ သံသရာကြီး ထောက်ရာ တည်ရာလည်းရ၊ မဂ်စခန်း ဖိုလ်စခန်းလည်း ရောက်နိုင်ရဲ့၊ မဂ်စခန်း ဖိုလ်စခန်း မရောက်နိုင်တောင်ဘဲ အောက်ထစ်ဆုံးအားဖြင့် ကလျာဏပုထုဇဉ် ဖြစ်တယ်ဟဲ့။ စူဠသောတာပန်ဖြစ်တယ်ဟဲ့၊ အပါယ်လေးပါး တံခါးပိတ်တယ်ဟဲ့၊ မိတ်ဆွေသူငယ်ချင်း ရယ်ဆိုပြီးတော့ မနေနိုင် မထိုင်နိုင် စွဲကြ ဆောင်ကြ ခေါ်ကြ၊ ဘာပြော စိတ်ကောင်းရင် ပြီးတာပါပဲ တဲ့။ တို့ ဘယ်သူမှ မဟုတ်တာ မလုပ်ပါဘူးတဲ့၊ ချေပတယ် နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်စိတ်ကလေးကောင်းဖို့ အရေးကြီးတာပါတဲ့။ မဟုတ်တာ တစ်သက်လုံးက ဘယ်တော့မှ မလုပ်ပါဘူးတဲ့။ တို့ လိုက်စရာ မလိုပါဘူး။ အားကိုးရှာတယ် အားမကိုးဘူးလား (အားကိုးပါတယ်ဆရာ)။

http://www.dhammadownload.com

အေး-ဒါကြောင့် ဒီလို စိတ်ကောင်းရင်ပြီးစမ်းပါ။ တို့ဘယ်သူမှ မဟုတ်တာ မလုပ်ပါဘူးဆိုတဲ့ လူတောင်ပဲ သူ့ဥစ္စာလေး သူအဟုတ်ထင် အားကိုးနေတော့ ဒါနခန်း သီလခန်းက အမြဲတစေ ကြိုးပမ်းအားထုတ်တဲ့ လူဆိုရင် သာအားမကိုးဘူးလား (သာအားကိုးပါတယ်ဆရာ)၊ အားသာကိုးတယ် မိမိလုပ်ထားတဲ့ အားကိုးထားတဲ့ ကုသိုလ်က သေချာပြန်ကြည့်တော့ ဟုတ်ရဲ့လားဆို မဟုတ်ဘူးတဲ့၊ ဘာပြုလို့ မှားနေတယ်တဲ့ မိစ္ဆာပဋိပဒါလို့ သက်သေခံနဲ့ပြနေတာနော် (မှန်ပါတယ်ဆရာ)၊ မိစ္ဆာပဋိပဒါ-တဲ့၊ မှားသော အကျင့် ဘာပြုလို့လဲ၊ ဘုံသုံးပါးတမ်းတပြီး လုပ်နေတဲ့ကုသိုလ်တွေတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘုံသုံးပါးတမ်းတပြီး လုပ်နေတဲ့ ကုသိုလ်တရားဟာ ကောင်းသော အကျိုးပေးတယ် ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဘုံသုံးပါးတမ်းတပြီးတော့ ကြိုးစားနေတဲ့ ကုသိုလ်ဖြစ်ခြင်းကြောင့် ဘုံသုံးပါးက မလွတ်။ ဝဋ်သုံးပါးက မကျွတ်သည်ဖြစ်ပါသောကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင်က မှားသော အကျင့်တွေလို့ "မိစ္ဆာပဋိပဒါ ဟောတိ" လို့ တိုက်ရိုက်ပြတယ်။ ဒါ တို့များက ပြောတာ မဟုတ်ပါဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒီတော့ မိမိတို့ အားကိုးနေကြ ပုဂ္ဂိုလ်များကလည်းပဲ အားကိုးကြမှာပေါ့လေ။ ကိုယ့်အားကိုးတဲ့ အားကိုးချက်ကလေးက ပိုင်သလား နိုင်သလား ဆိုင်သလား ဆိုတာလည်း ပြန်ကြည့်။ ဖြုန်းကနဲ သေသွား ဂတိမမြဲတဲ့ ဘေးနဲ့တွေ့ပြန်ရော တွေ့ဘူးလားဟ (တွေ့မှာပါဆရာ)၊ သူအားကိုးနေတဲ့အလုပ် အားကိုးနေတဲ့အလုပ်က တကယ်မဟုတ်တော့ သေခါနီးထိအောင်ပဲ ဘုရားကု လိုက်ကုကြ။ မကုရ ဖူးလား (ကုရပါတယ်ဆရာ)၊ သေပြီးတဲ့နောက်လည်းပဲ လိုက်ကုရတာပဲ မကုရဖူးလား (ကုရပါတယ် ဆရာ)၊ အဲဒါတွေများ တွေးကြည့်ရင်ကွယ် ဘယ်သူမှ ပြောစရာ ဟောစရာ မလိုဘူး။ တို့လုပ်တဲ့ ကုသိုလ်တွေဟာ ကုသိုလ်တော့ မှန်ရဲ့, တစ်ခုသော အချိန်ကြတော့ ကောင်းကျိုးချမ်းသာတော့ ပေးမှာမှန်ရဲ့၊ ဒါပေမယ့် တို့ အင်မတန်ကြောက်ရွံ့ ထိတ်လန့်နေတာက ဘယ်ဒင်းတုံး ဘယ်ဘေးတုံး။ အခုရလာတဲ့ ဘဝက ရုတ်တရက်အားဖြင့် စုတိစိတ်ကျခဲ့သော် သေခဲ့သော် ဒုတိယဘဝအကူးမှာ အထူးပဲ တို့မှာ စိုးရိမ်မကင်း ဖြစ်နေတယ်။ မတော်တစ ချွတ်ချော်တိမ်းပါး အပါယ်လေးပါးများ လားသွားမလားဟ။ လူကောင်း နတ်ကောင်းများ ပြန်ဖြစ်ပါ့မလားဟ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို အထိတ်တလန့်အားဖြင့် ကျီးလန့်စာ စားသလို ဆိုသလိုပဲ သေဘေးနဲ့ တွေးကြည့်ရင် စိတ်လေးစရာ အင်မတန် ကောင်းလိုက်တာ။ အင်မတန်ထင်ရှား။

ဒါဖြင့် ငါလည်း ကုသိုလ်တွေ အမြဲတစေ ပြုနေပါတယ်။ ပြုနေရက်သားနဲ့ ဒီလို ကြောက်နေ ရတာ ဘယ်သဘောတုံး။ ဂတိ မမြဲတာဘဲလို့ လာတွေ့ရ တွေ့ဖူးလား (တွေ့ပါတယ်ဆရာ)၊ မမြဲတာတွေ့တော့လည်း မြဲတဲ့နည်း ငါရှာမယ်လို့ ဒီလို မရှာဘူး။ ဒီလို ပေကပ်ကပ်နဲ့ နေတာပဲနော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ ဒီလိုနေ ဒီလို သေပြန်တော့ တစ်ဘဝသွားပြန် တစ်သာသနာရှုံးပြန်ပေါ့လို့၊ ဒီ "ဝိနိပါတ '" ဂတိ မမြဲတဲ့ ဘေးကြီးနဲ့ တွေ့ချင်မှဖြင့် နောင်ဘဝ သာသနာနဲ့တွေ့ချင်မှ တွေ့တော့မပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ တွေးကြည့်ရင် ဘယ်သူမှ မဟောမပြောဘဲနဲ့ ကိုယ့်ကိုယ်ကို စောဒနာကြည့်ရင် သိပ့်ါတယ်လို့။

ဒါကြောင့် ဒီလို လုပ်နေတဲ့ လုပ်ငန်းဟာ ဂတိ မမြဲသေးဘူးဟဲ့၊ ဂတိမြဲတာ ဘယ်နည်းရှိသလဲ ဟဲ့၊ ငါကြိုးစားအုံးမှ ကြံအုံးမှ ကြောက်လိုက်တာဖြင့်လွန်လို့ သေဘေးဆို အလွန်ကြောက်။ ဘယ်ပြေး ရမှန်း မသိဘူး။ မျက်စိလေး ကလယ်, ကလယ် ဖြစ်လာပေါ့။ ဘာပြုလို့ ကိုယ်သေချာတဲ့ အာကိုးက တစ်ခုမှ မရှိဘူး။ ဘယ်နဲ့ သေဘေးကြောက်ကြောက်သေမှာ နော် (မှန်ပါတယ်ဆရာ)၊ တောင်ပေါ်က ကိုယ်တော်လေး တရားဟောသလို သေမှာကြောက်လို့ ထမင်းစား ထမင်းစားလည်း သေမှာပဲ။ သေမှာကြောက်လို့ ဆေးရုံတက် ဆေးရုံတက်လည်း သေမှာပဲ။ သေမှာကြောက်လို့ ဆရာခေါ် ဆရာခေါ်လည်း သေမှာပဲ။ နောက်ဆုံးသေမှာပဲ မဟုတ်လား (သေမှာပါပဲဆရာ)၊ ဘယ်နဲ့မှ ပုန်းလို့ ရှိုးလို့ မလွတ်တော့ဘူး။ ဘာပြုလို့၊ ဇာတိရယ်လို့ ဖြစ်လာရင် မရဏ တိုက်ရိုက်သွား။ သွားဖူးလား (သွားပါတယ်ဆရာ)၊ "ဇာတိပစ္စယာ ဇရာမရဏံ" တဲ့ တွေ့ကြတော့မှာပဲ ကနေ့လား, နက်ဖန်လား, ဒီလလား, နောက်လလား, ဒီနှစ်လား, နောင်နှစ်လား အချိန်းအချက်လည်း မရှိကြ။ အင်မတန် ကြောက်စရာ ကောင်းပါတယ်။

ဒါကြောင့် မိမိတို့ လုပ်နေတဲ့ အလုပ်က အားကိုးလောက်ရဲ့လား အားမကိုးလောက်ဘူးလားလို့ ပြန်စမ်းစစ်။ ဟာ - အားမကိုးလောက်ဘူးဟ လုပ်တော့လုပ်ရတာပဲ။ ဒါပေမယ့် ခြေမမြဲ လက်မြဲပါဆို တဲ့အနေအားဖြင့် ဆယ်ရေးတရေး ကိုယ်ရေးတစ်ရာဆိုသလို လုပ်ရတာပဲ။ တို့တော့ ဒီနည်းပဲ အကောင်း ဆုံးထား လုပ်နေရတာ။ ဒါပဲ နားလည် ဒါပဲ တတ်တယ်။ ဒါထက်များ ကောင်းတဲ့ နည်းရှိရင် လိုချင် ပါသေးရဲ့။ ဒါထက်သေချာတဲ့ နည်းရှိရင် လိုချင်ပါသေးရဲ့။ ဟောသလို စိတ်ထားလေး ထားရင်ပဲ ဒါပညာရှိ သူတော်ကောင်းခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုတော့ မဟုတ်ဘူး နေတာပဲ။ ပေကပ်ကပ်နဲ့၊ သွားပြော ဂျစ်တီး ဂျစ်ကန်နဲ့၊ တို့ ဘယ်သူမှ မဟုတ်တာ မလုပ်ပါဘူးကွာ။ စိတ်ကောင်း လေးတစ်ခု အရေးကြီးပါတယ်။ စိတ်ကောင်းလေး ထားရင်ပြီးတာပါပဲလို့၊ သင်တန်းလည်း လိုက်စရာ မလိုပါဘူးဆိုတော့ ပြောစရာ ကုန်နေ။ မကုန်ဘူးလား (ကုန်ပါတယ်ဆရာ)၊ ဒင်းထက်မိုက်တဲ့ လူစား မရှိဘူး။ ဒါသင်တန်း အဓိကထားပြောတာ မဟုတ်ပါဘူး။ သင်တန်းလိုက်လိုက် မလိုက်လိုက် ဒီလိုပဲ သေချာနည်း ရှာဖို့ ဝတ္တရား ရှိပါလားဆိုတာ နားမလည်ဘူးနော် (မှန်ပါတယ်ဆရာ)၊ နေတာပဲလို့၊ ကြောက်ရမှန်းလည်း မသိ လန့်ရမှန်းလည်း မသိ။

http://www.dhammadownload.com

ဒါကြောင့် သေချာလောက်တဲ့ အားကိုးလောက်တဲ့ တရားကောင်းတစ်ခုကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ပေးနေတဲ့သင်တန်း တကယ်မြင်တဲ့လူ တကယ်အားကိုးထိုက်တယ်။ တကယ်ယုံကြည်တယ်၊ တကယ်စိတ်ချတယ်၊ တကယ်သေရဲ တကယ်နေရဲနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သက်တောင့်သက်သာလေးနဲ့ တကယ်ကျကျနန တာဝန်ခံနဲ့ ပေးနေပေမယ့်လည်း မလေးစားကြဘူးလို့။ ငါ့အကျိုးလား သူ့အကျိုးလားလည်း မသိ။ ငါ့အတွက်လား၊ သူ့အတွက်လားလို့ မဝေဖန်တတ်။ ပျော်ရပြီးရော့၊ မော်ရပြီးရော့၊ ကြွားရပြီးရော့ ချမ်းသာဖို့လောက် စိတ်ကူးနေ၊ လိမ့်လိမ့်လိမ်လိမ့်နဲ့ စီးပွားပဲရှာပေ့ါ။ ငါတစ်ခါပြောတဲ့အတိုင်း ကိုယ့်လုပ်စာ ကိုယ်မှစားရပ့ါမလားဆိုတာ နော် (မှန်ပါတယ်ဆရာ)၊ ပင်ပန်းကြီးစွာ ရှာလိုက်တာ ကိုယ့်လုပ်စာ ကိုယ်မှစားရပ့ါမလားလို့ ပင်ပန်းလွန်းလို့ ပြောရတာ။ ရှာလည်းရှာပေ့ါ၊ မရှာရင် ဘယ်သူက ကျွေးမှာလဲ၊ ရှာမှ ဒီခန္ဓာဝန်ကြီးလဲ ကျွေးနိုင်မယ်။ ရှာလည်းရှာပေ့ါဆိုတာက ရှာတာကတစ်ဘက်၊ လောကုတ္တရာစီးပွားရှာတာက တစ်ဘက်၊ လောကီ စီးပွားရှာတာက တစ်ဘက် အမြင်နှစ်ဘက်သွားကြရမယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

လောကုတ္တရာစီးပွား ဆိုတာက နေ့မအားညမအား ရှာစရာမလိုပါဘူး။ တစ်နေ့မှာ တစ်နာရီလေး အသွားအပြန် ပေါင်းလိုက် နှစ်နာရီထားပါတော့ တစ်နေ့လုံးအဖို့မှာဖြင့် တစ်နေ့လုံးတင်လာတဲ့ ချေးတွေ ညှော်တွေ ဆေးကြောရာလည်း ရောက်ပါတယ်။ တစ်နာရီလောက် လာထိုင်တယ်ဆိုလို့ ရှိရင် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူသော "သဒ္ဓမ္မဒေသနာ"ခေါ်တဲ့ သူတော်ကောင်းတရားတော်များ နာကြားနေရတယ်။ ဓမ္မဿဝန ကုသိုလ်ကြီးကဖြစ်လို့ ကုသိုလ်ဇောတွေ တဖွားဖွားနဲ့ ကျလို့ ကျဖူးလား (ကျပါတယ်ဆရာ)၊ ငိုက်နေတဲ့လူတွေ မပါဘူးနော်။ ကုသိုလ်ဇောတွေ တစ်ဖွားဖွားကျနေတော့ တစ်နေ့လုံး မဟုတ်တာတွေ လုပ်နေတဲ့ အလုပ်တွေ ကြေမသွားဘူးလားကွာ (ကြေသွားပါတယ်ဆရာ)၊ ဘဲစား ဘဲချေနဲ့ ချအုံးတော့ ကြေသွားတယ်။ တစ်နေ့လုံး အပြစ်တွေ ဒီမှာလာရေသေးလိုက် ကုန်သွားပြန်။ နက်ဖြန် တစ်ခါ အပြစ်တွေ အကြွေးတင်ပြန် ညသွား ဆေးလိုက် ကုန်သွားပြန်နော် (မှန်ပါတယ်ဆရာ)၊ မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ အောက်ထစ်ဆုံး ပြောတာပါ။ အဲသလိုမှ ထွက်သားလေး မချတတ်ဘူး။

တချို့ကလည်း ဒီလို တွက်သားချဖို့ နေနေသာသာ သင်တန်းအာဃာတ ထားပြီးတော့ ရန်စကား ပြောတဲ့လူက ပြောသေး။ သက်သက် ကိုယ့်နဲ့လည်း မဆိုင်ဘဲနဲ့ ကိုယ့်နဲ့လည်း ဘာမှ မပတ်သက်ဘူး။ ကိုယ်နဲ့လဲ ငြိုးသူရန်ဘက်လည်း မဟုတ်ဘူး။ ပြနေတဲ့ပုဂ္ဂိုလ်လည်း ငြိုးသူရန်ဘက် မဟုတ်။ တချို့များ မျက်ခွက် မျက်နှာတစ်ခါမှ မမြင်ဘူး။ ဒါပေမယ့် အတင်းပြော သင်တန်းလိုက်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ကိုယ်နဲ့ရန်သူ ရန်ဘက်တွေလည်း မဟုတ်။ ဒါလည်း အတင်းပြောတာနော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ သက်သက်မစားရ မသောက်ရ ဆိုသလိုပဲ အပြစ်တွေ ရှာပြီး ယူကြတယ်လို့။ ဘာတရားတွေ ဟောနေပါလိမ့်, ဘယ်လို ပြောပါလိမ့် , ဘယ်လိုသင်ကြား ပေးပါလိမ့်။ အဲဒါ နားမစွန့်ဘူး သက်သက် မလိုမုန်းထားတဲ့ စိတ်ဓာတ်တွေက အများကြီး။ ဒါပေမယ့် ဒါတွေ ဂရုထားလို့ ပြောတာ မဟုတ်ပါဘူး။ စကားစပ်မိလို့ပြောတာ ဂရုလည်း မထားပါဘူး။ ဂရုမထားလို့လည်းပဲ ဒီနေ့ ဒီလ ဒီရက်ထိအောင် ပြလာတာပေါ့ပါလို့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မသေခင်လေးမှာ ကိုယ့်အခွင့်သာတဲ့ အခိုက်ကလေးမှာ တကယ်အားကိုး ထိုက်တယ်။ ယုံကြည်ထိုက်တယ်ဆိုတဲ့ တရားကောင်းတစ်ခုကိုတော့ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရအောင် ယူထားကြပါ။ ဘယ်ဒင်းလည်း မေးရင် သင်တန်းနိဒါန်းကစ အကုန်လုံးနော် (မှန်ပါတယ်ဆရာ)၊ သူ့အခန်းနဲ့ သူ့အခန်းနဲ့ တစ်ခန်းစီ တစ်ခန်းစီ လာတာ၊ မီရာ အခန်းကယ္ဃပါ။ သံသရာမှာ ထောက်ရာ တည်းရာ ရပါတယ်။ သေရဲ နေရဲပါတယ်။ အပါယ်လေးပါး တကယ်တံခါးပိတ်ပါတယ်ဆိုတာ စိတ်ချရ။ ဘယ်အခန်းကရရ ဟော အခု ပဋိစ္စသမုပ္ပါဒ်အခန်း ဆိုလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် နိဒါန်းက စပြီးတော့ အဆုံးတိုင်အောင် သေသေချာချာ မှတ်မှတ်သားသား လိုက်ကြည့်ပါ။ ပဋိစ္စသမုပ္ပါဒ် ထွက်နည်းပြလာတဲ့ အခါကြ ဘယ်လို ပြမလဲလို့ သေသေချာချာကြည့် လည်တဲ့ နည်းပြနေတာ လည်မှာပဲ။ လည်ပြတယ် ဒါ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" သွားမှာ၊ အဲဒီထဲမှာ လည်တတ်တဲ့တရားတွေ စုစု, စုစုပြီးတော့ တရားကိုယ် တရားသားနဲ့ သွင်းသွင်းပြီးတော့ အဓိပ္ပါယ် ရှင်းပြနေတာ။ အဝိဇ္ဇာကစ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လာတယ်။ လည်သွားပုံ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ်ဆိုတော့ တောက်လျှောက်ကြီးသွားလေ။ အဲဒီလို လည်တတ်တဲ့ လည်ပုံလည်နည်းတွေ ပြတော့ လည်တတ် တယ်ဆိုတဲ့ တရားလုံးလေးတွေရဲ့ တရားကိုယ်ကောက်တော့မှ အဓိပ္ပါယ်တွေ ရှင်းရှင်းထွက်နေနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရအကျိုးတရားတွေ ဖြစ်လာတယ်" ဆိုတော့ ဒီသင်္ခါရအကျိုးတရားတွေထဲ ဘယ်သူပါလဲလို့ ကုသိုလ် အကုသိုလ်ပါတယ်။ ကုသိုလ်တရား တွေက ကုသိုလ်တရားတွေတုံး၊ ဗမာလို နားလည်အောင် ပြောတော့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်၊ ဟော -လည်တတ်ပါတယ်ဆိုရင် လည်တာပဲ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ဘယ်သူမှ ဝေ့လည်ကြောင်ပတ်လုပ်ပြီးတော့ နာလိုခံခက်ဆိုတဲ့ အနေအားဖြင့် ဖြစ်အောင် ကြံဖန်ဟောနေတဲ့ တရားမဟုတ်ဘူး။

မြတ်စွာဘုရားကိုယ်တော်တိုင် ဟောသွားတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး သေသေချာချာ ပြန်မေး၊ အပျင်းကြီးခဲ့သော် ဒီလို ဒီလိုပဲ။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်တွေ လုပ်ရင်

http://www.dhammadownload.com

သံသရာလည်တတ်တယ်။ မလုပ်ကောင်းဘူး၊ မလုပ်ရဘူး၊ လုပ်ရင်မိုက်လို့ လုပ်တယ်၊ မလိမ္မာလို့ လုပ်တယ်၊ မညီးလို့ လုပ်တယ်၊ တွေဝေလို့ လုပ်တယ်၊ မသိလို့ လုပ်တယ်ဆိုတဲ့ စကားများ ဟောတာ ပြောတာ ဟုတ်သလားဆို ဟုတ်တယ်လို့ ပြောလိုက်ပါ။ ဘုရားဟောထားတယ်လို့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"လို့ သေချာပြန်ကြည့်။ အဝိဇ္ဇာတရားကိုယ် တရားသား ကောက် လိုက်ရင် မောဟရ၏။ သင်္ခါရရဲ့တရားကိုယ် တရားသား ကောက်လို့ရှိရင် အခုပြောတဲ့ အကုသိုလ် စေတနာတွေ, ကာမာဝစရကုသိုလ်စေတနာတွေ, ရူပါဝစရကုသိုလ်စေတနာတွေ, အရူပါဝစရ ကုသိုလ်စေတနာတွေ ဒါတွေမကောက်၊ ဘာကောက်မတုံးလို့ ပြန်မေးနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ကကြီးရေးပြလို့ ထင်းတစ်ချောင်း မခွေတတ်တဲ့ကောင် သွားပြောပြန်လည်း အပိုပဲဟ မောရုံရှိမှာပဲနော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် စာအတော်အတန် သင်ဖူးကြားဖူးရှိတဲ့ ပုဂ္ဂိုလ်များကတော့ မငြင်းဆိုပါဘူး။ ဟုတ်ပြီ မှန်ပြီဆိုတဲ့ ဝန်ခံရတယ်။ ဘာပြုလို့ တိုက်ရိုက်ကလာနေ။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရသုံးမျိုးတို့သည် (ဝါ) ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။" ရှင်းရှင်း လေး အဲဒါတွေ ဖြစ်ပြီးရင် ဒါတွေ အကြောင်းခံလိုက် ဘာဖြစ် "သင်္ခါရပစ္စယာ ဝိညာဏံ"သွားပေါ့။ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ဝဋ္ဋကထာလို့ လည်တတ်တဲ့ တရားဟောနေတာ။ လည်တာတွေ ပြနေတာ ဘာမှလည်း ငြင်းစရာ မလိုဘူး။

ဒါကြောင့် တို့လူစု သံသရာဝဋ္ဋ်က ကျွတ်ချင် လွတ်ချင်ရင်လို့ ပဋိစ္စသမုပ္ပါဒ် အင်မတန် ရှုပ်ထွေး နေတဲ့ အရှုပ်အထွေးကြီးကို ချည်ငင်ထွေးများလိုပဲ ယက်ကန်းထွေးချည်ငင်ထွေးများလို ဖြူဆံမြက် ပြိန်းမြက်တောလိုပဲ, စားဘူးအိမ်လိုပဲလို့ တစ်လိမ်တည်း လိမ်နေတယ်ဆိုတာ မိမိတို့ဉာဏ် ဣန္ဒြေ သေးနုပ်တော့ ဒါကို မဖြေထွင်နိုင်ဘူး၊ မရှင်းလင်းနိုင်ဘူးခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း အောက်သက်သက်နဲ့ခံရ၊ လိမ့်ပတ်ကမလည်ရှာဘူး။ တရားတော် ဒေသနာသဘောက အင်မတန် နက်နဲတယ်။ ဒီနေရာလိမ်နေတော့ မရှင်းနိုင်ဘူး။ ဉာဏ်လည်း မလင်းနိုင်ဘူး ခေါ်တယ်။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးဟာ အတ္ထဂမ္ဘီရ, ဓမ္မဂမ္ဘီရ-အကျိုးအားဖြင့် အကျိုး တရားရဲ့ နက်နဲခြင်း၊ အကြောင်းတရားရဲ့ နက်နဲခြင်းဆိုတာ နက်နဲခြင်းတွေ ပြသွားတယ်။ လေးမျိုး ထဲမှာ အဲဒါတွေဆိုတာ သေချာမှတ်ထား။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ အဝိဇ္ဇာဆိုတဲ့ အကြောင်း တရား၊ သင်္ခါရဖြစ်လာလည်း သင်္ခါရအကျိုးတရား အဲဒီလို အကြောင်းတရားရဲ့ နက်နဲခြင်း, အကျိုး တရားရဲ့ နက်နဲခြင်း သိဖို့ဥစ္စာ အင်မတန်မှ မလွယ်ဘူးတဲ့။

http://www.dhammadownload.com

ဒါကြောင့် "တန္တာကုလကဇာတာ"လို့ "အရှုပ်အယှက် အင်မတန် အရှင်းခက်တဲ့ ယက်ကန်းထွေး ချည်ခင်ထွေး"လိုပဲ၊ ပုထုဇဉ်သတ္တဝါများရဲ့ဉာဏ်မှာ ထွေးနေကြတယ်လို့ ထွေးလား မထွေးဘူးလား ဆိုတာ မေးကြည့်။ လူဆယ်ယောက်မေးကြည့်။ တစ်ယောက်ရှင်းဖို့ ခဲယဉ်းတယ်။ ဘယ်နဲ့နည်းမှ ဒီအကူးအဆက်ကလေး ဒီသဘာဝပြလို့၊ လက်ခံနိုင်စရာ အကြောင်းမရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်လုပ်တာ ကိုယ်အဟုတ်ထင်, ကိုယ်လုပ်တာမှ ကိုယ်အကောင်းထင်။ ဘယ်သူက ပြောပြော သဘောက လက်မခံနိုင်။ အဲဒါ ယက်ကန်းထွေးချည်ခင်ထွေးလို့ ထွေးနေတဲ့ သဘောတွေပဲလို့ ဒီဉာဏ်လေးတွေ တစ်လုံးချင်း တစ်လုံးချင်း မိမိဉာဏ်ထဲမှာ ရှင်းလင်းပြတ်သားလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်မှာ ဝိုးတိုးဝါးတား သာမညအားဖြင့် နားလည်တယ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီလို ဝိုးတိုးဝါးတား သာမညအားဖြင့် တရားကိုယ်သရုပ် သဘောအဓိပ္ပါယ်လေးတွေနဲ့ သိသွားရင်ပဲ သံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်ဖြတ် နိုင်တယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဗျတိရေကနည်းအားဖြင့် ဟောထားတာ။ ထင်ရှား ရှိ၊ ဘယ်လို တန်ဖိုးရှိသလဲဆိုတော့ သေချာကြည့်။ အဲဒီသဘောသွားလေးတွေမှ သံသရာကြီး လည်နေတယ် လည်ပုံလည်နည်းလည်း မသိ၊ ရပ်ပုံရပ်နည်းလည်း မသိ၊ ဒီလိုမှ မသိရင်ဖြင့် အန္ဓပုထု ဇဉ်ဘဝနဲ့ သေရအုံးမှာပဲ။ သေလည်း သံသရာထဲ တဝဲလည်လည်သွားအုံးမှာပဲနော် (မှန်ပါတယ်ဆရာ)၊ သံသရာထဲတော့ တယ်ပျော်ကြ။ တချို့လည်း တကယ်ကျွတ်တမ်းဝင်အောင် ဒီတရားအားထုတ်ရင် ကျွတ်တမ်းဝင်လိမ့်မယ်။ တကယ်လောကကြီးက ကျွတ်သွားလိမ့်မယ်။ သံသရာဝဋ်က ကျွတ်သွား လိမ့်မယ်။ တစ်ချို့က မကျွတ်ချင်သေးဘူး။ ပျော်လို့က အားမရသေးပဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ တကယ်ကျွတ်ရမှာ လွတ်ရမှာဆိုတော့လည်း တကယ်ကြောက်။ အဲဒါ မိမိရောက်နေတဲ့ ဘဝသံသရာရဲ့ ဒုက္ခဘေးတွေ တွေးတွေးဆဆနဲ့ မမြင်တတ်တဲ့ ပုဂ္ဂိုလ်များကတော့ သံသရာ အဟုတ်ထင်ပြီးတော့ ပျော်လည်းပျော်ကြ ပါးလည်းပါးကြပေ့ါလေ။ သံသရာ ခင်တွယ်တဲ့စိတ်တွေ ရှိတယ်။

ဒါကြောင့် "သံသရာဒုက္ခံ သုခသညာယ ဂဟေတွာ" လို့ "သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ကြီးကို သုခ ဟူသော အမှတ်သညာရှိတဲ့ ပုဂ္ဂိုလ်သာလျှင် ဒီသင်္ခါရသုံးမျိုးကြိုးစား အားထုတ်ကြပါတယ်" လို့ အဋ္ဌကထာဆရာက တိုက်ရိုက်ပြသွားတယ် မှန်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ သံသရာဝဋ် ဆင်းရဲကြီးကို သုခပဲလို့ စိတ်ထဲစွဲမြဲယုံကြည်နေတဲ့ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်မျိုးသာလျှင် ထိုသံသရာဝဋ် ဆင်းရဲ့ကြီး အကြောင်းဖြစ်သော သင်္ခါရသုံးမျိုးကို ကြိုးစားကြပါ၏တဲ့။ မှန်လိုက်သမှလွန်။ ဒါကြောင့် နားလည်အောင် သဲသဲကွဲကွဲနဲ့ ခြားခြားနားနား ပြတ်ပြတ်သားသား နားလည်အောင်ဆိုပြီးတော့ တစ်ညပြီးတစ်ည ထပ်ခါ ထပ်ခါပြ။ ဒါကြောင့် တရားက သူ့အခန်းနဲ့ သူ့အခန်း တစ်ခန်းလောက်မိရင်

http://www.dhammadownload.com

သံသရာ မှချထောက်ရာတည်ရာရ သံသရာဘေးနဲ့ စိတ်အေးစရာ မရှိစေရဘူး။ ဒီလို သွားရမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သူ့အခန်းနဲ့သူ ပိုင်ပိုင်နိုင်နိုင် မှတ်စမ်းပါလို့ ပြောတာ။ ပဋိစ္စသမုပ္ပါဒ် အခန်းကြီး ပိုင်သွားလဲ တကယ် သံသရာမှာ ထောက်ရာတည်ရာ ရမှာ အမှန်ပဲလို့ ဘာမှ အားငယ်စရာမရှိဘူး။ ထွက်ပုံထွက်နည်းလည်း ပြသွားမယ်။ လည်ပုံလည်နည်းလည်း ပြပြီးတဲ့အခါကြတော့ ဒီသံသရာ စက်ရဟတ်ကြီး အဆက်ဖြတ်ချင်လှချည့်ရဲ့ ဘယ်နဲ့လုပ်ရမတုံး။ ဟောဒီလို လုပ်ပြကရော့ လုပ်ပုံ လုပ်နည်းနော် (မှန်ပါတယ်ဆရာ)၊ လုပ်တာ မလုပ်တာတော့ တို့တာဝန် မဟုတ်ဘူး။ နည်းသိဖို့ အင်မတန် အရေးကြီးတယ်။ နည်းသိမှ လုပ်ငန်းစဉ်ဖော်တတ်တယ်။ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ နည်းမသိဘဲနဲ့ လုပ်ငန်းစဉ်သာ ဖော်နေတယ်၊ ပင်ပန်းကျိုးမနပ်ပါဘူး။ ခရီးမရောက်ပါဘူး။ မမှန်ပါဘူး၊ မတိကျပါဘူးလို့။

ဒါကြောင့် တရားရှာတယ် ရှာတယ်ဆိုပေမယ့် နည်းမပါဘဲနဲ့ တရားရှာရင် ကိုယ်မှာ ပင်ပန်းတာ အဖတ်တင်။ ပြီးတော့ ဘာရ ဘာမှ မရပါဘူး။ တချို့များ ဖတ်ဖတ်ကိုမောလို့ ပင်ပန်းလိုက်တာ။ ဘာရလဲ ဆိုတော့ ဘာမှ ကျကျနန ရခဲ့တာမရှိဘူး။ တရားရတယ်လို့ မပြောနိုင်ဘူး။ မရဘူးလို့ မပြောနိုင်ဘူး။ ကိုယ့်ကိုယ်လည်း ကိုယ်ဘာမှန်းမသိဘူး။ ဒီလို ဖြစ်တတ်တယ်။ အဲဒါ နည်းမသိလို့တဲ့။ ဒါကြောင့် ဘယ်နေရာမဆို မြတ်စွာဘုရားကိုယ်တော်မြတ်က နည်းအဓိကထားပြီး ဟောသွားတာ။ ဒါကြောင့် ဒီနေရာလေး မနေ့ညက အဌကထာဆရာက ခွဲပြတဲ့အတိုင်း -

ဝဋ္ဋံ၊ ဝဋ္ဋ်ဘုံသုံးပါးကို။ ပဝတ္တေတွာ၊ တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ပဉ္စာဘိညာ ဝါ၊ အဘိညာဉ်ငါးပါး ဆိုတဲ့ သမထကုသိုလ်တို့သည်ရင်း။ ဝါ ပန၊ ထိုမှတစ်ပါးလည်း။ အဋ္ဌ သမာပတ္တိယော၊ သမာပတ်ရှစ်ပါးဆိုတဲ့ သမထကုသိုလ် တို့သည်ရင်း။ ဝဋ္ဋပက္ခိယံ၊ ဘုံသုံးပါးသာလျှင် အဖို့ရှိ၏။ ဝဋ္ဋသီသံ၊ ဘုံသုံးပါးသာလျှင် ဦးမူ၏။ ဣတိ၊ ဤသို့။ ဝဋ္ဋသီသတ္တာ၊ ဘုံသုံးပါးကို ဦးမူအပ်သည်၏အဖြစ်ကြောင့်။ ဣဒံ ပန ပုည်၊ ဤကုသိုလ် ကောင်းမှုသည်။ မိစ္ဆာပဋိပဒါဝ၊ မှားသောအကျင့်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တိုင်မိန့်ကြားသွားတာ “မိစ္ဆာပဋိပဒါ”တဲ့။ အကျင့်မှားတွေတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ထင်ရှားဖူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ မှတ်ထားမှတ်ထား ထင်ရှားတယ်။ ဒါဖြင့် တို့လုပ်နေတာ အမှန်မကျသေးပါလားလို့ မှားမှန်းသိရင် ပြင်ရမယ် မဟုတ်လား (ပြင်ရမှာပါဆရာ)၊ ပြင်ရမယ် ဒီတော့ အဌကထာဆရာက ပြင်ပေးခဲ့တယ်။

http://www.dhammadownload.com

"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတုတိ ဇဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋူဝသေန သမ္မာ ဌာပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ။"

အဋ္ဌကထာဆရာ ပြင်ပေးသွားတယ်။ မှတ်ထား မှတ်ထား စွဲစွဲမြဲမြဲ မှတ်ထား။ နှုတ်မနှေးစေနဲ့ စိတ်ကလေးကလည်းပဲ အမြဲတမ်းသိနေပါစေ။ ပန်းတစ်ပွင့်ပဲလှူရှု သစ်သီးတစ်လုံးပဲလှူရှု တစ်ဇွန်း တစ်ယောက်မပဲ လှူရှု ရေချမ်းတစ်ခွက်ပဲကပ်ရ အောက်ထစ်အနေအားဖြင့်နော် (မှန်ပါတယ်ဆရာ)၊ လုပ်တိုင်းလုပ်တိုင်း အခုသင်တန်းက သင်ကြားပေးတဲ့ အဋ္ဌကထာဆရာကြီး မိန့်ကြားထားတဲ့စကားကို ပြေးပြီး သတိရလိုက်ပါ။ ဝဋ္ဋသုံးပါးတောင်းတလို့တော့ ငါမတော်ဘူးဟဲ့။ ငါလုပ်တဲ့ကုသိုလ် အလကား ဖြစ်သွားလိမ့်မယ်။

ဒါကြောင့် ငါလုပ်တဲ့ ကုသိုလ်လေးသေးတယ်, ကြီးတယ်လို့ ဆိုစရာမရှိဘူး၊ စေတနာအဓိက၊ "စင်ကြယ်သန့်ရှင်းသော စေတနာနဲ့ ငါလုပ်နေတဲ့ ကုသိုလ်ကောင်းမှု မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာမြတ် အမြန်ဆုံး ရရပါလို၏။ ရောက်ရပါလို၏" မြန်မာလိုလေး ရှင်းရှင်းလေးနော် (မှန်ပါတယ် ဆရာ)၊ ဒါမှ ဟိုအဓိပ္ပါယ်ပဲ နားလည်ပြီးသားဆိုလို့ရှိရင် "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဒါတော့ ရတယ်မဟုတ်လား (ရပါတယ်ဆရာ)၊ ဆိုစမ်း (ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု) ဟုတ်ပြီ၊ အနက်တော့ ပေးတတ်ကဲ့လား (မပေးတတ်ဘူးဆရာ)၊ မပေးတတ်ဘူးလား။ ဘယ်တုံးက လေ့ကျက်ထား၊ မေ၊ ငါ၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယံ၊ အာသဝေါတရားလေးပါး တို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။မြန်မာလိုပြန်လိုက်တော့"ငါလုပ်တဲ့ ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်ရပါလို၏ ရောက်ရပါလို၏။" ဒါပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မရှင်းဖူးလား (ရှင်းပါတယ် ဆရာ)၊ ဗမာလိုတော့ တောင်းတတ်ရဲ့လား (တောင်းတတ်ပါတယ်ဆရာ)၊ ကဲတောင်းစမ်း မြန်မာလို မင်းတတ်သလို တောင်းစမ်း။

ကဲ မင်းကုသိုလ်တစ်ခု လုပ်ပါပြီတဲ့၊ ဘုရားပန်းကပ်ပါပြီတဲ့။ ပန်းလေးက ရထားမောင်းရင်း အချောင်ရတယ်ဆိုပါတော့ကွာ။ ပန်းသည်က မေ့ကျန်ရစ်ခဲ့လို့ လုပ်စမ်းပါအုံး (နိဗ္ဗာန်ချမ်းသာ အမြန်ရောက်ရပါလို၏) ဘယ်သူတုံး၊ (ကျွန်တော်ပါဆရာ)၊ ဟော ဒီလိုလာရမှာကိုး။ ဘုရားက မေးလိမ့်မယ်။ ဘယ်သူတုံးလို့ ဟုတ်လား "တပည့်တော် ယခုပြုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်သို့ ရောက်ရပါလို၏။" လွယ်လွယ်လေး ပြောတတ်ဖူးလား။ မြန်မာစကား(ပြောတတ်ပါတယ် ဆရာ)၊ ပြောစမ်း (တပည့်တော် ယခုလို ကုသိုလ်ကောင်းမှု ပြုရသော အကျိုးကြောင့် နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုရပါလို၏)။

http://www.dhammadownload.com

အေး-ဟုတ်ပြီ ဟုတ်ပြီ၊ ဒါ ကိုယ်တတ်သလိုပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်ဖြောင့်သွားရင် ပြီးတာပဲ။ စကားလုံး ချောချော, မချောချော ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို တောင်းလိုက်တဲ့ အချိန်အခါလေးမှာ စိတ်ဓာတ်ကလည်း နိဗ္ဗာန်ဘက် ညွတ်ပေးရမယ် နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်မတောင်းချင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး ရပါလို၏တောင် အတူတူပဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရင် နိဗ္ဗာန်ချမ်းသာရပြီးသားဆိုတာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ နိဗ္ဗာန်တံခါး၀ ဝင်ဖို့ရှိတော့ ရောက်သွားပြီ။ နောက်ပြန်ဘယ်တော့မှ မဆုတ်ဘူး အလွယ်လေး။ အဲဒါ သတိလေးလည်း ရှိပေါ့။ ကုသိုလ်ကောင်းမှု လုပ်တိုင်းလုပ်တိုင်း ဘ၀သံသရာ အရှုံးကြီး ရှုံးလာတယ်ဆိုတဲ့ အလုပ်မျိုးတွေလည်း မလုပ်ကြနဲ့လို့။ ရှုံးပေါင်းများလာပြီ၊ အရှုံးစာရင်းတွေလည်း ပြန်ပြပေါ့။

ဒီတစ်ခါတော့ အမြတ်ထွက်အောင် ကြိုးစားကြ။ ကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ မလုပ်ရဘူးမှ မပြောဘဲ တတ်နိုင်သမျှ ကြိုးစားလုပ်။ အဲဒီအသိဉာဏ်မျိုးနဲ့ လုပ်လာတော့ ရှေ့က တစ်ခါလုပ်ရင် ဆယ်ခါလုပ်၊ အခါတစ်ရာလုပ် တန်ဖိုးသိပ်ရှိ ရှိဖူးလား (ရှိပါတယ်ဆရာ)၊ တန်းချင်းက မဆိုင်ဘူး။ အဲ့သလို တိုက်တွန်းနေတဲ့ လမ်းစဉ်ပါလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ကွာ မဟုတ်မတရားတွေ တောပြော တောင်ပြောနဲ့။ ငါ စာတတန် ပေတတန် အမေးခံကြရတယ်။ ဘုန်းကြီးက လည်းမေး၊ လူကလည်း မေးပေါ့။ ဒီလိုဒီလို ဟောတယ် ဆိုတာ ဟုတ်သလား၊ ပြောတယ်ဆိုတာ ဟုတ်သလားနဲ့။ အောင်မယ် စာတစ်စောင်က ကြီးကြီးကျယ် ကျယ်လာသေးတာ။ ငါ့ပဲ ဒီလို ဟောတယ်လို့ ဝန်ခံလိုက်လို့ရှိရင် ငါပဲ သူကတရားစွဲအုံးတော့မလိုလို။ သာသနာဖျက်ဆီးတယ်ဆိုတဲ့ အနေအားဖြင့်ပေါ့ကွာ၊ ကြောက်စရာ လန့်စရာပေါ့နော် (မှန်ပါတယ်ဆရာ)၊ လာချည်းသေး ဘယ်ပုံ ဘယ်နည်း ဟောတယ်ဆိုတာ ဘာမှမေးစရာ မလိုဘူးလား။ နားထောင် မသိဘူးလားကွာ (သိပါတယ် ဆရာ)၊ ဘာမေးနေစရာရှိ ဘာမှစုံစမ်းနေစရာ မလိုဘူး။

ဒီမှာ တံခါး မရှိ ဓားမရှိ ဖွင့်ထားတာ။ နေ့စဉ်ရက်ဆက်ကြီး တစ်ညနှစ်ည ဟောပြီး ထွက်ပြေးတဲ့ ဓမ္မကထိကလည်း မဟုတ်ပါဘူး။ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ သိချင်ရင် လာနားကြည့် မေးမနေနဲ့။ ကြားစကား ဆိုတာ ယုံကြည်ရတာ မဟုတ်ဘူး။ မလိုလည်း မလိုသလို တိုက်တိုက်ပြောတာ၊ လိုလိုသလို ပြောတာ။

ဒါကြောင့် ယုံကြည်တာ မဟုတ်ဘူး။ တံခါးမရှိ ဓားမရှိ ဖွင့်ထားတာ အချိန်မရွေးဘဲ ငါသွား နားထောင်ကြည့်အုံးမယ်။ ဟုတ်လား မဟုတ်လား ရှင်းလို့နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း အဲဒီလို မယုံကြည်တဲ့အနေအားဖြင့် စုံစမ်းရအောင် လာကြ။ စုံးစမ်းရအောင် လာရင်း ဟုတ်လွန်း

http://www.dhammadownload.com

အားကြီး မှန်လွန်းအားကြီးတာနဲ့ စုံးစမ်းတဲ့ လူကိုယ်တိုင်က သင်တန်းသားဖြစ်သွားပေါ့ မပြန်ဘူး၊ ဆက်လိုက်နေ ဒ် (မှန်ပါတယ်ဆရာ)။

ဘုရားကို စုံစမ်းလိုသော တိတ္ထဆရာကြီး

အဲဒါနဲ့ ကံကောင်းထောက်မပြီးတော့ ခင်ဗျာလည်း သံသရာ ထောက်ရာတည်ရာ ရ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ရှေးက တို့ဘုရားလက်ထက်ကလည်း ဒီလိုပဲ ရှိဖူးပါတယ်။ ဒီလိုပဲ တိတ္ထိတက္ကတွန်းဂိုဏ်းက ခိုင်းလိုက်လို့ ဂေါတမဟောတဲ့ တရားတွေသွား နိသျှည်းယူကြစမ်းဟ။ သူတို့ဂိုဏ်းက သိပ်ပြီးတော့ ကြီးပွားတာ။ တို့ဂိုဏ်းကတော့ သူတို့ ပွင့်လာကာမှ တို့တော့ တော်ဆုတ်ယုတ်နေ၊ လာဘသက္ကာရလည်း ဆုတ်ယုတ်၊ အကျိုးစီးပွားတွေလည်း တော်တော်ဆုတ်ယုတ်နေကြတယ်။

ဒါကြောင့် သွားပြီးတော့ စုံစမ်းကြည့်စမ်းလို့ ခိုင်းလိုက်တာ။ ဟောပုံဟောနည်း သွားယူကြည့်စမ်း ဘာတွေဟောသလဲ ဘာတွေပြောသလဲ စုံထောက်လွှတ်လိုက်တဲ့လူက လာပါရော့၊ ဘုရား ကျောင်းတော်ထဲ ဝင်ပြီးတော့ ဥပါယ်တံမျဉ်နဲ့ အရှင်ဘုရားများထံ တပည့်ခံလိုလို့ပါ။ အရှင်ဘုရားရဲ့ ဩဝါဒခံလိုလို့ပါ။ အရှင်ဘုရားများတရား ဝါဒလမ်းစဉ်ကြိုက်လို့ပါ။ တပည့်တော် သာသနာတော်ထဲ ဝင်ပါ့ရစေ" ဘုရားလာပြီးတော့ ပြောတော့ အဟုတ်မှတ်လို့ လက်ခံထား။ ဘယ်ဟုတ်မလဲ သူကတော့ နည်းလည်း ခိုးရင်း စနစ်လည်းနာရင်း စုံလည်းစုံထောက်ရင်းကိုကွ နေ ဒ် (မှန်ပါတယ်ဆရာ)၊ လာလိုက်တာ ဒီကျတော့ ဟုတ်သတဲ့ ဟုတ်တာတွေ တွေ့နေတော့ မပြန်နိုင်ရှာဘူး။ မပြန်နိုင်ရှာတော့ တကယ်ကောင်း မှန်းသိတော့ သူလည်း မပြန်ဘဲနဲ့ တရားအားထုတ်တာ။ ဟော - ရဟန္တာဖြစ်သွားတယ်နေ ဒ် (မှန်ပါတယ်ဆရာ)၊ ဒီလိုပေါ့လေ ကံကောင်းထောက်မတော့ ကြုံဖန်ရောက်ရတာပေါ့။ အေး-ဒါကြောင့် ဒီအဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ သင်္ခါရပြုပုံ ပြုနည်းတွေ မိစ္ဆာပဋိပဒါလို့ ဘုရားကိုယ်တော်မြတ်က ဟောထားတာ မှားနေတယ်။ အမှန်ပြင်ကြ အမှန်ပြင်ကြ အမှန်ဘယ်လို ပြင်ရမှာတုံးလို့ ဒီလို မေးတော့ သင်သွားတယ်။ အဋ္ဌကထာဆရာက -

"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု"

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤ ယခုပြုရတဲ့ ဒါနသည်။ (တစ်နည်း) ဣဒံ ပုညံ၊ ဤယခုပြုရတဲ့ ကောင်းမှုသည်။ အာသဝက္ခယံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

http://www.dhammadownload.com

အတူတူပဲ နိဗ္ဗာန်တောင်းလိုက် "ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်ရောက်ရပါလို၏။ ဤကုသိုလ်ကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး ရရပါလို၏။" အတူတူပါပဲ။

"ဣဒံ မေ ပုညံ မဂ္ဂဉာဏာဿ ပစ္စယော ဟောတု" နော် (မှန်ပါတယ်ဆရာ)၊ "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ အဓိပ္ပါယ်လေးလည်း ကိုယ်က သိထား။ အဲဒီနည်းလေးတော့ လက်မလွှတ်ကြနဲ့လို့ တို့များက ပေးတာ မဟုတ်ဘူး။ အဋ္ဌကထာဆရာကြီးက သနားရှာလွန်လွန်းလို့ မသိမလိမ္မာသော ပညာမဲ့တဲ့ပုဂ္ဂိုလ်များအတွက် ငဲ့ကွက်ပြီးတော့ ဖွင့်ဆိုသွားတဲ့ စကားပါလို့ နည်းပေးသွားတယ်။

ဣတိ၊ ဤသို့။ ဝိဝဋ္ဋံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏ အစွမ်းအားဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဌာပိတံ၊ ဖြစ်စေအပ်သော။ ဣဒံ ဒါနံ၊ ဤကုသိုလ်ကောင်းမှုသည်။

ဘယ်လောက်တန်ခိုးရှိသလဲ ဘယ်လောက်အကျိုးရှိသလဲ သေချာကြည့်။ ဝဋ်ထဲက တစ်ချက်တည်း ထွက်တယ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ကိုရင်း။ လေးမဂ် လေးဖိုလ်ထိပ်ဖျား သောတာပန် သကဒါဂါမ် အနာဂါမ် တွေဆိုတာ ပါပြီးသား ထည့်တောင် ပြောစရာမလိုဘူး။ ထိပ်တန်းချလိုက်တယ်။ အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ကိုရင်း။ (ဝါ) ရဟန္တာကိုရင်း။ ရဟန္တာအဖြစ်ကိုရင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း။ ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်ကိုရင်း။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကိုရင်း။ (ဝါ) သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကိုရင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်တော့သည်သာလျှင် တည်းတဲ့။

ဇဝသဒ္ဒါနဲ့ ပြလိုက်တယ်။ တစ်ချက်တည်း သံသရာဝဋ်က ကျွတ်မသွားဘူးလား (ကျွတ်သွားပါတယ်ဆရာ)၊ ကျွတ်ပုံကျွတ်နည်းမှာ သုံးမျိုးသုံးစား ရှိတယ်တဲ့။

သံသရာဝဋ်ကျွတ်ပုံကျွတ်နည်းသုံးမျိုး

(၁) ရဟန္တာအဖြစ်နဲ့ ကျွတ်တာရယ်၊

(၂) ပစ္စေကဗုဒ္ဓါ ဘုရားငယ်အဖြစ်နဲ့ ကျွတ်တာရယ်၊

(၃) သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ ဘုရားရှင်အဖြစ်နဲ့ ကျွတ်တာရယ်တဲ့။

သုံးမျိုးသုံးစား ကျွတ်နည်းမှာ ဘယ်အကျွတ် ကြိုက်သလဲတဲ့။ သုံးမျိုးသုံးစားရတယ်။ တန်းကိုကုန်ရော့။ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ရဟန္တာဖြစ်တယ်ဆို သံသရာဝဋ် ကျွတ်သွားတယ်

http://www.dhammadownload.com

မဟုတ်လား (ကျွတ်သွားပါတယ်ဆရာ)၊ ရဟန်းကိစ္စပြီးပြီ၊ ပစ္စေကဗုဒ္ဓါ ဘုရားဖြစ်သွားတော့ သံသရာဝဋ်က ကျွတ်သွားတာ မဟုတ်လား (ကျွတ်တာပါပဲဆရာ)၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဖြစ်တော့လည်း သံသရာဝဋ်က ကျွတ်တာမဟုတ်လား (ကျွတ်ပါတယ်ဆရာ)၊ ဘယ်ကျွတ်နည်း ကြိုက်သလဲတဲ့။ သုံးမျိုးစလုံး အကုန်ဖြစ်နိုင်တယ်တဲ့။ ဗမာလို ပြောရင် ရဟန္တာလည်း ဖြစ်နိုင်တယ်။ ပစ္စေကဗုဒ္ဓါ ဖြစ်ချင်လည်း ဖြစ်နိုင်သတဲ့။ ဘုရားအစစ် ဖြစ်ချင်လည်း ဖြစ်နိုင်တယ်တဲ့၊ ဒီဆုတောင်းက ကောင်းရဲ့လား (ကောင်းပါတယ်ဆရာ)၊ ကောင်းတော့ ကောင်းပါရဲ့ကွာ။ တချို့က သံသရာထဲ ပျော်တော့ ဒီဆုတောင်းရမှာ ကြောက်တောင် ကြောက်လိမ့်အုံးမယ်၊ မတော်တဆများ ရဟန္တာဖြစ်သွား၊ အိမ် ခက်ရချေရဲ့ နော် (မှန်ပါတယ် ဆရာ)၊ ငါမရှိ မဖြစ်ဘူးဆိုတာ ရှိအုံးမှကိုးကွ။

ကျွန်မဖြစ်ခဲ့တဲ့ ဥပ္ပလဝဏ်ထေရီမအလောင်း

အဲဒါ အဋ္ဌကထာဆရာက ပြထားတဲ့ နည်းကိုကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ နည်းအတိုင်း ပေါ့ကွာ။ ဒီနည်း မမှီးတတ်လို့ ဝတ္ထုလေး ထည့်ပြီးတော့ ပြောရအုံး။ ဒီနိဿျည်းမရလို့ ပညာမဲ့တဲ့ ဘဝရောက်နေတော့ သံသရာထဲ လည်သင့်သလောက် လည်လိုက်ရတယ်လို့ တို့ဘုရားလက်ထက်တော်က ဥပ္ပလဝဏ်ထေရီမ ရဟန္တာမကြီး ဆဋ္ဌာဘိည ခီဏာသဝ အဘိညာဉ်ခြောက်ပါးနဲ့ ပြည့်စုံတယ်။ တကယ်တန်ခိုး ဣဒ္ဓိပါဒ်လည်း ကြီးပါရဲ့။ နာမည်လည်းကြီးပါရဲ့။ ဥပ္ပလဝဏ်ထေရီမ ကြားဖူးရဲ့လား (မကြားဘူးပါဘူးဆရာ)၊ မကြားဖူးဘူး ဗဟုသုတတုံး။ ဥပ္ပလဝဏ်ထေရီမ ရဟန္တာမကြီးတောင် သူမကြားဘူးဘူး။

တစ်ခုသော ဘဝတုန်းက အလောင်းလျာကြီးပေါ့ကွာ ကျွတ်တမ်းဝင်မယ့် အလောင်းအလျာ ပါရမီနဲ့လာတဲ့ ပုဂ္ဂိုလ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကျွတ်တမ်းဝင်တော့မယ့် အလောင်းအလျာကြီးတောင်မှ လမ်းစဉ်မှားသွားလို့ ဝဋ်သုံးပါးတမ်းတမိလို့ ဘုံသုံးပါးတောင့်တမိလို့ ဘုံသုံးပါးထဲလည်လိုက်ရသေး၊ ဝဋ်ထဲလည်လိုက်ရသေးတယ်လို့ တစ်ခုသောဘဝက သူက ဆင်းရဲတဲ့အမျိုးသမီး ဖြစ်သွားရှာတယ်။ မိဘနှစ်ပါးကလည်း ဆင်းရဲရှာတယ်။ လုပ်နိုင်ကိုင်နိုင်မှ စားရတယ်။ ပိုပိုလျှံလျှံ မရှိရှာဘူး။ အဲဒီအချိန်အခါကြီးမှာ တစ်ပြည်လုံး အုံးအုံးတက်အောင် နက္ခတ်ပွဲသဘင်ကြီးနဲ့ ကြုံနေတယ်။ အဲဒါ တို့ရှေ့က လူများကတော့ အဲဒါ ပျော်ပွဲနဲ့ ဘုရားပွဲ မရောဘူးကွနော် (မှန်ပါတယ် ဆရာ)။

နက္ခတ်ပွဲသဘင်ဆိုတာ ပျော်ပွဲဆိုတာ မှတ်ထား။ အဲဒီလို လာတာကိုးကွ။ ဟိုက နက္ခတ်ပွဲသဘင်တဲ့၊ ဘုရားပွဲနဲ့ ပျော်ပွဲနဲ့ မရောဘူး။ ဘုရားပွဲကြ တကယ်ဘုရားကြည်ညိုတာ၊ ဘုရား

http://www.dhammadownload.com

အာရုံခံတာ။ တစ်မြန်မနေ့က ပြောသွားတဲ့ ဝတ္ထုအတိုင်းပါပဲ။ နက္ခတ်ပွဲသဘင်ကျတော့ ဒီအခါကျမှ မိုင်ကုန် ပျော်ကြတယ်။ တစ်မြို့လုံး အုံးအုံးတက်လို့ သူထက်ငါကောင်း ဒီနေရာ အဝတ်စားပြိုင်ကြ ရှိုးပြကြ တုနိုင်သမျှ ပနိုင်သမျှ ပြိုင်နိုင်သမျှ နိုင်နိုင်သမျှဆိုသလို ကြိုးစားပမ်းစား အလုပ်လုပ်ကြတယ်။

ကြိုတင်ပြီးတော့ နက္ခတ်ပွဲသဘင်ကြီး ဖြစ်တော့မယ်ဆိုလို့ရှိရင် ဘယ်နှစ်ရက်နေ့ ကြေငြာထားတယ်ဆိုလို့ရှိရင် ဟာ ကြိုတင်ပြီးတော့ တစ်လကိုးသတင်းကနေပြီးတော့ နက္ခတ်ပွဲသဘင်ကြီး ပျော်ဖို့ဟဲ့၊ ပါးဖို့ဟဲ့၊ မော်ဖို့ဟဲ့၊ ကြွားဖို့ဟဲ့၊ တုဖို့ဟဲ့၊ ပဖို့ဟဲ့၊ စားဖို့ဟဲ့၊ သောက်ဖို့ဟဲ့ဆိုတဲ့ အနေအားဖြင့် စီးပွားဥစ္စာလည်း ပိုရှာကြတယ်။ ဈေးသုံးဖို့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဝတ်ဖို့ ဆင်ဖို့ဆိုတာလည်း ပိုရှာကြတယ်။ အဲဒါ တစ်မြို့လုံးပဲ လှည်းနေလှေအောက် မြင်းစောင်းမကျန်ပေါ့ ဒီပွဲကြီးကျတော့ အကုန်လုံး ပျော်ကြတာ။

အဲဒီပွဲကြီးက ကြေငြာထားတော့ ဥပ္ပလဝဏ်ထေရီမ အလောင်းအလျာကလည်း ဒီနေရာမှာ ဆင်းရဲတဲ့ အမျိုးသမီးလေး သွားဖြစ်ရှာ။ အဲဒီအခါတုန်းက ဝတ်ပန်းပုဆိုးက ခေတ်စားလို့ တို့လူစုတွေနာလည်း နာပြီးခဲ့ပါပြီ။ ဝတ်ပန်းပုဆိုးက ခေတ်စားတယ်။ ခုခေတ်နိုင်လွန် ခေတ်စားသလို ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နိုင်လွန်မှ မဝတ်နိုင် ပွဲမဝင်သလိုဘဲလို့ ဟိုစဉ်အခါတုန်းကလည်း ဝတ်ပန်းပုဆိုးမှ မဝတ်နိုင်လို့ရှိရင် ပွဲမဝင်ဘူး။ ဒီတော့ မအေမိဘက ပူစာတယ်။ အမေတို့ အဖေတို့ ကျွန်မ နက္ခတ်ပွဲသဘင်ကြီးနဲ့ ကြုံတဲ့အခါကြတော့ ဝတ်ပန်းပုဆိုးတစ်ထည်လောက် ဝတ်ချင်တယ် အမေရယ် ဝယ်ပေးပါ။ ပူစာတယ် သမီးရယ် ဝတ်ပန်းပုဆိုးဆိုတာ အဖိုးကလည်း မနည်းဘူး။ တို့မှာလည်းပဲ ညည်းသိတဲ့အတိုင်းပဲ အပြေးအလွှား ရှာနိုင်ဖွေနိုင်မှ မနက်စာ ညစာ ဝလင်လင်လေး စားရပါတယ်။ သမီးရယ် မဝတ်ချင်ပါနဲ့။ ဒါပေမယ့် သမီးက အမေရယ် ကျွန်မလည်းပဲ တစ်နှစ်လာလဲ မဝတ်ရ၊ တစ်နှစ်လာလည်း မဝတ်ရ။ ငယ်တုန်းက မဝတ်ရဘူးဆိုတာ တော်သေးတယ်။ အခုတော့ သူငယ်ချင်း အပေါင်းအသင်းမတွေနဲ့ သွားလို့ လာလို့ နေလို့ ထိုင်လို့ ဆိုသလိုပဲ အချိန်တန် အရွယ်ရောက်တော့ ဒီအရွယ်လေးမှ ကျွန်မ ဒီလိုမှ လှလှပပ တင့်တောင့်တင့်တယ်လေးမှ မဝတ်ရ မစားရရင် အမေရယ် ကျွန်မတော့ မနေနိုင်ဘူး၊ တစ်စိတ် အမေကြိုးစားပေးပါ။ ငါ့သမီးမရှိဘူး ဝတ်ပန်းပုဆိုးရဲ့အဖိုးကလည်း မနည်းဘူး။

ဒါကြောင့် ဘယ်နဲ့နည်းမှ ဝယ်လို့ မဖြစ်ဘူး။ ဝယ်စရာကို လုံးလုံးမရှိဘူး။ ငါ့သမီး ဝယ်နိုင်လောက်တဲ့ အပိုအလျှံရှိရင် အမေကလေ ညည်းဒါမျှမက ဆင်ချင်တာပေါ့။ အခုတော့ မရှိလွန်းလွန်းလို့ ကြည့်နေရတယ် သမီးရေ။ ဟာ အမေ အလကားပြောတာ၊ ရှိသင့်သလောက် ရှိမှာပေါ့။ ကြံဖန်ဝယ်ပေးပါ။ မရှိလို့ရှိရင် ချေးငှားဝယ်ပေးပါ။ တို့မရှိတဲ့ လူဆိုတာကွယ် ချေးလို့ ငှားလို့ ရုတ်တရက်

http://www.dhammadownload.com

လွယ်ကူတာ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ သမီးကလည်း အတင်းပူစာတော့ မအေက မတတ်နိုင်တော့ ငါ့သမီး တစ်နည်းတော့ရှိတယ်။ အမေတော့ ဘယ်နဲ့မှ မကြံတတ်ဘူး။ သမီး ဒါလောက်တောင် ဝတ်ပန်းပုဆိုး ဝတ်ချင်လို့ရှိရင် တစ်အိမ်အိမ်မှာ ပိုက်ဆံရှိတဲ့ အိမ်သွားပြီးတော့ ဝတ်ပန်းပုဆိုး ဝယ်ဖို့ ပြောပေ့ါ၊ ပြီးတော့ အိမ်အမှုလုပ်ပေ့ါ။ သမီးက လပိုင်းနဲ့ဖြစ်ဖြစ်, နှစ်ပိုင်းနဲ့ဖြစ်ဖြစ် တစ်နှစ်တန်တယ် နှစ်နှစ်တန်တယ် သုံးနှစ်တန်တယ် ဝတ်ပန်းပုဆိုးရဲ့ တန်ဖိုးကြည့်ပြီးတော့ ပိုက်ဆံရှိတဲ့လူက ပြောလိမ့်မပေ့ါ။ ဒီအခါကျ သမီးဝတ်ရလိမ့်မပေ့ါ။ အပြီးသတ်ကြတော့ ကျွန်ခံခိုင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ အိမ်ကြီးကျွန်ခေါ်တာပေ့ါ။

သမီးက စိတ်ကူးပေါက်တယ်။ ငါဒါမှ မဝတ်ရလို့ရှိရင် မနေနိုင်ဘူး။ အဲဒါ မှတ်ထားကွာ "ကာမတဏှာ"ခေါ်တယ်။ ဒါကျတော့ တဏှာ့ကျွန်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ငါးဖြာအာရုံ ကာမဂုဏ်မက်မောလို့ ဝတ်ပန်းပုဆိုး အင်မတန် ဝတ်ချင်လွန်းလို့ သူတစ်ပါးအိမ်မှာ ကျွန်ခံရတယ်ဆိုတာ ဒါ "တဏှာ့ကျွန်"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သမီးက ထွက်သွား တစ်မြို့တစ်ရွာထွက်သွား။ ငါဒီလို နေလို့ မဖြစ်ဘူး ဝတ်ပန်းပုဆိုးတော့ ရအောင် ရှာမှပဲလို့။ အဲ-မလှမ်းမကမ်း မြို့တစ်မြို့ရောက်တဲ့အခါကြ သူကြွယ်အိမ်ဝင် ကျွန်မအဖြစ်တော့ ပြောရအုံးမှာပဲ။ သူဌေးမင်းရဲ့ ဝတ်ပန်းပုဆိုး အချိန်တန်အရွယ်ရောက် သူလို့ ငါလိုပဲ ဝတ်တဲ့ စားတဲ့အချိန်မှာ ဝတ်ချင်လွန်းလို့ မအေမိဘ ပူစာလို့ မအေမိကလည်း တစ်ပြားတစ်ချပ်မှ ထုတ်မပေးနိုင်လို့ ဝတ်ပန်းပုဆိုးမဝတ်ရဘူး ဖြစ်နေတယ်။ အဲဒါ ကျွန်မအင်မတန်မှ ဝတ်ပန်းပုဆိုး ဝတ်ချင်တယ်။ အဲဒီ ဝတ်ပန်းပုဆိုးဝတ်ချင်တဲ့အတွက် သူဌေးမင်းတို့ အိမ်မှာ ခိုင်းချင်ရာခိုင်းပါ ကျွန်မကိုယ် ကျွန်မအပ်နှင်းပါတယ်။ ကျွန်စာရင်းသွင်းပါ၊ ဝတ်ပန်းပုဆိုး တစ်ထည်လည်း ဝယ်ပေးပါ၊ တန်ဖိုးနဲ့ထားပါလို့။ ဒီတော့ ဟိုက ဝတ်ပန်းပုဆိုး တစ်ထည်အတွက်ကို အဖိုးနှုန်းဖြတ်လိုက်တယ်။ သုံးနှစ်သုံးလီ လုပ်ရမယ်လို့ အိမ်တွင်းအမှုလုပ်ပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ အိမ်ကြီးကျွန်ခေါ်တယ် လုပ်နိုင်ပါ့မလား၊ မိန်းကလေး ကျွန်မလုပ်ပါ့မယ်၊ ဝတ်ပန်းပုဆိုးသာ ရပါစေ။ ကောင်းပြီး သုံးနှစ်လုပ်မှ ဝတ်ပန်းပုဆိုးရမယ်။ ဝတ်ပန်းပုဆိုးတစ်စုံပေးမယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကောင်းပါပြီ၊ လုပ်ပါ့မယ်ဆိုတော့ ဒီမှာ ကျွန်စာရင်းသွင်းပြီးတော့ အဲဒီအိမ်မှာ အိမ်တွင်းအမှု လုပ်လိုက်တာလို့။ တော်တယ် ဥပ္ပလဝဏ်ထေရီမ အလောင်းကိုကွ။ ဆုကြီးပန်ကလည်းဖြစ် အလောင်းလျာလေးက ဖြစ်နေတော့ စိတ်ကောင်းနှလုံးကောင်းကလည်း ရှိတယ်။

ဒီသူဌေးအိမ်မှာ အလုပ်လုပ်နေတော့ သူဌေးကတော်ကော သူဌေးကောဆိုသလိုပဲ အိမ်သားတစ်ခု မိရင်းဖရင်းကဲ့သို့ လုပ်ကျွေးသမှု ပြုရှာတယ်။ ပြောမနေရဘူး၊ ခိုင်းမနေရဘူးနော် (မှန်ပါတယ်ဆရာ)၊ စိတ်ကောင်း စေတနာကောင်းထားလို့ သွေးရင်းသားရင်း သားရင်းသမီးရင်းကဲ့သို့ စိတ်နေ

http://www.dhammadownload.com

စိတ်ထား ကောင်းကောင်းနဲ့ အမှုလုပ်ပါများတော့ တစ်နှစ်ကျော်ကျော်လောက်ရှိရင် သူဌေးနဲ့ သူဌေးကတော်က စိတ်ကူးပေါ်လာတယ်။ ဒီကလေးမကကွယ် အမှန်ကတော့ ကံမကောင်း အကြောင်းမသင့်လို့ သူဆင်းရဲအမျိုး သွားဖြစ်ရှာရတာ။ စိတ်ကောင်းနှလုံးကောင်းလည်း ရှိပါရဲ့၊ သဘောထားလည်း ကြီးပါရဲ့၊ တော်လည်းတော်ပါရဲ့ လိမ်လည်းလိမ္မာပ့ါ။ နေရာတကာ စိတ်ချယုံကြည်ရတယ်။ လုပ်သွားတဲ့အလုပ်ဆိုလည်း တစ်ခါပြထား နောက်ထပ် မပြောရဘူး။ သူ့လက်သူ့ခြေပဲ တစ်အိမ်လုံး ကျေးဇူးလည်းတင်ပါရဲ့၊ ဝမ်းလည်းသာပါရဲ့ ဒီလိုတရားသော နည်းလမ်းဖြင့် တို့ အပေါ် ကျေးဇူးဥပကာရအင်မတန်များပေတဲ့ မိန်းကလေးတစ်ယောက်ကို တို့က သုံးနှစ်သုံးလီနဲ့ စာချုပ်ထားတာ။ ဒီထိအောင်ထားလိုတော့ မတော်ဘူးကွယ်၊ သူ့အလိုဆန္ဒ ပြည့်ဝစေတော့လို့ နှစ်မစေ့ဘဲနဲ့ တစ်နှစ်ကျော်ကျော်လောက်နဲ့ ဝတ်ပန်းပုဆိုးတစ်စုံ ပေးပြီးတော့ ပြန်လွှတ်တယ်။

ကိုင်း-ငါ့သမီး နင်ဒီအိမ်မှာလာပြီးတော့ အမှုလုပ်တာ ကျေးဇူးလည်းတင်ရဲ့, တို့သားရင်း သမီးရင်းလို့လည်း တို့သဘောထားရဲ့ မင်းစိတ်ကောင်း နှလုံးကောင်းလည်း ရှိတယ်၊ စေတနာကောင်းလည်း ရှိတယ်၊ ရိုးသားဖြောင့်မတ်တယ်၊ ထကြွလုံ့လဝီရိယလည်း ရှိတယ်။ မင်းအပေါ် အပြစ်လည်း တစ်စုံတစ်ရာ ဘာမှမရှိ။ တို့ကလည်း ကျေးဇူးတင်စကားပြောလို့ မင်းလိုချင်တဲ့ ဝတ်ပန်းပုဆိုးတစ်စုံ ပေးမယ်ဆိုတော့ ဝတ်ပန်းပုဆိုးတစ်စုံ ပေးလိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ မင်း မိဘရပ်ထံ ပြန်ပေတော့လို့ ပြန်လွှတ်လိုက်တယ်။ ဝမ်းပန်းတသာနဲ့ ပြန်လာ၊ နေရာကြပဟဲ့။ ငါစိတ်ကောင်း နှလုံးကောင်းရှိလို့ 'သူတော်ကောင်း နတ်ကောင်းစောင့်မှ' ဆိုသလိုပဲ သူတော်ကောင်းနဲ့ ငါတွေ့ရပါပေတယ်။ သုံးနှစ် သုံးလီဆိုတာ အခုတစ်ဝက်မှ မကျိုးသေးဘူး။ ငါ့ဝတ်ပန်းပုဆိုးတစ်စုံရပြီ။ ဝမ်းပန်းတသာနဲ့ ဝတ်ပန်းပုဆိုးလေးပိုက်ပြီး ပွဲ့ပြန်လာခဲ့၊ ပြန်လာခဲ့တော့ မိမိမြို့ရောက်ခါနီး မရောက်ခင်မြို့ဝင်ရင်တော့ဖြင့် ငါ့အဖော်အပေါင်းတွေကလည်း အထင်သေးလိမ့်မယ်။ ဒီကောင်မ ဝတ်ပန်းပုဆိုးဝတ်ချင်လွန်းလို့ တစ်မြို့တစ်ရွာ ထွက်သွားပြီးတော့ ဝတ်ပန်းပုဆိုးသွားရှာတာ ရချင်မှရမှာပါ။ ဒင်းအစွမ်းသတ္တိလည်း ရိုးလည်းရိုး, အလည်းအ ဖြတ်ဖြတ်လတ်လတ်လည်း ဘယ်နေရာမှ မရှိဘူး။ ငါ့အပေါ် အထင်အမြင် သေးကြမှာပဲလို့။

ဒါကြောင့် အားလုံး အထင်အမြင်အသေးမှ ပျောက်စေတော့အနေအားဖြင့် ငါမြို့ဝင်လို့ရှိရင်ဖြင့် ငါဝတ်ပန်းပုဆိုးဝတ်ပြီး ဝင်မယ် စိတ်ကူးပေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ မြို့နဲ့ မလှမ်းမကမ်းက ရေကန်ကြီးထဲ ဆင်းပြီးတော့ ဝတ်ပန်းပုဆိုး မဝတ်ခင် သန့်ပြန့်သန့်ရှင်းအောင် ငါရေမိုးချိုးအုံးမှပဲလို့ ဝတ်ပန်းပုဆိုးလေး ကန်ဘောင်ရိုးတင်ပြီးတော့ ရေထဲဆင်းရေချိုး၊ ရေချိုးတော့ ဒီမှာ ရဟန္တာကိုယ်တော်မြတ်ကြီးကလည်း ခိုးသားဓားပြများက ပါလာတဲ့ ဝတ်ရုံထားတဲ့ ဧကသီရော သင်းပိုင်ရော

http://www.dhammadownload.com

ပေါ့လေ သက်န်းတွေ ချွတ်ယူလို့ ဘာမှ မရှိရှာဘူးနော် (မှန်ပါတယ်ဆရာ)၊ ရဟန္တာ ကိုယ်တော်မြတ်ကလည်းဖြစ်နေတော့ မယူနဲ့လည်း မပြောဘူး။ ကြည့်နေတာပဲ လျစ်လျူရှု သည်းခံနေ၊ ပြီးတော့မှ တင့်တယ်စေခြင်းအကျိုးငှာ ကာကွယ်တဲ့ အနေအားဖြင့် သစ်ခက်တွေ, သစ်ရွက်တွေ ကိုယ်တော်မြတ်ကြီး ကိုယ်မှာစီလို့ နွယ်ကြိုးနဲ့ ဘာနဲ့စည်းလို့ အရှက်အကြောက် ဖုံးလွှမ်းပြီးတော့ လာခဲ့နော် (မှန်ပါတယ်ဆရာ)။

အဲဒါ ရှေးခေတ်က, ရှေးခေတ်က တို့ ယခုခေတ် ဆိုးနေတဲ့လူတွေ ဒီထိအောင် မဆိုးသေးပါဘူးကွ နော် (မဆိုးသေးပါဘူးဆရာ)၊ ဘုန်းကြီးတွေ သက်န်းချွတ်ယူတယ်များ ကြားဖူးသလား (မကြားဖူးပါဘူးဆရာ)၊ ဒီထိအောင် မဆိုးသေးပါဘူး။ ရှေ့က တယ်ဆိုးကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ခုခေတ်တော့ သက်န်းတွေ ချွတ်မယူဘူး၊ ဖြောက်နဲ့ပစ်သတ်တယ်ဗျာ နော် (မှန်ပါတယ်ဆရာ)၊ ချလိုက်တာပဲ ဘာမှ မပြောနဲ့ သက်န်းက တန်းဖိုးမှ မထားဘဲ တန်ဖိုးမှ မရှိဘဲ။

ဒီတော့ ကိုယ်တော်ကြီးကလည်းပဲ ဒီလိုပဲ သစ်ခက်တွေ စီပြီးတော့ ကြွလာတော့ ရေကန်ထဲက ရေချိုးနေတဲ့ အမျိုးသမီးက မြင်တယ်၊ ပြီးတော့ စဉ်းစားတယ် ဩော်-ဟိုကလာတာ အရှက်အကြောက် ကာကွယ်တဲ့ အနေအားဖြင့် သစ်ခက်သစ်ရွက်တွေ ကိုယ်မှာ ပတ်ပြီးတော့လာ ခေါင်းကြည့်ပြန်တော့လည်းပဲ လူသားစင်စစ် မဟုတ်ဘူးဟဲ့။ လူသားစင်စစ် ဆိုလို့ရှိရင် သျှောင်နဲ့ ဆံထုံးနဲ့ နေရမယ်၊ အခုတော့ ကတုံး ဧကန်ဒိဋ္ဌ ငါထင်တာကတော့ ရဟန်းတော်မြတ်ထင်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဣန္ဒြေကြည့်ပြန်တော့ အင်မတန်တည်ငြိမ်တဲ့ ဣန္ဒြေရှိ ရဟန္တာတို့ရဲ့ဣန္ဒြေဆိုတာ အင်မတန်မှ တည်ငြိမ်တယ်တဲ့။ ဣန္ဒြေမြင်တာနဲ့ ပတ်ဝန်းကျင်က သိတယ်။ ဒါ အာသဝေါတရားကုန်ခမ်းတဲ့, ကိလေသာကုန်ခမ်းတဲ့ ပုဂ္ဂိုလ်ပဲဆိုတာ မြင်တာနဲ့ သိတယ် နော် (မှန်ပါတယ်ဆရာ)၊ စပ်ဖြဲဖြဲတွေ ပြူးကြောင်ကြောင်တွေ မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ချသော မျက်လွှာနဲ့ ဣန္ဒြေရရလာတယ်။ တေဘူမ္မကသင်္ခါရဓမ္မ အာရုံပြုပြီးတော့ လာနေတာပဲ။ တောင့်တောင့်မြောက်မြောက်မှ တွေးတာ မဟုတ်ဘဲ ရဟန္တာဆိုတာက အကဲခတ်တယ်။ ဧကန်ဒိဋ္ဌ ရဟန်းတော်မြတ်နဲ့ တူတယ်။ ခိုးသားဓားပြများက လူယူလို့ သက်န်းတွေ ပါသွားတာနဲ့တူရဲ့။ သက်န်းဝတ်စရာမရှိလို့ အရှက်အကြောက်မှ ကာကွယ်စေဆိုတဲ့ အနေအားဖြင့် သစ်ခက်သစ်ရွက်တွေ စည်းပြီးတော့ လာတာနဲ့တူရဲ့။ တူရဲ့ဆိုတဲ့ အတိုင်းပဲ တစ်တစ်စ နီးလာတော့ ဟုတ်မှာပါပဲ။ ဣန္ဒြေကို ကြည့်ပြန်တော့လည်း လူသားမဟုတ်တာ အမှန်ပဲလို့၊ အင်မဟာန်သိက္ခာရှိ အင်မတန်ကြည်လင်သန့်ရှင်းတဲ့ မျက်နှာတော်နဲ့ တည်ကြည်ခန့်ညားတဲ့ ဣန္ဒြေမြင်ရတော့ မုချ ဒါ ရဟန္တာပဲဟ။ ကိုယ်တော်မြတ်ကြီး ခိုးသားဓားပြလူယူလို့ သက်န်းတွေ ပါသွားလို့ပဲလို့။ တထစ်ကျ သိတယ်နော် (မှန်ပါတယ်ဆရာ)၊ စိတ်ကူးပေါ်တယ်။ သုံးနှစ်သုံးလီ ကျွန်ဘဝ

http://www.dhammadownload.com

စာရင်းသွင်းပြီးတော့ လက်မှတ်ထိုး ရှာဖွေလို့ ရခဲ့တဲ့ ငွေ၀တ်ပန်းပုဆိုးတစ်စုံများ ခုနေလှူလိုက် ရရင် သိပ်ကောင်းမှာပဲလို့ လောဘနဲ့အလောဘ ဒီနေရာ စစ်ထိုးတယ်၊ တိုက်ပွဲဆင်ကြတယ် နော် (မှန်ပါတယ် ဆရာ)၊ ရလာတဲ့ ၀တ်းပန်းပုဆိုးကလည်း တန်ဖိုးက မသေးဘူး၊ သုံးနှစ်သုံးလီ ကွန်ခံရတယ် ဆိုတော့နော် (မှန်ပါတယ်ဆရာ)၊ စာရင်းပေးထားတာက ဟိုမှာ လျှော့ရက်နဲ့ လွတ်လိုက်လို့ တစ်နှစ် ကျော်ကျော်နဲ့ လာခဲ့ရ။ နည်းတဲ့တန်ဖိုး မဟုတ်ပါဘူး။ တစ်နှစ်ကျော်ကျော်ရှာရတဲ့ ပစ္စည်းဆိုပါ တော့ကွနော် (မှန်ပါတယ်ဆရာ)။

ရှာရတဲ့ပစ္စည်းဆိုပါတော့ကွာ နော် (မှန်ပါတယ်ဆရာ)၊ မရှိဆင်းရဲလိုက်တာက ဒီတစ်စုံပေးပြီးလို့ သူများပေးလိုက်ရင်လည်းပဲ သူ့နောက်ထပ်ပြီးတော့ ရစရာမရှိ။ ကိုယ်တော်မြတ်ကြီး လှူလိုက်ရ ကောင်းမှာပဲ။ အဲဒါလှူလိုက်ရကောင်းမှာပဲဆိုတာ အဲဒါ ဘာစေတနာခေါ်တုံး၊ အလောဘ (အလောဘ စေတနာပါဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ တစ်ခါ ပြန်ဖြစ်တယ် (ယနေ့) လှူ မသေးပါဘူး၊ လှူလိုက်ပြန်တော့ ငါ့နောက်ထပ်ရဖို့ ခဲယဉ်းတယ်။ ဒါ ဘာစေတနာတုံး (လောဘ စေတနာပါဆရာ)၊ ဟော - လောဘနှင့် အလောဘ စင်ခင်းနေကြတယ်နော် (မှန်ပါတယ်ဆရာ)၊ လှူလိုက်မှ ထင်ပါရဲ့၊ ကိုယ်တော်ကြီး ကြည်ညိုစရာလည်းကောင်း ငါ့လည်း ဒီလိုဟာမျိုးနဲ့ တစ်ခါမှ မကြုံဖူးဘူး၊ လူရယ်လို့ ဖြစ်လာလည်း မွန်မြတ်တဲ့ အလှူ၀တ္ထုလည်း ငါတစ်ခါမှ မလှူဖူးဘူး လှူလိုက်မှ ထင်ပါရဲ့၊ ဘာစေတနာတုံ (အလောဘစေတနာပါဆရာ)၊ ဖြစ်မသေးပါဘူး ထင်ပါရဲ့လေ။ ဒါ လှူလိုက်ပြန်လည်း ငွေ၀တ်စရာလည်း လုံး၀မရှိ၊ ငါလိုချင်လို့ သုံးနှစ်သုံးလီ ကွန်ခံရတဲ့ ကွန်ခံမှုရတဲ့ ပစ္စည်းကလည်းဖြစ် ဘာစေတနာတုံး (လောဘစေတနာပါဆရာ)။ အေး-အလောဘနဲ့ လောဘ စစ်ခင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ နောက်တော့ အလောဘက နိုင်တယ်။ မှတ်ထားကွ၊ ထုံးစံ ကတော့ ကုသိုလ်နဲ့အကုသိုလ် ပြိုင်ရင် ကုသိုလ်က နိုင်တာချည်းဆိုတာ မှတ်ထားနော် (မှန်ပါတယ် ဆရာ)၊ ကောင်းတဲ့တရားနဲ့ မကောင်းတဲ့တရားနဲ့ အလောဘက နိုင်သွားတယ်။

အေး-မ၀တ်ရချင် နေပစေ၊ မ၀တ်ရ တစ်သက်ပေါ့၊ နောက်နောက်တုန်းက ဒီလို အလှူဒါန နည်းလွန်းလွန်းလို့ ငါ့လည်း ဒီဘ၀ ဆင်းရဲတာပေါ့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အလောဘက နိုင်တော့မယ်။ အလောဘကနိုင်တော့ နောက်နောက်က ဒီလို အလှူဒါနနည်းလို့ ခုဘ၀ ငါဆင်းရဲ တာပေါ့၊ ဆင်းရဲလိုက်တာမှ ပြောစရာ မရှိဘူး။ လူကြားမှာတောင် ငါရှက်သေး။ ၀တ်ပန်းပုဆိုးလေး တစ်စုံ၀တ်ချင်တာ သုံးနှစ်သုံးလီ ကွန်ခံရတယ်။ ရှက်စရာ ကောင်းလိုက်တာ။ နောက်ဘ၀ ဒါနမျိုးစေ့ နည်း နောက်ဘ၀က ဒါနမျိုးစေ့ ကောင်းတဲ့ပုဂ္ဂိုလ်များကြတော့ လိုအင်ဆန္ဒ ပြည့်၀ကြတယ်လို့ မတောင့်မတ မကြောင့်မကြ ငါနဲ့သက်တူရွယ်မှ မိတ်ဆွေသင်္ဂဟတွေ ချမ်းသာလိုက်တာ ကျိကျိ

http://www.dhammadownload.com

တတ်လို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ရွှေတွဲလဲ ငွေတွဲလဲနဲ့ နေလိုက်ကြတာ။ ငါ့တော့ ဒီဝတ်ပန်း ပုဆိုးလေး လူချင်းတူတူ လူချင်းမြတ်မြတ် ဝတ်ရပါမယ်အကြောင်းဆိုပြီးတော့ တစ်မြို့တစ်ရွာ ထွက်ပြီးတော့ ကျွန်စာရင်းသွင်းပြီးတော့ ရှာမှရတာ။ "မူလစစ် အမြစ် မြေဖြစ်" ဆိုသလို အကြောင်း ရှာလိုက်တော့ နောက်နောက်သောဘဝ ဒါနမျိုးစေ့ ငါနည်းခဲ့လို့ပဲတဲ့။ အင်မတန်ကြုံကြိုက်ခဲတဲ့ အဖြစ်မျိုးကြီးနဲ့ တိုးနေတာ။ ဘာပဲဖြစ်ဖြစ် မဝတ်ရချင်နေပစေဟ တစ်သက်ငါဆင်းရဲတော့မပေါ့။ လှူမယ်ဟဲ့ အလောဘစေတနာ နိုင်သွားနော် (မှန်ပါတယ်ဆရာ)၊

အရှင်ဘုရားရပ်တော်မူပါအုံးဘုရား အလောဘစေတနာက နိုင်သွား။ တစ်ချက်တည်းလည်း ဖြတ်လိုက်ကရော့ အရှင်ဘုရားရပ်တော်မူပါအုံးဘုရား လှမ်းပင့်၊ ကိုယ်တော်မြတ်ကြီးက ရပ်နေ၊ ရပ်နေတော့ ရေကန်ထဲကတက် အဝတ်အစားပါလဲ၊ ကိုယ်ရေပါစစ် သုတ်ပြုပြီးတော့ အဝတ်စား ပါလဲပြုပြီးမှ ဝတ်ပန်းပုဆိုးတစ်စုံလှူတာယ်။ ကြည့်စမ်းကွယ် ကိုယ်တော်မြတ်ကြီးကလည်း အာသဝေါ တရား ကုန်ခမ်းတဲ့ ရဟန္တာကြီး နော် (မှန်ပါတယ်ဆရာ)၊ သိတယ် သူကလည်းပဲ ရဟန္တာပဲလို့ နိရောဓ သမာပတ်က ထဆဲခဏကလည်းဖြစ် ကောင်းလိုက်တာ၊ အလှူခံပုဂ္ဂိုလ်ရဲ့ အင်္ဂါနှစ်ပါးစုံ မနေဘူးလား (စုံနေပါတယ်ဆရာ)၊ သူလည်းပဲ လှူမယ့်ပစ္စည်းက ဓိမ္မိယလဒ္ဓ တရားသဖြင့် စင်ကြယ်တဲ့ပစ္စည်း မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူ့သဒ္ဓါတရားကလည်း တကယ်မကောင်းဘူးလား (ကောင်း ပါတယ်ဆရာ)၊ ရွှေတောင်ငွေတောင်ပေါက်နိုင်တယ်၊ ဒီအချက်ကလေးများ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် အခွင့်ကောင်း အခါကောင်းကြီးရ လှူပါလေရော့၊ တပည့်တော် အရှင်ဘုရား ဝတ်ရုံတော် မူဖို့ ဝတ်ပန်းပုဆိုးတစ်စုံ လှူပရစေဘုရားလို့ ဒကာမလေး လှူလှူ အလှူခံမယ် အလှူခံမယ်လို့ ပဒိုက ခွင့်ပေးတယ်။ ခွင့်ပေးတော့ ရိုသေသမှုပဲ သာဟတ္ထိက-ကိုယ်တိုင်ကပ် ကိုယ်တိုင်ကပ်ပြီးတော့ ကိုယ်တော်မြတ်ကြီးက ဝတ်ပန်းပုဆိုးတစ်ထည်တော့ သင်းပိုင်လုပ်၊ ဝတ်ပန်းပုဆိုးတစ်ထည်တော့ ကိုယ်ဝတ်ရုံလို့ နော် (မှန်ပါတယ်ဆရာ)၊ ဝတ်ပန်းပုဆိုးက ဘယ်အသွင်နေလဲဆိုတာ မပြောတတ်ဘူး။ မှန်သော ကြည့်လေရော့လို့ ကိုယ်တော်မြတ်ကြီး ဝတ်ရုံလိုက်တယ်ဆိုလို့ရှိရင်ဖြင့် တွက်သစ်စ နေဝန်းကဲ့သို့ ထွန်းလင်းတင့်တယ် ရွှေချင်စဖွယ်ဆိုတဲ့ ကျက်သရေတွေ ဖြာထွက် တင့်တယ်လိုက်တာလို့ စောစောက သစ်ခက်တွေ ချုံထားရတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊

အခုတော့ တင့်တယ်လိုက်တာ, ကြည်ညိုဖွယ်ကောင်းလိုက်တာလို့ (သတို့သမီးက) သေချာ ကြည့် ကြည်ညိုတယ်။ ဝမ်းသာလိုက်တာဟဲ့ ငါ့ဝတ်ပန်းပုဆိုးတစ်စုံ ကိုယ်ဝတ်ကိုယ်အားဖြင့် ရုံလိုက် တယ်။ ရုံလိုက်သည်နက် တစ်ပြိုင်နက် ထွက်သစ်စ နေဝန်းကဲ့သို့ ထွန်းလင်းသော ကျက်သရေမင်္ဂလာ ရှိပါပေ၏။ ဖူးမျှော်လို့ကို ငါ့အားမရ၊ ကိလေသာကုန်ခန်း ရဟန္တာဆိုတော့ အသားအသွေးတော်က

http://www.dhammadownload.com

ကြည်လင်ချင်တိုင်း ကြည်လင်နေတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကိလေသာအညစ်အကြေးတွေ ရှိနေလို့ ငါတို့ သူငါတွေမှာ မလှပတော့ဘူး၊ အမှန်က မင်းကိုယ်မှာ ရွှံ့ညွန်တွေ အလိမ်းလိမ်း ကပ်နေလှပ့်မလား (မလှပါဘူးဆရာ)၊ သာမညအားဖြင့် ကြည့်လိုက်ရင် မလှဘူး နော် (မလှပါ ဘူးဆရာ)၊ ဖုံတွေကော, မြူတွေကော, ရွှံ့တွေကော, ညွန်တွေကော, အိုးမည်းတွေကော ပေကျံနေ။ မင်းလှပ့်မလား (မလှပါဘူးဆရာ)၊ ကိုင်း-ဆပ်ပြာကောင်းကောင်းနဲ့ မြစ်ဆိပ် ဆင်းပြီးတော့ ဒါတွေ တိုက်ချွတ်ဆေးကြော သန့်ပြန့်ရှိသွားတော့ လှမသွားဘူးလား (လှလာပါတယ်ဆရာ)၊ သာမည အလှလေးပေါ့။ ဒါတောင်ကွာ သေးတာကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီပမာလိုပဲ ပုထုဇဉ်ဆိုတဲ့ သတ္တဝါများမှာ တစ်ထောင့်ငါးရာ ကိလေသာဆိုတဲ့ ကိလေသာ အညစ်အကြေးတွေက အပြည့်ပြည့် ဖူးလား (အပြည့်ရှိပါတယ်ဆရာ)၊ အပြည့်အပြည့် လောဘတို့ ဒေါသတို့ မောဟတို့ အချုပ်အားဖြင့် ဆိုကြစို့ လောဘကိလေသာကြီး လွှမ်းထားပြန်လည်း ရုပ်ကြီးက တစ်မျိုးဟ နော် (မှန်ပါတယ်ဆရာ)၊ ဒေါသကိလေသာကြီး လွှမ်းလာပြန်လည်း ရုပ်ကြီးက တစ်မျိုးဟ။ ဘီလူးမျက်နှာ ကြီးလို ကြောက်စရာ လန့်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ မျက်လုံးပြူးပြူး မျက်ဆံ ပြူးပြူးနဲ့ တရှူးရှူးထွက်လာတဲ့ ဒေါသကြီး လွှမ်းလာလို့ရှိရင် ရုပ်ကြီးက ပိုကြောက်စရာကောင်းတယ်။ ဒေါသ အမျက်ငွေ့ ချောင်းချောင်းထွက်နေတယ်။ ဘေးလူက မြင်တယ် သိတယ် နော် (မှန်ပါတယ်ဆရာ)၊

အဲဒါ ကိလေသာ အညစ်အကြေးတွေပဲတဲ့။ မင်းတို့ ငါတို့ရဲ့ ပုထုဇဉ်တွေမှာ လှချင်သလောက် မလှကြဘူး။ အညစ်အကြေးတွေ ရောနှောနေကြ။ အညစ်ကြေးတွေ ဖုံးလွှမ်းနေကြ နော် (မှန်ပါတယ် ဆရာ)၊ ဟိုနောက် ကိလေသာအညစ်အကြေးက ကင်းဝေး စင်ကြယ်သန့်ရှင်းတော်မူတဲ့ ရဟန္တာ ဆိုတော့ အသွေးအသားကိုက အင်မတန် ကြည်လင်သန့်ရှင်းတယ်။ အင်မတန် လှတယ်နော် (မှန် ပါတယ်ဆရာ)၊ ဆန်းသစ်စလ ထွက်သစ်စနေလို ကျက်သရေမင်္ဂလာနဲ့ အင်မတန်ပြည့်စုံ ကြည့် လိုက် တင့်တယ်။ ဝတ်ပန်းပုဆိုးက ထွက်တဲ့ အရောင်ကော ကိုယ်တော်မြတ်ကြီးရဲ့ အသွေးတော် အသားတော်က ကိလေသာစင်ကြယ်ပြီးသားဆိုတဲ့ အရောင်ကောပေါ့ကွာ။ နှစ်ပါးရောယှက်ပြီးတော့ ပြောင်ဝင်းထွန်းလင်းနေတာပေါ့ နော် (မှန်ပါတယ်ဆရာ)။

မှားယွင်းသော ဆုတောင်းခြင်း

ကြည်ညိုလိုက်တာလို့ လက်အုပ်ကလေး တချီချီနဲ့ သိပ်သပ္ပါယ်တာပဲ။ ငါ့ဝမ်းသာလိုက်တာ၊ ငါ့ဝတ်ပန်းပုဆိုးနဲ့ ကိုယ်တော်မြတ်ကြီးလှူရင် ကောင်းမယ်၊ ကြည်ညိုဖွယ် သိပ်ကောင်းတာပဲနဲ့ သူမှာလည်း ကြည်ညိုလို့ မဆုံးနိုင်ဘူး။ သဒ္ဓါတရားတွေ တဖွားဖွားနဲ့ ပြီးတော့မှ ဆုတောင်းတယ်၊

http://www.dhammadownload.com

ဆုတောင်းတော့ မယ်မင်းကြီးမ ဘယ်ချလိုက် လွဲသွားလိုက် ပုံလို့နော် (မှန်ပါတယ်ဆရာ)၊ တပည့်တော်မ ဘုရားတပည့်တော်မ သုံးနှစ်သုံးလီ ကျွန်စာရင်းသွင်းလို့ ကြာပြီးမှရအပ်သော ခဲတောင့်ခဲယဉ်း ဖြစ်တောင့် ဖြစ်ခဲဆိုတဲ့ အနေအားဖြင့် ရအပ်သော အင်မတန် အပြစ်ကင်းလို့ စင်ကြယ်သန့်ရှင်းသော ဝတ်ပန်းပုဆိုးတစ်စုံကို အရှင်ဘုရားအား ဘုရားတပည့်တော် ဆက်ကပ်လှူဒါန်းပါ၏။ ဤသို့ လှူဒါန်း ဆက်ကပ်ရသော ကုသိုလ်ကောင်းမှုကြောင့်တဲ့၊ အရှင်ဘုရား ဝတ်ရုံတော်မူသောအခါမှာ ရှုလို့မငြီးအောင် အထူးသဖြင့် ကျက်သရေမင်္ဂလာနဲ့ လှပတင့်တယ်စွာ ဖြစ်ပေါ်လာဘိသကဲ့သို့ ဘုရားတပည့်တော် မှာလည်း နောက်ဘဝ၌ မြင်တဲ့လူတိုင်း မူးအောင် ရူးအောင် အထူးထူးသော ကျက်သရေမင်္ဂလာ အလှပခြင်းအမျိုးစုံနဲ့ ပြည့်စုံရပါလို၏ဘုရား ချလိုက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် ပါသေးလား (မပါပါဘူးဆရာ)၊ အဲဒါ အလောင်းကလျာဆုကြီးပန် နော်။ မျက်စိ လည်သွားရှာတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ရဟန္တာကိုယ်တော်မြတ်ကြီး သူ့ဝတ်ပန်းပုဆိုး ရုံလို့ လှလာသလိုပဲ သူလည်းလှချင်တယ်တဲ့။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဆုတောင်း လိုက်ပါ။

ကိုယ်တော် မြတ်ကြီးကလည်းပဲ ဆုပေးသွားတယ်။

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။"

လို့ ချစ်သမီး တောင်းတဲ့ဆုအတိုင်း အလိုဆန္ဒနဲ့ တစ်လုံးတဝကြီး ပြည့်စုံစေတဲ့။ ဆယ့်ငါးရက် တိတိ မစွန်းသော လပြည့်ဝန်းကဲ့သို့ တောင်းတဲ့ဆုအတိုင်း ပြည့်စုံပါစေ။ ဆုပေးပြီး ကြွ၊ သူလည်းပဲ ဒီလို ပြန်လာခဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ ဒီဘဝလက်စသတ်တော့ နတ်ပြည်ရောက် ဒီကုသိုလ် ထောက်ပံ့လို့ နတ်စည်းစိမ်ရပြီးတော့ လူ့ဘဝ တစ်ခါပြန်ဆင်းတော့ အားလုံးပဲ ကြားဖူးကြတဲ့အတိုင်း "ဥမ္မာဒန္တီ"လို့ လာဖြစ်ရှာတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သွက်သွက်ကိုလည်လို့ တစ်ဘက် သားတွေ မြင်သမျှလူတွေ ဒုက္ခပေးလိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ သိဝိမင်းကြီးများ ရာဇဏ္ဍြေ တောင်မှဲ့ရှာတယ်။ ရာဇဝင်တွေ ခုန်ကွပြီးတော့ အုံထရူးရှာတော်မူတယ်။ မယ်ဥမ္မာရဲ့မယ်ဥမ္မာရဲ့နဲ့ ကြားဖူးတယ်မဟုတ်လား (ကြားဖူးပါတယ်ဆရာ)၊ အဲဒီထိအောင်လို့ သွက်သွက်ကိုလည်ရော ဘေးပတ်ကျင်က လူတွေမှန်သမျှ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်လိုက်ရင် မူးသွားပေါ့၊ ကြည့်လိုက်ရင် ရူးသွားပေါ့ ဒီထိအောင် ဒုက္ခပေးကောင်းသေးရဲ့လား ဟ (မကောင်းပါဘူးဆရာ)၊ အေး-အဲဒါ အလောင်းအလျာ ဖြစ်ပါလျက် ဒီနေရာမှာ အသိဉာဏ် ဦးမစီးတော့ ဝိဇ္ဇာဉာဏ်လေးက တစ်ချက်မှ မပေါ်တော့ မတော်တဲ့ ဆုသွားတောင်းမိတယ်လို့နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာမှာကွယ် ဝိဇ္ဇာ

http://www.dhammadownload.com

ဉာဏ်လေး တစ်ချက်ပေါ် လိုက်လို့ အသိဉာဏ်လေး တစ်ချက်ပေါ် လိုက်လို့ "တပည့်တော်လှူရသော ဝတ်ပန်းပုဆိုး ကုသိုလ်ကောင်းမှုကြောင့် အရှင်ဘုရားတို့သိအပ်သော သစ္စာလေးပါးတရားကို ပိုင်းခြား ထင်ထင် သိမြင်ရပါလို၏ ဘုရား"ဆို မုချရတယ် နော် (မှန်ပါတယ်ဆရာ)၊ သံသရာစက်ရဟတ်ကြီး အဆက်ပြတ်ပြီးသားဆိုတာ မှတ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ချော်သွားပုံ ချော်သွားပုံ၊ အဲဒါ အလောင်းအလျာပဲ ဆုကြီးပန်ပဲ ဥပ္ပလဝဏ် ထေရီမအလောင်း နုစဉ်ဘဝဖြစ်လာတဲ့ သဘာဝ လေးချပြ။

နောက်တော့ ဘာဖြစ်တုံး၊ ဥပ္ပလဝဏ် ထေရီမအလောင်းပဲ ပဒုမဝတီမိဖုရားကြီးဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ သားငါးရာဖွားလို့ ပစ္စေကဗုဒ္ဓါတွေ ဖြစ်လို့ နောက်ဒုတိယဘဝ လယ်သူမဆင်းရဲ သူမလေး ဖြစ်တဲ့အခါကြတော့ သားငါးရာဆိုတဲ့ ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်တွေနဲ့ ပြန်တွေ့လို့ ဆွမ်းပါလုပ်ကျွေးပြီးတော့ ကြာပန်းတွေလှူလို့ ဒီအချိန်ကြတော့ ဘယ့်နဲ့ဖြစ်။ ဝိဇ္ဇာဉာဏ်လေး ဦးစီးလာ နော် (မှန်ပါတယ်ဆရာ)။ ဝိဇ္ဇာဉာဏ်လေး ဦးစီးလာတော့ သားတော်ခဲ့ဖူးတဲ့ ပစ္စေကဗုဒ္ဓါ ကိုယ်တော် မြတ်တွေ ဆွမ်းပင့်ကျွေးပြီးတဲ့အချိန် ကောင်းနိုးကောင်းရာ ဆိုသလို ကြာပန်းများခူးပြီးတော့ ဆက်ကပ် ဆုတောင်းတယ်ကြည့်။ ဘဝက နီးလာပြီတဲ့၊ ဆုကြီးပန် ဆိုတော့ ပစ္ဆိမဘဝိက ရောက်ခါနီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တို့ဘုရားကိုယ်တော်မြတ်ကလည်း ပွင့်လို သာသနာကြီး လင်းမယ့်အချိန်က လည်းနီး ဥပ္ပလဝဏ်ထေရီမအလောင်းကလည်း ပါရမီတွေ စုပေါင်းလို့ အကောင်းဆုံး အညွန့်ဆုံး ဆိုတဲ့ ဘဝရောက်တော့မယ်တဲ့။ အဲဒီအခါကြတော့ ဝိဇ္ဇာဉာဏ်လေး ပေါ်ထွက်လာ။ ဘယ့်နဲ့ ပေါ်ထွက်လာတုံး။ အဲဒီ သားတော်ခဲ့ဖူးတဲ့ ပစ္စေကဗုဒ္ဓါငါးရာ ဆွမ်းပါကပ်လှူပြီးတဲ့ အချိန်ကြတော့ မြင်တယ်။ အခုနေ ငါလုပ်တဲ့ ကုသိုလ်ကောင်းမှု အခု ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်များ သိတော်မူတဲ့ သစ္စာလေးပါးတရားများ လွယ်လင့်တကူ သိလိုက်ရရင် သိပ်ကောင်းမှာပဲလို့။ ဝိဇ္ဇာဉာဏ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအခါကြတော့ ဆုတောင်းတယ်။ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု" အခု အဋ္ဌကထာပြတဲ့ ဆုတောင်းအတိုင်းပါပဲလို့နော် (မှန်ပါတယ် ဆရာ)၊ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဣဒံ ဒါနံ၊ ယခု အရှင်ဘုရားတို့အား ကပ်လှူပူဇော်အပ်သော ဆွမ်းဒါန ပန်းဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုသည်။ အာသဝက္ခယံ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ ဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရားလေးပါးမှ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော။ နိဗ္ဗာန်နံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ရပါ စေသတည်း။ မှန်မသွားဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒါ ကုသိုလ်၊ ဘာကုသိုလ်ခေါ်သွား (ဝိဝဋ္ဋကုသိုလ်ပါဆရာ)၊ ဝိဝဋ္ဋကုသိုလ်တဲ့ နိဗ္ဗာန်အာရုံပြုသွားပေ့ါနော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရည်ရွယ်ချက် ပေးသွားပေ့ါ။ အတူတူပါပဲ အတူတူပါပဲ နိဗ္ဗာန်ရည်ရွယ်ချက်နဲ့ ဆုတောင်းပြီး ပြုလိုက်တဲ့အခါကြတော့ တို့ဘုရားလက်ထက်တော်မှာ ဥပ္ပလဝဏ်ထေရီမဆိုပြီးတော့ လေးမင် လေးဖိုလ်ရလို့ အာသဝေါတရား ကုန်ခန်းပြီးတော့ ရဟန္တာဖြစ်ရတယ်ဆိုတဲ့ ထုံးဝတ္ထု ကြားဖူးတော်မူကြတဲ့အတိုင်း အဲဒါ လိုင်းလေးပြောင်းတဲ့ သဘာဝပြောရ နော် (မှန်ပါတယ်ဆရာ)၊ အရင်လုပ်လာစဉ်အခါတုန်းကတော့ ဝဋ္ဋကုသိုလ်၊ နောက်ဆုံးဘဝ ကျွတ်တမ်းဝင်ခါနီးကြတော့ ဝိဇ္ဇာဉာဏ်လေးပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် သတိရပြီးတော့ ဝဋ်သုံးပါးဘက် မျက်နှာမလှည့် မင်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် မျက်နှာလှည့်။ ဝိဝဋ္ဋပါဒကုသိုလ်ဆိုတဲ့ အနေအားဖြင့် ဆုတောင်းပတ္ထနာမှုခဲ့တဲ့အတွက်တဲ့ တို့ဘုရားလက်ထက်လာပြီးတော့ ဥပ္ပလဝဏ် ထေရီမအလောင်း ဥပ္ပလဝဏ်ထေရီမ လေးမင်လေးဖိုလ်ရလို့ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာအစစ် ဖြစ်ရတယ်ဆိုတဲ့ ထုံးဝတ္ထုရဲ့ သဘောသွားလေး မှတ်ထားလို့ ဒီဆုတောင်းနည်းအတိုင်း တို့လူစုလည်း "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊ ဣဒံ မေ ဒါနံ ဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဣဒံ မေ ပုညံ မဂ္ဂဉာဏဿ ပစ္စယော ဟောတု။" ကိုယ်ကြိုက်ရာ တစ်ခုခုပေ့ါနော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် နိဗ္ဗာန် မင်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဆိုတဲ့ 'နဝလောကုတ္တရာ" ကိုးပါးသော လောကုတ္တရာ တရားဘက် မျက်နှာလှည့်တယ်ဆိုတဲ့ ဆုတောင်းလေးတော့ ဘယ်ခါမှ မမေ့ကြစေနဲ့။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်။ "သင်္ခါရပစ္စယာ ဝိညာဏံ"၊ သင်္ခါရ တည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်။ ဒီအတိုင်း ဆက်ခါဆက်ခါ မရပ်မနားဘဲနဲ့ ရဟတ်ချားလိုပဲ လည်သွားတာ။ သံသရာစက် ဘဝစက် ပဋိစ္စသမုပ္ပါဒ် တရားတော်ခေါ်၏။ လည်ပုံလည်နည်း လည်တတ်တဲ့ သဘာဝတွေ ချပြ။ အဝိဇ္ဇာက စ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးဖြစ်ပုံ ထိုသင်္ခါရသုံးမျိုး ဗမာလို တရားကိုယ်ပြန်တော့ ဝဋ်ကိုတောင့်တပြီးလုပ်တဲ့ ဒါကုသိုလ် သီလကုသိုလ် သမထကုသိုလ်၊ ဒီကုသိုလ်အစုစု ကုသိုလ်ကောင်းမှုတွေ ဝဋ်ကို လည်စေတတ်တဲ့ ဘုံသုံးပါးလည်စေတတ်တဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ဘဝစက်ကြီး အမြဲမပြတ် လည်စေတတ်တယ်ဆိုတဲ့ တရားကို ဟောကြားတော်မူတဲ့ ဒေသနာ၊ ဒီလို လည်စေတတ်တဲ့ တရားလုပ်ရင်း လည်မှာပဲဆို ကိုယ်ကလည်း သိထား။ ဒါကြောင့် ဘဝသုံးပါး ဘုံသုံးပါးက တကယ်ကျွတ်ချင် လွတ်ချင်ရင် မလည်တတ်တဲ့ မလည်တဲ့ နည်းရှာရမယ်။ ရှာလို့ တွေ့ပြန်တော့ တွေ့တဲ့အတိုင်းလည်း ကြိုးစားအားထုတ် အလုပ်လုပ်ရတယ်။ ဒါမှ သံသရာဝဋ်တွင်းက လွတ်ကင်းမယ်။ နိဗ္ဗာန်ချမ်းသာကြီး မျက်မှောက်ပြုနိုင်မယ်လို့ နိဗ္ဗာန်ရောက်မှ

http://www.dhammadownload.com

သုခစစ် သုခမှန် တွေ့ကြ၊ ဘုံသုံးပါးထဲလည်နေလို့တော့ ဘယ်တော့မှ သုခစစ် သုခမှန် မတွေ့၊ သုခ အတုအယောင် ခေါ်တယ်။ ပြုနိုင် ပြင်နိုင် လုပ်နိုင်မှ ကြိုးစားနိုင်မှ မပြောပလောက်ရတဲ့ အတုအယောင် လေး ခေါ်တယ်။

ဒါကြောင့် လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ဆိုတဲ့ စည်းစိမ်ကြီးတွေ သုခမှတ်လို့ သံသရာ ဒုက္ခကြီး ဒုက္ခမှန်း မသိဘဲနဲ့ သုခမှတ်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်များသာလျှင် အဝိဇ္ဇာလျှင် အကြောင်း အရင်းရှိသော ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်တရား သုံးပါးကို ကြိုးစား အားထုတ်တတ်ပါ၏။ ဒီကုသိုလ်တရား သုံးပါးကြိုးစားအားထုတ်ပြန်တော့လည်းပဲ ဘာဖြစ် ပဋိသန္ဓေ ဝိညာဏအသစ်ကို ဖြစ်စေပြန်၏။ ပဋိသန္ဓေဝိညာဏအသစ်ဖြစ်ဆိုတဲ့ "သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" သွားပြန့် ဘယ်တော့မှ ရပ်လို့မရ သံသရာမှာ အမြောမရပဲ အတောမသတ် ခေါ်တယ်။ အဲဒါ ဘာပြုလို့လဲဆိုတော့ သဘောမပြတ်လို့တဲ့။

ဒါကြောင့် မိမိတို့ သဘောလေးတွေမှာ ပြတ်သားသွားအောင် သေသေချာချာလည်း မှတ်သားရ။ မိမိသဘောထဲ ပြတ်သားသွားပြီဆိုမှဖြင့် သံသရာစက်ရဟတ်ကြီး ဘဝစက်ကြီးက ဖျက်ဆီးပြီးသားဖြစ် တယ်၊ ပျက်ဆီးပြီးသား ဖြစ်တယ်။ ဘယ်တော့မှ နောက်ထပ် မလည်ဘူး။ အဲဒါမှ ဘုံသုံးပါး ဘဝသုံးပါးက ကျွတ်တယ် လွတ်တယ်။ ဒါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး ရောက်နိုင် ရနိုင်တယ်။ နိဗ္ဗာန်ချမ်းသာရမှ ရောက်မှ အိုဘေးဆိုး နာဘေးဆိုး သေဘေးဆိုးကြီးတွေနဲ့ လုံးဝကင်းတယ် ရှင်းတယ် တဲ့။ ဒီလိုမှ မဟုတ်ရင် အိုပြီးရင်း အိုရင်း, နာပြီးရင်း နာရင်း, သေပြီးရင်း သေရင်း, တစ်ဘဝလာရင်း အိုဘေးဆိုး နာဘေးဆိုး သေဘေးဆိုးနဲ့ တွေ့ခြင်း။ ဒီဘေးကြီးသုံးပါးကတော့ ဘေးဆိုးကြီး သုံးခုကတော့ လူငယ်လူရွယ်မှ စပြီးတော့ မြင်တတ်ပါတယ်။ အိုဘေးဆိုး အိုရမှာပဲ တစ်နေ့ကြတော့ နာဘေးဆိုးတဲ့ နာမှာပဲ။ တစ်နေ့ကျရင် သေဘေးဆိုးနဲ့ တစ်နေ့ကျ သေမှာပဲ။ ဒါတော့ သူသူငါငါ လူတကာ မြင်တတ်တယ်။ တစ်ဘဝလာလည်း ဒီအတိုင်းဆိုတော့ ဘယ်ဘဝမှ သက်သာခွင့် မရဘူး။ သေခြင်းသဘောတရားထဲ ပင်ပန်းဆင်းရဲတဲ့ ဒုက္ခလည်းမရှိ။ "မရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ" မရဏတော၊ သေခြင်းထက်၊ ဥတ္တရိ၊ လွန်သော ပိုသော။ ဒုက္ခံ နာမ၊ ဆင်းရဲမည်သည်။ နတ္ထိ၊ မရှိ။ သေတာထက် ပင်ပန်းဆင်းရဲတာ မရှိဘူးတဲ့။ အင်မတန် ကြောက်စရာကောင်း။ ဒါကြောင့် သေဘေး ကြတော့ သူသူငါငါ သတ္တဝါမှန်မှန်သမျှ မကြောက်တဲ့ သတ္တဝါမရှိဘူး၊ ကြောက်တာချည်းပဲ။ သေရမှာ ကြတော့ အင်မတန်ကြောက်။

ဒါကြောင့် အိုဘေးဆိုး နာဘေးဆိုး သေဘေးဆိုးကြီးတွေက တကယ်လွတ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန ဓာတ်ကြီး ချဉ်းကပ်အောင် ကြိုးစားရမယ်။ မရဘဲ မနေဘူး။ ကြိုးစားရင် ဖြစ်ရမယ်။ ကြိုးစားရင်

http://www.dhammadownload.com

ရောက်ရမယ်။ သချၤာသင်္ချေ မရေမတွက်နိုင်တဲ့။ တကယ့်ပညာရှိ သူတော်ကောင်း အပေါင်းတွေ ကျွတ်ကြ လွတ်ကြပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး ရောက်ကြ ရကြပေါ့။ တို့သာ သံသရာထဲ တဝဲလည်လည်နဲ့ မျက်စိလည် မပျောက်။ တောက်လျှောက်ကြီး ခံနေကြရ၊ ဘာပြုလို့ တို့မကြိုးစားလို့ တို့မလုပ်လို့ တို့မရှာမှီးလို့ တို့အားမထုတ်လို့ ဒီလို ငုတ်တုတ်နေတာပဲ။ ဒါကြောင့် လုပ်တော့ လုပ်ပါရဲ့ အလုပ်က ဘယ်နဲ့ဖြစ်နေလဲဆိုတော့မှားနေ မိစ္ဆာပဋိပဒါလို့ မနေ့ညကပြထားတဲ့ အတိုင်း ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊

ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ အန္တမသော ပဉ္စာဘိညာ၊ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါ ဟောတိ”

အမှားတွေလုပ် ကုသိုလ်ကောင်းမှုတွေ မလုပ်ဘူးလား လုပ်ပါရဲ့။ ကံ, ကံ၏အကျိုး ယုံကြည်ကြတဲ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေမှန်သမျှ နေ့နဲ့အမျှဆိုသလိုပဲ အသက်ရှည်သမျှ ကာလပတ်လုံး ဒါနမှုလည်းပြုလိုက် သီလမှုလည်းပြုလိုက် သမထမှုလည်း တတ်အားသမျှ ကြိုးစားလိုက်။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်တရား သုံးပါးကြိုးစားတာကတော့ ဘယ်ပုဂ္ဂိုလ်မဆို အမြဲတစေ ကြိုးစားနေကြ တတ်အားသမျှဆိုသလိုပဲ။ ဒါပေမယ့် နည်းက မဟုတ်ဘူးတဲ့။ နည်း မဟုတ်တော့ သံသရာဝဋ္ဋ်အတွင်းမှာသာလျှင် ပြန်ပြန်ပြန်ပြန် ဆင်းနေကြရ၊ ဒါကြောင့် ဒါနသီလသမထ ပြုကြမြဲမကွာ ဝိနိပါတ စသည့်အပြား ဘေးလေးပါး ငါကား မလွတ်ပါ။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ပြုလုပ်တယ် မဟုတ်လားဟ (ပြုပါတယ်ဆရာ)၊ ဒါပေမယ့် ဝိနိပါတ အစရှိသော ဘေးကြီးလေးပါး လွတ်ကဲ့လား (မလွတ်သေးပါဘူးဆရာ)၊ မလွတ်ပြန်ဘူးဟနော် (မှန်ပါတယ်ဆရာ)၊ “လွတ်အောင် ပြုလုပ်နည်းမဟုတ် မုချမလွတ်သာ”တဲ့ လွတ်အောင်ပြုနေတဲ့နည်းက မဟုတ်တော့ မလွတ်ဘူးတဲ့။ မုချအားဖြင့် လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ)၊ မလွတ်နိုင်ဘူး။ “ဘယ်သူမပြော ဘုရားဟော သဘောယုတ္တိ ရှာတဲ့” ဘယ်သူမှ ပြောတာ မဟုတ်ဘူးတဲ့ ဘုရားကိုယ်တော်တိုင် ဟောသွားတဲ့ ဒေသနာတော်ကြီး သေချာတယ်။

ဒါကြောင့် သဘောယုတ္တိ မိအောင်ရှာပြီးတော့ စိစစ်ဝေဖန်ပြီးတော့ ဒီလမ်းက သွားရင် မှားနေတယ်ဟဲ့။ ဒီလမ်းက သွားမှ အမှန်ဟဲ့။ ဒီလို ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပြီးတော့ ကွဲကွဲပြားပြား ခြားခြားနားနား မှတ်မှတ်သားသားနဲ့ ကြိုးစားအားထုတ် အလုပ်လုပ်ကြ။ လုပ်ပါရဲ့ မလုပ်ဘူးမှ မဆိုဘဲ ဒါကုသိုလ် သီလကုသိုလ် အမြဲတစေ ကြိုးစားနေကြ၏။ တချို့လည်း ဒါထက်တန်းမြင့်တဲ့ သမထ ကုသိုလ်ကြိုးစား၏၊ လုပ်ကြပါ၏။ ဘာပြုလို့ ကံ, ကံ၏အကျိုး ယုံကြည်လို့ လုပ်ကြတယ်တဲ့။ ဒီကုသိုလ် တရားတွေ အားထားယုံကြည်လို့ လုပ်ကြတယ်။ အားကိုးလို့ ယုံကြည်လို့ လုပ်ကြတယ်တဲ့။ ဒါပေမယ့်

http://www.dhammadownload.com

သံသရာဝဋ်အတွင်းက လွတ်ကင်းရဲ့လားဆိုတော့ မလွတ်ကင်းဘူးတဲ့ ဘာပြုလို့ လုပ်ပုံ လုပ်နည်းက မဟုတ်လို့တဲ့။ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ လုပ်ပုံလုပ်နည်း မဟုတ်ဘူးတဲ့၊ မဟုတ်လို့ မလွတ်တာ ဟုတ်ရင် လွတ်မယ်မဟုတ်လား (လွတ်မှာပါဆရာ)။

လုပ်နည်းမှန်းမှ သံသရာလွတ်

ရှေးရှေးက ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားအရိယာ သူတော်ကောင်း အပေါင်းတွေ လည်းပဲ ဒီဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်တရားတွေ ကြိုးစားပွားများအားထုတ် အလုပ်လုပ်လို့ လွတ်သွားကြတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပဲ လုပ်ကြတယ်၊ ဘာပြုလို့ ဒီပုဂ္ဂိုလ်တွေတော့ လွတ်သလဲဆိုတော့ လုပ်ပုံလုပ်နည်း ဟုတ်တယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား ဒါဖြင့် ဘာကွဲပြားနေတုံး။ ဒီကုသိုလ် ဒီကုသိုလ်ပဲဆိုတော့ ဝဋ်သုံးပါး တမ်းတပြီးလုပ်တဲ့ ဝဋ္ဋကုသိုလ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး မျှော်မှန်းပြီးလုပ်တဲ့ ဝိဝဋ္ဋကုသိုလ် ဒီနှစ်မျိုးကွဲ ကုသိုလ်တော့ ဒီကုသိုလ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီကာမာဝစရကုသိုလ်စိတ်နဲ့ လုပ်နေကြတာပဲ။ ရူပါဝစရကုသိုလ်စိတ်နဲ့ လုပ်တာပဲ။ အရူပါဝစရကုသိုလ်စိတ်နဲ့ လုပ်တာပဲတဲ့။ ဒီဒါန သီလ သမထ ပါပဲတဲ့။

ဒါပေမယ့် ရည်ရွယ်ချက်ချင်း မတူဘူး။ ငါတို့ သူငါတွေတော့ ဘဝပေါင်းများစွာ ကြိုးစားအား ထုတ်လာတော့ ဝဋ်ထဲတလည်လည် ဘာပြုလို့ မကျွတ် လုပ်ပုံလုပ်နည်းမဟုတ်။ ဘာပြုလို့ မဟုတ် ဘုံသုံးပါး တောင့်တပြီး လုပ်တဲ့ကုသိုလ်မျိုးတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဝဋ္ဋကထာထဲ ဘုရားကိုယ်တော်မြတ်က သွင်းထားတယ်။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ အဝိဇ္ဇာ ဦးစီး အဝိဇ္ဇာအကြောင်းခံကြောင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ်တရားစုတွေပဲလို့။ ဒါကြောင့် သံသရာ ဝဋ်ထဲက မထွက်နိုင် မကျွတ်နိုင် မလွတ်နိုင်။ ဒါဖြင့် ကျွတ်အောင်လွတ်အောင် ဘယ့်နဲ့လုပ်ပါ့။ ဝိဝဋ္ဋ ကုသိုလ်ဖြစ်အောင် လုပ်ပါ။ ဝိဝဋ္ဋဆိုတာ ဘာတုံး မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်နဲ့ "နဝလောကုတ္တရ ဓမ္မ" နော် (မှန်ပါတယ်ဆရာ)၊ ဝိဝဋ္ဋဆိုတာ ဘာတုံး (မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပါဆရာ)၊ အေး ဟုတ်ပြီ ကိုးပါးသော လောကုတ္တရာတရား နော် (မှန်ပါတယ်ဆရာ)၊ ဝဋ္ဋဆိုတာ ဘာတုံး (ဘုံသုံးပါး ပါဆရာ)၊ အေး-ဟုတ်ပြီ ဘုံသုံးပါး နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ သေချာလည်း မှတ် ကြနော် ပြောပေါင်းလည်း များပြီ။ ထပ်ပြန်တလဲလဲ ဝဋ္ဋလို့ခေါ်ရင် ဘုံသုံးပါးကိုရ ၏၊ ဝဋ္ဋရဲ့တရားကိုယ် ဒီဘုံသုံးပါးကိုရအောင် ရောက်အောင် ကြိုးစားတဲ့ ကုသိုလ်ကြမှ ဝဋ္ဋကုသိုလ်လို့ ခေါ်၏။ ဝဋ္ဋပါဒ ကုသိုလ်လို့ ခေါ်၏။ နားလည်လား (နားလည်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဝိဝဋ္ဋဆိုတာ ဝိဝဋ္ဋတရားကိုယ်ကောက်ရင် နဝလောကုတ္တရာဓမ္မ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်။ ဒီမဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာကြီးရောက်အောင် ရအောင် ကြိုးစားတဲ့ ကုသိုလ်ကြ ဘာခေါ်တုံး "ဝိဝဋ္ဋပါဒကုသိုလ်"ခေါ်၏။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တစ်မျိုးစီ တစ်မျိုးစီ ဒါလေးတွေ ပြတ်ပြတ်သားသား နားလည်ထား။ ဒါကြောင့် "ဒါနသီလ သမထပြုကြ မြဲမကွာ ဝိနိပါတ စသည်အပြား ဘေးလေးပါး ငါကားမလွတ်ပါ"တဲ့။ လုပ်လိုက်တာလည်း အမြဲတဲ့၊ မကွေမကွာ ဆိုသလိုပဲ ကြိုးစားလိုက်တာ လူလားမြောက်တဲ့ အချိန်ကစ ကံ, ကံ၏အကျိုး ယုံကြည်သည့် အားလျော်စွာ ဆိုသလို လုပ်လိုက်တာ။ ဒါပေမယ့် ဝိနိပါတအစရှိသော ဘေးကြီးလေးပါး လွတ်ကဲ့လား မလွတ်ဘူးနော် (မလွတ်ပါဘူးဆရာ)၊ သံသရာဝဋ်က ကျွတ်ဖို့မဆိုထားနဲ့တဲ့၊ ဘေးကြီးလေးပါးတောင် မလွတ်ဘူးတဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ "လွတ်အောင် ပြုလုပ်နည်းမဟုတ်၊ မုချ မလွတ်သာ"တဲ့၊ လွတ်အောင်ပြုတဲ့ နည်းလမ်းက မဟုတ်တော့ ဘယ့်နှဲ့နည်းမှ မလွတ်ဘူးတဲ့။ ဘယ်သူပြောတုံးတဲ့ "ဘယ်သူမပြော ဘုရားဟော သဘောယုတ္တိရှာတဲ့" ဘယ်သူမှ မပြောဘူးတဲ့ အဘဘုရား ကိုယ်တော်မြတ် ဟောသွားတာတဲ့။ ဒါမိမိတို့ သဘောမိအောင် လိုက်ကြရမယ်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ "ဝိပဿနာ ပွားများကာ ဉာဏ်သာမူလ မြင်တတ်က မုချလွတ်မည်သာ"၊ ကောင်းလိုက်တာကွာ ဘာတဲ့တုံး အခိပ္ပါယ်က ဘာတုံး ဘယ်လိုမှလွတ် (ဝိနိပါတ) ဟောဗျာ ဘယ်လိုမှ လွတ်မတုံးမေးနေတာ နောက်ဆုံး ငါရွတ်သွားတဲ့အခိပ္ပါယ် သူမကြားလိုက်ဘူးထင်တယ်။ အိမ်ပြန်သွားသလား "ဝိပဿနာ ပွားများကာ ဉာဏ်သာမူလ မြင်တတ်က မုချလွတ်မည်သာ"တဲ့၊ ဘယ်လို လုပ်မှလွတ် (ဝိပဿနာဉာဏ်မြင်လို့ရှိရင် မုချလွတ်မှာပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရင်ဖြင့် ဆိုစရာ မရှိဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသော်လည်း ဝိပဿနာတရား ကြိုးစားပွားများ သင်ကြားလေ့လာ တတ်မြောက် လိမ္မာလာရင် မုချလွတ်ပါတယ် မလွတ်ဘူးလား (လွတ်ပါတယ်ဆရာ)၊ ဘယ်လောက်တန်ဖိုးရှိ သေချာလည်းပဲ စဉ်းစားကြည့်စမ်း။ ဝမ်းမြောက်စရာကောင်းပုံ။ ပြီးတော့မှ တို့ သို့ကလောက်တောင် ခက်ခက်ခဲခဲနဲ့ အဝိဇ္ဇာနဲ့သင်္ခါရ အကူးတောင်ပဲ ဆယ်ရက်ကိုးရက်ပြပြီးတော့ သဘာဝကျကျနဲ့ ဒီလိုက ဒီလို ဖြစ်တတ်တယ်။ ဒီလိုလုပ်တော့ ဒီလို ကျွတ်တတ်တယ် လွတ်တတ်တယ်။ ဒီလိုလုပ်လို့ သံသရာစက်ထဲ တဝဲလည်လည် လည်တယ်နဲ့။ သို့ကလောက်တောင် နက်နဲခက်ခဲတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ဘယ်နည်းနဲ့ ဖျက်ဆီးကြ၊ ဘယ်နည်းနဲ့ ဖြတ်ကြရပ်ကြပ့ါမလဲလို့၊ လည့်တဲ့နေရာမှာ သို့ကလောက်တောင်ပဲ တာဝန် ကြီးမားလို့ ခက်ခက်ခဲခဲနဲ့ ကြိုးစားပမ်းစားနဲ့ လည်တာမြင်တော့ ဒီပဋိစ္စသမုပ္ပါဒ် ဘဝစက်ကြီး

http://www.dhammadownload.com

ဖျက်ဆီးလို့မှ လွယ်ပါ့မလားလို့ တွေးစရာ နော်၊ (မှန်ပါတယ်ဆရာ)၊ လွယ်တယ် လွယ်တယ် ဒီဘဝစက်ကြီး ဖျက်ဆီးတဲ့နည်းလေးကြတော့ လွယ်တယ်။ ဒါလွယ်တယ် ဆိုတာက တရားမလေးစားလို့ ပြောတာမဟုတ်ဘူး။ လွယ်လောက်တဲ့စခန်းနားရောက်အောင် သင်ကြားထားလို့ တတ်မြောက်လိမ္မာပြီးသားဖြစ်တဲ့ သင်တန်းသားတွေအတွက် လွယ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို လာရမယ်။ ဖျက်ဆီးတဲ့နည်းလေးကြတော့ အကိုးအကားနဲ့ သဘာဝယုတ္တိနဲ့ အာဂမယုတ္တိနဲ့ ချပြတော့ ဩော်-ဟုတ်ပါပဲလို့ ဒီလို လာရမယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

အန္ဓပုထုဇဉ်တစ်ယောက် အနေအားဖြင့် ဒီဘဝဆက်ကြီး ဖျက်ဆီးလို့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အင်မတန် ခက်တယ်။ ဘယ်နဲ့နည်းမှ ဖျက်ဆီးလို့ မရဘူး။ ဖျက်ဆီးဖို့ နေနေသာသာ အဝိဇ္ဇာအရင်းခံ ဖြစ်ပေါ်လာတဲ့ ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်တရားတွေ ဝဋ်သုံးပါးတောင်းတ အလုပ်လုပ်လို့ရှိရင်ဖြင့် သံသရာဝဋ်တွင်းက မလွတ်ကင်းဘူး။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ်လည်အုံးမှာပဲ။ ဒါတွေ လုပ်တာမိုက်လို့ မည်းလို့ တွေဝေလို့ မလိမ္မာလို့ အသိဉာဏ် မရှိလို့ လုပ်တယ်ဆိုတာတောင် လက်မခံနိုင်ဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီစက်ကြီး ဖျက်ဆီးဖို့ နည်းဆိုတာကတော့ ခက်ပေလိမ့်မယ်လို့။

ဒါကြောင့် သင်တန်းကို အပင်ပန်းခံပြီးတော့ ညစဉ်ညတိုင်းဆိုပြီးတော့ သင်ကြ ကြားကြတယ်။ ကျေးဇူးက ဘယ်လောက်ထူးသလဲဆိုတဲ့ အချက်အလက်ကလေးတွေလည်း တွေ့လိမ့်မယ်။ တို့ ပင်ပန်းခံတာ ပင်ပန်းကျေးဇူးလည်း နပ်ပါ့ပေတယ်။ နေ့စဉ်ရက်ဆက် သင်တန်းတတ်ရ ဒီအသိဉာဏ်လေး ပေါ်ထွက်လာတာ တို့ဘယ်လောက် ခရီးရောက်ပဟဲ့ ပြန်ပြီးတော့ ကိုယ့်အမြတ်စာရင်းလေးတွေ ပြန်ပြီးတော့ ခွဲစိတ်ဝေဖန်ကြည့် သိနိုင်တယ်။ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတဲ့ အကြောင်း။ ဒါပေမယ့် အခုတော့ လည်တဲ့အခန်းပြနေတော့ လည်လိုချည်းပြမှာ ရပ်တဲ့အခန်းကြမှ ရပ်ပြမှာကိုးကွနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဝိဇ္ဇာအကြောင်းခံ အဝိဇ္ဇာအရင်းတည်ပြီး ဖြစ်ပေါ်လာတဲ့ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ်နေကြတာတဲ့။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် မနေ့ညက ဟောသွားသေး။ ဥပ္ပလဝဏ်ထေရီမအလောင်းတို့ ဘုရားလက်ထက်တော်က အဘိညာဉ် ဧတဒဂ်ရတော်မူတဲ့ ရဟန္တာမကြီး ဘယ်လောက်များ နာမည်ကြီး ဘယ်လောက်များ တန်ခိုးရှိ ဘယ်လောက်များ ကြည်ညိုဖွယ်ကောင်းလဲ။ ဒါမနေ့ညက နာရီကလည်း စေ့တာနဲ့ ရုတ်တရက်အားဖြင့် နောက်ပိုင်းလေး ကသီလင်တနဲ့သိမ်းသွား။ အဲဒီ တို့ဘုရားလက်ထက်တော်လာပြီးတော့ ကုဋေတစ်ရာ ခြောက်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီးရဲ့ သမီးဖြစ်လို့ နောက်ဆုံးဆုတောင်းပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ အရှင်ဘုရားများသိတဲ့

http://www.dhammadownload.com

သစ္စာလေးပါးတရားကို သိရပါလို၏ ဘုရားလို့။ နောက်ဆုံး လယ်သူမဆင်းရဲသူမလေးဘဝ တောင်းလိုက်တဲ့ ဆုတောင်းအရ ကောင်းလိုက်တာလို့။

ဒါဖြင့် သူပြုတဲ့ ကုသိုလ် ဘာကုသိုလ်ခေါ်လဲဆိုတော့ အဲဒါမှ "ဝိဝဋ္ဋူပါဒ" ကုသိုလ်ကွ နော် (မှန်ပါတယ်ဆရာ)၊ အရင် ဝတ်ပန်းပုဆိုးလှူတဲ့ ဘဝလိုများ လှဖို့ ပဖို့များ တောင်းသေးသလားဟ (မတောင်းပါဘူးဆရာ)၊ အခုတော့ ဝိဇ္ဇာဉာဏ်လေးက ပေါ်ထွက်လာတော့ ဝိဇ္ဇာဉာဏ် ဦးစီးလို့ အရှင်ကိုယ်တော်မြတ်တွေသိတဲ့ သစ္စာလေးပါးများ သိလိုက်ရရင် သိပ်ကောင်းမှာပဲလို့ စိတ်ထဲ အကြံအစည်ဖြစ်လို့ အကြံအစည်ဖြစ်တဲ့အတိုင်းလည်း နှုတ်က မြွက်ပြီးတော့ တောင်းလိုက်တယ်။ ဘုရားတပည့်တော် အရှင်ဘုရားများ ဆွမ်းလှူဒါန်းရတဲ့ကုသိုလ်၊ အို-လှပတင့်တယ် ရှုချင်စဖွယ်ရှိသော ကြာပန်းများကို လှူဒါန်းရတဲ့ကုသိုလ် ဤကုသိုလ်ကောင်းမှုကြောင့် အရှင်ဘုရားများ သိတော်မူသော သစ္စာလေးပါးတရားကို အရှင်ဘုရားများကဲ့သို့ လွယ်လင့်တကူနဲ့ သိနိုင်တဲ့ အဖြစ်မျိုး ရရပါလို၏ ဘုရား" တောင်းလိုက်တယ်။ အော်-အခု တို့ ဘုရားလက်ထက်လာပြီးတော့ သူဌေးသမီးလာဖြစ်။ နတ်ပြည်က စုတိစိတ်ကျ၊ နေတော့လည်း နတ်ပြည်မှာပဲ ကျွတ်ချိန်တန်တော့ "ပစ္ဆိမဘဝိက"ခေါ်တဲ့ ဒီဘဝ မုချအားဖြင့် ကျွတ်ရမယ်တဲ့။ နောက်ဆုံးဘဝ ဒီဘဝအပြင် နောက်ဘဝ ထပ်မနေကောင်းဘူး။

ဥပ္ပလဝဏ္ဏာ အမိပ္ပာယ်ဖွင့်ဆိုချက်

ဒါကြောင့် တာဝတိံသာနတ်ပြည်ကနေ စုတိစိတ်ကျ လူ့ပြည်ရောက်။ သူဌေးအိမ်လာပြီးတော့ သန္ဓေမှီးလို့ နောက်နောက်က လှူဒါန်းတဲ့ ကြာပန်းစွဲလန်းပြီးတော့ ကြာညိုပန်းရဲ့ အဆင်းသဏ္ဌာန်ရှိလို့ ဥပ္ပလဝဏ္ဏာ၊ **ဥပ္ပလ**-က ကြာညိုခေါ်တယ်။ **ဝဏ္ဏ**-က အဆင်း၊ ကြာညိုများ မြင်ဖူးရဲ့ လားဟ (မမြင်ဘူးပါဘူးဆရာ)၊ ဟောဗျာ-ကျယ်ကျယ်ပြော တိုးတိုးမပြောနဲ့ ကြာညိုတောင် နင်မမြင်ဖူးဘူးလား (ကြာပန်းတွေတော့ မြင်ဖူးပါတယ်ဆရာ)၊ ကြာပန်းတွေ မြင်ဖူးတော့ အဖြူ အနီ အဝါ အပြာ နင်မကွဲဘူးပေါ့ (ကွဲပါတယ်ဆရာ)၊ ငါ့မျက်စိ ဘယ့်နဲ့များ ဖြစ်နေလဲလို့ ဘယ်လောက်အတဲ့, နတဲ့ အကောင်မှန်းမသိဘူး။ ကြာညိုပန်းပွင့်လာတဲ့အခါကြတော့ အထဲဝတ်ဆံလေးတွေ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ လှဖူးလား (လှပါတယ်ဆရာ)၊ အဲဒီ ဝတ်ဆံအသွေးအရောင်လေးကဲ့သို့၊ အင်မတန် လှပတင့်တယ်၊ ရှုချင်စဖွယ်ရှိလို့ အဝေးအနီးက သူဌေးကြီးတွေကော, ကုန်သည်တွေကော ပွဲစားတွေကော, မင်းစိုးရာဇာတွေကော, မင်းညီမင်းသားတွေကောပေါ့ကွ။ အင်မတန် လိုချင်ကြလို့ သဝဏ်လွှာ ပေးကြ သူဌေးကြီးထံ၊ ရှင်ဘုရင်ကလည်း တောင်းတာ မင်းညီမင်းသားကလည်း တောင်းတာ၊ သူဌေး သူကြွယ်ကလည်းတောင်းတာ၊ ကုန်သည်ကလည်းတောင်းတာ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ပွဲစားတွေကလည်း တောင်းတာ တောင်းလိုက်ကြတာလို့ သူဌေးကြီးသမီး လိုချင်လွန်းလို့ အဝေးအနီးကလည်း သတင်းက ကြေငြာလို့ အင်မတန် လှပတင့်တယ်၊ ရှုချင်စဖွယ်ရှိတယ်။ ပိုက်ဆံကလည်း ချမ်းသာ၊ တောင်းလိုက်ကြတာ အဘသူဌေးက စဉ်းစားတယ်။ ဩော်-ငါ့သမီးက တစ်ယောက်တည်း တိုင်းနယ်ပြည်နယ် ချီပြီးတော့ လူအများက နှစ်သက်ကြည်ဖြူလို့ သူယူချင်, ငါယူချင် သဝဏ်လွှာတွေ ကမ်းကြ၊ သူတို့အလိုလည်းပဲ စေ့ငှအောင် ပြည့်ဝဖို့ဆိုတာ အင်မတန်ခဲယဉ်းတယ်တဲ့။ တစ်ယောက်အလို လိုက်ပြန်လည်း ကြွင်းကျန်တဲ့ပုဂ္ဂိုလ်များ ကျေနပ်မယ် မဟုတ်။ ဒီတော့ ငါ့သမီး ဘေးရန်အန္တရာယ် အလွန်များတယ်။

အခုနေ ဘေးရန်အန္တရာယ် အရှင်းဆုံး, အကင်းဆုံး ကြည့်လိုက်တော့ သာသနာတွင်းများ ဝင်နိုင်မယ် ဆိုရင်ဖြင့် အကောင်းဆုံးပဲဟဲ့။ ဒါမှ လွတ်တော့မှာပဲ လို့ ဆိုပြီး စိတ်ကူးပေါ်လို့ သမီးခေါ်မေး။ ဒါပေမယ့် ငါ့သမီးတိုင်ပင်ကြည့်ရအုံး။ သမီးရေ အဖေတော့ ဒီလိုဒီလို စိတ်ကူးရတယ်ကွယ်။ အဖေဆီလည်း သဝဏ်လွှာတွေက နေ့မစဲ ညမစဲ ဆိုသလိုပဲ အမြဲတမ်း ရောက်နေတယ်။ အဲဒီထဲလည်းပဲ တကယ်ထိုက်ထိုက်တန်တန်ဆိုတဲ့ ရှင်ဘုရင်တွေလည်းပါရဲ့၊ မင်းညီမင်းသားတွေလည်း ပါရဲ့၊ တကယ့်သူဌေးကြီးရဲ့သားတွေလည်း ပါရဲ့၊ ကုန်သည်တွေ ပွဲစားတွေ ထားပါတော့ကွာ ဒါတွေက သူတို့ ဇာတ်ကြီးကြတိုင်း ပြောနေတာပါကွာ မတန်ပါဘူး။ အဲဒီလို မရှောင်သာ မတိမ်းသာဆိုတဲ့ တကယ့်မျက်နှာကြီးတွေက တောင်းရမ်း ပြောဆိုနေပြန်တော့ ငါ့သမီးရေ တစ်ယောက်အလို ပြည့်ပြန်တော့လည်း ကြွင်းကျန်တဲ့ပုဂ္ဂိုလ်များ ကျေနပ်မှုမရှိ။ သမီးလည်း အချိန်တန် အရွယ်ရောက်လာပြန်တော့ မိဘတို့ ဝတ္တရားအတိုင်းဆိုသလိုပဲ ထိမ်းမြားမင်္ဂလာတော့ ပြုချင်ပါရဲ့။ ဒါပေမယ့် ရန်သူ အင်မတန်များတယ်ကွယ်။ ဘေးရန်အန္တရာယ်များတယ်။

အဖေတော့ ဒီလို စိတ်ကူးမိတယ်။ ငါသမီး ဘေးရန်လည်း မများရအောင်၊ ကောင်းတဲ့ အဖြစ်မျိုးလည်း တိုးမှီ တိုက်မှီအောင် ဆိုသလိုပေါ့ကွယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်သာသနာတော် ဝင်ပြီးတော့ ရှင်ရဟန်းဘဝနဲ့ နေရရင် မကောင်းပေဘူးလား သမီးရယ်လို့၊ ဥပ္ပလဝဏ်ထေရီမ သူဌေးသမီးက "ပစ္ဆိမဘဝ" ဒီဘဝကျွတ်ရမှာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အလောင်းအလျာခေါ်တယ်၊ မီးခဲပြာဖုံး နဂိုထဲက စိတ်ကူးရှိတယ်၊ အချိန်တန် အရွယ်ရောက်လို့ အပျိုပေါက်ကလေးဖြစ်လာပေမဲ့ "ဃရာဝါသ" အလုပ်အထူးသဖြင့် စက်ဆုပ် ၊ ဘယ်နည်းနဲ့မှ လူ့လောက၊ အိမ်ထောင်သားမွေးဆိုတဲ့ အလုပ်တော့ဖြင့် ငါမလုပ်ဘူးဟဲ့၊ သူတော်သူမြတ်ဘဝနဲ့ နေမယ်၊ ငါ့မိဘအသက်ထင်ရှားရှိသမျှ ကာလပတ်လုံးတော့ ငါ့ထိုက်သည်အားလျော်စွာ ဝတ်ကြီးဝတ်ငယ် ပြုစုစောင့်ရှောက်မယ်၊ ငါ့မိဘ မျက်နှာကွယ်ရင်ဖြင့် ငါတကယ်သူတော်သူမြတ်ဘဝနဲ့ နေမယ်၊ "ဃရာဝါသ" အမှုအထူးသဖြင့်

http://www.dhammadownload.com

စိတ်ပျက်တယ်၊ စိတ်ပျက်လို့ သူကလည်း အကြံအစည် ယူနေတဲ့အခါ၊ အဖသူဌေးကလည်း ခေါ်မေးတဲ့အခါ အခန့်သင့်ကျနေ "ကွမ်းသီးကြိုက် တောင်ငူပို့" ဆိုသလိုပေါ့။ သူဌေးက ခေါ်ပြောရင်ပဲ သမီးက ဝန်းပမ်းတသာနဲ့၊ အဖေရယ် အဖေတို့ မျက်နှာထောက်ထားလို့ သမီးကလည်း တစ်ယောက်ထဲ ပေါက်ဖွားလာတော့ အားတော့ အားနာဖြစ်နေယ်။ အခြွေအရံကလည်း နည်းနေသည့်အတွက် ငါ ခုနေ ပြောလိုက်ရရင် ရက်စက်ရာကျမှာဆိုသည့်အတွက်ကြောင့် ပြောချင်တဲ့ စကားတောင် မပြောဘဲနဲ့ မျိုသိပ်လာရပါတယ် အဖေရယ်၊ ငါ့သမီးပြောစမ်း ဘာစကားပြောချင်လဲ၊ ပြောချင်တာ တခြားမဟုတ်ပါဘူး၊ အဖေကြံစည်ထားတဲ့ အကြံအစည်နဲ့ ထပ်တူထပ်မျှ ဖြစ်နေတဲ့ အကြောင်းပါပဲ။

ရှေးရှေးအဖို့ထဲက အဖေတို့ အသက်မသေခင် မျက်နှာမကွယ်ခင် ကျွန်မလုပ်ကျွေးသမှုဝတ်ကြောင်နဲ့ပဲ ပြုမယ်။ အကယ်တန္တု ငါမိဘနှစ်ပါး မျက်နှာလွှဲတဲ့အချိန်ကြရရင် "ဃရာဝါသ"အလုပ် အင်မတန် စက်ဆုတ်ပါသဖြင့် သူတော်သူမြတ်ဘဝနဲ့ ငါပျော်မွေ့တော့မယ်လို့ အမြဲတမ်း စိတ်ကူးပါတယ်။ ဒါပေမယ့် မိဘနှစ်ပါးမျက်နှာမသာမှာစိုးတာနဲ့ ဒီအကြံအစည်လေး မျိုသိပ်ပြီးတော့ ဆိတ်ဆိတ်ငြိမ်ငြိမ် နေခဲ့ရပါတယ်။ အဖေကလည်းဝမ်းသာ နေရာကျပဟဲ့။ ငါ့အကြံနဲ့ ငါ့သမီး အကြံတစ်ထပ်တည်းဖြစ်နေ။ အေး-ဒီလိုဆိုလို့ရှိရင်ဖြင့် ကြာကြာမဆိုင်းဘူးကွယ်၊ အဖေ ဒီက နေပြီးတော့ အခြွေအရံအသင်းပင်းနဲ့တကွ မြတ်စွာဘုရားကိုယ်တော်မြတ် ကျောင်းတော်ပို့။ ဒီတော့ တို့ဘိက္ခုနီမခေတ်ကလည်း ရောက်နေပြီ။ မိန်းမများ ရဟန်းခံချင်လို့ရှိရင် ဘိက္ခုနီမချင်း ရဟန်းပြုပေးကြ။ ဒီတော့ ဘိက္ခုနီမကျောင်းကို ဒီကနေပို့ အခြံအရံနှင့်တကွ ကျက်သရေ မင်္ဂလာရှိရှိ မြိုင်မြိုင်ဆိုင်ဆိုင် ဆိုသလိုပေါ့ သမီးကျောင်းပို့၊ ကျောင်းရောက်တဲ့အခါကျ ဘိက္ခုနီမများက ရဟန်းခံပေး ရဟန်းဘဝရောက်တော့ ဘိက္ခုနီမတို့ရဲ့ကျင့်ဝတ်တရားကို ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်နေရင်း မတ်တတ်က နေပြီးတော့ ဝိနည်းကံအတိုင်း လပြည့်နေ့ လကွယ်နေ့ ဥပုသ်ပဝါရဏာပြုကြ သိမ်ထဲဝင်ဝင်ပြီးတော့ ဥပုသ်ပဝါရဏာ ပြုပြန်တော့ ပုဗ္ဗကိစ္စဆိုသည်အားလျော်စွာ ဥပုသ်ပဝါရဏာပြုမယ့်အချိန်မှာ သိမ်အပြင်မှာ တံမြက်စည်း လှည်းရမယ်, ဖုတ်တို့ ဘာတို့ ခါရမယ်။ သောက်ရေ သုံးဆောင်ရေ တည်ရမယ်၊ ဆီမီးညှိထွန်းရမယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဝတ္တရားတွေက ဒီလိုပဲ ရှိတယ်။

ဒီတော့ ဘိက္ခုနီမတွေကများတော့ အလှည့်နဲ့ ထားကြတယ်။ ဒီဥပုသ်နေ့ကြလို့ရှိရင် ဘယ်သူ့အလှည့်ဟေ့ ဥပုသ်အိမ်သိမ်အပြင်မှာ တံမြက်ပါလှည်း၊ ဖုတ်ပါခါ နေရာထိုင်ခင်းပါခင်း၊ သောက်ရေများသုံးဆောင် ရေတည်ကြ၊ ဆီမီးညှိထွန်းကြ အလှည့်နဲ့အလုပ်လုပ်တော့ ဒီတစ်ခါဥပုသ်ကြတော့ ဥပ္ပလဝဏ်ထေရီမရဲ့ အလှည့်ကြတယ်။ အေး-ဒီနေ့ ငါ့အလှည့် စောစောစီးစီးက သွားပြီးတော့

http://www.dhammadownload.com

သိမ်မှာသွားပြီးတော့ တံမြက်ပါလှည်းလို့ ဖုန်များခါလှည်းလို့ သောက်ရေ သုံးဆောင်ရေများ တည်လို့၊ ဆီမီးများ ညှိထွန်းဖို့ကိစ္စ ငါရှိပါလားလို့ သွားပြီးတော့ သိမ်ထဲ တံမြက်ပါလှည်း ဖုတ်ပါခါလို့ နေရာထိုင်ခင်းခင်း သောက်ရေသုံးဆောင်ရေများ ခပ်ထည့်ပြီးတော့မှ ဆီမီးထွန်း ဆီမီးညှိထွန်းနေရင် မတ်တတ်ကနေ မိမိညှိထွန်းတဲ့ ဆီမီးရောင်တပြောင်ပြောင်ကို အာရုံလေးစွဲလာ။ ထွန်းပြီးနောက် နည်းနည်းခွာခွာပြီးတော့ မိမိထွန်းတဲ့ဆီမီးက မီးတောက်မီးလျှံလေး သေချာကြည့်။

သေသေချာချာ ကြည့်တော့ မီးတောက်ထဲမှာ စိတ်ဝင်စား အာရုံတစ်ပါး မသွားဘူး နော် (မှန်ပါတယ်ဆရာ)၊ မီးရောင်လေးရဲ့ ပြင်ဘက် စိတ်မထွက်ဘူးခေါ်တယ်။ ကသိုဏ်းတရားများ ဒီလိုလာတာ။ ပထဝီကသိုဏ်း စီးဖြန်းတဲ့ပုဂ္ဂိုလ်လည်း ဒီလိုပါပဲ။ ကသိုဏ်းက စကောဝိုင်းပမာဏလောက် မြေလေး ပြောင်နေအောင် လုပ်၊ ရွှံ့နှစ်ကလေး ဘာလေးနဲ့ နယ်ကျံပြီးတော့ စကောဝိုင်းပမာဏ ဝိုင်းဝိုင်းလေး သန့်သန့်ပြန့်ပြန့်လေးညီလို စည် မျက်နှာပြင်သို့ အဲဒီစကောဝိုင်းပမာဏရှိတဲ့ စည် မျက်နှာပြင်လေး ထိုင်ပြီးတော့ ကိုယ်ကြိုက်တဲ့ ဣရိယာပုတ်နဲ့ ထိုင်ပြီးတော့ "ပထဝီမဏ္ဍလံ, ပထဝီမဏ္ဍလံ"နဲ့ မြေဝိုင်းလေ, မြေဝိုင်းလေး, မြေဝိုင်းလေးနဲ့ ကြည့်လို့ စိစိကြည့် ပထမကြည့်စတုန်းကတော့ မြေဝိုင်းလေးတွင် စိတ်ကနေတာ မဟုတ်ဘူး။ ချက်လုံးက မြေဝိုင်းပြင်ဘက် ထွက်မြင်လိုက် မြေဝိုင်းထဲ ပြန်ရောက်လိုက်ဒါ ထုံးစံကိုးကွ နော် (မှန်ပါတယ်ဆရာ)၊

အာရုံတစ်ခု ငြိမ်သက်မှု တည်ကြည်ဖို့ စိတ်ကလေး ဖမ်းဆိုတာ မလွယ်ပါဘူး။ လွယ်တယ်များ မအောက်မေ့နဲ့ မလွယ်ဘူး မလွယ်ဘူး။ အင်မတန် ကစားတာ၊ စိတ်ဆိုတာ အင်မတန် လျင်မြန်တာ။ အဲဒီ မြေဝိုင်းကလေး စိတ်ကလေးတည်ငြိမ်နေပါမယ့်အကြောင်း, မြေဝိုင်းလေး သန့်သန့်လေး မြင်နေပါ့မယ်အကြောင်း, မျက်စိလေးက မြေဝိုင်းအပြင်ဘက် ထွက်မသွားပါမယ့်အကြောင်း မျက်စိလေး ထွက်သွားတာ စိတ်ကြောင့်ထွက်သွားတာ။ မျက်စိက ထွက်ချင်လို့ လုတ်တာ မဟုတ်ဘူး။ အဲဒါ သမာဓိယူလို့ မြေဝိုင်းလေးသန့်သန့်လေး မြင်နေပြီ။ မျက်စိဘေးပတ်ဝန်းကျင် မမြင်တော့ဘူးဆိုလို့ရှိရင် သမာဓိ ရလာပြီတဲ့။ ပထဝီကသိုဏ်း နော် (မှန်ပါတယ်ဆရာ)၊ အဲဒီက စတက်တာပါ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ဒီလို တက်သွားတာ။ သမာဓိကြီးထွားကြီးထွားလာ။

အခုတော့ ဥပ္ပလဝဏ်ထေရီမ ဘိက္ခုနီမက သူထွန်းတဲ့ ဆီမီးတောက်ကလေးက လှုပ်လှုပ် လှုပ်လှုပ်နဲ့ မီးတောက်မီးလျှံလေးများ သေချာပြန်ကြည့်ကြ။ တို့ အနိစ္စအခန်းတုန်းက တစ်ခါပြောခဲ့ပေါ့။ အောက်ကတက်လာတဲ့ မီးမှုံမီးမွှားလေးတွေက လက်ဝါးလေးသစ်လောက် အညွှန့်လေးပေါ်ရောက် ပျောက်သွားနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အမှုံမွှားလေးတွေ စုပေါင်းပြီးတော့ လှုပ်လှုပ်လှုပ်လှုပ်နဲ့ တက်နေတာ၊ သူမြင် ငါမြင်မြင်ရတော့ ဒီမီးတောက်ကြီးက တစ်လုံးတည်း တစ်ခဲတည်း မှတ်နေ

http://www.dhammadownload.com

မဟုတ်ပါဘူး။ အောက်က လှုပ်လှုပ်ရွရွနဲ့ အမှုံအမွှားလေးတွေ ကလပ်မှုံ ကလပ်မွှားလေးတွေ ဆက်စပ်ပြီးတော့ မပြတ်တက်နေတာ။ ဒါပေမယ့် ဒီကလပ်မှုံ ကလပ်မွှားလေးတွေဟာ ဒီတေဇောဆိုတဲ့ ကလပ်ကလေး ဘယ်ကျပျောက်၊ မီးညွန့်ထိပ်ဖျား ကျပျောက်သွား နော် (မှန်ပါတယ် ဆရာ)၊ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက်, ပျက်လိုက် ဒီလိုနေတာ။ အဲဒီ မီးတောက်ကလေး သူကြည့်တော့ မီးတောက်ပေါ် စိတ်ကဝင်စားလို့ စိတ်ကဝင်စားတယ်ဆိုရင်ပဲ မီးတောက် ပြင်ဘက် စိတ်က မထွက်ဘူး။ စိတ်ကလေးက မီးတောက်ထဲမှာချည်း တည်ငြိမ်နေ။ တည်ငြိမ်အားကြီး ရှိတော့ သမာဓိ အရှိန်ကောင်းလာ၊ ပရိကမ္မနိမိတ်ကနေ ဥဂ္ဂဟနိမိတ်တက် တက်တက်သွား၊ သမာဓိအရှိန်က ကောင်း။ အဲဒီ သမာဓိအရှိန်ကောင်းတော့ ဒါတေဇောကသိုဏ်းခေါ်တယ်နော် (မှန်ပါတယ် ဆရာ)၊ ကသိုဏ်းဖြစ်မှန်း မသိဖြစ်နေတယ်တဲ့။ သမာဓိကလည်း အင်မတန် ကြီးထွားလာ။

အဲဒါ စောစောက ပါလာတဲ့ ဆုထူးအတွက် စောစောက လုပ်ခဲ့တဲ့ “ဝိဝဋ္ဋပါဒ” ကုသိုလ်ရဲ့ အကျိုးဆက်နော် (မှန်ပါတယ်ဆရာ)၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်တက်ပုံလေး သေချာကြည့်စမ်း။ အားရှိ စရာကောင်းလိုက်တာ မြန်လိုက်တာလို့။ အဲဒီ မီးတောက်ကြည့်နေ တေဇောကသိုဏ်းဝင်စားရင်း သမာဓိကြီးထွားလာတော့ ဝသီဘော်ငါးချက်နဲ့ ပြည့်စုံတယ်။ ဝသီဘော်ငါးချက်နဲ့ ပြည့်စုံတော့ ဉာဏ်ကလည်း ကြီးထွားလာ။ တစ်ခါ ရူပါဝစရစျာန် အရူပါဝစရစျာန်ဆိုတဲ့ ရလာတဲ့ စျာန်ကို ပါဒက အခြေခံပြုပြီးတော့ ဝိပဿနာဘက် ပြောင်းလိုက်တယ်။ ဝိပဿနာဘက် ပြောင်းဆိုတာ ရှေ့ဦး သူကြည့်နေတဲ့ မီးတောက်ကလေးတွေ အမှုံအမွှား ရုပ်မှုံရုပ်မွှား ကလပ်မှုံ ကလပ်မွှားလေးတွေ အောက် ကတက်၊ မီးညွန့်ဖျားလေးတွေ အထက်ရောက်ပျောက်။ ဩော်-သူတို့ချင်းဆက်စပ်ပြီးတော့ သန္တတိ အစဉ်အားဖြင့် ငါ့မျက်စိထဲ တစ်ဆက်တည်း မြင်နေတာကို၊ အမှန်ကတော့ ဘယ်ဟုတ် အမှုံအမွှား ဆိုတဲ့ ရုပ်ကလပ်ကလေးတွေ ဖြုတ်ကနဲဖြစ် ဖြုတ်ကနဲပျက်၊ ဖြုတ်ကနဲဖြစ် ဖြုတ်ကနဲပျက်၊ လက်စသတ်တော့ ရပ်တည်လို့မရတဲ့ အနိစ္စအချက်တွေပါလားလို့ ပျက်ပျက်ထင်ထင်မြင်ရော့နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်ပေါ်ပြန်တင်တယ်။ ငါ့အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေသော ရုပ်နာမ်ဆိုတဲ့ ခန္ဓာငါးပါးတရားလည်း ဒီအတိုင်းပဲလို့ အနိစ္စအချက်တွေပဲလို့၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ မျက်တောင်တစ်ခတ်အတွင်းမှာ သိန်းသန်းကုဋေ မရေမတွက်နိုင် အောင် အချက်ပေါင်းများစွာ ဖြစ်ပြီးတော့ အချက်ပေါင်းများစွာ ပျက်နေတာပဲလို့၊ မိမိရုပ်ပေါ် ခန္ဓာပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာယာဉ် လက္ခဏာရေးသုံးပါးနဲ့ သုံးသပ်လိုက်တယ် ဆိုရင်ပဲ အဲဒါမှတ်ထား။

http://www.dhammadownload.com

တေဇောကသိုဏ်းဆိုတဲ့ သမထသာနေလို့ ဝိပဿနာနယ်ဘက် မကူးရင် ဘယ်နဲ့နည်းမှ မင်္ဂဉာဏ် ဖိုလ်ဉာဏ် မရဘူးဆိုတာ မှတ်ထား။ (မှန်ပါတယ်ဆရာ) သူရရင် အဘိညာဉ်တွေ ရသွားမယ်၊ သမာပတ်တွေ ရသွားမယ်၊ ဒါပဲရှိ၊ ကသိုဏ်းပေါက်သွားမယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ အခု တော့ သူရလာတဲ့ သမာဓိကြီးထွားမှု ဝသီဘော်ငါးချက်နဲ့ ပြည့်စုံသော ရူပါဝစရစျာန် အရူပါဝစရစျာန် အခြေခံထားပြီးတော့ ဝိပဿနာဘက်ပြောင်းလိုက်တယ် လိုင်းပြောင်းလိုက်တယ်၊ ရုပ်နာမ်တို့ရဲ့အပျက် ခန္ဓာတို့ရဲ့အပျက်ဆိုတဲ့ သဘာဝနဲ့ ဥပမာ ဥပမေယျ တင်ပြီးတော့ မီးလေးတွေ ပျက်တဲ့ ပျက်ကလေးတွေ မြင်ပြီးတော့ မိမိခန္ဓာပေါ် ပြန်တင်သည်နဲ့ တစ်ပြိုင်နက် အနိစ္စလည်း မြင်မှာပဲ၊ ဒုက္ခလည်း မြင်မှာပဲ၊ အနတ္တလည်းမြင်မှာပဲ။ လက္ခဏာရေးသုံးပါး ဘွားကနဲ ပေါ်လိုက်၊ ပထမမင်္ဂ သောတာပတ္တိမင်္ဂ၊ ဒုတိယမင်္ဂ သကဒါဂါမိမင်္ဂ တတိယမင်္ဂ အနာဂါမိမင်္ဂ၊ အရဟတ္တမင်္ဂ လေးမင်္ဂလေးဖိုလ် နော် (မှန်ပါတယ် ဆရာ)၊ လေးမင်္ဂ လေးဖိုလ်ရလို့ အာသဝေါတရား ကုန်ခမ်းပြီးတော့ ရဟန္တာမကြီး အစစ်ဖြစ်ပါတယ်လို့ ဝိပဿနာကူးသွားပုံလေး မမြန်ဘူးလား (မြန်ပါတယ်ဆရာ)၊ မင်္ဂတက်စဉ်လေး မမြန်ဘူးလား (မြန်ပါ တယ်ဆရာ)၊ မသက်သာဘူးလား (သက်သာပါတယ်ဆရာ)၊ အေး-အဲဒီလို သက်တောင့်သက်သာနဲ့ လေးမင်္ဂ လေးဖိုလ်တက်သွားတယ်ဆိုတဲ့ သဘာဝပြန်ပြီးတော့ ဆင်ခြင်စဉ်းစားတော့ ဘယ်ကအခြေခံ ရခဲ့သလဲလို့။

လယ်သူမလေးဘဝမှာ ဝိဇ္ဇာဉာဏ်ဦးစီးပြီးတော့ ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်များ ဆွမ်းလှူခြင်း ကြာပန်းလှူခြင်းဆိုတဲ့ ဝိဝဋ္ဋပါဒကုသိုလ်ပြုပြီးတဲ့အချိန်၊ ဝိဇ္ဇာဉာဏ် စေ့ဆော်တိုက်တွန်းတဲ့အတွက် ဝဋ္ဋသုံးပါးလည်စေတတ်တဲ့ တောင့်တမှု ကြောင့်ကြမှုတွေ မပါစေဘဲနဲ့ အရှင်ဘုရားများသိအပ်သော သစ္စာလေးပါးတရားကို ဘုရားတပည့်တော်မ အရှင်ဘုရားများ သိသလိုပဲ သိမြင်ရတဲ့ ကိုယ့်ဖြစ်ရပါ လို၏လို့ ဆုတောင်းပတ္ထနာမူခဲ့တဲ့ ကုသိုလ်ရဲ့ အဆက်တဲ့နော် (မှန်ပါတယ်ဆရာ)၊ သက်သာဖူးလား (သက်သာပါတယ်ဆရာ)၊ အေး-အဲဒီက စပြီးတော့ ရဟန္တာဖြစ်ရတယ်လို့။

ဒါကြောင့် ပြုတဲ့ကုသိုလ်မှာ ဒီဒါန သီလ သမထပါပဲ။ ရည်ရွယ်ချက်ချင်း ကွာခြားနေလို့ ဝဋ္ဋသုံးပါးတောင့်တပြီးလုပ်နေ။ ဝဋ္ဋထဲကို လည်ရမယ်အမြဲ ဘဝစက်ကြီး အမြဲတစေ လည်နေရမယ်။ ဝဋ္ဋသုံးပါးမတောင်းတဘဲနဲ့ မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ လိုချင်တယ်ဆိုရင် ရတယ်။ ရဖူးလား ကွာ (ရပါတယ်ဆရာ)၊ ရတယ် ရတယ်၊ ငါတို့ သူငါ အခုလုပ်နေကြတဲ့ ကာမာဝစရကုသိုလ် မဟာ ကုသိုလ် ဆိုတဲ့စိတ်ဟာ မှတ်လည်းထားနော်။ 'မဟာ' တတ်ထားတာကြည့် မဟာကုသိုလ်တဲ့၊ သူ့အထက်မှာ ရူပါဝစရကုသိုလ်တဲ့ သူ့အထက်မှာ အရူပါဝစရကုသိုလ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အခု ငါတို့ သူငါတွေ လုပ်နေကြတဲ့ ဒါနလုပ် သီလလုပ် လုပ်ဆိုတဲ့ ကုသိုလ်က "မဟာကုသိုလ်"

http://www.dhammadownload.com

ခေါ်တယ်။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မဟာကုသိုလ်ဆိုတာ များသော မြတ်သော အဓိပ္ပါယ်ထွက်တယ်။ မဟာသဒ္ဒါက များတယ် မြတ်တယ်တဲ့။ အဲဒီ မဟာကုသိုလ်နဲ့ပဲ သွားနေကြ။ သံသရာကြီးထဲ လည်တော့ လူကောင်း နတ်ကောင်းဖြစ်လည်း ဒီကုသိုလ်ပဲ၊ သံသရာကြီးက ကျွတ်လွတ် သွားလည်း ဒီကုသိုလ်ပဲဆိုတာ မှတ်ထား။ အဲဒါ အလုပ်မတတ်လို့ တဖြုတ်ဖြုတ်နဲ့ လည်နေကြ။ အလုပ်တတ်တော့လည်းပဲ အဟုတ်မြတ်ပါဆိုတဲ့ သဘောလေးတွက်ထား ဒီကုသိုလ်စိတ်ပါပဲ။

ဒါကြောင့် ဒီကုသိုလ်စိတ်က ကိုယ်လိုချင်ရာ အကျိုးပေးနိုင်ပါတယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီကုသိုလ်စိတ်က ကိုယ်လိုချင်တာကို ဖြစ်စေတတ်ပါတယ်တဲ့။ လိုချင်တာ တောင်းကြပါတဲ့ ဆုတောင်းခေါ်တယ်။ ပတ္ထနာသီသ-ဆုတောင်းနော် (မှန်ပါတယ်ဆရာ)၊ လူ့ဘဝ လိုချင်တယ်ဆို မရလားကွယ် (ရပါတယ်ဆရာ)၊ နတ်ဘဝလိုချင်ရော (ရပါတယ်ဆရာ)၊ ဗြဟ္မာ့ဘဝ လိုချင်ရော (ရပါတယ်ဆရာ)၊ ဖြစ်တာချည်းပဲ အကုန်လုံး၊ ဘုံသုံးပါး ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပြီ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ မလိုချင်ဘူး။ သောတာပန်ဖြစ်ချင်ပြီ ရဖူးလား (ရပါတယ်ဆရာ)၊ သကဒါဂါမ် (ရပါတယ်ဆရာ)၊ အနာဂါမ် (ရပါတယ်ဆရာ)၊ ရဟန္တာ (ရပါတယ် ဆရာ)၊ ပစ္စေကဗုဒ္ဓါ ဘုရားငယ် (ရပါတယ်ဆရာ)၊ သဗ္ဗညုတဉာဏ်တော်ရတဲ့ဘုရားကြီး (ရပါတယ် ဆရာ)၊ ဟော ကုန်ပြီ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ဒါကြောင့် 'မဟာ'တတ်ထားတာ လိုချင်တာ တောင်းပါတဲ့ ရပါတယ်နော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် မနေ့ညက ပြသွားတဲ့အတိုင်း ဝိဝဋ္ဋကုသိုလ်ဆိုတဲ့နေရာမှာ အဋ္ဌကထာဆရာပြသွား တာ။ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု"၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤကာမာဝစရ မဟာကုသိုလ်စိတ်နဲ့ပြုသော ဤဒါနကုသိုလ်သည်။ ဒီမဟာကုသိုလ်စိတ်ပါပဲ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီကုသိုလ်ပါပဲ တခြားသွားပြီးတော့ ရှာနေရတာ မဟုတ်ပါဘူး။ အသစ်ဖန်တီးရတာ မဟုတ်ပါဘူး။ မိမိတို့ ပြုနေကြ ကုသိုလ်စိတ်ပါပဲလို့ ဒီမဟာကုသိုလ်စိတ်ပဲနော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် "ဣဒံ ဒါနံ၊ ဤဒါနကုသိုလ်သည်။ ဤမဟာကုသိုလ်စိတ်နဲ့လုပ်သော ဤဒါနကုသိုလ် သည်။ မေ၊ ငါ၏။ အာသဝက္ခယံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြည့် နိဗ္ဗာန် တိုက်ရိုက်တောင်းလိုက်တယ်။ ဒါကြောင့် "ဧဝံ ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ။ ဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို။ ပတ္ထေန္တေန၊ တောင့်တလျက်။ ဝိဝဋ္ဋဝသေန။

http://www.dhammadownload.com

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏ အစွမ်းအားဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဥပိတံ ဖြစ်စေအပ်သော။ ဣဒံ ဒါနံ၊ ဤကုသိုလ်ကောင်းမှုသည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရင်း။ မရဘူးလား (ရပါတယ် ဆရာ)၊ လေးမဂ် လေးဖိုလ်ထိပ်ဖျားက သောတာပန် သကဒါဂါမ် အနာဂါမ် ဆိုတာ ပြောစရာ မလိုတော့ဘူး။ ပစ္စေကဗောဓိဉာဏ်မှို၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း။ ရဖူးလား (ရပါတယ်ဆရာ)၊ သဗ္ဗညုတဉာဏ်မှို၊ သဗ္ဗညုတဉာဏ်တော်ကိုရင်း။ ရဖူးလား (ရပါတယ်ဆရာ)၊ ဒါတို့ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်တော့သည်သာလျှင်တည်းတဲ့။ ဝဋ္ဋထဲလည်တော့လည်း ဒီကုသိုလ်စိတ်ပဲတဲ့။ ဒီကုသိုလ်စိတ်နဲ့ လုပ်တာပဲတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လေးမဂ် လေးဖိုလ်ရလို့ အာသဝေါတရားကုန်ခမ်းလို့ သံသရာက ကျွတ်သွားတဲ့ ရဟန္တာကြီး ဖြစ်တာပဲ။ ဒီကုသိုလ်စိတ်ပါပဲတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ပစ္စေကဗုဒ္ဓါ-ဘုရားငယ် ဖြစ်တာ ဒီကုသိုလ်စိတ်ပါပဲတဲ့။ သဗ္ဗညုတရွှေဉာဏ်တော်ရလို့ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်သွားတာ ဒီကုသိုလ်စိတ်ပါပဲတဲ့။

ဒါထက် ဖြစ်စရာလိုသေးလားဟ (မလိုတော့ပါဘူးဆရာ)၊ လိုချင်ရာရ ဘုံသုံးပါးထဲ လည်တော့ လည်းပဲ လူကောင်း နတ်ကောင်း ပြဟ္မာကောင်းဖြစ်တော့လည်း ဒီကုသိုလ်စိတ်ပါပဲတဲ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ တွက်ထား။ ဒါကြောင့် လိုင်းပြောင်းပေးကြလို့ လိုင်းပြောင်း ပေးကြ ကုသိုလ်စိတ်တွေ ပြင်လုပ်နေရတယ် ပြောတာ မဟုတ်ဘူး။ ဝတ္ထုတွေ ပြင်နေရတာ ပြောတယ် မဟုတ်ဘူး။ ဝတ္ထုလည်း ကိုယ်လုပ်နေကြပဲ ဆွမ်းဆိုဆွမ်းပေါ့၊ ပန်းဆိုပန်းပေါ့၊ ကျောင်းဆိုကျောင်းပေါ့၊ ဆွမ်းဆိုဆွမ်းပေါ့၊ ဆေးဆိုဆေးပေါ့၊ သင်္ကန်းဆို သင်္ကန်းပေါ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းအခြေခံအားဖြင့် ဒီမှတစ်ပါး ပူဇော်ဖွယ်လှူဖွယ်ဝတ္ထု အမျိုးမျိုး ဝတ္ထုတွေက ပြောင်းစရာ မလိုဘူး။ ပြုနေတဲ့ကုသိုလ်စိတ်က ပြောင်းရအုံးမလား (မပြောင်းရ ပါဘူးဆရာ)၊ ဒီကုသိုလ်စိတ်ပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဘာပြောင်းရမှာတုံး (လိုင်း လေးတွေ ပြောင်းပေးရမှာပါဆရာ)၊ အောင်မယ် ဟုတ်ပြီ ချလိုက်တာပဲ ဘာလိုင်းလေးတွေ (ဝိဝဋ္ဋ ကုသိုလ်စိတ်ကလေးတွေပါဆရာ)၊ ဩော်-ဝိဝဋ္ဋကုသိုလ်လား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တောင့်တပြီး လုပ်ပါလား ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ပြီ နားတော့ လည်ရဲ့လား (လည်ပါတယ်ဆရာ)။

အေးအေး-ဒါကြောင့် အရှုံးမရှိအောင်ပေါ့ကွာ အမြတ်ကလေးတွေ ထွက်ထွက်လာအောင်ပေါ့။ ငါတော့ တော်တော်ကြီးပဲ သည်းခံပြီးတော့ ပြောပါတယ်၊ သင်ကြားပေးပါတယ်။ ဘာပြုလို့ သင်ကြားပေးလဲဆိုတော့ သံသရာမျက်စိလည်လာတာကြာခဲ့ပြီလို့ မျက်စိလည် မပျောက်ဘူး နော် (မှန်ပါတယ်ဆရာ)။ ကြောက်စရာကောင်းတယ်နော်၊ သံသရာမျက်စိလည် မပျောက်ရင် ကြောက်စရာ

http://www.dhammadownload.com

ကောင်းတယ် ကြောက်လည်း ကြောက်ကြပါ။ ဒါကြောင့် သည်းခံပြီးတော့ ရှင်းသထက် ရှင်းအောင် လင်းသထက် လင်းအောင်ဆိုပြီးတော့ ဆက်ကာဆက်ကာ ဒီအခန်းမှာ အထူးသဖြင့် ပြနေတာကတော့ ပဋိစ္စသမုပ္ပါဒ် ခက်ခဲကြောင်း နက်နဲကြောင်းလည်း သိပါစေ။ တို့လူစုလည်း အနေတတ် အသေမြတ် ကြပါစေဆိုတဲ့ အနေအားဖြင့် တော်တော်ကြီး သည်းခံပြီးတော့ ပြနေတာလို့ သာမန်ပုဂ္ဂိုလ်ပြခဲတယ်။ သာမန်ပုဂ္ဂိုလ်ဆိုတာ မပြတတ်တာ ပြောတာ မဟုတ်ပါဘူး။ သာမန်အားဖြင့် ပြခဲတယ်။ ဘာပြုလို့ လူအများ အငြိုအငြင်ခံရမှာစိုးတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီစကားပြောရင် အငြိုအငြင်ခံရတယ်၊ အဆဲခံရတယ်၊ အမာန်အမဲခံရ၊ အကြိမ်းအမောင်းခံရ, မဟုတ်မတရားအားဖြင့် အစွပ်အစွဲခံရ တတ်တယ်။ ဘာပြုလို့ ဒီနေရာက အင်မတန် မျက်စိလည်တဲ့ နေရာဆိုတော့ မျက်စိလည် မပျောက် မပျောက်သလိုပဲ ခံရတာ။

ဒါကြောင့် ဒီနေရာတော့ သူများ အငြိုအငြင်ခံပြီးတော့ တို့ လူစုတွေ သံသရာ မျက်စိလည် ပျောက်ပါစေဆိုတဲ့ စေတနာထားပြီးတော့ တော်တော်လေး ရှည်ရှည်လျားလျားနဲ့ ထုံးဝတ္ထုသက်သေ သာဓကလေးတွေ လက်တွေ့အားဖြင့် တင်ပြလို့ သဘာဝယုတ္တိ အာဂမယုတ္တိ အတ္တနောမတိနဲ့ ပြောချင် လည်း မဟုတ်ပါဘူး၊ အာဂုံပါဠိတွေ့လည်း ပြခဲ့ပေါ့။ အဋ္ဌကထာက ဒီလို တိုက်ရိုက်ဆိုသွားတယ်။ ပါဠိတော်က ဒီလို တိုက်ရိုက်ဆိုတယ် ပြခဲ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲသလောက် သည်းခံပြီး ပြနေလို့မှ သဘောလေးတွေ မရှင်းကြသေးလို့ရှိရင်လည်းပဲ ကိုယ့်ကံနဲ့ ကိုယ်အကြောင်းပဲ အောက်မေ့ ကြတော့။ တချို့ကလည်း သိပ်ပြီးတော့ ကြိုက်ချင်မှကြိုက်တာ၊ မကြိုက်တော့လည်း ငိုက်ချင်လဲငိုက် နေမှာပဲ။ နားငြီးပါတယ်ဟာ တစ်ညလာလဲ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ တစ်ညလာလည်း "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဒါချည်း ထပ်ပြန်တလဲလဲ ကြာတော့ နားငြီးလာ။ ငါက ကြားတယ် ကြားတယ် ကိုယ့်အကျိုး သူ့အကျိုးမတွက်တတ်တဲ့ ပုဂ္ဂိုလ်စားတွေ ရှိသေးတယ်။ အခုည "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ပြလိုက်တယ်။ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရသုံးမျိုးတို့သည် ဖြစ်ကုန်၏ ဆို၊ နောက်ည မလာ၊ ဟော့ - သင်တန်းသွား၊ အခုညလည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ငါသိပါတယ်ကွာ မလိုက်သေးပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ကြားတယ် ကြားတယ် ပြောလိုက်ကြပါကွာ ကိုယ့်အကျိုး သူ့အကျိုးလည်း ဝေဖန်ပါလို့။

ဒါပေမယ်လို့ ပြသမှဲ့ လမ်းစဉ်ကို ကိုယ်ကတတ်ကျွမ်းပြီးသားဆိုရင်လည်း လာစရာ မလိုပါ ဘူးလို့၊ တကယ်ပြတ်သား နားလည်ပြီးသားဆိုလို့ရှိရင် တကယ်မပြတ်သားသေးဘူး နားမလည်သေး ဘူး သူလို ငါလိုပဲ ဆိုလို့ရှိရင် သည်းခံပြီး လာပါလို့။ ပြရတဲ့ပုဂ္ဂိုလ် အားနာသောအားဖြင့် နော် (မှန်ပါတယ်ဆရာ)၊ ပါးစပ်က အမြှုပ်ထွက်အောင် ပြပါတယ်လို့၊ မသက်သာပါဘူးလို့၊ တစ်ဘက်သား

http://www.dhammadownload.com

အကျိုး သည်ပိုးတဲ့အနေအားဖြင့် ကြိုးစားပမ်းစားပြနေတာ လာနားထောင်ရုံလေးမှ မထောင်နိုင်ဘူး တွက်သာချလိုက်တယ်။ ကနေ့ညလည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပါကွာ။ နက်ဖြန်လာအုံးမှာပါ မလာဘူး။ အဲဒါ လေးငါးရက်လောက်ရှိမှ တစ်ပတ်လိုက်တယ်။ လာပြန်တော့ ကြားပြန်၊ အဲ အခု ညလည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ရှေ့ကို မတိုးသေးဘူး။ နောက်ညကြတော့ ခေါ်မရပြန်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

အဲဒါ ငါသတင်းပို့တဲ့လူလည်းပို့ အဲသလိုပဲတဲ့၊ လူများက နေစမ်းပါအုံး။ ဒီလို နေတာ ဟုတ်ပါရဲ့။ နေသင့်တဲ့ပုဂ္ဂိုလ်လည်း ရှိပါရဲ့၊ နေသင့်တဲ့ပုဂ္ဂိုလ်က တို့များချသွားတဲ့လမ်းစဉ်ကို မြင်ပြီး သားဟော့ တတ်ပြီးသား နားလည်ပြီးသား။ သံသရာစက်ကြီး ဒီနည်းနဲ့ လည်နေတယ်ဆိုတာ သိပြီး သားလို့ ဒီလိုသိပြီးလားဆို၊ ဘယ်သိလိမ့်မတုံးတဲ့၊ ထပ်ပြန်တလဲလဲကြားတော့ နားပူတာပေါ့။ အဓိပ္ပါယ်က ဒါပါပဲ၊ ခက်တာပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ ငါတောင် အတော်စိတ်ပျက်တယ်။ ပြောနေရင်း မတ်တတ်။ ငါတော့ အပင်ပန်းခံလို့ ကြိုးစားပမ်းစားနဲ့ တကယ့်သံသရာ မျက်စိလည်ပျောက်ပါစေလို့၊ ဒီအခန်းလေးက အင်မတန်အရေးကြီးတဲ့ အခန်းပါလို့ အပင်ပန်းခံပြောနေ။ ငါဂုဏ်ဖော်တာ မဟုတ် ပါဘူး။ ဝါဆိုလဆုတ် လေးရက်နေ့လောက်က စပြီးတော့ အနာတွေပေါက်၊ ဇက်ကြောပေါ် အနာ သုံးလုံး, အနာဆိုးဘွေ၊ နဖူးမှာတစ်လုံး, ဟိုဘက်ပါး ဒီဘက်ပါးမှာ တစ်လုံး, မျက်ခုံးပေါ်တစ်လုံး, လက်မောင်းမှာ တစ်လုံး, လည်ပင်းမှာနှစ်လုံး အနာဆိုးတွေ တက်လို့၊ အဲဒါ အနာရှိန်နဲ့ ဖျားဖျား ဖျားဖျားနေတာ ကြာပါပြီ။

ဝါဆိုလဆုတ် လေးရက်လောက်က စဖျားတာ အနာရှိန်တတ်လို့ဖျားတာ။ တချို့ကလည်း သင်တန်း ပိတ်ထားပါတဲ့။ ပိတ်ဖူးကွ လို့ ငါလည်းပဲ သင်တန်းပြနေရရင် နေကောင်းတယ် ထင်တယ်လို့ တကယ်လည်း နေကောင်းပါတယ်။ အနာရှိန်နဲ့ ဖျားနေပေမယ့် သင်တန်းစပြသည်နှင့် တစ်ပြိုင်နက် ချွေးနဲ့ သံနဲ့ အနာပေါ်က အာရုံက မရောက်ဘူး။ တရားပေါ် အာရုံကရောက်တော့ အနာတွေ အကုန် ပျောက်နော် (မှန်ပါတယ်ဆရာ)၊ သင်တန်းပြီးလို့ တရားပလ္လင်ပေါ်က ဆင်းကာမှ စုပ်ထိုး ဆင်းရပါတယ်၊ ပြနေတုန်းဖြင့် ဘယ်အနာမှ သတိမရဘူး၊ အဲသလောက် အပျက်မခံချင်လွန်းလို့ ကိုယ့်မှာ မကျန်းမာတာကို အဓိကမထားဘူး။ မပျက်စေရဘူးဟဲ့။ ငါတစ်ယောက်နဲ့ ပရိသတ်အများ အားနာစရာ အင်မတန်ကောင်းတယ်။ အနောက်ခြောက်ကန်ကလာကြ အားလည်းနာပါရဲ့။ ဟို မြင်သာ ဘုံမှက လာကြ၊ ဝက်စက လာကြတာ အများကြီးပဲလို့။ ဒါထက် ဝေးစရာလည်း မရှိပါဘူး။ သို့ကလောက်တောင်ပဲ အားခဲပြီးတော့ တစ်နေ့အလုပ်လည်း မဟုတ်ပါဘူး၊ သုတ်,သုတ်နဲ့ ခမျာများ လေးနာရီလောက်က ထမင်းပြီးအောင် စားကြရတယ်။ ကျက်အောင် ချက်ကြရတယ်၊ ဒီသင်တန်း

http://www.dhammadownload.com

အတွက်ဆိုပြီးတော့ မသက်သာပါဘူး။ ဒီလမ်းနဲ့ ဒီခရီး နေ့စဉ်မပြတ် မှန်မှန်သွားဖို့ တရားအတွက်နဲ့ စီးပွားရေးအတွက်နဲ့ဆိုရင် သွားမှာပေ့ါ။ တရားအတွက်နဲ့ဆိုရင် သွားဖို့ ခဲယဉ်းတယ်။ အဲသလောက် တောင် ကြိုးစားပမ်းစားလာကြတဲ့ တော်တော်ကြီးခရီးဝေးတဲ့ ပရိသတ်များမျက်နှာလည်း ကွက်ခနဲ ကွက်ခနဲ မြင်လိုက်လို့။

ဒါကြောင့် မပိတ်ဖူးကွာ၊ မပိတ်ချင်ဖူး ပြနေသက်သာတယ်။ မပြရင် ပိုပြီးတော့ ခံရတဲ့ အနာ ဒဏ်က ပိုပြီးတော့ ဆိုးတယ်၊ အခုလည်း မပျောက်သေးပါဖူး ဒီလိုပါပဲ၊ အနာတွေ တစ်လုံးပျောက်သွား တစ်လုံး ပေါက်လာလိုက် ဒီလို ပေါက်နေ။ အဲသလောက်တောင် သည်းခံပြီးတော့ သံသရာကြီး မျက်စိလည်မှ ပျောက်ကြပါစေဆိုတဲ့ စေတနာအားဖြင့် သည်းခံပြ။ အဲဒီကြားထဲ တွက်သားချ။ အခုည လည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" နေအုံးမှာကွာ လိုက်သေးပါဘူး။ ငါတော်တော်ကို သဘောကျတယ် နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်အကျိုးသူ့အကျိုး မတွက်တတ်ဘဲကိုးကွ။ သနားလည်း သနားစရာ သွားအုံးမှပဲ ဒီထဲပါလား မပါလား။ အခုညလည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုလာဟန် မတူပါဘူး။ သံသရာမျက်စိလည်တာများ ပြန်လည်တွေးတွေးပြီးတော့ တရေးရေးနဲ့လည်းပဲ တွေးတွေးကြောက်ကြ စမ်းပါလို့ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ဘယ်တော့မှ ပျောက်မလဲလို့ ဒီလိုမှ မယူရင် ဒီလိုမှ မသိရင်, ဒီလိုမှ မတတ်ရင် ဘယ်တော့မှ မပျောက်ဘူး။ ပျောက်ပါအုံးမလားဟ (မပျောက်ပါဘူးဆရာ)၊ ကြောက်စရာကောင်းတယ်နော် ရီးတီးယားတားမလုပ်နဲ့။

သူငယ်ချင်းနှစ်ယောက်စိတ်ထားချင်းမတူပုံ

ကဿပမြတ်စွာဘုရားကိုယ်တော်မြတ် လက်ထက်တော်က သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ကဿပမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဒီလိုပဲ ညနေစောင်းကစ တရားပွဲကျင်းပ ညဉ့်ဦးယံဆို ပရိသတ်လေးပါးအတွက် တရားပွဲ ရှိတော့ သူသူငါငါ သွားကြလာကြတော့ သူငယ်ချင်းတစ်ယောက်က လယ်ထွန်စရာကိစ္စရှိ၊ သူငယ်ချင်းတစ်ယောက် သွားခေါ်တယ်။ ကဿပမြတ်စွာဘုရားကိုယ်တော် မြတ်ကြီး တရားဟောမလို့တဲ့။ ကနေ့တရားပွဲဖြစ်သတဲ့ သူငယ်ချင်းရယ် တရားသွားနာရအောင်လို့ ခေါ်တော့ ဟိုသူငယ်ချင်းက သူ့လယ်ကိစ္စ အရေးကြီးတယ်၊ တရားဒီလောက် အရေးမကြီးဘူး။ ဟိုက ဘာပြန်ပြောလို့လဲဆိုတော့ မင်းတရားသွားနေလို့ ငါလယ်ထွန်ပျက်တာပဲတဲ့။ မင်းတရားက ငါ့လယ် ထွန်ပေးမှာ မဟုတ်ဘူးတဲ့။ ငါ့လယ်ထွန်ရအုံးမယ် မလိုက်နိုင်ဘူးလို့ ပြောလိုက်တယ်။ သူငယ်ချင်းရာ ငါမအားလို့ မလိုက်သေးဘူးကွာဆို တော်သားပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ လျှာရှည်တာ လျှာ ရှည်တာ ကြောက်စရာ သိပ်ကောင်းတာပဲလို့ မင်းတရားက ငါ့လယ်လာထွန်ပေးမှာ မဟုတ်ဘူးတဲ့ ငါမလိုက်နိုင်ဘူးတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

"ဝစီဘေဒ ထိတိုင်းရှ" ကြောက်စရာကောင်း၊ အခုလည်း ဒီလိုပဲ ဒီသင်တန်းကို လိုက်ဖို့လို့ သွားခေါ်ရင် မအားလပ်လို့ပါကွာ၊ လိုက်တော့လိုက်ချင်ပါရဲ့ ပြေရာပြေကြောင်းပြော မကောင်းဘူး လားကွာ (ကောင်းပါတယ်ဆရာ)၊ ရှာမှစားရတာတဲ့ တရားက လာရှာကျွေးမှာ မဟုတ်ဘူး။ သင်တန်းက လာလုပ်ကျွေးမှာ မဟုတ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မပြောကြနဲ့၊ မပြောကြနဲ့ ပြောမိမှာစိုးလို့ ပြောတာ။ "ဝစီဘေဒ ထိတိုင်းရှ" အင်မတန် ကြောက်စရာကောင်း။ ဒီတော့ ဒီသူငယ်ချင်း သေသွားတော့ တရားပွဲလည်း မလိုက်ဘူး။ သူငယ်ချင်းသေသွားတော့ ဘာဖြစ်လဲဆိုတော့ လူသူမနီးတဲ့ တောကြီး မြက်မည်းထဲ သွားပြီးတော့ ပြိတ္တာကြီးသွားဖြစ်တယ်။ ပြိတ္တာကြီးသွားဖြစ်တော့ လယ်ထွန် နေရတယ်။ လယ်ထွန်နေလိုက်တာ သူလယ်ထွန်တာ ဘယ်လောက်ကြာတယ်မှတ်တုံး၊ ကဿပ မြတ်စွာရာကိုယ်တော်မြတ်လက်ထက်က လယ်ထွန်နေတာ တို့ဘုရားကိုယ်တော်မြတ် ပွင့်တော်မူတာ တောင် မပြီးသေးဘူး။ လယ်ချည်းထွန်နေရတာနော် (မှန်ပါတယ်ဆရာ)၊ ထွန်နေလိုက်တာလို့ ဘုရားဘယ်နှစ်ဆူရှိသွား။ အဲဒီလို လယ်ထွန်နေတော့ တို့ဘုရားလက်ထက်တော်ကြတော့ သူမပြီး သေးဘူး။ တို့ဘုရားလက်ထက်တော်ကြတော့ ရဟန်းသုံးကျိပ်ကျော်က မဟာဗောဓိဖူးရအောင် အသွားကို တောလမ်းခရီးက သွားကြတော့ မျက်စိလည်ရော့။ မျက်စိလည်တော့ လမ်းစလည်း ရှာမရ၊ ဟိုချောက်ထဲ ရောက်၊ ဒီတောထဲ ရောက်နဲ့ ဟိုတိုးဒီခွေ့ (ဝှေ့)နဲ့ လမ်းက မမှတ်မိဘူး။ အမှားမှား အရမ်းရမ်းတွေဖြစ်နေတော့ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲ ရောက်ရောက် ရောက်ရောက် သွားတော့ အဲဒီပြိတ္တာကြီး လည်ထွန်တဲ့နေရာနဲ့ မနီးမဝေး ရောက်သွားတော့ ဟဲ့ဟဲ့နဲ့ နွားမောင်းသံ ကြားတယ်။ ဒီတော့ အကြီးဆုံးကိုယ်တော်မြတ်က ပြောတယ် - ဟေ့ လူသံတော့ ကြားတယ်၊ လယ်ထွန် သမားနဲ့ တူထယ်ဟ ဟဲ့ဟဲ့နဲ့ နွားမောင်းသံကြားတယ်။

တို့တော့ လမ်းမှန်တော့ ရောက်တော့မှာပဲ မျက်စိလည်လာတာ ကြာရင်ဖြင့်ခက်ရချည်ရဲ့ အောက်မေ့၊ အဲဒီလယ်ထွန်တဲ့ ဒကာအနား ကပ်ပြီးတော့ မေးကြဆိုပဲ့။ ဒါနဲ့ သူလယ်ထွန်နေတဲ့အနား ရောက်အောင် သွားပြီးတော့ ဒကာ ငါတို့ မဟာဗောဓိကြီးဖူးမျှော်အောင်သွားတာ လမ်းမှားနေလို့ မျက်စိလည်နေလို့ လမ်းစလည်း ရှာမရဘူး၊ တဝဲလည်လည်နဲ့ဖြစ်နေတာ လမ်းမှန်ကို မရောက်ဘူး ဒကာတို့ လမ်းမှန်ကို ညွှန်ပြပါလို့။ ပြိတ္တာကြီးက ပြန်လျှောက်တာ သေချာကြည့် တော်လှပေါ့ ကိုယ် တော်တို့ အရှင်ဘုရားတို့ မျက်စိလည်လမ်းမှားနေတာ အခုဘုရားလက်ထက် အခုအခိုက်အတန့် လေးပါ။ အခုမဟာဗောဓိ လမ်းမှားတာပါ မျက်စိလည်တာပါတဲ့။ တပည့်တော် မျက်စိလည်တာ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော်က စပြီးတော့ မျက်စိလည်တာ ကနေ့ အထိလည်တုံး၊ လမ်းမှန်ကို မရောက်သေးဘူး။ တဟဲ့ဟဲ့နဲ့ လယ်ထွန် မပြီးသေးဘူးတဲ့။ သံသရာထဲ

http://www.dhammadownload.com

မျက်စိလည်နေတာ နော် (မှန်ပါတယ်ဆရာ)၊ ပြိတ္တာကြီးက ပြန်လျှောက်တယ်၊ အဲဒါကြည့် တစ်ဆူသော ဘုရားနဲ့ တစ်ဆူသော ဘုရားဆိုတာ ဘယ်လောက်ကွာခြားတယ်ထင်၊ ဘယ်လောက် သံသရာရှည် လျားတယ်ထင်။

ဘုရားတစ်ဆူဆူပွင့်တာ ဘယ်လောက်ကြာ

အဲဒါ အရိုင်းတွက်အားဖြင့် တွက်ကြည့်လို့ရှိရင် ဘုရားတစ်ဆူပွင့်ပြီးတဲ့နောက် ဒီမြေမျက်နှာ ပြင်ကြီးဟာ သစ်ပင် ဝါးပင်တွေ လည်းကွဲပေါက်ရောက်ပြီးတော့ မြေဩဇာတွေဖြစ်၊ မြေကြီးက တစ်ဆင့် ထက်တစ်ဆင့် တစ်လွှာနှင့်တစ်လွှာ တက်တက် တက်တက်လာတော့ မြေကြီးကို အပေါ် ဒု ဘယ် လောက်တက်လာလဲဆို ဒီမဟာပထဝီမြေကြီးက သုံးဂါဝုတ်နဲ့ တစ်ယူနာတိတိ ကမ္ဘာမြေလွှာအပေါ် တက်တဲ့အခါမှာ ဘုရားတစ်ဆူပွင့်တော်မူတယ်တဲ့။ ကြာဖူးလား (ကြာပါတယ်ဆရာ)၊ အဲဒါ ဘုရား တစ်ဆူတစ်ဆူ မြန်မြန်ပွင့်ချင်လို့ရှိရင် မြေသာသယ်ဖို့ကြ။ မကြာဘူးလား (ကြာပါတယ်ဆရာ)၊ ဒါမှ မဟုတ်သေးလို့ရှိရင် တစ်နည်းမှတ်ပါအုံးတဲ့၊ လေးတောင်စပ်စပ် တစ်ယူဇနာပတ်လည်ရှိတဲ့ တိုက်ခန်း ကြီး တစ်ယူဇနာနော် နားလည်လား (နားလည်ပါတယ်ဆရာ)၊ လေးထောင့်စပ်စပ် တစ်ယူဇနာ ပတ်လည်ရှိတဲ့ တိုက်ခန်းကြီးထဲမှာ မုန်ညင်းစေ့ အပြည့်ထည့်တဲ့၊ သံသရာရှည်လျားပုံ သေချာကြည့်။ မုန်ညင်းစေ့ အပြည့်ထည့်။

တစ်ဆူသော ဘုရားပွင့်ပြီးတဲ့ အချိန်ကာစ နှစ်ပေါင်းတစ်ရာကြာမှ တိုက်ခန်းကြီးထဲက မုန်ညင်း စေ့တစ်စေ့ ထုတ်ပစ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နှစ်ပေါင်းတစ်ရာကြာမှ တစ်စေ့ထုတ် နှစ်ပေါင်းတစ်ရာကြာ တစ်စေ့ထုတ်၊ ဒီလို တစ်စေ့ချင်း တစ်စေ့ချင်း နှစ်ပေါင်းတစ်ရာကြာ တစ်ခါ ထုတ်ထုတ် ထုတ်ထုတ်သွားလိုက်တာ တစ်ယူဇနာပတ်လည်ရှိတဲ့ လေးထောင့်စပ်စပ်တိုက်ခန်းကြီးထဲ အပြည့်ထည့်ထားတဲ့ မုန်ညင်းစေ့တွေကုန်မှ နောက်ဘုရားတစ်ဆူ ပွင့်နိုင်တယ်တဲ့။ သံသရာ မရှည်လျား ဘူးလား (ရှည်လျားပါတယ်ဆရာ)၊ တွက်ကြည့် တွက်ကြည့်၊ အဲဒါ တစ်ဆူနဲ့တစ်ဆူ ကြာပြောတာနော် (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါတို့ သံသရာအစက လာလိုက်တဲ့ သံသရာတွေ ရှည်လျားပုံတော့ ပြန်တွက်လို့ကုန်ပါ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ မကုန်ဘူး၊ အဲဒါ သံသရာမျက်စိလည် မပျောက်တာ ခေါ်တယ်။ ဘယ်တော့ပျောက်၊ ဘယ်တော့မှ မပျောက်ဘူး။ ဘယ့်နဲ့ ပျောက်နိုင်ပါ့မတုံး။ ပညာမျက်စိ ကလည်း လုံးဝမရှိဘူး။ သပ္ပုရိသသံသေဝန-တကယ့်သူတော်ကောင်း ဥပနိဿယလည်း မဆည်းကပ် ကိုယ်ထင်ရာ ကိုယ်လုပ် ကိုယ်အဟုတ်ထင်ပြီးတော့ နေတဲ့လူစားတွေ ဘဝနဲ့ နေကြရ၊ ဘယ်တော့မှ သံသရာဝဋ်က မပြတ်နိုင်ဘူး။ သံသရာထဲ တဝဲလည်လည်နဲ့ ဒီလိုပဲနေကြနော် (မှန်ပါတယ်ဆရာ)၊ လည်မှာပဲ။

http://www.dhammadownload.com

ဒါကြောင့် ဒီအခန်းတော့ တော်တော်လေး ရိပ်စားမိပါစေ၊ တတ်ကျွမ်းနားလည်ပါစေဆိုတဲ့ စေတနာနဲ့ သည်းခံပြီးတော့ ဒီအဝိဇ္ဇာနဲ့ သင်္ခါရ အကူးတော့ဖြင့် အထူးပဲဆိုသလိုပဲ ပြလည်ပြပါတယ်။ ကြိုးစားပမ်းစားနဲ့ အဲဒါ အခုတစ်ပတ်တင် မဟုတ်ပါဘူး။ အပတ်ပေါင်းများစွာက ဒီပဋိစ္စသမုပ္ပါဒ် ပြတိုင်း ပြတိုင်း ဒီနေရာတော့ အထူးရိပ်စားမိသွားအောင်ဟဲ့။ သံသရာမျက်စိလည်ပျောက်တဲ့, စခန်းလေး ခြေထောက်မိအောင်ဟဲ့, လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင်လေး ရသွားအောင်ဟဲ့၊ ရိပ်စားမိအောင်ဟဲ့၊ ပါးရေနားရေ ရှိအောင်ဟဲ့ဆိုတဲ့ အနေအားဖြင့် အဲဒီလို သင်ကြားပေးနေတာ၊ အဲသလိုမှ ဒီအခန်းမျိုးကို သူတစ်ပါး အငြိုအငြင် ခံရမှာစိုးလို့ ကျကျနန မပြဘဲနဲ့ ဖုန်းကွယ်တဲ့ အနေအားဖြင့် သော်လည်းကောင်း၊ ရှောင်ရှားတဲ့ အနေအားဖြင့်သော်လည်းကောင်း လုပ်သွားတဲ့ ပုဂ္ဂိုလ်မှန်ရင် သူတော်ကောင်း ပညာရှိလို့ ခေါ်ဖို့ဥစ္စာ အတော်ခဲယဉ်းတယ်။ ငါကတော့ ဒီလို တွက်ထားတာနော် (မှန်ပါတယ်ဆရာ)၊ ဒါမြှုံ တုပ်သွားတယ်ခေါ်တယ်။ မင်းတို့ ဘာဖြစ်လို့ ဘာဖြစ်ဖြစ်ဟာဆိုတဲ့ ဒီလို လုပ်သွားတာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်လည်းမှား မှားမှန်းသိချင်မှသိမယ်၊ ကိုယ်မှားမှန်း သိလို့ ကိုယ်ကအမှားပဲလို့ သိရက်သားနဲ့ တစ်ဖက်သားကို ပြင်မပေးလို့ရှိရင် အဲဒါ ပညာရှိသူတော်ကောင်းမဟုတ်ဘူး။ ဟုတ်နိုင်ပ့ါမလား (မဟုတ်နိုင်ပါဘူးဆရာ)၊ မဟုတ်နိုင်ဘူး ဘာနဲ့တူနေတုံး။

ည လူကောင်လေးယောက် ငါးယောက်လောက် တန်းပြီးတော့ ညလမ်းသွားကြ လမ်းခရီးသွားတော့ ရှေ့ဆုံးလူက မစင်ပုံတက်နင်းမိနော် (မှန်ပါတယ်ဆရာ)၊ မစင်ပုံတက်နင်း သူနင်းမိတော့ သူမသိဘူးလားဟ (သိပါတယ်ဆရာ)၊ တကယ့်စိတ်ကောင်း နှလုံးကောင်းရှိတဲ့လူဖြင့် ဟာ ငါမစင်ပုံ နင်း ဒီနား မလာနဲ့ဟ ဟိုဘက်ဘေးသွားသွား ဟိုဘက်ဘေးက ကွေ့သွား။ ငါ့ဒီမှာ မစင်တွေ နင်းမိလို့ ဒီလို လာရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မဟုတ်ဘူး သူနင်းမိတာ နောက်ကလူတွေ မပြောဘူး မြှုံတုပ်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ နောက်က ဇွတ်ဇွတ်ဇွတ်နဲ့ ဆက်ကာ ဆက်ကာ နင်းသွားကြတယ်။ ကောင်းသေးရဲ့လား (မကောင်းပါဘူးဆရာ)၊ သူတော်ကောင်းဆိုပ့ါမလား (မဆိုနိုင်ပါဘူးဆရာ)၊ ဒီဥပမာလိုပဲ ဒီသံသရာနဲ့ တဝဲလည်လည်နဲ့ ညွှန်ကြားသူ မရှိလို့ မျက်စိလည်နေပါတယ်ဆိုတဲ့ အခန်းမှာ အုပ်စားသွားတယ်, မြှုံတုပ်သွားတယ် ကောင်းနိုင်ပ့ါမလားဟ (မကောင်းနိုင်ပါဘူးဆရာ)၊ မှတ်ထားနော် ကျေးဇူးတင်ချင်လည်းတင် မတင်ချင်လည်းနေ သံသရာမျက်စိလည်ပါတယ်ဆိုတာ ပညာမျက်စိမရှိလို့ ဒီလမ်းနှစ်သွယ်အကူးလေးကို အထူးနားမလည်လို့ မျက်စိလည်တယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အထူး နားမလည်လို့ မျက်စိလည်တယ်ဆိုတော့ အထူးနားလည်အောင် သင်ကြားပေးမယ်။ ဘယ်လောက်ကျေးဇူးတင်စရာကောင်းလဲလို့။ ငါ့ကို ပြောတာ မဟုတ်ပါဘူး။ ပြတဲ့ လူပြောတာနော် (မှန်ပါတယ်ဆရာ)၊ ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် သည်းခံပြီးတော့ နားမလည်လည်အောင်

http://www.dhammadownload.com

တစ်ဘက်သားကို ဟောဒီနေရာ ဒီလို ရည်ရွယ်ချက်နဲ့ လုပ်ရတယ်ဟဲ့။ ဒီလို ရည်ရွယ်ချက်နဲ့ မလုပ်ကြနဲ့။ ဒီလို ရည်ရွယ်ချက်နဲ့လုပ်နေ သံသရာမျက်စိလည် မပျောက်နိုင်ဘူးဟ။ တို့တော့ လျှောက်လည်လာတာ ကြာလည်းကြာလှပြီ တစ်မင်္ဂ တစ်ဖိုလ်မှလည်း မရဘူး။ သံသရာထဲ ငုတ်တုတ် ကနေ့ ဒီရည်ရွယ်ချက်နဲ့သာ ဒီလိုဆက်လုပ်သွား ဒီလိုလည်အုံးမှာ။

ဒါကြောင့် ဒီရည်ရွယ်ချက်နဲ့ မလုပ်ကြနဲ့၊ ဝိဝဋ္ဋပါဒဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ "နဝ လောကုတ္တရဓမ္မ"၊ အာရုံပြုကြ ကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ အဲသလိုသွား။ ဒါကြောင့် တို့လူစုတွေက အဲဒီလို "သပ္ပုရိသသံသေဝ" ညွှန်ကြားတဲ့ပုဂ္ဂိုလ် မရှိတော့ ပရမ်းပတာကြီး ဖြစ်ချင်တိုင်း ဖြစ်နေဘ် (မှန်ပါတယ်ဆရာ)၊ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်ပြီးတော့ ကိုယ့်ဟာကိုယ် ကိုယ်အဟုတ်ထင်လို့ အမြွတ်တနိုးနဲ့ အထင်ကလည်းကြီး ဘဝင်ကလည်းမြင့် ဟုတ်လှချည် သေပျော်နေပျော်ခဲ့ သေချာကြည့်ပါအုံး၊ နောက်ပိုင်းကလည်း တစ်ခါပြခဲ့ပြီ၊ ကာမာဝစရကုသိုလ် ဒါန သီလလုပ်တယ် နေဘ် (မှန်ပါတယ်ဆရာ)၊ ရူပါဝစရကုသိုလ် ဈာန်သမထပွားများ, အရူပါဝစရကုသိုလ် ဈာန်သမထ ပွားများ။

ဒါကြောင့် ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ် ဗမာလိုပြန်တော့ ဒါန သီလ သမထကုသိုလ်တွေပဲတဲ့။ ဘုရားက ဟောသွားတယ် -

ဥက္ခိတ္တာပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။ (ဝိဘင်းပါဠိတော်၊ ၄၁၁)

ဘုရားကိုယ်တော်တိုင် ဟောသွားတဲ့ ဝိဘင်းပါဠိတော်လို့ - ပုညတေဇေန၊ ကာမကုသိုလ် ရူပကုသိုလ်တို့၏အရှိန်သည်၊ ဥက္ခိတ္တာ၊ မြောက်တင်အပ်သည်၏အဖြစ်ကြောင့်။ ကာမရူပဂတိံ ဂတာ၊ ကာမဘုံ ရူပဘုံသို့ ရောက်၍နေကြကုန်သော။ သတ္တာပိ၊ သတ္တဝါတို့သည်လည်း ကောင်း။ ဘဝဂ္ဂတမ္ပိ၊ အထက်ဆုံး အရူပလေးဘုံသို့။ သမ္ပတ္တာ၊ ရောက်၍ နေကြကုန်သော။ သတ္တာပိ၊ သတ္တဝါတို့ သည်လည်းကောင်း။ ကာမကုသိုလ်က ပို့လိုက်လို့တဲ့ လူ့ဘဝ နတ်ဘဝရောက်နေတဲ့ သတ္တဝါတွေ တဲ့ နေဘ် (မှန်ပါတယ်ဆရာ)၊ ရူပကုသိုလ်က ပို့လိုက်လို့ ရူပါဝစရ တစ်ဆယ့်ခြောက်ဘုံ ရောက်နေတဲ့ သတ္တဝါတွေတဲ့။ အရူပါဝစရကုသိုလ်က ပို့လိုက်လို့ အရူပလေးဘုံ ရောက်နေတဲ့ သတ္တဝါတွေတဲ့။ မရှိဖူးလား (ရှိပါတယ်ဆရာ)၊ ပုန၊ တစ်ဖန်တဲ့။ ဒုဂ္ဂတိံ၊ မကောင်းသော သူတို့၏ လားရာ ဖြစ်သော အပါယ်လေးပါးသို့။ ဂစ္ဆန္တိ၊ ပြန်၍ ရောက်ကြလေကုန်၏။ ပြန်မလားဘူးလား (လာပါတယ်ဆရာ)၊ သံသရာဝဋ်ကကျွတ်ရဲ့လား (မကျွတ်ပါဘူးဆရာ)၊ ရောက်တော့ ရောက်တယ် မဟုတ်လား (ရောက်ပါ

http://www.dhammadownload.com

တယ်ဆရာ)၊ လူ့ဘဝလည်း ရောက်တယ်လား (ရောက်ပါတယ်ဆရာ)၊ နတ်ဘဝလည်း ရောက်တယ်လား (ရောက်ပါတယ်ဆရာ)၊ ဘယ်ကုသိုလ်ကပို့(ကာမာဝစရကုသိုလ်ပါဆရာ)၊ ဒါန သီလနော် (မှန်ပါတယ်ဆရာ)၊ ရူပါဝစရဘုံမရောက်ဘူးလား (ရောက်ပါတယ်ဆရာ)၊ ဘယ်ကုသိုလ်က ပို့ ရူပါဝစရ (ရူပါဝစရကုသိုလ်ကပါဆရာ)၊ အရူပဘုံမရောက်ဘူးလား (ရောက်ပါတယ်ဆရာ)၊ ဘယ်ကုသိုလ်ကပို့ (အရူပဝစရကုသိုလ်ကပါဆရာ)၊ ဒီကုသိုလ်သုံးမျိုးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ သူတို့ပဲ ပို့တယ် ပြီးတော့ ပို့လို့ရောက်သွားပလား (ရောက်ပါတယ်ဆရာ)၊ အမြဲတစေနေရရဲ့လား (မနေရပါဘူးဆရာ)၊ ပြီးတော့ ဘယ်ပြန်ဆင်းလာ (အပါယ်လေးပါးပါဆရာ)၊ ဩော် -အပါယ်လေးပါး ပြန်ဆင်းလာနော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ အပါယ်လေးပါးတက် ဒီလိုလုပ်ပြန်၊ လုပ်တော့ပြန်ရောက် ရောက်ပြီးတော့ ပြန်ဆင်းပြန် ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သံသရာထဲ တဝဲလည်လည် ဘယ်တော့မှ လည်လို့ မဆုံးနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ လည်ပြီးရင်း လည်ရင်း လည်ပြီးရင်းလည်ရင်း ဒီလို ဖြစ်နေကြ။ ဒါကြောင့် ဘဝသံသရာ ငါတို့သူငါလာခဲ့ကြတာ ရေတွက်လို့ ကုန်ဆုံးစရာ မရှိဘူးလို့။ ဘဝပေါင်းများစွာ လူ့ဘဝလည်း ဖြစ်ခဲ့ပြီ၊ နတ်ဘဝလည်း ဖြစ်ခဲ့ပြီ၊ ဗြဟ္မာ့ဘဝလည်း ဖြစ်ခဲ့ပြီ၊ အပါယ်လေးပါးလည်း လားခဲ့ပြီ။ အကြိမ်အားဖြင့် ရေတွက်လို့ မကုန်ဆုံးနိုင်။ ဒါတွေ ဘာပြုလို့ လူ့ဘဝဖြစ် နတ်ဘဝဖြစ်၊ ကာမာဝစရကုသိုလ် ဒါနသီလ ဆိုတဲ့ ကုသိုလ်တွေ လုပ်ခဲ့လို့။ ရူပါဝစရတစ်ဆယ့်ခြောက်ဘုံ ဘာကြောင့်ဖြစ်၊ ရူပါဝစရကုသိုလ် ဈာန်သမထတွေ လုပ်ခဲ့လို့ အရူပါဝစရဗြဟ္မာ ဘာကြောင့်ဖြစ်၊ အရူပါဝစရကုသိုလ်ဈာန်သမထတွေ လုပ်ခဲ့လို့၊ အစမ်းမဟုတ်ပါဘူး လုပ်ပြီးသားတွေပါတဲ့နော် (မှန်ပါတယ်ဆရာ)၊ သူ့အကြောင်းနဲ့ သူ့အကျိုး သွားနေတာတဲ့၊ ရောက်ခဲ့ပေါင်းလည်း များပါပြီတဲ့။ ပြီးတော့လည်း ဘယ်ပြန်ဆင်း "ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ" အရှိန်လည်းကုန်ရော ပြန်စုန်ချ မီးပုံးပျံနှင့် မတူဘူးလား (အတူတူပါပဲဆရာ)။

ဒါကြောင့် ဟိုကလည်း ပါဠိတော်ပြထားတာ "ဥက္ခိတ္တာ ပုညတေဇေန" ဆိုတာ ပုညတေဇေန ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် ထိုထိုသည်။ ဥက္ခိတ္တာ၊ မြောက်တင်အပ်သည်၏အဖြစ် ကြောင့်။ ဥက္ခိတ္တသဒ္ဒါနှင့် ပြထားတာ။ မီးပုံးပျံလိုပဲလို့။ မီးပုံးပျံ အပေါ်တက်သွားတာ ဘယ်သူက မြှောက်လိုက်တာတုံး (မီးက မြှောက်လိုက်တာပါဆရာ)၊ မှိုင်း, မှိုင်း, မှိုင်း မဆိုးလှပါဘူး။ ဦးကျော်ရင် စီးတဲ့မီးပုံးပျံတွေ ဘယ်နဲ့ ပြောပါ့ မှိုင်း, မှိုင်း နော် (မှန်ပါတယ်ဆရာ)၊ အခိုးက မြှောက်တင်လိုက် မြှောက်မသွားဘူးလား (မြှောက်သွားပါတယ်ဆရာ)၊ အဲဒီ အခိုးတွေလည်းကုန်ရော ဘယ်နဲ့ဖြစ် (ပြန်ကျပါတယ်ဆရာ)၊ အေး - ပြန်ကျနော် (မှန်ပါတယ်ဆရာ)၊ မီးပုံးပျံနဲ့တူတဲ့ ကုသိုလ်မျိုးတွေတဲ့ အစမ်းမဟုတ်ပါဘူး ဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်အားဖြင့် ဓမ္မအရိယာဝိဘင်းပါဠိတော် ဟောထားတဲ့။ ဒေသနာထောက်သောအားဖြင့် အော်-တို့တစ်တွေလည်း အခေါက်ခေါက် အခါခါ များခဲ့ပြီဟဲ့။ တစ်မင်္ဂ တစ်ဖိုလ်မှလည်း မရခဲ့ဘူး။ ဘာပြုလို့ လုပ်ပုံလုပ်နည်းက မဟုတ်လို့နော် (မှန်ပါတယ်ဆရာ)၊ အခုလည်း လုပ်နေကြပြန်ပြီတဲ့။ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်တွေ နည်းဟုတ်ကြရဲ့လား လို့ ပြန်စိစစ် လုပ်တော့ဖြင့် လုပ်နေတာပဲ အမြဲတစေပဲ။ ဒါကြောင့် "ဒါန သီလ သမထပြုကြ မြဲမကွာ ဝိနိပါတ စသည်အပြား ဘေးလေးပါး ငါကားမလွတ်ပါ"၊ လုပ်သာ လုပ်တယ်၊ ဘေးလေးပါးက လွတ်ကို မလွတ်သေးဘူး။ လွတ်ကဲ့လား (မလွတ်ပါဘူးဆရာ)၊ ဘာပြုလို့လဲလို့ မေးစရာရှိ "လွတ်အောင် ပြုလုပ် နည်းမဟုတ် မုချမလွတ်သာတဲ့" ဘာပြုလို့ မလွတ် (နည်းမဟုတ်လို့ပါဆရာ)၊ အေး-ဟုတ်ပြီ နည်း မဟုတ်လို့နော် (မှန်ပါတယ်ဆရာ)၊ နည်းဟုတ်ရင် လွတ်မယ်လား (လွတ်ပါတယ်ဆရာ)၊ နည်းဟုတ်ရင် လွတ်မယ်လား (လွတ်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ အဋ္ဌကထာဆရာပြသွားတဲ့ ဝါဒက လွတ်ရမယ်တဲ့ နည်းဟုတ်လို့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သက်သေခံ ထုံးဝတ္ထု သက်သေသာဓကနဲ့လည်း ပြပြီးပါပြီ။

ဒါကြောင့် "လွတ်အောင်ပြုလုပ် နည်းမဟုတ် မုချမလွတ်သာတဲ့" "ဘယ်သူပြောတာတုံး၊ (မြတ်စွာ ဘုရားပါဆရာ)၊ အေး-ဟုတ်ပြီ "ဘယ်သူ မပြော ဘုရားဟော သဘောယုတ္တိရှာတဲ့" မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နည်းမှ လွတ်မတုံး (ဝိပဿနာဉာဏ်နဲ့ ဖြတ်မှ လွတ်မှာပါဆရာ)၊ ဟေး-ဟုတ်ပြီ တရားကျတယ်နော် (မှန်ပါတယ်ဆရာ)၊ "ဝိပဿနာ ပွားများကာ ဉာဏ်သာမူလ မြင်တတ်က မုချလွတ်မည်သာတဲ့"။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာ ဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရသုံးမျိုး အကျိုးတရားပေါ်လာ။ ဒီသင်္ခါရသုံးမျိုးလည်း ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ။ ပုညာဘိသင်္ခါရက ကာမာဝစရကုသိုလ်နှင့် ရူပါဝစရကုသိုလ် နှစ်ခုတွဲ၊ အပုညာဘိသင်္ခါရက အကုသိုလ် စေတနာ၊ အာနေဉ္ဇာဘိသင်္ခါရဆိုတာ အရူပါဝစရကုသိုလ်စေတနာလို့ ပေါင်းလိုက်တော့ စေတနာသုံးမျိုးသုံးစားထွက်။ ကာမာဝစရ ကုသိုလ်စေတနာ၊ ရူပါဝစရကုသိုလ်စေတနာ၊ အရူပါဝစရကုသိုလ်စေတနာ၊ အကုသိုလ်စေတနာ။ ဒီတော့ အကုသိုလ်ကံကတော့ နားလည်ပြီးသား ထားပါတော့ ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးပါးကို ဒီကုသိုလ်သုံးပါး ကြိုးစားအားထုတ် အလုပ်လုပ်နေတဲ့ အယူအဆသဘာဝကို မှားတယ်, မှန်တယ်လို့ ဝေဖန်ပြီးတော့ပြ။

http://www.dhammadownload.com

ဒါလောက်ဆိုလည်းပဲ တော်တော်တော့ နားရေလည်းဝလောက်ပြီ၊ သိလည်းသိလောက်ပါပြီ ဒီလောက်ပြလို့မှ မရိပ်စားမိလည်းပဲ သံသရာထဲ လည်အုံးမှာပဲလို့ ကျွတ်ဖို့ လွတ်ဖို့ ဝေးသေး။ ဒီနှစ်မျိုး နှစ်စားကို သံသရာလည်စေတတ်တဲ့ ဝဋ္ဋကုသိုလ်နဲ့ သံသရာက ကျွတ်စေ လွတ်စေတတ်တဲ့ ဝိဝဋ္ဋ ကုသိုလ် နှစ်ပါးကို မိမိတို့ သဘောအားဖြင့် ပြတ်သားသွားရင် ဉာဏ်ထဲမှာ ရှင်းသွားရင်၊ လင်းသွားရင် သံသရာက ထွက်ကြပြီတဲ့ ထွက်ရပ်ပေါက် ခေါ်တယ်။ ဒီနှစ်ပါးမှ မပြတ်သားလို့ မရှင်းတတ်၊ မလင်း တတ်ရင်တဲ့ သံသရာမျက်စိလည် မပျောက်သေးဘူးတဲ့။ ပျောက်ပွဲမလားဟ (မပျောက်နိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး။ ဒီနှစ်မျိုး နှစ်စားကို ဒါကြောင့် ပြတ်သားအောင် ဆိုပြီးတော့ ခွဲခြားပြီးတော့ တစ်ညပြီးတစ်ည ဆက်ခါ ဆက်ခါပြ။

ဒါကြောင့် ဝဋ္ဋကုသိုလ် ဒါနသီလသမထ ဗမာလိုပြန်ရင် ဝဋ်သုံးပါး တမ်းတပြီးလုပ်တဲ့ကုသိုလ် ဘုံသုံးပါး တမ်းတပြီး လုပ်တဲ့ကုသိုလ်၊ ဘဝကောင်းရာ ငါကောင်းရာ ဒါဝဋ္ဋကုသိုလ် ခေါ်တယ်။ ဝိဝဋ္ဋ ကုသိုလ်ကျတော့ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာ ကိုးပါးသော လောကုတ္တရာတရားကို ရည်ရွယ်တောင်းတပြီး လုပ်တဲ့ကုသိုလ် ဒီလိုဆို နားလည်ရှေ့ပေ့ါကွနော် (မှန်ပါတယ်ဆရာ)၊ လုပ်ကော လုပ်တတ်တယ် မဟုတ်လား (လုပ်တတ်ပါတယ်ဆရာ)၊ နည်းများမဆိုပေ့ါ၊ ကုသိုလ်ဆိုတာ စောစောက ပြောထားတယ်၊ စေတနာက အကျိုးပေးတာ ဝတ္ထုက အကျိုးပေးတာ မဟုတ်ဘူး။ သက်န်းလှူလို့ သက်န်းဖြစ်တာ မဟုတ်ဘူး။ ကျောင်းလှူလို့ ကျောင်းဖြစ်တာ မဟုတ်ဘူး။ အမှန်က လှူတဲ့စေတနာ လေးက အကျိုးပေးတာ။ လှူတဲ့စေတနာလေးက စေတနာသန်သန်သလို အကျိုးပေးတယ်။ စေတနာ နည်းနည်းသလို အကျိုးပေးတယ်။ ဒီလိုမှတ်ထား ဝတ္ထုပေါ်မှာ တည်တာ မဟုတ်ဘူး။

ဒါကြောင့် ဒီစေတနာလေးတွေက ဝဋ်သုံးပါးလိုချင်ပါတယ်ဆို၊ ဝဋ်သုံးပါးထဲ ပြန်ရောက်တာပဲ။ ဝဋ်သုံးပါးက ကျွတ်ချင် လွတ်ချင်ပါတယ်ဆို ဝဋ်သုံးပါးက ကျွတ်လွတ်သွားတာပဲနော် (မှန်ပါတယ် ဆရာ)၊ မထင်ရှားဖူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ အင်မတန် ထင်ရှားတယ်။ ဒါကြောင့် ဝဋ်အတွင်းက လွတ်ကင်းချင်တဲ့ ပုဂ္ဂိုလ်မှန်မှန်သမျှ ဒီကုသိုလ်နှစ်မျိုးနှစ်စားကို ပိုင်းပိုင်းခြားခြား မှတ်သား ပြီး မှတ်သားထားတဲ့ အတိုင်းလည်းပဲ သတိမမေ့ကြပဲနဲ့ လုပ်ကြပါလို့ တစ်ကြိမ်လုပ်လို့ တစ်ခါ ဆုတောင်းရင် ကိုယ်လိုချင်တဲ့ နိဗ္ဗာန်ကြီးနဲ့ တစ်လှမ်းနီး နော် (မှန်ပါတယ်ဆရာ)၊ လုပ်တာလည်း မရေမတွက်နိုင် လုပ်ကြတာပဲ၊ အကြိမ်နဲ့မေးရင် မရေမတွက်နိုင်ဘူး။ ကိုယ်လူလားမြောက်တဲ့အချိန်ကစ ကံ၊ ကံ၏အကျိုး ယုံကြည်လို့ ကြိုးစားအားထုတ် အလုပ်လုပ်လာတဲ့ ဒါနမှု သီလမှု သမထမှု ကုသိုလ် အစုစုတွေလို့ နည်းတာ၊ များတာ အသာထားပေ့ါ၊ အကြိမ်ကတော့ မရေမတွက်နိုင်ဘူး များလှပြီ။ မများဘူးလားဟ (များပါတယ်ဆရာ)၊ လူလားမမြောက်ခင်ထဲက မိဘနှစ်ပါးက သင်ကြားပေးလို့

http://www.dhammadownload.com

ဘုရားပုထိုး ရှိခိုးဝတ်တတ်လာတဲ့ ကုသိုလ်ကိုက မရေမတွက်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ရက်နဲ့ ချတွက်ကြည့်။ ဒီမှတစ်ပါး လုပ်လာတဲ့ကုသိုလ်တွေကလည်း ပြောစရာ ရေတွက်လို့မရအောင် များပြီ။

ဒါကြောင့် နောင်လည်း များများလုပ်ဦးမှာပဲလို့ ဆထက်ထမ်းပိုး တိုးလို့လုပ်အုံးမှာပဲ၊ လုပ်တဲ့အချိန် အခါလေးဖြင့် ယခုပြထားတဲ့ ဝဋ္ဋနဲ့ ဝိဝဋ္ဋ ကွဲကွဲပြားပြား ခြားခြားနားနား နားလည်ပြီးတော့ ဝဋ်သုံးပါးဘက် မလည်စေရန်, ဘုံသုံးပါးဘက် မလားစေရန်, မရောက်စေရန်, မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် ရောက်စေရန်, ရစေရန် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလုပ်လုပ်သွားရင်း တစ်ချက် ဆုတောင်းလိုက်ရင် နိဗ္ဗာန်ဘက် တစ်ချက်နီးရင်း အချက်ပေါင်းတွေ များတော့ ပိုကပ်မသွားဘူးလားဟ (ကပ်သွားပါတယ်ဆရာ)၊ နိဗ္ဗာန်ရောက်ဖို့, ရဖို့ ရှိတော့တယ်။ ခုတော့ တို့လူစုတွေက တစ်သံသရာ လုံးလည်း မှားချင်တိုင်းမှားလာပြီ။ အခုဘဝ သာသနာကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါ ဒါမှားတယ်လို့ ပြောပြန်တော့ မကြိုက်ချင်၊ မှန်တာကြတော့လည်း မလိုချင် ဒီလိုဖြစ်နေ။

မျက်စိလည်တဲ့ ဖိုးသာဘမ်းအကြောင်း

ဒါကြောင့် တစ်သံသရာလုံးကလည်း မှားခဲ့ပြီ။ အခုလည်းမှားတုန်း ဘာနဲ့တူနေ **ဖိုးသာဘမ်း** ဝါးထမ်းတဲ့ဥပမာ ရွာတစ်ရွာ ဖိုးသာဘမ်းဆိုတဲ့ အဖိုးကြီးတစ်ယောက် ရှိတယ်။ အရပ်ထဲက လူငယ် လူရွယ်တွေက အချိန်တန်တော့ ကိုယ့်လှည်းနဲ့ နွားနဲ့ တောင်ရိုးကလည်း ခပ်နီးနီး မလှမ်းမကမ်း ဝါးသွားသွားခုတ်ကြတယ်။ အိမ်သုံးဆိုပြီးတော့ လှည်းတစ်စည်းမှ ဝါးက တစ်ရာကိုးဆယ် တင်နိုင် တယ်။ တောင်တက် တောင်ဆင်းနဲ့ ဆိုတော့၊ ဒီတော့ အဖိုးကြီးလည်းပဲ နွားလေး လှည်းလေးက ရှိပြန်တော့ အဖိုးကြီး အဖော်ညှိ အဘကျွန်တော်တို့ တောင်ရိုးဝါးခုတ်သွားမလို့ လိုက်မလား။ အေး- အခန့်သင့်ပဲဟဲ့။ ငါလည်း ဝါးလိုလို့ လိုက်ဦးမှ လိုက်ရင် ပြင်လေ ကျွန်တော်တို့သွားမလို့။ ဘယ်အချိန် ထွက်မလဲ အေး- လိုက်တာပေါ့ကွယ် လှည်းပါပြုပြင်ပြီးတော့ လိုက်သွား။ အသက်အရွယ်ကကြီး နွားတွေကလည်း နွားပိန် နွားညောင် သွားပြန်တော့ လူငယ်လူရွယ်တွေ ထထကြွကြွ ဖြိုးဖြိုးဖျတ်ဖျတ် နွားတွေက သန်သန်မာမာ ဝဝဖြိုးဖြိုး လိုက်သွားလေ။

တောင်ရိုးရောက်တဲ့အခါကြ ဝါးပါခုတ် လှည်းပေါ်ဝါးပါ စီပြုတင် စီးပြီးတော့ ကိုင်း-ပြန်ဆင်းကြစို့ တောင်ပေါ်က ဝါးတင်ပြီးဆင်း ဝါးတင်ပြီး ဆင်းတော့ လူငယ်လူရွယ်တွေက နွားကလည်း ဝဝဖြိုးဖြိုး သန်သန်မာမာတွေဆိုတော့ ရှေ့က မောင်းလိုက်ကြတာ ဖုံတစ်ထောင်းထောင်းနဲ့ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ ပြတ်မှန်းမသိ ပြတ်ပြတ်ပြတ်ပြတ်သွား တော်တော်ကြီးကိုဝေး။ တစ်ယောက်နဲ့ တစ်ယောက်လည်း မမြင် ဖိုးသာဘမ်းက စဉ်းစားတယ်။ ခင်ဗျာတော့ ဘယ့်နဲ့ဖြစ် နွားကလည်းချဲ့

http://www.dhammadownload.com

လူကလည်း ရင့်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ဖြစ်နေတော့ စဉ်းစားတယ်။ အကောင်တွေတော့ တော်တော်ခရီးလွန်သွားပြီ။ ငါ့စောင့်မှ စောင့်ပါ့မလား။ တောထဲ တောင်ထဲ တစ်ယောက်ထဲ သွားလို့လည်း မတော် စခန်းကောင်းတဲ့နေရာကြရင်တော့ စောင့်ကောင်းပါရဲ့။ ဒီလို လိုက်လို့တော့ ငါဖြစ်မှာ မဟုတ်ဘူး။ တကွဲတပြားစီ ဖြစ်တော့မှာပဲလို့ နွားတွေလည်းပဲသနား နွားတွေလည်း ပေါ့တန်သလောက်ပေါ့စေတော့။ နွားတွေပေါ့မှ ငါ့လှည်းမြန်မြန်ရောက်မယ် စိတ်ကူးပေါ်တယ်။ အဲဒါ အဖိုးကြီး မျက်စိလည်တာ သေချာကြည့်။

ဒီဝါးတွေနှုတ် ပေါ့ပေါ့ပါးပါး တင်လိုက်ရင် ငါ့နွားတွေ သွက်သွက်လက်လက်လိုက်နိုင်ရင် ဒီသူငယ်တွေမှီရဲ့။ မှီရင် အတူတကွ သွားရချည့်ရဲ့။ မျက်စိလည်တယ် မျက်စိလည်တယ် စဉ်းစား။ ဒီတော့ တင်လာတဲ့ ဝါးလေးတွေလည်းပဲ ဝါးတစ်လုံးကစ မပစ်ချင်းဘူး။ မပစ်ချင်တော့ အဖိုးကြီး စဉ်းစားတယ်။ နွားသက်သာအောင် လှည့်ပေါ့အောင် ငါဝါးလည်း မပစ်ရအောင် လှည်းပါရပ် ရပ်ပြီးတော့ ဝါးစည်းထဲက ဝါးတစ်လုံးချင်း စွဲစွဲ စွဲစွဲထုတ် အစည်းလည် မပျက်အောင်ဆိုပြီးတော့ ဆယ်လုံး ဆယ့် ငါးလုံးလောက်ခွဲ တစ်စည်းသန့်သန့်စီး စည်းပြီးတော့ သူ့ပခုံးပေါ်ထမ်း အောက်ဝါးပေါ် သူကထိုင် ဒီတော့မှ နွားမောင်း။ နွားမောင်းပြီးလာတော့ ဖုံတွေတစ်ထောင်းထောင်းနဲ့ ဒီက သူငယ်တွေကလည်း အဖိုးကြီးတော့ တော်တော်ပြတ် ကျန်ရစ်ခဲ့ပြီဟေ့။ ဒီလို သွားလို့တော့ တကွဲတစ်ပြား ဖြစ်လိမ့်မယ်ဟ။ တော်ကြာ တောင်ကြီးထဲ တစ်ယောက်ထဲဆိုတော့ မတော်ဘူးဟ။ အသက်အရွယ်လည်းကြီး၊ နွားက လည်းချဲ့ လူကလည်းယဲ့ တို့ဒီနေရာ စခန်းကောင်းတဲ့နေရာ အရိပ်အာဝါသကောင်းတဲ့နေရာ စောင့်ကြ အုံးစို့ရဲ့လို့ စောင့်နေ။

အတော်ကြီးကြာတော့ ဖုတ်တွေလုံးလုံး လုံးလုံးနဲ့ မောင်းလာလိုက်တာ ဟိုကလာတာတော့ ဖိုးသာဘမ်းနဲ့ လှည်းနဲ့တူရဲ့ဟဲ့။ စောင့်စောင့် စောင့်စောင့် မျှော်မျှော်မျှော်မျှော်နေကြ။ ဖုတ်နဲ့ လူနဲ့ မကွဲဖြစ်နေ။ ဖုတ်နဲ့ လှည်းနဲ့က မကွဲဖြစ်နေတော့ ဝိုးတိုးဝါးတားမြင်ရ။ အဖိုးကြီးလှည်းက ဝါးက တို့လှည်းကဝါးထက် ပိုမြင့်ပါတယ်။ ဖုတ်ထဲ မသဲမကွဲ မြင်ရတယ်။ အဖိုးကြီး ဘယ်လိုများ ဖြစ်လာ ပါလိမ့်။ ဒါနဲ့ သေချာကြည့်ကြည့် ကြည့်ကြည့်နေ တစ်စတစ်စနဲ့ နီးလာတော့ဟ မဟုတ်ဘူးဟ။ အဖိုးကြီး ဖြစ်ပုံကြည့်ကြစမ်း။ သူ့ပခုံးပေါ်ကလည်း ဝါးစည်းကြီးနဲ့ သူကလည်းဝါးစည်း ပေါ်ထိုင်လို့ ဘယ်လိုဖြစ်ပုံနဲ့ ကြုံလာပါလိမ့်။ အေး - အနားကြမှ မေးရတော့မှာပဲလေ။ ချွေးတွေ သံတွေနဲ့ မောလိုက်တာလည်းလွန်လို့ သူ့မှာလည်း အတော်မသတ်ဖြစ်နေ အနားရောက်တော့ အဘဘယ်နဲ့တုံး ဘယ့်နဲ့ဖြစ်လာတာတုံး ဖြစ်ပုံတော့ မပြောနဲ့ဟေ့ ငါ့ပခုံးပေါ်က ဝါးစည်းချကြစမ်းပါအုံး။ ဝါးစည်းချပါ ချပြီးတော့ ပြောစမ်းပါအုံး ဘာဖြစ်တာတုံး။

http://www.dhammadownload.com

ဒီလိုကိုးကွ မင်းတို့ကလည်းပဲ ငယ်ငယ်ရွယ်ရွယ်တွေ ဆိုတော့ နွားကလည်းပဲ ပျိုပျိုရွယ်ရွယ် သန်သန်မာမာဆိုတော့ မောင်းလိုက်ကြတာ တစ်ထောင်းထောင်းနဲ့ ငါပြတ်မှန်းမသိပြတ် တော်တော်ကြီးကို မျက်ခြေပြတ် တတ်နိုင်ဘူးဟ။ ဒီဝါးတွေ ဒီလောက်တောင် အပြည့်ကြီးတင်ထားရင် ငါ့နွားတွေ ရုန်းနိုင်မှာ မဟုတ်ဘူး။ မင်းတို့နဲ့ ကွဲရချည့်ရဲ့လို့ တစ်ယောက်ထဲ တောထဲ မတော်ပါလားလို့ဆိုပြီးတော့ မင်းတို့ မှီချင်လွန်းလို့ ဝါးတွေ ငါပြန်နှုတ် ဝါးနှုတ်လိုက်ရင်တော့ လှည်းပေ့ါသွား။ လှည်းပေ့ါသွားရင် ငါ့နွားတွေ သွားနိုင်ရဲ့ အမှီလိုက်နိုင်ရဲ့ဆိုတဲ့အနေအားဖြင့် ဝါးတွေ ပြန်နှုတ် ဝါးကလည်း မပစ်ချင်တော့ကွယ် နွားလည်း သက်သာပါစေဆိုတဲ့ အနေအားဖြင့် နှုတ်တဲ့ဝါးတွေ စည်းပြီးတော့ အဘပခုံးပေါ်ထမ်း အပင်ပန်းခံရတယ် မောင်ရေဆိုတော့ ဝိုင်းရီကြ ဖြစ်မှ ဖြစ်ရလေ အဘရာ စဉ်းစားကြည့်ပါအုံး နဂိုကစည်းထားတဲ့ ဝါးစည်းထဲက ဝါးတွေများလို့ နွားမသွားနိုင်လို့ ခွဲထုတ်တယ်ဆိုတာ ပစ်ခဲ့ရင်လည်း အတော်သားလို့ အခုတော့ နဂိုဝါးစည်းထဲက ဝါးရော့ပါရဲ့ အဖပခုံးပေါ်ထမ်းပြီးတော့ ဒီဝါးပေါ်ပြန်ထိုင်တော့ ဘာများ အကြောင်းရှိလဲဆိုတော့ အဖိုးကြီး မျက်စိလည်ပျောက်တယ် ဟုတ်သားပဲ ငါပင်ပန်းလိုက်တာ မပြောနဲ့တော့ ဟုတ်ပေသားပဲ။

အဲဒါ ဖိုးသာဘမ်းမျက်စိလည်တာ သေချာကြည့်။ တို့လူစုတွေလည်း ဖိုးသာဘမ်းဝါးထမ်းနဲ့ နည်းလို့ နီးနီးလေးနဲ့ ကပ်ပြီး မျက်စိလည်နေ ဘာမှဝေးတာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အန္ဓပုထုဇဉ်များဟာ ကိုယ်လုပ်တာ ကိုယ်အဟုတ်ထင်တယ်တဲ့။ သူတစ်ပါး ပြောရင် ဆင်ခြင်နင်းတတ်တယ်။ မကြိုက်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်လုပ်တာ ကိုယ်အဟုတ်ထင်တာ ကိုယ်လုပ်တာလည်း ကိုယ်ထင်ရာကိုယ်လုပ်တာတဲ့။ ဘုရားကိုယ်တော်မြတ်က အရှုးနဲ့တူ။ "ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော ဝိယ" ပုထုဇ္ဇနော၊ အန္ဓပုထုဇဉ်သည်။ ဥမ္မတ္တကသဒိသော ဝိယ၊ သူရူးနဲ့တူ၏"တဲ့၊ စိတ်မနှံ့တဲ့ လူများတော့ ကိုယ်ထင်ရာ ကိုယ်လုပ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုယ်လုပ်တာလည်း ကိုယ်အဟုတ်ထင်တယ် မဟုတ်လား (ထင်ပါတယ်ဆရာ)၊ သူ တစ်ပါး ဩဇာပေး ကြိုက်တာမဟုတ်ဘူး။ ပြင်လို့ရတာ မဟုတ်ဘူး။ အဲဒါ ပုထုဇဉ်လိုင်းက ဒီတိုင်းသွား။

ဒါကြောင့် ဖိုးသာဘမ်း ဝါးထမ်းသလိုပဲ တို့လူစုတွေလည်း အစဉ်းစားလွဲပြီးတော့ မျက်စိလည်နေတယ်။ သေချာစဉ်းစားကြည့်၊ တစ်သံသရာလုံးက ကြိုးစားပမ်းစားနဲ့ လုပ်ပေါင်းလည်း များခဲ့ပေ့ါ။ ဒါလည်းပဲ သံသရာဝဋ်က မကျွတ်ဘူး။ တစ်မင် တစ်ဖိုလ်လည်း မရခဲ့ဘူး။ အဲဒါ ပြန်ကြည့်လည်း သိသားနော် (မှန်ပါတယ်ဆရာ)၊ နောက်ကြောင်းရာဇဝင်ပြန်ပြီးတော့ ဆင်ခြင်စဉ်းစားကြည့်လဲ အနုမာနအားဖြင့် ကြည့်လဲသိသားပဲ။ အနုမာနဆိုတာ အင်မတန် ဟုတ်ပါတယ်။ အခုလို ရုပ်မြင် နာမ်မြင် ခန္ဓာမြင် ပရမတ်မြင် ဓာတ်မြင်ဆိုတဲ့ မျက်စိတွေနဲ့ သံသရာနောက်ကြောင်း ကောင်းကောင်းကြီး

http://www.dhammadownload.com

မြင်တတ်ပါတယ်လို့။ ပုဗ္ဗေနိဝါသဆိုတဲ့ အဘိညာဉ်မရပေမဲ့နော် (မှန်ပါတယ်ဆရာ)၊ မြင်တတ်ဖူးလား (မြင်တတ်ပါတယ် ဆရာ)၊ မြင်တတ်ပါတယ်။ ဘာပြုလို့ သူ့အကြောင်းနဲ့ သူ့အကျိုး ဆက်ပြထားတာ ရှိသား။ ကာမာဝစရကုသိုလ်ခေါ်တယ်။ ဒါန သီလမှုတွေလုပ်လို့ လူ့ဘဝ နတ်ဘဝ ဖြစ်ပေါင်းများလှပြီ။ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါလောက်တော့သိ ရူပါဝစရကုသိုလ်စျာန် သမထတွေ ပွားများလို့ ရူပါဝစရတစ်ဆယ့်ခြောက်ဘုံ ဖြစ်ခဲ့ပေါင်း များလှပြီ။ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ အရူပါဝစရကုသိုလ်ဆိုတဲ့ စျာန်သမထတွေ ပွားများလို့ အရူပလေးဘုံ ရောက်တာ များလှပြီ။ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)။

ဒါကြောင့် "သုဒ္ဓါဝါသ ဖူးမရ"။ သုဒ္ဓါဝါသ ငါးဘုံလွှတ်ထားရင် ဘယ်ဘုံဖြစ်ဖြစ် မရောက်ဖူးဘူးလို့ မပြောနိုင်ဘူး ရောက်ဖူးတယ် ဖြစ်ဖူးတယ် ရဖူးတယ် ပြောရမယ်တဲ့။ ဘယ်နှစ်ကြိမ်တုံး မရေမတွက်နိုင်ဘူးတဲ့၊ သံသရာက ဒါလောက်တောင် ရှည်လျားတယ်ကိုးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပြန်ကြည့်စမ်း၊ သူ့ကုသိုလ်တည်းဟူသော အကြောင်းတွေနဲ့ သူ့ဘဝတည်းဟူသော အကျိုးတွေပေါ်နေ။ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ပေါ်ပြီးသားတွေ အဲဒါ နောက်ကြောင်းရာဇဝင်ပြန်ပြီးတော့ အနုမာနအားဖြင့် မှန်းဆကြည့်ရင် သိပါတယ်လို့၊ သို့ကလောက်တောင်ပဲ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ကြီးတွေရအောင် ကြိုးစားလာတဲ့ ကုသိုလ်တွေ တစ်မင်္ဂ တစ်ဖိုလ်ရလား မေးတော့လဲ မရဘူး။ အနည်းဆုံးအားဖြင့် စူဠသောတာပန်၊ဘာမှ မဖြစ်ခဲ့ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက် မှားခဲ့သလဲလို့။ ဒါဖြင့် ခုဘဝ သာသနာကြီးနဲ့ တွေ့ပြန်တော့ ကြိုးစားပြန်ပေါ့။ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်တွေ ကြိုးစားပြန်ပေါ့ဆိုတော့ ဘယ်နဲ့ဖြစ် သံသရာကကျွတ်အောင် လွတ်အောင်ဟဲ့ဆို ကြိုးစား သံသရာဝဋ်ထဲပြန်ဆင်း။ မဆင်းဖူးလား (ဆင်းပါတယ်ဆရာ)၊ အဲဒါ လွတ်အောင်ပြုလုပ်နည်း မဟုတ် မုချမလွတ်ပါ" ဆိုတဲ့ မနေ့ညက ပြသွားတဲ့ လင်္ကာအတိုင်းနည်းက မဟုတ်ဘဲကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဖိုးသာဘမ်း ဝါးထမ်းသလိုဖြစ်နေပေါ့။ အလေးက မလျော့ပါဘူး။ ခုလည်း သံသရာဝဋ်တွင်းက မလွတ်ကင်းပါဘူး။ တစ်နည်းအားဖြင့် အညာဆန်တဲ့ လှေသူကြီးလိုပေါ့ ရွက်ကြီးဖွင့်လို့ အညာဆန်လှေဦးက အညာဘက်လှည့်။ ဒါပေမယ့် သူချနေကြဆိုတဲ့ ဒီရွက်ကြီးက မဖြုတ်ဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရေရွက်မြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဆရာ)၊ အေး-ရေရွက်မဖြုတ်ဘဲနဲ့ ရွက်ကြီးဖွင့် အညာဆန်လို့ တတ်နိုင်ပါ့မလားဟ (မတတ်နိုင်ပါဘူးဆရာ)၊ ပြောတော့ အညာဆန် တယ်တဲ့ ဒါပေမယ့် ရေရွက်ကတန်းလန်းကြီး။ တို့လူစုလည်း သံသရာငြီးငွေ့ နိဗ္ဗာန်လိုချင်လှချည့်ရဲ့ ဆိုပြီးတော့ ကြိုးစားလိုက်တာလို့ နေ့မအား ညမအား ဒါပေမယ့် ရည်ရွယ်ချက်က ဘယ်နဲ့ဖြစ် ဒီဘုံသုံးပါးထဲ ပြန်ပြန်ပြန်ပြန် တဝဲလည်လည်လည်ကြနော် (မှန်ပါတယ်ဆရာ)၊ တပ်တွင်းက ခုန်ကာချလိုက် တပ်ထဲကြ

http://www.dhammadownload.com

ရော့ပဟယ်ဆိုတာမျိုးကြနေ။ ဒီထဲပြန်ကြ မကြဖူးလား (ကြပါတယ်ဆရာ)၊ အဲဒါ လုပ်စဉ်အခါတည်းက ကိုယ်ရည်ရွယ်ချက်ကလေးတွေနဲ့ ကိုယ်လုပ်နေ။ ရည်ရွယ်ချက်လေးတွေကလည်း အားကိုးစရာ လေးတွေ ပါပြီးသား။

ဒါကြောင့် ဆုတောင်းပတ္တနာပြုတဲ့အထဲမှာ သေချာပါတယ်။ ဒါတွေက ငြင်းစရာ မရှိပါဘူး။ အင်မတန်များတယ်၊ ဆုတောင်းပတ္တနာပြုပြီဆိုမှဖြင့် တောင်းပြီး လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် ကိုယ်ကြိုက်ရာကို တောင်းလိုက်ကြတာ ရမယ်ဆိုတာလည်း သိ၊ ရကောင်းတယ် ဆိုတာလည်း ကိုယ်က သိထားတော့ တယ်မက်မော တယ်လိုချင် ဘဝသံသရာကြီးငြီးငွေ့ ထိတ်လန့်တဲ့ အနေအားဖြင့် နိဗ္ဗိန္ဒနစိတ်မျိုးနဲ့၊ နိဗ္ဗိန္ဒနစိတ်ဆိုတာ အင်မတန်တန်ဖိုးရှိ။ နိဗ္ဗိန္ဒနဆိုတာ ငြီးငွေ့တာ။ နိဗ္ဗိန္ဒန စိတ်မျိုးနဲ့ သံသရာကြီး တကယ်ငြီးငွေ့တဲ့ စိတ်ဓာတ်လုပ်စမ်းပါ။ ဒါန သီလ သထမကုသိုလ်ကောင်းမှု အစုစုတွေ တတ်အားသမျှ ကြိုးစားပြီးတော့ ဒီကုသိုလ်ကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာမြတ် အမြန်ဆုံး ရ, ရပါလို၏၊ ရောက်ရပါလို၏။ စိတ်ဓာတ်ကလေးကလည်း ဆန္ဒဓာတ်ကလေး လည်း ပြင်းပြင်းထားရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝတ်ကျေတန်းကျေတော့ မတောင်းနဲ့၊ ဝတ်ကျေ တန်းကျေနဲ့ တောင်းနေလို့ ရမှာမဟုတ်ဘူး အပိုပဲ။

ဒါကြောင့် "လွတ်အောင်ပြုလုပ် နည်းမဟုတ်၊ မုချမလွတ်ပါ"တဲ့။ လွတ်နိုင်ပ့ါမလား (မလွတ်နိုင် ပါဘူးဆရာ)၊ ဘာပြုလို့မလွတ် (နည်းမဟုတ်လို့ပါဆရာ)၊ ဒါဖြင့် လွတ်ချင်တော့ ဘယ့်နဲ့လုပ်ရပါမလား။ (ဝိပဿနာဉာဏ်နဲ့ စဉ်းစားရမှာပါဆရာ)၊ ဟော-မနေ့ကရွတ်သွားတဲ့ လင်္ကာသူမရဘူး၊ မရပေမယ့် သူမှတ်မိတယ်။ "ဝိပဿနာ ပွားများကာ ဉာဏ်သာမူလ မြင်တတ်က မုချလွတ်မည်သာ" ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အရှင်းဆုံးပါပဲကွာ၊ မင်းဥစ္စာ ဒါနသီလ သမထမလုပ်ရဖူးဆိုတဲ့ အဓိပ္ပါယ်ပေါ်နေ မှားနေ ထင်ပါရဲ့ဟာ။ မလုပ်ရဖူးလား (လုပ်ရပါတယ်ဆရာ)၊ ဘယ့်နဲ့လုပ်ရ (ဝိပဿနာဉာဏ်နှင့် ယှဉ်လုပ်ရပါတယ်ဆရာ)၊ ဩော်-ဝိပဿနာဉာဏ်နှင့် ယှဉ်လုပ်တယ် ဟုတ်ပါလား ဌိုကာချဲ့လာ ပေ့ါကွာ။ ငါလဲ ဘယ့်နဲ့လိုက်ဖြေရမှန်း မသိဘူး။ ကိုင်း-ကိုသန်းဖေ ဟောစမ်းပါအုံး။ ဒါနတစ်ခုလုပ်ပါပြီတဲ့ ဝိပဿနာဉာဏ်နဲ့ ဘယ့်နဲ့လုပ် ယှဉ်ရ (ဝိဝဋ္ဋကုသိုလ်ဖြစ်အောင် လုပ်ရပါမယ်ဆရာ)၊ ဩော်-အဲလို လုပ်စမ်းပါကွနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဟဲ့ဟဲ့ဒီကောင် ဖြေလိုက်တော့ ဘာမှ မဟုတ်ဘဲ ကိုးကွ နော်၊ စဖြည်းလာ တာ ငါဟုတ်များလားလို့ အောက်မေ့။ ဝိပဿနာဉာဏ်နဲ့ ယှဉ်လုပ်ဆိုတာက ဒီလိုကိုးကွ အလှူတစ်ခုလုပ်တယ်ဆိုတော့ အလှူပေးပုဂ္ဂိုလ်က ကိုယ့်ကိုကိုယ် ထားသလိုပေ့ါကွနော် (မှန်ပါတယ်ဆရာ)၊ အလှူခံတဲ့ပုဂ္ဂိုလ် မရှိလားကွယ် (ရှိပါတယ်ဆရာ)၊ အေး-ဒါပေါ်မှာ ဝိပဿနာဉာဏ် တင်ရတာပေ့ါတဲ့။ လုပ်လည်း လုပ်ကြပါတယ် တချို့လည်း နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါပေမယ့် ကိုယ်ကိုယ်တိုင်က ဝိပဿနာဉာဏ်ကို မြင်ထားတဲ့ပုဂ္ဂိုလ်မှ တန်ဖိုးရှိတာပါ။ ကိုယ်ကိုယ်တိုင် ဝိပဿနာဉာဏ်ကို မြင်ထားတဲ့ပုဂ္ဂိုလ် မဟုတ်ပြန်တော့ သင်ပေးလို့သာ လိုက်ရတယ်။ ဘာမှ အဓိပ္ပါယ် နားမလည်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဝိပဿနာတင်ဟဲ့, လက္ခဏာရေး သုံးပါးတင်ဟဲ့။ ငါအလှူပေးတဲ့ပုဂ္ဂိုလ်လည်းပဲ မမြဲပါလား အနိစ္စတရားချည်းဟဲ့နော် (မှန်ပါတယ်ဆရာ)၊ ငါလှူလိုက်တဲ့ လှူဖွယ်ဝတ္ထုလည်း မမြဲပါလား အနိစ္စပါလားဟဲ့ နော် (မှန်ပါတယ်ဆရာ)၊ ငါလှူတဲ့လှူဖွယ်ပစ္စည်းကို အလှူခံတဲ့ အလှူခံပုဂ္ဂိုလ်လည်း မမြဲပါလား အနိစ္စပါလားဟဲ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲသလို လက္ခဏာရေးသုံးပါးအားဖြင့် တင်စားပြီးလှူပါတဲ့ သာမန်လှူတဲ့ ပုဂ္ဂိုလ်စာလို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ တကယ်နီးပါးတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလို သင်ကြားပေးပြန်တော့ လှူတဲ့ပုဂ္ဂိုလ်က သင်ပေးတဲ့အတိုင်း လိုက်ပြန်တော့ သူ့ဉာဏ်က နားက မလည်တော့ဘူး။ ငါအလှူပေးတဲ့ ပုဂ္ဂိုလ်လည်းပဲ မမြဲပါလား အနိစ္စတရားဟဲ့၊ လှူဖွယ်ဝတ္ထုကလည်း မမြဲပါလား အနိစ္စတရားဟဲ့၊ အလှူခံ ပုဂ္ဂိုလ်ကလည်း မမြဲပါလား အနိစ္စတရားဟဲ့ ချပေးလို့သာ လျှောက်ဆိုရတယ် အနိစ္စ၊ သူကလည်း ဘာမှန်း မသိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သိပ်ပြီးတော့ ပိုင်ထားတာ မဟုတ်ဘူး။

ဒါပေမယ့် လူပြိန်း ဘုံသုံးပါးတမ်းတပြီးတော့ လှူနေတာစာရင်ဖြင့် တစ်ပမ်းသာတယ်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ဝိပဿနာဉာဏ်မြင်ပြီးသား ပုဂ္ဂိုလ်များကြတော့ အနည်းဆုံး ကလျာဏပုထုဇဉ် စူဠသောတာပန်ရောက်လို့ ရုပ်နာမ်ခန္ဓာ ပရမတ် ပညတ် ပြတ်သားနားလည်နေတဲ့ ပုဂ္ဂိုလ်ကြတော့ နားလည်တယ်နော် (မှန်ပါတယ်ဆရာ)၊ နားလည်တယ်, နားလည်တယ် ဘာပြုလို့ လဲဆိုတော့ သူက "သဿတဝါဒက"မရှိ၊ သမုတိပညတ်အနေအားဖြင့် ပြောနေတာ။ ဒီဘဝကနေ ငါလှူတဲ့ ကုသိုလ်ကောင်းမှု အကျိုးဆက်ကြောင့် နောင်ဘဝကြတော့ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏။ ဩော်-ဒါတွေ တောင်းနေတာ၊ ပရမတ်သဘောနဲ့ကြည့် ပုဂ္ဂိုလ်သတ္တဝါလည်း မရှိပါလားဟ။ ဒီဘဝလည်းမရှိ ဟိုဘဝလည်း မရှိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သိတယ် သိတယ် အမှန်ကတော့ အခုဖြစ်ပေါ်နေတဲ့ လှူချင်တာလေးလည်း စေတနာ၊ လှူလိုက်တာလည်း စေတနာ၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါလှူတဲ့ပုဂ္ဂိုလ်လည်း ရုပ်နာမ်နှစ်ပါးပဲ။ လှူဖွယ်ဝတ္ထုပစ္စည်းဆိုတာကလည်း အဝိညာဏကရုပ်ပဲ။ အလှူခံတဲ့ ပုဂ္ဂိုလ်လည်း သေချာကြည့်ပြန်တော့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါဘူး။ ရုပ်နာမ်နှစ်ပါးပဲ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုက ပိုပြီးတော့ တန်ဖိုးရှိတယ်။ ဒီရုပ်နာမ် နှစ်ပါးဆိုတဲ့ အလှူခံပုဂ္ဂိုလ် အလှူပေးပုဂ္ဂိုလ် လှူဖွယ်ဝတ္ထု အစုစုဆိုတဲ့ တရားတွေ သေချာကြည့်ပြန် တော့ မျက်တောင်တစ်ခတ်မှာ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ပျက်နေတဲ့ အနိစ္စ ပျက် နေတယ်။ အမှန်ကတော့ အနိစ္စတရားတွေ ဒီလိုများတင်စားရင် တောင်းတာကလည်း မဂ်ဉာဏ်

http://www.dhammadownload.com

ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရည်ရွယ်လို့ လှူဆဲခဏလေးမှာ မိမိကိုယ်ပေါ် နှင့်တကွ လှူဖွယ်ဝတ္ထုက အလှူခံ ပုဂ္ဂိုလ်အပေါ်မှာ တင်စားပြီးတော့ ဒီလိုများ လှူလိုက်ရ အပ်တလိပ်လေးလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နားကပ်လို့နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်တန်ဖိုးရှိ။

အခုဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရအောင် မဂ္ဂအန္တရာယ်က တားထားပေမယ့် ဒုတိယဘဝ သေချာပေါက်ရတယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အင်မတန် တန်ဖိုးရှိတဲ့ဉာဏ်ခေါ်တယ်။ ဒီလိုသင်္ခါရဓမ္မ လက္ခဏာရေးသုံးပါးအားဖြင့် မတင်စားမိဘူး ထားပါတော့ ငါလှူတဲ့ ကုသိုလ်ကောင်း မှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာမြတ် အမြန်ဆုံး ရရပါလို၏လို့ ဆုတောင်းလိုက်ရင် အဋ္ဌကထာဆရာက တစ်နေ့ညက ချပြထားတဲ့ဝါဒအတိုင်း ပေးထားတဲ့ နိသျည်းအတိုင်းနော် (မှန်ပါ တယ်ဆရာ)၊

"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူတိ ဇဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋူပသေန သမ္မာ ဌာပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိညာဏမ္ပိ သဗ္ဗညုတညာဏမ္ပိ ဒါတုံ သက္ကောတိယေဝ"

တန်ဖိုးရှိလွန်းလို့ အဋ္ဌကထာဆရာကြီးက သနားတယ်။ မင်းတို့ ငါတို့တွေ သနားတယ်နော် (မှန်ပါတယ်ဆရာ)၊ နောက်သာသနာမှာ လာဆဲလာလတ္တံ့ဆိုတဲ့ ယောင်ချာယောင်ချာနဲ့ ပညာမျက်စိ လုံးလုံး မရှိကြတဲ့ အန္ဓပုထုဇဉ်ခေါ်တဲ့ ပုဂ္ဂိုလ်များအတွက် ငဲ့ကွက်ပြီးတော့ ဒီနေရာမှာ နိဿျည်း ပေးသွားတယ်။ နည်းပေး သွားတယ်လို့ ဒီလို လုပ်ကြနော် (မှန်ပါတယ်ဆရာ)။ ဒီလို လုပ်ပြီးလားဆိုမှဖြင့် ဒီလိုလုပ်တဲ့ကုသိုလ်က ဘယ်ထိအောင် အကျိုးကြီးသလဲဆိုရင် အရဟတ္တဖိုလ်ထိအောင် ရနိုင်တယ်တဲ့။ အာသဝေါတရားကုန်ခမ်းလို့ လေးမဂ်လေးဖိုလ်ရတဲ့ ရဟန္တာအစစ် ဖြစ်နိုင်တယ်တဲ့။ ဒါပဲလား မဟုတ် သေးပါဘူး ပစ္စေကဗုဒ္ဓါဘုရားငယ် ဖြစ်နိုင်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါပဲလား မဟုတ်သေးပါဘူး သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်နိုင်တယ်။ ရှေ့ဖြစ်စရာရှိသေးလား (ကုန်ပါပြီဆရာ)၊ အေး-ကုန်ပြီ ဒီထိအောင် တန်းကသွားတယ်နော် (မှန်ပါတယ်ဆရာ)။ သောတာပန် သကဒါဂါမ် အနာဂါမ်လောက်တော့ ထားခဲ့၊ ပြောစရာ မလိုတော့ဘူးတဲ့။ လေးမဂ်လေးဖိုလ်ထိပ်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ်ရ။ ဒါထက် တစ်ဆင့်တက်တော့ ပစ္စေကဗောဓိဉာဏ်ရ၊ ဒါထက် တစ်ဆင့်တက်ရင် သမ္မာသမ္ဗောဓိဉာဏ်ရ ဟုတ်ဖူး လား (မှန်ပါတယ်ဆရာ)၊ အဲသလောက် တန်ဖိုးရှိ။

ဒါကြောင့် သံသရာဝဋ်တွင်းက လွတ်ကင်းချင်လို့ရှိရင် ဒီအခြေမျိုးနဲ့ ဒီသဘောမျိုးနဲ့ ကြိုးစား အားထုတ် အလုပ်လုပ်ကြ။ ယောင်ယောင်မှားမှားနဲ့ လုပ်ပေါင်းလည်းများပြီ တော်ကြစို့ရဲ့နော် (မှန် ပါတယ်ဆရာ)၊ သတိတရားလည်းထားပေ့ါ။ သံသရာရဲ့ဘေးတွေလည်း ပြောပေါင်းလည်းများပေ့ါ။

http://www.dhammadownload.com

သံသရာထဲ နေရတာ သုခရှာမရဘူး။ ဒုက္ခအစစ်ချည်းပဲ။ ဇာတိ ဇရာ ဗျာဓိ မရဏ ဒါသူသိ ငါသိ ဒုက္ခကြီးတွေ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ သောကပရိဒေဝဒုက္ခ၊ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တစ်ဆယ့်တစ်ပါးသော မီးတွေ ဖြစ်ရာဘဝ တဟုန်းဟုန်း တဟီးဟီးနဲ့လောင် အလောင်ခံ တော်တော်ကြာသေကြ၊ နောက်တစ်ဘဝလာ သေကြ၊ သေပြီးရင်း သေရင်း သေပြီးရင်း သေရင်း။ ဒါ တို့ ဉာဏ်ဆယ်ပါးတုန်းက ပြခဲ့ပေ့ါ။ ဒီခန္ဓာကောင်ကြီး ဖြစ်လာခြင်းကိုက ခန္ဓာငါးပါး ဖြစ်အောင် ထူထောင်ပေးတဲ့ သဘောသေချာပြန်ကြည့်။ ခန္ဓာကောင်ကြီး ဖြစ်လာတည်းက ဘာဖြစ်။ သေမင်းရဲ့အစာ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေမင်းစားဖို့ လုပ်ပေးရတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သာလုကဝက်ကြီး မှတ်မိသေးလား မမှတ်မိဘူး ဘာမှမသိဘူး (မှတ်မိပါတယ်ဆရာ)။ ဘာတုံး သာလုကဝက် ရမ်းချနေ (အသားတိုးအောင် အစာရေစာ ကျွေးထားတာပါဆရာ)၊ ဩော်-အသားတိုးအောင် အစာရေစာ ကျွေးထားတယ်လား (မှန်ပါတယ်ဆရာ)၊ နောက်တော့ ဘာဖြစ် (သေတာပါပဲဆရာ)၊ ချက်စားလိုက်ကြတာပဲနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စားဖို့ အသားတိုးအောင် မွန်မြတ်တဲ့ ဆန်ကွဲ ဖွဲနု အစရှိတဲ့ ယာဂုထမင်းတွေ ကျွေးမွေးနေတယ်လို့ အသားတိုးအောင် အသားတိုးအောင် အသားတိုးလေ တန်ဖိုးရှိလေ မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဆူလေလေ ဆူလေ ခက်ပါဘိ ရှာသူတို့ ဝက်လို"လို့ လယ်တီဆရာတော် ရေးထားတဲ့ စာလေးရှိတယ်။ အင်မတန် မှတ်ဖို့ကောင်း။ အသားတွေ အရေတွေ တိုးလို့ ဆူဖြိုးလာလေ ခက်လေ မဟုတ်လားကွ (ခက်ပါတယ်ဆရာ)၊ သေမင်း စားမှာကိုးကွ သေမင်းရဲ့ အစာနော် (မှန်ပါတယ်ဆရာ)၊ သေမင်းရဲ့ အစာလို့ ခန္ဓာငါးပါး ဖြစ်လာသေမှာပဲ။ တော်တော်ကြာ သေမှာပဲ။ သေခြင်းနဲ့ မကင်း။ ဒါဖြင့် သေခြင်းနဲ့ကင်းရာ ဘယ်နေရာလည်းဆိုတော့ အမတ-သေခြင်းကင်းသော နိဗ္ဗာန်လို့ မြတ်စွာ ဘုရားကိုယ်တော်မြတ်က ဟောထားလို့ နိဗ္ဗာန်ကြမှ အသေရပ်မယ်တဲ့။ နိဗ္ဗာန်ကြ သေအုံးမှာလားဟ (မသေတော့ပါဘူးဆရာ)၊ နိဗ္ဗာန်ကြ မသေဘူးတဲ့၊ အဲဒီကြမှ ဇိမ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ မလိုချင်ဖူးလား (လိုချင်ပါတယ်ဆရာ)၊ ငါတော့ ညာမနေနဲ့ နိဗ္ဗာန်က အသေပြတ်လို့ အသေရပ်လို့ မသေဘူး။ သေခြင်းကင်းတယ်ဆိုတော့ လိုချင်တယ်သာ ပြောတယ်။ နိဗ္ဗာန်ရဲ့ သဘောတော့ မင်းသိ သလား (မသိသေးပါဘူးဆရာ)၊ မသိဘဲနဲ့ ရမ်းလိုချင် နော်။ နိဗ္ဗာန်ရဲ့အဓိပ္ပါယ် မသိဘဲနဲ့ နိဗ္ဗာန် လိုချင်တယ်ဆိုတော့ ငါတော့ ပလီတယ် ထင်တယ် လူတိုင်းလူတိုင်း။

ဒါကြောင့်လည်းပဲ တို့လူစုတွေက သံသရာထဲ ပြန်ပြန်မျက်စိလည်လည်သွားတာပေ့ါကွ။ အမှန်ကနော် (မှန်ပါတယ်ဆရာ)၊ ဥပမာလေးတစ်ခု ပြောမယ်ကွာ ထန်းလက်တဲလေးနဲ့ တန်းတောထဲ မှာ နေရတဲ့ သူဆင်းရဲတစ်ယောက် မနက်စာ ညစာစားသောက်နေရ အင်မတန်ဆင်းရဲ၊ ဒီထဲ နှိပ်စက်မဲ့

http://www.dhammadownload.com

.ပုဂ္ဂိုလ်ကလည်း ပေါ်သေး။ အဲသလောက်တောင် ဘေးဒုက္ခတွေ များနေတဲ့ သူဆင်းရဲ တစ်ယောက်ကို သွားပြော။ အဲဒီ ထန်းလက်ထဲမှာ နေရခြင်းထက် ပိုပြီးတော့ ချမ်းသာသုခရှိတဲ့ တိုက်ကြီးနဲ့ ဓာတ်မီးနဲ့ မော်တော်ကားနဲ့ ဆန်ဆီဆား အပြည့်အစုံ အေးအေးချမ်းချမ်းထားမယ်၊ ခင်ဗျာ မြို့ပေါ် ပြောင်းပါလို့ သွားပြောရင် ထန်းလက်တဲသမားက ဘယ့်နှယ့်ပြော အခုလား (ဝမ်းသာမှာပါဆရာ)၊ အခုလားပေ့ါကွ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ငြင်းနေအုံးမှာလား (မငြင်းပါဘူးဆရာ)၊ သူနေရတာထက် ပိုချမ်းသာတယ်ဆိုတာ သူသိပြီလား (သိပါတယ်ဆရာ)။ သိလို့ အခုလား ပြောင်းမယ်လား (မှန်ပါ တယ်ဆရာ)၊ ငြင်းအုံးမှာလား (မငြင်းနိုင်ပါဘူးဆရာ)၊ ဒီဥပမာလိုပဲကွ သံသရာက ထန်းလက်တဲစုပ်နဲ့ တူပုံလေး မှတ်ထား။ နိဗ္ဗာန်က ခုနပြောတဲ့ တိုက်ကြီးနဲ့ ဓာတ်မီးနဲ့ မော်တော်ကားနဲ့ စားနပ်ရိက္ခာ အပြည့်အစုံနဲ့ လာသူ တစ်သက်နိဗ္ဗာန်က ဒါနဲ့ထားနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ထန်းလက်တဲက လူက ဒီတိုက်ကြီးရဲ့ စည်းစိမ်တွေ မြင်ပြီးတော့ ထန်းလက်တည်း မခင်တွယ်သလိုပဲ တိုက်ကြီးသာ ခုချက်ချင်း ပြေးလိုက်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုးလို၊ ခုလည်း တို့ လူစုတွေ သံသရာ အပြစ်ပြတော့ပြ ပြပေမယ့် သံသရာအပြစ်မြင်သင့်သလောက်မြင်၊ မြင်ပေမဲ့ ထန်းလက်တဲစုပ်ကလူ ထန်းလက်တဲ လက်လွှတ်ရင် ခိုကိုးစရာ မရှိတော့ ထန်းလက်တဲပဲ ကုပ်နေနော် (မှန်ပါတယ်ဆရာ)၊ ဒါလေး ခွာသွားရင် ဒါထက်စုပ်တာ နုပ်တာရောက်ချင် ရောက်သွားမျာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ကြောက်တယ် ကြောက်တယ်။ ဒါအားကိုးလောက်တဲ့ တိုက်ကြီးနဲ့ ဓာတ်မီးနဲ့ မော်တော်ကားနဲ့ အရံသင့်ဆိုတဲ့ စည်းစိမ်ကြီးမြင်တော့ ထန်းလက်တဲ ခင်တွယ်အုံးမှာလား (မခင်တွယ်တော့ပါဘူးဆရာ)၊ မခင်တွယ်ဘူး ပြောင်းမလားဆို ခုလား ဒီလိုလာမယ်။

ဒါကြောင့် နိဗ္ဗာန်ရဲ့ သဘာဝကို ကျကျနန သိလာမှ ဟော သံသရာထန်းလက်တဲထင်တယ် အမြန်ဆုံး ပြောင်းချင်နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ နိဗ္ဗာန်ရဲ့ သဘာဝကျကျနန မသိတော့ ဘယ့်နှဲ့ဖြစ်နေသလဲဆိုတော့ ပါးစပ်ကတော့။ “နိဗ္ဗာနဿ ပစ္စယော ဟောတု၊” ဆုတောင်းလဲ နောက်ဆုံး ကြတော့ နိဗ္ဗာန်ချမ်းသာ အမြန်ဆုံး ရောက်ရပါလို၏၊ ရရပါလို၏၊ တောင်းပါရဲ့ အဲဒါ ဝတ်ကျေ တန်းကျေဖြစ်နေ စေတနာက သိပ်မပါဘူး။ ဘာပြုလို့ နိဗ္ဗာန်အကြောင်း ကောင်းကောင်းမသိ ကိုယ် သိထားတဲ့ သတင်းစကားတွေကလည်း အားရစရာ တစ်ချက်မှ မရှိဘူး။ နိဗ္ဗာန်နဲ့ ပတ်သက်လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဖြစ်လို့ သံသရာဘက်ကို ထန်းလက်တဲ လက်မလွှတ်သလိုပဲလို့ သံသရာကို အရကုပ်ထား။ ဒါကြောင့် တစ်ဘဝလာရင်း လူကောင်း နတ်ကောင်းဖြစ်ချင်တာပဲ။ ဒီစည်းစိမ်ပဲ မက်မော မက်မော ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

အမွေကို မက်မော အဖေ့ခေါင်းအုံးကို မျက်စောင်းထိုးနေတဲ့သားချွေးမများ

ဒါကြောင့် လုပ်သမျှ အလုပ်ကလေးတွေလည်း ဘယ့်နှဲ့ဖြစ်တုံးဆိုတော့ သံသရာကိုပဲ မျက်နှာချိုသွေးပြီးတော့ လက်ဆောင်ပေးတယ်ဆိုတဲ့ အနေမျိုးရောက်။ ဒီဘက်မျက်စောင်းထိုးရတယ် လူကောင်း နတ်ကောင်း ဘဝကောင်းမှု ငါကောင်းဖို့ ဒါမျက်စောင်းထိုး ဒီတော့ ဥပမာလေးတစ်ခု ပြောမယ်။ ရှေ့ကတုန်းက အဖိုးကြီးတစ်ယောက်ရှိတယ်၊ သားက ခြောက်ယောက်ရှိတယ်။ အဖိုးကြီးက ငယ်ရွယ်စဉ်အခါ ဥစ္စာပစ္စည်းလေးက တော်တော်တောင့်တောင့်တင်းတင်း ရှိတော့ သားတွေလည်း ခြောက်ယောက်အိမ်ထောင်ခွဲတွေဖြစ်။ အသီးသီး အိမ်ထောင်ရက်သားတွေကြ။ အဖိုးကြီးတစ်ယောက်တည်းနေရတော့ ဟိုသားအိမ်တက်နေသော်လည်းပဲ သားက ကြည်ဖြူပေမယ့် ချွေးမက မကြည်ဖြူ။ တစ်လမကြာသေးဘူး တစ်အိမ်ပြောင်းရပြန်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ အဖိုးကြီးက စိတ်ကူးပေါ်တယ်။ ငါ့လည်း အသက်အရွယ်ကြီးပြီ။ ငါ့လည်းပဲ သားသမီးအတွက် ရှာဖွေထားတဲ့ စုဆောင်းထားတဲ့ ပစ္စည်းလေးတွေရှိသေး။ ဒီပစ္စည်းလေးတွေ ငါမသေခင်က အမွေခွဲပေးရင် ကောင်းမှာပဲ။

ငါသေမှခွဲလို့ရှိရင်ဖြင့် မုချတစ်ယောက်နဲ့တစ်ယောက် မသင့်မမြတ်ဖြစ်ရင် ရန်ပိုများချည်ရဲ့လို့ အဖိုးကြီးက မသေခင် ကြိုတင်ပြီးတော့ စုဆောင်းထားတဲ့ငွေကလည်း ခြောက်ထောင်လောက်ရှိ၊ သားခြောက်ယောက်ခေါ် မျက်မှောက်တွင် ကိုင်း-အသက်အရွယ်လည်း ကြီးပြီကွာ သင်္ခါရဓမ္မဆိုတာ ကွေးသောလက်မဆန့် ဆန့်သောလက်မကွေးမှီ ဆိုသလိုပဲ အဖေ့မျက်ကွယ်တော့ တစ်ယောက်နဲ့ တစ်ယောက် မသင့်မမြတ်ဖြစ်မှာလည်း အင်မတန်စိုးလို့ အဖေစုဆောင်းထားတဲ့ ပစ္စည်းလေးတွေ ဒီ၍ဒီမျှရှိ ငါ့သားများ အညီအမျှဝေယူကြ တစ်ထောင်စီ ဝေပေးလိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်ထောင်စီ ဝေပေးလိုက်တော့ သားများက အမွေတစ်ထောင်ဆီရတော့ သူကကျွေးချင် ငါကကျွေးချင်ပေါ့လေ။ အဖေ ကျွန်တော့ အိမ်စား တခြားအိမ်သွားမနေနဲ့ သားကြီးက။ အေး-ပေါ့ကွာ စားတာပေါ့ အမွေက ရစကိုးကွနော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် တယ်မကြာဘူး တစ်လနှစ်လကြာ ချွေးမနဲ့ သဟဇာတမဖြစ်၊ လူစိမ်းက ဖက်ထားတော့ ကြည်ဖြူမှုက မရှိဘူး။ ဆူဆူပူပူနဲ့ ဆောင့်ဆောင့် အောင့်အောင့်ဖြစ်တော့ အဖိုးကြီးက စိတ်နှလုံးမချမ်းသာတော့ သားလတ်အိမ် တစ်ခါပြောင်း သားလတ်အိမ် တစ်ခါပြောင်း ဒီလိုပဲ ခံလှ တစ်လကိုးသတင်း ဒီလိုပဲ တစ်အိမ် တစ်အိမ်နဲ့ မျက်နှာမသာလို့ ပြောင်းပြောင်း ပြောင်းပြောင်းသွားရတော့ သားခြောက်ယောက်စေ့တော့ အဖိုးကြီးက စိတ်ကူးပေါ်တယ်။ ငါ့တော့ ခက်ပြီ အမွေ စောစောသွားပေးမိတာ ခက်ပေါ့။ အခုမှ ပြန်တောင်းလို့လဲ မဖြစ်နိုင်တော့ဘူး။ တရားဝင်နဲ့ အလုပ်လုပ်ထားပြန်တော့လည်း အခုပေးဟဲ့ ပေးဟဲ့ အခုယူဟဲ့ ယူဟဲ့ ဆိုလို့ မဖြစ်နိုင်။ ဒါပေမယ့်လို့ အဲသလို အမွေဝေ

http://www.dhammadownload.com

မိတဲ့အတွက် ငါတော့ အနေကြပ်လှချည်းရဲ့ အသေလည်းကျပ် အနေလည်းကြပ် ဖြစ်နေပေ့ါလို့ အဖိုးကြီးက တစ်နေ့တော့ စဉ်းစားတယ် ဒီတိုင်း နေလို့တော့ မတော်ဘူး။

ငါလည်း အသက်အရွယ်ကြီး တစ်သီးပုဂ္ဂလနေလို့လည်းမဖြစ် ဒီတော့ ကြံအုံးမှပဲလို့ အဖိုးကြီးက အကြံထုတ် နောက်တော့ စိတ်ကူးပေါ်လာ ဘယ်နဲ့ပေါ်လာ ခဲတိုခဲစ လျှောက်ရှာ ဟိုကရ ဒီကရ ငါဆယ်သား ခြောက်ဆယ်သားလောက်ပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ ခဲများ တယ်လေးသကိုးကွ ရွှေနဲ့အတူတူပဲနော် (မှန်ပါတယ်ဆရာ)၊ ရွှေရယ် ခဲရယ် ပြဒါးရယ်ဆိုတာ မှတ်ထား။ အသားချင်း အတူတူပဲ ကျစ်ကျစ်လစ်လစ်နဲ့ လေးတဲ့အသားတွေ ဒီတော့ ခဲတွေ ခဲတိုခဲစတွေ ဟိုလျှောက်ရှာ ဒီလျှောက်ရှာ ဒီလျှောက်ကောက် ငါးဆယ်သား ခြောက်ဆယ်သားလောက်ရတော့ အဲဒီခဲတိုခဲစ သူ့အုံးတဲ့ ခေါင်းအုံးထဲ ပေါက်ပြီးတော့ အလယ်ခေါင်တည့်တည့် အဝတ်နဲ့စည်းပြီးထည့် ထည့်ပြီးတော့ စာတစ်စောင်လည်းရေးသေး၊ စာတစ်စောင်ရေးပြီးတော့ ဒီထဲထည့် ခေါင်းအုံးပြန်ပိတ် သားတွေ ပြန်ပြီးတော့ အဖိုးကြီးက တစ်ပတ်ရိုက်တယ်။ သားအကြီးခေါ်ပြီးတော့ လူအလစ် သားကြီးခေါ်၊ ငါ့သား မင်းကလည်း အကြီးဆုံးဖြစ်နေ ဟိုကောင်တွေကတော့ ငယ်ရွယ်သူဖြစ်နေတော့ ရှေ့ရေး နောက်ရေး တွေးတောစဉ်းစားတတ်တာ မဟုတ်ဘူး။ ငါ့သားတစ်ယောက်ပဲ လိမ္မာရေးခြားရှိလို့ အကြီးအကဲကလည်း ဖြစ်နေ။

ဒါကြောင့် ဟိုကောင်တွေနဲ့ မတော်ဘူးကွ၊ ဟိုကောင်တွေလည်း မပြောနဲ့၊ အဖေများ မနေရလို့ သေရင်လေ ဟောဒီခေါင်းအုံးလက်မလွှတ်နဲ့ ကြားလား ငါ့သား၊ နားနားကပ်ပြီး တိုးတိုး မှာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သားကြီးက ခေါင်းအုံးထဲတော့ မုချငါ့အဖေတော့ တို့ဝေတဲ့ အမွေအပြင် မုချရွှေတော့ရှိပြီ၊ ခေါင်းအုံးထဲ သူဖွက်ထားတာရှိလို့၊ ဒါကြောင့် သားခြောက်ထဲမှာ ငါပို၍မေတ္တာရှိလို့ ဟိုကောင်တွေ အသိမပေးဘဲနဲ့ ငါ့လက်ကုပ်ပြီး အသိပေးတာဟ။ အဖေများ သေရင်တော့ ခေါင်းအုံးတော့ ရှိနေပြီ၊ ခေါင်းအုံးတော့ ငါအရယူမယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီအချိန်ကစပြီးတော့ သားကြီးက ချွေးမပြော၊ ချွေးမကလည်း သဘောပေါက်တယ်။ အဖိုးကြီး ခေါင်းအုံးကို မျက်စောင်းထိုးတယ်။

ဒါတင်မကဘူး အဖိုးကြီး အိမ်ပေါ်အရောက်တင် အဖေ ဟိုဟိုဒီဒီ လျှောက်ပြီးတော့ ဟိုအိမ် ပြောင်း ဒီအိမ်ပြောင်းနဲ့ အဖေအသက်အရွယ်လည်း ကြီးပြီး မတော်လှပါဘူး။ ကျွန်တော်အိမ်မှာပဲ မသေမချင်းပေ့ါ အဖေရယ်၊ တစ်သက်လုံး အိမ်ဦးက ထားပြီးတော့ ကျွန်တော်တို့ လုပ်ကျွေးသမှုပြု ပါရစေ။ ခေါင်းအုံးရဲ့ တန်ဖိုးက တိုးလာမှကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အေး-ငါ့သားတယ်လိမ္မာကွာ အဖေစိတ်ချမ်းသာ ကိုယ်ချမ်းသာနေရတာပေ့ါ သာခု သာခု အိမ်ပေါ်တင် ခြေဆုပ်လက်နယ်ပြု

http://www.dhammadownload.com

ဝတ်ကြီးဝတ်ငယ်ပြု လင်မယားနှစ်ယောက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဝမ်းပန်းတသာနဲ့ နေလို့ ခေါင်းအုံးကိုချည်းပဲ မျက်ခြေမပြတ် အကဲခတ်နေ၊ အဖေများ မတော်တဆ သေသွားရင်တော့ ခေါင်းအုံးတော့ ဟိုကောင်တွေ မသိအောင် အုပ်လိုက်မှပဲ လင်မယားနှစ်ယောက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဖိုးကြီးက စဉ်းစားတယ် ငါပေးထားတဲ့ အမွေက တစ်ထောင်ဆီ ငါ့သားကြီး အိမ်မှာ ချည်း အမြဲတစေ ဒီလို စားနေပြန်တော့ ငါ့သားနှိပ်စက်ရာရောက်လိမ့်မယ်၊ မိဘဆိုတာ ကရုဏာလည်း မကင်းဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ မျှချင်တယ် မျှချင်တယ်၊ အဖိုးကြီးက မျှပြီးတော့ တာဝန်ခံ စေချင်တယ်။ ဒီလိုလုပ်လို့ မဖြစ်သေးဘူး။ ငါ့သားကြီး ပင်ပန်းနေရော့ ငါပေးတဲ့ ငွေကလည်း တစ်ထောင် အညီအမျှပေးထားတာ။

ဟိုကောင်တွေဆီ တစ်လှည့်တော့ လှည့်အုံးမှ သားကြီးအလစ် ချွေးမအလစ် ဒုတိယသား လာတော့ လက်ကုပ်ပြီး အနားခေါ်တယ်။ ငါ့သား အနားလာစမ်း၊ သားက လာတယ်၊ အဖေဘာကိစ္စ အဖေ စကားတစ်ခု ပြောခြင်လို့ပေါ့ကွယ်။ အဖေ ဘာပြောချင်တုံး၊ တခြားဟုတ်ပါဖူး၊ မင်းက လိမ္မာရေးခြားရှိတယ်။ ငါ့သားခြောက်ယောက်ရှိတဲ့အနက် မင်းက အမျှော်အမြင် ဆင်ခြင်စဉ်းစားလည်း ရှိတယ်။ လူရေလည်းလည်တယ်၊ အဖေပြောတဲ့စကား သေချာမှတ်ထား။ ဟိုကောင်တွေ မကြားစေနဲ့ ကြားလား။ မင်း ငါပိုမေတ္တာရှိလို့ မင်းနဲ့တော်တယ်ထင်လို့ ငါဒီစကား ပြောတာ။ ဟိုကောင်တွေ နား မပေါက်ကြားစေနဲ့၊ အဖေဘာတုံး၊ ဘာအကြောင်းထူးလို့တုံး။ အကြောင်းထူးတာ မဟုတ်ပါဘူးကွာ။ ငါများသေရင်လေ အဖေအုံးတဲ့ ခေါင်းအုံးလက်မလွတ်နဲ့ နော် ကြားလား။ သားက ရိပ်မိပြန်ပေါ့။ တန်တော့ အမွေဝေတာ မကုန်ဘူး၊ ဒီအဖိုးကြီး မုချ တစ်ပုံတစ်ဝက်တော့ ကျန်သေးတယ်။ ရွှေတို ရွှေစတော့ သူ့ခေါင်းအုံးထဲ ရှိပြီး အဲဒါ သားခြောက်ယောက်ရှိတဲ့အနက်က ငါပိုမေတ္တာရှိလို့ ဟိုကောင် တွေ အသိမပေးဘဲနဲ့ ငါ့ခေါ်ပြီးတော့ ပြောတာဟေ့။ မှာတာဟ နေရာကြပေါ့၊ ဖြုန်ဆိုအိမ်ပြန် ပြေးတယ်။ အကြောင်းထူးလေး ဝမ်းသာစရာရှိရင် အိမ်သူမလည်း ဝမ်းသာစေချင်တာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ လာစမ်းဟေ့ အိမ်ရှင်မ ဘာပြုလို့တုန်း ငါ့အဖေဆီကပြန်လာ ပြောစမ်းပါအုံး အဖေဆီက, အဖေဆီက ပြန်လာတော့ အဖေခေါ်ခဲ့ရမလားလို့ ချွေးမက မျက်နှာခပ်အိုအို ခပ်တင်း တင်းနော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့တုံး အဖေဆီက ပြန်လာတော့ နေစမ်းပါအုံး ငါပြောတာ နားထောင်စမ်းပါအုံး အဖေက ငါဒီလို ဒီလို ပြောတယ်။ ဘယ့်နဲ့ပြောတုံး ဝေါက်ဆက်ဆက် နေစမ်းပါအုံးဟ ငါပြောပါရစေ။

အဖေက ငါ့လက်ကုပ်မှာတယ် ဘယ့်နဲ့သေတော့မယ်လား။ ဩော်-ခက်လိုက်တာကွာ။ ဒီလိုကွ သားခြောက်ယောက်ရှိတဲ့အနက် တို့လည်း အမွေဝေပြီးပြီ မဟုတ်လား။ အေး-ပြီးပြီလေ ဒါဘာပြု

http://www.dhammadownload.com

လို့တုံး၊ ကိုယ့်အဖေ ကျွေးရတာ တစ်ဝက်တစ်စိတ်ကုန်ပေါ့။ နေစမ်းပါအုံ မင်း ငါကျွေးဖို့ ပြောတာ မဟုတ်ပါဘူး။ အဖေမှာ မကုန်သေးဘူးကွ ပစ္စည်း။ ဟင် ဟုတ်ကဲ့လား၊ ဟင် ဒီလိုကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဟင် ဟုတ်ကဲ့လား ဟုတ်တယ် မကုန်သေးဘူး။ ဘယ့်နဲ့ပြော ဘယ်လို သိလာတုံး သိတာ တခြားမဟုတ်ဘူး။ အဖေက ငါ့လက်ကုပ်ပြောတယ်၊ ဟိုကောင်တွေ မသိစေနဲ့၊ မင်းက လည်လည်ပတ်ပတ်ရှိတယ်။ ရှေ့ရေးနောက်ရေးလည်း တွေးတောစဉ်းစားတတ်တယ်။ ငါများ သေရင်လေ မင်းသေချာမှတ်ထား၊ အဖေအုံးတဲ့ခေါင်းအုံးများ လက်မလွှတ်နဲ့နော်၊ ငါ့အဖေ ငါ့လက်ကုပ်ပြီးတော့ ဟိုကောင်တွေ မပြောနဲ့လို့ ငါ့မှာတယ်ဟ။ အေး - နေရာကျ ဇကန်ဒိဋ္ဌ အဖိုးကြီး ပစ္စည်းတွေရှိရမယ်၊ ကျွန်မက အစောကြီးတည်းကထင်သား ဒီအဖိုးကြီးပစ္စည်း မကုန်သေးဘူးဆိုတာ အသိသား။ ဒါသိပြီးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ နေရာကြပဟေ့။ ဒါဖြင့်ကွာ ဒီလိုနေလို့ မဖြစ်ဘူးဟ အစ်ကိုအိမ်ပေါ် အမြဲတစေ နေပြန်တော့ ဖျတ်ခနဲ သေသွားရင် အစ်ကိုသိမ်းသွား ဘယ့်နဲ့လုပ်ပ့ါ။ အေး-ဒါလည်း ဟုတ်ရဲ့၊ ဒီတော့ တို့အိမ် အဖိုးကြီး အရသိမ်းကြစို့ကွာ။ ဟာ နေရာကြ သိမ်းသိမ်း တယ်မြန်တယ်ကိုးကွ။ သဒ္ဓါကြည်ဖြူတယ်ရှိနော် (မှန်ပါတယ်ဆရာ)၊

ချွေးမကော သားကော အစုံအညီရောက်လာ။ ဒီကြတော့ အစ်ကိုထံ ခွင့်ပန်တယ် အစ်ကိုရယ် ကျွန်တော်တို့လည်း သားပါပဲ။ အောင်မယ် ဒီကြတော့ ဝတ်ကြီးဝတ်ငယ် ဝတ္တရားတွေ နားလည်လာ နော် (မှန်ပါတယ်ဆရာ)။ ကျွန်တော်တို့လည်း သားပါပဲတဲ့ ကျွန်တော်တို့အဖေ ကျွန်တော်တို့လည်း ပြုထိုက်တဲ့ ဝတ္တရားရှိပါတယ် အစ်ကိုရယ်။ ဒါကြောင့် အစ်ကိုလည်း ဘယ်နှစ်လရှိပေါ့ ကျွေးမွေး ပြုစုလာရတာ ကျွန်တော်တို့လည်း ပြုစုချင်လို့ ကျွန်တော်တို့လည်း အလှည့်ပေးပါ အစ်ကိုရယ်လို့ တောင်းပန်ရှာတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဟိုက အစ်ကိုနဲ့ မိန်းမက မပေးချင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဟိုကလည်း သူတို့လိုပဲ ခေါင်းအုံးမျက်စောင်းထိုး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဖေဆင်းသွားရင် ခေါင်းအုံးကြီးပါသွား ခေါင်းအုံးကြီးပါသွားရင် သူတို့အိမ်ပေါ် ရုတ်တရက်များ သေသွားခက်ရချည့်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ငြင်းလို့ကလည်း မဖြစ်တော့ အစ်ကိုအကြီးဆုံး ကလည်း ဖြစ်နေတော့ မိဘဝတ္တရားအနေအားဖြင့် ပြုစုချင်တယ် ဆိုပြန်တော့ ငြင်းလို့ကလည်း မတော်ဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)။

အဖေလုပ်တဲ့ လူကလည်းပဲ သားကြီးညှာတဲ့အတွက် တစ်လှည့်စီ တာဝန်ခံချင်တဲ့အကြံနဲ့ လုပ်တော့ အဖေကလည်း ကူညီပြောတယ်၊ လုတ်တယ်ငါသား၊ အဖေသေသွားရင် အဖေစားရတာ မဟုတ်ပါဘူးကွာ။ မသေခင်လေး ပြုစုကြတာ မျှမျှတတပေါ့ ငါ့သားရယ်။ မင်းအိမ်လည်း ငါနှစ်လ သုံးလရှိပေ့ါ။ ကဲ-မင်းညီအိမ်လည်း တစ်လှည့်ပေးလိုက်အုံးကွယ့်။ အဖေကပါ ပြောတော့ အဲဒါ

http://www.dhammadownload.com

မျက်နှာမသာမယာနဲ့ ပေးရတယ်နော် (မှန်ပါတယ်ဆရာ)၊ မျက်နှာက မျက်နှာအိုနဲ့ မျက်နှာဆိုးနဲ့ ဒီတော့ ပတ်ဝန်းကျင်က မြင်တော့ ဩော် - ဖအေကြီးများ သိပ်ပြီးတော့ ယုယတာပဲ။ ဘုရားတစ်ဆူ ဂူတစ်လုံးလို အိမ်ဦးခန်းထားပြီးတော့ လင်မယား နှစ်ယောက် ခြေစုပ်လက်နယ်ပြုလို့ ခြေသိမ်းခေါင်း ပိုက်နဲ့ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ပြုလို့ ညီလေးက ပြုစုချင်ပါတယ်လို့ ပေးရတယ်။ မျက်နှာ မသာယာဘူး။ ဒီသား သမီးမျိုးက တယ်ရှားပ ဘေးက ချီးမွမ်းကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဟိုက ဘယ်ဟုတ်မလဲ ခေါင်းအုံးကြီးပါသွားမှာ တယ်စိုးသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ သားလတ် အိမ်ရောက်ပြန် ဒီနည်းအတိုင်း နှစ်လသုံးလကြ အဖိုးကြီးက စိတ်ကူးပေါ်ပြန် ငါ့သားလတ်လည်းပဲ အမွေဝေထားတာ တစ်ထောင် အဲဒါ အချောင်စားနေ ငါ့သားမွဲချည့်ရဲ့။ တတိယသားထံ ပြောင်းဖို့ အခွင့်တော်လောက်ပြီ။ တတိယသားလည်း:ပဲ ဒုတိယသား အလစ်ခေါ် ပြီးတော့ နှုတ်ဆက်ပြန်တယ်။ ငါ့သား အဖေ့စကား နားထောင်စမ်းကွယ်။ ဟိုကောင်တွေက မိုက်ရူးတွေဟ တေလေတွေ ဂျပိုးတွေ ဘာမှ ပြောစကား ဆိုစကားလည်း နားမထောင်ဘူး။ ငယ်စဉ်းတည်းက ဆိုဆုံးမ ခက်တဲ့အကောင်တွေ မင်းတစ်ယောက်ပဲ ငါ့သားတွေထဲ လိမ္မာရေးခြားရှိတယ်။

ဒါကြောင့် မင်းအဖေမှာခဲ့မယ်ကွယ်။ ဟိုကောင်တွေ မသိစေနဲ့။ ဟိုကောင်တွေ သိရင်တော့ မင်းရမှာ မဟုတ်ဘူး။ သူတို့ ဖြုန်းတီးဖျက်ဆီးပစ်တာနဲ့ ကုန်မယ်။ လူထွား လူမော်တွေ အတိုင်းအထွာ မရှိဘူးဟ။ ငါ့သား အဖေများ သေရင်လေ ခေါင်းအုံးကြီး လက်မလွှတ်နဲ့ ကြားလားနော် (မှန်ပါတယ် ဆရာ)၊ ဒါပေမယ့် သားတွေက တစ်အိမ်တစ်အိမ်မှာ နှစ်လသုံးလနေသွားတော့ အဖေ့အလစ်ကို ခေါင်းအုံးကြီးဝင်ဝင်မတယ်။ မမကြည့်တယ်နော် (မှန်ပါတယ်ဆရာ)၊ ခေါင်းအုံးကြီး လက်မလွှတ် စေနဲ့ ခေါင်းအုံးထဲရှိပြီ။ မကြည့်လိုက်တော့ ခြောက်ဆယ်သား ခုနစ်ဆယ်သားလောက်မှန်း မနည်း ဘူးဟနော်။ ခြောက်ဆယ်သား ခုနစ်ဆယ်သားတော့ အေးအေးရှိ နည်းဖူးဟ။ အခုပေါက်ဈေး ပစ္စက္ခု ဈေးဆိုလို့ရှိရင်ဖြင့် နှစ်ရာရှစ်ဆယ်နဲ့ ငါးကျပ်စွန်း မနည်းဘူး။ တွက်လိုက်ရင် ရွှေတစ်ဆယ်သား ဘယ်လောက်ကြမယ်နော် (မှန်ပါတယ်ဆရာ)၊ တတိယသားအိမ်ရောက်လည်း ဒီနည်းအတိုင်းပဲ ကျွေး လိုက်တာ ခြေမကိုင်မိ လက်မကိုင်မိ အဖေဘာလိုချင်တုံး အဖေဘာစားချင်တုံး၊ ဘယ့်နှဲ့နေတုံး မကောင်း ဘူးလား ခြေစမ်းစမ်းခေါင်းစမ်းစမ်းနဲ့ပေါ့လေ။ ချွေးမကော ဘာရော အင်မတန် မျက်နှာချိုပေါ့ အဲသလို ဆင့်ကဲဆင့်ကဲ ပြောင်းပြောင်း ပြောင်းပြောင်းသွားလိုက်တာ သားခြောက်ယောက်စေ့ သားခြောက် ယောက်စေ့လည်းပဲ မနေသေးဘူး။

အဖိုးကြီးက တစ်ခါသားကြီးထံ ပြန်ပြန်သွားပြီးတော့ လှည့်ချင်တယ် တစ်ယောက်ထဲ ဆိုတော့ လည်းပဲ ရှိသမျှလေး မွဲသွားမှာလည်း စိုးသေးသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ တော်ကြာ

http://www.dhammadownload.com

သားကြီးတစ်လှည့် သားလတ်တစ်လှည့် ဒီလိုပဲ အဲဒါ ရောက်တဲ့အိမ်တိုင်း အိမ်တိုင်း ခေါင်းအုံးတော့ မကြည့်သူတဲ့ချည်းပဲ အလစ်အလစ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ သူတို့ စိတ်ကူးကလည်း အဖိုးကြီး ဘယ်တော့ သေမလဲတွက်နေနော် (မှန်ပါတယ်ဆရာ)၊ အဖိုးကြီး ဘယ်တော့ သေမလဲတွက်နေနော် (မှန်ပါတယ်ဆရာ)၊ ဒီထဲ သားကတော့ ဖအေဆိုတော့ ကရုဏာ မကင်းလို့ ရှိပါစေအုံး ချွေးမတွေက သေခဲလှချည့်အောက်မေ့နော် (မှန်ပါတယ်ဆရာ) မြန်မြန်သေမှ ဒီအမွေရမှာပဲ ဒီလိုပဲ စိတ်က အောက်မေ့။ နောက်တော့ ဘယ့်နှဲ့ဖြစ် အဖိုးကြီးတကယ် မမာမကျန်းဖြစ်နေ အကိုကြီးဆုံးအိမ်မှာ မမာမကျန်းဖြစ် အသည်းအသန်ဖြစ်တော့ ကြည့်လိုက်တာ ဒီတော့ စုံညီညီပါပဲ။ ချွေးမခြောက်ယောက်နဲ့ သားခြောက်ယောက် ဝိုင်းဝန်းပြီးတော့ ပြုလိုက် စုလိုက်ကြတာ မအိပ်မနေ အဖိုးကြီးလည်း တော်တော်ပင်ပန်းရှာပေါ့။

ဒါနဲ့ဆိုကြပါစို့ နောက်တော့ ဝေဒနာဒဏ် မခံနိုင်တာနဲ့ ရုတ်တရက်ကွယ်လွန်ရှာပါရော့။ ကွယ်လွန်ရှာတော့ အကြီးဆုံးအစ်ကိုလုပ်တဲ့လူက ဖြုတ်ဆိုတစ်ခါတည်း ခေါင်းအောက်က ခေါင်းအုံးခွဲထုတ်တယ်။ ဟော့ဟော့ ခေါင်းအုံးယူခဲ့ ခေါင်းအုံးယူခဲ့။ ဒီခေါင်းအုံးနဲ့ လူမြင်မတော်ဘူးကွာ။ ရော့ ဒီခေါင်းအုံးသွင်းလိုက်စမ်း။ ခေါင်းအုံးအသစ်နဲ့ပေါ့ကွာ အလောင်းပြင်တော့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ခေါင်းအုံး မိန်းမက ခြေမြန်လက်မြန်ကိုးကွ စောစောစီးစီးက အကြံအစည်တွေ ပိုင်ပြီးသားတွေ။ ဒီတော့ မိန်းမက ဖြုတ်ဆို ခေါင်းအုံးကြီး တစ်ခါတည်း ခွဲထုတ်ပြီးတော့ အခန်းထဲ သွင်းပြီးတော့ သော့ခတ်လိုက်တယ်။ ကျန်တဲ့ ငါးယောက်ကလည်း အကြံတူသမားတွေ ဟော့-ခေါင်းအုံးထုတ်ခဲ့, မထုတ်ဘူးဟ ထုတ်ခဲ့နဲ့ ခေါင်းအုံးလုပွဲ ဖြစ်ကရော့နော် (မှန်ပါတယ်ဆရာ)၊ ခေါင်းအုံးလုပွဲဖြစ်တော့ အရပ်ကလည်းပဲ ဝိုင်းလာကြတာပေါ့လေ။ လူတစ်ယောက်ပျက်စီးတယ် ဆိုတော့ ဟိုကလာ ဒီကလာ သတင်းမေးကြပြုကြ ဟဲ့ ဘာတုံးဟ ခေါင်းအုံးတစ်ဝက် ဒုတ်တစ်ပြက် ဓားတစ်ပြက်နဲ့ ဖြစ်နေတော့ အရပ်လူကြီးတွေက ဟော့နေကြပါအုံး။ ဘာဖြစ်တာတုံး ပြောစမ်းပါအုံး ခေါင်းအုံးသူရထိုက် ငါရထိုက်လို့ လုနေတာပါခင်ဗျာ နေစမ်းပါအုံးဟ ခေါင်းအုံးထဲ တန်ဖိုးဘယ်လောက် ပစ္စည်းရှိသလဲ၊ ကျွန်တော်တို့ မသိဘူးခင်ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ လိုချင်တာပဲ ရှိရှိ မရှိရှိ ကျွန်တော်တို့ လိုချင်တာပဲ ဒီလိုဖြစ်နေတော့ ဟော့ဟော့ ဒီလိုမလုပ်နဲ့ ကြည့်စမ်း။ အဖေ တစ်ယောက်လုံး သေတာကွာ အလောင်းဘေးနားထားပြီးတော့ မင်းတို့ ခေါင်းအုံးလုပွဲကြီးဖြစ်နေ လူကြားလို့မှ မတော်ဘူး။ တို့အရပ်ထဲ လူကြီးတွေ ရှိကြပေါ့ကွယ် အမှားမှား အရမ်းရမ်း မဖြစ်စေ ရပါဘူး။ မှန်ကန်တာဖြစ်ရပါစေမယ်၊ တရားနည်းလမ်းအတိုင်း ဖြစ်ရပါစေမယ်၊ မျှမျှတတ ဖြစ်ရ ပါစေမယ်။ တို့တာဝန် ယူပါမယ်။ မင်းတို့ ခေါင်းအုံးကို လူကြီးစုံညီတဲ့ မျက်နှာရှေ့မှာပဲ မင်းတို့

http://www.dhammadownload.com

ထုတ်ခဲ့ကြ။ မငြင်းနိုင်ဘူး၊ အရပ်က ဝိုင်းပြောတော့နော် (မှန်ပါတယ်ဆရာ) ခေါင်းအုံးကြီးထုတ်လာ ခေါင်းအုံးကြီးထုတ်လာတော့ ကိုင်း - ကိုင်း လာကြ လာကြ မင်းတို့ညီကိုခြောက်ယောက် လာကြ လာကြ မှက်နှာစုံညီကွ၊ တို့က အဂတိလေးပါး မလိုက်စားဘူး၊ တိတိကျကျ လုပ်ပေးမယ်။ အကယ်တန္တြ အဖိုးကြီးရဲ့ ဒီခေါင်းအုံးထဲမှာ မြှုပ်နှံထားတာရှိလို့ရှိရင်လည်း မင်းတို့ ရှိသလောက်ကိုယ် အညီအမျှ ဝေယူပေါ့ကွယ် လူကြားမကောင်း သူကြားမကောင်း မလုပ်ကြနဲ့။ အလောင်းမှ အိမ်ပေါ်က မကျ သေးဘူး။ တရားပါဟောလို့ ဒီမှာ ငြိမ်ဝပ်ပိပြားစွာနဲ့ ထိုင်ပြီးတော့ နေကြတယ်။

ခေါင်းအုံးကြီးရှေ့တင် ဖောက်ပါလေဒရော့ ခေါင်းအုံးကြီးရှေ့တွင် ဖောက်ပြီး ထုတ်လိုက်တော့ ခဲတိုခဲစတွေ ထွက်လာပါရော့ အထုပ်လိုက်၊ ဒါပေမယ့် အထုပ်ကြီးထွက်လာတော့ ဟာ ရွှေထုပ်ကြီး ထွက်လာပြီဟ နည်းဖူးဟ ငါးဆယ်သား ခြောက်ဆယ်သားလောက်ရှိ အဲဒီထဲက အထုပ်တစ်ခါ ဖြေမှ ခဲစတွေမှန်းသိနော် (မှန်ပါတယ်ဆရာ)၊ ခဲစတွေ မှန်းသိတော့ ငိုင်ကုန်ပြီ တစ်ဖြည်းဖြည်းနဲ့ ကျွေးမိ မွေးမိတာတွေမှားပေါ့နော် (မှန်ပါတယ်ဆရာ)၊ အရင်းတည် မိတာတွေ မှားပေါ့၊ အလွမ်းသယ်မိတာတွေ မှားပေါ့ ဖြစ်ကုန်ပြီ ငိုကုန်ပြီ ခဲတိုခဲစတွေဖြစ်ကုန်ပြီ ပြီးတော့မှ စာတစ်စောင်ထွက်လာ ကြားထဲက။ ဟာ-စာထွက်လာတယ် စာထွက်လာတယ် ဟာစာနော်။ ဧကန် ဒိဋ္ဌစာကတော့ မြေကြီးထဲ မြှုပ်တဲ့ ပစ္စည်းဥစ္စာနဲ့ တူရဲ့ တစ်ဆင့်တိုးလာပြီနော် (မှန်ပါတယ်ဆရာ)၊ မျက်နှာလေးဘာလေး ပြန်ပြီးတော့ ရွှင်လာသေးတယ်၊ အကုန်လုံး ပြီးတော့မှ စာဖတ် စာဖတ်နေအုံးကွ တို့လူကြီးတွေ ဖတ်ပြမယ်။ စာပါတဲ့အကြောင်းအရာကို မင်းတို့ အကယ်တန္တြ မြှုပ်နှံထားတဲ့ ပစ္စည်းရှိလို့ရှိရင်လည်း ဖော်ပြီး ထုတ်ပြီး တော့ အညီအမျှဝေတာပေါ့ကွာ။ ဒီလောက်တောင် မင်းတို့ လောဘမကြီးပါနဲ့ သည်းခံကြပါ။ လူကြီး လုပ်တဲ့လူက စာကောက်ဖတ်တယ်။

“အဖေမှာကြားခဲ့မည် ငါ့သားများတဲ့”စာကနော် (မှန်ပါတယ်ဆရာ)၊ ဒီစာပိုဒ်ကလေးထိအောင် တော့ လိုက်ပြီးတော့ ဘယ်နေရာများ မြှုပ်ထားတုံးဟ ဘယ်နှစ်အိုးတုံးဟ တွေးလိုက်သေးတယ်နော် (မှန်ပါတယ်ဆရာ)၊ အဖေမှာကြားခဲ့မည် ငါ့သားများ အဖေလိုပဲ မသေခင်က အမွေဘယ်တော့မှ မဝေလေနှင့်တဲ့ စာကနော် (မှန်ပါတယ်ဆရာ)၊ အဖေလို မသေခင် အမွေဝေလို့ရှိရင် အဖေလိုပဲ ဒုက္ခ များလိမ့်မည်တဲ့ စာပေါ်မှ ပက်လက်လှန်ဇာတ်ကြောင်း ပေါ်တယ်နော်။ လက်စသပ်တော့ အဖိုးကြီးက တို့တစ်ပတ်ရိုက်သတ်သွားတာပဲလို့ သေချာကြည့် ဒါက တစ်ခုနော် (မှန်ပါတယ်ဆရာ)၊ သားသမီး များက မိအိုဖအိုကို အိမ်ဦးမှာတင်လို့ ကိုယ်စားရသမျှ ကိုယ်ဝတ်ရသမျှ ကြည်ကြည်ဖြူဖြူနဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ပူပင်စရာ ကြောင့်ကြစရာ မရှိဘဲနဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် ဝတ်ကြီး ဝတ်ငယ် ပြုစုနေတဲ့ သားသမီးက တမျိုးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မိဆင်းရဲ ဖဆင်းရဲ

မိအို ဖအို နှစ်ပါးကို အိမ်ဦးမှာထားပြီးတော့ ကိုယ်စားရ စားရသမျှ ကိုယ်ဝတ်ရ ဝတ်ရသမျှ နေရ နေရသမျှ ကြည်ကြည်ဖြူဖြူနဲ့ စေတနာသန့်သန့်ရှင်းရှင်းနဲ့ မိဘဂုဏ်ကျေးဇူးထောက်ထားသော အနေအားဖြင့် ဘုရားတစ်ဆူ ဂူတစ်လုံးလို လုပ်ကျွေးမွေးမြူနေတဲ့ သားသမီးက တမျိုးနော် (မှန်ပါတယ်ဆရာ)။

အဲဒီ သားသမီးနှစ်မျိုးက ခုနခေါင်းအုံးနဲ့ မိဘပြုစုတဲ့ သားသမီးရယ် အခုမိဆင်းရဲ ဖဆင်းရဲဆိုတဲ့ ဆင်းရဲသော မိဘနှစ်ပါး အိမ်ဦးက ထားပြီးတော့ စိတ်ကောင်း စေတနာကောင်းနဲ့ ပြုနေတဲ့ သားသမီးရယ် ပြုပုံပြုနည်း သေချာကြည့်စမ်း။ ခွဲခြားကြည့်စမ်းနော် (မှန်ပါတယ်ဆရာ)၊ မိဆင်းရဲ ဖဆင်းရဲ နှစ်ပါးကို အိမ်ဦးထားပြီးတော့ ဘုရားတစ်ဆူ ဂူတစ်လုံးလို စေတနာကောင်း စိတ်ကောင်းနဲ့ ပြုစုနေတဲ့ သားသမီးရဲ့ ပြုစုမှုဟာ အဖိုးကြီး အမယ်ကြီးပေါ်မှာ မျှော်လင့်စရာ ရှိသလား (မရှိပါ ဘူးဆရာ)၊ မျှော်လင့်လို့များ ပြုသလား (မဟုတ်ပါဘူးဆရာ)၊ ဒါဖြင့် မိဘဂုဏ်ကျေးဇူး အထူးသိလို့ ပြုတာပေါ့ (မှန်ပါတယ်ဆရာ)၊ မိဘဂုဏ်ကျေးဇူးကို တစ်ဖန်ပြန်ပြီးတော့ ဆပ်ပေးတဲ့အနေနဲ့ ပြုတာပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထား၊ အခုနတုန်းက ခေါင်းအုံးကြီးတပွေ့ပွေ့ တပိုက်ပိုက်နဲ့နေတဲ့ အဖိုးကြီးပြုစုနေတဲ့ သားသမီးခြောက်ယောက်ကတော့ မိဘရဲ့ဂုဏ်ကျေးဇူးသိလို့ ပြုတာလား (မဟုတ်ပါဘူးဆရာ)၊ ဘာပြုလို့ ပြုတာတုံး (ပစ္စည်းလိုချင်လို့ပါဆရာ)၊ အေး-ပစ္စည်းလိုချင်လို့နော် (မှန်ပါတယ်ဆရာ)၊ မိဘဂုဏ်ကျေးဇူးသိလို့ ပြုတာမဟုတ်ဘူးတဲ့ ပစ္စည်းလိုချင်လို့ ပြုတာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် သားသမီးခြောက်ယောက် ခေါင်းအုံးကြီး တစ်ပွေ့ပွေ့ တစ်ပိုက်ပိုက်နဲ့နေတဲ့ မိဘပြုစုစဉ် အခါတုန်းက သူတို့ပြုစုနေတာက မိဘရဲ့ဂုဏ်ကျေးဇူးသိလို့ ကျေးဇူးဆပ်တဲ့အနေအားဖြင့် ပြုနေတဲ့ ပြုနည်းမဟုတ်ပါဘူးတဲ့။ အမှန်ကတော့ ခေါင်းအုံးမျက်စောင်းထိုးထိုးပြုနေတာပါတဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ မျှော်လင့်ချက်ရှိတယ်တဲ့ ခေါင်းအုံးမျက်စောင်းထိုးပြု အခုန မိဆင်းရဲ ဖဆင်းရဲ နှစ်ပါးကို ပြုစုနေတာကတော့ မျက်စောင်းထိုးစရာ ခေါင်းအုံးလည်း မရှိပါဘူးတဲ့။ ဘာပြုလို့ ဆင်းရဲတဲ့ မိဘနှစ်ပါးမှာ မျှော်လင့်စရာလည်း ဘာမှ မရှိဘူးတဲ့။ စေတနာခြင်း တူရဲ့လား (မတူပါဘူး ဆရာ)၊ ဟိုကကျေးဇူးဆပ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ မိကျေးဇူး ဖကျေးဇူးသိလို့ ကျေးဇူးတုန့်ပြန် တစ်ဖန်ပေးဆပ်တဲ့ အနေအားဖြင့် ပြုတယ် မဟုတ်လား (ပြုပါတယ်ဆရာ)၊ ဒီကတော့ ခေါင်းအုံး မျက်စောင်းထိုးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါပဲ ကွာတယ်။

ဒါကြောင့် ဒီရုပ်နာမ်ခန္ဓာမြင်လို့ ဘုရားကျေးဇူး တရားကျေးဇူး သံဃာကျေးဇူးသိတဲ့ ပုဂ္ဂိုလ်များ လုပ်တဲ့ကုသိုလ် ဘုရားရဲ့ ကျေးဇူးလည်း သိထားပြီး တရားရဲ့ကျေးဇူးလည်း သိထားပြီး သံဃာရဲ့ ကျေးဇူးလည်း သိထားပြီး အဲဒီလို ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူး အထူးသိလို့

http://www.dhammadownload.com

ပြုတဲ့ကုသိုလ်မျိုးကြတော့ ကျေးဇူးဆပ်ကုသိုလ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ်ရဲ့ ကျေးဇူးက မင်းတို့ ငါတို့အပေါ်တင်ထားတာ ဆပ်ပေးလို့ ကုန်ပါ့မလားဟ (မကုန်နိုင်ပါဘူးဆရာ)၊ ကုန်စရာ အကြောင်းမရှိဘူး။ တရားရဲ့ ကျေးဇူးကကော ပြန်ပြီးတော့ ဆပ်ပေးလို့ ကုန်ပါ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ သံဃာတော်မြတ်ရဲ့ ကျေးဇူးကကော (မကုန်ပါဘူးဆရာ)၊ မကုန်ဘူး။

တစ်နေ့ညက ငါကွင်းဆက်ကလေးပြသွားသလို အခုမင်းတို့ အင်မတန် ကြောက်စရာကောင်းတယ်ဆိုတဲ့ အပါယ်သံသရာ အပါယ်ဝဋ်ဒုက္ခကြီးက ကျွတ်ပြီ လွတ်ပြီဆိုတာ ယုံရဲ့မဟုတ်လား (ယုံကြည်ပါတယ်ဆရာ)၊ ဘာပြုလို့ အပါယ်သံသရာ အပါယ်ဒုက္ခက ကျွတ်ရ လွတ်ရလဲ ဆိုတော့ ဒီတရားရလို့နော် (မှန်ပါတယ်ဆရာ)၊ ဒီတရားမြင်ကြလို့ အပါယ်တံခါးပိတ်သွားတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တရားကျေးဇူး မထူးပေလားကွယ် (ထူးပါတယ်ဆရာ)၊ အနမတဂ္ဂ၊ တစ်သံသရာလုံး ခံရအုံးမယ်ဆိုတဲ့ အပါယ်ဝဋ်ဒုက္ခ အပါယ်ဆင်းရဲကြီးက ကွင်းလုံးကျွတ် ကျွတ်လွတ်သွားအောင် တားပေးတယ်ဆိုတဲ့ တရားကျေးဇူးက ဆပ်လို့ ကုန်ပါ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ မကုန်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတရားမြင်ပေလို့၊ ဒီတရားသိပေလို့၊ ဒီတရားရပေလို့ အပါယ်လေးပါး တံခါးပိတ်တယ်။ အပါယ်သံသရာဝဋ်ကြီးက ကျွတ်ရပေတယ်လို့ ဒီတရားဘယ်သူဟော (မြတ်စွာဘုရားဟောတာပါဆရာ)။

ဟော - ဘုရားကိုယ်တော်မြတ်ရဲ့ ကျေးဇူးတစ်ခါရှိနော် (မှန်ပါတယ်ဆရာ)၊ လောကကြီး ဘုရားကိုယ်တော်မြတ် ပွင့်တော်မူပေလို့၊ ဘုရားကိုယ်တော်မြတ် ဟောတော်မူပေလို့ ဒီတရားပေါ်လာ။ ဒီတရားပေါ်လို့ ငါတို့တစ်တွေ ဒီတရားမြင်ကြရနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ငါတို့ အဖ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံမူတာ နှစ်ပေါင်း နှစ်ထောင်နဲ့ငါးရာရှိပြီ ကြာလှပြီလို့ အဖ ဘုရားကိုယ်တော်မြတ်ပေးတော်မူတဲ့ ဓမ္မအမွေကြီးကို မပျောက်မပျက်ရအောင် တို့လက်ထဲ ရောက်အောင် ဆောင်ရွက်လာတာ ဘယ်သူတွေတုံးဟ (သံဃာတွေပါဆရာ)၊ အော်-သံဃာတွေ ကျေးဇူးတွေဆပ်လို့ ကုန်ရဲ့လား (မကုန်ပါဘူးဆရာ)၊ သံဃာ့ကျေးဇူးဆပ်လို့ မကုန်တဲ့ တရားကျေးဇူးဆပ်လို့ မကုန်၊ ဘုရားကျေးဇူးဆပ်လို့ မကုန်၊ ကျေးဇူးတွေ သိမသွားဘူးလား (သိပါတယ်ဆရာ)၊ အဲဒီ ကျေးဇူးတွေ ထောက်ဆတဲ့အနေအားဖြင့် ဘုရားပူဇော်ရ၊ လှူရတန်းရ၊ ကြည်ညိုရမှာလည်းပဲ ရဲရင့်သွားတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ တရားပူဇော်ရ ကြည်ညိုရမှာလည်း ရဲရင့်သွားတယ်။ သံဃာတော်များ ပူဇော်ရ ဆည်းကပ်ရ ကိုးကွယ်ရမှာလည်း ရဲရင့်သွားတယ်။ မရဲရင့်ဖူးလား (ရဲရင့်ပါတယ်ဆရာ)၊ ရက်ရက်ရောရောရှိ ရဲရဲဝံ့ဝံ့ရှိတယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အရင်တုန်းက ပသာဒသဒ္ဓါမျိုး ခေါ်တယ်။ ကြောက်ရွံ့ရွံ့နဲ့ နောက်တွန့်တဲ့ သူများ မြှောက်ပေးမှ လုပ်ရဲတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အလှူပေးပေမယ့် ကိုယ်တတ်နိုင်တာက တစ်ထောင်လောက် ဘေးက ဝိုင်းမြှောက်ပေး မြှောက်တယ် မြှောက်တယ်၊ မင်းအလှူ ဘယ်လောက် အကုန်ခံမလဲ၊ တစ်ထောင်လောက် မှန်းထားတာပဲ၊ တစ်ထောင်လောက် ဆိုတော့ကွာ မင်းဥစ္စာက မဏ္ဍပ်ကန္နားဆောက်မှာက ဘယ်လောက်၊ ဆိုင်းဖိုးက ဘယ်လောက်၊ လူကျွေးမှာက ဘယ်လောက်၊ ဖိတ်ထားတာက ဘယ်လောက်၊ လှူဖွယ်ဝတ္ထုပစ္စည်းနဲ့ ဘာနဲ့ဆိုတော့ မင်းဥစ္စာ မလောက်သေးဘူးကွာ။ မင်းတို့လို အခြေအနေလောက်မှ မရှိဘူးကွာ ဟိုကောင်လှူသွားတာ မင်းကြားတယ် မဟုတ်လား။ ထောင့်လေးရာ ကုန်သွားတယ်ခင်ဗျာ။ မင်းတို့ဆိုကွယ် တတ်နိုင်တဲ့သတ္တိရှိသား။ အလှူလုပ်တာများ ရက်ရောမှပေါ့ မြှောက်ပေး နော် (မှန်ပါတယ်ဆရာ)၊ ကိစ္စမရှိဘူး ၊ဒါပေမယ့် ထောင့်ငါးရာလောက်လုပ် ထောင့်ငါးရာ၊ နှစ်ထောင်၊ နှစ်ထောင်ကနေ သုံးထောင်တက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မြှောက်ပေးမှ သွေးလေးရဲတယ်ခေါ်တယ်။ ဒါသဒ္ဓါစစ် သဒ္ဓါမှန် မဟုတ်ဘူးတဲ့ ပသာဒသဒ္ဓါခေါ်တယ်။ အခုတော့ ဘယ်နဲ့ဖြစ် ဘုရားကျေးဇူး တရားကျေးဇူး သံဃာကျေးဇူး အထူးသိလာတော့ ဒီကျေးဇူး တွေလည်း ငါ့အပေါ်တင် ရှိထားတာ တစ်ဖန်ပြန်ပြီးတော့ ဆပ်ပေးလို့တော့ဖြင့် ကုန်နိုင်စရာ အကြောင်းမရှိဘူး ကြီးပါပေ၏။ ဒီလို သိထားတော့ ဘယ်အခါမျိုးမဆို ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးနဲ့ ပတ်သက်လို့ လှူစရာ တန်းစရာ ပူဇော်စရာ ရှိပြီ ဆိုမှဖြင့် အားမရဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဝန်နဲ့အား မြှားနဲ့လေးလို အတော်ချိန်ဆရတယ်၊ အားမရနိုင်ဘူး၊ မတင်းတိမ်နိုင်ဘူး၊ မရောင့်ရဲနိုင်ဘူးခေါ်တယ်၊ မပြည့်ဝနိုင်ဘူးတဲ့။

ဘာပြုလို့ ကျေးဇူးတွေက အထူးတင်ထားလို့ ဒါကျေးဇူးဆပ် တရားခေါ်တယ်။ ကျေးဇူးဆပ် ကုသိုလ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ဒီလို မဟုတ်ဘူး။ ဘုရားကျေးဇူးလည်း မသိဘူး၊ ကိုယ့်ပေါ်တင်ထားတာ တရားကျေးဇူးလည်း ကိုယ့်အပေါ်တင်ထားတာ မသိဘူး။ သံဃာကျေးဇူး လည်း ကိုယ့်အပေါ်တင်ထားတာ မသိဘူး။ ဒါဘုရားတရားသံဃာ ရတနာမြတ်သုံးပါး ကိုးကွယ်ရ တယ်ဟဲ့၊ ဆည်းကပ်ရတယ်ဟဲ့ဆိုပြီးတော့ မိရိုးဖလာအနေအားဖြင့် အစဉ်တစ်စိုက်လိုက်လာတဲ့ သဘောလေး သိပြီးတော့ လုပ်နေကြတဲ့ ပသာဒသဒ္ဓါမျိုးသမားက သူတို့နားလည်ထားတာက သဒ္ဓမ္မသဝန-သူတော်ကောင်းတရား ကြားနာဖူးတော့ အေး-ဒါနကုသိုလ် သီလကုသိုလ် သမထ ကုသိုလ်ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေများ ကြိုးစားအားထုတ်ရင်လေ လူ့စည်းစိမ်လည်း ရတယ်ဟဲ့၊ နတ်စည်းစိမ်လည်း ရတယ်ဟဲ့၊ ပြဟ္မာ့စည်းစိမ်လည်းရတယ်ဟဲ့၊ အပါယ်လေးပါး မလားနိုင်ဘူးဟဲ့နော် (မှန်ပါတယ်ဆရာ)၊ “မဟပ္ဖလ မဟာနိသံသ” ကောင်းကျိုးချမ်းသာတွေ ပေးတယ်ဟဲ့၊ အဲသလောက်

http://www.dhammadownload.com

ကြတော့ ဘာဖြစ်၊ ခုနပြောတဲ့ သူတို့လိုချင်မက်မောထားတဲ့ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် လောက်ပဲ မက်မောတယ်။ ဒါပဲ အာရုံခံနော် (မှန်ပါတယ်ဆရာ)၊

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူး မိမိအပေါ် တင်ဖူးတာ သိလို့ မဟုတ်ပါဘူးတဲ့။ အမှန်က ခုနပြောသလို လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ဗြဟ္မာဖြစ်တယ်၊ ကောင်းရာသုဂတိ ရောက်တယ် ဆိုတာနဲ့ သူလုပ်နေ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ သူတို့ လုပ်နေတာ စောစောက သားခြောက်ယောက်လို ခေါင်းအုံးကြီး မျက်စောင်းထိုးနေတာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ အခုလည်း ဒီသဘောရမျိုး ကြိုးစားနေတာ။ သံသရာမျက်စောင်းထိုးနေတာပဲ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ဒီဘဝသုံးပါး မျက်စောင်းထိုးထိုး ထိုးထိုးပြီးတော့ ကြိုးစား ဟုတ်ဖူးလား (မှန်ပါတယ် ဆရာ)၊ အဲဒါကြောင့် အခုညပြသွားတဲ့ ဥပမာလေး သေချာမှတ်။

ခေါင်းအုံးမျက်စောင်းထိုးထိုးပြီးတော့ ကြိုးစားပမ်းစားနဲ့ မိအို ဖအို ပြုစုပျိုးထောင်တဲ့ ဝတ်ကြီး ဝတ်ငယ်ပြုကြတဲ့ သားသမီးများလို ငါတို့လုပ်တဲ့ လုပ်ငန်းတွေလည်း သံသရာမျက်စောင်းထိုးလို့ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ကြိုးစားနေတဲ့ကုသိုလ်တွေနော် (မှန်ပါ တယ်ဆရာ)၊ မိဆင်းရဲ ဖဆင်းရဲနှစ်ပါးကို တစ်ပြားတစ်ချပ်မှ မျှော်လင့်ဖွယ်မရှိတဲ့ ဆင်းရဲပေဆိုတဲ့ မိအို ဖအိုနှစ်ပါးကို အိမ်ဦးကထားပြီးတော့ ခြေဆုပ်လက်နယ်ပြုပြီးတော့ ယုယသိမ်းပိုက် မွေးမြူထိုက်တဲ့ အနေအားဖြင့် စောင့်ရှောက်နေတယ်၊ ကျွေးမွေးပြုစုနေတယ်ဆိုတဲ့ သားသမီးများရဲ့ စေတနာကြတော့ မျှော်လင့်စရာလည်း ဘာမှမရှိဘဲနဲ့ ဒီမိအို ဖအို သူဆင်းရဲနှစ်ပါး ဘာကြောင့် အိမ်ဦးက ထားလို့ ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်သလဲ ကျေးဇူးကြီးခဲ့ပေတယ်လို့ ငါတို့ ဖဝါးလက်နှစ်လုံး ပခုံးလက် နှစ်ဆစ်က စပြီးတော့ မှက် ခြင် ယင် လေ နေပူ ကင်း သန်းမှ မတွေ့မထိရအောင် အညစ်အကြေးများ ဆေးကြောသုတ်သင်လို့ အမိရဲ့ရင်နှစ် နို့ချိုများ ကျွေးပြီးတော့ မွေးကျွေးသုတ်သင်လို့ လူလားမြောက် တဲ့ဘဝရောက်အောင် စောင့်ရှောက်လာတဲ့ မိဘနှစ်ပါးနော် (မှန်ပါတယ်ဆရာ)။ မြင်းမိုရ်တောင်မျှ မကကျူးတဲ့ ကျေးဇူးရှင်တွေဖြစ်တယ်။ ၎င်းကျေးဇူးတွေသည် ငါတို့က တစ်ဖန်ပြန်ပြီးတော့ ပေးဆပ် မယ်ဆိုကုန်နိုင်စရာ အကြောင်းမရှိဘူးဆိုတဲ့ မိဘနှစ်ပါးရဲ့ ကျေးဇူးသိတဲ့အနေအားဖြင့် ကျေးဇူးဆပ် သောအနေအားဖြင့် ပြန်ပြုတဲ့ဝတ္တရား ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီသဘော နှစ်ခု နှိုင်းယှဉ်ကြည့်။

ဒါကြောင့် တို့သောတာပတ္တိမဂ်ဉာဏ်ရသွားတော့ သောတာပန်ဖြစ်လာတော့ အနာထပိဏ် သူဌေးတို့, ဝိသာခါကျောင်းအစ်မကြီးတို့၊ ဝိသာခါကျောင်းအမကြီးများ မဟာလှိုကာတန်ဆာ ဝတ်သွားရင် ဘုရားရှေ့ရောက်တော့ ဘေးနားချွတ်ပုံတယ်။ ဘေးနားချွတ်ပြီးပုံတယ်၊ ဘုရားရှေ့

http://www.dhammadownload.com

ဒါကြီးဝတ်တက်လို့ မတော်ပါလားလို့ မဟလ္လိကာတန်ဆာဆိုတာလည်း အင်မတန် မွန်မြတ်တယ်၊ ကိုးကုဋေကျော် တန်တယ်။ ကုဋေအားဖြင့်နော် (မှန်ပါတယ်ဆရာ)၊ ဝိသာခါတို့က လှလည်းလှတယ်၊ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတယ်။ လှတာတော့ မပြောနဲ့ ဘယ်ထိအောင် လှလဲဆိုတော့ သူလှတာက လည်းပဲ သမီးတွေ မြေးတွေနဲ့ အတူတူယှဉ်ပြီးတော့ ဘုရားကျောင်းတော်များ သွားတဲ့အခါကြလို့ရှိရင် အစဉ်အလိုက် ကြီးစဉ်ငယ်လိုက် တန့်မသွားဘဲနဲ့ ရောရောယှက်ယှက်သွားလို့ ရှိရင် ဘယ်ဒင်းက ဟောဒါ သမီးကွ ဘယ်ဒင်းမြေးကွ ဘယ်ဒင်းက ကျောင်းအမကြီး ဝိသာခါလို့ ခွဲခြားပြီး မပြောနိုင်ဘူးတဲ့။ အံ့ဩစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ မလှဖူးလားဟ (လှပါတယ်ဆရာ)၊ မြေးနဲ့ တောင် ရွေးမရဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ သမီးနဲ့ ရွေးမရဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ နေရာအနိမ့်အမြင့် ထိုင်ကြစို့ အစဉ်အတိုင်း မိဘနှစ်ပါး သားသမီးကရှိသေ၊ သားသမီးတွေကို တစ်ခါ မြေးတွေက ရှိသေ ဒီလိုရှိသေသမှု ကျောင်းပေါ်ရောက်တဲ့အခါမှာ ဝိသာခါ ရှေ့ဆုံးကထိုင်၊ သမီးတွေက နောက်နားကထိုင် မြေးတွေက နောက်ဆုံးကထိုင် နေရာခွဲခြားသွားတဲ့အခါကြမှ ဟော ဒါက ကျောင်း အမကြီးဝိသာခါဟ၊ ဟော ဒါလေးက သမီးဟ၊ ဒါလေးက မြေးဟ။ အံ့ဩစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဘယ်လောက်လှတယ် ဆိုတာ သေချာကြည့်။

သူ့လည်း လက်ထက်ပွဲတုန်းက အဖကနောက်ဆုံး အနေအားဖြင့် ချီးမြင့်လိုက်တာ မလ္လိကာ တန်ဆာလို့ ကိုးကုဋေကျော်တန်တယ်၊ ကြည့်စမ်း - မဟလ္လိကာတန်ဆာကြီး ကျောင်းတော်မှာ ဘုရား ဖူးနေရင်း မတ်တတ် ကျောင်းပေါ်က ဘုရားဖူးပြီး ပြန်ဆင်းလာတော့ မဟလ္လိကာတန်ဆာကြီး ပုံလျက်သား မေ့ကျန်ရစ်ခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ မယူခဲ့မိဘူး။ ကျောင်းနဲ့ မလှမ်းမကမ်းလေး ရောက်တော့ သူကျွန်မခိုင်းတယ် သွားကြည့်ချေစမ်း ကျောင်းပေါ် ငါ့မဟလ္လိကာတန်ဆာပုံလျက်သား တွေ့လို့ရှိရင် ယူခဲ့တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဝိသာခါ သိပြီးသား သို့ကလောက်တောင် တန်ဖိုးရှိတဲ့ ပစ္စည်းကြီးကို ငါတို့မေ့မှန်းသိလို့ရှိရင် အရှင်အာနန္ဒာကိုယ်တိုင် ခုလောက်ရှိ သိမ်းရော့မယ် ဘဏ္ဍာတိုက်ထဲ ပျောက်မှာကျမှစိုးလို့ သိတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် စကားနှစ်ခု မှာလိုက်တယ် သွားချေတဲ့ ကျွန်မခိုင်းလိုက်တယ်။ ငါထားတဲ့အတိုင်း ပုံလျက်သားတွေ့လို့ရှိရင် အသာပွေ့ယူခဲ့တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုမှ မတွေ့လို့ သိမ်းဆည်းထားလို့ရှိရင် ပြန်မယူခဲ့နဲ့တော့တဲ့ လှူပြီးသားထား နော် (မှန်ပါတယ်ဆရာ)၊ မှာလိုက်တယ် ကျွန်မက ဖြုတ်ဖြုတ်နဲ့ ကျောင်းပေါ်တက်ကြည့်လိုက်တော့ ပုံတဲ့နေရာမရှိဘူး။ မရှိတော့ အရှင် အာနန္ဒာက မြင်တယ်၊ ဟဲ့ ဒကာမ ကျောင်းအစ်မကြီး မဟလ္လိကာတန်ဆာယူခိုင်းသလား (မှန်ပါတယ် ဆရာ)၊ ဘယ့်နဲ့မှာလိုက် နေရာမှာ နဂိုနေမြဲအတိုင်း ပုံနေတာ တွေ့လို့ရှိရင်ယူခဲ့၊ သိမ်းထားတာတွေ့လို့ ရှိရင် လှူပြီးသားလို့ လျှောက်ခဲ့ ပြန်မယူနဲ့။ အေး အေး- လှူပြီးသား လှူပြီးသားပေါ့။

http://www.dhammadownload.com

ဒါပေမယ့် တို့နဲ့ ဒါနဲ့ မထိုက်တန်ဘူး အန္တရာယ်များတယ် ပြန်ယူသွား၊ အရှင်အာနန္ဒာက ပြန်ပေး ပြန်ပေးတော့မှ ကျွန်မက ပြန်ယူလာ။ အိမ်ရောက်သည်နှင့် တစ်ပြိုင်နက် မဟာလ္လိကာတန်ဆာကြီး မြို့ထဲ မောင်းကြေးနင်းခတ်ပြီး ကြော်ငြာတယ်၊ ဝယ်သူရှိရင် ရောင်းမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှာ ဗန္ဓုလစစ်သူကြီးရဲ့ကတော် မလ္လိကာ မိဖုဘုရားက ဝယ်လို့ ရောင်းလိုက်ရတယ်။ ကိုးကုဋေ ရတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီကိုးကုဋေ ရက်ရက်ရောရော ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက် ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် လှူဒါန်းတော်မူတယ်။ အဲဒါ သောတာပတ္တိမဂ်ဉာဏ် ရလာတော့ သာသနာမှာ အရင်းအနှီးအားဖြင့် မြှုပ်နှံနိုင်တယ်ဆိုတဲ့ သတ္တိထူးကြီး နော် (မှန်ပါတယ် ဆရာ)၊ ချီးကျူးစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊

အနာထပိဏ်သူဌေးကြီး သောတာပတ္တိမဂ်ဉာဏ် မရခင်တုန်းက သောတာပန် မဖြစ်ခင်တုန်းက ဒီလိုပဲ အနာထပိဏ္ဍိက ခေါ်တယ်။ **"ပိဏ္ဍိက"**ဆိုတာ ဆွမ်းထမင်း၊ **"အနာထ"**ဆိုတာ ကိုးကွယ်ရာမဲ့ ထမင်းများ မစားရတဲ့ပုဂ္ဂိုလ်များရှိရင်တဲ့ ငါ့အားကိုးပါလို့ ဆိုလိုတယ်။ ထမင်းမစားရသော ပုဂ္ဂိုလ်တို့၏ အားကိုးရာတဲ့ အနာထပိဏ်သူဌေး ဒီလောက်ပဲ ကျွေးတတ်မွေးတတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ကျိုကျိုတတ် ချမ်းသာတဲ့ပုဂ္ဂိုလ်ပါ၊ တရားတော်မြင်လာတဲ့ အခါကြတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဘုရားကျေးဇူး တရားကျေးဇူး သံဃာကျေးဇူးတွေ မိမိပေါ်တင်ရှိထားတဲ့ တစ်ဖန် ပြန်ပြီးတော့ ပေးဆပ်လို့ ကုန်နိုင်စရာ အကြောင်းမရှိဘူးဆိုတဲ့ အနေအားဖြင့် ကျေးဇူးဆပ် အနေ အားဖြင့် ပြန်ပြီးတော့ သာသနာအရင်းအနှီးမြှုပ်နှံတာ ငါတစ်နေ့ညက ပြောသွားတဲ့ အနာထပိဏ်သူဌေး ဘာဖြစ်သွားတယ် (မွဲသွားပါတယ်ဆရာ)၊ အေး-မွဲသွားနော် (မှန်ပါတယ်ဆရာ)၊ မွဲတယ်လို့ ဒီလောက် ရက်ရောတယ် မရက်ရောဘူးလား (ရက်ရောပါတယ်ဆရာ)၊ မရက်စက်ဘူးလား (ရက်စက်ပါတယ် ဆရာ)၊ မရဲရင့်ဘူးလား (ရဲရင့်ပါတယ်ဆရာ)၊ ရဲရင့်မှာပေါ့။ ဒီလောက်ထိအောင် လုပ်တာတောင် ကျေးဇူးက ကျေရဲ့လားဟ (မကျေပါဘူးဆရာ)၊ ဘယ်ကျေမတုံး၊ အပါယ်လေးပါးလုံးလုံး တံခါးပိတ် ပေးတဲ့ တရားနော် (မှန်ပါတယ်ဆရာ)၊ လာပြန်ပြီ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်။ အဝိဇ္ဇာကအကြောင်း၊ သင်္ခါရက အကျိုး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဒီသင်္ခါရသုံးမျိုးသည် ဘာကြောင့်ဖြစ် အဝိဇ္ဇာကြောင့်ဖြစ်။ ဘယ်သူကြောင့်ဖြစ် အဝိဇ္ဇာကြောင့်ဖြစ်။ ဒီအကြောင်းအကျိုး ဆက်စပ်ပြီးတော့ ပြနေတဲ့သဘာဝ။

ဒါကြောင့် အဝိဇ္ဇာကြောင့်ဖြစ်ပေါ်လာသော ၎င်းသင်္ခါရသုံးမျိုး ကြိုးစားနေခြင်းသည် အားထုတ် နေခြင်းသည် သံသရာကို လည်စေတတ်တယ်၊ ဝဋ်ကိုလည်စေတတ်တယ်၊ ဘုံသုံးပါးကို လည်စေတတ်

http://www.dhammadownload.com

တယ်လို့ ဝဋ္ဋကထာဟူသော အနေအားဖြင့် ဝဋ်ကိုလည်ကြောင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဘဘုရားကိုယ်တော်မြတ်ထုတ်ဖော်၍ ဟောကြားတော်မူ၏။ မလည်တတ်ရင် မဟောဘူး၊ လည်တတ်လို့ဟောတာ။ ဒါလည်ကြောင်းတရားခေါ်တယ်။ ဘာပြုလို့ လည်သလဲဆိုတော့ လည်အောင်လုပ်လို့လည်တာတဲ့။ လုပ်ပုံလုပ်နည်းက အကုသိုလ်လုပ်တယ်။ အပုညာဘိသင်္ခါရ အပါယ်လေးပါးလားမယ် ပုညာဘိသင်္ခါရ ဒါနကုသိုလ် သီလကုသိုလ်လုပ်ရင် လည်မယ်။ ပုညာဘိသင်္ခါရ ရူပါဝစရကုသိုလ်လုပ်ရင်လည်မယ်။ အာနေဉ္ဇာဘိသင်္ခါရ အရူပါဝစရကုသိုလ်လုပ်ရင်လည်မယ်။ ဗမာလိုပြောလိုက်တော့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဒီကုသိုလ် သုံးမျိုးကြိုးစားအားထုတ်တယ် လည်မယ်။ အကုသိုလ်လုပ်ရင်လည်း လည်မယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊

ဒါဖြင့် ရှင်းသွားပြီလား (ရှင်းပါပြီဆရာ)၊ ဘာပြုလို့ လည်လဲလို့မေးတော့ ဘယ်နဲ့ပြော (အဝိဇ္ဇာကြောင့်ပါဆရာ)၊ အဝိဇ္ဇာကြောင့် လည်အောင်လုပ်လို့နော် (မှန်ပါတယ်ဆရာ)၊ လည်အောင်လုပ်လို့ မလည်အောင်လုပ်ရင် မလည်ဘူး မဟုတ်လား (မလည်ပါဘူးဆရာ)၊ မလည်အောင် လုပ်တော့လည်း ဒီဒါန သီလ သမထဆိုတဲ့ ကုသိုလ်သုံးမျိုး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လည်အောင်လုပ်တော့ကော (ဒီကုသိုလ်သုံးမျိုးပါပဲဆရာ)၊ အေး-ဟုတ်ပြီ မလည်အောင်လုပ်ရင် မလည်ဘူးတဲ့ လည်အောင်လုပ်လို့လည်တာတဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊

ဒါကြောင့် "ဒါန သီလ သမထပြုကြ မြဲမကွာ ဝိနိပါတ စသည်အပြား ဘေးလေးပါး ငါကားမလွတ်သာ" "လွတ်အောင်ပြုလုပ် နည်းမဟုတ် မုချမလွတ်ပါ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နည်းက မဟုတ်ဘူးတဲ့။ နည်းမဟုတ်လို့ မလွတ်တာတဲ့ ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်နဲ့နည်းမဟုတ်တာတုံးမေးတော့ ဝဋ်သုံးပါး တမ်းတပြီး အလုပ်လုပ်နေတာတဲ့။ ဘုံသုံးပါး တမ်းတပြီးတော့ အလုပ်လုပ်နေတာတဲ့။ ကုသိုလ်တော့ ကုသိုလ်တရားပါပဲတဲ့ ကောင်းကျိုးချမ်းသာပေးတတ်တဲ့ အပြစ်မရှိကောင်းသော အကျိုးကို ပေးတတ်တဲ့ "အနဝဇ္ဇသုခဝိပါကလက္ခဏာ"ဆိုတဲ့ ကုသိုလ်တရားတွေ ပွားများအားထုတ်တာ လုပ်တာတော့ မှန်တယ်။ ဒါပေမယ့် လုပ်ပုံလုပ်နည်းက မဟုတ်လို့ သံသရာဝဋ်အတွင်းကလည်း မလွတ်ကင်းဘူးတဲ့။ ဘေးကြီးလေးပါးမှလည်း မကျော်နိုင်ဘူးတဲ့။ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ "လွတ်အောင်ပြုလုပ်နည်းမဟုတ် မုချမလွတ်ပါ"လို့ သေချာမှတ်ကြနော်၊ သံသရာတစ်သံသရာလုံး မှားလာကြတာ မျက်စိလည်လာကြတာ ဒီတစ်ချီတော့ဖြင့် တို့အမှားမခံဘူးလို့ ကိုယ့်စိတ်ကလေးတွေ ကိုယ်ဆုံးမ အသိဉာဏ်လေးတွေ ရမှာပဲ မှားစရာမလိုပါဘူး။ အဲဒါမှထပ်မှားရင်လည်း သွားအုံးတော့ပေါ့လေ။ တစ်သံသရာလုံး ဘယ်တော့မှ လည်ဆုံးမှာ မဟုတ်ဘူး။ အင်မတန် ကြောက်စရာကောင်း။

http://www.dhammadownload.com

ဒါကြောင့် "လွတ်အောင် ပြုလုပ်နည်းမဟုတ် မုချမလွတ်ပါ"။ ဘယ်နဲ့လုပ် လုပ်ရမလဲလို့ "ဝိပဿနာပွားများကာ ဉာဏ်သာမူလ မြင်တတ်က မုချလွတ်မည်သာ"နော် (မှန်ပါတယ်ဆရာ)၊ ဒါရုပ်ပဲ ဒါနာမ်ပဲ ဒါခန္ဓာပဲ ဒါအာယတန ဒါဓာတ်ပဲလို့ ဒါပညတ် ဒါပရမတ်လို့ သဘောလေး ဆိုက်လာအောင် ပုဂ္ဂလ သတ္တ အတ္တဇီဝရှင်းသွားအောင် လင်းသွားအောင် ဉာဏ်မှာထိုးထွင်းသိရင်တဲ့ မုချလွတ်နိုင်ပါတယ်တဲ့ သိပြီ။ ဒီကျတော့နော် (မှန်ပါတယ်ဆရာ)။ ဘာပြုလို့ ပုဂ္ဂလ သတ္တ အတ္တဇီဝ ရှင်းသွားဆိုတည်းက သက္ကာယဒိဋ္ဌိလည်းပြုတ်သွား။ သက္ကာယဒိဋ္ဌိပြုတ်သွားဆိုတဲ့ ဝိစိကိစ္ဆာ ဆယ့်ခြောက်ပါးလည်းသွားရော။ ဝိစိကိစ္ဆာ ဆယ့်ခြောက်ပါးသွားရော့ ဆိုကတည်းက ဟိုဘဝတုန်းက ဘယ်သူက ဒီဘဝ ဘာလာဖြစ်တာပဲ၊ ဒီဘဝ ဘယ်သူသေတော့ နောက်ဘဝ ဘာသွားဖြစ်အုံးမှာပဲလို့ ပုဂ္ဂလသတ္တ အတ္တဇီဝ အနေအားဖြင့် အတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး တွေ့စရာလိုသေးလား (မလိုတော့ပါဘူးဆရာ)၊ မလိုပါဘူး။ ပုဂ္ဂလ သတ္တ အတ္တဇီဝ ရှင်းတယ်လို့ ဒါ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ခေါ်တယ်။ အင်မတန်မှ တန်ဖိုးရှိတယ်။ ဒီအမြင် ဒီအသိရထားတာက တစ်နည်းအားဖြင့် မိမိလုပ်လာတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးပါးက သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရပြီးသားလုပ်တဲ့ပုဂ္ဂိုလ်များ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရပြီးသားပုဂ္ဂိုလ်များလုပ်တဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးပါးက ဘာဖြစ်သလဲမေးတော့ သမ္မာဒိဋ္ဌိဉာဏ်ဦးစီးပြီး လုပ်သည်ဖြစ်ပါသောကြောင့် ဒါဝိဇ္ဇာဉာဏ်ခေါ်တယ်နော် (မှန်ပါတတ်ဆရာ)။

အဝိဇ္ဇာလုံးဝ မပါဘူးတဲ့။ အဝိဇ္ဇာလုံးဝမပါတော့ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ပုညာဘိသင်္ခါရမျိုး မဟုတ်ပါဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ "ယာ စ သမ္မာဒိဋ္ဌိ သာ ဝိဇ္ဇာ"လို့ ပဏ္ဏာသအဋ္ဌကထာက ပြထားတာ အင်မတန် မှတ်စရာကောင်းတယ်။ ယာ စ သမ္မာဒိဋ္ဌိ၊ အကြင် သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်သည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာခေါ်၏။ အဝိဇ္ဇာ ဘာနဲ့သတ် (ဝိဇ္ဇာနဲ့ သတ်ရပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ ဒီသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရလာတော့ ဝိဇ္ဇာဉာဏ် ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဒီသမ္မာဒိဋ္ဌိက ဝိဇ္ဇာပဲလို့ အင်မတန်ခိုင်လုံတဲ့စကား အကိုးအကားတွေနဲ့ သေချာမှတ်ကြ။ ဒီဝိနိစ္ဆယ အခန်းဆိုတာ လွယ်တဲ့ ကိစ္စမဟုတ်ဘူး။ လွယ်တဲ့တန်းလည်း မဟုတ်ဘူး။ အတော်ကြီး စူးစူးစိုက်စိုက်နဲ့ အာရုံခံလိုက်ပြီး ညှိပြီး ယူကြရတာ။

ဒါကြောင့် "ယာ စ သမ္မာဒိဋ္ဌိ သာ ဝိဇ္ဇာ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ယာ စ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိသည်လည်း။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။ သမ္မာဒိဋ္ဌိဉာဏ်က ဘာတုံးဟ (ဝိဇ္ဇာဉာဏ်ပါဆရာ)၊ အေး - ဝိဇ္ဇာဉာဏ် မှတ်မိရဲ့လား (မှတ်မိပါတယ်

http://www.dhammadownload.com

ဆရာ)၊ ဒါကြောင့် သမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များလုပ်တဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်များ ဝဋ်သုံးပါးတမ်းတပြီးလုပ်တာ မဟုတ်ပါဘူးတဲ့။ ဒါအဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ ပုညာဘိသင်္ခါရလည်း မဟုတ်တော့ပါဘူးလို့နော် (မှန်ပါတယ်ဆရာ)၊ ကွင်းလုံးကျွတ်လွတ်တယ် အင်မတန်တန်ဖိုးရှိ နောက်ထွက်တဲ့ အခန်းလေးကြ တစ်ခါရှင်းလင်းအောင် ထပ်ပြီးတော့ ထွက်ပြပါ အုံးမယ်။ အခုနေတော့ လည်ကြောင်းဆိုတော့လည်ပြ မှတ်ထားနော် သေသေချာချာ။

ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်၊ သမထဆိုတာက အလုပ်အကိုင် နည်းတယ် ထားပါတော့။ ဒါနနဲ့ သီလဆိုတာကတော့ ကံ, ကံ၏အကျိုး ယုံကြည်ရတဲ့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ မှန်သမျှ တတ်အားသမျှ ကြိုးစားအားထုတ် အမြဲတမ်း အလုပ်လုပ်နေ။ အဲဒါလုပ်တော့ လုပ်ပါရဲ့ လုပ်ပေမဲ့ တပ်ထဲက ခုန်ကာချ တပ်ထဲကျဆိုတဲ့ စကားမျိုးလို သံသရာထဲကကို မထွက်နိုင်ဘူး။ တဝဲလည်လည်နဲ့ ဒီလိုပဲ နေရတယ်။ ဒီတော့ မိမိတို့လုပ်တဲ့ အလုပ်သည် အပြစ်မရှိ ကောင်းသော အကျိုးပေးတတ်တဲ့ ကုသိုလ်တရားမှန်လျက်သားနဲ့ ဘာကြောင့် တို့သံသရာဝဋ်ထဲ တဝဲလည်လည် နေရလဲဆိုတော့ လုပ်ပုံလုပ်နည်း မဟုတ်လို့ လုပ်ပုံလုပ်နည်းက ဘယ့်နဲ့လုပ်ရမှာတုံး။ ဘုံသုံးပါး မတောင့်တနဲ့ ဘဝကောင်းရာ ငါကောင်းရာ မရည်သန်နဲ့ တမြန်နေ့က ပြထားတဲ့ ခေါင်းအုံးကြီး မျက်စောင်းမထိုးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ မိဘလုပ်ကျွေးတာ မိဘကြည်ညိုလေးစားလို့ မိဘကျေးဇူး တစ်ဖန်ပြန်ပြီးတော့ ဆပ်ပေးတဲ့အနေနဲ့ လုပ်ကျွေးတာ မဟုတ်ဘူး။ အဖလက်ထဲရှိတဲ့ ခေါင်းအုံးကြီး မျက်စောင်းထိုးထိုးပြီးတော့ ကြိုးစားပမ်းစားလုပ်တယ်။ အခုလည်း ဒီလိုပဲ တစ်မဂ်တစ်ဖိုလ် လိုချင်လှလို့, နိဗ္ဗာန်ချမ်းသာလိုချင်လှလို့ လုပ်တဲ့ကုသိုလ်မျိုး မဟုတ်တဲ့ ဘဝကောင်းရာ ငါကောင်းရာ ရည်သန်တောင့် တပြီးလုပ်တဲ့ ကုသိုလ်မျိုးတွေတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် "ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါ ဟောတိ" တမြန်နေ့က ပြထားပေ့ါ၊ "ဝဋ်သုံးပါးတောင်းတ ဘုံသုံးပါး တောင်းတပြီးလုပ်တဲ့ ကုသိုလ်တွေ ဝဋ်သုံးပါးဘုံသုံးပါးသာလျှင် အဖို့ရှိတယ်။ ဘုံသုံးပါးသာလျှင် ဦးမူအပ်သည်၏အဖြစ်ကြောင့် မိစ္ဆာပဋိပဒါ"လို့ ဘုရားကိုယ်တော် မြတ်ဆုံးမတော်မူထားတဲ့ စကားထောက်။ ဩော်-တို့ လုပ်ပုံလုပ်နည်းက မဟုတ်ပါဘဲ လုပ်လေသ မျှလည်း တစ်ခါမှ တစ်မဂ်တစ်ဖိုလ် အမြန်ဆုံးရအောင်ဟဲ့။ သံသရာဝဋ်က တကယ်ကျွတ် လွတ်သွား အောင်ဟဲ့၊ နိဗ္ဗာန်ကြီး မျက်မှောက်ပြုနိုင်အောင်ဟဲ့ ဆိုတဲ့ စေတနာက ပါးပါးရှားရှား လူကြားကောင်း သူကြားကောင်း နောက်ပိုင်းကလေးက ပါသင့်သလောက်ပါရဲ့။ သန်နေတဲ့စေတနာ ရည်ရွယ် ချက်တွေက ဘယ်ထွက်နေ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ဘုံသုံးပါးထဲ ကောင်းရာသုဂတိ ဆိုတဲ့

http://www.dhammadownload.com

အနေအားဖြင့် ရောက်ချင်ရချင်တာပဲ။ ဒါပဲသန် ဒီဘက်ချည်းစိတ်ခတ်က သွားနေ။ ဒီဘက်ချည်း အကျိုးပေးနေ ကုသိုလ်ကလည်း မဟာကုသိုလ်တဲ့ ကိုယ်လိုချင်ရာ ပေးပါတယ်။

အမှန်က တစ်မဂ်တစ်ဖိုလ် ရလိုပါတယ်။ နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုလိုပါတယ်ဆိုလဲ ရတယ်။ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ကောင်းရာသုဂတိ ရောက်ချင်တယ်ဆိုလည်း ရတယ်နော် (မှန်ပါတယ် ဆရာ)၊ လိုချင်တာ တောင်းရတယ်။ လူ့ဘဝလည်း ပဒေသရာဇ် ဧကရာဇ် စကြဝတေး မန္ဓာတ်အထိ နတ်ဘဝလည်း သိကြားမင်းစည်းစိမ် ဗြဟ္မာ့ဘဝလည်း ဗြဟ္မာ့မင်းစည်းစိမ် သုံးဆယ့်တစ်ဘုံတော့ဖြင့် ထိပ်တန်းအကျဆုံးဆိုတော့ လိုချင်တောင်းယူရတယ်။ ဒီကုသိုလ်ကပို့ပေး မရဘူး မရှိဘူး။ ဒါဘုံသုံးပါးထဲ အကောင်းဆုံးတွေ အညွန်းဆုံးတွေတောင်း။ ဒါဖြင့် ဘုံသုံးပါးကျွတ်ချင် လွတ်ချင်တော့ ဒီကုသိုလ် ပါပဲတဲ့။ ဒီမဟာကုသိုလ်ပဲ ဒီကုသိုလ်အရင်းတည်ပြီးတော့ တစ်မဂ်တစ်ဖိုလ်ရလိုပါ၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး ရလိုပါ၏။ နိဗ္ဗာန်မျက်မှောက်ပြုရပါလို။ ရောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီကုသိုလ်ပဲပေး။ ဒါဖြင့် တို့ ဘာကြောင့် သံသရာထဲ အလည်မရပ်တုံး တဝဲလည်လည်နဲ့ ဘာကြောင့် လည်နေရတုံး၊ လုပ်ပုံလုပ်နည်း မဟုတ်လို့ တို့လုပ်တာ ဘယ့်နဲ့လုပ်တုံး။ ဘုံသုံးပါးတမ်းတပြီး လုပ်နေ တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ဘုံသုံးပါးတမ်းတပြီး လုပ်နေတဲ့ အလုပ်တွေက တို့မှားနေတာ ဘုရားကိုယ်တော်တိုင် က မိစ္ဆာပဋိပဒါလို့ အကျင့်မှားတွေ ဒါပဲလားဆို မဟုတ်သေးဘူး။ "ဗာလုဿုက္က"၊ အလုပ်တွေတဲ့။ "ဗာလာနံ ဥဿုက္ကော ဗာလုဿုက္ကော" ဗာလာနံ၊ လူမိုက်တို့ကို။ ဥဿုက္ကော၊ လုံ့လကြိုးကုတ် အားထုတ် သောအလုပ်။ လူမိုက်တို့၏ လုံးလကြိုးကုတ်အားထုတ်သောအလုပ်၊ ဒီလို ဟောထားတော့ ကိုယ့်လုပ် လည်း လုပ်ရသေးတယ် မိုက်ရာလည်းကြသေး၊ ဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ လုပ်လည်း လုပ်ရသေး မိုက်ရာလည်း ကျသေး။

ဒါကြောင့် တမြန်နေ့က ပြသွားတဲ့ ဖိုးသာဘမ်းဝါးထမ်းတဲ့ ဥပမာလို့ ကိုယ့်ကိုကိုယ်ပြန်ပြီးတော့ ပင်ပန်းစေတယ်၊ နွမ်းနယ်စေတယ်၊ ဆင်းရဲစေတယ်ဆိုတာ မသိရှာဘူး။ ကပ်ပြီး မျက်စိလည်ရှာသလို အဖရဲ့ ခေါင်းအုံးကြီး မျက်စောင်းထိုးပြီးတော့ ကြိုးစားပမ်းစားနဲ့ အဖရဲ့ ဝတ်ကြီး ဝတ်ငယ်ပြုသလို။ အခုလည်း ဒီလိုပဲ သံသရာတည်းဟူသော ခေါင်းအုံးကြီး မျက်စောင်းထိုးထိုး ထိုးထိုးပြီးတော့ လူ့စည်းစိမ်ကြီး ရချင်တယ်၊ နတ်စည်းစိမ်ကြီးရချင်တယ်၊ ဗြဟ္မာ့စည်းစိမ်ကြီးရချင်တယ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဖြစ်ချင်တယ်။ ဒီစိတ်ချည်းပဲရှိ ဒီရည်ရွယ်ချက်ပဲရှိ။ တစ်မဂ် တစ်ဖိုလ် လိုချင်လှချည်းရဲ့ဆိုတဲ့ စေတနာကတော့ အင်မတန် ရှားပါးတယ် ဟုတ်လား, မဟုတ်လား တွက်ကြည့် ဒီလောက်ပြလည်း အတော်ကြီး ရှင်းလောက်ပါပြီလို့။ ဒီတော့ တိုတိုတုပ်တုပ် အလုပ်လုပ်ကြဆိုတော့

http://www.dhammadownload.com

ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် ဘာကုသိုလ်ဖြစ်ဖြစ်၊ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် သုံးမျိုးသုံးစားရှိတဲ့အနက်က ဘုံသုံးပါးတမ်းတလုပ်နေလို့ရှိရင် ဝဋ္ဋကုသိုလ်ခေါ်၏။ (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရည်ရွယ်တောင့်တပြီး အလုပ်လုပ်ရင်ဖြင့် ၎င်းဒါန သီလ သမထဆိုတဲ့ ကုသိုလ်သုံးပါးသည် ဝိဝဋ္ဋပါဒကုသိုလ်ခေါ်၏၊ မရှင်းဖူးလား (ရှင်းပါတယ်ဆရာ)၊ အဲဒီ အခန်းမှာ တို့ပြလာတာ တော်တော်လေးကြာပြီ။

ထုံးဝတ္ထု သက်သေသာဓကနဲ့ မှတ်စရာ သားစရာ ဥပမာ ဥပမေယျနဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာလာတဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် ဝမ်းတွင်းသူကန်းနဲ့ ဥပမာပြသွား ပုံတွေ ပြခဲ့တာ။ ဒီသင်္ခါရသုံးမျိုး ကြိုးစားတာ ဘာကြောင့်ကြိုးစား အဝိဇ္ဇာသန္တာန် အနုသယသန္တာန်ရှိတဲ့ ပုဂ္ဂိုလ် အဝိဇ္ဇာအနုသယရှိတဲ့ပုဂ္ဂိုလ်သာလျှင် ဒီသင်္ခါရမျိုးကြိုးစားတယ်။ မလိမ္မာသော မိုက်မဲသော တွေဝေသော သူသာလျှင် ဒီကုသိုလ်သုံးပါးကို ကြိုးစားတယ်နော် (မှန်ပါတယ်ဆရာ)။

"အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခါရောတိ။" (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၄၀)

ဘိက္ခဝေ၊ ချစ်သားတို့။ အဝိဒ္ဒါ၊ မလိမ္မာသော မိုက်မဲတွေဝေသော ဘာမှအသိဉာဏ် မရှိသော။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာထင်ရှားရှိသော သူသည်သာလျှင်။ ပုညာဘိသင်္ခါရံမ္ပိ၊ ဒါနသီလသမထဆိုတဲ့ ပုညာဘိသင်္ခါရ ကုသိုလ်မျိုးကိုလည်း။ အဘိသင်္ခါရောတိ၊ ကြိုးစား၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူမှ အပြစ်တင်စရာ မလိုဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ် သားသား ဒီလမ်းခွဲအားဖြင့် ဟောသွားတာ အင်မတန်ထင်ရှားတယ်။ ဒါကြောင့် ကိုယ်လိမ္မာရင် ကိုယ်အတွက်ပဲ၊ ကိုယ်မှ မလိမ္မာသေးရင် အမိုက်မရပ်သေးလို့ ရှိရင်ဖြင့် ရှေ့ဆက်ပြီး သံသရာကြီး လည်ရအုံးမှာပဲနော် (မှန်ပါတယ်ဆရာ)၊ ဒီလို သွားရမယ်။

အာယူဟနကံ ဆိုတာ ဘာလဲ

ဒါကြောင့် တို့ သံသရာလည်တာ ဘာကြောင့်လဲ၊ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ နှစ်ပါး ကြိုးစား အားထုတ် အလုပ်လုပ်လို့လည် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အာယူဟန ခေါ်တယ် အာယုဟနကံနှစ်ဝ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘာခေါ်လဲ (အာယူဟနကံနှစ်ဝပါဆရာ)၊ ဟောဟော-ချတာပဲ မင်းဘယဉာဏ်တုန်းက ငါမပြခဲ့ဘူးလား။ အာယူဟနကံတုန်းက မပြခဲ့ဖူးလား (ပြခဲ့ပါတယ်ဆရာ)၊ ဘာခေါ်လဲ (အကုသိုလ်ကံလုပ်တာ ကြောက်စရာ ကုသိုလ်ကံလုပ်တာ ကြောက်

http://www.dhammadownload.com

စရာပါဆရာ)၊ ဒါ ဒီကံနှစ်ပါး ဘာလို့ခေါ်တယ် (အာယူဟနလို့ခေါ်ပါတယ်ဆရာ)၊ အာယူဟန မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အာယူဟနန္တိ၊ အာယူဟနဆိုတာ အားထုတ်တာခေါ်တယ်။ တို့ လူစုတွေ ဘာတွေ လုပ်နေတုံး ကုသိုလ်လုပ်တယ် အကုသိုလ်လုပ်တယ်။ ဒါမဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဒီနှစ်ခုပဲ အားထုတ်နေတာ မဟုတ်လား (ဒီနှစ်ခုပဲ အားထုတ်ပါတယ်ဆရာ)၊ ဒါ အာယူဟန တရားခေါ်တယ်။ အာယူဟနကံလို့။

ဒါကြောင့် "အာယူဟနန္တိ အာယတိံ ပဋိသန္ဓိဟေတုဘူတံ ကမ္မံ" လို့ ဘယဉာဏ်တုံးက ပြစဉ်အခါ ဖွင့်ခဲ့ပေ့။ အာယူဟနန္တိ၊ အာယူဟနဟူသည်ကား။ (ဝါ) ငါတို့ သူငါတွေ အားထုတ်နေသည်ကား အာယတိံ၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌။ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေ အကြောင်း ဖြစ်၍ဖြစ်သော။ ကမ္မံ၊ ကုသိုလ်ကံနှင့် အကုသိုလ်ကံနှစ်ပါးလို့ မရှင်းဖူးလား (ရှင်းပါတယ်ဆရာ)၊ ကြောက်စရာတဲ့ ဘယဉာဏ်တုန်းက ပြခဲ့ပြီးပါပြီ။ အခုလည်းပဲ ဒီထဲမှာ ပါနေတဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံဆိုတာ အကုသိုလ်ကံကတော့ ထားပါတော့ ကုသိုလ်ကံဆိုတာ ဘယ်ကံခေါ်သလဲ ဆိုတော့ စောစောကပြောထားတဲ့ ဝဋ္ဋသုံးပါးတမ်းတပြီးလုပ်တဲ့ ဝဋ္ဋပါဒကုသိုလ်ကံကို ဆိုလိုသည်နော် (မှန်ပါတယ်ဆရာ)။

ဝိဇ္ဇာဉာဏ်ဦးစီးတော့ ကြိုးစားအားထုတ်တဲ့ သင်္ခါရမျိုးကြတော့ ဒီ"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ထဲ ဒီသင်္ခါရပုဒ်ထဲ ကောက်လို့ ဖြစ်သေးလား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီစက်ရဟတ်ကြီးမှာ အဆက်မပြတ် လည်နေတာ အခြေခံကြည့်လိုက်တော့ ငါတို့ အမြဲတစေ ကြိုးစား အားထုတ်နေတဲ့ ကံနှစ်ဝကြောင့်ပဲဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ) ဘာမှ မလုပ်ဘဲနေ လက်ကို လည်မှာမဟုတ်ဘူး။ ခုတော့ တလှုပ်လှုပ်တရွရွနဲ့ အမြဲလုပ်နေ၊ ဘာလုပ် ကုသိုလ်ကြိုက်တဲ့ လူက ကုသိုလ်လုပ်တယ်။ အကုသိုလ်ကြိုက်တဲ့လူက အကုသိုလ်လုပ်တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အားထုတ်မှု နှစ်မျိုးတဲ့၊ ကြိုးစားမှု နှစ်မျိုးတဲ့ ဒီနှစ်မျိုးကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်။ အဲဒါကြောင့် အာယူဟနကံနှစ်ဝ။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်း ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏"။ အဝိဇ္ဇာ အကြောင်းခံပြီး ဖြစ်လာတဲ့ သင်္ခါရ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ သင်တန်း သူ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးများ သရုပ်သကောင် ကွဲကြရဲ့လား မသိဘူး။ ပြရတာလဲ ရက်ပေါင်းတော်တော်များလာပြီ။ သင်တန်းသားတွေတော့ မမေး ပါဘူး။ သင်တန်းသူတွေ ကြေကြေညက်ညက်နဲ့ ပြတ်သားတယ်ဆိုရင် သင်တန်းသားကတော့ မေးစရာ မလိုဘူးနော် (မှန်ပါတယ်ဆရာ)၊ မေးနေလည်းသိမှာ မဟုတ်ဘဲကိုးကွ။

http://www.dhammadownload.com

သူတို့က သွေးကြီးသွားကြီး ပုညာဘိသင်္ခါရဆိုတာ ဘာကောက်တုံး (ကာမာဝစရကုသိုလ်ပါဆရာ)၊ ဘာပြုတယ် (ကာမာဝစရ ကုသိုလ်ပါဆရာ)၊ ပြီးတော့ကော (ရူပါဝစရကုသိုလ်ပါဆရာ)၊ ကာမာဝစရကုသိုလ်စေတနာ စေတနာကြမှဆုံးတယ် ဘာခေါ်လဲ (ကာမာဝစရကုသိုလ်စေတနာပါဆရာ)၊ ပြီးတော့ကော (ရူပါဝစရကုသိုလ် စေတနာပါဆရာ)၊ အပုညာဘိသင်္ခါရကတော့ (အကုသိုလ်စေတနာပါဆရာ) အာနေဉ္ဇာဘိသင်္ခါရကကော (အရူပါဝစရကုသိုလ်ပါဆရာ) အေး-ဟုတ်ပြီ စေတနာတွေ ကံတွေ မဟုတ်လားကွာ (ကံတွေပါဆရာ)၊ အဲဒါတွေ လုပ်နေကြတာလို့ တချို့သင်တန်းသူတွေက ဒီသင်္ခါရသုံးမျိုးရဲ့ တရားကိုယ် တရားသားမှ သိပ်မပြတ်သားဘူးလို့ သတင်းကြားတယ်။ အဲ့ဒါ ကြိုးစားမှု မရှိလို့ဘဲ။ ဒီသုံးပါးမှ တရားကိုယ်တရားသားနဲ့ ပြတ်သားမှု မရှိလို့ရှိရင် ရှေ့ကြတော သာဆိုးလာလိမ့်မယ်။ ရှေ့ကြတော့ နည်းနည်း စာသဘောလေးနဲ့ ပါလာတယ်။ တရားကိုယ် သရုပ်ကောက်ပုံ ပြုပုံလေးတွေလည်း နည်းနည်းခက်ခဲ နက်နက်လာတယ်။ ဒါပေမယ့် ရှေ့ပိုင်းတွေက နောက်လာလတ္တံ့။ အပိုင်းတွေက မပြတ်သားရင်ထား၊ ဒီသံသရာလည်အောင် လုပ်ပေးနေတဲ့၊ ဒီသင်္ခါရသုံးမျိုးရဲ့ အဓိပ္ပါယ်ကို ပြတ်သားနားလည်သွားမှ ဩော်-တို့လုပ်နေတာ ဒါတွေပါလား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာတွေလုပ် ဒါနကုသိုလ်လုပ် သီလကုသိုလ်လုပ် အဲဒီ ဒါနကုသိုလ်တဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့ စေတနာဟာ ဒါနကုသိုလ် စေတနာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စေတနာလေးတွေ ကောက်ရတာ ဒီစေတနာလေးတွေပဲ တို့လုပ်နေကြ၊ သီလကုသိုလ်လုပ်ပြန်လည်း သီလဆောက်တည် တယ်ဆို သီလကုသိုလ်ဖြစ်။

ဒီသီလကုသိုလ် ဆောက်တည်စဉ်အခါက ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာလေးတွေကို ဒါကာမာဝစရကုသိုလ်စေတနာလို့ ခေါ်တယ်။ ရူပါဝစရကုသိုလ်စေတနာနဲ့ အရူပါဝစရကုသိုလ်စေတနာတော့ ထားပါတော့။ ဈာန်သမထလည်း ကြိုးစားတာ မဟုတ်တော့ သိပ်ချဲ့ထွင် ပြောစရာ မလိုဘူး။ အမြဲတစေ ကြိုးစားနေတယ်ဆိုတဲ့ ဒီကာမာဝစရကုသိုလ်စေတနာ အဓိပ္ပါယ်ကို နားလည်သွားရမယ်။ တို့ နေ့နဲ့အမျှ ဘာတွေလုပ်နေတုံး၊ အကုသိုလ်စေတနာတွေ လုပ်နေတယ်၊ အကုသိုလ်တွေ လုပ်တယ်။ အကုသိုလ်လုပ်နေတာ စေတနာကြောင့် လုပ်တာ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါန သီလလုပ်နေတယ် ဘာပြုလို့ ဒါနကုသိုလ် သီလကုသိုလ်တွေလုပ်တုံး၊ စေတနာကြောင့်လုပ်တာ။ စေတနာက စေ့ဆော်တိုက်တွန်းပေးတယ်။ ဒါနလုပ်ချင်တယ်, သီလဆောက်တည်ချင်တယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒီစေတနာလေးတွေက စေ့ဆော်တိုက်တွန်းပေးလို့ ထလုပ်တာ။ အဲဒီ စေတနာလေးတွေ ဒါနလုပ်တဲ့အခါမှာ ဒါနကုသိုလ်စိတ်နဲ့ယှဉ်သော ကုသိုလ်စေတနာ ကောက်ရတယ်။ ပုညာဘိသင်္ခါရ

http://www.dhammadownload.com

သီလလုပ်ပြန်လည်း သီလကုသိုလ်စိတ်နဲ့ယှဉ်သော စေတနာလေးတွေ ကောက်ရတယ်။ အဲဒီ စေတနာလေးတွေ ဘုရားကိုယ်တော်မြတ်က ဟောသွားတာ။ သူတို့တွေပဲတဲ့ တစ်ဘဝနဲ့ တစ်ဘဝ ကျေးဇူးပြုပြီးတော့ ပဋိသန္ဓေအသစ်ကို ဖြစ်အောင် ဖန်တီးပေးနေတာနော် (မှန်ပါတယ်ဆရာ)၊ နာနာက္ခဏိကကမ္မပစ္စည်းအားဖြင့် ဒီဘဝကြည့်။ ဒါနကုသိုလ်လုပ်လိုက် စေတနာလေးတွေ ဒါနကုသိုလ် စိတ်နဲ့ယှဉ်သော စေတနာလေးတွေလုပ်ပြီ။ အဲဒီကုသိုလ်စေတနာက ပို့လိုက်တော့ နောင်ဘဝကြတော့ လူချမ်းသာ နတ်ချမ်းသာ သွားမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်တယ် ဒါစေတနာကပို့တာ မဟုတ်လား။ ဟိုဘက်ဘဝကို (စေတနာက ပို့တာပါဆရာ)၊ အေး-စေတနာက ပို့တာ ဒီစေတနာက ပို့နေလို့ ဒီဘဝပြီး ဟိုဘဝ ဟိုဘဝပြီး ဟိုဘဝနဲ့ ဒီလို သွားသွား သွားသွား နေကြရတယ်နော် (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် သူ့နောက်နားကလာလိမ့်မယ် "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတာ ဟိုဘက် ဘဝကူးသွားပုံလေး။

ဒါကြောင့် ဒီသဘောလေးတွေကို ပုညာဘိသင်္ခါရရဲ့ တရားကိုယ် တရာသားသည် ကာမာဝစရ ကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ၊ အာနေဉ္ဇာဘိသင်္ခါရကတော့ အရူပါဝစရကုသိုလ် စေတနာ။ အပုညာဘိသင်္ခါရ အကုသိုလ်စေတနာ ဒီစေတနာလေးတွေကို တရားကိုယ် တရားသား အနေအားဖြင့် ကောက်တယ်လို့ ဒီလိုနားလည် ဒီလိုမှတ်ထားပြီးတော့ ကိုယ်လုပ်မယ်ကြံပြီဆိုမှ ပြန်ပြန် သတိရ။ ငါ့ရည်ရွယ်ချက်ကဘာတုံး အရင်မသိခင်တုန်းကတော့ ငါတော့ နောက်ဘဝ ဒီဘဝနဲ့ တန်းမြင့်မြင့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဖြစ်ချင်တယ် လူစည်းစိမ် နတ်စည်းစိမ် ရချင်တယ်။ ငါအရင်တုံးက ဒီလို မျှော်မှန်းတယ် ရည်ရွယ်တယ်၊ အခုဒီလို လုပ်လို့မဖြစ်ဘူးဟ။ ဒီလို လုပ်ရင်ဖြင့် သွားအုံးမှာပဲ နောက်ဘဝ ပဋိသန္ဓေ အသစ်သစ် ဆက်ခါဆက်ခါ ဖြစ်ပြီးတော့ သံသရာစက်ရဟတ် အဆက်မပြတ်လည်အုံးတော့မှပဲ ဒီလို လုပ်လို့မဖြစ်ဘူး။

သင်တန်းက ပြထားတဲ့ နိသျည်းအတိုင်း ငါလုပ်တဲ့ကုသိုလ်ရဲ့ စေတနာအထောက်အပံ့လေး တွေက ငါလိုချင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာ အမြန်ဆုံးရပါစေ ရောက်ပါစေလို့။ ဒီလို ရည်ရွယ်ချက်ပြောင်းရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ရည်ရွယ်ချက်ပြောင်းမှ ဝဋ္ဋပါဒကုသိုလ် ဖြစ်တယ်။ အဲဒါမှ အခုလည်ပြနေတဲ့ ဝဋ္ဋကထာ ခေါ်ထားတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ဖျက်ဆီး နိုင်တယ်တဲ့။ ချိုးဖဲ့ဖျက်ဆီးနိုင်တယ်နော် (မှန်ပါတယ် ဆရာ)၊ ဒါမှ သံသရာဝဋ်အတွင်းက တကယ် လွတ်ကင်းသွားမှာတဲ့၊ ဒီလိုမှ မဟုတ်ရင်ဖြင့် ဘယ်တော့မှ လွတ်မှာ မဟုတ်ဘူး။ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ သွားရအုံးမှာပဲလို့ သံသရာစက်ကြီး ဒါဖြင့်ရင် ကောင်းပါပြီ၊ တို့လုပ်ပုံလုပ်နည်းတွေ မဟုတ်လို့ သံသရာထဲ တဝဲလည်လည် လည်ရတယ်။ ဘာတွေလုပ်ခဲ့တုံး။ အာယူဟနခေါ် ထားတဲ့

http://www.dhammadownload.com

ကံနှစ်ဝ ငါတို့ကြိုးစားတယ်။ အာယူဟနနှစ်ဝက ဘာတုံး ကုသိုလ်ကံနှင့် အကုသိုလ်ကံ၊ ကုသိုလ်ကလည်း လုပ်လိုက်တာ၊ အကုသိုလ်ကံလည်း လုပ်လိုက်တာ။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က သူကန်းမမြင် လမ်းသွားတာနဲ့ ဥပမာပြထားပေ့ါ။ လမ်းညွှန်လမ်းပြလည်း မရှိတော့ ဒီလိုပဲ ထင်မိထင်ရာ လုပ်တာပဲ။ ကုသိုလ်လုပ်ရင် ကောင်းလိမ့်မယ် ထင်တယ်၊ အကုသိုလ်လုပ်ရင် မကောင်းဘူး ထင်တယ်၊ ဒီလောက်တော့ နားလည်တယ်။ ကုသိုလ်လုပ်ရင် ကောင်းလိမ့်မယ် ထင်ပြီးတော့ ကုသိုလ်တရားတွေ ကြိုးစားအားထုတ်တယ်။ တချို့လည်း အကုသိုလ်လုပ်တာ မကောင်းမှန်း သိလျက်သားနဲ့ ဇွတ်တိုးပြီးလုပ်တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီကံနှစ်ဝကို လက်စမသတ်လို့ရှိရင်ဖြင့် တို့သံသရာစက်ရဟတ် အဆက်မပြတ်နိုင်ပေဘူး။ တဝဲလည်လည်နဲ့ လည်ရအုံးမယ်လို့ အာယူဟနကံနှစ်ဝကို လက်စသတ်နိုင်ရင် မုချ ဒီသံသရာစက်ရဟတ်ကြီးကို ဖျက်ဆီးနိုင်မယ် ရပ်နိုင်မယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုသွား။

ဒါကြောင့် တို့ ကျဉ်းကျဉ်းနဲ့ လွယ်လွယ်နဲ့ မှတ်ဖို့ ပဋိစ္စသမုပ္ပါဒ်လင်္ကာလေး ရေးထားတာ ရှိတယ်။

"ရဟတ်စက်နယ်, ပတ်ပတ်လည်သည့်,
သုံးသွယ်ဘဝ, ဝိညာဏနှင့်,
ငါးဝဂ္ဂတိ, ယောနိသုံးန္ဓေ,
တည်နေယူကြ, အာဝါသဟု,
ကိုးဝဘုံထဲ, ဩဃဝဲ၌,
တဝဲလည်လည်, ရပ်မတည်ဘဲ,
ဆုံလည်သည့်နွား, ကဲ့အလားသို့,
ဘုရားမိန့်မှာ, သာသနာကို,
သေချာကြံခိုက်, အခွင့်စိုက်လျက်,
မကြိုက်သာ, နှင်သာလည်အုံး,
ဘယ်မဆုံးဘူး, လုံးလုံးလည်မှု,
နင်းပင်ပြုတဲ့, အာယူဟန,
ကံနှစ်ဝကို, လက်စမသတ်,
နင်မရပ်က, ရဟတ်စက်နယ်,
ပတ်ပတ်လည်သည်, တကယ်နင်ပဲ လွတ်အောင်ခဲ" နော်။

http://www.dhammadownload.com

"ရဟတ်စက်နယ် ပတ်ပတ်လည်သည့် သုံးသွယ်ဘဝ ဝိညာဏနှင့် ငါးဝဂတိ ယောနိသန္ဓေ တည်နေယူကြ အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ" ၌ ဆိုတာက ဒီသံသရာစက်ရဟတ်ကြီးက တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဖြစ်နေတာ ဘယ်လိုဖြစ်ကြတုံး။

"သုံးသွယ်ဘဝ" ကာမဘဝ ရူပဘဝ အရူပဘဝ ဘုံသုံးပါးနော် (မှန်ပါတယ်ဆရာ)၊ ဒါထဲက လွတ်ကဲ့လား (မလွတ်ပါဘူးဆရာ)။

"သုံးသွယ်ဘဝ ဝိညာဏနှင့်" ဒီဘဝသုံးပါး ဘုံသုံးပါးမှာ သွားဖြစ်ပြန်တော့ သတ္တဝိညာဏဋ္ဌိတိ-လို့ သတ္တဝိညာဏဋ္ဌိတိအားဖြင့် သွားဖြစ်ကြတယ်၊ ဝိညာဏဋ္ဌိတိ နောက် (မှန်ပါတယ်ဆရာ၊ ပဋိသန္ဓေဝိညာဏ် တည်နေခြင်း၊ အကြောင်းရင်း ထပ်ပြီးတော့ ခုနစ်ပါးသော သတ္တဝိညာဏဋ္ဌိတိ က လွတ်တယ်"လို့ မရှိဘူးတဲ့။

"သုံးသွယ်ဘဝ ဝိညာဏနှင့် ငါးဝဂတိ" တစ်ဘဝပြီး တစ်ဘဝ၊ ဆက်ခါဆက်ခါ ပြောင်းလွဲ ပြောင်းလွဲသွားတာက ဂတိငါးပါးလွတ်ရဲ့လား ဆိုတော့ ဖြစ်ပြန်တော့ ဂတိငါးပါးထဲ လှည့်ကာ ပတ်ကာ သွားနေကြဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဂတိငါးပါး ကြိုက်ရာဂတိ လားကြတာပဲ၊ သူဖြစ်ချင်ရာဂတိ လားကြတာပဲ၊ လားရာဂတိ လားတာပဲ။ ဒေဝဂတိ ပေတဂတိ မနုဿဂတိ တိရစ္ဆာနဂတိ နိရယဂတိ ဖြစ်ချင်ရာသွားဖြစ်တာ။

"ငါးဝဂတိ ယောနိသန္ဓေ"တဲ့၊ ဒီဂတိငါးပါးလားပြန်တော့ကောတဲ့ ပဋိသန္ဓေလေးပါးနဲ့ လွတ် ကဲ့လား။ ပဋိသန္ဓေလေးပါးထဲက တစ်ပါးပါးနဲ့ သွားကြရနော် (မှန်ပါတယ်ဆရာ)၊

"ယောနိသန္ဓေ၊ တည်နေယူကြ၊ အာဝါသဟု၊ ကိုးဝဘုံထဲ၊ ဒါသတ္တာဝါသ၊ ဘုံကိုးဝလို့"၊ ပြန်ပေါင်း လိုက်တော့ သုံးဆယ့်တစ်ဘုံ ပြန်ရနော် (မှန်ပါတယ်ဆရာ)။

"တည်နေယူကြ အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ၌" "ဩဃသဒ္ဒါ ဩဃလေးဖြာ"လို့ ဘုရား ကိုယ်တော်မြတ် ဟောထားတာ။ ဩဃဆိုတာ နစ်မွန်းခြင်းလည်း ဟောတယ်။ သတ္တဝါကို ဖိစီး နှိပ်စက်ခြင်းလည်း ဟောတယ်။ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ နော် (မှန်ပါတယ်ဆရာ)၊

"အာဝါသဟု၊ ကိုးဝဘုံထဲ၊ ဩဃဝဲ၌၊ တဝဲလည်လည်၊ ရပ်မတည်ဘဲ"တဲ့ ဩဃလေးပါးထဲ နစ်မွန်းမျောပါးနေကြ။ ဩဃလေးပါး ဖိစီးနှိပ်စက်ခြင်းခံနေကြရတယ်။ ဝဲဩဃ ဝဲဩဃ ခေါ်သလိုပေါ့။ ဝဲဩဃဆိုတာ ဟိုသမုဒ္ဒရာလေးဆင်းမှာ ဩဃလေးဆင်းရှိတယ်။ ဗလဝါမုခဝဲ ဩဃခေါ်တယ်။ အင်မတန် ကြောက်စရာကောင်း တဝဲလည်လည်နဲ့ သူ့ထဲ ရောက်ပြီးလားဆို ထွက်လို့ကို မရဘူးနော် (မှန်ပါတယ်ဆရာ)၊ မှုတ်လိုက်ရင် ဒီးထက်ယူဇနာ ငါးဆယ်တက်တယ်။ စုပ်လိုက်ရင် ကန်တော့

http://www.dhammadownload.com

ထိုးသွား ယူဇနာငါးဆယ် စုပ်ဝင်သွားတယ်နော် (မှန်ပါတယ်ဆရာ)။ သမုဒ္ဒရာလေးဆင်းရှိတော့ ဩဃာလည်း လေးဖြာရှိ။ အဲဒီ ဩဃနဲ့သဏ္ဌာန်တူလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃလို့ ကာမရယ် ဘဝရယ် ဒိဋ္ဌိရယ် အဝိဇ္ဇာရယ် ဒီလေးခု ဩဃနဲ့ ဥပမာပြပြောထားလို့ ဩဃလေးဖြာလို့နော် (မှန်ပါတယ်ဆရာ)။

"အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ၌ တဝဲလည်လည် ရပ်မတည်ဘဲ" တဲ့ ဘယ်နေရာ လေးဖြာလို့နော် (မှန်ပါတယ်ဆရာ)၊ "အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ၌ တဝဲလည်လည် ရပ်မတည်ဘဲ"တဲ့ ဘယ်နေရာများ အမြဲတစေ ရပ်နေနိုင်တယ်လို့ ရှိသေးလားဟ (မရှိပါဘူးဆရာ)၊ တစ်ဘဝပြီး တစ်ဘဝ ပြောင်းနေရတာပေ့ါနော် (ပြောင်းနေရပါတယ်ဆရာ)၊ ခေါင်းသာပြောင်းသွားတယ် ခန္ဓာမပြောင်းဘူး။ ခန္ဓာက အသစ်အသစ် ဟိုဘဝရောက်လည်း ခန္ဓာငါးပါး ဒီဘဝရောက်လည်း ခန္ဓာငါးပါး ခန္ဓာကောင်ကြီး ဆက်ကာဆက်ကာဖြစ်။ ခေါင်းကတော့ အမျိုးမျိုးပြောင်း ခေါင်းပြောင်းတာလေး ကြည့်ကြည့်ပြီးတော့ သမုတိပညတ်အနေအားဖြင့် လူဖြစ်ပြန်ပေ့ါဟဲ့၊ နတ်ဖြစ်ပြန်ပေ့ါဟဲ့၊ ဗြဟ္မာဖြစ်ပြန်ပေ့ါဟဲ့၊ ခွေးဖြစ်ပြန်ပေ့ါဟဲ့၊ ဝက်ဖြစ်ပြန်ပေ့ါဟဲ့၊ ကြက်ဖြစ်ပြန်ပေ့ါ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခေါင်းကြည့်သမုတ်သွားတာပဲလို့။

ဒါကြောင့် ခေါင်းသာပြောင်းတယ်၊ ဒါကြောင့် ဘဝအစဉ်မှာ ခန္ဓာစဉ်ကြီးဖြစ်ပျက်ပြီးတော့ နေလိုက်တာ မရပ်မနားဘဲနဲ့နေတော့ စောစောကပြောတဲ့ ဩဃဝဲထဲ ကျနေသလိုပဲလို့။ ဒါကြောင့် "အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ၌ တဝဲလည်လည် ရပ်မတည်ဘဲ ဆိုလည်သည့်နွားကဲ့အလားသို့ ဆီဆုံလှည့်တဲ့နွားလို ချာလည်လည်နေနော် (မှန်ပါတယ်ဆရာ)။

"ဆုံလည်သည့်နွား ကဲ့အလားသို့ ဘုရားမိန့်မှာ သာသနာကို သေချာကြုံခိုက် အခွင့်စိုက်လျက်" ဘုရားသာသနာကြီး ဘုရားမိန့်မှာဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောသွားတာ သာသနာခေါ်တယ်။ သာသနာဆိုတာ တခြားမဟုတ်ပါဘူး။ မြတ်စွာဘုရား အဆုံးအမတော်သည် သာသနာခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ ဘုရား ကိုယ်တော်မြတ် ဆုံးမသွားတာ သုတ်တဲ့ ဝိနည်းတဲ့ အဘိဓမ္မာတဲ့ သုံးမျိုးသုံးစား မရှိဘူးလားဟ (သုံးမျိုးသုံးစားရှိပါတယ်ဆရာ)၊ အဲဒါ သာသနာခေါ်တယ်၊ ဆုံးမတော်မူတဲ့ စကားတော် တရားတော်သည် သာသနာခေါ်၏။

ဒါကြောင့် "ဘုရားမိန့်မှာ သာသနာကို သေချာကြုံကြိုက် အခွင့်စိုက်လျင်" တဲ့ အခုကြုံနေပြီ မဟုတ်လား (ကြုံနေပါပြီဆရာ)၊ 'အခွင့်အခါလည်း စိုက်နေတယ်' မဟုတ်လား (စိုက်နေပါတယ်ဆရာ)။

http://www.dhammadownload.com

"မကြိုက်လို့သာ နင်သာလည်အုံး, ဘယ်မဆုံးဘူး" တဲ့ ဘုရားဆုံးမထားတဲ့ သာသနာကြီးနဲ့ အခွင့်အခါကြုံပြီး တိုက်ဆိုင်စဉ်အခါ ကိုယ်ကမကြိုက် ကြိုက်ကဲ့လား (ကြိုက်ပါတယ်ဆရာ)၊ မင်းမေးတာ မဟုတ်ဘူး။ လူတွေများသောအားဖြင့် ကြိုက်ကဲ့လား (မကြိုက်ပါဘူးဆရာ)၊ မင်းနင်လည်း အရင်က မကြိုက်ပါဘူး နောက်မှ ကြိုက်လာ၊ အခုကော ကြိုက်ကဲ့လား (ကြိုက်ပါတယ်ဆရာ)၊ ကြောက်လို့ ကြိုက်လို့လား (ကြိုက်လို့ပါဆရာ)၊ တကယ်ကြိုက်သလား (တကယ်ပါဆရာ)၊ အေး-သာဓု တစ်ခွန်းထဲ မင်းငါ့သိပ်ယုံတာ မဟုတ်ဘူး။ ကြိုက်တယ်လား (ကြိုက်ပါတယ်ဆရာ)၊ အေး-ကြိုက်ရင် လူတော်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ "သာသနာကို သေချာကြုံခိုက် အခွင့်စိုက်လျက် မကြိုက်လို့သာ နင်သာလည်အုံး ဘယ်မဆုံးဘူး"တဲ့။ မကြိုက်တဲ့လူတွေ ဒုနဲ့ဒေးတဲ့။ မများဖူးလား (များပါတယ်ဆရာ)၊ ပစ္စုပ္ပန်မြို့ကြည့်ပါ။ သင်တန်းသုံးထောင်ကျော်ရှိတယ်။ သင်တန်းလာကြည့်တော့ အမလေး ပရိသတ်တွေ မနည်းပါလားဟ ရပ်ဝေးရပ်နီးကလာသမျှ လူအပေါင်း မမြင်ဘူးတဲ့ လူတွေက အထူးအံ့သြတယ်။ တချို့လည်း သတင်းစကားကြား ကိုယ်တိုင်တွေ့မှ ယုံတယ်။ အောင်မလေး ပရိသတ်တွေ များလိုက်တာဟ ပစ္စုပ္ပန်မြို့ကြီးများ တယ်ကုသိုလ်ထူးတာပဲ။ ရပ်ဝေး ရပ်နီးက ချီးမွမ်းစကားပြောကြတယ်။ ဒီထဲ မလိုက်တဲ့လူတွေ တွက်မကြည့်ဘူးနော် (မှန်ပါတယ် ဆရာ)၊ မလိုက်တဲ့လူက ဒုနဲ့ဒေးလို့ လိုက်တဲ့လူက သုံးထောင်ကျော်လောက်ရှိ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်များသလဲဆိုတာ သေချာကြည့်။

ဒါကြောင့်လည်း သံသရာဝဋ်အတွင်းက လွတ်ကင်းဖို့ ခဲယဉ်းတယ်လို့ ပြောတာ။ မြတ်စွာဘုရားကိုယ်တော်မြတ် နခသိခသုတ် ဟောထားတာ ရှိတယ်။ ကိုယ်တော်မြတ်ရဲ့ လက်သည်းပေါ် မြေမှုန့်လေးတွေတင် ရဟန်းတော်တွေ မေးတယ်၊ ချစ်သားတို့ ငါ့လက်သည်းပေါ်က မြေမှုန့်မြင်ရဲ့လား (မြင်ပါတယ်ဘုရား)၊ အဲဒီ ငါ့လက်သည်းပေါ်က မြေမှုန့်ရယ် ချစ်သားတို့ အခုထိုင်နေတဲ့ ယူဇနာပေါင်းနှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးရှိတဲ့ မြေမှုန့်ရယ် ဘယ်သူများတုံး မနှိုင်းစာထိုက်ပါဘုရား၊ အရှင်ဘုရားလက်တော်ရှိတဲ့ လက်သည်းပေါ်ရှိတဲ့ မြေမှုန့်က အလွန်နည်းပါးဝါယ်။ ဘုရားတပည့်တော်များ ထိုင်နေတဲ့ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မြေကြီးက မြေမှုန့်တွေက အလွန့်အလွန်များကြောင်းပါဘုရား။ ချစ်သားတို့ သံသရာက ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ရယ်၊ ကျွတ်နိုင်တဲ့ ပုဂ္ဂိုလ်ရယ်၊ မကျွတ်ထိုက်တဲ့ မကျွတ်နိုင်တဲ့ ပုဂ္ဂိုလ်ရယ်၊ နှစ်မျိုးနှစ်စားဟာ ဒီလိုပဲတဲ့။ ကျွတ်ထိုက်ကျွတ်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်က ငါ့လက်သည်းပေါ်တင်ထားတဲ့ မြေမှုန့်ပမာဏလောက်ရှိ၊ ကြောက်စရာကောင်းလိုက်တာ ချစ်သားတို့ ထိုင်နေတဲ့ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးရှိတဲ့ မြေမှုန့်တွေနဲ့ သဏ္ဍာန်တူသော သတ္တဝါ အနန္တက မကျွတ်ထိုက်တဲ့ သတ္တဝါတွေ နခသိခသုတ်နော်

http://www.dhammadownload.com

"ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော်စက်ဝိုင်း"



အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

အင်္ဂါ (၁၂) ပါး	ကာလ (၃) ပါး	အလွှာ (၄) ပါး	သစ္စာ (၂) ပါး
အခြင်းအရာ (၂၀)	အစပ် (၃) ပါး	ဝဋ် (၃) ပါး	မူလ (၂) ပါး

http://www.dhammadownload.com



http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ အဲဒါများ သေချာတွက် ကြည့်စမ်း ဒီလောက်တောင် များပြားနေတဲ့အထဲများ ငါအံ့ဩလို့ မဆုံးပါဘူး။ ဘုရားကိုယ်တော်မြတ်က လည်းပဲ ဒီဥပမာနဲ့ နှိုင်းယှဉ်ပြတော့ ဒီလို တရားမျိုး ခင်တွယ်နှစ်သက်လို့ ဒီသာသနာကြီးကို ကြိုက်လို့၊ တို့တော့ဖြင့် တစ်မဂ် တစ်ဖိုလ်ရအောင် ကြိုးစား မယ်ဆိုတဲ့ အသိဉာဏ်ဓာတ်ကလေးတွေ ပေါ်လာတဲ့ ဆိုတဲ့ ပုဂ္ဂိုလ်က လက်သည်းပေါ် ပမာဏ မြေမှုန့် ပမာနဲ့ နည်းလိုက်တာ အံ့ဩစရာဘယ်လောက်ကောင်း ကွာချင်တိုင်းကွာ ရေတွက်လို့ မကုန်နိုင်ဘူး။ ဒါ နခသိခသုတ် ဟောသွားတာ။

ကိုယ့်စာရင်းလည်း ကိုယ်ပြန်သွင်းကြည့်ကြစမ်း။ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီ မြေကြီးရှိတဲ့ မြေမှုန့်တွေထဲ ငါပါသလား ဘုရားပုံစံလေး ပြထားတာ လက်သည်းပေါ်တင်ထားတဲ့ မြေမှုန့်ထဲ ငါပါသလားလို့ မြေမှုန့်နှစ်မျိုးရွေးနော် (မှန်ပါတယ်ဆရာ)၊ ဘယ်မြေမှုန့်ထဲ မင်းပါတုံး (ဘုရားလက်ပေါ် မြေမှုန့်ထဲ ပါပါတယ်ဆရာ)၊ အောင်မလေးဟဲ့ ငါအူအသည်းယားလိုက်တာ ဆိုတာကြနေ၊ တကယ်လား (တကယ်ပါဆရာ)၊ တို့သင်တန်းသူ သင်တန်းသားတွေကော (ပါ,ပါတယ် ဆရာ)။ ဘယ်ပါတာတုံး (ဘုရားလက်သည်းပေါ်က မြေမှုန့်ထဲပါဆရာ)၊ တော်သေးရဲ့ နှစ်သိန်းလေး သောင်းထဲ ပါသွား ဒုက္ခနော် (မှန်ပါတယ်ဆရာ)၊ များပြားလိုက်တာ သတ္တဝါလည်း အနန္တကိုးကွ နှိုင်းလည်း နှိုင်းပေ့ါ။ သတ္တဝါအနန္တ ရေတွက်လို့ ကုန်တာမှ မဟုတ်ဘဲဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီပြင်ဟာ မကြည့်ပါနဲ့ကွာ ကိုယ့်အိမ်ကိုယ်ရှိတဲ့ ပုရွက်ဆိတ်တွင်း တစ်တွင်းကြည့်စမ်းပါ။ မများဖူးလား (များပါတယ်ဆရာ)၊ ရေလို့ကုန်နိုင်ရဲ့လား (မကုန်နိုင်ပါဘူးဆရာ)၊ ချတွင်း တစ်တွင်းကြည့်ဟ လာလိမ့်မယ် အခုမိုးလေးကျလာတဲ့ အခါကြတော့ ဖန်ချောင်းတွေမှာ ပိုးကောင်လေးတွေ နော် (မှန်ပါတယ်ဆရာ)၊ များလိုက်တာလို့ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းခဲ့ပြီ။ တစ်ခါတစ်ရံမှာ မြင်ရတဲ့ မီးရောင်လေးကို ရွှေတောင် ငွေတောင် မှတ်ပြီး တိုးလိုက် ဖေ့ာလိုက်ကြတာလို့ တိုးရင်းဖေ့ာရင်းနဲ့ အသက်ပျောက်ကြ တာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သေချာကြည့် သေချာကြည့် မင်းတို့ကြည့်တော့ ကိုယ်နှင့်မဆိုင်ဘူး မအောက်မေ့နဲ့၊ တို့လည်း ဒီဘဝမျိုးတွေရောက်လို့ ဒီလိုတိုးပေါင်းများလှပြီ မလာ ခဲ့ဖူးလား (လာခဲ့ပါတယ်ဆရာ)၊ ရှည်လိုက်တဲ့ သံသရာကြီး။

ဒါကြောင့် မဖြစ်ဘူးတဲ့ဘဝ မရောက်ဘူးတဲ့ဘုံ မရှိဘူး။ သုဒ္ဓါဝါသငါးဘုံဖယ်ထား ဒါထိပ်ဖျားက ရဟန္တာကြီးဖြစ်နေတဲ့ဘုံ။ ဒါကြောင့် “သုဒ္ဓါဝါသဖူးမရ”။ သုဒ္ဓါဝါသဘုံတော့ ငါရောက်ဖူးပြီးလို့ မပြော ကောင်းဘူးတဲ့။ သုဒ္ဓါဝါသ ငါးဘုံကလွဲလို့ရှိရင် ဘယ်ဘုံမဆို ငါရောက်ဖူးပြီ ငါဖြစ်ဖူးပြီ ပြောနိုင်တယ်တဲ့။ သံသရာရှည်လျားပုံပြထားတာနော် (မှန်ပါတယ်ဆရာ)၊ “သံသာရော အဝိဇ္ဇာယ ပုဗ္ဗကောဋိ န ပညာယတိ”၊ သတ္တဝါတစ်ဦးတစ်ယောက်က သံသရာရဲ့ အစွန်းအမြိတ်မထင်ကောင်းဘူးတဲ့

http://www.dhammadownload.com

ရှည်လျားပုံ မရှည် ဖူးလား (ရှည်ပါတယ်ဆရာ)၊ မကြံစည်ကောင်းဘူး မတွေးကောင်းဘူးခေါ်တယ်။ ဒီသတ္တဝါသည် သံသရာ ဘယ်နေရာက စခဲ့ပါလိမ့် ဘယ်အချိန် ဘယ်ကာလက စခဲ့ပါလိမ့်၊ ဘယ်နှစ်ပရိစ္ဆေဒက စဖြစ်လာပါလိမ့်၊ မတွေးကောင်းဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ သို့ကလောက်တောင် ရှည်လျားတာ အဲဒီလိုပဲ သွားနေကြတာပဲ။

ဒါကြောင့် **"အာဝါသဟု ကိုးဝဘုံထဲ ဩဃဝဲ၌ တဝဲလည်လည် ရပ်မတည်ဘဲ ဆုံလည်သည့်နွား ရဟာတ်ခြားသို့ ဘုရားမိန့်မှာ သာသနာကို သေချာကြုံကြိုက် အခွင့်စိုက်လျက် မကြိုက်၍သာ နင်သာလည်အုံး"** ကိုယ့်ကိုယ်ကိုပြန်ဆုံးမ၊ နင်လည်းအုံးတော့ နင်မကြိုက်ရင် နင်လည်းအုံးတော့ ဘုရားသာသနာတော်ကြီး ထင်ရှားဖြစ်ထွန်းနေရဲ့သားနဲ့ နင်မကြိုက်လို့ မင်းမကြိုက် နင်ပဲလည်အုံးနော်" (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ -

"လုံးလုံးလည်မှု နင်ပင်ပြုတဲ့ အာယူဟန ကံနှစ်ဝကို"တဲ့။ လုံးလုံး လည်မှု နင်ပင်ပြုတဲ့ အာယူဟန ကံနှစ်ဝ လုံးလုံးလည်အောင် နင်လုပ်နေတဲ့ အာယူဟနခေါ်ထားတဲ့ ကံနှစ်ဝ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ်ကိုယ်ကိုယ်ပြန်ပြီးတော့ ပြန်ပြောပြန်ပြော

"လုံးလုံးလည်မှု နင်ပင်ပြုတဲ့ အာယူဟနကို လက်စမသတ် နင်မရပ်က"တဲ့ အဲဒါ နှစ်ပါးကို လက်စမသတ်ဘဲနဲ့ နင်မရပ်ဘဲနေရင် နင်လက်စမသတ်ရင်နော် (မှန်ပါတယ်ဆရာ)။ ထပ်ပြန်တလဲလဲ ဒါမျိုး ကြည့်၊ ကြိုးစား ဒါမျိုးတွေ လုပ်ဟဲ့ တကုပ်ကုပ် မရှိလည်းလုပ် ရှိလည်းလုပ် မချမ်းသာလည်းလုပ် ချမ်းသာလည်းလုပ်နော် (မှန်ပါတယ်ဆရာ)၊ အမြဲတစေလုပ်နေ။

ဒါကြောင့် **"လုံးလုံးလည်မှု နင်ပင်ပြုတဲ့ အာယူဟန ကံနှစ်ဝကို လက်စမသတ် နင်မရပ်က ရဟာတ်စက်နယ် ပတ်ပတ်လည်မည်"**တဲ့။ နင်ပဲလည်ဦးမှာပဲလို့၊

"တကယ်နင်ပဲ လွတ်အောင်ခဲတဲ့၊ နင့်ဥစ္စာ နင်ကြိုးစားပါတဲ့၊ နင့်ဥစ္စာ နင်အားခဲပါ" တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ အခြေခံရှာလိုက်တော့ အာယူဟနကံနှစ်ဝ လာပေါ်တယ်။ သူလုပ်လို့တဲ့ သူ့ဘာလုပ် ဘာပြုလို့ သူက ပဋိသန္ဓေအသစ် အသစ်ဆက်ကာ ဆက်ကာ ဖြစ်အောင် လုပ်ပေးတဲ့ ကံနှစ်မျိုးကိုးကွနော် (မှန်ပါတယ် ဆရာ)၊ ဘာကံနဲ့ ဘာကံတုံး၊ (အကုသိုလ်ကံနဲ့ ကုသိုလ်ကံပါဆရာ)၊ အကုသိုလ်ကံနဲ့ ကုသိုလ်ကံနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အကုသိုလ်ကံတော့ သူသူငါငါ သိကြတယ်။ ကုသိုလ်ကံကြတော့ သိပ်ပြီးတော့ မကြိုက်ချင်ကြဘူး။ ကုသိုလ်ကံလုပ်တာ ဘယ့်နဲ့ မကောင်းဘူး ပြောတယ် ဒီလို ဖြစ်နေ။ အဲဒါလေးလည်း သဘောသွားလေးတွေ ရှင်းအောင် ဝေဖန်ကြ။ စဉ်းစားကြပေ့ါ ဘာဆိုထားတဲ့ အမိပ္ပါယ် ဒီအသိဉာဏ်လောက်ကလေး ပွင့်လင်းလာလို့

http://www.dhammadownload.com

ရှိရင်ဖြင့် သံသရာထောက်ရာ တည်ရာရနိုင်ပါတယ်။ အော်-ငါတို့လုပ်ပုံ လုပ်နည်းမဟုတ်လို့ လုပ်ပုံလုပ်နည်းဟုတ်ရင် ဒီကုသိုလ် ကြိုးစားရတာ။ ဒီကုသိုလ်တွေ လုပ်တာပဲ။ မုချသံသရာဝဋ်က ကျွတ်မှာလွတ်မှာ ဒီဘဝစက်ကြီး ဖျက်ဆီးနိုင်မှာပဲ။ အမှန်ကတော့ တို့လုပ်ပုံလုပ်နည်း မဟုတ်လို့ရှိရင် ဒီလိုပဲ တဝဲလည်လည်လည်အုံးမှာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ။

အဝိဇ္ဇာဦးစီးတဲ့ ကံနှစ်ပါး

ငါတစ်ဆင့် ဆင့်မေးမယ် ဒါဖြင့် သံသရာလည်နေတာ ဒီကံနှစ်ပါး ကြိုးစားလို့ပေါ့ နော် (မှန်ပါတယ်ဆရာ ဒီကံနှစ်ပါး ကြိုးစားလို့ပါ)။ အောင်မာ အောင်မာ ရှည်လိုက်တာ "လုံးလုံးလည်မှုနင်ပင်ပြုတဲ့ အာယူဟာန ကံနှစ်ဝကို လက်စမသတ် နင်မရပ်က ရဟတ်စက်နယ် ပတ်ပတ်လည်မည် တကယ်နင်ပဲ လွတ်အောင်ခဲ"။ သြော်-တို့ဒီကံနှစ်ပါး လက်စမသတ်ပဲ ကြိုးစားနေရင် ဒီလိုလည်အုံးမှာပဲနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ငါက မေးပါအုံးမယ်။ အဲဒီ ကံနှစ်ပါးကို ဘာကြောင့်ကြိုးစားသလဲဆိုတော့ ဘယ့်နှဲ့ပြော (ဘုံသုံးပါးရောက်အောင်လို့ပါဆရာ)၊ ဟောဟော လုပ်တော့မယ်။ ဒီကံနှစ်ပါး ဘာကြောင့် ကြိုးစားအားထုတ်နေသလဲ ခုနပါဠိ ငါရွတ်သွားတယ်။ "အဝိဇ္ဇာ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ" အဝိဇ္ဇာခိုင်းလို့ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ မသိလို့ လုပ်တယ်၊ မလိမ္မာလို့ လုပ်တယ်၊ မိုက်လို့လုပ်တယ် မင်းပဲ ပြောလာပြီးတော့ မပြောဖူးလား (ပြောပါတယ်ဆရာ)၊ ဒီကံနှစ်ပါး ဘာပြုလို့ လုပ်တယ် (အဝိဇ္ဇာဦးစီးလို့ပါဆရာ)၊ အဝိဇ္ဇာကြောင့်နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ လုပ်တယ် (အဝိဇ္ဇာကြောင့်ပါဆရာ)၊ မသိလို့လုပ်တယ် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ (မလိမ္မာလို့ လုပ်တာပါဆရာ)၊ ပြီးတော့ကော (မိုက်လို့လုပ်တာပါဆရာ)၊ မင်းပြောတာနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် သတ္တိချလိုက်တော့ အဝိဇ္ဇာပေါ် လာမကျဘူးလား (အဝိဇ္ဇာပေါ်ကျပါတယ်ဆရာ)၊ သူခိုင်းလို့လုပ်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူခိုင်းလို့ လုပ်တယ်။

ဒါကြောင့် အဝိဇ္ဇာက မသိတာလို့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက မသိတာ ဘာမှ မသိဘူးတဲ့။ မသိဆိုတာ မလိမ္မာတာပဲတဲ့။ မလိမ္မာဆိုတာ မိုက်တာပဲတဲ့ မိုက်တယ်ဆိုတာ တွေဝေတာပဲတဲ့။ မိုက်တာနဲ့ မည်းတာနဲ့ အတူတူပဲတဲ့။ မိုက်တာရယ် မည်းတာရယ် မသိတာရယ် မလိမ္မာတာရယ် ထူးသေးလား (မထူးပါဘူးဆရာ)၊ အေး-ဒါကြောင့် ဒီအာယူဟာနဆိုတဲ့ ကံနှစ်ဝ ကြိုးစားအားထုတ်တာ မသိလို့လုပ်တယ် မလိမ္မာလို့လုပ်တယ် မိုက်လို့လုပ်တယ် တွေဝေလို့လုပ်တယ် မည်းလို့လုပ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ဒါကြောင့် "ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိဏာယကော" ဆိုတဲ့ ငါပါဠိတွေလည်းပြခဲ့ပေါ့။ ဝမ်းတွင်းသူကန်း လမ်းသွားသလိုပဲဆိုတာ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ အေး-ဒီတိုင်း ဒီတိုင်းချည်းပဲ ဘာမှမထူးဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ အဝိဇ္ဇာပေါ်လာတာ၊ လက်စသတ်တော့ အဝိဇ္ဇာဦးစီးလို့ အဝိဇ္ဇာစေခိုင်းလို့ မစိုင်းဘဲ ကြိုးစားအားထုတ်အလုပ်လုပ်။ အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ သင်္ခါရတွေပဲဆိုတော့ အဝိဇ္ဇာပေါ်လာနော် (မှန်ပါတယ်ဆရာ)၊ ဒီအဝိဇ္ဇာဓာတ်ကပ် နေသမျှ ကာလ ပတ်လုံး ဒီလိုနေမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဓာတ်ကြီး ဖျက်ဆီးပစ်မှ အဝိဇ္ဇာချုပ်သွားမှ အဝိဇ္ဇာပြုတ်သွားမှ အဝိဇ္ဇာအသေသတ်မှ ဖြစ်မယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ အဝိဇ္ဇာ အသေသတ်ဆိုတော့ ဝိဇ္ဇာဉာဏ် ပေါ်ထွက်လာရင် အဝိဇ္ဇာသေတာပဲ။

ဒါဖြင့်ရင် တို့ သံသရာကြီးတောက်လျှောက် အနမတဂ္ဂတစ်သံသရာလုံး မျက်စိလည်လမ်းမှားလို့ သံသရာကြီး စခန်းသွားနေကြတာ။ ဘယ်သူကြောင့်လည်းလို့ လက်သယ်ရှာတော့ အဝိဇ္ဇာလာတွေ့ သူ့ကြောင်းပဲလို့နော် (မှန်ပါတယ်ဆရာ)၊ "မသိလို့ လိုချင် လိုချင်တော့ ပြုလုပ်" ဆိုတဲ့အတိုင်းပဲ ဘာမှ မထူးဘူး။ သူကစတာ သူကလက်သယ်ပဲ။ ဒင်းကြောင့် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

ရင်းနှင့်ပတ်သက်၍ ပုံပြင်လေးတစ်ခု

ပုံလေး တစ်ခု ပြောရအုံးမယ်။ ဒီတော့ တို့လူစုတွေ သံသရာတဝဲလည်လည်နဲ့ လည်ခဲ့ရတာတွေ သံသရာ ဝဋ္ဋဒုက္ခ ဝဋ္ဋဆင်းရဲကြီးတွေ ခံခဲ့ရတာ ပြန်ပြီးတော့ သူ့ကြောင့် သူ့ကြောင့်ဆိုတော့ သူ့စိတ်နာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သူနှိပ်စက်လို့ သူလွှမ်းမိုး နှိပ်စက်လို့ သူဖိစီးလို့ သူမှောင် အတိချထားလို့ သူဖုံးကွယ်ထားလို့ တို့မှာလုံးလုံးမမြင်မစမ်းနဲ့ ဝမ်းတွင်းသူကန်း လမ်းသွားသလို တစ်သံသရာလုံး သံသရာဝဋ္ဋဆင်းရဲ ဝဋ္ဋဒုက္ခတွေခံလာကြ။ တစ်မင်္ဂတစ်ဖိုလ်မှလည်း မရခဲ့။ သူ့အပေါ် ပြန်စိတ်နာစရာကောင်းနော် (မှန်ပါတယ်ဆရာ)။

ပြည်မြို့က ဖိုးတရုတ်နဲ့ ဒေါ်မဲမှုတ် လင်မယားနှစ်ယောက် ယောက်ျားက ဖိုးတရုတ်တဲ့၊ မိန်းမက ဒေါ်မဲမှုတ်။ လင်မယားနှစ်ယောက်ရှိတော့ ဒီလိုပဲ ရောင်းဝယ်ဖောက်ကားစား၊ သားသမီးကလည်း မထွန်းကားတော့ လင်အိုမယားနှစ်ယောက်တည်း နောက်တော့ အသက်အရွယ်လေးက ကြီးရင့်လာတော့ ငယ်ငယ်တုန်းကတော့ ဒေါ်မဲမှုတ်က အရောင်းအဝယ်လေး ဘာလေးဖြစ်တော့ ရှာဖွေ ကျွေးလို့ အသက်အရွယ်ကြီးလာ ဒေါ်မဲမှုတ်က အလုပ်မလုပ်နိုင်။ ဖိုးတရုတ်ပြောတယ် ဖိုးတရုတ်က လူရိုးလူအ၊ အဲဒီထိအောင် အတဲ့လူမျိုးပဲ။ တစ်မင်္ဂ တစ်ဖိုလ် မရနိုင်ဘူးဆိုတာ လူရိုးလူအ ဒေါ်မဲမှုတ်က ဘာပြောတုံး၊ ဖိုးတရုတ်ရေ အသက်အရွယ်လည်းကြီးလာပေါ့။ ကျောထောက်နောက်ခံ သားသမီး

http://www.dhammadownload.com

အခြေအရံကလည်း မရှိကြ၊ လင်ရယ် မယားရယ် ဒါပဲရှိ။ တစ်ယောက်လဲ တစ်ယောက်ထူလို့ တစ်ယောက်နေမကောင်း တစ်ယောက်ပြုစုလို့ ဒီလိုပဲ လာခဲ့ကြ။ တော်တော် ငယ်ရွယ်စဉ်အခါတုန်းကတော့ ကျုပ်က ရောင်းနိုင် ဝယ်နိုင်ဆိုတော့ တော်သေးရဲ့၊ အခုတော့ အသက်အရွယ်က ကြီးလာတော့ ငယ်ငယ်တုန်းကလို ရောင်းနိုင်ဝယ်နိုင်ကလည်း မဟုတ်တော့ စားရေးသောက်ရေး နေရေးထိုင်ရေးဆို အစစအရာရာ ချို့ယွင်းဖောက်ပြန်မှုတွေ များလာပြီ။ ဒါထက်အရေးကြီးတာက ဒါထက်ပိုပြီးတော့ အိုမင်း မစွမ်းရှိလာရင် မတ်တတ်စာ မရှိတာနဲ့ တုန်းလုံးစာမရှိတာက ပိုဆိုးတယ်။ ဖိုးတရုတ်ရေ အလုပ်ကလေး များလုပ်အုံးမှပေါ့၊ ညီးကပြောတာ ဟုတ်တယ် ငါကလည်း ဘာမှမကျွမ်းကျင်ဘူးဟ။ ငါကလည်း မတတ်နားမလည်နဲ့ မလုပ်ချင်လို့ မဟုတ်ဘူး။ ပျင်းလို့ မဟုတ်ဘူးဟ ဖြစ်အောင်လုပ်ရတာပေါ့ စီစဉ်ပေး မပေါ့။ အေး-မင်းစိတ်ကူးရှိရင်လဲ စီစဉ်ပေးတာပေါ့ကွာ မင်းရှေ့က ခေါင်းဆောင်လမ်းပြ ငါလုပ်ရတာပေါ့။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ပထမတွဲ ပြီး၏။

*****

ကက်ဆက်ခွေ (၁-မှ ၂၀-ထိ)

http://www.dhammadownload.com

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ အမှုဆောင်လူကြီးများ

၁။	ဦးချစ်	နာယက
၂။	ဦးမြင့်စိုး	ဥက္ကဋ္ဌ
၃။	ဦးသန်းရှိန်	ဒုတိယ ဥက္ကဋ္ဌ
၄။	ဦးဘငြိမ်း	အတွင်းရေးမှူး
၅။	ဦးငွေကျော်	တွဲဘက်အတွင်းရေးမှူး
၆။	ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ	တွဲဘက်အတွင်းရေးမှူး
၇။	ဦးတေဇာဘုန်းဦး	ဘဏ္ဍာရေးမှူး
၈။	ဦးသာဆယ်	စာရင်းစစ်
၉။	ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ	ပြန်ကြားရေး
၁၀။	ဦးတင့်ဝေ	။
၁၁။	ဒေါက်တာ ဒေါ်ခင်မြင့်စန်း	။
၁၂။	ဦးချစ်လှိုင်	။
၁၃။	ဦးကြီးစိန်	။
၁၄။	ဒေါ်ယဉ်ယဉ်သိန်း	။

http://www.dhammadownload.com

A 3318

ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ သင်တန်းခွဲများအပေါ်၌ ရပ်တည်ချက်

၁။ ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမူအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှငင်း၊ သင်တန်းခွဲများထံမှငင်း မည်သည့် အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည် မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထိုနည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်, စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅) လမ်း ၊
(၂) ရပ်ကွက်၊ လှိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုံး - ၅၂၄၀၃၈

http://www.dhammadownload.com

သစ္စာပါရမီဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုနှင့်အတူ ညီတူ ညီမျှ မျှဝေခံစားကြစေရန် . . .

- ♦ ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လုံ့လဝီရိယရှိလျက် ကိုးနှစ်တိုင်တိုင် စာသင် တိုက်ကြီး (၇) တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော်အရှင်မြတ် (၉) ပါးတို့အား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ♦ ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူ မြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ♦ ကျောင်း, ကန်, ဇရပ်, သိမ်တော်မြတ်ကို ဆောက်လုပ် ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံ စေတနာ၊
- ♦ ဘုရားရှင်၏တပည့်သား ဂိလာန သံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ♦ နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်းခြင်း ဓမ္မဒါနကုသိုလ် ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှန်ကန်သော ကုသိုလ် အစွမ်းသတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော “အမတ” မည်ခေါ် ရွှေပြည် တော်သို့ ရောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ဧကန်မျက်မှောက် ပြုလွယ်နိုင်ကြပါစေသော်။

နာယကကြီး ဦးချစ်
ပဋ္ဌာန်းပါဠိပယသနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)